ဗုဒ္ဓဝင် အကျဉ်း

ပထမသံဂါယနာသမိုင်း

ဒုတိယသံဂါယနာသမိုင်းတို့ဖြင့်တန်ဆာဆင်အပ်သော

ဆဋ္ဌသံဂါယနာ
သမိုင်းတော်ကြီး

(ပထမတွဲ)

မြန်မာနိုင်ငံလုံးဆိုင်ရာ
ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီး

အရှင်ကေလာသ - ဓမ္မာစရိယ၊ ဂဏဝါစက
ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ)
ပြုစုရေးသားသည်။

အရှင်ကေလာသ - ဓမ္မာစရိယ၊ ဂဏဝါစက
ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ)
ပြုစုရေးသားသော

ဆဋ္ဌသံဂါယနာသမိုင်းတော်ကြီး

(ပထမတွဲ)

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာ အဖွဲ့ချုပ်ကြီး
အမှတ် ၁၈၄၊ ရွှေတိဂုံဘုရားလမ်း
(တောင်ဘက်မုခ်အနီး)
ဒဂုံစာတိုက်၊ ရန်ကုန်မြို့
ဖုန်း- ၂၇၄၀၅၇

သာသနာ-၂၅၄၁ ကောဇာ-၁၃၅၉ ခရစ်-၁၉၉၇

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် (၆/၉၄) (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၄၃/၉၇)(၁၁)

*

ပထမအကြိမ်

*

၁၉၉၇-ခုနှစ်၊ ဒီဇင်ဘာလ

*

အုပ်ရေ- ၁၀၀၀

*

မျက်နှာဖုံးရိုက်—သီရိနန္ဒာ

*

တန်ဖိုး ၃၀၀-ကျပ်

*

ပုံနှိပ်မှတ်တမ်း

ဦးသန်းစိန် (ကင်းလွတ်ခွင့် - ၂၀)၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ အမှတ် ၁၈၄-ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍၊ဦးနန္ဒ(၀၃၅၉၇)၊ သီရိနန္ဒာပုံနှိပ်တိုက်၊ အမှတ်၂၁၅၊ ၃၂-လမ်း၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

မာတိကာ

၁။ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ် ဥက္ကဋ္ဌ၏ နိဒါန်းအမှာ [င]

၂။ သံဂါယနာသမိုင်းတော် ပထမတွဲကျမ်း, ကျမ်းဦးမှတ်ဖွယ် [ဇ]

၃။ နိဒါန်း

၄။ ဆဋ္ဌသံဂါယနာသမိုင်းတော်ကြီး (ပထမတွဲ) ၁

ပဏာမ, ပဋိညာဉ်, ဥယျောဇဉ် ၅

၅။ ဗုဒ္ဓဝင်အကျဉ်း ၁၁

၆။ ပထမသံဂါယနာသမိုင်းတော် ၀၉၁

၇။ ဒီပဝံသကျမ်းလာ ပထမသံဂါယနာ သမိုင်းမှတ်တမ်း ၄၁၃

၈။ မဟာဝံသကျမ်းလာ ပထမသံဂါယနာ သမိုင်းမှတ်တမ်း ၄၂၃

၉။ နိကာယသင်္ဂဟကျမ်းလာ ပထမသံဂါယနာမှတ်တမ်း ၄၃၂

၁၀။ မန္တလေးသာသနာဝင်ကျမ်းလာ ပထမသံဂါယနာ သမိုင်းလက်ာ ၄၃၇

၁၁။ စူဠဝဂ္ဂပါဠိတော်လာ ပထမသံဂါယနာသမိုင်းမှတ်တမ်း ၄၃၈

၁၂။ ဒုတိယသံဂါယနာသမိုင်းတော် ၄၅၆

၁၃။ ဒီပဝံသကျမ်းလာ ဒုတိယသံဂါယနာ သမိုင်းမှတ်တမ်း ၄၉၈

၁၄။ မဟာဝံသကျမ်းလာ ဒုတိယသံဂါယနာ သမိုင်းမှတ်တမ်း ၅၀၂

၁၅။ နိကာယသင်္ဂဟကျမ်းလာ ဒုတိယသံဂါယနာမှတ်တမ်း ၅၁၆

၁၆။ မန္တလေးသာသနာဝင်ကျမ်းလာ ဒုတိယသံဂါယနာ သမိုင်းလက်ာ ၅၂၀

၁၇။ စူဠဝဂ္ဂပါဠိတော်လာ ဒုတိယသံဂါယနာ သမိုင်းမှတ်တမ်း ၅၂၁

၁၈။ သံဂါယနာသမိုင်းတော် ပထမတွဲကျမ်းအပြီးသတ်ခြင်း ၅၅၂

၁၉။ အရှင်ကေလာသ ပြုစုသောကျမ်းစာများ ၅၅၆

ဆဋ္ဌသံဂါယနာ သမိုင်းတော်ကြီး

တာဝန်ယူရိုက်နှိပ်ထုတ်ဝေသော
မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်
ဥက္ကဋ္ဌ သီရိပျံချီဦးသန်းစိန်၏ နိဒါန်းအမှ

၁၀၀-မျှ သူ့ကျွန်ဘဝနေခဲ့ကြရစဉ် လွတ်လပ်ရေး ရရှိရန် ခိုင်မာသော ယုံကြည်ချက်ဖြင့် လက်ဆင့်ကမ်း ကြိုးပမ်းခဲ့ကြရာ၌ အမျိုးဘာသာ သာသနာ (အဝါ, အစိမ်း, အနီ) ကြေးကြော်သံဖြင့် တစ်သံတည်း တူညီသော ဆန္ဒမှာ ကိုယ့်မင်းကိုယ့်ချင်းဘဝကိုသာရလျှင် စိတ်တိုင်းကျ သာသနာပြုကြမည်ဟူသော ရည်မှန်းချက်ပင် ဖြစ်ပါသည်။

လွတ်လပ်ရေးကြီးရ၍ နုနယ်ငယ်သေးသော နှစ်သားကာလအတွင်းမှာပင် ဆဋ္ဌသံဂါယနာပွဲကြီး ဆင်ယင်ကျင်းပနိုင်ခဲ့ကြသည်မှာ အဆိုပါ အနှစ်နှစ်အဆောင့်အည်း မျိုသိပ်ခဲ့ရသော ဆန္ဒဓာတ်ကြီး အကောင်အထည် ပေါ်လာရခြင်းပင် ဖြစ်ပါတော့သည်။ မြန်မာတို့၏ ယုံကြည်ချက်ခွန်အား, ဗြဟ္မစိုရ်တရားအရင်းခံသော စည်းလုံးညီညွတ်မှုနှင့် ကမ္ဘာကိုပင် ဦးဆောင်နိုင်သော 'ဓမ္မ'အရည်အသွေးကို ပြသလိုက်နိုင်ခြင်းလည်း ဖြစ်ပါသည်။

အများသိရှိတော်မူကြသည့်အတိုင်း ဆဋ္ဌသံဂါယနာသည် မြန်မာတို့၏ အောင်ပွဲမျှသာမဟုတ်၊ အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြသော သီဟိုဠ်, ထိုင်း, ကမ္ဘောဒီးယား, လာအို, ဘာရတ ပါ နိုင်ငံ၏ အောင်ပွဲ ဖြစ်ပါသည်။ အတိအကျဆိုရပါမူ ကမ္ဘာတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်တို့၏ အောင်ပွဲကြီးပင် ဖြစ်ပါသည်။

ထေရဝါဒပါ နိုင်ငံမှ သာသနာ့ဦးဆောင် ဆရာတော်ကြီးများသည် သံဂါယနာတွင် အလှည့်ကျသံဃနာယကအဖြစ် ဆောင်ရွက်တော်မူကြကာ သက်ဆိုင်ရာ ထေရဝါဒပါ နိုင်ငံမှ နိုင်ငံ့အကြီးအကဲများလည်း

မြန်မာတို့နှင့်တကွ ပါဝင်အားပေးခဲ့ကြပါသည်။ ကမ္ဘာ့အရပ်ရပ်မှ ဗုဒ္ဓဘာသာဦးဆောင်ပုဂ္ဂိုလ်ကြီးများလည်း တက်ရောက်ကာ မဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်းမှာပင် ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာ ညီလာခံကြီးကိုပင် တစ်ပါတည်း ကျင်းပနိုင်ခဲ့ကြပါသည်။

ထို့ကြောင့် မြန်မာတို့ဦးဆောင်သော ဆဋ္ဌသံဂါယနာသည် ကမ္ဘာ့သံဂါယနာအဆင့်သို့ ရောက်ရှိသွားပါတော့သည်။

စာရေးသူသည် ထိုအချိန်က အပြည်ပြည်ဆိုင်ရာ သံဃာ့မထေရ်ကြီးများနှင့် တိုင်းပြည်ခေါင်းဆောင်ကြီးများ၏ အပါးတွင် အမြဲတမ်းရှိနေခဲ့ရာ ကမ္ဘာ့ဗုဒ္ဓဘာသာခေါင်းဆောင်ကြီးများ တစ်ဦးပြီးတစ်ဦး တက်ရောက်ဖတ်ကြားသော သဝဏ်လွှာများကို ကြားနာရရာ ကြက်သီး ထလောက်အောင် ပီတိဖြစ်ခဲ့ရပါသည်။

> "ယခုအချိန်မှစ၍ မြန်မာနိုင်ငံသည် ကမ္ဘာ့ဦးဆောင် နိုင်ငံ ဖြစ်လာပြီဖြစ်ကြောင်း၊ မြန်မာလူမျိုးတို့၏ တိုးတက်မှုဟူသမျှသည် ဗုဒ္ဓဝါဒ၌သာ အခြေခံခဲ့သဖြင့် ဗုဒ္ဓသာသနာဆုတ်ယုတ်ခြင်းသည် မြန်မာလူမျိုးတို့၏ ကျဆုံးမှုပင် ဖြစ်ကြောင်း"

မြန်မာတို့၏ ဇွဲသတ္တိ ညီညွတ်မှု ယုံကြည်ချက်ခိုင်မာမှုများကို ချီးကျူးကြကာ သာသနာအတွက် ကမ္ဘာ့ကမြန်မာကို အားထားနေကြကြောင်း ပေါ်လွင်လှပါသည်။ စက္ကူစာအုပ်အရွယ်အနေအထားမှအစ ဆဋ္ဌသံဂါယနာမူ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို ယခုအခါ ခိုင်မာ၍ ပင်ရင်းမူလအကျဆုံး၊ အသန့်ရှင်းဆုံးသော ထေရဝါဒ ပိဋကစာတော်မူ အဖြစ် တစ်ကမ္ဘာလုံးက တစ်ညီတစ်ညွတ်တည်း လက်ခံထားကြသည် အထိ ဆဋ္ဌသံဂါယနာ၏ အောင်မြင်မှုမှာ ကြာလေကြီးမားမြင့်မြတ်လေ ဖြစ်၍၊ မြန်မာတို့ သားစဉ်မြေးဆက် ဂုဏ်ယူစရာဖြစ်ပါသည်။ ထို့မှဆက်နွယ်၍ ပရိယတ်၊ ပဋိပတ်များ ကမ္ဘာ့အနှံ့ပြန့်ပွား ထွန်းကားလျက်ရှိရာ ဆဋ္ဌသံဂါယနာ၏ အရှိန်တွန်းအားသည် ကြီးမားသည်ထက် ကြီးမားလာနေသည်ကိုလည်း တွေ့မြင်နေကြရပါသည်။

ထိုသို့ သာသနာတော်ကို အမြင့်ဆုံးစံချိန်အထိ အားပေးချီးမြှောက်ခဲ့ကြသဖြင့် အချိန်တိုအတွင်းမှာပင် မြန်မာနိုင်ငံ၏ လယ်ယာသီးနှံ၊စက်မှု

လက်မှုနှင့် လူနေမှုအဆင့်အတန်းများ ဘဝတူအာရှနိုင်ငံများတွင် ရှေ့တန်းသို့ တိုးထွက်လာခဲ့ပါသည်။

ယင်းသို့ သာသနာတော်အား အထိရောက် အမြင့်မားဆုံး ပူဇော်စောင့်ရှောက်ချီးမြှောက်နည်းကို ပေးတော်မူခဲ့ကြသော ရှေးရှေးသောခေတ်အဆက်ဆက် သာသနာစောင့် သံဃာ့မထေရ်ကြီးများနှင့် တိုင်းပြုပြည်ပြု သာသနာပြု မင်းကောင်းမင်းမြတ်များ၏ သံဂါယနာတင်သာသနာပြုခဲ့ပုံ သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်ရှု၍မဆုံး ရှိရပါတော့သည်။

နောင်တမလွန်ရေး ပစ္စုပ္ပန်ကာလအတွက်ပါ မြန်မာတစ်မျိုးသားလုံး ဓမ္မဒါနအဂ္ဂမဟာကုသိုလ် ကောင်းမှုထူးကို ဆည်းပူးပြုလုပ်ခဲ့ကြရသော ဆဋ္ဌသံဂါယနာတင် "ဓမ္မသဘင်-ဆင်ယင်ကျမ်း"ကို ပူဇော်ရာတွင် အစမှအဆုံး ကျွန်တော်ကိုယ်တိုင် ပါဝင်ကြိုးပမ်းကာ ဆဋ္ဌသံဂါယနာနှစ်တစ်ရာ ကမ္ဘာ့သာသနာပြုလုပ်ငန်းအရပ်ရပ်ကို အားထုတ်ပြုလုပ်ခဲ့ရသော မဟာကုသိုလ်ကောင်းမှုကြီးကို အမြဲတစေ ကြည်ကြည်နူးနူးဖြစ်နေသည်သာမက သတိရတိုင်း ပီတိမဆုံးဖြစ်နေမိပါသည်။ ဝမ်းသာ၍မဆုံး တရားဘာဝနာပွားများလျက်ရှိနေမိပါတော့သည်။

ပုဒ္ဓမြတ်စွာ၊ သာသနာ၊ ရောင်ဝါနေသို့ထွန်းစေသော်။

ဦးသန်းစိန်

(ဥက္ကဋ္ဌ)

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်

ရန်ကုန်မြို့။

သံဂါယနာ သမိုင်းတော် ပထမတွဲကျမ်း

ကျမ်းဦးမှတ်ဖွယ်

သံဂါယနာ။ ။သံဂါယနာ-ဟူသည် ဘုရားရှင်ပရိနိဗ္ဗာန် စံတော်မူပြီးနောက် လေးလမြောက်တွင် ဘုရားရှင်၏ တတိယသာဝကကြီး ဖြစ်တော်မူသော ဓုတင်ဆောင်အရာ ဧတဒဂ်ရ အရှင်မဟာကဿပ မထေရ်မြတ်ကြီး အမှူးပြုသည့် လေးအင်ပဋိသမ္ဘိဒါ ဝိဇ္ဇာသုံးတန် အဘိညာဏ်ခြောက်ပါးပိုင်ရှင် ရဟန္တာသခင် အရှင်မြတ် ၅၀၀-တို့ မာဂဓတိုင်း ရာဇဂြိုဟ်မြို့တော် ဝေဘာရတောင်နံရံ စရည်းပင်ရောက်ရာ လိုဏ်ဂူအနီး အဇာတသတ်မင်း၏ ကောင်းမှုတော်မဏ္ဍပ်ကြီး၌ ပြုလုပ်ဆင်ယင်ကျင်းပအပ်သော ပထမသံဂါယနာ။

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အနှစ် တစ် ရာ မြောက်တွင် မာဂဓတိုင်းနှင့် ဝဇ္ဇီတိုင်းတို့၏အရှင် ဘုရင်ကာဠာသောကကို အမှီပြု၍ အရှင်မဟာယသမဟာထေရ်အမှူးရှိသည့် လေးအင်ပဋိသမ္ဘိဒါ ဝိဇ္ဇာသုံးတန် အဘိညာဏ်ခြောက်ပါးပိုင်ရှင် ရဟန္တာသခင် အရှင်မြတ် ခုနစ်ရာတို့ ပြုလုပ်ကျင်းပအပ်သော ဒုတိယသံဂါယနာ။

ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် အနှစ် ၂၃၅ နှစ်မြောက်တွင် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကိုအစိုးရသည့် ပါဋလိပုတ်မြို့တော် နန်းစံ သီရိဓမ္မာသောကမင်းကြီးကို အမှီပြု၍ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မဟာထေရ်မြတ်အမှူးရှိသော လေးအင်ပဋိသမ္ဘိဒါ ဝိဇ္ဇာသုံးတန် အဘိညာဏ်ခြောက်ပါးပိုင်ရှင် ရဟန္တာသခင် အရှင်မြတ်တစ်ထောင်တို့ ပေါင်းစုပြီးပြင် တင်အပ်သော တတိယသံဂါယနာ။

ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် အနှစ် ၄၅၀-နှစ်မြောက်တွင် ဝဋ္ဋဂါမဏိမင်းလက်ထက် မဟာတုလဇနာဓိပတိ ပစ္စည်းလေးပါး

အကူအညီဖြင့် လေးအင်္ဂါရှိသမ္ဘိဒါ ဝိဇ္ဇာသုံးတန် အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာသခင် အရှင်မြတ်ငါးရာတို့ ပေထက်အက္ခရာ တင်အပ်သော စတုတ္ထသံဂါယနာ။

ဇာဂရာဘိဇမဟာဓမ္မရာဇာဓိရာဇဂုရု, ဇာဂရာဘိဓဇ သိရိပဝရ ဿက်ာရမဟာဓမ္မရာဇာဓိရာဇဂုရု, ဇာဂရာဘိဝံသ- တိပိဋကဓရမဟာဓမ္မ ရာဇာဓိရာဇဂုရု-အားဖြင့် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ အရှင်ဇာဂရာဘိဝံသ အမှူးပြုသော ကျောက်ကာကြပ်ဆရာတော်များ ၃-ပါးကြပ်မတ် ကွပ်ကဲ၍ကျောက်ထက်အက္ခရာတင်ပြီး ပိဋကတော်များကို သာသနာသက္ကရာဇ် ၂၄၁၅-ခုနှစ်တွင် ရတနာပုံ၊ မန္တလေးမြို့တော် ရွှေနန်းပြာသာဒ်ဦးရှိ မြေနန်းတော်တွင် ပိဋကတော်များကို သံဃာတော် ၂၄၁၅-ပါးတို့ စုပေါင်းညီညာ ရွတ်ဆိုသံဂါယနာ တင်တော်မူခဲ့လေသည်။

တစ်ဖန်ဘုရားရှင်ရွှေပြည်နိဗ္ဗာန်ဝင်စံ၍ နှစ်ပေါင်း ၂၄၉၈-ခု ကဆုန်လပြည့်နေ့မှစ၍ ၂၅၀၀-ပြည့်နှစ် ကဆုန်လပြည့်နေ့အထိ ရန်ကုန်မြို့ သိရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဖ၊ဆ၊ပ၊လ- အစိုးရ ဦးနုလက်ထက် ပိဋကသုံးပုံပါဠိတော်များကို သန္နိပါတတစ်ကြိမ်လျှင် ၅၀၀၊ သန္နိပါတငါးကြိမ်တိုင်တိုင် သံဃာတော်ပေါင်း ၂၅၀၀-တို့ ပေါင်းစုညီညာ သံဂါယနာတင်တော်မူခဲ့ကြသည်။ တစ်ဖန် အဋ္ဌကထာကျမ်းပေါင်း ၅၁-အုပ်တို့ကို သာသနာနှစ် ၂၅၀၀-နှစ် နတ်တော်လပြည့်ကျော် ၅-ရက်နေ့မှစ၍ သံဃာတော် သန္နိပါတတစ်ခုလျှင် ၁၅၀-ကျော်ခန့်တို့ သန္နိပါတလေးကြိမ် ပေါင်း သံဃာတော် ၆၀၀-ကျော်ခန့်တို့ သံဂါယနာတင်တော်မူခဲ့ရာ သာသနာသက္ကရာဇ် ၂၅၀၃-ခုနှစ် တပေါင်းလဆန်း ၆-ရက်နေ့တွင် ပြီးဆုံးခဲ့လေသည်။

တစ်ဖန် ဋီကာကျမ်းပေါင်း ၂၆-အုပ်ကို သာသနာနှစ် ၂၅၀၃-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃-ရက်နေ့မှစ၍ နှစ်ကြိမ်ခွဲကာ သံဃာတော်ပေါင်း သန္နိပါတနှစ်ကြိမ်လျှင် ၁၅၀-ကျော် သန္နိပါတနှစ်ကြိမ် သံဃာတော်ပေါင်း ၃၀၀-ကျော်ခန့်တို့ သံဂါယနာတင်တော်မူခဲ့ရာ သာသနာနှစ် ၂၅၀၄-ခုနှစ် ပြာသိုလပြည့်ကျော် ၁၃-ရက်နေ့တွင် ပြီးဆုံးခဲ့လေသည်။ ယင်းသို့ဖော်ပြပါ သံဂါယနာ ၆-ကြိမ်သည် သံဂါယနာမည်လေသည်။

သံဂါယနာ သမိုင်းတော်။ ။ယင်းသို့ ဖော်ပြပါ သံဂါယနာ ၆-ကြိမ်တို့ ဖြစ်ပေါ်လာပုံနှင့် သံဂါယနာတင် ကျမ်းစာများသမိုင်း၊ သံဂါယနာတင်ပုံတင်နည်းသမိုင်းစုံကိုစုစည်းဖော်ပြရေးသားရာမှတ်တမ်းတင်ရာကျမ်းကြီးမှာသည် သံဂါယနာသမိုင်းတော် မည်လေသည်။

သံဂါယနာသမိုင်းတော် ရေးသားခြင်း။ ။ပိဋကဘာသာပြန် စာပေဖြန့်ချိရေးအဖွဲ့ဥက္ကဋ္ဌ ဦးနုသည် မိမိထံ ၁၃၄၈-ခုနှစ် တော်သလင်းလပြည့်ကျော် ၁-ရက်နေ့တွင် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ ဂုဏ်ထူးဆောင် အမှုဆောင် ဗုဒ္ဓဓမ္မလောကသတင်းစာအယ်ဒီတာချုပ် မင်္ဂလာဦးအောင်မြင့် နှင့်ဒါယကာ ဦးရဲလှတို့ကို စေလွှတ်၍ သံဂါယနာသမိုင်းကျမ်းတော်ကြီးကို ဂါထာ ၂၅၀၀-ဖြင့် ပြည့်ပြည့်စုံစုံ တန်ဆာဆင် ရေးသားပါရန် အောက်ဖော်ပြပါစာဖြင့် စေလွှတ်လျှောက်ထားခဲ့လေသည်။

နိဒါန်း

ဗိဋကဘာသာပြန် စာပေပြန့်ပွားရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနု၏ လျှောက်လွှာ

သို့....

ဆရာတော် အရှင်ကေလာသ

ဓမ္မာစရိယ, ဂဏဝါစက, ဘီ-အေ (ဂုဏ်ထူး)

သာသနဇောတိပါလကျောင်း

မဟာဝိသုဒ္ဓာရာမတိုက်

ပခုက္ကူမြို့။

၁၉၅၆-ခု၊ စက်တင်ဘာလ (၁၆)ရက်။

တပည့်တော် ဒကာနု အလွန်ရိုသေစွာ ခြေတော်ဦးခိုက် ရှိခိုးလျှောက်ထားပါသည် ဘုရား။

သံဂါယနာဆိုသည်မှာ လူများစွာအတွက် တစ်သက်တွင် တစ်ခါကြုံကြိုက်ရန် အလွန့်အလွန် ခဲယဉ်းလှပါသော သာသနာပြု ပွဲတော်ကြီးဖြစ်ပါသည်။

တပည့်တော်တို့၏ ပြည်ထောင်စုမြန်မာနိုင်ငံတွင် သံဂါယနာပွဲတော်တစ်ခု ဆင်ယင်ကျင်းပရန် လိုလောက်သောအကြောင်းများ ပေါပေါက်လျက်ရှိသည်က တစ်ကြောင်း၊ ထိုအကြောင်းများကို အထောက်အထားပြုကာ ရဟန်းတော်များ အမှူးပြုသည့် ပြည်သူလူထုတစ်ရပ်လုံးကလည်း သံဂါယနာပွဲတော်ကြီးကို ဆင်ယင်ကျင်းပရန် သမ္မာဆန္ဒ အလွန်ပြင်းပြလျက်ရှိသည်က တစ်ကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကလည်း လွတ်လပ်၍ အချုပ်အချာအာဏာပိုင်သော နိုင်ငံတော် ဖြစ်နေသည်က တစ်ကြောင်း၊ ဤအကြောင်းများကြောင့် ရဟန်းတော်များ ဦးစီးခေါင်းဆောင်သော ဆဋ္ဌသံဂါယနာပွဲတော်ကြီးကို သာသနာသက္ကရာဇ် ၂၄၉၈၊

မြန်မာသက္ကရာဇ် ၁၃၁၆-ခု ကဆုန်လပြည့်နေ့မှအစပြု၍ သာသနာ သက္ကရာဇ် ၂၅၀၀၊ မြန်မာသက္ကရာဇ် ၁၃၁၈၊ ကဆုန်လပြည့်နေ့အထိ ၂-နှစ်တိုင်တိုင် သီရိမင်္ဂလာ ကမ္ဘာ့အေးကုန်းတော် ဆဋ္ဌသင်္ဂါယနာ လိုဏ်ဂူ တော်ကြီးတွင် ဆင်ယင်ကျင်းပနိုင်ခဲ့ကြပါသည်။

ဤသို့ ကျင်းပကြရာတွင် ရဟန်းသံဃာတော် အရှင်သူမြတ်များ၏ အလွန်ထူးခြားလှသော ဈွေဆောင်မှုကြောင့်လည်းကောင်း, ဆဋ္ဌသံဂါ ယနာ ပွဲတော်ကြီး၏ ပစ္စည်းလေးပါး ဒါယကာ, ဒါယိကာမများ ဖြစ်ကြ ပါသော ပြည်သူလူထုကြီး တစ်ရပ်လုံးကလည်း ထူးထူးကဲကဲ ထက်သန်လှ သည့် စေတနာဖြင့် ထောက်ခံအားပေးလျက် ရှိကြသောကြောင့် လည်း ကောင်း၊ ဆဋ္ဌသံဂါယနာ ပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲရန် နိုင်ငံအသီးသီး မှ ကြွရောက်လာကြသော ရဟန်းတော်များ ကိုယ်စားလှယ်တော်များ၏ အရှိန်အဝါများတို့ကြောင့် လည်းကောင်း ဆဋ္ဌသံဂါယနာ ပွဲတော်ကြီး မကြုံစဖူး ထူးထူးကဲကဲ သိုက်မြိုက်စည်ကားစွာ ဆင်ယင်ကျင်းပနိုင်ခဲ့ကြ ပါသည်။

ဤမျှကြီးကျယ်ခမ်းနားလှပါသော ဆဋ္ဌသံဂါယနာ ပွဲတော်ကြီးကို ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည် အစဉ်ထာဝရ ကြည်ညိုနိုင်ကြပါ စေခြင်းအကျိုးငှာ တပည့်တော်တို့သည် ထိုသာသနာပြုပွဲတော်ကြီးကို မော်ကွန်းထိုးထားလိုပါသည်။

ထိုပွဲတော်ကြီးသည် သာသနာသက္ကရာဇ် ၂၅၀၀-ကို အမိကထား၍ ကျင်းပခဲ့သည်ဟူသောအချက်ကိုပေါ်လွင်ထင်ရှားစေချင်ပါသောကြောင့် သံဂါယနာ သမိုင်းတော်ကြီး ပြည့်ပြည့်စုံစုံ ရေးသားချီးမြှင့်ပေးပါရန် အလွန်ရှိသေစွာ လျှောက်ထားပါသည်ဘုရား။ ယင်းသို့ မော်ကွန်းကို ပြုစု ရေးသားသည့်အချိန်အခါတွင် ဂါထာ ၂၅၀၀ ဖြင့် ပြုစုရေးသားပါရန် တပည့်တော် အလွန်ရှိသေစွာ ခြေတော်ဦးခိုက် ထပ်မံ၍ ရှိခိုးလျှောက်ထား ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား၊

(မောင်နု)

ဥက္ကဋ္ဌ

ပိဋကဘာသာပြန်စာပေဖြန့်ချိရေးအဖွဲ့။

ယင်းသို့ ပိဋကတ်သာပြန်စာပေပြန့်ချိရေးအဖွဲ့ ဥက္ကဋ္ဌဦးနု၏ လျှောက်ထားချက်ကို နှစ်သက်ကြည်ဖြူလက်ခံယူကာ ဆဋ္ဌသံဂါယနာ သမိုင်းတော်ကြီးကို သံဂါယနာတင် ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းအားလုံးနှင့် ဒီပဝံသပါဠိ, မဟာဝံသပါဠိ, နိကာယသင်္ဂဟ အစရှိသော သီဟိုဠ် သာသနာ့သမိုင်းကျမ်းများ, အခြား ပဌမသံဂါယနာဆိုင်ရာ မှတ်တမ်းများ, ဒုတိယသံဂါယနာဆိုင်ရာ မှတ်တမ်းများ, တတိယသံဂါယနာဆိုင်ရာ မှတ်တမ်းများ, စတုတ္ထသံဂါယနာဆိုင်ရာမှတ်တမ်းများ,ပဉ္စမသံဂါယနာဆိုင်ရာ မှတ်တမ်းများ, ကျောက်စာများ,မိမိအနှစ်နှစ်အလလစုဆောင်းထားသော ဆဋ္ဌသံဂါယနာဆိုင်ရာ မှတ်တမ်းများ, စာစောင်ဟောင်းများ, သတင်းစာဟောင်းများ, အိန္ဒိယ, သီဟိုဠ်, ယိုးဒယား, ကမ္ဘောဒီးယား, လာအိုဝ်ဆိုင်ရာ သမိုင်းမှတ်တမ်းများ စသည့် ရာပေါင်းများစွာသော စာပေမှတ်တမ်း စာစောင်သတင်းစာစသည်များ, ရန်ကုန်မြို့ပုဇွန်တောင် အရှေ့ပိုင်း မြသိန်းတန်ကျောင်းတိုက် ဆရာတော် ဦးသောဘနထံမှ ရရှိသည့် ဆဋ္ဌသံဂါယနာဆိုင်ရာ စာရွက်စာတမ်းများ မှီငြမ်းပြု၍ ဤမည်သော ဆဋ္ဌသံဂါယနာ သမိုင်းတော်ကျမ်းကြီးကို ရေးသားပြုစု စီရင်အပ်ပါသည်။

ဆဋ္ဌသံဂါယနာသမိုင်းတော် ပဌမတွဲကျမ်း။ ။ယင်း သံဂါယနာ သမိုင်းတော်ကြီးကို—

၁။ ဆဋ္ဌသံဂါယနာသမိုင်းတော် ပဌမတွဲ

၂။ ဆဋ္ဌသံဂါယနာသမိုင်းတော် ဒုတိယတွဲ

၃။ ဆဋ္ဌသံဂါယနာသမိုင်းတော် တတိယတွဲ

၄။ ဆဋ္ဌသံဂါယနာသမိုင်းတော် စတုတ္ထတွဲ

၅။ ဆဋ္ဌသံဂါယနာသမိုင်းတော် ပဉ္စမတွဲ

၆။ ဆဋ္ဌသံဂါယနာသမိုင်းတော် ဆဋ္ဌတွဲ

အားဖြင့် ၆-အုပ်ခွဲ၍ ရေးသားပြုစုရန် စီစဉ်ထားသည့်အတိုင်း ယခုအခါ ဆဋ္ဌသံဂါယနာသမိုင်းတော် ပဌမတွဲကျမ်းကြီး အောင်လံစိုက်ဆောက် ပြီးမြောက်ခဲ့လေသည်။

ဆဋ္ဌသံဂါယနာသမိုင်းတော် ပဌမတွဲ၌ ပါဝင်သည့် အချက်အလက်များ

ယင်း ဆဋ္ဌသံဂါယနာ သမိုင်းတော် ပဌမတွဲကျမ်းကြီး၌ ဗုဒ္ဓဝင် အကျဉ်းချုပ်, ပဌမသံဂါယနာသမိုင်း, ဒုတိယ သံဂါယနာသမိုင်းတို့ကို သံဂါယနာတင်ရခြင်း၏အကြောင်း, တင်ရာဌာန, ထောက်ပံ့သည့်မင်း, သံဂါယနာခေါင်းဆောင် ရဟန်းတော်များ, သမိုင်းအဖြစ်တော်စဉ်တို့ နှင့်တကွ ပြည့်စုံစွာ ဂါထာပေါင်း ၆၃၇ဂါထာ နိဂုံးဆယ်ဂါထာနှင့်တကွ ဂါထာပေါင်း ၆၅၇-ဂါထာတို့ဖြင့် တန်ဆာဆင်၍ ကြည်ညိုဖွယ်, သံဝေဂဖြစ်ဖွယ် ရေးသားထားပါသည်။ သံဂါယနာသမိုင်းတော် စာဖတ်များ အချင်းချင်းတိုက်ဆိုင်၍ လွယ်ကူစွာကြည့်ရှုလေ့လာနိုင်ရန် ဒီပဝံသလာ သံဂါယနာသမိုင်းမှတ်တမ်း, မဟာဝံသလာ သံဂါယနာသမိုင်း မှတ်တမ်း, နိကာယသင်္ဂဟလာ သမိုင်းမှတ်တမ်း, မန္တလေးသာသနာဝင် ဒုတိယတွဲလာ သံဂါယနာသမိုင်းလင်္ကာ, စူဠဝဂ္ဂပါဠိတော်လာ သံဂါယနာသမိုင်းမှတ်တမ်းတို့ကို သီးခြားဖော်ပြ စိစဉ်ရေးသားအပ်ပါသည်။

ဆန္ဒပြုချက်။ ။ယင်းသို့ ကြည်ညိုဖွယ်, သံဝေဂ ဖြစ်ဖွယ်တို့နှင့် ဤမည်သော ဆဋ္ဌသံဂါယနာသမိုင်းတော်ပဌမတွဲကျမ်းကြီးရေးသားပြုစု စီရင်ရာ ဆဋ္ဌသံဂါယနာသမိုင်းတော် ပဌမတွဲကျမ်းစာတော်ဖတ်တို့ ကြည်ညိုသဒ္ဓါပွားများကြပါစေ, သံဝေဂဉာဏ် ပွားများ ရင့်သန်ကြပါစေဟု ဆန္ဒပြုပါသတည်း။

ဗုဒ္ဓမြတ်စွာ သာသနာ ဆောင်ဂါနေသို့ ထွန်းစေသော်....

အရှင်ကောလာသ

မဓ္မာစရိယ, ဂဏဝါစက, ဘီ-အေ(ဂုဏ်ထူး)
သာသနဇောတိပါလကျောင်း
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့။
၁၃၄၈-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂-ရက်နေ့။

ဆဋ္ဌသံဂါယနာ သမိုင်းတော်ကြီး

ပဌမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓပ္ပဏာမ

၁။ ဆာသာဓာရဏကံ ဗုဒ္ဓံ၊ ဇိနံ ဆဋ္ဌာနဒေသကံ။
ဝန္ဒာမိ သိရသာ တမ္ပိ၊ ဂန္ထကိစ္စေ သုသံယုတော။

ဂန္ထကိစ္စေ = ကျမ်းပြုစာချ စာပေကျမ်းစာ ကိစ္စအဝဝ၌။ သုသံယုတော= ပညာသံဝတ္တနိက ရှေးကမ္မကြောင့် မကွာနေ့ည ယှဉ်ခွင့်(ပြုခွင့်) ကို ရရှိပါသော။ အဟံ= အရှင်ကေလာသ ခေါ်ဝေါ်ကြသား နှစ်ပါး နာမ် ရုပ် အကျုံးဝင်သည်။ ဆာသာဓာရဏကံ = မဟာကရုဏာ သမာ ပတ္တိဉာဏ်, ယမကပါဋိဟာရိယဉာဏ်, အာသယာနုသယဉာဏ်, ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်, သဗ္ဗညုတဉာဏ်, အနာဝရဏဉာဏ်–ဟူသော ပစ္စေက ဗုဒ္ဓါသာဝကတို့နှင့် မဆက်ဆံသော ဆအသာဓာရဏဉာဏ်တော်ကို ကေန် ပိုင်ပိုင် လှက်ကိုင်ရရှိတော်မူသော။ ဗုဒ္ဓံ = ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂတစ်ဖြာ လေးသဲစ္စာကို ဆရာမရှိ ကိုယ်တော်တိုင် သိမြင်တော်မူသော။ ဆဋ္ဌာနဒေသကံ = ခြောက်ပါးပြားထ အဘဗ္ဗဋ္ဌာနကို ဟောတော်မူတတ် သော။ တမ္ပိ ဇိနံ=ငါးမာရ်အောင်မြင် ထိုဘုရားရှင်ကိုလည်း။ သိရသာ- ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ ဝန္ဒာမိ=ရှိသေမြတ်နိုး ရှိခိုးပါ၏။

[မိမိသည် ဆဋ္ဌသံဂါယနာ သမိုင်းတော် ပဌမတွဲကျမ်းကြီးပြု စီရင်မည်ဖြစ်ရာ အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်ခြင်းကို လွန်စွာအလိုရှိပါသဖြင့် ''ဆာသာဓာရဏကံ''စသော ဂုဏ်တော် အနန္တသခင် ဘုရားရှင်ကို ရှေးဦးစွာ ရှိခိုးပါသည်။ ယင်းသို့ ဘုရားဇိနေ်အား ရှိခိုးပူဇော်ရသဖြင့် ဗုဒ္ဓါရမ္မဏပီတိများဖြစ်၍ ကာယဗလ, ဉာဏဗလတွေ ပြည့်လျှမ်းပြီး ဤဆဋ္ဌသံဂါယနာ သမိုင်းတော် ပဌမတွဲကျမ်းကြီး ပြီးစီးအောင် ကြိုးပမ်းနိုင်လိမ့် မည်ဟု ယုံကြည်ပါသည်။]

ဓမ္မပ္ပဏာမ

၂။ ဇိနောပိ ဘာဝေတွာစေဝ၊ သစ္ဆိကတွာ နိရန္တရံ။
တံ ဓမ္မံ အဘိဝန္ဒာမိ၊ ဗုဒ္ဓတ္တံ သမုပါဂတော။

ဇိနောပိ = ငါးမာရ်အောင်မြင် ဘုရားရှင်သော်မှလည်း။ ယံ ဓမ္မံ= အကြင်မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်ကို။ ဘာဝေတွာစေဝ = ဖြစ်စေ ပွားစေတော် မူပြီး၍ လည်း ကောင်း။ သစ္ဆိကတွာ = ကိုယ်ထိလက်ရောက် မျက်မှောက်ပြုတော်မူပြီး၍ လည်း ကောင်း။ ဗုဒ္ဓတ္တံ = ဘုရားရှင်၏အဖြစ်သို့။ ဝါ= ဘုရားရှင်၏ဖြစ်ကြောင်း ဖြစ်ရာ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်သို့။ သမုပါဂတော = ကိလေသာစက် သုံးထောက်ငက်ဟူ ရန်သူအလုံး ချေမှုန်းဖျက်ဖျောက် ရောက်တော်မူခဲ့လေပြီ။ တံ ဓမ္မံ အပိ[၁] = ထိုမဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်မြတ်ကိုလည်း။ အဘိဝန္ဒာမိ = ဘယ လာဘ စသည် အပြစ် မညစ်မလူး အထူးအားဖြင့် ရှိခိုးပါ၏။

[ဘုရားရှင်အား ရိုသေမြတ်နိုး ရှိခိုးပြီးနောက် တရားတော်အားလည်း ရိုသေမြတ်နိုး ရှိခိုးလိုသဖြင့် "ဇိနောပိ ဘာဝေတွာစေဝ"အစရှိသော ဂါထာကို ရွတ်ဆိုရေးသား၍ ဝန္ဒနပဏာမပြုပါသည်။ ဘုရားဇိနေန်သည် တရားတော်ကို ပူဇော်တော်မူသည်။ အလေးအမြတ် ပြုတော်မူသည်။[၂] တရားတော်ကို ရှိခိုးပူဇော်ရသဖြင့်လည်း အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပဋိဘာန–စသော အကျိုးများရရှိပြီး ပြုစီရင်မည့် ဆဋ္ဌသံဂါယနာသမိုင်းတော် ပဌမတွဲ ကျမ်းကြီး အန္တရာယ်တစ်စုံတစ်ရာမရှိဘဲ ပြီးမြောက်လိမ့်မည်ဟု မျှော်လင့်ပါသည်။]

၁။ ဇိနောပိ–ကာ အပိ တံ ဓမ္မံ–နောင်လိုက်၍ ယောဇနာသည်။

၂။ တေပိ ဘဂဝန္တော ဓမ္မညေဝ သက္ကတွာ ဂရုံ ကတွာ ဥပနိဿာယ ဝိဟရိံသု။ သံ၊ ၌၊ ၁၊ ၁၄၂။ ဗုဒ္ဓါဝ နာမ ဓမ္မဂရုကာ။ အံ၊ ၌၊ ၁၊ ၂၂၆။

သံဃပဏာမ

၃။ ဩရသာနံ မုနိန္ဒဿ၊ မာရသေန ဝိဃာတိနံ။
ပုတ္တာနံ အရိယသံဃံပိ၊ ဂဏံ ဝန္ဒာမိ အာဒရံ။

မုနိန္ဒဿ=အဂါရိက စသည်အပြား မုနိများ၏ ဦးဖျားပရမေ သုံးလူ့ဆွေ ဖြစ်တော်မူသော မြတ်စွာဘုရား၏၊ ဩရသာနံ=တရားရင်နှစ် သားတော်စစ် ဖြစ်တော်မူကြကုန်သော။ မာရသေနဝိဃာတိနံ=မာရ်နတ်, မာရ်နတ်၏ ကိလေသာစစ်သည် အလုံးကို ချေမှုန်းဖျောက်ဖျက်တော်မူကြကုန်သော။ ပုတ္တာနံ = သားတော်တို့၏၊ ဂဏံ = သင်္ချာတွက်စစ် ရှစ်ယောက်အပေါင်းဖြစ်သော။ အရိယသံဃံပိ=ကိလေသာဟူ မြူမျှမကပ် အရိယာသံဃာတော်မြတ်ကိုလည်း။ အာဒရံ=လေးမြတ်ကြည်ညို ရိုသေလှစွာ။ ဝန္ဒာမိ = သဒ္ဒါအစွမ်း ပညာလွှမ်းလျက် ချီးမွမ်းပါ၏။ ဝါ= ရှိခိုးပါ၏။

[ဘုရားရတနာ, တရားရတနာတို့ကို ရှိခိုးပြီးနောက် "ဩရသာနံ မုနိန္ဒဿ" စသော ဂါထာဖြင့် သံဃာရတနာကိုရှိခိုးပူဇော်ပါသည်၊ အရိယာသံဃာတော် အရှင်ကောင်း အရှင်မြတ်တို့ကို ရှိခိုးပူဇော်ရသည့် အတွက်လည်း ကိုယ်ပ ကိုယ်တွင်း အန္တရာယ်ကင်းရှင်းပြီး ဆဋ္ဌသံဂါယနာသမိုင်းတော် ပဌမတွဲ ကျမ်းကြီး အောင်လံစိုက်ဆောက် ပြီးမြောက်လိမ့်မည်ဟု စွဲမြဲခံတည် ယုံကြည်ပါသည်။]

အာစရိယပဏာမ

၄။ ဝန္ဒာမိ ဝိသုတိကေပိ၊ ဝိသုတာရာမပုင်္ဂဝေ။
အနုဂ္ဂါဟကေ သပ္ပညေ၊ ထေရ ဂါရဝဘာဇနေ။

ဝိသုတာရာမပုင်္ဂဝေ=ဘုရားမြတ်စွာ သာသနာ့ဂိုဏ်း သမိုင်းပေါ်ထင် မဟာဝိသုတာရာမနိကာယ၏ ရှေ့သွားပုဗ္ဗင် ဖြစ်တော်မူကြကုန်သော။ အနုဂ္ဂါဟကေ = အာမိသာနုဂ္ဂဟ, ဓမ္မာနုဂ္ဂဟဖြင့် ထူးထူးခြားခြား ချီးမြှောက်တော်မူတတ်ကုန်သော။ ဂါရဝဘာဇနေ = ရိုသေလေးစား

၁။ ကွစာရိယာဒိသံယောဂေ၊ အဓိကော ဝွေ လဟုကောဝ။
ဝိသမက္ခရပါဒံ တံ၊ ဂါထာတိပိ ဒေန္တိ တံ၊ ဟူသော ဆန္ဒောပစ္စနှင့် အညီ လဟု ၂ လုံးကို ဂရု ၁ လုံးယူ၍ ၉ လုံးထားသည်။

အပ်သော သီလ သမာဓိ, ပညာဂုဏ်ရည်တို့၏ တည်ရာဖြစ်တော်မူကြကုန်သော။ သပ္ပုညေ-တိပိဋကဂန္ထပါရင်ပညာရှင်ဖြစ်တော်မူကြကုန်သော။ ဝိသုတိကော်ထေရေပိ = ပခုက္ကူမြို့ မဟာဝိသုတာရာမနိကာယတက္ကသိုလ် ဗဟိုစာချ ကျောင်းတိုက်ပျော် ဒီဃဒဿီကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ထသာရမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဘိဓဇမဟာရဋ္ဌဂုရု, အဂ္ဂမဟာပဏ္ဍိတ အရှင်သုန္ဒရ မဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်ဂန္ဓမာမဟာထေရ်၊ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ်၊ တိုက်အုပ်ဆရာတော် အရှင်မာဃိန္ဒမဟာထေရ်တို့ကိုလည်း။ ဝန္ဒာမိ=ဂုဏ်တော်မြားမြောက် အောက်မေ့ရှိကျိုး ရှိခိုးပါ၏။

[မိမိသည် ပခုက္ကူမြို့ မဟာဝိသုဘာရာမဆရာတော်ဘုရားကြီးတို့ကို အမှီတံကဲ သဟဲပြုရ ယင်းဆရာတော်ဘုရားကြီးတို့ထံ ပညာရင်နို့ သောက်စို့ရ ယင်းဆရာတော်ဘုရားကြီးများ၏ အချီးအမြောက်ကို ခံယူရသဖြင့် နိကာယ်ငါးခန်း ကျမ်းဂန်များချပို့ခြင်း၊ ကျမ်းဂန်မြားမြောက်စွာတို့ကို ရေးသားခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ သို့ဖြစ်၍ ပုံလွန်တော်မူကြပြီဖြစ်သော ကျေးဇူးတောင်ညို မကာပိုသည့် ဖော်ပြပါ ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများကိုလည်း ရှိခိုးဦးချပါသည်။]

အဘိယာစက နှင့် ပဋိညာဉ်

၅။ သဒ္ဓါပညာဒိဂုဏောဟိ၊ ဥပေတေနာဘိယာစိတော။
သံဂီတိဣတိဟာသံ ခေါ၊ ကရိဿံ သာဓုမာနိတံ။

အဟံ = အရှင်ကေလာသ ခေါ်ကြသမုတ် အကျွန်ုပ်သည်၊ ခေါ=စင်စစ်ဧကန် အမှန်အားဖြင့်။ သဒ္ဓါပညာဒိဂုဏောဟိ=သဒ္ဓါ, ပညာ အစရှိသော သူမြတ်တန်ဆာ ဂုဏ်များစွာတို့နှင့်။ ဥပေတေန=လောက်ကော်လုံပြည့်စုံသော မြန်မာနိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း, ပိဋကဘာသာပြန်စာပေဖြန့်ချိရေးအဖွဲ့ ဥက္ကဋ္ဌကြီးဦးနုသည်။ အဘိယာစိတော = ရှိသေညွတ်ပျောင်း တောင်းပန်အပ်သည်ဖြစ်၍၊ သာဓုမာနိတံ = သူတော်ကောင်းတို့ နှစ်ထောင်းအားရ တောင့်တမြတ်နိုးအပ်သော။ သံဂီတိဣတိဟာသံ = ထူးခြားလှစွာ ဆဋ္ဌသံဂါယနာသမိုင်းတော် ပဋ္ဌမတွဲ

ကျမ်းကြီးကို။ ကရိဿံ=ပါဠိ, အဋ္ဌကထာ, ဋီကာနက်ရှိုင်း သမိုင်းမြားမြောက် ကျမ်းစုံနှောက်မွေကြည့်ရှုချဉ်းနင်းရေးသားပေအံ့သတည်း။

[သက္ကရာဇ် ၁၃၄၈-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁-ရက်နေ့ နေ့လယ် တစ်နာရီခန့်တွင် ရန်ကုန်မှ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ဂုဏ်ထူးဆောင် အမှုဆောင်နှင့် ဗုဒ္ဓဓမ္မလောက တရားစာစောင် အယ်ဒီတာချုပ် ဒါယကာ မင်္ဂလာဦးအောင်မြင့်နှင့် ဒါယကာ ဦးရဲလှတို့ရောက်လာကြပြီး ပိဋကဘာသာပြန် စာပေဖြန့်ချိရေးအဖွဲ့ ဥက္ကဋ္ဌကြီးဦးနု၏ သာသနာ ၂၅၀၀ ကို အထိမ်းအမှတ်ပြု၍ ဂါထာ ၂၅၀၀ ဖြင့် ဆဋ္ဌသံဂါယနာသမိုင်းကျမ်းကြီး ရေးသားချီးမြှင့်ပေးပါရန် လျှောက်ထားစာကို ဆက်ကပ်၍ အကြောင်းစုံလျှောက်ထားကြလေသည်။ သို့ဖြစ်၍ မိမိသည် ဦးနု၏လျှောက်ထားတောင်းပန်ချက်ကို အလေးထားလျက် ယင်းကျမ်းစာကြီးများ ရှိသင့်သည်ဟုယူဆ၍ လျှောက်ထားချက်ကို နှစ်သက်ကြည်ဖြူ လက်ခံယူကာ သီဟိုဠ်မဟာဝံသ, ဒီပဝံသပါဠိ, မန္တလေးသာသနာ ဝင် စသော ကျမ်းကြီးများ၊ အခြားသာသနာ့သမိုင်း မှတ်တမ်းချီးစုံ, ဆဋ္ဌသံဂါယနာမှတ်တမ်းများ၊ ပါဠိ, အဋ္ဌကထာ, ဋီကာ စသည့် ကျမ်းဂန်အရပ်ရပ်ကို ချဉ်းနင်းမှီငြမ်းပြု၍ သံဂါယနာကျမ်းကြီးကို ရေးသားစီရင်ပါမည်ဟုလို။]

၆။ ပသာဒဇနကေ ဌာနေ၊ တထာ သံဝေဂကာရကေ။
ဇနယံ တံ ပသာဒဉ္စ၊ သံဝေဂဉ္စ ဥဒိက္ခထ။

ယံ ဂန္ထံ=အကြင် ဆဋ္ဌသံဂါယနာ သမိုင်းတော်ကျမ်းကြီးကို။ ကရောန္တော = သဒ္ဒါလုလု ပြုစုစီရင်သော။ အဟံ = အရှင်ကေလာသနာမ သမုတ် အကျွန်ုပ်သည်။ ပသာဒဇနကေ = သဒ္ဓါရွှန်းစို ကြည်ညိုခြင်းကို ဖြစ်စေတတ်သော။ ဌာနေ = အရာဌာနဥ္စလည်းကောင်း၊ တထာ = ထိုမှတစ်ပါး။ သံဝေဂကာရကေ = ကြောက်ရွံ့ထိတ်လန့်ခြင်းကို ပြုတတ်သော။ ဝါ = ဇာတိစသား ဆင်းရဲများကို ဘေးအားဖြင့် သိမြင်တတ်သော ဉာဏ်ကိုပြုတတ်သော။ ဝါ = သံဝေဂဉာဏ်ကို ပြုတတ်သော။

ဌာနေ = အရာဌာန၌ လည်းကောင်း၊ ပသာဒဠ္ဌ = သဒ္ဓါရှိန်းစို ကြည်ညို ခြင်းကို လည်းကောင်း၊ သံဝေဂဠ္ဌ = ကြောက်ရွံ့ ထိတ်လန့်ခြင်း ကိုလည်းကောင်း။ ဝါ = ဇာတိစသား ဆင်းရဲများကို ဘေးအားဖြင့် သိမြင် တတ်သော ဉာဏ်ကိုလည်းကောင်း။ ဝါ = သံဝေဂဉာဏ်ကိုလည်းကောင်း။ ဇနယံ = ဇနယန္တော = ဆဋ္ဌသံဂါယနာ သမိုင်းကျမ်းစာတော်ဖတ်တို့ သန္တာန်ဝယ် ကေန်စင်စစ် ဖြစ်စေလျက်။ ကရိဿံ = ဆန္ဒ စိတ္တ ဝီရိယ ဝိမံ ခြံရံရွေးရှု ပြုစီရင်ပါအံ့။ တုမ္ဟေ = ဆဋ္ဌသံဂါယနာ သမိုင်းစာတော် ဖတ် ဖြစ်ကြကုန်သော သင် သူတော်ကောင်းတို့သည်။ တံ ဂန္ထံ = ထိုဆဋ္ဌ သံဂါယနာ သမိုင်းတော် ပထမတွဲကျမ်းကြီးကို။ ဥဒိက္ခထ = အကြိမ်ကြိမ် အထပ်ထပ် လေ့လာဖတ်ရှု ကြပါကုန်လော့။

[မိမိသည် ဤမည်သော ဆဋ္ဌသံဂါယနာ သမိုင်းတော် ပဌမတွဲ ကျမ်းကြီးကို ရေးသားပြုစု စီရင်ရာ၌ ကြည်ညိုဖွယ်ကို ဖြစ်စေတတ် သော အရာ၌ ကြည်ညိုခြင်း သဒ္ဓါတရားဖြစ်အောင်, သံဝေဂဖြစ် စေမည့် အရာ၌ သံဝေဂဉာဏ် ဖြစ်ပွားအောင် ရေးသား စီရင် ပါမည်။ ဆဋ္ဌသံဂါယနာသမိုင်းတော် ပဌမတွဲ စာဘော်ဖတ် သင် သူတော်ကောင်းတို့ ယင်းဆဋ္ဌသံဂါယနာ သမိုင်းတော် ပဌမတွဲ ကျမ်းကြီးကို အကြိမ်ကြိမ် အထပ်ထပ် ဖတ်ရှုကြပါ ဟူလို။]

ပဏာမ, ပဋိညာဉ်, ဥယျောဇဉ် ပြီး၏။

ဗုဒ္ဓဝင်အကျဉ်း

ဘုရားအလောင်းတော် ဒီပင်္ကရာဘုရားထံ ဗျာဒိတ်ရ ဆက်လက်ပါရမီဖြည့်ခြင်း

ငါတို့ကိုးစား ဂေါတမ မြတ်စွာဘုရား အလောင်းအလျာသည် လွန်ခဲ့သော လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလက အလွန်လျှင် စည်ကားသဖြင့် သွားရောက်ကြည့်ရှုထိုက်သည့် မွေ့လျော်ပျော်စရာ ကောင်းလှသည့် အမရဝတီပြည် အမရဝတီမြို့တော်ကြီး၌ စားသုံးမကုန်နိုင်အောင် ကုဋေကုဋာများစွာကြွယ်ဝချမ်းသာသည့် သုမေဓာသူဋ္ဌေးကလေး ဖြစ်လေသည်။ မိဘတို့ကွယ်လွန်သွားသဖြင့်တစ်ဦးတည်းသောသားဖြစ်သူ သုမေဓာ လုလင်သည် ပစ္စည်းအားလုံး အကုန်ပိုင်ဆိုင်ရရှိ သူဋ္ဌေးဖြစ်ခဲ့လေသည်။ သုမေဓာသူဋ္ဌေးကလေးသည် ဗေဒင်သုံးပုံနှင့်တကွ လက္ခဏာကျမ်း သမိုင်းရာဇဝင်ကျမ်းဂန်တို့၌လည်း ပါရဂူပေါက် တတ်မြောက်ခဲ့လေသည်။ သူသည် ဘဝများစွာသံသရာက ပါရမီဖြည့်ခဲ့ဖူးသူဖြစ်ရာ လောကကြီး ငြီးငွေ့သည်၊ စိတ်ပျက်သည်၊ သို့ဖြစ်၍ ကုဋေကုဋာမြောက်မြားစွာသော ဥစ္စာပစ္စည်းတို့ကို အယုတ် အလတ် အမြတ်မရွေး အလိုရှိသူတို့အား လှူဒါန်းပေးကမ်းပြီး ရသေ့ဝတ်၍ ဟိမဝန္တာတောကြီးအနီး ဓမ္မိကတောင် သိကြားမင်း ဖန်ဆင်းသော သစ်ရွက်မိုးကျောင်းငယ်၌ သီတင်းသုံး၍ နောက်တွင် သစ်ရွက်မိုးကျောင်းကိုစွန့်ကာ သစ်ပင်ရင်း၌ သီတင်းသုံး၍ သစ်သီးဝလံဖြင့် မျှတကာ မလျောင်းမစက်ဘဲ ထိုင်ခြင်း ရပ်ခြင်း စင်္ကြံသွားခြင်း ဣရိယာပုထ်သုံးပါးဖြင့် ကမ္မဋ္ဌာန်းအလုပ် အားထုတ်ကြိုးပမ်းရာ ခုနစ်ရက်အတွင်း အဘိညာဉ်ငါးခန်း အားအစွမ်းသို့ ရောက်တော်မူခဲ့လေပြီ။

၇။ တတ္ထပ္ပဓာနံ ပဒဟိံ၊ နိသဇ္ဇဋ္ဌာန စင်္ကမေ။
အဗ္ဘန္တရမှိ သတ္တာဟေ၊ အဘိညာဗလပါပုဏိံ[၁]။

အလောင်းတော် သုမေဓာရှင်ရသေ့သည် ဈာန်သမာပတ်ချမ်းသာ၌ လွန်စွာပျော်မွေ့သဖြင့် ဒီပင်္ကရာ ဘုရားအလောင်းတော် ပရမေ ပဋိသန္ဓေနေတော်မူစဉ်, မိးရှူးသန့်စင် ဖွားမြင်တော်မူစဉ်, ဘုရားဖြစ်တော်မူစဉ်,

---

၁။ ဗုဒ္ဓဝံ။ ၃၀၉၊

ဓမ္မစကြာ တရားဦးဟောတော်မူစဉ် ဟူသော ဤလေးဌာနတို့၌ စကြာဝဠာ လောကဓာတ် တိုက်တစ်သောင်း တုန်လှုပ်ခြင်းစသော နိမိတ်ကြီး သုံးဆယ့် နှစ်ပါးတို့ ထင်ရှားဖြစ်သည်ကို သိမြင်တော် မမူပါချေ။

ဂ။ ဥပ္ပဇ္ဇန္တေ စ ဇာယန္တေ၊ ဗုဇ္ဈန္တေ ဓမ္မဒေသနေ။
စတုရော နိမိတ္တေနာဒ္ဒသံ၊ ဧကာနရတိသမပ္ပိတော။

ဗျာဒိတ်ရခြင်း, ပါရမီဆင်ခြင်ခြင်း, ပါရမီဖြည့်တော်မူခြင်း

ဘုရားအလောင်းအလျာ သုမေဓာသည် ဈာန်အဘိညာဉ် ရသဖြင့် ကောင်းကင်ခရီးဖြင့်ကြွသွားစဉ် ဒီပင်္ကရာမြတ်စွာဘုရား ကြွတော်မူလာရန် ရမ္မဝတီနေပြည်တော်သူ နေပြည်တော်သားတို့ လှမ်းပြင်နေကြသည်ကို မြင်ရ၍ ထက်ကောင်းကင် ဝေဟင်ခရီးမှဆင်းကာ နေရာတစ်ကွက်ကို တောင်းယူပြင်ဆင်နေစဉ် ရဟန္တာများနှင့်အတူတကွ ဘုရားမြတ်စွာ ကြွလာတော်မူသောကြောင့် ပြင်ဆင်၍မပြီးသော ရွှံ့ညွန်ပေါ်မှာ မိမိ ကိုယ်ကို တံတားခင်း၍ မှောက်စင်းကာ မြတ်စွာဘုရား တပည့်တော် အပေါ် နင်းလျှောက်၍ ကြွတော်မူပါဘုရားဟု လျှောက်ထားလေသည်။

ထိုအခါ ဒီပင်္ကရာမြတ်စွာဘုရားက....

၉။ ပဿထ ဣမံ တာပသံ၊ ဇဋိလံ ဥဂ္ဂတာပနံ။
အပရိမေယျိတော ကပ္ပေ၊ ဗုဒ္ဓေါ လောကေ ဘဝိဿတိ။

ဘိက္ခဝေ = နောက်တော်ပါးက လိုက်ပါလေကြွား အို....ချစ်သား ရဟန်းတို့။ တုမှေ=သင်ချစ်သားရဟန်းတို့သည်။ ဇဋိလံ= မင်ပိတုန်းရောင် မျက်စဉ်းတောင်လို ညိုမှောင်စုရုံး ဆံကျစ်ကိုထုံးပေသော။ ဥဂ္ဂတာပနံ= လွန်မင်းပြင်းထန် ခြိုးခြံသောအကျင့်ရှိသော။ ဥဂ္ဂတာပနံ=ဣန္ဒြေခြောက် ပါးတို့ကို ပူပန်စေတတ် နှိပ်ကွပ်တတ်သောအကျင့်ရှိသော။ ဣမံ တာပသံ= ရွှံ့ညွန်နွံအောက် အလျားမှောက်၍ တံတားလျှောက်ပါ ချီးသာမြွက်ကြား တရားသိမ်မွေ့ ဤရသေ့ကို။ ပဿထ = သေချာစေ့ငု ကြည့်ရှုကြကုန်လော့။ အယံ တာပသော=တရားသိမ်မွေ့ ဤရသေ့သည်။ ဣတော=ဘုရားသဗ္ဗညု လေးဆူပွင့်တော်မူရာ ဤ သာရမဏ္ဍကမ္ဘာမှ။ အပရိမေယျေ=ဤမျှဤမျှ ဂဏန်းချ၍ မမှန်းဆမရေတွက်နိုင်သော။ ကပ္ပေ = လေးအသင်္ချေနှင့်ကမ္ဘာ

တစ်သိန်း တွက်ကိန်းလွန်ပြား ဘုရားငါးဆူပွင့်ရာဘဒ္ဒကမ္ဘာ၌။လောကေ= လောကကြီးအတွင်း၌။ ဗုဒ္ဓေါ= နွယ်တော်ဂေါတ္တ “ဂေါတမ”ဟု ဗုဒ္ဓချစ်ရှင် ဘုရားသခင်သည်။ ဘဝိဿတိ=စက်စက္ကဝါ သွက်သွက်ခါအောင် ကမ္ဘာဒလိမ့် တော်သံမြိမ့်၍ နှစ်သိမ့်ကြည်ဖြူ ပွင့်တော်မူလိမ့်သတည်း....ဟု စသည်ဖြင့် ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။

ထိုအချိန်တွင် “သုမိတ္တာ” မည်သော အမျိုးသမီးသည် ကြာပန်း ရှစ်လက် ကြာပန်းရှစ်ခိုင်တို့ကို ယူလာကာ ရောက်လာထိုင်နေပြီး-

၁၀။ ပဉ္စဟတ္ထာ တဝ ဟောန္တု၊ တယော ဟောန္တု မမံ ဣသေ။
တေန သဒ္ဓိံ သမာ ဟောတု၊ ဗောဓတ္ထာယ တဝံ ဣသေ။

ဣသေ = မနောဟဒယအစဉ် ကြည်လင်စရာ အို...သုမေဓာရသေ့။ တဝံ=ယခုယနေ့ ချက်တွေ့ဖူးမြင် အရှင်သုမေဓာရသေ့အတွက်။ပဉ္စဟတ္ထာ= အဆင်းအနံ့ သင်းပျံ့မွှေးကြိုင် ကြာငါးခိုင်တို့သည်။ ဟောန္တု= တပည့်တော်မ ရည်မှန်းသည့်အလျောက် မဖောက်ကေန် အမှန်မသွေ ဖြစ်ပါစေကုန်။မမံ-မမ=ဒီပင်္ကရာ ထွတ်ချာမှန်ကင်း သနင်းဥက္ကာ၌ ဘုရားမြတ်အား ဆက်ကပ်ဖို့ရာ ကျွန်တော်မ သုမိတ္တာအတွက်။ တယောဟတ္ထာ = အဆင်းအနံ့ သင်းပျံ့မွှေးကြိုင် ကြာသုံးခိုင်တို့သည်။ဟောန္တု=မုချမသွေ ဖြစ်ပါစေကုန်။ ဣမိနာ=မွှေးကြိုင်လှစွာ ပဒုမ္မာကြာပန်း လှူဒါန်းရသော ပုညမျိုးမှန် ဤကောင်းမှုကံကြောင့်။ တေန=ရေစက်ဆုံ၍ ကြုံလာခုတွေ့ ထိုရှင်ရသေ့နှင့်။ သဒ္ဓိံ=အတူပေါင်းဆုံ မောင်နှံစုံသာလျှင်။ သမာ=ဘဝ များစွာ ကျင်လည်ရာဝယ် မခွာမခွဲ အတူတွဲနေ မြဲမသွေ။ ဟောတု= မေတ္တာစွေ့ကာဖြစ်ပါစေသား။ဣသေ=မနောဟဒယအစဉ် ကြည်လင်စရာ အိုအရှင်သုမေဓာရသေ့။ တဝ=အရှင်ရသေ့၏။ ဗောဓတ္ထာယ=ဗောဓိမင်္ဂ ဉာဏ် ရင့်သန်ပါစေခြင်းအကျိုးငှာ။ဟောတု မုချမသွေဖြစ်ပါစေသား။ ဟူ၍ဝပ်တွားနှုတ်ဆက်၍ ကြာငါးလက်ကိုသုမေဓာရှင်ရသေ့အားလှူဒါန်း၍ ကျန် ကြာပန်းသုံးလက်ကို ဒီပင်္ကရာမြတ်စွာဘုရားအား လှူဒါန်းလေသည်။သုမေဓာရှင်ရသေ့ကလည်း မိမိအား သုမိတ္တာသူဌေးသမီး လှူဒါန်းသည့် ကြာငါးခိုင်ကိုလည်း ဒီပင်္ကရာမြတ်စွာဘုရားအား လှူဒါန်းလိုက်လေသည်။

ဒီပင်္ကရာ မြတ်စွာဘုရားသည် ဤသုမိတ္တာ အမျိုးသမီးသည်ကား.... ဤရသေ့၏ပါရမီဖြည့်ဘက် ဖြစ်လိမ့်မည်ဟု ဗျာဒိတ်စကားမိန့်ကြားတော်မူခဲ့လေသည်။ အလောင်းအလျာသုမေဓာရသေ့မြတ်သည် ပါရမီတော်တွေကို ဆင်ခြင်၍ ဆက်လက် ပါရမီဖြည့်တော်မူခဲ့လေသည်။

ကမ္ဘာနှင့် ဘုရားမြတ်စွာ

ဤ၌ ကမ္ဘာ နှင့် ဘုရားမြတ်စွာတို့ကို ဤသို့ သိရာ၏။

ကမ္ဘာသည်—

(၁) သာရကမ္ဘာ
(၂) မဏ္ဍကမ္ဘာ
(၃) ဝရကမ္ဘာ
(၄) သာရမဏ္ဍကမ္ဘာ
(၅) ဘဒ္ဒကမ္ဘာ
(၆) သုညကမ္ဘာ-

အားဖြင့် ခြောက်မျိုးပြားသည်။ ထိုတွင် သာရကမ္ဘာ၌ ဘုရားတစ်ဆူသာ ပွင့်တော်မူသည်။ မဏ္ဍကမ္ဘာ၌ နှစ်ဆူ၊ ဝရကမ္ဘာ၌ သုံးဆူ၊ သာရမဏ္ဍကမ္ဘာ၌ လေးဆူ၊ ဘဒ္ဒကမ္ဘာ၌ ငါးဆူ ပွင့်တော်မူသည်။ သုညကမ္ဘာမျိုး၌ကား ဘုရားပွင့်ရိုးမရှိချေ။ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာနှင့် စကြာမင်းများသော်မှ မပေါ်လုံးလုံး သုဉ်းသောကမ္ဘာမျိုး ဖြစ်လေသည်။

၁၁။ သာရော မဏ္ဍော ဝရော ကပ္ပော၊ သာရမဏ္ဍော စ ဘဒ္ဒကော။
အသုညာ ပဉ္စဝိဓာ ဗုဒ္ဓါ၊ ဗုဒ္ဓုပ္ပါဒေဟိ မဏ္ဍိတာ[1]။

၁၂။ ဧကော ဗုဒ္ဓေါ သာရကပ္ပေ၊ မဏ္ဍကပ္ပေ ဇိနာ ဒုဝေ။
ဝရကပ္ပေ တယော ဗုဒ္ဓါ၊ သာရမဏ္ဍေ စတုရော ဗုဒ္ဓါ။
ပဉ္စဗုဒ္ဓါ ဘဒ္ဒကပ္ပေ၊ တတော နတ္ထာဓိကာ ဇိနာ[2]။

၁။ ဋ္ဌသာဘဇတ္တကီ၊ ၅၆၀-ဂါထာ။
၂။ ဗုဒ္ဓဝံ၊ ဋ္ဌ။ ၂၂၈။ ဋ္ဌသာတဇတ္တကီ။ ၅၆၁-ဂါထာ။

ကောဏ္ဍညဘုရားထံ ဗျာဒိတ်ခံခြင်း

ဒီပင်္ကရာ မြတ်စွာဘုရား ပွင့်တော်မူရာ သာရမဏ္ဍကမ္ဘာကြီး ပျက်သုဉ်း ပြီးနောက် ကမ္ဘာသစ်တည်သော်လည်း အသင်္ချေတစ်ခုလုံး ဘုရားမပွင့်ဘဲ ၎င်းနောက် သာရမဏ္ဍ ကမ္ဘာတွင် ပွင့်တော်မူသော ကောဏ္ဍည မြတ်စွာ ဘုရား လက်ထက်တော်တွင် ငါတို့ ဘုရားအလောင်းတော်သည် ဝိဇိတာဝီ စကြာမင်းဖြစ်၍ ကောဏ္ဍညဘုရားရှင်နှင့်တကွ ကုဋေတစ်သိန်းသော သံဃာတော်အရှင်မြတ်တို့အား ဆွမ်းဘောဇဉ်ဆက်ကပ်လှူဒါန်း၍ ဗျာဒိတ် ခံယူတော်မူခဲ့လေသည်။

မင်္ဂလဘုရား, သုမနဘုရား, ရေဝတဘုရား, သောဘိတဘုရားရှင်တို့ထံ ဗျာဒိတ်ခံခြင်း

ကောဏ္ဍညဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် တဖြည်းဖြည်း ကမ္ဘာ ကြီးပျက်စီးပြီး ကမ္ဘာသစ်ကြီးတစ်ဖန်တည်သော်လည်း အသင်္ချေတစ်ခုလုံး ဘုရားသုဉ်းခဲ့လေသည်။ ၎င်းနောက် တစ်ခုသော သာရမဏ္ဍကမ္ဘာတွင်-

(၁) မင်္ဂလဘုရား
(၂) သုမနဘုရား
(၃) ရေဝတဘုရား
(၄) သောဘိတဘုရား

ဟူ၍ ဘုရားလေးဆူတို့ အစဉ်အားဖြင့် ပွင့်တော်မူခဲ့လေသည်။

ငါတို့ ဘုရားအလောင်းတော်သည် မင်္ဂလဘုရားထံတော်တွင် သုရုစိ ပုဏ္ဏားသူဌေးဖြစ်၍ ကုဋေတစ်သိန်းသော ရဟန်းသံဃာတော်တို့အား ဆွမ်းဘောဇဉ် ဆက်ကပ်ကျွေးမွေးလှူဒါန်း၍ဗျာဒိတ်ခံတော်မူခဲ့လေသည်။ သုမနဘုရားရှင်လက်ထက်တွင် အတုလနဂါးမင်းဖြစ်၍ သုမနဘုရားရှင် အား အသီးသီး အစုံစုံသော ပုဆိုးဝတ်စုံတို့ကို လှူဒါန်း၍ သုမနမြတ်စွာ ဘုရားအထံတော်မှ ဗျာဒိတ် ခံယူတော်မူခဲ့လေသည်။

၎င်းပြင် ရေဝတဘုရားရှင်ထံတော်၌လည်း တစ်ထောင်တန် အပေါ်ရုံ သင်္ကန်း လှူဒါန်း၍ ဗျာဒိတ်ခံတော်မူခဲ့လေသည်။ ၎င်းနောက် သောဘိတ ဘုရားရှင်လက်ထက်တွင် သုဇာတပုဏ္ဏားသူဌေးဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား ဝါတွင်းသုံးလပတ်လုံး ပြုစုလုပ်ကျွေး၍ ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။

အနောမဒဿီဘုရား, ပဒုမဘုရား, နာရဒဘုရားရှင်တို့ထံ ဗျာဒိတ်ခံခြင်း

သောဘိတဘုရားပွင့်တော်မူပြီး အသင်္ချေယျကပ်တစ်ခုလုံး ဘုရားသုဉ်းခဲ့ပြီးနောက် ဝရကမ္ဘာကြီး ပေါ်ထွန်းလာလေသည်။ ထိုဝရကမ္ဘာကြီးတွင်-

(၁) အနောမဒဿီဘုရား
(၂) ပဒုမဘုရား
(၃) နာရဒဘုရား-

အားဖြင့် ဘုရားသုံးဆူတို့ ပွင့်တော်မူကြကုန်၏။ ထိုဘုရားသုံးဆူအနက် အနောမဒဿီ ဘုရားရှင်လက်ထက်တော်တွင် အလောင်းတော်သည် ဘီလူးစစ်ဗိုလ်ကြီးဖြစ်၍ အနောမဒဿီ ဘုရားရှင်နှင့် သံဃာတော်အရှင်မြတ်တို့အား ရတနာခုနစ်ပါးဖြင့်ပြီးသော မဏ္ဍပ်ကြီးဆောက်လုပ်၍ ဗျာဒိတ်ခံယူတော် မူခဲ့လေသည်။ ၎င်းနောက် ပဒုမမြတ်စွာဘုရား လက်ထက်တော်တွင် ခြင်္သေ့မင်းဖြစ်၍ ဘုရားမြတ်စွာနှင့် သံဃာတော် အရှင်မြတ်တို့အား ကြည်ညိုသဒ္ဓါဖြင့် ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။ ၎င်းနောက် နာရဒမြတ်စွာဘုရား လက်ထက်တော်တွင် သူတော်ကောင်း ရသေ့ဖြစ်၍ ခုနစ်ရက် ပတ်လုံး အလှူကြီးပေးလှူပြီး ဗျာဒိတ်ခံယူတော် မူခဲ့လေသည်။

ပဒုမုတ္တရာ မြတ်စွာဘုရားထံ ဗျာဒိတ်ခံခြင်း

နာရဒ မြတ်စွာဘုရား ပွင့်တော်မူပြီးနောက် ဝရကမ္ဘာကြီး ပျက်စီးခဲ့လေသည်။ ထို့နောက် အသင်္ချေယျကပ် တစ်ခုလုံး ဘုရားမပွင့်ဘဲ သုဉ်းခဲ့လေသည်။ ထို့နောက် သာရကမ္ဘာကြီး ပေါ်လာလေသည်။ ယင်းသာရကမ္ဘာ၌ ပဒုမုတ္တရာ မြတ်စွာဘုရား ပွင့်တော်မူခဲ့လေသည်။ ထိုအခါ ဂေါတမ ဘုရားအလောင်းတော်သည် ဇဋိလသူဌေးကြီးဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား ဆွမ်းသင်္ကန်းကျွေးမွေးဆက်ကပ်လှူဒါန်းပြီး ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။

သုမေဓ ဘုရား, သုဇာတဘုရားရှင်တို့ထံ ဗျာဒိတ်ခံခြင်း

ပဒုမုတ္တရာ ဘုရားပွင့်ရာ သာရကမ္ဘာကြီး ပျက်သုဉ်းကွယ်ပျောက်ပြီးနောက် ကမ္ဘာပေါင်း ခုနစ်သောင်းပတ်လုံး ဘုရားမပွင့်ဘဲ သုဉ်းပြီးလျှင် တစ်ခုသော မဏ္ဍကမ္ဘာ၌-

(၁) သုမေဓဘုရား
(၂) သုဇာတဘုရား-တို့ ပွင့်တော်မူကြသည်။

ထိုမြတ်စွာဘုရား နှစ်ဆူအနက် သုမေဓမြတ်စွာဘုရား လက်ထက်တော်တွင် ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် ကုဋေရှစ်ဆယ် ဥစ္စာကြွယ်သည့် ဥတ္တရလုလင်သူဌေးဖြစ်လေသည်။ ဥတ္တရလုလင် သူဌေးသည် ရဟန်းပြု၍ ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။ ၎င်းနောက် သုဇာတဘုရား လက်ထက်တော်တွင် စကြာမင်းဖြစ်၍ ရဟန်းပြုကာ ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။

ပိယဒဿီဘုရား, အတ္ထဒဿီဘုရား, ဓမ္မဒဿီ ဘုရားသုံးဆူတို့ထံ ဗျာဒိတ်ခံခြင်း

ဘုရားငါးဆူပွင့်တော်မူရာ ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေတွက်လျှင် ကမ္ဘာပေါင်း တစ်ထောင့်ရှစ်ရာမြောက်ဖြစ်သော ဝရကမ္ဘာ၌ ...

(၁) ပိယဒဿီမြတ်စွာဘုရား
(၂) အတ္ထဒဿီမြတ်စွာဘုရား
(၃) ဓမ္မဒဿီမြတ်စွာဘုရား....

အားဖြင့် ဘုရားသုံးဆူတို့ ပွင့်တော်မူကုန်၏။ ယင်းသုံးဆူ အနက် ပိယဒဿီဘုရားရှင် လက်ထက်တော်တွင် အလောင်းတော်သည် ကဿပ ပုဏ္ဏား သူဌေးလုလင်ဖြစ်၍ ကျောင်းဆောက်လှူဒါန်းပြီးစုလုပ်ကျွေးလျက် ဗျာဒိတ်ခံယူတော် မူခဲ့လေသည်။ ၎င်းနောက် အတ္ထဒဿီ မြတ်စွာဘုရား ပွင့်တော်မူသောအခါ သုသီမရသေ့ဖြစ်၍ ပန်းမဏ္ဍပ်, ပန်းထီး,ပန်းမျိုးစုံတို့ဖြင့် လှူဒါန်းပူဇော်၍ ဗျာဒိတ်ခံယူတော် မူခဲ့လေသည်။ ထို့ပြင် တစ်ပါး ဓမ္မဒဿီဘုရားပွင့်တော်မူသောအခါ အခိုးအထုံမျိုးစုံ, မည်သိုးပန်း နတ်ပန်းစသည်တို့ဖြင့် ပူဇော်၍ ဗျာဒိတ်ခံတော် မူခဲ့လေသည်။

သိဒ္ဓတ္ထဘုရားရှင်ထံ ဗျာဒိတ်ခံခြင်း

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေတွက်လျှင် ကိုးဆယ့်လေးကမ္ဘာမြောက် ဖြစ်သော သာရကမ္ဘာ၌ သိဒ္ဓတ္ထမြတ်စွာဘုရား ပွင့်တော်မူသည်။ ဂေါတမ

ဘုရားအလောင်းတော်သည် ယင်းသိဒ္ဓတ္ထမြတ်စွာဘုရား လက်ထက်တော်၌ မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာတော် ကိုးကုဋေတို့အား ဇမ္ဗူ့သပြေသီး ဆက်ကပ်လှူဒါန်းပြီး ဗျာဒိတ်ခံတော်မူခဲ့လေသည်။

တိဿဘုရား, ဖုဿဘုရားရှင်တို့ထံ ဗျာဒိတ်ခံခြင်း

ဤ ဘဒ္ဒကမ္ဘာမှ နောက် ကိုးဆယ့်နှစ်ကမ္ဘာမြောက် ဖြစ်သော မဏ္ဍကမ္ဘာ၌ တိဿမြတ်စွာဘုရား, ဖုဿမြတ်စွာဘုရားတို့ ပွင့်တော်မူကြသည်။ ယင်းဘုရားနှစ်ဆူအနက် တိဿမြတ်စွာဘုရား လက်ထက်တော်တွင် ဂေါတမဘုရား အလောင်းတော်သည် သုဇာတမင်းဖြစ်၍ မင်းအဖြစ်မှ ရသေ့ဖြစ်၍ ထင်ရှားပန်း, ပဒုမ္မာကြာပန်း, ပင်လယ်ကသစ်ပန်းအစ ရှိသော နတ်ပန်းအမျိုးမျိုးတို့ဖြင့် ပူဇော်၍ ဗျာဒိတ်ခံတော်မူခဲ့လေသည်။ ၎င်းနောက် ဖုဿဘုရားရှင်လက်ထက်တော်တွင် ဝိဇိတာဝီ စကြာမင်းကြီး ဖြစ်၍ ယင်းစကြာမင်းအဖြစ်မှ ရဟန်းဖြစ်၍ သာသနာ့ဝန်ထမ်း ဗျာဒိတ်ခံတော်မူခဲ့လေသည်။

ဝိပဿီဘုရားရှင်ထံ ဗျာဒိတ်ခံခြင်း

တိဿမြတ်စွာဘုရား ဖုဿမြတ်စွာဘုရားတို့ ပွင့်တော်မူရာ ကမ္ဘာကြီး ကွယ်ပျောက် ပြီးနောက် ပေါ်ပေါက် လာသော သာရကမ္ဘာတွင် ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူခဲ့လေသည်၊ ယင်း ဝိပဿီ မြတ်စွာဘုရား လက်ထက်တော်တွင် ဂေါတမဘုရားအလောင်းတော်သည် အတုလနဂါးမင်းဖြစ်၍ ခုနစ်ရက်ပတ်လုံး အလှူကြီး ပေးပြီးလျှင် ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။

သိခီဘုရား, ဝေဿဘူဘုရားရှင်တို့ထံ ဗျာဒိတ်ခံခြင်း

ဝိပဿီ မြတ်စွာဘုရားပွင့်ရာ သာရကမ္ဘာမှ နောက် ငါးဆယ့်ကိုးကမ္ဘာလုံး ဘုရားသုဉ်း၍ ဤကမ္ဘာမှအထက် သုံးဆယ့်တစ်ကမ္ဘာမြောက် မဏ္ဍကမ္ဘာတွင် သိခီမြတ်စွာဘုရားနှင့် ဝေဿဘူ မြတ်စွာဘုရားတို့ ပွင့်တော်မူကြကုန်၏။ ယင်းနှစ်ဆူအနက် သိခီမြတ်စွာဘုရားလက်ထက်တွင် ငါတို့ဘုရားအလောင်းတော်သည် အရိန္ဒမမင်းဖြစ်၍ ဘုရားရှင်တို့အား အပ်စပ်သော ကပ္ပိယပစ္စည်းမျိုးစုံ လှူဒါန်း၍ ဗျာဒိတ်ခံတော် မူခဲ့လေသည်။

ဝေဿဘူ မြတ်စွာဘုရားလက်ထက်တွင် သုဒဿနမင်းဖြစ်၍ သုဒဿနမင်း အဖြစ်မှ ရဟန်းဝတ် သာသနာ့ဝန်ဆောင်ပြီး ဗျာဒိတ်ခံယူတော် မူခဲ့လေသည်။

ကကုသန်ဘုရား, ကောဏာဂုံဘုရား, ကဿပဘုရားရှင်တို့ထံ ဗျာဒိတ်ခံခြင်း

သိခီမြတ်စွာဘုရား, ဝေဿဘူမြတ်စွာဘုရား ဟူသော ဘုရားနှစ်ဆူ ပွင့်တော်မူရာ မဏ္ဍကမ္ဘာကြီး ပျက်စီးပြီးနောက် နှစ်ဆယ့်ကိုးကမ္ဘာလုံးလုံး ဘုရားသုဉ်းခဲ့၍ ယခုတည်သော ဘဒ္ဒကမ္ဘာကြီး ပေါ်လာလေသည်။

ဤ ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူခဲ့သော ကကုသန်ဘုရား လက်ထက် တော်တွင် ငါတို့ဘုရားအလောင်းတော်သည် ခေမမင်းဖြစ်၍ ခေမအဖြစ်မှ ရဟန်းပြုကာ သာသနာ့ဝန်ထမ်းဆောင် ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။

ကောဏာဂုံ ဘုရားလက်ထက်တွင် ပဗ္ဗတမင်းဖြစ်၍ အလှူကြီးပေး ဗျာဒိတ်ခံယူတော် မူခဲ့လေသည်။ ကဿပမြတ်စွာဘုရား လက်ထက်တော် တွင် ဇောတိပါလ ပုဏ္ဏားလုလင် ဖြစ်တော်မူခဲ့လေသည်။ ဃဋိကာရ အိုးထိန်းသည်၏ ညွှန်ပြဆွဲဆောင်မှုကြောင့် ကဿပဘုရားရှင်ထံမှောက် ရောက်၍ ရဟန်းပြုပြီး သာသနာ့ဝန် အားသွန်ကြိုးပမ်း ထမ်းဆောင်ရာ နောင်သောအခါ ဤဘဒ္ဒကမ္ဘာမှာပင် နွယ်တော် ဂေါတ္တ ဂေါတမအမည် ဖြင့် ဘုရားဖြစ်လိမ့်မည်ဟု ဗျာဒိတ်ခံယူတော်မူခဲ့လေသည်

ယင်းသို့ နှစ်ကျိပ်ခလေးဆူသော ဘုရားသဗ္ဗညူတို့ထံ ဗျာဒိတ်ခံရသော ဘဝတို့ကို ရှေးပညာရှိတို့သည်—

* ခြင်္သေ့ဟစ်ပါး နဂါးနှစ်ဦး ဘီလူးတစ်ခါ ဣန္ဒာတစ်ဖြစ် လူစစ်ဆယ့်ကိုး မင်းမျိုးအဌ ပြာဟ္မဏာသငါ် စက္ကဝတ်ဒွေး သုဌေးဧက မာဏဝသုံး နှစ်လုံးသိမ်ခမ္ဘ ရသေ့ပဥ္စ သမဏာနော အမေ့ရေဖြင့် ရှင်စောမြတ်စွာ တို့ဆရာလျှင် ကမ္ဘာသိန်းနေ သင်္ချေလေးထပ် ဆယ့်နှစ်ကပ်တွင် သဗ္ဗညုတ ဗုဒ္ဓတံဆိပ် ငါးမာရ်နှိပ်သား နှစ်ကျိပ်လေးပါး ရှင်တော်များ၌ ဝပ်တွား

ကျိုးနွံ့ ဗျာဒိတ်ခံ၍ သယမ္ဘူစစ် ကိုယ်တော်ဖြစ်သည် သုံးခေတ်
မကိုင်း၌ သျှောင်ပန်းတည်း။
ဟူ၍ စပ်ဆိုခဲ့ကြလေသည်။

၁၃။ ဒီပင်္ကရံ ဟ လောကဂ္ဂံ၊ ပဿိတွာန ဇိနေ ပုရာ။
လောကံ ဒုက္ခာ ပမောစေတုံ၊ ဗောဓာယ ပဏိဓိံ အကာ။

၁၄။ တတော တဒ္ဓေဝ သမ္ဗုဒ္ဓံ၊ ကောဏ္ဍညံ မင်္ဂလံ ဇိနံ။
သုမနံ ရေဝတံ နာထံ၊ သောဘိတဉ္စ မဟာမုနိံ။

၁၅။ အနောမဒဿိံ သမ္ဗုဒ္ဓံ၊ ပဒုမံ နာရဒံ မုနိံ။
ပဒုမုတ္တရလောကဂ္ဂံ၊ သုမေဓဉ္စ တထာဂတံ။

၁၆။ သုဇာတံ ပိယဒဿိံ စ၊ အတ္ထဒဿိံ ဝိနာယကံ။
ဓမ္မဒဿိဉ္စ သိဒ္ဓတ္ထံ၊ တိဿံ ဖုဿံ ဇိနံ ပရံ။

၁၇။ ဝိပဿိံ သိခိသမ္ဗုဒ္ဓံ၊ သယမ္ဘုံ ဝေဿဘုံ ဝိဘုံ။
ကကုသန္ဓဉ္စ သမ္ဗုဒ္ဓံ၊ ကောဏာဂမနမေဝ စ။

၁၈။ ကဿပံ သုဂတဉ္စေဝ၊ သမ္ဗုဒ္ဓေ စတုဝီသတိ။
အာရာဓေတွာ မဟာဝီရော၊ တေဟိ ဗောဓာယ
ဗျာကတော။

စွန့်ခြင်းကြီးငါးပါးစွန့်ခဲ့, စရိယသုံးပါး, ပါရမီအပြားသုံးဆယ်တို့ ဖြည့်ဆည်းပူးခဲ့ခြင်း

ဤသို့ စသည်ဖြင့် ဂေါတမဘုရားအလောင်းတော်သည် မရေမတွက်နိုင်အောင်မြားမြောင်လှစွာသောဘဝကြီးငယ်အသွယ်သွယ်တို့၌သဗ္ဗညုတဉာဏ် ရရန်ရည်သန်တော်မူ၍ စွန့်ခြင်းကြီး ငါးပါးတို့ကိုလည်း ရဲရဲဝံ့ဝံ့စွန့်တော်မူလျက် စရိယသုံးပါး ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကိုဖြည့်ကျင့် ဆည်းပူးတော်မူခဲ့လေပြီ။

၁၉။ ဘဝါဘဝေသုနေကေသု၊ ပူရေသိ တိံသပါရမီ။
စရိယာယော မဟာသတ္တော၊ ပရိစ္စာဂေ ဇဟံ သဒ္ဓါ။

၂၇၀၆၆

ဝေဿန္တရာမင်းဘဝ၌ သား, သမီး, ဇနီး လှူခဲ့ခြင်း

ဝေဿန္တရာမင်းကြီး ဘဝဇာတ်၌ ဖြစ်တည်တော်မူစဉ် ဝင်္ကဘာတောင် ဟေဝန်ချောင်၌ ချစ်မြတ်နိုးတော်မူအပ်သော မဒ္ဒီဒေဝီမိဖုရားကြီး ကိုယ်တော်မှဖြစ်ရင်သွေးစစ်မှန်လှသော ကဏှာဇိန်သမီးတော်၊ ဇာလီသားတော်တို့ကို သဗ္ဗညုတဉာဏ်ရရန် ရည်စူးတော်မူလျက် မငဲ့မကွက် ရက်ရက်စက်စက် စွန့်လှူတော်မူခဲ့လေပြီ။

၂၀။ ဝေဿန္တရတ္တဘာဝမှိ၊ ဌိတော မဒ္ဒိံ ပိ သော အဒါ။
နိဇံ ကဏှဇိနံ ဇာလိံ၊ ပိယံ ဝင်္ကဘပဗ္ဗတေ။

တုသိတာနတ်ပြည်၌ဖြစ်ခြင်း အသက်ရှည်ခြင်း စသည်ဖြင့် အခြားနတ်တို့ထက် သာလွန်

ဘုန်းကံရင့်မာ သမ္ဘာတော်ကဲလွန်တော်မူသော အလောင်းတော်မြတ် ဗောဓိသတ်သည် ဝေဿန္တရာမင်းဘဝမှ စုတိပြုတ်ကြွေ လွန်တော်မူလေသော် တုသိတာနတ်ပြည်၌ သေတကေတုနတ်သား ဖြစ်တော်မူ၍ နတ်စည်းစိမ်ကို ခံစားတော်မူခဲ့လေသည်။ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း နတ်တကာတို့ထက် နှစ်သက်ဖွယ်ရာ လွန်စွာထူးကဲသော— (၁) အသက်ရှည်ခြင်း၊ (၂) အဆင်းလှပခြင်း၊ (၃) ချမ်းသာကြီးခြင်း၊ (၄) စည်းစိမ်အခြံအရံများမြတ်ပေါများခြင်း၊ (၅) အစိုးရခြင်း၊ (၆) သုံးဆောင်ခံစားအပ်သော ရူပါရုံတို့ သာလွန်ခြင်း၊ (၇) သဒ္ဒါရုံတို့ သာလွန်ခြင်း၊ (၈) ဂန္ဓာရုံတို့ သာလွန်ခြင်း၊ (၉) ရသာရုံတို့ သာလွန်ခြင်း၊ (၁၀) ဖောဋ္ဌဗ္ဗာရုံတို့ သာလွန်ခြင်းဟူသော ဂုဏ်ကျေးဇူးဆယ်ပါးတို့ဖြင့် အခြား နတ်အပေါင်းတို့ကို လွှမ်းမိုးသာလွန် တင့်တယ်တော်မူခဲ့လေသည်။

၂၁။ တတော စဝိတွာ တုသိတေ၊ ပုရေ ဥပ္ပဇ္ဇိ ပုညဝါ။
ဒီဃာယုကာဒိ ဒသဟိ၊ အညေ ဒေဝေ အတိက္ကမိ။

နတ်ဗြဟ္မာများက တုသိတာနတ်ပြည်မှ စုတေရန် တောင်းပန်ကြခြင်း

အလောင်းတော် သေတကေတု နတ်သားသည် နတ်သက်စေ့၍ စုတေရန် အချိန်တန်လတ်သော် စကြဝဠာကမ္ဘာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် ဘုရားအလောင်းအလျာစံရာ တုသိတာနတ်ပြည်သို့ ညီညာတသွေး စုဝေးရောက်ရှိလာ၍—

၂၂။ ကာလော ဒေဝ မဟာဝီရ၊ ဥပ္ပဇ္ဇ မာတုကုစ္ဆိယံ။
သဒေဝကံ တာရယန္တော၊ ဗုဇ္ဈဿု အမတံ ပဒံ။

မဟာဝီရ=ဝီရိယဓာတ်ကြီးမြတ်မြင့်မားတော်မူသော အလောင်းတော် နတ်သား။ ဓေါ=စင်စစ်ကေန် အမှန်အားဖြင့်။ တေ=အလောင်းတော် အရှင်နတ်သားအား။ ကာလော=ဘုရားဖြစ်ရန် အချိန်တန်ပါပြီ။ မာတုကုစ္ဆိယံ=မယ်တော် ဝမ်းကြာတိုက်၌။ ဥပ္ပဇ္ဇ=စွဲပိုက်သန္ဓေ တည်နေတော်မူပါလော့။ သဒေဝကံ=နတ်ဗြဟ္မာနှင့်တကွဖြစ်သော သတ္တဝါအပေါင်းကို။ တာရယန္တော=သံသရာအပြင်မှ ကယ်တင်ထုတ်ဆယ်တော်မူလျက်။ အမတံ ပဒံ=မသေရာသမိုက် အမြိုက်နိဗ္ဗာန် တရားတော်ကို။ ဗုဇ္ဈဿု=သိမြင်တော်မူပါလော့။

ဟူ၍ တောင်းပန်ကြသဖြင့် လူ့ပြည်၌ ပဋိသန္ဓေနေ၍ ကျင့်ကြံကြိုးကုတ် အားထုတ်၍ ဘုရားဖြစ်ရန် စိတ်တော်ညွတ်တော်မူလေပြီ။

၂၃။ စက္ကဝါဠသဟဿေဟိ၊ ဒသဟာဂမ္မ သဗ္ဗသော။
ယာစိတော ဒေဝဗြဟ္မူဟိ၊ ဗုဒ္ဓဘာဝမနော နတော။

ကပိလဝတ်ပြည်၌ သုဒ္ဓေါဒန မင်းပြုခြင်း

ကပိလဝတ်နိုင်ငံ ကပိလဝတ်မြို့တော်၌ သီဟဟနုမင်းကြီး ကစ္စာနာ မိဖုရားကြီး၌—

၁။ သုဒ္ဓေါဒန
၂။ ဓောတောဒန
၃။ သက္ကောဒန

၄။ သုက္ကောဒန
၅။ အမိတောဒန-
အားဖြင့် သားငါးယောက်။
၁။ အမိတာ
၂။ ပမိတာ-
အားဖြင့် သမီးနှစ်ယောက် ထွန်းကားခဲ့လေသည်။

၂၄။ ပဥ္စ ပုတ္တာ ဒုဝေ ဓီတာ၊ အာသုံ သီဟဟနုဿတု။
သုဒ္ဓေါဒနော ဓောတောဒနော၊ သက္ကာ သုက္ကမိတော-
ဒနော။
အမိတာ ပမိတာ စာတိ၊ ဣမေ ပဥ္စ ဣမာ ဒုဝေ[1]။

ဒေဝဒဟနိုင်ငံ ဒေဝဒဟမြို့၌ အဥ္စနသာကီဝင် နှင့် ယသောဓရာ (သုလက္ခဏာ) မိဖုရားကြီး၌—
၁။ မာယာ
၂။ ပဇာပတိ—
ဟူသော သမီးနှစ်ယောက်နှင့်
၁။ ဒဏ္ဍပါဏိ
၂။ သုပ္ပဗုဒ္ဓ-
အားဖြင့် သားနှစ်ယောက် ထွန်းကားခဲ့လေသည်။

၂၅။ အာသိ အဥ္စနသက္ကဿ၊ မဟေသီ သာ ယသောဓရာ။
အဥ္စနဿ ဒုဝေ ဓီတာ၊ မာယာ စာထ ပဇာပတိ။
ပုတ္တာ ဒုဝေ ဒဏ္ဍပါဏိ၊ သုပ္ပဗုဒ္ဓေါ စ သာကိယော[2]။

မဟာပဇာပတိဂေါတမီ ထေရီအပဒါန်၌-

၂၆။ ပိတာ အဥ္စနသက္ကော မေ၊ မမ မာတာ သုလက္ခဏာ။
တတော ကပိလဝတ္ထုသ္မိံ၊ သုဒ္ဓေါဒန ဃရံ ဂတာ[3]။

၁။ မဟာဝံသ၊ ၂။ ၁၉၊ ၂၀။
၂။ မဟာဝံသ၊ ၂။ ၁၈၊ ၁၉။
၃။ အပဒါနပါဠိ၊ ၂။ ၂၁၅။

ဟု လာရှိသည်။ သုလက္ခဏာ=ကောင်းသောလက္ခဏာရှိသော ယသော ဓရာ မိဖုရားသည်။ မမ=ငါ၏။ မာဟာ=မိခင်တည်း။ ဟုအနက်ပေးလျှင် ယသောဓရာ မိဖုရားပင် ရလေသည်။

သီဟဟနု သာကီဝင်၏သားဖြစ်သော သုဒ္ဓေါဒနသည် အမျိုးသမီး ကောင်းတို့၏ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံသော ဒေဝဒဟနိုင်ငံ ဒေဝဒဟ မြို့တော်မှ အဉ္စနသာကီဝင်နှင့် ယသောဓရာ (သုလက္ခဏာ) တို့၏ ရင်သွေး ရတနာ မာယာနှင့် ပဇာပတိ (မဟာမာယာနှင့် မဟာပဇာပတိဂေါတမီ) ညီမနှစ်ဖော်တို့ကိုစုလျားရစ်ပတ်လက်ထပ်ပြီး မိဖုရားမြှောက်ကာ နေနှင့်လ အလား တင့်တယ်ရွှန်းပပြည့်စုံစွာ မြှောက်စား၍ ကပိလဝတ်နိုင်ငံ ကပိလဝတ်မြို့တော်၌ မင်းပြု၍ မင်းစည်းစိမ်ကို ခံစားလေသည်။

* အဝန်းကိုးရာ ယူဇနာတည့် မဟာဒေသ မဇ္ဈိမဝယ် သောဠသမည် ဆယ့်ခြောက်တည်တွင် နတ်ပြည်လမ်းဖြောင့် သိကြားစောင့်သား ရွှေညောင့်နောက်မှာ ငါးရက်ကွာ၌ အင်္ဂါခုနစ်ထွေ ဂုဏ်ပေါင်းဝေသည် ဒေဝဒဟ ကောလိယ နှင့် ကပိလဟု တိုင်းသုံးဆူထက် ရိပ်ဖြူဖြန့်လျှစ် ကေရာဇ်ဟု သင်းကျစ်ထွန်းပေါ် ခြောက်ဘုံကျော်သား သုဒ္ဓေါဒန နရိန္ဒလျှင် သီလလက္ခဏာ ပြည့်စုံစွာသည် မာယာဒေဝီ မဟေသီနှင့် ဂေါတမီမည်ရ ညီအစ်မကို နေလအလား ချီးမြှောက်စားသော်[၁]...

၂၇။ မာယာ စေဝ ဂေါတမီ စ၊ ရာဇာ သုဒ္ဓေါဒနဿ ဝိဒ္ဒါ။ မဟေသိယော ကရိတ္ဂာန၊ အနုသာသိ ပုရုတ္တမေ။

အလောင်းတော် မဟာမာယာ ဝမ်းကြာတိုက်၌ စွဲပိုက်သန္ဓေ တည်နေတော်မူခြင်း

အလောင်းတော် သေတကေတုနတ်သား စုံတေရန် အချိန်စေ့ရောက်ရာ ကာလ၌ သီရိမဟာ မာယာဒေဝီသည် သုဒ္ဓေါဒနမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးအဖြစ်ဖြင့် အလွန်လျှင်ကြီးကျယ်သောထီးနန်းစည်းစိမ်ကို

၁။ မင်းနန်းပျို့၊ အပိုဒ်၊ ၂။

ခံစားစံစားတော်မူရာ အရွယ်တော်အားဖြင့် မဇ္ဈိမဝယခေါ်သော ဒုတိယအရွယ်တော်၏တတိယကောဋ္ဌာသ=သုံးခုမြောက် အသက်ပိုင်းသို့ရောက်ဆဲဖြစ်ရာ သီရိမဟာ မာယာဒေဝီ၏ အသက်တော်သည် ငါးဆယ့်ငါးနှစ်လေးလခန့်ရှိသောအခါဖြစ်သည်။ သီရိမဟာ မာယာဒေဝီ ကွယ်လွန်သောအခါ ငါးဆယ့် ခြောက်နှစ် လေးလနှင့် နှစ်ဆယ့် ခုနစ်ရက် ရှိချိန်ဖြစ်သည် ဟူ၏။ သို့ဖြစ်၍-

* ဆပညာသ ငါးမာသဝယ် သုံးရက်ပယ် အကယ်မထွက် မယ်တော်သက်ဟု- ဆရာတို့ စပ်ဆိုခဲ့ကြသည်။ အလောင်းတော် သေတကေတု နတ်သားသည် ရှေးရှေးသော အလောင်းအလျာတို့၏ ကြည့်ရှုမြဲ ဓမ္မတာဖြစ်သည့်-

(၁) ဘုရားဖြစ်ရာ အခါကာလကို ကြည့်ရှုဆင်ခြင်ခြင်း
(၂) ဘုရားဖြစ်ပွင့်ရာ ကျွန်းကို ကြည့်ရှုဆင်ခြင်ခြင်း
(၃) ဘုရားဖြစ်ပွင့်ရာ အရပ်ဒေသကို ကြည့်ရှုဆင်ခြင်ခြင်း
(၄) နောက်ဆုံးဘဝ ဘုရားအလောင်းတော်တို့ ဖြစ်တော်မူရာအမျိုးကို ကြည့်ရှုဆင်ခြင်ခြင်း
(၅) ဘုရားအလောင်းမယ်တော်၏ အရွယ်တော်အပိုင်းအခြားကို ကြည့်ရှုဆင်ခြင်ခြင်း

ဟူသော ကြည့်ရှုတော်မူပြီး တုသိတာနတ်ပြည်မှ စုတေတော်မူခဲ့၍ ဖော်ပြပါ ကပိလဝတ်နိုင်ငံ ကပိလဝတ်မြို့တော် သုဒ္ဓေါဒနမင်းကြီး၏ မဟေသီမိဖုရားခေါင်ကြီး သီရိမဟာ မာယာဒေဝီ၏ ဝမ်းကြာတိုက်ဝယ် ဝါဆိုလပြည့် ကြာသပတေးနေ့၌ စွဲပိုက်သန္ဓေ တည်နေတော်မူခဲ့လေသည်။

၂၀။ ကာလံ ဒေသဉ္စ ဒီပဉ္စ၊ ကုလံ မာတရမေဝ စ။
ဣမေ ပဉ္စ ဝိလောကေတွာ၊ ဥပ္ပဇ္ဇတိ မဟာယသော¹။

၂၉။ ဝိလောကနာနိ သော ပဉ္စ၊ ဝိလောကေတွာ သိရီဃနော။
တုသိတမှာ စဝိတွာန၊ ဥပ္ပဇ္ဇိ သာကိယေ ကုလေ။

၁။ ဓမ္မပဒ၊ ဋ္ဌ၊ ၁။ ၅၃။

ကြာသပတေးနေ့ ပဋိသန္ဓေ အလောင်းတော်မြတ်ရှိခိုး

အို….သံဂါယနာသမိုင်းတော် ပဌမတွဲ စာတော်ဖတ်သူတော်စင်, သင်သည် ကြာသပတေးနေ့၌ သိရိမဟာ မာယာဒေဝီ မယ်တော် ဝမ်းကြာတိုက်၌ စွဲပိုက်သန္ဓေတည်နေတော်မူသောအလောင်းတော်မြတ်ကို အောက်ပါဂါထာပါဌ် အနက်ဖြင့် ရှိခိုးပူဇော်ရာ၏။

၃၀။ ဒေဝလောကာ စဝိတွာန၊ မဟာမာယာယ ကုစ္ဆိယံ။
ဥပ္ပန္နံ ဂုရုဝါရမှိ၊ ဝန္ဒေ တံ သကျကေတုကံ။

ဂုရုဝါရမှိ=ထွတ်မြတ်ချမ်းအေး ကြာသပတေးနေ့၌။ ဒေဝလောကာ=တုသိတာမည် နတ်ပြည်ကြွင့်နန်းမှ။ စဝိတွာန=စုတိချုပ်ငြိမ်း ဘုံဇာတ်သိမ်းတော်မူခဲ့၍။မဟာမာယာယ=သိရိမဟာ မာယာ သညာခေါ်တွင် တောင်နန်းပျော် မိဖုရား၏။ ကုစ္ဆိယံ=သန့်ရှင်းလှစွာ ဝမ်းကြာတိုက်၌။ ဥပ္ပန္နံ=ပဋိသန္ဓေ တည်နေဖြစ်စွဲတော်မူခဲ့လေပြီ။သကျ ကေတုကံ=သာကီဝင်တို့၏ အလံ တံခွန် ပုံပြည့်နှသား ထူးခြားဥက္ကဌ် မြတ်တော်မူသော။ တံ=ထိုအလောင်းတော်မြတ် ဗောဓိသတ်ကို။ အဟံ=နှစ်ပါးနာမ်ရုပ် အကျွန်ုပ်သည်။ ဝန္ဒေ=ရိုသေမြတ်နိုး ရှိခိုးပါ၏။

ဘုရားအလောင်းတော် ပဋိသန္ဓေနေစဉ် မယ်တော်မာယာ အိပ်မက်မြင်မက်ပုံ

ဝါဆိုလပြည့်နေ့မှာ သိရိမဟာ မာယာ မိဖုရားကြီးသည် နံနက် စောစောကပင် နံ့သာရေမိုးချိုးပြီး အဝတ်ကောင်းများကို ဝတ်ဆင်၍ အလှူဒါနကြီးကိုလှူဒါန်း၍ ဥပုသ်သီလစောင့်သုံးပြီးလျှင် အသရေရှိသောတိုက်ခန်းသို့ဝင်၍ သလွန်ဖြတော်ထက်၌ လျောင်းစက် အိပ်ပျော်စဉ် ထူးဆန်းသော အိပ်မက် မြင်သည်မှာ ဤသို့တည်း။

နတ်မင်းကြီး လေးယောက်တို့သည် ဟိမဝန္တာ၌ရှိသော ဆေးဒန်းမြင်းသိလာ ကျောက်ဖျာအပြင်သို့ သလွန်တော်နှင့်တကွ ဆောင်ယူကြ၍ အင်ကြင်းပင်ကြီးအောက်၌ ချထားကြလေသည်။ ထို့နောက် နတ်မိဖုရားတို့က အနုဝတတ်အိုင်သို့ ဆောင်ယူ၍ ရေချိုးပေးကြပြီးလျှင် နတ်အဝတ်တန်ဆာများကို ဝတ်ဆင်စေကြ၍ငွေတောင်အတွင်းရှိ ရွှေဗိမာန်သို့သွင်း၍

အိပ်ရာထက်၌ အိပ်စေကြလေသည်။ ထိုအခါ ဘုရားအလောင်းတော်သည် ဆင်ဖြူတော်ဖြစ်၍ သူ၏နေရာ ရွှေတောင်ပေါ်မှသက်ဆင်းကာ လက်ယာ နံပါးကို ဖောက်၍ဝင်သကဲ့သို့ မြင်မက်လေသည်[၁]။

၃၁။ သန္ဓိဂ္ဂဟဏေ ဝိသိဋ္ဌ-သတ္တဿ ဇနိကာ သုဘာ။
အဒ္ဒသ သုပိနံ သေဋ္ဌံ၊ ဝိစိတ္တေ သိရိသယနေ။

လုမ္ဗိနီဥယျာဉ်၌ ဖွားမြင်တော်မူခြင်း

ဘုရားအလောင်းတော် ပဋိသန္ဓေနေ၍ ဆယ်လပြည့်ရာ ဘိုးတော် အဥ္စနမင်းကြီး ဖိုက်ဇွင်းသက္ကရာဇ် ၆၈-ခုနှစ် ကဆုန်လပြည့် သောကြာနေ့ အခါဝယ် သိရိမဟာမာယာဒေဝီသည် ဆွေတော်မျိုးတော်များ၏ နေရာ ဒေဝဒဟပြည် ဒေဝဒဟမြို့တော်သို့ သွားလိုပါကြောင်း သုဒ္ဓေါဒန မင်းကြီးအား ခွင့်တောင်းလေသည်။ သုဒ္ဓေါဒနမင်းသည် ကပိလဝတ် ပြည်မှဒေဝဒဟပြည်သို့သွားသော လမ်းတစ်လျှောက်လုံးတန်ဆာဆင်စေ၍ မင်းခမ်းမင်းနားဖြင့် ထွက်တော်မူစေလေရာခရီးအကြား လုမ္ဗိနီအင်ကြင်း ဥယျာဉ်တော်သို့ ခေတ္တ ဝင်တော်မူလေသည်။

ထိုအချိန်တွင် ဥယျာဉ်တစ်ခုလုံး၌ အင်ကြင်းပန်းတွေ ဝေဆာဆာပွင့် နေသဖြင့် အလွန်လျှင်ရှုချင်စရာ သာယာလှလေသည်။ သိရိမဟာ မာယာ ဒေဝီသည် အင်ကြင်းကိုင်းကို လက်တော်ဖြင့်လှမ်းလိုက်တုန်းမှာဝမ်းတော် လှုပ်လာသောကြောင့် အဝတ်အကာအရံများကို ကာရံစေကာ မတ်တတ် ရပ်တော်မူလျက်သာလျှင် ဘုရားအလောင်းတော်ကို မီးရှူးသန့်စင် ဖွား မြင်စေတော်မူလေသည်။ ထိုအခါ ဗြဟ္မာမင်းများက ရွှေဇာ တဘက်ဖြင့် ခံယူ၍ မယ်တော်ရှေ့၌ပြကာ "ဘုန်းတော်ရှိသော သားရတနာဖွားမြင် ပါပြီ"ဟု ပြောဆိုမြွက်ကြားကြလေသည်။

ဘုရားအလောင်းတော်မြတ်သည် မြောက်အရပ်သို့ ရှေ့ရှုတူရှု ခုနစ် ဖဝါး ခုနစ်လှမ်း ကြွတော်မူပြီး ခုနစ်ခုမြောက် ဖဝါးအလှမ်း၌ ရပ်တန့် တော်မူလျက်....

၁။ ဒီ၊ဋ္ဌ၊၂၊၂၃-၂၄ ကြည့်၊

(၁) အဂ္ဂေါဟမသ္မိ လောကဿ=ငါသည် လူသုံးပါးထက်ထူးခြား ဥက္ကဋ္ဌမြတ်သူဖြစ်၏။ ငါသည် လူသုံးပါးတွင်အမြတ်ဆုံးဖြစ်၏။
(၂) ဇေဋ္ဌောဟမသ္မိ လောကဿ = ငါသည် လူသုံးပါးထက်ကြီး ကဲသူဖြစ်၏။ ငါသည် လူသုံးပါးတွင် အကြီးအကဲဆုံး ဖြစ်၏။
(၃) သေဋ္ဌောဟမသ္မိ လောကဿ=ငါသည် လူသုံးပါးထက် အထူး သဖြင့် ချီးမွမ်းအပ်သူဖြစ်၏။ ငါသည် လူသုံးပါးတွင် အထူး သဖြင့် အချီးမွမ်းအပ်ဆုံးဖြစ်၏။
(၄) အယမန္တိမာ ဇာတိ = ဤယခု ပဋိသန္ဓေ တည်နေရခြင်း သည် ငါ့အတွက် နောက်ဆုံး ပဋိသန္ဓေတည်နေရခြင်း ဖြစ်၏။
(၅) နတ္ထိ ဒါနိ ပုနဗ္ဘဝေါ=ယခုအခါမှာ ငါ့အတွက်တာ တစ်ဖန် ဘဝသစ်ဖြစ်ရခြင်း မရှိတော့ပြီ။

ဟူ၍ လောကဓာတ် စကြဝဠာတိုက်ပေါင်း တစ်သောင်းလုံးကို ကိုယ် တော်မြတ်၏အသံတော်ဖြင့် တစ်ပြိုင်နက် တစ်ချက်တည်း ကြားသိစေကာ "သန့်ရှင်းသာယာ, လွန်သီသာ, နာဖွယ်ပြန့်မပေါ်။ လုံးနက်ပဲ့တင် အဋ္ဌ အင် မြတ်ရှင်အသံတော်" ဟူသည့် အင်္ဂါရှစ်ပါးရှိသော အသံတော် ဖြင့် ရဲရဲတောက် စကားကို မြွက်ကြားကျူးရင့် ကြုံးဝါးတော်မူခဲ့ လေသည်။

၃၂။ ဝိသာခပုဏ္ဏမေ သေဋ္ဌော၊ ဝိဇာယိ လုမ္ဗိနီဝနေ။
သီဟနာဒံ ပနာဒေန္တော သတ္တပါဒံ ဂတော တဒါ။

အဋ္ဌကထာမျှားလာ ၂-ဂါထာ

အဋ္ဌကထာမျှား၌ ဘုရားအလောင်း ဖွားတော်မူစဉ်က ထူးဆန်း အံ့ဩဖွယ် ကြည်ညိုဖွယ်ဖြစ်ပုံ ဖြစ်ဟန်ကို....

၃၃။ မုဟုတ္တဇာတောဝ ဂဝမ္ပတိ ယထာ၊
သမေဟိ ပါဒေဟိ ဖုသိ ဝသုန္ဒရံ။
သော ဝိက္ကမိ သတ္တပဒါနိ ဂေါတမော၊
သေတဉ္စ ဆတ္တံ အနုဓာရယုံ မရူ။

၃၄။ ဂန္တွာန သော သတ္တပဒါနိ ဂေါတမော၊
ဒိသာ ဝိလောကေသိ သမာ သမန္တတော၊

အဋ္ဌင်္ဂုပေတံ ဂိရမဗ္ဗုဒီရယိ၊
သီဟော ယထာ ပဗ္ဗတမုဒ္ဓနိဋ္ဌိတော ။
ဟူသော ၂-ဂါထာဖြင့် သရုပ်ဖော်တော်မူခဲ့ကြကုန်၏။

ဂါထာအနက်။ ။ဂဝမ္ပတိ=နွားများ၏ အရှင် နွားတွင်မားမား နွားလားဥသဘသည်။ မုဟုတ္တဇာတော=ဖွားပြီးသည်ဖြစ်၍ တစ်မုဟုတ်သာ ရှိသေးသည်။ ဟုတွာဝေ=ဖြစ်၍သာလျှင်။ သမေဟိ= လှပပြေစည် ညီညွတ်ကုန်သော။ ပါဒေဟိ= ခြေတို့ဖြင့်။ ဝသုန္ဓရံ = မြေအပြင်ကို။ ဖုသီယထာ = နင်းထိသကဲ့သို့။ တထာ = ထို့အတူ။ ဂေါတမော = နွယ်တော်ဝံသ ဂေါတမမည် ဘွဲ့ထူးချီတော်မူသော။ သော ဘဂဝါ = ထို ငါတို့ကိုးစား ဘုရားမြတ်စွာသည်။ မုဟုတ္တဇာတော = မီးရှူးသန့်စင် ဖွားမြင်ပြီး၍ တစ်မုဟုတ်သာရှိသေးသည်။ ဟုတွာ ဝေ = ဖြစ်၍သာလျှင်။ သမေဟိ = မတ်ဖဘ်ခိုင်ကျည် ညီညွတ်ကုန်သော။ ပါဒေဟိ = တစ်ရာ့ ရှစ်ဖြာ လက္ခဏာ န်းတို့ဖြင့် ဆန်းလှကျက်သရေ ခြေတို့ဖြင့်။ ဝသုန္ဓရံ = သာယာချောပြေ မြေအပြင်ကို။ ဖုသိ = မတ်မတ်တည့်တည့် ထိတော်မူပြီ။ သတ္တပဒါနိ = ခုနစ်လှမ်းတို့တိုင်တိုင်။ ဝိက္ကမိ = ကြွလှမ်းတော်မူပြီ။ မရူစ= နတ်တို့သည်လည်း။ သေတစ္ဆတ္တံ = ထီးဖြူတော်ကို။ အနုဓာရယုံ = နောက်တော်ပါးတွင် အစဉ်လိုက်ကာ ဆောင်းမိုးကြကုန်ပြီ။

ဂေါတမော=နွယ်တော်ဝံသ ဂေါတမမည်တော်မူသော။ သော=ထို အလောင်းတော်မြတ်သည်။ သတ္တပဒါနိ=ခုနစ်လှမ်းတို့တိုင်တိုင်။ဂန္တွာန= ကြွတော်မူပြီး၍။ သမန္တတော=ထက်ဝန်းကျင်၌။ သမာ=တူမျှကုန်သော။ ဒိသာ=အရပ်မျက်နှာတို့ကို။ ဝိလောကေသိ=အစဉ်လှည့်၍ ကြည့်ရှုတော် မူပြီ။ပဗ္ဗတမုဒ္ဓနိ=ေတးမြင့်သီဒခေါင််၌ တောင်ထိပ်၌။ဌိတော=တည်သော။ သီဟော=ခြင်္သေ့သည်။ အဘိနဒိယထာ=မရွံ့မကြောက် ဟောက်သကဲ့သို့။ အဋ္ဌင်္ဂုပေတံ=ရှစ်ပါးသော အင်္ဂါနှင့်ပြည့်စုံသော။ ဂိရံ=အဂ္ဂေါဟမသ္မိ အစရှိသော အသံတော်ကို။ အဗ္ဘုဒီရယိ=မိန့်မြွက်တော်မူပြီ။

၁။ ဒီ၊ ဋ္ဌ၊ ၁။ ၁။ ၊။ ဋ္ဌ၊ ၁။ ၄၀။ အံ၊ ဋ္ဌ၊ ၁။ ဂ၁။ ပဋိသံ၊ ဋ္ဌ၊
၁။ ၁၉၂။ ဣတိဝုတ်၊ ဋ္ဌ၊ ၁၁၂၊ ဗုဒ္ဓဝံ၊ ဋ္ဌ၊ ၁၉၊ မဟာနိ၊ ဋ္ဌ၊ ၁၅၄၊

ဖွားမြင်ကာစ စကားဆို သုံးဘဝ

ဘုရားအလောင်းတော် ဖွားမြင်ကာစ နှုတ်မြွက်စကား ပြောကြားသည်မှာ သိဒ္ဓတ္ထမင်းသား နောက်ဆုံးဘဝသာမဟုတ် မဟောသဓာပညာရှိသုခမိန်ဘဝ, ဝေဿန္တရာမင်းဘဝတို့၌လည်း ဖွားမြင်ကာစ နှုတ်မြွက်စကား ပြောကြားတော်မူခဲ့လေသည်။ မဟောသဓာပညာရှိသုခမိန်ဘဝ ဖွားမြင်ကာ စက သိကြားမင်းရောက်လာကာ အလောင်းတော်၏လက်၌ စန္ဒကူးနံ့သာနှစ်တုံးကို ထားလေရာ မယ်တော်က လူကလေး လက်ထဲ ဘာသဲဟု မေးရာ အို...မိခင် ဆေးပါတည်းဟု ဖြေကြားပြောဆိုတော်မူလေသည်[1]။

ဝေဿန္တရာမင်း ဘဝ၌လည်း မယ်တော်ဝမ်းမှ ဖွားမြင်ကာစတွင် လက်ယာလက်ကို ဆန့်တန်း၍ အိုမိခင် တစ်စုံတစ်ခု ပစ္စည်းရှိပါသလော သားတော်လိုချင်ပါသည်ဆိုလျက် ဖွားမြင်တော်မူလာသည်။ ထိုအခါ မယ်တော်က အို ချစ်သား သားတော်သည် ဥစ္စာဓနပြည့်ဝသေ ါမျှားသော နန်းတော်၌ ဖြစ်လာ၏ဟုဆိုကာ သားငယ်၏လက်ထဲ၌ အသင့်ပါလာသော ငွေတစ်ထောင်ထုပ်ကို ထည့်လိုက်လေသည်[2]။ အလွန်လျှင်အံ့ဩဖွယ်ကောင်းပေစွ။ အို သံဂါယနာသမိုင်း စာတော်ဖတ်၊ အသင်စာတော်ဖတ်သည် အံ့ဩဖွယ်ပုဂ္ဂိုလ်ထူးကို အောက်ပါဂါထာပ၌အနက်ဖြင့် ရှိခိုးရာ၏။

ဖွားမြင်စ စကားမြွက်ဆို ပုဂ္ဂိုလ်ထူးရှိခိုး

၃၂။ မဟောသဓေ ဝေဿန္တရေ၊ ပစ္ဆိမဘဝိကေပိ စ။
တိဇာတိသု နမေ ဝါစံ၊ ဘာသန္တံ ဇာယနက္ခဏေ။

မဟောသဓေ = မဟောသဓာ ပညာရှိသုခမိန်ဘဝ၌ လည်းကော်င်း။ ဝေဿန္တရေ = ဝေဿန္တရာမင်းဘဝ၌လည်းကောင်း။ ပစ္ဆိမဘဝိကေပိစ = ဘုရားသဗ္ဗညုဖြစ်မည့် နောက်ဆုံးဘဝ၌လည်းကောင်း။ ဣတိ = ဤသို့။ တိဇာတိသု = သုံးဘဝတို့၌။ ဇာယနက္ခဏေ = မိးရှုးသန့်စင် ဖွားမြင်ဆဲခဏ၌။ ဝါစံ = အံ့ချီးဖွယ်ရာ စကားဝါစာကို။ ဘာသန္တံ = သန့်ရှင်းသာချို မြွက်ဆိုတော်မူသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို။ အဟံ = နှစ်ပါးနာမ်ရုပ် အကျွန်ုပ်သည်။ နမေ = ရှိသေမြတ်နိုး ရှိခိုးပါ၏။

၁။ အကျယ် ဇာ၊ ဋ္ဌ၊ ၆။ ၁၆၄–ကြည့်။
၂။ အကျယ် ဇာ၊ ဋ္ဌ၊ ၇။ ၂၄၇–ကြည့်။

အခါကြီး ရက်ကြီး ခြောက်ပါးတို့၌ အံ့ဖွယ်သရဲမျှားဖြစ်ခဲ့

၃၆။ ပါရမီ ဝိစိနန္တမှိ၊ အန္တိမေ ပဋိသန္ဓိယံ။
ဝိဇာယနေ ဗုဇ္ဈနေ စ ဓမ္မစက္က ပဝတ္တနေ။
နိဗ္ဗုတေ ဆသု ကာလေသု၊ အစ္ဆေရာနိ ပဒိဿရေ။

ပါရမိ=ဒါနစသည့် ပါရမီဆယ်ပါးကို။ ဝိစိနန္တမှိ=ဗျာဒိတ်ခံန်းတွင် ဆင်ခြင်တော်မူရာ အခါ၌လည်းကောင်း၊ အန္တိမေ=သံသရာဘဝဇာတ်အပြီး သတ်မည့် နောက်ဆုံးဘဝ၌။ ပဋိသန္ဓိယံ=မယ်တော်မာယာ ဝမ်းကြာတိုက် ဝယ် စွဲပိုက်သန္ဓေ တည်နေရာ အခါ၌လည်းကောင်း။ ဝိဇာယနေ=လုမ္ဗိနိဂ နိုင် ဥယျာဉ်မြိုင်တွင် ဖွားမြင်တော်မူရာ အခါ၌လည်းကောင်း။ ဗုဇ္ဈနေ စ= ဗောဓိမဏ္ဍိုင်ဝယ် လေးခိုင်သစ္စာ ပွင့်သောအခါ၌လည်းကောင်း။ ဓမ္မစက္က ပဝတ္တနေ=ဓမ္မစကြာတရား ဟောကြားတော်မူရာ အခါ၌လည်း ကောင်း။ နိဗ္ဗုတေ=ကုသိနာရုံ ရဂုံသာမေ အင်ကြင်းတောတွင် နိဗ္ဗာန် ဝင်တော်မူရာ အခါ၌လည်းကောင်း။ ဣတိ ဆသု ကာလေသု=ဖော်ပြခဲ့ပြီး ဤအခါကြီးရက်ကြီး ခြောက်ပါးတို့၌။ အစ္ဆေရာနိ=အံ့ဖွယ်သရဲ လွန်ထူး ကဲသည့် မြေလှုပ်ခြင်း စသော နိမိတ်ကြီးတို့သည်။ ပဒိဿရေ=စကြာဝဠာ တိုက်တစ်သောင်း မဆန့်အောင် ပျံ့နှံ့ထင်ရှားလေကုန်၏။

ဟူသည်နှင့်အညီ အလောင်းတော်မြတ် ဗောဓိသတ် လုမ္ဗိနီဥယျာဉ်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူရာ အခါ၌လည်း မကြုံစဖူး ထူးလှသည့် ဆန်းကြယ်လှစွာသော နိမိတ်ကြီးတို့ အန္တံအပြား ဖြစ်ပေါ်ထင်ရှားလေ ကုန်၏။ ယင်းနိမိတ်ပေါင်းများစွာ ထင်ရှားပုံကို သီဟိုဠ်ကျွန်း (သီရိ လင်္ကာ) ဝိဇယဗာဟုမင်း၏ဆရာ မဟာကဝိ ကာဗျဝိဒူ ကာဗျဆေက ဆရာ တော် အရှင် မေဓင်္ကရသည် အောက်ပါဂါထာတို့ဖြင့် ဇိနစရိတကျမ်း၌ ဖွဲ့ဆိုချီးကျူးတော် မူခဲ့လေသည်။ ယင်းဂါထာတို့၏ အနက်များကိုလည်း သာယာနာပျော်ဖွယ်ရှိအောင် ယောဇနာလိုက်ရာ သဒ္ဒါတရား ရှောဝယ် ထား၍ ဖတ်ကြားကြည့်ညိုရသတည်း။

၃၇။ ဘာရုတိဘာရနဂပါဒပမေရုရဇံ၊
သဗ္ဗံပိ သာဂရဇလံ ဝဟိတုံ သမတ္ထာ။
ဇာတက္ခဏေပိ သဂုဏဘာရ မသယှမာနာ၊
သကမ္ပယီဝ ပထဝီ ပဝရဿ တဿ။

ပထဝီ=ယူဇနာကိန်း နှစ်သိန်းလေးသောင်း ထုပေါင်းသချ်ာကျ၍မဟာ ပထဝီမြေကြီးသည်။ ဘာရုတိဘာရနဂပါဒပမေရုရာဇံ= လေးသည်ထက် လွန်စွာလေးလံလှစွာသော ဟိမဝန္တာတောင်, ကေလာသတောင် အစရှိသော တောင်ကြီး တောင်ငယ် အထွေထွေ ဇမ္ဗူသပြေပင် အစရှိသော သစ်ပင်ကြီးငယ်မျိုးစုံနှင့် မဏ္ဍိုင်ဗဟို လေးရောင်စိုသည့် မြင်းမိုရ်တောင် မင်းတည်းဟူသော ဝန်ကြီးကိုလည်းကောင်း။ သဗ္ဗံ = ကြွင်းမဲ့ဥဿုံ အလုံးစုံသော။ သာဂရဇလမ္ပိ = နက်ပြောကျယ်စွာ သမုဒ္ဒရာလေးစင်း ရေခပင်းတည်းဟူသော ဝန်ကြီးကိုလည်းကောင်း။ ဝဟိတုံ = ထမ်းဆောင်သယ်ပိုး ခြင်းငှာ။ သမတ္ထာပိ = စွမ်းနိုင်ပင် စွမ်းနိုင်ပါသော်လည်း။ ပဝရဿ = သုံးလောကဓာတ် အမြတ်ဆုံးဖြစ်တော်မူသော။ တဿ = ထိုအလောင်း တော်မြတ်ဗောဓိသတ်၏။ ဇာတက္ခဏေပိ=မီးရှူးသန့်စင် ဖွားမြင်တော်မူ ရာခဏ၌လည်း။ သဂုဏဘာရံ=ကောင်းမြတ်လှတုံ ဂုဏ်တော်အသွယ်သွယ် ဝန်ကို။ ဝဟိတုံ = သယ်ပိုးရွက်ဆောင်၍ထားခြင်းငှာ။ အသယှမာနာ = မစွမ်းနိုင်သည်ဖြစ်၍။ သကမ္ပယီဝ = သကမ္ပယိဝေ = လေရေပါခုန် သိမ့် သိမ့်တုန်အောင် အဟုန်ပြင်းထန် ဧကန်လှုပ်ရှားလေသည်သာ။

[ဘုရားအလောင်းတော်၏ ဂုဏ်တော်များကား.... ဟိမဝန္တာ တောင်, ကေလာသတောင် စသော တောင်ကြီး တောင်ငယ်နှင့် မြင်းမိုရ်တောင်, သမုဒ္ဒရာလေးစင်း ရေထက် လေးလံသည်ဟူ၏။]

၃၈။ ရမိံသု သောဏာ ဟရိဏေဟိ သဒ္ဓိံ၊
ကာကာ ဥလူကေဟိ မုဒဂ္ဂဒဂ္ဂါ။
သုပဏ္ဏရာဇူဟိ မဟောရဂါ စ၊
မဇ္ဇာရ[1] သံဃာ ပိ စ ဥန္ဒုရေဟိ။

ဇာတက္ခဏေ= လောင်းတော်ဘုဒ္ဓကုံ ဖွားမြင်တော်မူရာခဏ၌။ သောဏာ=တောဝယ်ခိုအောင်း မြေခွေးရိုင်း အပေါင်းတို့သည်။ ဟရိဏေဟိ=

၁။ သီဟိုဠ်မူ ဇိနစရိတ၌ မဇ္ဇာရ—ဟုရှိသည်။

တော၀ယ်ပျော်ရှင် သမင်တို့နှင့်။ သဒ္ဒိံ-တူကွတွေ့ကြုံပေါင်းဆုံကြကာ။ ရမိံသု-ပျော်ပျော်ပါးပါး ကစားရှင်မြူး ကြကုန်၏။ ကာကာ=ကျီးအပေါင်းတို့သည်။ ဥလူကေဟိ=ဇီးကွက်ခင်ပုပ် တီးတုတ်ငှက်တို့နှင့်။ သဒ္ဒိံ-တူကွတွေ့ကြုံ ပေါင်းဆုံကြကာ။ ဥဒဂ္ဂဒဂ္ဂါ=ချမ်းကြည်သာရှင် အလွန်လျှင် ဝမ်းမြောက်ကြကုန်သည်ဖြစ်၍ ။ရမိံသု=ပျော်ပျော်ပါးပါး ကစား ချစ်ကြည်ကြလေကုန်၏။ မဟောရဂါစ-မြွေကြီး နဂါးကြီးတို့သည်လည်း။ သုပဏ္ဏရာဇူဟိ = ဂဠုန်မင်းတို့နှင့်။ သဒ္ဒိံ=တူကွတွေ့ကြုံ ပေါင်းဆုံကြကာ။ ရမိံသု=မြူးတူးပျော်ပါး ကစားကြလေကုန်၏။ မဋ္ဌာရသဃ်ာပိစ = ကြောင်အပေါင်းတို့သည်လည်း။ ဥန္ဒူရေဟိ=ကြွက်အပေါင်းတို့နှင့်။ သဒ္ဒိံ-တူကွတွေ့ကြုံ ပေါင်းဆုံကြကာ။ ရမိံသု ကျီစယ်ပျော်ပါး ကစားရှင်မြူးကြလေကုန်၏။

[ဘုရားအလျာ ဖွားမြင်တော်မူသောအခါ မေတ္တာဓာတ်ပွားဒေါသနည်းပါး၍ ကမ္ဘာရန်ဖက် သတ္တဝါများပင် ချစ်ခင်ကြည်နူးရှင်မြူးကြသည် ဟူ၏။]

၃၉။ မိဂါ မိဂိန္ဒေဟိ သမာဂမိံသု၊
ပုတ္တေဟိ မာတာပိတရော ယထေဝ။
နာဝါ ဝိဒေသံပိ ဂတာ သဒေသံ၊
ဂတာဝ ကဏ္ဏာ သရဘင်္ဂသတ္ထု။

မာတာပိတရော=အမိအဘတို့သည်။ ပုတ္တေဟိ=ချစ်လှစွာငြား သားသမီးတို့နှင့်။ သမာဂမိံသုယထေဝ-အကျွမ်းတဝင် ချစ်ခင်ပေါင်းသင်းမိကြကုန်သကဲ့သို့သာလျှင်။ တထာ=ထို့အတူ။ မိဂါ=သနားစရာ သတ္တဝါသားကောင်တို့သည်။ မိဂိန္ဒေဟိ-သားများသနင်း ခြင်္သေ့မင်းတို့နှင့်။ သမာဂမိံသု=အကျွမ်းတဝင် ချစ်ခင်ပေါင်းသင်းကြလေကုန်ပြီ။ သရဘင်္ဂသတ္ထု=လေးပါရဂူ လေးပညာကျော် လေးပစ်အရာ ဝိဇ္ဇာခိုင်ရှိပြီး သရဘင်္ဂဆရာကြီး၏။ ကဏ္ဏာ=ပစ်ဖြာသာမြားတို့သည်။ သဒေသံ=မိမိတို့နေရာအရပ်သို့။ ဂတာဝ - ဂတာဣဝ – ပြန်လည်ဆိုက်ရောက်လာကုန်သကဲ့သို့။ တထာ=ထို့အတူ။ ဝိဒေသံ=အလိုမရှိရာ အရပ်ဒေသ အရပ်ထိုထိုသို့။ ဂတာ တဖြင့်တစ်ပါး လှိုင်းလေအားဖြင့် လွင့်သွား လမ်းလွဲကုန်သော၊ နာဝါပိ = လှေသင်္ဘောတို့သည်လည်း။ သဒေသံ-မိမိရပ်ဌာန်

တိုင်းနိုင်ငံသို့။ ဝါ= ကိုယ့်တိုင်းကိုယ့်ပြည် ကိုယ့်ဌာနီသို့။ ဂတာ–ပဲ့တက်မပြင် ရှက်မဆင်ဘဲ အလိုလိုပင် ဆိုက်ရောက်လာကြလေကုန်၏။

[ဘုရားအလောင်းတော်၏ အတုမဲ့ မေတ္တာ, ကရုဏာပိုင်ရှင်ဖြစ်ကြောင်း ဖော်ပြသည့်အနေအားဖြင့် တေသတ္တဝါသားကောင်များ၊ ခြသေ့ သတ္တဝါကြီးများနှင့်တကွ အတူပျော်ရွှင်ကြသည်။ ရေလမ်းလွဲပြီး အရပ်တစ်ပါး ရောက်နေသော လှေ, သင်္ဘောများလည်း သရဘင်္ဂလေးဆရာ၏ မြွားတို့အဟုန် မိမိရပ်ဌာန် ပြန်ရောက်သည် ဟူ၏။]

၄၀။ နာနာဝိရာသုဇ္ဇလပက်ဇေဟိ၊
ဝိဘူသိတော သတ္တတရင်္ဂမာလော၊
မဟဏ္ဏဝေါအာသိ တဟိံ ဇလမ္ဗိ၊
အစ္စန္တသာတတ္တံ မုပါဂမာသိ။

သတ္တတရင်္ဂမာလော = ခုနစ်ပါး ခုနစ်မျိုးလှိုင်းတံပိုးဟူသောပန်းနွယ်ပန်းကုံးရှိသော။ မဟဏ္ဏဝေါပိ = နက်စောက်ပြောကျယ် သမုဒ္ဒရာပင်လယ်လေးစင်း သည်သော်လည်း၊ နာနာဝိရာသုဇ္ဇလပက်ဇေဟိ = ဆင်းရောင်မျိုးမျိုး ပြိုးပြိုးပြက်ပြက် ပွင့်ခက်ခိုင်ငုံ ကြာမျိုးစုံတို့ဖြင့်။ ဝိဘူသိတော= ရှုချင်စဖွယ် ဆန်းကြယ်ပြုပြင် တန်ဆာဆင်အပ်သည်။ အာသိ = မုချစင်စစ်ဖြစ်ပြီ။ တဟိံ =နက်စောက်ပြောကျယ် ထိုသမုဒ္ဒရာ ပင်လယ်လေးစင်း၌။ဇလမ္ဗိ = ဆားရေအဟုန်အလွန်ငန်သော ရေအပေါင်းသည်လည်း။ အစ္စန္တံ-အစ္စန္တေန = စင်စစ်ကေန် အမှန်အားဖြင့်။ သာတတ္တံ = ရသာကဲပို အလွန် ချိုမြိန်သည်၏အဖြစ်သို့။ ဥပါဂမာသိ = အံ့ဩစရာအနေ စင်စစ်မသွေ ကပ်ရောက်လေပြီ။

[ပင်လယ်သမုဒ္ဒရာ ကြာများစွာ ရောင်ဝါပြိုးပြက်၏။

အံ့ဩဖွယ်ရာ ပေါက်၍လာ ဆန်းကြယ်လှပါဘိ။

ပင်လယ်သမုဒ္ဒရာ လွန်စွာငန်ခါး ရေအများ ထူးခြားကဲပိုရသာချို၏။

တို့ဘုရားရှင် ဖွားမြင်စဉ် လွန်လျှင်ထူးပါဘို့။]

၄၁။ သုဖုလ္လသြလမ္ဗကပက်ဇေဟိ၊
သမာကုလတ္တံ ဂဂနံ အဂဥ္ဆိ။
ဇဟိံသု ပက္ခီ ဂမနံ နဘမ္ဟိ၊
ဋိတာဝ သိန္ဓူပိ အသန္ဒမာနာ။

ဂဂနံ=မိုးကောင်းကင်တစ်ခွင်လုံးသည်။ သုဖုလ္လသြလမ္ဗကပက်ဇေဟိ= အောက်ဝယ် တွဲရရွဲဆွဲကာ ပွင့်သော ကြာပန်းတို့ဖြင့်။ သမာကုလတ္တံ= ပြိုးပြွမ်းစီမံ ပန်းဗိတာန်ကြီးကြက်သည်၏အဖြစ်သို့။ အဂဥ္ဆိ = ကေန်ပုံသေ ရောက်ခဲ့လေပြီ။ နဘမ္ဟိ = ပန်းဗိတာန်အသွင် ကောင်းကင်အပြင်၌။ ပက္ခီ= ဖြူနီဝါမောင်း ငှက်အပေါင်းတို့သည်။ ဂမနံ ဇဟိံသု=အပံ့ျစွန့်ပယ် ဝဲကာ ဝဲကာ တင့်တယ်စံပယ်လေကုန်၏။ သိန္ဓူပိ=စီးသွင်ညိုရစ် မြစ်အပေါင်းတို့ သည်လည်း။ အသန္ဒမာနာ=မစီးမဆင်းကုန်ဘဲ။ ဋိတာဝ=ထူးဆန်း လှစွာ ရပ်တန့်၍ နေကုန်သည်သာ။

[ဘုရားလောင်းလျာဖွားမြင်စဉ် မိုးကောင်းကင်တစ်ခွင်လုံး ကြာပန်းမျက်နှာကြက်တို့ဖြင့် ဖုံး လွှမ်း တင့် တယ် နေ ၏။ ပျံသန်းသွားလာနေကြသော ငှက်သတ္တဝါများလည်း မပျံ တော့ဘဲ ဝဲ၍သာ နေကြလေကုန်၏။ တသွင်သွင် တဒီးဒီး စီးဆင်းသည့် မြစ်တို့သည်လည်း မစီးဆင်းဘဲ ရပ်တန့်၍ နေလေကုန်၏။]

၄၂။ အကာလမေဃပ္ပိယသင်္ဂမေန၊
မဟီဝဓူ သောမ္မတမာ အဟောသိ။
မရူဟိ ဝဿာပိတနေကပုပ္ဖ-
ဝိဘူသိတေနာတိ ဝိဘူသိတာဝ။

အကာလမေဃပ္ပိယသင်္ဂမေန = အချိန်အခါမဟုတ်ရာဝယ် ရွာစွေသွန်း ဖြိုး မိုးတည်းဟူသော ချစ်လင်ခင်ပွန်းနှင့် ပေါင်းသင်းဆက်ဆံရခြင်း ကြောင့်။ မဟီဝဓူ = မြေကြီးတည်းဟူသော သမီးကညာ မိန်းမကလျာ မယ်သည်။ သောမ္မတမာ = အလွန်အကြူး အထူးအေးမြ ကြည်နူးခြင်း သဘောရှိသည်။ အဟောသိ = မုချပုံသေဖြစ်လေပြီ။ မရူဟိ = ခြောက်ဘုံ ပျော်အောင်း နတ်အပေါင်းတို့သည်။ ဝဿာပိတ နေကပုပ္ဖ ဝိဘူသိတေန-

စီကာစဉ်ကာ ရွာချစေအပ်သော ပန်းမိုးတို့ဖြင့် တန်ဆာဆင်အပ်သော ကြောင့်။ မဟီဝဓူ = မြေကြီးတည်းဟူသော သမီးကညာ မိန်းမကလျာ သည်။ အတိဝိဘူသိတာဝ = လွန်လျှင်တင့်တယ် ရှုမောဖွယ်ရှိသည်သာ။

[သမာဓိဂုဏ်မြောက်သည့် ဂါထာဖြစ်သည်၊ မြေနှင့်မိုး ဇနီး မောင်နှံပြု၍ ဖွဲ့ဆိုသည်။ ဘုရားအလောင်းတော် ဖွားမြင် စဉ် အချိန်မှဲ့မိုး ရွာသွန်းဖြိုးသဖြင့် မဟာပထဝီမြေကြီး တစ်ခုလုံး အေးမြသာယာရှိလှသည်၊ နတ်ပြည်ခြောက်ထပ် က နတ်တွေက ပန်းမိုးရွာချလိုက်သဖြင့် မြေပြင်တစ်ခွင်လုံး အံ့ဩမဆုံး အလွန်တင့်တယ်သည် ဟူ၏။]

၄၃။ သုဖုလ္လမာလာဘရဏာဘိရာမ၊
လတင်္ဂနာလိင်္ဂိတပါဒပိန္ဒာ။

သုဂန္ဓကိဉ္စက္ခဝရမ္ဗရေဟိ၊
ဒိသင်္ဂနာယော အတိသောဘယိံသု။

သုဖုလ္လမာလာဘရဏာဘိရာမာ = ကားကားစွင့်စွင့် ပင်လုံးကျွတ်ဆင့် ကောင်းစွာပွင့်သော ပန်းခိုင်တန်ဆာတို့ဖြင့် လွန်စွာ နှစ်သက်ဖွယ်ရှိကုန် သော။ လတင်္ဂနာလိင်္ဂိတပါဒပိန္ဒာ = နူးညံ့ပျောင်းသွယ် နွယ်တည်း ဟူသော သမီးကညာ လုကလျာတို့၏ နှာမောင်းလက်တံဖြင့် အဖက်ခံရ ကုန်သော သစ်ပင်မင်းကြီးတို့သည်။ သုဂန္ဓကိဉ္စက္ခဝရမ္ဗရေဟိ = ရနံ့သင်း ထုံ ပန်းဝတ်မှုံတည်းဟူသော ခြုံရုံထည်လွှာ အဝတ်တန်ဆာတို့ဖြင့်။ ဒိသင်္ဂနာယော = ရပ်ရှစ်မျက်နှာ သမီးကလျာ မိန်းမကလျာတို့ကို။ အတိသောဘယိံသု = ရှု၍မဆုံး မျှော်တိုင်းပြုံးအောင် နှလုံးရွှင်ဖွယ် ဆန်းတကြယ်ဖြင့် တင့်တယ်ဖွယ်ရာကြစေလေကုန်၏။

[မဟာလှေကားနွယ်, သစ်ခွနွယ်, ကရမက်နွယ်စသည့် နွယ် ပင်တို့ဖြင့် ယှက်လိန်နေသော ပင်လုံးကျွတ်ပွင့်သော သစ် ပင်ကြီးတို့သည် ပန်းဝတ်မှုံတို့ဖြင့် အရပ်ရှစ်မျက်နှာတို့ကို တင့်တယ်စေကြကုန်သည် ဟူလို။]

၄၄။ သုဂန္ဓမုပေဟိ နဘံ အသေသံ၊
ပဝါသိတံ ရမ္မတရံ အဟောသိ။
သုရာသုရိန္ဒာ ဇနဝေသခါရီ
သံဂီတိယုတ္တာ ဝိစရိံသု သဗ္ဗေ။

နဘံ=မိုးဝကောင်းကင် ထက်ဝေဟင်တစ်ခွင်လုံး သည်။ သုပန္ဓမုပေဟိ= သင်းတလှိုင်လှိုင် မွှေးပျံ့ကြိုင်သော အခိုးအထုံတို့ဖြင့်။ အသေသံ=မုချကေန် အကြွင်းအကျန်မရှိအောင်။ ပဝါသိတံ = ထုံအပ်သည်ဖြစ်၍။ ရမ္မတရံ = အလွန်အကြူး အထူးမွေ့လျော်ဖွယ်ရှိသည်။ ဝါ = အလွန်မွေ့လျော်ဖွယ် ကောင်းသည်။ ဝါ = အလွန်ပျော်စရာကောင်းသည်။ အဟောသိ = ဖြစ်ခဲ့ လေပြီ။ သဗ္ဗေ = ကြွင်းမဲ့ညီသုံ အလုံးစုံကုန်သော။ သုရာသုရိန္ဒာ = ရတနာ ရောင် ပြိုးပြောင်ထိန်လျှံ ဗိမာန်ပျော်အောင်း နတ်သားအာဒပါင်းတို့သည်။ ဇနဝေသခါရီ = လူ၏အသွင် လူယောင်ဖန်ဆင်းကြကုန်လျက်။ သံဂီတိ- ယုတ္တာ = ဘုန်းတော်ဖွဲ့လင်္ကာ ကဗျာသီချင်းတို့ကို ညင်းညင်းသွဲ့သွဲ့ဖွဲ့နွဲ့သီဆို ကြကုန်လျက်။ ဝိစရိံသု = ထိုထို၌ဤ လှည့်လည်ပျော်ပါး လျှောက်သွား ရောထွေးကာ နေကြလေကုန်၏။

[တကယ်တော့ သိပ်–အံ့ဩစရာကြီးပါပဲ၊ ဘုရားအလောင်း တော်ဖွားမြင်စဉ် ကောင်းကင်တစ်ခွင်လုံး အကြွင်းမရှိ နံ့သာအခိုး အထုံတို့ဖြင့် ထုံထားသဖြင့် အလွန်မွေ့လျော်ဖွယ် ကောင်းသည်၊ နတ်သားနတ်မင်းအားလုံးတို့ကလည်းလူအသွင် လူယောင်ဖန်ဆင်း ကြပြီး ဘုန်းတော်သီချင်း ကဗျာတွေစပ်ဆို၍ အရပ် ထို၌ လှည့် လည်သွားလာနေကြသည် ဟူ၏။]

၄၅။ ပိယံ ဝဒါ သဗ္ဗဇနာ အဟေသုံ၊
ဒိသာ အသေသာပိ စ ဝိပ္ပသန္နာ။
ဂဇာ နိဂဇ္ဇိံသု နဒိံသု သီဟာ၊
ဟေသာရဝေါ စာသိ တုရင်္ဂမာနံ။

သဗ္ဗဇနာ = အလုံးစုံသော လူတို့သည်။ ဝါ = လူအားလုံးတို့သည်။ ပိယံဝဒါ = ဒေါသမဖက်မေတ္တာသက်၍နူတ်ထွက်သံညင်းအချင်းချင်းလျှင် ချစ်တင်းပြောဆိုကြကုန်သည်။အဟေသုံ=အံ့ဖွယ်စင်စစ် ဖြစ်ကြကုန်လေပြီ။

အသေသာ = ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ဒိသာပိစ = အရပ်မျက်နှာတို့သည်လည်း။ ဝိပ္ပသန္နာ = ဟင်းလင်းအပြင် ညစ်ကြေးစင်၍ ကြည်လင်ပွင့်လင်းလေကုန်၏။ ဂဇာ = ပြောင်မှန်မာတင် ဆင်ဟိုင်းဆင်တို့သည်။ နိဂ္ဂဇ္ဇိံသု = ဓမ်းမြောက်ဝမ်းသာ ကြိုးကြာသံဖွင့် ကျူးရင့် မြည်ဟိုးကြလေကုန်ပြီ၊ သီဟာ = ခြင်္သေ့မင်းတို့သည်။ နဒိံသု = ဝမ်းသာဝမ်းမြောက် ဟိန်းဟောက်ကျူးရင့်ကြလေကုန်၏။ တုရင်္ဂမာနံ = မိုးပျံမြေနင်း မြင်းတို့၏။ ဟေသာရဝေါစ = ရွှင်မြူးသာကြည် ဟီသံသည်လည်း။ အာသိ = ဖြစ်ခဲ့လေပြီ။

[ဘုရားမြတ်စွာလောင်းလျာမိဿရှားသန့်စင် ဖွားမြင်တော်မူစဉ်က လူတွေအားလုံး ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး စကားပြောဆိုကြသည်။ အရပ်မျက်နှာအားလုံး ကြည်လင်သန့်ရှင်းသာယာနေသည်။ ဆင်ပြောင်ကြီးများလည်း ပျော်ကြသည်။ ကြိုးကြာသံ မြည်ကြသည်။ ခြင်္သေ့မင်းများလည်း ဝမ်းသာဝမ်းမြောက် ဟောက်ကြသည်။ မြင်းတွေလည်း ပျော်လွန်းလို့ ဟီကြသည် ဟူလို။]

၄၆။ သဝေဏုဝီဏာ သုရဒုန္ဒုဘီ နဘော၊
သကံ သကံ စာရုသရံ ပမောစယုံ။
သပဗ္ဗတိန္ဒုပ္ပုထုလောကဓာတုယာ၊
ဥဠာရသြဘာသစယော မနောရမော။

နဘော = အဇင်္ဂျာပြင်မိုးကောင်းကင်၌။ သဝေဏုဝီဏာ=နှဲ့ ပြွေ့ စောင်းငြင်းနှင့်တကွဖြစ်ကုန်သော။ သုရဒုန္ဒုဘီ = ထက်ခွင်အရပ် နတ်အပေါင်းတို့၏ စည်စောင်းပတ်သာတူရိယာတို့သည်။ သကံသကံစာရုသရံ=မိမိ မိမိတို့ဆိုင်ရာ ချိုသာချမ်းမြေ့ နှလုံးမွေ့ လျော်ဖွယ် အသံကို။ ပမောစယုံ = သာယာသံချို အလိုလို လွှတ်ဆိုမြည်ကြလေကုန်ပြီ။ သပဗ္ဗတိန္ဒုပ္ပုထု-လောကဓာတုယာ = မဟ္ဖိုင်ဗဟို လေးရောင်စိုသည့်မြင်းမိုရ်တောင်မင်းနှင့် တကွဖြစ်သော လောကဓာတ်ကြီးအတွင်း၌။ မနောရမော=စိတ်ဓာတ်ကြည်ပျော် မွေ့ လျော်ဖွယ်ဖြစ်သော။ ဥဠာရသြဘာသစယော = မွန်မြတ်သောအရောင်အပေါင်း အဆောင်အစု အရောင်ဝန်းကြီးသည်။ အဟောသိ = အံ့ဩစရာ ဖြစ်ပေါ်လာလေပြီ။

[ဘုရားအလောင်းသခင်ဖွားမြင်တော်မူစဉ်က ကောင်းကင်မှာ နဲ့ မြေပြင်အဝင်အပါနတ်တူရိယာတွေ အလိုလို သာသာ ယာယာ မြည်ကြသည်။ မြင်းမိုရ်တောင်နှင့်တကွ လောကဓာတ် ကြီးတစ်ခုလုံး မွှေ့လျော်ဖွယ် ကောင်းသည့် အရောင်ဝန်းကြီး လည်း ဖြစ်ပေါ်လာသည် ဟူ၏။]

၄၇။ မနုညဂန္ဓော မုဒုသီတလာနိလော၊
သုခပ္ပဒံ ဝါယိ အသေသ ဇန္တုနော။
အနေကရောဂါဒုပပီဠိတင်္ဂိနော၊
တတော ပမုတ္တာ သုခိနော သိယုံ ဇနာ။

မနုညဂန္ဓော= အတွင်းပိတ်ဖုံး စိတ်နှလုံး၏ ရွှင်ပြုံးကြည်လင် နှစ်သက် ဖွယ်ကြိုင်လှိုင်သော ရနံ့ရှိသော။ မုဒုသီတလာနိလော = နူးညံ့အေးကြည် သော လေညင်းသည်။ အသေသဇန္တုနော = ကြွင်းမဲ့ဥဿုံ အလုံးစုံသော သတ္တဝါအပေါင်းအား။ သုခပ္ပဒံ= စိတ်ဓာတ်ကြည်လျှမ်း ချမ်းသာကို ပေးလျက်။ ဝါယိ = ညင်းညင်းသာသာ တိုက်ခတ်လာလေပြီ။ အနေက ရောဂါ ဒုပပီဠိတင်္ဂိနော = များစွာသောရောဂါဆိုး အရပ်ရပ်တို့ဖြင့် နှိပ် စက်အပ်သော ကိုယ်အင်္ဂါရှိကြကုန်သော။ ဇနာ=ဒုက္ခိတသတ္တဝါ လူများ စွာတို့သည်။ တတော = ထိုဆိုးဝါးလှစွာ အနာရောဂါမှ။ ပမုတ္တာ = ကင်းလွတ်ပျောက်ကင်းကြကုန်သည်ဖြစ်၍။ သုခိနော = ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်။ သိယုံ = ဖြစ်ကြလေကုန်ပြီ။

[ဘုရားမြတ်စွာ အလောင်းအလျာ ဖွားမြင်စဉ် စိတ်ဓာတ် နှစ်သက်စရာ အနံ့ရှိသော လေပြေလေအေးကလည်း လူ အပေါင်းအား ချမ်းသာသုခကိုပေးလျက် တိုက်ခတ်ခဲ့လေ သည်။ ရောဂါဆိုး ဝေဒနာဆိုး နှိပ်စက်နေသူများလည်း ယင်းရောဂါဝေဒနာဆိုးမှ လွတ်မြောက်ကြသည်။ ဝေဒနာ ဆိုး ရောဂါဆိုးများ ပျောက်ကင်းကြသည် ဟူ၏။]

၄၈။ ဝိဇမ္ဘမာနာမိတဝါဠဝီဇ-
နိပ္ပဘာဘိရာမံ ဘုဝနံ အဟောသိ။
မဟိံ ဟိ-ဘေတွာ စုဒကာနိ သန္ဒယုံ၊
ဂမိံသု ခုဇ္ဇာ ဥဇုဂတ္တတံ ဇနာ။

ဘုဝနံ=လောကခေတ်တစ်ခွင်လုံးသည်။ ဝိဇမ္ဘမာနာမိတဝါဠဗိဇနိပ္ပ-ဘာဘိရာမံ = ကလွဲလွဲခတ်အပ်သော အတိုင်းမသိသော သားမြီးယပ်တို့ကို ပယ်၍ ပကတိပင်ကိုခေတ်အားဖြင့် မွေ့လျော်ဖွယ်ရှိသည်။အဟောသိ = မုချစင်စစ်ဖြစ်ခဲ့လေပြီ။ မဟိံ = မြေကြီးကို။ဘေတွာ = ဖောက်ထွင်း၍။ ဥဒကာနိစ = မြူမှုံကင်း၍ အေးမြချမ်းကြည်သော ရေတို့သည်။ သန္ဒယိံ ဟိ = သန္ဒယိံဝေ = ပန်းထွက်စီးဆင်းကုန်သည်သာ။ခုဇ္ဇာ ဇနာ = ကုန်းကွသူလူအပေါင်းတို့သည်။ ဥဇုဂတ္တတံ = မားမားမတ်မတ် ဖြောင့်ရပ်နိုင်သော ကိုယ်ရှိသူဟို့၏အဖြစ်သို့။ ဂမိံသု = ရောက်ကြလေကုန်ပြီ။

[ဘုရားလောင်းဖွားစဉ်က လောကခေတ်တစ်ခွင်လုံးယပ်ခတ်စရာမလိုဘဲ ပင်ကိုပကတိ မွေ့လျော်ဖွယ် ကောင်းနေသည်။ မြေမှ ရေကြည်ရေအေးတွေ ပန်းထွက် စီးဆင်းနေသည်။ ကုန်းကွနေသူများလည်း ဖြောင့်စင်းသောကိုယ်ဖြင့် သွားလာနိုင်ကြသည်ဟူ၏။ လွန်စွာအံ့ဩဖွယ်ရာ ကြီးပါတကား။]

၄၉။ အန္ဓာ ပင်္ဂုလနစ္စာနိ၊ လီလောပေတာနိ ပေက္ခယုံ။
သုဏိံသု ဗဓိရာ မူဂ-ဂီတိယောပိ မနောရမာ။

အန္ဓာ = မျက်စိနှစ်ကွင်း အလင်းမရသူတို့သည်။ဝါ = မျက်စိနှစ်ဖက်ပျက်စီးကွယ်ပသူတို့သည်။ လီလောပေတာနိ = စံပယ်ကွန့်မြူးခြင်းနှင့်ယှဉ်ကုန်သော။ပင်္ဂုလနစ္စာနိ = လက်သေ ခြေသေ ဆွံ့အနေသူတို့၏ အကအခုန်တို့ကို။ပေက္ခယုံ = မျက်တွေ့ထင်ထင် မြင်ကြရလေကုန်ပြီ။ ဗဓိရာ = နားပင်းသောသူတို့သည်လည်း။ဝါ = နားထိုင်း နားမကြားသော သူတို့သည်လည်း။မနောရမာ = စိတ်ခေတ်ကြည်ပျော် မွေ့လျော်ဖွယ်ကောင်းကုန်သော။မူဂဂီတိယော=စည်းချက်အညီ လူအတို့၏သီချင်းဆိုသံတို့ကို။ သုဏိံသု =ကြည်လင်ပြတ်သား ကြားကြရကုန်၏။

[ဤဂါထာဖြင့် မျက်စိမမြင်သူတို့ မျက်စိမြင်ကြသည်၊ နားထိုင်းသူများ နားထိုင်းရောဂါ ပျောက်ကင်းကာ ကြားကြသည်-ဟု ဆိုလိုရင်းဖြစ်သည်။]

၅၀။ သိတလတ္တာ မုပါဂဉ္ဆိ၊ အဝိစဂ္ဂိပိ တာဝဒေ။
မောဒိံသု ဇလဇာ တသ္မိံ ဇန္တဝေါ ပဟာသိံသု ဝေ။

တာဝဒေ = လောင်းဗုဒ္ဓကို ဖွားမြင်တော်မူရာ ထိုခဏ၌။ အဝီစဂ္ဂိပိ = ပူလောင်ထန်သီး အဝီစိငရဲမီးကြီးသည်လည်း။ သီတလတ္တံ = စန္ဒကူး နှင်းခဲတမျှအေးမြချမ်းကြည်ခြင်းသို့။ ဝေ ဥပဂစ္ဆိ = စင်စစ်မသွေရောက်ခဲ့ လေပြီ။ တသ္မိံ = လောင်းဗုဒ္ဓကိုဖွားမြင်တော်မူစဉ် ထိုခဏ၌။ ဇလဇာ = ရေဝယ်ပေါက်ဖွား ငါးလိပ်ပုစွန်စသော ရေသတ္တဝါ အစားစားတို့ သည်။ မောဒိသု = ဆူးတောင်မြီးဖျား ခတ်ကစား၍ ပျော်ပါးမြူး တူးကြလေကုန်ပြီ။ ဇန္တဝေါ စ = လောကမှိတင်း သတ္တဝါခပင်းတို့သည် လည်း။ ပဟာသိံသု = ကြည်လင်ရွှင်ပျ ရယ်မြူးကြလေကုန်ပြီ။

[အံ့ဩစရာ ကောင်းလိုက်တာ၊ ဘုရားမြတ်စွာ လောင်းလျာ ဖွားမြင်စဉ် အဝီစိငရဲမီးကြီး ငြိမ်းသည် ဟူ၏။ ရေဝယ်ကျက်စား ငါးလိပ် ပုစွန် စသော သတ္တဝါတွေ မြူးတူးပျော်ပါးကြသည်။ အခြား ကုန်းနေသတ္တဝါတွေလည်း ရယ်မြူးကြသည်ဟူ၏။]

၅၁။ ခုပ္ပိပါသာဘိဘူတာနံ၊ ပေတာနံ အာသိ ဘောဇနံ။
လောကန္တရေပိ အာလောကော၊ အန္ဓကာရနိရန္တရေ။

ခုပ္ပိပါသာဘိဘူတာနံ = ငတ်မွတ်ခြင်းဒဏ် မခံနိုင်အောင် နှိပ်စက်အပ် ကုန်သော။ ပေတာနံ = ပြိတ္တာတို့အား။ ဘောဇနံ = ဖောဖောသီသီ အလီလီသော အာဟာရ စားဖွယ်ဘောဇဉ်သည်။ အာသိ = စားသောက် အံ့ငှာ အဆင်သင့် ဖြစ်ပေါ်လာပြီ။ အန္ဓကာရနိရန္တရေ = ထာဝစဉ်မပြတ် အမှောင်ခတ်ဖုံး၍ မှောင်လုံးကျလျက်နေသော။ လောကန္တရေပိ = လောကန္တရာဇ်ငရဲဘုံ၌လည်း။ အာလောကော = အရောင်အလင်းသည်။ အာသိ = ထူးထူးခြားခြား ဖြစ်ပေါ်လာလေပြီ။

[ဘုရားလောင်းဖွားမြင်စဉ်က ငတ်မွတ်နေကြရှာသော ပြိတ္တာ တွေ အစာရေစာ ရကြသည်။ ထာဝစဉ် နိစ္စ မှောင်မိုက်နေသော လောကန္တရာဇ်ငရဲဘုံ၌ အရောင်အလင်း ဖြစ်ပေါ်လာသည်ဟူ၏။]

၅၂။ အတိရေကတရာ တာရ-ဝဋ္ဋိ စန္ဒဒိဝါကရာ။
ဝိရောစိံသု နဘေ ဘူမိ-ဂတာနိ ရတနာနိ စ။

အတိရေကတရာ = ဆတက်တိုးပွား တိုင်းထက် များကုန်သော။ တာရာဝဠီ = နက္ခတ်များစွာ ကြယ်တာရာဟူသော ပန်းကုံးပန်းဆိုင်းတို့ သည်လည်းကောင်း။ စန္ဒဒိဝါကရာ = ရောင်ခြည်ထွန်းပ လနေတို့သည် လည်းကောင်း။ နဘော = အဇဋာပြင်ထက်ကောင်းကင်၌။ဝိရောစိံသု = ပြောင်တလက်လက် ပြိုးပြိုးပြက် ထွန်းထိန်ကြလေကုန်ပြီ။ ဘူမိဂတာနိ = မြေဝယ်ရောက်ရှိ မြေ၌တည်ကုန်သော။ ရတနာနိစ = စိန်, မြ,ပတ္တမြား ပြယိုးယားစသော ရတနာ မျိုးစုံတို့သည်လည်း။ ဝိရောစိံသု = ပြိုးတပြောင်ပြောင် တောက်လောင်ထိန်ထွန်းကြလေကုန်ပြီ။

[ဘုရားလောင်းလျာ ဖွားမြင်တော်မူစဉ် နက္ခတ်တာရာ ကြယ် တကာများ လနေများ ပို၍ထွန်းလင်းတောက်ပကြသည်၊ မြေမှာ တည်ရှိသည့် စိန် မြ ပတ္တမြား ပြယိုးယား စသော ရတနာမျိုးစုံ တို့လည်း တပြောင်ပြောင် ထွန်းလင်း တောက်ပကြသည်ဟူ၏။]

၅၃။ မဟီတလာဒယော ဘေတွာ၊ နိက္ခမ္မ ဉပရူပရိ။
ဝိစိတ္တပဥ္စဝဏ္ဏာ'သုံ၊ သုဖုလ္လဝိပုလမ္ဗုဇာ။

မဟီတလာဒယော = မြေပြင် ရေပြင် ကျောက်သားပြင် စသည်တို့ကို။ ဘေတွာ = ဖောက်ခွဲ၍။ နိက္ခမ္မ = ရုတ်တရက် ချက်တဖြုတ် ထွက်ပေါ် လာကြကုန်၍။ ဥပရူပရိ = တစ်ဆင့်ထက်တစ်ဆင့်။ သုဖုလ္လဝိပုလမ္ဗုဇာ = အရုံအရုံ ခိုင်ငုံစွင့်စွင့် ကောင်းစွာပွင့်သော ကြာတော ကြာမြိုင်တို့သည်။ ဝိစိတ္တပဥ္စဝဏ္ဏာ = နီဖြူညိုပြာ ရွှေဝါထူးခြား အဆင်းငါးပါးတို့ဖြင့် ထွေ ပြားဆန်းကြယ်ကုန်သည်။ အာသုံ = မုချဧကန် ဖြစ်လေကုန်ပြီ။

[ဘုရားအလောင်း ဖွားမြင်တော်မူရာချိန်အခါဝယ် အံ့ဩစဖွယ် နီဖြူညိုပြာ ရွှေဝါဆန်းကြယ် ငါးသွယ်သော အဆင်းရှိသော ကြာပန်း ကြာရုံ ကြာချုံတို့သည် မြေပြင် ရေပြင် ကျောက်သား ပြင်စသည်တို့ကို ဖောက်ထွက်၍ အလောင်းတော်အား ပူဇော်လေ ကုန်၏။]

၅၄။ ဒုန္ဒုဘာဒီ စလင်္ကာရာ၊ အသင္ဃိတအဝါဒိတာ။
အစ္စန္တမဓုရံ နာဒံ၊ ပမုဥ္စိံသု မဟီတလေ။

မဟီတလေ = သတ္တဝါအနန္တ နေကြပျော်ရှင် မြေအပြင်၌။ ဒုန္နိဘာဝိ = စည်ကြီး မရိုးစည် တလီနဲ့ပြေ အစရှိကုန်သော။ အလင်္ကာရာစ = တီး မှုတ်တန်ဆာ တူရိယာတို့သည်လည်း။ အဃဋ္ဋိတအဝါဒိတာ = မတီးမမှုတ် အပ်ကုန်ဘဲ။ အစ္စန္တမဓုရံ = စင်စစ်သာယာ ချိုအေးစွာသော။ နာဒံ = နာဖွယ်ညိုးညံ့ ညင်းတွဲ့သံကို။ ပမုဉ္စိံသု = ကြားသူအားလုံး ရွှင်ပြုံးချိုမြ ဘဝင်ခအောင် လွှတ်ကြလေကုန်ပြီ။

[ဘုရားအလျှာ ဖွားမြင်တော်မူစဉ် မြေအပြင်ရှိ စည်စောင်းနှဲ့ပြွေစသော တူရိယာတို့ မတီးမမှုတ်ဘဲ သူ့ဘာသာသူ ချိုမြိန်သာကြည် မြည်ကြသည်ဟူ၏။ သီဟိုဠ်မူ့၊ မြန်မာမူ ၂-မူလုံး၌ အဝါဒိတအဃဋ္ဋိတာ-ဟုရှိရာ အစဉ်တည့်အောင် 'အဃဋ္ဋိတအဝါဒိတာ' ဟု ပြင်လိုက်သည်။]

၃၅။ ဗဒ္ဓါသင်္ခလိကာဒီဟိ၊ မုစ္စိံသု မနုဇာ တဒါ။
ဘုဝနေ ဘဝနဒွါရ-ကဝါဋ္ဌာ ဝိဝဋ္ဌာ သယံ။

သင်္ခလိကာဒီဟိ = ခြေချင်းထိတ်နှောင် အစရှိသည်တို့ဖြင့်။ ဗဒ္ဓါ = ဖွဲ့နှောင်အပ်ကုန်သော။ ဝါ=တုပ်နှောင်ချည်တည်း ဖွဲ့စည်းအပ်ကုန်သော။ မနုဇာ = လူအပေါင်းတို့သည်။ တဒါ = ထိုအနှောင်အဖွဲ့မှ။ မုစ္စိံသု။ အလိုလိုကျွတ်လွှတ်ကြလေကုန်ပြီ။ ဘုဝနေ = လောကတစ်ခွင် ဘုံအပြင်၌။ ဘဝနဒွါရကဝါဋ္ဌာ = တိုက်အိမ်နန်းဘုံ လုံခြုံပိတ်ထား ရှိရှိသမျှတံခါးရွက်တို့သည်။ အယံ = အလိုအလျောက် သူ့ဘာသာ။ ဝိဝဋ္ဌာ = ကျိုးကျိုး ကျည်ကျည်အသံမြည်၍ စုံညီပွင့်လင်း ကြလေကုန်ပြီ။

[အံ့ဩစရာကောင်းလိုက်တာ အလွန်ပါပဲ၊ သဗ္ဗညုဗုဒ္ဓလောင်း လျှာ ဖွားမြင်စဉ် ခြေချင်းထိတ်နှောင် စသည်ဖြင့် အဖွဲ့အချည်ခံရသူတို့သည် သူ့ဘာသာအဖွဲ့အချည်ပြေကာ လွတ်မြောက်ကြသည်။ ၎င်းပြင် တိုက်အိမ် စသည်၌ ပိတ်ထားသော တံခါးရွက်များလည်း အလိုအလျောက် ပွင့်ကြသည် ဟူ၏။]

၃၆။ ပုရေကပိလဝတ္ထုမှိ၊ ဇာတော သုဒ္ဓေါဒနတြဇော။
နိသဇ္ဇ ပောဓိမဏ္ဍေတိ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။

၅၇။ စေလုက္ခေပါဒယော စာပိ၊ ပဝတ္တေန္တာ ပမောဒိတာ။
ကိဠိံသု ဒေဝသင်္ဃာ တေ၊ တာဝတိံသာလယေ တဒါ[၁]။

တဒါ = ဘုရားလောင်းလျာ ဖွားမြင်လေရာ ထိုအခါ၌။တာဝတိံသာလယေ=တာဝတိံသာထက်နတ်ရွာ၌။တေ ဒေဝသင်္ဃာ-ထိုနတ်အပေါင်းတို့သည်။ပမောဒိတာ = လွန်စွာရွှင်လန်း ဝမ်းမြောက်ကြကုန်သည်ဖြစ်၍။ ကပိလဝတ္ထုမှိ ပုရေ = ကပိလဝတ်နေပြည်တော်၌။ ဇာတော = ဖြစ်ထွန်းပေါ်လာသော။ အယံ သုဒ္ဓေါဒနတြဇော = ဤသုဒ္ဓေါဒနမင်းကြီး၏ သားတော်သည်။ဗောဓိမဏ္ဍေ = ဗောဓိမဏ္ဍိုင် မြေဦးကိုင်၌။ နိသဇ္ဇ = သမ္မပ္ပဓာန ဝီရိယလေးထွေဖြင့် ထိုင်နေကျင့်ကြံအားထုတ်၍။ ဗုဒ္ဓေါ = သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သည်။ ဘဝိဿတိ = ကေန်စင်စစ် ဖြစ်တော်မူလိမ့်သတည်း။ ဣတိ = ဤသို့ ပြောဆိုကြွေးကြော်ကြကုန်၍။ စေဠုက္ခေပါဒယောပိ = ဘွဲ့ဖြူပုဆိုးမြှောက်ခြင်း ပန်းပေါက်ပေါက် ကြဲမြှောက်ခြင်း၊လက်ပန်းပေါက်ခတ်ခြင်း စသည်တို့ကို။ ပဝတ္တေန္တာ = ဖြစ်စေကြကုန်လျက်။ကိဠိံသု = နတ်ပွဲသဘင် ဆင်ယင်ကစား ပျော်ပါးရွှင်မြူးကြလေကုန်ပြီ။

[ဘုရားလောင်း ဖွားမြင်စဉ်က နတ်တွေလည်း ပျော်ကြသည်။ တာဝတိံသာနတ်ပြည်က နတ်တွေဆိုလျှင် ကပိလဝတ်နန်းမြို့တော်က သုဒ္ဓေါဒနမင်းကြီး၏ သားတော်သည် ဗောဓိမဏ္ဍိုင် မြေဦးကိုင်၌ ထိုင်နေကျင့်ကြံအားထုတ်၍ ဘုရားဖြစ်လိမ့်မည်ဟု ပြောဆိုကြွေးကြော်ကြကာ ဘွဲ့ဖြူပုဆိုး ပစ်မြှောက် ပန်းပေါက်ပေါက်ကြဲမြှောက်ခြင်း စသည်ဖြင့် နတ်ပွဲသဘင် ဆင်ယင်ကစား ပျော်ပါးရွှင်မြူးကြသည် ဟူလို။]

တစ်သိန်းခြောက်သောင်းသော နတ်သမီးတွေ ရောက်လာ၍ မယ်တော်မာယာအားလျှောက်တင်

ငါတို့မြတ်စွာ ဘုရားလောင်းလျာ လုမ္ဗိနီတွင် ဖွားမြင်စဉ် အထက်နတ်ပြည်များမှ နတ်သမီးပေါင်း တစ်သိန်းခြောက်သောင်း မယ်တော်မာယာအား အားပေး အားမြှောက် လျှောက်တင်ကြကြောင်း—

၁၊ ဇိနစရိတ။ ၁၀၁၂။ နှာ ၃ သီဟိုဠ်မူ။

၅၈။ သုဘ ဝိမလ ဝိသုဒ္ဓ ဟေမပဘာ စန္ဒသူရပဘာ၊
သင့်သတသဟဿ ဒေဝစ္ဆရာ မဉ္ဇုဃောသသရာ။
တသ္မိံ ခဏေ ဥပေစ္စ တံ လုမ္ဗိနိံ မာယာဒေဗျာ’ ဖြစ်ပုံ၊
မာ စ ဇနနိ ဝိသာဒ တုဋ္ဌာ ဘဝေါပဋ္ဌာယိကာ တေ မယံ[၁]။

ဟု လာရှိသည်။

ဂါထာနက်။ ။သုဘဝိမလ ဝိသုဒ္ဓဟေမပဘာ = ညစ်ကြေးလွတ်ကင်း သန့်ရှင်းစင်ကြယ် လှပတင့်တယ်သော ရွှေနှင့်တူသော အဆင်းရှိကုန်သော။ စန္ဒသူရပဘာ = လရောင်နေရောင်နှင့်တူသော ကိုယ်ရေကိုယ်ရောင်လည်း ရှိကြကုန်သော။ မဉ္ဇုဃောသသရာ = ချိုအေးကြည်သာ သာယာသော အသံလည်း ရှိကြကုန်သော။ သင့်သတသဟဿ ဒေဝစ္ဆရာ = တစ်သိန်း ခြောက်သောင်းသော နတ်သမီးအပေါင်းတို့သည်။ တသ္မိံခဏေ = ထို လောင်းဗုဒ္ဓကို ဖွားမြင်တော်မူစဉ် ခဏ၌။ တံ လုမ္ဗိနိံ = ထို ဖူးခက်စုံစီ လုမ္ဗိနီဂနိုင် ဥယျာဉ်မြိုင်သို့။ ဥပေစ္စ = ချဉ်းကပ်ရောက်လာကြကုန်၍။ မာယာဒေဗျာ = မာယာဒေဝီသိင်္ဂီညာနတ် မဟေသီမြတ်အား။အဖြစ်ပုံ = သာယာချိုငေါ် သံတော်ဦး တင်ကြလေကုန်ပြီ။ ကိံ = အဘယ်သို့၊ အဖြစ်ပုံ = သာယာချိုငေါ် သံတော်ဦး တင်ကြလေကုန်သနည်း။ ဇနနိ = အရတော်စွာ့ အိုလောင်းဘုရား့မယ်တော်။ တွံ = အရှင်မယ်တော်ကြီး သည်။ မာ ဝိသာဒ = ကြောက်ရွံ့တော် မမူပါလင့်။ တုဋ္ဌာ = နှစ်သက် အားရ စိတ်ရွှင်ပျသူမသည်။ ဘဝ = ဖြစ်တော်မူပါ။ မယံ = တစ်သိန်း ခြောက်သောင်း ခညောင်းရောက်လာ ကျွန်တော်မ နတ်ကညာတို့သည်။ တေ = သင်မယ်တော်ဘုရား၏။ ဥပဋ္ဌာယိကာ = လုပ်ကျွေးသမှု ပြုစုခယ အစေခံ အမျိုးသမီးတို့ပါတည်း။

စိတ်ကြည်ကြည်ထား၍ ကိုယ်စိတ်မညှိုးငယ်ပါစေလင့် စသည်ဖြင့် လျှောက်တင်ကြခြင်း

တစ်ဖန် ဆက်လက်၍-

၅၉။ ဟဿာန္တိတာ ဥဒဂ္ဂါ စ၊ မာ စ ခေဒံ ဇနေဟိ တွံ။
ဘဏာဟိ ကိံ ကရေယျာမ၊ တေ ဥပဋ္ဌာယိကာ မယံ။

၁။ မနောဟရ ဓမ္မသိင်္ဂီ လလိတဝိတ္ထာရ ဗုဒ္ဓဝင် အလောင်းတော်ဖွားမြင်ခန်း။

ဇနနိ = အရတော်စွာ လောင်းဘုရားမယ်တော်။ တွံ = ရှင်မမယ်တော်ဘုရားသည်။ ဟဿာနန္ဒိတာ = ကြည်စွာနှလုံး ရွှင်ပျပြုံးတော်မူသည်ဖြစ်၍။ ဥဒဂ္ဂါစ = အားရပါးရ စိတ်တက်ကြွသူမသည်လည်း။ ဘဝ = ဖြစ်တော်မူပါ။ ခေဒံ = ကိုယ်စိတ်နှလုံး ညှိုးချုန်းခြင်းကို။ မာ စ ဇနေဟိ = ဘယ်အခါမှာမှ မဖြစ်ပါစေလင့်။ ဘဏာဟိ = အားမနာပါနှင့် မိန့်စရာရှိကမိန့်ကြားတော်မူပါ။ မယံ = ကျွန်တော်မတို့သည်။ ကိံ = ဘယ်အမှုကို။ ကရေယျာမ = ပြုလုပ်ကြရပါကုန်အံ့နည်း။ မယံ = တစ်သိန်းခြောက်သောင်းသော ကျွန်တော်မ နတ်ကညာတို့သည်။ တေ = ရှင်မမယ်တော်ဘုရား၏။ ဥပဋ္ဌာယိကာ = အလုပ်အကျွေး အမျိုးသမီးတို့ပါဘုရား။ ဟူ၍လည်း ဆက်လက် သံတော်ဦးတင်ကြလေကုန်၏၊

အိုနာ သေရေး ဒုက္ခဘေးမှ ပယ်ဖျောက်တတ်သော သမားတော် ဖွားမြင်ပါပြီ စသည်ဖြင့် လျှောက်တင်ခြင်း

၆၀။ ဝေဇ္ဇောတ္တမံ ဇနေသဇ္ဇ၊ ဇရာမရဏဃာတကံ။
သမဂ္ဂါ ပဋ္ဌာယိကံ တုယှံ၊ ပေမဘာဝဋ္ဌိတာ မယံ။

ဒေဝိ = သုဒ္ဓေါဒန လောကကျက်သရေ အိုမဟေသီ မိဖုရားခေါင်ကြီး။ ဒေဝိ = မိဖုရားခေါင်ကြီးသည်။အဇ္ဇ=ယခုအခါ၌။ဇရာ မရဏဃာတကံ— အို နာ သေရေး ဘေးဒုက္ခတို့ကို ပယ်ဖျောက်တော်မူတတ်သော။ ဝေဇ္ဇောတ္တမံ = သုံးလောကအတွင်းဝယ် အထူးချွန်ဆုံး အမြတ်ဆုံး ဖြစ်သော သမားတော်ကို။ ဇနေသိ = မီးရှူးသန့်စင် ဖွားမြင်တော်မူပါပြီ။ ဒေဝီ = အရတော်လှ လောင်းဘုရာ့မယ်တော်။ မယံ = ကျွန်တော်မ နတ်ကညာတို့သည်။ တုယှံ = အရှင်မ မယ်တော်ဘုရား၏။ ပေမဘာဝ- ဋ္ဌိတာ = မြတ်နိုးစုံမက် နှစ်သက်ကြည်သာ သက်ဝင်တည်ကြပါကုန်သော။ သမဂ္ဂါပဋ္ဌာယိကာ = အရှင်မ ခိုင်းသမျှ အမှုကိစ္စဟူသမျှကို ဆောင်စွမ်းနိုင်ကြသော အစေခံ အမျိုးသမီးတို့ပါ ဘုရား။

ဤသို့ စသည်ဖြင့်လည်း နတ်သမီးကညာ တစ်သိန်းခြောက်သောင်းတို့ လာရောက် သံတော်ဦးတင်ကြကုန်၏[၁]။

၁။ အဋ္ဌကထာ လလိတဝိတ္ထာရ—ကြည့်။

အို....သံဂါယနာသမိုင်း စာတော်ဖတ် အသင်.... သံဂါယနာသမိုင်း စာတော်ဖတ်သည် အောက်ပါ ဂါထာပါဠိအနက်ဖြင့် သောကြာနေ့တွင် လုမ္ဗိနီဥယျာဉ်၌ မိဿရှုးသန့်စင် ဖွားမြင်တော်မူသော ဘုရားအလောင်းတော်ကို ကော်ရော်မြတ်နိုး ရှိခိုးရာ၏။

၆၁။ ဒုသမာသစ္စယေနေသော၊ ဝိဇာယိ မာတုကုစ္ဆိတော။
သုက္ကဝါရေ လုမ္ဗိနိယံ၊ ဝန္ဒေ တံ လောကပုင်္ဂဝံ။

ဧသော=ထိုအလောင်းတော်မြတ် ဗောဓိသတ်သည်။ ဒသမာသစ္စယေန= စွဲလာသန္ဓေ တည်နေသည်မှ ဆယ်လလွန်မြောက်ရာ အခါ၌။ လုမ္ဗိနိယံ= ပွှးခက်စုံဝီ လုမ္ဗိနီဂနိုင် ဥယျာဉ်မြိုင်၌။ သုက္ကဝါရေ = သောကြာနေ့၌၊ မာတုကုစ္ဆိတော=သန္ဓေစွဲပိုက် မယ်တော်ဝမ်းကြာတိုက်မှ၊ ဝိဇာယိ=မိဿရှုးသန့်စင် ဖွားမြင်တော်မူခဲ့လေပြီ။ လောကပုင်္ဂဝံ=သုံးလောကဓာတ် အမြတ်ဦးသျှောင် ခေါင်းဆောင်ကြီးဖြစ်တော်မူသော။ တံ=ထိုအလောင်းတော်မြတ် ဗောဓိသတ်ကို။ အဟံ=နှစ်ပါးနာမ်ရုပ် အကျွန်ုပ်သည်။ ဝန္ဒေ= ရိုသေမြတ်နိုး ရှိခိုးပါ၏။

ဖွားဖက်တော် ခုနစ်ဦး

ဘုရားအလောင်းတော် ဖွားမြင်တော်မူရာ ထိုခဏမှာပင်—

၁။ ဘဒ္ဒကစ္စာနာမည်သော ရာဟုလာ့မယ်တော် ယသောဓရာ မင်းသမီး
၂။ အာနန္ဒာမင်းသား
၃။ ဆန္နအမတ်
၄။ ကာဠုဒါယီအမတ်
၅။ ကဏ္ဍကမြင်းတော်
၆။ မဟာဗောဓိ=ညောင်ဗုဒ္ဓေဟပင်
၇။ ရွှေအိုးကြီးလေးလုံး

ဤ ခုနစ်ပါးတို့သည် တစ်ပြိုင်နက် ဖွားမြင်ဖြစ်ပေါ်လာကြကုန်၏။

၆၂။ ယသောဓရာ စ အာနန္ဒော၊ ဆန္နော ကာဠုဒါယီ တထာ။
ကဏ္ဍကော ဗောဓိ ကုမ္ဘိယော[၂]၊ သတ္တဟိ သဟဇာ မတာ။

၁။ ဒီ၊ဋ္ဌ၊ ၂။ ၁ဂ။ ဗုဒ္ဓဝံ၊ ဋ္ဌ၊ ၃၂၂။ ဇာ၊ ဋ္ဌ၊ ၁။ ၃
၂။ နိမိကုမ္ဘိယော ဟုဆိုလိုလျှင် ကုမ္ဘိယော–ဟု ဆိုသည်။

မယ်တော် မဟာမာယာ နတ်ရွာစံခြင်း

ကပိလဝတ်ပြည် ဒေဝဒဟပြည် နှစ်ပြည်ထောင်သား လူအများတို့သည် မိဖုရားကြီး မဟာမာယာဒေဝီနှင့်တကွ ဘုရားအလောင်း သားတော်မြတ်ကို ယှဉ်ဝင်ဆောင်ကြဉ်းကြ၍ ကပိလဝတ်နေပြည်တော်သို့ ပြန်သွားကြကုန်၏။

ဘုရားလောင်း မယ်တော် သီရိမဟာမာယာမိဖုရားကြီးသည် ဘုရားအလောင်း ဖွားမြင်ပြီးနောက် ခုနစ်ရက်မြောက် သက်တော် ၅၆-နှစ် ၄-လ အရက် ၂၇ (ငါးဆယ့်ခြောက်နှစ် လေးလ အရက်နှစ်ဆယ့်ခုနစ်)ရက် အရှိ တုသိတာနတ်ပြည်သို့ စံမြန်းတော်မူလေသည်။ သို့ဖြစ်၍—

* ဆပဉ္စာသ ငါးမာသဝယ် သုံးရက်ပယ်
အကယ်မယွက် မယ်တော်သက်-ဟု စပ်ဆိုတော်မူကြသည်[၁]။

၆၃။ သုဒ္ဓေါဒနော ပိတာ မဟေသိနော၊
ဗုဒ္ဓဿ မာတာ ပန မာယနာမာ။
ယာ ဗောဓိသတ္တံ ပရိဟရိယ ကုစ္ဆိနာ။
ကာယဿ ဘေဒါ တိဒိဝမှိ မောဒတိ။

၆၄။ သာ ဂေါတမီ ကာလကတာ ဣတော စုတာ၊
ဒိဗ္ဗေဟိ ကာမေဟိ သမင်္ဂီဘူတာ။
သာ မောဒတိ ကာမဂုဏေဟိ ပဉ္စဟိ၊
ပရိဝါရိတာ ဒေဝဂဏေဟိ တေဟိ[၂]။

ဂါထာအနက်။ ။မဟေသိနော = သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ရှင်မြူးဝမ်းသာ ရှာမှီးတော်မူတတ်သော မြတ်စွာဘုရား၏။ ပိတာ=ခမည်းတော်သည်။ သုဒ္ဓေါဒနော နာမ=သုဒ္ဓေါဒနမည်တော်မူ၏။ မာယနာမာ = မာယာ အမည်ရှိသော။ ဗုဒ္ဓဿ = မြတ်စွာဘုရား၏။ ယာ မာတာ=အကြင်အမိသည်။ ဗောဓိသတ္တံ=အလောင်းတော်မြတ်ဗောဓိသတ်ကို။ ကုစ္ဆိနာ = ဝမ်းဖြင့်။ ပရိဟရိယ = လွယ်ဆောင်တော်မူ၍။ ကာယဿ= နတ်ပြဟ္မာနှင့်တကွသော လောကာ၏ စေတီသဖွယ်ဖြစ်သော ခန္ဓာကိုယ်ရုပ

[၁]။ သမန္တစက္ခုဒီပနီ။ ဒုတိယတွဲကြည့်၊
[၂]။ ထေရဂါထာ၊ ၃၀၁၊

ကာယ၏။ ဘေဒါ = ပျက်စီး ကွယ်လွန်သည်မှ။ ပရံ = နောက်၌။ တိဒိဝမှိ = တုသိတာနတ်ပြည်၌။မောဒတိ = နှစ်သက်ကြည်လင် ပျော်ရွှင် တော်မူပေ၏။ ဝါ = နှစ်သက်ကြည်လင် ပျော်ရွှင်စွာ ဖြစ်ရ၏။

ဇူတော = ဤလူ့ပြည်မှ။ စုတော = စုတေခဲ့သော။ ကာလဂတော - ကွယ်လွန်ခဲ့သော။ ဂေါတမီ = ဂေါတမအနွယ်၌ ဖြစ်တော်မူသော။ သာ မာတာ = ထိုဘုရားမယ်တော် သီရိမဟာမာယာဒေဝီသည်။ ဒိဗ္ဗေဟိ ကာမေဟိ=တုသိတာနတ်ပြည်၌ ဖြစ်သော ဝတ္ထုကာမတို့နှင့်။ သမင်္ဂီ- ဘူတာ = ပြည့်စုံသည် ဖြစ်၍ ဖြစ်၏။ ဝါ = ပြည့်စုံ လုံလောက်စွာ သုံး ဆောင် ခံစားတော်မူရ၏။ သာ မာတာ = ထိုဘုရား မယ်တော် သီရိ မဟာ မာယာဒေဝီသည်။ ပဉ္စဟိ = ငါးပါးကုန်သော။ ဧဟိ ကာမ- ဂုဏေဟိ = ထိုငါးပါး ကာမတို့နှင့်။ သမင်္ဂီဘူတာ = ပြည့်စုံသည် ဖြစ်၍ လည်းကောင်း။ တေဟိဒေဝဂဏေဟိ = ထို တုသိတာ နတ်အပေါင်းတို့ သည်။ ပရိဝါရိတာ = ခြံရံအပ်သည်ဖြစ်၍ လည်းကောင်း။ မောဒတိ= နှစ်သက်ရွှင်လန်း ဝမ်းမြောက်ရ၏။

မယ်တော်မာယာသည် တုသိတာနတ်ပြည်၌ သန္တုသိတ နတ်သားဖြစ် သည်ဟု သိရာ၏။

၆၅။ တတော ပုတ္တံ ဂဟေတွာန၊ ဂတာ မာတာ သကံ ဃရံ။
သတ္တမိယံ စုတာ ဂန္ဒာ၊ ဒေဝပုတ္တတ္တမာဂမိ။[၁]

လက္ခဏာတော် ဖတ်ခြင်း

ဘုရားအလောင်းတော် ဖွားမြင်၍ ငါးရက်မြောက် နေ့၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် အလောင်းတော်မင်းသားအား ဦးခေါင်းဆေး လျှော်ခြင်း, အဝတ်နံ့သာတို့ဖြင့် လိမ်းကျံခြင်း စသည်ကို ပြု လုပ်စေ၍ ပေဒင်ဃုံးပိုတတ် ပုဏ္ဏားပညာကျော် တစ်ရာ့ရှစ်ယောက်တို့ကို ဖိတ်ကြား လျက် နို့ဃနာဘောဇဉ်ဖြင့် ဧည့်ခံကျွေးမွေးတော်မူခဲ့သည်။ ယင်းပုဏ္ဏား တစ်ရာ့ရှစ်ယောက်အနက် ရှစ်ယောက်သော ပေဒင်ပညာကျော် ပုဏ္ဏား ပညာရှိတို့ကို ရွေးနုတ်ပြီးလျှင် အလောင်းတော်မင်းသား၏ လက္ခဏာ တို့ကို မည်သို့ ဖြစ်လိမ့်မည်ဟု နိမိတ်ဖတ်ကြား လျှောက်ထားစေကုန်၏။

၁။ ဇိနာလင်္ကာရဋီကာ၊ ဝိဇာတမင်္ဂလဝဏ္ဏနာ။ ၁၀၃-နှာ။

ယင်း ရှစ်ယောက်အနက်....

၁။ ရာမပုဏ္ဏား
၂။ ဓဇပုဏ္ဏား
၃။ လက္ခဏပုဏ္ဏား
၄။ ဇောတိမန္တိပုဏ္ဏား
၅။ ယညပုဏ္ဏား
၆။ သုဘောဇပုဏ္ဏား
၇။ သုယာမပုဏ္ဏား

ဤပုဏ္ဏားပညာရှိ ခုနစ်ယောက်တို့သည် အလောင်းတော်မင်းသား၏ လက္ခဏာတော်များကို ကြည့်ရှုပြီး လက်နှစ်ချောင်းစီထောင်၍ အရှင်မင်းကြီး၏ သားတော်သည် အိမ်ရာတည်ထောင် လူ့ဘောင်မှာနေခဲ့လျှင် လေးကျွန်းသနင်း စကြာမင်း ဖြစ်ပါလိမ့်မည်၊ ရဟန်းပြုခဲ့လျှင် ဘုရားဖြစ်ပါလိမ့်မည်ဟု စကားနှစ်လုံးတို့ဖြင့် မဆုံးမဖြတ်နိမိတ်ဖတ်ကြလေကုန်၏။

၆၆။ တဝ ပုတ္တော မဟာရာဇ၊ စက္ကဝတ္တီ ဘဝိဿတိ။
ဥဒါဟု သမ္ဗုဒ္ဓေါ၊ ဣတိ ဒွိဓာ ဝိယာကရုံ။

ထိုပုဏ္ဏားပညာရှင် ခုနစ်ယောက်တို့အောက် အသက်အရွယ်အငယ်ဆုံးဖြစ်သော ကောဏ္ဍညနွယ်ဖွား သုဒတ္တမည်သော ပုဏ္ဏားကမူ မင်းသား၏ မဟာပုရိသ လက္ခဏာတော် အလုံးစုံနှင့် ပြည့်စုံတော်မူပုံကို သေချာစေ့ငု ကြည့်ရှုဆင်ခြင်တော်မူပြီးသော်....

အို .... မင်းခေါင်မင်းဖျား မင်းတရားကြီး .... အရှင်မင်းကြီး သားတော်သည် အလွန်လျှင်ထူးချွန်သည့် ပုဂ္ဂိုလ်မြတ် ဖြစ်ပါသည်။ ကာမဂုဏ်တို့၌ တပ်မက်သော စကြာမင်းဖြစ်လိမ့်မည် မဟုတ်ပါ၊ ဧကန်စင်စစ်ကိလေသာစက် သုံးထောင်ဝက်အမိုးကို ဖျက်ချိုး ဖွင့်လှစ်သည့် ဘုရားရှင်စင်စစ် ဧကန်ဖြစ်တော်မူပါလိမ့်မည်ဟု လက်တစ်ချောင်း ထောင်ကာစကားတစ်လုံးတည်းဖြင့် အပြီးအပြတ် ဆုံးဖြတ်ဖြေကြားလေသည်။

၆၇။ တေသု သုဒတ္တဗြာဟ္မဏော၊ ပစ္ဆိမော ဒေဝပါရဂူ။
အဒ္ဒေဝ္ဓါဝစနံ ဝတွာ၊ ဧဝံ ဗျာကရိ နိစ္ဆလော။

၆၈။ ပုတ္တော ဒေဝ သုဝိသိဋ္ဌော၊ စက္ကဝတ္တိ န ဟေဿတိ။
နိက္ခမ္မ စရိတွာ ဧသော၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿတိ။

ယင်းသို့ ပုဏ္ဏားပညာကျော် ရှစ်ယောက်တို့ လက္ခဏာတော်ဖတ်ကာ သုဒ္ဓေါဒနမင်းကြီးအား တင်လျှောက်ကြကြောင်း-

၆၉။ ရာမော ဓဇော လက္ခဏောစာပိ မန္တီ၊
ယညော သုဘောဇော သုယာမော သုဒတ္တော။
ဧတေ တဒါ အဋ္ဌ အဟေသုံ ဗြာဟ္မဏာ၊
ဆဠင်္ဂဝါ မန္တံ ဝိယာကရိံသု။

ဟူသော ဂါထာဖြင့် အဋ္ဌကထာ ဋီကာများ၌[၁] လာရှိလေသည်။

မဟာပုရိသလက္ခဏာကျမ်း

ဘုရားစသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်တို့ကို ဤပုဏ္ဏားတို့ သိမြင်တတ်မြောက် နိမိတ်ကောက်ယူဖတ်နိုင်ခြင်းသည်ကား ဤသို့တည်း…

ဘုရားပွင့်ခါနီးအခါ၌ သုဒ္ဓါဝါသဗြဟ္မာကြီးတို့သည် ဗေဒင်ကျမ်းဂန်များ၌ ဤ ဗုဒ္ဓမဟာပုရိသလက္ခဏာ စသော မဟာပုရိသ လက္ခဏာ အကြောင်းအရာများကို သိမြင်နိုင်လောက်အောင် ထည့်သွင်းကြပြီးလျှင် ပုဏ္ဏားဆရာကြီးများအသွင်ဖြင့် ဤလူ့ပြည် လာရောက်ကြ၍ တပည့်ခံလာသူများအား သင်ကြားပေးခဲ့ကြလေသည်။ သို့ဖြစ်၍ ပုဏ္ဏားတော်တို့သည် ဗုဒ္ဓလက္ခဏာစသော ဤမဟာပုရိသလက္ခဏာတော်တို့ကို ကောင်းစွာ သိမြင် ဆင်ခြင်ဖတ်ရှုနိုင်ကြကုန်၏။

၇၀။ သုဒ္ဓါဝါသိက ဗြဟ္မာနံ၊ သန္တိကာဟိ သမုဂ္ဂဟုံ။
ဝိသိဋ္ဌ လက္ခဏံ ဂန္ထံ၊ သုခညာ ဗြာဟ္မဏာ ဝိဒူ။

မဟာပုရိသလက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး

မဟာပုရိသလက္ခဏာတော်ကြီးသုံးဆယ့်နှစ်ပါးကို အောက်ပါအတိုင်း ဖတ်ရှုကြည့်ညိုရာ၏။

(၁) အညီအညွတ်ကောင်းစွာထိသော ခြေဖဝါးရှိခြင်း=သုပ္ပတိဋ္ဌိတပါဒလက္ခဏာတော်။

၁။ အပ၊ ဋ္ဌ၊ ၁။ ၆၇။ ဇာ၊ ဋ္ဌ၊ ၁။ ၆၆။ မ၊ ဋ္ဌ၊ ၂။ ၉၂။ သာရတ္ထ။ ၃။ ၁၆၁။

(၂) ခြေဖဝါးအပြင်၌ စက်ဝန်းမျိုးစုံ (တစ်ရာ့ရှစ်ကွက် စက်လက္ခဏာရှိခြင်း = ပါဒတလစက္ကလက္ခဏာတော်။

(၃) ရှည်လျားသော ဖနောင့်ရှိခြင်း = အာယတပဏှိလက္ခဏာတော်။

(၄) ရှည်သွယ်သော လက်ချောင်း ခြေချောင်းရှိခြင်း = ဒီဃင်္ဂုလိလက္ခဏာတော်။

(၅) နူးညံ့နုနယ်သော လက်ဖဝါး ခြေဖဝါးရှိခြင်း = မုဒုတလုဏဟတ္ထလက္ခဏာတော်။

(၆) ကွန်ရက်ပမာ ညီညာသော လက်ချောင်း ခြေချောင်းရှိခြင်း = ဇာလဟတ္ထပါဒလက္ခဏာတော်။

(၇) အထက်သို့မြင့်တက်သော ခြေဖမျက် သို့မဟုတ် ခြေမျက်စိရှိခြင်း = ဥဿင်္ခပါဒလက္ခဏာတော်။

(၈) ဇေကီသားကောင် (တောဆိတ်နက်)၏ သလုံးမြင်းခေါင်းနှင့်တူသော သလုံးမြင်းခေါင်းရှိခြင်း=ဧဏီဇင်္ဃလက္ခဏာတော်။

(၉) မကိုင်းမညွတ်ဘဲရပ်လျက်ပင် လက် ဝါး ပြင် နှစ် ဖက် ဖြင့်ပုဆစ် ဒူးတို့ကို သုံးသပ်နိုင်ခြင်း = အနောနမဇဏ္ဏုပရိမသနလက္ခဏာတော်။

(၁၀) အအိမ်ဖြင့် ဖုံးလွှမ်းထားသော ပုရိသနိမိတ်ရှိခြင်း = ကောသောဟိတဝတ္ထဂုယှလက္ခဏာတော်။

(၁၁) ရွှေအဆင်းနှင့်တူသော အဆင်းရှိသောကိုယ်ရှိခြင်း = သုဝဏ္ဏဝဏ္ဏလက္ခဏာတော်။

(၁၂) ချောမွေ့သော အသားအရေရှိခြင်း = သုခုမစ္ဆဝိလက္ခဏာတော်။

(၁၃) မွေးညင်းတွင်း တစ်ခုတစ်ခု၌ တစ်ပင်ချင်းပေါက်သောမွေးညင်းရှိခြင်း = ဧကေကလောမလက္ခဏာတော်။

(၁၄) အထက်သို့ အဖျားကော့တက်သော မွေးညင်းရှိခြင်း = ဥဒ္ဓဂ္ဂလောမလက္ခဏာတော်။

(၁၅) ဗြဟ္မာမင်းကဲ့သို့ ဖြောင့်မတ်သော ကိုယ်ရှိခြင်း = ဗြဟ္မုဇုဂတ္တ လက္ခဏာတော်။

(၁၆) လက်ဖမိုး ၂-ဖက်, ခြေဖမိုး ၂-ဖက်, ပခုံးစွန်း ၂-ဖက်, လည်ကုပ်အားဖြင့် ၇-ပါးသောအရပ်တို့၌ ပြည့်ဖြိုးတိုးပွားသော အသားရှိခြင်း = သတ္တုဿဒလက္ခဏာတော်။

(၁၇) ခြင်္သေ့၏ရှေ့ပိုင်းကိုယ်နှင့်တူသောကိုယ်ရှိခြင်း = သီဟပုဗ္ဗဒ္ဓကာယလက္ခဏာတော်။

(၁၈) လက်ပြင် နှစ်ဖက်အကြား၌ တစ်ပြင်တည်းညီလျက် ပြည့်ဖြိုးသော ကျောပြင်ရှိခြင်း = စိတန္တရံသ လက္ခဏာတော်။

(၁၉) ပညောင်ပင်ကဲ့သို့ ဝန်းဝိုင်းသော ကိုယ်ရှိခြင်း = နိဂြောဓ ပရိမဏ္ဍလ လက္ခဏာတော်။

(၂၀) ညီညာစွာသော လုံးသော လည်ပင်း လည်တိုင်ရှိခြင်း = သမဝဋ္ဋက္ခန္ဓလက္ခဏာတော်။

(၂၁) အရသာကိုဆောင်သောအလွန်ကောင်းမြတ်သောအကြောရှိခြင်း = ရသဂ္ဂသဂ္ဂီလက္ခဏာတော်။

(၂၂) ခြင်္သေ့၏ မေးနှင့်တူသော မေးရှိခြင်း = သီဟဟနုလက္ခဏာတော်။

(၂၃) ၄၀-သော သွားရှိခြင်း = စတ္တာလီသဒန္တလက္ခဏာတော်။

(၂၄) ညီညွတ်သော သွားရှိခြင်း = သမဒန္တလက္ခဏာတော်။

(၂၅) မကျဲသော သွားရှိခြင်း = အဝိရဠဒန္တ လက္ခဏာတော်။

(၂၆) အလွန်ဖြူစင်သော အစွယ် ၄-ချောင်းရှိခြင်း = သုသုက္ကဒါဌ လက္ခဏာတော်။

(၂၇) ကြီးမား ရှည်လျားနူးညံ့သော လျှာရှိခြင်း = ပဟူတဇိဝှ လက္ခဏာတော်။

(၂၈) ဗြဟ္မာ၏အသံနှင့်တူသော အသံရှိခြင်း = ဗြဟ္မဿရလက္ခဏာတော်။

(၂၉) အလွန် ညိုသော မျက်လုံးရှိခြင်း = အဘိနီလနေတ္တလက္ခဏာတော်။

(၃၀) နွားငယ်၏ မျက်တောင်နှင့်တူသော မျက်တောင်ရှိခြင်း သို့မဟုတ် နွားငယ်၏ မျက်လုံးအိမ်နှင့်တူသော မျက်လုံးအိမ် ရှိခြင်း = ဂေါပခုမလက္ခဏာတော်။

(၃၁) မျက်မှောင် ၂ ခုအကြား၌ နူးညံ့သော လဲဝါဂွမ်းနှင့်တူသော ဖြူစင်သော ဥဏ္ဏာလုံမွေးရှင်တော် ပေါက်လျက်ရှိခြင်း = ဥဏ္ဏာလက္ခဏာတော်။

(၃၂) သင်းကျစ်ပြားကဲ့သို့ ဝန်းဝိုင်းသော ဦးခေါင်းရှိခြင်း = ဥဏှီသသီသ လက္ခဏာတော်[1]။

ဘုရားအလောင်းတော်၌ ဘဝများစွာ သံသရာကပြုခဲ့သော ကုသိုလ်ကောင်းမှုအမျိုးမျိုးတို့ကြောင့် ဤလက္ခဏာတော် ၃၂-ပါးတို့ ထင်ရှားစွာ ပါရှိဖြစ်ပေါ်တော်မူလေသည်။ အောက်ပါ သုံးဆယ့်နှစ်ဖြာ လက္ခဏာအဖွင့် ဂါထာများနှင့် အနက်ကိုလည်း ရွတ်ဆိုကြည်ညိုရှိခိုးရာ၏။

၇၁။ ယော ပုဗ္ဗေကတပုညတ္တာ၊ သုပ္ပတိဋ္ဌိတပါဒကော။
စက္ကင်္ကိတပဒေါ ဒီဃ-ပဏှိအင်္ဂုလိဗြဟ္မုဇု။
၇၂။ သတ္တုဿဒေါ မုဒုတလု-နဇာလဟတ္ထပါဒကော။
ဥဿင်္ခုဒ္ဓဂ္ဂလောမော စေ-ဏိဇင်္ဃော သုခုမစ္ဆဝိ။
၇၃။ သုဝဏ္ဏဝဏ္ဏော ကောသမှိ၊ ဩဟိတဝတ္ထဂုယှကော။
နိဂြောဓပရိမဏ္ဍလ ဋ္ဌိတဇာဏုပရာမသော။
၇၄။ သီဟကာယစိတန္တရံ-သ သမဝဋ္ဋခန္ဓကော။
ရသဂ္ဂသဂ္ဂီ နီလနေတ္တာ—ဂေါပခုမော-ဏှိသီသကော။
၇၅။ ကေကလောမဥဏ္ဏီ စ၊ တာလီသာဝိရလဒန္တကော။
ပဟူတဇိဝှဗြဟ္မဿရော၊ ဟောတိ သီဟဟနုပိ စ။
၇၆။ သမဒန္တသုက္ကဒါဌော၊ ဣတိ ဒွတ္တိံသလက္ခဏော။
တံ မုနိန္ဒံ မဟာပုညံ၊ ဝန္ဒာမိ ပုရိသုတ္တမံ[2]။

၁။ ဒီ၊ ၂။ ၁၄—၁၆။ ဒီ၊ ၃။ ၁၁၇-၈။ မ၊ ၂။ ၃၃၅-၈။
၂။ ဤကား ၃၂ ပါးသော လက္ခဏာ အကျဉ်းချုပ် ဘုရားရှိခိုးတည်း။

၇၇။ ဗောဓိသတ္တော ကုသလေသု၊ ဒဠှံ သမာဒါနဘာဝတော။
သုပ္ပတိဋ္ဌိတပါဒေါ စ၊ အက္ခမ္ဘိယော စ ကေနစိ။

၇၈။ ရက္ခတ္တာ ဗဟုသုခတ္တံ၊ ဒါနာ စ သပရိဝါရကံ။
စက္ကေနာင်္ကိတပါဒေ့ါ စ၊ မဟာ စ ပရိဝါရကော။

၇၉။ ဝိရတတ္တာ ပါဏာဃာတာ၊ သုဒီဃပဏှိအင်္ဂုလိ။
အထော ဗြဟ္မုဇုဂတ္တော စ၊ ဒီဃာယုကော စ သော ဘဝေ။

၈၀။ ပဏီတရသဒါနတ္တာ၊ သတ္တုဿဒေါ စ လာဘဝါ။
စတုသင်္ဂဟတ္တာ မုဒု–ဇာလိ သင်္ဂဟိတဇ္ဇနော။

၈၁။ ဓမ္မတ္ထံဝါဒဘာသိတ္တာ၊ ဥဿင်္ခပါဒကော ဘဝေ။
ဥဒဂ္ဂလောမကော စေဝ၊ အဂ္ဂေါ စ သဗ္ဗဇန္တုနံ။

၈၂။ သီဃံ သုညတဝေ သိပ္ပ-ဝိဇ္ဇာဒီနံ သုဝါစတော။
ဧဏိဇင်္ဃော အရဟာနိ၊ ဘဏ္ဍာနိ လဘတေ တုရံ။

၈၃။ မိရေ ပုစ္ဆိတုသီလတ္တာ၊ သုခုမာ ဝိရဇာ ဆဝိ။
မဟာပုထုဟာသဇဝ-တိက္ခနိဗ္ဗေဓပညဝါ။

၈၄။ အက္ကောဓတ္တာ မုဒုကာနံ၊ ဒါနာ စတ္ထရဏာဒီနံ။
သုဝဏ္ဏဝဏ္ဏော လာဘီ စ၊ မုဒုအတ္ထရဏာဒီနံ။

၈၅။ စိရံ ဝိပ္ပဝါသေ မာတာ·ပုတ္တာဒယော သမာနယာ။
ကောသောဟိတင်္ဂတော စေဝ၊ ဗဟုပုတ္တော စ သော ဘဝေ။

၈၆။ ပေါသေ ဝိသေသကာရိတ္တာ၊ နိဂြောဓပရိမဏ္ဍလော။
ဌိတော ဇာဏုပရာမာသော၊ အဍ္ဎော ဟောတိ မဟဒ္ဓနော။

၈၇။ ဇနာနံ ဟိတကာရိတ္တာ၊ သီဟပုဗ္ဗဒ္ဓကာယိကော။
စိတန္တရံသော ဝဋ္ဋက္ခန္ဓော၊ အပရိဟာနဓမ္မိကော။

၈၈။ အဝိဟေဌနဇာတိတ္တာ၊ ဘဝေ ရသဂ္ဂသဂ္ဂိကော။
သမဝေပါကိနိယာစ၊ ဂဟာဏျ သမနာဂတော။

၇၉။ ဥဇုနေတ္တေနုဒိက္ခတ္တာ၊ အဘိနီလကနေတ္တကော။
အထော ဂေါပခုမော စေဝ၊ ဟောတိ သော ပိယ-
ဒဿနော။

၈၀။ ပုဗ္ဗင်္ဂမတ္တာ ပုညေသု၊ ဟောတိ ဥဏှီသသီသကော။
တံ လက္ခဏသမ္ပန္နဿ၊ အန္ဝာယိကော မဟာဇနော။

၈၁။ မုသာဝါဒံ ပဟီနတ္တာ၊ လောမကူပေကလောမကော။
ဘမုကန္တရေ ဥဏ္ဏာ စ၊ ဇနော တဿူပဝတ္တတိ။

၈၂။ ပိသုနာယ ပဟီနတ္တာ၊ သော စတ္တာလီသဒန္တကော။
အထော အဝိရလဒန္တော၊ အဘေဇ္ဇပရိသောပိ စ။

၈၃။ ဖရုသာယ ပဟီနတ္တာ၊ ပဟူတဇိဝှကော ဘဝေ။
ဗြဟ္မဿရော စ အာဒေယျ-ဝါစော ဟောဟိ မဟာမုနိ။

၈၄။ သမ္ဖပ္ပလာပပဟာနာ၊ သော သီဟဟနုကော ဘဝေ။
အန္တော ဗဟိ အမိတ္တေန၊ ကေနာပိ အပ္ပဓံသိယော။

၈၅။ မိစ္ဆာဇီဝပ္ပဟီနတ္တာ၊ သမဒန္တော စ သော ဘဝေ။
သုသုက္ကဒါဌော စ သုစိ-ပရိဝါရော စ မာရဇိ။

၈၆။ ဧပံ ကတကမ္မံ ကံမ္မ၊ တုလျဗ္ဗတ္တိံ သလက္ခဏံ။
လက္ခဏာနိသံသာနုဘာဝံ၊ တံ နမဿာမိ သာဒရံ။

သုံးဆယ့်နှစ်ဖြာ လက္ခဏာ ဂါထာများအနက်။ ။(၇၁) ယော ပုရိသုတ္တမော = အကြင်ယောကျ်ားမြတ်ဖြစ်တော်မူသော ဘုရားအလောင်းတော်သည်။ ပုဗ္ဗေ=သင်္ချေနှစ်ဆယ် စွန်းကယ်တစ်သိန်း ကပ်ကိန်းများလှ ရှေးကာလ၌။ ကတပုညတ္တာ=အနန္တစက္ကဝါ သတ္တဝါတို့ တစ်ရာတစ်ရာပြု ကံတစ်ခုကို အဆတစ်ရာ ပြုခဲ့သော ကောင်းမှုပါရမီတော်ကြောင့်။ သုပ္ပတိဋ္ဌိတပါဒကော=ညီညွတ်စွာ မြေဦးစိုက်၍ တစ်ပြိုင်နက်တည်နေသော ခြေဖဝါးတော်ရှိတော်မူ၏။ စက္ကင်္ကိတပဒေါ=အကန့်တစ်ထောင် ရုပ်ရောင်ပီပြင် စက်ဝန်းထင်သော ခြေဖဝါးတော်ရှိတော်မူ၏၊ ဒီဃပဏှိအင်္ဂုလိ-ဗြဟ္မုဇု=ရှည်လုံးသော ဖဝါးနှောက်ဖယ် ရှည်သွယ်သော လက်ဆံခြေဆံ ဗြဟ္မာဟန် ဖြောင့်မတ်သောကိုယ် ရှိတော်မူ၏။

(၃၂) သတ္တုဿဒေါ=လက်ခြေပခုံး လည်လုံးဖွံ့ထွား ခုနစ်ပါးဆူဖြိုး တော်မူ၏။ မုဒုတလုနဇာလဟတ္ထပါဒကော= နူးညံ့ပျောင်းညက် ကွန်ရက်ယှက်သို့သော လက်ဖဝါး ခြေဖဝါးရှိတော်မူ၏။ ဥဿင်္ခပ္ပါဒေါ= မြင့်တက်သော ဖမျက် အဖျားကော့တက်သော အမွေးလည်းရှိတော်မူ၏။ ဧဏိဇင်္ဃော=ဧဏီသားသဖွယ် လုံးသွယ်သော မြင်းခေါင်းရှိတော်မူ၏။ သုခုမစ္ဆဝိ=သိမ်မွေ့နုဖပ် မြူမကပ်သော အရေရှိတော်မူ၏။

(၃၃) သုဝဏ္ဏဝဏ္ဏော=သိင်္ဂီရွှေစစ် ဇမ္ဗူရာဇ်ကဲ့သို့ ဝါနစ်သန့်စင်သော အဆင်းရှိတော်မူ၏။ ကောသောဟိတဝတ္ထဂုယှကော=ရွှေရောင်မမှိန် အရေအိမ်တွင်း၌။ ဗြဟ္မုဇုဂတ္တော=ထည့်သိုအပ်သော ယောကျ်ားကိုယ် ရှိတော်မူ၏။ နိဂြောဓပရိမဏ္ဍလဋ္ဌိတဇာဏုပရာမသော=ပညောင်တူပြီ မျှညီသော အလံ အရပ် မကိုင်းမတ်မတ် ဒူးကိုသုံးသပ်နိုင်သော ကိုယ်တော်ရှိတော်မူ၏။

(၃၄) သီဟကာယစိတန္တရံသသမဝဋ္ဋက္ခန္ဓကော = ခြင်္သေ့မင်း၏ ရှေ့ကိုယ်နှင့်တူသော အထက်ကိုယ်အောက်ကိုယ် ပြည့်မို့သော လက်ပြင်ကြားကျောပြင်ထက်ဝန်းကျင် လုံးသောလည်ပင်းရှိတော်မူ၏။ ရသဂ္ဂသဂ္ဂီ = လည်မျိုစုန့်ဆောင် ရသာဆောင်သည့် ခုနစ်ထောင်မျှ ရသဟရဏီ အကြောရှိတော်မူ၏။ နီလနေတ္တဂေါပခုမော = မည်းနက်သောမျက်လုံး ရှင်ပြုံးတင့်တယ် နွားငယ်ကဲ့သို့သော မျက်မွေးရှိတော်မူ၏။ ဥဏှီသသီသကော = မင်းများဆောင်းသည့် ဥဿျောင်သရဖူ ပုံတူအလား ဆံစနား၌ နဖူးသင်းကျစ်ရိုးပြား ရှိတော်မူ၏။

(၃၅) ဧကေကလောမဥဏ္ဏာစ = မွေးတွင်းတော်ပေါက်တစ်ပေါက်တွင် မွေးတော်တစ်ပင်လက်ယာရစ်ခွေသော ဥဏ္ဏာလုံမွေးရှင်ရှိတော်မူ၏။ တာလီသအဝိရလဒန္တကော-လေးဆယ်သောသွား မကျဲသောသွား ရှိတော်မူ၏။ ပဟူတဇိဝှပြဟ္မဿရော = နားပေါက်နဖူးတို့ကိုသုံးသပ်နိုင်အောင်ပါးလှပ် ရှည်ပြန့်သောလျှာ အင်္ဂါရှစ်တန် ဗြဟ္မာ့အသံနှင့်တူသော အသံရှိတော်မူ၏။ သီဟဟနုပိ စ = ခြင်္သေ့မင်းမေးကဲ့သို့ ဝန်းဝိုင်းသော မေးတော်ရှိသည်လည်း။ ဟောတိ = ဖြစ်တော်မူ၏။

(၃၆) သမဒန္တသုက္ကဒါဌော = မဝင်မခေါ် ညီမျှသော သွားတော်ဖိတ်ဖိတ်ရောင်ပြေး ဖြူဖွေးသော စွယ်တော်ရှိတော်မူ၏။ ဣတိ = ဤသို့ ဒွတ္တိံသလက္ခဏော=သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်နှင့်ပြည့်စုံတော်

မူ၏။ မဟာပုညံ = ကြီးမြတ်ပြည့်လျှံသော ဘုန်းကံရှိတော်မူထသော။ ပုရိသုတ္တမံ = ယောကျ်ားတကာတို့ထက် လွန်မြတ်သော ယောကျ်ားမြတ် ဖြစ်တော်မူထသော။ တံ ပုရိသုတ္တမံ = ထိုသုံးဆယ့်နှစ်ဖြာ လက္ခဏာတော် ကြီးနှင့် ပြည့်စုံတော်မူသော ဘုရားအလောင်းတော်ကို။ ဝန္ဒာမိ = ရှိခိုး ပါ၏ဘုရား။

(၇၇) မောဓိသတ္တော = ဘုရားအလောင်းတော်သည်။ ကုသလေသု = သုစရိုက်ဆယ်ပါးစသော ကုသိုလ်တရားတို့၌။ ဒဠှသမာဒါနဘာဝတော = မဆုတ်မယိုင်မြဲခိုင်စွာ ဆောက်တည်ခဲ့ဖူးသည်၏ အဖြစ်ကြောင့်။ သုပ္ပတိဋ္ဌိတပါဒေါ စ = ညီညွတ်စွာ မြေဦးစိုင်၌ တစ်ပြိုင်နက်တည်သောခြေဖဝါး တော် ရှိသည်လည်းကောင်း။ ကေနုစိ = တွင်းပမချန် တစ်စုံတစ်ခုသော ဘေးရန်သည်။ အက္ခမ္ဘိယော စ = မလှုပ်ရှားစေအပ်သည် လည်းကောင်း။ ဟောတိ = ဖြစ်တော်မူ၏။

(၇၈) ဗဟုသုခတ္တံ = ဗိုလ်လူများစွာ ချမ်းသာခြင်းအကျိုးငှာ။ ရက္ခတ္တာ = ဘေးရန်ပယ်ခွာ ကာကွယ် စောင့်ရှောက်ခြင်းကြောင့် လည်း ကောင်း။ သပရိဝါရံ=အခြံအရံနှင့်တကွသောဒါနကို။ ဒါနာ စ=ပေးလှူ ခြင်းကြောင့်လည်းကောင်း။ စက္ကေနင်္ကိတပါဒေါ စ = အကန့်တစ်ထောင် ရုပ်ရောင်ပီပြင် စက်ဝန်းထင်သော ခြေဖဝါးတော်ရှိသည် လည်းကောင်း။ မဟာပရိဝါရကော စ = များမြတ်သော အခြံအရံ ရှိသည်လည်းကောင်း။ ဟောတိ = ဖြစ်၏။

(၇၉) ပါဏဃာတာ=သူ့အသက်ကိုသတ်ခြင်းမှ။ ဝိရတတ္တာ=ရှောင် ကွင်းတော်မူခဲ့သည်၏အဖြစ်ကြောင့်။ သောနာထော = ထိုမြတ်စွာဘုရား သည်။ သုဒီဃပဏှိအင်္ဂုလိ = ကောင်းစွာရှည်သော ဖဝါးနောက်ဖယ် ကောင်းစွာ ရှည်သွယ်သော လက်ဆံ ခြေဆံ ရှိသည်လည်းကောင်း။ အထော=ထိုမှတစ်ပါး။ ဗြဟ္မုဇုဂတ္တော စ = ဗြဟ္မာ၏ကိုယ်လို ဖြောင့်စင်း သောကိုယ်ရှိသည်လည်းကောင်း။ ဒီဃာယုကော စ = ရှည်သောအသက် ရှိသည်လည်းကောင်း။ ဘဝေ = ဖြစ်၏။

(၈၀) ပဏီတရသဒါနတ္တာ = မွန်မြတ်သောအရသာကို လှူဒါန်းဝေငှ ခဲ့ဖူးသောကြောင့်။ သတ္တုဿဒေါ စ = လက် ခြေ ပခုံး လည်လုံးဖွံ့ထွား ခုနစ်ပါးဆူဖြိုးသည်လည်းကောင်း။ လာဘဝါ=လာဘ်သပ်ပကာပေါများ

သည်လည်းကောင်း။ ဘဝေ = ဖြစ်၏။ စတုသင်္ဂဟဝတ္ထာ = သင်္ဂဟဝတ္ထု လေးပါးတို့ဖြင့် မြှောက်စားချီးမြှင့်ခဲ့ဖူးသောကြောင့်။ မုဒုဇာလိ = နူးညံ့ ပျော့ပျောင်းညက် လှန်ရက်ယှက်သို့သော လက်ဖဝါးရှိသည်လည်းကောင်း။ သင်္ဂဟိတဇ္ဇနော = မပျက်မကွဲ ထံပါးမြဲသော အခြွေအရံရှိသည်လည်း ကောင်း။ ဘဝေ = ဖြစ်၏။

(၁၁) ဓမ္မတ္ထဝါဒဘာသိတ္တာ = ခပ်လုံးမျိုးချမ်းသာတိုးဖို့ကြောင်းကျိုး ဖော်၍ ဟောမြွက်လေ့ရှိသည်၏အဖြစ်ကြောင့်။ ဥဿင်္ခပါဒကော = မြင့်သော ဖမျက် ရှိသည်လည်းကောင်း။ ဥဒ္ဒဂ္ဂလောမကောစေဝ = အဖျားကော့ထောင် သဒရဆောင်သော အမွေးရှိသည် လည်းကောင်း။ သဗ္ဗဇန္တူနံ = ခပ်သိမ်းသော သတ္တဝါတို့ထက်။ အဂ္ဂေါစ = မြတ်သည် လည်းကောင်း။ ဘဝေ = ဖြစ်တော်မူ၏။

(၁၂) သိပ္ပဝိဇ္ဇာနံ = ကျူထရံရက် ဂဏန်းတွက်စသော အတတ်ဂါထာ မန္တန် စံသော ပညာ စသည်တို့ကို။ သီဃံ = လျင်မြန်စွာ။ သုဉာတဝေ = ကောင်းစွာသိလွယ်ခြင်းငှာ။ သုဝါစတော = ကောင်းစွာပို့ချ သွန်သင်ခဲ့ ဖူးသောကြောင့်။ ဧဏိဇင်္ဃော = တောဟောဝန်မှီ ဧဏီသားသဖွယ် လုံးသွယ် သော သလုံးမြင်းခေါင်းရှိသည်။ ဘဝေ = ဖြစ်တော်မူ၏။ ဧရဟာနိ = ထိုက်တန်လျော်ကန်ကုန်သော။ ဘဏ္ဍာနိ = ပရိက္ခရာဘဏ္ဍာတို့ကို။ တုရံ = လျင်မြန်စွာ။ လဘေ = ရတော်မူ၏။

(၁၃) ဓီရေ = ပညာရှိတို့ကို။ ပုစ္ဆိတုသီလတ္တာ = မေးမြန်းတတ်သော အလေ့ရှိသည်၏အဖြစ်ကြောင့်။ သုခုမာ = သိမ်မွေ့သော။ ဝိရဇာ - မှုံချေး မတင်သော။ ဆဝိ = အရေတော်သည်။ ဟောတိ - ဖြစ်လာ၏။ မဟာပုထု ဟာသဇဝတိက္ခနိဗ္ဗေဓပညဝါ = ကြီးကျယ်များထူး ရှင်မြူးလျင်မြန် ထက် သန်ဖောက်ထွင်းနိုင်သော ပညာရှိသည်လည်း။ ဘဝေ = ဖြစ်တော်မူ၏။

(၁၄) အက္ကောဓတ္တာ = မျက်မာန်နည်းပါးခြင်းကြောင့်လည်းကောင်း။ မုဒုကာနံ = နူးညံ့ချောမွေ့ကုန်သော။ အတ္ထရဏာဒိနံ = အခင်းအရုံတို့ကို။ ဒါနာစ = ပေးလှူခဲ့ခြင်းကြောင့်လည်းကောင်း။ သုဝဏ္ဏ ဝဏ္ဏောသိယာ = ရွှေစစ် ဇမ္ဗူရာဇ်ကဲ့သို့ ဝါနစ်သန့်စင်သော အဆင်းရှိသည်လည်းကောင်း။ မုဒုအတ္ထရဏာဒိနံ = နူးညံ့ချောမွတ်ကုန်သော အခင်းအရုံတို့ကို။ လာဘီ = ရခြင်းရှိသည်လည်းကောင်း။ ဘဝေ = ဖြစ်တော်မူ၏။

(၇၅) စိရံ=ကြာမြင့်စွာ။ ဝိပ္ပဝါသေ=ကင်းကွာ ကွဲနေကုန်သော။ မာတာပုတ္တာဒယော=မိသားမျိုးဆွေ စသည်တို့ကို။ သမာနယာ ရှာဖွေ ဆောင်ပေးခြင်းကြောင့်။ သော နာထော = ထိုမြတ်စွာဘုရားသည်။ ကောသောဟိတဂ်ဇာတောစ=ရွှေရောင်မမှိန် အရေအိမ်တွင်း ထည့်သွင်း အပ်သောအင်္ဂါဇာတ်ရှိသည်လည်းကောင်း။ ဗဟုပုတ္တောစ=အထောင်မက များသော သားရှိသည်လည်းကောင်း။ ဘဝေ = ဖြစ်တော်မူ၏။

(၇၆) ပေါဒေ=ယောက်ျားတို့ကို။ ဝိသေသကာရိတ္တာ=အထူးရွှေး ကောက် ချီးမြှောက်ပြုစုလေ့ ရှိသည်၏အဖြစ်ကြောင့်။ နိဂြောဓပရိမဏ္ဍ- လော=ပညောင်တူပြီ မျှညီဝန်းဝိုင်းသောအလုံးအရပ်တော်ရှိတော်မူသည် လည်းကောင်း။ ဌိတော=မတ်တတ်ရပ်လျက်။ ဇာဏုံ ရာမာသော=ဒူးကို လက်ဖြင့် သုံးသပ်နိုင်သည်လည်းကောင်း။ အစ္စော = ကြွယ်ဝသည်လည်း ကောင်း။ မဟာဒ္ဓနေ=ပရိက္ခရာဥစ္စာများသည် လည်းကောင်း။ ဟောတိ= ဖြစ်တော်မူ၏။

(၇၇) ဇနာနံ=သတ္တဝါတို့၏။ ဟိတကာရိတ္တာ=စီးပွားကိုပြုကျင့်လေ့ ရှိသည်၏ အဖြစ်ကြောင့်။ သီဟပုဗ္ဗဒ္ဓကာယိကော=ခြင်္သေ့မင်း၏ ရှေ့ကိုယ် ကဲ့သို့ပြည့်ဖြိုးသောအထက်ကိုယ်အောက်ကိုယ်ရှိတော်မူသည်လည်းကောင်း စိတန္တရံသောပြည့်=မိုသော လက်ပြင်အကြား ကျောက်သားရှိသည်လည်း ကောင်း။ ဝဋ္ဋက္ခန္ဓော=အညီအမျှလုံးသောလည်ပင်းရှိသည်လည်းကောင်း။ အပရိဟာနဓမ္မိကော=ခြွေရံစည်းစိမ်ကောတိမ်ဆုတ်ခြင်းသဘော မရှိသည် လည်းကောင်း။ ဘဝေ = ဖြစ်တော်မူ၏။

(၇၈) အဝိဟေဌနဇာတိတ္တာ=သူတစ်ပါးကို သနားလွန်မင်း မညှဉ်း ဆဲခြင်းသဘောရှိသည်၏အဖြစ်ကြောင့်။ ရသဂ္ဂသဂ္ဂိကော=လည်မျိုစုန်ဆောင် ရသာဆောင်သည့် ခုနစ်ထောင်သော ရသဟရဏီ အကြောရှိသည် လည်း ကောင်း။ သမဝေပါကိနိယာ=ညီညွတ်စွာ အစာကို ကြေကျက်စေတတ် သော။ ဂဟဏျာစ = ပါစကတေဇောဓာတ် ဝမ်းမီးနှင့်လည်း။ သမန္နာ- ဂတော = ပြည့်စုံသည်လည်းကောင်း။ ဘဝေ = ဖြစ်တော်မူ၏။

(၇၉) ဥဇုနေတ္တေန=မစွေ့ဖြောင့်မတ်သော မျက်စိဖြင့်။ ဥဒိက္ခိတ္တာ = ရှုကြည့်လေ့ရှိသည်၏အဖြစ်ကြောင့်။ သော နာထော = ထိုမြတ်စွာဘုရား သည်။ အဘိနီလကနေတ္တကော = အလွန်မည်းနက်သော မျက်လုံးရှိသည်

လည်းကောင်း။ အထော = ထိုမှတစ်ပါး။ ဂေါပခုမောစ=ရှင်ပျတင့်တယ်နွားငယ်၏ သို့သော မျက်မွေးရှိသည်လည်းကောင်း။ ပိယဒဿနော = အများချစ်ခင် ရှုမြင်အပ်သည်လည်းကောင်း။ ဟောတိ = ဖြစ်တော်မူ၏။

(၉၀) ပုညေသု ကောင်းမှုကုသိုလ်တို့၌။ ပုဗ္ဗင်္ဂမတ္တာ = ရှေ့သွားဦးစီးပြု ခဲ့ပြီးသောကြောင့်။ ဥဏ္ဏာသိသကော = မင်းများဆောင်းသည့်ဥဿျောင်သရဖူ ပုံတူအလား ဆံစနား၌ နဖူး သင်းကျစ် ရိုးပြားရှိတော်မူသည်။ ဟောတိ=ဖြစ်တော်မူ၏။ တံ လက္ခဏသမ္ပန္နဿ=ထိုဥဏ္ဏိသသိသလက္ခဏာရှိတော်မူသော ယောကျ်ားမြတ်၏။ မဟာဇနော = လူနတ်ဗြဟ္မာ သတ္တဝါအများသည်။ အန္ဝာယိကော = အတုလိုက်၍ကျင့်သည်။ ဟောတိ=ဖြစ်၏။

(၉၁) မုသာဝါဒံ = မဟုတ်မဟာရား မုသားဆိုခြင်းကို။ ပဟီနတ္တာ = ပယ်ခွာခြင်းကြောင့်။ လောမကူပေကလောမကော = မွေးတွင်းတစ်ပေါက်တွင် တစ်ပင်သာပေါက်သော အမွေးရှိသည်။ ဟောတိ = ဖြစ်တော်မူ၏။ ဘမုကန္တရေ = မျက်မှောင်တော်နှစ်ခုကြား၌။ ဥဏ္ဏာစ=လက်ယာရစ်ခွေသည့် လဲငွေအတူ ဥဏ္ဏာလုံမွေးဖြူတော်သည်လည်း။ ဇာတာ=ဖြစ်ပေါ်လာ၏။ ဇနော=လူများအပေါင်းသည်။ တဿ=ထိုလောမဥဏ္ဏာလက္ခဏာနှစ်ပါးနှင့်ပြည့်စုံသောယောကျ်ားမြတ်၏ ဥပဝတ္တတိ = အလိုတော်သို့လိုက်ပါရ၏။

(၉၂) ပိသုနာဝါ=ချောပစ်ကွဲပြား ကုန်းစကားကို။ ပဟီနတ္တာ=ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့်။ သော နာထော=ထိုမြတ်စွာဘုရားသည်။ စတ္တာလီသဒန္တကော=လေးဆယ်ပြည့်သော သွား တော် ရှိ သည် လည်း ကောင်း။ အထော=ထိုမှတစ်ပါး။ အဝိရလဒန္တော=မကျဲသောသွားတော်ရှိသည်လည်းကောင်း။ အဘေဇ္ဇပရိသောပိ စ=တစ်လုံးတစ်ခဲ မကွဲသော အခြံအရံရှိသည်လည်းကောင်း။ ဟောတိ=ဖြစ်တော်မူ၏။

(၉၃) ဖရုသာဝါ=ဆဲရေးကြမ်းကြုတ်သော စကားကို။ ပဟီနတ္တာ= ပယ်အပ်သည်၏အဖြစ်ကြောင့်။ မဟာမုနိ=ငါးမုနိသခင် ဘုရားရှင်သည်။ ပဟူတဇိဝှကော=နဖူးနားပေါက်ဖုံးသွင်းလောက်အောင် ရှည်မြောက်ပြန့်ပါးသော လျှာတော်ရှိသည်လည်းကောင်း။ ဗြဟ္မဿရော စ=ဗြဟ္မာမင်းသို့ သန့်ရှင်းသာယာ သိသာနာဖွယ် လူပေါ်ယယ်မှ ပြင်ပမထွက် လုံးနက်ပဲ့တင်

အင်္ဂါရှစ်ဖော် အသံတော်ရှိသည်လည်းကောင်း။ ဘဝေ=ဖြစ်တော်မူ၏။ အာဒေယျဝါစော=အများကြည်ဖြူ နာယူအပ်သောစကား ရှိသည်လည်းကောင်း။ ဟောတိ=ဖြစ်တော်မူ၏။

(၉၄) သမ္ပပ္ပလာပပဟာနာ=အနက်ကင်းသည့်ပြိန်ဖျင်းသောစကားကို ရှောင်ကြဉ်ခြင်းကြောင့်။ သော မ ဟာ မု နိ=ထို မြတ် စွာ ဘု ရား သည်။ သီဟဟနုကော=ခြင်္သေ့မေးကဲ့သို့ မချွန်ဝန်းဝိုင်းသော မေးတော်ရှိသည်လည်းကောင်း။ ကေနာပိ=တစ်စုံတစ်ခုလည်း ဖြစ်သော။ အန္တောဗဟိ-အမိတ္တေန=အတွင်းအပရန်သူသည်။ အပ္ပဓံသိယော=မနှိပ်စက် မဖျက်ဆီးအပ်သည်လည်းကောင်း။ ဘဝေ=ဖြစ်တော်မူ၏။

(၉၅) မိစ္ဆာဇီဝပ္ပဟီနတ္တာ=မှားယွင်းသော အသက်မွေးခြင်းကို ရှောင်ကွင်းတော် မူခဲ့ဖူးသည်၏အဖြစ်ကြောင့်။ သော မာရဇိ=ထိုငါးမာရ်အောင်မြင် ဘုရားရှင်သည်။ သမဒန္တော စ=မဝင်မခေါ ညီညွတ်သောသွားတော်ရှိသည် လည်းကောင်း။ သုသုက္ကဒါဌော စ=ဖိတ်ဖိတ်ရောင်ပြေး ဖြူဖွေးသော စွယ်တော်ရှိသည်လည်းကောင်း။ သုစိပရိဝါရော စ=သန့်ရှင်းစင်ကြယ်သော အခြံအရံရှိသည်လည်းကောင်း။ ဘဝေ=ဖြစ်တော်မူ၏။

(၉၆) ဧဝံ=ဤသို့။ ကတကမ္မံ=ပြုခဲ့ဖူးသည့် အထူးထူးသော ကုသိုလ်ကံ ရှိတော်မူထသော။ ကမ္မတုလျဒ္ဒတ္တိံသလက္ခဏံ=အကြောင်းကံနှင့်တူစွာ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးကို ရတော်မူထသော။ လက္ခဏာ-နိသံသာနုဘာဝံ=လက္ခဏာတော်၏ အကျိုးရှိန်စော် တန်ခိုးအာနုဘော်ရှိတော်မူထသော။ တံ နာထံ=ထိုမြတ်စွာဘုရားကို။ သာဒရံ=ရိုသေခြင်းနှင့်တကွ။ နမဿာမိ=ရှိခိုးပါ၏ဘုရား။

မြတ်စွာဘုရားဘုန်းတော် စသည် ကြည်ညိုမဆုံး လူမြင်အကဲခတ်နိုင်

ဖော်ပြပါ လက္ခဏာတော်ပြ ဂါထာအနက်များကို ရွတ်ဖတ်ပူဇော်လျှင် မြတ်စွာဘုရား၏ ဘုန်းတော်, ကံတော်, သမ္ဘာတော်များ ကြည်ညိုမဆုံး ဖြစ်ရလေသည်။ ၎င်းပြင် ပုဂ္ဂိုလ်တစ်ယောက်မြင်လျှင် မည်သည့်ကောင်းမှုပြုသူ ဖြစ်ကြောင်း အကဲခတ် ခန့်မှန်းနိုင်လေသည်။

၉၇။ ဗုဒ္ဓလက္ခဏဂီတာနိ၊ ပဿန္တာ ဘဏန္တာ ဇနာ။
ဇနေန္တိ ဗုဒ္ဓေ ပသာဒံ၊ ဇာနေယျုံ ပုညသမ္ဘဝံ။

တစ်ရာ့ရှစ်ကွက် စက်အမှတ်အသား

ဘုရားမြတ်စွာ၏ ၂ ဖက်သော ခြေဖဝါးတော် အပြင်တို့၌ တစ်ထောင်သော အကန့်အကွက် ပုံတောင်းချက်မနှင့်တကွ အခြင်းအရာ ဉဿုံ အလုံးစုံနှင့်ပြည့်စုံသော တရာ့ရှစ်ကွက် စက်အမှတ်အသားတို့ကိုလည်း ဖတ်ရှု ကြည်ညိုရာ၏။ ယင်းစက်လက္ခဏာ အမှတ်အသားတို့က-

(၁) လှံမ၊ (၂) အိမ်မှန် = ကျက်သရေတိုက်၊ (၃) ဇလပ်ပန်း၊ (၄) လည်ရေးသုံးဆင့်၊ (၅) ဦးဆောက်ပန်း=ဦးစိုက်ပန်း၊ (၆)ထမင်းပွဲ၊ (၇) အင်းပျဉ် = ရွှေသလွန်တော်၊ (၈) ချွန်းတောင်း၊(၉)ပြာသာဒ်၊ (၁၀) တုရိုဏ်တိုင် = တံခါးတိုင်။

(၁၁) ထီးဖြူတော်၊ (၁၂) သန်လျက်၊ (၁၃) ထန်းရွက်ယပ်ဝန်း၊ (၁၄) ဥဒေါင်းမြီးစည်းယပ်၊ (၁၅) သင်းကျစ်တော် (၁၆) ပတ္တမြားကျောက်မျက်၊ (၁၇) အရောင်တလက်လက် တဖိတ်ဖိတ်ထွက်သောစားတော်ခွက်၊ (၁၈) မုလေးပန်းဆိုင်း၊ (၁၉-၂၃) ကြာညို, ကြာနီ, ကြာဖြူ, ကြာပဒုမ္မာ, ကြာပုဏ္ဍရိက် ဟူသော ကြာမျိုးငါးပါး။

(၂၄) မုန်ညင်းဖြူစေ့ စသည်ဖြင့် ပြည့်သောအိုး၊ (၂၅) မုန်ညင်းဖြူစေ့စသည်ဖြင့်ပြည့်သော ခွက်ဖလား၊ (၂၆) သမုဒ္ဒရာ၊ (၂၇) စကြဝဠာတောင်၊ (၂၈) ဟိမဝန္တာတောင်၊ (၂၉) မြင်းမိုရ်တောင်၊ (၃၀-၃၁) နေဝန်း, လဝန်း။

(၃၂) နက္ခတ်များ၊ (၃၃-၃၆) ကျွန်းငယ်အရံ နှစ်ထောင်နှင့်တကွဖြစ်သော ကျွန်းကြီးလေးကျွန်း၊ (၃၇) အခြွေအရံ ရတနာခုနစ်ပါးနှင့်ပြည့်စုံသော စကြာမင်း၊ (၃၈) လက်ယာရစ်ခရုသင်းဖြူ၊ (၃၉) ရွှေငါးကြင်းအစုံ၊ (၄၀) လက်နက်စက်။

(၄၁-၄၇) ဂင်္ဂါမြစ်ကြီးခုနစ်မြစ်၊ (၄၈-၅၄) တောင်စဉ်တောင်ရံခုနစ်လုံး၊ (၅၅-၆၁) သီဒါခုနစ်တန်၊ (၆၂) ဂဠုန်ငှက်မင်း၊ (၆၃) မိကျောင်း၊ (၆၄) တံခွန်လျှား၊ (၆၅) တံခွန်ကုက္ကား၊ (၆၆) ရွှေသံလျဉ်း၊ (၆၇) ရွှေရောင်တောက်နေသည့် သားမြီးယပ်၊ (၆၈) ကေလာသ ငွေတောင်၊ (၆၉) ခြင်္သေ့မင်း၊ (၇၀) ကျားမင်း။

(၇၁) ဝလာဟကမြင်းမင်း၊ (၇၂) ဥပေါသထဆင်မင်း၊ သို့မဟုတ် ဆဒ္ဒန်ဆင်မင်း၊ (၇၃) ဗာသုကိနဂါးမင်း၊ (၇၄) ရွှေဟသာမင်း၊ (၇၅) ဥသဘနွားမင်း၊ (၇၆) ရှောဝဏ်ဆင်မင်း၊ (၇၇) ရွှေမကန်း၊ (၇၈) ရွှေလှေ၊ (၇၉) ဗြဟ္မာမင်း၊ (၈၀) သားငယ်နှင့်တကွ နို့စားနွားမ။

(၈၁) ကိန္နရာ ဖို-မ၊ (၈၂) ကရဝိက်ငှက်မင်း၊ (၈၃) ဥဒေါင်းမင်း၊ (၈၄) ကြိုးကြာငှက်မင်း၊ (၈၅) စက္ကဝါက်ငှက်မင်း၊ (၈၆) ဇီဝဇိုဝ်းငှက်မင်း၊ (၈၇-၉၂) ကာမာဝစရနတ်ပြည်ခြောက်ထပ်၊ (၉၃-၁၀၈) ရူပါဝစရဗြဟ္မပြည် တစ်ဆယ့်ခြောက်ထပ်- တို့ ဖြစ်ကုန်၏[၁]။

ဖော်ပြပါ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော်တို့ကို အောက်ပါ စက်တော်ရာ ရှိခိုးဂါထာများ ပါဠိ အနက်ကို ဌာန်ကရိုဏ်းကျန ပီပြင်စွာ ရွတ်ဖတ်ရှိခိုး ပူဇော် ကြည်ညိုရာ၏။

၉၈။ ပါဒေသု ယဿ ဇာတာနိ၊ ဒွေ စက္ကာနိ သကမ္မတော။
နာနာကာရေဟိ ပုဏ္ဏာနိ၊ ဝန္ဒေ တံ ပုရိသုတ္တမံ။
၉၉။ သတ္တိ စ သိရိဝစ္ဆော စ၊ နန္ဒိယာဝဋ္ဋမေဝ စ။
သော ဝတ္ထိကော ဝဋံသော စ၊ ဝဍ္ဎမာနဉ္စ ပီဌကံ။
၁၀၀။ အင်္ကုသဉ္စ ပါသာဒေါ၊ တောရဏံ ဆတ္တမေဝ စ။
ခဂ္ဂေါ စ တာလဝဏ္ဋဉ္စ၊ မောရဟတ္ထကဗီဇနီ။
၁၀၁။ ဥဏှီသံ မဏိ ပတ္တဉ္စ၊ ဒါမံ နီလုပ္ပလံ တထာ။
ရတ္တံ သေတုပ္ပလဉ္စ၊ ပဒုမံ ပုဏ္ဍရိကံပိ စ။
၁၀၂။ ပုဏ္ဏဃဋော ပုဏ္ဏပါတိ၊ သမုဒ္ဒေါ စက္ကဝါဠကံ။
ဟိမဝါ သိနေရု စေဝ၊ သူရိယော စန္ဒိမာ တထာ။
၁၀၃။ နက္ခတ္တာ စတုရော ဒီပါ၊ ဒွိသဟဿပရိတ္တကာ။
စက္ကဝတ္တိ သေတသခေါ၊ မစ္ဆာဒနံ ယုဂဉ္စ တထာ။
၁၀၄။ စက္ကံ စေဝ မဟာဂင်္ဂါ၊ မဟာသေလာ မဟာသရာ။
သုပဏ္ဏကော သံသုမာရော၊ ဓဇော ပဋ္ဋာကမေဝ စ။

၁။ ဇိနာလင်္ကာရဋီကာ၊ ဝိဇ္ဇာတ မင်္ဂလာဝဏ္ဏနာ။ ၁၀၉-နှာ။
ဒီ၊ ဋ္ဌ၊ ၂။ ၃၇။ မ၊ ဋ္ဌ၊ ၃။ ၂၅၀-လည်းကြည့်။

၁၀၅။ ပါဋ္ဌကီ ဝါဋ္ဋမီဇနီ၊ ကေလာသပဗ္ဗတောပိ ဝါ။
သီဟရာဇာ ဗျဂ္ဃရာဇာ၊ ဝဋ္ဋာဟော စ ဥပေါသထော။
၁၀၆။ ဗာသုကီ နာဂရာဇာ စ၊ ဟံသော စ ဥသဘောပိ ဝါ။
ဧရာဝဏော မကာရော စ၊ ဟရိနာဝါ စတုမ္မုခါ။
၁၀၇။ သဝစ္ဆကာ ဝါ စ ဂါဝီ၊ ကိန္နရော ကိန္နရိပိ စ။
ကရဝိကော မယူရော စ၊ ကောဉ္စရာဇာ စ တထေဝ စ။
၁၀၈။ စက္ကဝါကဒိဇောဝေဝ၊ ဇီဝဉ္ဇီဝကနာမကာ။
ဆကာမာဝစရာ ဒေဝါ ဗြဟ္မလောကာ စ သောဠသ။
၁၀၉။ တေသနဋ္ဌုတ္တရသတ လက္ခဏာနိ မဟေသိနော။
ပါဒေသု ယဿ ဒိဿန္တေ၊ ဝန္ဒေတံ ပုရိသုတ္တမံ။

၉၈။ ယဿပုရိသုတ္တမဿ = အကြင်ထူးခြားဥက္ကဋ္ဌ ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား၏။ ပါဒေသု=၂·ဖက်သော ခြေဖဝါး တော် အပြင်တို့၌။ သံကမ္မတော= ကိုယ်တော်မြတ် ပြုစုတော်မူခဲ့သော ကောင်းမှုတော်အနန္တကြောင့်။ ဇာတာနိ = ဖြစ်ပေါ်လာကုန်သော။ နာနာကာရေဟိ = တစ်ထောင်သော အကန့်အကွက်ပုံတောင်းချက်မနှင့် တကွ အခြင်းအရာဥဿုံ အလုံးစုံတို့ဖြင့်။ ပုဏ္ဏာနိ=ပြည့်ကုန်သော။ ဒွေ = နှစ်ပါးကုန်သော။ စက္ကာနိ = စက်လက္ခဏာတော်တို့သည်။ သန္တိ = ထင်ရှားပုံသေ ရှိပေကုန်၏။ တံပုရိသုတ္တမံ = ထူးခြားဥက္ကဋ္ဌ ယောကျ်ား မြတ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို။ အဟံ = နှစ်ပါးနာမ်ရုပ် အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ = ရိုသေမြတ်နိုး ရှိခိုးပါ၏။

၉၉။ (၁)သတ္တိ စ=လှံမလည်းကောင်း။(၂)သိရိဝစ္ဆော စ=အိမ်မှန် လည်းကောင်း။ ဝါ=ကျက်သရေတိုက်လည်းကောင်း။ (၃) နန္ဒိယာဝဋ္ဋ- ပေဝစ=ဇလပ်ပန်းလည်းကောင်း။ (၄) သောဝတ္တိကော=လည်ရေးသုံး ဆင့် လည်းကောင်း။(၅)ဝဋံသောစ=ဦးဆောက်ပန်းလည်းကောင်း။ဝါ= ဦးစိုက်ပန်းလည်းကောင်း။ (၆) ဝဍ္ဍမာနဥ္စ = ထမင်းပွဲလည်းကောင်း။ (၇) ပီဌကံ = အင်းပျဉ်လည်းကောင်း။ဝါ = ရွှေသလွန်လည်းကောင်း။

၁၀၀။ (၈) အင်္ကုသဉ္စေဝ = ချွန်းတောင်းလည်းကောင်း။ (၉) ပါသာဒေါ = ပြာသာဒ်လည်းကောင်း။ (၁၀) တောရဏံ = တုရိုဏ်တိုင် လည်းကောင်း။ ဝါ = တံခါးတိုင်လည်းကောင်း။ (၁၁)ဆတ္တမေဝစ =

ထီးဖြူလည်းကောင်း။ (၁၂) ခဂ္ဂေါ စ = သန်လျက်လည်းကောင်း။ (၁၃) တာလဝဏ္ဋ = ထန်းရွက်ယပ်ဝန်းလည်းကောင်း။ ဝါ = လှုပ တင့်ဆန်း ယပ်ဝန်းလည်းကောင်း။ (၁၄) မောရဟတ္ထကဗီဇနီ = ဥဒေါင်းမြီးစည်းယပ်လည်းကောင်း။

၁၀၁။ (၁၅) ဥဏှီသံ = သင်းကျစ်တော်လည်းကောင်း။ (၁၆) မဏိ = ပတ္တမြားကျောက်မျက်လည်းကောင်း။ (၁၇) ပတ္တဋ္ဌ = အရောင်တလက်လက် တဖိတ်ဖိတ်ထွက်သော စားတော်ခွက်လည်းကောင်း။ (၁၈) ဒါမံ = မုလေးပန်းဆိုင်းလည်းကောင်း။ (၁၉) နီလုပ္ပလံ = ကြာညို လည်းကောင်း။ (၂၀) ရတ္တုပ္ပလံ = ကြာနီလည်းကောင်။ (၂၁) သေတုပ္ပလဋ္ဌ = ကြာဖြူလည်းကောင်း။ (၂၂) ပဒုမံ = ပဒုမ္မာကြာ လည်းကောင်း။ (၂၃) ပုဏ္ဍရိကံပိစ = ပုဏ္ဍရိက်ကြာလည်းကောင်း။

၁၀၂။ (၂၄) ပုဏ္ဏဃဋော = မုန်ညင်းဖြူစေ့စသည်ဖြင့် ပြည့်သောအိုး လည်းကောင်း။ (၂၅) ပုဏ္ဏပါတိ = မုန်ညင်းဖြူစေ့စသည်ဖြင့် ပြည့်သော ခွက်ဖလားလည်းကောင်း။ (၂၆) သမုဒ္ဒေါ = သမုဒ္ဒရာလည်းကောင်း။ (၂၇) စက္ကဝါဠကံ = စကြဝဠာတောင် လည်းကောင်း။ (၂၈) ဟိမဝါ စ = ဟိမဝန္တာတောင်သေလာ လည်းကောင်း။ (၂၉) သိနေရု စ = 'မဏ္ဍိုင်ဗဟို လေးရောင်စိုသည့် မြင်းမိုရ်တောင်လည်းကောင်း။ (၃၀) သူရိယော = နေဝန်းလည်းကောင်း။ တထာ = ထိုမှတစ်ပါး။ (၃၁) စန္ဒိမာ = လဝန်းလည်းကောင်း။

၁၀၃။ (၃၂) နက္ခတ္တာ = ကြယ်တာရာနက္ခတ်တို့ လည်းကောင်း။ (၃၃-၃၆) ဒီပသဟဿပရိတ္တကာ = ကျွန်းငယ်အရံ နှစ်ထောင်နှင့်တကွ ဖြစ်ကုန်သော။ စတုရောဒီပါ = ကျွန်းကြီးလေးကျွန်းတို့ လည်းကောင်း။ (၃၇) စက္ကဝတ္တိ = အခြွေအရံ ရတနာခုနစ်ပါးနှင့်ပြည့်စုံသော စကြာမင်း လည်းကောင်း။ (၃၈) သေတသင်္ခေါ = လက်ယာရစ်လည်သော ခရုသင်း ဖြူလည်းကောင်း။ တထာ = ထိုမှတစ်ပါး။ (၃၉) မစ္ဆာနံ = ယုဂဠံ = ရွှေငါးကြင်းတို့၏အစုံလည်းကောင်း။

၁၀၄။ (၄၀) စက္ကံစေဝ = စက်လက်နက်လည်းကောင်း။ (၄၁-၄၇) မဟာဂင်္ဂါ = ဂင်္ဂါမြစ်ကြီး ခုနစ်မြစ်လည်းကောင်း။ (၄၈-၅၄) မဟာ သေလာ = တောင်စဉ်တောင်ရံခုနစ်လုံးတို့လည်းကောင်း။ (၅၅-၆၁) သတ္တ

မဟာသရာ = သီဒါခုနစ်တန်တို့လည်းကောင်း။ ဝါ = အိုင်ကြီးခုနစ်အိုင်တို့လည်းကောင်း။(၆၂) သုပဏ္ဏကော = ဂဠုန်ငှက်မင်းလည်းကောင်း။ (၆၃)သံသုမာရော=မိကျောင်းလည်းကောင်း(၆၄)ဓဇာ=တံခွန်လျှားတို့လည်းကောင်း။(၆၅) ပဋ္ဋာကမေဝစ = တံခွန်ကုက္ကားလည်းကောင်း။

၁၀၅။ (၆၆) ပါဠင်္ကိ = ရွှေသံလျဉ်းလည်းကောင်း။ (၆၇)ဝါဠ ဗီဇနီ=ရွှေရောင်တောက်ပြောင်သားမြီးယပ်လည်းကောင်း။(၆၈)ကေလာသပဗ္ဗတောပိဝါ=ကေလာသငွေတောင်လည်းကောင်း။ (၆၉) သီဟ-ရာဇာ = ခြင်္သေ့မင်းလည်းကောင်း။(၇၀)ဗျဂ္ဃရာဇာ = ကျားမင်းလည်းကောင်း။(၇၁)ဝဠာဟကော = ဝဠာဟကမြင်းမင်းလည်းကောင်း။(၇၂) ဥပေါသထော = ဥပေါသထဆင်မင်းလည်းကောင်း။

၁၀၆။ (၇၃) ဗာသုကီနာဂရာဇာစ = ဗာသုကီနဂါးမင်း လည်းကောင်း။ (၇၄) ဟံသောစ = ရွှေဟင်္သာမင်းလည်းကောင်း။(၇၅) ဥသဘောပိဝါ = ဥသဘ နွားမင်းလည်းကောင်း။ (၇၆) ဧရာဝဏောစ = ဧရာဝဏ်ဆင်မင်းလည်းကောင်း။(၇၇) မကာရောစ = ရွှေမကန်း လည်းကောင်း (၇၈)ဟရိနာဝါ = ရွှေလှေလည်းကောင်း။(၇၉) စတုမ္မုခါ = မျက်နှာလေးခု လည်းကောင်း။ ဝါ = ဗြဟ္မာမင်းလည်းကောင်း။

၁၀၇။ (၈၀) သဝစ္ဆကာ = သားငယ်နှင့်တကွ ဖြစ်သော။ ဂါဝီဝါစ = နို့စားနွားမလည်းကောင်း။ (၈၁) ကိန္နရော = ကိန္နရာဖို လည်းကောင်း။ (၈၂) ကိန္နရိပိစ = ကိန္နရီမလည်းကောင်း။ (၈၃) ကရဝီ-ကော။ကရဝိက်ငှက်မင်းလည်းကောင်း။(၈၄)မယူရောစ = ဥဒေါင်းမင်းလည်းကောင်း။တထေဝ=ထိုမှတစ်ပါးသာလျှင်။(၈၄)ကောဥ္စရာဇာစ=ကြိုးကြာငှက်မင်းလည်းကောင်း။(၈၅)စက္ကဝါကဒိဇောစေဝ=စက္ကဝါက်ငှက်မင်းလည်းကောင်း။(၈၆)ဇီဝဉ္ဇီဝကနာမကာ=ဇီဝဇိဝ်းအမည်ရှိသောငှက်တို့လည်းကောင်း။(၈၇-၉၂)ဆကာမာဝစရာ ဒေဝါ = ကာမာဝစရနတ်ပြည်ခြောက်ထပ်တို့လည်းကောင်း။(၉၃-၁၀၀)သောဠသဗြဟ္မလော-ကာစ=ရူပါဝစရ ဗြဟ္မပြည်တစ်ဆယ့်ခြောက်ထပ်တို့လည်းကောင်း။ဣတိ=ဤသို့။ ဝါ = ဤသို့ခွဲခြားသရုပ်အားဖြင့်။ ဧတာနိ အဋ္ဌုတ္တရ သတလက္ခ-ဏာနိ = ဤတစ်ရာ့ရှစ်ကွက်စက်လက္ခဏာတို့သည်။ ယဿ မဟေသိနော= သိလက္ခဏ် စသည်ကျေးဇူး ဂုဏ်အထူးကို ရှင်မြူးဝမ်းသာရှာမှီးတော်မူဘတ်

အကြင်ဘုရားမြတ်၏။ ပါဒေသု=ဘယ်ညာနှစ်ထွေ ခြေဖဝါးအပြင်တို့၌။ ဒိဿန္တေ = ပြတ်သားကြည်လင်ထင်ကုန်၏။ ပုရိသုတ္တမံ = ယောကျ်ားမြတ် ဖြစ်တော်မူသော။ တံ မဟေသိံ =သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ရှင်မြူးဝမ်းသာ ရှာတော်မူတတ် ထိုဘုရားမြတ်ကို။ အဟံ=နှစ်ပါးနာမ်ရုပ် အကျွန်ုပ်သည်။ ဝန္ဒေ = ဝန္ဒာမိ = ရှိခိုးပါ၏။[၁]။

ကြည်ညိုဖွယ် လက္ခဏာတော်ငယ် ရှစ်ဆယ်

အလောင်းတော်မြတ် ဗောဓိသတ်၏ လက္ခဏာတော်ငယ် ရှစ်ဆယ် တို့ကိုလည်း အောက်ပါအတိုင်း ဖတ်ရှုကြည်ညိုရာ၏။

၁။ အကြားမလပ် စေ့စပ်သောလက်ချောင်းတော် ခြေချောင်းတော် ရှိခြင်း = စိတင်္ဂုလိတာ။

၂။ အရင်းမှအဖျားတိုင်အောင် အစဉ်အတိုင်း သွယ်ပျောင်းသော လက်ချောင်း ခြေချောင်းတော်ရှိခြင်း = အနုပုဗ္ဗင်္ဂုလိတာ။

၃။ လုံးသောလက်ချောင်းတော် ခြေချောင်းတော်ရှိခြင်း = ဝဋ္ဋင်္ဂုလိတာ။ (ခြေချောင်း လက်ချောင်း၌ ၃ ပါး)

၄။ နီမြန်းသော ခြေသည်းတော် လက်သည်းတော်ရှိခြင်း = တမ္ဗနခတာ။

၅။ မြင့်ချွန်း ညွတ်သော လက်သည်းတော် ခြေသည်းတော် ရှိခြင်း = တုင်္ဂနခတာ။

၆။ သိမ်မွေ့ပြေပြစ်သော လက်သည်းတော် ခြေသည်းတော် ရှိခြင်း။ သိနိဒ္ဓနခတာ။ (လက်သည်း ခြေသည်း၌ ၃ပါး)

၇။ မရှိက်မမိုသော ဖမျက်တော်ရှိခြင်း-နိဂူဠဂေါပ္ဖကတာ။ (ဖမျက်တော်၌ ၁ ပါး)

၁။ ဗုဒ္ဓဝံသပါဠိ၌ စက်လက္ခဏာ အမြွက် အချို့အဝက်-
ယဿ တုယှံ မဟာဝီရ၊ ပါဒေသု စက္ကလက္ခဏံ။
ဓဇဝဇိရပဋာကာ၊ ဝဍ္ဎမာနင်္ကုသာစိတံ။
ဟု လာရှိသည်။ ဗုဒ္ဓဝံ။ ၃၀၂-ကြည့်။

၈။ ခြေချောင်းတော်ဆယ်ချောင်းလုံး အဖျားညီညွတ်ခြင်း - သမပါဒတာ။ (ခြေချောင်းတော်၌ ၁ ပါး)

၉။ ဆင်မင်းပမာ စံပယ်စွာ ကြွသွားတော်မူခြင်း = ဂဇသမာ-နက္ကမတာ။

၁၀။ ခြင်္သေ့မင်းအလား စံပယ်စွာ ကြွသွားတော်မူခြင်း = သီဟသမာနက္ကမတာ။

၁၁။ ဟင်္သာမင်းသဖွယ် စံပယ်စွာ ကြွသွားတော်မူခြင်း = ဟံသသမာနက္ကမတာ။

၁၂။ ဥသဘာနွားမင်းအလွား စံပယ်စွာ ကြွသွားတော်မူခြင်း = ဥသဘသမာနက္ကမတာ။

၁၃။ လက်ယာရစ်လည်၍ ကြွသွားတော်မူခြင်း = ဒက္ခိဏာဝဋ္ဋ-ဂတိတာ။ (ကြွသွားတော်မူခြင်း ၅ ပါး)

၁၄။ ထက်ဝန်းကျင်မှ ရှုချင်စဖွယ် တင့်တယ်သော ပုဆစ်ဒူးဝန်း ရှိတော်မူခြင်း = သမန္တတော စာရုဇဏ္ဏုမဏ္ဍလတာ။ (ပုဆစ်ဒူးဝန်းတော်၌ ၃ ပါး)

၁၅။ ပြည့်စုံအောင်မြောက်သောယောကျ်ားနိမိတ်ဗျည်းရှိခြင်း= ပရိပုဏ္ဏ ပုရိသနိမိတ္တဗျဉ္ဇနတာ။ (နိမိတ်တော်၌ ၁ ပါး)

၁၆။ လက်ယာရစ်လည်သော အရေးအကြောင်း မပေါက်မပြတ် သော ချက်တော်ရှိခြင်း = အစ္ဆိဒ္ဒနာဘိတာ။

၁၇။ နက်သော ချက်တော်ရှိခြင်း = ဂမ္ဘီရနာဘိတာ။

၁၈။ လက်ယာရစ်လည်သော အရေးအကြောင်းရှိသော ချက် တော်ရှိခြင်း = ဒက္ခိဏာဝဋ္ဋနာဘိတာ။ (ချက်တော်၌ ၃ ပါး)

၁၉။ ဆင်နှာမောင်းနှင့် တူသော ပေါင်တော် လက်ရုံးတော် ရှိတော်မူခြင်း = ဒွိရဒကရသဒိသဉ္ဇူရုဘုဇာတာ။

၂၀။ ကောင်းစွာဝေဖန်အပ်သော ကိုယ်တော်ရှိခြင်း = သုဝိ-ဘတ္တဂတ္တတာ။ (ကိုယ်နေကိုယ်ထား သန့်ရှင်းသည်ဟူ၏။)

၂၁။ အစဉ်အတိုင်း ရှေ့ရှေ့တက်သော ကိုယ်တော်ရှိခြင်း = အနုပုဗ္ဗဂတ္တတာ။ (အထက်ပိုင်း အောက်ပိုင်း အဆင်ပြေသည်ဟူ၏။)

၂၂။ ပြေပြစ်သော ကိုယ်တော်ရှိခြင်း = မဋ္ဌဂတ္တတာ။

၂၃။ မရှိုက်မမိုသော အလုံးစုံကိုယ်တော်ရှိခြင်း = အနုံသာနုံ-နာနုံသာနုံသဗ္ဗဂတ္တတာ။

၂၄။ မတွန့်မလိပ်သော ကိုယ်တော်ရှိခြင်း = အလီနဂတ္တတာ။

၂၅။ မှဲ့ ဝက်ခြံ စသည်မှ ကင်းသော ကိုယ်တော်ရှိခြင်း = တိလကာဒိ ဝိရဟိတဂတ္တတာ။

၂၆။ အစဉ်အတိုင်း ပြိုးပြိုးပြက်သော ကိုယ်တော်ရှိခြင်း = အနုပုဗ္ဗရုစိရဂတ္တတာ။

၂၇။ အထူးသဖြင့် စင်ကြယ်သောကိုယ်တော် ရှိတော်မူခြင်း = သုစိသုဒ္ဓဂတ္တတာ။

၂၈။ ကုဋေတစ်ထောင်သော ကာဠာဝကဆင်တို့၏ အားကိုဆောင်နိုင်သောအားတော်ရှိခြင်း = ကောဋိသဟဿဟတ္ထိဗလ ဓာရဏတာ။ (ကာယဗလအားတော်၌ လက္ခဏာ ၁-ပါး)

၂၉။ ရွှေချွန်းအတူမြင့်တက်သော နှာခေါင်းတော်ရှိခြင်း = တုင်္ဂနာသတာ။ (နှာခေါင်းတော်၌ ၁-ပါး)

၃၀။ အလွန်နီမြန်းသော သွားဖုံးသားတော်ရှိခြင်း = သုရတ္တ-ဒွိဇမံသတာ။ (သွားဖုံးတော်၌ ၁-ပါး)

၃၁။ စင်ကြယ်သော သွားတော်ရှိခြင်း = သုဒ္ဓဒန္တတာ။

၃၂။ သိမ်မွေ့ ပြေပြစ်သော သွားတော်ရှိခြင်း = သိနိဒ္ဓဒန္တတာ။ (သွားတော် လက္ခဏာ ၂-ပါး)

၃၃။ စင်ကြယ်သောမျက်စိစသောဣန္ဒြေရှိခြင်း=ဝိသုဒ္ဓိန္ဒြိယတာ။ (မျက်စိ, နား, နှာ, လျှာ, ကိုယ် ဣန္ဒြေတို့၌ ၁-ပါး)

၃၄။ လုံးသော စွယ်တော်ရှိခြင်း = ဝဋ္ဋဒါဌတာ။ (စွယ်တော်၌ ၁-ပါး)

၃၅။ နီမြန်းသော နှုတ်ခမ်းတော်ရှိခြင်း = ရတ္တောဋ္ဌတာ။ (နှုတ်ခမ်းတော်၌ ၁ ပါး)

၃၆။ ရှည်သော ခံတွင်းတော်ရှိခြင်း = အာယတဝဒနတာ။ (ခံတွင်းတော်၌ ၁-ပါး)

၃၇။ နက်သော လက်တော် အရေးအသား (လက္ခဏာ အရေးအသား) ရှိခြင်း = ဂမ္ဘီရပါဏိလေခတာ။

၃၈။ ရှည်သော လက်တော် အရေးအသား (လက္ခဏာ အရေးအသား) ရှိခြင်း = အာယတလေခတာ။

၃၉။ မကွေ့မကောက် ဖြောင့်သော လက်တော်အရေးအသား (လက္ခဏာအရေးအသား) ရှိခြင်း = ဥဇုလေခတာ။

၄၀။ နှစ်လိုဖွယ်ဖြစ်သော သဏ္ဌာန်ရှိသည့် လက်တော် အရေးအသား (လက္ခဏာ အရေးအသား) ရှိခြင်း = သုရုစိရ-သဏ္ဌာနလေခတာ။ (လက်တော် အရေးအကြောင်း လက္ခဏာကြောင်း ၄ ပါး)။

၄၁။ ထက်ဝန်းကျင်ဝန်းဝိုင်းသောကိုယ်တော်ရောင်ရှိခြင်း-ပရိ-မဏ္ဍလကာယပ္ပဘာဝန္တတာ။ (ကိုယ်တော်ရောင်၌ ၁-ပါး)

၄၂။ ပြည့်ဖြိုးသော ပါးစောင် (ပါးပြင်)တော် ရှိခြင်း = ပရိပုဏ္ဏကပေါလတာ။ (ပါးတော်၌ ၁-ပါး)

၄၃။ ရှည်လျားပြန့်ကျယ်သော မျက်ကွင်းတော် မျက်လုံးတော် ရှိခြင်း = အာယတဝိသာလနေတ္တတာ။

၄၄။ ငါးမျိုးသော အဆင်းဖြင့် အလွန်လျှင် ကြည်လင်သော မျက်လုံးတော်ရှိခြင်း = ပဉ္စပသာဒဝန္တနေတ္တတာ။ (မျက်လုံးတော်၌ ၂-ပါး)

၄၅။ အဖျား ကော့ညွတ်သော မျက်တောင် မျက်မွေးတော်ရှိ (မျက်တောင် မျက်မွေးတော်များ အဖျားကော့ရှော့ရှိ) ခြင်း = ကုဉ္စိတဂ္ဂပခုမတာ။ (မျက်တောင် မျက်မွေးတော်၌ ၁-ပါး)

၄၆။ နူးညံ့ပါးလှပ် နီစွာသော လျှာတော်ရှိခြင်း = မုဒုတ လုနုရတ္တ ဇိဝှတာ။

၄၇။ ရှည်လျားတင့်တယ် နှစ်လိုဖွယ်သော နားတော်ရှိခြင်း = အာယတရုစိရကဏ္ဏတာ။ (နားတော်၌ ၁ ပါး)

၄၈။ ထုံးဖုနေသောအကြောများ မရှိခြင်း = နိဂ္ဂဏ္ဌိသိရတာ။

၄၉။ မရှုက်မမို(မပေါ်မထင်ရှား)သောအကြောတော်ရှိခြင်း - နိဂ္ဂူဠှသိရတာ။ (အကြောတော်၌ လက္ခဏာ ၂-ပါး)

၅၀။ လုံးဝန်းသော ထီးဝန်းသဖွယ် တင့်တယ်သော ဦးခေါင်းတော် ရှိခြင်း = ဝဋ္ဋဆတ္တနိဘစာရုသီသတာ။ (ဦးခေါင်းတော်၌ ၁-ပါး)

၅၁။ ရှည်လျားပြန့်ကျယ် တင့်တယ်သော နဖူးတော်ရှိခြင်း = အာယတ ပုထုနလာဋ သောဘတာ။ (နဖူးပြင်တော်၌ လက္ခဏာ ၁-ပါး)

၅၂။ မပြုံမပြင် ပင်ကိုယ်တင့်တယ်သောသဏ္ဌာန်ရှိသည့် မျက်မှောင် မျက်ခုံးတော် ရှိခြင်း = သုသဏ္ဌာနဘမုကတာ။

၅၃။ နူးညံ့သိမ်မွေ့သော မျက်မှောင် မျက်ခုံးတော် ရှိခြင်း = သဏှဘမုကတာ။

၅၄။ လှပလျှော်ကန် တင့်တယ်ဖွယ်ရာစွာ တက်သောမျက်မှောင်တော် မျက်ခုံးတော် ရှိခြင်း = အနုလောမဘမုကတာ။

၅၅။ ကြီးသော မျက်မှောင် မျက်ခုံးတော် ရှိခြင်း = မဟန္တဘမုကတာ။

၅၆။ ရှည်သွယ်သော မျက်မှောင် မျက်ခုံးတော်ရှိခြင်း = အာယတဘမုကတာ။ (မျက်မှောင် မျက်ခုံးတော်၌ လက္ခဏာ ၅ ပါး)

၅၇။ သိမ်မွေ့သော ကိုယ်တော်ရှိခြင်း = သုကုမာလဂတ္တတာ။

၅၈။ အလွန်ချမ်းအေးသော ကိုယ်တော်ရှိခြင်း = အတိဝိယ သောမ္မဂတ္တတာ။

၅၉။ အလွန်ထွန်းပသော ကိုယ်တော်ရှိခြင်း = အတိဝိယ ဥဇ္ဇလိတဂတ္တတာ။

၆၀။ အညှစ်အကြေးကင်းသော ကိုယ်တော်ရှိတော်မူခြင်း= ဝိမလဂတ္တတာ။

၆၁။ မစေးမထိုင်းသော ကိုယ်တော်ရှိခြင်း= (ထာဝစဉ် သွက်လက်သော ကိုယ်တော်ရှိခြင်း)=ကောမလဂတ္တတာ။

၆၂။ သိမ်မွေ့ပြေပြစ်သော ကိုယ်တော်ရှိခြင်း= သိနိဒ္ဓဂတ္တတာ။

၆၃။ မွှေးကြိုင်သော ကိုယ်တော်ရှိခြင်း = သုဂန္ဓတနုတာ။ (ရှေး ၂၀မှ ၂၇ တိုင် လက္ခဏာတော် ဂ-ပါးနှင့်ပေါင်း၍ ကိုယ်တော်၌ လက္ခဏာတော် ၁၅-ပါး)

၆၄။ ညီညွတ်သော မွေးညင်းတော်ရှိခြင်း = သမလောမတာ။

၆၅။ မစေးမထိုင်းသော မွေးညင်းတော်ရှိခြင်း = ကောမလလောမတာ။

၆၆။ မွေးညင်းတိုင်း မွေးညင်းတိုင်း လက်ယာရစ်လည် တည်ရှိခြင်း = ဒက္ခိဏာဝဋ္ဋလောမတာ။

၆၇။ ကွဲပြတ်သော မျက်စဉ်းကျောက်လိုလို ညိုသော မွေးညင်းတော်ရှိခြင်း = ဘိန္နဥ္စနသဒိသနီလလောမတာ။

၆၈။ လုံးသော မွေးညင်းတော်ရှိခြင်း = ဝဋ္ဋလောမတာ။

၆၉။ သိမ်မွေ့သော မွေးညင်းတော်ရှိခြင်း=သိနိဒ္ဓလောမတာ။ (မွေးညင်းတော်၌ လက္ခဏာတော် ၆-ပါး)

၇၀။ လွန်စွာသိမ်မွေ့သော ထွက်သက်ဝင်သက်ကိုဆောင်ခြင်း= အတိသုခုမ အဿာသပဿာသဓာရဏတာ။ (ထွက်လေဝင်လေ၌ လက္ခဏာ ၁-ပါး)

၇၁။ မွှေးကြိုင်သော ခံတွင်းတော်ရှိခြင်း = သုဂန္ဓမုခတာ။ (ခံတွင်းတော်၌ လက္ခဏာ ၁-ပါး)

၇၂။ သင်းပျံ့မွှေးကြိုင် ရနံ့လှိုင်သော ဦးထိပ်တော်ရှိခြင်း = သုဂန္ဓမုဒ္ဓတာ။

၇၃။ လွန်စွာမည်းနက်သော ဆံတော်ရှိခြင်း=သုနီလကေသတာ

၇၄။ လက်ယာရစ်လည်သော ဆံတော်ရှိခြင်း = ဒက္ခိဏာဝဋ္ဋကေသတာ။

၇၅။ အလွန်လျှင် တည်နေဟန်ကောင်းသောဆံတော်ရှိခြင်း = သုသဏ္ဌာနကေသတာ။
၇၆။ သိမ်မွေ့နူးညံ့သောဆံတော်ရှိခြင်း=သိနိဒ္ဓသဏှကေသတာ။
၇၇။ မရောယှက်သောဆံတော်ရှိခြင်း= အလုလိတကေသတာ။
၇၈။ အတိုအရှည် နှစ်မည်မပြား တူမျှသော ဆံတော်ရှိတော်မူခြင်း=သမ ကေသတာ။
၇၉။ မစေးမထိုင်းသော ဆံတော်ရှိခြင်း=ကောမလကေသတာ။ (ဆံတော်၌ လက္ခဏာ ၅-ပါး)။
၈၀။ ကေတုမာလာ ရောင်လျှံတော်ဖြင့်ဆန်းကြယ်တော်မူခြင်း= ကေတုမာလာရတနဝိစိတ္တတာ[၁]။

အလောင်းတော်မြတ် ဗောဓိသတ် [ဘုရားမြတ်စွာ]ကို အောက်ပါ လက္ခဏာတော်ငယ် ရှစ်ဆယ် ဂါထာပါဌ်၌ အနက်ကို ရွတ်ဖတ်၍လည်း ကြည်ညိုရာ၏။

လက္ခဏာတော်ငယ် ရှစ်ဆယ်ဘုရားရှိခိုး

၁၁၀။ ကတပုညတ္တာနေကေသု၊ ဘဝေသု ပုရိသုတ္တမော။
စိတင်္ဂုလိ အနုပုဗ္ဗ-င်္ဂုလိ ဝဋ္ဋင်္ဂုလီ တထာ။
၁၁၁။ တမ္ဗနခေါ တုင်္ဂနခေါပိ၊ သုသိနိဒ္ဓနခေါပိ စ။
နိဂူဠဂေါပ္ဖကော စေဝ၊ သမပါဒေါ ပုနာပရော။
၁၁၂။ ဂဇသမာနက္ကမော စ၊ သီဟသမာနက္ကမောပိ စ။
ဟံသသမာနက္ကမော စေဝ၊ ဥသဘသမာနက္ကမော။
၁၁၃။ ဒက္ခိဏာဝဋ္ဋဂတိကော၊ သမ္ဗသတ္တုပ္ပဋမော မုနိ။
သမန္တတော စာရုဇဏ္ဏု-မဏ္ဍလော စ တထာပရော။
၁၁၄။ ပုဏ္ဏပုရိသနိမိတ္တ-ဗျဉ္ဇနော အစ္ဆိဒ္ဒနာဘိ။
ဂမ္ဘီရနာဘိ ဒက္ခိဏာ-ဝဋ္ဋနာဘိ တု ဥတ္တမော။
၁၁၅။ ဒွိရဒကရသဒိသ-ဦရုဘုဇော ပုနာပရော။
သုဝိဘတ္တဂတ္တော စေဝ၊ အနုပုဗ္ဗဂတ္တောပိ

[၁] နေစလက်ာရဋ္ဌိကာဓိဇာတကမင်္ဂလာ။ ၁၉၈—နှာ။

၁၁၆။ မဋ္ဌဂတ္တော အနုဿန္နာ-နာနုဿန္နဂတ္တောပိ စ။
အလီနဂတ္တော တိလကာဒိ-ဝိရဟိတဂတ္တော တထာ။

၁၁၇။ အနုပုဗ္ဗသုရုစိရ-ဂတ္တော ဝိသုဒ္ဓဂတ္တကော။
ကောဋိသဟဿဟတ္ထိဗလ-ဓာရဏော တုင်္ဂနာသကော။

၁၁၈။ သုရတ္တဒွိဇမံသော စ၊ သုဒ္ဓဒန္တော သိနိဒ္ဓဒန္တော။
ဝိသုဒ္ဓိန္ဒြိယော ဝဋ္ဋဒါဌော၊ ရတ္တောဋ္ဌော အာယတဝဒနော။

၁၁၉။ ဂမ္ဘီရပါဏိလေခေါ စ၊ အာယတလေခကောပိ စ။
ဥဇုလေခေါ သုရုစိရ—သဏ္ဌာနလေခကောပိ စ။

၁၂၀။ ပရိမဏ္ဍလကာယပ္ပဘော၊ ပရိပုဏ္ဏကပေါလော တထာ။
အာယတဝိသာလနေတ္တော ပဉ္စ—ပသာဒဝန္တနေတ္တကော။

၁၂၁။ ကုဉ္စိတဂ္ဂဘမုကော မုဒု·တလုနရတ္တဇိဝှကော။
အာယတရုစိရကဏ္ဏော၊ နိဂုဏ္ဌိသုသိရောပိ စ။

၁၂၂။ နိဂ္ဂုဏ္ဌသိရော ဝဋ္ဋဆတ္တ-နိဘစာရုသိသော တထာ။
အာယတပုထုနလာဋ-သောဘော သုသဏ္ဌာနဘမုကော။

၁၂၃။ သဏှဘမုကော နုလောမ ဘမုကော မဟန္တဘမုကော။
အာယတဘမုကော စေဝ၊ သုကုမာလဂတ္တောပိ စ။

၁၂၄။ အတိဝိယ သောမ္မဂတ္တော၊ ဥဇ္ဇလိတဂတ္တော တထာ။
ဝိမလဂတ္တော ကောမလ-ဂတ္တော သိနိဒ္ဓဂတ္တကော။

၁၂၅။ သုဂန္ဓတနု သမလောမော၊ ကော်မလလောမဝါ တထာ။
ဒက္ခိဏာဝဋ္ဋလောမော စ၊ အဟောသိ ပုရိသာသဘော။

၁၂၆။ ဘိန္နဉ္ဇနသဒိသနီလ လောမော သုဝဋ္ဋလောမကော။
သိနိဒ္ဓလောမော အတိသုခုမ—အဿာသ ပဿာသ ဓာ-
ရဏော။

၁၂၇။ သုဂန္ဓမုခေါ သုဂန္ဓ-မုဒ္ဓေါ သုနီလကေသဝေါ။
ဒက္ခိဏာဝဋ္ဋကေသော စ၊ သုသဏ္ဌာနကေသောပိ စ။

၁၂၈။ သိနိဒ္ဓသဏှကေသော စ၊ အလုလိတကေသော တထာ။
သမကေသော ကောမလကေသော ကေတုမာလာ ဝိစိတ္တ-
ကော။

၁၂၉။ ဣတိ အသီတိဗျဉ္ဇန-ဥပေတံ သက်ျကုဥ္ဇရံ။
ဝိသိဋ္ဌံ သဗ္ဗလောကဿ၊ ဝန္ဒာမိ သိရသာဒရံ။

၁၁၀။ ပုရိသုတ္တမော=ဘုရားညွန့်ဖူး ယောကျ်ားမြတ် အာဇာနည် ပုဂ္ဂိုလ်ထူးသည်။ အနေကေသု ဘဝေသု=ရေတွက်မရ မြားမြောက်စွာ ကုန်သော ဘဝတို့၌။ ကတပုညတ္တာ=ကောင်းမှုတော်အရပ်ရပ် ပြုတော်မူ အပ်သည်၏ အဖြစ်ကြောင့်။ (၁) စိတင်္ဂုလိ=အကြားမလပ် စေ့စပ်သော လက်ချောင်းတော် ခြေချောင်းတော် ရှိတော်မူ၏။ (၂) အနုပုဗ္ဗအင်္ဂုလိ= အရင်းမှအဖျားတိုင်အောင် အစဉ်အတိုင်းသွယ်ပျောင်းသောလက်ချောင်း တော်ခြေချောင်းတော်ရှိတော်မူ၏။ တထာ=ထိုမှတစ်ပါး။ (၃) ဝဋ္ဋင်္ဂုလိ= လုံးသော လက်ချောင်းတော် ခြေချောင်းတော် ရှိတော်မူ၏။

၁၁၁။ (၄) တမ္ဗနခေါ=နီမြန်းသော ခြေသည်းတော် လက်သည်း တော် ရှိတော်မူ၏။ (၅) တုင်္ဂနခေါ=မြင့်ချွန်းညွတ်သောလက်သည်းတော် ခြေသည်းတော် ရှိတော်မူ၏။ (၆) သုသိနိဒ္ဓနခေါ = သိမ်မွေ့ပြေပြစ်သော လက်သည်းတော် ခြေသည်းတော် ရှိတော်မူ၏။ (၇) နိဂူဋ္ဌဂေါပ္ဖကော= မရှိုက်မမိုသော ဖမျက်တော် ရှိတော်မူ၏။ (၈) သမပါဒေါ=ခြေချောင်း တော် ဆယ်ချောင်းလုံး ညီညွတ်သော အဖျားရှိတော်မူ၏။

၁၁၂။ (၉) ဂဇသမာနက္ကမော=ဆင်မင်းပမာ စံပယ်စွာ ကြွသွား တော်မူခြင်း ရှိတော်မူ၏။ (၁၀) သီဟသမာနက္ကမော=ခြင်္သေ့မင်းအလား စံပယ်စွာ ကြွသွားခြင်း ရှိတော်မူ၏။ (၁၁) ဟံသသမာနက္ကမော= ဟင်္သာမင်းသဖွယ်စံပယ်စွာကြွသွားတော်မူခြင်းရှိတော်မူ၏။ (၁၂) ဥသဘ- သမာနက္ကမော=ဥသဘ နွားမင်းအလား စံပယ်စွာ ကြွသွားတော်မူခြင်း ရှိတော်မူ၏။

၁၁၃။ သဗ္ဗသတ္တုတ္တမော=သတ္တဝါအားလုံးတို့ထက် မြတ်တော်မူ သော။ မုနိ=မုနိထွတ်မှူး ပုဂ္ဂိုလ်ထူးသည်။ (၁၃) ဒက္ခိဏာဝဋ္ဋဂတိ- ကော=လက်ယာရစ်လည်၍ ကြွတော်မူခြင်းရှိတော်မူ၏။ (၁၄) သမန္တတော စာရုဇဏ္ဏုမဏ္ဍလော=ထက်ဝန်းကျင်မှ ရှုချင်စဖွယ် တင့်တယ်သော ပုဆစ် ဒူးဝန်း ရှိတော်မူ၏။

၁၁၄။ (၁၅) ဥတ္တမော=အလောင်းတော်မြတ်သည်။ ပုဏ္ဏပုရိသ- နိမိတ္တဗျဉ္ဇနော=ပရိပုဏ္ဏပုရိသနိမိတ္တဗျဉ္ဇနော=ပြည့်စုံအောင်မြောက်သော

ယောကျ်ားနိမိတ်ဗျည်း ရှိတော်မူ၏။ (၁၆) အစ္ဆိဒ္ဒနာဘိ=လက်ယာရစ်လည်သော အရေးအကြောင်း မပေါက်မပြတ်သော ချက်တော်ရှိတော်မူ၏။ (၁၇) ဂမ္ဘီရနာဘိ=နက်သော ချက်တော် ရှိတော်မူ၏။ (၁၈) ဒက္ခိဏာဝဋ္ဋနာဘိ = လက်ယာရစ်လည်သော အရေးအကြောင်းရှိသော ချက်တော် ရှိတော်မူ၏။

၁၁၅။ (၁၉) ဒွိရဒကရသဒိသဥရုဘုဇော = ဆင်နှာမောင်းနှင့် တူသော ပေါင်တော် လက်ရုံးတော် ရှိတော်မူ၏။ (၂၀) သုဝိဘတ္တဂတ္တော= ကောင်းစွာ ဝေဖန်အပ်သော ကိုယ်တော်ရှိတော်မူ၏။ (၂၁) အနုပုဗ္ဗ-ဂတ္တော = အစဉ်အတိုင်း ရွှေရွှေတက်သော ကိုယ်တော်ရှိတော်မူ၏။

၁၁၆။ (၂၂) မဋ္ဌဂတ္တော = ပြေပြစ်သောကိုယ်တော် ရှိတော်မူ၏။ (၂၃)အနုဿန္နာနာနုဿန္နဂတ္တော = အနုဿန္နာနာနုဿန္နသဗ္ဗဂတ္တော = မရှုံ့မပိုသော အလုံးစုံသော ကိုယ်တော်ရှိတော်မူ၏။ (၂၄) အလီန-ဂတ္တော = မတွန့်မလိပ်သော ကိုယ်တော် ရှိတော်မူ၏။ (၂၅) တိလကာ-ဒိဝိရဟိတဂတ္တော = မှဲ့ဝက်ခြံစသည်မှ ကင်းသော ကိုယ်တော် ရှိတော်မူ၏။

၁၁၇။ (၂၆) အနုပုဗ္ဗသုရုစိရဂတ္တော = အစဉ်အတိုင်း ပြိုးပြိုးပြက်သော ကိုယ်တော် ရှိတော်မူ၏။ (၂၇) ဝိသုဒ္ဓဂတ္တော = သုဝိသုဒ္ဓ-ဂတ္တော = အထူးသဖြင့် စင်ကြယ်သော ကိုယ်တော် ရှိတော်မူ၏။ (၂၈) ကောဋိသဟဿဟတ္ထိဗလဓာရဏော - ကုဋေတစ်ထောင်သော ကာဠာဝက ဆင်တို့၏ အားကို ဆောင်နိုင်သော ကာယဗလအားတော် ရှိတော်မူ၏။ (၂၉) တုင်္ဂနာသကော = ရွှေချွန်းအတူ မြင့်တက်သော နှာခေါင်းတော် ရှိတော်မူ၏။

၁၁၈။ (၃၀) သုရတ္တဒွိဇမံသော=အလွန်နီမြန်းသော သွားဖုံးသားတော် ရှိတော်မူ၏။ (၃၁) သုဒ္ဓဒန္တော = စင်ကြယ်သောသွားတော် ရှိတော်မူ၏။ (၃၂)သိနိဒ္ဓဒန္တော=သိမ်မွေ့ပြေပြစ်သော သွားတော်ရှိတော်မူ၏။ (၃၃) ဝိသုဒ္ဓိန္ဒြိယော = စင်ကြယ်သော မျက်စိစသော ဣန္ဒြေရှိတော်မူ၏။ (၃၄) ဝဋ္ဋဒါဌော = လုံးသော စွယ်တော် ရှိတော်မူ၏။ (၃၅) ရတ္တောဋ္ဌော = နီမြန်းသော နှုတ်ခမ်းတော် ရှိတော်မူ၏။ (၃၆) အာယတဝဒနော = ရှည်သော ခံတွင်းတော် ရှိတော်မူ၏။

၁၁၉။ (၃၇) ဂမ္ဘီရပါဏိလေခေါ=နက်သော လက်တော် အရေးအသား ရှိတော်မူ၏။ (၃၈)အာယတလေခကော = ရှည်သောလက်တော် အရေးအသား ရှိတော်မူ၏။(၃၉)ဥဇုလေခေါ=မကွေ့မကောက် ဖြောင့်သော လက်တော်အရေးအသား ရှိတော်မူ၏။(၄၀) သုရုစိရသဏ္ဌာနလေ-ခကော=နှစ်လိုဖွယ်ဖြစ်သော သဏ္ဌာန်ရှိသော အရေးအသားရှိတော်မူ၏။

၁၂၀။ (၄၁) ပရိမဏ္ဍလကာယပ္ပဘော=ထက်ဝန်းကျင် ဝန်းဝိုင်းသော ကိုယ်တော်ရောင် ရှိတော်မူ၏။ (၄၂) ပရိပုဏ္ဏကပေါလော = ပြည့်ဖြိုးသော ပါးစောင် ရှိတော်မူ၏။ (၄၃)အာယတဝိသာလနေတ္တော= ရှည်လျားပြန့်ကျယ်သော မျက်ကွင်းတော် မျက်လုံးတော် ရှိတော်မူ၏။ (၄၄) ပဉ္စပသာဒဝန္တနေတ္တကော = ငါးမျိုးသောအဆင်းဖြင့် အလွန်လျှင် ကြည်လင်သော မျက်လုံးတော် ရှိတော်မူ၏။

၁၂၁။ (၄၅)ကုဉ္စိတဂ္ဂဘမုကော = အဖျား ကော့တက်သော မျက်တောင် မျက်မွေး ရှိတော်မူ၏။ (၄၆) မုဒုတလုနရတ္တဇိဝှကော = နူးညံ့ပါးလှပ် နီစွာသော လျှာတော် ရှိတော်မူ၏။ (၄၇) အာယတရုစိရ-ကဏ္ဏော = ရှည်လျားတင့်တယ် နှစ်လိုဖွယ်သော နားတော် ရှိတော်မူ၏။ (၄၈) နိဂ္ဂဏ္ဌိသိရော = ဖုထုံးသော အကြောများ ရှိတော်မမူပါချေ။

၁၁၂။ (၄၉)နိဂ္ဂူဋ္ဌသိရော=မရှိက်မမိုသော အကြော ရှိတော်မူ၏။ (၅၀) ဝဋ္ဋဆတ္တနိဘစာရုသီသော = လုံးဝန်းသော ထီးဝန်းသဖွယ် တင့်တယ်သော ဦးခေါင်းတော် ရှိတော်မူ၏။(၅၁) အာယတပုထုနလာဋ္ဌ-သောဘော = ရှည်လျားပြန့်ကျယ် တင့်တယ်သော နဖူးတော် ရှိတော်မူ၏။ (၅၂) သုသဏ္ဌာနဘမုကော = မပြုမပြင် ပင်ကိုတင့်တယ်သော သဏ္ဌာန်ရှိသော မျက်မှောင်မျက်ခုံးတော် ရှိတော်မူ၏။

၁၂၃။ (၅၃) သဏှဘမုကော = နူးညံ့သိမ်မွေ့သော မျက်မှောင်တော် မျက်ခုံးတော် ရှိတော်မူ၏။ (၅၄)အနုလောမဘမုကော = လှပလျော်ကန် တင့်တယ်ဖွယ်ရာစွာတက်သော မျက်မှောင်တော် မျက်ခုံးတော် ရှိတော်မူ၏။ (၅၅) မဟန္တဘမုကော = ကြီးသော မျက်မှောင် မျက်ခုံးတော် ရှိတော်မူ၏။ (၅၆) အာယတဘမုကော = ရှည်သွယ်သော မျက်မှောင်တော် မျက်ခုံးတော် ရှိတော်မူ၏။(၅၇)သုကုမာလဂတ္တော = သိမ်မွေ့သော ကိုယ်တော် ရှိတော်မူ၏။

၁၂၄။ (၅၈) အတိဝိယ သောမ္မဂတ္တော=အလွန်ချမ်းအေးသော ကိုယ်တော်ရှိတော်မူ၏။ (၅၉) အတိဝိယ ဥဇ္ဇလိတဂတ္တော= အလွန်ထွန်းပသောကိုယ်တော် ရှိတော်မူ၏။ (၆၀) ဝိမလဂတ္တော=အညစ်အကြေးကင်းသော ကိုယ်တော် ရှိတော်မူ၏။ (၆၁) ကောမလဂတ္တော= မစေးမထိုင်းသောကိုယ် ရှိတော်မူ၏။ (၆၂) သိနိဒ္ဓဂတ္တော=သိမ်မွေ့ပြေပြစ်သော ကိုယ်ရှိတော်မူ၏။

၁၂၅။ (၆၃) ပုရိသာသဘော=အလောင်းတော် ယောကျ်ားမြတ်သည်။ သုဂန္ဓတနု=မွှေးကြိုင်သော ကိုယ်ရှိတော်မူ၏။ (၆၄) သမလောမော=ညီညွတ်သော မွှေးညှင်းတော်ရှိတော်မူ၏။ (၆၅ ကောမလလောမဝါ = မစေးမထိုင်းသော မွှေးညှင်းတော်ရှိတော်မူ၏။ (၆၆) ဒက္ခိဏာဝဋ္ဋလောမော = မွှေးညှင်းတိုင်း မွှေးညှင်းတိုင်း လက်ယာရစ်လည်တည်ရှိတော်မူသည်။ အဟောသိ = ဖြစ်လေပြီ။

၁၂၆။ (၆၇)ဘိန္နဥ္ဇနသဒိသနီလလောမော = ကွဲပြတ်သောမျက်စဉ်းကျောက်လိုလို ညိုသော မွှေးညှင်းတော်ရှိတော်မူ၏။ (၆၈) သုဝဋ္ဋလောမဂတော = လုံးသောမွှေးညှင်းတော်ရှိတော်မူ၏။(၆၉)သိနိဒ္ဓလောမော= သိမ်မွေ့သောမွှေးညှင်းတော်ရှိတော်မူ၏။ (၇၀) အတိသုခုမ အဿာသပဿာသဓာရဏော = လွန်စွာသိမ်မွေ့သောထွက်သက်ဝင်သက်ကိုဆောင်တော်မူ၏။

၁၂၇။ (၇၁) သုဂန္ဓမုခေါ = မွှေးကြိုင်သော ခံတွင်းတော် ရှိတော်မူ၏။ (၇၂) သုဂန္ဓမုဒ္ဓေါ = သင်းပျံ့မွှေးကြိုင် ရနံ့လှိုင်သော ဦးထိပ်တော်ရှိတော်မူ၏။(၇၃) သုနီလကေသဝေါ = လွန်စွာမည်းနက်သော ဆံတော်ရှိတော်မူ၏။ (၇၄) ဒက္ခိဏာဝဋ္ဋကေသော = လက်ယာရစ်လည်သော ဆံတော်ရှိတော်မူ၏။ (၇၅) သုသဏ္ဌာနကေသော=အလွန်လျှင် တည်နေဟန်ကောင်းသောဆံတော် ရှိတော်မူ၏။

၁၂၈။ (၇၆) သိနိဒ္ဓသဏှကေသော = သိမ်မွေ့နူးညံ့သော ဆံတော်ရှိတော်မူ၏။ (၇) အလုလိတကေသော = မရောယှက်သော ဆံတော်ရှိတော်မူ၏။ (၇) သမကေသော = အတိုအရှည်နှစ်မည်မပြားတူမျှသော

၁။ အတိဝိယ သောမ္မဂတ္တော-က အတိဝိယ-လိုက်သည်။
၂။ အဟောသိ-ကို နောက်ဆုံးပုဒ်၌သာ စပ်လိုက်သည်။

ဆံတော်ရှိတော်မူ၏။ (၇၉) ကောမလကေသော = မစေးမထိုင်းသောဆံတော် ရှိတော်မူ၏။ (၈၀) ကေတုမာလာ ဝိစိတ္တကော = ကေတုမာလာ ရောင်လျှံတော်ဖြင့် ဆန်းကြယ်တော်မူ၏။

၁၂၉။ ဣတိ = ဤသို့ တိကျထုတ်ဆို ဖော်ပြခဲ့သည့်အတိုင်း။ အသီတိ-ဗျဉ္ဇနုဥပေတံ - ရှစ်ဆယ်သောလက္ခဏာတော်ငယ်တို့နှင့်ပြည့်စုံတော်မူသော။ သဗ္ဗလောကဿ=အလုံးစုံသော သတ္တလောကထက်။ ဝိသိဋ္ဌ=ထူးချွန်ဥက္ကဋ္ဌ မြတ်တော်မူသော။ သကျကုဥ္ဇရံ=သာကီဝင်ထွတ်မှူး ပုဂ္ဂိုလ် ဘုန်းကို။ အဟံ—နှစ်ပါးနာမ်ရုပ် အကျွန်ုပ်သည်။ သိရသာ = ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ = လေးမြတ်ကြည်ညိုရိုသေစွာ။ ဝန္ဒာမိ = ရှိခိုးပါ၏။

သတပုညလက္ခဏာတော်

ပြဆိုခဲ့ပြီးသော လက္ခဏာတော်ကြီးငယ် အသွယ်သွယ်တို့ကို သတပုညလက္ခဏာတော်များဟု ခေါ်ဆိုရသည်။ အနန္တစကြဝဠာ လောကဓာတ်၌ သတ္တဝါအားလုံးတို့ကို တစ်မျိုးမျိုးသော ကောင်းမှုကုသိုလ်ကို အကြိမ်များစွာပြုလုပ်၍စုပေါင်းရေတွက်အပ်သောကောင်းမှုကုသိုလ်တစ်မျိုးမျိုးကိုပင် အလောင်းတော်သူမြတ်တစ်ဦးတည်းက အပြန်တစ်ရာ ပြုလုပ် ကြိုးပမ်းတော်မူခဲ့လေသည်။ ထိုအလောင်းတော်၏ ကောင်းမှုကုသိုလ်တော်ကို သတပုညဟုခေါ်၍ ယင်းသတပုည ကောင်းမှုကုသိုလ်တော်တို့ကြောင့်ဖော်ပြခဲ့သည့်လက္ခဏာတော်ကြီးသုံးဆယ့်နှစ်ပါး လက္ခဏာတော်ငယ်ရှစ်ဆယ်ဟူသော အကျိုးတို့ကို ရတော်မူခဲ့လေသည်။

၁၃၀။ သတပုညကုသလေဟိ၊ မဟာသတ္တော ဝိနာယကော။
ဒွတ္တိံသအနုဗျဉ္ဇန—လက္ခဏာနိ အလတ္ထ ခေါ။

သိဒ္ဓတ္ထဟု မှည့်ခေါ်ခြင်း

ပုဏ္ဏားပညာရှိတို့သည် လက္ခဏာကြီးငယ် အသွယ်သွယ်တို့ကို ကြည့်ရှုဆင်ခြင် နိမိတ်ဖတ်ကြားကြပြီး လောကအားလုံး၏ အကျိုးစီးပွားအောင်မြင်ပြီးမြောက်အောင် ရွက်ဆောင်တော်မူမည့်အကြောင်း နိမိတ်ဗျာပွတ်ဟိတ်ကို အစွဲပြုကြပြီး "သိဒ္ဓတ္ထ"ဟု အမည်နာမ မှည့်ခေါ်ကြလေကုန်၏။

၁၃၁။ သိဒ္ဓတ္ထော ဣတိ နာမမ္ပိ၊ အဒံသု ဝေဒပါရဂူ။
သော ဟိ လောကဿ အတ္ထံ၊ ကေန္တေန ကရိဿတိ။

ချမ်းသာစွာ ကြီးပွားတော်မူခြင်း

အလောင်းတော်မင်းသားသည် ကပိလကြငှန်း ရွှေနန်းတော်ကြီး အတွင်းဝယ် တင့်တယ်စုံညီ အချိတော် အထိန်းတော်တို့က ယုယုယယ သာယာသည်းပျော့ ချော့မော့ ဖျော်တော် အဖြေခံကာ သာကီမျိုးတူ နန်းတော်သူတို့အတွင်း ချမ်းသာစွာ ကြီးပွားတော်မူခဲ့လေသည်။

၁၃၂။ ကုမာရော စာရုဒဿီဟိ၊ တောသိတော ရာဇကေတနေ။
ဝုဒ္ဓေါသိ သုသုခံ ခေမံ၊ သကျကညာနမန္တရေ။

လယ်ထွန်မင်္ဂလာပွဲခြင်း

အလောင်းတော်မင်းသားတစ်လသားအရွယ်တွင် ခမည်းတော်သုဒ္ဓေါဒနမင်းတရားသည် လယ်ထွန်မင်္ဂလာကို မှူးတော်မတ်တော် ပုဏ္ဏားရှိရွှေဖော်များဖြင့် ခမ်းနားစွာပွဲလုပ် စီမံတော်မူခဲ့လေသည်။

၁၃၃။ ဗောဓိသတ္တော ယဒါ ကေ-မာသိကော သကျပုင်္ဂဝေါ။
သုဒ္ဓေါဒနော ပိတာ ရာဇာ၊ အကာ ခေါ ဝပ္ပမင်္ဂလံ။

သုဒ္ဓေါဒနမင်းကြီးသည် နယုန်လ၌ ကပိလဝတ်နေပြည်တော်တစ်ခုလုံးကို နတ်မြို့ကဲ့သို့ ငှက်ပျောပင်ရှင် နီလွင်စိန်ဝါ ရတနာအောင်လံ ပန်းမန်ကုက္ကား မုလေးပွားတို့ဖြင့် တန်ဆာဆင်စေလေသည်။

၎င်းနောက် မင်းတရားသည် မင်း၏ဘဏ္ဍာ လယ်တော် ပယ်တော်များကိုလည်း ငှက်ပျောပင်ရှင် နီလွင်စိန်ဝါ ရတနာအောင်လံ ပန်းမန်ကုက္ကား မုလေးပွားတို့ဖြင့် အဆန်းတကြယ် တန်ဆာဆင်စေလေသည်။ ၎င်းနောက် နွားများကို ရွှေသားဦးချို၊ ရွှေဖြင့်ပြီးသောကြိုး၊ ရွှေဖြင့်ပြီးသောခွာတို့ဖြင့် တင့်တယ်လှပအောင် တန်ဆန်ဆင်စေတော်မူလေသည်။

၁၃၄။ ပုရံ သော ဇေဋ္ဌမာသမှိ၊ အလင်္ကရိ သောဘနံ။
ကာဒလီ ဓဇမာလာဟိ၊ ဒေဝပုရံဝ လင်္ကတံ။

၁၃၅။ တတော သော ရာဇခေတ္တဋ္ဌ၊ အလင်္ကရိ အနေကဓာ။
ဂေါဏေ သုဝဏ္ဏသိင်္ဂေဟိ၊ သောဏ္ဍာယောတ္တခုရေဟိစ။

ရင်းနောက် မှုံးမတ်များ,စစ်ဗိုလ်ချုပ်ကြီးများ, လယ်ထွန်မင်္ဂလာတွင် ပါဝင်ကြမည့်အခြွေအရံအားလုံး လက်ပါးစေအပျိုတော် မောင်းမများ တို့ကို ဖြူသောအဝတ်တန်ဆာတို့ဖြင့် တန်ဆာဆင်တော်မူလေသည်။

၁၃၆။ အမစ္စေ မဟာယောဓေ စ၊ ပရိဝါရေ စ သဗ္ဗသော။
ဂူတ္ထာဂါရေ စ ဩဒါတာ၊ အလင်္ကရိတ္ထ ပတ္ထိဝေါ။

သုဒ္ဓေါဒနမင်းကြီးသည် လွန်စွာချောမွတ်လှသောဘွဲ့ဖြူပုဆိုးကို ဝတ်ရုံ စံပယ်တော်မူ၍ ရတနာရောင် ပြိုးပြိုးပြောင်သည့် မကိုဋ်တော်ကို ဆောင်း တော်မူလျက် မင်္ဂလာထီးဖြူတော်ကို ဆောင်းတော်မူ၏။ ရွှေနှင်တံကို စွဲကိုင်ပြီး နန္ဒဝန်ဥယျာဉ်တော်သို့ ထွက်တော်မူသောသိကြားမင်း၏ အသွင် ရေကဲ့သို့ မြားမြောက်လှစွာသောမောင်းမမိဿံ ခြွေရံထပ်ထပ် မှုံးမတ် ဗိုလ်ပုံ အလုံးစုံဖြင့် ဝန်းရံတော်မူလျက် မင်းတို့၏ကျက်သရေ ထိန်ဝေ ထွန်းလင်း တင့်တယ်ခြင်းဖြင့် မင်္ဂလာလယ်တော်ကြီးသို့ အောင်စည်ရွှမ်း ဆော် ထွက်တော်မူလေသည်။

၁၃၇။ ဒုကုလံ ပါရုပိတွာန၊ ရာဇမကုဋ္ဌဗန္ဓိတော။
သေတစ္ဆတ္တံ ဓာရယန္တော၊ ဂဟေတွာ သောဏ္ဏပါစနံ။

၁၃၈။ မဟတာ ပရိဝါရေန၊ ခေတ္တံ နိက္ခမိ မင်္ဂလံ။
ဒေဝါဓိပေါဝ ဒေဝေဟိ၊ လီလာယ နန္ဒနံ ဝနံ။

အလောင်းတော်မြတ် သိဒ္ဓတ္ထမင်းသားကိုလည်း နဝရတ်ကိုးသွယ် စလွယ်လွှမ်းတင် တန်ဆာဆင်၍ လယ်ထွန်မင်္ဂလာပွဲသဘင်ကြီးသို့ယူဆောင် တော်မူခဲ့ပြီး လယ်ထွန်မင်္ဂလာ ဆင်ယင်ရာနေရာ အနီး လှပတင့်တယ် မွှေးလျော်ဖွယ်ကောင်းသည့် ဇမ္ဗုသပြေပင်အောက်ဝယ် ကမ္ဗလာအခင်းကို ခင်း၍ တင်းတိမ်ကန့်လန့်ကာများ ဝန်းရံ၍ အစောင့်အရှောက်များဖြင့် ချထားတော်မူလေသည်။ သုဒ္ဓေါဒန မင်းတရားကြီးသည် လယ်တော် မင်္ဂလာကြီးအတွင်းဝယ် ထိုထို့ကြိုကြို လူးလာတုန့်ပြန် အဖန်ဖန် ရွှေထွန် ကိုးစီး နှင်တံကြီးကို စွဲကိုင်ကာ ခရီးတွင်အောင် နှင်တော်မူလေသော မင်းတို့ ၏ကျက်သရေဖြင့် အလွန်လျှင် တင့်တယ်တော်မူလေသည်။

၁၃၉။ ပုတ္တံပိ အလင်္ကရိယ၊ အာဒါယ ဝပ္ပမင်္ဂလံ။
ကာသန္တော သော ဣသောဒိသံ၊ ရာဇာရာဇလီလယာ။

အလောင်းတော်မင်းသား အာနာပါနပဥ္စမဈာန်ရတော်မူခြင်း

အထိန်းအယ အစောင့်အရှောက်တို့သည် လယ်ထွန်မင်္ဂလာပွဲသဘင်ကြည့်ရှုအံ့ဟု တင်းတိမ်ကန့်လန့်ကာအတွင်းမှ အပြင်သို့ထွက်ကြလေသည်။ ထိုအခါ အလောင်းတော်မင်းသားသည် ထိုထို ကြည့်ရှုတော်မူရာ အနီးအပါး၌ တစ်စုံတစ်ယောက်သောသူကိုမျှ မမြင်သဖြင့် နေရာမှထ၍ပြီး ငြိမ်သက်တည်ကြည်စွာ တင်ပျဉ်ခွေ နေတော်မူလျက် ထွက်လေ့ဝင်လေတို့ကို အာရုံပြုအောက်မေ့ မှတ်သားသော အာနာပါနဿတိ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်း သိမ်းဆည်းတော်မူလေရာ ရူပါဝစရ ပဥ္စမဈာန်တိုင်အောင် ရတော်မူလေသည်။

၁၄၀။ အာသနာ ဥဋ္ဌဟိတွာန၊ ဗုဒ္ဓင်္ကုရော သုဗုဒ္ဓိမာ။
ပလ္လင်္ကံ အာဘုဇိတွာန၊ ဈာနံ ဈာယိတ္ထ ကေကော။

တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်တော်မူခြင်း

မယ်တော်မာယာဒေဝီ နတ်ရွာစံပြီးနောက် သုဒ္ဓေါဒနမင်းကြီးသည် မဟာပဇာပတိ ဂေါတမီကို မိဖုရားကြီးအရာသို့ မြှင့်တင် မြှောက်စားတော်မူသည်။ မယ်တော်မဟာမာယာက သိဒ္ဓတ္ထမင်းသားကို ဖွားမြင်၍ နှစ်ရက် သုံးရက်အရောက်တွင် မဟာပဇာပတိဂေါတမီသည် နန္ဒမင်းသားကို ဖွားမြင်လေသည်။ မိထွေးတော်ဂေါတမီသည် သားရင်းနန္ဒမင်းသားကို အထိန်းတော်တို့အား အပ်နှင်း နို့ရည်တိုက်ကျွေးစေ၍ မိမိကမူ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားကို နို့ချိုတိုက်ကျွေးပြုစုခဲ့လေသည်[၁]။ သုဒ္ဓေါဒနမင်းကြီးခန့်ထားသည့် အထိန်းတော်မိန်းမပေါင်း ၂၄၀-တို့ကလည်း သင့်သလို နို့ရည်တိုက်ကျွေးခြင်း, ရေချိုးပေးခြင်း, ထိန်းချီယုယခြင်း စသည်တို့ကို ပြုကြသည်။ သိကြားမင်း စေလွှတ်သဖြင့် ဝိသကြုံနတ်သား ဖန်ဆင်းသည့် ကြာမျိုးငါးပါးနှင့်ပြည့်စုံသော ရေကန်ကြီး၌လည်း ရေကစား၍ ပျော်ရွှင်ချမ်းမြေ့တော်မူလေသည်[၂]။

အလောင်းတော် သက်တော် တစ်ဆယ့်ခြောက်နှစ်တွင် သုဒ္ဓေါဒနမင်းကြီးသည် မင်းအဖြစ်ဖြင့် အဘိသိက်သွန်းကာ မင်းအဖြစ် လွှဲအပ်တော်

၁။ မ၊ ဋ္ဌ၊ ၄။ ၂၂၂
၂။ အံ၊ ဋ္ဌ၊ ၂။ ၁၂၄-၃၂၅။

မူသည်။ အလောင်းတော်သည် ဆောင်းရာသီစံ ရမ္မနန်းပြာသာဒ်, နွေရာသီစံ သုရမ္မနန်းပြာသာဒ်, မိုးရာသီစံ သုဘနန်းပြာသာဒ်တို့၌ ရာသီအလိုက် စံတော်မူခဲ့လေသည်။

၁၄၁။ သော ဥတုသဝဿိကော သက္ကျ-နန္ဒနော ပိတရာ သတာ။
ရာဇတ္တေ အဘိသိတ္တောသိ၊ မောဒေသိ ဘုဝနတ္တယေ။

သက္ကျနန္ဒော=သာကီဝင်တို့၏ ရွှင်ပျို့နှစ်သက်ရာဖြစ်သော အလောင်းတော်မြတ် မင်းသိဒ္ဓတ်သည်။ ဝါ-သာကီဝင်တို့ ရွှင်ပျို့နှစ်သက်ရာဖြစ်သော အလောင်းတော်မြတ် မင်းသိဒ္ဓတ်ကို။ သောဥတုသဝဿိကော= တစ်ဆယ့်ခြောက်နှစ် အရွယ်တော်ခေတ်သို့ ရောက်လတ်သည်ရှိသော်။ သတာသန္တေန=နှလုံးပျော့ပျောင်း သူတော်ကောင်းဖြစ်တော်မူသော။ ပိတရာ=ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးသည်။ ရာဇတ္တေ=ကပိလဝတ်နိုင်ငံ ပိုင်စံသနင်း မင်း၏အဖြစ်၌။ အဘိသိတ္တော=အောင်စေနိမိတ် ဘွဲ့တံဆိပ်ဖြင့် ဘိသိက်သွန်းလောင်းအပ်သည်။ အသိ=ဖြစ်တော်မူ၏။ ဘုဝနတ္တယေ=ကျက်သရေပြည့်လျှမ်း နန်းမသုံးဆောင် စံတော်ဆောင်၌။ မောဒေသိ=ဒုက္ခမသန်း စံစားဝမ်းမြောက်တော်မူ၏။

ယသောဓရာမင်းသမီးကို မဟေသီမြှောက်ခြင်း

သုဒ္ဓေါဒနမင်းတရားသည် ဆွေတော်မျိုးတော်များထံ သမီးရတနာ ပို့ဆက်ရန် ရာဇသံပေးလေသည်။ သမီးရှင်များက ဘုရားအလောင်းတော်ကို "အဆင်းသာရှိ၍ အချင်းမရှိ၊ အဆင်းသာလှ၍ပညာမတတ်၊ အဆင်းလှဆန်း လူ့ပေါက်ပန်း"ဟု ကဲ့ရဲ့ကာ သမီးရတနာမပို့ဘဲ နေကြသည်။ သို့ဖြစ်၍ သုဒ္ဓေါဒနမင်းကြီးက သားတော်အား ပြောပြလေရာအခက်ဆုံးလေးအတတ်ကိုပြရန် ဝန်ခံတော်မူသည်။ ထိုအခါဝယ် ကပိလဝတ်နေပြည်တော်၌ ထင်ရှားသော လေးပ္ပါရဂူ လေးသည်တော် လေးဆရာတို့ကို နန်းတော်မြေပြင်ဝယ် စုံရုံးစေကာ လေးဆရာ လေးယောက်ကို လေးမျက်နှာကထား၍ အလောင်းတော်ဘုရားကိုယ်တိုင် အလယ်ကနေပြီးလျှင် "သင်တို့က အကျွန်ုပ်ကိုတစ်ပြိုင်နက်ပစ်ကြလော့"ဟု ပြောလေသည်။ဆရာလေးယောက်ကို ပစ်သောမြားကိုကိုလည်း မိမိအားမထိမှန်အောင် မြား

တစ်စင်းတည်းဖြင့် ကာကွယ်နိုင်လေသည်။ ဤသို့ လေးအတတ်ပြပြီးမှ ဆက်သလာသော သမီးကညာလေးသောင်းတွင် အချောအလှဆုံး ဖြစ်သော ယသောဓရာကို သိမ်းပိုက် မဟေသီမြှောက်၍ နန်းသိမ်းပွဲခံယူတော်မူလေသည်။ အခြားသမီးကညာ လေးသောင်းတို့သည် အခြွေအရံကချေသည် မောင်းမမိဿံတို့ ဖြစ်ကုန်၏။[၁]

၁၄၂။ နန္ဒနာန န သောဝဏ္ဏ-ဝဏ္ဏသောဘံ ယသောဓရံ။
သော ကာရေသိ မဟေသိတ္တံ၊ လောကနေတ္တရသာယနံ။

သော = ထိုအလောင်းတော်မြတ် မင်းသိဒ္ဓတ်သည်။ နန္ဒနာနနံ = နှစ်သက်စဖွယ် တင့်တယ်ရှင်လန်း လှဆန်းမူရှုသော မျက်နှာပုံဟန်ရှိပေသော၊ လောကနေတ္တရသာယနံ = တစ်လောကလုံး၏ မျက်စိအရသာကို ဆောင်နိုင်ပေသော။ သောဝဏ္ဏ ဝဏ္ဏသောဘံ = ရွှေအဆင်းပမာ ဝါဝင်းထိန်ပြောင်သော ကိုယ်ရောင်လည်းရှိပေသော။ ယသောဓရံ = ယသောဓရာမင်းသမီးကို။ မဟေသိတ္တံ = တောင်ညာဒေဝီ မဟေသီ မိဖုရားခေါင်ကြီးအဖြစ်ကို။ ကာရေသိ = ပြုစေတော်မူလေပြီ။

ယင်းသို့ နန်းမသုံးဆောင်စသည်ဖြင့် မင်းစည်းစိမ်ခံစားတော်မူပုံကို-

၁၄၃။ ကာလက္ကမေန စန္ဒော၀၊ ၀ဍ္ဎေန္တော ဝဓိတေ ကုလေ။
ပုညောဒယေန္ဒဒေန္တော သော၊ ဘာဏုမာ ဝိယ စမ္ဗရေ။

၁၄၄။ သိဒ္ဓတ္ထတော ဟိ သိဒ္ဓတ္တော၊ လဒ္ဓါ ဒေဝိံ ယသောဓရံ။
စတ္တာလီသသဟဿေဟိ၊ ပုရိတ္ထီဟိ ပုရေက္ခတော။

၁၄၅။ ရမ္မသုရမ္မသုဘေသု ဃရေသု၊
တိဏ္ဏမုတူန မနုဉ္ဉဝိကေသု။
ဒိဗ္ဗသုခံ ဝိယ ဘုဉ္ဇိ သုခံ သော၊
အဓ္ဓုရိယင်္ဂတုရာဇဝိဘူတိံ။

ဟု တိပိဋကဝါဂီသာစရိယမဟာကဝိ သီဟိုဠ်ပညာရှင် အရှင် ဗုဒ္ဓရက္ခိတ ပြဆိုတော်မူခဲ့လေသည်။

၁။ ဗုဒ္ဓဝံ၊ ဋ္ဌ။ ၃၂၁-ကြည့်။
၂။ ဇိနာလင်္ကာရ ဋီကာ။ ၁၄၉-နှ၁။

မင်္ဂလာ ဥယျာဉ်တော်ထွက်ခြင်း
နိမိတ်ကြီးလေးပါး မြင်တော်မူခြင်း

ဤသို့ဖြင့် အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ယသောဓရာမိဖုရားကြီး အမှူးရှိသော မင်းမိန်းမမိဿံ အခြွေရံပေါင်း လေးသောင်းတို့၏ ဖျော်ဖြေပြုစု ယုယမှုကို ခံတော်မူကာ တစ်ဆယ့်သုံးနှစ်ကြာ ကာလပတ်လုံး စက္ကဝတ်ဖျား မင်းတရားစည်းစိမ်အလား ထူးခြားများပြားသော စည်းစိမ်ကို ချမ်းသာစွာ စံစား၍ ရွယ်တော်ရင့်ဖြိုး နှစ်ဆယ့်ကိုးနှစ် ရောက်ရာ ဘိုးတော်အဥ္စနမင်း ဖြိုးကြွင်းသက္ကရာဇ်၉၇-(ကိုးဆယ့်ခုနစ်)ခု၊ ကဆုန်လပြည့်နေ့တွင် မင်္ဂလာဥယျာဉ်တော်သို့ ထွက်တော်မူလေသည်။

၁၄၆။ ဧကူနတိံသမေ ဝဿေ၊ ဝိသာခပုဏ္ဏမေ သုဘေ။
သဟ သေနာယ ဥယျာသိ၊ ယာနေနုယျာနဂူစိရံ။

ဧကူနတိံသမေ ဝဿေ=ရွယ်တော်တင့်ဖြိုး နှစ်ဆယ့်ကိုးနှစ်သို့ ရောက်တော်မူသည်ရှိသော်။ သုဘေ=တင့်တယ်လှစွာမင်္ဂလာရှိသော။ ဝိသာခပုဏ္ဏမေ=ကဆုန်လပြည့်တနင်္လာနေ့၌။ သေနာယ=စစ်သည်တော်အပေါင်းနှင့်။ သဟ=တကွ။ ဥယျာနဂူစိရံ=တင့်တယ်စည်ပင် မင်္ဂလာဥယျာဉ်တော်သို့။ ယာနေန=မင်္ဂလာယာဉ်ရထားဖြင့်။ ဥယျာသိ= ထွက်ကြွတော်မူလေပြီ။

ယင်းသို့ မင်္ဂလာဥယျာဉ်တော်သို့ထွက်ကြွတော်မူဆဲ လမ်းခရီးအကြားတွင် နတ်တို့ဆောင်ပြအပ်သော သူအို, သူနာ, သူသေ, ရဟန်းဟူသောနိမိတ်ကြီး လေးပါးကို မြင်တော်မူလေသည်။ ၎င်းပြင် မင်္ဂလာဥယျာဉ်တော်၌ ဥယျာဉ်အရသာ ခံစားပြီးနောက် မင်္ဂလာရေကန်၌ ရေချိုးပြီး နန်းတော်ပြန်ရန် မင်္ဂလာရထားတက်တော်မူစဉ် ယသောဓရာ မိဖုရားကြီး သားဦးရတနာ မျက်နှာသန့်စင် ဖွားမြင်ကြောင်း သတင်းကို ကြားသိရခြင်းတို့ကြောင့် ကြောက်ရွံ့လန့်ထိတ် သံဝေဂစိတ် ဖြစ်တော်မူလေသည်။

၁၄၇။ နိမိတ္တေ စတုရော ဒိသွာ၊ ပုတ္တဿ စ ဝိဇာယနံ။
သုတွာ ဥဗ္ဗိဂ္ဂစိတ္တေန၊ န ရမိ သက္យပုင်္ဂဝေါ။

ဂေါတမီမည်သော သာကီဝင်မင်းသမီး အငြိမ်းဥဒါန်းကျူးခြင်း

ဘုရားအလောင်းတော်သည် သံဝေဂ စိတ်တွေ တဖွားဖွားဖြစ်ကာ မင်္ဂလာဥယျာဉ်တော်မှ အလွန်လျှင် တင့်တယ်သော ကြီးမား အခြံအရံ

အသရေဖြင့် ကပိလဝတ် နေပြည်တော်သို့ ပြန်ကြွတော်မူလာသော အလောင်းတော်ကို မြင်လျှင် ကိသာဂေါတမီ မည်သော သာကီဝင် မင်းသမီးသည် အလွန်အမင်း ဝမ်းမြောက်ခြင်းဖြစ်သဖြင့် အောက်ပါ ဂါထာဖြင့် မင်္ဂလာစကား ပြွက်ကြွားကျူးရင့်လေသည်။

၁၄၈။ နိဗ္ဗုတာ နူန သာ မာတာ၊ နိဗ္ဗုတော နူန သော ပိတာ။
နိဗ္ဗုတာ နူန သာ နာရီ၊ ယဿာယံ ဤဒိသော ပတိ။[၁]

ဂါထာအနက်။ ။ယဿာ မာတုယာ=မြင်းမိုရ်တောင်ဦး မကကြူးသည့် ကျေးဇူးကြီးရှင် အကြင်မွေးမိခင်အား။ဤဒိသော=နတ်မင်း၏ကျက်သရေ လိုလက်လက်ဝေထိန်ပြောင် စိန်တောင်လေလား ယုံမှားတွေးတော ဤသို့ သဘောရှိသော။အယံ ပုတ္တော=အလျဥ်ကင် အယဉ်မကိုင်ရ ရတနာအလိမ္မာ ခေါင်မှူး ဤယခုလို သားထူးသားမြတ်သည်။ အတ္ထိ=အမြင်အားဖြင့် ထင်ရှားရှိပေ၏။သာ မာတာ=သားကောင်းအရှင် ထိုမိခင်သည်။နိဗ္ဗုတာ နူန=ကိုယ်စိတ်နှစ်ဝ ချမ်းမြငြိမ်းအေးလှပေစွတကား။ ယဿ ပိတုနော-မြင်းမိုရ်ဆယ်ပြန် ကျေးဇူးလွန်သည့် ချစ်ဝှန်ကဲအင် အကြင်မွေးဖခင်အား။ ဤဒိသော=နတ်မင်း၏ကျက်သရေလိုလက်လက်ဝေထိန်ပြောင် စိန်တောင် လေလား ယုံမှားတွေးတော ဤသို့သဘောရှိသော။ အယံ ပုတ္တော=အလျှ ဥကင် အယဉ်မကိုင်ရ ရတနာ အလိမ္မာ ခေါင်မှူး ဤယခုလို သားထူး သား မြတ်သည်။ အတ္ထိ=အမြင်အားဖြင့် ထင်ရှားရှိပေ၏။ သော ပိတာ=သား ကောင်းအရှင် ထိုမွေးဖခင်သည်။ နိဗ္ဗုတော နူန=ကိုယ်စိတ်နှစ်ဝ ချမ်းမြ ငြိမ်းအေးလှပေစွတကား။ယဿာ နာရိယာ = အိမ်သူချောသွယ် အကြင် ဇနီးသယ်အား။ဤဒိသော = နတ်မင်း၏ကျက်သရေလို လက်လက်ဝေထိန် ပြောင် စိန်တောင်အလား ယုံမှားတွေးတော ဤသို့သဘောရှိသော။ အယံ ပတိ = လပြည့်စန်းယုန် ပန်းပဒိုသို့ နန်းဂုဏ်မြောက်စား ဤလို လင် ယောကျ်ားသည်။အတ္ထိ = အမြင်အားဖြင့် ထင်ရှားရှိပေ၏။ သာ နာရီ= လင်သားကောင်းနှင့် ပေါင်းခွင့်ကြုံရ ထိုမိန်းမသည်။ နိဗ္ဗုတာ နူန = အပူ အပင် ကင်းစင်ပျောက်ဝေး အေးကြည်ငြိမ်းချမ်းပေစွတကား။

၁။ အဘိ၊ဋ္ဌ၊၁။ ၇၆။ ဓမ္မ၊ဋ္ဌ၊၁။၅၄။ အပ၊ဋ္ဌ၊၁။၇၃။ ဗုဒ္ဓဝံ၊ ဋ္ဌ၊ ၃၂၀။
ဇာ၊ဋ္ဌ၊၁။၇၁။

တစ်သိန်းတန် လည်ဆွဲပုလဲသွယ်တန်ဆာ ဆုရာစားပေးခြင်း

အလောင်းတော်သည် "နိဗ္ဗုတ = အငြိမ်း" ဟူသော ကိသာဂေါတမီ သာကီဝင်မင်းသမီး၏ ချီးကျူးသံစကားကိုကြားလေလျှင်ဤစကားသည် ငါ့အဖို့ရာ မဂ်သာရှိသော စကားပေတည်းဟု လွန်စွာဝမ်းမြောက်တော်မူသဖြင့် လည်ပင်း၌ ဝတ်ဆင်ထားသည့် တစ်သိန်းတန်ပုလဲသွယ်ကို ကိသာဂေါတမီ သာကီဝင်မင်းသမီးအား ဆုရာစားပို့စေလေသည်။ ကိသာဂေါတမီသည် သိဒ္ဓတ္ထမင်းသားသည် ငါ့အပေါ် မေတ္တာသက်ဝင် ချစ်ခင်သဖြင့် ပေးခြင်းဖြစ်ရာသည်ဟု ဆင်ခြင်ကာ စိတ်ထဲတွင် လွန်စွာဝမ်းမြောက်နေလေသည်။

၁၄၉။ သုတွာ နိဗ္ဗုတသဒ္ဒံ သော၊ ပီတော ပမုဒိတော အဟု။
တေန ဇာတု ဂေါတမိယာ၊ မုတ္တာဟာရံ ဟိ ဒါပယိ။

ကျက်သရေရှိသောအိပ်ရာထက်ဝယ် နတ်မင်းတူစွာ လျောင်းစက်တော်မူခြင်း

အလောင်းတော်သည် ဥယျာဉ်တော်မှ ကပိလပူရိကြွေ့နန်း ပြန်လည် ဆောက်တော်မူ၍ ခမ်းနားလှသော ဘုံဆောင်နန်းခွင် ပြာသာဒ်ပြင် ကျက်သရေရှိသော အိပ်ရာထက်ဝယ် နတ်မင်းကြီးကဲ့သို့ လျောင်းစက်တော်မူလေသည်။

၁၅၀။ ပစ္စာဂမ္မ ပုရံ တမှာ၊ သယနေ သိရိမဂ်လေ။
နိပဇ္ဇိ ဒေဝရာဇာဝ၊ ပါသာဒေ မနုညေ သုဘေ။

နန်းသူကညာတွေ ဖြေဖျော်ကြသော်လည်း မပျော်မွေ့ တောထွက်လို

လျောင်းစက်တော်မူသော ဘုရားအလောင်းတော်ကို နတ်သမီးတမျှ လှပသော နန်းသူကညာတွေက အကမျိုးစုံ, သီချင်းဂီတမျိုးစုံတို့ဖြင့် ဖြေဖျော်ကြသည်။ သို့ရာတွင် ဗုဒ္ဓကုံလောင်းလျာက ပျော်မွေ့ခြင်းအလျဉ်း မရှိပါချေ။ တောထွက်လိုစိတ်တွေ တဖွားဖွားဖြစ်နေတော်မူလေသည်။

၁၅၁။ ဘောဂိနီ တံ ပုရေက္ခတွာ၊ အစ္စဂီတေန ယောဇယုံ။
ဝေံ ပိ သော န ရမိတွာ၊ အဟု နိက္ခမမာနသော။

တံ=သလွန်တော်ထက် လျောင်းစက်တော်မူသော အလောင်းတော် မင်းသားကို။ ဘောဂိနီ=ယုယဖျော်ဖြေ ခြွေရွေခစား ကိုယ်လုပ်တော် မောင်းမ နန်းတွင်းသူများတို့သည်။ နစ္စဂီတေန=အကမျိုးစုံ သီချင်းဂီတ မျိုးစုံတို့ဖြင့်။ ယောဇယံ=နှစ်သိမ့်ဖျော်ဖြေ ယှဉ်စေကြလေကုန်ပြီ။သော= ထိုအလောင်းတော်မြတ် မင်းသိဒ္ဓတ်သည်။ ဝေပိ=သို့ကလို အဆိုဂီတ အက တို့ဖြင့် ဖြေဖျော်ကြကုန်သော်လည်း။ န ရမိတ္ထာ=မမွေ့လျော် ပျော်ပိုက် တော်မမူဘဲ။ နိက္ခမမာနသော အဟု=တောထွက်လိုစိတ်ဘွ တလိပ်လိပ် တဖွားဖွား ဖြစ်နေလေပြီ။

အဘိုင်းထဝ်လွှန် တောထွက်ရဟန်းပြုရန် စိတ်ညွတ်တော်မူခြင်း

ကိုယ်လုပ်တော်မောင်းမ နန်းတွင်းသူတို့ တီးမှုတ်ကပြဖြေဖျော် ခေတ္တ အိပ်ပျော်သွားသည်။ ကိုယ်လုပ်တော်မောင်းမ နန်းတွင်းသူ အနုပညာ သည်တို့သည် အလောင်းတော် အိပ်ပျော်မှန်း သိကြသဖြင့် အဆိုအက ရပ်စဲပြီး အိပ်ပျော်ကြကုန်၏။ အလောင်းတော်သည် အိပ်ရာမှနိုးသဖြင့် ပြာသာဒ်ဆောင် အခန်းကျယ်ကြီးအတွင်း မျက်စိနှစ်လုံး ဖွင့်ကြည့်တော် မူလိုက်ရာ တထိန်ထိန်လင်းနေသော မီးရောင်ကြောင့် မတော်မလျော် မြင်ကွင်းကို မြင်တော်မူရသည်။ တချို့အမျိုးသမီးတွေက စောင်းငြင်း ပတ်သာ တူရိယာတွေ ဖိအိပ်ကုန်သည်တို့ကိုလည်းကောင်း၊ တချို့အမျိုး သမီးတွေက တံတွေသွားရည်တွေ ယိုကုန်သည်တို့ကိုလည်းကောင်း၊ တချို့ အမျိုးသမီးတွေ ပါးစောင်နှင့်ကိုယ် တစ္ဆေရှိစိုနေကုန်သည်တို့ကို လည်း ကောင်း၊ တချို့အမျိုးသမီး နန်းတွင်းသူတွေ သွားကြိတ်ကုန်သည်တို့ကို လည်းကောင်း၊ တချို့အမျိုးသမီးတွေ ယောင်ယမ်းမြည်တမ်းပြောဆို၍ ဖောက်ဖောက်ပြန်ပြန် ဖြစ်နေသည်တို့ကိုလည်းကောင်း၊တချို့အမျိုးသမီး တွေပါးစပ်ပြဲပါးစပ်ဟနေကုန်သည်တို့ကိုလည်းကောင်း၊တချို့အမျိုးသမီး မောင်းမတွေ အပေါ်ပိုင်းအဝတ် အင်္ကျီခြုံထည်အဝတ်၊ အောက်ပိုင်း ထဘီ အဝတ်ကျွတ်ကုန်သည်တို့ကိုလည်းကောင်း၊ တချို့ အမျိုးသမီးတွေ ပေါ်လွင်ထင်ရှားသော ရွံစဖွယ်ရာ လျှို့ဝှက်အပ်ရာ အရပ်တွေရှိနေကုန် သည်တို့ကိုလည်းကောင်း၊ တချို့အမျိုးသမီးနန်းတွင်းသူတွေ ဆံထုံးပြေ၍ ဆံပင်တွေ ဖရိုဖရဲကျပြန့်နေကုန်သည်တို့ကို လည်းကောင်း အထင်းသား

တွေ့မြင်တော်မူရရာ လွန်စွာစိတ်ပျက် ငြီးငွေ့တော်မူလေသည်။ အလောင်းတော်သည် ပြာသာဒ်ဘုံဆောင်ခန်းမကြီးကို သုသာန်အသွင် ထင်တော်မူခဲ့လေသည်။

၁၅၂။ တာသံ ထိနံ ဝိပ္ပကာရံ၊ ဒိသွာ သမွေဂစိတ္တကော။
သုသာနမိဝ ဗိဘစ္ဆံ၊ ဇေဂုစ္ဆော အမညိ ဟိ ခေါ။

ယင်းသို့ဖြင့် ဇာတိ ဇရာ ဗျာဓိမရဏတို့၏ထိတ်လန့်ကြောက်ရွံ့စရာအဖြစ်ကို လည်းကောင်း၊ ဝတ္ထုကာမ, ကိလေသာကာမ ဟူသော ကာမနှစ်ပါး, ကာမ, ရူပ, အရူပ-ဟူသော ဘဝသုံးပါးတို့၏ သာယာစရာ နည်းပါးအပြစ်တွေသာ များနေပုံကို လည်းကောင်း၊ ဆင်ခြင်သိမြင်တော်မူပြီးလျှင် ငါးဖြာအာရုံ ကာမဂုဏ်တို့၌ အတိုင်းထက်အလွန် တပ်မက်ခြင်းကင်းသော ရွှေစိတ်တော်ရှိတော်မူသဖြင့်အလောင်းတော်မြတ်မင်းသိဒ္ဓတ်သည်ဥပဒ္ဒုတံ ဝတ ဘော=အို အချင်းတို့ နှိပ်စက်လှချည့်တကား။ ဥပဿဋ္ဌံ ဝတ ဘော=အို အချင်းတို့ ညှဉ်းပန်းလှချည့်တကား ညှဉ်းဆဲလှချည့်တကားဟု နှုတ်တော်မှ ရုတ်ဝရက် အသံထုတ် ရွတ်ဆိုမိတော်မူသည်၊ အလွန်လျှင် တောထွက်ရဟန်းပြုရန် စိတ်တော် ညွတ်တော်မူလေသည်။[၁]

၁၅၃။ ဇာတိဇရာဒိဓမ္မာနံ၊ ဘယံ ဥဗ္ဗေဂတ္တမ္ပိစ။
ဗဟုဝဇ္ဇတ္တံ ကာမာနံ၊ ဘဝါနမ္ပိ ဘယာနကံ။
ဥပဋ္ဌဟိတွာ မဟာသတ္တော၊ အတိဝ ပဗ္ဗဇ္ဇာယ နမိ။

တောထွက်ခါနီး သားတော်ကြည့်လို၍ ယသောဓရာအဆောင် ကြွတော်မူခြင်း

အလောင်းတော်မြတ် မင်းသိဒ္ဓတ်သည် တောထွက်မည့်ဆဲဆဲတွင် ဖွားမြင်ခါစဖြစ်သော သားတော်ရာဟုလာကို ကြည့်ရှုလိုသဖြင့် ကြင်ဖက်နန်းပျော် ယသောဓရာ၏ အဆောင်တော်သို့ ကြွတော်မူလေသည်။

၁၅၄။ ပဌမံ ရာဟုလံ ပုတ္တံ၊ ပဿိတွာ နိက္ခမာမဟံ။
ဣတိ စိန္တိယမာနော သော၊ အဂါ ဇာယာယ မန္ဒိရံ။

အဟံ=ငါသည်။ ပဌမံ=တောမထွက်မီ ရှေးဦးစွာ။ ပုတ္တံ ရာဟုလံ=သားဦးရတနာ ရာဟုလာကို။ ပဿိတွာ=ရှုမြင်တော်မူပြီးမှ။ နိက္ခမာမိ=

၁။ ဗုဒ္ဓဝင်။ ဋ္ဌ၊ ၃၂၉။

ကာမအနှောင်ပယ်ရှောင်ခွာဖျက်တောထွက်တော်မူတော့အံ့။ ဣတိ-ဤသို့။ သော=ထိုအလောင်းတော်မြတ် မင်းသိဒ္ဓတ်သည်။ စိန္တယမာနော-နှလုံးသို့တင် ကြံဆင်ခြင်တော်မူလျက်။ ဇာယာယ=ကြင်ဖက်နန်းပျော် ယသော်ဓရာ၏။ မန္ဒိရံ=ရတနာရောင် ပြိုးပြိုးပြောင်သည့် ဘုံနန်းဆောင်သို့။ အဂ္ဂါ=ကြွတော်မူလေပြီ။

ယသောဓရာနှင့်အတူ အိပ်ပျော်နေသော သားတော်ကို ကြည့်ရှုတော်မူခြင်း

အလောင်းတော်မင်းသားသည် ယသောဓရာစံမြန်းသည့် နန်းတော်အဆောင်တံခါးခုံ၌ ရပ်တော်မူ၍ လည်ပင်းကိုစောင်းငဲ့ ကြည့်ရှုတော်မူလေရာ မယ်တော်ဖြစ်သော ယသောဓရာနှင့်တကွ လျောင်းစက်နေသော သားတော်ကို မြင်တော်မူလေ၏။

၁၅၅။ ဌပေတွာ ပါဒဒ္ဓမ္မာရေ၊ ဂီဝမန္တော ပဝေသယံ။
ဩလောကယံ သ ပဿိတ္ထ၊ နိပ္ပန္နံ တံ သမာတရံ။

သ-သော = ထိုဘုရားအလောင်းတော်မင်းသားသည်။ ဥမ္မာရေ = ယသော်စံနန်း ခန်းဆောင်ရွှေဘုံ တံခါးခုံ၌။ ပါဒံ = ခြေတော်ကို။ ဌပေတွာ = ထားတော်မူ၍။ ဂီဝံ = ရွှေမုရိုးစည်ပုံဟန် သဏ္ဌာန်တော်ပြေပြစ် ကျစ်လျစ်သွယ်ဆင်း လည်ပင်းတော်ကို။ အန္တော = ယသော်စံနန်း နန်းဆောင်တွင်းသို့။ ပဝေသယံ = ပဝေသယန္တော=သွင်းတော်မူလျက်။ ဩလောကယံ=ဩလောကယန္တော = သေချာစေ့ငု ရှုစားတော်မူသည်ရှိသော်။ သမာတရံ = မယ်တော်ဖြစ်သော ယသော်ဓရာနှင့်တကွ။ နိပ္ပန္နံ = လျောင်းစက်နေသော။ တံ = ထိုသားကြီး ရတနာရာဟုလာကို။ ပဿိတ္ထ = မြင်တော်မူလေပြီ။

ဘုရားဖြစ်ပြီးမှ သားတော်ကိုကြည့်ရှုမည်ဟု ကြံစည်ပြီး တောထွက်တော်မူခြင်း

အလောင်းတော်သည် သားတော်ကို ရှုပ်နမ်း ပွေ့လိုသော်လည်း ယသောဓရာနိုးလာလျှင် တောထွက်ခွင့်မပေးဘဲ နေလိမ့်မည်၊ ဘုရားဖြစ်ပြီးမှ သားတော်ရာဟုလာကို အလိုရှိတိုင်း ကြည့်ရှုမည်ဟု ကြံစည်ကာ ဖွားဖက်တော် ကဏ္ဍကမြင်းကို တက်စီးတော်မူ၍ထွက်တော်မူခဲ့လေသည်။

၁၅၆။ ဂဏှေယျံ တံ အပနေတွာ။ ဗာဟုံ စ ဒေဝိယာ အဟံ။
န ဒဒေ နိက္ခမောကာသံ၊ ပဗ္ဗဇိတွာ ယသောဓရာ။

အဟံ = ငါအလောင်းတော်သည်။ ဒေဝိယာ=တောင်ညာနန်းပျော်မင်းယသော်၏။ ဗာဟုံ=သားကိုပိုက်ဖက် ညာရွှေလက်ကို။ အပနေတွာ = ပယ်ရှား၍။ တံ = ထိုရင်သွေးသည်းချာ ရာဟုလာကို။ စ ဂဏှေယျံ=အကယ်၍ ယူငင်လက်လှမ်း ရှုပ်နမ်းပွေ့ပိုက်လိုသည်ဖြစ်အံ့။ ဧဝံသတိ=ဤသို့ ကြင်ဖက်ယသော် လက်တော်ပယ်ရှား သားကိုယူငင် ပွေ့ပိုက်လိုက်သည်ရှိသော်။ ယသောဓရာ=မွေးမိတ်စက်ပျော် မင်းယသော်သည်။ ပဗ္ဗဇိတွာ = ကပ္ပါကယာ ရုတ်ပါရက် နိုးတော်မူလတ်၍။ နိက္ခမောကာသံ = နန်းမှခွာလှင့်တောထွက်ခွင့်ကို။ န ဒဒေ=မပေးခဲ့လေရာ။

၁၅၇။ ဗုဒ္ဓပတ္တော၀ ပဿေယျံ၊ ရာဟုလံ ဉာတိ စိန္တိယ။
ကဏ္ဍကံ အာရုဟိတွာန၊ တမှာ ဆန္နေန နိက္ခမိ။

ဗုဒ္ဓပတ္တော၀ = ဘုရားသဗ္ဗညုအဖြစ်သို့ ရောက်တော်မူပြီးမှသာလျှင် ရာဟုလံ = သားတော်ရာဟုလာကို။ ပဿေယျံ = အားရအင်ပြည့် အလိုရှိတိုင်း ရှုကြည့်ရတော့အံ့။ ဉာတိ စိန္တိယ = ဤသို့ကြံဆင်ခြင်တော်မူလျက်။ ကဏ္ဍကံ = ဖွားဖက်တော် ကဏ္ဍကမြင်းကို။ အာရုဟိတွာန = တက်စီးတော်မူ၍။ ဆန္နေန = ငယ်ကျွန်တော် ဆန္နအမတ်နှင့်တကွအတူ။ တမှာ = ထိုယသော်စံရာ ဘုံနန်းသာမှ။ နိက္ခမိ = ထွက်တော်မူခဲ့လေပြီ။

တံခါးစောင့်နတ်တွေက တံခါးဖွင့်ကြ နတ်များစွာတို့က ရတနာမီးတိုင်တို့ဖြင့် ပူဇော်ကြခြင်း

ဘုရားအလောင်းတော်သိဒ္ဓတ္ထ ထွက်တော်မူလာသည်ရှိသော် ဗိုလ်ခြေတစ်ထောင်ဖွင့်ရသော ကပိလဝတ်မြို့တော်တံခါးကြီးကို မြို့တော်တံခါးစောင့် နတ်တွေက ဖွင့်ပေးကြသည်။ အခြားနတ်များစွာတို့က အထောင်မကသော ရတနာမီးတိုင်တွေကို ညှိထွန်း၍ ပူဇော်ကြလေသည်။ အံ့သြစရာကြီးပါပဲ။

၁၅၈။ ဒွါရာရက္ခာ ဝိပရိံသု။ ဒေဝတာ ဒွါရမဏ္ဍလံ။
ရတနုက္ကာသဟဿာနိ၊ ဓာလယိံသု မရူ တဒါ။

ဒွါရာရက္ခာ=ကပိလဝတ်မြို့တော် တံခါး၌ စောင့်နေကြကုန်သော။ ဒေဝတာ=နတ်တို့သည်။ ဒွါရမင်္ဂလံ=ကပိလဝတ်မြို့တော် တံခါးဝန်းကို။ ဝိဝရိံသု=အဆင်သင့် ဖွင့်ပေးကြလေကုန်ပြီ။ တဒါ=အလောင်းအလျာ တောထွက်တော်မူလေရာ ထိုအခါ၌။ မရူ=ရေတွက်သချ်ာ မြားမြောက်စွာ သော နတ်တို့သည်။ရတနုက္ကာ သဟဿာနိ-အထောင်မက မြားမြောက်လှ သော မီးရှူးတိုင်တို့ကို။ ဇာလယိံသု=ညှိထွန်းပူဇော်ကြလေကုန်ပြီ။

ဝသဝတ္တိမာရ်နတ်သား ဟန့်တားကန့်ကွက်ခြင်း

သတ္တဝါဗိုလ်ခြေ ဝေနေယျတို့ သံသရာညွှတ် ဝဋ်ဘဝမှ လွတ်မြောက်မည်ကို အလိုမရှိသော ဝသဝတ္တိမာရ်နတ်သားသည် မိမိစံရာ ဝသဝတ္တိနတ်ပြည်မှ ခဏချက်ချင်း လူ့ပြည်သို့ဆင်းလာပြီး တောမထွက်ဖြစ်အောင် အကျိုးလိုလေ့ဟန် အကောက်ဉာဏ်ဖြင့် ဖြားယောင်းသွေးဆွယ် ပရိယာယ်ဆင်ကာ ပိတ်ပင်တားဆီး ဟန့်တားကန့်ကွက်ရန် ဘုရားအလောင်းတော် ထံမှောက် ဆိုက်ရောက်လာပြီးလျှင် ကောင်းကင်၌ ရပ်တည်လျက်—

၁၅၉။ မာ နိက္ခမ မဟာဝီရ၊ ဣတော တေ သတ္တမေ ဒိနေ။
ဒိဗ္ဗံ တု စက္ကရတနံ၊ အဒ္ဓါ ပါတု ဘဝိဿတိ။[၁]

မဟာဝီရ=လုံ့လဝီရိယ ကြီးလှကဲ့ပို အို....အလောင်းတော်မင်းသား။ တံ=အရှင်မင်းသားသည်။ မာ နိက္ခမ=တောထွက်ကြွမြန်း ရဟန်းမပြုပါလင့်။ တု=စင်စစ်ကေန် အမှန်အားဖြင့်။ ဣတော သတ္တမေ ဒိနေ=ဤနေ့မှထောက် ခုနစ်ရက်မြောက်နေ့၌။ တေ=လုံ့လဝီရိယကြီးမား သင်အလောင်းတော်မင်းသားအား။ဒိဗ္ဗံ=နတ်၌ဖြစ်သောအာနုဘော်ရှိသော။ စက္ကရတနံ=စကြာရတနာသည်။ အဒ္ဓါ=မချွတ်မလွဲ။ ပါတုဘဝိဿတိ=ထင်ရှားမျက်မှောက် ဆိုက်ရောက်လာပါလိမ့်မည်။

အို.... အလောင်းမင်းသား ပြန်လှည့်ပါ၊ ယနေ့ကထောက် ခုနစ်ရက်မြောက် နေ့မှာ ကျွန်းငယ်နှစ်ထောင် အခြံအရံရှိသော လေးကျွန်းသနင်း စကြာမင်းဖြစ်မှာ အမှန်ဟု ပြောဆိုဟန့်တားလေသည်။

ထိုအခါ အလောင်းတော်မင်းသားက ယခုဟန့်တားသူကား ဘယ်သူလဲဟုမေးရာ မာရ်နတ်က အရှင်မင်းသား.... အကျွန်ုပ် ဝသဝတ္တိမာရ်နတ်မင်းပါဟု ပြန်ကြားပြောဆိုလေရာ အလောင်းတော်မင်းသားက....

၁။ ဗုဒ္ဓဝံ၊ ၄၊ ၃၃၁။

၁၆၀။ ဇာနာမဟံ မဟာရာဇ၊ မယှံ စက္ကဿ သမ္ဘဝံ။
အနတ္ထိကောဟံ ရဇ္ဇေန၊ ဂစ္ဆ တွံ မာရ မာ ဣဓ။

၁၆၁။ သကလံ ဒသသဟဿိမ္ပိ၊ လောကဓာတုမဟံ ပန။
ဥန္နာဒေတွာ ဘဝိဿာမိ၊ ဗုဒ္ဓေါ လောကေ ဝိနာယကော[၁]။

မဟာရာဇ = တန်ခိုးကြီးမား အို...မာရ်နတ်သား။ မယှံ = အကျွန်ုပ်အား။ စက္ကဿ = နတ်တော်ဇဂုဏ်ပြည့်စုံလှစွာ စကြာရတနာ၏။ သမ္ဘဝံ= မချွတ်မှန်စွာ ဆိုက်ရောက်ဖြစ်ပွားလာမည့်အကြောင်းကို။ အဟံ=အကျွန်ုပ်သည်။ ဇာနာမိ = သင်မသိခင်ကပင် ကြိုတင်သိမြင်ပါ၏။ အဟံ ပန = အကျွန်ုပ်သည်မူကား။ ရဇ္ဇေန = လေးကျွန်းဦးသျှောင် မင်းခေါင် မင်းဖျား စကြာမင်းတရား၏အဖြစ်ကို။ အနတ္ထိကော = တစိုးတစိ အလိုမရှိပါချေ။ မာရ = အို...မာရ်နတ်၊ တွံ = သင်သည်။ ဂစ္ဆ = သည်မှာမနေ အရပ်တစ်ပါးသွားပါချေ။ ဣဓ = ငါနှင့်နီးကပ် ဤရှေ့တူရူအရပ်၌။ မာတိဋ္ဌ = မရပ်မတည်လာလေလင့်။

အဟံ ပန = ငါသည်မူကား။ သကလမ္ပိ = ကြွင်းမဲ့ဥဿုံ အလုံးစုံလည်းဖြစ်သော။ ဒသသဟဿံ လောကဓာတုံ-လောကဓာတ်စကြာဝဠာပေါင်းတိုက်တစ်သောင်းကို။ ဥန္နာဒေတွာ = အိုးထိန်းစက်ပုံ တုန်လှုပ်ဆတ်ဆတ်ပဲ့တင်ထပ်စေလျက်။ လောကေ = လောကသုံးခွင် ဘုံအပြင်၌။ ဝိနာယကော = သတ္တဝါဗိုလ်ခြေ များဝေနေကို အောင်မြေသီရိ နိဗ္ဗာန်ထိအောင် ဆောင်ယူပို့တင်သော။ ဗုဒ္ဓေါ = သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သည်၊ ဘဝိဿာမိ=ဖြစ်အောင်ကြိုးကုတ်အားထုတ်တော်မူပေအံ့။

အို-မာရ်နတ်မင်း.... ကျွန်ုပ်အား စကြာရတနာဖြစ်မည် ရောက်မည် ပေါ်ပေါက်မည် ကျွန်ုပ်သိပါသည်၊ စကြာမင်းအဖြစ် အကျွန်ုပ် မလိုချင်ပါဘူး ထွက်သွားပါ၊ အကျွန်ုပ်အနီး မနေပါနှင့်၊ အကျွန်ုပ်သည် သောင်းလောကဓာတ် ပဲ့တင်ထပ်စေကာ လောကသုံးပါး၌ ဝေနေယျသတ္တဝါတို့ကို အမတာနိဗ္ဗာန် ဆောင်ပို့သည့် ဘုရားဖြစ်အောင် ကြိုးပမ်း အားထုတ်ပါမည်ဟု ရဲရဲတောက် မိန့်ကြားတော်မူလေသည်။

၁။ ဗုဒ္ဓဝံ။ ဋ္ဌ။ ၃၃၁။

ဤသို့ဖြင့် ဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၉၇-ခုနှစ်၊ ဝါဆိုလပြည့် တနင်္လာနေ့ ညဉ့်သန်းခေါင်ယံအချိန် အာသဠှိနက္ခတ်နှင့် စန်း (=လ)ယှဉ်ခိုက် တောထွက်တော်မူခဲ့ရာ၊ ယင်းသို့ ဘုရားအလောင်းတော် တောထွက်ရာနေ့ကို ရည်စူး၍ ကြည်နူးစွာ အောက်ပါဂါထာပါဌ် အနက်ဖြင့် ရှိခိုးပူဇော်ရာ၏။

တနင်္လာနေ့ တောထွက်သောအလောင်းတော် ရှိခိုး

၁၆၂။ စက္ကဝတ္တိ သိရိံ ဟိတွာ၊ မဟာဘိနိက္ခမံ သုမိ။
နိက္ခမိ စန္ဒဝါရမှိ၊ ဝန္ဒေ တံ မုနိပုင်္ဂဝံ။

သုမိ=ကောင်းစွာထက်သန် ပညာဉာဏ်ရှိတော်မူသော အလောင်းတော်မြတ် ဗောဓိသတ်သည်။ စက္ကဝတ္တိသိရိံ=စကြာမင်း၏ စည်းစိမ်ကျက်သရေကို၊ ဟိတွာ=မငဲ့မကွက်ရက်ရက်ပယ်စွန့်တော်မူ၍။ စန္ဒဝါရမှိ = စန်းနံ့ချမ်းမြေ့ ကျားမင်းနေ့၌။ ဝါ = တနင်္လာနေ့၌။ မဟာဘိနိက္ခမံ = မြတ်သောတောထွက်ခြင်းကို။ နိက္ခမိ = ထွက်ကြွတော်မူပြီ။ မုနိပုင်္ဂဝံ = မုနိဥက္က၌ မုနိအမြတ် မုနိဥသျှောင် ဖြစ်တော်မူသော။ တံ = ထိုအလောင်းတော်မြတ် ဗောဓိသတ်ကို။ ဝန္ဒေ = ရှိသေမြတ်နိုး ရှိခိုးပါ၏။

အနော်မာသောင်ရောက် ဆံတော်ပယ် ရဟန်းပြုတော်မူခြင်း

သန်းခေါင်ချိန်ခါက တောထွက်တော်မူလာသော ဘုရားအလောင်းတော်သည် နံနက်လင်းသောအခါ အနော်မာမြစ်ကမ်းသို့ ဆိုက်ရောက်တော်မူ၍ ကဏ္ဍကမြင်း၏အစွမ်းဖြင့် ရှစ်ဥသဘ ဝေးကွာသော ဟိုဘက်ကမ်းသို့ ကျော်လွှမ်းတော်မူခဲ့လေသည်။ ထို့နောက် ဝတ်ဆင်တော်မူခဲ့သော တန်ဆာနှင့် မြင်းတော်ကို ဆန္နအား အပ်၍ ယသောဓရာမဟေသီအားလည်း သတင်းစကားပြောကြားလေဟု ပြောဆိုကာ တိုင်းပြည်သို့ ပြန်ကြတော့ဟု စေလွှတ်တော်မူလေသည်။

၁၆၃။ ပတွာနောမနဒီတီရံ၊ ပုနာဂမေသိ တုရဂံ။
ဆန္နဥ္စ ကပ္ပိလပုရံ၊ ခဒဝိယာ ပဋိဝေဒိတုံ။

ဆံတော်ကို မိုးကောင်းကင် မြှောက်တော်မူခြင်း

အလောင်းတော်သည် ယသောဓရာဒေဝီမဟေသီ နေ့စဉ် ထုံးပေးအပ်သော ဦးသျှောင်တော်ကို သန်လျက်ဖြင့်ဖြတ်၍ သဗ္ဗညုဘုရား ကေန်ဖြစ်မည်မှန်လျှင် ဆံတော်သည် ကောင်းကင်မှာ တည်ပါစေသတည်းဟု မြှောက်တော်မူလိုက်လေသည်။

၁၆၄။ ဗန္ဓိတံ ဗိမ္ဗဒေဝိယာ မောဠိံ သုဂန္ဓဝါသိတံ။
ဆေတွာ ခဂ္ဂေန တိဏှေန၊ ဥက္ခိပိ အနိလဥ္စသေ။

ဗိမ္ဗဒေဝိယာ = ကြင်ဖက်နန်းပျော် ယသော်ဓရာ ဗိမ္ဗာဒေဝီ မဟေသီသည်။ ဗန္ဓိတံ = နေ့စဉ်နေ့တိုင်း ထုံး၍ပေးအပ်သော။ သုဂန္ဓဝါသိတံ = နံ့သာမျိုးစုံ ဂန္ဓာရုံတို့ဖြင့် ထုံကြိုင်စေအပ်သော။ မောဠိံ = ဦးသျှောင်တော်ကို။ တိဏှေန ခဂ္ဂေန = သွားမြမြထက် လက်သုံးဘော်သန်လျက်ဖြင့်။ ဆေတွာ = မငဲ့မကွက် ရက်ရက်ဖြတ်တော်မူ၍။ အနိလဥ္စသေ = လေလမ်းတခွင် မိုးကောင်းကင်၌။ ဥက္ခိပိ = မြှောက်လွှင့်တော် မူလေပြီ။

ဆံတော်ဌာပနာ စူဠာမဏိစေတီတည် ကိုးကွယ်ခြင်း

အလောင်းတော် ပစ်မြှောက်လိုက်သော ဦးသျှောင်တော်သည် တစ်ယူဇနာကွာလှမ်းသော မိုးဝကောင်းကင်၌ ပန်းဆိုင်းပမာ တည်နေလေရာ သိကြားမင်းသည် ဦးသျှောင်တော်မြတ်ကို ရတနာကလပ်ဖြင့် ပင့်ယူတော်မူကာ တာဝတိံသာနတ်ပြည်၌ သုံးယူဇနာအမြင့်ရှိသော စေတီတည်ဌာပနာ ကိုးကွယ်ခဲ့လေသည်။ ယင်းစေတီသည် စူဠာမဏိစေတီဟု ထင်ရှားလေသည်။

ရဟန်းပြုတော်မူခြင်း

၁၆၅။ ဆေတွာန မောဠိံ ဝရဂန္ဓဝါသိတံ၊
ဝေဟာယသံ ဥက္ခိပိ သက္ယပုင်္ဂဝေါ။
ရတနစင်္ကောဋ္ဌဝရေန ဝါသဝေါ၊
သဟာဿနေတ္တော သိရသာ ပဋိဂ္ဂဟိ။[၁]။

ထို့နောက် အလောင်းတော်မြတ်သည် ''ငါ၏ ဤကာသိတိုင်းဖြစ် ဝတ်လဲတော် အထည်တို့ကား ကောင်းလွန်းလှသည်၊ အဖိုးထိုက်တန်လွန်း

၁၊ ဓ၊ ဋ္ဌ၊ ၂။ ၁။ သံ၊ ဋ္ဌ၊ ၂၊ ၂ဝ။ အပ၊ ဋ္ဌ ၁၊ ၇ဝ၊ ဇုဒ္ဒဝံ၊ ဋ္ဌ၊ ၃၃။ ဇာ၊ ဋ္ဌ၊ ၁၊ ၇၆၊

လှုသည်၊ ချောမွေ့လွန်းလှသည်၊ လှပလွန်းလှသည်၊ အရောင်တလျှမ်းလျှမ်းဖြင့် ရဟန်းတို့အား မသင့်တော်ချေ”ဟု ကြံစည် စဉ်းစားစဉ် ကဿပမြတ်စွာဘုရားလက်ထက်တော်က မိတ်ရင်းဆွေဟောင်း ဖြစ်ခဲ့သော ဃဋိကာရဗြဟ္မာသည် အလောင်းတော်အတွက် (၁) နှစ်ထပ်သင်္ကန်းကြီး၊ (၂) ကေစ္စိအပေါ်ရုံသင်္ကန်း၊ (၃) ခါးဝတ်သင်းပိုင်၊ (၄) ခါးပန်းကြိုး၊ (၅) အပ်,အပ်ချည်၊ (၆) ပဲကွပ်၊ (၇) အိတ်နှင့်တကွသပိတ်၊ (၈) ရေစစ်၊ ဤပရိက္ခရာရှစ်ပါးတို့ကို ယူဆောင်ကာ အလောင်းတော်အား ဆက်ကပ်လှူဒါန်းလေသည်၊ ယင်း ဃဋိကာရဗြဟ္မာလှူဒါန်းသည့် သင်္ကန်းပရိက္ခရာကို ဝတ်ရုံဆင်မြန်း၍ ရဟန်း ပြုတော်မူလေသည်။

၁၆၆။ အဋ္ဌသေဋ္ဌပရိက္ခရေ၊ ဓာရေတွာ ဗြဟ္မုနာဘတေ။
ဟိတွာ ရာဇာရဟံ ဒုဿံ၊ သမဏတ္တ မုပါဂမိ။

ဝတ်လဲတော် ဒုဿစေတီ ကိုးကွယ်ခြင်း

အလောင်းတော်သည် ရဟန်းအသွင်ယူ ရဟန်းပြုပြီးလျှင်ဝတ်လဲတော်အစုံကို ကောင်းကင်သို့ ပစ်မြှောက်တော် မူလိုက်ပြန်လေ၏။ ထိုအခါ ဃဋိကာရဗြဟ္မာကြီးသည် အလောင်းတော် ပစ်မြှောက်လိုက်သည့် ဝတ်လဲတော်အစုံကို ယူဆောင်၍ အကနိဋ္ဌဗြဟ္မာ့ပြည်၌ တစ်ဆယ့် နှစ်ယူဇနာရှိသော ရတနာအမျိုးမျိုးတို့ဖြင့်ပြီးသည့် စေတီတော်ကို တည်ထား၍ ထိုစေတီတော်အတွင်း၌ ဝတ်လဲတော်ကို ဌာပနာခဲ့လေသည်။ ယင်းစေတီသည် ဒုဿစေတီဟု ထင်ရှားလေသည်။

၁၆၇။ ကိလေသေ အပွဟိနေပိ၊ မဟာသတ္တဿ တခ်ဏေ။
ယဿာနုဘာဝတော ဇာ၊ ဒုဿစူဠာဟိ ပူဇိတာ ။

ရာဇဂြိုဟ်မြို့တော်တွင်း ဆွမ်းခံဝင်ကြွ
ဗိမ္ဗိသာရမင်းက ထီးနန်းလှူခြင်း

အလောင်းတော်သည် ရဟန်းပြုတော်မူပြီး အနုပိယ သရက်တော၌ ခုနစ်ရက်ပတ်လုံး သမဏသုခ = ရဟန်းချမ်းသာကိုခံစားသီတင်းသုံးတော်မူပြီး တစ်ရက်တည်းဖြင့် မဂဓနိုင်ငံမြို့တော် ရာဇဂြိုဟ်မြို့တော်ကြွ မြို့တွင်း အိမ်စဉ်အတိုင်း ဆွမ်းခံဝင်ကြွတော်မူလေသည်။ ထိုခေတ်က ရသေ့ရဟန်း

၁။ ထူပဝံသပါဠ်၊ ၁၆၊ (သီဟိုဠ်မှ)။

ဆိုသူများတွင် သပ္ပာယ်တင့်တယ်သူကို တွေ့မြင်ရခဲ့သည်။ မတင့်မတယ်နှင့် အသက်အရွယ်ကြီးသူများကိုသာ များသောအားဖြင့် တွေ့မြင်ရသော ရာဇဂြိုဟ်မြို့သူမြို့သားတို့သည် အရွယ်တော် ၂၉ နှစ်မျှသာ ရှိသေး၍ စကြာမင်းအမှတ်လက္ခဏာ စုံလင်စွာပါသော အလောင်းတော်ကို တအံ့တသြ ကြည့်ကြလေသည်။

ဘုရားအလောင်းတော်သည် ဆွမ်းခံတော်မူပြီး ပဏ္ဍဝတောင်ခြေရင်းသို့ကြွတော်မူကာ ဆွမ်းဘုဉ်းပေးတော်မူလေရာ ဗိမ္ဗိသာရမင်းရောက်လာ၍ မြင်ရုံမျှဖြင့် အမျိုးအနွယ်အားဖြင့် မြင့်မြတ်သောမင်းသားတစ်ပါးဖြစ်တန်ရာ၏ဟု ဆင်ခြင်စဉ်းစားပြီး ထီးနန်းစည်းစိမ်ကို လွှဲအပ်လေသည်။ ဘုရားအလောင်းတော်က ထီးနန်းစည်းစိမ်ကိုအလိုမရှိဘဲ ဘုရားဖြစ်လိုကြောင်း မိန့်ကြားတော်မူလေလျှင် ဘုရားဖြစ်သောအခါ ပထမကြွလာချီးမြှောက်ရန် တောင်းပန်လိုက်လေသည်။

၁၆၈။ သမ္ဗုတ္တာန ဗိမ္ဗိသာရော၊ ရာဇာ သော မာဂဓော သုဓိ၊
နိယျာတယိ ဠသရိယံ၊ ပဋိက္ခိပိ သုဇာတိမာ။

ဒုက္ကရစရိယာ ကျင့်တော်မူခြင်း

ဘုရားအလောင်းတော်သည် ရဟန်းပြုပြီးနောက် ဆရာဖြစ်ထိုက်သူကို ရှာတော်မူရာ အာဠာရနှင့် ဥဒကရသေ့တို့ကို တွေ့တော်မူ၍ ထိုရသေ့တို့ထံမှ လောကီ လောကီချာန်မျှကိုသာ နည်းခံရသဖြင့် ကျေနပ်အားရခြင်း မရှိဘဲ တရားထူးကို ဆက်လက်ရှာဖွေကာ ဥရုဝေလတောသို့ ရောက်တော်မူလေသည်။ ထို့နောက် သေနနိဂုံးသို့ ဆွမ်းခံဝင်၍ ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် ဆွမ်းခံရသည်ကိုပင် အနှောင့်အယှက်ဟုထင်သဖြင့် လူသာမန်တို့ မတွေးဝံ့အောင် ခက်ခဲသည့် ဒုက္ကရစရိယာကို စ၍ ကျင့်တော်မူသည်။

အလောင်းတော်သည် ဆွမ်းမစားဘဲ အလိုလိုကြွေကျသော သစ်သီးကိုသာ ကောက်ယူစားတော်မူသည်။ ၎င်းနောက် သစ်ပင်ရှိရာ မသွားဘဲ မိမိသစ်ပင်အောက်က သစ်သီးကိုသာ ကောက်ယူ စားတော်မူသည်။ ထို့နောက် သစ်သီးတစ်လုံး နှမ်းတစ်လုံး ဆန်တလုံးမျှကိုသာ စားတော်မူသည်။ ဤသို့ အစာကိုလျှော့သဖြင့် အသွေးအသားတွေ မရှိတော့ချေ။ ရွှေအဆင်းကဲ့သို့ ဝါဝင်းစိုပြည်လှသော အဆင်းတော်သည် ညိုမဲ သွေ့ခြောက်၍ အရိုးနှင့်အရေသာ ကျန်တော့သည်။

၁၆၉။ ကရောန္တော ဒုက္ကရံ ဒုက္ကရကာရိ၊ ဆဗ္ဗဿာနိ ပရက္ကမော။
သြဋ္ဌာရိကန္သပါနေဟိ၊ ဒေဟံ ယာပေသိ ဒွိတိယာ။

သုဇာတာလှူဒါန်းသည့် ဃနာနို့ဆွမ်းကို ခံယူတော်မူခြင်း ဗောဓိမဏ္ဍိုင် ကြွတော်မူခြင်း

ဥရုဝေလ တောကြီးအနီး "သေန" နိဂုံးကြီးဝယ် သူဌေးကတော် သုဇာတာသည် အပျိုဘဝတုန်းက ညောင်ပင်ကြီးသို့ သွားရောက်ကာ မိမိနှင့်အဆင့်တူ ဂုဏ်ရည်တူသော သူဌေးသားကိုရရန်နှင့် သားဦးရရန် ဆုပန်ခဲ့လေရာ ထိုဆုအတိုင်းပြည့်သောကြောင့် နတ်မင်းကြီးက မှ သည်ဟု ဆင်မှတ်၍ နို့ဃနာ့ဆွမ်း၌ ပူဇော်လေ့ရှိသည်။ အလောင်းတော်သ ၆-နှစ်ကာလ ပတ်လုံး ဒုက္ကရစရိယာဖြင့် တရားထူးမရသောကြောင့် ဆွမ်းအာဟာရကို မျှတအောင် ဘုဉ်းပေး၍ ကျင့်တော်မူလေပြီ။

အလောင်းတော်သည် သက်တော် ၃၅-နှစ်ပြည့်ရာ ကဆုန်လပြည့်နေ့ နံနက်စောစော အချိန်အခါတွင် ညောင်ပင်အောက်သို့ ရောက်တော်မူနေစဉ် သုဇာတာသည် မိမိ၏ကျေးဇူးရှင် နတ်မင်းဟု ထင်မှတ်လျက် တစ်သိန်းတန်ရွှေခွက်နှင့်တကွ နို့ဃနာဆွမ်းကိုလှူဒါန်းလေသည်။ နေရဉ္ဇရာ မြစ်သာကမ်း၌ ထိုဆွမ်းကို ဘုဉ်းပေးတော်မူ၍ "ယနေ့ ဘုရားဖြစ်မည် မှန်လျှင် ရေညာသို့ဆန်စေသား"ဟု ဓိဋ္ဌာန်၍ ရွှေခွက်ကို မျှောလိုက်ရာ ရေညာသို့ ဆန်တက်သွားလေသည်။ ၎င်းနောက် နတ်တို့စီရင် ဖန်ဆင်း အပ်သော မြတ်သောခရီးလမ်းဖြင့် ဗောဓိမဏ္ဍိုင်သို့ ကြွတော်မူလေသည်။

၁၇၀။ ဝိသာခပုဏ္ဏမေ ဟေမ-ပါတိံ ပါယာသပူရိတံ။
သုဇာတာယာဘတံ ဂယှ၊ နေရဉ္ဇရ မုပါဂမိ။

၁၇၁။ တီရမှိ နေရဉ္ဇရာယ၊ ဘုတွာ ပါယာသမုတ္တမံ။
ပဋိယတ္တဝရပန္ထေန၊ ဗောဓိမဏ္ဍ မုပါဂမိ။

မာရ်နတ်လာ၍ ဖျက်ဆီးခြင်း

အလောင်း ာ်သည် မြက်ရိတ်ပုဏ္ဏားလှူသည့် မြက်ရှစ်ဆုပ်ကို အလှူခံ ေ ာ်မူ၍ မဟာ ပင်ရင်း ဖြန့်ခင်းတော်မူလေရာ တစ်ဆယ့်လေးတောင် ပမာဏရှိသော ရတနာပလ္လင်တော် ပေါက်၍ ထိုပလ္လင်တော်ပေါ်၌ပင်

ငါသည် ဘုရားမဖြစ်သမျှ ဤတင်ပျဉ်ကို မဖျက်တော့”ဟု မိဋ္ဌာန်လျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူရာ ဖြဟ္မာသိကြား နတ်အများလည်း ထံတော်ပါးသို့ ရောက်လာကြလေသည်။ ထိုသို့ထိုင်နေတော်မူပုံကိုသိသောမာရ်နတ်သည် ကေန်စင်စစ် ဘုရားဖြစ်တော့မည်ကိုသိသဖြင့် ထန်ပြင်းသောဒေါသဖြင့် နတ်ပြည်သို့ ပြန်သွားကာ စစ်သည်တပ်သား စုဆောင်းပြီးလျှင် မိမိကိုယ်တိုင်ကလည်း ဂိရိမေခလာဆင်ကြီးစီးပြီး လက်ရုံးပေါင်းတစ်ထောင် ဖန်ဆင်းကာ လက်နက်မျိုးစုံ ကိုင်ဆောင်လျက် “အို....ခြွေရံတပ်သားရဲဘော်များတို့.... တက်ကြလော့ ဖမ်းကြလော့”ဟု ဆော်ဩခြိမ်းခြောက်လေရာ ဘုရားမြတ်စွာ လောင်းလျာသည် ရက်စက်ဆိုးသွမ်း ကြမ်းကြုတ်သော သားအပေါ်တွင် မိခင်မေတ္တာပမာ ဘဝများစွာက အထုံပါလာသော မေတ္တာတော်အစွမ်း ဒါန သီလစသည် ပါရမီတော်စွမ်းအင်ဖြင့် အေးချမ်းကြည်ဖြူ အောင်တော်မူလေသည်။

၁၇၂။ ဗာဟုံ သဟဿမဘိနိမ္မိတသာဝုဓန္တံ၊
ဂိရိမေခလံ ဥဒိတဃောရ သသေနမာရံ။
ဒါနဒိဓမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလာနိ။

ယော မုနိန္ဒော=အကြင်အဂါရိက စသည်အပြား မုနိများ၏ဦးဖျားပရမေ သုံးလူ့ဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဗာဟုံသဟဿမဘိနိမ္မိတသာဝုဓန္တ=လက်နက်နှင့်တကွ ဖန်ဆင်းအပ်သော လက်ရုံးတစ်ထောင်ရှိသော။ ဂိရိမေခလံ=ဂိရိမေခလာ သညာကျော်ထီးတိုက်ဆင်ကြီးကို။ ဥဒိတံ=မာန်တကြွကြွ စီးနင်းထသော။ ဃောရံ=အမျက်ဒေါသယမ်းမီးကျသို့ ခက်ထန် ကြမ်းကြုတ်ထသော။ သသေနမာရံ = ဝန်းရံများစွာ သိမ့်သိမ့်ညာသည့် ဗိုလ်ပါလုံးရင်း စစ်သည်နှင့်တကွဖြစ်သော မာရ်နတ်မင်းကို။ ဒါနဒိဓမ္မဝိဓိနာ = အလီလီအဆပ်ထပ် ဖြည့်ကျင့်တော်မူအပ်သော များမြတ်ဂုဏ်အင် ဒါနအစရှိသော တရားအစီအရင်ဖြင့်။ ဇိတဝါ-လွယ်ကူချမ်းမြေ့အောင်မြင်တော်မူခဲ့လေပြီ။ တံ တေဇသာ=ထိုအဂါရိကစသည်အပြား မုနိများ၏ ဦးဖျားပရမေ သုံးလူ့ဆွေ ဖြစ်တော်မူပြား မြတ်စွာဘုရား၏ စွမ်းပကားရှိန်စော် မာရ်နတ်မင်းကို အောင်မြင်

၁။ အပြင်ခံ့အောင်ခြင်း ဂါထာ ၁။

တော်မူသည့် တန်ခိုးတော်ကြောင့်။ ဒမ = နှစ်ပါးနာမ်ရုပ် အကျွန်ုပ်အား။ အဂ္ဂံ ဇယမင်္ဂလံ = မြတ်သော အောင်မြင်နိုင်ကြောင်း မင်္ဂလာကောင်းသည်။ ဘဝတု = နေ့နေ့ညည မုချမသွေ ဖြစ်ပါစေသတည်း။

ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း

ဘုရားအလောင်းတော်မြတ်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင်ပင် မာရ်နတ်မင်း၏ရန်ကို အောင်မြင်တော်မူပြီး၍ ဗောဓိပင်ရင်း အပရာဇိတပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူကာ သဗ္ဗညုဘုရားအဖြစ်သို့ မရောက်သမျှ ဤနေရာမှ မထတော့ဟု ကြီးစွာသော လုံ့လတော်ဖြင့် ဆင်ခြင်သုံးသပ်တော်မူသောအခါ ညဉ့်ဦးယံ၌ လွန်လေပြီးသော ဘဝပေါင်းများစွာကို ပြန်၍ အောက်မေ့ဆင်ခြင်သိစွမ်းနိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, သန်းခေါင်ယံ၌ သုံးဆယ့်တစ်ဘုံလုံး၌ ဖြစ်ပျက်နေကြ သတ္တဝါအနန္တအားလုံးကို မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူ၍ ထိုညဉ့်မိုးသောက်ယံ လင်းအားကြီးအချိန်တွင် ကိလေသာဟူသမျှ အကြွင်းမရှိ ပယ်စွမ်းနိုင်သော အာသဝက္ခယဉာဏ်ကို ရတော်မူ၍ , လောကသုံးပါး၏ အထွတ်အထိပ် သဗ္ဗညုဘုရားရှင်၏ အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

၁၇၃။ အနုတ္တမေဒ္ဓေ သူရိယေ၊ မာရသေနံ ပလာပယိ။
အရုဏုဂ္ဂမနေ ကာလေ၊ ပတ္တောသိ ဗုဒ္ဓတံ ဝရံ။

ယင်းသို့ ဗုဒ္ဓဟူးနေ့တွင် ဘုရားအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရားကို သင် သံဃာယနာသမိုင်းတော် စာတော်ဖတ်သည် အောက်ပါ ဂါထာပါဠိအနက်ဖြင့် ရှိခိုးရာ၏။

ဗုဒ္ဓဟူးနေ့ ဘုရားဖြစ်တော်မူသော ဘုရားရှိခိုး

၁၇၄။ အဿတ္ထဗောဓိမူလမှိ။ ပလ္လင်္ကေ အပရာဇိတေ။
ပတ္တော သဗ္ဗညုတံ နာထော၊ ဝန္ဒေ တံ ဗုဓဝါသရေ။

နာထော = လူသုံးပါးတို့၏ အားထားကိုးကွယ်ရာ ဖြစ်တော်မူသော အလောင်းတော်မြတ်သည်။ ဗုဓဝါသရေ = ဆင်မင်းနေ့ထူး ဗုဒ္ဓဟူး၌။ အဿတ္ထဗောဓိမူလမှိ = ဗုဒ္ဓဟေမင်း ညောင်ပင်ရင်း၌။ အပရာဇိတေ

ပလ္လင်္ကေ = အပရာဇိတမည်တွင် ပလ္လင်တော်၌။ သဗ္ဗညုတံ = တရားဉာဏ် အလုံးစုံကို အကုန်သိမြင် ဘုရားသဗ္ဗညု၏အဖြစ်သို့။ ပတ္တော = ရောက်တော်မူပြီ။ တံ = ထိုဘုရားရှင်ကို။ အဟံ = နှစ်ပါးနာမ်ရုပ် အကျွန်ုပ်သည်။ ဝန္ဒေ = ရှိသေမြတ်နိုး ရှိခိုးပါ၏။

ရှင်ရှင်မြူးမြူး ဥဒါန်းကျူးရင့်တော်မူခြင်း

သဗ္ဗညုတ ရွှေဉာဏ်တော်နှင့်တကွ ဘုရားဇိနေ၁်၏ ဘုန်းတော် ဂုဏ်တော် အားလုံးတို့ကို ပြည့်စုံစွာ ရရှိတော်မူပြီးသော ဘုရားမြတ်စွာသည် ရှင်ရှင်မြူးမြူး အောက်ပါ ဥဒါန်း ၂-ဂါထာကို ကျူးရင့်တော်မူလေသည်။

၁၇၅။ အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

၁၇၆။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂံ ဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

ဂဟကာရက = ဒုက္ခယှက်လိမ် ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ တည်ဆောက်လာသည့် တဏှာယောကျ်ား ဟယ်....လက်သမား။ ပုနပ္ပုနံ = သံသာနှောင်အိမ်ဝယ် အကြိမ်ကြိမ်အဖန်ဖန်။ ဇာတိ = ယောနိလေးထွေ လှည့်ပတ်မွေကာ စွဲလာသန္ဓေတည်နေရခြင်းသည်။ ဒုက္ခာ = အလွန်အမင်း ဆင်းရဲလှချေ၏။ တသ္မာ = ထိုသို့ဆင်းရဲလေသောကြောင့်။ ဂဟကာရံ = ဒုက္ခယှက်လိမ် ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ တည်ဆောက်လာသည့် တဏှာယောကျ်ား လက်သမားကို။ ဂဝေသန္တော = လက်သယ်အစစ် ဘယ်သူဖြစ်ဟု စိစစ်ထောက်လှမ်း စူးစမ်းရှာဖွေသော။ အဟံ = ဘုရားအလျာငါသည်။ အနိဗ္ဗိသံ = အနိဗ္ဗိသန္တော = တဏှာယောကျ်ား လက်သမားကို ပိုင်းခြားထင်ထင် လင်းလင်းမြင်သည့် သဗ္ဗညုတဉာဏ်ကို ကောန်မှန်စွာ ငါမရသေးသည်ဖြစ်၍။ အနေကဇာတိသံသာရံ = ဘဝများစွာ သံသရာ ကာလပတ်လုံး။ သန္ဓာဝိဿံ = ဆိုလည်သောနွား ရဟတ်ခြားသို့ မရပ်မနား ပြေးသွားကျင်လည်ခဲ့ရလေပြီ။

ဂဟကာရက = ဒုက္ခယှက်လိမ် ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ တည်ဆောက်လာသည့် တဏှာယောကျ်ား ဟယ်....လက်သမား။ ဣဒါနိ = ဘုရားဖြစ်ရာ ယခုအခါ၌။တွံ = သင် တဏှာယောကျ်ား လက်သမားကို။ ဒိဋ္ဌော = သဗ္ဗညုတဉာဏ်ကိုရသဖြင့် ဒိဋ္ဌထင်ထင် မြင်အပ်လည်။ အသိ = ဖြစ်ပေ၏။တွံ = သင် တဏှာယောကျ်ား လက်သမားသည်။ဂေဟံ = ဒုက္ခယှက်လိမ် ခန္ဓာကိုယ် အတ္တဘောတည်းဟူသော အိမ်ကို။ ပုန=နောက်ပ တစ်ဖန်။ န ကာဟသိ = ဆောက်လုပ်နိုင်မည်မဟုတ်ချေ။ တေ = သင် တဏှာယောကျ်ား လက်သမား၏။ သဗ္ဗာ = တစ်ခုမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။ဖာသုကာ = အခြင်ဒိုင်းမြား အလားတူစွာ သုံးထောင် ဝှက် ကိလေသာတို့ကို။ ဘဂ္ဂါ = ဝါသနာနှင့်တကွ အနုသယသတ္တိ ကျန်မရှိအောင် စိစိကြေညက် ငါချိုးဖျက်အပ်လေကုန်ပြီ။ ဂဟကူဋံ = သင် ဆောက်လုပ်ပြီး ခန္ဓာအိမ်ကြီး၏ ထွတ်ထိးပမာ အဝိဇ္ဇာခေါင်အုပ်ကို။ ဝိသင်္ခတံ = အရဟတ္တမဂ် ဉာဏ်လက်နက်ဖြင့် ခွာဖျက်ပစ်လွှင့်အပ်လေပြီ။ စိတ္တံ = ကိလေသာဟူ မှုမျှမတင် ငါဘုရား၏စိတ်အစဉ်သည်။ဝိသင်္ခတံ = သင်္ခါရစက်ကွင်း ဒုက္ခခပင်းမှ လွတ်ကင်းရာမှန် မြတ်နိဗ္ဗာန်သို့။ ဂတံ = ဆိုက်ရောက်သက်ဝင်မိလေပြီ။ အဟံ = သုံးလောကဆရာ ဘုရားငါသည်။ တဏှာနံ = ခယံ = တဏှာအားလုံး ကုန်ဆုံးရာ ပျက်ပြားရာ အာသဝက္ခယ စတုတ္ထမဂ်ဖိုလ်ကို။ အဇ္ဈဂါ = မုချပိုင်ပိုင် လက်ကိုင်ရရှိလေပြီ။

ဘုရားဖြစ်တော်မူပြီးနောက် သတ္တသတ္တာဟ စံနေတော်မူခြင်း
(၁) ပလ္လင်သတ္တာဟ

ဘုရားဖြစ်တော်မူပြီးနောက် ဘုရားမြတ်စွာသည် ထိုင်နေတော်မူမြဲ ပလ္လင်တော်၌ပင် သီတင်းသုံးတော်မူကာ ငါသည် ဤပလ္လင်တော်ရရန် အတွက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီသုံးဆယ် သုံးသွယ်စရိယ စာဂငါးစု မြတ်ကောင်းမှုတို့ကို ဖြည့်ကျင့်တော်မူခဲ့ပေသည်။ ဤပလ္လင်သည် ငါ၏အောင်ပလ္လင် မင်္ဂလာပလ္လင် ဖြစ်ပေသည်— စသည်ဖြင့် ကြံဆင်ခြင်တော်မူကာ ကုဋေသိန်းပေါင်းများစွာ အရေ အတွက်ရှိသော သမာပတ်တို့ကို ခုနစ်ရက်ပတ်လုံး ဝင်စား၍ သီတင်း သုံးတော်မူခဲ့လေသည်။ ယင်းသို့ စံတော်မူစဉ် ဗြဟ္မာ, သိကြား စသည်တို့က ပန်းနံ့သာ အခိုးအထုံ စသည်တို့ဖြင့် ပူဇော်လေကုန်၏။

၁၇၇။ တိလောကနာထော သုဂတော တတော တဒါ၊
ဥဒါနဝစနံ သမုဒါဟရိတွာ။
ပလ္လင်္ကမာဘုဇ္ဇ ဒုမိန္ဒမူလေ၊
စိန္တေသိ ဓံ ဝဇိရာသနသ္မိံ။

၁၇၈။ ဒါနာဒယော ပါရမိတာ စိနိတွာ၊
အသင်္ခ်ကပ္ပာနိ စ ခေပယိတွာ။
အဇ္ဈာဝ ပလ္လင်္ကဝရဿ ဟေတု၊
သန္ဓာဝိတံ တံ ဘဇိတံ မယဇ္ဇ။

၁၇၉။ ယာဝဿု ပုဏ္ဏမမစေတနာယော၊
တာဝေတ္ထ အဋ္ဌာမိ န စုဋ္ဌဟာမိ။
မန္တာန သော နေကသဟဿ သခ်ါ၊
ဇိနော သမာပတ္တိ ဝလဉ္ဇိ တတ္ထ။

၁၈၀။ ဒေဝါတိဒေဝေါ တိဘဝေကနာထော၊
ဟတာဝကာသော ဇိတပဉ္စမာရော။
ပိတာမဟာဒီဟိ မဟိယမာနော၊
ခေပေသိ သတ္တာ ဒိဝသာနိ သတ္တ။[၁]

(၂) ဒုတိယ သတ္တာဟ

ယင်းသို့ အပရာဇိတပလ္လင်ပေါ်၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံးစဉ် ယခုတိုင် သိဒ္ဓတ္ထမှာ ကိစ္စပြီးသေးဟန်မတူချေ။ ပလ္လင်၌ တွယ်တာမှု မစွန့်သေးဟု နတ်အချို့တို့ တွေးထင်ကြသည်။ သို့ဖြစ်၍ ဘုရားမြတ်စွာသည် ကောင်းကင်တက်ကြွ နတ်အချို့တို့၏ သံသယကို ကင်းပျောက်စေတော်မူခြင်းငှာ တန်ခိုးပြာဋိဟာပြတော်မူပြီး ဗောဓိညောင်ပင် ပလ္လင်တော်မြတ်၏ အရှေ့မြောက်ယံ တစ်ဆယ့်လေးလံကွာသော အရပ်၌ ရပ်တော်မူကာ ငါသည် ဤပလ္လင်၌ သဗ္ဗညုတဉာဏ်ကို ရတော်မူခဲ့ပြီဟု ဆင်ခြင်တော်မူ၍ ပလ္လင်တော်နှင့် ဗောဓိပင်ကို ခုနစ်ရက်ပတ်လုံး မမှိတ်သော မျက်စိတော်အစုံတို့ဖြင့် ကြည့်တော်မူခဲ့လေသည်။

၁။ သမန္တကူဋဝဏ္ဏနာ၊ ၄၀၃။ ၄၀၄။ ၄၀၅။ ၄၀၆။ (ပြသိဟ်ဋ္ဌမှ)။

၁၀၀။ ဇိနော ဒုမိန္ဒဿ စ အာသနဿ၊
ဗဟူပကာရတ္တမနုဿရန္တော။
ဌိတော ပဒံ ကိဉ္စိ အကောပယန္တော၊
ဏ္ဍတော စိတော လောကနမုဇ္ဇုဟန္တော။
၁၀၂။ နိလာယတက္ခာ မလကန္တိတောယ-
ခာရာနိပါတေန ဒုမိန္ဒရာဇံ။
နိသိဉ္စမာနော ဒိဝသာနိ သတ္တ၊
ပူဇေသိ တံ နိမိသလောစနေဟိ။[၁]

(၃) တတိယသတ္တာဟ

ဘုရားမြတ်စွာသည် နတ်တို့၏ ယုံမှားသံသယကို ပယ်ဖျောက်ခြင်းငှာ ကောင်းကင်၌ တန်ခိုးပြာဋိဟာကို ပြတော်မူပြီးလျှင် ကောင်းကင်မှ ဆင်းတော် မူကာ ရွှေပလ္လင်နှင့် အနိမိသအကြား အတောင်နှစ်ဆယ်ရှိသော အရပ်ကို အလယ်ထား၍ တစ်ဆယ့်ငါးလံကွာ အရပ်တွင် အရှေ့မှအနောက် အတောင်ခြောက်ဆယ် ရှည်လျားသော ရတနာစင်္ကြံကို ဖန်ဆင်းတော်မူ၍ ထိုရတနာစင်္ကြံ၌ ခုနစ်ရက်ပတ်လုံး စင်္ကြံကြွတော်မူလေသည်။

၁၀၃။ မာပေတွာ စင်္ကမံ နာထော၊ စင်္ကမေ အာယတေ သုဘေ။
စင်္ကမန္တော ၀ သတ္တာဟံ၊ တဒါ သော ဝီတိနာမယိ။

(၄) ရတနာဃရသတ္တာဟ

ဂင်းနောက်စတုတ္ထသတ္တာဟသို့ရောက်တော်မူသောအခါဘုရားမြတ်စွာ သည် မဟာဗောဓိပင်မှ အနောက်မြောက်ထောင့်အရပ်၌နတ်များဖန်ဆင်း သည့် ရတနာဃရရွှေအိမ်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူကာ အဘိဓမ္မာ ခုနစ်ကျမ်းတွင် ရှေးဦးစွာ ဓမ္မသင်္ဂဏီကျမ်းကို ဆုံးခန်းတိုင်အောင်သုံးသပ် ဆင်ခြင်တော်မူရာ ရွှေညာဏ်တော် မကွန့်မြူးလောက်၍ ကိုယ်တော်မှ ရောင်ခြည်တော်များ မထွန်းတောက် မထွက်ပေါ်ချေ။ ထို့မှတစ်ဖန် ဝိဘင်း ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်ကျမ်းတို့ကို ဆင်ခြင်သုံး'

၁။ သမန္တကူဋဝဏ္ဏနာ။ ၄၁၀။ ၄၁၁။ (သီဟိုဠ်မူ)

သပ်တော် မူသော်လည်း ရွှေညဏ်တော် မကွန့်မြူးလောက်၍ ကိုယ်တော်မှ ရောင်ခြည်တော်များ မထွန်းတောက် မထွက်ပေါ်ပါချေ။ နောက်ဆုံး ခုနစ်ကျမ်းမြောက်အနန္တနယသမန္တမည်သောမဟာပဋ္ဌာန်းကျမ်းတော်ကြီးကို ဆင်ခြင်သုံးသပ်တော် မူသောအခါတွင်မှ လူးသာလွန့်သာ ရွှေညဏ်တော် ချိန်ကိုက်လာသဖြင့် တိမ်တိုက်လွှာအတွင်းမှ ထွက်လာသော နေဝန်းသဖွယ် ခြောက်သွယ်သော ရောင်ခြည်တော် အညွန့်အဖူးတို့သည် ရွှေတောင်နှုန်းလျော် မြတ်ကိုယ်တော်မှ ကွန့်မြူးထွက်ကြွတော် မူလာကုန်၏။

၁၀၄။ ပဋ္ဌာနံ သမ္မသန္တဿ၊ နာထဿ ဒေဟတော သုဘာ။
ဆဗ္ဗဏ္ဏာဘာ နိစ္ဆရန္တိ၊ ဝိခါဝန္တိ တဟိံ တဟိံ။

ပဋ္ဌာနံ=အနန္တနယ သမန္တမည်ဆန်း ပဋ္ဌာန်းကျမ်းတော်ကြီးကို။ သမ္မသန္တဿ=သုံးသပ်ဆင်ခြင်တော်မူသော။ နာထဿ သုံးလောကထွတ်ထားမြတ်စွာဘုရား၏။ ဒေဟတော=ရွှေတောင်နှုန်းလျော်မြတ်ကိုယ်တော်မှ။ သုဘာ=အံ့ဩစဖွယ် လွန်တင့်တယ်စွာကုန်သော။ ဆဗ္ဗဏ္ဏာဘာ=အညိတစ်ဖြာ အဝါတစ်လီ အနီတစ်ဆူ အဖြူတစ်ကြောင်း ရောင်မောင်း တစ်ချက် ပြိုးပြိုးပြက်ဆန်းကြယ် ရောင်ခြည်တော် ခြောက်သွယ်တို့သည်။ နိစ္ဆရန္တိ=ထွက်ကြွကွန့်မြူးလေကုန်၏။ တဟိံ တဟိံ=ထက်အောက်ဖီလာဒိပါနန္တ ထိုထိုဌာနတို့၌။ ဝိခါဝန္တိ=ပြေးသွားကွန့်မြူး ကြလေ့ကုန်၏။

(၅) အဇပါလသတ္တာဟ

ဤသို့လျှင် ဘုရားမြတ်စွာသည် မဟာဗောဓိပင်၏ အနီး၌ပင် လေးသတ္တာဟတို့ကို လွန်စေပြီးနောက် ပဉ္စမမြောက်သတ္တာဟရောက်သောအခါတွင် မဟာဗောဓိပင်၏အရှေ့အရပ်၌တည်ရှိသော အဇပါလညောင်ပင်ရင်းကြွတော်မူပြီးလျှင် ခုနစ်ရက်ပတ်လုံး တရားတော်ကိုဆင်ခြင်ကာ ဖလသမာပတ် ဝင်စားလျက် ယင်းအဇပါလညောင်ပင်^၁ ရင်း၌ သီတင်းသုံးတော်မူလေသည်။

၁၀၅။ အဇပါလနိဂြောဓေပိ၊ ဝိစိနံ ဓမ္မမုတ္တမံ။
ပဋိသံဝေဒယံ ဝိမုတ္တိ-သုခံ ဝသိဝသီ တဒါ။

၁။ ဆိတ်ကျောင်းသားများ ခိုနားနေရာ ညောင်ပင် = အဇပါလ-နိဂြောဓ။

(၆) မုစလိန္ဒသတ္တာဟ

အဇပါလညောင်ပင်ရင်း၌ ခုနစ်ရက်ပတ်လုံး တရားတော်မြတ်ဆင်ခြင် အရဟတ္တဖိုလ်ချမ်းသာ ခံစားတော်မူပြီးနောက် ထို အဇပါလညောင်ပင်ရင်းမှ ဖဲခွါတော်မူပြီးလျှင် မဟာဗောဓိပင်မှ အရှေ့တောင် မုစလိန္ဒအိုင်အနီး ကျည်းပင်ရင်းသို့ ကြွတော်မူပြီး ထိုကျည်းပင်ရင်း၌ အရဟတ္တဖိုလ်ချမ်းသာကိုခံစားတော်မူကာခုနစ်ရက်ပတ်လုံးတစ်ခုတည်းသောထက်ဝယ်ဖွဲ့ခွေ ထိုင်နေ သီတင်းသုံးတော်မူလေသည်။ ထိုအခါ ခုနစ်ရက်ပတ်လုံး အခါမဲ့မိုးကြီး ရွာသွန်းလေရာ မုစလိန္ဒာအိုင်၏ အောက်၌ရှိသောနဂါးဘုံကို အစိုးရသောမုစလိန္ဒာနဂါးမင်းကြီးသည် ကြီးမားသောခန္ဓာကိုယ်အတွဲတောကြီး ဖန်ဆင်း၍ ဘုရားရှင်ကို အချမ်း, အပူ မှက်,ခြင်, ယင်,ရဲ စသည် မထိပါး မနှိပ်စက်နိုင်ရန် အခွေခုနစ်ထပ် ရစ်ပတ်ကာ ရုံလျက် ဦးခေါင်းတော်ထက်၌ ပါးပျဉ်းဖြင့် ဖြန့်ကြက်အုပ်ဖုံး ဆောင်းမိုး၍ ထားလေသည်။ ဘုရားမြတ်စွာသည် မုစလိန္ဒာနဂါးမင်း၏အခွေခုနစ်ထပ်အတွင်း၌ သီတင်းသုံးတော်မူ၍ အရဟတ္တဖိုလ်ချမ်းသာကို ခုနစ်ရက်ပတ်လုံး ခံစားတော်မူလေသည်။

၁၀၆။ မုစလိန္ဒနာဂရညော၊ ဘောဂက္ခေရ မဟာမုနိ။
ဝွိသံဝေဒယံ ဝိမုတ္တိ-သုခံ ဝသိ ဝသီ တဒါ။

(၇) ရာဇာယတနသတ္တာဟ

ဘုရားမြတ်စွာသည် မုစလိန္ဒာအိုင်အနီး ကျည်းပင်ရင်း၌ အရဟတ္တဖိုလ်ချမ်းသာ ခံစားလျက် ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူပြီးကျည်းပင်ရင်းမှ ဖဲခွါတော်မူကာ မဟာဗောဓိပင်၏တောင်မျက်နှာ ရာဇာယတန=လင်းလွန်းပင်ရင်းသို့ ကြွသွားထိုင်နေတော်မူကာ ထို လင်းလွန်းပင်ရင်း၌ အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူ၍ ခုနစ်ရက်ပတ်လုံး သီတင်းသုံးထိုင်နေတော်မူလေသည်။

၁၀၇။ ရာဇာယတနမူလေပိ၊ မဟေသီ ဓမ္မသာမိကော။
ဝိမုတ္တိသုခေန ဝသိ၊ သတ္တဒိနာနိ ခေပယိ။

သိကြားမင်းဆက်ကပ်သည့် ဒန်ပူရေမျှားဖြင့် မျက်နှာတော်သစ်ခြင်း

ဤသို့ဖြင့် သတ္တသတ္တာဟ=လေးဆယ့်ကိုးရက် ပြည့်ခဲ့လေပြီ။ ဤလေးဆယ့်ကိုးရက်အတွင်းတွင် ဘုရားရှင်မှာ ခံတွင်းတော် ဆေးခြင်း, မျက်နှာတော်သစ်ခြင်း, ကိုယ်လက်သုတ်သင်ခြင်း, ရေချိုးတော်မူခြင်း, ဆွမ်းဘုဉ်းပေးတော်မူခြင်း, ရေသုံးဆောင်တော်မူခြင်း, လျောင်းတော်မူခြင်းကိစ္စများ မရှိပါချေ။ ဖိုလ်ချမ်းသာဖြင့်သာ အချိန်ကို ကုန်လွန်စေတော်မူသည်။ ထိုလေးဆယ့်ကိုးရက် ပြည့်မြောက်သော ဝါဆိုလဆန်း ၅-ရက် ဗုဒ္ဓဟူးနေ့၌ ဘုရားမြတ်စွာ မျက်နှာတော် သစ်လိုသောအကြံတော် ဖြစ်လေသည်။ ထိုအကြံကို သိကြားမင်းသိသဖြင့် သိကြားမင်းသည် ဘုရားရှင်ထံရောက်လာကာ ဆေးကြဇသီးကို ဆက်ကပ်လေသည်၊ ထိုဆေးကြဇသီးကို ဘုဉ်းပေးပြီးလျှင်ပြီးချင်း ကိုယ်လက်သုတ်သင်မှုခေါ်သည့် ကျင်ကြီးကျင်ငယ်စွန့်မှု ဖြစ်လေသည်။ ထိုနောက် သိကြားမင်းသည်ပင်လျှင် ဘုရားရှင်အား နဂါးပြည်ဖြစ်ကွမ်းရိုးဒန်ပူ အနဝတတ်အိုင်ရေတို့ကို ဆက်ကပ်လေသည်။ ဘုရားမြတ်စွာသည် ယင်းသိကြားမင်းဆက်ကပ်သည့် နဂါးပြည်ဖြစ် ကွမ်းရိုးဒန်ပူကို ဝါးတော်မူပြီးလျှင် အနဝတတ်ရေဖြင့် ခံတွင်းတော်ဆေးခြင်း မျက်နှာတော်သစ်ခြင်းကို ပြုတော်မူ၍ ထိုလင်းလွန်းပင်ရင်း၌ပင် ထိုင်နေတော်မူလေသည်။

၁၀၈။ သက္ကေန ဥပနီတေန၊ ဒန္တကဋ္ဌေန ဝါရိနာ။
မုခံ ဓောဝိဘွာန တမှိ၊ နိသီဒိ မုနိ ဗောဓိမာ။

တပုဿဘလ္လိကကုန်သည်ညီနောင် ဒွေဝါစိကာ သရဏဂုံဘည်ခြင်း

ထိုအခါ တပုဿနှင့်ဘလ္လိကကုန်သည်ညီနောင်တို့သည် လှည်းငါးရာတို့ဖြင့် မိမိနေရာ ဥက္ကလာပဇနပုဒ်မှ မဇ္ဈိမဒေသသို့ ကူးသန်းရောင်းဝယ်သွားကြသည်ရှိသော် ဘုရားမြတ်စွာ သီတင်းသုံးရာ လင်းလွန်းပင်အနီးခရီးမဖြင့် သွားကြဆဲဖြစ်လေသည်။ ထိုအခါ ရှေးဘဝက ဆွေမျိုးသားချင်းတော်စပ်ခဲ့ဖူးသော နတ်သား၏တိုက်တွန်းချက်ကြောင့် မိမိတို့မှာ ပါလာသော မုန့်ကြွက်ကျစ်နှင့် ပျားဆုပ်မုန့်တို့ကို အလှူခံတော်မူရန်လျှောက်ထားကြကုန်၏။ ထိုအခါ ဘုရားမြတ်စွာသည် ရှေးရှေးနောင်တော်ဘုရားမြတ်စွာတို့သည် လက်တော်ဖြင့် အာဟာရကို အလှူမခံကြကုန်၊ သို့ဖြစ်၍

ငါသည် ယခု ကုန်သည်ညီနောင်တို့လှူဒါန်းသော မုန့်ကြွက်ကျစ်နှင့် ပျားဆုပ်မုန့်တို့ကို ဘယ်အရာဝတ္ထုဖြင့် အလှူခံရပါမည်နည်းဟု ကြံစည်တော်မူလေ၏။

ထိုအခါ ဘုရားဇိနော် စိတ်အကြံတော်ကိုသိကြ၍ အရပ်လေးမျက်နှာမှ မဓာရဋ္ဌ၊ ဝိရူဠ္ဍက၊ ဝိရူပက္ခ၊ ကုဝေရဟူသော စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် ဣန္ဒနီလာ ကျောက်ညိုသပိတ်လေးလုံးကို ဘုရားရှင်အား ရှိသေစွာ ဆက်ကပ် လှူဒါန်းလာကြကုန်၏။ ထို သပိတ်လေးလုံးကို ဘုရားရှင်သည် အလှူမခံဘဲပယ်မြစ်တော်မူလေသည်။ တစ်ဖန် နတ်မင်းကြီးလေးယောက်တို့သည် ပုံနောက်အဆင်းရှိသော ပကတိကျောက်သပိတ်လေးလုံးတို့ကို ဆက်ကပ်လှူဒါန်းကြပြန်သည်။ ဘုရားရှင်သည် ထိုပကတိကျောက်သပိတ်လေးလုံးကို အလှူခံတော်မူပြီးလျှင် နတ်မင်းကြီးတို့အား သနားချီးမြှောက်တော်မူသောအားဖြင့် ထိုကျောက်သပိတ်လေးလုံးတို့ကို ထပ်လျက် သပိတ်တစ်လုံးတည်း ဖြစ်စေသတည်းဟု အဓိဋ္ဌာန်တော်မူလေရာ ထိုသပိတ်လေးလုံးသည် အနား ၄လေးရစ်ရှိ သပိတ်တစ်လုံးတည်းဖြစ်လေသည်။

ဘုရားမြတ်စွာသည် ထိုသပိတ်ဖြင့် တပုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့ လှူဒါန်းသော မုန့်ကြွက်ကျစ်နှင့် ပျားဆုပ်မုန့်များကို အလှူခံ၍ ဘုဉ်းပေးတော်မူပြီးလျှင် ကုန်သည်ညီနောင်တို့နှင့် သင့်လျော်သည့် အနုမောဒနာ တရားကို ဟောကြားတော်မူလေသည်။ ထိုအခါ ကုန်သည်ညီနောင်နှစ်ယောက်တို့သည် ထိုအချိန်တွင် သံဃာရတနာ မပေါ်သေးရကား မြတ်စွာဘုရားကိုလည်းကောင်း, တရားတော်ကိုလည်းကောင်း ကိုးကွယ်လည်းလျောင်း ပုန်းအောင်းမှီခိုရာဟူ၍ ဆည်းကပ်ကြကာ ဒွေ့ဝါစိကသရဏဂုံတည် ဥပါသကာများ ဖြစ်ကြလေကုန်၏။

၁၁၉။ ဧတေ တပုဿဘလ္လိကာ၊ သုခညာ သုကတာ ဟိ ဝေ။
သန္တိကေ ဗုဒ္ဓသေဋ္ဌဿ၊ ဒွေ့ဝါစိူပါသကာ ဘဝုံ။

၁။ သုဇာတာဘာသာလှူဒါန်းသည့် ဃနနိ့ဆွမ်းကို ခံယူစဉ်နေ့ကငင် တောထွက်စဉ် ဃဋိကာရမြဟ္မာကြီးလှူဒါန်းသည့် မြေသပိတ်မှာ ကွယ်ပျောက်နှင့်လေသည်။

ကိုးကွယ်ရာ တောင်းကြခြင်း

တပုဿ, ဘလ္လိက ကုန်သည်ညီနောင် နှစ်ယောက်တို့သည် ဝမ်းမြောက် ယုံကြည်စွာ သရဏဂုံ ခံယူကြပြီးလျှင် တပည့်တော်များ မိမိတို့နေရာ ဥက္ကလာပ ဇနပုဒ်သို့ရောက်လျှင် ထာဝစဉ် ကိုးကွယ်ရာတစ်ခုခု ပေးသနား တော်မူပါဟု လျှောက်ထားကြသဖြင့် ဘုရားမြတ်စွာသည် လက်တော်ဖြင့် ဦးခေါင်းကို သုံးသပ်တော်မူလေလျှင် ဆံတော်မြတ် ရှစ်ဆူတို့သည် လက် တော်၌ ငြိကပ်၍ပါလာလေကုန်၏။ ၎င်းဆံတော်မြတ်ရှစ်ဆူတို့ကို ကုန်သည် ညီနောင်တို့၏ လက်သို့ ပေးအပ်သနားတော်မူလိုက်လျှင် "ဤဆံတော် များကို ငါဘုရား၏ကိုယ်စား အားထားကြည်ညိုစွာ ကိုးကွယ်ဆည်းကပ် လေ"ဟု မိန့်တော်မူလေသည်။

၁၉၀။ တေ ဒွေ တပုဿဘလ္လိကာ၊ အယာစုံ ပူဇိယံ ဟိ ခေါ။
သိရံ ပရာမသိတွာန၊ နီလာမလသိရောရုဟော။
အဋ္ဌေဝ ကေသဓာတုယော၊ အဒါ ကာရုညမာနသော။

စေတီတည်ထား ကိုးကွယ်ကြခြင်း

တပုဿ, ဘလ္လိက ကုန်သည်ညီနောင်တို့သည် လွန်စွာဝမ်းမြောက်ကြ ကာ ဘုရားရှင်ထံမှဖဲ့ခွာကာ အလိုရှိရာအရပ်သို့သွားကြပြီးလျှင် ကုန်ပစ္စည်း များ ရောင်းချပြီးသောအခါ မိမိတို့နေရာဌာန ဥက္ကလာပဇနပုဒ်သို့ပြန်ကြ ကုန်၏။ နေရင်းဌာနရောက်သောအခါ ဥက္ကလာပမင်းကြီးအား ဆံတော် ဓာတ် ပါလာ ရရှိ ပင့်ဆောင်ခဲ့ကြောင်း သံတော်ဦးတင်ကြ၍ သင့်လျော် သော ဌာနကို ရှာပြီးလျှင် စေတီတည်ကာ ဆံတော်ဓာတ်မြတ်ရတနာကို ဌာပနာပြီး ကောင်းစွာကော်ရော် ပူဇော်ကြကုန်၏။ ယင်းစေတီတော် ကား ရွှေတောင်ကြီးတမျှ ကြီးမားလှသည့် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ကြီးပင် ဖြစ်လေသည်။

၁၉၁။ စေတိယံ ကာယယိတွာန၊ တေ ဌပေတွာ သိရောရုဟေ။
ပူဇေသုံ တေ သပ္ပုရိသာ၊ ဝိတာ ပမုဒိတာ ဟိ ဝေ။

သတ္တဌာန ဘုရားရှိခိုး

အို သံဂါယနာသမိုင်းတော် စာတော်ဖတ်....သင် သမိုင်းစာတော်ဖတ် သည် ပော်ပြပါ ဘုရားဇိနော် ခုနစ်ရက်စီ သီတင်းသုံးစံတော်မူခဲ့ရာ ဌာန ထူး ခုနစ်ပါးကို အောက်ပါဂါထာပါဠိအနက်ဖြင့် ရှိခိုးရာ၏။

၁၉၂။ ပဌမံ ဗောဓိပလ္လင်္ကံ၊ ဒုတိယဉ္စ အနိမိသံ။
တတိယံ စင်္ကမဥ္စေဝ၊ စတုတ္ထံ ရတနာဃရံ။

၁၉၃။ ပဉ္စမံ အဇပါလဉ္စ၊ မုစလိန္ဒဉ္စ ဆဋ္ဌမံ။
သတ္တမံ ရာဇာယတနံ၊ သတ္တဋ္ဌာနံ အဟံ နမေ။

(၁) ပဌမံ = ရှေးဦးစွာသော။ ဗောဓိပလ္လင်္ကံ = သစ္စာလေးအင် သိမြင်တော်မူရာ ဗောဓိညောင်ပင် ရွှေပဲ့လ္လင်ကိုလည်းကောင်း။

(၂) ဒုတိယံ = နှစ်ကြိမ်မြောက်သော။ အနိမိသဉ္စ=ရွှေညောင်ရှက်စိမ်း ငါးမာန်ငြိမ်း၏ ဝေ့ယိမ်းမြောက်တွင် သေန်ခွင်ဝယ် ပလ္လင်ရဝနာ မာရ်အောင်ရာဟု သကျာဓိပတိ ထွတ်ဘုန်းရှိလျှင် မျက်စိမမှိတ် ဖိုလ်စိတ်ရည်ရော် ရပ်တန့်မျှော်၍နေတော်မူရာ အနိမိသာ ရပ်ခန်းဝါကိုလည်းကောင်း။

(၃) တတိယံ=သုံးကြိမ်မြောက်ဖြစ်သော။ စင်္ကမဉ္စ=ဗောဓိပင်မှ အနိမိသ ဌာနနှစ်ပါး အလယ်ကြားတွင် အလျားရှေ့နောက် အခေါက်ခေါက်လျှင် တန့်ထောက်မနား စင်္ကြံသွား၍ ရွှေဖဝါးတော်ကြာ ခြေချရာဟု ရတနာအတိ ဝင်းပြောင်ညီသား သိရှိလျှံဝါ စင်္ကြံသာကိုလည်းကောင်း။

(၄) စတုတ္ထံ=လေးကြိမ်မြောက်ဖြစ်သော။ ရတနာဃရဉ္စ=ဗောဓိပင်မှ သမိပဟု သာလှမြေပြင် ဗာယပ်ခွင်ဝယ် ခဲ့အင်လှစွာ ဘိဓမ္မာကို စိတ်ဖြာခွဲခြမ်း ဉာဏ်တော်လျှမ်း၍ စူးစမ်းဆင်ခြင် စံရှင်ပျော်ရာ ရတနာဃရ ကျော်ပေါက်ပြသား ဒေဝဖန်ဆန်း ရွှေအိမ်နန်းကိုလည်းကောင်း။

(၅) ပဉ္စမံ=ငါးကြိမ်မြောက်ဖြစ်သော။ အဇပါလဉ္စ=ဗောဓိပင်မှ ပုဗ္ဗဒိသာ အရှေ့မျက်နှာ၌ ကောင်းစွာရောက်ထ မြမြသွန်းသွန်း ရွှေရည်ဆန်းသို့ ရိပ်နန်းဝင်းပြောင် ဆိတ်ကျောင်းညောင်မှာ ခြောက်ရောင်ထွန်းပ သုံးလူ့ဘဟု ရမမွေလျော် နေတော်မူမှန်း အရပ်ဆန်းကိုလည်းကောင်း။

(၆) ဆဋ္ဌံ=ခြောက်ကြိမ်မြောက်ဖြစ်သော၊ မုစလိန္ဒဉ္စ=ရွှေ ငွေ့ သန္တာနီလာ ပတ္တမြား ငါးပါးအရောင် ဝင်းဝါပြောင်သား ရွှေညောင်တော်ရှေ့ တောင်စပ်ကွေ့တွင် ချမ်းမြေ့မိုးပြင်း ရွာဘိခြင်းကို ရေမင်းနာဂါ ပါးပျဉ်းကာ၍ ချမ်းသာရိပ်မြုံ ပျော်ပိုက်တုံသည့် မုစလိန္ဒာ ရွှေကြာနှံ့လိုင် ပန်းစုံအိုင်ကိုလည်းကောင်း။

(၇) သတ္တမံ=ခုနစ်ကြိမ်မြောက်ဖြစ်သော။ ရာဇာယတနဋ္ဌ=ရတနာသီရိ ပင်ဗောဓိဝန်း တောင်ရပ်စွန်းတွင် လင်းလွန်းမြညို ပင်ရိပ်ခို၍ ဖြဟ္မစိုရ်လေးပါး တရားထုံလျက် သုံးဘုံမြကွင်း တရားမင်း၏ ပျော်ခင်းစံရာ ရာဇာယတန ရပ်ဇေယျကိုလည်းကောင်း။

ဣတိ သတ္တဋ္ဌာနံ = ဤသို့မြဘ်စွာ တင့်အပ်ရာသား ရတနာထူးလည် ရပ်ခုနစ်မည်ကို။ အဟံ = နှစ်ပါးနာမ်ရုပ် အကျွန်ုပ်သည်။ နမေ-နမာမိ= ရှိသေမြတ်နိုး ရှိခိုးပါ၏။

တရားမဟောတော့ဟု အကြံတော်ဖြစ်၍ သဟမ္ပတိဗြဟ္မာ တရားဟောရန် တောင်းပန်လာခြင်း

သတ္တသတ္တာဟ လွန်မြောက်၍ ရက်ပေါင်း ငါးဆယ်သို့ ရောက်သော ဝါဆိုလဆန်း ၆-ရက် ကြာသပတေးနေ့ နံနက်ခင်းတွင် ဘုရားမြတ်စွာသည် လင်းလွန်းပင်ရင်းမှထတော်မူ၍ တစ်ဖန် အဇပါလညောင်ပင်ရင်းသို့ ကြွရောက် သီတင်းသုံးတော်မူစဉ် ဘုရားရှင်အား ဤသို့ အကြံအစည်ဖြစ်တော်မူသည်။ ယခု ငါသိတော်မူအပ်သော တရားတော်မြတ်သည် မြင်းမိုရ်တောင်ဖုံးသော မုန်ညင်းသီးအလုံးငယ်ကလေးတမျှ အလွန်မြင်နိုင်ခဲလှ၏။ သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားသခင်တို့၏ အရာသာ ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်တရားတော်သည်လည်း ပံသုပထဝီအောက်ဝယ်တည်သော မြေဆီဩဇာပမာ လွန်စွာနက်နဲ-ခက်ခဲသိမ်မွေ့လှ၏။ ဤလောကမှာရှိနေကြသည့် သတ္တဝါတွေမှာ ပညာဉာဏ်နည်းပါး ကိလေသာတွေ ထူပြော များပြားလှကုန်၏။ ကာမဂုဏ်ငါးပါး လွန်စွာ လိုက်စားကြကုန်၏။ ငါဟောမည့် တရားတော်ကိုလည်း နားလည်ကြမည် မဟုတ်ချေ။ တရားဟောသော ငါဘုရားသာပင် ပင်ပန်းနွမ်းနယ်ရုံ ရှိချိမ့်မည်''ဟု ကြံစည်တော်မူကာ.... ဘုရားမြတ်စွာအားလုံးတို့ ကြံစည်တော်မူမြဲအတိုင်း တရားမဟောလိုသော အကြံအစည် ဖြစ်တော်မူလေသည်။

ယင်းသို့ အကြံအစည်ဖြစ်တော်မူလေရာ သဟမ္ပတိဗြဟ္မာသည် အို.... အချင်းတို့ လောကကြီး ပျက်စီးကြုံကြိုက်ရပြီတကားဟု ကြွေးကြော်ပြောဆိုလျက် စကြဝဠာပေါင်း တိုက်တစ်သောင်းမှ နတ်ဗြဟ္မာများကို ခေါ်ဆောင်ခဲ့ကာ တရားဟောတော်မူရန် အကြိမ်ကြိမ် အထပ်ထပ် တောင်းပန်

သဖြင့် တရားဟောတော်မူမည်ဟု ပဋိညာဉ်ပေးတော်မူကာ ငါသည် အဘယ်ပုဂ္ဂိုလ်အား တရားဦး ဟောရမည်နည်းဟု ဆင်ခြင်တော်မူလေရာ ကျေးဇူးရှိသော အာဠာရရသေ့နှင့် ဥဒကရသေ့တို့ကိုတွေ့မြင် ဉာဏ်တော်၌ ထင်သော်လည်း အာဠာရရသေ့မှာ လွန်ခဲ့သော ခုနစ်ရက်က ကွယ်လွန်ကာ အာကိဉ္စညာယတနဘုံ၌ဖြစ်၍ ဥဒကရသေ့မှာ ယနေ့ညသန်းခေါင်ယံ့အချိန် ကပင် အသက်ကုန်ကာ ဘဝဂ်ဘုံမှာဖြစ်လေပြီဟု သိတော်မူ၍ အာဠာရနှင့် ဥဒကရသေ့တို့မှာ ရပ်ဖြစ်ရှစ်ပါးမကင်းသည့် အရူပဘုံတွင်းဝယ် ဖြစ်ကြရ၍ အရှုံးကြီးရှုံးကြရသည်ကို လွန်စွာသနားတော်မူပြီးလျှင် တစ်ဖန် တရား ဟောရမည့်ပုဂ္ဂိုလ်ကို ဆင်ခြင်ပြန်ရာ ကာသိတိုင်း ဗာရာဏသီမြို့တော်အနီး မိဂဒါဝုန်တော၌နေကြသော ပဉ္စဝဂ္ဂီရသေ့ ငါးဦးတို့ကို တရားဟောတော် မူမည်ဟု ကြံစည်ဆုံးဖြတ်တော်မူလေသည်။

ယင်းသို့ ကြံတော်မူပြီးသော် အဋ္ဌမသတ္တာဟနောက် သုံးရက် လေးရက် ခန့် ဗောဓိပင်အနီး ရွာများ၌ ဆွမ်းခံမျှတတော်မူပြီးလျှင် ဝါဆိုလပြည့် နေ့တွင် ဗောဓိပင်မှ တစ်ဆယ့်ရှစ်ယူဇနာ ဝေးကွာသော ကာသိတိုင်း ဗာရာဏသီမြို့တော်သို့ နေ့ချင်းပေါက် အရောက် ကြွတော်မူလေ့သည်။ ဗောဓိပင်မှ သုံးဂါဝုတ်မျှ ဝေးကွာသည့် ဂယာရွာမရောက်မီ လမ်းအကြား တွင် နောင်မကြာမီ မုဆိုးသားမက်ဖြစ်မည့် ဥပကတက္ကတွန်းရဟန်းကိုတွေ့ တော်မူရာ ကိုယ်တော်မြတ်၏ ဘုရားသဗ္ဗညုဖြစ်ကြောင်း ပြောပြတော်မူခဲ့ ပြီး ထိုသည့်ဝါဆိုလပြည့်နေ့ ညနေချမ်းတွင် မိဂဒါဝုန်တောသို့ရောက်တော် မူလေရာ နေမဝင်မီအချိန်တွင် ထိုပဉ္စဝဂ္ဂီရသေ့ငါးဦးတို့အားဓမ္မတရားဦးကို ဟောတော်မူလေရာ တဆယ့်ရှစ်ကုဋေသော နတ်ပြဟ္မာတို့နှင့်အတူ အရှင် ကောဏ္ဍည သောတာပန်တည်လေသည်။ အရှင်ကောဏ္ဍညကရဟန်းအဖြစ် ရလိုကြောင်း တောင်းပန်လျှောက်ထားလေရာ၊ဘုရားမြတ်စွာကဟေဘိက္ခု ခေါ်တော်မူကာ ရဟန်းအဖြစ်သို့ ရောက်စေတော်မူလေသည်။

၁၉၄။ ဗုဒ္ဓပတ္တောသိ ဗောဓေယျ-ဓမ္မဂမ္ဘီရတံ ဇိနော။
နိသာမေတွာန ဒေသေတုံ၊ နိရုဿာဟမုပါဂတော။

၁၉၅။ သဟမ္ပတိ တဒါ ပြဟ္မာ၊ ဒေသနာယာဘိယာစတိ။
တတော ဟိ ပဌမံ သေဋ္ဌ၊ ဓမ္မစက္ကမဒေသယိ။

ဓမ္မစကြာတရားဦးဟော ဘုရားရှိခိုး

မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလပြည့် စနေနေ့တွင် ဘုရားရှင် ဓမ္မစကြာတရားဦး ဟောတော်မူပုံကို အောက်ပါ ဂါထာပါဠိ အနက်ဖြင့် ရှိခိုးရာ၏။

၁၉၆။ ပဉ္စဝဂ္ဂိပမုခါနံ၊ မရူနံ မိဂဒါဝနေ။
သောရိဝါရေ ဓမ္မစက္ကံ၊ ဝတ္တေသိ တံ ဇိနံ နမေ။

သောရိဝါရေ=နဂါးပျော်မွေ့ စနေနေ့၌။ ပဉ္စဝဂ္ဂိပမုခါနံ=မထေရ်ငါးဦး အမှူးရှိကုန်သော။ မရူနံ=နတ်ဗြဟ္မာ အပေါင်းတို့အား။ မိဂဒါဝနေ=မိဂဒါဝုန် ရဂုံသာမော ဥယျာဉ်တော၌။ ဓမ္မစက္ကံ=ဓမ္မစကြာတရား ဒေသနာတော်ကို။ ဝတ္တေသိ = လည်စေ ဖြစ်စေဟောတော်မူခဲ့လေပြီ။ တံ ဇိနံ=ထိုမြတ်စွာဘုရားကို။ အဟံ=နှစ်ပါးနာမ်ရုပ် အကျွန်ုပ်သည်။ နမေ=ရှိသေမြတ်နိုး ရှိခိုးပါ၏။

ဗာရာဏသီ မိဂဒါဝုန်တော၌ ပဌမဝါဆို ရဟန္တာ ၆-ကျိပ် ပေါ်ပေါက်စေခြင်း

ဘုရားမြတ်စွာသည် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် မိဂဒါဝုန်တော၌ ဝါဆိုတော်မူ၍ ဝါတွင်းသုံးလပတ်လုံး ကာသိတိုင်း ဗာရာဏသီမြို့တော် မိဂဒါဝုန်တော၌ သီတင်းသုံးတော်မူသည်။ ဘုရားမြတ်စွာ၏ ဓမ္မစကြာတရား နာကြားရသဖြင့် သုတမယအနေအားဖြင့် ယုံကြည်မှုရနေသဖြင့် ဘုရားရှင်ဆုံးမချက်အတိုင်း ဆက်လက်တရားအားထုတ်ကြရာ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့တွင် အရှင်ဝပ္ပ သောတာပန်ဖြစ်၍၊ ၂-ရက်နေ့တွင် အရှင်ဘဒ္ဒိယ သောတာပန်ဖြစ်သည်။ ၃-ရက်နေ့တွင် အရှင်မဟာနာမ် သောတာပန် ဖြစ်သည်။ ၄-ရက်နေ့ အရှင်အဿဇိ သောတာပန်ဖြစ်သည်။ ၅-ရက်နေ့ အနတ္တလက္ခဏသုတ်ဟောရာ ၅ ပါးလုံး ရဟန္တာဖြစ်ကြသည်။ ၎င်းနောက် သူဌေးသား ယသလုလင် ရဟန်းပြု၊ ၎င်းနောက် ဗာရာဏသီမြို့တော်မှ သူဌေးသူကြွယ်များ၏ သားများဖြစ်ကြသော ဝိမလလုလင်၊ သုဗာဟုလုလင်၊ ပုဏ္ဏဇိလုလင်၊ ဂဝမ္ပတိလုလင်တို့ ရဟန်းပြုကြရာ အားလုံး ရဟန္တာဖြစ်ကြသည်။ ၎င်းနောက် အရှင်ယသ၏ကုသိုလ်ပြုဖက် သူဌေးသားမိတ်ဆွေ

အမျိုးသားငါးဆယ်တို့ ရဟန်းပြု ရဟန္တာဖြစ်ကြသည်။ ဤသို့ဖြင့် ဘုရားမြတ်စွာ ဗာရာဏသီမြို့တော်၌ ဝါဆိုသီတင်းသုံးစဉ်အတွင်း ပဉ္စဝဂ္ဂီ ၅+ အရှင်ယသ-အရှင်ဝိမလ, အရှင်သုဗာဟု, အရှင်ပုဏ္ဏဇိ, အရှင်ဂဝမ္ပတိ+ သူဌေးသားအမျိုးသား ၅၀=စုစုပေါင်း ရဟန္တာအရှင်မြတ် ၆၀-ပေါ် ပေါက်အောင် ဘုရားမြတ်စွာသည် အသာဓာရဏ မဟာကရုဏာတော်ဖြင့် ပြုတော်မူခဲ့လေသည်။

၁၉၇။ တတော ဗာရာဏသိံ ဂန္တွာ၊ ဓမ္မစက္ကံ ပဝတ္တယိ။
တမှိ ဝဿံ ဝသန္တောဝ၊ သဋ္ဌိံ အရဟတံ အကာ။

သာသနာပြု စေလွှတ်တော်မူခြင်း

ဘုရားမြတ်စွာသည် ဗာရာဏသီ မိဂဒါဝုန်၌ ပဌမဝါကပ်တော်မူ၍ ဝါကျွတ်သောအခါ ၆၀-ကျိပ်သော ရဟန်းတော်များကို ခေါ်တော်မူကာ 'အို....ချစ်သား ရဟန်းများတို့ ငါကား လူနတ်တို့၌ဖြစ်သော တဏှာ ရာဂကျော့ကွင်းမှ လွတ်ကင်းတော်မူခဲ့လေပြီ။ သင် ချစ်သားများလည်း လူနတ်တို့၌ဖြစ်သော တဏှာရာဂကျော့ကွင်းမှ လွတ်ကင်းခဲ့ကြလေပြီ'ဟု စကားချီတော်မူကာ 'သင်တို့ ထိုထိုဤဤ လှည့်လည်ကြချေ။ အစ, အလယ် အဆုံး ၃-ပါးလုံး အပြစ်ကင်းလွတ် ဝဋ္ဋမှထွက်ကြောင်း ကောင်းမြတ် သဒ္ဒါနှင့်ပြည့်စုံ အနက်အဓိပ္ပာယ်နှင့်လည်း ကုံလုံပြည့်ဝသည့် တရားတော် များကို ဟောကြားကြချေ။ ကိလေသာမြူနည်းပါး၍ ပညာမျက်စိအား ကောင်းသော သတ္တဝါများ ရှိကြသေးသည်။ ထိုသတ္တဝါများသည် တရား ဓမ္မ မကြားနာကြရသည့်အတွက် ရသင့်ရထိုက်သောတရားမှယုတ်လျော့နေ ကြသည်။ တရားသိလွယ်သူတွေ ရှိကြလိမ့်မည်'ဟု မိန့်ကြားတော်မူ၍ ကြီးမားသောအသာဓာရဏ မဟာကရုဏာတော်ဖြင့် သာသနာပြုစေလွှတ် တော်မူခဲ့လေသည်။[၁] ထိုအခါကစ၍ ဘုရားမြတ်စွာ အဆုံးအမတော် သာသနာတော်ကြီးသည် တဖြည်းဖြည်း စည်ပင်ပျံ့နှံ့ခဲ့လေသည်။

၁၉၈။ တတော ဗုဒ္ဓဿ သာသနံ၊ ဝိတ္ထာရံ ဝိပုလံ ဘဝိ။
လောကေနေကေသု ဌာနေသု၊ ဂါမေသု နိဂမေသု စ။

၁။ ဝိ၊ ၃။ ၂၇-၈။

ဘဒ္ဒဝဂ္ဂီညီနောင်မင်းသားတို့ ရဟန္တာဖြစ်ခြင်း

ငင်းနောက် ဘုရားမြတ်စွာသည် ဥရုဝေလတောသို့ ကြွတော်မူ၏။ ထိုသို့ကြွတော်မူရာလမ်းခရီးအကြားတွင်သာဝတ္ထိပြည်ရှင် ဘုရင်ကောသလ မင်းကြီး၏ အဘတူ အမကွဲ သားများဖြစ်ကြသော ဘဒ္ဒဝဂ္ဂီညီနောင် မင်းသား ၃-ကျိပ်တို့ကို ချွေချွတ် ရဟန္တာဖြစ်စေတော် မူခဲ့လေသည်။

၁၉၉။ တော ဓမ္မဒေသနတ္ထာယ၊ ဝိဿဇ္ဇေတွာန ဘိက္ခဝေါ။
အရဟတ္တံ သမ္ပာပေသိ၊ သဟာယေ ဘဒ္ဒဝဂ္ဂိယေ။

ရသေ့ညီနောင် ရှင်တစ်ထောင်ကို ချွေချွတ်ရန် ဥရုဝေလတော၌ သီတင်းသုံးတော်မူခြင်း

ဥရုဝေလတော၌ ဥရုဝေလကဿပ, နဒီကဿပ, ဂယာကဿပဟူသော ရသေ့ညီနောင် ၃-ဦးတို့သည် အကြီးအမှူး ဆရာပြုကြကာ ဥရုဝေလ ကဿပ၌ တပည့်ရသေ့ ငါးရာ, နဒီကဿပ၌ တပည့်ရသေ့ သုံးရာ, ဂယာကဿပ၌ တပည့်ရသေ့ နှစ်ရာ အသီးသီးရှိကြ၍ မြစ်ကမ်း တစ်ခု စီကို စွဲမှီနေကြသည်။ ရေငုပ် မီးလှူ တုံးခုန်ဇယ်ခတ် အတ္တကိလမထအကျင့် အရပ်ရပ်ကို မှားယွင်းစွာ ကျင့်နေကြသဖြင့် ဘုရားမြတ်စွာသည် သနား တော်မူလှ၍ဥရုဝေလတောသို့ ချွေချွတ်ရန်ကြွတော်မူသည်။ဥရုဝေလတော ဥရုဝေလကဿပ၏ကျောင်းသင်္ခမ်းအနီး မီးတင်းကုတ်ထဲ၌ နဂါးကြီးကို ဆုံးမ၍ ကြည်ညိုသဖြင့် ဥရုဝေလကဿပသည် ဘုရားမြတ်စွာအား နေ့စဉ် ဆွမ်းလုပ်ကျွေးသဖြင့် ဘုရားမြတ်စွာသည် ဥရုဝေလရသေ့၏ ကျောင်း သင်္ခမ်းအနီး တစ်ခုသော တောအုပ်၌ နေ့စဉ် ဥရုဝေလကဿပရသေ့၏ ဆွမ်းကို ဘုဉ်းပေးတော်မူပြီး ရသေ့များ၏ ဉာဏ်ရင့်ချိန်ကို စောင့်မျှော် ယင်း တန်ခိုးပြာဋိဟာ အမျိုးမျိုးပြကာဆောင်းဥတုအချိန်အခါ ၃-လ နီးပါး သီတင်းသုံးတော်မူခဲ့လေသည်။

၂၀၀။ သဟဿဇဋိလေ ဗုဒ္ဓေါ၊ ဝိနေတုံ ကဿပါဒိကေ။
ဟေမန္တေ ဥရုဝေလာယံ၊ ဝသိတေ ပရိပါစယံ။

ပုဏ္ဏာအမည်ရှိသော သူဌေးကျွန်မအလောင်းကောင် ထုပ်သော အဝတ်ကို ပံ့သကူ ကောက်တော်မူခြင်း

ဘုရားမြတ်စွာသည် ဥရုဝေလကဿပ စသော ရသေ့ညီနောင် ရှင်တစ်ထောင်တို့၏ ဣန္ဒြေရင့်ကျက်ချိန် စောင့်ယင်း တန်ခိုးပြာဋိဟာပြ၍ ဥရုဝေလတော၌ သီတင်းသုံးစဉ် တစ်နေ့သ၌ သေနနိဂုံးသူ ပုဏ္ဏာ[1] အမည်ရှိသော သူဌေး ကျွန်မ ကွယ်လွန်လေရာ ပိုက်ဆံလျှော်မျှင်ဖြင့် ရက်လုပ်အပ်သော အဝတ်ဖြင့် ထုပ်လျက် သုသာန်၌ စွန့်ပစ်ထားသော ဥတုဇရုပ်အလောင်းကောင်မှ တစ်ပြည်သားခန့်ပိုးလောက်တွေကို အသာအယာ ဖယ်ရှားလျက် ထိုပိုက်ဆံလျှော်မျှင် အဝတ်ကို ပံ့သကူသင်္ကန်းအဖြစ် ကောက်ယူတော်မူလေသည်။ ထိုအခါ ယူဇနာပေါင်း နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာပထဝီမြေကြီးသည် ကောင်းချီးပေးသည့်အနေဖြင့် မြည်ဟည်းကာ ပြင်းစွာတုန်လေ၏။ မိုးကောင်းကင်အလုံးလည်း ထစ်ချုန်းမြည်ဟည်းလေသည်။ နတ်ဗြဟ္မာအပေါင်းတို့သည်လည်း ကောင်းချီးနုမော် သာဓုခေါ်ကြလေသည်။ ယင်းပံ့သကူသင်္ကန်းတော်ကို နောက်တွင် ဘုရားမြတ်စွာသည် ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံ၍ လေးလမြောက်ဝယ် ရာဇဂြိုဟ်မြို့တော် စရိးပင်ပေါက်ရောက်ရာ လိုဏ်ဂူအနီး မဏ္ဍပ်ကြီး၌ ဓမ္မဝိနယသံဂါယနာပွဲကြီး ဦးစီးတင်ပြီး ငါ၏သာသနာတော်ကို နှစ်ပေါင်း ငါးထောင်ကာလ ကြာ ဖြစ်တည်အောင် ဆောင်ရွက်မည်ကို သိတော်မူသဖြင့် အရှင်မဟာကဿပ မထေရ်မြတ်အား ချီးမြှင့်ပေးစွန့်၍ အရှင်မဟာကဿပ၏ နူးညံ့သော သင်္ကန်းကို အရှင်မဟာကဿပထံမှ အလှူခံတော် မူလေသည်။[2]

ဥရုဝေလကဿပနှင့်တကွ ရသေ့ညီနောင် ရဟန္တာဖြစ်ခြင်း

ဘုရားမြတ်စွာသည် ဥရုဝေလကဿပရသေ့ကြီး မာန်မာနကျိုးနှိမ်ပြီး ကိုယ်တော်မြတ်အပေါ် ညွတ်လာအောင် တန်ခိုးပြာဋိဟာ များစွာပြတော်မူခဲ့လေသည်။[3] သို့ရာတွင် ဥရုဝေလကဿပသည် မိမိသာ ရဟန္တာဖြစ်၍

၁။ မယ်ပြည့်ဝ အမည်ရှိသော သူဌေးကျွန်မ။

၂။ ပဉ္စမသံဂါယနာသမိုင်းတော် အခန်းကြည့်။

၃။ ပါဠိတော်၌ တိုက်ရိုက်လာ တန်ခိုးပြာဋိဟာ ၁၆ ပါး၊ တိုက်ရိုက်မလာ တန်ခိုးပြာဋိဟာ ၃၅၀၀။ ၂ ရပ်ပေါင်း ၃၅၁၆ ပါး ဖြစ်သည်ဟူ၏။

ဘုရားမြတ်စွာကား ရဟန္တာမဟုတ်ဟု ထင်မှတ်ကြံစည်ခဲ့လေသည်၊ နောက်ဆုံး ရေမလှမ်းအောင် တန်ခိုးပြာဋိဟာ ပြသော်လည်း ဥရုဝေလကဿပရသေ့ကြီးမှာ ရှေးနည်းအတူပင် မိမိကသာ အာသဝေါကင်းကွာ ရဟန္တာဖြစ်၍ ဘုရားမြတ်စွာကိုမူ အာသဝေါကုန်ခန်း ရဟန္တာမဟုတ်သေးဟူ၍ ကြံစည်စဉ်းစား အလွဲအမှားကိုသာ တွေးတောသောအခါ ဘုရားမြတ်စွာသည် အလွန်လျှင် သနားတော်မူသဖြင့် အို ကဿပ....သင်သည် ရဟန္တာမဟုတ်ချေ။ အရဟတ္တမဂ်သို့ ရောက်သူလည်းမဟုတ်ချေ။ [အရဟတ္တမဂ်ရောက်ရန် မဆိုထားဘိ သင့်မှာ အရဟတ္တမဂ်, အရဟတ္တဖိုလ်ရောက်ရန် အကျင့်မှန်လည်း မြူမျှပင် မရှိသေးချေဟူ၍ ပွင့်လင်းစွာ မိန့်ကြားတော်မူလိုက်ရာ ဥရုဝေလကဿပရသေ့ကြီး သံဝေဂကြီးစွာရလျက် ဘုရားမြတ်စွာထံ ရဟန်းအဖြစ် ရလိုပါကြောင်း ခွင့်တောင်းလေသည်။ ၎င်းနောက်တွင် ဥရုဝေလကဿပရသေ့၏ တပည့်ရသေ့ငါးရာ, နဒီကဿပရသေ့နှင့် တပည့်ရသေ့ သုံးရာ, ဂယာကဿပရသေ့၏ တပည့်ရသေ့နှစ်ရာ, စုစုပေါင်းရသေ့ညီနောင် တစ်ထောင်တို့ ဘုရားရှင်ထံ ရဟန်းအဖြစ်တောင်းကြရာ ဘုရားဗိနော်က "ဧထ ဘိက္ခဝေါ" အစရှိသည်ဖြင့် ခေါ်တော်မူ၍ ဧဟိဘိက္ခုရဟန်းများဖြစ်အောင် ပြုတော်မူလေသည်။ ၎င်းနောက် ဘုရားမြတ်စွာသည် ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကို ခေါ်ဆောင်ကာ ဂယာသီသဆင်ဦးကင်းနှင့်တူသော ကျောက်ဖျာကြီးရှိရာအရပ်သို့ ကြွ သီတင်းသုံးတော်မူ၍—

ဒွါရခြောက်ပါး, အာရုံခြောက်ပါး, ဝိညာဉ်ခြောက်ပါး, ဖဿခြောက်ပါး, ဖဿပစ္စယဝေဒနာ တစ်ဆယ့်ရှစ်ပါး ဤတရားအားလုံးတို့ကို ရာဂမီး, ဒေါသမီး, မောဟမီး, ဇာတိမီး, ဇရာမီး, မရဏမီး, သောကမီး, ပရိဒေဝမီး, ဒုက္ခမီး, ဒေါမနဿမီး, ဥပါယာသမီး-ဟူသော ဤတစ်ဆယ့်တစ်သီး မီးတို့ အသီးသီးတောက်လောင်နေပုံကို အကျယ်ညွှန်းပြသည့် အာဒိတ္တ ပရိယာယသုတ္တန်[၁]ကို ဟောတော်မူလေသော် ထိုရသေ့ညီနောင်ရဟန်းတစ်ထောင်တို့သည် မဂ်ဉာဏ်လေးပါးတို့သို့ အစဉ်အတိုင်း ရောက်ရှိကြကာ ရဟန္တာ ဖြစ်ကြလေကုန်၏။

၂၀၁။ ဥရုဝေလကဿပါဒိ-သဟဿဇဋိလေ မုနိ။
ခီဏာသဝတ္တံ ပါပေသိ၊ အာဒိတ္တဒေသနာယ ဟိ။

၁။ ဝိ၊ ၃။ ၄၄၊ သံ။ ၂။ ၃၇၄-ကြည့်။

ဘုရားမြတ်စွာ ရာဇဂြိုဟ်မြို့တော်ကြွတော်မူ၍ ဗိမ္ဗိသာရမင်းနှင့် ပြည်သူပြည်သားတို့အား ချီးမြှောက်တော်မူခြင်း

ၒင်းနောက် ဘုရားမြတ်စွာသည် အလောင်းတော်ဖြစ်စဉ်က ဗိမ္ဗိသာရမင်းက ရှေးဦးစွာကြွရောက်ရန်လျှောက်ထားခဲ့သည်ကို ဆင်ခြင်တော်မူကာ ဥရုဝေလကဿပ အစရှိသော ရဟန္တာရဟန်းပေါင်းတစ်ထောင် ခြံရံတော်မူကာ မဂဓတိုင်း မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့တော်သို့ ကြွတော်မူ၍ ရာဇဂြိုဟ်မြို့တော်အနီး ထန်းတောဥယျာဉ်အတွင်းရှိ သုပ္ပတိဋ္ဌ ပညောင်ပင်ရင်း၌ သီတင်းသုံးတော်မူသည်။ ထိုအခါ ဗိမ္ဗိသာရမင်းနှင့် မဂဓတိုင်းသားပုဏ္ဏားသူဌေး ၁၂၀၀၀၀(တစ်သိန်းနှစ်သောင်း)တို့ရောက်ရှိလာရာ ဒါနကထာ, သီလကထာ, သဂ္ဂကထာ, မဂ္ဂကထာ, ကာမာဒီနဝ, နေက္ခမ္မအာနိသံသကထာနှင့် သစ္စာလေးပါးတရားဟောကြားတော်မူရာ ဗိမ္ဗိသာရမင်းအမှူးရှိသည့် ပုဏ္ဏားသူဌေးပေါင်း ၁၁၀၀၀၀ (တစ်သိန်းတစ်သောင်း)တို့ကို နေရာမှာပင် သောတာပတ္တိမဂ်ဖိုလ်၌တည်ကြကုန်၏။ ကျန် ပုဏ္ဏားသူဌေး တစ်သောင်းတို့ကား သရဏဂုံတည် ဥပါသကာများဖြစ်ကြသည်။ ဗိမ္ဗိသာရမင်းနှင့် သိဒ္ဓတ္ထမင်းသားတို့သည် သတင်းကြားနှင့် မိတ်ဆွေသဟာယချင်းတို့ ဖြစ်ကြသည်။ ဗိမ္ဗိသာရမင်းနှင့် သိဒ္ဓတ္ထမင်းသားတို့၏ မိဘတို့သည်လည်း မိတ်ဆွေသဟာယချင်းတို့ ဖြစ်ကြသည်။ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ဗိမ္ဗိသာရမင်းထက် သက်တော် ၅ါးနှစ် ကြီးတော်မူသည်၊ သက်တော်နှစ်ဆယ့်ကိုးနှစ်တွင် တောထွက်ရဟန်းပြု၍ ခြောက်နှစ်ဒုက္ကရစရိယာကျင့် ဘုရားဖြစ်တော်မူ၍ သက်တော် သုံးဆယ့်၅ါးနှစ်အရွယ်တော်တွင် ရာဇဂြိုဟ်နန်းမြို့တော်သို့ရောက်၍ ဗိမ္ဗိသာရမင်းအား ချီးမြှောက်တော်မူသည်။

၂၀၂။ ဗိမ္ဗိသာရော စ သိဒ္ဓတ္ထ-ကုမာရော စ သဟာယကာ။
ဥဘိန္နံ ပိတရောစာပိ၊ သဟာယာဝေ တေ အဟု။

၂၀၃။ ဗောဓိသတ္တော ဗိမ္ဗိသာရာ၊ ပဉ္စဝဿာဓိကော အဟု။
ဧကူနတိံသော ဝယသာ၊ ဗောဓိသတ္တော ဘိနိက္ခမိ။

၂၀၄။ ပဒဟိတွာန ဆဗ္ဗဿံ၊ ဗောဓိံ ပတ္တာ ကမေန စ။
ပဉ္စတိံသော ဝယသာ၊ ဗိမ္ဗိသာရမုပါဂမိ။[၁]

၁။ မဟာဝံသ။ ၂။ ၃၅။ ၃၆။ ၃၇။

နန်းဘော်ပင့် ဆွမ်းကပ် ဝေဠုဝန်ဥယျာဉ်လှူဒါန်းခြင်း

ဗိမ္ဗိသာရမင်းသည် တရားတော်နာသောတာပန်တည်ပြီး ဘုရားမြတ်စွာ နောက်တစ်နေ့ နံနက် နန်းတော်၌ ဆွမ်းဘုဉ်းပေးရန် ပင့်လျှောက်ပြီး ပရိသတ်ကို ခေါ်ဆောင်ကာ ပြန်သွားလေသည်။ ဘုရားမြတ်စွာ ရာဇဂြိုဟ် မြို့တော်တွင် ဆွမ်းခံကြွချိန်တွင် တစ်ဆယ့်ရှစ်ကုဋေမျှသော ရာဇဂြိုဟ် မြို့တော်သူမြို့တော်သားတို့ ဘုရားရှင်အားဖူးမြင်လိုကြရာလွန်စွာကြပ်တည်း လေသည်။ သို့နှင့် သိကြားမင်းသည် နတ်ပြည်မှဆင်းကာ လုလင်ပျို အသွင် ဖန်ဆင်း၍ ဘုရားရှေ့တော်မှောက်၌ ပေါ်လာကာ ဘုရားအမှူးရှိ သော သံဃာတော်တစ်ထောင် ကြွချီလာကာရန် ဖန်ဆင်း၍ ဘုန်းတော်ဘွဲ့ ဂုဏ်တော်ဘွဲ့ ၆-ဂါထာကို ရွတ်ဆိုကာ လိုက်ပါခဲ့လေသည်။[၁]

ဗိမ္ဗိသာရမင်းသည် ဘုရားဇိနေဉ် အမှူးရှိသော သံဃာတော်ကို နန်းတော်သို့ပင့်၍ မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ဖြင့် ကိုယ်တိုင် ကိုယ်ကျ သဒ္ဓါဟတ္ထိက သက္ကစ္စမြောက် လုပ်ကျွေးပြီးလျှင် မြို့ရွာနှင့် မဝေး လွန်းခြင်းစသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော ဝေဠုဝန်ဥယျာဉ်ကို ဘုရားအမှူးရှိသော သံဃာတော်အား ဘုရားရှင်၏လက်တော်၌ ရေစက် သွန်းချ လှူဒါန်းလေသည်။[၂]

> ၂၀၅။ ဗုဒ္ဓပ္ပမုခသံဃဿ၊ ဩနေဒေတိ မဟီပတိ။
> ရမ္မံ ဝေဠုဝနုယျာနံ၊ ပဌမံ သမုပါဂတံ။

ဝေဠုဝန်ကျောင်းအရံကြွ သီတင်းသုံးတော်မူခြင်း

ဘုရားမြတ်စွာသည် ဗိမ္ဗိသာရမင်းကြီးအား ကျောင်းအနုမောဒနာ တရား ဟောကြားတော်မူပြီး နေရာမှထတော်မူကာ နောက်ပါ အရှင်ဥရုဝေလကဿပနှင့်တကွ နောက်ပါရဟန္တာ ရဟန်းတစ်ထောင် ခြံရံလျက် ဝေဠုဝန်အရံကျောင်းတိုက်သို့ ကြွရောက် သီတင်းသုံးတော်မူခဲ့လေသည်။

၁။ အကျယ် ၆၊ ၃၊ ၄၀-၄၉-ကြည့်။
၂။ ကျောင်းအနုမောဒနာ ဂါထာများနှင့် ဝေဠုဝန်လှူဒါန်းအကျယ် ဗုဒ္ဓဝံ၊ ၁၁၊ ၂၅-၂၆-ကြည့်။

၂၀၆။ နဂန္တရေ နဂရဝရေ သုမာပိတော၊
ဂိရိဗ္ဗဇဝှယေ သုရမ္မပုရေ။
ဝေဠုဝနေ သုဋ္ဌုမနောဘိရာမေ၊
ဘဂဝါ ပဝိသိတွာ ဝိဟာသိ ဝေ။

အရံဥယျာဉ်ကို လှူဒါန်းကြောင်း ခွင့်ပြုတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကြီး ဝေဠုဝန်ဥယျာဉ် အရံကို လှူဒါန်းသည့်အကြောင်းဝတ္ထု၌ တရားစကား ဟောကြားတော်မူပြီးလျှင် "အနုဇာနာမိ ဘိက္ခဝေ အာရာမံ=ရဟန်းတို့.... ငါဘုရားသည် အရံဥယျာဉ်ကို ခံယူရန် ခွင့်ပြုတော်မူ၏" ဟု မိန့်ကြား၍ ကျောင်းအရံဥယျာဉ်ကို ခံယူရန် အလှူခံရန် ခွင့်ပြုတော်မူလေသည်။

လက်ယာတော်ရံ တပည့်ကြီး အရှင်သာရိပုတ္တရာ
လက်ဝဲတော်ရံ တပည့်ကြီး အရှင်မောဂ္ဂလ္လာန်

လက်ယာတော်ရံတပည့် အဂ္ဂသာဝက အရှင်သာရိပုတ္တရာလောင်းလျာ၊ လက်ဝဲတပည့် အရှင်မောဂ္ဂလာန်တို့သည် ဘုရားရှင် မရောက်မီ အမြိုက်နိဗ္ဗာန်တရားထူးကို စူးစမ်းကာ သဉ္စည်းဆရာကြီးထံ တပည့်ပရိဗိုဇ်ပေါင်း နှစ်ရာ့ငါးဆယ်နှင့်အတူ ပရိဗိုဇ်လုပ်နေကြ၏။ တစ်နေ့သ၌ အရှင်သာရိပုတ္တရာ (အရှင်ဥပတိဿ)သည် ရာဇဂြိုဟ်မြို့တော်တွင်း အရှင်အဿဇိကို မြင်၍ ထိုပုဂ္ဂိုလ်အထံမှာ မသေရာသမိုက် အမြိုက်နိဗ္ဗာန်တရားထူး ရှိမည်ဟု အထင်ရှိသဖြင့် နောက်မှ လိုက်သွားလေသည်။

အရှင်အဿဇိ ဆွမ်းဘုဉ်းပေးပြီးသဖြင့် "အရှင်မြတ်တို့ဆရာသည် အဘယ်တရားမျိုးကို ဟောပါသနည်း..." ဟု မေးရာ အရှင်အဿဇိက အရှင်သာရိပုတ္တရာလောင်းလျာ (ဥပတိဿပရိဗိုဇ်)အား—

၂၀၇။ ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော[၁]။

၁။ ဝိ ၃။ ၅၁။

ယေ ဓမ္မာ=အကြောင်း ခန္ဓာငါးပါး တေဘူမက ဝဋ်တရားတို့သည်။ ဟေတုပ္ပဘဝါ=အကြောင်း သမုဒယသစ္စာလျှင် အမှန်အစ ရှိကုန်၏။ တေသံ=ထိုခန္ဓာငါးပါး တေဘူမက ဝဋ်တရားတို့၏။ ဟေတုံ=အကြောင်း သမုဒယသစ္စာကိုလည်း။ တထာဂတော=ငါတို့ဆရာ ဘုရားမြတ်စွာသည်။ အာဟ=ရွှေနှုတ်မွေးကြူ ဟောကြားတော်မူပြီ။ တေသဉ္စ ဓမ္မာနံ=ထို အကျိုးဖြစ်သော ဒုက္ခသစ္စာ, အကြောင်းဖြစ်သော သမုဒယသစ္စာတရား တို့၏လည်း။ ယော နိရောဓော=အကြောင်းချုပ်ရာ ချုပ်ကြောင်းဖြစ်သော နိရောဓသစ္စာ, မဂ္ဂသစ္စာ နှစ်ပါးသည်။ အတ္ထိ=ရှိ၏။ တဉ္စ=ထိုအကျိုး နိရောဓသစ္စာ, အကြောင်း မဂ္ဂသစ္စာကိုလည်း။ တထာဂတော=ငါတို့ဆရာ ဘုရားမြတ်စွာသည်။ အာဟ=အင်္ဂါရှစ်ဝ သံချိုမြဖြင့် ဟောပြတော်မူပြီ။ မဟာသမဏော=ရဟန်းအပေါင်းတို့၏ ထိပ်ဆောင်းဉာဏ်ကြွယ် ဘုရားမြတ်စွာ သည်။ ဧဝံဝါဒီ=ဤသို့ သစ္စာလေးတန် တရားမှန်ကို ဝေဖန်ဖော်ပြ ဝိဘဇ္ဇဝါဒစင်ဖြူ အယူရှိတော်မူပေ၏။....ဟု ဟောကြားတော်မူသည်။

အရှင်သာရိပုတ္တရာလောင်းလျာ ဥပတိဿပရိဗိုဇ်သည်ဖော်ပြပါဂါထာ ထက်ဝက်ကို ကြားရလျှင်ပင် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ဂါထာ နောက်ထက်ဝက်ကို သောတာပန် ဖြစ်ပြီးရာအခါ နာယူပြီးဆုံးလေသည်။ ယင်း ဂါထာကို အရှင်မောဂ္ဂလ္လာန်လောင်းလျာ ကောလိတပရိဗိုဇ် အား ဟောကြား၍ သောတာပန်ဖြစ်ပြန်ရာ တပည့်ပရိဗိုဇ် နှစ်ရာ့ငါးဆယ်နှင့် အတူ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူသော ဘုရားသမ္ဗုဒ္ဓထံ ပြောင်း၍ ဧဟိဘိက္ခုရဟန်းအဖြစ် ရရှိတော်မူကြလေသည်။ တပည့်ပရိဗိုဇ် နှစ်ရာ့ငါးဆယ်တို့မှာ ဘုရားမြတ်စွာ တရားတော်ကို ကြားနာရသဖြင့် ဆိုတစ်ထိုင်တည်းမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ကြလေသည်။ အရှင် မောဂ္ဂလ္လာန်သည် ရဟန်းဖြစ်ပြီးနောက်[၁] ခုနစ်ရက်မြောက်တွင်မှ ဘုရားရှင် ထံမှ ဓာတ်ကမ္မဋ္ဌာန်းကို ကြားနာရ၍ အထက်မဂ်ကိုစွဲ သုံးပါးပြီးစေ၍ သာဝကပါရမီဉာဏ် အထွတ်အထိပ်သို့ ရောက်တော်မူသည်[၂]။

အရှင်သာရိပုတ္တရာသည် ရဟန်းဖြစ်၍ တစ်ဆယ့်ငါးရက် လွန်မြောက် သော တပို့တွဲလပြည့်နေ့တွင် ဘုရားမြတ်စွာ ဂိဇ္ဈကုဋ်တောင် ဝက်တူး (သူကရခတ)လိုဏ်ဂူ၌ နေတော်မူစဉ် မိမိ၏တူ ဒီဃနခပရိဗိုဇ်အား ဝေဒနာ

၁။ အကျယ် ဒွံ။ ၂။ ၄၆၀-၄-၉ ညွှ။

ပရိဂ္ဂဟသုတ္တန် ခေါ် ဒီဃနခသုတ် ဟောတော်မူစဉ် ကြားနာရသဖြင့် သာဝကပါရမီဉာဏ် အထွတ်အထိပ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။[၁]

၂၀၇။ မောဂ္ဂလ္လာနော သာရိပုတ္တ-အာဇညော ပုဂ္ဂလာ ဥဘော။
လောကဂ္ဂ ဓမ္မတေဇေန၊ အဂ္ဂဖလမဓိဂမုံ။

အဂ္ဂသာဝကရာထူး အပ်နှင်းတော်မူခြင်း

ဘုရားမြတ်စွာသည် နေမဝင်မီ ဝေဒနာပရိဂ္ဂဟသုတ္တန်ကို ဟောတော်မူပြီး ဝေဠုဝန်ကျောင်းတော်သို့ ကြွတော်မူ၍ တပို့တွဲလပြည့်နေ့တွင် ဥရုဝေလကဿပ ညီနောင် ရဟန်းတစ်ထောင်နှင့် အဂ္ဂသာဝကကြီးနှစ်ပါး အဖွဲ့မှ နှစ်ရာ့ငါးဆယ်အားဖြင့် ဟေဟိဘိက္ခု ဆဋ္ဌာဘိည ရဟန္တာ ရဟန်းတော်ပေါင်း ၁၂၅၀ မပင့်ဖိတ်ရဘဲ ဓမ္မတာတိုင်း စုဝေးမိရာ အင်္ဂါလေးဝနှင့် ပြည့်စုံသည့် သာဝက အစည်းအဝေးကြီးကို ပြုတော်မူပြီးလျှင် အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန် မထေရ်မြတ်နှစ်ပါးတို့အား အဂ္ဂသာဝက ရာထူး အပ်နှင်း ပေးသနားတော်မူ၍ ထိုနေ့မှာပင် ဘုရားရှင်တို့ မစွန့်ရသည့် ဩဝါဒပါတိမောက်ကို ပြတော်မူလေသည်။

၂၀၈။ ဧကောသိ သန္နိပါတော မေ၊ သာဝကာနံ မဟေသိနံ။
အဍ္ဎတေဠသသတာနံ၊ ဘိက္ခူနာသိ သမာဂမော။[၂]

ဘုရားဇိနေ်၁ ကပိလဝတ်နေပြည်တော်ကြွရန် သုဒ္ဓေါဒနမင်းကြီး အပင့်လွှတ်ခြင်း

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် အချိန်ကာလတွင် ဘုရားမြတ်စွာ ရာဇဂြိုဟ်မြို့တော် ဝေဠုဝန်ကျောင်းတိုက်၌ သီတင်းသုံး၍ ကျွတ်လွတ်ထိုက်သော ဝေနေယျတို့ကို တရားဓမ္မ ဟောပြချွတ်တော်မူစဉ် သုဒ္ဓေါဒနမင်းကြီးသည် မိမိသက်တော်ကြီးပြီးဖြစ်၍ သားတော်ဘုရားကို ဖူးမြင်လိုလှသဖြင့် အမတ်တစ်ယောက်ကို နောက်ပါ မင်းချင်းယောကျ်ား တစ်ထောင် အခြံအရံဖြင့် အပင့်လွှတ်လေသည်။ ထိုအမတ်နှင့်

၁။ မ၊ ၂။ ၁၆၅-၁၆၆-ကြည့်။
၂။ ဗုဒ္ဓဝံ။ ၃၇၀။

နောက်ပါ အမတ်တစ်ထောင်တို့သည် ဘုရားထံမှောက်ရောက်၍ တရားတော်နာ ပေါတိက္ခုရဟန်းဖြစ်ကြပြီး အရဟတ္တဖိုလ် ရောက်ကြလေသည်။ ဤသို့နှင့်နှင့် ၉ ကြိမ်တိုင်စေလွှတ်ခဲ့ရာ စေလွှတ်သမျှ ခေါင်းဆောင်အမတ်နှင့် နောက်ပါအမတ်တို့သည် ဘုရားမြတ်စွာ တရားတော်နာ ဧဟိဘိက္ခုရဟန်းဖြစ် အရဟတ္တဖိုလ်တည်ကြရာ မင်းကြီးအမိန့်ကို ကြောင့်ကြမပြုကြကုန်။ ယင်းသို့ ၉၀၀၉ (ကိုးထောင်ကိုး)ယောက်သော သူတို့တွင် တစ်ဦးတစ်ယောက်သည်ပင် သတင်းမျှ ပြန်ကြားပို့ဖော်မရ၍ သုဒ္ဓေါဒနမင်းကြီးသည် အယုံကြည် စိတ်အချရဆုံးဖြစ်သော ကာဠုဒါယီအမတ်ကို ရွေးနည်းအတူ မင်းချင်းယောကျ်ား တစ်ထောင်အခြံအရံဖြင့် သားတော်ဘုရားကို ကပိလဝတ်နေပြည်တော်သို့ အပင့်ခိုင်းလေသည်။ ကာဠုဒါယီအမတ်သည် ရာဇဂြိုဟ်မြို့တော် ဝေဠုဝန်ကျောင်းတော်ရောက်၍ ဘုရားမြတ်စွာ တရားဟောစဉ် အခိုက်၌ ကြုံကြိုက်၍ ပရိသတ်အစွန်၌ နေ၍ တရားတော်နာယူရာ အခြံအရံ မင်းချင်းယောကျ်ား တစ်ထောင်နှင့်တကွ ရွေးနည်းအတူ အရဟတ္တဖိုလ်တည် ဧဟိဘိက္ခု ရဟန်းပြုလေသည်။

ထိုနေ့က မဟာသက္ကရာဇ် ၁၀၃-ခုနှစ် တပေါင်းလပြည့်နေ့ ဖြစ်လေသည်။ အရဟတ္တဖိုလ်တည် ဧဟိဘိက္ခု ရဟန်းဖြစ်ပြီးသော အရှင်ကာဠုဒါယီသည် ဆောင်းဥတုလွန်မြောက် နွေဦးပေါက်၍ ရာသီဥတုလွန်စွာသာယာနေပြီဖြစ်ရာ ခမည်းတော် မင်းတရားကြီးနှင့် ဆွေတော် မျိုးတော်တို့ကို ချီးမြှောက်ရန် ကြွရောက်တော်မူပါမည့်အကြောင်း—

၂၁၀။ အင်္ဂါရိနော ဒါနိ ဒုမာ ဘဒန္တေ၊
ဖလေသိနော ဆဒနံ ဝိပ္ပဟာယ။
တေ အစ္စိမန္တောဝ ပဘာသယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ကောင်းခြင်းဂုဏ်နှင့် ကိုလိုလောကင ပြည့်ဝတော်မူသော မြတ်စွာဘုရား....ဆောင်းရာသီလွန်မြောက် နွေရာသီရောက် နွေဦး ပေါက်ရာ ဤယခုအခါမှာ သစ်ပင်ငယ်ကြီး အသီးသီးတို့ ရွက်ဟောင်း ကြွေကျကုန်၍ အသီးသစ်ကို ရှာမှီးသည့်ပုံ ဖြစ်ကြကုန်၍ မီးကျီးအသွေး နီတွေးသော ရွက်နု အပွင့်အဖူးတို့နှင့် ပြည့်စုံကြပါကုန်၏။ ထိုသစ်ပင်များ လှပသော အဆင်းအရောင်တို့ဖြင့် ပြောင်တဝင်းဝင်း တွန်းလင်းတောက်ပပါကုန်၏။

ကြီးမြတ်သောဝီရိယသခင် အရှင်မြတ်ကြီး ဘုရား....ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက်တလက်လက်ထွက်သော ရောင်ခြည်တော်ရှိတော်မူသော ဘုရားမြတ်စွာတို့၏ ဖွားရာဌာနီ ကပိလဝတ်ပြည်သို့ရွှေစက်နှစ်လီ့ကွန့်ချီကြွမြန်းတော်မူရန် လျော်ကန်သင့်မြတ်သောအချိန်သမယပါဘုရား....စသည်ဖြင့်ဂါထာခြောက်ဆယ်တို့ဖြင့် ဖွဲ့ဆိုလျှောက်ထားလေသည်။ သို့နှင့် ဘုရားမြတ်စွာသည် အင်္ဂတိုင်း မဂဓတိုင်းသား အမျိုးကောင်းသား ရဟန္တာပေါင်းတစ်သောင်း, ကပိလဝတ်ပြည်သား အမျိုးကောင်းသား ရဟန္တာပေါင်းတစ်သောင်း, ဤရဟန္တာပေါင်း နှစ်သောင်းခြံရံ၍ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁-ရက်နေ့တွင် စ,တင်ထွက်ခွာကာ, မဟာသက္ကရာဇ် ၁၀၄-ခုနှစ် ကဆုန်လပြည့်ကျော် ၁-ရက်နေ့အရောက် တစ်နေ့တစ်ယူဇနာ မလျင်မမြန် ခပ်မှန်မှန် ကြွတော်မူခဲ့လေသည်။ ကပိလဝတ်နန်းမြို့တော် ရောက်တော်မူသောအခါ နိဂြောဓရုံဥယျာဉ် နိဂြောဓရုံကျောင်းတိုက်၌ သီတင်းသုံးတော်မူသည်။

၂၁၁။ ဧကဝဿေဝ မဟေသိ၊ ဖဂ္ဂုနေ ကာဠပက္ခကေ။
ပဌမေ ကပိလံ ဂန္တွာ၊ သာဝကေဟိ ပုရက္ခတော။

ပေါက္ခရဝဿမိုး ရွာချခြင်း, ဝေဿန္တရာဇာတ်တော်ကြီး ဟောတော်မူခြင်း

သာကီဝင်မင်းမျိုးတို့သည် အလွန်အမင်း မာနကြီးကြကုန်၏။ သို့ဖြစ်၍ ဘုရားမြတ်စွာ ရောက်လာတော်မူသောအခါ ငယ်ရွယ်သူတို့ကိုသာ ရှိခိုးစေ၍ ဘုရားမြတ်စွာထက် ကြီးသောမင်းတို့က ရှိမခိုးဘဲ နေကြရာ ဘုရားမြတ်စွာသည် ကောင်းကင်သို့ တက်ကြွတော်မူ၍ မင်းကြီးတို့၏ ဦးထိပ်ထက်၌ စင်္ကြံကြွလျက် အထက်ပိုင်းကိုယ်တော်မှ မီးအလျှံ, အောက်ပိုင်းကိုယ်တော်မှ ရေအလျဉ်, ဝဲဘက်မှ မီး, ယာဘက်မှ ရေ, ဤသို့ ရေမီးအစုံ ထွက်စေသော တန်ခိုးပြာဋိဟာကို ပြတော်မူလေသည်။ ယင်းသို့တန်ခိုးပြာဋိဟာပြ၍ ကိုယ်တော်မှ ရောင်ခြည်တော် ခြောက်သွယ်ကိုလွှတ်တော်မူလေရာ တအံ့တသြဖြစ်ကာ သုဒ္ဓေါဒနမင်းကြီးကိုယ်တိုင် ဘုရားရှင်ခြေတော်ကို ဦးတိုက်ရှိခိုးလေရာ ဆွေတော်မျိုးတော်အားလုံး မနေသာတော့ဘဲ ရှိသေစွာ ရှိခိုးကြလေသည်။ ထိုအခါ ရုတ်တရက် တိမ်တွေတက်လာကာ စိုစေလိုသူကိုသာ စို၍ မစိုစေလိုသူများ မစိုသော 'ပေါက္ခရဝဿ'

မည်သော မိုးကြီးရွာသဖြင့် သာလွန်အံ့ဩခြင်း ဖြစ်ကြကာ ဘုရားမြတ်စွာ အပေါ် ရိုသေလေးစားကြလေသည်။ ဝေဿန္တရာဇာတ်တော်ကြီး ကိုလည်း ဘုရားရှင် ဟောကြားတော်မူခဲ့လေသည်။

၂၁၂။ သန္နိပါတမှိ ဉာတီနံ၊ ဝဿာပေသိ သုသိတလံ။
မဟာမေဃဉ္စ ဒေသေသိ၊ သုဝေဿန္တရဇာတကံ။

ဘုရားဇိနေ့ခြေတော်ကို ဦးခေါင်းဖြင့်မှတ်တိုက်ကာ ယသောဓရာ ရှိခိုးခြင်း

ကပိလဝတ် နေပြည်တော်သို့ ရောက်၍ နောက်တစ်နေ့၌ ဆွမ်းခံကြွ တော်မူသော ဘုရားမြတ်စွာကို သုဒ္ဓေါဒနမင်းကြီးလာ၍ နန်းတော်သို့ ပင့်ကာ မွန်မြတ်သော အာဟာရတို့ကို ဆက်ကပ်သဖြင့် ဘုဉ်းပေးပြီးသည့် အဆုံး၌ တစ်နန်းတော်လုံး အုံးအုံးကျက်မျှ ဖူးမြော်ကန်တော့ ရောက်ကြ သော်လည်း ယသောဓရာမိဖုရားသည်မူကား 'မောင်တော်ဘုရား ငါ၏ ကျေးဇူးရှိလျှင် ကိုယ်တိုင် ကြွလာတော်မူလိမ့်မည်၊ ထိုအခါကျမှ အားရ- အင်ပြည့်အလိုရှိသရွေ့ ရှိခိုးမည်' ဟုပြောဆိုကာ မထွက်လာဘဲနေလေသည်။ ထိုအခါ ဘုရားမြတ်စွာသည် ငါဘုရား ကြွသွားတော်မမူချေက ပူပန် အားသဲ ယသောဓရာရင်ကွဲမည်ကို မြင်တော်မူသောကြောင့် ခမည်းတော် အား သပိတ်တော်ကို ပေးကာ အဂ္ဂသာဝက နှစ်ပါးနှင့်အတူ ယသော ဓရာ နန်းဆောင်သို့ ကြွတော်မူကာ အဆင်သင့် ခင်းထားသော နေရာ၌ ထိုင်နေတော်မူလေသည်။ ယိုဗိမ္ဗာရွှေလျှော် ယသောဓရာ မဟေသီသည် ကပျာကယာလာ၍ ဘုရားပရမေ၏ ခြေဖမျက်တော် နှစ်ဖက်ကို လက်နှစ် ဘက်ဖြင့် ပွေ့ပြီး မျက်နှာ ဦးခေါင်းကို ခြေဖမိုးပေါ်မှာ လိမ့်၍ အားရ ကျေနပ်အောင် ကန်တော့လေသည်။ ဘုရားမြတ်စွာသည် ယသောဓရာ၏ ဂုဏ်ကျေးဇူးပေါ်လွင်အောင် စန္ဒကိန္နရီဇာတ်တော်ကို[၂] ဟောကြားတော်မူ လေသည်။ ၎င်းနောက် နေရာမှထ၍ ရဟန္တာပေါင်း နှစ်သောင်းခြံရံကာ နိုဂြောဓာရုံကျောင်းတော်သို့ ပြန်ကြွတော်မူလေသည်။

၂၁၃။ ဂန္တွာ သာဝကယုဂေန၊ ယသောဓရနိကေတနံ။
တံ တောသေတွာန ဒေသေတိ၊ စန္ဒကိန္နရီဇာတကံ။

၁။ ဇာ၊ ၂။ ၃၁၂-၃၇၈။
၂။ ဇာ၊ ၁။ ၂၇၃-၂၈၀။

ညီတော် နန္ဒမင်းသား ရဟန်းပြုစေတော်မူခြင်း

ဘုရားမြတ်စွာ ကပိလဝတ်မြို့တော် ရောက်၍ သုံးရက်မြောက်သော နေ့၌သုဒ္ဓေါဒနမင်းကြီးသည် သားတော်နန္ဒမင်းသားအား (၁) ဥသျှောင် ဆံထုံးဖြည်မင်္ဂလာ၊ (၂) အိမ်ရှေ့မင်းအမှတ် ရွှေပြားသင်းကျစ် နဖူး၌ တပ်ဆင်ခြင်းမင်္ဂလာ၊ (၃) အိမ်ရှေ့စံ နန်းအပ်မင်္ဂလာ၊ (၄) နှမတော် ဇနပဒကလျာဏီနှင့် လက်ထပ်ထိမ်းမြားမင်္ဂလာ၊ (၅) အိမ်ရှေ့ထီးဖြူစိုက် မင်္ဂလာ ဤမင်္ဂလာငါးပါးတို့ကို ဆင်ယင်ကျင်းပစေ၏။ ထိုအခါ ဘုရား မြတ်စွာသည် ရွှေနန်းတော်သို့ကြွလာတော်မူကာမင်္ဂလာတရားဟောတော် မူပြီး သပိတ်တော်ကို နန္ဒမင်းသားအား ပွေ့ယူစေပြီးလျှင် ကျောင်း တော်ခေါ် ရဟန်းပြုတော်မူလေသည်။[၁]

၂၁၄။ နန္ဒနကရံ နန္ဒမ္ဘိ၊ ဇိနေ ကာရုညသံယုတော။
အာနေတွာန ဝိဟာရံ သော ပဗ္ဗဇ္ဇာပေသိ နာယကော။

ရာဟုလာ ရှင်သာမဏေပြု လောကုတ္တရာအမွေ ပေးတော်မူခြင်း

ကပိလဝတ်မြို့တော်သို့ ရောက်၍ ခုနစ်ရက်မြောက်သောနေ့၌ ဘုရား မြတ်စွာသည် ခမည်းတော်မင်းတရားကြီး၏ စံနန်း၌ ဆွမ်းဘုဉ်းပေးနေ စဉ် ယသောဓရာသည် သားတော်ရာဟုလာကို တန်ဆာဆင်၍ "ချစ်သား ရဟန်းသံဃာတော်ပေါင်း နှစ်သောင်းအလယ်မှာ တင့်တယ်စွာနေတော် မူသော ရဟန်းတော်မြတ်ကြီးသည် သားတော်၏ခမည်းတော်ဖြစ်သည်။ မောင့်ခမည်းတော်မှာရှိသော ရွှေအိုးကြီးတွေကို တောထွက်ကတည်းက မတွေ့ရတော့ဘူး၊ လူကလေးရာဟုလာ စကြာမင်းလုပ်ရအောင် အဲဒီ အမွေကို တောင်းပါချေ"ဟု သင်ကြား၍ ဘုရားထံ စေလွှတ်လိုက်လေ သည်။ သားတော်ရာဟုလာသည် ဘုရားထံရောက်လျှင် ခမည်းတော် ဟူသော ချစ်ခြင်းဖြင့် ရဲတင်းစွာကပ်၍ "ခမည်းတော်ရဲ့ အရိပ်သည် အေးချမ်းလှပါပေသည်၊ သားတော် စကြာမင်းလုပ်ချင်ပါသည်။ ခမည်း တော်....သားတော်ရထိုက်တဲ့ အမွေများ ပေးသနားပါ"ဟုတီတီတာတာ ပြောဆိုကာ အမွေတောင်းရှာလေသည်။ ဘုရားမြတ်စွာ နိဂြောဓာရုံ ကျောင်းရှေ့ဘုံ ပြန်ကြွတော်မူရာ၌လည်း အမွေတောင်းကာနောက်တော်

၁။ ဓိ၊ ဋ္ဌ။ ၃။ ၂၉၀။

က လိုက်သွားလေသော် ဘုရားရှင်သည်အရှင်သာရိပုတ္တရာကို သားတော်ရာဟုလာအား ဥပဇ္ဈာယ်ပြု ရှင်သာမဏေပြုစေကာ လောကုတ္တရာအမွေကို ပေးတော်မူသည်။

၂၁၅။ ဒါယဇ္ဇယာစကံ ပုတ္တံ၊ ရာဟုလံ ရာဇည္ခံ နိဇံ။
ပဗ္ဗာဇေတွာန သမ္ဗုဒ္ဓေါ၊ ဥတ္တမဒါယဇ္ဇံ အဒါ။

ပဉ္စမသံဂါယနာ ဝိသဇ္ဇက တေဒဂ်ဂါးဘွဲ့ရ ဓမ္မဘဏ္ဍာဂါရိက=တရားဘဏ္ဍာတိုက်စိုး အရှင်အာနန္ဒာမထေရ်

အရှင်အာနန္ဒာသည် ပဉ္စမသံဂါယနာ မဟာသဘင်ကြီးတွင် ဓမ္မဝိသဇ္ဇကပုဂ္ဂိုလ် ဖြစ်သည့်အပြင် ဘုရားရှင်၏ အမြတ်ဆုံးသော အလုပ်အကျွေး စသည်ဖြစ်ရာ အကျဉ်းချုပ်သိနိုင်ရန် ဖော်ပြအပ်ပါသည်။လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်. ပဒုမုတ္တရဘုရားရှင်ထံတော်မှစ၍ အမြတ်ဆုံးအလုပ်အကျွေးရာထူး ရည်မျှော်ကာ ဒါန စသော ကောင်းမှုများကို ပြုတော်မူခဲ့လေသည်။

ကဿပမြတ်စွာဘုရား လက်ထက်တော်တွင် ဆွမ်းခံ လှည့်လည်သောမထေရ်တစ်ပါးအား အပေါ်ရုံလှူဒါန်းခဲ့၍ဗာရာဏသီမင်းဖြစ်စဉ်ပစ္စေကဗုဒ္ဓါ ရှစ်ပါးတို့အား သစ်ရွက်မိုးကျောင်း ဆောက်လုပ် လှူဒါန်းကာနှစ်ပေါင်းတစ်သောင်းပတ်လုံး ပြုစုလုပ်ကျွေးခဲ့လေသည်။

ဖွားမြင်တော်မူခြင်း

ကမ္ဘာတစ်သိန်းကာလပတ်လုံး ကုသိုလ်ပုည အဝဝ ပြုလုပ်၍ ဘုရားအလောင်းတော်နှင့်အတူ တုသိတာနတ်ပြည်မှ စုတေခဲ့၍ အမိတောဒနသာကီဝင်၏ ဇနီးသည် သာကီဝင်အမျိုးသမီး ဝမ်း၌ ပဋိသန္ဓေ နေတော်မူခဲ့လေသည်။ ဆွေမျိုးအားလုံး ရွှင်ပြုံးကြည်သာစေကာ ဖွားမြင်လာသဖြင့် "အာနန္ဒာ" ဟု တွင်သည်[၁]။ ဘုရားအလောင်းတော်နှင့် အတူတစ်နေ့တည်း ဖွားမြင်လာသောပုဂ္ဂိုလ်ဖြစ်ရာ ဖွားဖက်တော် ခုနစ်ဦးတွင် အပါအဝင်ဖြစ်လေသည်[၂]။ ဘုရားဇိနေ်၏ ခမည်းတော် သုဒ္ဓေါဒန

၁။ ဒီ၊ ဋ္ဌ၊ ၂၊ ၇၀။ အံ၊ ဋ္ဌ၊ ၁၊ ၂၂၄၊ ထေရ၊ ဋ္ဌ၊ ၂။ ၄၁၁၊
၂။ ဒီ၊ ဋ္ဌ၊ ၂။ ၁၁။ အပ၊ ဋ္ဌ၊ ၂။ ၅၅။ ဇာ၊ ဋ္ဌ၊ ၁၊ ၆၁။
၃။ ဗုဒ္ဓဝံ၊ ဋ္ဌ၊ ၃၂၂။

မင်းကြီးနှင့် အရှင်အာနန္ဒာ၏ ခမည်းတော် အမိတောဒနသာကီဝင်မင်းမှာ ညီအစ်ကိုရင်းဖြစ်၍ ဘုရားမြတ်စွာနှင့် အရှင်အာနန္ဒာ တစ်ဝမ်းကွဲ ညီအစ်ကိုတော်စပ်သည်။

ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

အရှင်အာနန္ဒာသည် ဘဒ္ဒိယ, အနုရုဒ္ဓါ, ဘဂု, ကိမိလ, ဒေဝဒတ်, ဥပါလိတို့နှင့်အတူ မြတ်စွာဘုရားထံ ရဟန်းအဖြစ်သို့ရောက်တော်မူသည်။[၁] အရှင်အာနန္ဒာ၏ ဥပဇ္ဈာယ်ဆရာမှာ အရှင်ဗေလဋ္ဌသီသ ဖြစ်တော်မူသည်။[၂] အရှင်ပုဏ္ဏထံတွင် တရားတော်ကိုနာယူ၍ သောတာပတ္တိဖိုလ်သို့ရောက်တော်မူသည်။

တေဒဂ်ငါးတန် ရရှိတော်မူခြင်း

အရှင်အာနန္ဒာသည် အကြားအမြင်များသော=ဗဟုဿုတ ရဟန်းတို့တွင် လည်းကောင်း, ဘုရားမြတ်စွာစကားတော်ကို ဆောင်စွမ်းနိုင်သော သတိရှိသော=သတိမန္တ ရဟန်းတို့တွင်လည်းကောင်း, ဘုရားမြတ်စွာ ဟောတော်မူအပ်သော ပုဒ်အားလုံးကို သိစွမ်းနိုင်သော=ဂတိမန္တရဟန်းတို့တွင် လည်းကောင်း, ဘုရားဗုဒ်နော် စကားတော်ကို သင်ခြင်း ဆောင်ခြင်း သရဇ္ဈာယ်ခြင်း ဘုရားမြတ်စွာအား ဆည်းကပ်လုပ်ကျွေးခြင်းတို့၌ လုံ့လ ဝီရိယရှိသော=ဓိတိမန္တ ရဟန်းတို့တွင်လည်းကောင်း, ဘုရားမြတ်စွာကို ဆည်းကပ်လုပ်ကျွေးသော=ဥပဋ္ဌာက ရဟန်းတို့တွင်လည်းကောင်း အသာဆုံး အလွန်ကဲဆုံး အမြတ်ဆုံးဖြစ်သောကြောင့် ဗဟုဿုတ, သတိမန္တ, ဂတိမန္တ, ဓိတိမန္တ, ဥပဋ္ဌာက တေဒဂ် ငါးတန်ဖြင့် ဘုရားရှင်၏ ချီးကျူးခြင်း ခံရသော မထေရ်မြတ် ဖြစ်တော်မူသည်။[၃]

၂၁၆။ ဗဟုဿုတော သတိမန္တော၊ ဂတိမန္တော ဟိ သော ဓိဒ္ဓါ။
ဓိတိမန္တော ဥပဋ္ဌာကော၊ သဗ္ဗဂ္ဂေါ အဂ္ဂဒေဿ ဘဝါ။

၁။ ဝိ၊ ၄။ ၃၃၈။
၂။ ဝိ၊ ၂။ ၁၁၆။ ဝိ၊ ၃။ ၂၉၃။
၃။ အံ၊ ၁။ ၂၅။

ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် သင်ယူခဲ့ကြောင်း မိန့်ကြားခြင်း

တစ်နေ့တွင် ဂေါပက မောဂ္ဂလ္လာနမည်သော ပုဏ္ဏားက အရှင်အာနန္ဒာကို အရှင်ဘုရား အာနန္ဒာ.... အရှင်ဘုရားသည် ဘုရားမြတ်စွာ သာသနာတော်၌ အကြားအမြင်များသော ဗဟုဿုတပုဂ္ဂိုလ်ဟု ထင်ရှားကျော်စောပါသည်။ ဘယ်မျှလောက်သော တရားတွေကို ဘုရားမြတ်စွာ ဟောကြားတော်မူခဲ့၍ အဘယ်မျှလောက် အရှင်ဘုရား အာဂုံနှုတ်တက် ဆောင်ရွက်မှတ်သားထားပါသနည်းဟု မေးလျှောက်ရာ အရှင်အာနန္ဒာက အို ပုဏ္ဏား ငါသည် ရှစ်သောင်းနှစ်ထောင်သော ဓမ္မက္ခန္ဓာတို့ကို ဘုရားမြတ်စွာထံမှ သင်ယူဆောင်ရွက် မှတ်သားခဲ့၍၊ နှစ်ထောင်သော ဓမ္မက္ခန္ဓာတို့ကို အရှင်သာရိပုတ္တရာ စသော ရဟန်းတော်များထံမှ သင်ယူခဲ့သဖြင့် အားလုံး စုစုပေါင်း ဘုရားရှင် ဟောကြားခဲ့သည့် ငါ သင်ယူဆောင်မှတ်ထားသော ဓမ္မက္ခန္ဓာတို့သည် ရှစ်သောင်းလေးထောင် ရှိသည်ဟု မိန့်ကြားတော်မူသည်။

၂၁၇။ ဒွါသီတိ ဗုဒ္ဓတော ဂဏှိံ၊ ဒွေသဟဿာနိ ဘိက္ခုတော။
စတုရာသီတိသဟဿာနိ၊ ယေ မေ ဓမ္မာ ပဝတ္တိနော။[၁]

ပဉ္စမ သံဂါယနာတင်ပွဲ သံဃာဆန္ဒဖြင့် ရွေးကောက်ခြင်း

ယင်းသို့ ဗဟုဿုတဂုဏ်ကြွယ်ဝလှသော အရှင်မြတ်ဖြစ်သောကြောင့်ပင် တေဝိဇ္ဇ ခီဏာသဝ ရဟန္တာပုဂ္ဂိုလ်များ သံဂါယနာတင်ရာဖြစ်သော ပဉ္စမသံဂါယနာ မဟာဓမ္မသဘင်ပွဲတော်ကြီး၌ ရဟန္တာ မဖြစ်သေးသော အရှင်အာနန္ဒာကို ရဟန်းအများ၏ ဆန္ဒဖြင့် ပဉ္စမသံဂါယနာ ပွဲသဘင်ကြီး၏ သံဂီတိနာယက သံဃပါမောက္ခ ဖြစ်တော်မူသော အရှင်မဟာကဿပ မဟာထေရ်သည် ရွေးကောက်တော်မူလေသည်။[၂]

၂၁၈။ ဗဟုဿုတာတိရေကတ္တာ၊ သံဃဆန္ဒေန ဥစ္စိနိ။
အာနန္ဒံ အာနန္ဒကရံ၊ ထေရံ သံဃိဿရော သုဓီ။

၁။ ထေရ၊ ၃၅၇။
၂။ ဝိ၊ ၄၊ ၄၁၁။ ဝိ၊ ဋ္ဌ၊ ၉။ ၇၊ ဒီ၊ ဋ္ဌ၊ ၁၊ ၁၂။

ဓမ္မဘဏ္ဍာဂါရိက=တရားဘဏ္ဍာတိုက်စိုးအဖြစ် ထင်ရှားခြင်း

သို့စဉ်ကလောက် မြားမြောက်လှစွာသော သုတ်တော်တို့ကို ဆောင်ထားသော အရှင်သူမြတ်ဖြစ်ရကား ဓမ္မဘဏ္ဍာဂါရိက= တရားဘဏ္ဍာတိုက်စိုး’ဟူသော အမည်တစ်မျိုးဖြင့် ထင်ရှားခဲ့လေသည်။[၁]

၂၁၉။ ဓမ္မဘဏ္ဍာဂါရိကောတိ၊ ပညာတော ဗုဒ္ဓသာသနေ။
ဒိသော ကေကော ယေ၀၊ ဝိသိဋ္ဌော ပုဂ္ဂလော ဟိ ၀ေ။

အရှင်အာနန္ဒာသည် အမြဲတမ်း အလုပ်အကျွေးရာထူးကို ယူခါနီးအခါ ကာလတွင် ရှေးဦးစွာ ပယ်လိုသောဆုလေးပါး, ယူလိုသော ဆုလေးပါးကို တောင်းပြီးမှ အမြဲတမ်းအလုပ်အကျွေးရာထူးကို လက်ခံရယူတော်မူသည်။[၂] နှစ်ဆယ့်ငါးနှစ်ပတ်လုံး ဘုရားမြတ်စွာအား လုပ်ကျွေးတော်မူခဲ့လေသည်။ အမြတ်ဆုံး အကောင်းဆုံး အလုပ်အကျွေးပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။[၃] ဘုရားမြတ်စွာ၏ အဂ္ဂသာဝိကာများမှာ ခေမာထေရီနှင့် ဥပ္ပလဝဏ်ထေရီတို့ ဖြစ်ကြသည်။

၂၂၀။ ကောလိတော ဥပတိဿော စ၊ ဒွေ ဘိက္ခူ အဂ္ဂသာဝကာ။
အာနန္ဒော နာမုပဋ္ဌာကော၊ သန္တိကာဝစရော မမ။
ခေမာ ဥပ္ပလဝဏ္ဏာ စ၊ ဘိက္ခုနီ အဂ္ဂသာဝိကာ။[၄]

လက်ယာရံ, လက်ဝဲရံ အလုပ်အကျွေးတပည့်မများ

အမျိုးသားများအနက် တရားဟောကောင်း တေဒဂ်ဘွဲ့ရ စိတ္တသူကြွယ်နှင့် စွန့်ကြဲပေးကမ်းမှု, နှစ်သက်ဖွယ် စကားပြောမှု, ကိစ္စကြီးငယ်တို့ကို ပြီးမြောက်အောင် ဆောင်ရွက်မှု, ကိုယ်နှင့်မခြား အတူထားမှု-ဟူသော လေးဌာန တေဒဂ်ရ ဟတ္ထာဠဝကတို့သည် မြတ်သောလက်ယာရံ,လက်ဝဲရံ အလုပ်အကျွေးတပည့်တို့ ဖြစ်ကြသည်။ ဒက္ခိဏာဂိရိဇနပုဒ် ဝေဠုကဏ္ဍကီမြို့သူ အနာဂါမ်တည် အမျိုးသမီးများအနက် ဈာန်ဝင်စားမှု တေဒဂ်ရ

၁။ သံ၊ ဋ္ဌ၊ ၁၊ ၂၆၆၊ အံ၊ ဋ္ဌ၊ ၁။ ၂၃၀၊ ထေရ၊ ဋ္ဌ၊ ၁။ ၈၄၊
၂။ ဒီ၊ ဋ္ဌ၊ ၂၊ ၁၂။ အံ၊ ဋ္ဌ၊ ၂။ ၂၂၀။ ထေရ၊ ဋ္ဌ၊ ၂။ ၄၁၅–အကျယ်ကြည့်။
၃။ ဥဒါန၊ ဋ္ဌ၊ ၃၈၂။ ဇာ၊ ဋ္ဌ၊ ၄။ ၂၁။ ၄။ ဗုဒ္ဓဝံ၊ ၃၈၁။

နန္ဒမာတာဥပါသိကာနှင့် ကောသမ္ဗီပြည် ဃောသကသူဌေး၏ကျွန်မဝမ်း၌ သန္ဓေတွယ်သည့် ဥဒေနမင်းကြီး၏မိဖုရား သာမာဝတီ၏ အမှုကိုစွပြုလုပ်ရသူ ပိဋကတ်သုံးပုံဆောင် သောတာပန် ဥပါသိကာမ အမျိုးသမီးများ အနက် ဗဟုဿုတ ဧတဒဂ်ရ ခုဇ္ဇုတ္တရာတို့သည် မြတ်သော လက်ယာရံ၊ လက်ဝဲရံ အလုပ်အကျွေး တပည့်မများ ဖြစ်ကြသည်။

၂၂၁။ ဝေဠုကဏ္ဍကိယာ စ၊ အဂ္ဂုပဋ္ဌာကုပါသိကာ။
နန္ဒမာတာ စ ဥတ္တရာ၊ အဂ္ဂုပဋ္ဌာကုပါသိကာ[၁]။

ဝိနယဓရ(ဝိနည်းပိဋကဆောင်သောအရာ) ဧတဒဂ်ဘွဲ့ရ ပဉ္စမသံဂါယနာ ဝိနယ ဝိဿဇ္ဇက အရှင်ဥပါလိမထေရ်

ပဉ္စမသံဂါယနာသမိုင်းတွင် ဝိနယဝိဿဇ္ဇကအဖြစ် ထင်ရှားလှသည့် ဝိနယဓရ (ဝိနည်းပိဋကဆောင်သောအရာ) ဧတဒဂ်ရ အရှင် ဥပါလိ၏ အတ္ထုပ္ပတ္တိအဖြစ်တော်စဉ် အကြောင်းအရာကို ဤ၌ ဖော်ပြအပ်ပါသည်။ ပဉ္စမသံဂါယနာတင်ခန်းတွင် ပိုမိုသဘောပေါက်အောင် သေချာစွာကြည့်ရှု လေ့လာရာ၏။

ပုဂ္ဂိုလ်ထူး

အရှင်ဥပါလိသည် ဘုရားမြတ်စွာ သာသနာတော်တွင် လွန်စွာထင်ရှားသည့် ဝိဇ္ဇာသုံးပါး၊ အဘိညာဉ်ခြောက်ပါး၊ ပဋိသမ္ဘိဒါလေးပါးပိုင်ရှင် ရဟန္တာသခင် အရှင်မြတ်လည်းဖြစ်တော်မူသည်။ ဘုရားမြတ်စွာ၏တပည့်ကြီးများ ဖြစ်တော်မူကြသော မဟာသာဝက ရှစ်ကျိပ်တွင် တစ်ပါးအပါအဝင် ဖြစ်တော်မူသည်။

ပွားမြင်တော်မူခြင်း

အရှင်ဥပါလိသည် ဘီ-စီ ၆-ရာစုအလွန် ဘုရားမြတ်စွာ၏ ဘိုးတော် အဉ္စနမင်းကြီး ဖို့ကြွင်းမဟာသက္ကရာဇ် ၇၀-ကျော်ခန့်တွင် ကပိလဝတ်မြို့တော်၌ ဆတ္တာသည်လုပ် အသက်မွေးရသော ဖခင်နှင့် မိခင် မန္တာဏီတို့မှ ပွားမြင်တော် မူခဲ့လေသည်။ အရှင်ဥပါလိလောင်းလျာသည် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဒါနစသော ကောင်းမှုပြုလုပ် ပါရမီဖြည့်ဆည်းပူးခဲ့

၁။ ၄၄၆၀။ ၄၀၁၊

ပြီးသူ ပါရမီပိုင်ရှင်ဖြစ်ရာ ရုပ်ရေရူပကာယ လှပစိုပြည် ကျက်သရေရှိသည်။ မိခင်၏ အမည်နှင့်တွဲ၍ မန္တာဏီပုတ္တဟု အမည်တွင်သည်။ တဖြည်းဖြည်း ကြီးထွားလာ၍ လူလားမြောက်သောအခါ သာကီဝင်တို့ထံ အမှုထမ်း သည်မှစ၍ ဥပါလိဟု အမည်တွင်သည်။

ရဟန်းပြုခြင်း

အရှင်ဥပါလိသည် ဘုရားရှင် အနုပိယသရက်ဥယျာဉ်၌ သီတင်းသုံး တော်မူစဉ် အာနန္ဒာ, ဘဂု, ကိမိလ, ဘဒ္ဒိယ, အနုရုဒ္ဓ, ဒေဝဒတ်-ဟူသော မင်းသား ၆-ယောက်တို့ ရောက်ရှိကာ ရှေးဦးစွာ ဥပါလိရဟန်းပြုပြီးမှ အာနန္ဒာ စသူတို့ ရဟန်းပြုကြရသည်။

ဥပဇ္ဈာယ်ဆရာတော်

အရှင်ဥပါလိ၏ ဥပဇ္ဈာယ်ဆရာတော်မှာ ရသေ့အကျော်ဓေယျ ဥရုဝေလ ကဿပစသော ရသေ့တစ်ထောင်တွင် ပါဝင်ခဲ့ကာ အစောပိုင်းက ကျွတ်တမ်းဝင် ရဟန္တာဖြစ်တော်မူသော အရှင်ကပ္ပိတကမထေရ် ဖြစ်တော် မူသည်။ သို့ဖြစ်၍ အရှင်ဥပါလိ၏ ဥပဇ္ဈာယ်မေးခဲ့လျှင် အရှင်ကပ္ပိတကဟု ဖြေရာ၏။

၂၂၂။ ဥပါလိဿ ဥပဇ္ဈာယော၊ သာသနေ ကော နာမော ဘဝေ။
ဉာတိ စေ ကောစိ ပုစ္ဆေယျ၊ ဝိဿဇ္ဇေယျ ကပ္ပိတကံ။

ဘုရားရှင်ထံ တောထွက်ခွင့်တောင်းရာ ဘုရားရှင်က တောထွက်ခွင့်မပေး

အရှင်ဥပါလိသည် ရဟန်းပြုပြီး ဘုရားရှင်ထံ ကမ္မဋ္ဌာန်းတောင်း၍ တောထွက် ကျင့်ကြံအားထုတ်လိုကြောင်း လျှောက်ထားရာ ဘုရားမြတ်စွာ က ''အို ချစ်သား ဥပါလိ.... မတော်ဘူးချစ်သား၊ သင် ချစ်သား တောမှာနေခဲ့လျှင် ဝိပဿနာဓုရ တစ်ခုကိုသာ ဆောင်နိုင်မည်။ ငါဘုရား ထံမှာ နေလျှင် ဂန္ထဓုရ, ဝိပဿနာဓုရ နှစ်ပါးလုံးကို ကြိုးပမ်းထမ်းဆောင် နိုင်မည်''ဟု မိန့်တော်မူကာ ဘုရားမြတ်စွာသည် အရှင်ဥပါလိအား တော ထွက်ခွင့် ပေးတော်မမူချေ။

အရှင်ဥပါလိသည် ဘုရားရှင်ထံမှာ နေ၍ ဝိပဿနာပွားများရာ အာသဝေါကင်းကွာ ရဟန္တာဖြစ်လေသည်။

ဘုရားမြတ်စွာကိုယ်တိုင် ဝိနည်းသင်ပေး

ဘုရားမြတ်စွာသည် မိမိကိုယ်စား ဝိနည်းဆုံးဖြတ်မှုဆိုင်ရာ ကိစ္စတာဝန်ကို ထမ်းဆောင်နိုင်ရန် တစ်ဆင့်မလွှဲဘဲ ကိုယ်တော်တိုင် သင်ပြပေးတော်မူသည်။ သို့နှင့် အရှင်ဥပါလိသည် ဘုရားရှင်ထံတွင် ဝိနည်းပိဋကကို သင်ယူတော်မူရလေသည်။

ဝိနည်းအရာခက်ဆစ်များ ဘုရားရှင်အား မေးလျှောက်ခဲ့ခြင်း

ဝိနည်းဆိုင်ရာ အခက်အကတ် ဒုန္နယတ်တို့ကို ဘုရားရှင်အားများစွာ မေးလျှောက်ကြောင်း၊ ဝိနည်းမဟာဝါပါဠိတော်နှင့် စူဠဝါပါဠိတော် စသည်တို့၌ တွေ့ရသည်။ ဤသို့ဖြင့် ဘုရားရှင် ကိုယ်တော်တိုင်ကလည်း သင်ပြပေး၊ ဘုရားရှင်ထံ အဖန်ဖန်မေးလျှောက်သဖြင့်လည်း ဝိနည်းပိဋက အရာတွင် ဘုရားရှင်ကို ကြည် အကျွမ်းကျင်ဆုံး အတတ်ဆုံး ဖြစ်လေသည်။ ယင်းသို့ဖြစ်ကြောင်း အရှင်ဥပါလိကိုယ်တိုင်-

၂၂၃။ ယာဝတာ ဗုဒ္ဓခေတ္တမှိ၊ ဌပေတွာ တံ မဟာမုနိံ ။
ဝိနယေ မာဒိသော နတ္ထိ၊ ကုတော ဘိယျော ဘဝိဿတိ။

ဟု မိန့်တော်မူခဲ့လေသည်။[၁]

ဝိနည်းကို ပို့ချတော်မူခြင်း

ဘုရားမြတ်စွာ သက်တော်ထင်ရှားရှိစဉ်ကပင် ဝိနည်းပိဋကကို များစွာသော ရဟန်းငယ်၊ ရဟန်းလတ်၊ အနုထေရ်၊ မဟာထေရ်တို့အား အခါခါ အခေါက်ခေါက် မပြတ်ပို့ချကြောင်း လာရှိသည်။[၂] ယင်းသို့ မပြတ် ဝိနည်းကို အထပ်ထပ် ပို့ချခဲ့သဖြင့် ဥဘတောဝိဘင်းနှင့် မဟာဝဂ္ဂ၊ စူဠဝဂ္ဂ၊ ပရိဝါရ၊ သံဃာဒိသေသတိက၊ ပါစိတ္တိယတိက၊ ဝိနည်းပိဋက အက္ခရာပုဒ် ဗျည်း စသည်များ၌ ယုံမှားသံသယ ဒွိဟ တစ်စုံတစ်ရာ မရှိဟု မိန့်တော်မူသည်။

၂၂၄။ ဝိနယေ ခန္ဓကေ စာပိ၊ တိကစ္ဆေဒေ စ ပဉ္စမေ။
ဧတ္ထ မေ ဝိမတိ နတ္ထိ၊ အက္ခရေ ဗျဉ္ဇနေပိ ဝါ။[၃]။

၁။ အပ၊ ၁။ ၄၇။
၂။ ဝိ၊ ၄။ ၃၁၉။
၃။ အပ၊ ၁။ ၄၆။

ဘုရားတို့မျှ ဝိနယပိဋက နှုလုံးဟဒယအတွင်း ဆောင်ထား

အရှင်ဥပါလိသည် ဘုရားမြတ်စွာတမူတူသည်သာလျှင်ဖြစ်သောဘုရားကိုယ်စားဖြစ်သော ဝိနည်းပိဋကကို မနောဒွါရ ပုတာတံတင်းနှလုံးအိမ်၌ ထာဝစဉ်ဆောင် ဝိနည်းပိဋက ဝိနည်းဥပဒေတော်ကြီးကို ရှိခိုးဦးချ ကန်တော့လျက် ထာဝစဉ်နေတော်မူလေသည်။

၂၂၅။ ဘတ္တုကပ္ပံ သုဝိနယံ၊ ခါရေမိ ဟဒယေနဟံ။
နမဿမာနော ဝိနယံ၊ ဝိဟရိဿာမိ သဗ္ဗဒါ။[၁]

အရှင်ဥပါလိသည် ဝိနည်းပိဋကကို အလေ့အကျက် စိတ်ဝင်စားမှုများလှနိုင်နင်းလှသဖြင့် ဝိနည်းပိဋကသည် မိမိဥပါလိ၏ မှီရာတံကဲ,စင်္ကြံ, ထာဝရမက္ခာ နေရာ, အာရုံပြုရာဖြစ်ကြောင်းကိုသည်း....

၂၂၆။ ဝိနယော အာသယော မယှံ၊ ဝိနယော ဌာနစင်္ကမံ။
ကပ္ပေမိ ဝိနယေ ဝါသံ၊ ဝိနယော မမ ဂေါစရော။[၂]

ဟု မိန့်ဆိုတော်မူသည်။

အရှင်ဥပါလိအား မေးလျှောက်ပါတဲ့

ဘုရားမြတ်စွာ သက်တော်ထင်ရှားရှိစဉ်ကပင် ရဟန်းများ၌ဝိနည်းကိစ္စကြုံလာလျှင် အရှင်ဥပါလိရှိသားပဲ အရှင်ဥပါလိအား မေးလျှောက်ပါ၊ အရှင်ဥပါလိ ဆုံးဖြတ်ပါလိမ့်မည်-စသည်ဖြင့်ရဟန်းများက အရှင်ဥပါလိကို ညွှန်ပြကြသည်။

အရှင်ဥပါလိ စိစစ်ခဲ့သော ဝတ္ထုများ

ပိတုဿာတကကံကြီးထိုက်သူလုလင်တစ်ယောက်ရဟန်းပြုရန်လျှောက်ရာ အရှင်ဥပါလိသည် အဖြစ်မှန်အတိုင်း စိစစ် ဆုံးဖြတ်တော် မူခဲ့လေသည်။ ဘုရားရှင်လက်ထက်က သာကေတမြို့မှ သာဝတ္ထိမြို့တော်သို့ကြွလာကြသော ရဟန်းတို့၏ သင်္ကန်းများ သူခိုးသူဝှက်လုယက်ယူကြသည်။ ဆွေမျိုးမတော်စပ်သူထံ သင်္ကန်းမတောင်းရန်လည်းဘုရားရှင်ပညတ်တော်မူသဖြင့်ကုက္ကုစ္စ သံသယဖြစ်ကြ၍ မတောင်းဘဲ အဝတ်မပါ ကိုယ်တုံးလုံး သာဝတ္ထိလာ

၁။ အပ၊ ၁။ ၅၂။
၂။ အပ၊ ၁။ ၅၂။

ကြပြီး ရဟန်းတို့အား ရှိခိုးကြရာ ရဟန်းတို့က အရှင်ဥပါလိထံ ပို့ဆောင်ကြသဖြင့် အရှင်ဥပါလိသည် စစ်ဆေးတော်မူခဲ့လေသည်။[၁]

ဘာရုကစ္ဆကအရပ်သား ရဟန်းတစ်ပါး မယားဟောင်းကို မေထုန်မှီဝဲရသည်ဟု အိပ်မက်မက်သဖြင့် ရဟန်းမဟုတ်တော့ပြီဟု အမှတ်သညာရှိသဖြင့် လူထွက်ရန်အသွား လမ်းအကြားတွင် အရှင်ဥပါလိနှင့် ဆုံမိသဖြင့် အကျိုးအကြောင်းလျှောက်ထားရာ 'အနာပတ္တိ အာဝုသော သုပိနန္တေန=ငါ့အရှင်....အိပ်မက်၌ မေထုန်မှီဝဲတာ အာပတ်မသင့်ပါဘူး'ဟု မြတ်စွာဘုရားမဆုံးဖြတ်ဘူးသည်ကိုစံပြုအဖြစ် ဆုံးဖြတ်တော်မူခဲ့လေသည်။

၎င်းအပြင် အဇ္ဈာရုဟာဝတ္ထု၊[၂] ကုမာရကဿပဝတ္ထု[၃] တို့ကိုလည်း ဆုံးဖြတ်တော်မူခဲ့လေသည်။

ဘုရားမှနိုန် အကြိမ်ကြိမ်ချီးကျူးခြင်း

ဘုရားရှင်ကိုယ်တော်တိုင် အရှင်ဥပါလိ ဝိနည်းနိုင်နင်း တတ်မြောက်ကျွမ်းကျင်ကြောင်း အကြိမ်ကြိမ်ချီးမွမ်းတော်မူခဲ့လေသည်။ ဝိနည်းအရာ အတတ်မြောက်ဆုံး အမြတ်ဆုံးအရာ ဧတဒဂ်ဘွဲ့ကိုလည်း မိန့်တော်ဖွင့်ဟ အပ်နှင်းတော်မူခဲ့လေသည်။[၄]

ပဉ္စမသံဂါယနာ မဟာဓမ္မသဘင်ကြီးတွင် ဝိနယဝိဿဇ္ဇက တာဝန် ဆောင်ရွက်ခြင်း

မဟာသက္ကရာဇ်၁၄၈-ခုနှစ်၊ သာသနာသက္ကရာဇ်၁-ခုနှစ်တွင်မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့တော် ဝေဘာရတောင်ရံအနီး စရည်းပင်ရောက်ရာ လိုဏ်ဂူဝ (သတ္တပဏ္ဏိဂုဟာဒွါရ)အနီး အဇာတသတ်မင်း ခမ်းနားစွာ ဆောက်လုပ်အပ်သော မဏ္ဍပ်ကြီး၌ အရှင်မဟာကဿပ မဟာထေရ်မြတ် ဦးစီးပြုလုပ်ကျင်းပအပ်သော ဆဋ္ဌာဘိညာ ပဋိသမ္ဘိဒါပတ္တ တေဝိဇ္ဇကောဝိဒ ရဟန္တာသခင် အရှင်မြတ်ငါးရာ ပါဝင်သော ပဉ္စမသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ဝိနယဝိဿဇ္ဇက တာဝန်ကို ဆောင်ရွက်တော်မူခဲ့လေသည်။[၅]

၁။ ဝိ၊ ၁။ ၃၁၃။
၂။ ဝိ၊ ၁။ ၈၄။
၃။ အံ၊ ဋ္ဌ၊ ၁၊ ၂၂၁။
၄။ ဝိ၊ ၂။ ၁၈၇၊ ၁၈၈၊ ၃၁၉။ အံ၊ ၁။ ၂၅။
၅။ ပဉ္စမသံဂါယနာတင်ဆိုင်ရာမှတ်တမ်း ကြည့်။

၂၂၇။ ပဉ္စမသံဂီတိကာလေ၊ ရာဇဂဟေ ပဝတ္တိတေ။
ဝိဿဇ္ဇကော ဝိနယဿ၊ ဇိနသာသနဘာရဓော။

ရဟန်းတစ်ထောင် ပိဋက ၃-ပုံ ချပို့ခြင်း

အရှင်ဥပါလိသည် ဝိနည်းပိဋက၌သာတတ်မြောက်ထူးချွန်သည်မဟုတ်၊ သုတ္တန်, အဘိဓမ္မာဟူသော ပိဋကတို့၌လည်း ပါရင်ပေါက်ရောက် တတ်မြောက်တော်မူသည်။ သို့နှင့် ပဉ္စမသံဂါယနာသဘင် ပွဲကြီးယင်ပြီးသည့် နောက်တွင် ဝေသာလီပြည် ဝါလုကာရုံကျောင်းတိုက်၌ သီတင်းသုံး၍ အရှင်ဒါသကထေရ် အမှူးရှိသော ရဟန္တာတစ်ထောင်တို့အား ပိဋကသုံးပုံ အလုံးစုံကို ကရားရေလွှတ် တတွတ်တွတ် ရွတ်ဆိုချပို့၍ သာသနာကျိုး သယ်ပိုးထမ်းရွက်တော်မူခဲ့လေသည်။

၂၂၈။ ခီဏာသဝသဟဿံ သော၊ ဒါသကာဒယေ့ဇဋ္ဌကံ။
ဥပါလိထေရော ဝါစေသိ၊ သကလံ ပိဋကတ္တယံ။[၁]

နှစ်ပေါင်း ၃၀-ဝိနည်းပို့ချခြင်း

အရှင်ဥပါလိသည် ဘုရားဇိနေဉ် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ဓမ္မသံဝေဂ များစွာဖြစ်တော်မူကာ သာသနာတည်ရေး မိမိအရေးဟုတွေးကြံတော်မူကာ ဝိနည်းပိဋကကို အနှစ် ၃၀-ပတ်လုံး ချပို့တော်မူခဲ့လေသည်။

၂၂၉။ ပရိနိဗ္ဗုတမှိ သမ္ဗုဒ္ဓေ၊ ဥပါလိထေရော မဟာဇုတိ။
ဝိနယံ တာဝ ဝါစေသိ၊ တိံသဝဿံ အနူနကံ။[၂]

ပုထုဇဉ် အရိယာတပည့်တွေ့ မရနိုင်

အရှင်ဥပါလိမထေရ်မြတ် ထံတော်၌ ပိဋကသုံးပုံ သင်ယူခဲ့ကြသော ပုထုဇဉ်,သောတာပန်, သကဒါဂါမ်,အနာဂါမ်, အရိယာ တပည့်တပန်း တွေ့မှာ မရေနိုင်အောင် ဂဏန်းထိုးမပြနိုင်အောင် လွန်စွာ မြားမြောင်လှသည် ဟူ၏။

၂၃၀။ ဂဏနာ ဝိတိဝတ္တာ တေ၊ သေသာရိယပုထုဇ္ဇနာ။
ပိဋကာနုဂ္ဂဟိတာနိ၊ ယေဟိ ထေရဿ သန္တိကေ။

၁။ မဟာဝံသ။ ၅။ ၁၁၄။
၂။ ဒီပဝံသ။ ၅။ ၂၉၊
၃။ မဟာဝံသ။ ၅။ ၁၁၅။

ပရိနိဗ္ဗာန် ဝင်စံတော်မူခြင်း

ယင်းသို့ မနေမနား ဘုရားမြတ်စွာ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့သော ဝိနယဓရ ဧတဒဂ်ဘွဲ့ရ ပဌမသံဂါယနာ ဝိနယဝိဿဇ္ဇက ထေဝိဇ္ဇကုလ္လဒ္ဓိပတ္တ စေတောပရိယာယကောဝိဒ, ဆဠဘိညာဖြစ်တော်မူသော အရှင်ဥပါလိသည် အရှင်ဒါသက စသော မြားမြောက်စွာလှသော တပည့်တို့အား ပိဋကတ ၃-ပုံကို လက်ရောက်အပ်နှင်း သင်ပြပေးတော်မူခဲ့ပြီး သက်တော် ၉၄-နှစ်ခန့် ဝါတော် ၇၄-နှစ်တွင် ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့လေသည်။

၂၃၁။ နိဗ္ဗာယိ အဂ္ဂိက္ခန္ဓောဝ၊ ဂုဏော ဘာသောဝဿသကော။
စတုသတ္တတိဝဿမှိ၊ ထေရော ဥပါလိပဏ္ဍိတော။
သဒ္ဓိဝိဟာရိကံ ထေရံ၊ ဒါသကံ နာမ ပဏ္ဍိတံ။
ဝိနယဋ္ဌာနေ ဌပေတွာန၊ နိဗ္ဗုတော သော မဟာဂဏီ။[၁]

စူတင်ဆောင် ရဟန်းများအနက် ဧတဒဂ်ရ ပဌမသံဂါယနာ သံဃမဟာနာယက အရှင်မဟာကဿပမထေရ်

မထေရ်မြတ်သည် မဟာသက္ကရာဇ် ၆၀-ခန့်လောက်တွင် မဟာတိတ္ထရွာ၌ ကပိလပုဏ္ဏားနှင့် ပုဏ္ဏေးမတို့မှ ဖွားမြင်တော်မူသည်။ ငယ်မည် ပိပ္ပလိ ဖြစ်သည်။ အသက် ၂၀-တွင် မိဘတို့ အိမ်ထောင်ပြုရန်ပြောသော်လည်း အကြိမ်ကြိမ်ငြင်းပယ်ခဲ့လေသည်။ နောက်ဆုံးတွင် မိဘတို့၏အလိုကို လိုက်လျောကာ ဘဒ္ဒါမည်သော အမျိုးသမီးနှင့်လက်ထပ်ခဲ့လေသည်။ သူတို့နှစ်ဦးစလုံး သာသနာ၌ညွတ်သောစိတ်ရှိကြသဖြင့် လက်ထပ်ပြီးသော်လည်း မောင်နှမကဲ့သို့ နေကြသည်။ နှစ်ဦးကြားဝယ်ပန်းကုံးထားအိပ်ကြသည်။ရည်ရွယ်ချက်မှာ အမျိုးသားဘက်က ပန်းကုံးညှိုးလျှင် အမျိုးသားသည် မစင်ကြယ် ရာဂစိတ် ဖြစ်သည်။အမျိုးသမီးဘက်က ပန်းကုံးညှိုးလျှင် အမျိုးသမီးသည် မစင်ကြယ် ရာဂစိတ်ဖြစ်သည် သိကြရန်ဖြစ်သည်။ သို့ရာတွင် မည်သည့်ပန်းကုံးမျှ မညှိုးပါချေ။ အချိန်ကာလ အတော်ကြာ နေကြပြီးနောက် ကုဋေရှစ်ဆယ်သောစည်းစိမ်ဥစ္စာတို့ကို စွန့်၍ နှစ်ဦးသဘောတူ ရဟန်းအသွင် ယူလျက် အိမ်မှထွက်ခွာလာကြရာ ပိပ္ပလိသတို့သားသည်

၁။ ဒီပဝံသ၊ ၅။ ၄၄။ ၄၅။

ဘုရားမြတ်စွာနှင့်တွေ့၍ အဆုံးအမကို ခံယူခြင်းမျှဖြင့်[၁] ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ဧဟိဘိက္ခုပသမ္ပဒါ- စသော ရဟန်းရှစ်မျိုးတို့တွင် ဤ အရှင်မဟာကဿပထေရ်ကို အကြောင်းပြု၍ အဆုံးအမကိုခံယူရုံမျှဖြင့် ရဟန်းအဖြစ်ကို[၂] ဘုရားမြတ်စွာ ခွင့်ပြုတော်မူခဲ့လေသည်။

ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း

ပဒုမုတ္တရာ မြတ်စွာဘုရားလက်ထက်တော်တွင် ဓူတင်ဆောင် ဧတဒဂ်ရ တတိယ မဟာသာဝက မဟာနိသဘထေရ်ကို အားကျကာ ဆုပန်လာခဲ့ရာ ဤဘုရားသာသနာတော်၌ ရဟန်းပြု၍ ခုနစ်ရက်မျှသာ ပုထုဇဉ်ရဟန်း အဖြစ်ဖြင့် နေရပြီး ရှစ်ရက်မြောက်နေ့တွင် ပဋိသမ္ဘိဒါပတ္တ, ဆဠဘိညာ ရဟန္တာ ဖြစ် တော်မူသည်။

၂၃၂။ အဋ္ဌမေ ဒိဝသေ ဟိ၊ သမ္ပတ္တော ဥပသမ္ပဒါ။
ပဋိသမ္ဘိဒါဟိ သဟ၊ အညံ အရဟတံ ဝရံ။

သင်္ကန်းချင်း လဲတော်မူခြင်း

ဘုရားမြတ်စွာသည် ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူ၍ လေးလ မြောက်တွင် ပဉ္စမသံဂါယနာ မဟာဓမ္မသဘင်ကြီးကို ဦးစီးတင်တော်မူ မည်ကို အနာဂတံသဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူသဖြင့် မြေကြီးလှိုက်ဖို့ သိမ့်သိမ့်တုန်အောင် တတုမ္မ (တစ်ပြည်သား)ခန့် ပိုးလောက်တို့ကို ခါ၍ ကောက်အပ်သော ဟောင်းနွမ်းလှသော ပံ့သကူသင်္ကန်းတော်ကို အရှင် မဟာကဿပအား ပေးအပ်၍ အရှင်မဟာကဿပ၏ သင်္ကန်းကို မြတ်စွာ ဘုရား အလှူခံတော်မူလေသည်။[၃]

ဓူတင်ဆောင် ဧတဒဂ်ဘွဲ့ရခြင်း

ရဟန်းဖြစ်သည့်နေ့မှစ၍ အသက်ထက်ဆုံး ဓူတင် ၁၃-ပါးကို ဆောင် သဖြင့် ဓူတင်ဆောင်မထေရ်တို့တွင် အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးကို ဘုရား

၁။ ဩဝါဒပဋိဂ္ဂဟဏ မျှဖြင့်။
၂။ ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ။
၃။ အကျယ် သံ၊ ၁။ ၄၂၀။ စီဝရသုတ်ကြည့်။

သဗ္ဗညုသည် ခံတွင်းတော်ကြာကမူဒ်ဖြင့် မိန့်ထုတ်မြွက်ဟ အပ်နှင်းတော်မူခဲ့လေသည်။ အရှင်မဟာကဿပသည် ဆွမ်းခံကြွစဉ် ဆွမ်းလောင်းသူ နူနာစွဲသူ၏လက်ကြီး သပိတ်ထဲ ပြတ်ကျသော်လည်း ယင်း လက်ကြီးကို မဖယ်ဘဲ မရွံမရှာ ဘုဉ်းပေးတော်မူသည်။ ထိုစဉ်က ဘုရားရှင်က လူသားစားလျှင် ထုလ္လစဉ်းအာပတ်သင့်သည်ဟုလည်းပညတ်တော်မမူသေးချေ[၁]။

အရှင်အာနန္ဒာနှင့် လွန်စွာရင်းနှီးခြင်း

အရှင်မဟာကဿပသည် ဆံပင်တွေဖြူနေသော အရှင်အာနန္ဒာကို ဤသူငယ် ဤကလေးသည် အတိုင်းအရှည်မသိဟု ဆုံးမနိုင်လောက်အောင်ပင် ရင်းနှီးလေသည်။ ပဌမသံဂါယနာ မဟာဓမ္မသဘင်ကြီးတွင် အရှင်မဟာကဿပ သံဃမဟာနာယကဖြစ်၍ ဓမ္မဝိနယပုစ္ဆကတာဝန်, အရှင်ဥပါလိက ဝိနယဝိဿဇ္ဇကတာဝန်, အရှင်အာနန္ဒာက ဓမ္မဝိဿဇ္ဇကတာဝန် ဆောင်ရွက်တော်မူခဲ့ကြသည်မှာ အံ့ဩဖွယ် ကြည်ညိုဖွယ်ကောင်းလှပါသတည်း။ အရှင်မဟာကဿပသည် သက်တော် ၁၂၀-ရှည်တော်မူသည်။[၂]

အရှင်မဟာကဿပ ပရိနိဗ္ဗာန်စံတော်မူပုံကို ကဿပဓိမ္မဝန္ဒနာကျမ်းစသည်၌ အဆိုကား ဤသို့တည်း။

''အို အာနန္ဒာ....ငါသည် သာသနာတော်၌ လုပ်သင့်သည့်လုပ်ငန်းကိစ္စများကို ဘုရားကိုယ်စား ပြုလုပ်ခဲ့လေပြီ။ ပဌမသံဂါယနာသဘင်ကြီးကို ဦးစီးဦးကိုင်ပြု၍ တင်ခဲ့လေပြီ။ ယခုအခါဆိုလျှင် ငါသည် ပရိနိဗ္ဗာန်စံယူချိန်တန်ပြီဖြစ်၍ ငါမရှိသည့်နောက် သင်သည် တရားတော်ကိုစောင့်ရှောက်ရစ်ပါလော့။ သာသနာတော်ကြီး မညှိုးမနွမ်းအောင် စောင့်ရှောက်ရစ်ပါလော့။ ထို့ပြင် ရာဇဂြိုဟ်မြို့၌ ကုန်သည်တစ်ယောက်မှာ သားတစ်ယောက် မွေးဖွားလာလိမ့်မည်။ ထိုသားသည် ပိုက်ဆံလျှော်အဝတ်ကို ဝတ်ရုံဆင်မြန်းသည့်အတွက်သာဏဝါသိကဟုအမည်တွင်လိမ့်မည်။သူသည် သမုဒ္ဒရာ ပင်လယ်ခရီးမှ ကုန်သန်းရောင်းဝယ်၍ ပြန်လာပြီးနောက် သံဃာတော်များကို ငါးနှစ်တိုင် လုပ်ကျွေးလိမ့်မည်။ ၎င်းနောက် သူသည်

၁။ ထေရ။ ၃၅၀၊ မိလိန္ဒ ၃၇၉-ကြည့်။

၂။ အကျယ် သံ၊ ၁။ ၁၄၀။ ထေရ။ ၃၅၀။ အပ၊ ၁၊ ၃၆၊ ၈၊ ၄၊ ၁၊ ၅။ သံ၊ ၄၊ ၂။ ၆၅၇-တို့ကြည့်။

ရဟန်းပြုလိမ့်မည်။ သင်သည် ထိုရဟန်းတော်အား ဘုရားမြတ်စွာ၏ တရားအားလုံးကို လွှဲအပ်ခဲ့ပါလော့''ဟု မိန့်မှာကြားတော်မူပြီး စေတီတော်ကြီး တစ်ဆယ့်နှစ်ဆူကို ရှိခိုးဦးချ၍ ဘုရားဘုန်းကြွယ် စွယ်တော်များကိန်းဝပ်ရာ နဂါးပြည် တာဝတိံသာနတ်ပြည်တို့သို့ ကြွတော်မူ၍ စွယ်တော်ကို ဖူးမြော်တော် မူခဲ့လေသည်။ ထို့နောက် တာဝတိံသာနတ်ပြည် တည်ရှိရာ မြင်းမိုရ်တောင်ထိပ်တွင် ကွယ်ပျောက်ခဲ့ပြီးလျှင် မိမိ ပရိနိဗ္ဗာန်စံမည့် အကြောင်းကို အဇာတသတ်မင်းအား သံတော်ဦးတင်ရန် ရာဇဂြိုဟ် မြို့တော်သို့ ကြွတော်မူခဲ့လေသည်။

ဘုရင့်နန်းတော်သို့ ရောက်၍ နန်းတော်တံခါးအနီး ရပ်တော်မူကာ တံခါးမှူးအား အဇာတသတ်မင်း တွေ့လိုကြောင်း၊ နန်းတော်တံခါးမှူးက အဇာတသတ်မင်း အိပ်နေကြောင်း ပြန်လျှောက်ထားလေ၏။ ထိုအခါ အရှင်မဟာကဿပက သံတော်ဦးတင်ရန်ထပ်မံမိန့်တော်မူရာ တံခါးမှူးက ''အရှင်ဘုရား အဇာတသတ်မင်းသည် ဒေါသကြီးလှပါသည်။ သူ့ကို အိပ်ရာမှ နှိုးခဲ့လျှင် တပည့်တော်ကို ကွပ်မျက်ပါလိမ့်မည်''ဟု ပြန်ကြားလျှောက်ထားလေသော်၊ အရှင်မဟာကဿပက ''အို ဒါယကာ....သည်လို ဆိုရှိစေတော့ အဇာတသတ်မင်း အိပ်ရာမှနိုးလျှင် အရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုသွားပြီဟု သံတော်ဦးတင်လိုက်ပါ'' ဟု မှာကြားပြီးလျှင် ကုက္ကုဋပါဒတောင်၏ တောင်ဘက်အစွန်ဆုံး တောင်ထိပ်ပေါ်သို့ တက်ကြွကာ တောင်ထွတ်သုံးခုအကြား မြက်ခင်းတစ်ခုပေါ်၌ ဈာန်သမာပတ်ဝင်စားပြီးလျှင် ပရိနိဗ္ဗာန်ပြုတော် မူလေသည်။[၁]

၂၃၃။ ကဿပေါ မဟာကဿပေါ၊ တတိယသာဝကော ဝိဒ္ဒါ။
ကုက္ကုဋပါဒနဂမှိ၊ နိဗ္ဗာယီတိ ပကာသိသုံ။

ဘုရားမြတ်စွာ ဝါဆိုစဉ် ဝါဆိုရာဌာနများ

ဘုရားမြတ်စွာသည် ဘုရားဖြစ်တော်မူပြီးသော ပဌမ ဗောဓိအတွင်း ဝါတော်နှစ်ဆယ်မျှ ကာလပတ်လုံး ဝါဆိုရာဌာန အမြဲမရှိဘဲ ကျွတ်ထိုက်သော ဝေနေယျ သတ္တဝါများရှိရာ ထိုထိုအရပ်ဒေသသို့ ကြွရောက်၍

၁။ ကဿပဗိမ္ဗပဒ္ဒနဥ္ဇကျမ်းကြည့်။

ဝါကပ်၍ ဗုဒ္ဓကိစ္စငါးပါးတို့ကို ပြုတော်မူရာ အောက်ပါအတိုင်း အကျဉ်း မှတ်သားရာ၏။

(၁) ဘုရားဖြစ်စသည် ကာသိတိုင်း ဗာရာဏသီ မြို့တော် အနီး ဣသိပတနမိဂဒါဝုန်တော၌ ဓမ္မစကြာတရားဟောကြားတော်မူ၍ ပဉ္စဝဂ္ဂီ အပါအဝင် အရှင်ကောဏ္ဍညမထေရ် အမှူးပြုသော ဗြဟ္မာပေါင်း တစ်ဆယ့်ရှစ်ကုဋေတို့ကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူ ပြီးလျှင် ဗာရာဏသီနန်းမြို့တော်ကို ဂေါစရဂါမ်အမှီပြု၍ ပဌမဝါ ကပ် ဆိုတော် မူခဲ့လေသည်။

(၂-၃-၄) ၎င်းနောက် မဂဓတိုင်း မဂဓနိုင်ငံတော် ရာဇဂြိုဟ်နန်း မြို့တော်ကို ဂေါစရဂါမ်အမှီပြုကာ ဒုတိယဝါ, တတိယဝါ, စတုတ္ထဝါ တို့ကို ဝေဠုဝန်ကျောင်းတိုက်၌ ဝါကပ်ဆိုတော်မူသည်။

(၅) ၎င်းနောက် ဝဇ္ဇီနိုင်ငံတော် ဝေသာလီနန်းမြို့တော်ကို ဂေါစရ ဂါမ်အမှီပြု၍ မဟာဝုန်တောအုပ်အတွင်း စုလစ်မွန်းချွန်အထွတ်ဘပ်သော ကျောင်း (ကူဋာဂါရကျောင်းတိုက်)၌ ပဉ္စမဝါ ကပ်ဆိုတော်မူသည်။

(၆) ၎င်းနောက် မကုဋတောင်ချယားတောကျောင်းတိုက်၌ ဆဋ္ဌဝါ ကပ်ဆိုတော်မူ၍ ဝေနေယျတို့အား ချီးမြှောက်တော် မူခဲ့လေသည်။

(၇) ၎င်းနောက် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ခင်း ထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ သီ တင်း သုံး ၍ မယ်တော်နတ်သား အမှူးရှိသော စကြဝဠာပေါင်း တိုက်တစ်သောင်းမှ ခညောင်းရောက်လာနတ်ဗြဟ္မာတို့အား ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်းဟူသော အဘိဓမ္မာ ခုနစ် ကျမ်းကို ဟောကြားတော်မူ၍ ဝါကပ်ဆိုတော်မူခဲ့လေသည်။

၂၃၄။ ဝသိတွာ သတ္တမေ ဝဿေ၊ တာဝတိံသေ သိလာသနေ။
အဘိဓမ္မေန တောသေတိ၊ ဒေဝဗြဟ္မဂဏံ ဗဟုံ။

(၈) ၎င်းနောက် ဘဂ္ဂတိုင်း သုသုမာရဂိရ(သုံသုမာရဂိရ)မြို့တော်ကို ဂေါစရဂါမ်အမှီပြု၍ သားငှက်တို့အား ဘေးမဲ့ပေးရာ ပဲစင်းခုံတော၌

၁။ ဘေသကဠာမည်သော နတ်ဘီလူးနှိပ်စိုးသည့် တောလည်း ဟူ၏။ တစ်နည်းအားဖြင့် ဘေသ–ဘိ+သ = ကြောက်ရွံ့ ။ ကဠ–ကရ = ပြု၊ ကြောက်စရာပြု ကြောက်စရာကောင်းသည့် တောလည်း ဟူ၏။

အဋ္ဌမဝါ ကပ်တော်မူ၍ ကျွတ်လွတ်ထိုက်သား သတ္တဝါများတို့အား ချီးမြှောက်တော် မူခဲ့သေသည်။

(၉) ၎င်းနောက် ဝံသတိုင်း ကောသမ္ဗီမြို့တော်ကို ဂေါစရဂါမ် အမှီပြု၍ ကောသမ္ဗီမြို့တော်အနီး ဃောသိတသူဌေး ဆောက်လုပ်လှူဒါန်းအပ်သော ဃောသိတာရုံကျောင်းတိုက်၌ နဝမဝါ ကပ်ဆိုတော်မူသည်။ ယင်း ကောသမ္ဗီနန်းမြို့တော်အနီး ဃောသိတာရုံကျောင်းတိုက်၌ သီတင်းသုံးစဉ် ဘုရားရှင်သည် ဇာလိယသုတ်[1]၊ ကောသမ္ဗိယသုတ်[2]၊ နာဂသုတ်[3] စသည့် သုတ်ဒေသနာများကို ဟောကြားတော်မူသည်။

(၁၀) ၎င်းနောက် ပလလဲတောအုပ်ဝယ် ပလလဲဆင်မင်း၏ ပြုစုလုပ်ကျွေးမှုကို ခံယူကာ ဒသမဝါ ကပ်ဆိုတော်မူသည်။

(၁၁) ၎င်းနောက် ဗုဒ္ဓဂယာ ဗောဓိပင်အနီး၌ တည်ရှိခဲ့သော နာဠမည်သော ပုဏ္ဏားရွာကို ဂေါစရဂါမ် အမှီပြု၍ နာဠိကာရုံကျောင်းတိုက်၌[4] ဧကဒသမဝါ ကပ်ဆိုတော်မူသည်။

(၁၂) ၎င်းနောက် ဝေရဉ္ဇာပြည်ကို ဂေါစရဂါမ် အမှီပြု၍ နဠေရုဘီလူးအုပ်စိုးသော တမာပင်အနီး၌ ဒွါဒသမဝါ ကပ်ဆိုတော်မူသည်။ ယိုစဉ်က ဝေရဉ္ဇာပုဏ္ဏားသည် ဘုရားအမှူးရှိသော သံဃာတော်ငါးရာတို့အား သင်္ကန်းတိစီဝရိတ်, ဒွိစုံစသည့် ငါးသိန်းသုံးသောင်းတန် စသည်တို့ဖြင့် ပူဇော်လှူဒါန်းလေသည်။တစ်ဝါတွင်းလုံး မာရ်နတ်လှည့်ပတ်သဖြင့် တရားနာခြင်းဟူသော အမြိုက်အရသာမှ ဆုံးရှုံးနစ်နာသည်ကို တစ်ရက်တည်းဖြင့် တရားတော်မိုး ရွာစွေဖို့း၍ ချီးမြှောက်တော်မူသည်။[5]

(၁၃) ၎င်းနောက် စာလိယပြည် ဇန္တုရွာကို ဂေါစရဂါမ် အမှီပြု၍ စာလိယတောင်ကျောင်း၌ တေရသမဝါ ကပ်ဆိုတော်မူသည်။

၁။ ဒီ၊ ၁။ ၁၅၁–၁၊ ၅၂။
၂။ မ၊ ၁။ ၃၉၅–၄၀၁။
၃။ ဥဒါန။ ၁၂၅။
၄။ ဒက္ခိဏာ ဂိရိ ကျောင်းတိုက်ဟုလည်း လာရှိသည်။
၅။ အကျယ် ဝိ၊ ၁။ ၁–၁၂။ ဝိ၊ ဋ္ဌ၊ ၁။ ၇၉–၁၆၀–ကြည့်။

(၁၄) ၎င်းနောက် ကောသလတိုင်း သာဝတ္ထိမြို့တော်ကို ဂေါစရဂါမ် အမှီပြု၍ အနာထပိဏ်သူဌေးသည် ငါးဆယ့်လေးကုဋေ အသပြာသွန်ဒင်္ဂါး ကျပ် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန်ကျောင်း တိုက်၌ စုဒ္ဒသမဝါ ကပ်ဆိုတော်မူသည်။

(၁၅) ၎င်းနောက် သက္ကတိုင်း ကပိလဝတ်မြို့တော်ကို ဂေါစရဂါမ် အမှီပြု၍ နိဂြောဓာရုံကျောင်းတိုက်၌ ပန္နရသမဝါ ကပ်ဆိုတော်မူလေ၏။

(၁၆) ၎င်းနောက် အာဠဝီနိုင်ငံတော်၏ မြို့တော် အာဠဝီမြို့တော်ကို ဂေါစရဂါမ်အမှီပြု၍ အဂ္ဂါဠဝနတ်ကွန်းကျောင်းတိုက်၌ သောဠသမဝါ ကပ်ဆိုတော်မူသည်။ ဘုရားမြတ်စွာသည် ယင်းအာဠဝီမြို့တော် အဂ္ဂါဠဝ နတ်ကွန်းကျောင်းတိုက်၌ သီတင်းသုံးစဉ် ကုဋိကာရသိက္ခာပုဒ် ဥပဒေတော် ကို ပညတ်တော်မူသည်[၁]။ ယင်း အာဠဝီမြို့တော် အဂ္ဂါဠဝနတ်ကွန်း ကျောင်းတိုက်၌ အရှင်ကဿပ, အရှင်ဝင်္ဂီသ စသော မဟာသာဝကကြီး များလည်း သီတင်းသုံးတော်မူဖူးကြသည်။[၂]

(၁၇) ၎င်းနောက် မဂဓတိုင်း ရာဇဂြိုဟ်မြို့တော်ကို ဂေါစရဂါမ် အမှီပြု၍ ဝေဠုဝန်ကျောင်းတိုက်၌ သတ္တရသမဝါ ကပ်ဆိုတော်မူသည်။ ဘုရားရှင်သည် ယင်းဝေဠုဝန်ကျောင်းတိုက်၌ သီတင်းသုံးစဉ် သုတ္တန် ဒေသနာပေါင်းများစွာကို ဟောတော်မူလျက်လည်းကောင်း၊ သိက္ခာပုဒ် ဥပဒေတော်ပေါင်းများစွာကို ဟောတော်မူလျက်လည်းကောင်း၊ ဝေနေ ယျ သတ္တဝါတို့၏အကျိုးကို သယ်ပိုးရွက်ဆောင်တော်မူခဲ့လေသည်။

(၁၈-၁၉) ၎င်းနောက် စာလီယပြည် ဇန္တုရွာကို ဂေါစရဂါမ် အမှီပြု၍ စာလီယတောင်ကျောင်း၌ အဋ္ဌာရသမဝါ, ဧကူနဝီသတိမဝါ ကပ်ဆိုတော်မူသည်။ ဘုရားမြတ်စွာသည် ယင်းစာလီယပြည် ဇန္တုရွာ စာလီယတောင်ကျောင်း၌ သီတင်းသုံးစဉ် မေဃိယသုတ် စသည်များကို ဟောတော်မူလေသည်။[၃]

၁။ ဝိ၊ ၁။ ၂၁၉-၂၃၆။
၂။ ဝိ၊ ၁။ ၁၄။ သံ၊ ၁။ ၁၈၇-၈။
၃။ အံ၊ ၃။ ၁၆၆။ ဥဒါန်။ ၁၁၆-စသည်ကြည့်။ စာလိယ-ဟူလည်းရှိသည်။

၂၃၅။ စာလိယေ ဝသန္တော နာထော၊ အဝေါစ ဣသိ
သတ္တမော။
မေဃိယာဒိသုတ္တန္တမ္ဟိ၊ ဒယာသံယုတမာနသော။

(၂၀) ၎င်းနောက် မဂဓနိုင်ငံ မဂဓတိုင်း ရာဇဂြိုဟ်မြို့တော်ကို ဂေါစရဂါမ် အမှီပြု၍ ဝေဠုဝန်ကျောင်းတိုက်၌ ဝီသတိမဝါ ကပ်ဆိုတော်မူ၍ ဝေနေယျသတ္တဝါတို့ကို ချီးမြှောက်တော်မူသည်။

ဤသည်လျှင် ပဌမဗောဓိအတွင်း အနိဗဒ္ဓ ဝါဆိုတော်မူရာ ဌာနများဖြစ်သည်။

(၂၁-၄၄) ၎င်းနောက် ဧကူနဝီသတိမ ဝါမှ စ၍ စတုစတ္တာလီသမ ဝါတိုင်အောင် ကောသလတိုင်း သာဝတ္ထိမြို့တော်ကို ဂေါစရဂါမ်အမှီပြု၍ ဇေတဝန်ကျောင်းတိုက်နှင့်ပုဗ္ဗာရုံကျောင်းတိုက်တို့၌ အမြဲသုံးဆောင်တော်မူသောအားဖြင့် ဝါကပ်ဆိုတော်မူသည်။

(၄၅) ၎င်းနောက် ပရိနိဗ္ဗာန်စံတော်မူခါနီး၌ ဝဇ္ဇီနိုင်ငံတော် ဝေသာလီမြို့တော် ဝေဠုဝရွာငယ်၌ နောက်ဆုံး ပဉ္စစတ္တာလီသမဝါ ကပ်ဆိုတော်မူသည်။[၁]

ဘုရားမြတ်စွာ ဝါဆိုစဉ် တေးထပ်

(၁) သယမ္ဘူစောနတ်၏၊ မနောခတ်ချိန်ရှင်။
ပြောစမှတ် စာကိုတင်မည်၊ ဝါဆိုစဉ်မှတ်သား။
မြတ်ဓမ္မရွှေစကြာကို၊ မိဂဒါ ဟောကပ်ရွှေဖျား။
ဒု, တ, စ ရာဇဂြိုဟ်၊ ဝါဆိုတော်မူပြေား။
တောင်စာလီ မြဟ်အပါးမှာတော့၊ ငါးဝါမြောက်ဘုန်းကြွယ်။
မကုဋ္ဌာတောင်ဂိရိ၊ ခြောက်ဝါရှိ ဖြိုးလျှပ်စံပယ်။
ထောက်ညှာသည့် မျိုးမြတ်နွယ်ကို၊ တိုးမှတ်ဖွယ် ညွှန်ရစ်တော့။
ခုနစ်နှစ် ဝတိံသာ၊ မြန်းကြွကပ်ရှာ။
ရှစ်ဝါမြောက် စံတုက္ခာသည်၊ သံသုမာဂိရပလေး။

၄။ ဇုဒ္ဒံ၊ ၅၊ ၄။ အံ၊ ၄၊ ၂။ ၃၀-ကြည့်။

(၂) နဝမံ ကောသမ္ဗ၊ စောလျှံကြွစံ့ထိုင်။
တောဂန္ဓ ပုလဲမြိုင်မှာ၊ မလွဲနိုင် ဆယ်ထား။
ပြာဟ္မဏနာဥ္စရွာမှာ၊ ဝါကြွကာ ကိန်းဆယ့်တစ်ပြား။
ဝေရဥ္စာတိုင်းဌာနီ၊ ဒွါဒသီ မှတ်သား။
တောင်စာလီ မြတ်အပါးမှာတော့၊ ဆယ့်သုံးထား ကျမ်းအညီ။
စုဒ္ဒသာ ဇေတဝန၊ ကပိလ ပန္နရသီ။ .
သောဠသ အာဠဝီမှာ၊ စာအညီ မှတ်စမ်းတော့။
စံမြန်းတဲ့ ရာဇဂြိုဟ်၊ ဆယ့်ခုနစ်ဆို။
ဆယ့်ရှစ်နှင့် ဆယ့်ကိုးအလိုမှာ၊ စာလီဆို တောင်ထိပ်ပလေး။

(၃) ရာဇဂြိုဟ် ဝါ-ဝီသ၊ စာရိမျှ သုံးချေ။
ဌာနီကြွ ဘုန်းဝေမှာ၊ ထုံးအနေ့ မမြဲ။
နှစ်ဆယ့်လေး ဝါကျွတ်မှီတယ်၊ သာဝတ္ထိပြည်ဥ္စဘဲ။
အန္တိမ နောက်ဆုံးဝါ၊ ဗေဠုရွာ မလွဲ။
အာယုတော် ဇီဝိန်နဲ့ပြိုမို့၊ ရည်ကြိမ်မြဲ ထုံးစံ။
ဗျည်းတာလီ ဝါ-အဆိုက်၊ အမတာဒ မြိုက် မြန်းကြွအမှန်။
သတ္တဝါတစ်တိုက် ပက်ဇံကို၊ ယာဥ်ပျံတော် မဂ်နန်းနှင့်။
တစ်ဖက်ကမ်း ပြည်ခေမာ၊ လှမ်းပို့တင်ရှာ။
ဘုရားမြတ် ဝါဆိုစဉ်ကို၊ လိုချင်စရာ မှတ်စမ်းတော့လေး။[၁]

အတုမဲ့ အလုပ်လုပ်တော်မူသော ဘုရားရှင်

ဘုရားမြက်စွာသည် မည်သူနှင့်မျှမတူအောင် အလုပ်လုပ်တော်မူသည်။ ဘုရားဖြစ်တော်မူချိန်ကစ၍ ပရိနိဗ္ဗာန်စံတော်မူသည်အထိ မနေမနား အတုမရှိ အတုမဲ့ အလုပ်လုပ်တော်မူသည်။ ဖော်ပြပါ နိုင်ငံတော်, တိုင်းပြည်, မြို့, ရွာ ဒေသ စသည်များ၌ သီတင်းသုံးတော်မူစဉ် ပြုလုပ်တော်မူသော လုပ်ငန်းစဉ်များမှာ–

(၁) နံနက်ပိုင်း လုပ်ငန်းတော်

(၂) နေ့ပိုင်း လုပ်ငန်းတော်

၁။ မုဒ္ဒဝင်ဆရာကြီး ဦးထွန်းစိန်ရေး။

(၃) ညဉ့် ပဌမပိုင်း လုပ်ငန်းတော်
(၄) ညဉ့် ဒုတိယပိုင်း လုပ်ငန်းတော်
(၅) ညဉ့် နောက်ဆုံးပိုင်း လုပ်ငန်းတော် အားဖြင့် ၅-ပါး ရှိသည်။

နံနက်ပိုင်းလုပ်ငန်းတော်

ထိုတွင် နံနက်ပိုင်းလုပ်ငန်းတော်မှာ ဤသို့တည်း....

ဘုရားမြတ်စွာသည် ကျိန်းစက်တော်မူရာမှ နံနက်စောစော ထတော်မူပြီးနောက် အလုပ်အကျွေး ရဟန်းတော်ကို ချီးမြှောက်တော်မူရန်လည်းကောင်း, ခန္ဓာကိုယ် ရုပကာယတော်ကိုချမ်းသာစွာရှိစေရန်လည်းကောင်း မျက်နှာသစ်တော်မူခြင်းစသော ကိုယ်ခန္ဓာဆိုင်ရာ ပရိကံများကို ပြုတော်မူသည်။ ထို့နောက် ဆွမ်းခံဝင်ကြွတော်မမူမီအတွင်း ဆိတ်ငြိမ်ရာ၌ ဖလသမာပတ် ဝင်စားတော်မူကာ အချိန်ကို ကုန်လွန်စေတော်မူမြဲ ဖြစ်လေသည်။ ဆွမ်းခံချိန်ရောက်လေလျှင် သင်းပိုင်ကို ပြင်ဝတ်တော်မူခြင်း, ခါးပန်းဖွဲ့တော်မူခြင်း, သင်္ကန်း ရုံတော်မူခြင်းများကို ပြုတော်မူပြီးလျှင် သပိတ်တော်ကို ယူတော်မူ၍ ရံခါ ကိုယ်တော် တစ်ပါးတည်း, ရံခါ ရဟန်းများစွာ ခြံရံလျက် မြို့တွင်း ရွာတွင်း ဆွမ်းခံကြွတော်မူလေသည်။ ယင်းသို့ကြွတော်မူရာတွင် တစ်ခါတစ်ရံ ပကတိအတိုင်း ကြွတော်မူတတ်၏။ တစ်ခါတစ်ရံ အောက်ဖော်ပြပါအတိုင်း တန်ခိုးပြာဋိဟာအမျိုးမျိုးတို့ကို ဖြစ်စေကာ ကြွတော်မူတတ်၏။

ဘုရားမြတ်စွာ၏ ရှေ့မှကြိုကာ ကြိုကာ နူးညံ့သိမ်မွေ့သော လေတို့သည် မြေကြီးကိုစင်ကြယ်အောင် သုတ်သင် ရှင်းလင်းနှင့်ကုန်၏။ တိမ်တိုက်တို့သည် ရေပေါက်ငယ်များကို ယွတ်သွင်းဖျန်းပြီးလျှင် လမ်းစဉ် တစ်လျှောက်ဝယ် မြူမှုန်များကို ငြိမ်သက်စေ၍ အထက် မိုးဝကောင်းကင်၌ ဗိတာန်မျက်နှာကြက်ကို ဖြစ်စေကာ တည်နေကုန်၏။ အခြားလေများကလည်း ပန်းများကို သယ်ဆောင်လာကာ လမ်းစဉ် တစ်လျှောက်တွင် ကြဲ၍ထားကုန်၏။ မြင့်သော မြေနေရာများ ညီညာအောင် နိမ့်၍သွားလေသည်၊ နိမ့်သော မြေနေရာများလည်း ညီညာအောင် မြင့်တက်၍ လာလေသည်။

ဘုရားမြတ်စွာ ခြေတော် ချတော်မူလိုက်သောအခါ တစ်ပြင်တည်း တစ်ညီတည်း ဖြစ်၍နေလေ၏။ အတွေ့အထိကောင်းသော ပဒုမ္မာကြာပန်းများလည်း ဘုရားဇိနေဉ် ခြေတော်အစုံကို ခံလင့်ကုန်၏။ မြို့ရွာတံခါးတိုင်အတွင်းဘက်သို့ လက်ယာခြေတော် ချလိုက်သည်နှင့် တစ်ပြိုင်နက် ရွှေတောင်နှုန်းလျှော် မြတ်ကိုယ်တော်မှ အညိုတစ်ဖြာ၊ အဝါတစ်လီ၊ အနီတစ်ဆူ၊ အဖြူတစ်ကြောင်း၊ ရောင်မောင်းတစ်ချက်၊ ပြိုးပြိုးပြက်ဆန်းကြယ်သော ရောင်ခြည်တော် ခြောက်သွယ်တို့ ထွက်ကြွကွန့်မြူး၍ ပြာသာဒ်စုံလစ်မွန်းချွန်တပ်သော အိမ်စသည်တို့ကို ရွှေရေအလျှဉ်သဖွယ် ရွှေရောင်ရှိကုန်သကဲ့သို့လည်းကောင်း ဆန်းကြယ်သော အဝတ်အထည်တို့ဖြင့်လွှမ်းခြုံကုန်သကဲ့သို့ လည်းကောင်း တန်ဆာဆင်ကုန်လျက် ထိုမှ ဤမှ ပြေးသွား ကွန့်မြူးလေကုန်၏။

ဆင်၊ မြင်း၊ ငှက် အစရှိသော သတ္တဝါများကလည်း မိမိတို့ရောက်ရှိရာ နေရာ၌ တည်နေကုန်လျက် သာယာချိုမြိန်စွာ ကျူးရင့်မြည်တွန်ကြလေကုန်၏။ စည်စောင်းငြင်းစသော တူရိယာများ၊ လူများကိုယ်ဝယ်ဝတ်ဆင်ထားသည့် ခြေချင်း, နားတောင်း, လက်ကောက်စသော တန်ဆာများသည်လည်းကောင်း မည်သူ တစ်ဦးတစ်ယောက်မျှ မတီးမခတ်ဘဲ အလိုလို မြည်ကြလေကုန်၏။

လူများက ဆိုခဲ့ပြီးသော အမှတ်အသားတို့ကို တွေ့မြင်သောအားဖြင့် "ယနေ့ ဘုရားမြတ်စွာ ဤအရပ်သို့ ဆွမ်းခံဝင် ကြွလာတော်မူသည်"ဟု သိကြ၏။ လူများသည် ကောင်းစွာ ဝတ်ရုံကြပြီးလျှင် ပန်းနံ့သာစသည်ယူကာ အိမ်မှထွက်လာကြပြီး ခရီးအကြား ကြွလာတော်မူသော ဘုရားမြတ်စွာကို ပန်းနံ့သာစသည်ဖြင့် ရိုသေစွာရှိခိုး ပူဇော်ကြ၍။ဘုန်းတော်ကြီးမားတော်မူသောမြတ်စွာဘုရား-တပည့်တော်တို့အား သံဃာဆယ်ပါး ပေးသနားတော်မူပါဘုရား၊ တပည့်တော်တို့အား သံဃာနှစ်ဆယ် ပေးသနားတော်မူပါဘုရား စသည်ဖြင့် လျှောက်ထားတောင်းယူ ပင့်ဆောင်ကြကုန်၏။ ဘုရားမြတ်စွာ ထံတော်မှ သပိတ်တော်ကိုယူ၍ နေရာခင်းကာ ရိုသေလေးမြတ်စွာ ဆွမ်းလုပ်ကျွေးကြကုန်၏။

ဘုရားမြတ်စွာသည်လည်းဆွမ်းကိစ္စပြည့်စုံပြီးစီးလေလျှင် ထိုသူများ၏ ရှေးအကြောင်းခံ ပါရမီနှင့် မျက်မှောက်စိတ်သန္တာန်တို့ကို ကြည့်ရှုတော်

မူပြီးနောက် သင့်လျော်သော တရားတော်ကို ဟောကြားတော် မူလေသည်။ ထိုအခါ အချို့ သရဏဂုံတည်, အချို့ ငါးပါးသီလ တည်ကြသည်၊ အချို့ သောတာပန် တည်ကြသည်၊ အချို့ သကဒါဂါမ်တည်ကြသည်၊ အချို့ အနာဂါမ် တည်ကြသည်။

ဤသို့ ဘုရားရှင်သည် လူများကို ချီးမြှောက်တော်မူပြီး နေရာမှ ထတော်မူကာ ကျောင်းတော်သို့ ပြန်ကြွတော်မူခဲ့လေသည်။ ကျောင်းတော်သို့ ပြန်အရောက်တွင် ရဟန်းတော်များ ဆွမ်းကိစ္စပြီးချိန်ကို ဆိုင်းငံ့တော်မူရင်း ဂန္ဓကုဋီ တန်ဆောင်းဝန်း၌ရှိသည့် မြတ်သော ဘုရားရှင်တို့၏ နေရာတော်၌ သီတင်းသုံးတော်မူသည်။ ထို့နောက် အလုပ်အကျွေးရဟန်းတော်က ရဟန်းတော်များ ဆွမ်းကိစ္စပြီးစီးပါကြောင်း လျှောက်ထားသောအခါတွင် ဂန္ဓကုဋီသို့ ဝင်ကြွတော်မူလေသည်။

၂၃၆။ ဧဝံ ပုရေဘတ္တကိစ္စံ၊ ကိစ္စံ ဗုဒ္ဓဟိ မာနိတံ။
ဇနာနံ နုဂ္ဂဟတ္ထာယ၊ ဟိတာယ စ သုခါယ စ။

နေ့ပိုင်း လုပ်ငန်းတော်

ဘုရားမြတ်စွာသည် ဂန္ဓကုဋီ ဝင်ကြွခါနီးတွင် ဂန္ဓကုဋီအနီးဝယ် ထိုင်တော်မူကာ ခြေတော်များခြေဆေးတော်မူပြီးနောက် ခြေဆေးအင်းပျဉ်၌ ရပ်တည်တော်မူရင်း ရောက်ရှိခဲ့သော ရဟန်းအပေါင်းတို့အား....

ချစ်သားတို့....မမေ့ကြနှင့်၊ (၁) လောကမှာ ဘုရားမြတ်စွာ ပွင့်ချိန်ခါကို ရဖို့ခဲယဉ်းလှပေတယ်။ (၂) လူဖြစ်ဖို့လည်း ခဲယဉ်းပေတယ်။ (၃) လျောက်ပတ်သောအရပ်မှာ နေရခြင်း, ဣန္ဒြေများမချို့တဲ့ခြင်း, သဒ္ဓါတရားနှင့်ပြည့်စုံခြင်းစသော ခဏကောင်းနှင့်ပြည့်စုံခြင်းကိုလည်း ရဖို့ မလွယ်ဘူး။ (၄ ရှင်ရဟန်းအဖြစ်ကိုလည်း ရခဲပေတယ်။ (၅) သူတော်ကောင်းတရား ကြားနာရဖို့လည်း မလွယ်ဘူးဟူ၍ ဒုလ္လဘတရားငါးပါးကို ဟောတော်မူလေ့ ရှိတော်မူသည်။

ထိုနေရာမှာပင် အချို့ရဟန်းတော်များက မိမိတို့နှင့် သင့်လျော်မည့် ကမ္မဋ္ဌာန်းကို မေးလျှောက်ကြကုန်၏။ ဘုရားမြတ်စွာသည်ထိုရဟန်းတော်များအား စရိုက်နှင့်လျော်ရာ ကမ္မဋ္ဌာန်းကို ပေးသနားတော်မူလေသည်။

ထိုနောက် ရဟန်းတော်များအားလုံးပင် ဘုရားရှင်ကိုရှိခိုးပြီး မိမိတို့ ညဉ့်နေရာ နေ့နေရာများသို့ ကြွတော်မူကြသည်။ အချို့ကား....တောသို့၊ အချို့ကား သစ်ပင်ရင်းသို့၊ အချို့ကား.... တောင်စသည်တို့တွင် တစ်ခုခုသို့၊ အချို့ကား....စတုမဟာရာဇ်နတ်ဘုံရှိ ဆိတ်ငြိမ်ရာ ဗိမာန်သို့၊ အချို့ကား.... တာဝတိံသာနတ်ဘုံရှိ ဆိတ်ငြိမ်ရာဗိမာန်သို့၊ အချို့ကား... ယာမာနတ်ဘုံရှိ ဆိတ်ငြိမ်ရာဗိမာန်သို့၊ အချို့ကား....တုသိတာနတ်ဘုံရှိဆိတ်ငြိမ်ရာဗိမာန်သို့၊ အချို့ကား.... နိမ္မာနရတိနတ်ဘုံရှိ ဆိတ်ငြိမ်ရာဗိမာန်သို့၊ အချို့ကား.... ပရနိမ္မိတဝသဝတ္တီနတ်ဘုံရှိ ဆိတ်ငြိမ်ရာဗိမာန်သို့ ကြွတော်မူကြသည်။

ထို့နောက် ဂန္ဓကုဋိတိုက်တော်သို့ ဝင်ကြွတော်မူကာ အလိုတော်ရှိလျှင် လက်ယာနံစောင်းဖြင့် လျောင်းတော်မူ၍ သတိသမ္ပဇဉ်နှင့် ယှဉ်တော်မူလျက် တစ်မုဟုတ်မျှ ခြင်္သေ့မင်းကဲ့သို့ ကျိန်းစက်တော်မူလေ၏။ ကျိန်းစက်တော်မမူသောအခါ၌ သမာပတ်ဝင်စားတော်မူသည်။

ဤသို့ ခေတ္တမျှ တစ်မုဟုတ်မျှ ကျိန်းစက်တော်မူခြင်းကြောင့် ခန္ဓာကိုယ်မျှတမှုကိုရတော်မူပြီးလျှင် ထတော်မူကာ ဒုတိယအဖို့၌ ပစ္ဆိမယံအခါ၏ တတိယအဖို့ကဲ့သို့ ကျွတ်ထိုက်သော သတ္တဝါဝေနေယျတို့ကို ရှုစားတော်မူသည်။

တတိယအဖို့၌ သီတင်းသုံးတော်မူရာ ရွာနိဂုံးရှိ အလှူရှင်အပေါင်းတို့က နံနက်ဆွမ်းဘုဉ်းပေးတော်မမူမီအချိန်အတွင်း အလှူဒါနများပြုလုပ်ကြပြီးလျှင် ဆွမ်းဘုဉ်းပေးတော်မူပြီး အချိန်မှာလည်း ကောင်းစွာ ဝတ်ရုံကြပြီးလျှင် ပန်းနံ့သာစသည် ဆောင်ယူကြကာ ဘုရားမြတ်စွာသီတင်းသုံးတော်မူရာ ကျောင်းတော်၌ ညီညာတစ်သွေ စည်းဝေးကြလေ၏။ ထိုအခါ ဘုရားမြတ်စွာသည် ထိုရောက်ရှိလာသောဒကာ ဒကာမများနှင့်သင့်လျော်သော တန်ခိုးပြာဋိဟာဖြင့် ကြွလာတော်မူ၍ တရားသဘင်ရှိရာ ဘုရားရှင်နေရာတော်မြတ်ဝယ် သပ္ပာယ်ရှင်ပြုံး သီတင်းသုံးတော်မူလျက် အချိန်အခါနှင့်အညီ တရားရေအေးကို တိုက်ကျွေးတော်မူခဲ့လေသည်။

၂၄၇။ ဧဝံ ပဥ္စဘာဂတ္တကိစ္စံ၊ ကိစ္စံ ဗုဒ္ဓဿဟိ မာနိတံ။
ဇနာနံ နုဂ္ဂဟတ္ထာယ၊ ဟိတာယ သုခါယ စ။

ညဉ့် ပဌမပိုင်း လုပ်ငန်းတော်

ယင်းသို့ ဆွမ်းဘုဉ်းပေးတော်မူပြီး နောက်ပိုင်းကာလအတွင်း ပြုဖွယ်ရှိသမျှ ပြုတော်မူပြီးနောက် ခန္ဓာကိုယ်ကို ရေသပ္ပာယ်တော်မူလိုပါက သိတင်းသုံးရာမှထတော်မူကာ ရေချိုးရုံသို့ဝင်ကြွတော်မူ၍ အလုပ်အကျွေးရဟန်းတော် အဆင်သင့် စီမံထားသောရေဖြင့် ကိုယ်တော်ကို ချမ်းအေးစေတော်မူသည်၊ ထို့နောက် အလုပ်အကျွေးရဟန်းတော်က ဘုရားရှင်နေရာတော်ကိုယူကာ ဂန္ဓကုဋီပရိဝုဏ်အတွင်း၌ အသင့်ခင်းနှင့်လေရာ ဘုရားမြတ်စွာသည် ကောင်းစွာဆိုးထားသည့် နှစ်ထပ်သင်းပိုင်ကို ဝတ်ဆင်တော်မူခြင်း, ခါးပန်း ဖွဲ့တော်မူခြင်း, ကိုယ်ရုံတော်ကို လက်ဝဲတစ်ဘက် ပခုံးထက်၌ စမွာယ်တင်ခြင်းများ ပြုတော်မူပြီးနောက် ကြွလာတော်မူ၍ တစ်မုဟုတ်မျှ တစ်ပါးတည်း သီတင်းသုံးတော်မူသည်၊ (ဖလသမာပတ် ဝင်စားတော်မူသည်)။ ထိုအခါ ရဟန်းတော်များ ဘုရားရှင်ထံ လာရောက်ကြပြီး အချို့က ပုစ္ဆာမေးလျှောက်ကြသည်၊ အချို့က ကမ္မဋ္ဌာန်းမေးလျှောက်ကြသည်၊ အချို့က တရားနာလိုကြောင်း တောင်းပန်ကြသည်၊ ဘုရားမြတ်စွာသည် ထိုရဟန်းတော်များ၏ အလိုဆန္ဒကို ပြည့်စုံတော်မူရင်း ညဉ့်ပဌမပိုင်း (ညဉ့်ဦးယံ)ကို ကုန်လွန်စေတော်မူသည်။

၂၃၀။ ပုရိမယာမကိစ္စမှိ၊ ကိစ္စံ ဗုဒ္ဓေဟိ မာနိတံ။
ဘိက္ခူနံ အနုဂ္ဂဟာယ၊ ဟိတာယ စ သုခါယ စ။

ညဉ့် ဒုတိယပိုင်း လုပ်ငန်းတော်

မဇ္ဈိမယံခေါ် ညဉ့်အလယ်ပိုင်း အချိန်ကား နတ်ပြဟ္မာများအတွက် သီးသန့်အချိန်ဖြစ်သည်။ ထိုအချိန်တွင် စကြဝဠာပေါင်းတိုက်တစ်သောင်းမှ နတ်ပြဟ္မာတို့သည် ဤညဉ့်အလယ်ပိုင်း အချိန်ကျမှသာ မိမိတို့ မေးမြန်းလျှောက်ထားလိုသည့် အမေးပုစ္ဆာ ပြဿနာများကို မေးလျှောက်ခွင့်ရကြလေသည်။[၁] ဘုရားမြတ်စွာသည် နတ်ပြဟ္မာတို့၏ လျှောက်ထားသည့် အမေးပုစ္ဆာပြဿနာကို ကရုဏာရှေ့ထားဖြေကြားတော်မူ၍ ညဉ့်ဒုတိယပိုင်း မဇ္ဈိမယံကို ကုန်လွန်စေတော်မူလေသည်။ သဂါထာဝဂ္ဂသံယုတ္တပါဠိလာ

၁။ သံ၊ ဋ္ဌ၊ ၁။ ၁၃၊ ကြည့်။

ဒေဝတာသံယုတ်, ဒေဝပုတ္တသံယုတ်တို့သည် နတ်ပြဿနာတို့ လျှောက်ထားသဖြင့် ဖြေကြားအပ်သောသုတ်, ဒေသနာများ ဖြစ်ကုန်၏။

၂၃၉။ မဇ္ဈိမယာမကိစ္စမ္ပိ၊ ကိစ္စံ ဗုဒ္ဓဿ ဟိ မာနိတံ။
ဒေဝတာနံ နုဂ္ဂဟာယ၊ ဟိတာယ စ သုခါယ စ။

ညဉ့်နောက်ဆုံးပိုင်း လုပ်ငန်းတော်

ပစ္ဆိမယံ ခေါ် ညဉ့်နောက်ပိုင်းကို အချိန် ၃-ပိုင်း ပိုင်း၍ ပဌမအချိန်၌ ကိုယ်တော်၏ ပင်ပန်းနွမ်းနယ်မှု ပျောက်ကင်းစေရန် စင်္ကြံကြွတော်မူမြဲဖြစ်သည်။ ဒုတိယအချိန်တွင် ဂန္ဓကုဋီသို့ဝင်၍ ကျိန်းစက်တော်မူသည်။ တတိယအချိန်တွင် ချွတ်ချွတ်ထိုက်သော သတ္တဝါဝေနေယျတို့ကို ချွတ်ချွတ်နိုင်ရန် တစ်လောကလုံးကို ခြုံ၍ သဗ္ဗညုတဉာဏ်တော်ကွန်ရက်ကို ဖြန့်၍ ကြည့်တော်မူလေသည်၊ ဤသို့ဖြင့် နောက်တစ်နေ့အတွက် နံနက်ပိုင်း လုပ်ငန်းတော်နှင့် ဆက်စပ်သွားလေသည်။[၁]

၂၄၀။ ပစ္ဆိမယာမကိစ္စမ္ပိ၊ သဒါ ဗုဒ္ဓဿ ဟိ ကာရိယံ။
ဝေနေယျာနံ နုဂ္ဂဟာယ၊ ဟိတာယ စ သုခါယ စ။

ကျွတ်ထိုက်သောသတ္တဝါ ကြွရောက်ချွတ်ချွတ်တော်မူခြင်း

ဘုရားမြတ်စွာသည် ပစ္ဆိမယံ တတိယအချိန်ပိုင်းတွင် သဗ္ဗညုတဉာဏ်တော်ကွန်ရက် ဖြန့်၍ ကြည့်ရှု၍ ကျွတ်ထိုက်သော သတ္တဝါဝေနေယျတွေ့မြင်လျှင် မည်မျှကွာလှမ်းသည်ဖြစ်စေ ကြွရောက် ချွတ်ချွတ်တော်မူခဲ့လေသည်။ ဘုရားဇိနေ၏ မဟာကရုဏာတော်ကား အံ့ဩမဆုံးနိုင်ပါတကား။

၂၄၁။ တတိယေ ပစ္ဆိမေ ယာမေ၊ မဟေသီ ကရုဏာကရော။
ဗောဓေယျပင်္ကဇံ ဇနံ၊ ဩလောကိ ဉာဏစက္ခုနာ။

၂၄၂။ ဗောဓနေယျံ ဇနံ ဒိသွာ၊ သတသဟဿာပိ ယောဇနေ။
ခဏေန ဥပဂန္တွာန၊ ဗောဓေတိ တံ မဟာမုနိ။

၁။ ဒီ၊ ဋ္ဌ၊ ၁။ ၄၆။ အံ၊ ဋ္ဌ၊ ၁။ ၄၉။ ဥဒါန၊ ဋ္ဌ ၁၁၀၊
ဣတိဝုတ်။ ဋ္ဌ။ ၁၁၇။

ဇာတိုင်းမသိ ချီးကျူးဖွယ်ဝီရိယ

ဘုရားမြတ်စွာသည် အခြားအကြောင်းထူး ကိစ္စမရှိလျှင် သီတင်းသုံးတော်မူရာ အနယ်နယ် အစိုစို အမြို့မြို့ အရွာရွာ ဌာနတိုင်း၌ ဤအတိုင်း ပြုလုပ်ဆောင်ရွက်တော်မူမြဲ ဖြစ်သည်။ တစ်နေ့နှင့် တစ်ညဉ့် ၂၄-နာရီ အချိန်ကာလတွင် တစ်နာရီခွဲခန့်သာ ကျိန်းစက်တော်မူသည်။ ကျန်အချိန်အားလုံး ၂၂-နာရီခွဲခန့် တရားဒေသနာ ဟောတော်မူခြင်း, သိက္ခာပုဒ်တော် ပညတ်တော်မူခြင်း စသည့် လုပ်ငန်းတော်ကြီးကို ပြုလုပ်တော်မူသည်။ ဘုရားမြတ်စွာ၏ မဟာကရုဏာတော်နှင့် ဝီရိယတော်မှာ အတိုင်းမသိ ချီးကျူးဖွယ် ဖြစ်လေသည်။

ဝီရိယခေတ် မြတ်ကျေးဇူး

ဘုရားမြတ်စွာ၏ ယင်းကဲ့သို့ ဝီရိယခေတ်မြတ် ကျေးဇူးကြောင့် နှစ်ဆယ့်လေးအသင်္ချေ ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်း တွက်ကိန်းများလှ ဝေနေယျတို့ သံသရာဝဋ် ဘဝဥဒ္ဒတ်မှ လွတ်ထွက်ကြလေသည်။

(ဆောင်) ဗုဒ္ဓမုနိ ဝီရိယ မုချအံ့ဩဖွယ်ပါတကား။
ဗုဒ္ဓမုနိ ဝီရိယ မုချကြည်ညိုဖွယ်ပါတကား။
ဗုဒ္ဓမုနိ ဝီရိယ မုချဆတ်ဆတ် လေးမြတ်ဖွယ်ပါတကား။
ဗုဒ္ဓမုနိ ဝီရိယခေတ် လွန်ထူးမြတ် လောကခေတ်အားလုံး အံ့မဆုံးပါတကား။

အနယ်နယ် အစိုစို အမြို့မြို့အရွာရွာ ဝေနေယျသတ္တဝါတို့အား ချီးမြှောက်တော်မူခြင်း

ဘုရားရှင်သည် သံသရာဝဋ် ဘဝဥဒ္ဒတ်မှ ကျွတ်လွတ်ထိုက်သည့် ဝေနေယျ သတ္တဝါကို သဗ္ဗညုတဉာဏ်တော်ဖြင့် မြင်လျှင် လျင်မြန်စွာ ကြွတော်မူ၍ စရိုက်နှင့်ကိုက်ညီသော သုတ္တန်ဒေသနာကို ဟောတော်မူ၍ သံသရာဝဋ် ဘဝဥဒ္ဒတ်မှ လွတ်စေတော်မူသည်။ ယင်းကို "တုရိတစာရိကာ"ဟု ခေါ်သည်။ ဤနည်းဖြင့် အရှင်မဟာကဿပကို သုံးဂါဝုတ် ကွာလှမ်းသော ခရီးသို့ကြွရောက်ကြိုလင့်၍ ချီးမြှောက်တော်မူသည်။ အာဠဝကဘီလူးနှင့် အင်္ဂုလိမာလ ချွေချွတ်ရန် ယူဇနာသုံးဆယ် ကွာလှမ်းသော

ခရီး ကြွ၍ ချွေချွတ်တော်မူသည်။ ပုဏ္ဏသာတိမင်းကို တရားဓမ္မ ဟော၍ သံသရာမှ ကျွတ်လွတ်ရန် လေးဆယ့်ငါးယူဇနာခရီး လျင်မြန်စွာကြွတော်မူခဲ့လေသည်။ မဟာကပ္ပိနမင်းအတွက် ယူဇနာနှစ်ရာ, ရှားတောနေ အရှင်ရေဝတ အတွက် ယူဇနာ ခုနစ်ရာ, အရှင်သာရိပုတ္တရာ၏ သဒ္ဓိဝိဟာရိက တပည့် ဝနဝါသီတိဿ သာမဏေအတွက် ယူဇနာနှစ်ရာနှင့် သုံးဂါဝုတ် ကွာလှမ်းသော ခရီးသို့ ကြွတော်မူ၍ သင့်လျော်သော သုတ်, ဒေသနာဓမ္မဖြင့် ချီးမြှောက်တော်မူလေသည်။

၂၄၃။ ဗောဓနေယျံ ဇနံ ဇေတွာ၊ ဒူရသ္မာန မုနိကုဉ္ဇရော။
သဟသာ သော ဟိ ဂန္တွာန၊ ဒေသနာယ ပဗောဓယိ။

ဖြည်းဖြည်းမှန်မှန်ခရီးကြွ သတ္တဝါတို့ကို တရားဓမ္မဟောပြ ချီးမြှောက်တော်မူခြင်း

လောကကြီးအတွင်း၌ နေထိုင်ကြသူ သတ္တဝါ ဟိန္ဒဂူတို့မှာ မျိုးစုံလှသည်။ အသက်အရွယ် ကြီးရင့်သူ, မကျန်းမမာ ဖျားနာသူ စသည်ဖြင့် ဒုက္ခိတသတ္တဝါတွေလည်း များစွာရှိကြသည်။ ယင်း ပုဂ္ဂိုလ်သတ္တဝါတွေမှာ ဘုရားရှိရာသို့ လာရောက်ရန် မလွယ်ကူချေ။ သို့ဖြစ်၍ ဘုရားရှင်သည် ဖြည်းဖြည်းမှန်မှန် ခရီးကြွ၍ ဖော်ပြပါ ဒုက္ခိတသတ္တဝါတို့ကိုလည်း သံသရာဝဋ်ဘဝည့်တ်မှ လွတ်စေတော်မူသည်။ ယင်းကို "အတုရိတစာရိကာ" ဟု ခေါ်သည်။ ဖြည်းဖြည်းမှန်မှန် ကြွ၍ ချီးမြှောက်ခြင်း ဟူ၏။

ယင်းသို့ ဖြည်းဖြည်းမှန်မှန်ခရီးကြွ၍ဝေနေယျသတ္တဝါတို့ကိုချီးမြှောက်ခြင်းကို အဋ္ဌကထာ, ဋီကာ စသော ကျမ်းဂန်များ၌—

(၁) မဟာမဏ္ဍလ၊ (၂) မဇ္ဈိမ မဏ္ဍလ၊ (၃) အန္တောမဏ္ဍလတို့၌ လှည့်လည်ကြွချီ ချီးမြှောက်ခြင်းဟု လာရှိသည်။ ထိုတွင် သီတင်းကျွတ် လပြည့်ကျော် ၁-ရက်နေ့မှ စ၍ ဝါဆိုလပြည့်နေ့အထိ ၉-လပတ်လုံး ၉-ယူဇနာ ကျယ်ဝန်းသော ရွာနိဂုံး နယ်မြေအဝန်း၌ လှည့်လည်၍ တရားဓမ္မ ဟောပြ ဒုက္ခိတ ဝေနေယျသတ္တဝါတို့ကို ချီးမြှောက်ခြင်းကို မဟာမဏ္ဍလ၌ လှည့်လည်ကြွချီ ချီးမြှောက်တော်မူခြင်းဟု ခေါ်သည်။

၁။ မ၊ ဋ္ဌ၊ ၂၊ ၅၅။ အံ၊ ဋ္ဌ၊ ၂၊ ၁၆၅။ ဥဒါန၊ ဋ္ဌ၊ ၁၆၅-စသည်ကြည့်။

တန်ဆောင်မုန်း လပြည့်ကျော် ၁-ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့အထိ ၈-လပတ်လုံး ၆-ယူဇနာ ကျယ်ဝန်းသော ရွာနိဂုံး နယ်မြေအဝန်း၌ လှည့်လည်၍ တရားဓမ္မဟောပြ ဒုက္ခိတဝေနေယျသတ္တဝါတို့ကို ချီးမြှောက်ခြင်းကို မဇ္ဈိမမဏ္ဍလ၌ လှည့်လည်ကြွချီ ချီးမြှောက်တော်မူခြင်း ဟုခေါ်သည်။

နတ်တော် လပြည့်ကျော် ၁-ရက်၊ သို့မဟုတ် တပို့တွဲ လပြည့်ကျော် ၁-ရက်၊ သို့မဟုတ် တပေါင်း လပြည့်ကျော် ၁-ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့အထိ ၇-လ၊ သို့မဟုတ် ၆-လ၊ သို့မဟုတ် ၅-လ၊ သို့မဟုတ် ၄-လပတ်လုံး ၃-ယူဇနာ ကျယ်ဝန်းသော ရွာနိဂုံး နယ်မြေအဝန်း၌ လှည့်လည်ကြွချီ ချီးမြှောက်တော်မူခြင်းကို စူဠမဏ္ဍလ(အန္တောမဏ္ဍလ)၌ လှည့်လည်ကြွချီ ချီးမြှောက်တော်မူခြင်းဟု ခေါ်သည်။

ဘုရားမြတ်စွာသည် ဖော်ပြပါ နယ်မြေအဝန်း ၃-ပါး၌ ဖြည်းဖြည်းမှန်မှန် ကြွချီလှည့်လည် သုတ်,ဒေသနာဓမ္မတို့ကို ဟောပြ၍လည်း ဝေနေယျသတ္တဝါ မြားမြောင်စွာတို့ကို ချွတ်ချွတ်တော်မူခဲ့လေသည်။[၁]

၂၄၄။ တတော သဗ္ဗေပိ သမ္ပိဏ္ဍိ၊ တိမဏ္ဍလဝိစာရိနော။
မဟာ မဇ္ဈိမိကံ စူဠ-နဝဋ္ဌသတ္တမာသိကာ။

၂၄၅။ စရန္တိ သဗ္ဗေ သမ္ပိဏ္ဍိ၊ သတ္တာနံ ဟိတကာရဏာ။
တေပိ ဓမ္မကထံ သုတွာ၊ သဂ္ဂမောက္ခံ လဘန္တိ ဝေ။[၂]

ဝေသာလီပြည်၌ ဘေးကြီးဆိုက်ရာ အရှင်အာနန္ဒာအား ရတနသုတ်ပရိတ် သင်ပေး၍ ရွတ်စေရာ ကင်းပျောက်ခြင်း

ဘုရားမြတ်စွာ ရာဇဂြိုဟ်မြို့တော်၌သီတင်းသုံးစဉ်တစ်နှစ်မှာ ဝေသာလီပြည်၌ မိုးခေါင်သောကြောင့် ဝတ်မွတ်ခေါင်းပါး အစားအစာ ရှားပါးခြင်း ဘေးကြီးဆိုက်သဖြင့် လူသူအများ သေကြေကြသည်။ သူသေကောင်နံ့များကြောင့် သားရဲ-ဘီလူးတွေ မြို့တွင်းဝင်လာသဖြင့် သာ၍ အသေအပျောက် များ၏။ ထိုဘေးကြီးကို ကာကွယ်ဖို့ရန် နည်းလမ်းရှာကြံကြလေရာ ဘုရားမြတ်စွာကို ပင့်ရန် အားလုံး သဘောတူသောကြောင့် ရာဇဂြိုဟ်မှ သံဃာတော်များနှင့်တကွ ဘုရားရှင်ကို ပင့်ကြသည်။

၁။ ဒီ၊ ဌ၊ ၁၊ ၂၁၅။ မ၊ ဋ္ဌ၊ ၂၊ ၅၆။
၂။ သောဝဏ္ဏတတ္တကိ၊ ၃၅၇၊ ၃၅၈၊

ဘုရားဇိနေဉ်၏ လှေဖောင်တော်ကြီး ဆိုက်ချိန်မှာပင် မိုး ကြီး သည်းထန်စွာ ရွာသောကြောင့် လူသေအလောင်းများ မျောပါသွားသဖြင့် သန့်ရှင်းနှင့်လေပြီ။ မြို့တော်တံခါးပေါက်သို့ ရောက်သောအခါ ဘုရားရှင်သည် အရှင်အာနန္ဒာအား ရတနသုတ်ပရိတ်တော်ကိုသင်ပေးတော်မူသည်။ အရှင်အာနန္ဒာသည် ရတနသုတ်ပရိတ်တော်ကို သင်ယူပြီး လိစ္ဆဝီမင်းသားများခြံရံ၍ သပိတ်တော်မှ ရေကိုဖျန်း၍ဖျန်း၍ မြို့ရိုးတံတိုင်း ၃-ထပ်အကြားဝယ် လှည့်ပတ်ရွတ်ဆို သရဇ္ဈာယ်လေရာ မကောင်းဆိုးဝါးဟူသမျှ ပြေးကြ၍ ရောဂါအားလုံး ကင်းငြိမ်းလေသည်။[၁]

၂၄၆။ ရတနသုတ္တတေဇေန၊ ဝေသာလီ အဘယာ ဘဝိ။
ဓမ္မော ဟိ မုနိသေဋ္ဌဿ၊ အတီဝ သဖလော ဘဝိ။

ဘိက္ခုနီသာသနာ ပေါ်လာခြင်း

မဟာပဇာပတိ မိထွေးတော် ဂေါတမီသည် သားတော်၊ တူတော်၊ ဆွေတော်မျိုးတော် သာကီဝင် မင်းသားများစွာတို့ ရဟန်း ပြု ကြ ရာ ခြောက်ကပ်၍နေသော ကပိလဝတ်မြို့တော်၌ မနေလို။ လူဝတ်ကြောင်နှင့်လည်း မနေ ရဟန်းမိန်းမ ပြုလုပ်ချင်သည်။ သို့ဖြစ်၍ ဘုရားမြတ်စွာ ကပိလဝတ်မြို့တော် နိဂြောဓာရုံကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် မဟာပဇာပတိ မိထွေးတော် ဂေါတမီသည် သာကီဝင်မျိုး မင်းကတော် ငါးရာနှင့်အတူ ဘုရားသဗ္ဗညုထံ လာရောက်ကာ မိန်းမများအား ရဟန်းမိန်းမပြုလုပ်ခွင့်ပေးပါရန် တောင်းပန်လေသည်။ ထိုအခါ ဘုရားမြတ်စွာက ''မသင့်တော်ဘူး ဂေါတမီ၊ သာသနာတော်မှာ မိန်းမများရဟန်းပြုခြင်းကို သင်မနှစ်သက်ပါနှင့်''ဟု ပယ်ရှားတော်မူသဖြင့် စိတ်ပျက်ကာ ပြန်သွားရှာလေသည်။

ထို့နောက် ဘုရားမြတ်စွာသည် လိစ္ဆဝီနိုင်ငံ ဝေသာလီမြို့တော် မဟာဝုန်တော ကူဋာဂါရသာလာ ကျောင်းတိုက်၌ သီတင်းသုံးစဉ် သာကီဝင်မင်းကတော် ငါးရာနှင့်အတူ မိမိတို့ဘာသာဆံပင်ရိတ်၍ ရဟန်းမိန်းမတို့၏ အဝတ်အရုံကို ဝတ်ရုံကြပြီး ဘုရားမြတ်စွာအထံ လိုက်ကြပြန်ရာ ကျောင်းတိုက်တွင်း မဝင်ရဲသောကြောင့် တံခါးပေါက်အနီး ရပ်နေကြသည်။

၁။ အကျယ် ခုဒ္ဒကပါဌ။ ၁၃၃-၁၆၈၊ သုတ္တနိပါတ၊ ၁။ ၂၆၃-၂၉၆-ကြည့်။

ထိုအခါ အရှင်အာနန္ဒာ မြင်၍ ဘုရားထံသွားပြီးလျှင် မိန်းမများအား ရဟန်းမိန်းမ ပြုလုပ်ခွင့်ပေးပါရန် အတန်တန် တောင်းပန်လေရာ အခွင့် ရ၍သဖြင့် ဘိက္ခုနီသာသနာ ပေါ်လာလေသည်။[၁]

၂၄၇။ နာရီနံ ပဗ္ဗဇ္ဇတ္ထာယ၊ အနုဇာနိ တထာဂတော။
ပုနပ္ပုနံ အာနန္ဒဿ ထေရဿာယာစနေန ခေါ။

သစ္စကပရိဗိုဇ်ကိုချွတ် အောင်နိုင်တော်မူခြင်း

လိစ္ဆဝီနိုင်ငံ ဝေသာလီမြို့တော်၌ သစ္စကပရိဗိုဇ်သည် အယူဝါဒမျိုးစုံ (အယူဝါဒတစ်ထောင်) နားလည်၍ မင်းသားများစွာတို့အား အတတ် သင်ပေးနေသော ဆရာကြီးဖြစ်သည်။ သစ္စကပရိဗိုဇ်သည် တိတ္ထိဆရာ အမျိုးမျိုးကို နှိမ်ချိုးခဲ့ပေါင်းများလှပြီဖြစ်ရာ ဘုရားရှင်ကိုလည်းနှိမ်ချိုး မည်ဟု ကြံစည်လေ၏။ သို့နှင့် တစ်နေ့သ၌ အရှင်အဿဇိထေရ်နှင့် တွေ့ခဲ့ ရာမှ ဘုရားသဗ္ဗညု၏ အယူဝါဒကို သိရသဖြင့် ဘုရားရှင်နှင့်ဝါဒပြိုင်ဖို့ ထွက်လာလေရာအရှုံးအနိုင် သိလိုသော လူများစွာလည်းပါလာလေသည်။ ဝါဒစမ်းရာ ရုပ်ခန္ဓာသည် "အနတ္တ=ပြုပြင်စီမံနိုင်သော အတ္တကောင်မရှိ" ဟူသော ဘုရားဇိနေ်ာ စကားတော်ကို "အတ္တ"ဟု ငြင်းဆို၏။ "အတ္တ ရှိလျှင် အတ္တကောင်ဟုတ်လျှင် ရုပ်ခန္ဓာကို လှပအောင် စီမံပါစေလား" ဟု မိန့်တော်မူရာ မလှုပ်နိုင်ဘဲ ငုတ်တုတ်မှိုင်နေရလေသည်၊ နှစ်ကြိမ်မေး သော်လည်း မလှုပ်ချေ။ ထိုအခါ သိကြားမင်းက ဘီလူးကြီးယောင် ဆောင်ကာ ဝရဇိန်လက်နက်ဖြင့် ခြိမ်းခြောက်လေ၏။ သို့ဖြစ်၍ တတိယ အကြိမ်မှာ "ရုပ်ခန္ဓာသည် အနတ္တ"ဟု ဝန်ခံရလေတော့၏။[၂]

၂၄၈။ သစ္စံ ဝိဟာယ အတိသစ္စကဝါဒကေတုံ၊
ဝါဒါဘိရောပိတမနံ အတိအန္ဓဘူတံ။
ပညာပဒီပဇလိတော ဇိတဝါ မုနိန္ဒော၊
တန္တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။[၃]

၁။ အကျယ် ဝိ၊ ၄။ ၄၄၂-၇၄။ အံ၊ ၃။ ၁၀၁-၁၀၆-ကြည့်၊
၂။ အကျယ် မ၊ ၁။ ၂၇၉-၂၉၃-ကြည့်
၃။ အပြင်မှာအောင်ခြင်း ဂါထာ ၃။

ယော မုနိန္ဒော=အကြင် မုနိထွတ်တင်ဘုရားရှင်သည်။ သစ္စံ=မဖောက် မပြန် ကေန်မှန်လှ အယူဝါဒကောင်းကို။ ဝိဟာယ=မောဟဖုံးကွယ် စွန့် လွှတ်ပယ်၍။ အတိသစ္စကဝါဒကေတုံ=မမှန်သည်ကို မှန်သည်ဆိုသည့် ယွင်းယိုသော အယူဝါဒမှန်ကင်း တံခွန်ရှိသော။ ဝါဒါဘိရောပိတမနံ= မိမိ အယူဝါဒဖြင့် သူတစ်ပါးကို နှိမ်နင်းလိုသောစိတ်ရှိသော။ အတိအန္ဓ- ဘူတံ-တရားမလိုက် အလွန်မိုက်သည့် သစ္စကပရိဗိုဇ်ကို။ ပညာပဒီပဇလိ- တော=ပညာတော်ရောင် ဆီမီးတန်ဆောင်ကို စိုက်ထောင် ညှိထွန်းတော် မူသည် ဖြစ်၍။ ဇိတဝါ=အလွယ်တကူ အောင်မြင်တော်မူလေပြီ။တန္တေ- ဇသာ—ထိုမုနိသနင်း တရားမင်း၏ သစ္စကပရိဗိုဇ်ကို အောင်မြင်တော်မူ ခြင်း ဟူသော တန်ခိုးရှိန်စော် အာနုဘော်ကြောင့်။ မေ-နှစ်ပါးနာမ်ရုပ် အကျွန်ုပ်အား။အဂ္ဂံ - မွန်မြတ်လှစွာသော။ဇယမင်္ဂလံ=အောင်ခြင်းမင်္ဂလာ အဖြာဖြာသည်။ ဘဝတု- နေ့နေ့ညည မုချမသွေ ဖြစ်ပါစေသတည်း။

နန္ဒောပနန္ဒ နဂါးမင်းကို အရှင်မောဂ္ဂလ္လာန် ဆုံးမတော်မူနိုင်ခြင်း

နန္ဒောပနန္ဒ နဂါးမင်းသည် နတ်မင်းကြီး၏ စည်းစိမ်သဖွယ် ခမ်းနား ကြီးကျယ်သော စည်းစိမ်ဖြင့် မြင်းမိုရ်တောင်၌ နေ၏။ လွန်စွာလည်း ဒေါသခက်ထန်ကြီးမားလှ၏။ တစ်နေ့သ၌ ကခြေသည် နဂါးမအပေါင်း ခြံရံလျက် စည်းစိမ်ခံစားစဉ် ဘုရားရှင်သည် တန်ခိုးကြီး ရဟန်းတော် ငါးရာနှင့်အတူ နန္ဒောပနန္ဒနဂါးမင်း၏ အထက်ကောင်းကင်မှ တာဝတိံ သာနတ်ပြည်သို့ ကြွတော်မူလေသော် နန္ဒောပနန္ဒနဂါးမင်းသည် ဒေါသ အမျက် ချောင်းချောင်းထွက်၍ မြင်းမိုရ်တောင်နှင့် တာဝတိံသာကို ပါးပျဉ်းဖြင့် ဖုံးအုပ်ထားသေသည်။ လမ်းခုလတ်သို့ ရောက်သောအခါ တာဝတိံသာနတ်ပြည်ကို မမြင်ရသဖြင့် နဂါးမင်း ဖုံးအုပ်ထားကြောင်း ကို သိကြသော အရှင်ရဋ္ဌပါလ, အရှင်ဘဒ္ဒိယ, အရှင်ရာဟုလာ စသော ရဟန်းများက နန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမရန် ခွင့်တောင်းကြသော် လည်း ခွင့်မရဘဲ အရှင်မောဂ္ဂလ္လာန်တောင်းမှ ခွင့်ရလေသည်။ အရှင် မောဂ္ဂလ္လာန်သည် နန္ဒောပနန္ဒနဂါးထက် ကြီးသောကိုယ်ကို ဖန်ဆင်း၍ နဂါးအထက်က ရစ်ပတ်ကာ ဖိညှစ်ခြင်းစသည်ဖြင့် နွံနာပင်ပန်းအောင်

ဆုံးမပြီးမှ ဘုရားမြတ်စွာထံ ခေါ်လာ၍ ရဟန္တာ ၃-ပါးကို ကိုးကွယ်စေ လေသည်။[၁]

၂၄၉။ နန္ဒောပနန္ဒဘုဇဂံ ဝိဗုဓမဟိဒ္ဓိံ၊
ပုတ္တေန ထေရဘုဇဂေန ဓုနာပယန္တော။
ဣဒ္ဓူပဒေသဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တန္တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

ယောမုနိန္ဒော=အကြင်မုနိသနင်းဘုရားမင်းဘုရားသည်။ဝိဗုဓမဟိဒ္ဓိံ= ထူးထွေများပြား ကြီးမားသော တန်ခိုးရှိသော။ နန္ဒောပနန္ဒ ဘုဇဂံ= ဆိပ်တောက်ထန်ပြင်း နန္ဒောပနန္ဒ နဂါးမင်းကို။ ပုတ္တေန=တရားရင်နို့ သောက်စို့ကြီးပြင်း တရားမင်းဖြစ်သော။ ထေရဘုဇဂေန=လက်ဝဲတော်ရံ တန်ခိုးတေဇာ် အရှင်မောဂ္ဂလ္လာန်မထေရ်ဟူသော နဂါးမင်းကို။ ဓုနာပ- ယန္တော=တစ်မိုးလုံးပိတ် တရိပ်ရိပ်တပြောင်ပြောင် မိုက်မှောင်ကင်းကွေ အခိုးအလျှံ လွှတ်စေတော်မူလျက်။ ဣဒ္ဓူပဒေသဝိဓိနာ=တန်ခိုးဖန်ဆင်း ဟန်ကို စီမံနည်းပေးတော်မူသော အစီရင်ဖြင့်။ ဇိတဝါ=လွယ်ကူစွာပင် အောင်မြင်တော်မူခဲ့လေပြီ။တန္တေဇသာ=ထိုမုနိသနင်းတရားမင်းဘုရား၏ စွမ်းပကားရှိန်စော်နန္ဒောပနန္ဒနဂါးမင်းကိုအောင်မြင်တော်မူခြင်းဟူသော တန်ခိုးတော်ကြောင့်။မေ=နှစ်ပါးနာမ်ရုပ် အကျွန်ုပ်အား။ အဂ္ဂံ-မြတ်လှ စွာသော။ ဇယမင်္ဂလံ=အောင်ကြောင်းမင်္ဂလာ အဖြာဖြာသည်။ဘဝတု= နေ့နေ့ညည မုချမသွေ ဖြစ်ပါစေသတည်း။

မိစ္ဆာအယူရှိသော ဗကပြဟ္မာကို ချေချွတ် အောင်နိုင် တော်မူခြင်း

ဗကပြဟ္မာသည် ဗြဟ္မာဘဝ, ဗြဟ္မာလောကသည် မြဲမြံခိုင်ခံ့ တည်တံ့၏၊ ဗြဟ္မာလောက၌ ပဋိသန္ဓေနေသူ အိုသူ သေသူမရှိ၊ ဗြဟ္မာလောကမှတစ်ပါး လွတ်မြောက်ရာ နိဗ္ဗာန်မရှိဟု သဿတဝါဒကို စွဲယူထားသူ ဖြစ်သည်။ စကြဝဠာ တစ်ထောင်အတွင်း တစ်ခိုးအာဏာပျံ့နှံ့သူ သဟဿိကပြဟ္မာ လည်း ဖြစ်သည်။ သူ့ထက်တန်ခိုး အာဏာကြီးမားသူ ဒွိသဟဿီ, တိသဟဿီစသည့် ဗြဟ္မာများ ရှိနေသည်ကို မသိဘဲ ကိုယ့်ကိုယ်ကို အထင် ကြီး အလွန်မာနတက်နေသူ ဖြစ်သည်။ ရှေးယခင် ရသေ့ဖြစ်စဉ်က သူ၏

၁၊ အကျယ် ဝိသုဒ္ဓိ၊ ၂။ ၂၉-၃၀၊ ထေရ၊ဋ္ဌ၊ ၂။ ၅၀၂-၄-ကြည့်။

ချာန် အဘိညာဥ်တန်ခိုးဖြင့် သဲကန္တာရအတွင်း မျက်စိလည်လမ်းမှား၍ ရေငတ်ဘေးဆိုက်ကာ သေကြေပျက်စီးခါနီးဖြစ်သည့် လူများကိုလည်း ကောင်း, တောရွာတစ်ရွာဝယ် ခိုးသားဓားပြ နှိပ်စက်ခံရသော သူများကို လည်းကောင်း, ဂင်္ဂါမြစ်အတွင်း ရေနတ်နဂါး ဘေးအန္တရာယ်ကျရောက် နေသော သူများကိုလည်းကောင်း ကယ်တင်ခဲ့ဖူးလေသည်။

နောင်တစ်ချိန်တွင် ဗကပြဟ္မာလောင်းလျာသည်၊ ကေသဝရသေ့ဖြစ်၍ ဘုရားမြတ်စွာသည် သူ၏တပည့် ကပ္ပမည်သော ရသေ့ဖြစ်ခဲ့လေသည်။ ထိုသို့ ကေသဝရသေ့ဖြစ်စဥ် စတုတ္ထဈာန်သမာပတ်ကို မပြတ်ဝင်လေ့ရှိလာ သဖြင့် စုတိပြတ်ကြွေ သေလွန်လေသော် ဝေဟပ္ဖိုလ်စတုတ္ထဈာန်ဘုံ၌ ဖြစ် လေသည်။ ထိုဘုံ၌ မဟာကပ်ငါးရာပတ်လုံး ဗြဟ္မာချမ်းသာကို ခံစားပြီး စုတေလေသော် မဟာကပ် ၆၄-ကပ် အသက်ရှည်သော သုဘကိဏှာ တတိယဈာန်ဘုံ၌ ဖြစ်လေသည်။ ထိုမှစုတေပြန်သော် မဟာကပ် ၈-ကပ် အသက်ရှည်သော အာဘဿရ ဒုတိယဈာန်ဘုံ၌ ဖြစ်လေသည်။ ထိုမှစုတေ ပြန်သော် အန္တရကပ် ၆၄ ကပ် (အသင်္ချေယျကပ် ၁ ကပ်) အသက်ရှည် သော မဟာဗြဟ္မာ ပဌမဈာန်ဘုံ၌ ဖြစ်လေသည်။ ဤသို့ စတုတ္ထဈာန်ဘုံမှ ပဌမဈာန်ဘုံအထိ တစ်ဆင့်တစ်ဆင့်လျော ဖြစ်ခဲ့ရသော်လည်း အထက် အထက်ဘုံမှ စုတေရသော နာမ်ရုပ်အစဥ်ကိုလည်း မမှတ်မိ၊ ပဋိသန္ဓေအစဥ် လည်းမထင်၊ မူလပင်ကိုဘဝအတိုင်းပင်တည်သည်ဟု မှတ်ထင်သောကြောင့် သဿတအစွဲကို စွဲယူမိလေသည်။

ဘုရားမြတ်စွာသည် ဗကပြဟ္မာအား သနားတော်မူသဖြင့် ပဌမဈာန် ဗြဟ္မာ့ပြည်သို့ကြွတော်မူ၍ ဗြဟ္မာပရိသတ်အလယ်၌ ဗကပြဟ္မာအား ဤဘုံ ဌာနထက်သာလွန်သော အထက်ဘုံတွေရှိသေးကြောင်း ဤဘုံနှင့် ဗြဟ္မာ တွေပါ မမြဲကြောင်း မိန့်ကြားတော်မူလေသည်။

ထို့နောက် ဗကပြဟ္မာကိုပင် အသင်၏ဖြစ်ပုံ တန်ခိုးကြီးပုံကို ငါဘုရား သိတော်မူသည်။ သင့်ထက်တန်ခိုးကြီးသော အထက်ဗြဟ္မာမင်းများရှိသေး သည်ဟု မိန့်တော်မူရာ သူယူထားသမျှ အလွဲအမှားချည်း ဖြစ်နေသော ကြောင့် တန်ခိုးပြသည့်အနေဖြင့် "ကိုယ်ဖျောက်ပြမည်"ဟု ပြောဆိုကာ ကိုယ်ဖျောက်လေလျှင် မပျောက်နိုင်ဘဲ ဖြစ်နေရကား ဘုရားမြတ်စွာက

ကိုယ်ဖျောက်ပြပြန်ရာ ထိုနေရာမှာပင် ပျောက်ကွယ်၍ တရားဟောတော်မူသည်၊ တရားဒေသနာတော်အဆုံး ဗြဟ္မာပရိသတ်အပေါင်းတစ်သောင်းတို့ သောတာပန်စသည့် အရိယာပုဂ္ဂိုလ်ချည်းဖြစ်ကြသည်။ ဗကဗြဟ္မာမှာ နောင်အခါ ကျွတ်တမ်းဝင်ကြောင်း အထုံဝါသနာကောင်း ရလေသည်။[၁]

၂၅၀။ ဒုဂ္ဂါဟဒိဋ္ဌိဘုဇဂေန သုဒဋ္ဌဟတ္ထံ၊
ဗြဟ္မံ ဝိဘူတိတိမဟိဒ္ဓိ ဗကာဘိဓာနံ။
ဉာဏာဂဒေန ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တန္တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။[၂]

ယော မုနိန္ဒော=အကြင် မုနိသနင်း တရားမင်းထွတ်ထား မြတ်စွာဘုရားသည်။ ဒုဂ္ဂါဟဒိဋ္ဌိဘုဇဂေန= ယုတ်မာညစ်ပေ မိစ္ဆာအယူဟူသော မြွေသည်။သုဒဋ္ဌဟတ္ထံ - လွန်စွာပြင်းပြ ကိုက်ခဲအပ်သည့်ဉာဏ်တည်းဟူသော လက်နက်ရှိသော။ ဝိဘူတိအတိမဟိဒ္ဓိံ =စိုးရတင့်တယ် လွန်စွာ ကြီးကျယ်သော တန်ခိုးရှိသော။ ဗကာဘိဓာနံ - ဗကဟူသည့်အမည်ရှိသော။ ဗြဟ္မံ= ချွန်ဖြင့်ပွားစီး ဗြဟ္မာကြီးကို။ ဉာဏာဂဒေန=မိစ္ဆာဉာဏ်မြွေဆိပ်ကို ဖြေသိပ်ငြိမ်းအေး ပယ်ဖျောက်တတ်သည့် ဉာဏ်တော်ဆေးဟူသော။ ဝိဓိနာ= အစီရင်ဖြင့်၊ ဇိတဝါ=မုချမသွေ လွယ်ကူစွာ အောင်မြင်တော်မူခဲ့လေပြီ။ တန္တေဇသာ= ထိုမုနိသနင်း တရားမင်းထွတ်ထား ဘုရားဇိနေ့ဒ် စွမ်းပကားရှိန်စော်ဖြင့် ဗကဗြဟ္မာကြီးကို အောင်မြင်တော်မူသည့် တန်ခိုးကြောင့်။ မေ=နှစ်ပါးနာမ်ရုပ် အကျွန်ုပ်အား။ ဇယမင်္ဂလံ = အောင်ဆုအပေါင်း အောင်ကြောင်းမင်္ဂလာ အဖြာဖြာသည်။ ဘဝတု=နေ့နေ့ညည မုချမသွေ ဖြစ်ပါစေသတည်း။

အင်္ဂုလိမာလ သူသတ်ယောကျ်ား တောပုန်းဓားပြကို ချွေချွတ် အောင်နိုင်တော်မူခြင်း

အင်္ဂုလိမာလ အမျိုးသားသည် ကောသလတိုင်း သာဝတ္ထိမြို့တော်၌ ပုရောဟိတ်အမတ်၏သား'တက္ကသိုလ်မြို့တော်၌ပညာတော်သင်တစ်ယောက်ဖြစ်သည်။ သူသည် ဉာဏ်ပညာထက်မြက်၍ ဝတ္တရား ကျေပွန်သူဖြစ်သော

၁၊ အကျယ် မ၊ ၁၊ ၄၀၃၊ မ၊ ဋ္ဌ၊ ၂၊ ၃၀၂။ မ၊ ဋီ၊ ၂။ ၃၁၁၊ သံ၊ ၁၊ ၁၇ ။ သံ၊ ဋ္ဌ၊ ၁၊ ၁၉၀–ကြည့်၊

၃၊ အမြင်မှုံအောင်ခြင်း ဂါထာ၊

ကြောင့် တက္ကသိုလ်ဆရာကြီးနှင့် ဆရာကတော်ကပါ လွန်စွာချစ်ခင်ခြင်း ခံရသူ ဖြစ်သည်။ သို့ရာတွင် အခြားကျောင်းသားများက ဆရာကြီးအား တိုက်ကြသောကြောင့် ဆရာကတော်နှင့် အ ထင် မှား ခံ ရ လေ သည်။ ထို့ကြောင့် သူ့များ၏သတ်ဖြတ်မှုပယောဂဖြင့် သေစေလိုသော ဆရာကြီး သည် "လူတစ်ထောင်သတ်နိုင်မှ ပညာအကျိုးရမည်"ဟု ပြောဆိုစေခိုင်း လေသည်။

သူသည် သာဝတ္ထိမြို့တော် နယ်တစ်ဝိုက်မှာ တောပုန်းခေါးပြုလုပ်ကာ တောသွား တောလာသူ များစွာကို သတ်ဖြတ်ကာ လူတစ်ယောက်လျှင် လက်တစ်ချောင်းကျ ဖြတ်၍ ပန်းနှယ်အလား ကုံးထားသောကြောင့် "အင်္ဂုလိမာလ"ဟု ထင်ရှားလေသည်။ တစ်ထောင်ပြည့်ရန် တစ်ယောက် သာလိုသောနေ့၌ သားကို တောင်းပန်ဖို့ ထွက်လာသော မွေးသမိခင်ကို ပင်လျှင် သတ်စရာမြင်သောကြောင့် တင်ကြို၍ ကြွတော်မူလာသော ဘုရား မြတ်စွာကိုလည်း သတ်ဖို့လိုက်လေသော် တန်ခိုးတော်ကြောင့် မမီနိုင်ဘဲ နောက်ဆုံးဝယ် တရားတော်ကြားနာရကာ ဧဟိဘိက္ခု ရဟန်းဖြစ်၍ အာသဝေါကင်းကွာ ရဟန္တာ ဖြစ်လေသည်။[1]

၂၅၁။ ဥက္ခိတ္တခဂ္ဂမတိဟတ္ထသုဒါရုဏန္တံ။
ဓာဝံ တိယောဇန ပထင်္ဂုလိမာလဝန္တံ။
ဣဒ္ဓါဘိသင်္ခတမနော ဇိတဝါ မုနိန္ဒော၊
တန္တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

ယော မုနိန္ဒော=အကြင် မုနိသနင်း တရားမင်းထွတ်ထား ဘုရားမြတ် စွာသည်။ ဥက္ခိတ္တခဂ္ဂမတိဟတ္ထသုဒါရုဏံ= မြှောက်ချီဝင့်နွဲ့အပ်သည့် ဓား သန်လျက် လက်ဝယ်မကွာ အလွန်လျှင်ကြမ်းကြုတ်စွာသော။ တိယောဇန ပထံ = သုံးယူဇနာ အခွန့်ကွာသည့် ကန္တာရကြမ်း ခရီးလမ်းကို။ ဓာဝံ= မရပ်မနား တဟုန်အားဖြင့် ပြေးသွားနိုင်သော။ အင်္ဂုလိမာလဝန္တံ= လက် ညှိုးပန်းရှိ ဗျုပ္ပတ္တိကြောင့် နှံ့သိပတ်ချာ ရပ်ဒိသာ၌ ကြေညာကျော်ဟိုး အင်္ဂုလိမာလအမည်ရှိသော သူခိုးကြီးကို။ ဣဒ္ဓါဘိသင်္ခတမနော = တန်ခိုး တော်ဖြင့် ဖန်ဆင်းအပ်သော စိတ်နှလုံးတော်မြတ်ရှိသည်ဖြစ်၍။ ဇိတဝါ=

၁။ အညှယ် ဝိ၊ ၃။ ၁၀၄။ မ၊ ၂။ ၃ ၁။ ဓမ္မ၊ ၄။ ၂။ ၁၁၀။ ဇာ၊ ၄၊ ၅။ ၄၆၅-ကြည့်။

မုချမသွေ လွယ်ကူစွာ အောင်မြင်တော်မူခဲ့လေပြီ။ တန္တေဇသာ = ထို မုနိ သနင်း တရားမင်းထွတ်တား ဘုရားမြတ်စွာ၏ စွမ်းပကားရှိန်စော် အင်္ဂုလိမာလ တောပုန်းဓားပြကို အောင်မြင်တော်မူခြင်းဟူသော တန်ခိုးတော်ကြောင့်။ မေ=နှစ်ပါးနာမ်ရုပ် အကျွန်ုပ်အား။ အဂ္ဂံ=မွန်မြတ်လှစွာသော။ ဇယမင်္ဂလံ=အောင်ဆုအပေါင်း အောင်ကြောင်းမင်္ဂလာ အဖြာဖြာသည်။ ဘဝတု=နေ့နေ့ညည မုချမသွေ ဖြစ်ပါစေသတည်း။

စိဉ္စမာဏဝိကာကို အောင်နိုင်ခြင်း

သာဝတ္ထိမြို့တော်မှာ စိဉ္စမာဏဝိကာမည်သော ပရိဗိုဇ်မသည် ဒေဝစ္ဆရာ နတ်ကလျာပမာ လှန်စွာရုပ်ဆင်းကြန်အင် ချောမောလှပသည်။ မန်ကျည်းပင်၌ သန္ဓေတည်၍ ဖွားမြင်ခဲ့သူ ဖြစ်သည်။ မိန်းမတို့၏ မာယာပရိယာယ်လည်း ကြွယ်ဝသည်။ တိတ္ထိတို့သည် ဘုရားမြတ်စွာ ပွင့်ထွန်းပေါ်လာခြင်းကြောင့် လာဘ်လာဘ နည်းပါးကြလေရာ လာဘ်လာဘ ပေါများရေးအတွက် ကြံမိကြံရာ ကြံကြသည်။ မိမိတို့အား ဆည်းကပ်နေသူ ပရိယာယ်မာယာရှင် စိဉ္စမာဏဝိကာကို ဘုရားရှင်အား ကျေးဇူးမဲ့ပြုရန် တိုက်တွန်းကြသည်။ သို့ဖြစ်၍ စိဉ္စမာဏဝိကာသည် ဝမ်းဗိုက်၌ ပျဉ်ချပ်ပိုင်းကို ကပ်ချည်ပြီးလျှင် အနီရောင် အပေါ်ရုံလွှမ်းခြုံ၍ ပင်ပန်းနေသော ကိုယ်ဝန်ဆောင် မိန်းမအသွင်ဖြင့် ဘုရားမြတ်စွာ တရားဟောရာ ဓမ္မသဘင်သို့ သွား၍ မိမိ ပဋိသန္ဓေသည် သင်ရဟန်းကြီး၏ ပဋိသန္ဓေဖြစ်သည်။ မီးနေဆောင် ပြင်ပါတော့လား စသည်ဖြင့် ကဲ့ရဲ့စွပ်စွဲလေရာ သိကြားမင်းသည် နတ်သား ၄-ယောက်နှင့်အတူ ရောက်လာလေသည်။ နတ်သား ၄-ယောက်တို့သည် ကြွက်အသွင်ဆောင်ကာ ပျဉ်ချပ်ကို ချည်နှောင်သောကြိုးများကို ကိုက်ဖြတ်ကြသည်။ အပေါ်ရုံခြုံထည်သည် လေတိုက်လွှင့်သဖြင့် လွင့်ပါလေသည်။ လူအများက "ဟယ်....အယုတ်တမာမ....မိုက်လှချေရဲ့၊ ဘုရားရှင်ကို မဟုတ်မတရား စွပ်စွဲဆဲရေးဘိ၏" ဟု ပြောဆိုရိုက်နှက်ကာ ဇေတဝန်ကျောင်းတော်မှ နှင်ထုတ်ကြလေသည်။ ဘုရားရှင် မမြင်လောက်သည့် အရပ် ရောက်သည်တွင် စိဉ္စမာဏဝိကာ မြေမျိုရှာလေသည်။[၁]

၁။ အကျယ် ဓမ္မ ဋ္ဌ၊ ၂။ ၁၃၆။ အပ၊ ဋ္ဌ၊ ၁။ ၁၃၂။ ဇာ၊ ဋ္ဌ၊ ၄။ ၁ဂဂ-စသည်ကြည့်။

၂၅၂။ ကတွာန ကဋ္ဌမုဒရံ ဝ ဂဗ္ဘိနိံ၊
စိဉ္စာယ ဒုဋ္ဌဝစနံ ဇနကာယမဇ္ဈေ။
သန္တေန သောမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တန္တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။[၁]

ယော မုနိန္ဒော=အကြင်မုနိသနင်း တရားမင်းထွတ်ထား ဘုရားမြတ်စွာသည်။ ကဋ္ဌံ=သစ်သားကို။ ဂဗ္ဘိနိံ=ကိုယ်ဝန်ရှိသော။ ဉဒရံဝ=ဝမ်းဗိုက်ကဲ့သို့။ကတွာန=ချည်နှောင်ဖွဲ့စည်းပြုလုပ်ပြီး၍။ဇနကာယမဇ္ဈေ=များလှပေါရယ် တရားနာပရိသတ်အလယ်၌။ စိဉ္စာယ=ယုတ်မာ ကောက်ကျစ် စိဉ္စမာနဝိကာ မိန်းမယုတ်၏။ ဒုဋ္ဌဝစနံ=လွန်စွာဆိုးဝါး လင်ဟုစွပ်စွဲသော စကားကို။ သန္တေန=ငြိမ်းမပျက် တည်ကြည် ငြိမ်သက်သော။ သောမ္မဝိဓိနာ = ချမ်းအေးကြည်လင် ဖြူစင်သော အစီရင်ဖြင့်။ဇိတဝါ=မုချမသွေ လွယ်ကူစွာ အောင်နိုင်တော်မူခဲ့လေပြီ၊ တန္တေဇသာ=ထိုမုနိသနင်း တရားမင်းထွတ်ထား ဘုရားရှင်၏ စွမ်းပကားရှိန်စော် နှိစိဉ္စမာဏဝိကာ မိန်းမယုတ်ကို အောင်နိုင်တော်မူသည့် တန်ခိုးတော်ကြောင့်။ မေ=နှစ်ပါးနာမ်ရုပ် အကျွန်ုပ်အား။ အဂ္ဂံ=မွန်မြတ်လှစွာသော။ ဇယမင်္ဂလံ=အောင်ခြင်းမင်္ဂလာ အပြာပြာသည်။ ဘဝတု=နေ့နေ့ညည မုချမသွေ ဖြစ်ပါစေသတည်း။

အာဠဝကနတ်ဘီလူးကို ဆုံးမအောင်နိုင်တော်မူခြင်း

အာဠဝီမြို့အနီး တစ်ဂါဝုတ်ခန့် ကွာလှမ်းသောအရပ်၌ ညောင်ပင်ကြီး တစ်ပင် ရှိသည်။ထိုညောင်ပင်၌ အာဠဝကနတ်ဘီလူး၏ ဗိမာန်ရှိလေသည်။ အာဠဝကမင်းသည် သားကောင်လိုက်ရာမှအပြန် အာဠဝကနတ်ဘီလူး၏ ဗိမာန်ရှိရာ ညောင်ပင်အောက်သို့ ဝင်ရောက်နားနေမိရာ အာဠဝကနတ်ဘီလူးက စားရန် ဖမ်းလေ၏။ထိုအခါ အာဠဝကမင်းက"သူ့ကိုလွှတ်ပါ၊ နေ့စဉ် လူတစ်ယောက်နှင့် ထမင်းအိုးပို့ပါမည်"ဟု ဝန်ခံကတိပေး၍ ပြန်လာသည်။ အာဠဝကမင်းသည် ကတိအတိုင်း နေ့စဉ် လူတစ်ယောက်နှင့် ထမင်းအိုး ပေးပို့ရလေသည်။ရှေးဦးစွာ ထောင်တွင်းမှ အကျဉ်းသားများကို ပို့စေသည်။ အကျဉ်းသားများ ကုန်သောအခါ ကလေးငယ်များကို

၁။ အပြင်အောင်ခြင်း၊ ဂါထာ။

ပို့စေသည်။ ကလေးငယ်များ မရှိသောအခါ မိမိ၏သား အာဠဝကမင်းသားကို ဘီလူးစားခံ ပို့လွှတ်ရန် အမိန့်ချမှတ်လိုက်လေသည်။

ထိုအခါ ဘုရားရှင်သည် အာဠဝကမင်းသားနှင့် အာဠဝကနတ်ဘီလူးတို့ တရားထူးရမည်ကို သိတော်မူသဖြင့် အာဠဝကနတ်ဘီလူး၏ဗိမာန်သို့ ကြွရောက် သီတင်းသုံးတော်မူသည်၊ ထိုအချိန်တွင် အာဠဝကနတ်ဘီလူးသည် နတ်ဘီလူးအစည်းအဝေးသို့ သွားခိုက်ဖြစ်လေသည်။ သူ၏ တံခါးစောင့် ဂဒြဘဘီလူးနှင့် သာတာဂိရနတ်, ဟေမဝတနတ်တို့ကပြောသဖြင့် သူ့ဗိမာန်၌ ဘုရားရှင် သီတင်းသုံးနေကြောင်း သိရ၍ အမျက်ဒေါသပြင်းစွာထွက်၍ ချက်ချင်း အစည်းအဝေးမှ ထွက်လာကာ ကေလာသတောင်ထွတ်သို့ ခုန်တက်ပြီးလျှင် "ငါဟဲ့ အာဠဝက"ဟု ကြုံးဝါးလေသည်။ ၎င်းနောက် တစ်ညလုံး လက်နက်မျိုးစုံဖြင့် ပစ်ခတ်တိုက်ခိုက်လေသည်။ ဘုရားမြတ်စွာသည် အာဠဝကနတ်ဘီလူးကို လက်နက်မပါမေတ္တာဖြင့် အောင်နိုင်တော်မူလေသည်။ နောက်ဆုံးတွင် အာဠဝကနတ်ဘီလူးသည် ဘုရားမြတ်စွာအား....

ဤလောက၌ ယောကျ်ား၏ (အမျိုးသား အမျိုးသမီးပုဂ္ဂိုလ်၏)ဥစ္စာမြတ်ကား အဘယ်ပါနည်း ဟုစသည်ဖြင့် မေးလျှောက်ရာ ဘုရားရှင်က ဖြေတော်မူသည်။ ဒေသနာအဆုံး အာဠဝကနတ်ဘီလူး သောတာပန် တည်သည်။ နံနက်လင်းသောအခါ အာဠဝကမင်းသားလေးကို မင်းချင်းများခေါ်ဆောင်လာပြီး အာဠဝကနတ်ဘီလူးလက်သို့ စားရန် ပေးရာ သောတာပန်ဖြစ်သဖြင့် မစားတော့ဘဲ ဘုရားရှင်အား မင်းသားလေးကို လှူဒါန်းလေသည်။ ဘုရားမြတ်စွာသည် အလှူခံတော်မူကာ မင်းချင်းများလက်သို့ ပြန်ပေးပြီး မွေးမြူစေသည်။ ဤသို့ မင်းချင်းများလက်မှ ဘီလူးလက်, ဘီလူးလက်မှ ဘုရားရှင်လက်တော်, ဘုရားရှင်လက်တော်မှမင်းချင်းများလက်သို့ အဆင့်ဆင့် ရောက်ရှိသောကြောင့် နောင်အခါ ဟတ္ထကအာဠဝကမင်းသည် ဥပါသကာ ငါးရာ အခြံအရံရှိသော အနာဂါမ်ဥပါသကာအဖြစ်သို့ ရောက်လေသည်။ ဟတ္ထကအာဠဝကသည် ပရိတ်သတ်ကို သင်္ဂဟတရားလေးပါး ချီးမြှောက်သည့်အရာ ဧတဒဂ်ဘွဲ့ရသည်။[1]

၁။ အကျယ် သံ၊ ၁။ ၂၁၆။ သုတ္တနိ။ ၃၀၅။ သံ။ ဋ္ဌ၊ ၁။ ၂၉၀။ အံ၊ ဋ္ဌ၊ ၁။ ၂၉၉။ သုတ္တနိ၊ ဋ္ဌ။ ၁၊ ၂၁၂-ကြည့်။

၂၅၃။ မာရာတိရေကမဘိယုဇ္ဈိတံ သဗ္ဗရတ္တိံ။
ဃောရံ ပနာဠဝကမက္ခမထဒ္ဓယက္ခံ။
ခန္တီသုဒန္တဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တန္တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။[၁]

ယော မုနိန္ဒော=အကြင် မုနိသနင်း တရားမင်းဘုရားသည်။ မာရာတိရေကံ=ဝသဝတ္တီ ထက်နတ်ပြည်ကို ခိုမှီရိပ်နင်း မာရ်နတ်မင်းထက်အလွန်။ သဗ္ဗရတ္တိံ=ညဉ့်သုံးယံကာလ သမယပတ်လုံး။ အဘိယုဇ္ဈိတံ=တုဖက်ယှဉ်ပြိုင် အလွန်စစ်ထိုးနိုင်သော။ ဃောရံ=ကြမ်းတမ်းလှသော။ ဝါ=ကြောက်မက်ဖွယ်ရှိသော။ အက္ခမံ=သည်းခံဖို့ရန် လွန်ခဲစွာသော။ ထဒ္ဓံ-မာန်ဟုန်တကြွကြွ ခက်မာကြမ်းတမ်းလှသော။ အာဠဝကံ ယက္ခံ ပန = အာဠဝကဟု သတင်းကြီးလတ် နတ်ဘီလူးကိုလည်း။ ခန္တီသုဒန္တဝိမိနာ = သည်းခံခြင်းတရား ပွားများသွယ်ဆင်း ကောင်းစွာ ဆုံးမသော အစီရင်ဖြင့်။ ဇိတဝါ=မုချမသွေ လွယ်ကူစွာ အောင်မြင်တော်မူခဲ့လေပြီ။ တန္တေဇသာ=ထိုမုနိသနင်း တရားမင်းဘုရား၏ စွမ်းပကားရှိန်စော် အာဠဝကဘီလူးကို အောင်မြင်တော်မူသည့် တန်ခိုးတော်ကြောင့်။ မေ = နှစ်ပါး နာမ်ရုပ်အကျုံးဝင်အား။ အဂ္ဂံ = မွန်မြတ်လှစွာသော။ ဇယမင်္ဂလံ = အောင်ဆုအပေါင်း အောင်ကြောင်းမင်္ဂလာ အဖြာဖြာသည်။ ဘဝတု = နေ့နေ့ညည မုချမသွေ ဖြစ်ပါစေသတည်း။

နာဠာဂိရိဆင်ကို ဆုံးမအောင်နိုင်တော်မူခြင်း

ဒေဝဒတ်သည် ဘုရားမြတ်စွာ၏ ကျေးဇူးဒကာ ဗိမ္ဗိသာရမင်းနတ်ရွာစံပြီး၍ ဘုရားမြတ်စွာအား သတ်ဖို့ရန် အမျိုးမျိုး ကြံစည်ခဲ့လေသည်။ သို့ရာတွင် အထမမြောက်နိုင် ရှိလေ၏။ သို့နှင့် တစ်နေ့သ၌ ဆင်ထိန်းများထံသွား၍ မင်းကိုးကွယ်သော ဆရာတော်များဆိုတာ ရာထူးနိမ့်သူကို ရာထူးတိုးမြင့်အောင် လုပ်နိုင်ကြသည်။

သို့ဖြစ်၍ သင်တို့ ငါခိုင်းတာ လုပ်ကြပါ "ရှင်ဂေါတမ သည်လမ်းကလာသောအခါ နာဠာဂိရိ ဆင်ပြောင်ကို လွှတ်လိုက်ကြပါ"ဟု စေခိုင်းလေသည်။

၁။ အပြင်အောင်ခြင်းဂါထာ။

နာဠာဂိရိဆင်ကြီးသည် အလွန်လျှင်ကြမ်းတမ်း၍ လူတို့ကို ထိုးသတ်လေ့ရှိသည်၊ မြတ်စွာဘုရားသည် ရဟန်းတော်များနှင့်အတူ ရာဇဂြိုဟ်မြို့တော်တွင်းသို့ ဆွမ်းခံဝင်ကြွသောအခါ ရာထူးတိုးလိုသော ဆင်ထိန်းတို့သည် နာဠာဂိရိဆင်ကြီးကို ဘုရားမြတ်စွာဆီသို့ လွှတ်ပေးကြလေသည်။ ဘုရားမြတ်စွာသည် နင်းရန်ပြေးလာသော ဆင်ကြီးအပေါ်မှာ မေတ္တာဖြန့်ကာ တန့်ရပ်တော်မူလေသော် နာဠာဂိရိဆင်ကြီးသည် ဘုရားဗိနေ့ာ်ရှေ့တော်၌ ငြိမ်သက်စွာရပ်ကာ အဆုံးအမကို နားစိုက် နေလေသည်။ ဤသို့ဖြင့် ဘုရားရှင်သည် နာဠာဂိရိဆင်ကိုလည်း အောင်နိုင်တော်မူလေသည်။[၁]

၂၅၄။ နာဠာဂိရိံ ဂဇဝရံ အတိမတ္တဘူတံ၊
ဒါဝဂ္ဂိစက္ကမသနိဝ သုဒါရုဏန္တံ။
မေတ္တမ္ဗုသေက ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တန္တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။[၂]

ယော မုနိန္ဒော = အကြင် မုနိသနင်း တရားမင်းဘုရားသည်။ ဒါဝဂ္ဂိစက္ကမသနိဝ = မြေလျှင်တုန်ဟည်း ပဲ့တင်တိုးမျှ တောမီးလောင်ပျက် မိုးကြိုးစက်သို့။ သုဒါရုဏံ = လွန်လျှင်ပြင်းပြ ကြမ်းကြုတ်လှသော။ အတိမတ္တဘူတံ = ချာချာပွေ့နှောက် အလွန်မုန်ယစ်ခြင်းသို့ရောက်သော။ နာဠာဂိရိံ = နာဠာဂိရိ မည်ရှိထင်ပေါ် သတင်းကျော်သော။ ဂဇဝရံ-မင်း အဇာတသတ် စီးတော်မူသည့်ဆင်တော်မြတ်ကို။ မေတ္တမ္ဗုသေကဝိဓိ-နာ = မေတ္တာတော်ရေ ထွေထွေသွယ်ဆင်း သွန်းလောင်းခြင်းတည်းဟူသော အစီရင်ဖြင့်။ ဇိတဝါ = မုချမသွေ လွယ်ကူစွာ အောင်မြင်တော်မူလေပြီ။ တန္တေဇသာ = ထိုမုနိသနင်း တရားမင်းဘုရား၏ စွမ်းပကားရှိန်စော် နာဠာဂိရိဆင်ကို အောင်မြင်ခြင်းဟူသော တန်ခိုးရှိန်စော်အာနုဘော်တော်ကြောင့်။ မေ = နှစ်ပါးနာမ်ရုပ် အကျုံးနိုပ်အား။ အဂ္ဂံ = မွန်မြတ်လှစွာသော။ ဇယမင်္ဂလံ = အောင်ကြောင်းမင်္ဂလာအဖြာဖြာသည်။ ဘဝတု = နေ့နေ့ညည မုချမသွေဖြစ်ပါစေသတည်း။

၁။ အကျယ်-ဓိ၊ ၄။ ၃၅၆။ ဇာ၊ ဋ၊ ၃။ ငါ၅၊ ၃ ၃-စသည်ကြည့်။
၂။ အမြွက်-အောင်ခြင်း၊ ဂါထာ၇။

ဘုရားရှင်သည် ကိုယ်တော်မြတ်ကို သေကြောင်းကြံသည့် သူသတ်သမား ဒေဝဒတ်, အင်္ဂုလိမာလ တောပုန်းဓားပြ, နာဠာဂိရိ အမည်ရှိသည့် ဓနပါလဆင်တို့ကိုသော်လည်း ရင်သွေးသည်းချာ ရာဟုလာနှင့် ထပ်တူထပ်မျှ ရှေ့စိတ်တော်ထားတော်မူသည်။

၂၅၃။ ဝဓကေ ဒေဝဒတ္တေ စ၊ စောရေ အင်္ဂုလိမာလကေ။
ဓနပါလေ ရာဟုလေ စေဝ၊ သမစိတ္တော မဟာမုနိ။[၁]

သုတ်, ဒေသနာ များစွာတို့ဖြင့် ယဉ်ကျေးအောင် ဆုံးမတော်မူခဲ့ခြင်း

ဤသို့ စသည်ဖြင့် ဘုရားမြတ်စွာသည် ဗက်ဗြဟ္မာစသော ဗြဟ္မာများ, အာဠဝကနတ်ဘီလူး စသော ဘီလူး, သိကြားမင်းစသော နတ်အပေါင်း, သုစိလောမရက္ခိုသ်စသော ရက္ခိုသ်အပေါင်း, ဇာဏုသောဏိပုဏ္ဏားစသော မြားမြောက်စွာသော ပုဏ္ဏားအပေါင်း, စူဠောဒရနဂါးမင်းစသော နဂါးကြမ်းအပေါင်း, နာဠာဂိရိ(ဓနပါလ)စသော ဆင်ကြမ်းအပေါင်း, ဘုရားမဟုတ်ပါဘဲ ဘုရားဟု မှတ်ထင်နေကြသော အယူဝါဒများသည့် တိတ္ထိအပေါင်းတို့ကို သုတ်, ဒေသနာအမျိုးမျိုး, ပုံစံဥပမာအမျိုးမျိုး, အနုအကြမ်း အဆန်းတကြယ် အသွယ်သွယ်သောနည်းတို့ဖြင့် အသာခာရဏ မဟာကရုဏာတော်ဖြင့် ယဉ်ကျေးအောင် ဆုံးမတော်မူခဲ့လေသည်။

၂၅၄။ ဗကာဒိကေ စ ဗြဟ္မာနော၊ ယက္ခေ စာဠဝကာဒိကေ။
ပုရိန္ဒဒါဒိကေ ဒေဝေ၊ သူစိလောမာဒိရက္ခသေ။

၂၅၅။ ဇာဏုသောဏာဒိကေ နေကေ၊ဗြာဟ္မဏေ စာပိ တက္ကိနေ။
စူဠောဒရာဒိကေ နာဂေ၊ ဓနပါလာဒိကေ ဂဇေ။

၂၅၈။ ဗုဒ္ဓါ မယံတိ မညန္တေ၊ တိတ္ထိယေ နေကလဒ္ဓိကေ။
ဒသမေသိ ဒမတံ သေဋ္ဌော၊ ပရဝါဒပ္ပမဒ္ဒနော။

၁။ မိလိန္ဒ။ ၃၉၆၊ ဓမ္မ၊ ပ္ပ။ ၁၊ ၉၄၊ ဇာတိဝုတ်၊ ဋ္ဌ၊ ၃၀၀။
(—မ၊ ဋ္ဌ၊ ၂၊ ၂၀၅။)

နှစ်ဆယ့်လေးသင်္ချေ ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်း ဝေနေယျတွေ ကျွတ်တမ်းဝင်ခြင်း

ဘုရားရှင်သည် လေးဆယ့်ငါးဝါ ကာလပတ်လုံး သုတ္တန်အမျိုးမျိုး, ဒေသနာအမျိုးမျိုး ဟောကြားတော်မူ၍ ကျွတ်တမ်းဝင်သော ဝေနေယျပေါင်း နှစ်ဆယ့်လေးအသင်္ချေ ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်းခန့် (သိန်းပေါင်းများစွာ)ရှိသည်ဟု မိန့်ဆိုကြသည်။ သာဝတ္ထိမြို့တော်အနီး ကဏ္ဍသရက်ပင်အနီး တန်ခိုးပြာဋိဟာပြစဉ် ကုဋေနှစ်ဆယ်သော သတ္တဝါတို့ အကျွတ်တရား ရကြသည်။ စူဠရာဟုလောဝါဒသုတ် ဟောစဉ်, မင်္ဂလသုတ် ဟောစဉ်, သမစိတ္တသုတ် ဟောစဉ်, ပရာဘဝသုတ် ဟောစဉ်, ပုရာဘေဒသုတ် ဟောစဉ်, ကလဟဝိဝါဒသုတ် ဟောစဉ်, စူဠဗျူဟသုတ် ဟောစဉ်, မဟာဗျူဟသုတ် ဟောစဉ်, တုဝဋ္ဋကသုတ် ဟောစဉ်, သာရိပုတ္တသုတ် ဟောစဉ် မရေမတွက်နိုင် (အသင်္ချေ) သော သတ္တဝါ ဝေနေယျတွေ အကျွတ်တရားရကြသည်။

၎င်းပြင် နာဠာဂိရိဆင် ဆုံးမစဉ် သတ္တဝါတွေ ကုဋေ့ကိုးဆယ် ကျွတ်တမ်းဝင်ကြပါသည်။ ပါသာဏကနတ်ကွန်း၌ ပါရာယဏဝဂ် ဟောစဉ် တစ်ဆယ့်လေးကုဋေသော ဝေနေယျတို့ ကျွတ်တမ်းဝင်ကြသည်။ ဣန္ဒသာလလိုဏ် တရားပွဲ၌ နတ်ဗြဟ္မာပေါင်း ကုဋေ့ရှစ်ဆယ် ဗာရာဏသီမြို့တော်အနီး မိဂဒါဝုန်တော ဓမ္မစကြာတရားဦး ဟောစဉ်က ဗြဟ္မာပေါင်း တစ်ဆယ့်ရှစ်ကုဋေနှင့် မရေမတွက်နိုင်သောနတ်များ တာဝတိံသာနတ်ပြည် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ အဘိဓမ္မာတရား ဟောစဉ် ကုဋေ့ရှစ်ဆယ်, နတ်ပြည်မှအဆင်း သင်္ကဿမြို့တံခါးအနီး လောကဝိဝရဏ တန်ခိုးပြစဉ် လူနတ်ဗြဟ္မာ သတ္တဝါပေါင်း ကုဋေ့သုံးဆယ် အသီးသီး ကျွတ်တမ်းဝင်ကြသည်။

၎င်းပြင် သက္ကတိုင်း ကပိလဝတ်မြို့တော်အနီး နိဂြောဓာရုံ ကျောင်းတိုက်၌ ဗုဒ္ဓဝံသဒေသနာ ဟောစဉ်, မဟာသမယသုတ် ဟောစဉ် ရေတွက်မရအောင် လွန်မြားမြောင်လှ(အသင်္ချေ)သော နတ်ဗြဟ္မာတို့ ကျွမ်းတမ်းဝင်ကြသည်။၎င်းပြင် သုမနပန်းသည် တရားပွဲ, ဂရဟဒိန္နသူကြွယ် တရားပွဲ, အာနန္ဒာသူဌေး တရားပွဲ, ဇမ္ဗုကတက္ကတွန်း တရားပွဲ, မဏ္ဍုကနတ်သား (ဖားနတ်သား) တရားပွဲ, မဋ္ဌကုဏ္ဍလီနတ်သား တရားပွဲ, သုလသာ

ပြည့်တန်ဆာမ တရားပွဲ, သိရိမာပြည့်တန်ဆာမ တရားပွဲ, ရက်ကန်းသည် သမီးတရားပွဲ, စူဠသုဘဒ္ဒါ တရားပွဲ, သာကေတပုဏ္ဏား၏ သုသာန် တရားပွဲ, သုနာပရန္တက တရားပွဲ, သက္ကပဥှသုတ် တရားပွဲ, တိရောကုဋ္ဋသုတ် တရားပွဲ, ရတနသုတ် တရားပွဲတို့၌လည်း အသီးသီး ရှစ်သောင်း လေး ထောင်သော ဝေနေယျတို့ ကျွတ်တမ်းဝင်ကြလေသည်။

ထိုမှတစ်ပါး တိုင်းကြီး တစ်ဆယ့်ခြောက်တိုင်းတို့၌ မဟာမဏ္ဍလ, မဇ္ဈိမ မဏ္ဍလ, စူဠမဏ္ဍလ ခရီးကြွ၍ တရားဟောတော်မူစဉ် နှစ်ယောက်, သုံးယောက်, လေးယောက်, ငါးယောက်, တစ်ရာ, တစ်ထောင်, တစ် သိန်းစသည်ဖြင့် နတ်တွေ, လူတွေ ကျွတ်တမ်းဝင်ကြကုန်၏။ [၁]ဤသို့စသည် ဖြင့် လူနတ်ဗြဟ္မာ သတ္တဝါ ဝေနေယျပေါင်း နှစ်ဆယ့်လေးအသင်္ချေ ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်း (သိန်းပေါင်းများစွာ) အတိုင်း အရှည်ရှိသော လူနတ်ဗြဟ္မာ သတ္တဝါဝေနေယျတို့ကျွတ်တမ်းဝင်ကြသည် ဟု မိန့်ဆိုကြလေသည်။

၂၅၉။ စတုဝီသတိ အသင်္ချေယျေ၊ သဋ္ဌိ စေဝ ကောဋိယော။
ပါဏာနိ သတသဟဿာနိ၊ ဓောဝ ဗုဒ္ဓေါ ပမောစယိ။[၂]

ရဟန်းသံဃာတော်ပေါင်း သိန်းသန်းကုဋေတို့ဖြင့် စည်ပင်ခြင်း

ဘုရားမြတ်စွာ၏ နေ့နေ့ညည သုတ်, အဘိဓမ္မာ, ဝိနည်းတို့ကို ဟော ပြော ပညတ်တော်မူခြင်းတို့ဖြင့် သာသနာတော်ကြီးကိုတည်ထောင်တော် မူခဲ့ရာ— (၁) အရှင်သာရိပုတ္တရာ [အဂ္ဂသာဝက]၊ (၂) အညာသိ ကောဏ္ဍည၊ (၃) အရှင်ဝပ္ပ၊ (၄) အရှင်ဘဒ္ဒိယ၊ (၅) အရှင်မဟာနာမ်၊ (၆) အရှင်အဿဇိ၊ (၇) အရှင်နာလက၊ (၈) အရှင်ယသ၊ (၉) အရှင် ဝိမလ၊ (၁၀) အရှင်သုဗာဟု၊ (၁၁) အရှင်ပုဏ္ဏဇိ၊ (၁၂) အရှင် ဂဝမ္ပတိ၊ (၁၃) အရှင်ဥရုဝေလကဿပ၊ (၁၄) အရှင်နဒီကဿပ၊ (၁၅) အရှင်ဂယာကဿပ၊ (၁၆) အရှင်မဟာကဿပ၊ (၁၇) အရှင် မဟာကစ္စည်း၊ (၁၈) အရှင်မဟာကောဋ္ဌိက၊ (၁၉) အရှင်မဟာ ကပ္ပိန၊ (၂၀) အရှင်မဟာစုန္ဒ၊ (၂၁) အရှင်အနုရုဒ္ဓါ၊ (၂၂) အရှင်

၁။ မိလိန္ဒ၊ ၃၃၁–၂။
၂။ သေဥတဏ္ဍကီ၊ အသံချေယျကထာ၊

ကင်္ခါရေဝတ၊ (၂၃) အရှင်အာနန္ဒာ၊ (၂၄) အရှင်နန္ဒက၊ (၂၅) အရှင်ဘဂု၊ (၂၆) အရှင်နန္ဒိယ၊ (၂၇) အရှင်ကိမိလ၊ (၂၈) အရှင်ဘဒ္ဒိယ၊ (၂၉) အရှင်ရာဟုလာ၊ (၃၀) အရှင်သီဝလိ၊ (၃၁) အရှင်ဥပါလိ၊ (၃၂) အရှင်ဒဗ္ဗ၊ (၃၃) အရှင်ဥပသေန၊ (၃၄) အရှင်ခဒိရရေဝတ၊ (၃၅) အရှင်မဟာပုဏ္ဏ၊ (၃၆) အရှင်စူဠပုဏ္ဏ၊ (၃၇) အရှင်သောဏကုဋိကဏ္ဏ၊ (၃၈) အရှင်သောဏကောဠိဝိသ၊ (၃၉) အရှင်ရာဓ၊ (၄၀) အရှင်သုဘူတိ-ဟူသော လက်ယာတော်ရံ ရဟန္တာမထေရ်-၄၀-။

(၁) အရှင်မဟာမောဂ္ဂလ္လာန်၊ (၂) အရှင်အင်္ဂုလိမာလ၊ (၃)အရှင်ဝက္ကလိ၊ (၄) အရှင်ကာဠုဒါယီ (၅) အရှင်မဟာဥဒါယီ၊ (၆) အရှင်ပိလိန္ဒဝစ္ဆ၊ (၇) အရှင်သောဘိတ၊ (၈) အရှင်ကုမာရကဿပ၊ (၉) အရှင်ရဋ္ဌပါလ၊ (၁၀) အရှင်ဝင်္ဂီသ၊(၁၁) အရှင်သဘိယ၊(၁၂) အရှင်သေလ၊ (၁၃) အရှင်ဥပဝါန၊ (၁၄) အရှင်မေဃိယ၊ (၁၅) အရှင်သာဂတ၊ (၁၆) အရှင်နာဂိတ၊ (၁၇) အရှင်လကုဏ္ဍကဘဒ္ဒိယ၊ (၁၈) အရှင်ပိင်္ဂိယာလဘာရဒွါဇ၊ (၁၉) အရှင်မဟာပန္ထက၊ (၂၀) အရှင်စူဠပန္ထက၊ (၂၁) အရှင်ဗာကုလ၊ (၂၂) အရှင်ကုဏ္ဍဓာန၊ (၂၃) အရှင်ဒါရုစီရိယ၊ (၂၄)အရှင်ယသော၇၊(၂၅)အရှင်အဇိတ၊(၂၆)အရှင်တိဿမေတ္တေယျ၊ (၂၇) အရှင်ပုဏ္ဏက၊ (၂၈) အရှင်မေတ္တဂူ၊ (၂၉) အရှင်ဓောတက၊ (၃၀) အရှင်ဥပသီဝ၊ (၃၁) အရှင်နန္ဒ၊ (၃၂) အရှင်ဟေမက၊ (၃၃) အရှင်တောဒေယျ၊ (၃၄) အရှင်ကပ္ပ၊ (၃၅) အရှင်ဇတုကဏ္ဏိ၊ (၃၆) အရှင်ဘဒြာဝုခ၊ (၃၇) အရှင်ဥဒယ၊ (၃၈) အရှင်ပေါသာလ၊ (၃၉) အရှင်ပိင်္ဂိယ၊ (၄၀) အရှင်မောဃရာဇာဟူသော လက်ဝဲတော်ရံ ရဟန္တာမထေရ် ၄၀ တို့နှင့်တကွ ပဋိသမ္ဘိဒါလေးပါး, ဝိမောက္ခရှစ်ပါး, အဘိညာခြောက်ပါးတို့ကို ရရှိတော်မူကြသော ရဟန္တာရဟန်း, အနာဂါမ်ရဟန်း, သကဒါဂါမ်ရဟန်း, သောတာပန်ရဟန်း, ပုထုဇဉ် သာသနာပြု ရဟန်းတို့မှာ သိန်း, သန်း, ကုဋေ များစွာ ပေါ်ထွန်းခဲ့ရာ ဘုရားမြတ်စွာ သာသနာတော်သည် သမုဒ္ဒရာဝယ် လှိုင်းတံပိုးများစွာသဖွယ်, မိုးကောင်းကင်အလယ် ကြယ်များစွာသဖွယ် လွန်စွာ စည်ပင်ခဲ့လေသည်။

၂၆၀။ ယထာပိ သာဂရေ ဦမိ၊ ဂဂနေ တာရကာ ယထာ။
ဧဝံ တဒါ ပါဝစနံ၊ တပေါမနေဟိ စိတ္တိတံ။

ဘိက္ခုနီမ (ရဟန်း မိန်းမ)တို့ဖြင့် စည်ပင်ခဲ့

ဝင်းပြင် မဟာပဇာပတိဂေါတမီ အတန်တန် လျှောက်ထားချက်အရ ဘိက္ခုနီမ(ရဟန်းမိန်းမ)များစွာတို့လည်း ပေါ်ထွန်းခဲ့ကုန်၏။ ဘုရားရှင်သာသနာတော်သည် မဟာပဇာပတိဂေါတမီထေရီ ရတ္တညူတေဒဂ်ရ၊ ခေမာထေရီ မဟာပညာ တေဒဂ်ရ (လက်ယာရံတပည့်မ)၊ ဥပ္ပလဝဏ္ဏာထေရီ တန်ခိုးကြီးမှုအရာ တေဒဂ်ရ (လက်ဝဲရံတပည့်မ)၊ ပဋာစာရီထေရီ ဝိနယဓရ တေဒဂ်ရ၊ ဓမ္မဒိန္နာထေရီ၊ ဓမ္မကထိကအရာတေဒဂ်ရ၊ နန္ဒာထေရီ စျာန်ဝင်စား မွေ့လျော်သည့်အရာ တေဒဂ်ရ၊ ဗဟုပုတ္တိကာသောဏာ ထေရီ အာရဒ္ဓဝီရိယအရာ တေဒဂ်ရ၊ သကုလာထေရီ ဒိဗ္ဗစက္ခုအဘိညာဏ်အရာ တေဒဂ်ရ၊ ကုဏ္ဍလကေသာထေရီ ခိပ္ပာဘိညာ တေဒဂ်ရ၊ ဘဒ္ဒါကာပိလာနီထေရီ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်အရာ တေဒဂ်ရ၊ ယသောဓရာထေရီ ကြီးကျယ်သောအဘိညာဉ်အရာ ထူးချွန်စွာ လေ့လာနိုင်နင်းသူအဖြစ် တေဒဂ်ရ၊ ကိသာဂေါတမီထေရီ လူခစိဝရဓရ တေဒဂ်ရ၊ သိင်္ဂါလကမာတုထေရီ သဒ္ဓါဓိမုတ္တအရာ တေဒဂ်ရ-စသည့် တေဒဂ်ရ ဘိက္ခုနီမ (ရဟန်းမိန်းမ) များ အပါအဝင် ဘိက္ခုနီပေါင်း သောင်းသိန်းတို့ဖြင့် တင့်တယ် စည်ပင်ခဲ့လေသည်။ ဘုရားမြတ်စွာသည် ဘိက္ခုနီများအတွက်လည်း တရားဒေသနာတော် သိက္ခာပုဒ်တော်များစွာကို ဟောကြားပညတ်တော်မူခဲ့ခြင်းဖြင့်လည်း များစွာ အလုပ်လုပ်တော်မူခဲ့လေသည်။

၂၆၁။ လောကနာထဿ ဗုဒ္ဓဿ၊ သာသနံ အတိသောဘိတံ။
ဘိက္ခုနီဟိပိ နေကာဟိ၊ ဝိသာလံ ဝိစိတ္တံ ဟိ ခေါ။

သာဝကဟော ဒေသနာများလည်း ဘုရားဟော ဒေသနာပင်ဖြစ်ခြင်း

ပိဋကသုံးသွယ် နိကာယ်ငါးရပ်တို့တွင် အရှင်သာရိပုတ္တရာ ဟောသည့် ဒီဃနိကာယ်လာ သံဂီတိသုတ်, ဒသုတ္တရသုတ်, အင်္ဂုတ္တရနိကာယ်လာ သမစိတ္တသုတ် စသည်နှင့် မဟာနိဒ္ဒေသပါဠိတော်, စူဠနိဒ္ဒေသပါဠိတော် ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကြီး, အရှင်ကစ္စည်းထေရ် ဟောသည့် မဓုပိဏ္ဍိကသုတ်, နေတ္တိပါဠိတော်ကြီး,အရှင်ကုမာရကဿပထေရ် ဟောသည့် ပါယာသိရာဇညသုတ်, အရှင်အာနန္ဒာဟောသည့် သုဘသုတ် စသည် ဤသို့စသည်ဖြင့် သာဝကကြီးများ ဟောတော်မူသည့် ဒေသနာများမှာလည်း

ဘုရားရှင် သာဓုခေါ် အတည်ပြု ဘုရားအလိုတော်ကျ ဖြစ်သဖြင့် ဘုရားဟောပင် မည်လေသည်။ ယင်းဒေသနာများကိုလည်း ပဉ္စမသံဂါယနာမှစ၍ သံဂါယနာတင် ထေရ်အရှင်အဆက်ဆက် သံဂါယနာ တင်တော်မူခဲ့ကြသည်။

၂၆၂။ သမ္ဗုဒ္ဓါသာနုမတိယာ၊ သာဝကေဟိ သုဒေသိတာ။
သမ္မာသမ္ဗုဒ္ဓဒေသိတ-ဒေသနာ ဣတိ ဇာနိယာ။

ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် ဟောတော်မူခဲ့ခြင်း

ဘုရားမြတ်စွာသည် လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်တို့သို့ လှည့်လည်ကြွသွားတော်မူကာ သက်တော် ရှစ်ဆယ်, ဝါတော် လေးဆယ့်ငါးဝါပတ်လုံး လောကသုံးဖြာ သတ္တဝါတို့ အကျိုးစီးပွား များရန်အတွက် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်တို့ကို နေ့မအား ညမအား ဟောကြားတော်မူကာ ဤသာသနာတော်မြတ်ကြီးကို တည်ထောင်တော်မူခဲ့လေသည်။

၂၆၃။ စတုရာသီတိသဟဿ-ဓမ္မက္ခန္ဓေ သဒေသယိ။
ပဉ္စတာလီသဝဿာနိ၊ တိလောကဿ ဟိတာဝဟော။

ပရိနိဗ္ဗာန် ဝင်စံတော်မူခြင်း

ဘုရားမြတ်စွာသည် နောက်ဆုံးပိတ် သုဘဒ္ဒပရိဗိုဇ်အား ဆုံးမတော်မူပြီး သက်တော် ရှစ်ဆယ်, ဝါတော် လေးဆယ့်ငါးဝါရှိတော်မူရာ မဟာသက္ကရာဇ် ၁၄၈-ခု၊ ကဆုန်လဆန်း ၁၅-ရက်၊ အင်္ဂါနေ့တွင် မလ္လတိုင်း၏ မြို့တော် ကုသိနာရုံ မြို့ငယ်ကလေးအနီး အင်ကြင်းဥယျာဉ်ဘောဥ် မြောက်သို့ ဦးခေါင်း ယာနံတောင်းဖြင့် လျောင်းတော်မူကာ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော် မူခဲ့လေသည်။

၂၆၄။ ယဟိံ အာသီတိကော နာထော၊ နိဗ္ဗုတော ဝရမဥ္စကေ။
မဟာသာလဝနေ ရမ္မေ၊ မလ္လာနံ သုပုရေ တဟိံ။

မဟာသက္ကရာဇ် ၁၄၈-ခု၊ ကဆုန်လဆန်း ၁၅-ရက်၊ အင်္ဂါနေ့တွင် ပရိနိဗ္ဗာန် စံတော်မူသော ဘုရားမြတ်စွာကို အောက်ပါ ဂါထာ ပါဠိ-နိဿယဖြင့် ရှိခိုးရာ၏။

အင်္ဂါနေ့ ပရိနိဗ္ဗာန်ပြု ဘုရားရှိခိုး

၂၆၅။ သဗ္ဗသင်္ခတဓမ္မာနံ၊ ပကာသေတွာ အနိစ္စတံ။
နိဗ္ဗုတံ အင်္ဂဝါရမှိ၊ ဝန္ဒာမိ အမတန္ဒဒံ။

သဗ္ဗသင်္ခတဓမ္မာနံ= အကြောင်းလေးခု ပြုရှုံစီမံ ရုပ်နာမ်ဓမ္မ သင်္ခတ တရားတို့၏။ အနိစ္စတံ = ဖြစ်လျှင်ပျက်ရ အနိစ္စ သဘော သဘာဝကို။ ပကာသေတွာ= ကိုယ်တော်တိုင်ပင် ထင်ရှားပြတော်မူ၍။ အင်္ဂဝါရမှိ = နံတော်ခြသေ့ အင်္ဂါနေ့၌။ နိဗ္ဗုတံ= ဝဋ်သုံးပါးဇာတ် ယုတ်သိမ်းဖြတ်၍ မြတ်နိဗ္ဗူနန်း မြို့ကြွေနန်းသို့ လှမ်းကြွတော်မူလေပြီးသော။ အမတန္ဒဒံ= အမြိုက်ရေကို ငှဝေပေးသော မြတ်စွာဘုရားကို။ ဝန္ဒာမိ= ရှိသေမြတ်နိုး ရှိခိုးပါ၏။

အလောင်းတော်ကို ပူဇော်ကြခြင်း

ဘုရားမြတ်စွာ၏ ဥတုဇရုပ်ကလာပ်အလောင်းတော်ကို ကုသိနာရုံမြို့နေ မလ္လာမင်း အမျိုးသား အမျိုးသမီးအပေါင်းတို့က လှူဒါန်းဖြစ်သော ကခြင်း သီခြင်း တီးမှုတ်ခြင်းတို့ဖြင့်လည်းကောင်း, ပန်းနံ့သာ မျိုးစုံတို့ဖြင့်လည်း ကောင်း ခုနစ်ရက်ပတ်လုံးပူဇော်ကြလေကုန်၏။နတ်တို့ကလည်း မလ္လာမင်း တို့၏ မလ္လတိုင်း ကုသိနာရုံမြို့တော်ဝယ် အိမ်ဝင်းခြံစပ်နှင့် အညစ်အကြေး စွန့်ရာ တံမြက်ချေးစွန့်ရာ အရပ်များပါမကျန် မန္ဒာရဝ နတ်ပန်း[၁] တို့ဖြင့် ဒူးဆစ်မြုပ်လောက်အောင် ဖြန့်ခင်းကြလေကုန်၏။ ၎င်းပြင် နတ်သမီး, နတ်သားတို့သည် နတ်တို့၏ ကခြင်း သီခြင်း တီးမှုတ်ခြင်း တို့ဖြင့်လည်း ကောင်း, ပန်းနံ့သာတို့ဖြင့်လည်းကောင်း အရိုအသေပြုကြ အလေးပြုကြ မြတ်နိုးကြ ပူဇော်ကြကာ ဥတုဇရုပ်ကလာပ်တော်ကို ကုသိနာရုံမြို့တော်၏ အပြင် မြောက်ဘက်လမ်းဖြင့် မြို့တော်၏ မြောက်ဘက်အရပ်သို့ ဆောင်ယူ ကြပြီးလျှင် မြောက်ဘက်တံခါးမှ မြို့တွင်းသို့ သွင်းကြလျက် မြို့လယ်လမ်း အတိုင်း ခမ်းနားစွာ ပင့်ဆောင်ကြလေကုန်၏။ ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာသည် မိမိအိမ်ပေါက်၌ ခေတ္တတန့်ရပ်စေကာ ဝိသာခါ၏ အဆင် တန်ဆာနှင့် အလားတူသည့် အဖိုးကိုးကုဋေ ထိုက်တန်သည့် မဟာလတာ တန်ဆာကြီးကို မှုံမှုန်များကို သုတ်သင်စေ၍ နံ့သာရေဖြင့် ဆေးကြော

၁။ ထင်ရှားပန်းလည်းဟူ။

ပြီးလျှင် ဘုရားသဗ္ဗညူ၏ ဥတုဇရုပ်ကလာပ်တော်၌ စွပ်လျှပူဇော်လိုက်လေသည်။ ရွှေရောင်အဆင်း ဝါဝင်းသော ဘုရားဇိနော်၏ ဥတုဇရုပ်ကလာပ်တော်သည် ရတနာခုနစ်ပါးဖြင့် ခြယ်စီအပ်သော အဖိုး ကိုးကုဋေတန် မဟာလတာ တန်ဆာဖြင့် တန်ဆာဆင်အပ်ရကား အလွန်အမင်းလှပတင့်တယ်လှပေသည်။[1] ရင်းနောက် မလ္လာမင်းများသည် ဘုရားဇိနော်ရုပ်ကလာပ်တော်ကို မဟာလတာ တန်ဆာနှင့်တကွ ချီမ၍ အရွှေတံခါးမှ ထုတ်ယူပင့်ဆောင်ကြပြီးလျှင် ကုသိနာရုံမြို့တော်၏ အရှေ့မျက်နှာ မလ္လာမင်းတို့၏ မကုဋဗန္ဓနမည်သော စေတီဌာန၌ ရုပ်ကလာပ်တော်ကို ချထားကြကုန်၏။

ဥတုဇရုပ်ကလာပ်တော်၌ ဆောင်ရွက်ပုံအစီအရင်

မလ္လာမင်းတို့သည် ဘုရားဇိနော်၏ ဥတုဇရုပ်ကလာပ်တော်ကို အရှင်အာနန္ဒာ မိန့်ကြားတော်မူသည့်အတိုင်း စကြာဝတေးမင်းတို့၏ရုပ်ကလာပ်အစီအရင်နည်းတူ အသစ်စက်စက်အဝတ်ဖြင့် ရစ်ပတ်ပြီးလျှင် ဝါဂွမ်းနှဲဖြင့် ရစ်ပတ်ကြကုန်၏။ ဝါဂွမ်းနှဲဖြင့် ရစ်ပတ်ပြီးလျှင် အသစ်စက်စက် အဝတ်ဖြင့် ရစ်ပတ်ကြကုန်၏။ ဤနည်းနှင်နှင် အဝတ်စုံငါးရာတို့ဖြင့် ရစ်ပတ်ကြပြီးလျှင် ဆီထည့်ထားသော ရွှေခေါင်း၌ထည့်သွင်းကြလျက် ရွှေခေါင်းဖုံးဖြင့် ဖုံးအုပ်ပြီးသော် နံ့သာမျိုးစုံတို့ကို သံတောင် တစ်ရာ့နှစ်ဆယ် မြင့်သော ထင်းပုံပြုလုပ်၍ ရုပ်ကလာပ်တော်ကို ထို ထင်းပုံထက်၌တင်ထားကြကုန်၏။[2]

၂၆၆။ ဝေဠိ ဇိနဝိဂ္ဂဟံ၊ သဒ္ဓါ နရမရာ ဗဟူ။
အနေကေဟိ ဘိပူဇေသုံ၊ သမ္ဗုဒ္ဓေ နိန္နမာနသာ။

အရှင်မဟာကဿပနှင့် ရဟန်းငါးရာ

ထိုစဉ်အခါဝယ်ဘုရားမြတ်စွာ၏တတိယသာဝကကြီး ဖြစ်တော်မူသော အရှင်မဟာကဿပသည် ပါဝါမြို့တွင်း၌အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်တော်မူပြီးကုသိနာရုံမြို့သို့ ကြွမည်ဟု ရည်စူးကြံ ဆင်ခြင်တော်မူကာရဟန်းငါးရာတို့နှင့်အတူတကွ ပါဝါမြို့မှ ကုသိနာရုံသို့ ကြွတော်မူလာလေသည်။

၁။ အကျယ်-ဝိမာန၊ ဋ္ဌ။ ၁၅၀-၁၅၅-ကြည့်။
၂။ ဒီ၊ ၂။ ၁၃၁-၃။ ဒီ၊ ဋ္ဌ၊ ၂။ ၁၇၇-၉။

ထိုအခါ အရှင်မဟာကဿပသည် ဥတုရာသီ ပူပြင်းလှသဖြင့် ညနေချမ်းကာလမှ ကုသိနာရုံသို့ အရောက်သွားမည်ဟု ကြံဆင်ခြင်ကာ ခရီးမမှ ဖဲ၍ သစ်ပင်တစ်ပင်အောက်၌ သင်္ကန်းကြီးကိုခင်းပြီးလျှင် ရေဘူးမှရေဖြင့်လက်ခြေတို့ကို ဆွတ်ဖျန်းအေးချမ်းစေပြီး ခေတ္တခဏရဟန်းများနှင့်အတူ အပင်ပန်းဖြေ နားနေတော်မူလေသည်။ရဟန်းများအနက် အချို့က ကမ္မဋ္ဌာန်းနှလုံးသွင်းဆင်ခြင်ကြကုန်၏။ အချို့က ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကို ပြောဆိုကြကာ ထိုင်နေကြလေကုန်၏။

ထိုအခါ တက္ကတွန်း တစ်ယောက်သည် ကုသိနာရုံမြို့မှမန္ဒာရဝနတ်ပန်းမွှင့်ကြီး တစ်ပွင့်ကို အရိုးငှားတပ်ပြီးလျှင် ထီးကဲ့သို့ ဆောင်းမိုးယူဆောင်ကာ ပါဝါမြို့ဘက်သို့ လာလေ၏၊ အရှင်မဟာကဿပသည် ထိုတက္ကတွန်းလာနေသည်ကို အဝေးကပင် မြင်တော်မူ၍ သက်တော်ကြီးပြီဖြစ်သော ငါ့ဆရာ ဘုရားမြတ်စွာသည် ကေန်ပင် ပရိနိဗ္ဗာန်စံတော်မူပြီဖြစ်လိမ့်မည်ဟု ကြံစည်တော်မူပြီးနောက် တက္ကတွန်းကို မေးလိုသဖြင့် နေရာမှထကာ တည်ရင်းစွဲနေရာမှ အနည်းငယ်ဖဲယတ်၍ ဆဒ္ဒန်ဆင်မင်းသည် ပတ္တမြားဦးခက်ကို ဆင်ရွက်ခြုံရုံသည့်ပမာ ဘုရားမြတ်စွာ လဲလှယ်ပေးအပ်သော မိုးတိမ်ညိုအဆင်းရှိသော ပံ့သကူသင်္ကန်းတော်ကိုခြုံရုံတော်မူ၍ လက်သည်းဆယ်ပွင့်ဖြင့် တင့်တယ်တောက်ပသော လက်အုပ်လက်ဖူးကို ဦးထိပ်ထက်တင်ထားပြီးလျှင် ဘုရားသဗ္ဗညူ၌ ပြုအပ်သော ရိုသေလေးစားခြင်းဖြင့် တက္ကတွန်းဘက်သို့ မျက်နှာမူလျက် "အို....တက္ကတွန်း သင်သည် ငါတို့ဆရာ ဘုရားမြတ်စွာကို သိပါသလော" ဟု မေးတော်မူလေ၏။ ထိုအခါ တက္ကတွန်းက အို....အရှင်မဟာကဿပ အရှင်ဘုရားတို့၏ ဆရာ ဘုရားမြတ်စွာကို အကျွန်ုပ်သိပါသည်၊ ရဟန်းဂေါတမ ပရိနိဗ္ဗာန်ပြုတော်မူသည်မှာ ယနေ့ ခုနစ်ရက် ရှိခဲ့ပါပြီ။ ထိုပရိနိဗ္ဗာန်ပြုရာ အရပ်မှ ဤမန္ဒာရဝနတ်ပန်းကို ယူလာခဲ့ပါသည်" ဟု ပြန်ကြား ပြောဆိုလေ၏။

ထိုအခါ အရှင်မဟာကဿပ၏ ပဉ္စသမဏ ရဟန်းငါးရာ တို့တွင် ရာဂမကင်းသေးသော ရဟန်းတော်အချို့တို့ သောကမီး တောက်ကြသည်။ မျက်ရည်လွတ်စို ငိုယိုကြသည်။ အို ဘုရားရှင်....အလွန်လျှင် ကာလတိုတောင်းစွာ ပရိနိဗ္ဗာန် ပြုတော်မူခဲ့လေပြီတကား။ သတ္တလောက၏ မျက်စိပမာ ဘုရားမြတ်စွာသည် လောကမှ ကွယ်ပျောက်ခဲ့လေပြီတကား

စသည်ဖြင့် ပြောပြောဆိုဆို လက်မောင်းကို မြှောက်၍ ငိုယိုကြသည်။ ကမ်းပါးပြတ်၌ ကျသကဲ့သို့ လဲကျကြကုန်၏။ ထိုထိုဤဤ လူးလိမ့်၍လည်း ငိုကြွေးကြကုန်၏။

ကာမရာဂကင်းပြီးရဟန်းတို့သည်ကား ရုပ်နာမ်ဓမ္မ သင်္ခါရတို့ မမြဲခြင်း သဘော ရှိကြကုန်၏။ ဤပြုပြင်ရသော သင်္ခါရဘရားထဲမှာ ထိုမြဲမှုသဘော ကို အဘယ်မှာလျှင် ရနိုင်ပါအံ့နည်း မရနိုင်သည်သာတည်းဟု အောက်မေ့ ဆင်ခြင် သည်းခံနိုင်ကြကုန်၏။

၂၆၇။ သုတွာ ဗုဒ္ဓဿ နိဗ္ဗာနံ၊ ကန္ဒန္တိ သရာဂါ ဇနာ။[1]
ဝီတရာဂါ သမ္ဗုဇ္ဇာနာ၊ သတာ သံဝေဂသံယုတာ။

သုဘဒ္ဒ တောထွက်ရဟန်းကြီး၏ ရင့်သီးသည့်စကား

ထိုအခါ သုဘဒ္ဒမည်သောတောထွက်ရဟန်းကြီးသည် ထိုရဟန်းငါးရာ ပရိသတ်၌ ပါဝင်လိုက်ရှိသည်။ ရာဂမကင်းသော ရဟန်းတော်အချို့ သောကပိုမို ငိုယိုသောအခါ ယင်း သုဘဒ္ဒတောထွက်ရဟန်းကြီးက....

အို-ငါ့ရှင်တို့....တော်ကြပါ မစိုးရိမ်ကြပါနှင့်၊ မငိုကြပါနှင့်၊ တပည့် တော်တို့တတွေသည် ရဟန်းကြီးဂေါတမမှ ကောင်းစွာလှလှ လွတ်မြောက် ကြကုန်ပြီ။ ထိုရဟန်းကြီး ဂေါတမသည် တပည့်တော်တို့ကို ဤအရာ သင်တို့အဖို့ အပ်သည်၊ ဤအရာ သင်တို့အဖို့ မအပ်ဟု ချုပ်ချယ်ခဲ့ပေ၏။ ယခုအခါ တပည့်တော်တို့ အလိုရှိရာပြုလုပ်နိုင်ကြ၍ အလိုမရှိရာ မပြုလုပ်ဘဲ နေနိုင်ကြကုန်တော့အံ့-ဟု ရင့်ရင့်သီးသီး ပြောဆိုလေသည်။[2]

၂၆၈။ မာ သောစိတ္ထာတိ အာဒိကံ၊ ဝစနံ သုဘဒ္ဒါ ဝဒိ။
ပါပကော သော ဟိ သုဘဒ္ဒေါ၊ ဝုဍ္ဍပဗ္ဗဇိတော ယတိ။

သုဘဒ္ဒ ရဟန်းကြီး၏ အကြောင်းအရာဖြစ်စဉ်

သာသနာ့အန္တရာယ် သုဘဒ္ဒ တောထွက်ရဟန်းကြီး၏ အကြောင်းအရာ ကား ဤသို့တည်း....

တစ်ချိန်၌ လူဖြစ်စဉ်ဝယ် ဆတ္တာသည် ဖြစ်ခဲ့ဖူးသော ထိုသုဘဒ္ဒ တော ထွက်ရဟန်းကြီးသည် သာယာသောစကား ဝါစာ, ဆန်းကြယ်စွာသော

၁။ ဇနာ = ရဟန်းတို့သည်ဟု ယောဇနာရာ၏။
၂။ ဒီ၊ ဋ္ဌ၊ ၁၃၃-၄။

အတတ်ရှိ၍ မိမိတို့ဆရာအတတ်ဖြစ်သော ဆတ္တာအမှုလုပ်ငန်း၌ ကျွမ်းကျင်လိမ္မာကြသည့် သား သာမဏေနှစ်ပါးနှင့်အတူတကွ အာတုမမြို့၌ နေလေသည်။

ဘုရားမြတ်စွာသည် ရဟန်းတော်တစ်ထောင့်နှစ်ရာငါးဆယ်(၁၂၅၀)နှင့်အတူ ကုသိနာရုံမြို့မှ အာတုမမြို့သို့ ကြွတော်မူရာ သုဘဒ္ဒရဟန်းကြီးသည် ဘုရားမြတ်စွာ ကြွလာကြောင်း ကြားသိရသဖြင့် ဘုရားမြတ်စွာ အာတုမမြို့ရောက်လျှင် ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်အပေါင်းအား ယာဂုအလှူကြီး ပေးလှူအံ့ဟုကြံစည်ကာ သား သာမဏေငယ်နှစ်ပါးတို့ကို "အို-သားများတို့.... ဘုရားမြတ်စွာသည် ရဟန်းတော်ပေါင်း တစ်ထောင့် နှစ်ရာ ငါးဆယ်(၁၂၅၀)နှင့်အတူ အာတုမမြို့သို့ ကြွလာတော်မူလာသတတ်။ သင်တို့ သွားကြကုန်လော့၊ သင်ဓုန်းအိတ်ကို ယူဆောင်ကြကာ ခွက်ဖြင့်လည်းကောင်း၊ အိတ်ဖြင့်လည်းကောင်း၊ အိမ်တိုင်းအိမ်တိုင်း လှည့်လည်ကြကုန်လော့။ ဆား၊ ဆီ၊ ဆန်၊ ခဲဖွယ်များကို ရသမျှစုရုံးဆောင်ယူခဲ့ကြကုန်လော့။ ဘုရားမြတ်စွာရောက်တော်မူလာလျှင် ယာဂုအလှူဒါနကြီး ပေးလှူကြအံ့"ဟု ပြောဆိုစေလွှတ်လိုက်လေသည်။

သား သာမဏေငယ်တို့သည် ဖခင်ရဟန်းကြီး ပြောဆို စေခိုင်းသည့်အတိုင်း ပြုလုပ်ကြလေသည်။ မြို့သူမြို့သား လူအများတို့သည် အသံသာယာ ပညာဆန်းကြယ်သော ထို သာမဏေငယ် နှစ်ပါးတို့ကို တွေ့မြင်ကြရ၍ ဆံမုတ်ဆိတ်ကို ပယ်ရိတ်ပြုပြင်လိုကြသူ မပြုပြင်လိုကြသူ အားလုံးတို့သည်ပင်လျှင် အပြုပြင်ခိုင်းကြလေသည် ပြုပြင်ပြီးသောအခါ "ချစ်သားတို့ သင်တို့သည် ဘယ်အရာဝတ္ထုကို ယူကြမည်နည်း"ဟု လူများက မေးကြသည်ရှိသော် ထို သာမဏေငယ် နှစ်ပါးတို့သည် အကျွန်ုပ်တို့ အခြားဝတ္ထုတစ်စုံတစ်ရာ အလိုမရှိပါ၊ စင်စင်သော်ကား အကျွန်ုပ်တို့၏ဖခင်ရဟန်းကြီးသည် ဘုရားမြတ်စွာ ကြွလာတော်မူသောအခါ ယာဂုအလှူကြီး ပေးလှူလိုပါသည်"ဟု ပြောဆိုကြလေသည်။

ထိုစကားကို ကြားရလေလျှင် လူတို့သည် တန်ရာတန်ကြေး မရေတွက်ကြဘဲ ထိုသာမဏေငယ်များ ဆောင်ယူနိုင်ကြသလောက် အားလုံးကို ပေးကြသည့်ပြင် သာမဏေငယ်များ မသယ်ဆောင်နိုင်သည့် ဆန်၊ ဆီ၊

ဆား, ခဲဖွယ်များကိုလည်း မိမိတို့အိမ်မှ အမှုလုပ် အစေအပါးလူများကို ပို့စေကြကုန်၏။

ထို့နောက် ဘုရားမြတ်စွာ အာတုမမြို့သို့ ရောက်၍ ကောက်ရိုးအုံ ကျောင်း၌ သီတင်းသုံးတော်မူလေသည်။ ထိုအခါ သုဘဒ္ဒ တောထွက် ရဟန်းကြီးသည် တစ်ညလုံး ဒကာများဖြင့် ကြပ်မခိမ်လျက် ငွေအသပြာ ကျပ် တစ်သိန်းတန် စွန့်လွှတ်ကာ အလွန် ကောင်းမြတ်သော ယာဂုကို ကျိုချက်စေကာ ညဉ့်ကိုလွန်မြောက် နံနက်ခင်းလင်းစတွင် ဘုရားမြတ်စွာ ကိုယ်လက်သုတ်သင်ပြီး၍ ရဟန်းများနှင့်အတူ အာတုမမြို့ ဆွမ်းခံဝင် ကြွတော်မူလာရာ သုဘဒ္ဒရဟန်းကြီးသည် လက်တစ်ဖက်က ယောက်မ ယောက်ချိုများကို စွဲကိုင်ကာ လက်ယာဒူးဝန်းကို မြေဝယ်ချကာ ထိုင် လျက် ဘုရားမြတ်စွာကိုရှိခိုးပြီး "ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား.... ဘုရားမြတ်စွာသည် တပည့်တော်၏ မွန်မြတ်သော ယာဂုကို အလှူခံတော် မူပါဘုရား" ဟု လျှောက်ထား၍ ဆက်ကပ်လေရာ ဘုရားရှင် မေးမြန်း သိရှိတော်မူလေရာ အမျိုးမျိုး အဖုံဖုံ ကဲ့ ရဲ့ ရှု တ် ချ တော် မူ ပြီး လျှင် ထိုအကြောင်းဝတ္ထု၌ (၁) အကပ္ပိယသမာဒါနသိက္ခာပုဒ် ဥပဒေတော်= မအပ်စပ်သောအရာ၌ ဆောက်တည်စေသော ရ ဟန်း ပြုလုပ် စေ သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ....ဟု ပညတ်အပ်သော သိက္ခာပုဒ် ဥပဒေတော်နှင့် (၂) ခုရဘဏ္ဍပရိဟရဏသိက္ခာပုဒ် ဥပဒေတော်=သင်မုန်း အိတ်ကို ဆောင်ယူသော ဆတ္တာသည်ဖြစ်ခဲ့ဖူးသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်စေ....ဟု ပညတ်အပ်သော သိက္ခာပုဒ်ဥပဒေဘော် ဤ သိက္ခာ ပုဒ် ဥပဒေတော်နှစ်ပါးကို ပညတ်တော်မူပြီးလျှင်....

အို-ချစ်သားရဟန်းတို့....ကုဋေများစွာကမ္ဘာကာလပတ်လုံး အစာအာ ဟာရဘောဇဉ်ရှာမှီးကြလျက်သာ သင်ချစ်သားတို့ အချိန်ကို လွန်စေခဲ့ကြ ကုန်ပြီ။ ဤယခု သုဘဒ္ဒ တောထွက်ရဟန်းကြီး လှူဒါန်းသည့် ယာဂု ဆွမ်းသည်ကား ချစ်သားတို့အတွက် လုံးဝ မအပ်သည့် မတရားသဖြင့် ဖြစ်သော ဘောဇဉ်ဖြစ်ချေသည်။ ဤဘောဇဉ်ကိုစားသုံးသောရဟန်းများ ဘဝထောင်ပေါင်းများစွာ အပါယ်လေးပါး ဖြစ်ကြရလိမ့်မည်။ ချစ်သား တို့....ဖယ်ရှားကြပါ၊ မခံယူကြကုန်လင့်" ဟုမိန့်တော်မူပြီးလျှင်ဆက်လက်၍ ကြွတော်မူကာ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည် ကြွချီတော်မူလေသည်။

သို့ဖြစ်၍ သုဘဒ္ဒ တောထွက်ရဟန်းကြီးသည် စိတ်မသက်သာ နှလုံးမသာမယာဖြစ်ကာ "ဤရဟန်းကြီးသည် သိစရာရှိသမျှ ဘာမှမကျန်အောင် သိသည်"ဟု ပြောဆိုကာ လှည့်လည်၏။ အကယ်၍ မခံယူလိုလျှင် တစ်ယောက်ယောက်စေလွှတ်၍ ပြောကြားသင့်သည်။ ဤယခု ကျိုချက်ပြီး အာဟာရမည်သည် အကြာဆုံးခံလှမှ ခုနစ်ရက်မျှသာ ခံနိုင်လေရာ၏။ ဤယခု ကျိုချက်ပြီး အစာအာဟာရသည် အစိမ်းလိုက်ထားပါက ငါ့အတွက်တာ တစ်သက်ပတ်လုံးစားသောက်နိုင်လေရာ၏။ ယခုမူ အားလုံးကိုရဟန်းကြီး ဖျက်ဆီးပစ်လေပြီ။ ဤရဟန်းကြီးကား ငါ့အပေါ် အကျိုးမဲ့လိုလားသော "ရန်သူဖြစ်ချေသည်-ဟု ကြံစည်အောက်မေ့ပြီးလျှင် ဘုရားမြတ်စွာအပေါ် ရန်ငြိုးဖွဲ့၍ "ဤရဟန်းကြီးကား မြင့်မြတ် အထက်တန်းစားသာကီဝင် မင်းမျိုးမှ ရဟန်းပြုသည့် အထက်တန်းစား ပုဂ္ဂိုလ်တစ်ပါးဖြစ်သည်။ တစ်စုံတစ်ရာ ငါက ပြောလျှင် ငါ့ကိုသာ ခြိမ်းခြောက်ပေလိမ့်မည်"ဟု ကြံစည်တွေးတောလျက် ဘုရားဇိနေဝ် သက်တော်ထင်ရှားရှိစဉ်အခါ၌ တစ်စုံတစ်ရာ မပြောဆိုဝံ့ခဲ့ချေ။

ထိုသုဘဒ္ဒ တောထွက်ရဟန်းကြီးသည် ယနေ့သော်ကား ဘုရားဇိနေဝ် ပရိနိဗ္ဗာန်စံတော်မူပြီ ဟူသော သတင်းစကားကို ကြားရ၍ သက်သာရာရသကဲ့သို့ ဖြစ်ရှိကာ လွန်စွာဝမ်းမြောက်သဖြင့် "အို အရှင်ဘုရားတို့.... တော်ကြပါ မျက်ရည်လွှတ်စို မငိုကြပါနဲ့" စသည်ဖြင့် ပြောဆိုခြင်း ဖြစ်လေသည်။

အရှင်မဟာကဿပမထေရ်၏ စိတ်အကြံတော်

အရှင်မဟာကဿပမထေရ်သည် သုဘဒ္ဒတောထွက်ရဟန်းကြီး၏ရင့်ရင့်သီးသီး ပြောဆိုအပ်သောစကားကို နားပသာဒဖြင့် ကြားတော်မူရလျှင် နှလုံးသားကို ရိုက်ပုတ်လိုက်သကဲ့သို့လည်းကောင်း၊ ဦးထိပ်ထက်၌ မိုးကြိုးစက် ကျသကဲ့သို့လည်းကောင်း အောက်မေ့တော်မူလေသည်။

အရှင်မဟာကဿပမထေရ်မြတ်၏ စိတ်သန္တာန်ဝယ် "သြော်.... ဘုရားဇိနေဝ် ပရိနိဗ္ဗာန်စံတော်မူသည်မှာ ခုနစ်ရက်မျှသာ ရှိသေးသည်။ ယနေ့ပင်လည်း ထိုဘုရားဘုန်းခေါင်၏ ရွှေရောင်အဆင်း ဝါဝင်းသော သရီရ

၁။ ဝိ၊၃။ ၃၄၇-၈-ကြည့်။

ခေတ် ဥတုဇရုပ်ကလာပ်တော်ကြီး အထင်အရှား ရှိနေပေသေး၏။ဘုရား မြတ်စွာ ကိုယ်တော်မြတ်ကြီး၏ ဆင်းရဲပင်ပန်း ငြိုငြင်စွာ တည်ထောင်အပ် သော သာသနာတော်မြတ်ကြီး၌ သို့ကလောက်စဉ် လျင်မြန်လှစွာ ရဟန်း ဆိုး ရဟန်းယုတ် ဟူသော အမှိုက်သရိုက် ဆူးငြောင့် ခလုတ်များထင်ရှား ဖြစ်ပေါ်ဘိ၏။ ဤအယုတ်တမာ ရဟန်းကြီးကား မဟန့်တားသဖြင့် ကြီးပွားလာခဲ့ပါလျှင် သူလိုပင် အခြားတစ်ပါး ရဟန်းယုတ် အသင်း အပင်း အဖော်အပေါင်းတို့ကို ရ၍ ဘုရားမြတ်စွာသာသနာတော်ကြီးကို ဆုတ်နစ်စေနိုင်သည်ဟု ဆင်ခြင်တော်မူကာ တရားသံဝေ ကြီးစွာဖြစ် တော်မူလေသည်။

၂၆၉။ သုဘဒ္ဒဿ ဝစော သုတွာ၊ သာသနဋ္ဌိတိကာမိနော။
ဓမ္မသံဝေဂေါ ဥပ္ပဇ္ဇိ၊ ကဿပဿ မဟေသိနော။

သံဂါယနာတင်ရန် အကြံအစည်များ ဖြစ်ပွားခြင်း

ဎင်းနောက် ဆက်လက် အကြံအစည်ဖြစ်ပုံမှာ ဤသို့တည်း....

"အကယ်၍ ငါသည် ဤတောထွက်ရဟန်းကြီး သုဘဒ္ဒကို ဤအရပ် မှာပင် ပုဆိုးကြမ်း ဝတ်စေလျက် ပြာဖြင့်ကြဲဖြန့်ကာ နှင်ထုတ်လိုက်လျှင် လူများစွာတို့က ရဟန်းဂေါတမ၏ ဥတုဇရုပ်ကလာပ် ထင်ရှားရှိနေစဉ်မှာ ပင် သူ့ရဲ့ တပည့်တပန်းတွေ အငြင်းပွားကြလေကုန်ပြီ"ဟု ငါတို့အပေါ် အပြစ်တင်ကြ ပြောဆိုကြလိမ့်မည်၊ ငါကား ချုပ်တည်း သည်းခံဦးမည်။

ဘုရားဇိနော် ဟောတော်မူအပ်သောတရားတော်များသည် မကုံးမသီ ရသေးသော ပန်းပုံကြီးသဖွယ် ဖြစ်ရှိနေသေးသည်။ ထိုတရားပန်းပုံကြီး ဝယ် လေ တိုက်ခတ်အပ်သည့် မသီကုံးရသေးသောပန်းများ တဖျင့်တပါး ကစဉ့်ကလျား လွင့်ပါးသွားနိုင်သကဲ့သို့ ထို့အတူ ဤသုဘဒ္ဒ တောထွက် ရဟန်းကြီးကဲ့သို့သော အယုတ်တမာပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် အချိန် အခါ လွန်၍ လွန်၍ သွားခဲ့လျှင် ဝိနည်းပိဋကတော်ဝယ် သိက္ခာပုဒ် တစ်ခုစ, နှစ်ခုစ ပျောက်ပျက်ကုန်လိမ့်မည်။ သုတ္တန်ပိဋကတော်၌ အမေး အဖြေ တစ်ခုစ,နှစ်ခုစ ပျောက်ပျက်ကုန်လိမ့်မည်။ အဘိဓမ္မာ ပိဋကတော်၌ ကာမာဝစရတရား, ရူပါဝစရတရား, အရူပါဝစရတရား, လောကုတ္တရာ တရားတည်းဟူသော တရားထူးများ တစ်ပါးစ,နှစ်ပါးစ ပျောက်ပျက် ကုန်လိမ့်မည်။

ဤနည်းဖြင့် ဘုရားဇိနေ၁် သာသနာတော်၏ အရင်းအမြစ်ဖြစ်သည့် သုတ်,ဝိနည်း,အဘိဓမ္မာပိဋကတော်များ ပျောက်ပျက်ကုန်လျှင် နှိုင်းခိုင်း ဖွယ် ဥပမာအားဖြင့် သစ်ပင်၌ စိုးအုပ်မှီဘှယ်နေသော မြေဖုတ်ဘီလူး သည် ထိုသစ်ပင်၏ အကိုင်းအခက်တွေ ပျောက်ပျက်လျှင် ပင်စည်ကိုမှီ၍ နေနိုင်သေး၏။ ပင်စည်ပျောက်ပျက်လျှင် အမြစ်ကို မှီဘှယ်၍ နေနိုင်သေး ၏။ အမြစ်ပျောက်ပျက်လျှင်ကား လုံးဝမှီရာမရှိတော့သကဲ့သို့ ထို့အတူ ငါတို့သည်လည်း မှီခိုအားထားရာ ကင်းမဲ့သူများ ဖြစ်ကြရပေတော့မည်။ တစ်နည်း-ဖခင်ဖြစ်သော မြေဖုတ်ဘီလူးသည် မိမိ၏သားငယ် မြေဖုတ် ဘီလူးအား ကိုယ်ပျောက်ဆေးမြစ်တစ်ခု ပေးထားခဲ့ရာ ထိုကိုယ်ပျောက် ဆေးမြစ် ပျောက်ပျက်သော မြေဖုတ်ဘီလူးငယ်သည် ထောက်ရာ တည်ရာ အားကိုးရာ မရနိုင်သလို ပိဋကတော်များ ပျောက်ပျက်၍ သွားကုန်လျှင် ငါတို့သည်လည်း ထောက်ရာ တည်ရာ အားထားရာမရ ဖြစ်ကြရပေတော့ မည်။ သို့ဖြစ်ရကား ငါတို့သည် ဓမ္မဝိနယ သံဂါယနာတင်ကြမည်။ဤကဲ့သို့ သံဂါယနာတင်လျှင် ပန်းသီကြိုးဖြင့် ကောင်းမွန်သေသပ်စွာ သီကုံးအပ် သော ပန်းများပမာ ဤဓမ္မဝိနယ သာသနာတော်ကြီးသည် မတုန်မလှုပ် မယိမ်းမယိုင် ကြံ့ခိုင်တည်တံ့ အရှည်ခံပေလိမ့်မည်။

ဤသို့ ဓမ္မဝိနယ သံဂါယနာတင်ရန်အတွက် ဘုရားမြတ်စွာသည် ငါ့အား သုံးဂါဝုတ် ကွာလှမ်းသော အရပ်ဘိုင်တိုင် ကြွရောက်ကာ ခရီး ဦးကြိုဆိုမှု ပြုတော်မူခဲ့လေသည်။ အဆုံးအမခြဝါဒသုံးဝဖြင့် ရဟန်းဘဝ ဒုလ္လဘကို ပေးတော်မူခဲ့လေသည်။ ရွှေကိုယ်တော်မြတ် ဝတ်ရုံဆဲသင်္ကန်း တော်ကို ခွာတော်မူကာ ငါ၏ကိုယ်ဝယ် ဝတ်ရုံဆဲသင်္ကန်းနှင့် သင်္ကန်း ချင်းလဲလှယ်မှု ပြုတော်မူခဲ့လေသည်။ မိုးဝကောင်းကင်၌ လက်တော်ကို လှုပ်ပြ၍ စန္ဒူပမ အကျင့်ပဋိပတ်ကို ဟောတော်မူရာမှာလည်း ငါ့ကို ကိုယ်တော်မြတ်၏မျက်မှောက်သက်သေပြု၍ဟောကြားတော်မူခဲ့လေသည်။ ငါ့အား သုံးကြိမ်တိုင်တိုင် သာသနာ့ အမွေဥဿုံ အလုံးစုံကို အပ်နှင်း တော်မူခဲ့လေသည်။[၁]

ငါနှင့် ဘုန်းကြွယ်မြတ်စွာ သားတော် သာဝက ရဟန်းတစ်ပါး ထင်ရှားမသေ့ ရှိနေစဉ် ဤစိတ်နေသေးနုပ် သူယုတ်မာသည် သာသနာ

၁။ သံ၊ ၁။ ၃၉၉-၄၂၃-ကြည့်၊

တော်၌ ကြီးပွားခြင်း မရစေလင့်။ မတရား အခမ္မများ မထွန်းကားသေးမီ, တရားဓမ္မကို မဘားမြစ်အပ်သေးမီ, ဘုရားဇိနေဉ် အဆုံးအမတော် မဆုတ်ယုတ်မီ, အဝိနယများမထွန်းကားသေးမီ, ဘုရားမြတ်စွာ အဆုံးအမ ဝိနယတရားတော်များ မတားမြစ်အပ်သေးမီ, မဟုတ်တရား ပြောကြားလေ့ရှိကြသည့်အဓမ္မဝါဒီတို့ အားမရှိသေးမီ, တရားသောအရာများကိုသာ ပြောကြားလေ့ရှိကြသည့် ဓမ္မဝါဒီတို့ အားမနည်း အားမနဲ့ကြသေးမီ, ဘုရားမြတ်စွာ အဆုံးအမ မဟုတ်သောအရာကို ပြောကြားလေ့ရှိကြသည့် အဝိနယဝါဒီတို့ အားမကောင်း အားမရှိကြသေးမီ, ဘုရားဇိနေဉ်အဆုံးအမ တရားတော်ကို ပြောဆိုလေ့ရှိကြသော ဝိနယဝါဒီတို့ အားမနည်း အားမနဲ့ကြသေးမီ, ငါသည် သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်များကို သံဂါယနာတင်ရမည်။ ထိုသို့ သံဂါယနာတင်ပါက ရဟန်းတို့သည် မိမိတို့စွမ်းနိုင်သလောက်, ဟတ်နိုင်သလောက် ဉာဏ်ငုံနိုင်သလောက် သင်ယူကြကာ အပ်, မအပ် ဝိနည်းစကား ပြောကြား ဆွေးနွေး ကြလိမ့်မည်။ ထိုအခါ မကောင်းဆိုးစွာ ဤသူယုတ်မာသည် မိမိအလိုလိုပင် အနှိမ်ခံရခြင်းသို့ ရောက်ရှိကာ ဦးခေါင်းတစ်ဖန် ထောင်ဝံ့တော့မည် မဟုတ်သည့်ပြင် ဘုရားမြတ်စွာ သာသနာတော်သည်လည်း ပြည့်စုံစည်ပင် သာယာဝပြောခြင်းသို့ ရောက်လိမ့်မည်။[၁]

ဤကဲ့သို့ သုတ်, အဘိဓမ္မာ, ဝိနည်းကို ပေါင်းစုရွတ်ကာ သံဂါယနာတင်ရန် အကြံအစည်များ ဆက်လက်ဖြစ်ပွားလာလေသည်။ အရှင်မဟာကဿပမထေရ်မြတ်သည် ငါ့သန္တာန်မှာ ဤသို့သော စိတ်အကြံအစည်ဖြစ်သည် ဟူ၍ ရဟန်းတစ်ပါးအားမျှ အခြားသူ တစ်ဦးတစ်ယောက်အားမျှ မိန့်ကြားတော်မမူဘဲ စိုးရိပ်ပူဆွေးကြသော ရာဂမကင်းသေးသော ရဟန်းအပေါင်းအား ငါ့ရှင်တို့....တော်ကြပါ၊ မစိုးရိမ်ကြနှင့်၊ မငိုကြွေးကြနှင့်၊ ချစ်ခင်မြတ်နိုးအပ်သူ အားလုံးတို့နှင့် ရှင်ကွဲကွဲခြင်း၊ သေကွဲကွဲခြင်း, ဘဝခြားကာ ကွဲကွာခြင်းကို ရှေးဦးမဆွကပင် ဘုရားရှင် ဟောကြားခဲ့ပြီ မဟုတ်လော။ ငါ့ရှင်တို့....ဤအရာဝယ် အသစ်ဖြစ်ပေါ်လာခြင်း, ထင်ရှားဖြစ်ပေါ်လာခြင်း, ပြုပြင်ပေးရခြင်း သဘောရှိ၍ ပျက်စီးခြင်း သဘောရှိသော တရားကို 'မပျက်စီးပါစေနှင့်'ဟု လိုလားတောင့်တချက်အတိုင်း

၁။ ဝိ၊ ၄။ ၄၇၀-၁။ ဒီ၊ ၂။ ၁၃၄။

အဘယ်မှာလျှင် ရနိုင်ပါမည်နည်း၊ ဤသို့ ရနိုင်ရန် အကြောင်းမရှိချေ'ဟု သက်သာရာရအောင် တရားစကား ဟောကြားတော်မူခဲ့လေသည်။[၁]

၂၇၀။ သောကာဘိဘူတဘိက္ခုနံ၊ ဘိက္ခုနံ ပါမောက္ခော ဝိဒ္ဒါ။
နိဿောကတ္တာယ ထေရိန္ဒော၊ ဓမ္မံ အနုပ္ပကံ အကာ။

အလောင်းတော်ကို မီးသင်္ဂြိုဟ်ကြခြင်း

ထိုအခါ အားခွန်ဗလ ကောင်းသော မလ္လာမင်း လေးဦးတို့သည် ဦးခေါင်းကို သန့်စင်အောင် ဆေးကြကာ အဝတ်သစ်များ ဝတ်ဆင်ကြကုန်လျက် ဥတုဇရုပ်ကလာပ် တင်ထားရာ နံ့သာထင်းပုံကို မီးတိုက်ကြကုန်မည်ဟု ရည်ရွယ်ကာ မီးတိုက်ကြလေရာ မည်သည့်နည်းနှင့်မျှ မီးစွဲလောင်စေခြင်းငှာ မတတ်နိုင်ဘဲ ရှိကြသည်။

ထိုအခါ မလ္လာမင်းတို့က အရှင်အနုရုဒ္ဓါမထေရ်ကိုမီးမစွဲလောင်ခြင်း၏ အကြောင်းကို မေးလျှောက်ကြသဖြင့် အရှင်အနုရုဒ္ဓါမထေရ်က "အိုဝါသေဋ္ဌနွယ်ဖွား မလ္လာမင်း....အရှင်မဟာကဿပသည် ပါဝါမြို့မှ ကုသိနာရုံမြို့သို့ ရဟန်းသံဃာတော် ငါးရာနှင့်အတူ ကြွလာတော်မူလျက်ရှိသည်။ အရှင်မဟာကဿပသည် ဘုရားဗိနော် ခြေတော်တို့ကို ဦးခိုက်၍ ရှိမခိုးရသေးမီ မြတ်စွာဘုရားအလောင်းတော်တည်ရှိရာ နံ့သာထင်းပုံသည် မီးမလောင်စေသတည်းဟု နတ်တို့အလိုဆန္ဒ ဖြစ်လျက်ရှိသည်"ဟု မိန့်တော်မူလေရာ မလ္လာမင်းတို့က "အရှင်ဘုရား...နတ်များ၏ အလိုဆန္ဒအတိုင်းသာ ဖြစ်ပါစေလော့"ဟု လျှောက်ထားကြကုန်၏။

ထိုအကြောင်းကို လူအပေါင်းတို့ ကြားသိကြ၍ "အို-အချင်းတို့.... အရှင်မဟာကဿပ အမည်တော်ရှိသော ရဟန်းတော်သည် ရဟန်းသံဃာတော် ငါးရာတို့နှင့် အတူတကွ ဘုရားဗိနော် ခြေတော်တို့ကို ရှိခိုးအံ့ဟု လာနေသတတ်။ ထိုအရှင်မဟာကဿပရဟန်းတော် မရောက်လာသေးလျှင် စန္ဒကူးနံ့သာထင်းပုံသည် မီးတောက်မည်မဟုတ်ဘူးတဲ့၊ အို-အချင်းတို့....ထို အရှင်မဟာကဿပ ရဟန်းတော်သည် အသားမည်းလေသလော, အသားဖြူလေသလော, အရပ်တော် ရှည်ရှည်လေလော၊ အရပ်တော် တိုတိုလေလော၊ အဘယ်သို့သော အဆင်းအရောင် ပုံပန်းသဏ္ဌာန် ရှိလေသနည်း။

၁။ ဒီ၊ ၂။ ၁၃၄။ ဒီ၊ ဋ္ဌ၊ ၂၊၁၉၄။

အချင်းတို့.... ဤသို့သဘောရှိသော ရဟန်းတော်တစ်ပါး ထင်ရှားရှိနေပါလျက် ဘုရားမြတ်စွာ၏ ပရိနိဗ္ဗာန် စံတော်မူခြင်းမည်သည် အဘယ်သို့ဖြစ်ပေမည်နည်း”ဟု ကြံစည်ကြ၍ အချို့က နံ့သာပန်းစသည် လက်စွဲကြလျက် ခရီးရင်ဆိုင် သွားကြကုန်၏။ အချို့က လမ်းခရီးများကို သန့်ရှင်းရေးလုပ်ကြလျက် အဆန်းတကြယ် မွမ်းမံပြင်ဆင်ကြကာ ကြွလာမည့်လမ်းကို မျှော်မှန်းရပ်တည်လျက် နေကြလေသည်။

ထိုအခါ အရှင်မဟာကဿပသည် ကုသိနာရုံမြို့ မလ္လာမင်းတို့၏ မကုဋဗန္ဓနမည်သော စေတီဌာန၌ စန္ဒကူးနံ့သာ ထင်းပုံတော်သို့ ကြွရောက်ချဉ်းကပ်တော်မူပြီးနောက် သင်္ကန်းကို ပခုံးတစ်ဖက်၌ လက်ကတော့ထင်လျက် လက်အုပ်ချီပြီးလျှင် စန္ဒကူးနံ့သာထင်းပုံကို လက်ယာရစ် သုံးပတ် လှည့်လည်ကာ ဆင်ခြင်တော်မူသည်တွင်၊ “ဤအရပ်၌ ဘုရားဇိနေ်၏ ဦးခေါင်းတော် ရှိ၏။ ဤအရပ်၌ ဘုရားဇိနေ်၏ ခြေတော်ရှိ၏”ဟု ကောင်းစွာပိုင်းခြား သိတော်မူ၍ ဥတုဇရုပ်ကလာပ်တော်၏ ခြေတော်ရင်း၌ ရပ်ဘည်ပြီးလျှင် အဘိညာဉ်၏ အခြေပါဒဖြစ်သော စတုတ္ထစျာန်ကို ဝင်စား၍ ထိုစျာန်မှ ထပြီးနောက် အကန့်တစ်ထောင် ရုပ်ရောင်ပီပြင် တန်ဆာဆင်သည့် စက်လက္ခဏာ ပါရှိသော ဘုရားမြတ်စွာ၏ ခြေတော်အစုံတို့သည် ဝါဂွမ်းဆိုင် အထပ်အလွှာများနှင့်တကွ ပုဆိုးအစုံ ငါးရာတို့ကိုလည်းကောင်း, ရွှေခေါင်းတော်ကိုလည်းကောင်း, စန္ဒကူးနံ့သာ ထင်းပုံကိုလည်းကောင်း နှစ်ဖြာခွဲကာ ငါ၏ဦးထိပ်ဝယ် တည်လာပါစေကုန်သတည်း-ဟု အဓိဋ္ဌာန်တော်မူလိုက်လေ၏၊

ယင်းသို့အဓိဋ္ဌာန်စိတ်နှင့် တစ်ပြိုင်နက်ပင် ပုဆိုးအစုံ ငါးရာတို့ကို နှစ်ဖြာခွဲလျက် တိမ်တိုက်ကြားမှ လပြည့်ဝန်းကြီး ပေါ်ထွန်းထွက်ပြူ ဥဒည်မူလာသည့်ပမာ ဘုရားမြတ်စွာ၏ ခြေတော်အစုံတို့သည် ထွက်ပြူ၍လာလေကုန်၏။ မထေရ်မြတ်သည် ပွင့်သစ်စ ကြာနီပန်းအသွေး နီတွေးသော မိမိလက်တို့ကိုဖြန့်၍ ဘုရားမြတ်စွာ၏ ရွှေရောင်အဆင်း ဝါဝင်းသောခြေတော်အစုံတို့ကို ဖဖျက်တော်တိုင် မြဲစွာဆုပ်ကိုင်၍ မိမိ၏ဦးခေါင်း ဦးထိပ်ဖျားဝယ် တင်ထားမြတ်နိုး ရှိခိုးတော်မူလေသည်။

ပရိသတ်အပေါင်းသည် ယင်းသည့် လွန်စွာထူးကဲ အံ့ဖွယ်သရဲကို တွေ့မြင်ကြရ၍ တစ်ပြိုင်နက်တည်းပင် သည်းစွာဟစ်အော် ကောင်းချီးကြွေးကြော်ကြကာ နံ့သာပန်းစသည်တို့ဖြင့် ပူဇော်ကြပြီးလျှင် မိမိတို့အလို

ရှိသလောက် အားရပါးရ ရှိခိုးဦးညွှတ်ကြကုန်၏။ အရှင်မဟာကဿပ မထေရ်နှင့် အတူတကွ လိုက်ပါလာကြသော ရဟန်းငါးရာတို့သည်လည်း သင်္ကန်းကို ပခုံးတစ်ဖက်၌ လက်ကတော့တင်ကြကာ လက်အုပ်ချီပြီးလျှင် နှံ့သာထင်းပုံကို လက်ယာရစ် သုံးပတ်လှည့်ပြီး ဘုရားမြတ်စွာ၏ ခြေတော်တို့ကို ဦးခိုက် ရှိခိုးကြကုန်၏။

ဤသို့ဖြင့် အရှင်မဟာကဿပမထေရ်၊ လူများ၊ ရဟန်းတော် ငါးရာတို့က ဘုရားမြတ်စွာ ခြေတော်အစုံကို အလိုရှိတိုင်းဦးခိုက်ရှိခိုးကြပြီးလျှင် တစ်ဖန် အမိဋ္ဌာန်ဖွယ်ကိစ္စ မရှိ၊ ပကတိ အဓိဋ္ဌာန်ချက်ဖြင့်ပင် မထေရ်မြတ်၏ လက်တော်မှ လွတ်လျှင်ပင် ချိပ်ရည်အသွေး နီးတွေးသောအဆင်းရှိသော ဘုရားမြတ်စွာ၏ ခြေတော်အစုံတို့သည် စန္ဒကူးထင်းတုံး စသည်တို့တွင် တစ်စုံတခုကိုမျှ မလှုပ်ရှားစေဘဲ ရွှေခေါင်းတော်အတွင်း တည်မြဲတိုင်းသော ပင်ကိုမူလနေရာ၌ တစ်ဖန်ပြန်၍ တည်လေကုန်၏။

လဝန်း နေဝန်းတို့ ပေါ်ထွန်းထွက်ပြူပြီးနောက် ထိုလဝန်း နေဝန်း အတ္တတောင်စွယ် ကွယ်ဝင်ကြသည့်အလား ဘုရားမြတ်စွာ၏ ခြေတော်တို့ ရွှေခေါင်းတော်အတွင်း ဝင်ကွယ်ကြသောအခါ လူပရိသတ်အပေါင်း တို့သည် သည်းစွာငိုကြွေးကြကုန်၏။ ပရိနိဗ္ဗာန်စံတော်မူသောအခါထက် သာလွန်စွာ သနားစဖွယ် ဖြစ်လေ၏။

အရှင်မဟာကဿပမထေရ်နှင့် ထိုရဟန်းငါးရာတို့ အလိုရှိသမျှ ရှိခိုး လတ်ပြီးသော် ဘုရားမြတ်စွာ၏ ဥတုဇရုပ်ကလာပ်တော်တည်ရာ စန္ဒကူး နံ့သာထင်းပုံသည် လူသားတစ်ဦးတစ်ယောက်မျှ မီးမရှို့ရဘဲ နတ်တို့၏ အာနုဘော်ကြောင့် ထက်ဝန်းကျင်မှ တစ်ပြိုင်နက်တည်း မီးတောက်လောင် တော့သည်။

တေဇောဓာတ်လောင်ကျွမ်းသော ဘုရားရှင် ဥတုဇရုပ်ကလာပ်တော်မှ အရေပါး အရေထူ အသား အကြော အစေးတို့၏ ပြာများ မှိုင်းများ မထင်မရှိဘဲ သရီရဓာတ်တော်များသည်သာလျှင် ကြွင်းကျန်ရစ်ကုန်၏။ ဥပမာအားဖြင့် မီးတောက်လောင်သော ထောပတ်ဆီတို့၏ ပြာများ မှိုင်း များ မထင်သကဲ့သို့ ရှိလေသည်။ ရုပ်ကလာပ်တော်ကို ရစ်ပတ်ထားသော ပုဆိုးအစုံ ငါးရာတို့တွင်လည်း အတွင်းအကျဆုံး ပုဆိုးနှင့် အပြင်အကျ ဆုံး ပုဆိုး ဤနှစ်ထည်တို့ကိုသာလျှင် မီးမလောင်ဘဲ ရှိကုန်၏။[၁]

၁။ ဒီ၊ ၂။ ၁၃၅။ ဒီ၊ ဋ္ဌ၊ ၂။ ၁၉၅–၆။

ငှင်းနောက် ကောင်းကင်မှ ရေအလျဉ်များ ဖြစ်ပေါ်လာကာ စန္ဒကူး ပုံကို ငြိမ်းသတ်လေကုန်၏။ မလ္လာမင်းတို့သည် နံ့သာရေတို့ဖြင့် ပက်ဖျန်း ကာ ငြိမ်းစေကြပြန်ကုန်၏။ ကုသိနာရုံမြို့နေ မလ္လာမင်းတို့သည် ဓာတ်တော် ကောက်ယူကြကာ ဓာတ်တော်ပူဇော်ပွဲ ကျင်းပပူဇော်ကြကုန်၏။ ယင်း ဓာတ်တော်များမှာ(၁)အစိတ်အစိတ်မကွဲပြားသောအသမ္ဘိန္နဓာတ်တော်။ (၂) အစိတ်အစိတ် ကွဲပြားသော သမ္ဘိန္နဓာတ်တော်အားဖြင့် နှစ်မျိုး ပြားလေသည်။

ထိုနှစ်မျိုးတို့တွင် စွယ်တော် လေးဆူ, ညှပ်ရိုးတော် နှစ်ဆူ, နဖူးသင်း ကျစ်တော်ဓာတ် တစ်ဆူ, ဤခုနစ်ဆူသော ဓာတ်တော်တို့မှာ သက်တော် ရှိစဉ်မူလပုံအသွင်အတိုင်း အစိတ်အပိုင်း မကွဲပြားဘဲ တည်ရှိသော အသမ္ဘိန္န ဓာတ်တော်များ ဖြစ်ကုန်၏။

ထိုမှကြွင်းသော အရိုးတော် စသည်မှဖြစ်ပွားသော ဓာတ်တော်များမှာ အစိတ်အစိတ် အဆူဆူကွဲပြားသည့် သမ္ဘိန္နဓာတ်တော်များ ဖြစ်ကြကုန်၏။ ထိုဓာတ်တော်များမှာ အချင့်အတွက် ပမာဏအားဖြင့် ၁၆-ပြည်သား (တစ်တင်းသား)ခန့် ကြွင်းကျန်ရစ်ကုန်၏။[၁]

ထိုဓာတ်တော်တို့တွင်–(၁) အငယ်ဆုံး ဓာတ်တော်များမှာ မုန်ညင်း စေ့ခန့် ပမာဏရှိ၍ မုလေးပန်းငုံတစ်မူ အဆင်းတူလျက် အချင့်ပမာဏ ၆-ပြည်သားခန့် ကြွင်းကျန်ရစ်ကုန်၏။ (၂) အလတ်စားဓာတ်တော် များမှာ ဆန်ကျိုးခန့် ပမာဏရှိ၍ ပုလဲအဆင်းတစ်မူ တူကုန်လျက် အချင့် ပမာဏအားဖြင့် ၅-ပြည်သားခန့် ကြွင်းကျန်ရစ်ကုန်၏။ (၃) အကြီးစား ဓာတ်တော်များမှာ ပဲနောက်စေ့ခန့် ပမာဏရှိ၍ ရွှေအဆင်းတစ်မူ တူလျက် အချင့်ပမာဏအားဖြင့် ၅-ပြည်သားခန့် ကြွင်းကျန်ရစ်ကုန်၏။[၂]

မဟာသက္ကရာဇ် ၁၄၈-ခု၊ ကဆုန်လပြည့်ကျော် ၁၅-ရက် တနင်္ဂနွေ နေ့တွင် တေဇောဓာတ် လောင်တော်မူသည်။ ကြွင်းကျန်ရစ်သော ဖော်ပြ ပါဓာတ်တော်များကို အောက်ပါ ဝန္ဒနာဂါထာပါဠိ အနက်ဖြင့် ရှိခိုး ပူဇော်ရာ၏။

၁။ (ဓာတ်တော်ရှစ်ဆိတ် ၂-တင်းသားဟုလည်း လာသည်။)
၂။ ထူပဝံ၊ ၃၆၄။

တနင်္ဂနွေနေ့ တေဇောဓာတ်လောင် ဓာတ်တော်ရှိခိုး

၂၄၂။ သူရိယဝါရေ သောဏ္ဍာယ၊ ဒေါဏိယာ ဇိနဝိဂ္ဂဟော။
အဂ္ဂိနုဇ္ဇလိတော တဿ၊ ဝန္ဒေ ဓာတုသရိရကံ။

သူရိယဝါရေ=သူရိယခေါ်ထွေ တနင်္ဂနွေနေ့၌၊ သောဏ္ဍာယ=ရွှေသား အတိပြီးသော။ ဒေါဏိယာ=ခေါင်းတော်ဖြင့်။ ဇိနဝိဂ္ဂဟော=ဘုရား ဇိနော် အလောင်းတော်မြတ် ရုပ်ကလာပ်ကို။ အဂ္ဂိနာ=အလိုလိုပင် ရောင် ရှင်တောက်ညီး မီးရှိန်ထူးမြတ် တေဇောဓာတ်သည်၊ ဥဇ္ဇလိတော=ရဲရဲ ထိန်ပြောင် လောင်ကျွမ်းစေအပ်ပြီ။ တဿ=ထိုမြတ်စွာဘုရား၏။ ဓာတု သရိရကံ=ကိုယ်တော်မှဖြစ်လတ် ဓာတ်ဘော် မွေတော်မြတ်အပေါင်းကို။ အဟံ=နှစ်ပါးနာမ်ရုပ် အကျွန်ုပ်သည်။ ဝန္ဒေ=ရိုသေမြတ်နိုး ရှိခိုးပါ၏။

တေဇောဓာတ်လောင်ရာအရပ်

ယင်း တေဇောဓာတ် လောင်ရာအရပ်သည် ဘုရားရှင် ပရိနိဗ္ဗာန်စံရာ အင်ကြင်းဥယျာဉ် (မာထကုဝရ်)မှ အရှေ့ဘက် တစ်မိုင်ခန့်အကွာတွင် တည်ရှိသည်။ ရှေးအခါက မကုဋဗန္ဓန ခေါ်၍ ယခုအခါ "ရာမဘာရ်" သို့မဟုတ် "ဒေဝီဆထာန်"ခေါ်သည်။ ထိုနေရာဝယ် စေတီဘော်ကြီးတစ်ဆူ ပျက်ပြိုလျက်ရှိလေသည်။ ယခင်ကား ညောင်ပင်ကြီးနှင့် ချုံငယ်များရှိရာ ယခုမူ မရှိတော့ပြီ။ယင်း စေတီပျက်ကြီးအနီး ကျောင်းတော်ရာများလည်း ရှိသည်။ ဗုဒ္ဓဝင်ဆရာကြီး ဦးထွန်းစိန် ဘုရားမြတ်စွာ ပရိနိဗ္ဗာန်ပွဲနှင့် ယင်း ဌာနမြင်ကွင်းကို အောက်ပါ ရှစ်ဆယ်ပေါ် တေးထပ်ဖြင့် ဖွဲ့ဆိုခဲ့လေသည်။

ရှစ်ဆယ်ပေါ်တေးထပ်

လူနတ်ပြဟ္မာ ဖူးထွတ်ဖျား၊ ဒွာထူးဝပ်ပြားကြ အခါခါပင်၊ ဦးညွတ်တွားရာ ဘဂဝါအရှင်မှာ၊ အမတာဝင်ကာ ကြွချီမြန်း။ သောင်းလောကဓာတ် ဟည်းခါကြုံသည်၊ မီးပမာပုံ ပူကြီးပူးတဲ့ အခန်း။ အထက်ဝဋ္ဋာချဉ်းခါ၊ လက်ဖြာဝင်းပ၊ စကြာမင်းတမျှ အလောင်းတော်ကို၊ အပေါင်းမျှော်ကာလက်အုပ်ပန်း။အထုံနှံ့သာ စီကာတန်းလို့၊ ညီညာမှန်းသမို့ ပူဇော်ပြန်၊ ရက်နှစ်ပတ်အခါ ရောင်ဝါဆိုက်၊ လောင်ကာမြိုက်လို့ ရှစ်စိတ်ဓာတ်တော်ကျန်။ဇမ္ဗူ့ တဝိုက်၊ ပြဒ္ဒုမကိုဋ္ဌ၊ ယခုအခိုက် မြင်ရဟန်မှာ၊ ရွှင်ပျရန်ပင် တကယ်

ကင်းလို့၊ နွယ်ခပင်းနှင့် တောအတိမှိုင်းပြာဝေ၊ ဇောမချိကိုင်းကာခွေ။ လွမ်းစရာတောဝန်၊ ကျမ်းမဟာဟောပြ၊ မချမ်းသာဇောကြွ-လောကဗွေမှာ၊ သောကထွေထွေ ယိုစီးပါလို့လေး။ ဩော်....သခ်ါရ မြော်မြင်ပါကြ၊ ပျော်ရှင်လာသမျှ- တစ်နေ့အခါမှာ၊ မမွေမသာ ဖြစ်အိုးမှာပလေး။[၁]

စွယ်တော်လေးဆူ

မလ္လာမင်းတို့သည် ဓာတ်တော်များကို ခုနစ်ရက်ပတ်လုံး ခမ်းနားစွာ ပူဇော်ကြကုန်၏။ ၎င်းနောက် ဒေါဏပုဏ္ဏားပါမောက္ခကြီးကို ဓာတ်တော်များကို ဝေစေရာ ဒေါဏပုဏ္ဏားသည် ဓာတ်တော်များကို ဝေအံ့သောငှာ ရွှေအိုးကြီးကို ဖွင့်လိုက်လေရာ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော ဓာတ်တော်များကို တွေ့မြင်ကြရသောမင်းများနှင့် ပရိသတ်တို့ မချိတင်ကဲဖြစ်ကြကာ သောကမီး တောက်ကြကုန်၏။ ငါတို့မှာ ရှေးကသက်တော်ထင်ရှား ဘုရားရှင်ကို ဖူးမြင်ကြရသော်လည်း ယခုမူ ဓာတ်တော်မျှကိုသာ ဖူးမြင်ခွင့်ရကြတော့သည်ဟု ကြံစည်စဉ်းစား၍ ငိုကြွေးပူဆွေး မေ့လျော့ကြကုန်၏။ ဒေါဏပုဏ္ဏား ပါမောက္ခကြီးသည် ယင်းသို့ မင်းများနှင့် ပရိသတ်တို့ မေ့လျော့ကြစဉ် လက်ယာအထက် စွယ်တော်ကို ယူ၍ မိမိ၏ ဦးရစ် ခေါင်းပေါင်းကြား၌ ဝှက်ထားလိုက်လေ၏။ လက်ယာအောက်စွယ်တော်ကို ခြေထောက်ဖြင့် နင်းထားလေသည်။ လက်ဝဲ အထက်စွယ်တော်ကိုလည်း အပေါ်ရုံ တဘက်ကြား၌ ဝှက်ထားလေသည်။ သိကြားမင်းသည် လက်ယာအထက်စွယ်တော်ကို အဘယ်သူ ပင့်ယူလေသနည်းယူ ကြည့်ရှုလေလျှင် ဒေါဏပုဏ္ဏား၏ ခေါင်းပေါင်းကြား၌ ဝှက်ထားသည်ကိုမြင်ရ၍ ဤပုဏ္ဏားသည် ဘုရားသဗ္ဗညုစွယ်တော်ကို ကောင်းမွန်စွာ ကိုးကွယ်နိုင်မည်မဟုတ်ဟု သိသဖြင့် တန်ခိုးဖြင့် စွယ်တော်ကို ပင့်ယူပြီး စူဠာမဏိစေတီ၌ ဌာပနာ ကိုးကွယ်လေသည်။

ဇယျသေန နဂါးမင်းသည်လည်း ဒေါဏပုဏ္ဏား ခြေများဖြင့် နင်းယူဝှက်ထားသော လက်ယာအောက်စွယ်တော်ကို တန်ခိုးဖြင့် ပင့်ယူပြီး ကြီးကျယ်ခမ်းနားစွာ ကိုးကွယ်လေသည်။ ၎င်းစွယ်တော်သည် နောင် သီဟိုဠ်

၁။ ဗုဒ္ဓဂယာ ကဗျာညွန့်ပေါင်း။ ၇၉-နှာ။

ကျွန်း ပုလတ္တိမြို့ သောမာဝတီစေတီ၌ ကိန်းဝပ်သည်ဟု သီဟိုဠ်ဘုရား သမိုင်းများ၌ ဆိုကြသည်။

အပေါ်ရိုဘက်ကြား၌ ဝှက်ထားသော လက်ဝဲအထက် စွယ်တော်ကို ဂန္ဓာရတိုင်း၌ သီတင်းသုံးဖူးသော ဗျာဒိတ်တော်ရ ရဟန်းတော် တစ်ပါးသည် ကုသိုလ်စိတ်ဖြင့် ပင့်ယူ၍ ဂန္ဓာရတိုင်း စေတိယတောင်၌ စေတီတည်ထား ဥပနာ ကိုးကွယ်စေခဲ့လေသည်။

လက်ဝဲအောက်စွယ်တော်ကို အရှင်သာရိပုတ္တရာ၏ တပည့် ခေမာမည်သော ရဟန္တာအရှင်မြတ်သည် တေဇောဓာတ်လောင်ရာ စန္ဒကူးထင်းပုံထဲမှ တန်ခိုးဖြင့် ပင့်ယူကာ ကာလိင်္ဂတိုင်း ဒန္တပုရမြို့၌ မင်းပြုသော ဗြဟ္မဒတ်မင်းအား အပ်နှင်းလေသည်။ ၎င်းစွယ်တော်သည် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ သာသနာသက္ကရာဇ် ၈၄၇-ခုနှစ်တွင် နန်းတက်သော ကိတ္တိသီရိမေဃဝဏ္ဏမင်း နန်းစံ ၉ နှစ်မြောက်တွင် သီဟိုဠ်ကျွန်း(သီရိလင်္ကာ) သို့ ရောက်ရှိ၍ မင်းအဆက်ဆက် ကိုးကွယ်ခဲ့ရာ ယခုတိုင် သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ကန္ဒီမြို့၌ ကိန်းဝပ်တော်မူလျက်ရှိသည်။

၂၇၂။ ဧကာ ဒါဌာ တိဒသပုရေ၊ ဧကာ နာဂပုရေ အဟု။
ဧကာ ဂန္ဓာရဝိသယေ၊ ဧကာသိ ပုန သီဟဠေ။[1]

မူလ စေတီတော် ဆယ်ဆူ

ဒေါဏပုဏ္ဏားထံမှ ဓာတ်တော် ဝေစုရကြသော မင်းတို့သည် ယင်းဓာတ်တော်များကို ဥပနာကြကာ အသီးသီး ကိုယ့်တိုင်းကိုယ့်ပြည်၌ စေတီတည် ဥပနာ ကိုးကွယ်ခဲ့ကြကုန်၏။ ယင်း စေတီများမှာ—

၁။	မဂဓတိုင်း ရာဇဂြိုဟ်မြို့တော်၌	၁-ဆူ။
၂။	လိစ္ဆဝီနိုင်ငံ ဝေသာလီမြို့တော်၌	၁-ဆူ။
၃။	သက္ကတိုင်း ကပိလဝတ်မြို့တော်၌	၁-ဆူ။
၄။	အလ္လကပ္ပပြည်၌	၁-ဆူ။
၅။	ရာမရွာ၌	၁-ဆူ။
၆။	ဝေဋ္ဌဒီပကတိုင်း၌	၁-ဆူ။
၇။	ပါဝေယျကတိုင်း၌	၁-ဆူ။

၁။ ဒါ၌ ဝံသ သီဟိုဠ်နိဿယ၊ ၁၀-နှာ။

၈။ ကုသိနာရုံ၌ ၁-ဆူ။
၉။ ပိပ္ပလိတိုင်း၌ မီးသွေးဌာပနာတော် ၁-ဆူ။
၁၀။ ဒေါဏပုဏ္ဏား ခတ်တော်ခြင် ပြည်တောင်း ဌာပနာစေတီ ၁-ဆူ။
အားဖြင့် ၁၀-ဆူတို့ ဖြစ်ကုန်၏။

၂၇၃။ ဧကော ထူပေါ ရာဇဂဟေ၊ ဧကော ဝေသာလိယာ ပုရေ။
ဧကော ကပိလဝတ္ထုသ္မိံ၊ ဧကော စ အလ္လကပ္ပကေ။
၂၇၄။ ဧကော ထူပေါ ရာမဂါမေ၊ ဧကော စ ဝေဋ္ဌဒီပကေ။
ဧကော ပါဝေယျကေ မလ္လေ၊ ဧကော စ ကုသိနာရကေ။
၂၇၅။ ယေ တေ သာရီရိကာ ထူပါ၊ ဇမ္ဗုဒီပေ ပတိဋ္ဌိတာ။
အင်္ဂါရကုမ္ဘထူပေဟိ၊ ဒသ ထူပါ ဘဝန္တိ တေ။[၁]

ပဉ္စမ သံဂါယနာ သမိုင်းတော်

ကုသိနာရုံ၌ သံဃထေရ်ကြီး ခုနစ်သိန်းအပါအဝင် ရဟန်းသံဃာတော် အရေအတွက်မရှိ များစွာစုဝေးမိခြင်း

မဇ္ဈိမဒေသ အတိုင်းတိုင်း အပြည်ပြည် အနယ်နယ် အစို့စို့ အမြို့မြို့ အရွာရွာရှိ ရဟန်းသံဃာတော် အများစုသည် ဘုရားမြတ်စွာ ဝေသာလီမြို့တော်အနီး ဝေဠုဝရွာငယ်၌ ဝါဆိုစဉ် ပြင်းထန်သောဝေဒနာ စ,တင်ချိန် စာပါလနတ်ကွန်း၌ နေ့သန့်စင်စဉ် အာယုသင်္ခါရ လွှတ်တော်မူသည့်အခါမှစ၍ ဘုရားမြတ်စွာ ပရိနိဗ္ဗာန် ဝင်စံတော်မူမည်ကို သိတော်မူကြသဖြင့် မလ္လတိုင်း ကုသိနာရုံမြို့တော်ကလေး၌ ရဟန်းသံဃာတော်ပေါင်းများစွာတို့ ရောက်ရှိ သီတင်းသုံးတော်မူကြလေသည်။

သို့နှင့် ကုသိနာရုံမြို့ အင်ကြင်းဥယျာဉ်နှင့် အင်ကြင်းဥယျာဉ်တစ်ဝိုက်၌ ရဟန်းသံဃာတော် သံဃထေရ်ပေါင်း ခုနစ်သိန်းမျှ ရောက်ရှိ စုဝေးမိလေသည်။ သံဃထေရ် မဟုတ်သော ရဟန်းတော်များမှာ ရေတွက်၍ မရ

၁။ ထူပဝံသ။ ၂၇-နှာ၊ (သီဟိုဠ်မူ)။ စေတိယာပုပ္ပတ္တိဒီပနီ။ ၁၇-နှာ။

နိုင်အောင် မြားမြောင်စွာ ရောက်ရှိစုဝေးမိလေသည်။ သို့ဖြစ်ရာ ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူစဉ် ဥတုဇရုပ်ကလာပ်တော်, ဓာတ်တော်ပူဇော်ပွဲ ရက်သတ္တနှစ်ပတ် ကာလဝယ် ကုသိနာရုံမြို့၌ ရဟန်းသံဃာ ပရိသတ်ကြီး တစ်ခါမျှ မကြုံစဖူး စည်ကားများပြားလှလေသည်။[၁]

၂၇၆။ တဒါ ဟိ ကုသိနာရမှိ ထေရာ သံဃဿ နာယကာ။
သတ္တလက္ခာ ဝီတိဝတ္တာ၊ ဂဏနံ ဣတရေ ဗဟူ။

အရှင်မဟာကဿပ သံဂါယနာတင်ရန် မိန့်ကြားတော်မူခြင်း

ဓူတင်တေရသ် ပဋိပတ်ဂုဏ် ကုံလုံလောက်င ဓုတင်္ဂဓရဂ်ရှ ဘုရားမြတ်စွာ၏ တတိယ သာဝကကြီး ဖြစ်တော်မူသော အရှင်မဟာကဿပသည် သုဘဒ္ဒ တောထွက်ရဟန်းကြီး၏ စကားကို ဆင်ခြင်မိတိုင်း ဓမ္မသံဝေဂ ဖြစ်တော်မူကာ ဓမ္မဝိနယခေါ် သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်များ တည်ရှိနေလျှင် သာသနာ မကွယ်မပနိုင်။ ယင်း သုတ်, အဘိဓမ္မာ, ဝိနည်းများသည် နောင်လာနောက်သားတွေ ဆုံးမည့်ဘုရားဖြစ်ချေသည်။ယင်း သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်များကို သံဂါယနာတင်ရမည်။ ဘုရင်မင်းများသည် မိမိတို့၏ အမျိုးအနွယ်ကို တည်စေမည့် သားတော်များကို ချပ်ဝတ်တန်ဆာ, ရာထူးဌာနန္တရပေး၍ ချီးမြှောက်ကြသလို၊ ငါ့ကို ဘုရားရှင်က သင်္ကန်းချင်း လဲလှယ်ဝတ်ကာ ကိုယ်တော်နှင့် ထပ်တူထပ်မျှ ချီးမြှောက်တော်မူခြင်း, အစဉ်အတိုင်း ဝင်စား၍ နေကြောင်းဖြစ်သော သမာပတ်ကိုးပါး, အဘိညာဉ်ခြောက်ပါး အပြားရှိသော ဥတ္တရိမနုဿဓမ္မခေါ်သော လူတို့၏ ကုသိုလ်ကမ္မပထတရားထက် သာလွန်မွန်မြတ်သော တရားတော်၌လည်း ကိုယ်တော်နှင့် ထပ်တူထပ်မျှထားကာ အခြားတပည့်များနှင့် မဆက်ဆံ အခြားတပည့်များနှင့်မတူ ထူးထူးခြားခြား ချီးမြှောက်တော်မူခဲ့သည်။ ယင်းဘုရားရှင်၏ ချီးမြှောက်ချက် ကျေးမြီတို့ကို သံဂါယနာတင်ပြီး ဆပ်မည်ဟု ကြံစည်တော်မူကာ ပရိနိဗ္ဗာန် ပွဲတော်ကြီးအပြီး သံဃာအုပ်စုမကွဲမီ အရှင်မဟာကဿပမဟာထေရ်သည် သံဃာထေရ် ခုနစ်သိန်းနှင့် အခြားသံဃာတော် မြားမြောက်စွာတို့အား "ငါ့ရှင်တို့....အဓမ္မခေါ်သော အကုသလကမ္မပထတရားဆယ်ပါး မထွန်းကားမီ၊ ကုသိုလ်ကမ္မ

၁။ သာရတ္ထ၊ ၁။ ၂၀–၉၊ ကြည့်။

ပထတရားဆယ်ပါးကို မတားမြစ်အပ်မီ။ သံဝရဝိနည်း ပဟာနဝိနည်း၏ ဆန့်ကျင်ဘက်တရား မထွန်းကားမီ၊ သံဝရဝိနည်း ပဟာန ဝိနည်းကို မတားမြစ်အပ်မီ၊ မဟုတ်မတရား ပြောဆိုဝါဒဖြန့်ကြသည့် အဓမ္မဝါဒီတို့ အားမကောင်းမီ၊ အဟုတ်အမှန်ဓမ္မကို ပြောဆိုသူတို့ အားမနည်းမီ ဝိနည်းမဟုတ်ရာ ပြောဆိုသူတို့ အားမကောင်းမီ၊ ဝိနည်းဟုတ်သည်ကို ပြောဆိုသူတို့ အားမနည်းမီ၊ တပည့်တော်တို့ ယခု သုတ်, အဘိဓမ္မာ, ဝိနည်း တရားတော်တို့ကို စနစ်တကျ ဖွဲ့စည်းသီကုံး သံဂါယနာ တင်ကြပါစို့''ဟု မိန့်ကြားတော်မူလေသည်။

၂၇၇။ ကုသိနာရမှိ ထေရိန္ဒော၊ ဓမ္မဿ ဝိနယဿ စ။
သံဂါယနာယ ဘိက္ခူနံ၊ အဝေါစ ကဿပေါ မဟာ။

သံဂါယနာတင်ရန် ရဟန်းတော် ၄၉၉-ပါး ရွေးချယ် ရာထားခြင်း

ထိုအခါ ရဟန်းသံဃာ တော်များက အရှင်မဟာကဿပမထေရ်အား အရှင်ဘုရား.... ယင်းသို့ သံဂါယနာတင်မည်ဆိုလျှင် သံဂါယနာတင်မည့် ရဟန်းသံဃာတော်များကို ရွေးချယ်ရာထားတော်မူပါဟု လျှောက်ထားကြသည်။ သို့နှင့် အရှင်မဟာကဿပမထေရ်သည် သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ်, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လ ဟူသော အင်္ဂါ ၉-ပါးရှိသော ဘုရားမြတ်စွာ၏ ဆုံးမကြောင်း ပရိယတ်အလုံးစုံ အကုန်အစဉ်ကို ဆောင်စွမ်းနိုင်သော ရာပေါင်းများစွာ ထောင်ပေါင်း များစွာသော ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်, သုက္ခဝိပဿက ရဟန္တာ ရဟန်းများ မရွေးဘဲ ချန်လှပ်ထားကာ ပိဋကသုံးပုံ ဟူသောအလုံးစုံသော ပရိယတ်အပြားကိုဆောင်နိုင်သည့်အတ္ထပဋိသမ္ဘိဒါ, ဓမ္မပဋိသမ္ဘိဒါ, ပဋိဘာနပဋိသမ္ဘိဒါ, နိရုတ္တိပဋိသမ္ဘိဒါ-ဟူသော ပဋိသမ္ဘိဒါ လေးပါးသို့ရောက်တော်မူကြသည့်ပြင် အာနုဘော်ကြီးမား, အများအား ဖြင့် ဘုရားမြတ်စွာကိုယ်တော်တိုင် ဧတဒဂ်အရာ ပေးအပ်တင်ထားအပ်ပြီး ဖြစ်တော်မူကြသော ဝိဇ္ဇာသုံးပါးပိုင်ရှင်စသည့် ကြီးမား မြင့်မြတ်ထူးချွန်သောလောကုတ္တရာဂုဏ်ထူး ဝိသေသရှိတော်မူကြသည့်လေးရာကိုးဆယ့်ကိုး (၄၉၉)ပါးသောရဟန္တာရဟန်းတို့ကို ရွေးချယ်ရာထားတော်မူလေသည်။

၂၇၈။ လောကနာထေ ဘဂဝတိ၊ သတ္တာဟပရိနိဗ္ဗုတေ။
ဒုဗ္ဘာသိတံ သုဘဒ္ဒဿ၊ ဝုဍ္ဎဿ ဝစနံ သရံ။

၂၇၉။ သရံ စီဝရဒါနဉ္စ၊ သမတ္တေ ဌပနံ တထာ။
သဒ္ဓမ္မဋ္ဌပနတ္ထာယ၊ ဗုဒ္ဓေနာနုဂ္ဂဟံ ကတံ။

၂၈၀။ ကာတုံ သဒ္ဓမ္မသင်္ဂီတိံ၊ သဒ္ဓမ္မစိရဋ္ဌိတိယာ။
နဝင်္ဂသာသနဓရေ၊ သဗ္ဗင်္ဂ သမုပါဂတေ။

၂၈၁။ ဧကေနူနေ ပဉ္စသတေ၊ ယတယော သုဂတော ရသေ။
အာနန္ဒထေရကာရဏာ၊ ဥစ္စိနိ ကဿပေါ ဝိဒူ။

အရှင်အာနန္ဒာကိုမရွေးဘဲ ၄၉၉-ပါး ရွေးချယ်ရာထားခြင်း အကြောင်း

အရှင်မဟာကဿပမထေရ်သည် အရှင် အာ န န္ဒာ မထေ ရ် အား.... အခွင့်ပြုခြင်း အခွင့်ပေးခြင်းငှာ အခွင့်ပြုခြင်း အခွင့် ပေးလိုသဖြင့် ရှေးဦးစွာ (၄၉၉) ပါးကို ရွေးချယ်တော်မူခြင်းဖြစ်သည်။ စင်စစ်ကေန် အမှန်အားဖြင့် အရှင်အာနန္ဒာနှင့်တကွလည်း သံဂါယနာတင်ရန်မဖြစ်နိုင်ချေ။ အရှင်အာနန္ဒာမပါဘဲလည်း သံ ဂါ ယ နာ တင် ရန် မဖြစ်နိုင်ချေ။ အကြောင်းကား.... အရှင်အာနန္ဒာသည် ကျင့်ဆဲသေက္ခ ပုဂ္ဂိုလ်ဖြစ်သည်။ အထက်မဂ်ရဖို့ရာ ပြုဖွယ်ကိစ္စရှိသော ပုဂ္ဂိုလ်ဖြစ်သည်။ ထို့ဖြစ်၍ အရှင် အာနန္ဒာနှင့် တကွအတူ သံဂါယနာတင်ရန် မဖြစ်နိုင်ချေ။ ၎င်းပြင် အရှင်အာနန္ဒာသည် ဘုရားဇိနော် အထံတော်မှ ကိုယ်တိုင် မနာယူရသော သုတ္တ, ဂေယျ စသည်မည်သည် မရှိချေ။ ထို့ဖြစ်၍ အရှင်အာနန္ဒာ မပါဘဲ လည်း သံဂါယနာတင်၍ မဖြစ်ချေ။ အရှင်အာနန္ဒာသည် ကျင့်ဆဲသေက္ခ ပုဂ္ဂိုလ်ဖြစ်သော်လည်း ဓမ္မဝိနယသံဂါယနာပွဲသဘင်တွင် လွန်စွာ ကျေးဇူး များရကားအရှင်အာနန္ဒာကိုအရှင်မဟာကဿပရွေးချယ်ရာထားသင့်သော် လည်း အရှင်မဟာကဿပသည် သူနှင့် အကျွမ်းဝင်သဖြင့် ဆန္ဒာဂတိ လိုက်ပြီး ရွေးချယ်လိုက်သည်ဟု စွပ်စွဲကဲ့ရဲ့မည့်ဘေးကို ရှောင်လွဲလိုသော ကြောင့် အရှင်အာနန္ဒာကို အရှင်မဟာကဿပထေရ် ရွေးချယ်တော် မမူ ခြင်း ဖြစ်လေသည်။

အရှင်မဟာကဿပနှင့် အရှင်အာနန္ဒာ လွန်စွာရင်းနှီးခြင်း

အရှင်မဟာကဿပသည် အရှင်အာနန္ဒာနှင့်လွန်စွာခင်မင်ရင်းနှီးသည်၊ အရှင်အာနန္ဒာ သက်တော် ကြီးပြီဖြစ်၍ ဦးခေါင်းဝယ် ဆံပင်ဖြူတွေ ပေါက်နေသော်လည်း ဦးပဉ္စင်းကလေးဟု ခေါ်လေ့ရှိတော်မူသည်။ရံခါသည် ဦးပဉ္စင်းကလေး ကိုယ့်ပမာဏကို မသိဘူး-ဟု ဆုံးမလေ့ရှိတော်မူသည်။ စင်စစ်မှာ အရှင်အာနန္ဒာကို ကုမာရက (ဦးပဉ္စင်းကလေး) ဟု သုံးစွဲခြင်းမှာ ကုမာရကအရွယ် ရဟန်းသာမဏေငယ်များကို ဆရာလုပ် ဆုံးမခြင်းကြောင့် ဖြစ်သည်။ အရှင်အာနန္ဒာ၏ တပည့်ပရိသတ်များမှာ ရဟန်းငယ်များနှင့် သာမဏေတို့သာ များသည် ဟူ၏။ ၎င်းပြင် အရှင်အာနန္ဒာ၏ တပည့်ငယ်များသည်လည်း မကြာခဏ လူထွက်ကြသည်။ သို့နှင့် အရှင်မဟာကဿပသည် အရှင်အာနန္ဒာကို "နဝါယံ ကုမာရကော မတ္တမညာသိ=[1]သည်ဦးပဉ္စင်းကလေးသည် ကိုယ့်အတိုင်းအရှည် ကိုယ့်ပမာဏကို မသိတတ်လေစွ"ဟု ဩဝါဒပေးတော်မူခြင်း ဖြစ်သည်။[2]

ကိဋ္ဌာဂိရိ ဇနပုဒ်သားတို့သည် ဘုရားမြတ်စွာရှိစဉ်က မိမိတို့၏သားငယ်များကို အရှင်အာနန္ဒာထံ ရဟန်းသာမဏေပြုစေကြသည်။ အရှင်အာနန္ဒာသည် ဘုရားမြတ်စွာနှင့် အကျွမ်းဝင်သည်။ ငါတို့ကလေးတွေ ရဟန်းသာမဏေ ပြုပေးထားလျှင် ငါတို့သားများကို အကြောင်းပြု၍ မကြာခဏဆိုသလို ကိဋ္ဌာဂိရိဇနပုဒ်သို့ ကြွလာတော်မူလိမ့်မည်။ ထိုအခါ ဘုရားမြတ်စွာကိုလည်း ပင့်ခဲ့လိမ့်မည်။ ဤသို့ ဘုရားရှင်ကို ပင့်လာလျှင် မကြာခဏ ဘုရားရှင်ကိုဖူးမြင်ရလိမ့်မည်ဟူသော သူတို့၏ရည်ရွယ်ချက်ဖြစ်သည်။ ဘုရားမြတ်စွာ ပရိနိဗ္ဗာန်စံပြီးသောအခါ ထိုရည်ရွယ်ချက်မရှိတော့ရကား ထိုသားရဟန်းသာမဏေများကို လူထွက်စေကြတော့သည်။ထိုအကြောင်းကို သိ၍ အရှင်မဟာကဿပက အရှင်အာနန္ဒာကို "နဝါယံ ကုမာရကော မတ္တမညာသိ=သည် ဦးပဉ္စင်းကလေး အတိုင်းအရှည် ပမာဏ မသိသူတည်း"ဟု မြည်တွန်တော်မူခြင်းဖြစ်သည်ဟုလည်း သိရာ၏။[4]

၁။ သံ၊ ၁၊ ၄၁၀။
၂။ သာရတ္ထ၊ ၁။ ၄၆–၄၇-ကြည့်။
၃။ နဝါယံ–၌ ဝါ-သဒ္ဒါ ပဒပူရဏ = ပုဒ်ပြည့်က^မျှ အနက်မဲ့။
၄။ သာရတ္ထ၊ ၁၊ ၄၇–ကြည့်။

အရှင်အာနန္ဒာအား မရွေးချယ်ခြင်းအကြောင်း တစ်မျိုး

ဂုင်းပြင် အရှင်အာနန္ဒာသည် သာကီဝင်မင်းမျိုး၌ ဖွားမြင်ခဲ့သည့်ပြင် ဘုရားမြတ်စွာ၏ ဘထွေးတော် အမိတောဒန သာကီဝင်၏ သားဖြစ်ရာ ဘုရားမြတ်စွာနှင့် ညီတစ်ဝမ်းကွဲတော်သူလည်းဖြစ်ရာ အသေက္ခ ပဋိသမ္ဘိဒါပတ္တ ရဟန်းတွေများစွာကို ချန်ခဲ့ပြီး သေက္ခ ပဋိသမ္ဘိဒါပတ္တ အရှင်အာနန္ဒာကို ဆန္ဒာဂတိလိုက်၍ရွေးသည်ဟု စွပ်စွဲကြမည်ကို ရှောင်လွှဲလိုသဖြင့် အရှင်အာနန္ဒာကို ကိုယ်တိုင်နှုတ်မြွက် ရွေးချယ်တော် မမူဘဲ အရှင်အာနန္ဒာနှင့် ကင်း၍လည်း သံဂါယနာတင်မှုကိစ္စ မဖြစ်နိုင်လေရာ ရဟန်း သံဃာတော်အများ၏ ဆန္ဒဖြင့်ရွေးချယ်ရာထားမည်ဟူသောရည်ရွယ်ချက်ဖြင့်မရွေးချယ်မရာထားဘဲ ချန်ထားတော်မူခဲ့ခြင်း ဖြစ်လေသည်။

၂၀၂။ အနုမတိယာ ဘိက္ခူနံ၊ ဂဟေဿာမိတိ နိစ္ဆယာ၊
အာနန္ဒံ ဟိ န ဥစ္စိနိ၊ ထေရော ကဿပသဝှယော။

ရဟန်းအများ၏ ဆန္ဒဖြင့် အရှင်အာနန္ဒာကို ရွေးချယ်ရာထားပြီ

'ယင်းသို့ အရှင်မဟာကဿပသည် အရှင်အနန္ဒာအား မရွေးချယ် မရာထားဘဲ ချန်ထားလေရာ ရဟန်းများက အိုႇ....အရှင်မဟာကဿပ....အရှင်အာနန္ဒာသည် သေက္ခ ဖြစ်ငြားသော်လည်း ချစ်ခြင်း မုန်းခြင်း မသိခြင်း ကြောက်ခြင်းကြောင့် မရောက်ထိုက်သောအမှုသို့ ရောက်ဖို့ရာ မထိုက်ပါ၊ (=အဂတိသို့ မလိုက်ပါ) အဂတိ မလိုက်ရှိသာမက ဤအရှင်အာနန္ဒာကိုယ်တော်သည် ဘုရားဗိနေ်ာ အထံတော်၌ သုတ်, အဘိဓမ္မာ, ဝိနည်းကို များစွာသင်ယူထားသူ ဖြစ်ပါသည်။ အိုႇ....အရှင်မဟာကဿပ....သို့ဖြစ်၍ အရှင်အာနန္ဒာကိုလည်း ရွေးချယ် ရာထားတော်မူပါဟု လျှောက်ထားသဖြင့် အရှင်မဟာကဿပသည် အရှင်အာနန္ဒာကိုလည်း သံဂီတိကာရက ရဟန်းတော်အဖြစ် ရွေးချယ်ရာထားတော်မူလေပြီ။[၁]

၂၀၃။ ပုနော အာနန္ဒတ္ထေရောပိ၊ ယတီဟိ အဘိယာစိတော။
ဥစ္စိနိ ကာတုံ သံဂီတိံ၊ သာ န သက္ကာဟိ တံ ဝိနာ။

၁။ ဝိ၊ ၄။ ၄၀၁။

သံဂါယနာတင် ထေရ်အရှင် ငါးရာ

ယင်းသို့ဖြင့် မလ္လတိုင်းမြို့တော် ကုသိနာရုံ ရဂုံသာမော အင်ကြားတော၌ သံဃာထေရ် ခုနစ်သိန်းနှင့် သံဃာထေရ် ခုနစ်သိန်းမှတစ်ပါး အခြားရဟန်းသံဃာတော် မရေနိုင်အောင် များမြောင်သော သံဃာ့အစည်းအဝေး၌ ပဌမသံဂါယနာပွဲကြီးသဘင်ယင်ရန် သံဃာတော်ငါးရာ(၅၀၀)ကို အရှင်မဟာကဿပသည် မိမိဆန္ဒ သံဃဆန္ဒဖြင့် ရွေးချယ်လိုက်ရာ သံဃာတော်အားလုံး သာဓု ၃ ကြိမ် ခေါ်တော်မူကြကာ ဝမ်းမြောက်ဝမ်းသာ ရှိတော်မူကြလေသည်။

၂၀၄။ ပီတာ မေဒိဘာ ဟဋ္ဌာ၊ သဗ္ဗေ သမာဂတာ ယတီ။
သမာပိတေ ဥစ္စိနနေ၊ သာဓုကာရမဒံသု တေ။

မဂဓတိုင်း ရာဇဂြိုဟ်မြို့တော်၌ သံဂါယနာတင်ရန် ရွေးချယ်တော်မူကြခြင်း

ယင်းသို့ သံဂါယနာသဘင် ပွဲကြီးယင်ရန် သံဂီတိကာရက ရဟန်းတော်ငါးရာ ရွေးချယ်တော်မူကြပြီး သံဂါယနာသဘင် ပွဲကြီးယင်ရန် သင့်လျော်အကောင်းဆုံးဖြစ်သည့် မြို့ကို တိုင်ပင် ဆွေးနွေး ရွေးချယ်တော်မူကြရာ မဂဓတိုင်း မဂဓနိုင်ငံတော် ရာဇဂြိုဟ်မြို့တော်သည် ဆွမ်းခံဖို့ရန်လည်း ကျယ်ဝန်းပါသည်၊ မြို့တော်ကြီးက ကျယ်ပြောလှသည့်ပြင် မြို့တော်အနီးမြို့ဆင်ခြေဖုံး မြို့များရွာများသို့လည်း သံဃာတော်များ ဆွမ်းခံနိုင်လေရာ သံဂါယနာတင် သံဃာဘော်များ ဂေါစရဂါမ် ပြည့်စုံလုံလောက်ပါသည်။ ကျောင်းတိုက်ဝေ့ မကျောင်းအဆောက်အအုံတွေလည်း ပေါများလှသဖြင့် ရာဇဂြိုဟ်မြို့တော်သည် သံဂါယနာတင်ရန် အကောင်းဆုံး အလျောက်ပတ်ဆုံး အသင့်တော်ဆုံးမြို့တော်ဖြစ်ကြောင်း သင့်လျော်ဆုံးအရပ်ဖြစ်ကြောင်း ဆုံးဖြတ်တော်မူကြလေသည်။

၂၀၅။ မဟာဂေါစရံ ရာဇ-ဂဟံ ဗဟုသေနာသနံ။
တမှိ သံဂီတိယာ ကာတုံ၊ ယုတ္တံ ဣတိ စ သုန္ဒရံ။

ရာဇဂြိုဟ်မြို့တော်နှင့်စပ် သိမှတ်ဖွယ်

ရာဇဂြိုဟ်မြို့တော်သည် အလွန်လျှင် စိတ်ဝင်စားဖွယ်ကောင်းသည့် မြို့ထူးမြို့မြတ် ဖြစ်သည်။ နေ လပမာ ဘုရားမြတ်စွာ သာသနာ့နယ်ပယ်တွင် အလွန်လျှင် ထွန်းလင်းတောက်ပ ထင်ရှားသောမြို့ဖြစ်သည်။ ယင်းမြို့တော်ကို မန္ဓာတ်စကြာမင်း မဟာဂေါဝိန္ဒ အစရှိသော မင်းပုရောဟိတ် စသူတို့ မင်းနေပြည်တော် မြို့အဖြစ် သိမ်းပိုက်အပ်ရကား ရာဇဂဟ (=ရာဇဂြိုဟ်) မည်ကြောင်း ဖွင့်ဆိုကြသည်။

ရာဇဂြိုဟ်သည် ဘုရားမြတ်စွာ ပွင့်တော်မူရာအခါ၊ စကြာမင်းများ ဖြစ်ပေါ်ရာအခါများမှာ ကြက်ပျံမကျ စည်ကားသည့်မြို့ကြီး ဖြစ်သည်။ ဘုရားပွင့်ရာ, စကြာမင်း ပေါ်ထွန်းရာအခါမှတစ်ပါး တခြားသောအခါ၌ လူနေအိမ်ခြေများမှ ကင်းဆိတ်သည်။ ဘီလူးတို့ သိမ်းပိုက်ထားသည်။ ဘီလူးတို့နေရာ ဖြစ်သည်။ ဘီလူးတို့၏ ဝသန္တဥတု ရာသီအခါ သေရည်သေရက် စသည် သောက်စားပျော်မြူးရာ ဥယျာဉ်ကြီး တောကြီးဖြစ်သည်ဟု အဋ္ဌကထာများ၌ ဖွင့်ဆိုကြသည်။[၁]

သို့ရာတွင် ဤဖွင့်ဆိုချက်ကို ယေဘုယျဟု သိရာ၏။ ရာဇဂြိုဟ်မြို့သည် ဂိဇ္ဈကုဋ်တောင်, ပဏ္ဍဝတောင်, ဣသိဂိလိတောင်, ဝေဘာရတောင်, ဝေပုလ္လတောင် ဟူသော တောင်ငါးလုံး ဝန်းရံလျက် တည်ရှိရာ မြို့တည်ဟန် အလွန်လှပ သာယာလှပေသည်။ သို့စဉ်ကလောက် တောင်များဝန်းရံပြီး လှပသာယာသည့် မြို့တော်သည် ကမ္ဘာတွင် ရှိမှရှိလေမလားဟု ယုံမှားမိ၏။ "တောင်တော်ငါးလုံး ပိတ်ဖုံးကာခို ရာဇဂြိုဟ်" ဟူသော ရှေးသူတော်တို့၏ စကားမှာလည်း အစဉ်အဆက် ထွန်းကားလျက်ရှိသည်။ ၎င်းပြင် "မာဂဓာနံ ဂိရိဗ္ဗဇံ" မဂဓတိုင်းသား တိုင်းသူတို့၏ နေထိုင်ဆက်သွယ်ရာ နွားခြံတမူ တူသောမြို့ စသည်ဖြင့်လည်း လာရှိသည်။[၂]

၎င်းပြင် "ရာဇဂြိုဟ် ယခေါင်အခြေ ပြုရမှာဖြင့်၊ စာအဆို အောင်မြေနဂရပေပေါ့၊ တောင်သေလရယ်က ငါးလုံးတည်။ ဣသိဂိ မည်ရှိဝေဘာရံနှင့် ဝေပုလ္လံ ပဏ္ဍဝင့်ပြင်၊ ဂိဇ္ဈခေါ် တောင်ညီမြရယ်တို့၊ ဝန်းခပတ်လည်" စသည်ဖြင့် ကဝိစာဆို ကဗျာစိုရ်တို့ ဖွဲ့ဆိုခဲ့ကြသည်။[၃]

၁။ ဝိ၊ ဋ္ဌ၊ ၁။ ၂၄၇။ ဒီ၊ ဋ္ဌ၊ ၁။ ၁၂၂။

၂။ ဝိ၊ ၃။ ၅၅။

၃။ မုဒ္ဒဂယာ ကဗျာညွန့်ပေါင်း။ ၅၅-နှာ၊

မန္ဓာတ်စကြာမင်း ရာဇဂြိုဟ်မြို့ကို တည်ထောင်မင်းပြုခြင်း

ဤကမ္ဘာကြီး တည်ဦးစက ဇမ္ဗူဒိပ်၌ ပဌမဦးဆုံး ကွပ်ကဲအုပ်ချုပ် မင်းပြုလုပ်ခဲ့သောပုဂ္ဂိုလ်မှာ အလောင်းတော် မဟာသမ္မတမင်းဖြစ်သည်။ ယင်းမဟာသမ္မတမင်းကြီး၏ သားကား ရောဇဖြစ်သည်။ ရောဇ၏ သားကား ဝရရောဇ ဖြစ်သည်။ ဝရရောဇ၏ သားကား ကလျာဏ ဖြစ်လေသည်။ ကလျာဏ၏ သားကား ဝရကလျာဏ ဖြစ်လေ သည်။ ဝရကလျာဏ၏သားကား ဥပေါသထတည်း။ ဥပေါသထ၏ သားကား မဟာသမ္မတည်း။ မဟာသမ္မတ၏ သားကား အလောင်းတော် မန္ဓာတ်စကြာ မင်း ဖြစ်လေသည်။[၁] ယင်း မန္ဓာတ်စကြာမင်းသည် မဟာဂေါဝိန္ဒပညာရှိ ပုရောဟိတ်ကို ရာဇဂြိုဟ်မြို့ကို တည်ထောင်ဖန်ဆင်းစေ၍ စကြာမင်းစည်းစိမ်ကို လျှမ်းလျှမ်းတောက် ခံစားခဲ့လေသည်။[၂]

မင်းပေါင်း နှစ်ကျိပ်ရှစ်ယောက်ကို စုပေါင်းပြခြင်း

(၁) ရှေးဦးစွာ ဘုရားအလောင်းတော် မနု အမည် ရှိသော မဟာသမ္မတမင်း၊
(၂) ထိုမဟာသမ္မတမင်း၏ သား ရောဇမင်း၊
(၃) ထိုရောဇမင်း၏သား ဝရရောဇမင်း၊
(၄) ထိုမင်း၏သား ကလျာဏမင်း၊
(၅) ထိုမင်း၏သား ဝရကလျာဏမင်း၊
(၆) ထိုမင်း၏သား ဥပေါသထမင်း၊
(၇) ထိုမင်း၏သား မန္ဓာတုမင်း၊ အလောင်းတော် မန္ဓာတ် မင်းကြီး၊
(၈) ထိုမင်း၏သား ဝရမင်း၊
(၉) ထိုမင်း၏သား ဥပဝရမင်း၊

၁။ ဇာ၊ ဋ္ဌ၊ ၂။ ၂၇၁-၁။

၂။ ရာဇာဂဟေဟိ ဓဝံနာမမြေ နဂရေ၊ တဥ္စ မန္ဓာတုမဟာဂေါဝိန္ဒာဒီဟိ ပရိဂ္ဂဟိတတ္တာ ရာဇဂဟန္တိ ဝုစ္စတိ၊ ဝိ၊ ဋ္ဌ၊ ၁။ ၂၄၇။ ဒီ၊ ဋ္ဌ၊ ၁။ ၁၂၂။ နာရဂရေတိ ဥတ္တမနဂရေ၊ ရာဇဂဟံ သန္ဓာယာဟ။ သုမာပိတေတိ မဟာဂေါဝိန္ဒပဏ္ဍိတေန ထူပိတ္တွာ ဝိဓိနာ ဒေဝနိဝေသိတေ။ ဝိမာန၊ ဋ္ဌ။ ၇၅။

(၁၀) ထိုမင်း၏သား စေတိယမင်း၊
(၁၁) ထိုမင်း၏သား မုစလမင်း၊
(၁၂) ထိုမင်း၏သား မဟာမုစလမင်း၊
(၁၃) ထိုမင်း၏သား မုစလိန္ဒမင်း၊
(၁၄) ထိုမင်း၏သား သာဂရမင်း၊
(၁၅) ထိုမင်း၏သား သာဂရဒေဝမင်း၊
(၁၆) ထိုမင်း၏သား ဘရတမင်း၊
(၁၇) ထိုမင်း၏သား အင်္ဂီရသမင်း၊
(၁၈) ထိုမင်း၏သား ရုစိမင်း၊
(၁၉) ထိုမင်း၏သား သုရုစိမင်း (မဟာရုစိလည်းဟူ၏။)
(၂၀) ထိုမင်း၏သား ပတာပမင်း၊
(၂၁) ထိုမင်း၏သား မဟာပတာပမင်း၊
(၂၂) ထိုမင်း၏သား ပနာဒမင်း၊
(၂၃) ထိုမင်း၏သား မဟာပနာဒမင်း၊
(၂၄) ထိုမင်း၏သား သုဒဿနမင်း၊
(၂၅) ထိုမင်း၏သား မဟာသုဒဿနမင်း၊
(၂၆) ထိုမင်း၏သား နေရုမင်း၊
(၂၇) ထိုမင်း၏သား မဟာနေရုမင်း၊
(၂၈) ထိုမင်း၏သား အစ္စိမမင်း၊

ဤ နှစ်ကျိပ်ရှစ်ယောက်ကုန်သော မင်းတို့သည် နှစ်ပေါင်း အသင်္ချေ အသက်ရှည်ကုန်၏။ နောက် နှစ်ကျိပ်ခုနစ်ယောက်သော မင်းတို့သည် မဟာသမ္မတမင်း၏ သားမြေးအဆက်ဆက်တို့ ဖြစ်ကုန်၏။ ထို နှစ်ကျိပ် ရှစ်ယောက်သော မင်းတို့တွင် အချို့သော မင်းတို့သည် ကုသဝတီပြည်၌ စိုးအုပ် စံနေကြကုန်၏။ မန္ဓာတ်မင်းအပါအဝင် အချို့သောမင်းတို့သည် ရာဇဂြိုဟ်ပြည်၌ စိုးအုပ်စံနေကြကုန်၏။ အချို့သောမင်းတို့သည် မိထိလာ ပြည်၌ စိုးအုပ်စံနေကြကုန်၏။

၂၈၆။ ပဉ္စမာဘိသိတ္တော ရာဇာ၊ ဘူမိပါလော ဇုတိန္ဓရော။
မဟာသမ္မတနာမေန၊ ရဇ္ဇံ ကာရေသိ ခတ္တိယော။

၂၀၇။ တာယ ပုဒ္ဒတ္တာ ရောဇော နာမ၊ ဝရရောဇော နာမ
ခတ္တိဒယော။
ကလျာဏ ဝရကလျာဏာ၊ ဥပေါသထော မဟိဿရော။

၂၀၈။ မန္ဓာတာ သတ္တမော တေသံ၊ စတုဒိပမှိ ဣဿရော။
ဝရော ဥပဝရော ရာဇာ၊ စေတိယော စ မဟိဿရော။

၂၀၉။ မုစလော မဟာမုစလော မုစလိန္ဒော သာဂရောပိ စ။
သာဂရဒေဝေါ ဘရတော စ၊ အင်္ဂီရသော နာမ
ခတ္တိယော။

၂၉၀။ ရုစိ မဟာရုစိ စေဝ၊ ပတာပေါ မဟာပတာပေါပိ စ။
ပနာဒေါ မဟာပနာဒေါ စ၊ သုဒဿနော နာမ
ခတ္တိယော။

၂၉၁။ မဟာသုဒဿနော နာမ၊ ဒုဝေ နေရု စ အစ္စိမာပိ စ။
အဋ္ဌဝီသတိ ရာဇာနော၊ အာယု တေသံ အသင်္ချယာ။

၂၉၂။ ကုသာဝတီ ရာဇဂဟေ၊ မိထိလာယံ ပုရုတ္တမေ။
ရဇ္ဇံ ကာရေသုံ ရာဇာနော၊ တေသံ အာယု အသင်္ချယာ။[1]

ရာဇဂြိုဟ်၌ ဗုဒ္ဓဒတ္တမင်း၏ သား မြေး အစဉ်အဆက် မင်းများ အုပ်စိုးခြင်း

၎င်းပြင် ဗုဒ္ဓဒတ္တမင်းနှင့် ဗုဒ္ဓဒတ္တမင်း၏သား မြေး မြစ် အစဉ်အဆက် မင်းပေါင်း နှစ်ဆယ့်ငါးပါးတို့ အုပ်စိုး မင်းပြုခဲ့ကြောင်းလည်း လာရှိလေသည်။

၂၉၃။ တေသံ ပစ္ဆိမကော ရာဇာ၊ ဗုဒ္ဓဒတ္တော မဟဗ္ဗလော။
ပုတ္တာ ပပုတ္တကာ တဿ၊ ပဉ္စဝီသတိ ခတ္တိယာ။
မဟာရဇ္ဇံ ကာရယိံသု ရာဇဂဟပုရုတ္တမေ။[2]

၁။ ဒီပဝံသ။ ၃၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉။
၂။ ဒီပဝံသ။ ၃၊ ၃၀။

ဤသို့စသည်ဖြင့် တောင်ငါးလုံးကာခို ရာဇဂြိုဟ်မြို့တော်၌ ရောက်သင်္ချာ မြားမြောက်စွာသော မင်းတို့ အုပ်စိုး၍ မင်းပြုကာ ကိုယ့်ဆိုင်ရာ အမျိုးဘာသာ သာသနာ တိုးတက်ရာ တိုးတက်ကြောင်း ပြုခဲ့ကြပြီး.... နောက်ဆုံးတွင် သမိုင်းရာဇဝင် အမည်သညာမျှ သားရစ်ကာ ကွယ်လွန်ခဲ့ကြလေကုန်ပြီ။

၂၉၄။ ဇဝံ ရာဇဂဟေ ရမ္မေ၊ နဂတ္တရေ ပုရုတ္တမေ။
ရာဇာနော သမ္ဘဟုလာ တေ၊ ပါလယိံသု သုနီတိယာ။

၂၉၅။ သဗ္ဗေ ဇတေ ကတိပာဟသ-နာမမေယျာဝသေသကာ။
ယထာကမ္မံ အဂမိံသု၊ သခ်ါရာဟိ ဝိနာသိနော။

ရာမာယန, မဟာဘာရတ စသောပုရာဏ်ကျမ်းကြီးတို့၌ ဘုရားမြတ်စွာ မပွင့်မီ အလွန်ရှေးကျသော အခါကပင် ရာဇဂဟ်ခေါ် ရာဇဂြိုဟ်မြို့ကြီး တည်ရှိခဲ့ဖူး၍ ဝါသုမတိပုရ=ဝါသုမတီပြည်, ဝါသုမတီမြို့တော် ဟူ၍လည်းကောင်း၊ ဘာရတ္ထပုရ=ဘာရတ္ထပြည်, ဘာရတ္ထမြို့တော် ဟူ၍လည်းကောင်း၊ ဂိရိဗရဇပုရ, ဂိရိဝရဇပုရ=ဂိရိဗ္ဗဇပြည်, ဂိရိဗ္ဗဇမြို့တော်, ဂိရိဝရဇပြည်, ဂိရိဝရဇမြို့တော် ဟူ၍လည်းကောင်း၊ ကုသာဂရပုရ=ကုသာဂရပြည်, ကုသာဂရမြို့တော် ဟူ၍လည်းကောင်း လာရှိသည်ဟု သိရသည်။

ထိုအမည်များအနက် ဗြဟ္မာမင်း၏သားဖြစ်သော ဝါသုမင်းကြီး၏ ထီးနန်းစိုက်ရာမြို့ ပြည်တော်, မြို့တော်ဖြစ်ရကား ဝါသုမတီပြည်, ဝါသုမတီမြို့တော်ဟုတွင်ကြောင်း ရာမာယဏကျမ်း၌ လာသည် ဟူ၏။

ထင်ရှားကျော်စောလှသော ဇရာသန္ဓမင်းကြီး၏အတိုး ဘာရိယရဋ္ဌမင်းကြီး စိုးစံရာ ပြည်တော် မြို့တော်ဖြစ်ရကား ဘာရတ္ထပုရ=ဘာရတ္ထပြည်, ဘာရတ္ထမြို့တော်ဟုတွင်ကြောင်း မဟာဘာရတကျမ်း, အိန္ဒိယ ပုရာဏ်ကျမ်းကြီးများ၌ လာသည် ဟူ၏။

တောင်ငါးလုံး ပိတ်ဆည်းကာရံလျက်ရှိသော မြေအပြင်အနေအထားကို အကြောင်းပြု၍ ဂိရိဗရဇ, ဂိရိဝရဇဟု ဆိုကြောင်း ရှေးဟောင်းအမှတ်အသားများအရ သိရသည်။

ကုသာဂရပုရ=ကုသာဂရပြည်, ကုသာဂရမြို့တော်-ဟူသောအမည်ကား ဂျိန်းဘာသာကျမ်းများ, သက္ကတဘာသာကျမ်းများ၌ သုံးသော အမည်ဖြစ်ကြောင်း ဆိုကြသည်။ တရုတ်ခရီးသည် ရဟန်းတော် ဟီယွန်ဆန် မှတ်

တမ်း၌ ထိုရာဇဂြိုဟ်မြို့တော်သည် အလွန်မြတ်သောမြက်မျိုးဖြင့် ပြည့်နှက်နေသောကြောင့် ကုသာဂရပုရပြည်, ကုသာဂရမြို့တော်ဟုခေါ်ဆိုကြသည်ဟု လာရှိသည် ဟူ၏။ သို့ရာတွင် ဘရိယရဋ္ဌမင်းကြီး နောက်တွင် ဆက်ခံစိုးစံသော ကုသာဂရမင်းကိုစွဲ၍ ကုသာဂရပြည်, ကုသာဂရမြို့တော် ဟုဆိုလျှင် သာလွန် သင့်မြတ်သည်ဟုလည်း သမိုင်းပညာရှင်တို့ မှတ်ချက်ချကြသည်။

၂၉၆။ ဝါသုမတီတိနာမေန၊ ဘာရတ္ထအဝှယနပိ။
ဂိရိဗ္ဗဇဂိရိဝန-ကုသာဂရပဘူတိဟိ။
ဣတိဟ် ရာဇဂဟပုရံ၊ ဣတိဟာသေသု ပါကဋံ။

ရာဇဂြိုဟ်၌ ဗေဒိသမင်း မင်းပြုခြင်း

ဘုရားမြတ်စွာ၏ ခမည်းတော် သက္ကတိုင်း သက္ကနိုင်ငံတော် ကပိလမြို့တော်၌ မင်းပြုတော်မူသော သုဒ္ဓေါဒနမင်းကြီးနှင့် ခေတ်ပြိုင် မဂဓတိုင်း မဂဓနိုင်ငံတော် ရာဇဂြိုဟ်မြို့တော်၌ ဗေဒိသ မည်သော မင်းကြီးသည် မင်းကျင့်တရား ဆယ်ပါး, အပရိဟာနိယတရားခုနစ်ပါး, မင်းတို့ကျင့်ရာသော သင်္ဂဟတရားလေးပါးနှင့်အညီ တိုင်းသူပြည်သားတို့ကို ကွပ်ကဲအုပ်ချုပ် မင်းပြုလုပ်တော်မူခဲ့လေသည်။ ကပိလဝတ်မြို့တော်၌ မင်းပြုသော ဘုရားမြတ်စွာ၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗေဒိသတို့သည် အချင်းချင်း မေတ္တာသက်ဝင် ချစ်ခင်လေးမြတ်ကြသည့် သဟာယချင်းတို့ ဖြစ်ကြသည်။

၂၉၇။ သုဒ္ဓေါဒနော နာမ ရာဇာ၊ နဂရေ ကပိလဝှယေ။
သီဟဟနုဿာယံ ပုတ္တော၊ ရဇ္ဇံ ကာရေသိ-ခတ္တိယော။

၂၉၈။ ပဉ္စန္နံ ပဗ္ဗတမဇ္ဈေ၊ ရာဇဂဟေ ပုရုတ္တမေ။
ဗေဒိသော နာမ သော ရာဇာ၊ ရဇ္ဇံ ကာရေသိ ခတ္တိယော။

၂၉၉။ သဟာယာ အညမညာတော၊ သုဒ္ဓေါဒနော စ ဘာတိယော။
ဣမမှိ ပဌမေ ကပ္ပေ၊ ပဝေဏီပါဝိနာမိပါ။[၁]

၁။ ဒီပဝံသ။ ၃။ ၅၀၊ ၅၁၊ ၅၂။

ဗိမ္ဗိသာရမင်း

ဗိမ္ဗိသာရသည် အမျိုး ဘာသာ သာသနာပြု မင်း ဖြစ်ရာ ဤ၌ ပြည့်စုံ သင့်သလောက် ပြည့်စုံစွာ ဖော်ပြအပ်ပါသည်။

စိတ်ဓာတ်မြင့်မားသော ဗိမ္ဗိသာရ မင်းသားကလေး

ရာဇဂြိုဟ်ပြည့်ရှင် ဗောဓိသမင်းကြီး၏ သားတော် ဗိမ္ဗိသာရမင်းသား ကလေးမှာ အတ္တသမ္မာပဏိဓိ သမ္ပတ္တိစက်နှင့် ပြည့်စုံသူဖြစ်ရကား အသက် အရွယ် နုနယ်ငယ်စဉ် ရှစ်နှစ်သားအရွယ်ကပင် ရည်ရွယ်ချက် လိုအပ်ချက် ငါးမျိုး ဖြစ်လေသည်။ ၎င်းတို့မှာ—

၁။ ငါ၏ဖခင် ဘုရင်ဗောဓိသမင်းကြီးသည် ငါ့အား အသက် အရွယ် နုနယ် ငယ်စဉ်၌ပင် ထီးနန်းစည်းစိမ် လွှဲလျှင် ကောင်းလေစွ၊

၂။ ငါအုပ်စိုးရာ နိုင်ငံအတွင်း သစ္စာလေးပါး တရားသိမြင် ဘုရားရှင် ဖြစ်ပွင့်ပေါ်ထွန်းလျှင် ကောင်းလေစွ၊

၃။ မိမိနိုင်ငံတော်အတွင်း ပွင့်တော်မူသော ဘုရားရှင်သည် မိမိစံရာ ရာဇာဓာနီ နေပြည်တော် ကြွလာတော်မူသဖြင့် ဦးစွာ ပဌမ ဖူးမြင်ရလျှင် ကောင်းလေစွ၊

၄။ ဘုရားမြတ်စွာသည် ငါ့အား နိဗ္ဗာန် ရောက်ကြောင်း တရားကောင်းကို ကရုဏာရှေ့ထား ဟောကြားတော်မူ လျှင် ကောင်းလေစွ၊

၅။ ဘုရားမြတ်စွာ ဟောကြားတော်မူသည့် သစ္စာလေးပါး တရားတော်ကိုပိုင်းခြားထင်ထင်သိမြင်ရမူ ကောင်းလေစွ ငါးမျိုး ဖြစ်လေသည်။

၃၀၀။ ဇာတိယာ အဋ္ဌဝဿမှိ၊ ဥပ္ပန္နာ ပဥ္စ အာသယာ။
ပိဘာ မံ အနုသာသေယျ၊ အတ္တော ရဇ္ဇေန ခတ္တိယော။

၃၀၁။ ယော မယှံ ဝိဇိတေ ဗုဒ္ဓေါ၊ ဥပ္ပဇ္ဇေယျ နရာသဘော။
ဒဿနံ ပဌမံ မယှံ၊ ဥပသင်္ကမ္မ တထာဂတော။

၃၀၂။ ဒေသေယျ အမတံ ဓမ္မံ၊ ပဋိပဇ္ဇေယျ မုတ္တမံ။
ဥပ္ပန္နာ ဗိမ္ဗိသာရဿ၊ ပဥ္စ အာသယကာ ဣမေ။

ဗိမ္ဗိသာရမင်းသားသည် သူ၏ တောင့်တချက် ဆန္ဒအတိုင်း အသက် တစ်ဆယ့်ငါးနှစ်တွင် ဖခင် ဗောဓိသမင်းကြီး နတ်ရွာစံတော်မူသဖြင့် မဂဓတိုင်းသူပြည်သားတို့က ဝမ်းမြောက် ရွှင်လန်းစွာ ယူဇနာသုံးရာ ကျယ်ဝန်းသည့် မဂဓတိုင်း မဂဓနိုင်ငံတော်၏ မင်းအဖြစ်သို့ ရောက်၍ တင့်တယ်သာယာလှသည့် ရာဇဂြိုဟ်မြို့၌ နန်းစိုက်၍ အမျိုး ဘာသာ သာသနာ စည်ပင်အောင် ဆောင်ရွက်အုပ်ချုပ်လေသည်။[၁] ဗိမ္ဗိသာရမင်း တောင့်တခဲ့သည့်အတိုင်း ဘုရားမြတ်စွာသည် မဂဓတိုင်း မဂဓနိုင်ငံတော် အပါအဝင် ဥရုဝေလတော၌ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူ၍ သေနနိဂုံးအနီး ကိုယ်တော်မြတ်နှင့်အတူ ပေါက်ရောက်ပေါ်ထွန်းလာသော ဗောဓိပင်အောက် ပေါက်သော အပရာဇိတပလ္လင်ထက်၌ ဘုရား အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ဘုရားမြတ်စွာသည် ဥရုဝေလကဿပ အစရှိသော ရသေ့ဖြစ်ဟောင်း ရဟန္တာပေါင်း တစ်ထောင်နှင့် အတူ ဥရုဝေလတောမှ တိုင်းမဂဓို၏ ရာဇဂြိုဟ်သို့ ဦးစွာပဌမ ကြွတော်မူ၍ ဗိမ္ဗိ သာရမင်း အမှူးရှိသော ပြည်သူပြည်သား ပရိသတ် တစ်သိန်း နှစ်သောင်း တို့အား တရားဟောတော်မူသည်။ ဗိမ္ဗိသာရမင်းသည် သောတာပန်တည် လေသည်။ ပရိသတ်ပေါင်း တစ်သိန်း တစ်သောင်းတို့လည်း သောတာ ပန်တည်ကြသည်။ ကျန် ပရိသတ်တစ်သောင်းတို့မှာ သရဏဂုံတည် ဥပါ သကာများ ဖြစ်ကြသည်။

၃၀၃။ ဇာတိယာ ပန္နရသေ ဝဿေ၊ ဘိသိတ္တော ပိတု အစ္စယေ။
သော တဿ ဝိဇိတေ ရမ္မေ၊ ဥပ္ပန္နော လောကနာယကော။
ဒဿနံ ပဌမံ တဿ၊ ဥပသင်္ကမ္မ တထာဂတော။
၃၀၄။ မဒသေတိ အမတံ ဓမ္မံ၊ အဗ္ဘညာသိ မဟီပတိ။
ဇာတိဝဿံ မဟာဝီရံ၊ ပဉ္စတိံသ အနူနကံ။[၂]

ဗိမ္ဗိသာရမင်း အလှူပွဲများ

ဗိမ္ဗိသာရမင်းသည် ဘုရားမြတ်စွာ ရာဇဂြိုဟ်မြို့ကော်ရောက်ပြီး နောက် တစ်နေ့၌ ဆွမ်းကပ်လှူပွဲ ဆွမ်းကျွေးပွဲပြုလုပ်ရာ သိကြားမင်းသည် လုလင် ပျိုအသွင် ဆောင်လျက် ဘုရားဂုဏ်တော်များကို ဖော်ကျူး သီဆိုကာ

၁။ မဝ္မ၊ ဋ္ဌ၊ ၂။ ၁၃၃။
၂။ ဒီပဝံသ၊ ၃။ ၅၆၊ ၅၇။

ဘုရားအမှူးရှိသောသံဃာတော်တစ်ထောင်တို့အားနန်းတော်သို့ပင့်ဆောင်ပြီး ဆွမ်းကပ်လှူသည်။ ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးနောက် ဗိမ္ဗိသာရမင်းသည် ဘုရားဇီနော် လက်တော်ပေါ်၌ ရေစက်သွန်းချ၍ ဝေဠုဝန်ဥယျာဉ်တော်ကို သံဃာတော်အား လှူဒါန်းခဲ့လေသည်[၁]။ ထိုခဏ၌ ယူဇနာကိန်းနှစ်သိန်းလေးသောင်း ထုပေါင်းသချာ မဟာပထဝီ မြေကြီးသည် ဝဲယာရွေ့နောက် ထက်အောက်ခြောက်ထွေ တုန်လှုပ်လေသည်။ ဇမ္ဗူဒိပ်ကျွန်းအပြင်ဝယ် ဝေဠုဝန်အရံလှူပွဲမှတစ်ပါးအခြားအရံနှင့်ကျောင်းလှူပွဲများ၌ မြေကြီးတုန်လှုပ်ခြင်း မရှိချေ။[၂]

ထိုအလှူပွဲ၌ ဖုဿမြတ်စွာဘုရားလက်ထက်က ပြိတ္တာဘဝ ရောက်ရှိနေကြသည့် မင်းကြီး၏ ဆွေဟောင်း မျိုးဟောင်းများအား အမျှ မပေးဝေမိသဖြင့် ညဥ့်အချိန်၌ ပြိတ္တာများက ကြောက်မက်ဖွယ် အသံများ ပြုလုပ်ကြသည်။ သို့ဖြစ်၍ မင်းကြီးသည် နောက်တစ်နေ့၌ ဘုရားမြတ်စွာအားလျှောက်ထားရာ ပြိတ္တာများဖြစ်ပုံ အကြောင်းစုံကို အမိန့်ရှိတော်မူသဖြင့် နှစ်ရက်ဆက် လှူဒါန်းပွဲပြုလုပ်ကာ ပြိတ္တာများအား အမျှအတန်းပေးဝေခဲ့သည်။ ထိုခဏမှာပင် ပြိတ္တာဘဝမှ လွတ်မြောက်ကြ၍ နတ်စည်းစိမ်ကို ခံစားကြရလေသည်။[၃] ထိုမှတစ်ပါး ပညာအရာ ဧတဒဂ်ရ ဓမ္မသေနာပတိလက်ယာတော်ရံ အဂ္ဂသာဝက တပည့်ကြီး အရှင်သာရိပုတ္တရာ၏ လွန်ခဲ့သည့် ငါးဘဝက မယ်တော်ဖြစ်ခဲ့ဖူးသော ပြိတ္တာမသည်လည်း မင်းကြီးက အလှူအတန်းပြုလုပ် အမျှဝေးဝေခဲ့သဖြင့် ပြိတ္တာဘဝမှ လွတ်မြောက်ခဲ့လေသည်။[၄]

တစ်လ ခြောက်ရက် ဥပုသ်စောင့်ခြင်း

ဗိမ္ဗိသာရမင်းကြီးသည် တစ်လလျှင် ၆-ရက် ဥပုသ်စောင့်သုံးသည်။ ဗိမ္ဗိသာရမင်းကြီးသို့ အတုလိုက်၍ တိုင်းသူပြည်သားများလည်း ဥပုသ်စောင့်သုံးကြသည်။မိမိထံမှောက်ရောက်လာသူများကိုလည်း ဥပုသ်စောင့်, မစောင့် မေးမြန်းလေ့ ရှိတော်မူသည်။[၅]

၁။ ဝိ၊ ၃။ ၄၇။ ဓမ္မ၊ ဋ္ဌ ၁။ ၅၆။
၂။ အပ၊ ဋ္ဌ၊ ၁။ ၁၀၀။ ဗုဒ္ဓဝံ၊ ဋ္ဌ။ ၊ ၅။ ဇာ၊ ၁။ ဋ္ဌ၊ ၉၀။
၃။ ခုဒ္ဒက၊ ဋ္ဌ။ ၁၇၂။ ဓမ္မ၊ ဋ္ဌ၊ ၁။ ၆၆။ ပေတ၊ ဋ္ဌ။ ၂၀။
၄။ ပေတ။ ဋ္ဌ။ ၇၃။
၅။ ပေတ၊ ဋ္ဌ။ ၁၉၄။

ဗိမ္ဗိသာရမင်းနှင့် ပုက္ကုသာတိမင်း

နိုင်ငံတော် နှစ်နိုင်ငံ ကုန်သည်တို့၏ ဆက်သွယ်ပေးမှုကြောင့် ဗိမ္ဗိသာရမင်းကြီးနှင့် ပုက္ကုသာတိမင်းကြီးတို့သည်မဟာမိတ်များဖြစ်လာကြသည်။ တစ်ချိန်က ဗိမ္ဗိသာရမင်းကြီးသည် ရတနာ ၃-ပါး ဂုဏ်တော်များ ရေးသား ပါရှိသည့် ရွှေပြားကို ပုက္ကုသာတိမင်းကြီးထံ လက်ဆောင်တို့ ပြန်ခဲ့ဖူးလေသည်။ သောတာပန်ဖြစ်သည့်နေ့ကစ၍ ရတနာ ၃-ပါးမှတစ်ပါး အခြားရတနာများသည် ဗိမ္ဗိသာရမင်းကြီးအား ရွှင်လန်း ဝမ်းသာစေနိုင်စွမ်း မရှိတော့ပါချေ။[၁]

ဘုရားမြတ်စွာအား အကြံပေးခြင်း

ဗိမ္ဗိသာရမင်းကြီးသည် ရှစ်ရက် သီတင်းလပြည့် လကွယ် နေ့များ၌ တိတ္ထိများနည်းတူ ရဟန်းသံဃာတော်များလည်း အစည်းအဝေးပြုသင့်ကြောင်း ဘုရားမြတ်စွာအား အကြံပေး လျှောက်ထားခဲ့ ဖူးလေသည်။ သို့နှင့် ဘုရားမြတ်စွာသည် ရဟန်းသံဃာတော်တို့အား ရှစ်ရက် သီတင်းလပြည့် လကွယ်နေ့များ စည်းဝေး၍ တရားဟောရန်,တရားနာရန်,တရားဆွေးနွေးရန် ခွင့်ပြုမိန့်ကြားတော်မူခဲ့လေသည်။ လပြည့် လကွယ် ဥပုသ်နေ့များတွင် ဥပုသ်ပြု ပါတိမောက်ပြရန်ကိုလည်း ခွင့်ပြုသတ်မှတ်မိန့်ကြားတော် မူခဲ့လေသည်။[၂]

ရေချိုးနောက်ကျသဖြင့် မြို့ပြင်၌ အိပ်ရခြင်း

တစ်နေ့သ၌ ရဟန်းများသည် တပေါဒါမြစ်၌ မိုးချုပ်သည်အထိ ရေချိုးနေကြသည်။ မင်းကြီးသည် ရဟန်းများ ရေချိုးပြီးမှ ရေချိုးရသဖြင့် ရေချိုးနောက်ကျရာ ရာဇဂြိုဟ်မြို့တော်တံခါး ပိတ်သွားသည့်အတွက် မြို့ပြင်၌ အိပ်နေရလေသည်။ နံနက်စောစော နံ့သာများ မဖျက်ဘဲ ဘုရားမြတ်စွာထံ သွားလေရာ ဘုရားမြတ်စွာက မေးတော်မူသဖြင့် အကြောင်းစုံကို လျှောက်ထားလေသည်။ ဘုရားမြတ်စွာသည် အတိုင်းအရှည်မသိကြသည့် ရဟန်းများအား ကဲ့ရဲ့ပြစ်တင်တော်မူ၍ နဟာနသိက္ခာပုဒ် ဥပဒေတော်ကို ပညတ်တော်မူသည်။[၃]

၁။ မ၊ ၌၊ ၄။ ၁၉၆။

၂။ ဝိ၊ ၃၊ ၁၃၉–၁၄၀။ ၃။ ဝိ၊ ၂၊ ၁၅၄။

ဗိမ္ဗိသာရမင်းကြီး လျှောက်ထားသဖြင့် မင်းခယောကျ်ားများ ရဟန်းပြုခွင့် တားမြစ်တော်မူခြင်း

စစ်သားများသည် စစ်ထွက်မည့် (ရှေ့တန်းထွက်မည့်)ဆဲဆဲတွင် အကုသိုလ်မှ ကြောက်သဖြင့် သာသနာ့ဘောင်ဝင် ရဟန်းပြုကြသည်။ ထိုကိစ္စနှင့် ပတ်သက်၍ မည်သို့မည်ပုံ အရေးယူသင့်ကြောင်း မင်းကြီးက တရားသူကြီးများအား မေးမြန်းရာ ဥပဇ္ဈာယ်ကို ခေါင်းဖြတ်ရမည်။ ကမ္မဝါ ဆရာများကို လျှာဖြတ်ရမည်။ ဂဏပူရကသံဃာကို နံရိုးတစ်ဝက် ချိုးပစ်ရမည် ကြီးလေးသော ပြစ်ဒဏ် ပေးသင့်ကြောင်း သံတော်ဦးတင်ကြသည်။ သို့ဖြစ်၍ မင်းကြီးသည် ဘုရားမြတ်စွာထံ သွားရောက်၍ ဘုရားမြတ်စွာ သာသနာတော်ကို မကြည်ညိုသော မင်းများသည် အပြစ်အနည်းငယ်မျှဖြင့် ရဟန်းများကို ညှဉ်းဆဲလိုကြောင်း တွေ့ရှိရပါသည်။ မြတ်စွာဘုရားသည် မင်းခစားများကိုရဟန်းပြုခွင့်ပေးတော်မမူပါနှင့်ဟု လျှောက်ထားလေသည်။ ထိုအခါမှစ၍ မင်းခစားများကို ရဟန်းပြုမပေးရ-ဟု ဘုရား သဗ္ဗညု ပညတ်တော်မူသည်။[၁]

ဂရင်ဂျီနာပေါက်ရာ ဇီဝက ကုသ၍ ပျောက်ကင်းခြင်း

ဗိမ္ဗိသာရမင်းကြီးသည် မင်းရေးစိုးတာ ကိစ္စများ များပြားလှသဖြင့် အထိုင်များ ခန္ဓာကိုယ်အသုံးချမှုများ ခေတ်ချုပ်ရာမှ စတင်၍ ဂရင်ဂျီနာ စွဲကပ်လေရာ သမားတော်ဇီဝက၏ ဆေးတစ်ကြိမ်လိမ်းရုံမျှ ပျောက်ကင်းခဲ့လေသည်။[၂]

မင်းကြီးသည် သူတစ်ပါးအား များစွာကူညီ

ဗိမ္ဗိသာရမင်းကြီးသည် သူတစ်ပါးအား များစွာကူညီလေ့ ရှိသည်။ ဩဿည်တော် ကျောင်းဒကာ အနာထပိဏ် သူဌေးကြီးက ရာဇဂြိုဟ်မြို့တော်၌ ဘုရားအမှူးရှိသောသံဃာတော်များအား ဆွမ်းလုပ်ကျွေးလှူဒါန်းမည်ဟု သတင်းကြားသဖြင့် မင်းကြီးက အကူအညီ ပေးလိုကြောင်း ကမ်းလှမ်းခဲ့လေသည်။[၃]

၁။ ဝိ၊ ၃။ ၁၀၃-၄၊
၂။ ဝိ၊ ၃။ ၃၀၂။
၃။ ဝိ၊ ၄။ ၃၀၆။ သံ၊ ဋ္ဌ။ ၁၊ ၂၀၀၊

ရှေးထုံးဥပဒေနှင့်အညီ စီရင်သော မင်း

ဗိမ္ဗိသာရမင်းသည် ရှေးထုံးဥပဒေမှသတ်ကို အလေးအမြတ်ပြုသည့် မင်းမြတ်ဖြစ်လေသည်။ မင်းကြီးလက်ထက်၌ တစ်ပါဒ-၅-ပဲနှင့် ထိုက်တန်သော ပစ္စည်းကိုခိုးလျှင် ပြစ်ဒဏ်ခံရမည်။ ဘုရားမြတ်စွာသည် အဆိုပါ ငွေကြေးစည်းမျဉ်းအတိုင်း ရဟန်းများခိုးယူလျှင် ဒုတိယပါရာဇိကအပြစ်သို့ ရောက်စေတော်မူခဲ့လေသည်။ ဗိမ္ဗိသာရမင်းကြီးသည် ပြစ်ဒဏ်စီရင်ရာဝယ် ရှေးထုံးဥပဒေနှင့်အညီ စီရင်သည့် မင်းမြတ်ဖြစ်လေသည်။ သို့ဖြစ်၍ ဒုတိယပါရာဇိက သိက္ခာပုဒ်တော်၌ ရာဇာနေ၁-အရ ဗိမ္ဗိသာရမင်းကိုသာ ရည်ရွယ်ကြောင်း ကျမ်းပြုလိမ္မာ အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ ဖွင့်ပြတော်မူသည်။[၁]

ဘုရားမြတ်စွာက မင်းကြီးအား ဆွမ်းအနည်းငယ် ပေးတော်မူခြင်း မင်းကြီးက သောဏကောဠိဝိသအား ဘုရားထံ စေလွှတ်ခြင်း

ဘုရားမြတ်စွာသည် ရောဂါပျောက်ကင်းခါစ နောက်နေ့၌ သောဏကောဠိဝိသ လူဒါန်းသောဆွမ်းကို ဘုဉ်းပေးတော်မူစဉ်ဗိမ္ဗိသာရမင်းကြီး ရောက်လာလေရာ ဆွမ်းနံ့မွှေးကြိုင်လှသဖြင့် စားလိုသော အာသာ ဖြစ်ပေါ်လာသည်။ဘုရားမြတ်စွာသည် မင်းကြီး၏အာသာကိုသိတော်မူသဖြင့် နတ်သြဇာမထည့်ရသေးသောဘက်မှဆွမ်းအနည်းငယ်ယူ၍ မင်းကြီးအား ပေးတော်မူသည်။ထိုအခါ မင်းကြီးက "မြတ်စွာဘုရား....မြောက်ကျွန်းက ဆွမ်း ဖြစ်ပါသလော"ဟု မေးလေရာ၊ သင့် နိုင်ငံသား သောဏကောဠိဝိသ လူဒါန်းသော ဆွမ်းဖြစ်ကြောင်း မိန့်တော်မူပြီးလျှင် သောဏ၏ စည်းစိမ်ချမ်းသာ ပြည့်စုံပုံကို ဟောကြားတော်မူသည်။ မင်းကြီးသည် သောဏအား တွေ့လိုသဖြင့် တမန်လွှတ်၍ အခေါ်ခိုင်းလေသည်။သောဏသည် မိဘများ၏ သွန်သင်ချက်အရ မင်းကြီး၏ရှေ့၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေလေသည်။ သောဏအား မျက်မှောက်အကျိုးများကို မင်းကြီးကိုယ်တိုင် ဟော၍ တမလွန်အကျိုးများကို ဘုရားမြတ်စွာထံတော်မှ နာယူရန် စေလွှတ်လေသည်။[၂]

၁။ ကင်္ခါ၊ ဋီ၊ သစ်။ ၂၀၅။
၂။ ဓိ၊ ၃။ ၂၆၅။ ဓိ၊ ဋ္ဌ၊ ၃။ ၄၀၀။ အပ၊ ဋ္ဌ၊ ၂။ ၂၀၉။

ဥယျာဉ်ပိုင်ဥပမာဖြင့် မင်းကြီးအား ဘုရားရှင်ဖြေရှင်းခြင်း

တပည့်သာဝကများအတွက် ပညတ်ထားသော တန်ခိုးမပြရဟူသော သိက္ခာပုဒ်တော်သည် ဘုရားမြတ်စွာနှင့် မသက်ဆိုင်ကြောင်း ဥယျာဉ်ပိုင် ဥပမာဖြင့် မင်းကြီး၏အမေးကို ဖြေရှင်းတော်မူသည်။[၁]

အထင်မှားဖမ်းဆီး တစ်အိမ်သားလုံး လွှတ်ပေးခြင်း

ပိလိန္ဒဝစ္ဆမထေရ်သည် နန်းပြာသာဒ်ကို ရွှေပြာသာဒ်ဖြစ်အောင် ဖန်ဆင်းတော်မူလျက် မထေရ်၏တန်ခိုးကြောင့် ဖြစ်ပေါ်လာသည့် ရွှေပန်းကို ပန်ဆင်ခဲ့မိ၍ အထင်မှား ဖမ်းဆီးထားသော အရံစောင့် တစ်အိမ်သားလုံးကို လွှတ်ခဲ့လေသည်။[၂]

လူမှုရေးကိစ္စတွေ များလှသဖြင့် မေ့လျော့ပျက်ကွက်မှုများ များစွာရှိခြင်း

မင်းကြီးမှာ လူမှုရေးကိစ္စတွေများပြားလှသဖြင့် ရဟန်းသံဃာများအား ကတိဝန်ခံခဲ့သည်များ များစွာပျက်ကွက်ခဲ့လေသည်။

အရှင်ပိလိန္ဒဝစ္ဆမထေရ်အား အရံစောင့် လှူဒါန်းပါမည်ဟု ဝန်ခံပြီးနောက် ရက်ပေါင်းငါးရာကြာမှ အမှတ်ရသဖြင့် မေ့လျော့နေသော ရက်နှင့်အညီ အရံစောင့်ငါးရာ လှူဒါန်းခဲ့သည်။ ထိုသူများနေထိုင်ရာ ရွာကို "အာရာမိကဂါမ= အရံစောင့်ရွာ"ဟူ၍လည်းကောင်း, ပိလိန္ဒဂါမ= ပိလိန္ဒရွာ, ပိလိန္ဒဝစ္ဆရွာ- ဟူ၍လည်းကောင်း ခေါ်သည်။[၃]

အရှင်ဂေါဓိကထေရ်,အရှင်သုဗာဟုထေရ်,အရှင်ဝလ္လိယထေရ်,အရှင် ဥတ္တိယထေရ်တို့အား ကျောင်းဆောက်လှူဒါန်းပြီး အမိုးမမိုးစေဘဲမေ့နေပြန်သည်၊ မထေရ်မြတ်များ၏ တန်ခိုးကြောင့် ရိုးမရွာမှ အမှတ်ရ၍ အမိုးမိုး မြေညက်အင်္ဂတေကိုင် ပန်းချီဆေးရေးခြယ်ပြီးနောက် ကျောင်းရေစက်ချပွဲ ပြုလုပ်ခဲ့လေသည်။[၄]

၁။ ဝိ၊ ၄။ ၂၄၇။ မော္ဘ၊ ဋ္ဌ၊ ၂။ ၁၃၃။ အပ၊ ဋ္ဌ၊ ၁။ ၁၃၀။
ဇာ၊ ဋ္ဌ၊ ၄။ ၂၆၄။

၂။ ဝိ၊ ၃၊ ၁၆၁၊ ဝိ၊ ၃။ ၃၀၀၊

၃။ ဝိ၊ ၁။ ၃၆၀။

၄။ ထေရ၊ ဋ္ဌ၊ ၁။ ၁၅၇။

၎င်းပြင် အရှင်ဂိရိမာနန္ဒထေရ်အား ပစ္စည်းလေးပါးထောက်ပံ့မည်ဟူ၍လည်းကောင်း, အရှင်သုဘူတိထေရ်အား ကျောင်းဆောက် လှူမည်ဟူ၍လည်းကောင်း ဝန်ခံပြီးမှမေ့နေပြန်ရာ မထေရ်မြတ်များ၏ တန်ခိုးကြောင့် မိုးမရွာမှ အမှတ်ရသဖြင့် ကျောင်းဆောက် လှူဒါန်းတော်မူသည်။[၁]

ဝေသာလီပြည် ဘုရားရှင်အကြွ ပူဇော်သကာ များစွာပြုခြင်း

လိစ္ဆဝီနိုင်ငံ ဝေသာလီမြို့တော်၌ ဖြစ်ပေါ်နေသော ဘေးကြီးသုံးပါး ငြိမ်းအေးဖို့အတွက် ဘုရားမြတ်စွာ ဝေသာလီမြို့တော်သို့ ကြွတော်မူရာတွင် ဗိမ္ဗိသာရမင်းကြီးသည် ကြီးကျယ်သော အခမ်းအနား အစီအစဉ်ဖြင့် ဘုရားရှင်အား ပူဇော်သကာ များစွာပြုလုပ်ခဲ့လေသည်။[၂]

ဓမ္မဒိန္နာအား ပူဇော်ခြင်း

ခင်ပွန်းသည် ဝိသာခသူဌေး တောင်းပန်ချက်အရ ဓမ္မဒိန္နာသူဌေးကတော် ဘိက္ခုနီသာသနာဝင်ပွဲ ပြုလုပ်ရာ၌လည်း လမ်းမများကိုသုတ်သင်ရှင်းလင်း တန်ဆာဆင်စေပြီးလျှင် ရွှေထမ်းစင်(ရွှေဝေါ)စီးခွင့် ပေးကာ ဓမ္မဒိန္နာအား ပူဇော်ခဲ့လေသည်။[၃]

မိဖုရားခေါင်ကြီး နှစ်ဦး

ဗိမ္ဗိသာရမင်းကြီးမှာ မိဖုရားခေါင်ကြီး နှစ်ဦးရှိသည်၊ ၎င်းတို့မှာ ဝေဒေဟီမိဖုရားကြီးနှင့် ခေမာမိဖုရားကြီးတို့ ဖြစ်ကြသည်။ ထိုတွင်— ဝေဒေဟီမိဖုရားကြီးသည် မဟာကောသလမင်းကြီး၏ သမီး ဖြစ်သည်။ အဇာတသတ်၏ မယ်တော် ဖြစ်သည်၊ အဇာတသတ်က ဖခင် ဗိမ္ဗိသာရမင်းကြီးကို ခြေထောက် ခားခွဲ ဆားသိပ် မီးကင် ကွပ်မျက်သဖြင့် နတ်ရွာစံလေရာ မင်းကြီးနှင့် ကွေကွင်းရခြင်းကြောင့် ဝေဒေဟီမိဖုရား မကြာမီ ကွယ်လွန်ခဲ့လေသည်။[၄]

၁။ အပ၊ ဋ္ဌ၊ ၂။ ၂၀၅။ ထေရ၊ ဋ္ဌ။ ၁၅၊။
၂။ ခုဒ္ဒက၊ ဋ္ဌ။ ၁၃၄။ ဓမ္မ၊ ဋ္ဌ၊ ၂။ ၂၇၈။ သုတ္တနိ၊ ဋ္ဌ၊ ၁။ ၂၆၆။
၃။ မ၊ ဋ္ဌ၊ ၂။ ၂၅၇။ ထေရီ၊ ဋ္ဌ၊ ၁၇။
၄။ သံ၊ ဋ္ဌ၊ ၁။ ၁၇၃။

အပျော်မယား နှစ်ယောက်

အမ္ဗပါလီ ပြည့်တန်ဆာမသည် ဗိမ္ဗိသာရမင်းကြီး၏ အပျော်မယား ဖြစ်သည်။[၁] ပဒုမဝတီ ပြည့်တန်ဆာမ သည်လည်း ဗိမ္ဗိသာရမင်းကြီး၏ အပျော်မယား ဖြစ်သည်။[၂] အခြား အမည်မထင်ရှားသော မိဖုရားများ လည်း ရှိသေးသည်။

သားခြောက်ယောက် သမီးတစ်ယောက်

ဗိမ္ဗိသာရမင်းကြီးမှာ သားခြောက်ယောက်, သမီးတစ်ယောက် ထွန်းကားသည်။ ယင်းတို့မှာ– ဝေဒေဟီမိဖုရားကြီး၏သား အဇာတသတ်။[၃] ပဒုမဝတီ ပြည့်တန်ဆာမ၏သား အဘယ။[၄] အမ္ဗပါလီ ပြည့်တန်ဆာမ၏ သား ဝိမလကောဏ္ဍည။[၅]။ အခြားမိဖုရားများမှဖွားမြင်သော သီလဝ။[၆] ဇယသေန။[၇]။ စုန္ဒ, သမီးတော် စုန္ဒီ[၈]ဟု ဖြစ်ကြသည်။

မဟာမိတ်ဘုရင်, မြို့စား, အမတ်နှင့် လက်သုံးတော်များ

မဟာမိတ်ဘုရင်များမှာ ဂန္ဓာရတိုင်း ဂန္ဓာရနိုင်ငံ တက္ကသိုလ်မြို့တော်မှ ပုက္ကုသာတိမင်း[၉], ဥဇ္ဇေနီပြည် စဏ္ဍပဇ္ဇောတမင်း[၁၀]တို့ ဖြစ်ကြသည်။ မြို့စားများမှာ စမ္ပာမြို့စား သောဏဒဏ္ဍပုဏ္ဏား၊ ခါဏုမတမြို့စား ကူဋဒန္တပုဏ္ဏား[၁၁]တို့ ဖြစ်ကြသည်။အမတ်များမှာ ဝဿကာရအမတ်[၁၂]၊ ကောလိယအမတ်[၁၃] စသည်တို့ ဖြစ်ကြသည်။

၁။ ဝိ၊ ၃။ ၃၇၇။ ဒီ၊ ၂။ ၈၁။
၂။ ထေရီ၊ ဋ္ဌ။ ၄၀။
၃။ သံ၊ ၁။ ၈၃။
၄။ အပ၊ ၁။ ၁၆။
၅။ ထေရ၊ ဋ္ဌ၊ ၁။ ၁၈၃။
၆။ ထေရ၊ ဋ္ဌ၊ ၂။ ၂၁၀။
၇။ မ၊ ၃။ ၁၆၉။
၈။ အံ၊ ၂။ ၂၉။
၉။ မ၊ ဋ္ဌ၊ ၄။ ၁၉၄။
၁၀။ ဝိ၊ ၃။ ၃၈၇။
၁၁။ ဒီ၊ ၁။ ၁၀၄၊ ၁၂၈။
၁၂။ ဝိ၊ ၁။ ၄၃။
၁၃။ ပေ။ ၁၆၇၊ ပေအ၊ ဋ္ဌ။ ၁၅၆။

လက်သုံးတော်များမှာ စမ္ပာမြို့ သူဌေးသား သောဏကောဠိဝိသ သုမနပန်းသည်, သမက်တော် ကုမ္ဘဃောသက,ဇီဝကတို့ ဖြစ်ကြသည်။[၁]

မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့တော် အဆို့ အကဝိဇ္ဇာ သိရိမာ

ဇီဝက၏ နှမ သိရိမာသည် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့တော်၌ ဗိမ္ဗိသာရ မင်းကြီး၏ ဘုရင်အသုံးတော်ခံ အဆို့အက၌ထူးချွန်သူ အဆို့အက ဝိဇ္ဇာ ဖြစ်လေသည်။ သိရိမာသည် ယခင်က ပြည့်တန်ဆာမ ဖြစ်သည်၊ အဆို အကအရာ လွန်စွာ ကျွမ်းကျင်ဝါတ်မြောက်သည့် အကကျော်,အဆိုကျော်, အကဝိဇ္ဇာ,အဆိုဝိဇ္ဇာ ဖြစ်လေသည်။ သောတာပန်ဖြစ်ပြီးနောက် ပြည့်တန် ဆာအလုပ်ကို စွန့်လွှတ် နေ့စဉ် ရဟန်းတော်ရှစ်ပါးအား တစ်ပါး နှစ်ကျပ် တန် ဆွမ်းနှင့် ဆွမ်းဟင်း ငွေတစ်ဆယ့်ခြောက်ကျပ်တန်လှူဒါန်းဒါနပြုစဉ် တစ်နေ့တွင် ကွယ်လွန်ခဲ့လေရာ ယင်း၏အသုဘသို့ဘုရားမြတ်စွာနှင့် ရဟန်း ယောကျ်ား ရဟန်းမိန်းမတို့ အသုဘရှုကြွတော်မူကြသည်။ သိရိမာသည် မိမိဖြစ်ရာ နိမ္မာနရတိနတ်ပြည်မှ အခြွေအရံ နတ်သမီးငါးရာ နတ်ရထား ကိုယ်စီဖြင့် သူမ၏ အသုဘအခမ်းအနားတွင် ဘုရားရှင်နှင့် သံဃာတော် များအား လာရောက်ဖူးမြင်ရာ ဘုရားမြတ်စွာ၏စေခိုင်းချက်အရ အရှင်-ဝင်္ဂီသထေရ်က သင် ဘယ်သူလဲ, ဘယ်က လာသလဲ....စသည် မေးရာ သိရိမာနတ်သမီးက....

> ၃၀၅။ နဂန္တရေ နဂရဝရေ သုမာပိတေ၊
> ပရိစာရိကာ ရာဇဝရဿ သိရိမတော။
> နစ္စေ ဂီတေ ပရမသုသိက္ခိတာ အဟုံ၊
> သိရိမာတိ မံ ရာဇဂဟေ အဝေဒိံ သု။[၂]

နဂန္တရေ=ဝေဘာရတောင်, ဝေပုလ္လတောင်, ဂိဇ္ဈကုဋ်တောင်, ပဏ္ဍဝ တောင်,ဣသိဂိလိတောင် ဟူသော ငါးလုံးတို့၏အလယ်၌။ သုမာပိတေ= ကောင်းစွာ ဖန်ဆင်းတည်ထောင်အပ်သော။ နဂရဝရေ= တိုင်းမာဂဓိုရ် ရာဇဂြိုဟ်မြို့တော်မြတ်၌။ သိရိမတော=ဘုန်းကျက်သရေကြီးမား လှပေ

၁။ ဝိ၊ ၃။ ၂၆၇၊ ဓ္ဓေ၊ ဋ္ဌ၊ ၁။ ၃၁၇၊ ဓမ္မ၊ ဋ္ဌ၊ ၁။ ၁၅၂။
ဝိ၊ ၃၊ ၃၇၀၊
၂။ ဝိမာန၊ ၁၉။

သော။ ရာဇဝရဿ=ဗိမ္ဗိသာရမင်းမြတ်၏။ ပရိစာရိကာ= ဆိုကာ ကကာ ပျော်ရွှင်စွာ လုပ်ကျွေးခဲ့ရပါ၏ ဘုရား။နစ္စေ = အနုပညာ အကအရာ၌ လည်းကောင်း။ဂီတေ = စည်းချက်အညီ သီချင်းဆိုမှု၌ လည်းကောင်း။ ပရမသုသိက္ခိတာ = အလွန်ကောင်းမွန်စွာသင်ယူခဲ့သည်။အဟုံ=ဖြစ်ပါ၏ ဘုရား။ ရာဇဂဟေ = ရာဇဂြိုဟ်မြို့တော်တစ်ခွင်၌။ မံ = တပည့်တော်မကို။ သိရိမာတိ = သီရိမာဟူ၍။အဝေဒိံသု = လူအားလုံးတို့ သိကြပါကုန်၏ဘုရား-ဟု လျှောက်လေသည်။[1]

သူဌေးကြီး ငါးဦးစသည်

ဗိမ္ဗိသာရ၏ မဂဓနိုင်ငံတော်၌ အချမ်းသာ အကြွယ်ဝဆုံး သူဌေးကြီး ငါးဦးတို့မှာ ဇောတိကသူဌေး, ဇဋိလသူဌေး, မေဏ္ဍကသူဌေး, ပုဏ္ဏ သူဌေး,ကာကဝလိယသူဌေးတို့ ဖြစ်ကြသည်။ ဗိမ္ဗိသာရမင်းသည် တိုင်းတော်ပြည်တော်စည်ကားရန် ပြည့်တန်ဆာမ ထားသင့်ကြောင်း သူဌေးများ၏ သံတော်ဦးတင်ချက်အရ သာလဝတီ ပြည့်တန်ဆာမကိုထားရှိခဲ့လေသည်၊ ဗိမ္ဗိသာရနှင့် ပသေနဒီကောသလတို့ အချင်းချင်း မောင်လယ် နှမလယ် လက်ထပ်ကြသည်။ ပသေနဒီ ကောသလမင်းက [illegible]သူဌေး တစ်ဦးပေးရန် တောင်း၍ မေဏ္ဍကသူဌေး၏သား ဓနဥ္စယသူဌေး ဝိသာခါ၏ ဖခင်ကို ဗိမ္ဗိသာရမင်းက ထည့်ပေးလိုက်လေသည်။[2]

ဗိမ္ဗိသာရမင်း၏ ဂုဏ်ရည်ဂုဏ်ပုဒ်များ

ဗိမ္ဗိသာရမင်း၏ ဂုဏ်ရည်ဂုဏ်ပုဒ်များမှာ- သေနိယ = များသော စစ်သည်တော် တပ်မတော်ရှိသောမင်း။ ပဏ္ဍရကေတု = ဖြူသောအလံရှိသောမင်း။ရန်ငြိမ်းသောမင်း။ သဗ္ဗရဝညူ = အသံကြားခါမျှဖြင့်အသံရှင်၏ အရည်အသွေးကို သိသောမင်း စသည်တို့ ဖြစ်ကုန်၏။ ဗိမ္ဗိသာရ ဟူသောပုဒ်ကို မြတ်သောရွှေအဆင်းနှင့် တူသူ။ ကိုယ်ခန္ဓာ အတ္တဘော၏ အနှစ်သာရရှိသူ။ မြတ်သောရွှေအဆင်းရှိသူ။ မြတ်သော ရွှေအဆင်းနှင့် တူသော အဆင်းရှိသူ-ဟု ဖွင့်ဆိုကြသည်။[3]

၁။ အကျယ် ဝိမာန၊ ဋ္ဌ။

၂။ ဓမ္မ၊ ဋ္ဌ၊ ၁။ ၂၄၃။

၃။ ဒီ၊ ဋ္ဌ။ ၁၊ ၂၄၉။ မ၊ ဋ္ဌ။ ၁။ ၃၆၉။ ဥဒါန၊ ဋ္ဌ၊ ၉၊ -စသည်။

ဝမ်းနည်းဖွယ်အဖြစ်ဆိုးနှင့် ကြုံရခြင်း

ဘုရားကျောင်းဒါယကာ အနီယသာဝက ဗိမ္ဗိသာရမင်းကြီးသည် သက်တော် ၅၂-နှစ် အရွယ်ကောင်းတုန်းတွင် ကြေကွဲဝမ်းနည်းဖွယ်အဖြစ်ဆိုးနှင့် ကြုံရရှာလေသည်။ယင်း အဖြစ်ဆိုးအောင် သားတော်အဇာတသတ် ပြုလုပ်စီမံခဲ့လေသည်။ ဝေဒေဟီမိဖုရားကြီးသည် အဇာတသတ်မင်းသားကို ကိုယ်ဝန်လွယ်ဆောင်စဉ် မင်းကြီး၏ လက်ယာမောင်းသွေးသောက်လိုသော အလိုအာသာ ချဉ်ခြင်း ဖြစ်ပေါ်လာသဖြင့် လက်ယာမောင်းသွေးကို ဖောက်တိုက်ခဲ့ရလေသည်။ ယင်းအချက်ကို ထောက်၍ ဖခင် ဗိမ္ဗိသာရမင်းကြီး၏ ရန်သူဖြစ်လိမ့်မည်ဟု နိမိတ်ဖတ်ချက်အရ ကိုယ်ဝန်ဖျက်ချရန် ကြံစည်ခဲ့စဉ်၌လည်းကောင်း, ဖွားမြင်ပြီးနောက် သုတ်သင်ပစ်ရန် ကြံစည်ခဲ့စဉ်၌လည်းကောင်း မင်းကြီးက တားမြစ်ခဲ့လေသည်။ အဇာတသတ် ငယ်စဉ်က လက်ချောင်း၌ ခူနာပေါက်ရာ အနာပြည်ကိုက်သဖြင့် ရှိုက်ကာရှိုက်ကာ ငိုကြွေးနေရရှာသည်။ မင်းကြီးသည် သားတော်၏ ဝေဒနာ သက်သာစေရန်အတွက် ခူနာပေါက်သည့် လက်ချောင်းကို ပါးစပ်၌ ငုံထားစဉ် ပြည်ပေါက်လေရာ ယင်းပြည်များကို မျိုချတော်မူခဲ့လေသည်။ အခါတစ်ပါး ရဟန်းငါးရာနှင့် ဘုရားရှင် နန်းတော်ကြွလာရာ ဆွမ်းကပ် တရားနာသည်၊ ထိုအခိုက်မှာပင် အဇာတသတ်မင်းသားကို တန်ဆာဆင်ပြီး ဗိမ္ဗိသာရမင်းကြီး လက်ထဲထည့်လိုက်ရာ သား၌ ချစ်လွန်းအားကြီးသဖြင့် တရားမနာတော့ချေ။[၁] အဇာတသတ် အရွယ်ရောက်ရာ အခါတွင် အိမ်ရှေ့ရာထူး ချီးမြှင့်တော်မူသည်။ ဗိမ္ဗိသာရမင်းသည် သားတော်များအနက် အဇာတသတ်ကို အချစ်ဆုံး ဖြစ်လေသည်။

ထီးနန်းကို လွှဲအပ်ခြင်း

ဒေဝဒတ်က မြှောက်ပင့်ပေးသဖြင့် ဖခင် ဗိမ္ဗိသာရမင်းကြီးကို လုပ်ကြံရန် နန်းတွင်းသို့ နေ့လယ်ကြောင်တောင် အချိန်၌ ဝင်လာသည့် အဇာတသတ်ကို အမတ်များကရှာဖွေရာ ဓားငယ်တွေ့သဖြင့် အကြောင်းကို မေးမြန်းသောအခါ ထီးနန်းကို လိုချင်မှန်းသိရ၍ ဖခင်ဘုရင်က လွှဲအပ်တော်မူလေသည်။

၁။ ဇာ၊ ဋ္ဌ၊ ၃။ ၁၁၂။

ဗိမ္ဗိသာရမင်း နတ်ရွာစံတော်မူခြင်း

အဇာတသတ်သည် ဖခင်ဘုရင်ကြီးကို အပြီးသတ်သုတ်သင်ပစ်ရန် ဒေဝဒတ်က ထပ်မံ မြှောက်ပင့်ပေးပြန်သဖြင့် ခမည်းတော်ဘုရင်ကြီးကို အကျဉ်းထောင်တွင်း သွင်းချကာ မယ်တော်ဝေဒေဟီမိဖုရားကြီးမှတစ်ပါး မည်သူမျှ မဝင်ရဟု အမိန့်ထုတ်ပြန်လေသည်။ ဝေဒေဟီမိဖုရားကြီးသည် အစားအစာ အပြည့်ထည့်ထားသော ရွှေခွက်ကို ခါးစောင်းတင် ရင်ခွင်မှာဝှက်၍ မင်းကြီးအား ကျွေးမွေးရှာသည်။ သားတော် အဇာတသတ်ဘုရင် သိရှိ၍ တားမြစ်သဖြင့် ဆံထုံး၌လည်းကောင်း၊ ခြေနင်း၌လည်းကောင်း အစာကို ဝှက်ယူ ကျွေးမွေးရှာပြန်သည်။ တစ်ဖန် တားမြစ်ပြန်သဖြင့် သူမ၏ ခန္ဓာကိုယ်ပေါ်မှာ စတုမဓု လိမ်းကျံလျက် မင်းကြီးအား လျက်စေခြင်းဖြင့် ကျွေးမွေးရှာလေသည်။ နောက်ဆုံးဝယ် မယ်တော်ကိုပင် ဖခင်နှင့်တွေ့ခွင့် မပေးတော့ချေ။

ထိုအခါမှစ၍ အစာမစားရသော်လည်း စင်္ကြံသွားရင်း ဖလသမာပတ် ဝင်စားနေတော်မူသည်။ မင်းကြီး၏ ခန္ဓာကိုယ်သည် ယခင်ကထက်ပင် အသားအရေ ပြည့်တင်းစိုပြည်ကာ အဆင်းအရောင် တောက်ပြောင်နေသည်ဟု အဇာတသတ်ကြားသောအခါ ဆတ္တာသည်များကို စေလွှတ်၍ ခြေဖဝါးကို ဓားခွဲ ဆားသိပ် မီးကျီး၌ကင်စေရာ ပြင်းထန်သောဝေဒနာကို ခံစားရရှာလေသည်။ အဟော ဗုဒ္ဓေါ=ဘုရားမြတ်စွာ၏ ဂုဏ်တော် အပေါင်းသည် နှစ်ထောင်းဝမ်းသာ ထောမနာဖွယ် ကောင်းပါပေစွ-စသည်ဖြင့် ရတနာသုံးပါးဂုဏ်တော်ကို ရွတ်ဆိုမြည်တမ်းရင်း နတ်ရွာစံတော်မူခဲ့လေသည်။ စတုမဟာရာဇ်နတ်ပြည် ဝေဿဝဏ်နတ်မင်းကြီး၏ အခြွေအရံ ဇနဝသဘနတ်သား ဖြစ်လေသည်။[၁] ဇနဝသဘနတ်သားသည် ဘုရားမြတ်စွာထံလာရောက်၍ တပည့်တော် သကဒါဂါမိ ဖြစ်အောင် အမြဲထာဝစဉ် ကြိုးစားနေပါသည်ဟု လျှောက်တင်လေသည်။[၂] မင်းကြီးသည် ရှေးအတိတ် တစ်ဘဝက စေတီရင်ပြင်၌ ဖိနပ်စီးပြီး သွားခဲ့ဖူးသည်။ သံဃာတော်များ နေထိုင်ရန် ခင်းထားသော ဖျာသင်ဖြူးများ

၁။ ဒီ၊ ဋ္ဌ၊ ၁။ ၁၂၁-၆။
၂။ ဒီ၊ ၂။ ၁[illegible]။

ပေါ်၌ ခြေမဆေးဘဲ နင်းခဲ့သည်။ ထိုအကုသိုလ်ကံများကြောင့် ခြေဖဝါး ဓားခွဲခံရခြင်း ဖြစ်သည် ဟူ၏။[၁]

သံဝေဂယူရန်

၃၀၆။ ယထာ အတိထိဂေဟမှိ၊ အတိထိနံ သမာဂမော။
တထာ လောကမှိ ဇနာနံ၊ မုဟုတ္တံဝ သမာဂမော။

အတိထိဂေဟမှိ-ဧည့်သည်များစွာ လာရောက်ဘည်းခိုရာ ဧည့်ဂေဟာ၌။ အတိထိနံ = ဧည့်သည်အပေါင်းတို့၏။ သမာဂမော ယထာ = အခိုက်အတန့်ပေါင်းဆုံမိခြင်းကဲ့သို့။ တထာ=ထို့အတူ။ လောကမှိ = လောကထဲ၌။ ဇနာနံ=ကြုံလာဖြစ်လာ သတ္တဝါတို့၏။ ဝါ=ဖြစ်လာသသူလူအပေါင်းတို့၏။ သမာဂမော=ပေါင်းဆုံကြုံကြိုက်ရခြင်းသည်။ မုဟုတ္တံဝ -မုဟုတ္တံဧဝ= နတ်သက် ပြဟ္မာသက်နှင့်နှိုင်းစာပါက တစ်အောင့်တစ်ခဏမျှသာတည်း။

အဇာတသတ်မင်း

အဇာတသတ်သည် မိတ်ဆွေယုတ် ဒေဝဒတ်နှင့် ပေါင်းမိသဖြင့် ဖခင်ဘုရင်ကို အကျဉ်းချ ခြေဓားခွဲ ဆားသိပ် မီးကင်ကာ ကွပ်မျက်လုပ်ကြံခဲ့လေသည်။ အဇာတသတ်သည် မင်းဖြစ်၍ မကြာမီ ရာဇဂြိုဟ်မြို့ဟောင်းမြောက်ဘက် ယခု ရာဇဂိရ်-ခေါ် မြို့တွင် နန်းမြို့သစ်တည်၍ နန်းစံခဲ့လေသည်။ အဇာတသတ်မင်း၏ မိဖုရားသည် ပသေနဒီကောသလမင်း၏သမီး ဝဇီရာ ဖြစ်သည်။[၂]

အဇာတသတ်မင်းသည် ရာဇဂြိုဟ် မြို့တံခါးအနီး ကွယ်လွန်သော ပသေနဒီကောသလမင်း၏ အလောင်းကို လှပခမ်းနားစွာ သင်္ဂြိုဟ်ခဲ့လေသည်။[၃] ကောသလမင်းကြီးသည် ဖခင်မဟာကောသလမင်းကြီးက သမီးဝေဒေဟီ ဗိမ္ဗိသာရနှင့် လက်ထပ်စဉ်က နှစ်စဉ် အခွန်တစ်သိန်းထွက်သော ကာသိရွာကြီးကို လက်ဖွဲ့လိုက်လေသည်။ ဗိမ္ဗိသာရမင်း နတ်ရွာစံသဖြင့် ဝေဒေဟီမိဖုရားကြီးလည်း လွမ်းဆွေးဆွေး ကွယ်လွန်ခဲ့သဖြင့် ပသေနဒီကောသလမင်းသည်ယင်းကာသိရွာကြီးကိုတိုက်ခိုက်စစ်ထိုးရာသုံးကြိမ်တိုင်

၁။ ဒီ၊ ဋ္ဌ၊ ၁။ ၁၂၆-ကြည့်။
၂။ ဇာ၊ ဋ္ဌ၊ ၄၊ ၃၄၃။
၃။ ဇာ၊ ဋ္ဌ၊ ၄။ ၁၅၄။

အဇာတသတ်က နိုင်သည်၊ နောက်အကြိမ်တွင် ပသေနဒီကောသလမင်းကြီးက နိုင်၍ အဇာတသတ်ကို သံခြေကျဉ်းခတ်ဖမ်းယူ၍ ရက်အနည်းငယ်ချုပ်ထားပြီး မာန်မာန ကျိုးနှိမ်အောင် ပြောဆိုဆုံးမပြီး နောက်ထပ်ဤကဲ့သို့ မပြုလုပ်ရန် ဆုံးမပြီး သမီး ဝဇီရကို ပေးလိုက်ကာ အခြွေအရံနှင့်တကွ လွှတ်လိုက်သည်။

ဒေဝဒတ်သည် ရဟန်းပြုပြီးခါစ၌တရားအားထုတ်ရာ စျာန်အဘိညာဉ်ကိုရ၍ တန်ခိုးကြီးမားသူ ဖြစ်လေသည်။ ထိုတန်ခိုးကြောင့်ပင် ဘုရားမြတ်စွာကို တုပြိုင်ကာ ဘုရားတစ်ဆူ လုပ်ချင်သူ ဖြစ်လေသည်။ ဘုရားလုပ်ရာဝယ် နောက်လိုက်သံဃာ များရန်, လာဘ်ပေါများရန် တို့လည်းအရေးတကြီး လိုအပ်သဖြင့် နောင်အခါ မင်းဖြစ်ရန်သေချာသည့် မလိမ်တမာ အရွယ်သာရှိသော အဇာတသတ် မင်းသားကလေးကို မိမိအားကြည်ညိုအောင် တန်ခိုးပြ၍ သွေးဆောင်ခဲ့လေသည်။ မိမိကိုယ်ကို လူပျိုကလေးယောင် ဖန်ဆင်းပြီးလျှင် အဇာတသတ်မင်းသား၏ ရင်ခွင်၌ရုတ်တရက် ဘွားကနဲ ပေါ်လာလေရာ အဇာတသတ်မင်းသား လွန်စွာထိတ်လန့်တုန်လှုပ်သွားသည်။ထိုအခါ ဒေဝဒတ်က အို မင်းသားကလေး—မကြောက်ပါနှင့်၊ ဒေဝဒတ်ဆိုဘာ ငါပါဘဲဟု ပြော၍ သပိတ် သင်္ကန်းအပြည့်အစုံဖြင့် ရဟန်းအသွင် ပြောင်းကာ မင်းသားရှေ့၌ ရပ်လေသည်။ထိုတန်ခိုးအလွန်အမင်းကြည်ညိုကာ နေ့စဉ်ဆွမ်းအုပ်ငါးရာ လှူဒါန်းသဖြင့်ရည်မှန်းသည့်အတိုင်း လာဘ်သပ္ပကာ ပေါများလှေသည်။[1] အဇာတသတ်သည် ဂယာရွာအနီးရှိ ဆင်ဦးကင်းနှင့်တူသော ကျောက်ဖျာရှိရာတောင်(ဂယာသီသတောင်)၌ ကျောင်းဆောက်လုပ်၍ ဒေဝဒတ်အားလှူဒါန်းကိုးကွယ်ခဲ့လေသည်။ ဒေဝဒတ် လာဘ်, အခြွေအရံ ပေါများလေ၏။[2] ဒေဝဒတ်နှင့် ကြံရာပါအဇာတသတ်သည် ဘုရားရှင်အားလည်း သတ်ရန်အမျိုးမျိုးကြံစည်ခဲ့သူ ဖြစ်သည်။[3] အဇာတသတ်သည် ဖခင်ဘုရင်ကြီးသတ်စဉ်, ဘုရားရှင် သတ်ရန် လေးသမားများ စေလွှတ်စဉ်, ဒေဝဒတ်ကျောက်မောင်းဆင်၍ လောဟိတုပ္ပါဒ ကံပြုစဉ်တို့၌ လူထုမဆူပွက်သေး၊

၁။ ဇာ၊ ဋ္ဌ၊ ၄၊ ၃၄၄။

၂။ ဓမ္မ၊ ဋ္ဌ၊ ၁။ ၈၉။

၃။ ဇာ၊ ဋ္ဌ၊ ၁။ ၂၀၁။

၄။ ဝိ၊ ၃။ ၅၁။ ဇာ၊ ဋ္ဌ၊ ၃။ ၅၁၁။ ဇာ၊ ဋ္ဌ၊ ၇။ ၇၁။

နာဠာဂိရိဆင် လွှတ်စဉ်တွင် လူထုဆူပွက် လှုပ်ရှားလာသဖြင့် အဇာတသတ်သည် ဒေဝဒတ်ထံ ပို့လူနေကျ ဆွမ်းချက်ငါးရာ မပို့တော့ချေ။ ဒေဝဒတ်ထံလည်း မသွားတော့ချေ။[၁]

အဇာတသတ် ဘုရားထံရောက် တရားနာ ဥပါသကာဖြစ်ခြင်း

အဇာတသတ်သည် ဒေဝဒတ်အား ကိုးကွယ်မိ ဒေဝဒတ် ခိုင်းသည့်အတိုင်း လုပ်မိသဖြင့် ဓမ္မရာဇ် တရားစောင့်သောမင်း သောတာပန်ကျောင်းဒါယကာ ဖခင် ဗိမ္ဗိသာရမင်းကြီးကိုသတ်၍ မိမိ၏ သောတာပတ္တိမဂ်၏ အားကြီးသောအကြောင်း ကောင်းမှုကို ဖျက်ဆီးခဲ့လေသည်။ ဒေဝဒတ် မြေမျိုသည်ဟု ကြားသောအခါ ငါလည်း မြေမျိုလေမည်လားဟု ကြံတွေးကြောက်ရွံ့လှ၍ မအိပ်နိုင် မစားနိုင် ဖြစ်နေလေသည်။ ထာဝစဉ် စိတ်ညစ်နေလေသည်။ စိတ်ကြည်လင်လာအောင် ဆရာတစ်ဦးဦးထံ ချဉ်းကပ်ချင်လာသည်။ သို့နှင့် အမတ်များက အမျိုးမျိုးအကြံပေးရာ လက်မခံဘဲ သမားတော် ဇီဝက၏အကြံဖြင့် ဘုရားမြတ်စွာထံ သွားဖို့ရာ ဆင်မငါးရာကို ကကြိုးတန်ဆာဆင်စေ၍ စစ်သားဟန်ဆောင်ထားသော အမျိုးသမီးငါးရာကို စီးစေလျက် မီးရှူးတိုင်များကို ညှိထွန်းစေကာ မြို့တော်မှ ယှက်ခွာကာ ဘုရားမြတ်စွာ သီတင်းသုံးတော်မူရာ ဇီဝက၏ သရက်ဥယျာဉ်ကျောင်းတိုက် ရောက်လတ်သော် အလွန်ငြိမ်သက်သော သံဃာတော် တစ်ထောင့်နှစ်ရာ ငါးဆယ်နှင့် ဘုရားရှင်ကို ဖူးမြင်ရ ဘုရားရှင်ဟောတော်မူသော သာမညဖလသုတ်တရားတော်ကိုကြားနာရ၍ စိတ်ကြည်လင်လာသည်။ ဘုရားရှင်၏ ဥပါသကာ ဖြစ်လာလေသည်။[၂]

အရှင်မောဂ္ဂလ္လာန်သတ်ဖြတ်စေသည့် တက္ကတွန်းရဟန်းများ လူသတ်သမားများ မီးပုံတိုက်စေခြင်း

အဇာတသတ်သည် မညာမတာ လုပ်ရဲကိုင်ရဲသည့် ပြတ်သားသည့်မင်းဖြစ်သည်။ အရှင်မောဂ္ဂလ္လာန်အား သတ်ရန်စေခိုင်းသည့် တက္ကတွန်းရဟန်းများ၊ သူသတ်သမား ခိုးသားငါးရာတို့ကိုဖမ်းစေပြီး နန်းရင်ပြင်၌

၁။ ဇာတ်နိပါတ်၊ ၄၊ ၆၄။

၂။ အကျယ် ဒီ၊ ၁၊ ၄၄-၈၁၊ ဒီ၊ ၄၊ ၁၊ ၁၂၄၊ ဇာ၊ ၄၊ ၁၊ ၁၃၄၊ ဇာ၊ ၄၊ ၁၊ ၂၇၀။

ချက်လောက်နက်အောင် တွင်းတူးမြှုပ်စေ၍ ကောက်ရိုးတို့ဖြင့် ဖုံးအုပ်မီးတိုက် ကွပ်မျက်စေပြီးနောက် သံထွန်သွားများဖြင့် အားလုံး အပိုင်းပိုင်း အပြတ်ပြတ် ပြုစေသည်။[၁]

ဇောတိကသူဌေးပြာသာဒ် သိမ်းမည်ဟု သွား ထွက်ပြေးခဲ့ရခြင်း

အဇာတသတ်မင်းသည် ဇောတိကသူဌေး၏ သိကြားမင်း ဖန်ဆင်းပေးသည့် ရတနာခုနစ်ပါးဖြင့်ပြီးသော ပြာသာဒ်ကြီးကို တိုက်ခိုက်သိမ်းယူရန် စစ်တပ်ကြီးနှင့် သွားရောက်ချဉ်းကပ်ရာ ဇောတိကသူဌေး၏ နန်းပြာသာဒ်၌ ပဌမ တံခါးမှုခ်စောင့်သော ယမကောဋ္ဌိ နတ်ဘီလူးက ခြိမ်းခြောက်ဟစ်ကြွေးကာဖျက်ဆီးလိုက်သဖြင့် အဇာတသတ်မင်း ဆုတ်ခွာထွက်ပြေးကာ ဘုရားကျောင်းတော်သွားရာ ဥပုသ်စောင့်နေသော ဇောတိက သူဌေးကို တွေ့ရာ ဇောတိက မပေးဘဲ ဇောတိကလက် လက်ချောင်းနှစ်ဆယ်၌ ဝတ်ဆင်ထားသည့် နဝရတ်လက်စွပ်များကို ချွတ်ယူရာ ချွေးဒီးဒီးသာကျသည်၊ချွတ်ရန် မတတ်နိုင်ချေ။[၂]

နောက်တွင် ဘုရားသာသနာ လွန်စွာကြည်ညို

အဇာတသတ်သည် ဘုရားမြတ်စွာထံမှ သာမညဖလသုတ်ဒေသနာတော်ကြားနာပြီးသည့်နောက်တွင် ဘုရားမြတ်စွာနှင့် ဘုရားမြတ်စွာ သာသနာတော်ကို လွန်စွာကြည်ညိုသည်။ ပုထုဇဉ်သဒ္ဓါတရားဖြင့် အဇာတသတ်သည် အကြည်ညိုဆုံးပုဂ္ဂိုလ် ဖြစ်သည်ဟူ၏။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူစဉ် ကုသိနာရုံမြို့မှ ရာဇဂြိုဟ်မြို့တော်သို့ ဓာတ်တော်များ ပင့်ဆောင်ပူဇော်ပွဲကြီးကို ခုနစ်နှစ် ခုနစ်လ ခုနစ်ရက်ကြာမျှ ခမ်းနားစွာ ပင့်ဆောင်ကျင်းပပူဇော်ခဲ့လေသည်။[၃]

အဇာတသတ် မင်းပြုနှစ်

အဇာတသတ်သည် ဖခင်ကိုသုတ်သင်ပြီး မင်းပြုခဲ့ရာ သုံးဆယ့်နှစ်နှစ်ကြာမြင့်ခဲ့လေသည်။ အဇာတသတ် မင်းအဖြစ်သို့ရောက်၍ ရှစ်နှစ်မြောက်တွင် ဘုရားမြတ်စွာ ပရိနိဗ္ဗာန်ဝင်စံတော်မူသည်။ ဘုရား ပရိနိဗ္ဗာန်စံပြီး

၁။ မဇ္ဈ၊ ဋ္ဌ၊ ၂။ ၄၃။
၂။ အဋ္ဌယ် မဇ္ဈ၊ ဋ္ဌ၊ ၂။ ၃၃၆-ကြည့်။
၃။ ပေတ၊ ဋ္ဌ၊ ၁၉၆။

နောက် နှစ်ဆယ့်လေးနှစ်တိုင်တိုင် မဂဓတိုင်း မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့တော်၌ နန်းစိုက် မင်းပြုခဲ့လေသည်။ အရှင်မဟာကဿပမဟာထေရ် အမှူးပြုသော ရဟန္တာငါးရာတို့ သံဂါယနာတင်စဉ်က ခမ်းနား ကြီးကျယ်လှသော မဏ္ဍပ်ကြီး ဆောက်လုပ်လှူဒါန်းခြင်း စသည်များစွာ ဘုရားမြတ်စွာ သာသနာတော်ကို ထောက်ပံ့လှူဒါန်းခဲ့လေသည်။

၃၀၇။ ဗိမ္ဗိသာရသုတော ဇာတ-သတ္တုတံ ဃာတိယာ’ မတိ။
ရဇ္ဇံ ဒွတ္တိံသဝဿာနိ၊ မဟာမိတ္တဒ္ဒု ကာရယိ။

၃၀၈။ အဇာတသတ္တုနော ဝဿေ၊ အဋ္ဌမေ မုနိ နိဗ္ဗုတော။
ပစ္ဆာ သော ကာရယိ ရဇ္ဇံ၊ ဝဿာနိ စတုဝီသတိ။ [၁]

အဇာတသတ်မင်း ကွယ်လွန်ခြင်း

ဤသို့ စသည်ဖြင့် အဆိပ်နှင့်ရောသော ထမင်းကို စားသည့်အလား အဇာတသတ်မင်းသည် သုံးဆယ့်နှစ်နှစ်ကာလပတ်လုံး ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော ကိစ္စလုပ်ငန်းတို့ကို ဆောင်ရွက်စဉ် သားဖြစ်သူ ဥဒါယိဘဒ္ဒ(ဥဒယဘဒ္ဒ) လုပ်ကြံသတ်ဖြတ်သဖြင့် ကွယ်လွန်ခဲ့လေသည်။

သံဝေဂယူရန်

၃၀၉။ ဟန္တာ လဘတိ ဟန္တာရံ၊ ဇေတာရံ လဘတေ ဇယံ။
အက္ကောသကော စ အက္ကောသံ၊ ရောသေတာရဉ္စ ရောသကော။
အထ ကမ္မဝိဝဋ္ဋေန၊ သော ဝိလုတ္တော ဝိလုမ္ပတိ။ [၂]

ဟန္တာ=ညှာတာကင်းလတ် သူတစ်ပါးကိုသတ်ဖြတ်ညှဉ်းဆဲတတ်သော သူသည်။ ဟန္တာရံ=မိမိကို သတ်ဖြတ်ညှဉ်းဆဲသူကို။ လဘတိ=ပုံသေမုချ ရ၏။ ဇယံ ဇယန္တော=သူတစ်ပါးကိုအောင်နိုင်သူသည်။ ဇေတာရံ=မိမိကို အောင်နိုင်သူကို။ လဘတေ=ပုံသေမုချ ရ၏။ အက္ကောသကော စ=သူတစ်ပါးကို ဆဲရေးတတ်သောသူသည်လည်း။ အက္ကောသံ=မိမိကို ဆဲရေးသူကို။ လဘတေ=ပုံသေမုချ ရ၏။ ရောသကော စ=သူတစ်ပါးကိုချုပ်ချယ်တတ်သောသူသည်လည်း။ ရောသေတာရံ = မိမိကို ချုပ်ချယ်သူကို။

၁။ မဟာဝံသ၊ ၂။ ၄၁၊ ၃၂။
၂။ သံ၊ ၁။ ၈၆။

လှာဘတေ=ပုံသေမုချ ရ၏။ အထ=ထိုမှတစ်ပါး။ ကမ္မဝိဝဋ္ဋေန=လုယက်ဖျက်ဆီးအပ်သော ကံ၏ ဝိပါက်လည်းဖြင့်။ ဝိလုတ္တော=လုယက်ဖျက်ဆီးတတ်သော။ သော=ထိုယောကျ်ားကို။ ဝိလုမ္ပတိ=ဖျက်ဆီးအပ်၏။

ဖခင်သတ် အာဏာလုကြခြင်း

ဥဒါယိဘဒ္ဒ (ဥဒယဘဒ္ဒ) သည် ဖခင်ဖြစ်သော အဇာတသတ်မင်းကို သတ်ပြီး တစ်ဆယ့်ခြောက်နှစ် မင်းပြုလေသည်။ တစ်ဖန် ဥဒါယိဘဒ္ဒမင်း၏ သားဖြစ်သော အနုရုဒ္ဓါသည် ဖခင် ဥဒါယိဘဒ္ဒကိုသတ်၍ မင်းပြုသည်။ တစ်ဖန် အနုရုဒ္ဓါ၏သား မုဏ္ဍသည် ဖခင်အနုရုဒ္ဓါကိုသတ်၍ မင်းပြုသည်။ ယင်း အနုရုဒ္ဓါနှင့် မုဏ္ဍတို့ နန်းသက် ၈-နှစ်ကြာသည်။ မုဏ္ဍမင်း၏ သား နာဂဒါသသည် မုဏ္ဍမင်းကို သတ်၍ နှစ်ဆယ့်လေးနှစ် မင်းပြုသည်။ ယင်း ဖခင်ကိုသတ်၍ မင်းပြုကြဖန်များလေရာ တိုင်းသူပြည်သား မြို့သူမြို့သားတို့ အမျက်ထွက် စိတ်ဆိုးကြကာ ဤ မင်းမျိုးမင်းနွယ်သည် အဇာတသတ်၏ အဖသတ် မင်းမျိုးမင်းနွယ်ဘည်းဟု တိုင်ပင်ပြောဆိုကြကာ နာဂဒါသ မင်းကို ပယ်ရှား၍ လိစ္ဆဝီမင်းမျိုးဖြစ်၍ စိတ်ကောင်းနှလုံးကောင်းရှိ မျှတစွာနာတတ် တိုင်းသူပြည်သားတို့ကို ချစ်ခင်တတ်သော သုသုနာဂအမတ်ကြီးကို အညီအညွတ် တိုင်ပင်ကြကာ မင်းမြှောက်ကြကုန်၏။

၃၁၀။ အဇာတသတ္တုပုတ္တော တံ၊ ဃာတေတွာ ဒါယိဘဒ္ဒကော။
ရဇ္ဇံ သောဠသဝဿာနိ၊ ကာရေသိ မိတ္တဒုဗ္ဘိကော။
၃၁၁။ ဥဒါယိဘဒ္ဒပုတ္တော တံ၊ ဃာတေတွာ အနုရုဒ္ဓကော။
အနုရုဒ္ဓဿ ပုတ္တော တံ၊ ဃာတေတွာ မုဏ္ဍနာမကော။
၃၁၂။ မိတ္တဒ္ဒုနော ဒုမ္မတိနော၊ တေပိ ရဇ္ဇံ မကာရယုံ။
တေသံ ဥဘိန္နံ ရဇ္ဇေသု၊ အဋ္ဌဝဿာနတိက္ကမုံ။
၃၁၃။ မုဏ္ဍဿ ပုတ္တော ပိတရံ၊ ဃာတေတွာ နာဂဒါသကော၊
စတုဝီသတိဝဿာနိ၊ ရဇ္ဇံ ကာရေသိ ပါပကော။
၃၁၄။ ပိတုဃာတကဝံသောယ-မိတိ ကုဒ္ဓါ[၁] ထ နာဂရာ။
နာဂဒါသကရာဇာနံ၊ အပနေတွာ သမာဂတာ။

၁။ ပိတု ဃာတကဝံသောယမိတိ ကုဒ္ဓါတိ အယံ အဇာတသတ္တုဿ ဝံသော ပိတုဃာတကော ဝံသပရံပရာတိ ကုဇ္ဈိတွာ နာဂရာတိ အတ္ထော။ မဟာဝံသဋီကာ။ ၁၀၀။ (သီဟိုဠ်မူ။)

၃၁၅။ သုသုနာဂေါတိ ပညာတံ၊ အမစ္စံ သာဓု သမ္မတံ။
ရဋ္ဌေ သမတိုသိဉ္စုံ သုံ၊ သဗ္ဗေသံ ဟိတမာနသာ။[၁]

သုသုနာဂမင်း

အဇာတသတ်မင်းသည် မဂဓတိုင်း ရာဇဂြိုဟ်မြို့တော်၌ နောက်ဆုံးမင်း ဖြစ်သည်။ ဥဒါယိဘဒ္ဒ (ဥဒယဘဒ္ဒ) မှစ၍ နာဂဒါသတိုင်အောင်သော မင်းများသည် ပါဋ္ဌလိဂါမကို ပါဋ္ဌလိပုတ်မြို့အဖြစ် တိုးချဲ့တည်ထောင်၍ ယင်းပါဋ္ဌလိပုတ်မြို့၌ နန်းစံကြသည်။ သုသုနာဂမင်းလက်ထက်တွင် လိစ္ဆဝီ နိုင်ငံကိုပါ ရရှိအောင်နိုင်ခဲ့လေသည်။ သုသုနာဂမင်းနောက်တွင် ၎င်း၏ သားတော် ကာလာသောကမင်း နန်းတက်လေသည်။ ယင်း ကာလာ သောကမင်းသည် စည်းစိမ်တော် နှစ်ဆယ့်ရှစ်နှစ် ဖြစ်သည်။

၃၁၆။ သော အဋ္ဌာရသဝဿာနိ၊ ရာဇာ ရဇ္ဇ မကာရယိ။
ကာလာသောကော တဿ ပုတ္တော၊ အဋ္ဌဝီသတိ
ကာရယိ။[၂]

သာသနာတော်၌ အလွန် ထင်ရှားသော မဂဓတိုင်း မဂဓနိုင်ငံ

ဘုရားမြတ်စွာမဂဓတိုင်းအပါအဝင် ဥရုဝေလတော၌ ခြောက်နှစ်ကာ လပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူကာ ဗောဓိမဏ္ဍိုင် မြေဦး ကိုင်၌ အရဟတ္တမဂ်နှင့် ပေါင်းဆုံမိခြင်းကြောင့် မ နှိုင်း ယှဉ် အပ်သော ဂုဏ်တော်အပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်တော်ကို ရတော်မူကာ ဘုရားဖြစ်တော် မူခဲ့လေသည်။ ဤမဂဓတိုင်းနှင့်စပ်၍ များ စွာသော သုတ်ဒေသနာတို့ကိုလည်း ဘုရားမြတ်စွာ ဟောတော်မူခဲ့လေ သည်။ သို့ဖြစ်၍ မဂဓတိုင်းသည် သာသနာတော်၌ အလွန်ထင်ရှားသော တိုင်း ဖြစ်လေသည်။ ယင်းမဂဓတိုင်း၌ ကျေးရွာနိဂုံးပေါင်း ရှစ်သောင်း ရှိကြောင်း အရှင်သောဏမထေရ်ဝတ္ထုဖြင့် သိနိုင်လေသည်။

၁။ မဟာဝံသ၊ ၄။ ၁။ ၂။ ၃။ ၄။ ၅။ ၆။
၂။ မဟာဝံသ။ ၄။ ၇။

ဘုရားလက်ထက်က မဂဓတိုင်း နယ်ကြီးသုံးနယ်

ဘုရားဗိနော် လက်ထက်တော်က မဂဓတိုင်း မဂ္ဂဓနိုင်ငံတော်၌ နယ်ကြီးသုံးနယ် ရှိခဲ့လေ့သည်။ ယင်း နယ်ကြီးသုံးနယ်ကား-

၁။ ဥရုဝေလဇနပဒ = ဥရုဝေလဇနပုဒ်နယ်။
၂။ ဒက္ခိဏာဂိရိဇနပဒ = ဒက္ခိဏာဂိရိဇနပုဒ်နယ်ပယ်။
၃။ မဂဓခေတ္တဇနပဒ = မဂဓလယ်ကျင်းဇနပုဒ်နယ်ပယ်

တို့ ဖြစ်လေသည်။

ယင်း နယ်ပယ်များအနက် ဥရုဝေလနယ်ပယ်၌ ကြည်လင်သာယာသော မြစ်ချောင်း၊အင်းအိုင်၊ဂနိုင်စိမ့်စမ်း၊တောတောင်သစ်ပင်တို့ဖြင့် တင့်တယ်အေးချမ်း စိမ်းလန်းစိုပြည်သဖြင့် တရားအားထုတ်ရန် သင့်လျော်သည့် အရပ်ဒေသဖြစ်သည့် အားလျော်စွာ ဘုရားမြတ်စွာအလောင်းတော်သည်- ယင်း ဥရုဝေလနယ် ဥရုဝေလတော၌ ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်ကြာ ကျင့်တော်မူခဲ့လေသည်။ဥရုဝေလကဿပ, နဒီကဿပ, ဂယာကဿပ စသော ရသေ့တို့လည်း ယင်းဒေသနယ်ပယ်၌ နေထိုင်ကျင့်ကြံခဲ့ကြသည်။ သေနနိဂုံး, ဂယာရွာကြီး ဘုရားမြတ်စွာ သစ္စာလေးပါးသိမြင်ရာ ဗောဓိပင် စသည်တို့သည်လည်း ဤဥရုဝေလနယ်ပယ်၌ တည်ရှိကုန်၏။

ဒက္ခိဏာဂိရိခေါ် တောင်ဘက်တောင်ကုန်းနယ်သည် ရာဇဂြိုဟ်မြို့တော်၏ တောင်ဘက်အရပ်တွင် ရှိသည်။ မဂဓတိုင်း မဂဓနိုင်ငံ အနောက်ဘက်စွန်ကျသော ဒေသ ဖြစ်သည်။ ဘုရားမြတ်စွာသည် ယင်း ဒက္ခိဏာဂိရိနယ်သို့ အကြိမ်ကြိမ်ကြွရောက် တရားဟောတော်မူခဲ့သည်။ ရုပ်ချောသည့် အမျိုးသမီးများလည်း ပေါဟန်တူပေသည်။ တစ်နေ့သ၌ အရှင်အာနန္ဒာသည် ရဟန်းငယ်များစွာ ခြံရံလျက် ယင်း ဒက္ခိဏာဂိရိနယ်သို့ ကြွလေရာ ရဟန်းငယ် သုံးဆယ်ခန့် အမျိုးသမီး တွေ့မြင်သဖြင့် သာသနာ့ဘောင်၌ မပျော်မွေ့ဘဲ လူထွက်ကြသည်။ အဂ္ဂသာဝကကြီးများ ဖြစ်တော်မူကြသော အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန်တို့ ယင်း ဒက္ခိဏာဂိရိနယ်ရှိ ဝေဠုကဏ္ဍကီမြို့သို့ ကြွတော်မူခဲ့ဖူးလေသည်။ ထိုမြို့ရှိ နန္ဒမာတာ ဥပါသိကာမကြီး၏ သဒ္ဓါတရားကြောင့် ထိုမြို့တွင် ကျောင်းတိုက်ပေါင်းများစွာတို့၌ ရဟန်းသံဃာတော်များစွာတို့ သာသနာပြု သီတင်းသုံးခဲ့ကြဖူး သည်။

မဂဓခေတ္တဇနပဒခေါ် မဂဓလယ်ကျင်းဒေသ နယ်ပယ်သည် ဒက္ခိဏာဂိရိ တောင်ကုန်းနယ်နှင့် စပ်လျက်ရှိသော မြေနိမ့်မြေပြန့်အရပ်ဖြစ်၍ ကောက်ပဲ သီးနှံ စိုက်ပျိုးသည့် လယ်ကျင်းဒေသ ဖြစ်လေသည်။

ဘုရားရှင် ယင်း လယ်ကျင်းဒေသသို့ကြွစဉ် မဂဓလယ်ကျင်းများ၌ လေးထောင့်ကန်သင်းဖွဲ့ခြင်း, ကန်သင်းလျားဖွဲ့ခြင်း, ကန်သင်းတိုဖွဲ့ခြင်း စသည်များကို မြင်တော်မူ၍ ညီဘွားလိမ္မာ အာနန္ဒာအား မဂဓလယ်ကျင်း သဏ္ဍာန် သင်္ကန်းကုန်းခြင်း, ဖြတ်ခြင်းများကို ခွင့်ပြုပညတ်တော် မူခဲ့လေ သည်။ ဘုရားရှင်သည် ထိုမဂဓလယ်ကျင်းဒေသအတွင်းရှိ ကေနာဠပုဏ္ဏား ရွာအနီး၌ ထွန်ပေါင်းငါးရာဖြင့် လယ်ထွန်မင်္ဂလာပြုလုပ်နေသော ကသိ ဘာရဒွါဇ ပုဏ္ဏားကြီးနှင့် တွေ့ဆုံတော်မူစဉ် ပုဏ္ဏားကြီးက အို ရဟန်း ဂေါတမ အရှင်သည် အကျွန်ုပ်လို ထွန်ယယ်စိုက်ပျိုး စားသောက် အသက် မွေးသင့်ကြောင်း လျှောက်တင်ရာ အို ကသိဘာရဒွါဇပုဏ္ဏား.... ငါသည် လည်း ထွန်ယက်စိုက်ပျိုးစားသောက်၏ဟုမိန့်တော်မူ၍ "သဒ္ဓါ ဗီဇံ တပေါ ဝုဋ္ဌိ" စသော ဂါထာကို ဟောတော်မူသည်။ အို- ကသိဘာရဒွါဇပုဏ္ဏား သဒ္ဓါဟူသောမျိုးစေ့ကို စိုက်,အကျင့်ဟူသောမိုးကိုရွာစေ၍ ပညာဟူသော ထွန်တုံး ထွန်သန်, ဟိရိဟူသော ထွန်ကိုင်း, စိတ်ဟူသော ကြိုးတို့ဖြင့် သတိ ဟူသော ထွန်သွားနှင့် နှင်တံကို ကိုင်ကာ အမြိုက်အရသာ အသီးအနှံရရန် ငါဘုရား ထွန်ယက် စားသောက်ပေ၏ဟု မိန့်တော်မူရာ ကသိဘာရဒွါဇ ပုဏ္ဏားကြီး အကျွတ်တရားရ ရဟန်းပြု ရဟန္တာဖြစ်ခဲ့လေသည်။[၁]

ဘုရားရှင် ကြွရောက်သီတင်းသုံးခဲ့သော မြို့ရွာများ

ယင်း မဂဓတိုင်း မဂဓနိုင်ငံအတွင်းရှိ အောက်ဖော်ပြပါ မြို့ရွာများ၌ ဘုရားမြတ်စွာကြွရောက်သီတင်းသုံး ဝေနေယျတို့အား ချွတ်ချွတ်ချီးမြှောက် တော် မူခဲ့လေသည်။

၁။ နာလန္ဒပုရ=နာလန္ဒမြို့
၂။ ပါဋလိပုတ္တနဂရ=ပါဋလိပုတ်မြို့
၃။ သေနနိဂမ=သေနနိဂုံး
၄။ ဂယာနဂရ=ဂယာမြို့

၁။ သံ၊ ၁၊ ၁၇၄။ သုတ္တနိ။ ၂၉၁-စသည်ကြည့်။

၅။ မာတုလနဂရ=မာတုလမြို့
၆။ ဝေဠုကဏ္ဍကိနဂရ=ဝေဠုက ဏ္ဍကိမြို့
၇။ နာလကဂါမ=နာ၊လကရွာ
၈။ ကလ္လဝါလဂါမ=ကလ္လဝါလရွာ
၉။ မဟာတိတ္ထဂါမ=မဟာတိတ္ထရွာ
၁၀။ အမ္ဗသဏ္ဍဂါမ=သမ္ဗသဏ္ဍရွာ
၁၁။ အန္ဓကဝိန္ဒကဂါမ=အန္ဓကဝိန္ဒကရွာ
၁၂။ ဇေန္တဂါမ=ဇေန္တရွာ
၁၃။ ခါဏုမတဗြာဟ္မဏဂါမ=ခါဏုမတပုဏ္ဏားရွာ
၁၄။ ပဉ္စသာလဗြာဟ္မဏဂါမ = ပဉ္စသာလပုဏ္ဏားရွာ
၁၅။ ဧကနာလဗြာဟ္မဏဂါမ = ဧကနာလပုဏ္ဏားရွာ

ယင်း မြို့ ရွာ နိဂုံးကြီးများသည် ဘုရားလှည့်လည်ကြွရောက် တရားဒေသနာ ဟောပြသည်ဖြစ်ရာ ဗုဒ္ဓစာပေ၌ ထင်ရှားသည့်ရွာကြီးများဖြစ်သည်။

နာလန္ဒမြို့။ ။ယင်း မြို့ရွာနိဂုံးများအနက် နာလန္ဒမြို့သည် ဘုရားရှင်လက်ထက်တော်က ထင်ရှားကျော်စောသည့်မြို့ဖြစ်သည်။ ထိုမြို့၌ ပါဝါရိက သူဌေးကြီးသည် မိမိပိုင်သရက်တောအတွင်း၌ ပါဝါရိအမ္ဗဝနာရာမ မည်သော သရက်ဥယျာဉ်ကျောင်းတိုက်ကြီးကို ခမ်းနားစွာဆောက်လုပ်၍ ဘုရားရှင်အားလှူဒါန်းခဲ့ရာ ဗုဒ္ဓစာပေများ၌ ထင်ရှားလှပေသည်။ ထိုမြို့သည် ရာဇဂြိုဟ်နှင့် ၁၀ မိုင်ခန့်ကွာလှမ်း၍ ဘုရားရှင် ရာဇဂြိုဟ်မှ ခြေလျင်ကြွကာ များစွာသော သုတ္တန်များကို ဟောကြားတော်မူခဲ့လေသည်။ ထိုမြို့သည် ဗုဒ္ဓသာသနာ မထွန်းကားမီက နိဂဏ္ဌနာဋပုတ္တ၏ ဂိုဏ်းဘာသာဝင်များ လွှမ်းမိုးရာဒေသဖြစ်လေသည်။ ပါဝါရိကသူဌေး၏ သရက်တောဥယျာဉ်ကျောင်းတိုက်ကို ဘုရားရှင် အလှူခံပြီးနောက် မကြာမီ နိဂဏ္ဌနာဋပုတ္တ၏ ဒကာရင်းချာ ဥပါလိသူဌေးသည် ဘုရားမြတ်စွာ၏ အဆုံးအမကို နာယူ၍ ဗုဒ္ဓဘာသာဝင် သူတော်စင် ဖြစ်လာလေသည်။[၁]

ပါဋလိပုတ်။ ပါဋလိပုတ်မြို့သည် ဘုရားဗိနေ့်ာ သက်တော်ထင်ရှားရှိစဉ်က ဂင်္ဂါမြစ်ကမ်းရှိ ရွာငယ်ကလေးမျှသာ ဖြစ်သည်။ သို့ရာတွင်

၁။ အဋ္ဌကထာ မ၊ ၂။ ၃၅-၄၉-ကြည့်။

မကြာမီ ဂင်္ဂါမြစ်တစ်ဖက်ကမ်းရှိ လိစ္ဆဝီမင်းတို့၏အင်အားကို စိုးရိမ်သဖြင့် အဇာတသတ်မင်းက သုနိဓနှင့် ဝဿကာရအမတ်ကြီးအား ခံတပ်မြို့သစ် တည်ဆောက်စေသဖြင့် မြို့ငယ်တစ်မြို့ ဖြစ်လာလေသည်။ ထို့နောက် ဥဒါယိ (ဥဒယ) ဘဒ္ဒ စသော မင်းများနှင့် မောရိယမင်းများလက်ထက် တွင် နှစ်ပေါင်း နှစ်ရာကျော်ခန့် ဘုရင့်နန်းစိုက်ရာ မြို့တော်ကြီးဖြစ်လာပြီး လျှင် သီရိဓမ္မာသောကမင်းလက်ထက်တွင် အထူးကြီးကျယ်စည်ကားခဲ့လေ သည်။ ယခုအခါ ပဋ္ဋနာ-မြို့ဟု တွင်သည်။[၁]

သေနနိဂုံး။ ။သေနနိဂမဟု စာပေ၌ ကျော်စောသော သေနနိဂုံး ကြီးသည် နေရဉ္ဇရာမြစ်ကမ်း၌ မြို့ငယ်တစ်မြို့ပမာဏ စည်ကားသောရွာကြီး ဖြစ်သည်။ ဘုရားမြတ်စွာ၏ ဂေါစရဂါမ်နိဂုံးကြီးဖြစ်သည်။ ဘုရား အလောင်းတော်ကို ရုက္ခစိုးအမှတ်ဖြင့် ဃနာနို့ဆွမ်း ကပ်လှူသော သုဇာတာ သူဌေးသမီး နေထိုင်ရာ နိဂုံးကြီးဖြစ်ရာ ဗုဒ္ဓစာပေ၌ လွန်စွာထင်ရှားသည်။

ဂယာမြို့ ။ ။ဂယာမြို့သည်လည်း ဘုရားမြတ်စွာ သစ္စာလေးပါး ထိုးထွင်းသိမြင်တော်မူရာ အရပ်ဒေသဖြစ်ရုံမျှမက ဗောဓိပင်နှင့် ရွှေပလ္လင် ပေါ်ပေါက်သည့် မြေမွန်မြေမြတ်ဖြစ်ရာ ကမ္ဘာ့အရပ်ရပ်မှ ဗုဒ္ဓဂယာ မဟာ ဗောဓိဟု အသိအမှတ်ပြုကြသည်။ ဒေဝဒတ် သံဃာသင်းခွဲကာ အသိ ပညာနုံသေးသော ဝဇ္ဇီတိုင်းသား ရဟန်းများနှင့် ဂယာသီသသို့ထွက်သွား စဉ် ဘုရားရှင်သည် အဂ္ဂသာဝကကြီးနှစ်ပါးတို့ကို ဂယာသီသသို့ စေလွှတ် တော်မူခဲ့လေသည်။[၂]။

မာတုလမြို့။ ။မာတုလမြို့သည်လည်း မဂဓတိုင်းအတွင်း ထင်ရှား သည့် မြို့ဖြစ်သည်။ ဘုရားရှင်သည် ယင်း မာတုလမြို့၌ စက္ကဝတ္တိသုတ်ကို ဟောတော်မူသည်။[၃]

ဝေဠုကဏ္ဍကီမြို့။ ။ဘုရားရှင်လက်ထက်က ကျော်စောသည့် အရိယာ ဥပါသိကာမကြီး နန္ဒမာတာနှင့် ဘုရားသာသနာ ကြည်ညိုသူများစွာတို့ နေထိုင်ရာမြို့ ဖြစ်သည်။[၄]

၁။ DP-ကြည့်။
၂။ ဝိ၊ ၄၊ ၃၆၂၊
၃။ အကျယ် ဒီ၊ ၃။ ၄၈-၆၅။
၄။ အံ၊ ၂။ ၄၄၄-စသည်ကြည့်။

နာလကန္ဒာ။ ။နာလကန္ဒာကြီးကား ပညာတေဒဂ် လက်ယာတော်ရံ အရှင်သာရိပုတ္တရာ ဖွားမြင်တော်မူရာ ရွာဖြစ်သည်။ ၎င်းပြင် ထိုနာလကန္ဒာကြီး၌ အရှင်သာရိပုတ္တရာ သီတင်းသုံးတော်မူစဉ် သာမဏ္ဍကပရိဗိုဇ်တို့က သုခ, ဒုက္ခအကြောင်း မေးလျှောက်သဖြင့် ၎င်းတို့အား အကြောင်းအားလျော်စွာ တရားဟောတော်မူကြောင်း အင်္ဂုတ္တရနိကာယ် ဒသကနိပါတ်၌ လာရှိသည်။ ယင်း နာလကန္ဒာဟောင်း နေရာကြီး၌ ရှေးကထင်ရှားခဲ့သည့် မဟာယာနဂိုဏ်းသား ရဟန်းတို့ ပညာသင်ကြားရာ အမိကရ နာလန္ဒာတက္ကသိုလ်ကြီး တည်ရှိခဲ့ဖူးလေသည်။[၁]

ကလ္လဝါလရွာ။ ။ကလ္လဝါလရွာသည် နာလကန္ဒာအနီး၌ တည်ရှိသည်။ လက်ဝဲတော်ရံ သာဝကကြီး ယင်း ကလ္လဝါလရွာ၌ သီတင်းသုံးစဉ် ထိန မိဒ္ဓ သက်ရောက်ခိုက် ဘုရားရှင် ဟောကြားတော်မူသည့် ဓာတုကမ္မဋ္ဌာန်း နာကြားရ၍ ရဟန္တာဖြစ် သာဝကပါရမီဉာဏ် အထွတ်အထိပ်သို့ ရောက်တော်မူသည်။ယင်း ကလ္လဝါလသည်ပင် အရှင်မောဂ္ဂလ္လာန် ဖွားမြင်ရာ ကောလိတရွာဖြစ်သည်ဟု သမိုင်းပညာရှင်တို့ခန့်မှန်းကြသည်။[၂]

မဟာတိတ္ထရွာ။ ။မဟာတိတ္ထရွာသည် ဓုတင်အရာ ဧတဒဂ်ရ တတိယသာဝက ပဌမသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ သံဂီတိနာယက သံဂီတိပါမောက္ခ ဖြစ်တော်မူသော အရှင်မဟာကဿပ မဟာထေရ်မြတ်ကြီး ဖွားမြင်ရာ ရွာကြီးဖြစ်လေသည်။

အမ္ဗသဏ္ဍရွာ။ ။အမ္ဗသဏ္ဍရွာသည် ရာဇဂြိုဟ်မြို့တော် အရှေ့ဘက်၌ တည်ရှိသော ပုဏ္ဏားရွာကြီးဖြစ်သည်။ ယင်းရွာမြောက်ဘက်ရှိ ဝေဒိယကတောင်, ဣန္ဒသာလ ကျောက်လိုဏ်ဂူ၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သက္ကပဉှသုတ်ကို ဟောတော်မူသည်။[၂]

အန္ဓကဝိန္ဒကရွာ။ ။အန္ဓကဝိန္ဒကရွာ၌ ဘုရားရောက်ရှိတော် သီတင်းသုံးတော်မူစဉ် ယာဂုနှင့် မဓုဂေါလက သောက်ဖွယ် လျက်ဖွယ် နှစ်မျိုးလှူဒါန်းသောပုဏ္ဏားမတစ်ယောက်ကိုတရားဓမ္မဟောပြတော်မူခဲ့လေသည်။

၁။ အံ၊ ၃၊ ၁။ ၂၁၁။ ထေရ၊ ဋ္ဌ၊ ၁။ ၁၃၆။
၂။ ဓမ္မ၊ ဋ္ဌ၊ ၁။ ၆၁-ကြည့်။
၃။ ဒီ၊ ၂။ ၂၁၁-၂၃၀။

ဂုင်းပြင် ကုလူပဂသုတ်, ပစ္စာသမဏသုတ်, သမ္မာသမာဓိသုတ်, အန္ဓကဝိန္ဒသုတ် စသည့် သုတ်ဒေသနာများကိုလည်း ဤအန္ဓကဝိန္ဒကရွာ၌ သီတင်းသုံးစဉ် ဟောတော်မူခဲ့လေသည်။[၁]

ဇေန္တုရွာ။ ။ဇေန္တုရွာသည် မဂဓတိုင်း၌ထင်ရှားသော ရွာကြီး ဖြစ်၏။ ဇေန္တုဂါမ=ဇေန္တုရွာဟုဆိုသော်လည်း သုံးစွဲနေကျအမည်ဖြစ်၍ ဇေန္တုဂါမ ဟု သုံးသည်။ စင်စစ်တမူကား မဂဓတိုင်း မဂဓနိုင်ငံတော် ဘုရင်ကြီးအောက် ဘုရင်ခံ သို့မဟုတ် မြို့စားတစ်ယောက် အုပ်ချုပ်သည့် မြို့သစ်မြို့ ဖြစ်သည်။ ဘုရားရှင်လက်ထက်က ဇေန္တုဘုရင်ခံ၏သား သို့မဟုတ် နေဇန္တုရွာစား၏သား ဇေန္တုသည် သာသနာ့ဘောင်ဝင် ရဟန်းပြုရာ ဇေန္တုထေရ်ဟု ထင်ရှားခဲ့သည်။[၂]

ခါဏုမတရွာ။ ။ခါဏုမတရွာကား မဂဓတိုင်းအတွင်း တည်ရှိသော အဓိကရ ရွာကြီး ဖြစ်သည်။ ရွာဟု ဆိုသော်လည်း အိမ်ခြေထောင်ပေါင်းများစွာရှိသည့် ရွာကြီးဖြစ်ခဲ့ကြောင်း မှန်းဆသိနိုင်သည်။ ကူဋဒန္တပုဏ္ဏားကြီး အပိုင်စားရသည့် ရွာကြီး ဖြစ်လေသည်။ ကူဋဒန္တပုဏ္ဏားကြီး ယဇ်ပူဇော်ပွဲကြီး ခမ်းနားစွာ ကျင်းပစဉ် ဘုရားရှင်သည် ခါဏုမတရွာသို့ ကြွတော်မူ အမ္ဗလဋ္ဌိကဥယျာဉ်၌ သီတင်းသုံးတော်မူသည်။ ထိုအခါ ကူဋဒန္တပုဏ္ဏားကြီး ဘုရားမြတ်စွာထံလာရောက်၍ ယဇ်ပူဇော်ခြင်းအကြောင်း လျှောက်ထားသဖြင့် ဝိဇိတာဝီဧကြာမင်းကြီး၏ ယဇ်ပူဇော်ခြင်းအကြောင်းကို ဘုရားမြတ်စွာ မိန့်ကြားတော်မူရာ ကူဋဒန္တပုဏ္ဏားလွန်စွာ ဝမ်းမြောက်လှဖြင့် ဥပါသကာအဖြစ် လျှောက်ထားလေသည်။[၃]

ပဉ္စသာလပုဏ္ဏားရွာ။ ။ယင်း ပဉ္စသာလရွာ၌ ဘုရား မြတ်စွာ နှင့် သံဃာတော်များ သီတင်းသုံးတော်မူ၍ ဆွမ်းခံလှည့်လည်တော်မူခဲ့လေသည်။ တစ်ခါတွင် ဘုရားရှင် ပဉ္စသာလရွာ၌ ဆွမ်းခံလှည့်လည်တော်မူရာ ရွာသူရွာသားများအား မာရ်နတ်၏ လှည့်ဖြားပတ် ပိတ်ပင် ထားမှုကြောင့်

၁၊ အံ၊ ၂၊ ၁၂၀-စသည်ကြည့်၊
၂၊ ဥထေရ၊ ဋ္ဌ၊ ၁၊ ၂၇၀။
၃၊ အကျယ်ဒီ၊ ၁၊ ၁၂၀–၁၄၂–ကြည့်၊

ဘုရားမြတ်စွာ ဆွမ်းတစ်ဇွန်း တစ်ယောက်ချိမျှ ရတော်မမူခဲ့ချေ၊ ဘုရားရှင်က အစာအာဟာရ မဘုဉ်းပေးဘဲ အာဘဿရာ ပြဟ္မာကြီးတို့ကဲ့သို့ ပီတိဖြင့် မျှတတော်မူမည်ဟု မိန့်တော်မူခဲ့လေသည်။

ကေနာလပုဏ္ဏားရွာ။ ။ဒက္ခိဏဂိရိ တောင်ကုန်း နယ် မြေ တွင် ရှိ၍ ကသိဘာရဒွါဇပုဏ္ဏားကြီး စသည့် ပုဏ္ဏားသူကြွယ်များနေရာ ရွာကြီးဖြစ်သည်။ ဘုရားရှင်လက်ထက်နှင့် ဘုရားရှင်မရှိသည့်နောက် နှစ်ပေါင်း ကြာမြင့်စွာ ဗုဒ္ဓသာသနာထွန်းကားသည့်ရွာကြီးဖြစ်ကြောင်းသိသာလေသည်။

ဤသည်လျှင် မဂဓတိုင်း မဂဓနိုင်ငံ၌ ရာဇဂြိုဟ်မြို့တော်အနီး ထင်ရှားသော မြို့,ရွာ,နိဂုံးတို့ ဖြစ်ကုန်၏။ ဤ,မြို့, ရွာ, နိဂုံးတို့သည် ဘုရားမြတ်စွာလက်ထက်တော်, ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် နှစ်ပေါင်း နှစ်ရာကျော်ခန့်တိုင်အောင် များသောအားဖြင့် ဗုဒ္ဓသာသနာတော်ကို ကြည်ညိုကြသည့် ဥပါသကာ, ဥပါသိကာများတို့ နေထိုင်ရာဒေသတို့ဖြစ်၍ ကျောင်းကန်ဘုရားစေတီတို့ဖြင့် တင့်တယ်ရာ, ရဟန်းသာမဏေ အရှင်မြတ်တို့၏ သင်္ကန်းရောင်တို့ဖြင့် ပြောင်ပြောင်ဝင်း ထွန်းလင်းရာ ဖြစ်ကုန်၏။

၃၁၇။ ဝေဠု မဂဓေ ရဋ္ဌေ၊ နာဠန္ဒပုရမာဒ ယော။
ဝိဟာရထူပသံယုတာ၊ ကသာဝရံသိဇောတနာ။

ရာဇဂြိုဟ်မြို့သစ်

အဇာတသတ်မင်းသည် ဖခင် ဗိမ္ဗိသာရမင်းကြီးကို လုပ်ကြံပြီးနောက် ရာဇဂြိုဟ်မြို့ကြီး၌ နေရန် ငြီးငွေ့လာသည်။ စိတ်မသိုးမသန့် ဖြစ်နေသည်။ သို့ဖြစ်၍ မြို့ဟောင်းမြောက်ဘက် ဝေပုလ္လတောင်နှင့် ဝေဘာရတောင် နှစ်လုံးတို့၏အစွန်း ပြင်ဘက်ကျသောအရပ်၌ နန်းမြို့သစ်ကို ကျောက်အုတ် မြို့ရိုး ကျုံး မြောင်း ပစ္စင် စသည့် မြို့အင်္ဂါများ နှင့် အညီ နန်းမြို့သစ် အခိုင်အမာ တည်ဆောက်ခဲ့လေသည်။ မြို့ရိုး တံတိုင်းပတ်လည် သုံးမိုင်ခန့် ရှိသည် ဟူ၏။ အဇာတသတ်မင်းမှစ၍ နောက်မင်းများ ရာဇဂြိုဟ်မြို့ဟောင်း၌ နန်းမစံကြချေ။ သို့နှင့် ရာဇဂြိုဟ်မြို့ဟောင်းသည် တဖြည်းဖြည်း တိမ်ကောလာတော့သည်။ သို့ရာတွင် သုသုနာဂ မင်း လက်ထက်တွင်

၁။ သံ၊ ၁။ ၁၃၅-၆။

ရာဇဂြိုဟ်မြို့ဟောင်း၌ ထီးနန်းစိုက်ကြောင်း ပုရာဏ်ကျမ်းတို့၌ လာရှိသည်ဟူ၏။ ပါဋလိပုတ် မြို့တော်၌ နန်းတက်သော သီရိဓမ္မာသောကမင်းကြီးသည် ရာဇဂြိုဟ်မြို့တော်၌ စေတီတစ်ဆူ တည်ထားခဲ့သည့်ပြင် ဆင်ရုပ်အထွတ်တပ်သော ကျောက်တိုင်ကြီးတစ်တိုင် စိုက်ထူခဲ့သည်ကိုထောက်လျှင် သီရိဓမ္မာသောကမင်း လက်ထက်က သာသနာနှစ် ၃-ရာစုတိုင်အောင် ရာဇဂြိုဟ်မြို့တော်သည် လူနေအိမ်ခြေ စည်ကားသေးကြောင်း မှန်းဆနိုင်လေသည်။ ဘုရားရှင်လက်ထက်တော်က မြို့တွင်း လူဦးရေ ကိုးကုဋေ မြို့ပြင် လူဦးရေ ကိုးကုဋေ နှစ်ရပ်ပေါင်း တစ်ဆယ့်ရှစ်ကုဋေ ရှိသည်ဟု အဋ္ဌကထာများ၌ လာသည်။ မြို့တံခါးကြီး လေးမျက်နှာ၊ အချို့ဆရာတို့က တံခါးကြီးသုံးဆယ့်နှစ်ခု၊ တံခါးငယ် ခြောက်ဆယ့်လေးခု ရှိကြောင်းလည်း ဆိုကြသည်။ ဘုရားဗိမာန် ဓာတ်တော်များစွာ ဌာပနာ၍ အဇာတသတ်မင်းတည်ခဲ့သော စေတီတော်ကြီးသည် ရာဇဂြိုဟ်မြို့ အရှေ့တောင်အရပ်၌တည်ရှိသည်ဟု ဆိုသည်။[၁]

မြို့ရိုးတံတိုင်း

''ဂိရိဗ္ဗဇ''ဟု ဆိုသည့်အတိုင်း ရာဇဂြိုဟ်မြို့ကို တောင်ငါးလုံးဝန်းလျက်ရှိပြီး မြို့ရိုးကို အခိုင်အခံ့ တည်ဆောက်ခဲ့ကြသည်။ မြို့ရိုးပတ်လည်မှာ ပေပေါင်း နှစ်သောင်း လေးထောင် ငါးရာရှိသည်ဟူ၏။ တောင်ကြီးငါးလုံးကို ဆက်၍ ခံတပ်ကြီးသဖွယ် ပြုလုပ်ထားသော မြို့ရိုးတံတိုင်း၏ ပတ်လည်မှာ ရှစ်မိုင်ခန့် ရှိလေသည်။ ဝေဘာရတောင်မှ ဝေပုလ္လတောင်အထိ ပေပေါင်း တစ်သောင်း နှစ်ထောင်၊ ဝေပုလ္လတောင်မှ ဂိဇ္ဈကုဋ်တောင်အထိ ပေပေါင်း လေးထောင် ငါးရာ၊ ဂိဇ္ဈကုဋ်တောင်မှ ပဏ္ဍဝတောင်အထိ ပေပေါင်း ရှစ်ထောင်ငါးရာ၊ ပဏ္ဍဝတောင်မှ ဣသိဂိလိတောင်အထိ ပေပေါင်း ခုနစ်ထောင်၊ ဣသိဂိလိတောင်မှ ဝေဘာရတောင်အထိ ပေပေါင်း ကိုးထောင် စုစုပေါင်း ပေ လေးသောင်း တစ်ထောင် ရှိသောဟူ၏။ တချို့နေရာ၌ မြို့ရိုးတံတိုင်း တစ်ဆယ့်သုံးပေအထိ ရှိလေသည်။[၂]

တောင်ငါးလုံးတို့၏ အလျားအနံ အမြင့်ပမာဏ

တောင်ငါးလုံးအနက် ဝေပုလ္လတောင် အလျား နှစ်မိုင်ခွဲခန့်, အနံ လေးဖာလုံခန့်, အမြင့် အစောက် လေးဖာလုံခန့် မြင့်သည်ဟူ၏။ ဂိဇ္ဈကုဋ်

၁။ ဒီ၊ ဋ္ဌ၊ ၂။ ၂၀၃။

၂။ အိန္ဒိယခရီးမှူ၊ ၂၃၅။

တောင် အလျားခုနစ်မိုင်ခန့်, အနံ တစ်မိုင်ခွဲခန့်, အမြင့် ခြောက်ဖာလုံခန့်၊ ပဏ္ဍဝတောင် အလျား ခုနစ်မိုင်ခန့်, အနံ ငါးဖာလုံခန့်, အမြင့်လေးဖာလုံခန့်၊ ပဏ္ဍဝတောင်ကို နေထွက်ရာအရပ် ဖြစ်ရကား "ဥဒယဂိရိ"ဟုလည်း ခေါ်ကြသည်။ ဣသိဂိလိတောင် အလျား တစ်ဆယ့်နှစ်မိုင်ခန့်, အနံ နှစ်မိုင်ခန့်, အမြင့် တစ်မိုင်နှစ်ဖာလုံခန့်၊ ဝေဘာရတောင် အလျား ရှစ်မိုင်ခန့်, အနံ တစ်မိုင်ခွဲခန့်, အမြင့် ခြောက်ဖာလုံခန့် မြင့်သည်။[၁]

ရာဇဂြိုဟ်ရှိ ဘုရားရှင်သီတင်းသုံးရာ နှင့် စေတီစသည်များ

ဝေဘာရတောင်နံရံ၌ အလျား နှစ်ဆယ့်လေးတောင်,၊ အနံတစ်ဆယ့်လေးတောင်ခန့်ရှိသော လိုဏ်ဂူရှိသည်၊ ပဌမသံဂါယနာ၊ မဟာဓမ္မသဘင်ကြီးကို ဤစရည်းပင်ရောက်ရာ လိုဏ်ဂူဝအနီး အဇာတသတ်မင်း၏ မဏ္ဍပ်ကြီး၌ ပြုလုပ်ကျင်းပတော်မူခဲ့ကြသည်။ ၎င်းပြင် ယင်း ဝေဘာရတောင်၌ ပိပ္ပလိလိုဏ်ဂူနှင့် စေတီပျက်နှစ်ဆူ တည်ရှိတော်မူသည်။

ဝေပုလ္လတောင်၌ တောင်ထိပ်ပေါ်၌ စေတီပျက်နှစ်ဆူ တည်ရှိ၍ တောင်ခြေရင်း၌"သူရိယကုဏ္ဍလက္ခဏာသိင်္ဂ"ခေါ် ရေဆိပ်နှင့် ဗိမ္ဗိသာရမင်းကြီး အကျဉ်းချ ခြေဖဝါး ဓားခွဲ ဆားသိပ် ကွပ်မျက်ရာဌာန အမှတ်အသားနှင့်တကွ တည်ရှိသည်။

ဂိဇ္ဈကုဋ်တောင်ပေါ်၌ သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သော စေတီပျက်တစ်ဆူနှင့် ဘုရားလေးဆူသီတင်းသုံးတော်မူရာ အမှတ်အသားများနှင့်လိုဏ်ဂူပျက် တစ်ခု တည်ရှိသည်။၎င်းပြင် ဂျပန်,အင်္ဂလိပ်,တရုတ်, မြန်မာ လေးဘာသာပါရှိသော အလျားတစ်တောင်, အနံခြောက်လက်မခန့်ရှိ ကျောက်စာတိုင်တစ်ခု ရှိသည်။ ၎င်းပြင် ဂျပန် ဗုဒ္ဓဘာသာရဟန်းတော် အရှင်ဖီဂျီ သာသနာတော် ၂၅၀၀-ပြည့်နှစ်က တည်ထားခဲ့သော ဝိရှသျန္တိ(=ဝိဿသန္တိ)စေတီ ကမ္ဘာ့ငြိမ်းချမ်းရေးစေတီသို့မဟုတ်အားလုံးငြိမ်းချမ်းရေး စေတီ တည်ထားခဲ့လေသည်။ ရူပီငွေ ၂၂-သိန်း ကုန်ကျသောဟူ၏။ ၎င်းပြင် တောင်ထိပ်၌ ခမ်းနားလှသော ဂျပန်ဘုန်းကြီးကျောင်း, ဟယ်လီကောပတာ ဆင်းသက်ရန် ကွင်းလည်းရှိသည်။

၁။ ညောင်ဦးမြို့ မဟာဝိသုတာရာမ ဆရာ[illegible] [illegible] နန္ဒဝံသ၏ မဂ္ဂဒီပကျမ်း။ ၄၃–၄။

ပဉ္စာဝတောင်ပေါ်၌ ကျောက်လှေကားကြီးနှင့် စေတီပျက် သုံးဆူ တည်ရှိတော်မူသည်။ တောင်ခြေရင်း တောင်တံခါးပေါက်သို့ သွားရာ လမ်း၌ စေတီပျက်သုံးဆူနှင့် ဘုရားမြတ်စွာ အလောင်းအလျာ ဘဝက ဥရုဝေလအကြွ ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံတော်မူ၍ ဆွမ်းဘုဉ်းပေးရာ, ဗိမ္ဗိသာရမင်းနှင့် တွေ့ဆုံရာဌာန အမှတ်အသားရှိသည်။ ၎င်းနေရာကို အိန္ဒိယနိုင်ငံ အစိုးရ ယဉ်ကျေးမှုဝန်ကြီးဌာနက စောင့်ရှောက်ထားလေ သည်။ ၎င်းပြင် ရေတွင်းဟောင်း တစ်တွင်းနှင့် အဂ္ဂနိခာရာခေါ် ရေဆိပ် လည်း ရှိသည်။ တောင်ဘက်တံခါးမုခ် မရောက်မီ တောင်ခြေရင်း၌ "ဗာလုဂဂံါ"ခေါ် ရေဆိပ် တည်ရှိသည်။

ဣသိဂိလိတောင်ပေါ်၌ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာသခင် အရှင်မြတ် များ သီတင်းသုံးတော်မူရာ တောင်ဝှမ်း ရှိမြောင်များနှင့်တကွ ကျောက် လိုဏ်ဂူများ ကျောက်တံတိုင်းကြီးတည်ရှိသည်။ ရာဇဂြိုဟ်မြို့တွင်း၌ နေရာ အများအပြားမှာ တောအတိ ဖြစ်နေသည်။ ဗိမ္ဗိသာရမင်းကြီး၏ နန်း တော်ရာကို အမှတ်အသားနှင့်တကွ တွေ့ရှိသည်။ ပက္က[သာတိခတ်တော် စေတီ ရှိသည်။ ၎င်းကို အိန္ဒိယအစိုးရ ယဉ်ကျေး မှု ဝန် ကြီး ဌာ န က အဆောက်အအုံယ်ပြုလုပ်၍ စောင့်ရှောက်ထားသည်။ အပေါ်က သွပ်မိုး ထား၏။ ၎င်းကို ယခုအခါ "မဏိယာမှတ်"ဟု ခေါ်ကြသည်။

ကျောင်းတိုက်ကြီး တစ်ဆယ့်ရှစ်တိုက်

ရာဇဂြိုဟ်မြို့တော်၌ သံဃာတော်များစွာတို့ သီတင်းသုံးရာ အလွန်လျှင် ထင်ရှားသည့် ကျောင်းတိုက်ကြီး တစ်ဆယ့်ရှစ်တိုက် ရှိခဲ့လေသည်။ ၎င်းတို့ကား—

၁။ ဝေဠုဝန်ကျောင်းတိုက်။ ယင်းကျောင်းတိုက်သည် ရေပူ စမ်း မြောက်ဘက်၌ တည်ရှိသည်။

၂။ တပေါဒါရာမ (တပေါဒါရုံ) ကျောင်းတိုက်၊ ယင်းကျောင်း တိုက်သည် ရေပူစမ်းဘေး၌ တည်ရှိသည်။

၃။ တပေါဒါကန္ဒရကျောင်းတိုက်။ ယင်း ကျောင်းတိုက်သည် ရေပူစမ်းအနီး ချောက်ထဲ၌ တည်ရှိသည်။

၄။ ပိပ္ပလိဂူဟာ (ပိပ္ပလိလိုဏ်ဂူ) ကျောင်းတိုက်။ ယင်းကျောင်းတိုက်သည် ရေပူစမ်းအထက် ဝေဘာရတောင်ပေါ်၌ တည်ရှိသည်။

၅။ သပ္ပသောဏ္ဍိကကျောင်းတိုက်(မြွေနဂါးရုပ်ရှိသော ကျောက်ရေကန် ကျောင်းတိုက်)။ယင်း ကျောင်းတိုက်သည် ဝေဘာရတောင် အရှေ့ဘက်ခြေရင်း၌ တည်ရှိသည်။

၆။ ပဗ္ဘာရယကျောင်းတိုက်။ ယင်း ကျောင်းတိုက်သည် ဝေဘာရတောင်၏ အရှေ့ဘက်ကြား၌ တည်ရှိသည်။

၇။ ဂေါတမကန္ဒရကျောင်းတိုက်။ ယင်း ကျောင်းတိုက်သည် ဝေဘာရတောင် အရှေ့ဘက် ဂေါတမချောက်၌ တည်ရှိသည်။

၈။ ဘိန္ဒုကဂုဟာ (တည်ပင်ဂူ) ကျောင်းတိုက်။ ယင်း ကျောင်းတိုက်သည် ဝေဘာရတောင် အရှေ့ဘက်ခြေရင်း၌ တည်ရှိသည်။

၉။ ကာဠသိလာ (ကျောက်ဖျာနက်) ကျောင်းတိုက်။ ယင်းကျောင်းတိုက်သည် ဣသိဂိလိတောင်နံရံ၌ တည်ရှိသည်။

၁၀။ ဂိဇ္ဈကုဋ်တောင်ကျောင်းတိုက်။ ယင်း ကျောင်းတိုက်သည် ဂိဇ္ဈကုဋ်တောင်ထိပ်၌ တည်ရှိခဲ့လေသည်။

၁၁။ စောရပပါတ ကျောင်းတိုက်။ ယင်း ကျောင်းတိုက်သည် ဂိဇ္ဈကုဋ်တောင်နံရံ သေဒဏ်ချမှတ်ခြင်းခံရသော ရာဇဝတ်သားတို့ကို ကွပ်မျက်ပစ်ချရာ ချောက်ကမ်းပါးအနီး၌ တည်ရှိသည်။

၁၂။ ဣန္ဒသာလဂုဟာ (နှံ့ပဲပင်လိုဏ်ဂူ) ကျောင်းတိုက်။ ယင်းကျောင်းတိုက်သည် ရာဇဂြိုဟ်မြို့အရှေ့ဘက် အမ္ဗသဏ္ဍရွာမြောက်ဘက် ဝေဒိယကတောင်၌ တည်ရှိခဲ့လေသည်။

၁၃။ မဒ္ဒကုစ္ဆိမိဂဒါယ ကျောင်းတိုက်။ ယင်း ကျောင်းတိုက်သည် ဂိဇ္ဈကုဋ်တောင်အတက် လှမ်းဆေး၌ တည်ရှိလေသည်။

၁၄။ တာလုဝန္နယျာန (ထန်းတော ဥယျာဉ်) ကျောင်းတိုက်။ ယင်း ကျောင်းတိုက်သည် ဂိဇ္ဈကုဋ်တောင်ခြေ၌ တည်ရှိခဲ့လေသည်။

၁၅။ ဇီဝကမ္ဗဝန (သမားတော်ဇီဝက၏သရက်တော) ကျောင်းတိုက်။ ယင်း ကျောင်းတိုက်သည် ဂိဇ္ဈကုဋ်တောင်ခြေ တစ်နေရာ၌ တည်ရှိသည်။

၁၆။ မောရနိဝါပ (ဥဒေါင်းတို့အား အစာပေး မွေးမြူရာ) ကျောင်းတိုက်။ ယင်းကျောင်းတိုက်သည်လည်း ဂိဇ္ဈကုဋ်တောင်ခြေ တစ်နေရာ၌ တည်ရှိခဲ့လေသည်။

၁၇။ လဋ္ဌိဝန္နယျာန (ပင်ပျိုနုနုဥယျာဉ်) ကျောင်းတိုက်။ ယင်း ကျောင်းတိုက်သည်လည်း ဂိဇ္ဈကုဋ်တောင်ခြေ၌ပင် တည်ရှိသည်။ ဂိဇ္ဈကုဋ်တောင်ခြေ၌ ဘုရားရှင်လက်ထက်တော်က ကျောင်းတိုက်တွေ အစီအရီနှင့် အလွန်လျှင် သာယာကြည်နူးဖွယ် ဖြစ်ခဲ့လေသည်။

၁၈။ အန္ဓကဝိန္ဒကတောရကျောင်းတိုက်။ ယင်း ကျောင်းတိုက်သည် ဂိဇ္ဈကုဋ်တောင် အရှေ့မြောက်ဘက် သပ္ပိနီချောင်းငယ်၏ တစ်ဖက်ကမ်း၌ တည်ရှိလေသည်။

ရာဇဂြိုဟ်မြို့တော်သည် ဖော်ပြပါ ကောင်းမှုပြုရာ နိဗ္ဗာန်ဆိပ်ဦးဖြစ်သော ကျောင်းတိုက်ကြီး တစ်ဆယ့်ရှစ်တိုက်တို့ဖြင့် လွန်စွာ တင့်တယ်လှပေသည်။ စိတ်ဓာတ်ကြည်ပျော်မွေ့လျော်ဖွယ်ကောင်းလှပေသည်။ တပေါ ဒါရာမ ကျောင်းတိုက်စသည့် ကျောင်းတိုက် တစ်ဆယ့်ခုနစ်တိုက်တို့သည် ဝေဠုဝန်ကျောင်းတိုက်ကြီး၏ ကျောင်းတိုက်ခွဲများသဖွယ်လည်း ဖြစ်ကုန်၏။ ပဌမသံဂါယနာ သဘင်ပွဲကြီး ယင်စဉ်က ဖော်ပြပါ ကျောင်းတိုက်ကြီးများ၌ သံဃာတော်ငါးရာ ခွဲ၍ သံဂါယနာတင်ကိစ္စအကြားသီတင်းသုံးတော်မူကြသည်။ စင်စစ်သော်ကား ဤကျောင်းတိုက်ကြီး တစ်ဆယ့်ရှစ်တိုက်တို့သည်ပဌမသံဂါယနာတင်စဉ်က သံဂီတိကာရက ရဟန္တာငါးရာတို့၏ တည်းကျောင်းများ ဖြစ်ကုန်၏။

၃၁၈။ ဝေဠုဝနအာရာမာဒိ-အဌာရသာလယေဟိပိ။
သုပုရံ ရုစိရံ စေဝ၊ ပုညတိတ္ထံ မနောရမံ။

ကျောင်းခေါင်း ရာကျော်မက လွန်များလှ

ဤကျောင်းတိုက်ကြီးများမှာ ရာဇဂြိုဟ်၌ လွန်စွာ ကျော်စောသည့် ကျောင်းတိုက်ကြီးများ ဖြစ်သည်။ တကယ်တော့ အတော်အသင့်ထင်ရှားသည့် ကျောင်းတိုက်များ၊ မထင်ရှားသည့်ကျောင်းတိုက်များကား တစ်ရာကျော်မက မြားမြောက်လှကြောင်း သိနိုင်ပေသည်။

ပရိဗိုဇ်ကျောင်းတိုက်များ

ဂုဏ်ပြင် ရာဇဂြိုဟ်တစ်ဝိုက်၌....(၁) ဥဒုမ္ဗရိက ပရိဗ္ဗာဇကာရာမ၊ (၂) မောရနိဝါပပရိဗ္ဗာဇကာရာမ၊ (၃) သဥ္စယပရိဗ္ဗာဇကာရာမစသည့် ပရိဗိုဇ်တို့၏နေရာ အရံကျောင်းတိုက်များလည်း ရှိခဲ့လေသည်။

သုဝဏ္ဏဘဏ္ဍာလိုဏ်ဂူ

ဝေဘာရတောင်ခြေ၌ သုဝဏ္ဏဘဏ္ဍာလိုဏ်ဂူ (=သောဘဏ္ဍာ)လိုဏ်ဂူကြီး တည်ရှိလေသည်။ မဏိယာရမဌ်မှ လက်ယာဘက် လမ်းခွဲအတိုင်း သွားလျှင် တစ်မိုင်သာသာခန့်အကွာတွင် ရောက်ရှိတွေ့မြင် လေ့လာနိုင်သည် ဟူ၏။ ယိုလိုဏ်ဂူ၌ ကျောက်ကမ္ဘားကို ထွင်းထားသောလိုဏ်ဂူကြီးနှစ်ခု ပါဝင်ရှိ၍ အရှေ့ဘက်လိုဏ်ဂူမှာ အမိုးများ ပြိုကျပျက်စီးလျက်ရှိပြီး ကျန်လိုဏ်ဂူမှာလည်း အက်ကြောင်းပေးကာ ပြိုလုနီးပါးအခြေအနေတွင် ဆိုက်နေလေပြီ။ အရှေ့ဘက်ဂူသည် အနိမ့်ဘက်ကျ၍ အနောက်ဘက်ဂူမှာ အနည်းငယ်မြင့်ဟန် ရှိလေသည်။ ထိုဂူတွင် ၆-ပေခန့် မြင့်သောတံခါးပေါက်များနှင့် ဂူနံရံတို့၌ တစ်ခန်းမှ တစ်ခန်းသို့ ကူးသွားနိုင်ရန်ဖောက်ထားသော တံခါးပေါက်များ အမြင့်ပေ ၅-ပေစီ ရှိသောဟူ၏။

ရာနဘူမိ

ထိုသောဘဏ္ဍာလိုဏ်ဂူကြီးမှ အနောက်ဘက်သို့ ခြေလျင်သွားလမ်းအတိုင်း ဆက်လက်သွားလျှင် တစ်မိုင်ခန့်အကွာတွင် ထိုဒေသအခေါ်အက္ခရ (– အက္ခရ) သို့မဟုတ် ရာနဘူမိဌာနကို တွေ့နိုင်လေသည်။ ထိုနေရာကို ဇရာစန္ဓ၏ ရာနဘူမိဟုလည်း ခေါ်ဝေါ်ကြသည်။

ဗိမ္ဗိသာရမင်း အကျဉ်းထောင်

လမ်းမကြီးအတိုင်း မြောက်ယွန်းယွန်းသို့ဆက်သွားလျှင် မြေနုတ်ကွန်း အနီး လမ်းရောက်၍ တစ်ဖန် လက်ဝဲလမ်းခွဲအတိုင်း ရှေ့သို့ ၅ ဖာလုံခန့် ရောက်ခဲ့လျှင် စတုရန်းပေ ၂၀၀ ခန့်ရှိ ဧရိယာအကျယ်ရှိ၍ ၆ ပေခန့် ထူသော ကျောက်ပြားတို့ဖြင့် တံတိုင်းခတ်ထားသော ရှေးဟောင်း အဆောက်အအုံ အုတ်မြစ်များကို တွေ့နိုင်သည်။ ထောင့်လေးထောင့်တွင် ရဲတိုက်များကဲ့သို့ အစွန်းအုတ်တိုင် အခိုင်အမာ စွန်းထွက်လျက် ရှိသည်။ ထိုနေရာကား ဗိမ္ဗိသာရမင်းကြီးအား သားတော် အဇာတသတ်မင်း ထောင်သွင်း အကျဉ်းချ အစာရေစာ အငတ်ထားခဲ့သော အကျဉ်းထောင် နေရာ ဖြစ်လေသည်။ ဗိမ္ဗိသာရမင်းကြီးသည် ယင်း အကျဉ်းထောင် ပြတင်းပေါက်ကနေ ဂိဇ္ဈကုဋ်တောင်ကျောင်း၌ စင်္ကြံကြွတော်မူသော ဘုရားရှင်ကို ဖူးမြင်ခဲ့ကြောင်း ကျမ်းဂန်များ၌ လာရှိလေသည်။

ကျောက်စာများ

ဗိမ္ဗိသာရမင်း အကျဉ်းထောင်နေရာမှလွန်သော် လမ်းနှစ်ခုဆုံရာအရပ် ကို တွေ့ရပေလိမ့်မည်။ ထိုလမ်းနှစ်ခွအဆုံမှ လက်ယာဘက်သို့ လမ်းမကြီး အတိုင်း သွားခဲ့လျှင် အတွင်းမြို့တောင်တံခါးဝနှင့် ၎င်းမှ တစ်မိုင်ခွဲခန့် နေရာ၌ ရှေးခေတ်က လှည်းလမ်းကြောင်းကြီးများကို ကျောက်မြေတွင် ထင်ထင်ရှားရှား တွေ့မြင်နိုင်လေသည်။ ထိုလှည်းလမ်းကြောင်း အနီးရှိ ကျောက်သားမြေပြင်၌ ရေးထွင်းထားသော ကျောက်စာများစွာတို့ကို တွေ့မြင်ကြရသည်။ ထိုအက္ခရာများမှာ အလွန်ရှေးကျလှပြီဖြစ်ရာ မည်သူမျှ အဓိပ္ပာယ်မဖော်နိုင်ဟု သိရသည်။

ရေတွင်းဟောင်းကြီး

တောင်ဘက်သို့ ဆက်လက်သွားခဲ့လျှင် ရေများယိုထွက်နေသေးသည့် ရေတွင်းဟောင်းကြီးကို အုတ်ရိုးနှင့်တကွ တွေ့မြင်နိုင်လေသည်။ ထိုရေတွင်း နှုတ်ခမ်းဝမှ အောက်ဘက် ၁၂ ပေခန့် အုတ်ရိုးတွင် အနည်းငယ် ပုံပျက် နေသော အက္ခရာစာလုံးအမှတ်အသား စာတမ်းနှစ်ခုကို တွေ့ရှိနိုင်လေ သည်။ စာတမ်းတစ်ခုမှာ "သမ္ဗတ်-၁၀၀၇"ဟူသော ခုနှစ် သက္ကရာဇ် အမှတ်အသားဖြစ်သည်။ ခရစ်သက္ကရာဇ် ၉၅၀-ခုနှစ်က အမှတ်အသား ဖြစ်သည် ဟူ၏။

ခံတပ်ဟောင်းနေရာ စသည်

ထိုနေရာမှ တောင်ဘက်သို့ ဆက်လက်သွားခဲ့လျှင် ဥဒယတောင်နှင့် သောဏတောင် နှစ်လုံးအကြား အပြင်မြို့တံခါး, ခံတပ်ဟောင်းနေရာ, ဘာဏဂင်္ဂါမြစ်ခေါ် ချောင်းငယ်တို့ကို တွေ့နိုင်လေသည်။ ထိုတံခါးဝမှ ထွက်သွားသော ကားလမ်းမကြီးမှာ ဂယာမြို့သို့သွားသော ကားလမ်းမကြီး ဖြစ်သည်။ ထိုလမ်းမကြီးအတိုင်း ပတ္တနား (ပဋ္ဌနာ)မြို့မှ ဂယာမြို့သို့ အစိုးရဘတ်စ်ကားကြီးများ ပြေးဆွဲလျက်ရှိသည်ဟူ၏။

ဖာဟီယန် မြင်တွေ့ခဲ့သော ရာဇဂြိုဟ်မြို့တော် ဝန်းကျင်မြင်ကွင်း

သာသနာသက္ကရာဇ် ၉၀၀ ကျော်က ရာဇဂြိုဟ်မြို့တော် တစ်ခွင်သို့ ရောက်ရှိခဲ့သော တရုတ်ရဟန်းတော် ဖာဟီယန်သည် ရာဇဂြိုဟ်မြို့တော် ဝန်းကျင် တွေ့မြင်ခဲ့ရသည်များကို အောက်ပါအတိုင်း ဖော်ပြခဲ့လေသည်။

ရာဇဂြိုဟ်မြို့သစ်

ဤ နာလန္ဒရွာမှ အနောက်ဘက်သို့ တစ်ယူဇနာ သွားသောအခါ ကျောင်းကြီး နှစ်ကျောင်းနှင့် အဇာတသတ်မင်းကြီး တည်ထောင်သော "ရာဇဂြိုဟ်" မြို့သစ်သို့ ရောက်ကြသည်။ ၎င်းမြို့၏ အနောက်တံခါး အပြင်ဘက် ခြေလှမ်းပေါင်း ၃၀၀ ကွာ၌ အဇာတသတ်မင်းကြီးသည် ဘုရားရှင်၊ ပရိနိဗ္ဗာန်ပြုစဉ်က မိမိအတွက် ဝေစုရသော ဓာတ်တော် မွေတော်များကို ဌာပနာသွင်းနှံ၍တည်ထားကိုးကွယ်ခဲ့သောမြင့်မားတင့်တယ်ကြည်ညိုဖွယ် မင်္ဂလာကျက်သရေကိုဆောင်သော စေတီတော်တစ်ဆူ တည်ရှိလေသည်။

ရာဇဂြိုဟ်မြို့ဟောင်း

၎င်းမြို့သစ်မှ တောင်ဘက် လေးလိ[1]အကွာတွင် အလွန်လျှင်ကောင်းမွန် ခိုင်ခံ့၍ မြို့ရိုးကြီးပုံသဏ္ဌာန်ရှိသော တောင်ကြီး ၅-လုံးရံလျက် မြေကွက်လပ်တစ်ခု ရှိလေသည်။ စင်စစ်မှာ ထိုမြေကွက်လပ်သည် အရှေ့မှ အနောက် ၅-လိကျော်, ၆-လိခန့်ကျယ်ဝန်း၍မြောက်မှတောင် ၇-လိကျော်,၈-လိခန့်

၁။ လိ–သည် တရုတ်စကားဖြစ်သည်။ တစ်လိလျှင် တစ်မိုက်၏ ၃–ပုံ–၁–ပုံ၊ သို့မဟုတ် ပေပေါင်း၊ ၁၇၆၀–အကွာအဝေးခရီး။

ပမာဏကျယ်ဝန်းသော ဗိမ္ဗိသာရမင်းမြတ်၏ မြို့တော်ဟောင်းနေရာ ဖြစ်လေသည်။

အောက်ပါ နေရာများသည် ယခုတိုင် တွေ့ရှိရသော နေရာများ ဖြစ်လေသည်။

၁။ အရှင်သာရိပုတ္တရာ, ဘုရားရှင်၏ တပည့်သားဖြစ်သော အရှင်အဿဇိမထေရ်အား လက်ဦးပဌမ ဖူးတွေ့သော နေရာ။

၂။ သိရိဂုတ္တသူကြွယ် မီးတွင်းကြီးပြုလုပ်၍ အဆိပ်ပါသော ဆွမ်းကိုဘုရားရှင်ကိုယ်တော်မြတ်ကြီးအား လှူဒါန်းသော နေရာ။

၃။ အဇာတသတ်မင်း, ဘုရားရှင်အား သတ်ဖြတ်ရန် မည်းနက်သော နာဠာဂိရိဆင်ကို အရက်တိုက်၍ လွှတ်သော နေရာ။

၄။ ဗိမ္ဗိသာရမင်းကြီး၏သား ဆေးဆရာ သမားတော် ဇီဝက က မြို့၏အရှေ့မြောက်ထောင့်လမ်းအကွေ့၌တည်ရှိသော မိခင်ရင်း "အမရဒါရိကာ"၏ ဥယျာဉ်တွင်း၌ အဆောက်အအုံတစ်ခုကို ဆောက်လုပ်၍ ဘုရားရှင်အား ၁၂၅၀-သော တပည့်သားရဟန်းများနှင့်တကွ ပင့်ဖိတ်ပြီးလျှင် အလှူကြီး ပေး သော နေရာ။

ဤ အထက်ပါ နေရာများကို ယခုတိုင် တွေ့ရှိရလေသည်။ ရာဇဂြိုဟ်မြို့ကြီးမှာ လူနေအိမ်ခြေတိတ်ဆိတ်၍ တိမ်ကောပပျောက်ကာ ဘောအတိ ပေါက်ရောက်လျက် ရှိလေသည်။

ရာဇဂြိုဟ်မြို့တော် ဂိဇ္ဈကုဋ်တောင်

တောင်ကြားသို့ ဝင်ရောက်၍ တောင်ကိုလှည့်လျက် မြင့်မောက်နေတော ဆင်ခြေလျှောပေါ်၌ အနောက်တောင်ဘက်သို့ ၁၅-လီသွားသော အခါ ခရီးသွား ဘုရားဖူးဖြစ်ကြသော ရဟန်းတော် ဖာဟီယန်တို့သည် ဂိဇ္ဈကုဋ်တောင်သို့ ရောက်ကြလေသည်။ တောင်ထိပ်မှ သုံးလီကွာဝေးသောနေရာ၌ တောင်ဘက်သို့ မျက်နှာမူလျက် ကျောက်ဂူတစ်ခု ရှိသည်။ ၎င်းဂူ၌ ဘုရားမြတ်စွာ သမာပတ်ဝင်စားတော်မူဖူးလေသည်။

ဂုဏ်ရွှေ့ရှိ ...

ဇင်းဂူမှ အနောက်မြောက် ခြေ လှမ်း ပေါင်း ၃၀- အကွာ၌ လည်း ကျောက်ဂူကြီးတစ်ခုရှိလေသည်။ ယင်းကျောက်ဂူ၌ အရှင်အာနန္ဒာမထေရ် တရားအားထုတ်နေစဉ် မာရ်နတ်မင်းက လင်းတအသွင်ဖန်ဆင်း၍ အရှင်အာနန္ဒာမထေရ် ကြောက်ရွံ့ထိတ်လန့်စေရန် ဂူရှေ့၌ နားလာလေသည်။ ထိုအခါ ဘုရားမြတ်စွာက အရှင်အာနန္ဒာ မထိတ်လန့်ရန် တန်ခိုးတော်ဖြင့် လက်တော်ကို ဆန့်တန်းတော်မူ၍ ကျောက်ဂူကြီးကို ဖောက်ထွင်းပြီးလျှင် ညီတော်အာနန္ဒာ၏ ပခုံးကို ကိုင်တော်မူသောအခါ အရှင်အာနန္ဒာသည် ကြောက်လန့်ခြင်းမှ ကင်းလွတ်တော်မူလေသည်။ လင်းတ၏ ခြေရာနှင့် ဘုရားရှင်လက်တော် ဝင်ရောက်တော်မူသော အပေါက်နေရာများကို ယခု တိုင် တွေ့မြင်ခဲ့ရလေသည်။ ဤကဲ့သို့သော အကြောင်းကြောင့် ဂိဇ္ဈကုဋ်[၁] တောင် အမည်ရသည်။ ဇင်းဂူကြီးရှေ့၌ ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူသော ဘုရားလေးဆူ သီတင်းသုံးတော်မူဖူးသော နေရာ တစ်ခု ရှိ လေ သည်။ အာသဝေါကုန်ခန်းပြီးသော ရဟန္တာသခင်အရှင်မြတ် ပေါင်းများစွာ တရားအားထုတ်တော်မူသောဂူများလည်း ရာပေါင်းများစွာရှိလေသည်။

ဒေဝဒတ်ကျောက်လုံး လှိမ့်ချသော နေရာ

ဘုရားရှင်သီတင်းသုံးတော်မူသော ဂူရှေ့၌ အရှေ့အနောက်,အောက် အထက် စင်္ကြံကြွတော်မူစဉ် တောင်ပေါ်ရှိ အက်ကွဲနေသော ကျောက် ကြားထဲမှ ဒေဝဒတ်သည် ယုတ်မာဆိုးဝါး မကောင်းသောစိတ်ထားဖြင့် တောင်ကြီး၏မြောက်ဘက်သို့ ကျောက်လုံးကြီးကို လှိမ့်ချပြီ ဘုရားရှင်၏ ခြေတော်၌ သွေးစိမ်းတည်အောင် ပြုလုပ်သောနေရာတစ်ခုလည်း ရှိလေ သည်။ ဒေဝဒတ် လှိမ့်ချသော ကျောက်လုံးကြီးကို ယခုတိုင်အောင် တွေ့မြင်ခဲ့ရလေသည်။

ဓမ္မာရုံပျက်ကြီး

ဘုရားမြတ်စွာသည် သတ္တဝါဗိုလ်လူ များဟိန္ဒူတို့အား တရားရေ အေး အမြိုက်ဆေး တိုက်ကျွေးဆုံးမတော်မူရာ ဓ မ္မာ ရုံ ကြီးမှာ လည်း "အနိစ္စသဘော" ရွေလျောမတည် ပျက်စီးလေပြီဖြစ်၍ အုတ်မြစ်မျှသာ တွေ့မြင်ရလေသည်။

၁။ အဋ္ဌကထာများ၌ လင်းတတို့နေရာ အထွတ်ရှိသော တောင်။ လင်းတနှင့် တူသော အထွတ်ရှိသောတောင်ဟု ဖွင့်ကြသည်။ ဝိ၊ ဋ္ဌ၊ ၁။ ၂၄၀။ ဒီ၊ ဋ္ဌ၊ ၂။ ၁၀၆။ မ၊ ဋ္ဌ၊ ၁။ ၃၆၀-စသည်။

သုရင်္ဂမသုတ် ဟောတော်မူသောနေရာ

တောင် ၅-လုံးတို့တွင် အမြင့်ဆုံးဖြစ်သော ဂိဇ္ဈကုဋ်တောင်ထိပ်သည် ကြည့်ရှုဖွယ်ရာ သာယာကြည်လင် စိမ်းရှင်စိုစွတ်လျက် မြင်သူအားလုံးတို့၏ စက္ခုအာရုံကို တန်ဆာဆင်ထိုးဘိသကဲ့သို့ ရှုချင်စဖွယ် တင့်တယ်လှပါပေသည်။ ရဟန်းတော် ဖာဟီယန်သည် ရာဇဂြိုဟ်မြို့သစ်၌ ပန်း,နံ့သာ, ဆီမီးထွန်းရန် ဆီမီးအိမ်တို့ကို ဝယ်ယူ၍ မိမိတို့အား လမ်းညွှန်ပြရန် လမ်းသိသော ရဟန်းတော်နှစ်ပါးကို ခေါ်ယူပင့်ဆောင်လျက် ဂိဇ္ဈကုဋ်တောင်သို့ သွားရောက်၍ ပန်း,နံ့သာ,ဆီမီးတို့ဖြင့် ပူဇော်ပြီးလျှင် နံနက်အရုဏ်တက်သည်တိုင်အောင် ထွန်းလင်းတောက်ပသော ဆီမီးအိမ်တို့ကို ညှိထွန်း ပူဇော်ခဲ့လေသည်။

ဤနေရာ၌ ရဟန်းတော် ဖာဟီယန်၏စိတ်သည် လွန်စွာ ကြည်ကွဲဝမ်းနည်းလှသည်ဖြစ်၍ မျက်ရည်များပင် မစီးယိုအောင် ခဲယဉ်းစွာ အောင့်အည်း၍ ချုပ်တည်းထားပြီးလျှင်-

> "ရှေးအခါက ဘုရားမြတ်စွာသည် ဤနေရာဝယ် သီတင်းသုံးတော်မူ၍ သုရင်္ဂမသုတ်ကို ဟောတော်မူလေသည်။ အကျွန်ုပ်ဖာဟီယန်သည် ဘုရားပွင့်တော်မူပြီးနောက် ကြာမြင့်စွာသော အချိန်ကာလသို့ရောက်မှမွေးဖွားရပါသောကြောင့် ဘုရားရှင်အား မဖူးမြင်ရဘဲ အဖြစ်အပျက်တော် အစအနများနှင့် သီတင်းသုံးတော်မူခဲ့သော နေရာတော်မျှကိုသာလျှင် တွေ့မြင်ဖူးမြော်ရပေတော့သည်"ဟု ဝမ်းနည်းလှစွာ ညည်းတွားပြောဆိုလေသည်။

ရဟန်းတော် ဖာဟီယန်သည် ယင်းဂူရှေ့၌ ၎င်းသုတ်ဒေသနာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်၍ တစ်ညဉ့်ပတ်လုံး နေပြီးမှ ရာဇဂြိုဟ်မြို့သစ်သို့ ပြန်ခဲ့လေသည်။

ဝေဠုဝန်ကျောင်းတော်ကြီး

ရာဇဂြိုဟ်မြို့ဟောင်း၏ မြောက်ဘက်သို့ ခြေလှမ်းပေါင်း ၃၀၀-ကျော်အကွာအဝေး လမ်းနံဘေးအနောက်ဘက်ဝယ် "ကလန္ဒဝေဠုဝန"အမည်ရှိသော ဥယျာဉ်၌ တည်ရှိသော ကျောင်းတိုက်တော်ကြီး တစ်တိုက်သို့ ရဟန်းတော်ဖာဟီယန်တို့ ရောက်ရှိကြလေသည်။၎င်း ကျောင်းတော်ကြီး

သည် ယခုတိုင်အောင် တည်ရှိ၍ ရဟန်းတော်များသည် တံမြက်လှည်းခြင်း ရေဖျန်းခြင်း အစရှိသော ဝတ်နိဗဒ်တို့ကို ဆောင်ရွက်အားထုတ်ကြလေသည်။ ၎င်း ကျောင်းတော်ကြီး၏မြောက်ဘက် နှစ်လီ သုံးလီ အကွာတွင် တရုတ်ဘာသာအားဖြင့် (ရှိမိုရှေန)မြန်မာဘာသာအားဖြင့် 'သင်းချိုင်း' ခေါ်သော ကွက်လပ်တစ်ခု ရှိလေသည်။

သဖန်းပင် ဂူကြီး

တောင်မျက်နှာအရပ်၌ တည်ရှိသောတောင်ကိုလှည့်လည်၍ အနောက်ဘက်သို့ ခြေလှမ်းပေါင်း ၃၀၀ သွားရသော အကွာအဝေး၌ ဘုရားမြတ်စွာ ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် သမာပတ်ဝင်စားတော်မူခဲ့ဖူးသော "သဖန်းပင်ဂူ" ခေါ်သော ဂူကြီးတစ်ခု ရှိလေသည်။

ပဌမသံဂါယနာ မဟာစမ္မသဘင် ဆင်ယင်ရာ

၎င်းပြင် အနောက်ဘက် ၅-လီ ၆-လီ အကွာအဝေး၌ တောင်ရိပ်တို့ဖြင့် ဖုံးလွှမ်းနေသော မြောက်ဘက်တေား၌ ဘုရားဗိမာန်တော် ပရိနိဗ္ဗာန်ဝင်စံတော် မူပြီးနောက် ရဟန္တာသခင် အရှင်မြတ် ၅၀၀တို့သည် ဘုရားဗိမာန်တော် ဟောကြားတော်မူခဲ့သော ဓမ္မ ဝိနယခေါ် ပိဋကတ်တော်တို့ကို "သံဂါယနာ" တင်တော်မူခဲ့သော "သတ္တပဏ္ဏိ"ခေါ်သော ကျောက်တိုက်ခန်းကြီးတစ်ခု ရှိလေသည်။ သံဂါယနာတင်စဉ် ခမ်းခမ်းနားနား ဆန်းပြားတင့်တယ်လှပစွာခြယ်လှယ်၍ တန်ဆာဆင်အပ်သောနေရာ ၃-ခု ပြုပြင်စီမံပြီးလျှင် လက်ယာတော်ရံ အရှင်သာရိပုတ္တရာ, လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်တို့နှင့်တကွ ဘုရားရှင်ကို ရည်ရွယ်၍ ချန်လှပ်ထားကြလေသည်။

တစ်ပါးယုတ်လျော့နေသောရဟန္တာသခင်အရှင်မြတ်ငါးရာ(၄၉၉)ပါးတို့တွင် တတိယမဟာသာဝကကြီးဖြစ်တော်မူသော "အရှင်မဟာကဿပ" မထေရ်မြတ်ကြီးသည် ကြီးမှူးအုပ်ချုပ် နာယက ပြုလုပ်တော်မူလေ၏။ အရှင်အာနန္ဒာမထေရ်သည် အာသဝေါကင်းကွာရဟန္တာ မဖြစ်သေးသောကြောင့် တံခါးအပြင်ဘက်၌ ရပ်တည်၍ အတွင်းသို့မဝင်နိုင်ချေ။ ထိုအရှင်အာနန္ဒာမထေရ်မြတ်ရပ်တည်တော်မူသောနေရာ၌ တည်ထားသော စေတီ

တစ်ဆူကို ယခုတိုင်အောင် ဖူးမြော်တွေ့မြင်ခဲ့ရလေသည်။ ၎င်းတောင်ကြီးကို ဝန်းရံလျှည့်ပတ်၍ ရဟန္တာသခင် အရှင်မြတ်တို့ သမာပတ်ဝင်စားတော်မူသည့် ကျောက်ဂူကြီးပေါင်းများစွာ ရှိလေသည်။

ဒေဝဒတ်နေရာ လိုဏ်ဂူ

ရာဇဂြိုဟ်မြို့ဟောင်းမှ မြောက်သို့ထွက်သွား၍ အရှေ့ဘက်သို့ ၃-လိုဆင်းသွားသောအခါ "ဒေဝဒတ်နေရာဂူ"တစ်ခုရှိသည်။ ဤဂူမှ ခြေလှမ်းပေါင်း ၅၀-အကွာ၌ ၄-ထောင့်ပုံသဏ္ဌာန်ရှိသော ကျောက်တုံး အနက်တစ်ခု ရှိလေသည်။ ရှေးအခါက ရဟန်းတော်တစ်ပါးသည် ၎င်းကျောက်တုံးပေါ်၌ စင်္ကြံလျှောက်၍-

"ဤ ငါ၏ ရုပ်နာမ်နှစ်ပြား ခန္ဓာငါးပါးသည် တာရှည်မမြဲ ပျက်ကွဲတတ်သော သင်္ခါရဓမ္မဖြစ်၍ အနိစ္စသဘောတရားကို မလွန်နိုင်ချေပါတကား။ ဤကဲ့သို့သော သံသရာဘေး ကိလေသာအညစ်အကြေးတို့ဖြင့် ရှုပ်ထွေးလိမ်းကျံ၍နေသော ခန္ဓာကိုယ်ကြီးကို စောင့်ရှောက်ခြင်းအားဖြင့် ငါသည် အကျိုးမပြီး အချည်းနှီးပင် အချိန်ကုန်ခဲ့လေပြီ။ ငါသည် ခန္ဓာကိုယ်ကြီးကို စက်ဆုပ်ရွံရှာလှပါပြီတကား"

ဟု ဆင်ခြင်လေရာ အပြစ်အာဒီနဝတို့ကို သိရှိမြော်မြင်သောအခါ ထိုရဟန်းတော်သည် မိမိကိုယ်ကို သတ်ဖြတ်လိုသော သဘောဖြင့် ဓားကို ကိုင်ပြီးလျှင် တစ်ဖန်....

"ဘုရားမြတ်စွာသည် မိမိကိုယ်ကိုသတ်ဖြတ်ခြင်း၌ အပြစ်အာဒီနဝကို ဟောပြည့်ပြတော်မူခဲ့လေသည်"ဟု ထပ်မံစဉ်းစားမိပြန်လေသည်။

ထို့နောက် ဤကဲ့သို့ ဘုရားဗိန်ော် ဟောကြားတော်မူငြားသော်လည်း ယခုအခါ ငါသည် သူတော်ကောင်းတရား၏ အန္တရာယ်ကို ပြုတတ်သော လောဘ,ဒေါသ,မောဟဟု ဆိုအပ်သော ခိုးသူကြီး ၃-ဦးကို သတ်ဖြတ်ရန် အလိုရှိပေသည်"ဟု ကြံစည်စဉ်းစား နှလုံးထားလျက် ဓားကိုယူ၍ မိမိ၏ လည်ပင်းကို လှီးဖြတ်လိုက်သောအခါ ပဌမ လှီးဖြတ်စအခါ၌ အရိယာနွယ်ဝင် သောတာပန်,သကဒါဂါမ်ဖြစ်၍ လည်ပင်းတစ်ဝက်ခန့် ဓားဖြတ်

မိသောအခါ အနာဂါမ်ဖြစ်ပြီးလျှင် လုံးလုံးပြတ်သွားသည်နှင့်တစ်ပြိုင်နက် အာသဝေါကုန်ခန်း ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့လေသည်။

ဤသည်လျှင် ကြည်ညိုဖွယ်, သံဝေဂဖြစ်ဖွယ် ကောင်းလှသည့် တရုတ်ရဟန်းတော် ဖာဟီယန်၏ သာသနာသက္ကရာဇ် ၉၀၀-ကျော်က ရာဇဂြိုဟ်မြို့တော်ဝန်းကျင်နှင့်စပ်၍ သိမှတ်ဖွယ်တည်း။[၁]

၃၁၉။ ဖာဟီယန်ဝံ့မဟာယာန - စိနဝိသယယတိနာ။
လက္ခိတာဂိရာပသာဒ - သံဝေဂဇနနီ ဟိ ဝေ။

ဟီယွန်ဆန် မှတ်တမ်း

တစ်ဖန် ခရစ်သက္ကရာဇ် ၇-ရာစု ရှေ့ပိုင်းလောက်တွင် ရာဇဂြိုဟ်သို့ ဘုရားဖူးရောက်လာသော တရုတ်ရဟန်းတော် ဟီယွန်ဆန်၏ မှတ်တမ်း၌မူ ထိုခေတ် ရာဇဂြိုဟ်မြို့တော် ဝန်းကျင်၏ အခြေအနေကို အထူးတလည် မဖော်ပြခဲ့ချေ။ အကြောင်းကား ရာဇဂြိုဟ်မြို့ဟောင်းနေရာတွင် စေတီပျက်များ၊ မြို့ရိုးပျက်များနှင့် အခြားအဆောက်အအုံ အပျက်အစီးများ ပြိုကွဲ၍ ဖရိုဖရဲ ဖြစ်နေရုံမျှမက လူသူမရှိ တောချုံအတိသာ တွေ့ခဲ့ရသော ကြောင့် ဖြစ်သည်။

ရာဇဂြိုဟ်၌ အရိယာသာဝကပေါင်း ငါးသန်း သုံးသိန်း

ဘုရားရှင်လက်ထက်တော်က ရာဇဂြိုဟ်မြို့တော် မြို့တွင်း လူဦးရေ ကိုးကုဋေ, မြို့ပြင် လူဦးရေ ကိုးကုဋေ ၂-ရပ်ပေါင်း လူဦးရေ တစ်ဆယ့်ရှစ် (၁၈)ကုဋေအနက်သောတာပန်,သကဒါဂါမ်,အရိယာသာဝကဥပါသကာ, ဥပါသိကာပေါင်း ငါးသန်း သုံးသိန်း ရှိခဲ့လေသည်။ အနာဂါမ်ပုဂ္ဂိုလ် တွေလည်း များစွာရှိခဲ့လေသည်။ ဗုဒ္ဓမြတ်စွာ သာသနာကို ယုံကြည် ကိုးကွယ်ကြသော ကလျာဏနွယ်ဝင် ပုထုဇဉ်ပုဂ္ဂိုလ်တို့မှာလည်း အားလုံး နီးပါး ဖြစ်ခဲ့လေသည်။ အခြား တိတ္ထိဂိုဏ်းသား ကြည်ညိုသူများမှာ အနည်းအပါးမျှသာရှိရာ ရာဇဂြိုဟ်မြို့တော်၌ သံဂါယနာတင်ရန် ရွေးချယ်ခြင်းမှာ လွန်စွာ လျော်ကန်လှပေသည်။[၂]

၁။ ဖာဟီယန် ခရီးစဉ်မှတ်တမ်း။ ၁၁၅–၁၂၃။
Buddhist Shrines in India. ၁၂၃-၁၃၀။

၂။ မိလိန္ဒ၊ ၃၃၁–ကြည့်။

ကုသိနာရုံ သံဃာ့ အစည်းအဝေးမှ
ရာဇဂြိုဟ်၌ အခြားရဟန်းများ ဝါမဆိုရန် ဆုံးဖြတ်ခြင်း

သံဃာ့ထေရ် ရဟန်းတော်ပေါင်း ခုနစ်သိန်း၊ သံဃာ့ထေရ် မဟုတ်သော ရဟန်းပေါင်း မရေနိုင်အောင် မြားမြောင်စွာ တက်ရောက်သော သံဃာ့အစည်းအဝေးကြီးက—

၁။ ရာဇဂြိုဟ်မြို့တော်နှင့် ရာဇဂြိုဟ်နယ်တဝန်းသည် ဆွမ်းခံဖို့ရာ ရွာများ,အိမ်များ များစွာရှိကြောင်း သို့ဖြစ်၍ ရာဇဂြိုဟ်မြို့တော်၌ ရွေးချယ်ထားသော သံဂီတိကာရကာ ရဟန္တာသခင် အရှင်မြတ် ငါးရာတို့ ရာဇဂြိုဟ်မြို့တော်၌ ဝါဆို သီတင်းသုံး သံဂါယနာ တင်တော်မူကြရန်။

၂။ သံဂါယနာတင်မည့် ရဟန္တာသခင် အရှင်မြတ် ငါးရာမှတစ်ပါး အခြားသော ရဟန်းသံဃာများ ရာဇဂြိုဟ်မြို့တော်၌ ဝါဆို သီတင်းသုံး နေထိုင်ခြင်း မပြုရန် ဆုံးဖြတ်တော်မူကြသည်။

သံဃာတော်အရှင်မြတ်တို့သည် ဤ သုတ်,အဘိဓမ္မာ,ဝိနည်းကို ညီညာသံချို ရွတ်ဆို သံဂါယနာတင်ခြင်း ကိစ္စလုပ်ငန်းသည် ခိုင်ခိုင်မာမာ ကျစ်ကျစ် လျစ်လျစ် ပိုင်ပိုင်နိုင်နိုင် လုပ်ရမည့် ကိစ္စတာဝန်ကြီးဖြစ်ရာ သဘောချင်း မတိုက်ဆိုင် မညီမျှသည့် (ဝိသဘာဂ) ပုဂ္ဂိုလ် တစ်ဦးဦး ရဟန်းတစ်ပါးပါး ဝင်နှောင့်ယှက်လျှင် ရုပ်ပျက်ဆင်းပျက်ဖြစ်နိုင်သည်။ သံဂါယနာတင်ပွဲကြီး ပျက်စီးနိုင်သည်။ ယင်းသို့ သံဂါယနာပွဲကြီး အနှောင့်အယှက်မပြုနိုင်ရန် နံပါတ်(၂)ဆုံးဖြတ်ချက်ကိုဆုံးဖြတ်တော်မူရလေသည်။

၃၂၀၊ သာဓုကီဠနသတ္တာဟံ၊ သတ္တာဟံ ဓာတုပူဇနံ။
ဣစ္စဒ္ဓမာသံ ခေပေတွာ၊ သဗ္ဗလောကာ နုကမ္ပကာ။
၃၂၁။ ဝဿံ ဝသံ ရာဇဂဟေ၊ ကဿာမ ဓမ္မသင်္ဂဟံ။
နာညေဟိ တတ္ထ ဝတ္ထဗ္ဗံ၊ မိတိ အကာသိ နိစ္ဆယံ။

ဥတ်ကမ္မဝါ ရွှတ်ဖတ် အသိပေးတော်မူခြင်း

ယင်းသို့ သံဃာ့အစည်းအဝေးကြီးမှ ဆုံးဖြတ်ချက်ချပြီးလျှင် သံဂီတိနာယက သံဃပါမောက္ခတာဝန် ဆောင်ရွက်မည့် ဓုတင်တေရသ် ပဋိပတ်ဂုဏ် ကုံလုံလောက်င သံဃမဟာနာယက အရှင်မဟာကဿပ မဟာထေရ်က—

"သုဏာတု မေ အာဝုသော သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣမာနိ ပဉ္စတိက္ခုသတာနိ သမ္မန္နေယျ၊ ရာဇဂဟေ ဝဿံ ဝသန္တာနိ ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယိတုံ၊ န အညေဟိ ဘိက္ခူဟိ ရာဇဂဟေ ဝဿံ ဝသိတဗ္ဗ"န္တိ ဧသာ ဉတ္တိ။

သုဏာတု မေ အာဝုသော သံဃော၊ ဣမာနိ ပဉ္စဘိက္ခုသတာနိ သမ္မန္နတိ၊ ရာဇဂဟေ ဝဿံ ဝသန္တာနိ ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယိတုံ၊ န အညေဟိ ဘိက္ခူဟိ ရာဇဂဟေ ဝဿံ ဝသိတဗ္ဗန္တိ၊ ယဿာယသ္မတော ခမတိ ဣမေသံ ပဉ္စန္နံ ဘိက္ခုသတာနံ သမ္မုတိ၊ ရာဇဂဟေ ဝဿံ ဝသန္တာနံ ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယိတုံ န အညေဟိ ဘိက္ခူဟိ ရာဇဂဟေ ဝဿံ ဝသိတဗ္ဗ"န္တိ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။[၁]

အို ငါ့ရှင်တို့.... သံဃာတော်သည် အကျွန်ုပ်ရဲ့စကားကို နားထောင်တော်မူပါ။ သံဃာတော်အား လျောက်ပတ်သောအခါရှိသောကာ အကယ်၍ ဖြစ်ခဲ့ပါမူ သံဃာတော်သည် ဤရွေးချယ်ထားပြီး ရဟန်းတော် ငါးရာတို့ကို ရာဇဂြိုဟ်မြို့တော်၌ ဝါဆိုတော် မူကြသည်ဖြစ်၍ သုတ်, အဘိဓမ္မာ, ဝိနည်းကို သံဂါယနာတင်ခြင်းငှာ အခြားရဟန်းများ ရာဇဂြိုဟ်မြို့တော်၌ ဝါမဆိုအပ် (ဝါမဆိုရ)ဟု သမုတ်ရာ၏။ ဤကား သံဃာတော်အား သိစေခြင်းပါတည်း။

အိုငါ့ရှင်တို့....သံဃာတော်သည် အကျွန်ုပ်ရဲ့စကားကိုနားထောင်တော်မူပါ။ သံဃာတော်သည် ဤရဟန်းငါးရာတို့ကို ရာဇဂြိုဟ်မြို့တော်၌ ဝါဆိုကြကုန်သည်ဖြစ်၍ သုတ်, အဘိဓမ္မာ, ဝိနည်းကို သံဂါယနာတင်ခြင်းငှာ အခြားရဟန်းများ ရာဇဂြိုဟ်မြို့တော်၌ ဝါမဆိုအပ်(ဝါမဆိုရ)ဟု သမုတ်၏။ ဤရဟန်းငါးရာတို့အား ရာဇဂြိုဟ်မြို့တော်၌ ဝါဆိုကြကုန်သည်ဖြစ်၍ သုတ်,အဘိဓမ္မာ, ဝိနည်းကို သံဂါယနာတင်ခြင်းငှာ အခြားရဟန်းများ ရာဇဂြိုဟ်မြို့တော်၌ ဝါမဆိုအပ်(ဝါမဆိုရ)ဟုသမုတ်ခြင်းကို အကြင်အရှင်အား နှစ်သက်ခြင်း ရှိ၏။ ထိုအရှင်သည် ဆိတ်ဆိတ်နေရာ၏။ အကြင်အရှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအရှင်သည် အကျွန်ုပ် နှစ်သက်ခြင်းမရှိဟု ပြောဆိုရာ၏။

၁။ ဝိ၊ ၄။ ၄၇၁။ (ပဉ္စသတိကက္ခန္ဓက၊ သင်္ဂီတိနိဒါန။)

သံဃာတော်သည် ဤရဟန်းငါးရာတို့ကို ရာဇဂြိုဟ်မြို့တော်၌ ဝါဆို ကုန်သည်ဖြစ်၍ သုတ်, အဘိဓမ္မာ, ဝိနည်းကို သံဂါယနာတင်ခြင်းငှာ အခြား ရဟန်းများ ရာဇဂြိုဟ်မြို့တော်၌ ဝါမဆိုအပ်(ဝါမဆိုရ)ဟု သမုတ် အပ်ပြီ။ သံဃာအား နှစ်သက်ခြင်းရှိ၏။ ထို့ကြောင့် ဆိတ်ဆိတ်နေ၏။ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်။ ဉတ္တိ ဒုတိယ ကမ္မဝါစာ (ဉတ်လျှင် နှစ်ကြိမ်မြောက်ရှိသော ကမ္မဝါစာ) ဖြင့် အသိပေးတော်မူလေသည်။

၃၂၂။ နိဋ္ဌိတေ ဉတ္တိကမ္မေ, ထေရိန္ဒော၊ ကဿပေါ ယတိ ပုစ္ဆကော။ ဉတ္တိဒုတိယကမ္မေန၊ သာဝေသိ သာဝနေ ဝိဒူ။

သံဂီတိကာရက ရဟန်းများအား မိန့်ကြားခြင်း

ယင်းသို့ စည်းဝေးတိုင်ပင် ဆုံးဖြတ် ဉတ်ထားပြီးနောက် အရှင်မဟာ ကဿပ မဟာထေရ်မြတ်သည် ဘုရားဇိနော် ပရိနိဗ္ဗာန်စံတော်မူသည့်နေ့မှ သာစုကီဠနပွဲသဘင် ခုနစ်ရက်, ဓာတုပူဇာသဘင် ခုနစ်ရက်တို့ လွန်ပြီး နောက် တစ်လထက်ဝယ် တစ်ဆယ့်ငါးရက် ကုန်လွန်ခဲ့လေပြီ။[၁] နွေဥတု နွေရာသီ တစ်လခွဲသာ ကျန်ရှိတော့သည်။ ဤသံဂီတိကာရက ရဟန္တာ သခင် အရှင်မြတ် ငါးရာတို့သာ ရာဇဂြိုဟ်၌ ဝါဆို ဝါကပ်တော်မူရန်၊ အခြားရဟန်းများ ဝါမကပ်ရန် စသော အနက်အဓိပ္ပာယ်ရှိသော ဉတ္တိ ဒုတိယ ကမ္မဝါစာကို နယုန်လဆန်း ၅-ရက်နေ့၌ အရှင်မဟာကဿပ မိန့်ကြားသိစေတော်မူသည်။ ယင်း မိန့်ကြားပြီး အို ငါ့ရှင်တို့.... ယခုအခါ ငါ့ရှင်တို့မှာ ရက်ပေါင်းလေးဆယ် အခွင့်ရပါသည်။ ၎င်းနောက် တပည့် တော်များမှာ ဤမည်သော ကြောင့်ကြစိုက်ဖွယ် ရှိနေပါသည် စသည်ဖြင့် အကြောင်းပြပြီး ရာဇဂြိုဟ်သို့ မလာလို့မဖြစ်ပါ။ သို့ဖြစ်၍ ဤရက်ပေါင်း လေးဆယ်အတွင်း ရောဂါဝေဒနာ တစ်ခုခုရှိလျှင် ပျောက်ကင်းကျန်းမာ အောင် ကုပါ၊ ဆရာဥပဇ္ဈာယ်တို့နှင့် စပ်သည့် ပြုလုပ်ဖွယ် ကြောင့်ကြဖွယ်

၁။ ယင်းစကားရပ်၌ ၁-ရက်လိုနေရာ ထို ၁-ရက်ကို အင်္ဂါရားပန ၁ ရက် ဟုယူကြသည်။ ဒီ၊ ဋ္ဌ၊ ၁၊ -၌ ၂၁ ရက်မြောက်နေ့ဝယ် ကမ္မဝါ စာကို ကြားသိစေသည်ဟု ဆို၏၊ ယင်းသို့ ရက်ချင်းမတူရာ၌ အနည်း ငယ် ပိုလွန်သောရက်ကို မရေတွက်လောက်ဟု ယူဆ၍ ချန်ထားသည် ဟု သာရတ္ထဆရာကြီး ကြံတော်မူသည်၊ သာရတ္ထ၊ ၁၊ ၅၂-ကြည့်၊

မိဘတို့နှင့်စပ်သည့် ပြုလုပ်ဖွယ် ကြောင့်ကြဖွယ်တို့ရှိလျှင် ပြီးစီးအောင် ပြုလုပ်ဆောင်ရွက်ကြပါ။ သပိတ်ဖုတ်စရာရှိလျှင် ဖုတ်ကြပါ၊ သင်္ကန်းဆိုးစရာရှိလျှင် အဲသည် အရက်လေးဆယ်အတွင်း ပြီးစီးအောင် ဆိုးကြပါစသည်ဖြင့် မှာကြားပြီး အရှင်မဟာကဿပမထေရ်မြတ်ကြီးသည် မိမိ၏ တပည့်ပရိသတ် ရဟန်းငါးရာဖြင့် ရာဇဂြိုဟ်မြို့တော်သို့ကြွတော်မူလေသည်။

၃၂၃။ ဝတ္တ္တံဝ သော ဟိ ဝတ္တာန၊ ဂိရိဗ္ဗဇ မုပါဂတော။
အတ္တနော ပဥ္စသတာယ၊ ပရိသာယ ယတိဿရော။

ငိုယိုပူဆွေးကြသော ဒကာ, ဒကာမများအား မစိုးရိမ် မပူဆွေးကြရန် တရားဟောပြကြခြင်း

အရှင်မဟာကဿပ မထေရ်မြတ်ကြီးမှတစ်ပါးသော မဟာထေရ်မြတ်များစွာတို့သည်မိမိဆိုင်ရာ တပည့်တပန်းရဟန်းပရိသတ်တို့ကို ခေါ်ဆောင်ကြကာ ဇမ္ဗူဒိပ်ကျွန်း ထိုထိုအရပ်ဒေသ ကြွတော်မူကြ၍ ဘုရားဗိမ္ဗိနေ်ပရိနိဗ္ဗာန် ဝင်စံတော်မူခြင်းအဘွက် စိုးရိမ်ပူဆွေး စိတ်မအေးကြ ငိုကြွေးကြသော လူအပေါင်း(ဒကာ, ဒကာမ)အပေါင်းတို့ကို အို ဒကာဒကာမတို့ မစိုးရိမ် မပူဆွေးကြပါကုန်လင့်၊ မငိုယိုကြပါကုန်လင့်၊ တွေ့ဆုံကြုံကြိုက်ခြင်းသည် ကွဲကွာ ကွေကွင်းခြင်းလျှင် အဆုံးရှိသည်။ အသက်ဝိညာဉ်ရှင်နေရခြင်းသည် သေရခြင်းလျှင်အဆုံးရှိသည်-စသည်ဖြင့်လည်းကောင်း, ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် မမြဲကုန်၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် ဆင်းရဲခြင်းသဘော ရှိကုန်၏။ ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် မအိုပါနှင့် မနာပါနှင့် မသေပါနှင့်ဟု တောင့်တတိုင်းမဖြစ်, လိုချင်ကိုင်းမဖြစ် အနတ္တတို့သာတည်း စသည်ဖြင့် သက်သာရာရစေ စိုးရိမ်ပူဆွေးစိတ်မအေးမှုကို ပျောက်ပြေစေကြကုန်၏။

၃၂၄။ သောကာတုရံ တမှိ တမှိ၊ အဿာသေန္တာ မဟာဇနံ။
ဇမ္ဗူဒိပမှိ တေ ထေရာ၊ ဝိစရိံသု သုစာရိကံ။

အရှင်ပုဏ္ဏာဒထေရ် ကုသိနာရုံ၌ နေရစ် တရားဟောခြင်း

တရားဟောကောင်းသော အရာတွင် ဧတဒဂ်ရ အရှင်ပုဏ္ဏမထေရ်သည် တပည့်တပန်း ရဟန်းသံဃာ ခုနစ်ရာနှင့်အတူ ဘုရားမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူရာ မလ္လတိုင်း၏မြို့တော် ကုသိနာရုံမြို့ အင်ကြင်းဥယျာဉ်၌ ရောက်

လှူသမျှသော လူအပေါင်းအား ရုပ်နာမ်တရား နှစ်ပါးတို့၏ မမြဲပုံကို ဟောပြောက စိတ်သက်သာအောင်, စိတ်ချမ်းသာအောင် ဟောပြောသိတင်းသုံးတော်မူသည်။

၃၂၅။ အာဂတာဂတေ ဇနေပိ၊ အဿာသေန္တော မဟာမတိ။
ပုဏ္ဏတ္ထေရော ကုသိနာရ-ပုရေဝေဝ အဋ္ဌာသိ ခေါ။

အရှင်အနုရုဒ္ဓါထေရ် ဒေသစာရီ လှည့်လည်ကြွချီ တရားဟော

ဒိဗ္ဗစက္ခုအဘိညာဉ်ရ ရဟန်းများအနက် ဧတဒဂ်ရ အရှင်အနုရုဒ္ဓါမထေရ်သည်လည်း ရဟန်းသံဃာ ငါးရာခန့်နှင့်အတူ အခြားမထေရ်များ မကြွသည့်အရပ်ဒေသသို့ ကြွတော်မူကာ ဘုရားမြတ်စွာ ပရိနိဗ္ဗာန်စံသဖြင့် သောကရောက်နေရှာသော လူအပေါင်းကို အိုဒကာမ,ဒကာမအပေါင်းတို့....သောကမရောက်ကြပါလင့်၊ မစိုးရိမ်ကြ မပူဆွေး ကြပါလင့်၊ မငိုကြပါလင့်၊လောကမှာ သိမ်းသိမ်းဆည်းအပ်သမျှ ဥစ္စာပစ္စည်းတွေဟာ တစ်နေ့ကုန်ဆုံးပျက်စီးတာပဲ၊ စပ်ကာချုပ်ထား ခန္ဓာငါးပါးတို့ဟာလည်း တစ်နေ့ကျ ကြေမွပျက်စီးကြတာပဲ။ သတ္တဝါအားလုံးတို့မှာ ပဋိသန္ဓေ တည်နေမှီအစွဲပြု၍ ပဋိသန္ဓေတည်နေသမျှ သတ္တဝါအားလုံးရဲ့ အသက်ဇီဝိန်ဟာ မုချပုံသေ မမြဲပါချေ-စသည်ဖြင့် ဟောပြောပြသ ဆုံးမကာ သောကပျောက်စေတော်မူခဲ့လေသည်။[၁]

၃၂၆။ အနုရုဒ္ဓေါပိ ထေရိန္ဒော၊ သိဿေဟိ ပရိဝါရိတော။
အနိစ္စတာဒိသံယုတ္တ-ကထမ္ပိ ကထယီ ဇနံ။

အရှင်အာနန္ဒာ သာဝတ္ထိမြို့တော်ကြွခြင်း

အရှင်အာနန္ဒာသည် ကောသလတိုင်း ကောသလနိုင်ငံ သာဝတ္ထိမြို့တော် ကြွပြီးမှ ရာဇဂြိုဟ်သို့ ကြွတော်မူမည်ဖြစ်ရာ ဘုရားမြတ်စွာ၏ သပိတ်တော် သင်္ကန်းတော်တို့ကို ယူဆောင်လျက် ရဟန်းသံဃာ များစွာခြံရံလျက် သာဝတ္ထိမြို့တော်သို့ ကြွတော်မူသည်။[၂] အရှင်အာနန္ဒာ နောက်က ရဟန်းသံဃာတွေ မရေနိုင်အောင်မြားမြောင်လှသည်ဟုဆိုသည်။[၃] အရှင်အာနန္ဒာ

၁။ ဇိ၊ ဋ္ဌ၊ ၁၊ ၇-ကြည့်။
၂။ ဇိ၊ ဋ္ဌ၊ ၁။ ၇။
၃။ သာရတ္ထ၊ ၁။ ၅၁။

ရောက်ရာအရပ်တိုင်း ဒကာ, ဒကာမများစွာတို့ ငိုပွဲကြီး ဆင်ကြသည်။ ဒကာမတွေမှာ သာလွန်ငိုယိုကြသည်။အို-အရှင်ဘုရား အာနန္ဒာ....မြတ်စွာဘုရား ဘယ်မှာထားခဲ့တုံး အရှင်အာနန္ဒာကိုယ်တော်ဘုရား အခါတိုင်းလို ဘုရားမပါတော့ဘူး,ဒုက္ခတွေရောက်ကပြီ။လောကကြီး အမှောင်ဖုံးပါပြီ စသည်ဖြင့် တီတီတာတာ ပြောဆိုငိုကြွေးကြသည်။ အရှင်အာနန္ဒာ အစဉ်အတိုင်း နားနားနေနေကြွတော်မူရာ သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်း ပုဗ္ဗာရုံကျောင်းတိုက် စသည်တို့သို့ ရောက်ရှိလေရာ ဘုရားဗိနေ်ာ ပရိနိဗ္ဗာန်စံတော်မူရာ နေ့မှာလို အကြီးအကျယ် ငိုပွဲကြီးဖြစ်လေတော့သည်။

ဇေတဝန်ကျောင်း၌ ဝတ်ကြီးဝတ်ငယ်ပြုခြင်း

အရှင်အာနန္ဒာသည် ရောက်လေရာအရပ်တိုင်း အို- ဒကာ, ဒကာမတို့ မငိုကြပါနဲ့၊ တော်ကြပါ၊ အမိဝမ်းဝယ် စွဲလာသန္ဓေ တည်နေသည့်ကစ သတ္တဝါသေဖို့ပဲ ဆက်လက်ဖြစ်ပွား သွားနေကြရတယ်၊ ဖြစ်လျှင်ပျက်မှာပဲ၊ လောကမှာဖြစ်ဖြစ်သမျှအရာအားလုံး ပျက်စီးကုန်ဆုံးခြင်း သဘောရှိတယ်၊မငိုကြပါနဲ့၊တိတ်ကြပါ-စသည်ဖြင့် ဒကာ,ဒကာမအားလုံးကို တရားဟောပြောပြီး ဇေတဝန်ကျောင်းတိုက်ရောက်လေလျှင် ဘုရားရှင် သီတင်းသုံးတော်မူရာ ဂန္ဓကုဋိကျောင်းတော်ကိုရှိသေမြတ်နိုး,ရှိခိုးပြီးလျှင် ဂန္ဓကုဋိကျောင်းတံခါးကိုဖွင့်ပြီး ညောင်စောင်းအင်းပျဉ်တို့ကို ထုတ်ခါ၍ ဂန္ဓကုဋိကျောင်းတော်ကို တံမြက်လှည်းပြီးလျှင် ပန်းညှိုး ပန်းဆွေး အမှိုက်တွေကို စွန့်ပစ်လျက် ညောင်စောင်းအင်းပျဉ်ကို တစ်ဖန်မစေပြီး မူလထားနေကျ နေရာထားလျက် ဘုရားဗိနေ်ာ သက်တော်ထင်ရှား ရှိစဉ်ကအတိုင်း ပြုလုပ်နေကျ ဝတ်အားလုံး ပြုလုပ်တော်မူသည်။

၃၂၇။ အာနန္ဒကရေ အာနန္ဒေ၊ ထေရောပိ သမ္ပတ္တံ ဇနံ။
ဓမ္မိကထာယ တောသေတိ၊ ဌာနေ သမ္ပတ္တသမ္ပတ္တေ။

ငိုယိုလျက် မျက်ရည်စက်လက်ဖြင့် ဝတ်ကြီးဝတ်ငယ် ပြုခြင်း

အရှင်အာနန္ဒာသည် ဘုရားဗိနေ်ာ အသချေ်ာအနန္တ မြားမြောင်လှစွာသောဂုဏ်တော်အပေါင်းဟူသော အမြိုက်အရသာကိုသိသူဖြစ်ရကား မြတ်စွာဘုရား၌ စွဲမြဲတည်တံ့သော ချစ်ခင်ခြင်းလည်းရှိ, အာသဝေါ မကုန်သေးသူလည်းဖြစ်,ဘဝသိန်းပေါင်းများစွာတို့၌ အချင်းချင်းလျော်သော

ကျေးဇူးပြုခြင်းကြောင့်ဖြစ်သော စိတ်နှလုံးနူးညံ့ပျော့ပျောင်းခြင်းလည်း ရှိသူဖြစ်၍ ဝတ်ကြီးဝတ်ငယ်ပြုစဉ် ရေချိုးအုံကို တံမြက်လှည်းရာအခါ ချိုးရေတည်ထားရာအခါ စသည်များ၌ ဂန္ဓကုဋီကို ရှိခိုးဦးချကာ-နောင်တော်မြတ်ဘုရား... ဤအချိန်အခါကား နောင်တော်မြတ်ဘုရားတို့၏ ရေသပ္ပါယ်တော်မူရာ အခါမဟုတ်ပါလော၊ ဤအချိန်ကား နောင်တော်မြတ်ဘုရားတို့၏ တရားဟောတော်မူရာအခါ မဟုတ်ပါလော၊ ဤအခါကား ခြင်္သေ့မင်းလိုအိပ်စက်ခြင်းကိုပြုတော်မူရာအခါမဟုတ်ပါလော၊ ဤအချိန်အခါကား မျက်နှာသစ်တော်မူရာအခါ မဟုတ်ပါလော စသည်ဖြင့် ကျူးကျူးလှိုက် ငိုကြွေးလျက် ပြုဘော်မူခဲ့လေသည်။

နတ်သားတစ်ယောက်လာ ထိတ်လန့်စေခြင်း
သုဘလုလင်အား သုဘသုတ်ဟောခြင်း

ယင်းသို့တစာစာငိုကြွေးကာဝတ်ကြီးဝတ်ငယ်ပြုနေသောအရှင်အာနန္ဒာကို မထင်မရှား နတ်သားတစ်ယောက်က.... အို- အရှင်ဘုရား အာနန္ဒာ.... အရှင်ဘုရားတို့ကိုယ်တိုင်က သို့ကလောက် ငိုကြွေး သောကရောက်နေလျှင် ဘယ်နှယ်လုပ် အခြားသူအငိုတိတ်အောင်ပြုလုပ်နိုင်ပါမည်နည်း၊ ဘယ်နှယ်လုပ် အခြားသူ သောကပြေ်ာက်ပြေ သက်သာရာရစေနိုင်ပါမည်နည်း....ဟု လျှောက်ထားပြောကြားလျက်ထိတ်လန့်စေလေပြီ။သံဝေဂဖြစ်စေလေပြီ။ အရှင်အာနန္ဒာသည် နတ်သား၏စကားကြောင့်ထိတ်လန့်တုန်လှုပ်၍စိတ်ကိုတင်းထားကာ ဘုရားမြတ်စွာပရိနိဗ္ဗာန်စံဝင်တော်မူသည်မှစ၍အရပ်များအထိုင်များပြီး ဓာတ်ချုပ်နေသည်။ ခန္ဓာကိုယ်မှာ သလိပ်တွေ သည်းခြေတွေ လေတွေများနေ၍ နေအကောင်းနည်းသည်။ သို့ဖြစ်၍ ဇေတဝန်ကျောင်းရောက် နှစ်ရက်မြောက်နေ့မှာ[၁] နွားနို့ဝမ်းလျှော ဓာတ်သက်ဆေး သောက်ပြီး တခြားခရီးမကြွဘဲ ဇေတဝန်ကျောင်းမှာပင်အနားယူ သီတင်းသုံးတော်မူသည်။ ယင်းသို့ နွားနို့သောက် ဓာတ်နှုတ်ထားစဉ် သုဘလုလင်က လူငယ်လူရွယ် (လုလင်) တစ်ယောက် စေလွှတ်ပြီး အရှင်အာနန္ဒာ အိမ်ကြွဖို့ လျှောက်စေသူ အရှင်အာနန္ဒာက အို-လုလင်ငယ်.... ကြွရန်အခါမဟုတ်ချေ။ ဆေးအနည်းငယ် သောက်ထားသည်၊ နက်ဖြန်

၁။ ဧဒေတ္တာယ သံဝေဇီဘဒိဝသဇာတာ–ဟု ဖွင့်ကြသည်။

အခန့်သင့်လျှင် တို့လာကြမည်-ဟု မိန့်ကြားကာ ဝမ်းလျှောခြတ်သက်ရန် နွားနို့သောက်သည့်နေ့မှ နောက်တစ်နေ့ ဝေဘာကထေရ်ကို နောက်လိုက်ပြု၍ သုဘလုလင်အိမ်ကြွ၍ သုဘလုလင် လျှောက်ထားသဖြင့် သီလ, သမာဓိ, ပညာတို့ကို ဖော်ပြ၍ သုဘသုတ်ကို ဟောတော်မူလေသည်။[၁]

သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းတိုက်ကြီး

သာဝတ္ထိသည် သက္ကတအခေါ် "သြာဝတ္ထိ" ဖြစ်သည်။ သီဟိုဠ်အခေါ် "သာဝတ်နုဝါရ" ဖြစ်သည်။ ပါဠိအခေါ် သာဝတ္ထိသည် မြန်မာလို ပိုက်ဆံရှိလျှင် ဘာမဆို လိုရာရသောမြို့ ဟူ၏။ ဘုရားရှင်လက်ထက်က ကောသလတိုင်း ပသေနဒီကောသလမင်းကြီး၏ ထီးနန်းစိုက်ရာ မြို့တော် ဖြစ်လေသည်။ ဘုရားရှင်လက်ထက်က လူဦးရေ ခုနစ်ကုဋေ ရှိသည်ဟူ၏။ ၎င်းအနက် ငါးကုဋေသောလူတို့ကား သောတာပန်, သကဒါဂါမ်, အနာဂါမ် အရိယာတို့ ဖြစ်ကြသည်။[၂] နှစ်ကုဋေမျှသာ ပုထုဇဉ်တို့ရှိကြသည်။ အိမ်ခြေမှာ ငါးသန်း ခုနစ်သိန်း ရှိသည်ဟူ၏။ ယင်း သာဝတ္ထိမြို့တော်ကြီး၏ စည်ကားခမ်းနားပုံကို အဋ္ဌကထာများ၌—

၃၂၇။ သဗ္ဗဒါ သဗ္ဗူပကရဏံ၊ သာဝတ္ထိယံ သမောဟိတံ။
တသ္မာ သဗ္ဗမုပါဒါယ၊ သာဝတ္ထီတိ ပဝုစ္စတိ။

၃၂၉။ ကောသလာနံ ပုရံ ရမ္မံ၊ ဒဿနေယျံ မနောရမံ။
ဒသဟိ သဒ္ဒေဟိ အဝိဝိတ္တံ၊ အန္နပါနသမာယုတံ။

၃၃၀။ ဝုဒ္ဓိံ ဝေပုလ္လတံ ပတ္တံ၊ ဣဒ္ဓံ ဖီတံ မနောရမံ။
အဠကမန္ဒာဝ ဒေဝါနံ၊ သာဝတ္ထိ ပုရမုတ္တမံ။[၃]

ဟူသော ၃-ဂါထာဖြင့်ဖွဲ့ဆိုတော်မူခဲ့ကြသည်။ သာဝတ္ထိမြို့တော်ဟောင်းသည် ဖာလ်ရာမ်ပူရ်မြို့မှ ခုနစ်မိုင် ဝေးကွာသည်။ သာဝတ္ထိမြို့တော်၏ အရှေ့ဘက်၌ နှစ်ဆယ့်ခုနစ်ကုဋေ အကုန်အကျခံ၍ ဝိသာခါဒါယိကာ မကြီး ဆောက်လုပ်လှူဒါန်းသည့် ပုဗ္ဗာရုံကျောင်းတိုက်ကြီး ရှိခဲ့လေသည်။

၁။ ဒီ၊ ၁။ ၁၇၇–၂၀၄။
၂။ ဓမ္မ ။ဋ္ဌ၊ ၁။ ၄။
၃။ ခုဒ္ဒကပါ ဋ္ဌ။ ၉၄။ မ၊ ဋ္ဌ၊ ၁။ ၆၂။

အနောက်တောင်ဘက်၌ ဇေတဝန်ကျောင်းတိုက်ကြီး ရှိလေသည်။ ယင်း ဇေတဝန်ကျောင်းတိုက်ကြီးကို အနာထပိဏ် သူဌေးသည် ဇေတမင်းသား၏ ဥယျာဉ်ခြံမြေကို ငွေအသပြာကျပ် တစ်ဆယ့်ရှစ်ကုဋေဖြင့် စီခင်းဝယ်ယူကာ အလယ်ဗဟို၌ ဘုရားရှင်သီတင်းသုံးရန် ဂန္ဓကုဋီကျောင်းတော်,သေားပတ်လည်၌ မဟာသာဝကရှစ်ကျိပ်တို့ သီတင်းသုံးရန် ရှစ်ဆယ်သော ကျောင်းတော်တို့နှင့်တကွ အထွတ်တစ်ခုတပ် ဇရပ်, အထွတ်နှစ်ခုတပ် ဇရပ်, ဇရပ်ဝိုင်း, ဇရပ်တန်းလျား, လေးထောင့်ဇရပ်, မ ဏ္ဍပ်အစရှိသော နေထိုင်ဖို့ရန် မျိုးစုံတို့အပြင် စင်္ကြံ, မီးတင်းကုတ်, ဇရုံးအိမ်, ရေတွင်း ရေကန် စသည်တို့ကို အသပြာကျပ် ငွေတစ်ဆယ့်ရှစ်ကုဋေ အကုန်အကျခံ၍ ဆောက်လုပ်စေခဲ့လေသည်။

ဇေတဝန် ကျောင်းတိုက်တော်ကြီး ဆောက်လုပ်ပြီးသော အခါ အနာထပိဏ်သူဌေး ပင့်လျှောက်သဖြင့် ဘုရားမြတ်စွာသည် နောက်ပါများစွာ ထေရ်သံဃာတို့ခြံရံလျက် မဂဓတိုင်းရာဇဂြိုဟ်မြို့တော်မှကောသလတိုင်း သာဝတ္ထိမြို့တော်သို့ ခရီးတူရူ ကြွချီတော်မူလေ့သည်။ အနာထပိဏ် သူဌေး၏ သံတော်ဦးတင်ချက်ဖြင့် ပသေနဒီကောသလ မင်းကြီးသည် သမီးတော် သုမနာမင်းသမီးကိုမိန်းမပျိုငါးရာနှင့်အတူတကွ ရေပြည့်အိုးပန်းနံ့သာစသည် လက်စွဲကာ ခရီးဦးကြိုဆိုရန် စေလွှတ်လိုက်လေသည်။ ဘုရားမြတ်စွာသည် အကြိုဆိုရောက်လာသော သုမနာမင်းသမီး ကြီးမှူးသည့် ပရိသတ်အပေါင်းအား တရားဓမ္မ ဟောပြတော်မူလေသည်။ တရားဒေသနာတော်အဆုံး၌ သုမနာမင်းသမီးသည် မိန်းမပျိုငါးရာနှင့်အတူ သောတာပတ္တိ ဖိုလ်၌ တည်လေသည်။ ထိုမှတစ်ပါး အခြားသောမိန်းမပျိုငါးရာ, အိမ်ရှင်မ အမျိုးသမီးငါးရာ, ဥပါသကာ ငါးရာတို့လည်း သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။ ဤသို့ ဘုရားမြတ်စွာ သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတိုက်တော်သို့အကြွ ရာဇဂြိုဟ်နှင့် သာဝတ္ထိအကြားတွင် နှစ်ထောင်သောပုဂ္ဂိုလ်တို့ သောတာပတ္တိဖိုလ် တည်ကြလေသည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကား ဝေနေယျသတ္တဝါတို့ကို ဆုံးမသူတို့တွင် အမြတ်ခေါင်ဖျားတည်း။ ဝေနေယျဟိန္ဒဂူတို့ကို ကိလေသာအပူငြိမ်းစေသူတို့တွင် အထူးချွန်ဆုံးတည်း။ သံသရာဝဋ် ဘဝညွတ်မှ လွတ်မြောက်စေသူတို့တွင် အမြတ်ဆုံးတည်း။ သံသရာတစ်ဘက်ကမ်း နိဗ္ဗာန်နန်းသို့ လှမ်းတက်စေသူတို့တွင် ထူးချွန်ဥက္ကဌ် အမြတ်ဆုံးပေတည်း။

၃၃၁။ ဒန္တော ဒမယတံ သေဋ္ဌော၊ သန္တော သမယတံ ဣသိ။
မုတ္တော မောစယတံ အဂ္ဂေါ၊ တိဏ္ဏော တာရယတံ ဝရော။[၁]

ဘုရားဇိနေ်ာ ဇေတဝန် ကျောင်းတိုက်တော်ကြီးသို့ ဝင်သောအခါ အနာထပိဏ်သူဌေး၏သားတော် 'ကာလ'သည် လုလင်ပျို ငါးရာနှင့်အတူ ငါးရောင်ခြယ် အောင်လံတံခွန်တို့ကို ကိုင်ဆောင်ကာ ရှေ့ဆုံးက ဝင်လေသည်။ လုလင်ပျိုများနောက်က မဟာသုဘဒ္ဒါ, စူဠသုဘဒ္ဒါ သူဌေးသမီးနှစ်ယောက်တို့သည် မိန်းမပျို ငါးရာတို့နှင့်အတူ ရေပြည့်အိုးများရွက်ကာ လိုက်ပါကြလေကုန်၏။ ၎င်းနောက် သူဌေးကတော်ကြီးသည် အိမ်ရှင်မ အမျိုးသမီး ငါးရာနှင့်အတူ လှူဒါန်းဖွယ်ရာ ဒါဘဗ္ဗဝတ္ထု၊ အစုစုတို့ကို ပွေ့ပိုက်ကိုင်ဆောင်ကာ လိုက်ပါကြကုန်၏။ အနာထပိဏ်သူဌေးကြီးကား အဝတ်တန်ဆာ အသစ်စက်စက်တို့ကို ဝတ်ဆင်ကာ သူဌေးငါးရာတို့နှင့် အတူ နောက်ဆုံးမှလိုက်ပါလာလေသည်။ ဘုရားမြတ်စွာသည်အနာထပိဏ် သူဌေးအမှူးပြုသော ဥပါသကာပရိသတ်အပေါင်းကို ရှေ့သွားပြုလျက် နောက်တော်မှ ရဟန်းသံဃာတော် အပေါင်း ခြံရံကာ ရွှေရည်ပက်ဖျန်းသည့် တောမြိုင်ဂနိုင်စခန်းပမာ ဘုရားမြတ်စွာတို့၏ ကျက်သရေအပေါင်းကို ဖွင့်ကာ ဖွင့်ကာ ဇေတဝန်ကျောင်းတိုက်တော်မဟာသို့ ဝင်တော်မူလေသည်။ သာဝတ္ထိမြို့တော်သူ မြို့တော်သားတို့သည် မြို့တော်တွင် ကပြ သီဆိုနေကြသည့် ပျော်ပွဲရှင်ပွဲများသို့မသွားကြဘဲ ဘုရားရှင်နှင့် သံဃာတော်များကို လာရောက်ဖူးမြော်ကြကုန်၏။

၃၃၂။ ပဿန္တာ ရူပဝိဘဝံ၊ သုဏန္တာ မဓုရံ ဂိရံ။
စရန္တိ သာဓု သမ္ဗုဒ္ဓ-ကာလေ ကေဋ္ဌိပရမ္မုခါ။[၂]

သမ္ဗုဒ္ဓကာလေ= ရှင်တော်ဘုရား ထင်ရှားပွင့်ပေါ် လက်ထက်တော် အခါ၌။ သာဓု=ပါရမီသမ္ဘာ ညီညာစုံလင် သူတော်စင် သူတော်ကောင်းတို့သည်။ ရူပဝိဘဝံ= ဘုရားပရမေ ရွှေမျက်နှာတော် ခြေလက်တော်နှင့် ကိုယ်တော်သဏ္ဌာန် ပုံဟန်ပြည့်တင်း သပ္ပါယ်သော အဆင်းတော်ကို။ ပဿန္တာ=အားရပါးရ ဖူးမြော်ကြကုန်လျက်။ မဓုရံ ဂိရံ= ပျားသကာလို

၁။ အံ၊ ၁။ ၃၃၃။ ဣတိဝုတ်။ ၂၇၇။
၂။ သုမင်္ဂလဝိလာသိနီ ဒီဃဋ္ဌကထာ ... [illegible]

နားဝင်ချိုမြ ဓမ္မဒေသနာ သံသာယာကို။ သုဏန္တာ=နားပသာဒဖြင့် ကြားနာကျင့်ကြံကြကုန်လျက်။ ဧကဒ္ဒိပရမ္မုခါ=ပျော်ပွဲရွှင်ပွဲ မျက်နှာလွှဲကြကုန်လျက်။ စရန္တိ=ပျော်ရွှင်ချမ်းမြ လှည့်လည်ကြကုန်၏။

အနာထပိဏ်သူဌေးသည် ဘုရားဇိနော် အလိုတော်နှင့်အညီ ရွှေကရားကို ကိုင်ကာ ဘုရားမြတ်စွာ၏ လက်တော်၌ အလှူရေစက် သွန်းချပြီးလျှင် "ဤဇေတဝန် ကျောင်းတိုက်ကြီးကို ရောက်ဆဲရောက်လတ္တံ့သော အရပ်လေးမျက်နှာရှိ ရဟန်းသံဃာတော်အား သဒ္ဓါကြည်ဖြူ လှူပါ၏"ဟု လျှောက်ထားမြွက်ဆို လှူဒါန်းလေသည်။ ဇေတဝန်ကျောင်းတိုက် လှူတ်သဘင် ပူဇော်ပွဲကို တစ်ဆယ့်ရှစ်ကုဋေ အသပြာငွေတို့ကို စွန့်ကြဲလှူဒါန်း၍ ၉-လတိုင် ကျင်းပလေသည်။[၁]

အနာထပိဏ်သူဌေးသည် မြေနေရာအတွက် ၁၈ ကုဋေ၊ ကျောင်းစသော အဆောက်အအုံများအတွက် ၁၈-ကုဋေ၊ ကျောင်းတိုက်လှူတ်သဘင် ပူဇော်ပွဲအတွက် ၁၈ ကုဋေအားဖြင့် စုစုပေါင်း ဇေတဝန်ကျောင်းတိုက်တော်ကြီးအတွက် ၅၄ ကုဋေ အသပြာငွေကို မငြွေမဖက် ရက်ရောစွာ လှူဒါန်းခဲ့လေသည်။[၂]

ဇေတဝန်ကျောင်းတိုက်ကြီး အတွင်း၌- (၁) ကရေရိကုဋိကျောင်းတော်၊ (၂) ကောသမ္ဗကျောင်းတော်၊ (၃) ဂန္ဓကုဋိကျောင်းတော်၊ (၄) သလဠ ကျောင်းတော်ဟု ကျောင်းတော်ကြီး ၄-ဆောင်ရှိသည်။ ကျောင်းတစ်ဆောင်လျှင် အသပြာကျပ် ငွေတစ်သိန်းစီ ထိုက်တန်လေသည်။ သလဠကျောင်းတော်ကို ပသေနဒီကောသလမင်းက ဆောက်လုပ်လှူဒါန်း၍ အခြားကျောင်းတော်များကို အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းခဲ့လေသည်။[၃]

ယင်း ကျောင်းတိုက်ကြီးသည် ဇေတမင်းသား၏ ဥယျာဉ်ခြံမြေနေရာ၌ ဆောက်လုပ်ထားသောကြောင့် မူလအမည်ရင်းကိုစွဲ၍ ဇေတဝန=ဇေတဝန်

၁။ အံ၊ ဋ္ဌ၊ ၁၊ ၂၉၅-၆ ၌ ၉-လ။ အပဒါနဆရာတို့အလို ၅-လ, ၁-လ ဟုလည်း ဆိုကြသည်။
၂။ ဝိ၊ ၄။ ၃၀၁။ အံ၊ ဋ္ဌ၊ ၁။ ၁၇၅၊ အံ၊ ဋ္ဌ၊ ၃။ ၁၅။ အပ၊ ဋ္ဌ၊ ၁။ ၁၆၈၊ ဇာ၊ ဋ္ဌ၊ ၁။ ၁၃၈၊
၃။ ဒီ၊ ဋ္ဌ၊ ၂။ ၁။

ဟု အမည်တွင်သည်။ အနာထပိဏ်သူဌေးသည် ဇေတ်မင်းသားထံမှ ငွေအသပြာ ၁၈-ကုဋေ ပေး၍ ဝယ်ယူကာ ကျောင်းတိုက်ကြီးကို တည်ဆောက် လှူဒါန်းသောကြောင့် ကျောင်းဒါယကာ အနာထပိဏ်သူဌေးကို အစွဲပြု၍ "အနာထပိဏ္ဍိကာရာမ" အနာထပိဏ်သူဌေး၏ အရံကျောင်းတိုက်ဟု တွင်ပြန်လေသည်။[၁]

ဘုရားမြတ်စွာအားလုံးတို့၏ ကျောင်းတော်ကို ဤဇေတဝန်ကျောင်းတိုက် နေရာ၌ပင် ဆောက်လုပ်ကြသည်။ အကျယ်အဝန်းကား မတူကြချေ။ ဝိပဿီမြတ်စွာဘုရား၏ကျောင်းတော်ရာသည် တစ်ယူဇနာကျယ်ဝန်းသည်။ သိခီဘုရားရှင်၏ ကျောင်းတော်ရာသည် သုံးဂါဝုတ် ကျယ်ဝန်းသည်။ ဝေဿဘူဘုရားသဗ္ဗညူ၏ ကျောင်းဘော်ရာသည် နှစ်ဂါဝုတ် ကျယ်ဝန်းသည်။ ကကုသန်ဘုရားရှင်၏ ကျောင်းတော်ရာသည် တစ်ဂါဝုတ် ကျယ်ဝန်းသည်။ ကောဏာဂုံဘုရားရှင်၏ ကျောင်းတော်ရာသည် တစ်ဂါဝုတ်ခွဲ (ဥသဘ ၄၀) ကျယ်ဝန်းသည်။ ကဿပဘုရားရှင်၏ ကျောင်းတော်ရာသည် ဥသဘ ၂၀ ကျယ်ဝန်းသည်။ ဂေါတမဘုရားရှင်၏ ကျောင်းတော်ရာသည် ပကတိ အတိုင်းအတာအားဖြင့် ၁၆-ပယ်၊ မင်းသုံး အတိုင်းအတာအားဖြင့် ၈-ပယ် ကျယ်ဝန်းသည်။

ဝိပဿီဘုရားရှင်၏ ကျောင်းတော်ရာမြေကို ပုနဗ္ဗသုမိတ္တသူဌေးသည် အလျား ၁ တောင်, အနံ ၁-ထွာ၊ အစောက် လက် ၈-သစ် ပမာဏရှိသည့် ရွှေအုတ်တို့ဖြင့် ထောင်လိုက်စီခင်းဝယ်ယူသည်။ သိခီဘုရားရှင်၏ ကျောင်းတော်ရာမြေကို သိရိဝឌ္ဍနသူဌေးသည် ထွန်သွားပမာဏရှိသည့် ရွှေချောင်းတို့ဖြင့် စီခင်းဝယ်ယူသည်။ ဝေဿဘူဘုရားရှင်၏ ကျောင်းရာမြေကို သောတ္ထိယ (သောတ္ထိဇ) သူဌေးသည် ဆင်ခြေပမာဏရှိသည့် ရွှေပိုင်း ရွှေခဲတို့ဖြင့် ထောင်လိုက်စီခင်း ဝယ်ယူသည်။ ကကုသန်ဘုရားရှင်၏ ကျောင်းတော်ရာမြေကို အစ္စုတသူဌေးသည် ရွှေအုတ်တို့ဖြင့် ထောင်လိုက် စီခင်း ဝယ်ယူသည်။ ကောဏာဂုံဘုရားရှင်၏ ကျောင်းတော်ရာမြေကို ဥဂ္ဂသူဌေးသည် ရွှေလိပ်ရုပ်တို့ဖြင့် စီခင်းဝယ်ယူသည်။ ကဿပဘုရားရှင်၏ ကျောင်းတော်ရာမြေကို သုမန(သုမင်္ဂလ)သူဌေးသည် ရွှေတုံးရွှေခဲတို့ဖြင့်

၁။ မ၊ ဋ္ဌ၊ ၁။ ၆၂။ သံ၊ ဋ္ဌ၊ ၁။ ၁၂။ ခုဒ္ဒက၊ ဋ္ဌ။ ၉၄။

စီခင်းဝယ်ယူသည်။ ဂေါတမဘုရားရှင်၏ ကျောင်းတော်ရာမြေကို အနာထပိဏ် ဂုဏ်သိန်ပျို့မွေး အိမ်ရှင့်သူဌေးသည် အမှတ်တံဆိပ် ခတ်နှိပ်ထားသည့် အသပြာငွေတို့ဖြင့် ထောင်လိုက်စီခင်း ဝယ်ယူသည်။[1] ယင်း ဇေတဝန်ကျောင်းတိုက်ကြီးကား ဘုရားမြတ်စွာတို့ မစွန့်အပ်သောအရပ် အဝိဇဟိတဌာနလေးမျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်သည်။[2] ဘုရားမြတ်စွာသည် ယင်း ဇေတဝန်ကျောင်းတိုက်တော်ကြီး၌ ၁၉-ဝါတိုင်တိုင် ဝါကပ်သီတင်းသုံးတော် မူခဲ့လေသည်။

၃၃၃။ ဧဝံ ဇေတဝနာရာမော၊ ဝိသိဋ္ဌော ရာမဏီယကော။
အဝိဇဟိတော နိခိထ-လောကဂ္ဂ ဓမ္မရာဇုဘိ။

အကျိုးအပေါက်အပျက်များ ပြင်ဆင်ခြင်း

ဘုရားမြတ်စွာ ပရိနိဗ္ဗာန်စံလိမ့်မည်ဟူ၍ သိကြသဖြင့် ရဟန်းသံဃာတော်များအားလုံး ကုသိနာရုံသို့ကြွတော်မူကြရာ ဇေတဝန်ကျောင်းတိုက်ကြီး၌လည်း ရက်ပေါင်းများစွာ သံဃာများမှ ကင်းဆိတ်ခဲ့ရာ အမှိုက်တသောသော ဖြစ်နေသည်။ တချို့သစ်သားများ တိုင်များ အခြင်ရနယ်၊ ဒိုင်းမြားထုပ်လျောက်စသည်တို့ ကျိုးပျက်ကုန်သည်။ အမိုးများ လေဒဏ်စသည်ကြောင့် ပေါက်ပျက်ယိုယွင်းလေကုန်၏။ သို့နှင့် အရှင်အာနန္ဒာသည် ယင်းအကျိုးအပေါက်အပျက်အစီးများကို ပြင်ဆင်၍ကျောင်းတိုက်ကြီး တစ်တိုက်လုံး သန့်ရှင်းအောင် ပြုလုပ်တော်မူရလေသည်။

၃၃၄။ ဇေတာရာမ ဇယကာမော၊ အာနန္ဒော ဓမ္မနန္ဒနော။
ခဏ္ဍဖုလ္လသင်္ခရဏံ၊ အကာ ဒဋ္ဌပရက္ကမော။

သံဂီတိကာရကသံဃာတော်များ ရာဇဂြိုဟ်ကြွတော်မူကြခြင်း[3]

အရှင်မဟာကဿပ မထေရ်မြတ်ကြီးမှာ စောစောကပင် နောက်ပါသံဃာတော်ငါးရာနှင့် ရာဇဂြိုဟ်သို့ ကြွတော်မူခဲ့လေသည်။ ဝါဆိုလဆန်းလောက်တွင် မိမိ၏ရဟန်းများထဲမှ သံဂါယနာတင်ရန်ကိစ္စနှင့် မပတ်သက်

၁။ ဝိ၊ ဋ္ဌ၊ ၄။ ၆၄။ ဒီ၊ ဋ္ဌ၊ ၂။ ၁၆။ အပ၊ ဋ္ဌ၊ ၁။ ၁၁၀။ အံ၊ ဋ္ဌီ၊ ၃။ ၁၀၉။

၂။ ဒီ၊ ၂။ ၁၇။ ဗုဒ္ဓဝံ၊ ဋ္ဌ၊ ၃၅၀။

၃။ အံ၊ ဋ္ဌ၊ ၂။ ၃၀။ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၄။ ဗုဒ္ဓဝံ၊ ဋ္ဌ၊ ၄။

သော ရဟန်းများကို ရာဇဂြိုဟ်မှ သင့်တော်ရာ အရပ်ဒေသမြို့ရွာများသို့ ကြွရောက် ဝါဆိုစေတော်မူသည်။ အရှင်အာနန္ဒာမထေရ်သည်လည်း ဝါဆိုခါနီး ဝါဆိုလဆန်းတွင် မိမိနောက်ပါ ရဟန်းများကို သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်း, ပုဗ္ဗာရုံကျောင်း စသည်များ၌ သင့်သလို သီတင်းသုံးရန် စီစဉ်ပြီး တစ်ပါးတည်း ရာဇဂြိုဟ်မြို့တော် သံဂါယနာတင်ပွဲတော်သို့ သပိတ်ပရိက္ခရာလွယ်ကာ ကြွချီတော်မူခဲ့လေသည်။ အရှင်အနုရုဒ္ဓါမထေရ်သည်လည်းအနယ်နယ် အစိုစိုး အမြို့မြို့ အရွာရွာကြွပြီး ဘုရားဘုန်းကြွယ် နိဗ္ဗာန်တည်းဟူသော အတ္ထတောင်စွယ် ကွယ်ယွန်းတော်မူသဖြင့် သောကပရိဒေဝ ရောက်နေသော လူများစွာတို့ကို တရားဟောပြီး ဝါဆိုလဆန်းရက်တွင် သံဂါယနာပွဲကြီးသဘင် ဆင်ယင်တော်မူရန် သံဂါယနာတင်ရန် ရွေးကောက်ထားသည့် ရဟန္တာသခင် အရှင်မြတ်များနှင့်အတူ ရာဇဂြိုဟ်မြို့တော်သို့ သပိတ်ပရိက္ခရာလွယ်၍ ခြေလျင်ကြွတော်မူလေသည်။ ပဌမ သံဂါယနာ မဟာဓမ္မသဘင်ကြီး၌ အလွန် အရေးပါသည့် ဝိနယဝိသဇ္ဇက တာဝန် ဆောင်ရွက်မည့် အရှင်ဥပါလိမထေရ်မြတ်သည်လည်း အခြားသံဂီတိကာရက ရဟန်းများနှင့်အတူ သပိတ်ပရိက္ခရာလွယ်၍ ရာဇဂြိုဟ်သို့ ရောက်တော်မူလာလေပြီ။ ဖွဲ့ဆိုသီကုံးမှု၌ ဉာဏ်ပဋိဘာန်ရှိသော ရဟန်းများ အနက် ဓေတဒဂ်ရ အရှင်ဝင်္ဂီသထေရ်, ဓမ္မကထိကအရာ တရားဟောကြားတတ်သော ရဟန်းတို့တွင် အမြတ်ဆုံးဓေတဒဂ်ရအရှင်ပုဏ္ဏထေရ်, ဆန်းကြယ်စွာတရားဟောတတ်သော ရဟန်းများအနက် အမြတ်ဆုံးအထူးချွန်ဆုံး ဧတဒဂ်ရ အရှင်ကုမာရကဿပထေရ်တို့သည် သံဂါယနာတင်ရန် ရာဇဂြိုဟ်သို့ ကြွရောက်တော်မူကြလေကုန်၏။ ဤနည်းနှင်နှင် အခြားသံဂီတိ ကာရက သံဃာတော်များလည်း သပိတ် ပရိက္ခရာလွယ်၍ ရာဇဂြိုဟ်မြို့တော်သို့ ခြေလျင်ကြွတော်မူလာကြကုန်၏။ ရဟန္တာအရှင်မြတ်ကြီး ငါးရာတို့သည် ဘုရားမြတ်စွာ သာသနာစည်ပင်ရေးအတွက် သာသနာ့အရေးကိုယ့်အရေးဟု သဘောပိုက်တော်မူကြကာ လွန်စွာ ကြိုးပမ်းတော်မူကြသည်။

၃၅၅။ ဓေ၀ံ ခီဏာသဝါ ထေရာ၊ ဆဠာဘိညာ မဟိဒ္ဓိကာ။
သံဂီတိကရဏတ္ထာယ၊ ဂိရိဗ္ဗဇ မုပါဂမုံ။

ရာဇဂြိုဟ်မြို့က ဒကာ,ဒကာမတွေ ဝမ်းမြောက်ကြ ဒါနကောင်းမှုပြုကြ

ရာဇဂြိုဟ်မြို့တော်က ဗုဒ္ဓဘာသာဝင် သူတော်စင် ဒကာ, ဒကာမ အပေါင်းတို့သည် သာသနာတော်တွင် အမြင့်ဆုံး အမြတ်ဆုံး ပဋိသမ္ဘိဒါ လေးပါးပိုင်ရှင်, ဝိမောက္ခရှစ်ပါးပိုင်ရှင်, အဘိညာဉ် ခြောက်ပါးပိုင်ရှင် ဘုရားမှုခပါ၌ ပရိယတ်အားလုံးကို နှုတ်ငုံဆောင်တော်မူကြသည့် မိုးတိမ်ညို အဆင်းရှိသော သင်္ကန်းများဝတ်ရုံ၍ ရာဇဂြိုဟ်မြို့တွင်း မြို့ပြင် ဆွမ်းခံဝင် လာကြသော ရဟန္တာသခင် အရှင်မြတ်တို့အား စားဖွယ်သောဇဉ် ချိုချဉ် အရသာ အပြားပြားကို သဒ္ဓါတရားထက်သန်စွာဖြင့် သူ့ထက်ငါဦးအောင် လောင်းလှူကြကုန်၏။

၃၃၆။ ရာဇဂဟမှိ မနုဿာ၊ ပသန္နာ ရတနတ္တယေ။
ပီတာ ပမုဒိတာ ဟုတွာ၊ အဒံသု ဒါတဗ္ဗံ ဗဟုံ။

ဥပုသ်ပြု ဝါဆိုတော်မူကြခြင်း

ဝါဆိုလဆန်းစကတည်းက ဖွဲ့ဖွဲ့ ရောက်ရှိလာကြသော ရဟန္တာသခင် အရှင်မြတ်ကြီးတို့သည် ဘုရားမြတ်စွာ လက်ထက်တော်က ပညာတေဇဂ် လက်ယာတော်ရံ ဂုဏ်လျှံကပို ဓမ္မသေနာပတိထေရ်ပုဂ္ဂိုလ်ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မဟာထေရ်မြတ်ကြီး သမုတ်တော်မူခဲ့သည့် ရာဇဂြိုဟ်မြို့ တော် မဟာသိမ်တော်ကြီး၌ ဥပုသ်ပြုတော်မူကြသည်။ ဥပုသ်ပြုအပြီး အရှင်မဟာကဿပ မဟာထေရ်သည် ဆဠဘိညာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ပရိသတ်ကြီးအား သမ္မောဒနီယကထာ, သာရဏီယကထာ, သံဝေဇနီယ ကထာများ မြွက်ကြားကြေငြာင်း မှန်းဆသိနိုင်လေသည်။ ဝါဆိုလပြည့် ကျော် ၁-ရက်နေ့တွင် ကျောင်းတိုက်ကြီး တစ်ဆယ့်ရှစ်တိုက်တို့၌[၁] ခွဲဝေ သီတင်းသုံး ဝါဆိုတော်မူခဲ့လေသည်။

၃၃၇။ အာသဠှီသုက္ကပက္ခမှိ၊ သုက္ကပက္ခဠိတာ ယတိ။
ဥပါဂမုံ ရာဇဂဟံ၊ သမ္ပန္နစတုပစ္စယံ။

၃၃၈။ အာသဠှီပုဏ္ဏမာယံ တေ၊ ကရိတွာန ဥပေါသထံ။
ပါဋိပဒေ ဝေတေ ဝဿံ၊ ဥပဂစ္ဆုံ သမေတိကာ။

၁။ ကျောင်းတိုက်ကြီး တစ်ဆယ့်ရှစ်တိုက် ဖော်ပြခဲ့ပြီ။

ကျောင်းတိုက်ကြီးများ၌ အမှိုက်ရှုပ် အပြုံအပျက်ဆွေး ပလပွေ

ရာဇဂြိုဟ်မြို့တော်ကို ဝန်းရံတည်ရှိသော ဝေဠုဝန်ကျောင်းတိုက်ကြီး, တပေါဒါရာမကျောင်းတိုက်ကြီးစသည့်ကျောင်းတိုက်ပေါင်းတစ်ဆယ့်ရှစ်တိုက်တို့၌ စွန့်ပစ်ထားသော အမှိုက်သရိုက်တွေ ထိုထိုအဆောက်အအုံတို့မှ ပြုတ်ကျသည့် အပြုံအပျက် အမှိုက်သရိုက်များ အမြင်မတော် ဖြစ်နေသည်။ ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူသဖြင့် ရဟန်းအားလုံး ကိုယ့်သပိတ်ပရိက္ခရာယူပြီး ကျောင်းများ ပရဝုဏ်များကိုပစ်ထားခဲ့ကာ ဘုရားမြတ်စွာ ပရိနိဗ္ဗာန်စံရာ ကုသိနာရုံသို့ ကြွတော်မူကြသည်။ လေထန်ပြီး မိုးကျစဖြစ်ရာ ဟိုဟိုဒီဒီက အမှိုက်သရိုက်တွေလွင့်ကာ ထိုထိုကျောင်းစကြံ, မီးတင်းကုတ်, ဇရုံးအိမ်, ဇရပ်, စသည့် အဆောက်အအုံတို့မှ အမိုးအကာ အချင်ရနယ် စသည်တို့ ပြုတ်ကျရုံမျှမက ခြ, စသော ပိုးကောင် သတ္တဝါတို့၏ ဖျက်ဆီးကိုက်စားကြကုန်သဖြင့် အမြင်မတော်အောင်ဖြစ်၍ အမှိုက်သရိုက် သစ်ဆွေး တိုင်ဆွေးတွေ ပွေနေသည်။

အပျက်အစီးတွေပြင်ဆင်ရန် စည်းဝေးတိုင်ပင်ခြင်း

ထိုကျောင်းတိုက်ကြီး တစ်ဆယ့်ရှစ်တိုက်တို့၌ ယင်းသို့ အပြုံအပျက်တွေ အမှိုက်သရိုက်တွေရှုပ်ပွေနေသဖြင့်မထေရ်မြတ်ကြီးတို့သည် စည်းကမ်းအပိုင်းအခြားထားခြင်း ကျင့်ဝတ်ပြုကြလျက် အရှင်မြတ်တို့....တပည့်တော်တို့သည် ဘုရားမြတ်စွာ၏ကျောင်း၌ ပြုဖွယ်ဝတ္တရားများနှင့် စပ်သွယ်ပတ်သက်သည့် ဘုရားဇိနေ် စကားတော်ကို ပူဇော်ကြရန်နှင့် ရဟန်းဂေါတမ တပည့်တွေ သူတို့ရဲ့ ဆရာရှိစဉ်သာ ကျောင်းတွေ သုတ်သင်ကြသည်။ မရှိတော့ ပင်ထားကြသည်၊ ဒကာ ဒကာမတွေ လှူဒါန်းသည့် ပစ္စည်းတွေ ပျက်စီးလေပြီ စသည်ဖြင့် တိတ္ထိတို့ စွပ်စွဲပြောဆိုမည့်စကားမှ လွတ်မြောက်ရန် ပဌမ တစ်လပတ်လုံး အကျိုးအပေါက် အပျက် အအိုအမင်းတွေ ပြင်ကြပါစို့ဟု တိုင်ပင်ကြ၍ တိုင်ပင်စည်းဝေးပြီး နောက်တစ်နေ့ရဟန္တာသခင် အရှင်မြတ်ကြီးတချို့ တစ်ဝက် အဇာတသတ်မင်း နန်းတော်တံခါး ကြွရပ်တည်တော်မူကြသည်။ ထိုအခါ အဇာတသတ်မင်းသည် စံနန်းတော်ဆောင်မှ ထွက်လာကာ ရဟန္တာသခင် အရှင်မြတ်ကြီးတို့ကို ရှိခိုးဦးချပြီး- အရှင်ဘုရားတို့ အဘယ်အကြောင်းကြောင့် အဘယ်အကျိုးငှာ ကြွလာတော်မူကြပါသနည်း၊ ဒကာတော် ဘာလုပ်ပေးရပါအံ့နည်း-ဟု လျှောက်

ထားရာ အို ဒကာတော် ရေမြေ့ရှင်.... ကျောင်းတိုက်ကြီး တစ်ဆယ့်ရှစ်တိုက်လုံး အပြိုအပျက်တွေ များနေသည်။ ၎င်း ကျောင်းတိုက်ကြီးများမှ အဆောက်အအုံများ ပြင်လိုကြသည်။ လက်မှုအတတ်သည်များဖြင့် လုပ်အားပေး အကူအညီလိုကြောင်း မိန့်ကြားတော်မူရာ အဇာတသတ်မင်းသည် ဗိသုကာလက်သမားတို့ကို ပေးလိုက်လေသည်။ မထေရ်မြတ်တို့သည် ဝါဆိုပြီး ပဌမ တစ်လလုံး ကျောင်းတိုက်ကြီးများကို ပြင်ဆင်ရာ ပြီးမြောက်ခဲ့လေသည်။

၃၃၉။ တတ္ထ ဝဿူပဂတာ၊ တေ မဟာကဿပါဒယော။
ထေရာ ထိရဂုဏူပေတာ၊ သမ္ဗုဒ္ဓမတကောဝိဒါ။

၃၄၀။ ဝဿာနံ ပဌမံ မာသံ၊ သဗ္ဗသေနာသနေသုပိ။
ကာရေသုံ ပဋိသင်္ခါရံ၊ ဝတွာန ဇာတသတ္တုနော။

တပည့်တော်က အာဏာစက်, အရှင်ဘုရားတို့က ဓမ္မစက်

သံဂါယနာယက သံဃပါမောက္ခဖြစ်တော်မူသော အရှင်မဟာကဿပ မဟာထေရ်မြတ်၏ တာဝန်ပေးချက်အရ မထေရ်တို့သည် အဇာတသတ်မင်း၏ နန်းတော်တံခါးအနီး ကြွတော်မူကြကာ အဇာတသတ်မင်းအား ဒကာတော် ရေမြေ့ရှင်.... ဒကာတော်မင်းမြတ် အကူအညီဖြင့် ကျောင်းတိုက်ကြီး တစ်ဆယ့်ရှစ်တိုက်အတွင်း အပြိုအပျက် အကျိုးအပေါက်တွေ ပြင်ဆင်ပြီးပါပြီ၊ အားလုံးကျောင်းတိုက် သန့်ရှင်းစင်ကြယ်ပါပြီ၊ သပ်သပ်ယပ်ယပ် ဖြစ်ကုန်ပါပြီ၊ ယခုအခါ သုတ် အဘိဓမ္မာ ဝိနည်းကို ငါတို့ သံဂါယနာတင်ကြမည်၊ ညီညာသံချို ရွတ်ဆိုသတ်မှတ်တော်မူကြမည်၊ သုတ် အဘိဓမ္မာ ဝိနည်းကို ပေါင်းယူကြောင်းသံဂါယနာပြုကြမည်-ဟု မိန့်ကြားတော်မူကြရာ အဇာတသတ်မင်းက- အရှင်ဘုရားတို့....ကောင်းပါပြီ၊ အရှင်ဘုရားတို့သည် သံဂါယနာတင်မှု လုပ်ငန်း၌ စွန့်လွှတ်အပ်သော စိတ်ထားဖြင့် ရွံ့ရှာခြင်းကင်း ရဲရဲတင်းတင်း သံဂါယနာတင်မှုပြုတော်မူကြပါကုန်။ သံဂါယနာတင်တော်မူကြပါကုန်။ တပည့်တော်၏ အာဏာစက်ဖြစ်ပါစေ။ တပည့်တော်က အာဏာစက်ဖြင့် ပံ့ပိုးပေးပါမည်။ အရှင်ဘုရားတို့၏ ဓမ္မ

စက် ဖြစ်ပါစေ၊ အရှင်ဘုရားတို့ ဓမ္မစက်ဖြင့် ဆောင်ရွက်တော်မူပါဟု လျှောက်ထားလေသည်။[၁]

ခမ်းနားလှသော သံဂါယနာတင်တော် မဏ္ဍပ်ကြီး

အဇာတသတ်မင်းသည် ဆက်လက်၍ အရှင်ဘုရားတို့.... ဒကာတော် ဘာလုပ်ပေးရပါမည်နည်း-ဟု လျှောက်ထားရာ မထေရ်မြတ်တို့က- အို.... ဒကာတော်မင်းမြတ်....သံဂါယနာတင်ခြင်းကို ပြုတော်မူကြမည့် သံဂီတိကာရက ရဟန်းတို့၏စည်းဝေးနေထိုင်ရာအရပ်၊ သံဂါယနာတင်မဏ္ဍပ်ကြီး ဆောက်လုပ်ရန် သင့်ပေသည်၊ သံဂါယနာတင်ကုမဏ္ဍပ်ကြီး ဆောက်လုပ်ဖို့ လိုအပ်သည်-ဟု မိန့်ကြားတော်မူကြရာ၊ အဇာတသတ်မင်းက-အရှင်ဘုရားတို့.... ဘယ်ဌာနမှာ သံဂီတိကာရကရဟန်းတို့၏ စည်းဝေးနေထိုင်ရာ မဏ္ဍပ်ကြီး ဆောက်လုပ်ရပါမည်နည်းဟု လျှောက်ထားရာ မထေရ်မြတ်တို့က ဒကာတော်မင်းမြတ်.... ဝေဘာရတောင်သည် တောင်ထူးတောင်မြတ်ဖြစ်သည်။ ရှေးရှေးက ပွင့်တော်မူကြသော ပဒုမုတ္တရဘုရားစသော ဘုရားမြတ်စွာတို့ ဝါဆိုဝါကပ် သီတင်းသုံးရာတောင်မြတ် ဖြစ်သည်။[၂] ယင်းဝေဘာရတောင်နံရံဘေး စရည်းပင်ပေါက်ရာလိုဏ်ဂူတံခါးဝ အနီး မြေပြင်ကွက်လပ်ကြီးမှာ ရဟန်းတို့ စည်းဝေးညီမှု သံဂါယနာတင်မည့် မဏ္ဍပ်ကြီးဆောက်လုပ်ရန်သင့်ပေသည်ဟု မိန့်ကြားတော်မူကြသည်။

ထိုအခါ အဇာတသတ်မင်းသည် အရှင်ဘုရားတို့.... ကောင်းပါပြီ၊ ဆောက်ပါမည်ဘုရားဟု ဝန်ခံကာ ဝိသကြုံနတ်သား(ဗိဿကမ်နတ်သား) ဖန်ဆင်းအပ်သော မဏ္ဍပ်နှင့်တူစွာ ကောင်းမွန်စွာ ဝေဖန်အပ်သော နံရံ, သည်တိုင်, စောင်းတန်းလည်းပါရှိ, အထူးထူးအပြားပြားအမျိုးမျိုးအဖုံဖုံ ပြုလုပ်အပ်သောပန်း, အထူးထူးအပြားပြား အမျိုးမျိုးအဖုံဖုံ ပြုလုပ်အပ်သော နွယ်များလည်းထူးဆန်း ဘုရင်နန်းတော်၏ ပြည့်စုံခြင်း တင့်တယ်ခြင်းကို လွှမ်းမိုးသကဲ့သို့ဖြစ်, လွှမ်းမိုးတော့မလိုဖြစ်, တာဝတိံသာ နတ်ပြည် စသည်၌ရှိသော ရတနာရောင် ပြိုးပြောင်လျှံထိန် နတ်ဗိမာန်တို့၏

၁။ သာဓု ဘန္တေ ဥပဋ္ဌာ ကရောထ၊ မယှံ အာဏာစက္ကံ တုမှာကံ ဓမ္မစက္ကံ ဟောတု၊ ဒီ၊ ဋ္ဌ၊ ၁။ ၉။ ၄၊ ဋ္ဌ၊ ၁။ ၉-စသည်။

၂။ ဗုဒ္ဓဝံ၊ ၃၄၄။ ဗုဒ္ဓဝံ၊ ဋ္ဌ။ ၂၃၀။

အသရေကို ပြက်ရယ်ပြုသကဲ့သို့လည်းဖြစ်, ကျက်သရေဥဿုံ အလုံးစုံတို့၏ စုဝေးတည်နေရာကဲ့သို့လည်းဖြစ်, နတ်လူတို့၏ မျက် လုံး တည်း ဟူသော ငှက်တို့၏ တင်ပေါင်းတည်းကျရောက်ရာ ဆိပ်ကမ်းသဖွယ်လည်းဖြစ်, ကစ် နေရာတည်းဝယ် ပေါင်းစုအပ်သော လောကအတွင်းဝယ် မွေလျော်ဖွယ် ၏အဖြစ်တန္တု ကြည့်ရှုသင့်ကြည့်ရှုအပ် ကောင်းမြတ်သောအဆင်တန်ဆာ ရှိသော မဏ္ဍပ်ကြီးကို ဗိသုကာအတတ် ကမ်းခတ်သည့် ဆောက်လုပ်ရေး ဆိုင်ရာ ပညာသည်တို့ဖြင့် ဆောက်လုပ်စေသည်။[၁]

၃၄၁။ သီဃံ ဝေဘာရသေလဿ၊ ပဿေ ကာရေသိ မဏ္ဍပံ။
သတ္တပဏ္ဏိဂုဟာဒွါရေ၊ ရမ္မံ ဒေဝသဘောပမံ။[၂]

အခမ်းအနား အပြင်အဆင်

ဖော်ပြပါ ခမ်းနားလှသော မဏ္ဍပ်တော်ကြီးအတွင်း၌ အနုစိတ် ခြယ် မှုန်းတန်ဆာဆင်ထားလေသည်။ ယင်း မဏ္ဍပ်ကြီး၏ မျက်နှာကြက်ကို အ မျိုးမျိုးအဖုံဖုံ တွဲလျားကျနေကုန်သော ပန်းကုံးပန်းဆိုင်းတို့ဖြင့် တန်ဆာ ဆင် မွမ်းမံထားသည်။မဏ္ဍပ်ကြီး၏ အခင်းအပြင်၌ ရတနာမျိုးစုံတို့ဖြင့် ဆန်းကြယ်သော ပတ္တမြားတို့ကို ဖြတ်တောက်ထုရိုက် သွင်းမြှုပ်သော မြေ အပြင်သဖွယ် တင့်တယ်မဆုံးအောင် တောက်ပြောင်လှပသော အမျိုးမျိုး ပူဇော်ခြင်းတို့ဖြင့် ကောင်းမွန်ဆန်းကြယ်စွာ မွမ်းမံခြယ်လှယ် ထားလေ သည်။ တကယ်တော့ ယင်း ပဉ္စမသံဂါယနာသဘင် ဓမ္မဝိနယပွဲကြီးယင်ရာ မဏ္ဍပ်တော်ကြီးသည် ဗြဟ္မာ့ဗိမာန်နှင့်တူအောင် တန်ဆာဆင်ထားသည် ဟူ၏။[၃]

ရဟန္တာငါးရာတို့၏နေရာနှင့် ထေရာသန, ဓမ္မာသနပလ္လင်များ

ယင်းသို့ လျှမ်းလျှမ်းတောက်တင့်တယ် ကျက်သရေရှိလှသော မဏ္ဍပ် တော်ကြီးအတွင်း၌ သံဂါယနာတင် ထေရ်အရှင်ငါးရာတို့အတွက် တန်ဖိုး မဖြတ်နိုင်သော ရဟန်းတို့အား အပ်စပ်သော အပေါ်လွှမ်းအခင်းများ ခင်းထား၏။တောင်ဘက်နံရံကပ်လျက် မြောက်ဘက်သို့မျက်နှာမူမြောက် ဘက် လှည့်ပြီး သံဂီတိနာယက သံဃပါမောက္ခဖြစ်တော်မူသော ပဉ္စမ

၁။ ဒီ၊ ဌ၊ ၁။ ၁၀၊ ဝိ၊ ဋ္ဌ၊ ၁။ ၉။ သာရတ္ထ၊ ၁။ ၅၄-စသည်။
၂။ မဟာဝံသ။ ၃။ ၁၉။
၃။ ဒီ၊ ဋ္ဌ၊ ၁၊ ၁၀။ ဝိ၊ ဋ္ဌ၊ ၁။ ၉။ သာရတ္ထ၊ ၁။ ၅၇-ကြည့်။

သံဂီတိပုစ္ဆက အရှင်မဟာကဿပ မထေရ်မြတ်၏ထိုင်နေမည့်နေရာ ထေရာသနပလ္လင်ကို ခင်းထားလေသည်။ မဏ္ဍပ်တော်ကြီးအလယ်၌ အရှေ့အရပ်မျက်နှာမူ အရှေ့ဘက်လှည့်၍ ဘုရားဇိနေဒ် သီတင်းသုံးတော်မူထိုက်သော ဘုရားမြတ်စွာ သီတင်းသုံးလောက်အောင် ကောင်းမြတ် တင့်တယ်သော ပဌမ သံဂီတိဝိဿဇ္ဇက အရှင်မြတ်၏နေရာ ဓမ္မာသနပလ္လင်ကိုခင်းထား၏။ ယင်း ဓမ္မာသနပလ္လင်တော်၌ ဆင်စွယ်ဖြင့် စီခြယ်ထားသည့် လေးထောင့်ယပ်ကိုလည်း သံဂီတိဝိဿဇ္ဇကအရှင်မြတ် ကိုင်ဆောင်ရန် အဆင်သင့်ထားလေ၏။ယင်းသို့ မဏ္ဍပ်တော်ကြီး ဆောက်လုပ်မွမ်းမံခြယ်လှယ် တန်ဆာဆင်ပြီးသောအခါ အဇာတသတ်မင်းသည် အရှင်ဘုရားတို့ တံပည့်တော်တာဝန် တပည့်တော်ပြုလုပ်ရမည့် သံဂါယနာတင် မဏ္ဍပ်တော်ကြီး ဆောက်လုပ်ခြင်းကိစ္စ ပြီးပါပြီဟု လျှောက်ထားစေလေသည်။

၃၄၂။ သဗ္ဗထာ မဏ္ဍယိတွာ တံ၊ အတ္ထရာပေသိ တတ္ထ သော။
ဘိက္ခူနံ ဂဏနာယေဝ၊ အနဂ္ဃတ္ထရဏာနိ စ။

၃၄၃။ နိဿာယ ဒက္ခိဏံ ဘာဂံ၊ ဥတ္တရာမုခ မုတ္တမံ။
ထေရာသနံ သုပညတ္တံ၊ အာသိ တတ္ထ မဟာရဟံ။

၃၄၄။ တသ္မိံ မဏ္ဍပမဇ္ဈမှိ၊ ပုရတ္ထမုခ မုတ္တမံ။
ဓမ္မာသနံ သုပညတ္တံ၊ အဟောသိ သုဂတာရဟံ။[၁]

သံဂါယနာတင်မဏ္ဍပ်ကြီး ကြွရောက်ကြည့်ရှုတော်မူကြ ရဟန်းတစ်ပါး ကိလေသာ ညှိစော်နံ၏ ဆိုကြ

သံဂါယနာတင်ရန် တရားမဏ္ဍပ် တဆားတင်းကုတ်, ဓမ္မာရုံတော်ကြီး အားလုံး ဆောက်လုပ်စီမံပြီးပါပြီ–ဟု အဇာတသတ်မင်း လျှောက်ထားချက်အရ ကျောင်းတိုက်ကြီး တစ်ဆယ့်ရှစ်တိုက်တို့၌ အသီးသီး သီတင်းသုံးတော်မူကြသော ရဟန္တာသခင် အရှင်မြတ်ကြီးတို့ သံဂါယနာမဏ္ဍပ်တော်ကြီးသို့ ကြွရောက်ကြည့်ရှုတော်မူကြသည်။ မိမိတို့ သီတင်းသုံးရမည့် နေရာများကိုလည်း သတ်ပြုတော်မူကြသည်။ ထိုအခါ အဇာတသတ်မင်းလည်း ပါရှိကောင်း ပါရှိပါမည်။ ဤကား သံဂီတိမဟာနာယကသံဂီတိ

၁။ မဟာဝံသ၊ ၃။ ၂၀၊ ၂၁၊ ၂၂–ကြည့်။

ပါမောက္ခ သံဂီတိပုစ္ဆက အရှင်မဟာကဿပ မဟာထေရ်၏ နေရာ, ဤကား သံဂီတိဝိဿဇ္ဇကမထေရ်၏ နေရာ စသည်ဖြင့် သတိပြုတော်မူကြသည်။ ထိုအခါ အချို့သောရဟန်းတို့က အရှင်အာနန္ဒာကို ရည်ရွယ်၍ ဤရဟန်း ပရိသတ်ထဲမှာ ရဟန်းတစ်ပါးသည် ညှီစို့စို့အနံ့ လှိုင်စေလျက် လှည့်လည်၏။ ရဟန်းတစ်ပါး ကိလေသာအညှီနံ့ ထွက်သည်ဟု ပြောဆိုကြကုန်၏။

၃၄၅။ တဒါ ခီဏာသဝါ ထေရာ၊ သံဂီတိကိစ္စကာရကာ။
မဏ္ဍပံ သမုပေက္ခိံသု၊ ဝိစိတ္တံ သာသနာရဟံ။

၃၄၆။ တမှိ သံဃေ ဧကော ဘိက္ခု၊ ဝါယန္တော ဝိဿ ဂန္ထကံ။
ဝိစရတ္တီတိ အာဟံသု၊ သန္ဒာယ အာနန္ဒံ သုဓိံ။

အရှင်အာနန္ဒာ ထိတ်လန့်ခြင်း

အရှင်အာနန္ဒာသည် ''ရဟန်းတစ်ပါး ကိလေသာအညှီနံ့ ထွက်သည်'' ဟု ဆိုကြသည့်စကားကို ကြားသိလေရာ သြော်.... ဤစကား ငါ့ကို စောင်းချိတ်ရိပ်သီ ပြောဆိုတော်မူကြခြင်းဖြစ်သည်။ ဤရဟန်းပရိသတ်ထဲမှာ ငါမှတစ်ပါး ညှီစို့စို့အနံ့လှိုင်စေကာ ကိလေသာအညှီနံ့ ထွက်စေလျက် လှည့်လည်သွားလာသော ရဟန်းမည်သည် မရှိချေ၊ ဧကန် ဤရဟန်းတွေ ငါ့ကို ရည်ရွယ်ပြောဆိုကြတာဘဲဟု စဉ်းစားကာ ထိတ်လန့်ခြင်းသို့ရောက် လေသည်။ ထိတ်လန့်ကြောင်းဖြစ်သော သဟောတ္တပ္ပဉာဏ်သို့ ရောက်တော်မူလေသည်။

မမေ့မလျော့ မပေါ့ပါလင့်ဟုလည်း သတိပေးကြ

တချို့သော ရဟန်းများက အရှင်အာနန္ဒာကို— အို—ဘုရားဇိနေ ညီတော်အာနန္ဒာ.... နက်ဖြန်မှာ အာသဝေါကုန်ခန်း ရဟန္တာများ၏ သံဂါယနာဘင် အစည်းအဝေးကြီး ဖြစ်သည်။ ငါ့ရှင် အာနန္ဒာကား သေက္ခဖြစ်၍ အထက်မဂ်အတွက် ပြုလုပ်ဖွယ်ကိစ္စ ရှိသည်။ သို့ဖြစ်၍ ငါ့ရှင် အာနန္ဒာအား အာသဝေါကုန်ခန်း ရဟန္တာ သံဂါယနာတင် အစည်း အဝေးကြီးသို့ သွားရန် တက်ရောက်ပါဝင်ရန် မသင့်မတော်မလျော်ချေ။ ငါ့ရှင် အာနန္ဒာ.... ငါ့ရှင်အာနန္ဒာသည် မမေ့မလျော့ မပေါ့ပါလင့်ဟု မသွယ်မဝိုက် တိုက်ရိုက်သတိပေးစကား ပြောကြားကြသည်။

အရှင်အာနန္ဒာ ရဟန္တာဖြစ်ခြင်း

ထိုအခါ အရှင်အာနန္ဒာသည် တည်းခိုရာကျောင်းသို့[၁] ပြန်ကြွတော်မူကာ နက်ဖြန် သုတ် အဘိဓမ္မာ ဝိနည်းကို ပေါင်းယူဖွဲ့ပွဲ ညီညာသံချီ ရွတ်ဆိုသံဂါယနာတင်ပွဲကြီး စ,တော့မည်။ အာသဝေါကင်းကွာ ရဟန္တာ အဖြစ်သို့ မရောက်ဘဲ သံဃာ့အစည်းအဝေးပွဲ သံဂါယနာတင်ပွဲသို့သွားရန် မသင့်မတော် မလျော်ချေ။ စဉ်းစားဆင်ခြင်ကာ တစ်ညဥ့်ပတ်လုံး စင်္ကြံ လျှောက်၍ ကိုယ်၌ဖြစ်သော (ဆံအစရှိသော ကောဋ္ဌာသအပေါင်း၌ ဖြစ်သော)သတိဖြင့် လွန်စေတော်မူ၏။(ကာယဂတာသတိကမ္မဋ္ဌာန်း ကြိုးပမ်း အားထုတ်တော်မူ၏၊) ကျောင်းပြင် စင်္ကြံလျှောက်ရင်း အပြင် လူးလာ တုံ့ခေါက် စင်္ကြံလျှောက်ရင်း အပြင်းအထန် ရှုမှတ်ပွားများ အားထုတ် သော်လည်း အထက်မဂ်ဉာဏ်အထူး (တရားထူး) ဖြစ်ပေါ်မလာနိုင်သဖြင့် ''ညီဘွားလိမ္မာ အာနန္ဒာ.... သင် ညီဘွားလိမ္မာ အာနန္ဒာသည် ပါရမီ ကုသိုလ်ပြည့်စုံသူ ဖြစ်၏။ ကမ္မဋ္ဌာန်းအလုပ် ကြိုးပမ်းအားထုတ်လော့၊ မကြာမတင် လျင်မြန်စွာ အာသဝေါကင်းကွာ ရဟန္တာဖြစ်လိမ့်မည်ဟု နေခင်တော်ဘုရား ကိုယ်တော်တိုင် ရွှေနှုတ်မွှေးကြူ မိန့်ကြားတော်မူခဲ့၏။ ဘုရားမြတ်စွာတို့၏ စကား မလွဲမမှားနိုင်၊ ငါသည် အားထုတ်ကြိုးပမ်းမှု ဝီရိယလွန်ကဲနေရာ စိတ်တက်ကြွကာ မငြိမ်မသက် ပျံ့လွင့်မှုဖြစ်နေသည်။ ဝီရိယလွန်သဖြင့် ဥဒ္ဓစ္စဖြစ်နေသည်၊ ယခုတစ်ဖန် ဝီရိယနှင့် သမာဓိကို အညီအမျှ ယှဉ်စေအံ့ဟု နှလုံးသွင်း ကြံဆင်ခြင်တော်မူကာ မိုးသောက် ယံဝယ် စင်္ကြံမှဆင်းသက်၍ ခြေများကို ဆေးကြောပြီးလျှင် ကမ္မဋ္ဌာန်း ကျောင်းတွင်းသို့ ဝင်တော်မူ၏။ ကျောင်းတွင်းရှိ ခုတင်ညောင်စောင်း၌ ထိုင်ပြီးလျှင် ''ငါသည် ခဏတာခဏ အပင်ပန်းဖြေ လဲလျောင်းဦးမည်''ဟု ကြံစည်၍ ကိုယ်ကို ခုတင်ညောင်စောင်းပေါ်သို့ညွတ်ကိုင်းလိုက်စဉ် ခြေနှစ် ဘက်သည် မြေမှလွတ်၍ ဦးခေါင်းတော်သည် ခေါင်းအုံးသို့ မထိမီ အာသဝေါကင်းကွာရဟန္တာအဖြစ်သို့ရောက်တော်မူလေသည်။ ထို့ကြောင့် ဤဘုရားမြတ်စွာ သာသနာတော်၌ သွားလျက်လည်းမဟုတ်၊ ရပ်လျက် လည်း မဟုတ်၊ ထိုင်လျက်လည်း မဟုတ်၊ အိပ်လျက်လည်း မဟုတ်ဘဲ

၁။ ဧဠုဝန်ကျောင်းထဲမှ ကမ္မဋ္ဌာန်းကျောင်းငယ်တစ်ခု သိရာ၏။

ရဟန္တာအဖြစ်သို့ရောက်သောပုဂ္ဂိုလ်မြတ်ကား အဘယ်ပုဂ္ဂိုလ်ပါလေနည်း ဟု မေးလာလျှင် အရှင်အာနန္ဒာထေရ် ဖြစ်ပါသည်ဟု ဖြေဆိုရာ၏။

သံဃာတော်ငါးရာ စာတင်စည်းဝေးခြင်း
အရှင်အာနန္ဒာ ရဟန္တာဖြစ်၍ အရှင်မဟာကဿပ သာဓုခေါ်ခြင်း

ဝါခေါင်လပြည့်ကျော် ၅-ရက်နေ့၌ နေ့ဆွမ်း ဘုဉ်းပေးပြီးနောက် သပိတ် သင်္ကန်းကိုသိမ်းဆည်းတော်မူကြပြီး တည်းခိုရာကျောင်းတိုက်ကြီးများမှ ကြည်ညိုဖွယ်ရာ အသီးသီး ကြွလာတော်မူကြပြီး ဝေဘာရတောင်နံရံ စရည်းပင်ရောက်ရာ လိုဏ်ဂူဝအနီး ခမ်းနားလှသော အဇာတသတ်မင်း၏ ကောင်းမှုတော် မဏ္ဍပ်ကြီးသို့ ကြွတော်မူကြကာ ခြေဆတ်သံ၊ လက်ဆတ်သံလည်း မကြားရ၊ ချောင်းဟန့်သံလည်းမကြားရ ငြိမ်သက်စွာ မိမိတို့ ထေရ်စဉ် ဝါလိုက် ထိုက်တန်သည့်နေရာ၌ ညီညာတသွေး စည်းဝေး ထိုင်နေတော်မူကြကုန်၏။ အရှင်အာနန္ဒာသည် ကြည်လင်ရွှင်ပျ ဝင်းဝါ သပ္ပါယ် တင့်တယ်သော မျက်နှာရှိသည်ဖြစ်၍ ရဟန္တာအဖြစ်ဖြင့် သံဂါယနာတင် အစည်းအဝေးသို့ ကြွတော်မူခဲ့လေသည်။ ကြွတော်မူပုံကား ဤသို့တည်း- ဤယခုအခါ ငါသည်သံဂါယနာတင် သံဃာ့အစည်းအဝေးကြီးသို့ ကြွထိုက်သူ ဝင်ထိုက်သူ ဖြစ်ပေပြီ- ဟူ၍ နှစ်သက်ရွှင်လန်း ဝမ်းမြောက်လျက် အပေါ်ရုံ ကေသီ သင်္ကန်းကို လက်ဝဲ ဘက် ပခုံး ထက် (လက်ကတော့) တင်ကာ အညှာမှကြွေကျခါစ ထန်းသီးမှည့်ကဲ့သို့ လည်းကောင်း၊ ဖျော့တော့ဝင်းဝါ ကမ္ဗလာကော်ဇောပေါ်၌ ချထားအပ်သော ပတ္တမြားစစ်ကဲ့သို့လည်းကောင်း၊ မိုးသားတိမ်တိုက်များ ကင်းစင်သော မိုးကောင်းကင်လယ်၌ ပေါ်ထွန်းထွက်ပြူဥဒည်မူသော လပြည့်ဝန်းကဲ့သို့ လည်းကောင်း တက်သစ်စ နေရောင်အတွေ့ကြောင့် ကားကား စွင့် စွင့် ပွင့်သောကြာတိုက်အတွင်းဝယ် ရွှေအဆင်းပုံလို ဝတ်မှုန်ဝတ်ဆံရှိသော ပဒုမ္မကြာပန်းကဲ့သို့လည်းကောင်း ဖြူ စင် ပြောင် လက် အရောင်ထွက် ကျက်သရေရှိသော တင့်တယ်ရွှန်းပသော မျက်နှာဖြင့် မိမိ၏အရဟတ္တဖိုလ် အမြိုက် ဆိုက်ရောက်ပုံကို ပြောကြားသကဲ့သို့ ကြွတော်မူခဲ့လေသည်။

ထိုအခါ သံဂီတိနာယက သံဃပါမောက္ခဖြစ်တော်မူသော အရှင်မဟာကဿပ မထေရ်မြတ်မှာ- အချင်းတို့.... အရဟတ္တဖိုလ်အမြိုက် ဆိုက်ရောက်

၁။ ဒီ၊ ဋ္ဌ၊ ၁။ ၁၆-၁၁။ ဒိ၊ ဌ၊ ၁။ ၁၆-စသည်ကြည့်။

သော ဘုရားညီတော် မထေရ်ကျော် အရှင်အာနန္ဒာသည် တင့်တယ်ပါ ပေစွာ့ အကယ်၍များ ယခုအခါ ယနေ့ လူနတ်တို့ရဲ့ဆရာ ဗြဟ္မာတို့ရဲ့မကိုဋ် သုံးတိုက်လုံးထိပ်တင် ဘုရားရှင်ရှိခဲ့လျှင် ကောင်းချီး နဲ့မော် သာဓုခေါ် တော်မူရာ၏။ ယခုအခါ ငါသည် မြတ်စွာဘုရားပေးထိုက်သော ကောင်း ချီးကို ငါပေးမည်ဟု ကြံစည်တော်မူကာ- "သာဓု....သာဓု....သာဓု...." ဟု ၃-ကြိမ် ကောင်းပေစွာ့ဟု အားရနှစ်လို မြွက်ဆိုအပ်သောအသံကို သာယာငြိမ့်လေး ပေးတော်မူလေသည်။[၁]

မဏ္ဍပ်မနိုကာယ်ဆောင် ရဟန်းတို့ကမူ အရှင်အာနန္ဒာသည် မိမိရဟန္တာ ဖြစ်ကြောင်း သိစေလိုသဖြင့် အခြားရဟန်းများနှင့်အတူ ကြွတော်မမူချေ။ သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ကြီးတို့သည် မိမိ တို့ အ တွက် ကျရောက်သည့် နေရာများ၌ ထေရ်စဉ်ဝါလိုက် ထိုင်နေတော်မူကြကုန်၏။ အရှင်အာနန္ဒာ နေရာကိုကား ချန်ထားကြကုန်၏။ ထို သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်တို့တွင် အချို့က ဤလစ်လပ်သော နေရာကား မည်သူ့နေရာ ဖြစ်ပါသနည်းဟုမေးရာ ဤလစ်လပ်သောနေရာသည် အရှင် အာနန္ဒာ၏နေရာ ဖြစ်သည်ဟုဖြေဆိုကြလေရာ၊ အရှင်အာနန္ဒာ ဘယ်ကြွ သနည်းဟု မေးမြန်းတော်မူကြသည့် အခိုက်အခါတွင်ကား အရှင်အာနန္ဒာ သည် ငါကြွသင့်သည့်အခါပေတည်းဟု ဆင်ခြင်တော်မူကာ မိမိ၏တန်ခိုး အာနုဘော်ကို ပြသည့်အလား မြေဝယ်ငုပ်လျှိုးကာ မိမိအား ကျရောက် သောနေရာတွင် ကိုယ်ထင်ရှားပြ ပေါ်လာထိုင်နေလေပြီ။ ကောင်းကင်မှ ကြွသည်ဟုလည်း အချို့ဆရာတို့ ဆိုကြသည်။[၂]

ပဌမသံဂါယနာ မဟာဓမ္မသဘင်ပွဲကြီး စပြီ

အရှင်အာနန္ဒာ ကြွရောက် တော် မူ လာ ပြီ ဖြစ်သဖြင့် သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ငါးရာ စုံညီလေပြီ။ သို့နှင့် သံဂီတိနာယက သံဃပါမောက္ခ ဖြစ်တော်မူသော အရှင်မဟာကဿပ မထေရ်မြတ်ကြီးက ထေရာသနပလ္လင်ထက်၌ တင့်တယ်စွာ ထိုင်နေတော်မူလျက်အို-ငါ့ရှင်တို့.... သံဂီတိကာရက် ရဟန္တာငါး-ရာ ညီညာတသွေး စုံလင်စွာစည်းဝေးနေပါပြီ၊

၁။ ဒီ။ ဋ္ဌ၊ ၁။ ၁၁။
၂။ ဒီ၊ ဋ္ဌ၊ ၁။ ၁၁။ ဝိ၊ဋ္ဌ၊ ၁။ ၁၁၊

ဓမ္မ ဝိနယသံဂါယနာပွဲသဘင်ကြီး စတင်ကြပါစို့-ဟု စကားပျိုးတော်မူပြီး အို- ငါ့ရှင်တို့.... သုတ်, အဘိဓမ္မာ, ဝိနည်းတို့တွင် အဘယ်ကို ရှေးဦးမဆွ အစလက်မွန် သံဂါယနာတင်ကြရပါကုန်အံ့နည်း၊ သုတ် အဘိဓမ္မာကို ဦးစွာအလျှင်သံဂါယနာတင်ကြမည်လော၊ ဝိနည်းကို ဦးစွာ အလျှင် သံဂါယနာတင်ကြမည်လောဟု မေးတော်မူရာ ရဟန်းများက- သံဂီတိနာယက သံဂီတိပါမောက္ခ ဖြစ်တော်မူသော မဟာထေရ်မြတ်ကြီး ဘုရား.... "ဝိနည်းဆိုတာ ဘုရားဇိနော် သာသနာတော်ရဲ့ အသက် ဖြစ်ပါသည်၊ ဝိနည်းသည် ပါဠိအနက် မပျက်စုံညီ လဇ္ဇီပုဂ္ဂိုလ်များရှဲ့ သန္တာန်မှာ တည်ခဲ့ပါလျှင် ဘုရားရှင်သာသနာ တည်ပါတော့သည်။ သို့ဖြစ်၍ ဝိနည်းကို ဦးစွာအလျှင် သံဂါယနာတင်ကြပါစို့ ဘုရား"ဟု လျှောက်ထားကြကုန်၏၊[၁]

ဝိနယသံဂါယနာတွင် အရှင်ဥပါလိကို ဝန်ဆောင်ဝိသဇ္ဇကအဖြစ် ရွေးချယ်ဆုံးဖြတ်ခြင်း

ငါ့ရှင်တို့.... သုတ် အဘိဓမ္မာ ဝိနည်းတို့တွင် ဝိနည်းကို ဦးစွာအလျှင် သံဂါယနာတင်ရန် အားလုံး သဘောတူညီကြသည်ဖြစ်ရာ ယင်းဝိနည်းကို အဘယ်ပုဂ္ဂိုလ်ကို ဝန်ဆောင် (ဓုရန္ဓရ) အဖြေပုဂ္ဂိုလ် (ဝိသဇ္ဇက) ပြု၍ သံဂါယနာ တင်သင့်ပါသနည်းဟု အရှင်မဟာကဿပ မဟာထေရ်မြတ်က မေးတော်မူရာရဟန်းများက-သံဂီတိနာယက သံဃပါမောက္ခ မဟာထေရ် အရှင်သူမြတ်ကြီးဘုရား ဝိနည်းကို သံဂါယနာတင်တော်မူရာဝယ် အရှင် ဥပါလိကို ဝန်ဆောင် (ဓုရန္ဓရ) အဖြေပုဂ္ဂိုလ် (ဝိသဇ္ဇက) ပြု၍ သံဂါယနာ တင်သင့်ပါကြောင်း လျှောက်ထားကြကုန်၏။ ထိုအခါ အရှင်မဟာ ကဿပ မဟာထေရ်က ဝိနည်းကို သံဂါယနာတင်ရာဝယ် အာနန္ဒာသည် ဝန်ဆောင် (ဓုရန္ဓရ) အဖြေပုဂ္ဂိုလ် (=ဝိသဇ္ဇက) အဖြစ် ဆောင်ရွက်စွမ်း မရှိသလော–ဟု မေးတော်မူပြန်ရာ ရဟန်းများက · အို သာသနာ့ကြိုးကိုင် စိုးပိုင်အာဏာ ကည်ရှိတော်မူပါသော သံဂီတိနာယက သံဃပါမောက္ခ ဖြစ်တော်မူသော မဟာထေရ် အရှင်သူမြတ်ကြီးဘုရား.... အရှင်အာနန္ဒာ သည် ဝိနယသံဂါယနာဝယ် ဝန်ဆောင် (=ဓုရန္ဓရ) အဖြေပုဂ္ဂိုလ်

၁။ ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ။ ဒီ၊ ဋ္ဌ၊ ၁။ ၁၂။ ဝိ၊ ဋ္ဌ၊ ၁။ ၁၁။

(=ဝိဿဇ္ဇက) အဖြစ် စွမ်းနိုင်ပါသော်လည်း ဘုရားမြတ်စွာ သက်တော်ထင်ရှား ရှိတော်မူစဉ်အခါကပင်လျှင် ဝိနည်းပရိယတ်နှင့် ပတ်သက်၍ အရှင်ဥပါလိကို ဝိနည်းကို ဆောင်ကုန် ဝိနည်းတတ်မြောက်ကျွမ်းကျင်ကုန်သော ရဟန်းများအနက် အမြတ်ဆုံးအရာ (ဧတဒဂ်အရာ) ထားခဲ့ပါသည်။[၁] သို့ဖြစ်၍ ဝိနည်းကို သံဂါယနာတင်ရာဝယ် အရှင်ဥပါလိ မဟာထေရ်ကို ဝန်ဆောင်(=ဓုရန္ဓရ) အဖြေပုဂ္ဂိုလ် (=ဝိဿဇ္ဇက)ပြု၍ အရှင်ဥပါလိကိုမေး၍ ဝိနည်းကို သံဂါယနာတင်သင့်ပါကြောင်း လျှောက်ထားကြကုန်၏။ ယင်းသို့ဖြင့် ဝိနယသံဂါယနာ၌ အရှင်ဥပါလိကို ဝန်ဆောင် (=ဓုရန္ဓရ) အဖြေပုဂ္ဂိုလ် (=ဝိဿဇ္ဇက) အဖြစ် သံဃာတော်အရှင်မြတ်အားလုံး သဘောဆန္ဒ တူကြလေကုန်ပြီ။

အရှင်မဟာကဿပမဟာထေရ် ဝိနည်းမေးတော်မူရန် သမုတ်ခြင်း

ယင်းသို့ ဆုံးဖြတ်ပြီးသည့်နောက်၌ သံဂီတိမဟာနာယက အရှင်မဟာကဿပ မဟာထေရ်သည် ကေသီကိုလက်ကတော့တင်လျက် ဆောင့်ကြောင့်ထိုင်တော်မူ၍ အရှင်ဥပါလိကို ဝိနည်းမေးမြန်းရန်—

သုဏာတု မေ အာဝုသော သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊
အဟံ ဥပါလိံ ဝိနယံ ပုစ္ဆေယျံ။[၂]

ငါ့ရှင်တို့....သံဃာတော်သည် အကျွန်ုပ်၏စကားကိုနာတော်မူပါလော့။ သံဃာတော်အား လျှောက်ပတ်သော အခါရှိသောကသည် အကယ်၍ဖြစ်ငြားအံ့။ အကျွန်ုပ်သည် ဥပါလိကို ဝိနည်းကိုမေးအံ့-ဟူ၍ မိမိကိုယ်တိုင်သာလျှင် မိမိသမုတ်တော်မူလေ၏။

အရှင်ဥပါလိသည်လည်း ကိုယ်ရုံကေသီသက်န်းကို လက်ကတော့တင်၍-

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊
အဟံ အာယသ္မတာ ကဿပေန ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယျံ။[၂]

၁။ ဧတဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ ဘိက္ခူနံ ဝိနယဓရာနံ ယဒိဒံ ဥပါလိ အံ၊ ၁။ ၁၃၅။

၂။ ဝိ၊ ၄။ ၄၀၂။

အရှင်ဘုရားတို့...သံဃာတော်သည် အကျွန်ုပ်၏စကားကို နာတော်မူပါလော့။ သံဃာတော်အား လျောက်ပတ်သောအခါရှိသောကာသည် အကယ်၍ဖြစ်ငြားအံ့၊ အရှင်မဟာကဿပသည် ဝိနည်းကို မေးအပ်သည် ဖြစ်၍ ဖြေဆိုပါအံ့-ဟူ၍ မိမိကိုယ်တိုင်သာလျှင် မိမိသမုတ်တော်မူလေ၏။

အရှင်ဥပါလိ ဓမ္မာသနပလ္လင် ကြွထိုင်တော်မူခြင်း

ယင်းသို့ မိမိကိုယ်ကို မိမိကိုယ်တိုင်သမုတ်ပြီး အရှင်ဥပါလိသည် ကိုယ်ရုံကောသီကို လက်ကတော့ စံပယ်တင်၍ ဝါတော်ကြီးသော မထေရ်တို့ကို ရှိခိုးဦးချပြီး ဓမ္မာသနပလ္လင်(=အခြေပုံ့ဂိုလ် ထိုင်နေရာပလ္လင်)သို့ကြွတော်မူကာ ဆင်စွယ်လေးထောင့်ယပ်ကို ကိုင်၍ ထိုင်နေတော်မူလေပြီ။

နေနှယ် လနှယ် လွန်တင့်တယ်

ယင်းသို့ဖြင့် ကိလေသာဟူ မြူမှုန်မတင်၊ သန့်ရှင်းစင်ကြယ်တော်မူသော သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်တို့အလယ်၌ ကိလေသာဟူ မြူမှုန်မတင် လွန်သန့်စင်သည့် ရဟန္တာသခင် အရှင်မြတ် ဖြစ်တော်မူကြသော သံဂီတိမဟာနာယက အရှင်မဟာကဿပနှင့် ကောင်းကင်လယ်က နေမင်းသဖွယ် လွန်တင့်တယ်တော်မူလေ၏။ ကိလေသာဟူ မြူမှုန်မတင် ရဟန္တာသခင် အရှင်မြတ်ဖြစ်တော်မူသော သံဂီတိဝိဿဇ္ဇက အရှင်ဥပါလိသည် ကမ္ဘာဦးက တောင့်တတွန်းပေါ် ငွေသော်တာလမင်းသဖွယ် တင့်တယ်တော်မူလေ၏။

၃၄၇။ မဟာကဿပထေရော ဟိ၊ သောဘိတ္ထ သူရိယော ယထာ။
ဥပါလိထေရကုဉ္စရော၊ ဝိရာဇိ စန္ဒိမာ ဝိယ။

ဝိနည်းသံဂါယနာ အမေးအဖြေအမြွက်

ယင်းသို့ အရှင်ဥပါလိထေရ် ထိုင်နေပြီးရာကာလမှ နောက်၌ သံဂီတိနာယက သံဃပါမောက္ခဖြစ်တော်မူသောအရှင်မဟာကဿပ မဟာထေရ်က မေး၍ အရှင်ဥပါလိက မိုးဝကောင်းကင် သိန္ဓောနှင်သလို လျှင်မြန်တောက်တပို ဖြေဆိုတော်မူခဲ့လေသည်။အရှင်မဟာကဿပ မဟာထေရ်၏

ဝိနည်းဆိုင်ရာ အမေးအဖြေကိုနှင့် အရှင်ဥပါလိ၏ ဝိနယဆိုင်ရာ အဖြေ အဖြေကိုမျှကို သံဂါယနာသမိုင်းတော် စာတော်ဖတ် အလွယ်တကူ ကြည့်ရှု နိုင်ရန် ဤ၌ ဖော်ပြအပ်ပါသည်။

(အရှင်မဟာကဿပ) ပဌမံ အာဝုသော ဥပါလိ ပါရာဇိကံ ကတ္ထ ပညတ္တံ= ငါ့ရှင်ဥပါလိ.... ပဌမ ပါ ရာ ဇိ က သိက္ခာပုဒ်ဥပဒေတော်ကို အဘယ်အရပ်၌ဘုရား မြတ်စွာသည် ပညတ်တော် မူအပ်ပါသနည်း။

(အရှင်ဥပါလိ) ဝေသာလိယံ ဘန္တေ ပညတ္တံ = အရှင်ဘုရား ပဌမပါရာဇိက သိက္ခာပုဒ် ဥ ပ ဒေ တော် ကို ဝေသာလီမြို့၌ ဘု ရား မြတ် စွာ သည် ပညတ် တော် မူအပ်ပါသည် ဘုရား။

(အရှင်မဟာကဿပ) ကံ အာရဗ္ဘ ပညတ္တံ = အ ဘ ယ် ပုဂ္ဂို လ် ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း ငါ့ရှင်။

(အရှင်ဥပါလိ) သုဒိန္နံ ကလန္ဒပုတ္တံ အာရဗ္ဘ ပညတ္တံ = ကလန္ဒ သူဌေး၏သား အရှင်သုဒိန်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

(အရှင်မဟာကဿပ) ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ= အဘယ်အကြောင်း ဝတ္ထု အဘယ်သို့သော ကျူးလွန်မှုကြောင့် ပညတ်တော် မူအပ်ပါသနည်း ငါ့ရှင်။

(အရှင်ဥပါလိ) မေထုနဓမ္မေ ပညတ္တံ= မေထုန်အကျင့်ကြောင့် မေထုန်ကျူးလွန်မှုကြောင့် ပညတ်တော်မူအပ် ပါသည် အရှင်ဘုရား။

ယင်းသို့ ဝိနည်းကိုမေးဖြေရာ၌ သံဂီတိမဟာနာယကဖြစ်တော်မူသော အရှင်မဟာကဿပသည် ပဌမပါရာဇိကသိက္ခာပုဒ် ဥပဒေတော်၏ မေထုန် အကျင့်ဟူသော ဝတ္ထုကိုလည်း မေးတော်မူလေပြီ။ ဝေသာလီမြို့ဟူသော နိဒါန်းကိုလည်း မေးတော်မူပြီ၊ အရှင်သုဒိန်ဟူသော ပုဂ္ဂိုလ်ကိုလည်း မေးတော်မူပြီ။ မူလပညတ်ကိုလည်း မေးတော်မူပြီ။ အနုပညတ် (ထပ်မံ

ပညတ်ချက်) ကိုလည်း မေးတော်မူပြီ။ အာပတ်ကိုလည်း မေးတော်မူပြီ။ အနာပတ္တိ အဇာနန္တဿ = မသိသောရဟန်းအား အာပတ်မသင့်စသော အနာပတ်ကိုလည်း မေးတော်မူပြီ။ မေးအပ်တိုင်းသော အရှင်ဥပါလိသည် ဖုထစ်မထပ် လျင်မြန်စွာ ဖြေဆိုတော် မူခဲ့လေသည်။

ထည့်စရာ ပယ်စရာ လုံးဝမရှိ

ယင်းသို့ သံဂီတိနာယက အရှင်မဟာကဿပ မဟာထေရ်ကမေးခြင်း ဝိနယဝိဿဇ္ဇက အရှင်ဥပါလိမဟာထေရ်က ဖြေခြင်းအားဖြင့် ပေါင်းယူ အပ် သံဂါယနာတင်အပ်ပြီးသော ပဌမပါရာဇိကပါဠိတော်၌ ပိုနေသဖြင့် သို့မဟုတ် အနက်အဓိပ္ပာယ် မရှိသဖြင့် သို့မဟုတ် မှားယွင်းနေသည့်အတွက် ပုဒ် ဗျည်း ဝါကျ စသည့်အကြောင်းများကြောင့် ပယ်ဖြုတ်စွန့်ပယ်ရမည့် ပုဒ် ဗျည်း ဝါကျ စကားလည်း လုံးဝဘာတစ်ခုမျှ မရှိပါချေ။ မပြည့်စုံ မလုံလောက်သည့်အတွက် ဆောင်ယူထည့်ရမည့် ပုဒ် ဗျည်း ဝါကျ စကား ဟူ၍လည်း လုံးဝမရှိချေ။ ဘုရားဇိနော် ဟောတော်မူအပ်သော တရားတော်၌ စွန့်ပယ်စရာမည်သည် မရှိ၊ ကေန် မှန်လှချေ၏။ ဘုရားမြတ်စွာဟို ကား အနက်အဓိပ္ပာယ်မမှီး အချည်းနှီးသော စကား မိန့်တော်မူဟော တော်မူရိုး မရှိကုန်သည်သာ။

သာဝကဘာသိတ, ဒေဝတာဘာသိတ၌ ပယ်စရာ,ထည့်စရာရှိ

သာဝကဘာသိတခေါ် တပည့်သာဝကတို့သည် ပြောဆိုလျှောက်ထား အပ်သော တရား, နတ်ဗြဟ္မာတို့သည် ပြောဆို လျှောက်အပ်သောတရား မှာ ဖြုတ်ပယ်ထိုက်သော ပုဒ်ဗျည်းများလည်း ရှိပေသည်သာ။ ယင်း ပယ် ဖြုတ်ဆိုက်သော ပုဒ်ဗျည်းများကို သုတ် အဘိဓမ္မာဝိနည်းကို ပေါင်းယူ သံဂါယနာတင်တော်မူကြသည့် မထေရ်မြတ်တို့ ပယ်ဖြုတ်တော်မူကြသည်။ ဘုရားဟော တရားဒေသနာ, တပည့်သာဝကတို့ ပြောကြားလျှောက် ထားအပ်သော စကား, နတ်ဗြဟ္မာတို့ ပြောဆိုလျှောက်ထား အပ်သော စကားများမှာ ထည့်သွင်းထိုက်သော စကားများ ရှိသည်၊ သို့ဖြစ်၍ ထည့် သွင်းသော ပါဠိတော်များ၌ ထည့်သွင်းမှ သင့်လျော်သည့်စကားများကို သံဂါယနာတင် မထေရ်မြတ်တို့ ထည့်သွင်းတော် မူခဲ့ကြသည်။

ထည့်သွင်းထိုက်သည့် စကားရပ်များ

ထည့်သွင်းထိုက်သည့် စကားများမှာ .... တေန သမယေန၊ တေန ခေါ ပန သမယေန၊ အထ ခေါ၊ ဧဝံ ဝုတ္တေ၊ ဧတဒဝေါစ = အစရှိသော ရှေ့စကား နောက်စကား ဆက်စပ်ပေးသည့်စကားမျှသာဖြစ်၏။ ဤသို့ ထည့်သွင်းထိုက်သော စကားအဆက်အစပ်များ ထည့်သွင်းပြီးလျှင် ဤစကားရပ်အပေါင်းသည် ပဉ္စမပါရာဇိကဖြစ်သည်၊ ဤသို့ အတိအလင်း ကောင်းစွာပြောဆို ထားကြလေကုန်၏။

အပေါင်းအစု ရွတ်ဆိုသရဇ္ဈာယ် အတည်ပြုကြခြင်း

ပဉ္စမပါရာဇိကသိက္ခာပုဒ် ဥပဒေတော်ကို အရှင်မဟာကဿပ မဟာထေရ်က အမေး, အရှင်ဥပါလိမထေရ်က ဖြေ၍ မထေရ်မြတ်အားလုံး သဘောတူပြီးသောအခါ ''တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ နဠေရုပုစိမန္ဒမူလေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ''[1] စသည်ဖြင့် သံဂါယနာတင် အရှင်မြတ် ငါးရာတို့သည် ညီညာသံချို သံပြိုင်ရွတ်၍ အတည်ပြု လက်ခံတော်မူကြသည်။[2] ယင်းသို့ ရာဇဂြိုဟ်မြို့တော် ဝေဘာရတောင်နံရံ သတ္တပဏ္ဏိလိုဏ်ဂူဝအနီးရှိ မဏ္ဍပ်တော်ကြီး၌ ပဉ္စမပါရာဇိကသိက္ခာပုဒ် ဥပဒေတော်ကြီးကို အရှင်မဟာကဿပ မဟာထေရ်မြတ်က မေးတော်မူ၍ အရှင်ဥပါလိမထေရ်မြတ်က ဖြေတော်မူခြင်း, သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ် ငါးရာတို့၏ ညီညာသံချို ရွတ်ဆိုသရဇ္ဈာယ်တော်မူ၍ သံဂါယနာတင်တော် မူကြခြင်း ဟူသောသတင်းကို ဘုမ္မစိုးနတ်တို့ကတစ်ဆင့် ကြွေးကြော်ကြကာ စတုမဟာရာဇ် နတ်များထံသို့ သတင်းပို့ကြသည်။ စတုမဟာရာဇ် နတ်တို့ကလည်း ဝမ်းမြောက်ဝမ်းသာ ကြွေးကြော်ကြကာ တာဝတိံသာနတ်များထံ သတင်းပို့ကြသည်။ တာဝတိံသာနတ်တို့ကလည်း ဝမ်းမြောက် ဝမ်းသာ ကြွေးကြော်ကြကာယာမာနတ်တို့ထံသတင်းပို့ကြသည်။ယာမာနတ်တို့ကလည်း ဝမ်းမြောက်ဝမ်းသာ ကြွေးကြော်ကြကာ နိမ္မာနရတိနတ်တို့ထံ သတင်းပို့ကြသည်။ နိမ္မာနရတိနတ်တို့ကလည်း ဝမ်းမြောက်ဝမ်းသာ

၁။ ဝိ၊ ၁။ ၁။

၂။ ဒီ၊ ၌၊ ၁၊ ၁၃။

ကြွေးကြော်ကြကာ ပရနိမ္မိတဝသဝတ္တီ နတ်တို့ထံ သတင်းပို့ကြသည်။ ပရနိမ္မိတဝသဝတ္တီနတ်တို့၏ မဂဓတိုင်း ရာဇဂြိုဟ်မြို့တော် ဝေဘာရတောင် နံရံ စရည်းပင်ရောက်ရာ လိုဏ်ဂူတံခါးဝအနီး မဏ္ဍပ်ကြီး၌ အရှင်မဟာကဿပ မဟာထေရ်က မေး၍ အရှင်ဥပါလိ ထေရ်က ဖြေဆိုကာ ရဟန္တာသခင် အရှင်မြတ်ငါးရာတို့က ညီညာသံချီ ရွတ်ဆိုသရဇ္ဈာယ်ကြကုန်၏- ဟူသော အသံကို ပဥ္စမဈာန်ပြဟ္မာ့ဘုံ၌ နေကြသော ပြဟ္မာတို့ ကြားကြရလေကုန်၏။ ယင်းသို့စသည်ဖြင့် အကနိဋ္ဌပြဟ္မာ့ဘုံတိုင်အောင် သံဂါယနာမဟာဓမ္မသဘင် ပွဲကြီးယင်ကြောင်း သတင်းကောင်းသည် ပျံ့နှံ့ခဲ့လေ၏။

မဟာပထဝီမြေကြီး အိုးထိန်းစက်ပုံ တုန်လှုပ်ခြင်း

ရဟန္တာသခင် အရှင်မြတ်ငါးရာတို့– တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ နဠေရုပုစိမန္ဒမူလေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ-စသည်ဖြင့် ညီညာသံချီ ရွတ်ဆိုသရဇ္ဈာယ်ခြင်းကို စ တည်အားထုတ်အပ်ရာအခါ၌ပင်လျှင် ကောင်းပါပေစွဟု အားရနှစ်လို မြွက်ဆိုအပ်သောအသံ (ကောင်းချီး) ပေးသကဲ့သို့ ယူဇနာကိန်း နှစ်သိန်းလေးသောင်း ထုပေါင်းသချာ မဟာပထဝီမြေကြီးသည် ရေအဆုံး ပိုင်းခြားရှိသည်ကိုပြုကာ အိုးထိန်းစက်ပုံ အကြိမ်ကြိမ် တုန်လှုပ်လေပြီ။ ရေပါ တုန်လှုပ်လေပြီ ဟူ၏။

၃၄၈။ သာဓုကာရံ ဒဒန္တိဝ၊ မေဒနီ သမ္ပကမ္ပယိ။
သဇ္ဈာယာရဒ္ဓကာလေဝ၊ ထေရာနံ ထိရသီလိနံ။

နှစ်ရာနှစ်ဆယ့်ခုနစ် (၂၂၇) သွယ်သော သိက္ခာပုဒ်တို့ကို ဘိက္ခုမဟာဝိဘင်းဟု သတ်မှတ်အတည်ပြု

ဤနည်းနှင်နှင် ပဌမပါရာဇိကသိက္ခာပုဒ် ဥပဒေတော်မှ ကြွင်းသော ဒုတိယပါရာဇိကသိက္ခာပုဒ် ဥပဒေတော်, တတိယပါရာဇိကသိက္ခာပုဒ် ဥပဒေတော်, စတုတ္ထပါရာဇိကသိက္ခာပုဒ် ဥပဒေတော်တို့ကို ပေါင်းယူ သတ်မှတ် အတည်ပြု သံဂါယနာတင်တော်မူ၍ ဤသိက္ခာပုဒ် ဥပဒေတော် အပေါင်းသည်"ပါရာဇိကကဏ္ဍ၊ ပါရာဇိက အခန်းကဏ္ဍ ပရိစ္ဆေဒအပိုင်းတည်း"ဟု ထုတ်ဖော်မြွက်ကြား အတည်ပြုထားတော်မူကြလေကုန်၏။

တစ်ဆယ့်သုံးပါးသော သံဃာဒိသေသ်တို့ကို ဤသိက္ခာပုဒ် ဥပဒေတော် အပေါင်းသည် တစ်ဆယ့်သုံးပါးသော သိက္ခာပုဒ်အပေါင်းတည်း-ဟု ထုတ်ဖော်မြွက်ကြား အတည်ပြုထားတော်မူကြလေကုန်၏။

နှစ်ပါးသောသိက္ခာပုဒ် ဥပဒေတော်တို့ကို ဤသိက္ခာပုဒ် ဥပဒေတော်တို့ကား အနိယတ သိက္ခာပုဒ် ဥပဒေတော်တို့တည်းဟု ထုတ်ဖော်မြွက်ကြား အတည်ပြုထားတော်မူခဲ့ကြကုန်၏။

သုံးဆယ်သောသိက္ခာပုဒ် ဥပဒေတော်တို့ကို ဤသိက္ခာပုဒ် ဥပဒေတော်တို့သည် နိဿဂ္ဂိယပါစိတ် သိက္ခာပုဒ် ဥပဒေတော်တို့ ဖြစ်ကုန်၏-ဟု ထုတ်ဖော်မြွက်ကြား အတည်ပြုထားတော်မူခဲ့ကြကုန်၏။ ကိုးဆယ့်နှစ်ပါးသော သိက္ခာပုဒ် ဥပဒေတော်တို့ကို ဤသိက္ခာပုဒ်တို့ကား သုဒ္ဓပါစိတ် သိက္ခာပုဒ်တို့တည်းဟု ကြွေးကြော်မြွက်ဆို အတည်ပြု ထားတော်မူခဲ့ကြကုန်၏။ လေးပါးသောသိက္ခာပုဒ် ဥပဒေတော်တို့ကို ဤသိက္ခာပုဒ် ဥပဒေတော်တို့ကား ပါဋိဒေသနီသိက္ခာပုဒ် ဥပဒေတော်တို့တည်းဟု ထုတ်ဖော်မြွက်ကြား အတည်ပြုထားတော်မူခဲ့ကြကုန်၏။ ခုနစ်ဆယ့်ငါးပါးသော သိက္ခာပုဒ် ဥပဒေတော်တို့ကို ဤသိက္ခာပုဒ်တို့ကား သေခိယသိက္ခာပုဒ် ဥပဒေတော်တို့တည်းဟု ထုတ်ဖော်မြွက်ကြား ထားတော်မူခဲ့ကြကုန်၏။ ခုနစ်ပါးသော တရားတို့ကို အဓိကရဏသမထ=အဓိကရုဏ်းကို ငြိမ်းစေတတ်သော တရားတို့ဟူ၍ ထုတ်ဖော်မြွက်ကြား ထားတော်မူခဲ့ကြကုန်၏။ ဤသို့ဖြင့် နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်သော သိက္ခာပုဒ် ဥပဒေတော်တို့ကို ဘိက္ခုမဟာဝိဘင်းဟု ထုတ်ဖော်မြွက်ကြား ထားတော်မူခဲ့ကြကုန်၏။

မဟာပထဝီမြေကြီး တုန်လှုပ်မြန်ခြင်း

ယင်းသို့ ဘိက္ခုမဟာဝိဘင်းပါဠိတော်ကို သံဂါယနာတင်တော်မူပြီးရာ အခါ၌ ပဉ္စမပါရာဇိကသိက္ခာပုဒ် ဥပဒေတော်မြတ်ကြီးကို ညီညာသံချို ရွတ်ဆိုသရဇ္ဈာယ်မှု စတည်အားထုတ်စအခါ နည်းတူ ကောင်းချီးသံပေးသကဲ့သို့ ယူဇနာကိန်း နှစ်သိန်းလေးသောင်း ထုပေါင်းသချာ မဟာပထဝီမြေကြီးသည် ကြံညှစ်ရဟတ် ဆီပွတ်ယန္တယား ချည်ပွတ်ခြားပုံ အမျိုးမျိုးအဖုံဖုံ တုန်လှုပ်ခဲ့လေ၏။

၃၇၉။ သြသာနေ ဝိဘင်္ဂဿပိ၊ ဥဋ္ဌာယန္တံဝ ပီဠိတံ။
တေလယန္တေ ယထာ စက္ကံ၊ ဝေ ကမ္ပိတ္ထ မေဒနီ။

ဘိက္ခုနီဝိဘင်း ဆက်လက် သံဂါယနာတင်
မဟာပထဝီမြေကြီး တုန်လှုပ်ပြန်ခြင်း

သံဂီတိနာယက သံဃပါမောက္ခ အရှင်မဟာကဿပ အမှူးရှိသော သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်တို့သည် ဘိက္ခုမဟာဝိဘင်းကို သံဂါယနာတင်ပြီးနောက် ဘိက္ခုနီဝိဘင်းကို ဆက်လက် အရှင်မဟာကဿပ မဟာထေရ်မြတ်က မေး, အရှင်ဥပါလိမထေရ်က ဖြေ ပေါင်းယှူဖွဲ့စည်း သီကုံးသံပြိုင် ညီညွတ်ရွတ်ဆို သံဂါယနာ တင်တော်မူကြသည်။ ဘိက္ခုနီဝိဘင်း၌ ရှစ်ပါးသောသိက္ခာပုဒ်တို့ကို ဤ သိက္ခာပုဒ် ဥပဒေတော်အပေါင်းသည် ပါရာဇိကကဏ္ဍ=ပါရာဇိကအခန်းမည်၏-ဟု ထုတ်ဖော်မြွက်ကြား ထားတော်မူခဲ့ကြကုန်၏။ တစ်ဆယ့်ခုနစ်ပါးသော သိက္ခာပုဒ်ဥပဒေတော်တို့ကို ဤသိက္ခာပုဒ်အပေါင်းသည် တစ်ဆယ့်ခုနစ်ပါးသော သံဃာဒိသေသ်သိက္ခာပုဒ် အပေါင်းတည်းဟု ထုတ်ဖော်မြွက်ကြားထားတော်မူခဲ့ကြကုန်၏။သုံးဆယ်သောသိက္ခာပုဒ် ဥပဒေတော်တို့ကို ဤသိက္ခာပုဒ်ဥပဒေတော်တို့ကား နိဿဂ္ဂိယပါစိတ် သိက္ခာပုဒ်ဥပဒေတော်တို့တည်းဟု ထုတ်ဖော်မြွက်ကြားထားတော်မူခဲ့ကြကုန်၏။တစ်ရာ့ခြောက်ဆယ်ခြောက်ပါးသော သိက္ခာပုဒ်ဥပဒေတော်တို့ကို ဤသိက္ခာပုဒ်ဥပဒေတော်တို့ကား သုဒ္ဓပါစိတ် သိက္ခာပုဒ်ဥပဒေတော်တို့တည်းဟု ထုတ်ဖော်မြွက်ကြား ထားတော်မူခဲ့ကြကုန်၏။ ရှစ်ပါးသောသိက္ခာပုဒ်တို့ကို ဤသိက္ခာပုဒ်တို့ကား ပါဋိဒေသနီသိက္ခာပုဒ် ဥပဒေတော်တို့တည်းဟု ထုတ်ဖော်မြွက်ကြား ထားတော်မူခဲ့ကြကုန်၏။ ခုနစ်ဆယ့်ငါးပါးသော သိက္ခာပုဒ်ဥပဒေတော်တို့ကို ဤသိက္ခာပုဒ်ဥပဒေတော်တို့ကား သေခိယသိက္ခာပုဒ် ဥပဒေတော်တို့တည်းဟု ထုတ်ဖော်မြွက်ကြား ထားတော်မူခဲ့ကြကုန်၏။ ခုနစ်ပါးသော တရားတို့ကို ဤတရားတို့ကား အဓိကရဏသမထ=အဓိကရဏ်းငြိမ်းကြောင်းတရားတို့တည်းဟု ထုတ်ဖော်မြွက်ကြား ထားတော်မူခဲ့ကြကုန်၏။

ဤသို့ဖြင့် သုံးရာ့လေး (၃၀၄)ပါး အဓိကရဏသမထနှင့်တကွ သုံးရာတစ်ဆယ့်တစ် (၃၁၁) ပါးသော သိက္ခာပုဒ် ဥပဒေတော်အပေါင်းကို ဤသိက္ခာပုဒ်အပေါင်းသည် ဘိက္ခုနီဝိဘင်းတည်းဟုထုတ်ဖော်မြွက်ကြား၍ ဤဥဘတောဝိဘင်းမည်သည် ခြောက်ဆယ့်လေးဘာဏဝါရရှိ၏ဟု ထုတ်ဖော်မြွက်ကြား ထားတော်မူခဲ့ကြလေကုန်ပြီ။ ယင်းဥဘတောဝိဘင်းကို

မေး ၊ ဖြေ ပေါင်းယှဉ်သီကုံးညီညာသံချိ ရွတ်ဆိုသံဂါယနာတင်ပြီးရာအခါ၏ အဆုံး၌လည်း ဤမဟာပထဝီမြေကြီးသည် အမျိုးမျိုး အဖုံဖုံ တုန်လှုပ်လေ၏။[၁]

၃၅၀။ ဥဘတောဝိဘင်္ဂဝိနယ-ဩသာနေပိ ဝသုမတီ။
အနေကသော အကမ္ပိတ္ထ၊ သမ္ဘုဒ္ဓဒမ္မတေဇသာ။

တစ်ဘာဏဝါရ အက္ခရာပေါင်း ရှစ်ထောင်

တစ်ကြိမ် ရွတ်ဆိုယိုက်သော အလှည့်အကြိမ် အက္ခရာပေါင်း ရှစ်ထောင် အတိုင်းအရှည်ရှိသော ပါဠိစကားစု (ပါဠ်) သည် ဘာဏဝါရမည်၏။ အပန်းဖြေကာရပ်မနေဘဲ တစ်ကြိမ်ရွတ်ဆိုထိုက်သောပါဌ်သည်ဘာဏဝါရ မည်၏။ ရှစ်လုံးဖွဲ့ဂါထာပေါင်း ၂၅၀-နှင့်ညီမျှသည်။ သို့ဖြစ်၍ အက္ခရာ ပေါင်း ရှစ်ထောင်ရှိ၏ဟု ရေတွက်ကြသည်။

၃၅၁။ အဋ္ဌက္ခရာ ဧကပဒံ၊ ဧကဂါထာ စတုပ္ပဒံ။
ဂါထာ စေကော မတော ဂန္ထော၊ ဂန္ထော ဗာတ္တိံသ အက္ခရာ။

၃၅၂။ ဗာတ္တိံသက္ခရဂန္ထာနံ၊ ပညာသဒွိသတံ ပန။
ဘာဏဝါရော မတော ဧကော၊ သွဋ္ဌက္ခရသဟဿကော။[၂]

မဟာဝဂ္ဂ, စူဠဝဂ္ဂ, ပရိဝါရတို့ ဆက်သံဂါယနာဘင် ဝိနယပိဋက သတ်မှတ်ထားတော်မူကြ

ဤနည်းဖြင့် ဘာဏဝါရရှစ်ဆယ် အတိုင်းအရှည်ရှိသော မဟာဝဂ္ဂ ခန္ဓက, စူဠဝဂ္ဂခန္ဓကနှင့် နှစ်ဆယ့်ငါးဘာဏဝါရ အတိုင်းအရှည်ရှိသော ပရိဝါရကို သံဂါယနာတင်တော်မူ၍ ဤတရားအပေါင်းသည် ဝိနယ ပိဋက (ဝိနည်းပိဋက) မည်၏ဟု ထုတ်ဖော်မြွက်ကြား ထားတော်မူခဲ့ကြ ကုန်၏။

မဟာပထဝီမြေကြီး တုန်လှုပ်ပြန်ခြင်း

ဤ ဝိနည်းပိဋကတစ်ခုလုံးကို သံဂါယနာတင်ပြီးသည်၏ အဆုံး၌လည်း ယူဇနာပေါင်း နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီး သည် ဝဲယာရှေ့နောက် ထက်အောက်ခြောက်တွေ့ တုန်လှုပ်လေသည်။

၁။ ဒီ၊ ဋ္ဌ၊ ၁၊ ၁၃။ ဝိ၊ ဋ္ဌ၊ ၁။ ၁၂-လည်းကြည့်။
၂။ သီ၊ ဋီ၊ သစ်၊ ၁။ ၈၁။ သီ၊ ဋီ၊ သစ်။ ၂။ ၂၂၅။

၃၅၃။ ဝိနယာဝသာနေ စာပိ၊ မဟာပထဝိ ကမ္ပနံ။
အဟောသိ ဓမ္မတေဇေန၊ သမ္ဗုဒ္ဓဿ သိရီမတော။

အရှင်မဟာကဿပက အရှင်ဥပါလိအား တပည့်များကို ဝိနည်းပိဋက မပြတ်ချပို့စေရန် အပ်နှင်းခြင်း

ယင်းသို့ ဝိနည်းပိဋကကို သံဂါယနာတင်ပြီးသောအခါ သံဂီတိနာယက သံဃပါမောက္ခဖြစ်တော်မူသော အရှင်မဟာကဿပသည် အို- ငါ့ရှင်ဥပါလိ ငါ့ရှင်သည် ဤယခု သံဂါယနာတင်ပြီးသောဝိနည်းပိဋကတော်ကို ငါ့ရှင်ရဲ့တပည့်တွေကို မပြတ်ချပို့ပါစေဟု မိန့်ဆိုအပ်နှင်းတော်မူခဲ့လေသည်။ အရှင်ဥပါလိကလည်း မှန်ပါဘုရား အရှင်မြတ်ကြီး၏အမိန့်တော်ကိုဦးထိပ်ရွက်ပန်ဆင်ကာ တပည့်တော်ကိုယ်တိုင်လည်း ဝိနည်းကို ဦးစားပေး ချပို့ပါမည်။ တပည့်ရဟန်းတို့ကိုလည်း ချပို့စေပါမည်ဟု ဝန်ခံလျှောက်ထား၍ ဝန်ခံသည့်အတိုင်း ဘုရားရှင်ပရိနိဗ္ဗာန်စံဝင် ပဌမသံဂါယနာတင်ပြီးနောက် ဝိနည်းပိဋကကို အခေါက်ပေါင်း ၃၀-ကျော်မျှ ချပို့တော်မူခဲ့လေသည်။ အရှင်ဒါသက အစရှိသော တပည့်ရဟန်းတို့ကိုလည်း ချစေတော်မူခဲ့လေသည်။ အရှင်ဒါသကထံ ဝိနည်းပိဋက အပါအဝင် ပိဋကသုံးပုံသင်ယူကြသည့် တပည့်ရဟန်းတို့မှာ ရဟန္တာပုဂ္ဂိုလ်ချည်းတစ်ထောင်အရေအတွက် ရှိလေသည်။ ပုထုဇဉ်ရဟန်း, သောတာပန်ရဟန်း, သကဒါဂါမ်ရဟန်း, အနာဂါမ်ရဟန်းတို့ကား ဂဏန်းမထိုးနိုင်အောင် လွန်မြားမြောင်လှကုန်၏။

၃၅၄။ ပရိနိဗ္ဗုတေ သမ္ဗုဒ္ဓေ၊ ဥပါလိထေရော မဟာဇုတိ။
ဝိနယံ တာဝ ဝါစေသိ၊ တိံသဝဿံ အနူနကံ။
၃၅၅။ ခီဏာသဝသဟဿံဝ၊ ဒါသကတ္ထေရသန္တိတေ။
တိပေဋကံ သမုဂ္ဂဏှိ၊ တဒညေတု အနပ္ပကာ။[၂]

အရှင်ဥပါလိ ဓမ္မာသနမှဆင်းကြွ မိမိကျောင်း နေရာ ထိုင်နေခြင်း

ဝိနယဝိသဇ္ဇကဖြစ်တော်မူသော အရှင်ဥပါလိမထေရ်သည်ဝိနယပိဋက သံဂါယနာတင်အပြီး ဆင်စွယ်တို့ဖြင့်စီခြယ်ထားသည့် လေးထောင့်ယပ်ကို ဓမ္မာသနရှေ့ စားပွဲပေါ်၌ ချထားခဲ့ကာ ဓမ္မာသန=တရားပလ္လင်မှဆင်း၍

၁။ ဒီပဝံသ၊ ၅၊ ၂၉၊
၂။ ဝိသုတာ၊ ၁၂၃-ကြည့်၊

မဟာထေရ်ကြီး ရဟန်းတို့ကို ရှိခိုးဦးချပြီးလျှင် မိမိ ဝါစဉ်အလိုက် ကျရောက်သောနေရာ၌ ထိုင်နေတော်မူလေသည်။

၃၅၆။ ဓမ္မာသနာ ဩရောဟိတွာ၊ ထေရော ဥပါလိ ပဏ္ဍိတော။
ထေရေ ဘိက္ခူ ဝန္ဒိတွာန၊ ပတ္တာသနေ နိသီဒိ ခေါ။

သုတ် အဘိဓမ္မာ သံဂါယနာတင်ရာ၌
အရှင်အာနန္ဒာကို ဝိဿဇ္ဇကအဖြစ် လျှောက်ကြခြင်း

ဝိနည်းကို သံဂါယနာတင်တော်မူပြီး သုတ်, အဘိဓမ္မာကို သံဂါယနာတင်တော်မူလိုသော သံဂီတိနာယက သံဃပါမောက္ခ ဖြစ်တော်မူသော အရှင်မဟာကဿပ မဟာထေရ်က- အို- ငါ့ရှင်တို့.... သုတ်, အဘိဓမ္မာကို သံဂါယနာတင်ကြမည့် အကျွန်ုပ်တို့သည် အဘယ်ပုဂ္ဂိုလ်ကို ဝန်ဆောင် (ဓုရန္ဓရ)အဖြေပုဂ္ဂိုလ်(ဝိဿဇ္ဇက)ပြု၍ သံဂါယနာတင်ထိုက်ပါသနည်းဟု သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်တို့အား မေးတော်မူရာ သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်တို့က- မဟာထေရ် အရှင်သူမြတ်ကြီး ဘုရား.... သုတ်, အဘိဓမ္မာကို သံဂါယနာတင်ကြမည့် တပည့်တော်တို့သည် အရှင်အာနန္ဒာထေရ်ကို ဝန်ဆောင်= ဓုရန္ဓရ၊အဖြေပုဂ္ဂိုလ်= ဝိဿဇ္ဇကပြု၍ သံဂါယနာတင်ထိုက်ပါသည်ဘုရားဟု လျှောက်ထားတော်မူကြသည်။ထိုအခါ အရှင်မဟာကဿပ မဟာထေရ်မြတ်က ဆောင့်ကြောင့်ထိုင် ကိုယ်ရုံကေသီ ပံ့သကူသက်န်းကို လက်ကတော့တင်ကာ အောက်ပါ ပုစ္ဆကသမ္မုတိ ဉတ်ထားတော်မူသည်။

အရှင်မဟာကဿပ ထားတော်မူအပ်သော
ပုစ္ဆကသမ္မုတိဉတ်

သုဏာတု မေ အာဝုသော သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာနန္ဒံ ဓမ္မံ ပုစ္ဆေယျံ။

မြန်မာပြန်။ ။ငါ့ရှင်တို့.... သံဃာတော်သည် အကျွန်ုပ်၏ စကားကို နာယူစေချင်ပါသည်။ သံဃာတော်အား သင့်လျော်လျောက်ပတ်သော အခါ (အင်္ဂါနှင့်ပြည့်စုံခြင်း)ရှိသည့် ကံဖြစ်ပါမူ အကျွန်ုပ်သည် အာနန္ဒာကို သုတ် ဓမ္မ ဆိုင်ရာကို မေးမြန်းစိစစ်ရာ၏။ မေးမြန်းစိစစ်ပါမည်။

သံဂီတိမဟာနာယက အရှင်မဟာကဿပမဟာထေရ် ဥတ်ထားပြီး နောက် အရှင်အာနန္ဒာသည် ဆောင့်ကြောင့်ထိုင် ကိုယ်ရှိကေသီသက်န်းကို လက်ကတော့တင်ကာ အောက်ပါအတိုင်း ဝိဿဇ္ဇကသမ္မုတိဥတ်ကို ထား တော်မူလေသည်။

အရှင်အာနန္ဒာ ထားအပ်သော
ဝိဿဇ္ဇက သမ္မုတိဥတ်

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊
အဟံ အာယသ္မတာ မဟာကဿပေန ဓမ္မံ ပုဋ္ဌော ဝိဿဇ္ဇေယျံ။

မြန်မာပြန်။ ။သံဃာတော်အရှင်သူမြတ်တို့ဘုရား....သံဃာတော်သည် အကျွန်ုပ်၏စကားကို နာယူစေချင်ပါသည်။ သံဃာတော်အား သင့်လျော် လျောက်ပတ်သောအခါ (အင်္ဂါနှင့် ပြည့်စုံခြင်း) ရှိသည်ဖြစ်ပါမူ တပည့် တော်သည် အရှင်မဟာကဿပသည် မေးအပ်သည်ဖြစ်၍ သုတ်, အဘိဓမ္မာ ဆိုင်ရာကို ဖြေကြား လျှောက်ထားပါမည် ဘုရား။

အရှင်အာနန္ဒာ ဓမ္မာသန (တရားပလ္လင်) ပေါ်ကြွ
ဆင်စွယ်ယပ်ကိုင် ထိုင်တော်မူခြင်း

ယင်းသို့ဥတ်ထားတော်မူပြီးနောက် ဓမ္မဘဏ္ဍာဂါရိက တရားဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင်အာနန္ဒာသည် ထေရ်စဉ်ဝါလိုက် ကျသည်အား လျော်စွာ ထိုင်နေသည့်နေရာမှထတော်မူ၍ ကိုယ်ရှိအပေါ် ကေသီသက်န်း ကို လက်ကတော့တင်ကာ မိမိထက် သိက္ခာတော် ဝါတော်ကြီးသည့်ရဟန်း တို့ကို ရှိခိုးဦးချပြီးလျှင် ဆင်စွယ်တို့ဖြင့် စီခြယ်အပ်သော လေးထောင့်ယပ် ကို ကိုင်တော်မူလျက် ဓမ္မာသန = တရားပလ္လင်ထက်ဝယ် ထိုင်နေတော်မူ လေ၏။

သုတ္တန်ပိဋက သံဂါယနာတင်ရန် လျှောက်ထားကြခြင်း

ဓမ္မဝိဿဇ္ဇက ဓမ္မဘဏ္ဍာဂါရိက(=တရားဘဏ္ဍာစိုး) ဖြစ်တော်မူသော အရှင်အာနန္ဒာ ဓမ္မာသနပလ္လင်ထက် ရောက်ရှိရာအခါ၌ သံဂီတိမဟာ နာယက အရှင်မဟာကဿပက = ငါ့ရှင်တို့.... သုတ္တန်ပိဋက, အဘိဓမ္မာ ပိဋက နှစ်ခုတို့တွင် အဘယ်ပိဋကကို ရှေးဦးစွာ သံဂါယနာတင်ကြပါမည်

နည်းဟု မေးတော်မူရာ၊ သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်အားလုံးက- မဟာထေရ်အရှင်သူမြတ်ကြီးဘုရား.... တပည့်တော်တို့ သုတ္တန်ပိဋက, အဘိဓမ္မာပိဋက နှစ်ခုတို့တွင် သုတ္တန်ပိဋကကို ရှေးဦးစွာ သံဂါယနာတင်ကြပါစို့ ဘုရားဟု တညီတညွတ်တည်း လျှောက်ထားကြကုန်၏။

ဒီဃသင်္ဂီတိ=ဒီဃနိကာယ် ရှေးဦးစွာ သံဂါယနာတင်သင့်ကြောင်း လျှောက်ထားကြခြင်း

အို- ငါ့ရှင်တို့.... သုတ္တန်ပိဋကတွင်-

၁။ ဒီဃသင်္ဂီတိ = ဒီဃနိကာယ်၊
၂။ မဇ္ဈိမသင်္ဂီတိ = မဇ္ဈိမနိကာယ်၊
၃။ သံယုတ်သင်္ဂီတိ=သံယုတ္တနိကာယ်၊
၄။ အင်္ဂုတ္တရသင်္ဂီတိ=အင်္ဂုတ္တရနိကာယ်၊

အားဖြင့် နိကာယ် ၄-ရပ်ရှိရာ အဘယ်နိကာယ်ကို ရှေးဦးစွာ သံဂါယနာ တင်အပ် တင်သင့် တင်ထိုက်ပါသနည်းဟု မေးမြန်းတော်မူရာ၊ သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်တို့က အို သာသနာ့ကြီးကိုင် စိုးပိုင်အာဏာ တည်ရှိတော်မူပါသော သံဂီတိနာယက သံဃပါမောက္ခ ဖြစ်တော်မူသော မဟာထေရ်အရှင်သူမြတ်ကြီးဘုရား.... တပည့်တော်တို့သည် သုတ္တန်ပိဋက နိကာယ်ရပ်အနက် ဒီဃသင်္ဂီတိခေါ် ဒီဃနိကာယ်ကို ရှေးဦးစွာ သံဂါယနာတင်အပ် တင်သင့် တင့်ထိုက်ပါသည်ဘုရားဟု တညီတညွတ်တည်း လျှောက်ထားကြကုန်၏။

သီလက္ခန္ဓဝဂ် ရှေးဦးစွာ သံဂါယနာတင်သင့်ကြောင်း လျှောက်ထားကြခြင်း

ထိုအခါ အရှင်မဟာကဿပမဟာထေရ်က-အိုငါ့အရှင်တို့....ဒီဃသံဂီတိခေါ်[၁] ဒီဃနိကာယ်၌ သုတ်ပေါင်း သုံးဆယ့်လေး (၃၄)သုတ်ရှိ၍၊ ဝဂ်ပေါင်းမှာ-(၁) သီလက္ခန္ဓဝဂ်၊ (၂) မဟာဝဂ်၊ (၃) ပါထိကဝဂ်အားဖြင့် ဝဂ်ပေါင်း သုံး(၃)ဝဂ် ရှိသည်။ ထို ၃-ဝဂ်တို့တွင် အဘယ်ဝဂ်ကို ရှေးဦးစွာ သံဂါယနာတင်သင့်ပါသနည်း-ဟု မေးမြန်းဆွေးနွေးရာ သံဂီ-

---

၁။ ဒီဃသင်္ဂီတိ၊ ဒီဃာဂမ၊ ဒီဃနိကာယ-တို့ကား ပရိယာယ်တည်း။

တိကာရက ရဟန်းများက– အို သံဂီတိမဟာနာယက အရှင်သူမြတ်ကြီးဘုရား.... သီလက္ခန္ဓဝဂ်, မဟာဝဂ်, ပါထိကဝဂ်အားဖြင့် ၃-ဝဂ်တို့တွင် သီလက္ခန္ဓဝဂ်ကို တပည့်တော်များ ဦးစွာပဌမ သံဂါယနာတင်သင့်ပါသည်ဘုရား ...ဟု လျှောက်ထားကြကုန်၏။

သီလက္ခန္ဓဝဂ်၌ ဗြဟ္မဇာလသုတ်ကို ရှေးဦးစွာ သံဂါယနာတင်သင့်ကြောင်း လျှောက်ထားကြခြင်း

အို ငါ့ရှင်တို့.... ယင်း သီလက္ခန္ဓဝဂ်မှာ ဗြဟ္မဇာလသုတ်, သာမညဖလသုတ် စသောအားဖြင့် ၁၃-ဆယ့်သုံးသုတ်ရှိသည့်အနက် အဘယ်သုတ်ကို ရှေးဦးစွာ သံဂါယနာတင်သင့်ပါသနည်းဟု ဆွေးနွေးမေးမြန်းတော်မူရာ သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်တို့က— သံဂီတိမဟာနာယက, သံဂီတိပမောက္ခ, သံဂီတိဥက္ကဋ္ဌဖြစ်တော်မူသောအရှင်သူမြတ်ကြီးဘုရား....စူဠသီလ,မဇ္ဈိမသီလ,မဟာသီလ-ဟူသောသီလသုံးပါးတို့ဖြင့် တန်ဆာဆင်အပ်,အထူးထူးသောအပြားရှိသော မိစ္ဆာဇီဝဖြစ်သော ကုဟနလပန အစရှိသည်တို့ကို ဖျက်ဆီးတတ်သော ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူ ကွန်ရက်ကို ဖြေရှင်းနိုင်, စကြဝဠာ လောကဓာတ်ပေါင်း တိုက်တစ်သောင်းကို တုန်လှုပ်စေတတ်သော ဗြဟ္မဇာလသုတ်ကို[1] တပည့်တော်များ ရှေးဦးစွာ သံဂါယနာတင်သင့်ပါသည်ဟု လျှောက်ထားကြကုန်၏။

ယင်းသို့ သုတ္တန်ပိဋကတွင် ဒီဃနိကာယ်၊ဒီဃနိကာယ်တွင်သီလက္ခန္ဓဝဂ်, သီလက္ခန္ဓဝဂ်တွင် ဗြဟ္မဇာလသုတ်ကို ရှေးဦးစွာ သံဂါယနာတင်ရန် ဆုံးဖြတ်တော်ပြီးနောက် သံဂီတိမဟာနာယက အရှင်မဟာကဿပ မထေရ်နှင့် အရှင်အာနန္ဒာမထေရ်တို့ အောက်ပါအတိုင်း မေးဖြေတော်မူကြသည်။

ဗြဟ္မဇာလသုတ် အမေးအဖြေ

(အရှင်မဟာကဿပ) ဗြဟ္မဇာလံ အာဝုသော အာနန္ဒ ကတ္ထ ဘာသိတံ။

ငါ့ရှင်အာနန္ဒာ... ဗြဟ္မဇာလသုတ်တော်ကို အဘယ်အရပ်၌ ဘုရားမြတ်စွာ ဟောတော်မူအပ်ပါသနည်း။

၁။ ယင်း ဗြဟ္မဇာလသုတ်ကို အတ္ထဇာလသုတ်, ဓမ္မဇာလသုတ်, ဒိဋ္ဌိဇာလသုတ်, အနုတ္တရသင်္ဂါမဝိဇယသုတ်–ဟုလည်း ဘုရားမြတ်စွာ အမည်ပေးတော်မူခဲ့သည်။ ဒီ၊ ၁။ ၄၃။

(**အရှင်အာနန္ဒာ**)။ ။"အန္တရာ စ ဘန္တေ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ ရာဇာဂါရကေ အမ္ဗလဋ္ဌိကာယံ ဘာသိတံ။

သံဂီတိမဟာနာယက မဟာထေရ် အရှင်သူမြတ်ကြီး ဘုရား.... ရာဇဂြိုဟ်မြို့တော်နှင့်နာဠန္ဒမြို့အကြား ဥယျာဉ် ဝယ် ခက်လက်ရှည်တို စိမ်းလန်းစိုသည့် သရက်ပင်ပျိုရှိ သောကြောင့် အမ္ဗလဋ္ဌိကအမည်ရသော မင်းဥယျာဉ် အ တွင်း မင်းကွန်း မင်းတဲ ဗိုလ်တဲ၌ ဗြဟ္မဇာလသုတ်တော်ကို မြတ်စွာဘုရားသည် ကရုဏာရှေ့ထား ဟောကြားတော်မူ အပ်ပါသည်ဘုရား။

(**အရှင်မဟာကဿပ**)။ ။"ကံ အာရဗ္ဘ ဘာသိတံ။

ငါ့ရှင်အာနန္ဒာ.... အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ထိုဗြဟ္မဇာလသုတ်တော်ကို ဘုရားမြတ်စွာ ဟောကြား တော်မူအပ်ပါသနည်း။

(**အရှင်အာနန္ဒာ**)။ ။"သုပ္ပိယဉ္စ ဘန္တေ ပရိဗ္ဗာဇကံ ဗြဟ္မဒတ္တဉ္စ မာဏဝံ အာရဗ္ဘ ဘာသိတံ။

သာသနာ့ကြီးကိုင် စိုးပိုင်အာဏာ တည်ရှိတော်မူပါ သော သံဂီတိမဟာနာယက အရှင် သူမြတ်ကြီးဘုရား.... သိဉ္စည်း ဆရာကြီး၏ အနီးနေ တပည့် အန္တေဝါသိက သုပ္ပိယပရိဗိုဇ်ကိုလည်းကောင်း, ထို သုပ္ပိယပရိဗိုဇ်၏ အနီး နေ တပည့် အန္တေဝါသိက ဗြဟ္မဒတ် လုလင်ကို လည်း ကောင်း အကြောင်းပြု၍ ထိုဗြဟ္မဇာလ သုတ်တော်ကို ဘုရားဇိနေ်သည် ကရုဏာရှေ့ထား ဟောကြားတော် မူ အပ်ပါသည် ဘုရား။

(**အရှင်မဟာကဿပ**)။ ။ကိသ္မိံ အာရဗ္ဘ ဝတ္ထုသ္မိံ ဘာသိတံ။

ငါ့ရှင်အာနန္ဒာ.... အဘယ်ဝတ္ထု အဋ္ဌုပ္ပတ္တိကြောင့် ထိုဗြဟ္မဇာလသုတ်တော်ကို ဘုရားမြတ်စွာသည် ကရုဏာ ရှေ့ထား ဟောကြားတော်မူအပ်ပါသနည်း။

(အရှင်အာနန္ဒာ)။ ။ဝဏ္ဏော ဝဏ္ဏော ဘန္တေ။ သုပ္ပိယော ဟိ ဘန္တေ အနေကပရိယာယေန ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ အဝဏ္ဏံ ဘာသတိ၊ သံဃဿ အဝဏ္ဏံ ဘာသတိ၊ သုပ္ပိယဿ ပန ပရိဗ္ဗာဇကဿ အန္တေဝါသီ ဗြဟ္မဒတ္တော မာဏဝေါ အနေကပရိယာယေန ဗုဒ္ဓဿ ဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ ဝဏ္ဏံ ဘာသတိ၊ သံဃဿ ဝဏ္ဏံ ဘာသတိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

ဘုရား တရား သံဃာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူး စကားပြောကြားခြင်း ရတနာသုံးပါး၏ ကျေးဇူးမဲ့ကဲ့ရဲ့ အပ်သောအပြစ်ကို ပြောကြားခြင်းဟူသော အကြောင်း ဝတ္ထု အဋ္ဌုပ္ပတ္တိကြောင့် ဘုရားမြတ်စွာသည် ကရုဏာ ရှေ့ထား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သံဂီတိမဟာနာယက မဟာထေရ် အရှင်သူမြတ်ကြီး ဘုရား.... အနည်းငယ်ချဲ့၍ လျှောက်ထားပါရစေဘုရား။

ဘုရားမြတ်စွာသည် ရာဇဂြိုဟ်မြို့တော်မှ နာဠန္ဒာမြို့သို့ ရဟန်းတော်ငါးရာ ခြံရံကာ အဓွန့်ရှည်လျားသောခရီးသို့ ကြွတော်မူသောအခါ သုပ္ပိယပရိဗိုဇ်သည်လည်း အနီးနေ အန္တေဝါသိကတပည့် ဗြဟ္မဒတ်လုလင် = အမျိုးပြူသော ပရိဗိုဇ်ပရိသတ်တို့နှင့်တကွ ဘုရားမြတ်စွာနောက်မှရာဇဂြိုဟ် မြို့တော်နှင့် နာဠန္ဒာမြို့အကြား အဓွန့်ရှည်လျားသောခရီးသို့ သွားဆဲဖြစ်ပါသည်။

ထိုအခါ သုပ္ပိယပရိဗိုဇ်သည် ဘုရားဇိနေ်ာ ပွင့်ထွန်း တော်မူသည့်အခါမှစ၍ သာသနာပြင်ပ အညတိတ္ထိယတို့ လာဘ် ပူဇော်သက္ကာရမှ ယုတ်လျော့သည်၏ အဖြစ်ကို သည်းမခံနိုင် ငြူစူစောင်းမြောင်းလှသဖြင့်လည်းကောင်း၊ ဥပတိဿ,ကောလိတတို့ ဘုရားထံမှောက် ရောက်ကြသည်မှ စ၍ ပရိဗိုဇ်တို့၏ အရှိန်အဝါသည် လွန်စွာယုတ်လျော့

သည်ကို ဖြူစူစေခြင်းငှာ လွန်းလှသဖြင့်လည်းကောင်း မဟုတ်မတရား များစွာသော အကြောင်းတို့ဖြင့် ဘုရားမြတ်စွာ၏ ကျေးဇူးမဲ့ကဲ့ရဲ့အပ်သောအပြစ်ကိုလည်းကောင်း တရားတော်၏ ကျေးဇူးမဲ့ ကဲ့ရဲ့အပ်သော အပြစ်ကိုလည်းကောင်း သံဃာတော်၏ ကျေးဇူးမဲ့ ကဲ့ရဲ့အပ်သော အပြစ်ကိုလည်းကောင်း ပြောကြားအပ်ပါသည်။

သုပ္ပိယပရိဗိုဇ်၏ အနီးနေ အန္တေဝါသိက တပည့်ဖြစ်သူ ဗြဟ္မဒတ်လုလင်သည်ကား များလှစွာသော ဟုတ်မှန်သော အကြောင်းတို့ဖြင့် ဘုရားမြတ်စွာ၏ ချီးမွမ်းအပ်သော ဂုဏ်ကျေးဇူးစကားကိုလည်းကောင်း၊တရားတော်၏ ဂုဏ်ကျေးဇူး စကားကိုလည်းကောင်းသံဃာတော်၏ဂုဏ်ကျေးဇူးစကားကို လည်းကောင်း ပြောကြားလျက်ရှိပါသည်။

ဤသို့လျှင် သုပ္ပိယပရိဗိုဇ်၏ ဘုရား တရား သံဃာ ရတနာသုံးပါး၏ ကျေးဇူးမဲ့ကဲ့ရဲ့အပ်သောအပြစ်စကားကို ပြောကြားခြင်း၊ထိုသုပ္ပိယပရိဗိုဇ်၏အနီးနေ အန္တေဝါသိက တပည့်ဖြစ်သူ ဗြဟ္မဒတ်လုလင်၏ ရတနာသုံးပါး၏ကျေးဇူး စကားကို ပြောကြားခြင်းဟူသော အကြောင်းဝတ္ထု အဋ္ဌုပ္ပတ္တိကြောင့် ထိုဗြဟ္မဇာလသုတ်တော်ကိုဘုရားမြတ်စွာ ကရုဏာရှေ့ထား ဟောကြားတော်မူအပ်ပါသည်ဘုရား။

ဤသို့ဖြင့် သံဂီတိမဟာနာယက အရှင်မဟာကဿပသည် သံဂီတိဝန်ဆောင် "ဓုရန္ဓရ" ဓမ္မအဖြေပုဂ္ဂိုလ် ဝိဿဇ္ဇကဓမ္မဘဏ္ဍာဂါရိက တရားဘဏ္ဍာစိုးအရှင်အာနန္ဒာကို ဗြဟ္မဇာလသုတ်တော်၏ နိဒါန်းကိုလည်း မေးတော်မူပြီ။ ပုဂ္ဂိုလ်ကိုလည်း မေးတော်မူပြီ။ အကြောင်းဝတ္ထု အဋ္ဌုပ္ပတ္တိကိုလည်း မေးတော်မူပြီ။ အရှင်အာနန္ဒာသည် ကရားရေလွှတ် တတွတ်တွတ် ဖြေဆိုတော်မူလေပြီ။ ဗြဟ္မဇာလသုတ်တော်နှင့်စပ် မေးသမျှအရပ်ရပ်ကို ဖြေဆိုပြီးရာကာလ၏အဆုံး၌ သံဂီတိကာရက ရဟန္တာသခင် အရှင်

သူမြတ် ငါးရာတို့သည် "ဝေံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ အဒ္ဓါန မဂ္ဂပ္ပဋိပန္နော ဟောတိ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ[၁]"စသည်ဖြင့် အားလုံးညီညာ သံချီ အပေါင်းအစု သရဇ္ဈာယ်တော်မူ အတည်ပြုတော်မူ ကြကုန်၏။

မဟာပထဝီမြေကြီး တုန်လှုပ်ခြင်း

ယင်းသို့ အတ္တဇာလသုတ် ဟူ၍လည်းကောင်း, ဗြဟ္မဇာလသုတ်ဟူ၍ လည်းကောင်း, ဒိဋ္ဌိဇာလသုတ်ဟူ၍လည်းကောင်း, အနုတ္တရသင်္ဂါမဝိဇယ သုတ် ဟူ၍လည်းကောင်း, ဘုရားမြတ်စွာ အမည်တော်ပေးခဲ့သော သုတ် ကြီး သံဂါယနာတင် ရဟန္တာသခင် အရှင်မြတ်ငါးရာတို့ ညီညာသံချီ ရွတ်ဆို သံဂါယနာတင်အပြီးတွင်လည်း ယူဇနာပေါင်း နှစ်သိန်းလေး သောင်း အထုရှိသော ဤမဟာပထဝီမြေကြီးသည် ကောင်းချီးပေးသည့် ပမာ ဝဲယာရွှေနောက်ထက်အောက်ခြောက်ထွေ တုန်လှုပ်လေတော့၏။ ဤ ဗြဟ္မဇာလသုတ်ကား အလွန်လျှင် ထူးခြားသည့်သုတ်တော်တည်း။ ဘုရား မြတ်စွာ ဟောတော်မူ၍ သုတ္တန်နိဂုံး ဆုံးစဉ်ကလည်း မဟာပထဝီမြေကြီး သည် လေရေပါစုံ တုန်လှုပ်ခဲ့လေ၏။

၃၅၇။ ဒေသိတေ လောကသေဋ္ဌေန၊ ထေရေဟိ သံဂီတေပိ စ။
ဒွိသုပိ ဒသသဟဿီ၊ လောကဓာတု ပကမ္ပတိ။

သီလက္ခန္ဓဝဂ်ဟု အတည်ပြုတော်မူကြခြင်း

အရှင်မဟာကဿပ အမှူးရှိသော သံဂါယနာတင် ရဟန္တာသခင် အရှင် မြတ် ငါးရာတို့သည် ဗြဟ္မဇာလသုတ်တော်ကြီး သံဂါယနာတင်ပြီးနောက် "သာမညဖလံ ပနာဝုသော အာနန္ဒ ကတ္ထ ဘာသိတံ = ဘုရားမြတ်စွာ ညီဘွားလိမ္မာ ငါ့ရှင်အာနန္ဒာ သာမညဖလသုတ်တော်ကို အဘယ်အရပ်၌ ဘုရားမြတ်စွာသည် ကရုဏာရှေ့ထား ဟောကြားတော်မူအပ်ပါသနည်း" စသည်ဖြင့် မေးစဉ် ဖြေစဉ်ဖြင့် ဗြဟ္မဇာလသုတ်နှင့်တကွ သုတ်ပေါင်း

၁။ ဒီ၊၁။၁။

တစ်ဆယ့်သုံးသုတ်တို့ကို ညီညာသံချီ အပေါင်းရွတ်ဆို သံဂါယနာတင်တော်မူ၍ ဤသုတ်အစုသည် "သီလက္ခန္ဓဝဂ်"မည်၏ဟု ထုတ်ဖော်မြွက်ကြား ထားတော်မူခဲ့ကြကုန်၏။

မဟာဝဂ်, ပါထိကဝဂ်တို့ ဆက်လက် သံဂါယနာတင်ခြင်း

သီလက္ခန္ဓဝဂ် သံဂါယနာတင်ပြီးသည့်နောက်၌ မဟာဝဂ်,ပါထိကဝဂ်တို့ကို ဆက်လက်၍ အရှင်မဟာကဿပက မေး, အရှင်အာနန္ဒာကဖြေပြီးလျှင် သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ငါးရာတို့ ညီညာသံချီစုပေါင်းရွတ်ဆို သံဂါယနာတင်တော်မူခဲ့ကြလေသည်။

ဒီဃနိကာယ်ဟု သတ်မှတ်အမည်ပေး မပြတ်ချပို့ရန် အရှင်အာနန္ဒာအား အပ်နှင်း

ဤသို့ သီလက္ခန္ဓဝဂ်, မဟာဝဂ်, ပါထိကဝဂ်အားဖြင့် သုံးဝဂ်တို့ဖြင့် သိမ်းယူခြင်းရှိ၍ ဗြဟ္မဇာလသုတ်အစ ဒသုတ္တရသုတ်အဆုံး သုံးဆယ့်လေးသုတ်တို့ဖြင့် တန်ဆာဆင်အပ်သော ခြောက်ဆယ့်လေးဘာဏဝါရရှိ ပါဠိတော်ကို သဘောတူရာ ပေါင်းကာရွတ်ဆို သံဂါယနာတင်ပြီး၍ ဤသုတ်အပေါင်းသည် ဒီဃနိကာယ် (ရှည်လျားသောသုတ်အပေါင်း) မည်၏ဟု မြွက်ဆိုသဘောတူ အတည်ပြုတော်မူကြပြီးလျှင်....

"အို-အရှင်ဘုရားအာနန္ဒာ....အရှင်သည် အရှင်၏တပည့်တို့ကိုဤဒီဃ-နိကာယ်ကြီးကို မပြတ်မလပ် ချပို့စေပါလော့"ဟု ပြောကြားလျှောက်ထား အပ်နှင်းကြကုန်၏။ သို့နှင့် အရှင်အာနန္ဒာသည် မိမိကိုယ်တိုင်လည်း ဒီဃနိကာယ်ကို အခေါက်ပေါင်းမြားမြောက်စွာ ချပို့တော်မူခဲ့လေသည်။ မိမိ၏တပည့်ဖြစ်သော အရှင်ဝင်္ဂီသ, အရှင်သဗ္ဗကာမိထေရ်, အရှင်သာဠှထေရ်, အရှင်ရေဝတထေရ်, အရှင်ခုဇ္ဇသောဘိတထေရ်,အရှင်ယသထေရ်, အရှင်သမ္ဘူတထေရ်-စသည်တို့လည်း အခေါက်ပေါင်း မြားမြောက်စွာ ချပို့၍ မပျောက်မပျက်အောင် ဆောင်ရွက်တော်မူခဲ့ကြကုန်၏။

၃၅၇။ သယဥ္စေဝ ဝါစေတွာန၊ ဝါစေတိ သိဿကေပိ စ။
ဒီဃနိကာယံ သုဒီဃ-စိရာယ ထေရကုဥ္စရော။

မဇ္ဈိမနိကာယ် ဆက်လက်သံဂါယနာတင် အရှင်သာရိပုတ္တရာ၏ တပည့်များအား အပ်နှင်း

ငှင်းနောက် မူလပဏ္ဏာသ, မဇ္ဈိမပဏ္ဏာသ, ဥပရိပဏ္ဏာသ-အားဖြင့် ပဏ္ဏာသ(ပဏ္ဏာသက)ပေါင်း ၃-ခုတို့ဖြင့် တန်ဆာဆင်၍ မူလပရိယာယဝဂ် စသော ဝဂ်ပေါင်း တစ်ဆယ့်ငါးဝဂ် ယေဘုယျအားဖြင့် အလယ်အလတ် မတိုမရှည် မူလပရိယာယသုတ် စသော သုတ်ပေါင်း သုံးဆယ်ပါရှိသော ဘာဏဝါရ ရှစ်ဆယ်အတိုင်းအရှည်ရှိ မဇ္ဈိမနိကာယ်ကြီးကို သံဂီတိမဟာ နာယက အရှင်မဟာကဿပ မဟာထေရ်မြတ်က အရှင်အာနန္ဒာမထေရ်ကို နိဒါန်း, ပုဂ္ဂိုလ်, အကြောင်းဝတ္ထု အဋ္ဌုပ္ပတ္တိတို့ကို အသေးစိတ်မေး၍ ဓမ္မဘဏ္ဍာဂါရိက တရားဘဏ္ဍာစိုး သုတ္တန်အဘိဓမ္မာဝန်ဆောင် ဝိသဇ္ဇက အရှင်အာနန္ဒာက မေးသမျှ ဖြေဆိုပြီးလျှင် သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်တို့က "ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ဥက္ကဋ္ဌာယံ ဝိဟရတိ သုဘဂဝနေ သာလရာဇမူလေ"[၁] စသည်ဖြင့် ညီညာသံချို စုပေါင်းရွတ်ဆို သံဂါယနာတင်တော်မူပြီး၍ ဤသုတ်အစုသည် "မဇ္ဈိမ နိကာယ်"[၂] မည်၏ဟု ထုတ်ဖော်မြွက်ကြား ထားတော်မူ၍ တရားစစ်သူကြီး ဖြစ်တော်မူသော ဘုရားရှင်၏လက်ယာတော်ရံ တပည့်ကြီး အရှင်သာရိ ပုတ္တရာ၏ တပည့်တပန်း ရဟန်းတို့ကို- အရှင်ဘုရားတို့.... အရှင်ဘုရားတို့ သည် ဤမည်သော မဇ္ဈိမနိကာယ်ကြီးကို ထာဝစဉ် သက်ဆုံးတိုင် သင်ယူ ပို့ချခြင်း၏ အစွမ်းအားဖြင့် ဆောင်ကြပါကုန်လော့"ဟု သိစေကာ အရှင် မဟာကဿပ အမှူးရှိသော သံဂါယနာတင် ရဟန္တာသခင် အရှင်မြတ် ငါးရာတို့က အပ်နှင်းခဲ့ကြကုန်၏။ အရှင်သာရိပုတ္တရာ၏ တပည့်ရဟန်းတို့ သည် မကွယ်မပျောက်အောင် ယင်း မဇ္ဈိမနိကာယ်ကြီးကို ချပို့တော်မူခဲ့ ကြကုန်၏။

သံယုတ္တနိကာယ် ဆက်လက် သံဂါယနာတင်ခြင်း အရှင်မဟာကဿပ မဟာထေရ်မြတ်ကို အပ်နှင်းခြင်း

ငှင်းနောက် သဂါထာဝဂ္ဂသံယုတ်, နိဒါနဝဂ္ဂသံယုတ်, ခန္ဓဝဂ္ဂသံယုတ်, သဠာယတနဝဂ္ဂသံယုတ်, မဟာဝဂ္ဂသံယုတ်အားဖြင့် ပါဠိအခန်းကြီး ငါးသံယုတ်ရှိ၍ ဒေဝတာသံယုတ်, ဒေဝပုတ္တသံယုတ် စသည်ဖြင့် ဘုရား

၁။ မ၊ ၁။ ၁၊

၂။ မဇ္ဈိမသင်္ဂီတိ၊ မဇ္ဈိမဂ္ဂမ၊ မဇ္ဈိမနိကာယ၊

ဇိနေဘ် ဟောတော်မူအပ်သော သြဃတရဏသုတ်, နိမောက္ခသုတ် အစရှိသော သုတ်ပေါင်း ခုနစ်ထောင့် ခုနစ်ရာ ခြောက်ဆယ့်နှစ်သုတ်(၇၇၆၂) သုတ် ဘာဏဝါရပေါင်း တစ်ရာအတိုင်းအရှည်ရှိသော သုတ်ဝဂ်တို့ကို ပေါင်းစပ်ထားအပ်ရာ ဖြစ်ရကား သံယုတ္တမည်သော သံယုတ္တနိကာယ်ကြီးကို သံဂီတိနာယက သံဃပါမောက္ခ ဖြစ်တော်မူသော အရှင်မဟာကဿပ မဟာထေရ်က အရှင်အာနန္ဒာမထေရ်ကို နိဒါန်း, ပုဂ္ဂိုလ်,အကြောင်းဝတ္ထု အဋ္ဌုပ္ပတ္တိတို့ကို မေးမြန်း၍ ဓမ္မဘဏ္ဍာဂါရိက တရားဘဏ္ဍာစိုးဓမ္မဝန်ဆောင် အရှင်အာနန္ဒာက ကြောင်ပုစွန်စား ကြွပ်ကြွပ်ဝါး ဖြေကြားပြီးလျှင်သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ငါးရာတို့က ''ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ၊ အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ သြဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ''[၁] စသည်ဖြင့် ညီညာဖြိုဖြို အပေါင်းသရဇ္ဈာယ် ရွတ်ဆို သံဂါယနာ တင်တော်မူကြသည်။ ၎င်းနောက် ဤသုတ်အစုသည်''သံယုတ္တနိကာယ်''[၂] မည်၏ဟု ထုတ်ဖော်မြွက်ကြားထားတော်မူ၍''လွန်စွာအလေးဂရုပြုအပ်ပါသော သံဂီတိနာယက, သံဂီတိပါမောက္ခ, သံဂီတိပမာန, သံဂီတိပုင်္ဂဝ ဖြစ်တော်မူသော မဟာထေရ် အရှင်သူမြတ်ကြီးဘုရား.... အရှင်မြတ်ကြီးတို့သည် ဤမည်သော သံယုတ္တနိကာယ်ကြီးကို အရှင်မြတ်ကြီးတို့၏ တပည့်တပန်းတို့ကို ချပို့စေတော်မူကြပါကုန်''ဟု အရှင်မဟာကဿပ မဟာထေရ်ကို သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်တို့က အပ်နှင်းတော် မူကြကုန်၏။ အရှင်မဟာကဿပ မဟာထေရ်မြတ်ကြီးသည် မိမိကိုယ်တိုင်လည်း ချပို့တော်မူ၍ တပည့်တပန်း ရဟန်းတို့ကိုလည်း ချပို့တော်မူစေကာ မကွယ်မပအောင် ဆောင်ရွက်တော်မူခဲ့လေသည်။

အင်္ဂုတ္တရနိကာယ် ဆက်လက် သံဂါယနာတင်ခြင်း အရှင်အနုရုဒ္ဓါကို အပ်နှင်းခြင်း

သံယုတ္တနိကာယ်ကြီး သံဂါယနာတင်အရှင်မဟာကဿပကိုအပ်နှင်းပြီးနောက် တစ်ပါးတစ်ပါးသောအင်္ဂါတို့ဖြင့်ပိုလွန်ခြင်းအားဖြင့် ဟောတော်မူသော စိတ္တပရိယာဒါနသုတ် အစရှိသော ကိုးထောင် ငါးရာ ငါးဆယ့်

၁။ သံ၊ ၁။ ၁ ၂။ သံယုတ္တသင်္ဂီတိ၊ သံယုတ္တာဂမ၊ သံသုတ္တံနိကာယ။

ခုနှစ် (၉၅၂၇) သုတ် ရှိသော ဘာဏဝါရ အရေအတွက်အားဖြင့် တစ်ရာ့နှစ်ဆယ် ပမာဏရှိသော အင်္ဂါများအားဖြင့် အပိုအလွန်ရှိရာ ဖြစ်သောကြောင့် အင်္ဂုတ္တရမည်သော အင်္ဂုတ္တရနိကာယ်ကြီးကို သံဂီတိမဟာနာယကအရှင်မဟာကဿပမဟာထေရ်က ဓမ္မဘဏ္ဍာဂါရိက တရားဘဏ္ဍာစိုးအရှင်အာနန္ဒာကို နိဒါန်း ပုဂ္ဂိုလ် အကြောင်း ဝတ္ထု အဋ္ဌုပ္ပတ္တိတို့ကို မေး၍ အရှင်အာနန္ဒာက ကြာရိုး ကြာစွယ်တို့ကို အသွားမြမြ ထက်လှစွာငြားခေးဖြင့် ကြာရိုးကြာစွယ်တို့ကို ဖြတ်သည့်အလား ရုတ်တရက် ချက်တဖြုတ်လျှင်မြန်စွာ ဖြေဆိုပြီးလျှင် အာသဝအခိုးအကင်းတို့သည် မိုးနှင်းလောက်မျှ မကျန်ကြတော့သည့် သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ငါးရာတို့က "ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ။ ဘိက္ခဝေါတိ "ဘဒန္တေ" တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါစ။

နာဟံ ဘိက္ခဝေ အညံ ဧကရူပမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ ယထယိဒံ ဘိက္ခဝေ ဣတ္ထိရူပံ။ ဣတ္ထိရူပံ ဘိက္ခဝေ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတီတိ။ ပဌမံ။[1] စသည်ဖြင့် ညီညာသံချို အပေါင်းအစု သရဇ္ဈာယ် သံဂါယနာတင် အတည်ပြုပြီး၍ ဤသုတ်အစုသည် အင်္ဂုတ္တရနိကာယ်[2] မည်၏ဟု ထုတ်ဖော်မြွက်ကြား သတ်မှတ်ပြီးလျှင် အရှင်မဟာကဿပ အမှူးရှိသော သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ငါးရာတို့က အရှင်အနုရုဒ္ဓါမထေရ်ကို "အို--အရှင်အနုရုဒ္ဓါမထေရ်မြတ်ဘုရား.... အရှင်မြတ်တို့သည် အင်္ဂုတ္တရနိကာယ်ကြီး[2]ကို အရှင်မြတ်တို့၏ဘပည့်တို့ကို မပြတ်ထာဝစဉ် သင်ကြားချပို့စေကြပါကုန်ဘုရား"ဟု လျှောက်ထားကြားသိစေကြကာ အပ်နှင်းတော်မူကြလေကုန်၏။ အရှင်အနုရုဒ္ဓါသည် တာဝန်ယူ၍ မိမိကိုယ်တိုင်လည်း ပရိနိဗ္ဗာန်စံဝင်သည့်တိုင်အောင် ချပို့ တပည့်ရဟန်းတို့ကို ချပို့စေတော်မူ၍ မကွယ်မပအောင် စောင့်ထိန်းတော်မူခဲ့လေသည်။

၁။ အံ၊ ၁။ ၁။
၂။ အင်္ဂုတ္တရသင်္ဂီတိ၊ အင်္ဂုတ္တရာဂမ၊ အင်္ဂုတ္တရနိကာယ။

အဘိဓမ္မာပိဋက သမိုင်းအကျဉ်း

အဘိဓမ္မာပိဋကသမိုင်းကို.... ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေဘော်မူစဉ် နေမဝင်မီ ဒေဝပုတ္တမာရ်ကို အောင်တော်မူလျက် ပုရိမယံ၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, မဇ္ဈိမယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ ပစ္ဆိမယံ၌ အာသဝက္ခယဉာဏ်ကို ရတော်မူ၍ လောကသုံးပါး၌ အတုမရှိသော သဗ္ဗညုအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရားသည် လူနတ်ဗြဟ္မာသတ္တဝါတို့၏အကျိုးစီးပွားကိုသာ ဆောင်တော်မူလျက် ဘုရားဖြစ်တော်မူ၍ ခုနစ်ဝါမြောက်သောကာလ သာဝတ္ထိပြည်၏အနီး ကဏ္ဍအမည်ရှိသောဥယျာဉ်စောင့်သည် စိုက်အပ်သောသရက်ပင်၏အရင်း၌ တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ ရေမီးအစုံအစုံ အစရှိသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူပြီးသော အဆုံး၌ သုံးဖဝါးသာ နင်းသဖြင့် တာဝတိံသာနတ်ပြည်သို့ကြွဘော်မူ၍ ပင်လယ်ကသစ်ပင်၏အရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာကျောက်ဖျာထက်၌ နေမင်းကဲ့သို့ တင့်တယ်စွာ နေတော်မူလျက် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အကြီးအမှူးပြု၍ တစ်သောင်းသော စကြာဝဠာတိုက်မှ ငည်ီတည်တတ်တည်း စည်းဝေးလာကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား အစွမ်းသုံးပါးနှင့်ပြည့်စုံသော သဗ္ဗညုတဉာဏ်ဖြင့် လူနတ်နိဗ္ဗာန်သုံးတန်ချမ်းသာ ပေးတတ်စွာသော အဘိဓမ္မာ ဒေသနာတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး ဟောတော်မူ၏။

ထိုဝါတွင်းသုံးလပတ်လုံး ဟောတော်မူအပ်သော အဘိဓမ္မာဒေသနာတော်မြတ်သည်လည်း ဝိတ္ထာရနယ, သင်္ခေပနယ, နာတိဝိတ္ထာရနာတိသင်္ခေပနယအားဖြင့် သုံးပါးအပြားရှိ၏။ ထို သုံးပါးတို့တွင် တာဝတိံသာနတ်ပြည်၌ နတ်အပေါင်းတို့အား ဟောတော်မူအပ်သော ဒေသနာတော်သည် အလွန်ကျယ်လွန်းသောကြောင့် ဝိတ္ထာရနယမည်၏။ စန္ဒကူးတော၌ နေတော်မူသောအခါ အရှင်သာရိပုတ္တရာအား ဟောတော်မူအပ်သော ဒေသနာတော်သည် အလွန်ကျဉ်းလွန်းသောကြောင့်သင်္ခေပနယမည်၏။ အရှင်သာရိပုတ္တရာသည် လင်းနို့သားဖြစ်ခဲ့ဖူးသော ငါးရာသောရဟန်းတို့အား ဟောတော်မူအပ်သော ဒေသနာတော်သည် မကျဉ်းမကျယ်လွန်းသောကြောင့် နာတိဝိတ္ထာရနာတိသင်္ခေပနယမည်၏ စသည်ဖြင့် မာတိကာအရကောက်နိဒါန်း၌ အရှင်ဝရတေဇောနှင့် အရှင်ဇမ္ဗုဒီပဓဇတို့ ဖော်ပြခဲ့ရာ

မှတ်၍ လွယ်ကူလှပေသည်။[၁] ယခုအခါ သာသနာ့ဝန်ထမ်းတို့ ချပို့သင်ကြားနေသော အဘိဓမ္မာပိဋကသည် ဓမ္မသေနာပတိ အရှင်သာရိပုတ္တာရှ မထေရ်မြတ် လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းငါးရာတို့အား တစ်ဆင့် သင်ကြားပေးရာမှ ပြန့်ပွားလာခဲ့လေသည်။ ယင်းသို့ ဖြစ်ကြောင်းနှင့် တကွ အဘိဓမ္မာ သမိုင်းချုပ်ကို ကျမ်းပြုလိမ္မာ အရှင်မဟာ ဗုဒ္ဓဃောသသည်...

၃၅၉။ ဒယာယ တာယ သတ္တေသု၊ သမုဿာဟိတမာနသော။
ပါဋိဟာရာဝသာနမှိ၊ ဝသန္တော တိဒသာလယေ။
၃၆၀။ ပါရိစ္ဆတ္တကမူလမှိ၊ ပဏ္ဍုကမ္ဗလနာမကေ။
သိလာသနေ သန္နိသိန္နော၊ အာဒိစ္စောဝ ယုဂန္ဓရေ။
၃၆၁။ စက္ကဝါဠသဟဿေဟိ၊ ဒသဟာဂမ္မ-သဗ္ဗသော။
သန္နိသိန္နေန ဒေဝါနံ၊ ဂဏေန ပရိဝါရိတော။
၃၆၂။ မာတရံ ပမုခံ ကတွာ၊ တဿာ ပညာယ တေဇသာ။
အဘိဓမ္မကထာမဂ္ဂံ၊ ဒေဝါနံ သမ္ပဝတ္တယိ။
၃၆၃။ ယံ ဒေဝဒေဝေါ ဒေဝါနံ၊ ဒေသေတွာ နယတော ပုန။
ထေရဿ သာရိပုတ္တဿ၊ သမာစိက္ခိ ဝိနာယတော။
၃၆၄။ အနောတတ္တဒဟေ ကတွာ၊ ဥပဋ္ဌာနံ မဟေသိနော။
ယဉ္စ သုတွာန သော ထေရော၊ အာဟရိတွာ မဟီတလံ။
၃၆၅။ ဘိက္ခူနံ ပယိရုဒါဟာသိ၊ ဣတိ ဘိက္ခူဟိ ဓာရိတော။
သင်္ဂီတိ ကာလေ သင်္ဂီတော၊ ဝေဒေဟမုနိနာ ပုန။[၂]

ဟူသော ၇-ဂါထာဖြင့် အဋ္ဌသာလိနီ အဋ္ဌကထာ ဂန္ထာရမ္ဘကထာ၌ ဖော်ပြတော်မူခဲ့လေသည်။ ယင်းအဘိဓမ္မာပိဋက၌ ကျမ်းအရေအတွက် အားဖြင့်....

၁။ မာတိကာ ဓာတုကထာအရကောက်။ ၁၅၊ ၁၆။
၂။ အဘိ၊ ဋ္ဌ၊ ၁၊ ၁–၂။ လိုရင်းဂါထာများသာ ဖော်ပြပါသည်။ ၃ [illegible]–ဂါထာ၌ ဘိက္ခူနံ = လင်းနို့သားဖြစ်ခဲ့ဖူးသော တပည့်ရဟန်း [illegible] များအား၊ ပယိရုဒါဟာသိ–ဟောပြောပို့ချတော်မူပြီ– ဟု အနက်ပေးရာ၏၊ ဝေဒေဟမုနိနာ = ပညာဖြင့် အားထုတ်တတ်သော ရဟန်းတော်အရှင် အာနန္ဒာသည်–ဟု အနက်ပေးရာ၏။

၃၆၆။ ဓမ္မသင်္ဂဏိ ဝိဘင်္ဂဉ္စ၊ ကထာဝတ္ထုဉ္စ ပုဂ္ဂလံ။
ဓာတုယမကပဋ္ဌာနံ၊ အဘိဓမ္မောတိ ဝုစ္စတိ။

နှင့် အညီ (၁) ဓမ္မသင်္ဂဏီကျမ်း၊ (၂) ဝိဘင်းကျမ်း၊ (၃) ဓာတုကထာကျမ်း၊ (၄) ပုဂ္ဂလပညတ်ကျမ်း၊ (၅) ကထာဝတ္ထုကျမ်း၊ (၆) ယမိုက်ကျမ်း၊ (၇) ပဋ္ဌာန်းကျမ်းအားဖြင့် ၇-ကျမ်း ရှိလေသည်။ယင်း ၇-ကျမ်းအနက် ကထာဝတ္ထုကျမ်းမှာ တတိယသံဂါယနာ မဟာဓမ္မသဘင်ပွဲကြီး၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ် ဟောလိမ့်အံ့-ဟု ဘုရားရှင် မိန့်ကြား၍ မာတိကာထားခဲ့ရာ အကျဉ်းမျှသာ ဖြစ်သည်ဟု သိရာ၏။ ယင်းအဘိဓမ္မာသမိုင်းသည် "ကုသလာ ဓမ္မာ၊အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာတိ တိကဒုကပဋ္ဌိမဏ္ဍိတံ ဓမ္မသင်္ဂဏိံ ပကရဏံ"စသည် ဖြင့် မိလိန္ဒပဉှာ ပါဠိတော်၌လည်း ရှိသည်။[၂] ယင်း အဘိဓမ္မာဒေသနာ သည် (၁) ဓမ္မသင်္ဂဏီ၊ (၂) ဝိဘင်း၊ (၃) ဓာတုကထာ၊ (၄) ပုဂ္ဂလပညတ်၊ (၅) ကထာဝတ္ထု၊ (၆) ယမိုက်၊ (၇) ပဋ္ဌာန်းအားဖြင့် ၇-ကျမ်း ရှိသည်။ယင်းခုနစ်ကျမ်းဟူသော တရားဒေသနာသည် သုတ္တန်ပါဠိတို့ထက် ထူးကဲပိုမောက်သဖြင့် အဘိဓမ္မာမည်သည်။ ယင်း သုတ္တန်ပါဠိထက်ထူးကဲ ပိုမောက်သော အဘိဓမ္မာ ခုနစ်ကျမ်းသည်ပင် သင်ယူအပ်သည်၏အဖြစ်, ထိုထိုအနက် ထိုထိုအစီးအပွား၏တည်ရာ၏အဖြစ်ကြောင့် ပိဋကမည်သည်။

ဓမ္မသင်္ဂဏီကျမ်းကို သံဂါယနာတင်ခြင်း

အဘိဓမ္မာခုနစ်ကျမ်းအနက် ဓမ္မသင်္ဂဏီကျမ်းသည် အစဆုံးကျမ်း ဖြစ်သည်။ ယင်းကျမ်း၌ ဘုရားမြတ်စွာသည် ရှေးဦးစွာ ပရမတ္ထတရားကို သုံးစုပြုတော်မူ၍ ဟောကြားအပ်သော တိက် ၂၂-တိက်ပါရှိသောတိက မာတိကာနှင့် အဘိဓမ္မာနည်းအားဖြင့် ဒုက်ပေါင်းတစ်ရာ (၁၀၀) သုတ္တန် နည်းအားဖြင့် ဒုက်ပေါင်း လေးဆယ့်နှစ်(၄၂)ဒုက် ပါရှိသော ဒုက မာတိကာကို ဟောတော်မူသည်။ ယင်းမာတိကာ တိက်, ဒုက်တို့ကိုမူထား

၁။ သာရတ္ထ၊ ၁။၆၃။ (ဂါထာ၌ အစဉ်မကျ၍ကျမ်း၌ ကျမ်းစဉ်အတိုင် ဖော်ပြသည်။
၂၊ မိလိန္ဒ။၁၂။

၍ စိတ္တုပ္ပါဒက ဏ္ဍ၊ ရူပက ဏ္ဍ၊ နိက္ခေပက ဏ္ဍ၊ အဋ္ဌကထာက ဏ္ဍ-ဟူ၍ အပိုင်းကြီး ၄-ပိုင်းဖြင့် တန်ဆာဆင်လျက် ဟောတော်မူသည်။[၁]

ပဌမသံဂါယနာတင် ဓမ္မသင်္ဂဏီကြီး၌ သုတ္တန်ပိဋက အပါအဝင် အင်္ဂုတ္တရနိကာယ်ကြီးကို နှုတ်လွှတ်ပီပြင် သံဂါယနာတင်တော်မူပြီး အဘိဓမ္မာခုနစ်ကျမ်းအနက် ဖော်ပြပါ ဓမ္မသင်္ဂဏီပါဠိတော်ကို မေးသင့်မေးထိုက်သော အချက်များကို သံဂီတိနာယက အရှင်မဟာကဿပက မေး၍ ဓမ္မဘဏ္ဍာဂါရိက တရားဘဏ္ဍာစိုးဖြစ်တော်မူသော အရှင်အာနန္ဒာက ဖြေဆိုပြီး အရှင်မဟာကဿပ အမှူးရှိသော သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်တို့က "ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ" စသည်ဖြင့် နှုတ်လွှတ်ပီပြင် သံဂါယနာ တင်တော်မူကြလေသည်။

ဝိဘင်းကျမ်းကို ဆက်လက် သံဂါယနာတင်ခြင်း

ဝိဘင်းကျမ်း၌ ဘုရားမြတ်စွာသည်-(၁) ခန္ဓာဝိဘင်း၊ (၂) အာယတနဝိဘင်း၊ (၃) ဓာတုဝိဘင်း၊ (၄) သစ္စဝိဘင်း၊ (၅) ဣန္ဒြိယဝိဘင်း (၆) ပဋိစ္စသမုပ္ပါဒဝိဘင်း၊ (၇) သတိပဋ္ဌာနဝိဘင်း၊ (၈) သမ္မပ္ပဓာနဝိဘင်း၊ (၉) ဣဒ္ဓိပါဒဝိဘင်း၊ (၁၀) ဗောဇ္ဈင်္ဂဝိဘင်း၊ (၁၁) မဂ္ဂင်ဝိဘင်း၊ (၁၂) ဈာနဝိဘင်း၊ (၁၃) အပ္ပမညာဝိဘင်း၊ (၁၄) သိက္ခာပဒဝိဘင်း၊ (၁၅) ပဋိသမ္ဘိဒါဝိဘင်း၊ (၁၆) ဉာဏဝိဘင်း၊ (၁၇) ခုဒ္ဒကဝတ္ထုဝိဘင်း၊ (၁၈) ဓမ္မဟဒယဝိဘင်း-အားဖြင့် ၁၈-ရပ်သော ဝိဘင်းတို့ဖြင့် ခန္ဓာစသော တရားတို့ကို နည်းစုံခွဲထွင် ဟောတော်မူသည်။[၂]

ဓမ္မသင်္ဂဏီကျမ်းကို ရွတ်ဆိုပီပြင် သံဂါယနာတင်ပြီးနောက် သံဂီတိနာယက အရှင်မဟာကဿပက မေးသင့်မေးထိုက်သော အချက်အလက်တို့ကို မေးတော်မူ၍ ဓမ္မဘဏ္ဍာဂါရိက တရားဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင်အာနန္ဒာက မေးအပ်သမျှသော အလုံးစုံကို မဆိုင်းမတွ ဖြေဆိုတော်မူခဲ့လေသည်။ ၎င်းနောက် သံဂီတိကာရက် ရဟန္တာသခင် အရှင်မြတ်တို့က "ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော

၁။ အကျယ်၊ အဘိ၊ ၁။ ၁-၂၉၈-ကြည့်။
၂၊ အကျယ် အဘိ၊ ၆။ ၁။ -၄၅၃-ကြည့်၊

ဝိညာဏက္ခန္ဓော''[၁] စသည်ဖြင့် ပေါင်းစုရွတ်ကာ သံဂါယနာတင်တော်မူခဲ့ကြလေသည်။

ဓာတုကထာကျမ်းကို သံဂါယနာတင်ခြင်း

ဓာတုကထာကျမ်း၌ ဘုရားမြတ်စွာသည် ''သင်္ဂဟော အသင်္ဂဟော'' အစရှိသည်ဖြင့် (၁) နယမာတိကာ၊ (၂) အဗ္ဘန္တရမာတိကာ၊ (၃) နယမုခမာတိကာ၊ (၄) လက္ခဏမာတိကာ၊ (၅) ဗာဟိရမာတိကာအားဖြင့် ၅-ပါးသော မာတိကာတို့ကို ရှေးဦးစွာချထားတော်မူပြီးမှ ရူပက္ခန္ဓော ကတိဟိ ခန္ဓေဟိ ကတိဟိ အာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတော၊ ရူပက္ခန္ဓော ဧကေန ခန္ဓေန ဧကာဒသဟာယတနေဟိ ဧကာဒသဟိ ဓာတူဟိ သင်္ဂဟိတော စသည်ဖြင့် ခန္ဓာစသော ဟောပုဒ် တိက်ပုဒ် ခြောက်ဆယ့်ခြောက်ပါး နှစ်ရာ ဒုက်ပုဒ်ဟူသော ဟောပုဒ်အပေါင်းတို့ကို ''သင်္ဂဟာသင်္ဂဟံ'' အစရှိသော တစ်ဆယ့်လေးပါးသော နည်းကြီးတို့ဖြင့် အကျယ်တဝင့်ဖွင့်ပြ ပိုင်းခြား ဟောကြားတော်မူခဲ့လေသည်။ ဝိဘင်းကျမ်းကို ပေါင်းစုရွတ်ကာ သံဂါယနာတင်တော်မူပြီး ဖော်ပြပါ ဓာတုကထာကျမ်းကို သံဂီတိမဟာနာယက အရှင်မဟာကဿပက မေးသင့်သည့် အချက်အလက်တို့ကို မေး၍ ဓမ္မဘဏ္ဍာဂါရိက ဓမ္မကောသာရက္ခ အရှင်အာနန္ဒာက ဖြေဆိုတော်မူပြီးလျှင် အရှင်မဟာကဿပ အမှူးပြုသော သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ငါးရာတို့က ''သင်္ဂဟော အသင်္ဂဟော၊ သင်္ဂဟိတေန အသင်္ဂဟိတံ။ အသင်္ဂဟိတေန သင်္ဂဟိတံ၊ သင်္ဂဟိတေန သင်္ဂဟိတံ၊ အသင်္ဂဟိတေန အသင်္ဂဟိတံ။ သမ္ပယောဂေါ ဝိပ္ပယောဂေါ။ သမ္ပယုတ္တေန ဝိပ္ပယုတ္တံ။ ဝိပ္ပယုတ္တေန သမ္ပယုတ္တံ။ သမ္ပယုတ္တေန သမ္ပယုတ္တံ။ ဝိပ္ပယုတ္တေန ဝိပ္ပယုတ္တံ။ သင်္ဂဟိတေန သမ္ပယုတ္တံ ဝိပ္ပယုတ္တံ။ သမ္ပယုတ္တေန သင်္ဂဟိတံ အသင်္ဂဟိတံ။ အသင်္ဂဟိတေန သမ္ပယုတ္တံ ဝိပ္ပယုတ္တံ။ ဝိပ္ပယုတ္တေန သင်္ဂဟိတံ အသင်္ဂဟိတံ''စသည်ဖြင့် ညီညာသံချို တစ်ပေါင်းတည်း ရွတ်ဆိုအတည်ပြုတော်မူကြလေသည်။

၁။ အဘိ၊ ၆။ ၁။

၂။ အကျယ် အဘိ၊ ၃။ ၁–၁၀၀–ကြည့်။

ပုဂ္ဂလပညတ်ကျမ်းကို သံဂါယနာတင်ခြင်း

ပုဂ္ဂလပညတ်ကျမ်း၌ ဘုရားမြတ်စွာသည် "ဆပညတ္တိယော ခန္ဓပညတ္တိ အာယတနပညတ္တိ"[၁] စသည်ဖြင့် ပညတ်အမျိုးအစားသည် (၁) ခန္ဓပညတ် (၂) အာယတနပညတ်၊ (၃) ဓာတုပညတ်၊ (၄) သစ္စပညတ်၊ (၅) ဣန္ဒြိယပညတ်၊ (၆) ပုဂ္ဂလပညတ်ဟူ၍ ခြောက်ပါးရှိကြောင်း မာတိကာ ခေါင်းစဉ် အကျဉ်းထား၍ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ဣန္ဒြေဟူသော ပညတ်ငါးမျိုးတို့ကို အောက်ဖြစ်သော ဝိဘင်းကျမ်းကြီး၌ အကျယ်ဟော ကြားပြီးဖြစ်ရကား ပုဂ္ဂလပညတ်ကျမ်း၌ အကျဉ်းဥဒ္ဒေသမျှ ဖော်ပြတော် မူပြီးလျှင် ပုဂ္ဂလပညတ်ကိုကား "ကိတ္တာဝတာ ပုဂ္ဂလာနံ ပုဂ္ဂလပညတ္တိ" စသည်ဖြင့် ပုဂ္ဂိုလ်အမျိုးအစားတို့ကို တစ်ပါးစုပုဂ္ဂိုလ်၊ နှစ်ပါးစုပုဂ္ဂိုလ်၊ သုံးပါးစုပုဂ္ဂိုလ်၊ လေးပါးစုပုဂ္ဂိုလ်၊ ငါးပါးစု ပုဂ္ဂိုလ်၊ ခြောက်ပါးစု ပုဂ္ဂိုလ်၊ ခုနစ်ပါးစုပုဂ္ဂိုလ်၊ ရှစ်ပါးစုပုဂ္ဂိုလ်၊ ကိုးပါးစုပုဂ္ဂိုလ်၊ ဆယ်ပါးစု ပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် အကျယ်တဝင့် ဖွင့်ပြ ဟောကြားတော်မူခဲ့ လေသည်။ ဓာတုကထာကျမ်းကို သံဂါယနာတင်တော်မူအပြီးတွင် သံဂီ တိနာယကအရှင်မဟာကဿပက ပုဂ္ဂလပညတ်နှင့်စပ်၍ မေးအပ် မေးသင့် မေးထိုက်သောအရာများကိုမေး၍ ဓမ္မဘဏ္ဍာဂါရိက ဓမ္မကောသာရက္ခ အရှင်အာနန္ဒာက ဖြေပြီး၍ အရှင်မဟာကဿပ ကြီးမှူးသော သံဂီတိ ကာရကရဟန္တာသခင် အရှင်မြတ်ငါးရာတို့က ပေါင်းစုပြီးပြင် သံဂါယနာ တင် အတည်ပြုတော်မူကြသည်။

ကထာဝတ္ထုကျမ်းကို သံဂါယနာတင်ခြင်း

ဘုရားမြတ်စွာသည် အဘိဓမ္မာပိဋကတ်၌ လေးခုမြောက်ဖြစ်သော ပုဂ္ဂလ ပညတ်ကျမ်းကို ခွဲခြမ်းစိတ်ဖြာ ဟောကြားတော်မူပြီးသည့် အခြားမဲ့၌ ကထာဝတ္ထုကျမ်းဟောရန် အလှည့်အကြိမ် ရောက်လေရာ ဤသာသနာ တော်၌ နောင် အနာဂတ် အနှစ်နှစ်ရာ့တစ်ဆယ့်ရှစ်မြောက်၌ ငါဘုရား၏ တပည့်သား သာဝကဖြစ်သော ကြီးကျယ်သော ပညာနှင့် ပြည့်စုံသော မောဂ္ဂလိပုတ္တ္တေးမ၏ ရင်သွေးသည်းချာ သားရတနာ တိဿမည်သော မထေရ်သည် ဤသာသနာတော်၌ ဖြစ်ပေါ်၍နေသော သာသနာ့အညစ်

၁။ အဘိ ပု။ ၁၀၁။
၂။ အကျယ် အဘိ၊ ပု။ ၁၀၁–၁၀၅-ကြည့်။

အကြေးတို့ကို ဆေးကြောသုတ်သင်စေပြီးလျှင် သုံးခုမြောက် ဖြစ်သော မဟာဓမ္မသံဂါယနာသဘင် ပွဲကြီးယင်စေလျက် ခြောက်သန်းအတိုင်း အရှည်ရှိသော ရဟန်းဟို့၏အလယ်ဝယ် သကဝါဒဘက်၌သုတ်ပေါင်းငါးရာ, ပရဝါဒဘက်၌ သုတ်ပေါင်းငါးရာအားဖြင့် တစ်ထောင်သောသုတ်တို့ကို စုရုံးကာ ဖော်ပြ၍ ဤမည်သော ကထာဝတ္ထုကျမ်းကြီးကို အကျယ်တဝင့် ဖွင့်ပြ၊ ဟောရစ်လိမ့်မည်ဟု နှလုံးသွင်းတော်မူပြီးလျှင် ထိုအရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်အား အကျယ်တဝင့် ဖွင့်ပြ ဟောကြားတော်မူရန် အခွင့်တော် ပြုတော်မူသောအားဖြင့် ကထာဝတ္ထုကျမ်း၌ လာရှိသော ကထာ များစွာအနက် ရှေးဦးစွာသော ပုဂ္ဂလဝါရ, ပုဂ္ဂလကထာဝယ် ရှစ်ပါးအပြားရှိသော နယမုခဝါဒယုတ္တိ အစရှိသည်ကို အစအဦး အမှူးပြု၍ ကထာအစဉ် အားလုံးတို့၌ပင်လျှင် တစ်ဘာဏဝါရမျှ မပြည့်သော ပါဠိတော်အစဉ်ဖြင့် ကထာဝတ္ထုကျမ်းလာ ကထာတို့၏ မာတိကာအစဉ်ကို ပြတော်မူသောအားဖြင့် ဟောတော်မူလေသည်။[၁]

ပုဂ္ဂလပညတ်ကျမ်းကို ရွတ်ဆိုပြီးပြင် သံဂါယနာတင်တော်မူအပြီးတွင် သံဂီတိနာယက အရှင်မဟာကဿပက ကထာဝတ္ထုကျမ်းနှင့် စပ်သွယ်ပတ်သက်၍ မေးအပ် မေးသင့်မေးထိုက်သည်ကို မေး၍ သံဂီတိဝိဿဇ္ဇက အရှင်အနန္ဒာက ဖြေဆိုတော်မူပြီးလျှင် အရှင်မဟာကဿပ အမှူးရှိသော သံဂါယနာတင် ရဟန္တာသခင် အရှင်မြတ် ငါးရာတို့က ဘုရားမြတ်စွာ ထားတော်မူခဲ့သော တစ်ဘာဏဝါရမျှ မပြည့်သော ပါဠိတော်အစဉ်ကို ပေါင်းစုရွတ်ကာ သံဂါယနာတင်တော်မူခဲ့ကြကုန်၏။

ယမိုက်ကျမ်းကို သံဂါယနာတင်ခြင်း

ဘုရားမြတ်စွာသည် ခြောက်ခုမြောက်ဖြစ်သော အစုံအစုံသော ပုစ္ဆာဝိဿဇ္ဇနာတရားတို့ကို ဖော်ပြရာဖြစ်၍ "ယမက" မည်သော ကျမ်းကို— (၁) မူလယမိုက်ကျမ်း၊ (၂) ခန္ဓယမိုက်ကျမ်း၊ (၃) အာယတနယမိုက်ကျမ်း၊ (၄) ဓာတုယမိုက်ကျမ်း၊ (၅) သစ္စယမိုက်ကျမ်း၊ (၆) သင်္ခါရယမိုက်ကျမ်း၊ (၇) အနုသယ ယမိုက်ကျမ်း၊ (၈) စိတ္တယမိုက်ကျမ်း၊ (၉) ဓမ္မယမိုက်ကျမ်း၊ (၁၀) ဣန္ဒြိယ ယမိုက်ကျမ်းဟူ၍ ဆယ်ပါးသော

၁။ အဘိ၊ ၄။ ၃။ ၁၀၅-ကြည့်။

အပိုင်းအခန်းရှိသော ယမိုက်ကျမ်းကို အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူလေသည်။ ကထာဝတ္ထုကျမ်းကြီး သံဂါယနာတင်ပြီး နောက် သံဂီတိနာယက အရှင်မဟာကဿပသည် ဖော်ပြပါ ယမိုက်ကျမ်း နှင့် စပ် မေးအပ် မေးသင့် မေးထိုက်သည့် အချက်အလက်တို့ကို အားလုံး သံသယရှင်းအောင် မေးတော်မူရာ သံဂီတိဓုရန္ဓရ သံဂီတိဝိဿဇ္ဇက ဖြစ်တော် မူသော အရှင်အာနန္ဒာက ဖြေဆိုတော်မူပြီး၍ အရှင်မဟာကဿပ အမှူး ရှိသော သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ငါးရာတို့က "ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော။ ရူပံရူပက္ခန္ဓော၊ ရူပက္ခန္ဓော ရူပံ။ ဝေဒနာ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓော ဝေဒနာ၊ သညာ သညာက္ခန္ဓော၊ သညာက္ခန္ဓော သညာ။ သင်္ခါရာ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓော သင်္ခါရာ။ ဝိညာဏံ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓော ဝိညာဏံ" စသည်ဖြင့် ပေါင်းစုပီပြင် ရွတ်ဆိုသံဂါယနာ တင် အတည်ပြုတော်မူကြကုန်၏။[၁]

ပဋ္ဌာန်းကျမ်းကြီးကို ဆက်လက် သံဂါယနာတင်ခြင်း

ဘုရားမြတ်စွာသည် ပဋ္ဌာန်းကျမ်းတော်ကြီး မာတိကာကို အကျဉ်းမျှ ပြထားသဖြင့် မာတိကာနိက္ခေပဝါရ ဟု ခေါ်ဆိုအပ်သော ပစ္စယုဒ္ဒေသ, ပစ္စယနိဒ္ဒေသ၊ ထိုထို တိက်ဝင် ဒုက်ဝင်တရားတို့ကို ဓမ္မာနုလုံ ဓမ္မပစ္စနိက် အစရှိသောအားဖြင့်လည်းကောင်း, ပဋိစ္စဝါရ သဟဇာတဝါရ ပစ္စယဝါရ အစရှိသောအားဖြင့်လည်းကောင်း များစွာသော ကျယ်ဝန်းလှစွာသော ဝါရတို့ဖြင့် အကျယ်တဝင့် ဖွင့်ပြဟောကြားရာ မဟာဝါရအားဖြင့် လည်း ကောင်း၊ ဤသို့ ထုတ်ဆိုဖော်ပြ မာတိကာနိက္ခေပဝါရ မဟာဝါရ ဟူသော အပိုင်းအခြားဝါရတို့ဖြင့် စိတ်ဖြာခွဲခြား ဟောကြားတော်မူခဲ့လေသည်။[၂]

ယမိုက်ကျမ်းကို သံဂါယနာတင်ပြီး သံဂီတိနာယက အရှင်မဟာကဿပ သည် ဖော်ပြပါ ပဋ္ဌာန်းကျမ်းတော်ကြီးနှင့်စပ်၍ မေးအပ် မေးသင့် မေး ထိုက်သော အချက်အလက်တို့ကို အားလုံးသံသယရှင်းအောင် မေးတော်

၁။ အကျယ် ယမက၊ ၁း ၁-၂၆၅။ ယမက၊ ၂။ ၁-၃၁၆။ ယမက၊ ၃။ ၁-၃၃၀၊

၂။ အကျယ် ပဋ္ဌာန်း၊ ၁။ ၁-၃၆၄။ ပဋ္ဌာန်း၊ ၂။ ၁-၄၉၃။ ပဋ္ဌာန်း၊ ၃။ ၁-၆၀၅။ ပဋ္ဌာန်း၊ ၄။ ၁-၆၃၆၊ ပဋ္ဌာန်း၊ ၅။ ၁-၄၄၂ ကြည့်၊

မှုပြီးလျှင် အရှင်မဟာကဿပ အကြီးအမှူးရှိသော သံဂီတိကာရကရဟန္တာ သခင် အရှင်မြတ်တို့က ပေါင်းစုရွတ်ကာ သံဂါယနာတင် အတည်ပြုတော် မူကြသည်။

အဘိဓမ္မာပိဋကဟု အတည်ပြု မြေတုန်လှုပ်ခြင်း

ယင်းသို့ သိမ်မွေ့နက်နဲသောဉာဏ် သိမ်မွေ့နက်နဲသော ဉာဏ်ရှိသူတို့၏ သာ ကျက်စားရာ အာရုံဖြစ်သော ပါဠိတော်ကြီး ခုနစ်ကျမ်းကို အမေး အဖြေ ပြု လုပ်ပေါင်းယူပြီး ဤပိဋကသည် "အဘိဓမ္မာပိဋက"ဖြစ်သည်ဟု အတည်ပြုတော်မူခဲ့ကြလေသည်။ ယင်းသို့ အဘိဓမ္မာပိဋကတော်ကြီး သံဂါ ယနာတင်ပြီးသည်၏ အဆုံး၌လည်း ယူဇနာပေါင်း နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် အလွန်တရာ လေးလံလှစွာသော တော,တောင်,မြစ်ချောင်းအပေါင်းနှင့် သမုဒ္ဒရာလေးစင်း မြင်းမိုရ်တောင် မင်း စသည့် ဝန်တို့ကို ဆောင်နိုင်လင့်ကစား ဘုရားမြတ်စွာ မုခပါဌ် ဖြစ်တော်မူသည့် အဘိဓမ္မာပိဋကတော် ဟူသော ဒေသနာတော်ဝန်ကို မထမ်းဆောင်နိုင်သည့်ပမာ ဝဲယာ ရှေ့နောက် ထက်အောက် ခြောက်ထွေ အကြိမ်ကြိမ် တုန်လှုပ်လေတော့သည်။

၃၆၇။ အဘိဓမ္မာဝသာနမှိ၊ မေဒနီ သမ္ပကမ္ပတိ။
ဝဟိတုံ အသမတ္ထာဝ၊ ဘာရတိ ဘာရသမ္ပတံ။

ဇာတ်ပါဠိတော်ကြီးကို သံဂါယနာတင်ခြင်း

ဘုရားမြတ်စွာသည် ကိုယ်တော်မြတ်၏ ပါရမီသုံးဆယ် သုံးသွယ်စရိယ စာဂငါးစု မြတ်ကောင်းမှုတို့ ဖြည့်ကျင့်တော်မူပုံ စသည်ကို အကြောင်း ပြု၍ ပစ္စုပ္ပန္နဝတ္ထုနှင့် မဆက်ဆံသော အသာဓာရဏ မဟာကရုဏာ တော်ဖြင့် အပဏ္ဏကဇာတ် အစရှိသော ၅၅၀-သော ဇာတ်တော်ကြီး များကို ဟောကြားတော်မူခဲ့လေသည်။ ယင်းဇာတ်တော်များမှာ ဧက နိပါတ်၌ ၁၅၀-ဇာတ်၊ ဒုကနိပါတ်၌ ၁၀၀-ဇာတ်၊ တိကနိပါတ်၌ ၅၀-ဇာတ်၊ စတုက္ကနိပါတ်၌ ၅၀-ဇာတ်၊ ပဉ္စကနိပါတ်၌ ၂၅-ဇာတ်၊ ဆက္ကနိပါတ်၌ ၂၀-ဇာတ်၊ သတ္တကနိပါတ်၌ ၂၁-ဇာတ်၊ အဋ္ဌကနိပါတ်၌ ၁၀-ဇာတ်၊ နဝကနိပါတ်၌ ၁၂-ဇာတ်၊ ဒသကနိပါတ်၌ ၁၆-ဇာတ်၊ ဧကာဒသကနိပါတ်၌ ၉-ဇာတ်၊ ဒွါဒသကနိပါတ်၌ ၁၀-ဇာတ်၊ တေရ

သကနိပါတ်၌ ၁၀-ဇာတ်၊ ပကိဏ္ဏကနိပါတ်၌ ၁၃-ဇာတ်၊ ဝီသတိနိပါတ်၌ ၁၄-ဇာတ်၊ တိံသနိပါတ်၌ ၁၀-ဇာတ်၊ စတ္တာလီသနိပါတ်၌ ၅-ဇာတ်၊ ပဏ္ဏာသနိပါတ်၌ ၃ ဇာတ်၊ သဋ္ဌိနိပါတ်၌ ၂-ဇာတ်၊ သတ္တတိနိပါတ်၌ ၂-ဇာတ်၊ အသီတိနိပါတ်၌ ၅-ဇာတ်၊ မဟာနိပါတ်၌ ၁၀-ဇာတ်၊ ဤသို့ အားဖြင့် ဇာတ်တော်ပေါင်း ၅၄၇-ဇာတ်သာ ရှိသော်လည်း ခေါ်ဝေါ် လွယ်စိမ့်သောငှာ အနည်းငယ် လိုသည်ကို မပြောပလောက်ဟု သဘော ထား၍ ၅၅၀-သော ဇာတ်တော်ဟု ဆိုသည်။[၁]

ယင်း ဇာတ်တော်ကြီးများမှာ ကြည်ညိုဖွယ်ရာ, သံဝေဂရဖွယ်ရာလည်း ကောင်းလှသည်။ ယင်း ဖြစ်ရပ်အကြောင်းအရာ ဇာတ်တော်ကြီးများမှာ ဒီပင်္ကရာ မြတ်စွာဘုရားထံမှ နိယတဗျာဒိတ် တံဆိပ် ပန်ဆင်ပြီးနောက် ပါရမီဖြည့်ခဲ့သော ဘဝဖြစ်စဉ်များဖြစ်ရာ အလောင်းအလျာ ဖြစ်ခဲ့ရသည့် ဘဝတို့ကို အောက်ပါ ရေးကျခဲ့သည့် ကေပိုဒ်လက်ာဖြင့် သိသာမှန်းဆ ကြည်ညိုရှိခိုးရာ၏။

ငါးရာ့ငါးဆယ်ဇာတ်လာ ဘုရားလောင်း ဖြစ်ခဲ့ရသည့်ဘဝတို့ကို ဖော်ပြသည့် ကေပိုဒ် ရှိခိုးလက်ာ

အတိုင်းမသိ ကျေးဇူးရှိသည့် မုနိသကျ ဂေါတမကား မဆွ ရေးခါ သုမေဓာပြာဟ္မဏ တာပသဇာစ် ရသော့ဖြစ်၍ သုံးခေတ္တရှင် ဒီပင်္ကရာ စောမြတ်စွာ၏ နိယတခွန်း ဗျာဒိတ်ပန်းကို ဦးစွန်းထိပ် ပြင် ပန်ဆင်သည်မှ လေးဝသင်္ချေ သိန်းနေကမ္ဘာ ရှည်မြင့်ကြာ အောင် ပါရမီတိံသ ပဉ္စစာဂါ စရိယာသုံး လောင်းတို့ထုံးကို ရုံးစည်းဖွေရှာ ကျင့်ခြင်းရာဖြင့် မိန့်မှာပိုင်းခြား ဇာတ်တော်များ တွင် မပြားမျိုးတူ ေါင်းယူထွက်လစ် သင်္ချာစစ်မူ လူဖြစ်ဇာတ်မှာ သုံးရာစွန်းကယ် ငါးဆယ်သုံးဖြစ် လျှပ်စစ်ရောင်ဝါ ပြဟ္မာငါးကြိမ် ဝတိံသာဖျား သိကြားဆယ့်ကိုး မိုးဝထက်နတ် ဇာတ်စုဒ္ဒသ

၁။ တဏ္ဍ "ပညာသသာမိကာနိ ပဉ္စသတကာသတာနိ" တို့ ဠ္ဌဒ် အပွက် ပန ဦနမခိက်ဝါဂဏနူပဂ် န ဟောဘီတိ ကတွာ အနေကံသေန, ဝေါဟာရ သုခတာမတ္တေန စ ဝုတ္တံ၊ ကေံသတောတိ သုတ္တစတ္တာလီသာမိကာ နိဋ္ဌဃေ၀ ယထာဝုတ္တဂဏနာယော တိဟိဋ္ဌိနတ္တာ၊ သီ၊ ဋီ၊ သစ်၊ ၁၊ ၁၃၂။

ရှက္ခနတ်ဖြစ် သုံးဆယ့်တစ်ကောက် မျောက်ဒွါဒသ ဂူဝဟောက်
လေ့ ခြသေ့်ဆယ်ခါ ဟသ်ာကျေးသား နှစ်ပါးတူညီ ကိုးဖြစ်စီပင်
သမင်ရှစ်ဟူ ဆင်မူခုနစ် ခိုဖြစ်ခြောက်ခါ နွားမှာပဥ္စ လင်းတ ငုံး
မြင်း ရေမင်းနဂါး ဤလေးပါးဇာစ် လေးဖြစ်စီပေါင်း ဒေါင်း
ခွေး ငှက် ဆတ် ဖွတ်နှင့် ရေငါး ဤခြောက်ပါးမှာ သုံးစီသာတည့်
ကျီး ခါ ကြွက် ကြွက် ဂဠုန်ငှက်နှင့် စက္ကဝါက်ဥဩ ပေါင်းရော
တွက်မှတ် ခုနစ်ဇာတ်မှာ နှစ်စီသာထား ဖား ဗိလုံးငှက် ကျွဲ ဝက်
ခေါက်ရှာ ကိန္နရာတင်ကျီး စာဝတီးငှက် ဆက်ရက်ယုန်လျှောက်
သစ်တောက်ငှက်ဟု ဆယ့်တစ်စုမှာ တွက်ခါအညီ တစ်ကြိမ်စီတည့်
ပေါင်းလီသ်ျာ ငါးရာလေးဆယ် စွန်းကယ်ခုနစ် တို့ရှင်ချစ်လျှင်
ပတ်ရစ်ဝန္ဒ ဩဃနစ်သူ သုံးပါးလူကို ရှစ်ဆူမဂ္ဂင် သဘော်ာယာဉ်
ဖြင့် ဆယ်တင်ယူဆောင် နိဗ္ဗာန်သောင်သို့ ရောက်အောင်ပို့အံ့
ခိုင်ကြံ့စွဲယူ ကြံတော်မူသား လောင်းတော်များကို သုံးပါးဝန္ဒာ
စေတနာဖြင့် သဒ္ဓါမြတ်နိုး ရှိလျှင်ခိုးသည် ကောင်းကျိုးတက်ဝှန်
မင်္ဂလာဖိုလ်ညာဏ် နိဗ္ဗာန်အထွတ် ရောက်စေသော်ဝ်။

အဘိဓမ္မာပိဋကကို ညီညာသံချို အပေါင်းရွတ်ဆို သရဇ္ဈာယ် သံဂါ
ယနာတင်ပြီးနောက် သံဂီတိနာယက သံဃပါမောက္ခ အရှင်မဟာကဿပ
မဟာထေရ်က နိဒါန်း, ပုဂ္ဂိုလ်, အကြောင်းဝတ္ထု အဌုပ္ပတ္တိတို့ကို မေးမြန်း
စိစစ်ရာ သံဂီတိဝိဿဇ္ဇက အရှင်အာနန္ဒာသည် မဆိုင်းမတွ ဖြေဆိုတော်မူ
လေသည်။ ယင်း အမေးအဖြေကို ပြုတော်မူကြပြီးလျှင် အရှင်မဟာကဿပ
အမှူးပြုသော သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ် ငါးရာတို့က
စုပေါင်းရွတ်ဆိုသံဂါယနာတင်ပြီးဤဒေသနာတော်အစုသည်“ဇာတက”
မည်၏ဟု ထုတ်ဖော်မြွက်ကြား ထားတော်မူခဲ့ကြကုန်၏။ ယင်းသို့ဖြစ်
ကြောင်း အရှင်မဟာဗုဒ္ဓဃောသ ထေရ်မဟာသည်–

၁။ အကျယ် ဇာ၊ ။ ၅၁–၄၀၀။ ဇာ၊ ။ ၁–၃၇၀၊ ဇာ၊ ဋ္ဌ။ ၁၊
၁–၅၃၀။ ဇာ၊ ဋ္ဌ၊ ၂။ ၁–၄၀၀။ ဇာ၊ ဋ္ဌ၊ ၃။ ၁–၅၁၆။
ဇာ၊ ဋ္ဌ၊ ၄။ ၁–၅၇၄။ ဇာ၊ ဋ္ဌ၊ ၅။ ၁–၅၅၃၊
ဇာ၊ ဋ္ဌ၊ ၆။ ၁–၃၃၂။ ဇာ၊ ဋ္ဌ၊ ၇။ ၁–၃၀၇။ ကြည့်။

၃၆၈။ တံ တံ ကာရဏမာဂမ္မ၊ ဒေသိတာနိ ဇုတိမတာ။
အဂ္ဂဏ္ဏကာဒီနိ ပုရာ၊ ဇာတကာနိ မဟေသိနာ။

၃၆၉။ ယာနိ ယေသု စိရံ သတ္ထာ၊ လောကနိတ္ထရဏတ္ထိကော။
အနန္တေ ဗောဓိသမ္ဘာရေ၊ ပရိပါစေသိ နာယကော။

၃၇၀။ တာနိ သဗ္ဗာနိ ဧကဇ္ဈံ၊ အာရောပေန္တေဟိ သင်္ဂဟံ။
ဇာတကံ နာမသင်္ဂီတံ၊ ဓမ္မသင်္ဂါဟကေဟိ ယံ။[၁]

ဟူသော ၃-ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။

မဟာနိဒ္ဒေသကို ဆက်လက် သံဂါယနာတင်ခြင်း

ဘုရားမြတ်စွာသည် အကြောင်းဝတ္ထု အဋ္ဌုပ္ပတ္တိဖြစ်ပေါ်လာသည့်အားလျော်စွာ (၁) ကာမသုတ် (၂) ဂုဟဋ္ဌကသုတ် (၃) ဒုဋ္ဌဋ္ဌကသုတ် (၄) သုဒ္ဓဋ္ဌကသုတ် (၅) ပရမဋ္ဌကသုတ် (၆) ဇရာသုတ် (၇) တိဿမေတ္တေယျသုတ် (၈) ပသူရသုတ် (၉) မာဂဏ္ဍိယသုတ် (၁၀) ပုရာဘေဒသုတ် (၁၁) ကလဟဝိဝါဒသုတ် (၁၂) စူဠဗျူဟသုတ် (၁၃) မဟာဗျူဟသုတ် (၁၄) တုဝဋ္ဋကသုတ် (၁၅) အတ္တဒဏ္ဍသုတ် (၁၆) သာရိပုတ္တသုတ်· ဟူသော သုတ်ပေါင်း ၁၆-သုတ်တို့ကိုလည်းဟောတော်မူခဲ့လေသည်။ယင်းသုတ် ၁၆-သုတ်တို့ကို သုတ္တနိပါတ်ပါဠိအဋ္ဌကဝဂ်၌သံဂါယနာတင်တော်မူခဲ့ကြသည်။[၂]

ကျယ်ဝန်းပညာ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာသည် ယင်းကာမသုတ် အစရှိသော သုတ်ပေါင်း တစ်ဆယ့်ခြောက်သုတ်တို့ကို ခမ်းနားပြည့်စုံစွာ ဟောကြားဖွင့်ဆိုတော်မူခဲ့လေသည်။ ယင်းကာမသုတ်စသောသုတ်ပေါင်း ၁၆-သုတ်အဖွင့် အကျယ်ဖွင့်ဆို ဟောပြချက်သည် မဟာနိဒ္ဒေသဟု တွင်သည်။ ဘုရားမြတ်စွာ ကိုယ်တော်တိုင် ကိုယ်တော်မြတ်အကျယ်ချဲ့ဟောကြားတော်မူသည်နှင့် ထပ်တူ ထပ်မျှ ထားကာ သာဓုသုံးကြိမ်ခေါ် အတည်ပြုတော်မူခဲ့လေသည်။

၃၇၁။ သာရိပုတ္တော မဟာပညော၊ သတ္ထုကပ္ပေါ ဇိနုရသော။
ဓမ္မစက္ကံ ဝိဘာဇေတွာ၊ မဟာနိဒ္ဒေသမဗြဝိ။[၃]

၁။ ဇာ၊ ဋ္ဌ၊ ၁။ ၁။
၂။ သုတ္တနိ။ ၃၉၉-၄၂၈။ ၃။ မဟာနိ၊ ဋ္ဌ။ ၁။

သံဂီတိနာယက သံဃပါမောက္ခ ဖြစ်တော်မူသော အရှင်မဟာကဿပ သည် ဇာတ်ပါဠိတော်ကြီး သံဂါယနာတင်အပြီး မဟာနိဒ္ဒေသကျမ်း ကြီးနှင့် စပ်၍ သံဂီတိဓမ္မဝိဿဇ္ဇက အရှင်အာနန္ဒာမထေရ်ကို နိဒါန်း, ပုဂ္ဂိုလ်, အကြောင်းဝတ္ထု အဋ္ဌုပ္ပတ္တိတို့ကို မေးမြန်းရာ အရှင်အာနန္ဒာ မထေရ်သည် မိုးဝကောင်းကင် သိန္ဓောနှင်သကဲ့သို့လျင်မြန်စွာဖြေဆိုကြား လျှောက်ထားတော်မူခဲ့လေသည်။ ယင်းသို့ မေးဖြေ စိစစ် ပေါင်းယှဉ်၍ သံဂီတိကာရက ရဟန္တာငါးရာတို့က စုပေါင်းရွတ်ဆို သံဂါယနာတင်ပြီး ဤသုတ်အစုသည် မဟာနိဒ္ဒေသမည်၏ဟု ဖော်ပြပြောကြားထားဘော်မူခဲ့ ကြကုန်၏။

စူဠနိဒ္ဒေသကို ဆက်လက် သံဂါယနာတင်ခြင်း

ဘုရားမြတ်စွာသည် အဇိတလုလင် (အဇိတမာဏဝ) စသော ပုဏ္ဏား ၁၆-ယောက်တို့၏ မေးလျှောက်ချက် (ပြဿနာမေးခွန်းအရပ်ရပ်) တို့ကို ကရုဏာရှေ့ထား ဖြေကြားတော်မူသည်။ ယင်း အဇိတလုလင် (အဇိတ-မာဏဝ) စသူတို့၏အမေး ဘုရားရှင်၏အဖြေ စသည်တို့သည်-(၁)အဇိတ မာဏဝပုစ္ဆာ၊ (၂) တိဿမေတ္တေယျမာဏဝပုစ္ဆာ၊ (၃) ပုဏ္ဏကမာဏဝ ပုစ္ဆာ၊ (၄) မေတ္တဂူမာဏဝပုစ္ဆာ၊ (၅) ဓောတကမာဏဝပုစ္ဆာ၊ (၆) ဥပသိဝမာဏဝပုစ္ဆာ၊ (၇) နန္ဒမာဏဝပုစ္ဆာ၊ (၈) ဟေမက မာဏဝပုစ္ဆာ၊ (၉) တောဒေယျမာဏဝပုစ္ဆာ၊ (၁၀) ကပ္ပမာဏဝပုစ္ဆာ၊ (၁၁) ဇတုကဏ္ဏိမာဏဝပုစ္ဆာ၊ (၁၂) ဘဒြာဝုဓမာဏဝပုစ္ဆာ၊ (၁၃)-ဥဒယမာဏဝပုစ္ဆာ၊ (၁၄) ပေါသာလမာဏဝပုစ္ဆာ၊ (၁၅) မောဃ ရာဇမာဏဝပုစ္ဆာ၊ (၁၆) ပိင်္ဂိယမာဏဝပုစ္ဆာ အမည်အားဖြင့် ထင်ရှား ကုန်၏။ ယင်းတို့ကို သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်၌ သံဂါယနာ တင်တော်မူခဲ့ကြသည်။ ကျယ်ဝန်းပညာ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ သည် ''အဇိတမာဏဝပုစ္ဆာ''စသည် ဒေသနာသုတ္တန်တို့ကိုလည်းကောင်း, ပါရာယနတ္ထုတိဂါထာတို့ကိုလည်းကောင်း၊ ပါရာယနာနုဂီတိ ဂါထာတို့ ကိုလည်းကောင်း, သုတ္တနိပါတ်ပါဠိတော်ဥရဂဝဂ်၌သံဂါယနာတင်ခဲ့သည့် ခဂ္ဂဝိသာဏသုတ်ကိုလည်းကောင်း၊အကျယ်ချဲ့တော်မူ၍အဋ္ဌကထာအလား ဟောကြားဖွင့်ဆိုတော်မူခဲ့လေသည်။ယင်းကိုလည်း ဘုရားမြတ်စွာ သာဓု ခေါ်၍ ကိုယ်တော်မြတ်ဟောကြားသည်နှင့် ထပ်တူပြုတော်မူခဲ့လေသည်။

ယင်းသည် စူဠနိဒ္ဒေသအမည်ဖြင့် ပရိယတ္တိသာသနာတော်၌ ထင်ရှားခဲ့လေသည်။ သံဂီတိနာယက အရှင်မဟာကဿပသည် မဟာနိဒ္ဒေသပါဠိတော်ကြီး သံဂါယနာတင်အပြီးတွင် စူဠနိဒ္ဒေသပါဠိတော်နှင့် စပ်၍ နိဒါန်း, ပုဂ္ဂိုလ်, အကြောင်းဝတ္ထု, အဋ္ဌုပ္ပတ္တိတို့ကို အရှင်အာနန္ဒာအား မေးတော်မူရာ အရှင်အနန္ဒာသည် လျင်မြန်တောက်တပ် ဖြေဆိုတော်မူလေသည်။ ယင်းသို့ အမေးအဖြေပြု ပန်းတို့ကို သီကုံးသည့်အလားတစ်စု တစ်ပေါင်း တစ်စုတည်းပြုပြီး ညီညာသံချို အပေါင်းရွတ်ဆို သံဂါယနာ တင်ကြပြီး၍ ဤဒေသနာတော်သုတ်တော် ပုစ္ဆဝိဿဇ္ဇနာအစုသည် စူဠနိဒ္ဒေသတည်းဟု ထုတ်ဖော်မြွက်ကြား ထားတော်မူခဲ့ကြကုန်၏။

ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကို သံဂါယနာတင်ခြင်း

ဤဒေသနာတော်၌ ဘုရားရှင်ကိုကြဉ် ပညာအကြီးဆုံးဖြစ်တော်မူသော ဓမ္မသေနာပတိ အဂ္ဂသာဝကမထေရ်မြတ် အရှင်သာရိပုတ္တရာသည်ပင်လျှင် ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီးကိုဟောတော်မူခဲ့လေသည်။ ယင်းပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ - (၁) မဟာဝဂ်၊ (၂) ယုဂနဒ္ဓဝဂ်၊ (၃) ပညာဝဂ်-အားဖြင့် ၃-ဝဂ်ရှိ၍ ၁-ဝဂ် ၁-ဝဂ်တွင် ကထာပေါင်း ၁၀ ကထာစီ ပါရှိလေရာ ရှေးဦးစွာဖြစ်သော မဟာဝဂ်၌-(၁) ဉာဏကထာ၊(၂) ဒိဋ္ဌိကထာ၊ (၃) အာနာပါနဿတိကထာ၊ (၄) ဣန္ဒြိယကထာ၊ (၅)-ဝိမောက္ခကထာ၊ (၆) ဂတိကထာ၊ (၇) ကမ္မကထာ၊ (၈) ဝိပလ္လာ-သကထာ၊(၉) မဂ္ဂကထာ၊(၁၀)မဏ္ဍပေယျကထာ-အားဖြင့် ၁၀ ကထာ ဖြစ်သည်။

ယုဂနဒ္ဓဝဂ်၌လည်း — (၁) ယုဂနဒ္ဓကထာ၊ (၂) သစ္စကထာ၊ (၃) -ဗောဇ္ဈင်္ဂကထာ၊ (၄) မေတ္တာကထာ၊(၅) ဝိရာဂကထာ၊ (၆) ပဋိသမ္ဘိဒါကထာ၊ (၇) ဓမ္မစက္ကကထာ၊ (၈) လောကုတ္တရကထာ၊ (၉) ဗလကထာ၊ (၁၀) သုညကထာ - အားဖြင့် ၁၀-ကထာ ဖြစ်လေသည်။

ပညာဝဂ်၌လည်း — (၁) မဟာပညာကထာ၊ (၂) ဣဒ္ဓိကထာ၊ (၃) အဘိသမယကထာ၊ (၄) ဝိဝေကကထာ၊ (၅) စရိယာကထာ၊ (၆) ပါဋိဟာရိယကထာ၊(၇) သမသီသိကထာ၊(၈) သတိပဋ္ဌာနကထာ၊ (၉) ဝိပဿနာကထာ၊ (၁၀) မာတိကာကထာ-အားဖြင့် ၁၀.ကထာ ဖြစ်လေသည်။

ယင်း ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်ကြီးသည် နက်နဲသည်ဖြစ်၍ စောက်နက် ပြောကျယ် ပင်လယ်သမုဒ္ဒရာနှင့်တူကြောင်း၊ ကြီးကျယ်သော-အင်းကြီး အိုင်ကြီးနှင့်တူကြောင်း၊ ယင်း ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကြီးကို ဟောပြော ပို့ချပါက ဉာဏ်ပညာ ကြီးမား ကျယ်ပြောနိုင်ကြောင်း။ ယင်းကျမ်းလာ အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ပါက ယောဂီများ ဉာဏ်ပညာ တောက်လှင်းလက်နိုင်ကြောင်း....

၃၇၂။ အနန္တနယမဂ္ဂေသု၊ ဂမ္ဘီရော သာဂရူပမော။
နဘံ စ တာရကာကိဏ္ဏံ၊ ထူလော ဇာတဿရော ယထာ။
ကထိကာနံ ဝိသာထာယ၊ ယောဂီနံ ဉာဏဇောတနံ။[၁]

ဟူသော ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။

သံဂီတိ နာယက အရှင်မဟာကဿပ မဟာထေရ်မြတ်ကြီးသည် စူဠနိဒ္ဒေသပါဠိတော်ကြီး စုပေါင်းညီညာ သံဂါယနာတင်အပြီးတွင် အရှင် အာနန္ဒာအား ပဋိသမ္ဘိဒါမဂ်ပါဠိတော်နှင့်စပ်၍ မေးမြန်းထိုက်သည်များ ကို မေးမြန်းတော်မူရာ ဓမ္မဝိဿဇ္ဇက အရှင်အာနန္ဒာသည် မေးတိုင်း မေး တိုင်း မဆိုင်းမတွ ဖြေကြားတော်မူလေသည်၊ ယင်း အမေး အဖြေပုံ ပေါင်းယူ သီကုံး အတည်ပြု၍ အရှင်မဟာကဿပ အမှူးရှိသော သံဂီတိ ကာရက ရဟန္တာသခင် အရှင်မြတ်ငါးရာတို့ စုပေါင်းညီညာ ရွတ်ဆိုသံဂါ ယနာ တင်တော်မူ၍ ဤဒေသနာစကားစုသည် "ပဋိသမ္ဘိဒါမဂ္ဂ ပါဠိ တည်း"ဟု ထုတ်ဖော် မြွက်ကြားထားတော်မူခဲ့ကြသည်။

အပဒါန်ပါဠိတော်ကြီးကို ဆက်လက် သံဂါယနာတင်ခြင်း

အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာသခင် အရှင်မြတ်ငါးရာတို့ သည်ဘုရားမြတ်စွာလေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီ သုံးဆယ် သုံးသွယ်စရိယ စာဂငါးစု မြတ်ကောင်းမှုတို့ကို ဖြည့်ကျင့်ပြီး တည်ထောင်တော်မူခဲ့သည့် သာသနာတော်ကြီး မြင့်ရှည်မြားမြောင် နှစ် ငါးထောင် တည်စေဟု ဦးတည်ချက်ဖြင့် သံဂါယနာပွဲကြီးသဘင် ယင် တော်မူကြရာ ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကြီး သံဂါယနာတင် အပြီးတွင် အပဒါန် ပါဠိတော်ကြီးကို မေးဖြေသိမ်းယူ သီကုံးရွတ်ဆို သံဂါယနာ တင်တော်မူကြရာ အောက်ပါအတိုင်း ပြည့်စုံစွာ မှတ်သားရာ၏။

၁။ ပဋိသံ၊ ၄၁၉။

အပဒါနပါဠိကို ဆက်လက် သံဂါယနာတင်ခြင်း

"အပဒါန"ဟူသည် ရှေးကောင်းမှု မကောင်းမှုဟူသော အကြောင်းတည်း။ သို့မဟုတ် ဖြစ်စဉ်၊ အဋ္ဌုပ္ပတ္တိ၊ ရာဇဝင်တည်း။ "အပဒါနပါဠိ" ဟူသည် အကြောင်းအရာဖြစ်စဉ် အဋ္ဌုပ္ပတ္တိတို့ကို ပြဆိုရာ ပါဠိ ဖြစ်လေသည်။ အပဒါနပါဠိသည် ပရိယတ္တိ သာသနာတော်၌ အကြီးဆုံးသော အဋ္ဌုပ္ပတ္တိပေါင်းချုပ်ကျမ်းကြီး ဖြစ်လေသည်။ ယင်းအပဒါန်ပါဠိတော်၌-

၁။ ဗုဒ္ဓါပဒါန
၂။ ပစ္စေကဗုဒ္ဓါပဒါန
၃။ ထေရာပဒါန
၄။ ထေရီပဒါန-

အားဖြင့် ၄-ပိုင်း ပါရှိလေသည်။ ယင်း ၄-ပိုင်းအနက် ဗုဒ္ဓါပဒါနနှင့် ပစ္စေကဗုဒ္ဓါပဒါနတို့မှာ မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် အရှင်အာနန္ဒာ လျှောက်သဖြင့် ဘုရားရှင် ဟောတော်မူကြောင်း လာရှိသည်။[1] ဗုဒ္ဓါပဒါန=ဗုဒ္ဓါပဒါန်၌ ငါတို့ကိုးစား ဂေါတမဘုရားရှင်သည် ဘုရားဖြစ်လိုကြောင်း ရှေးဘုရားရှင်တို့ထံ စိတ်ဖြင့် တောင့်တခဲ့ (ဆုတောင်းခဲ့)သည်မှာ ဘုရားပေါင်း မရေမတွက်နိုင်ကြောင်း—

၃၇၃။ အဟမ္ပိ ပုဗ္ဗဗုဒ္ဓေသု၊ ဗုဒ္ဓတ္တ မဘိပတ္ထယိံ။
မနသာယေဝ ဟုတွာန၊ ဓမ္မရာဇာ အသင်္ခိယာ။[2]

ဟု လာရှိသည်။

ထေရာပဒါန (=ထေရာပဒါန်)တို့မှာ အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလ္လာန်, အရှင်မဟာကဿပ အစရှိသော မထေရ်မြတ်ကြီးတို့သည် မိမိပြုလုပ်ဆည်းပူးခဲ့သည့် ကုသိုလ်ကောင်းမှုများနှင့် မိမိတို့အဖြစ်အပျက် အကြောင်းအရာများကို ကိုယ်တိုင် ရှင်ရှင်မြူးမြူး ဥဒါန်းကျူးသည်၏ အစွမ်းအားဖြင့် ဟောတော်မူခဲ့ရာ အလွန်လျှင် စိတ်ဝင်စားဖွယ်ကောင်းလှ၏။ ဖတ်ပြီးရင်း ဖတ်ချင်ရင်း ဖြစ်သည်။ ယင်းအပဒါန်တို့မှာ-

---

၁။ အပ၊ ၁။ ၁၊ ဂ။
၂။ အပဋ္ဌ၊ ၁။ ၄–ဂါထာ၃။

(က) ဗုဒ္ဓါပဒါန်
(ခ) ပစ္စေကဗုဒ္ဓါပဒါန်
(ဂ) ထေရာပဒါန် ၅၁၀-ခု
(ဃ) ထေရီပဒါန် ၄၀-ခု

တို့ဖြစ်သည်။ ထေရာပဒါနပါဠိ၌ ဝဂ် ၅၁-ဝဂ်။ ထေရီပဒါနပါဠိ၌ ဝဂ် ၄-ဝဂ် ဖြစ်သည်ဟူ၏။ အဋ္ဌကထာ၌မူ

၃၃၄။ ပဌမံ အပဒါနာနိ၊ ပဉ္စသုတ္တာနိ ယဿ စ။
ဣဒံ ဗုဒ္ဓါပဒါနန္တိ၊ ပဌမံ အနုလောမတော။

၃၃၅။ ပဌမံ အပါဒါနာနိ၊ ပဉ္စသုတ္တာနိ ယဿ စ။
ဣဒံ ပစ္စေကဗုဒ္ဓါပဒါနန္တိ၊ ဒုတိယံ အနုလောမတော။

၃၃၆။ ပဉ္စသတဒသပဒါနာနိ၊ ကေပညာသဝဂ္ဂတော။
ဣဒံ ထေရာပဒါနန္တိ၊ တတိယံ အနုလောမတော။

၃၃၇၊ စတ္တာလီသပဒါနာနိ၊ စတုဝဂ္ဂါနိ ယဿ စ။
ဣဒံ ထေရီပဒါနန္တိ၊ စတုတ္ထံ အနုလောမတော။

ဟု လာရှိသည်။[၂] သို့ရာတွင် ထေရာပဒါနပါဠိ၌ ဝဂ်ပေါင်း ၅၆-ဝဂ် ပါရှိသည်။ နောက်ဆုံးဝဂ်မှာ ယသဝဂ် ဖြစ်သည်။ ယသဝဂ္ဂေါ ဆပညာသမော။[၂]

သံဂါယနာယက သံဂီတိပါမောက္ခဖြစ်တော်မူသော အရှင်မဟာကဿပ မဟာထေရ်သည်ပဌမသံဂါယနာတင်အပြီးတွင် ဓမ္မဘဏ္ဍာဂါရိက ဓမ္မကောသာရက္ခ အရှင်အာနန္ဒာအား "အပဒါနပါဠိ"နှင့် စပ်၍ မေးသင့်မေးထိုက်သည်များကို မေးမြန်းရာ အရှင်အာနန္ဒာသည် ရှင်းလင်းဖြေဆိုတော်မူခဲ့လေသည်။ ယင်းသို့မေးမြန်းဖြေဆို ပေါင်းစု သီကုံးတော်မူပြီးလျှင် အရှင်မဟာကဿ အမှူးရှိသော သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ငါးရာတို့က ပေါင်းစုရွတ်ကာ သံဂါယနာတင်ကြ၍ ဤဒေသနာအပေါင်း ဤဂါထာအပေါင်းသည် "အပဒါနပါဠိ" မည်၏ဟု ထုတ်ဖော်မြွက်ကြား ထားတော်မူခဲ့ကြကုန်၏။

၁။ အပ၊ ဋ္ဌ၊ ၁။ ၁၁၃၊ ၂။ အပ ၂။ ၁၇၅။

၃၇၈၊ အပဒါနံ သုပခါနံ၊ ထေရာထိရေသု သတ္ထိကာ။
သံဂါယိံသု ဝိတရာဂါ၊ စက္ကသာ စိရဋ္ဌိတိယာ။

သုတ္တနိပါတ် ပါဠိတော် ဆက်လက် သံဂါယနာတင်ခြင်း

များသောအားဖြင့် ထိုထိုနိကာယ်များ၌လာပြီး သုတ်တို့ကို အလွယ်တကူ သင်ယူပို့ချနိုင်ရန် ပုဂ္ဂိုလ်အလိုက် ကိုက်ညီလျော်ကန်သည့် သုတ်ကို ဂါထာသက်သက်သုတ်များ သို့မဟုတ် ဂါထာတစ်ကျော့ စုဏ္ဏိယတစ်ကျော့ ပါရှိသည့်သုတ်များကို ချသွင်းဖော်ပြရာဖြစ်သောကြောင့် သုတ္တနိပါတ= "သုတ္တနိပါတ်"မည်လေသည်။ တစ်နည်းအားဖြင့် အနယ်နယ် အစိုစို အမြို့မြို့အရွာရွာ ထိုထိုဒေသ၌ အကြောင်းဝတ္ထု အဋ္ဌုပ္ပတ္တိအားလျော်စွာ ဟောတော်မူအပ်သော ဂါထာသက်သက်သုတ်၊ ဂါထာတစ်ကျော့ စုဏ္ဏိယတစ်ကျော့ ဟောအပ်သောသုတ်တို့ကို ချသွင်းဖော်ပြရာ ဖြစ်ရကား "သုတ္တနိပါတ=သုတ္တနိပါတ်"မည်၏ဟု သိရာ၏။ ယင်းသို့ဖြစ်ကြောင်း-

၃၇၉။ တထာရူပါနိ သုတ္တာနိ၊ နိပါတေတွာ တတော တိတော။
သမူဟတော အယံ တသ္မာ၊ သင်္ခမေဝ မုပါဂတော။

ဟု အဋ္ဌကထာ၌ ဖော်ပြတော်မူခဲ့လေသည်။[၁]

ယင်း သုတ္တနိပါတ်ပါဠိ၌ (၁) ဥရဂဝဂ် (၂) စူဠဝဂ် (၃)မဟာဝဂ် (၄) အဋ္ဌကဝဂ် (၅) ပါရာယနဝဂ် အားဖြင့် ၅ ဝဂ် ပါရှိလေသည်။ ယင်း ၅ ဝဂ်တွင် ဥရဂဝဂ်၌ (၁) ဥရဂသုတ် (၂) ဓနိယသုတ် (၃) ခဂ္ဂဝိသာဏသုတ် (၄) ကသိဘာရဒွါဇသုတ် (၅) စုန္ဒသုတ် (၆) ပရာဘဝသုတ် (၇) ဝသလသုတ် (၈) မေတ္တသုတ် (၉) ဟေမဝတသုတ် (၁၀) အာဠဝကသုတ် (၁၁) ဝိဇယသုတ် (၁၂) မုနိသုတ်အားဖြင့် ၁၂-သုတ် ပါရှိသည်။

စူဠဝဂ်၌ .... (၁) ရတနသုတ် (၂) အာမဂန္ဓသုတ် (၃) ဟိရိသုတ် (၄) မင်္ဂလသုတ် (၅) သူစိလောမသုတ် (၆) ကပိလသုတ် (ဓမ္မစရိယသုတ်) (၇) ဗြာဟ္မဏဓမ္မိကသုတ် (၈) ဓမ္မ (နာဝါ) သုတ် (၉)ကိံသီလသုတ် (၁၀ ဥဋ္ဌာနသုတ် (၁၁) ရာဟုလသုက် (၁၂) နိဂြောဓကပ္ပသုတ် (၁၃) သမ္မာပရိဗ္ဗဇနီယသုတ် (၁၄) ဓမ္မိကသုတ်အားဖြင့် သုတ်ပေါင်း ၁၄-သုတ် ပါရှိသည်။

၁။ သုတ္တနိ၊ ဋ္ဌ၊ ၁။ ၁။

မဟာဝဂ်၌... (၁) ပဗ္ဗဇ္ဇာသုတ် (၂) ပဓာနသုတ် (၃) သုဘာသိတ သုတ် (၄) သုန္ဒရိကဘာရဒွါဇသုတ် (၅) မာဃသုတ် (၆) သဘိယ သုတ် (၇) သေလသုတ် (၈) သလ္လသုတ် (၉) ဝါသေဋ္ဌသုတ် (၁၀) ကောကာလိကသုတ် (၁၁) နာလကသုတ် (၁၂) ဒွယတာနုပဿနာသုတ်-အားဖြင့် သုတ်ပေါင်း ၁၂-သုတ် ပါရှိသည်။

အဋ္ဌကဝဂ်၌ .... (၁) ကာမသုတ် (၂) ဂုဟဋ္ဌကသုတ် (၃) ဒုဋ္ဌဋ္ဌက သုတ် (၄) သုဒ္ဓဋ္ဌကသုတ် (၅) ပရမဋ္ဌကသုတ် (၆) ဇရာသုတ် (၇) တိဿမေတ္တေယျသုတ် (၈) ပသူရသုတ် (၉) မာဂဏ္ဍိယသုတ် (၁၀) ပုရာဘေဒသုတ် (၁၁) ကလဟဝိဝါဒသုတ် (၁၂) စူဠဗျူဟသုတ် (၁၃) မဟာဗျူဟသုတ် (၁၄) တုဝဋကသုတ် (၁၅) အတ္တဒဏ္ဍသုတ် (၁၆) သာရိပုတ္တသုတ်အားဖြင့် သုတ်ပေါင်း ၁၆-သုတ် လာရှိသည်။

ပါရာယနဝဂ်၌ (၁) ဝတ္ထုဂါထာ (၂) အဇိတမာဏဝပုစ္ဆာ (၃) တိဿမေတ္တေယျမာဏဝပုစ္ဆာ (၄) ပုဏ္ဏကမာဏဝပုစ္ဆာ (၅) မေတ္တဂူ မာဏဝပုစ္ဆာ (၆) ဓောတကမာဏဝပုစ္ဆာ(၇)ဥပသီဝမာဏဝပုစ္ဆာ (၈) နန္ဒမာဏဝပုစ္ဆာ (၈) ဟေမကမာဏဝပုစ္ဆာ (၉) တောဒေယျမာဏဝ-ပုစ္ဆာ (၁၀) ကပ္ပမာဏဝပုစ္ဆာ (၁၁) ဇတုကဏ္ဏိမာဏဝပုစ္ဆာ (၁၁) (၁၂) ဘဒြာဝုဓမာဏဝပုစ္ဆာ (၁၃) ဥဒယမာ-ဏဝပုစ္ဆာ (၁၄) ပေါသာလမာဏဝပုစ္ဆာ (၁၅) မောဃရာဇမာဏဝပုစ္ဆာ (၁၆) ပိင်္ဂိယ မာဏဝပုစ္ဆာ၊ (က) ပါရာယနတ္ထုတိဂါထာ (ခ) ပါရာယနာနုဂီတိ ဂါထာအားဖြင့် ဝတ္ထုဂါထာပုစ္ဆာ, ထုတိဂါထာ, အနုဂီတိဂါထာတို့ ပါရှိလေသည်။ ဤသုတ္တနိပါတ် ပါဠိတော် အဋ္ဌကဝဂ်လာကာမသုတ် စသည့် တစ်ဆယ့်ခြောက်သုတ်တို့ကို သောဏထေရ်စသည့်ရဟန်းပုဂ္ဂိုလ် ထူးကြီးများ ဘုရားရှင်အား ရွတ်ဆိုပူဇော်လေ့ရှိကြောင်း လာရှိသည်။[၁]

အပဒါန်ပါဠိတော်ကြီးကို သံဂါယနာတင်တော်မူပြီး သံဂီတိနာယက သံဃပါမောက္ခ ဖြစ်တော်မူသော အရှင်မဟာကဿပ မဟာထေရ်သည် အရှင်အာနန္ဒာမထေရ်အား သုတ္တနိပါတ ပါဠိလာသုတ်များ၏ နိဒါန်း,

---

၁။ ဝိ၊ ၃၊ ၂၈၆။ ဥဒါန်း၊ ၁၄၆။ အံ့၊ ဋ္ဌ၊ ၁၊ ၁၈၉။ ဥဒါန်း၊ ဋ္ဌ။ ၂၀၇။ အံ၊ ဋ္ဌ၊ ၁၊ ၃၆၈။

ပုဂ္ဂိုလ်, အကြောင်းဝတ္ထု, အဋ္ဌုပ္ပတ္တိတို့ကို မေး၍ အရှင်အာနန္ဒာက မေးသမျှ မဆိုင်းမတွ ဖြေဆို ပေါင်းယူ ဖွဲ့စည်းသီကုံးပြီးလျှင် အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာသခင် အရှင်မြတ်ငါးရာတို့က ပေါင်းစုပီပြင် ရွတ်ဆိုသံဂါယနာ တင်တော်မူကြပြီးလျှင် ဤ သုတ် အစုသည် "သုတ္တနိပါတ"တည်းဟု ထုတ်ဖော်မြွက်ကြား၍ထားတော်မူခဲ့ကြကုန်၏။

၃၈၀။ သုတ္တနိပါတံ သုတ္တေသု၊ ပသုတာ ထေရကုဉ္ဇရာ။
သင်္ဂါယိတွာ ကိတ္တေတွာ၊ ဌပယိံသု အနာသဝါ။

ခုဒ္ဒကပါဌပါဠိကို ဆက်လက် သံဂါယနာတင်ခြင်း

ဓမ္မက္ခန္ဓာ အရေအတွက်အားဖြင့် နည်းသော သို့မဟုတ် တိုသော ကျဉ်းသော ဒေသနာစကားသုတ်များ စုဝေးရာ ပါဠိရပ်သည် ခုဒ္ဒကပါဌမည်၏ဟု သိရာ၏။ ယင်း ခုဒ္ဒကပါဌပါဠိ၌ - (၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသော သရဏဂုံသုံးပါးအပေါင်း [သရဏတ္တယ]၊ (၂) ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ-စသော သိက္ခာပုဒ်ဆယ်ပါး[ဒသသိက္ခာပဒ]၊ (၃) "အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော" စသော ၃၂-ပါးသော ဆံအစရှိသော အခြင်းအရာ အဖို့အစု [ဒွတ္တိံသာကာရ]၊ (၄) "ဧကံ နာမ ကိံ" စသော ကုမာရပဥှ၊ (၅) မင်္ဂလသုတ်၊ (၆) ရတနသုတ်၊ (၇) တိရောကုဋ္ဋသုတ်၊ (၈) နိဓိကဏ္ဍသုတ်၊ (၉) မေတ္တသုတ်အားဖြင့် ဒေသနာတော်ကျဉ်း သုတ်တော်ကျဉ်း ၉-ခု ပါရှိလေသည်။ သို့ဖြစ်၍ ခုဒ္ဒကပါဌ-ဟု မှည့်ခေါ်ကြောင်း သိရာ၏။

သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ် ငါးရာတို့သည် သုတ္တနိပါတ ပါဠိကို သံဂါယနာတင်အပြီး ခုဒ္ဒကပါဌပါဠိကို သံဂါယနာ တင်တော်မူကြမည်ဖြစ်ရာ သံဂီတိမဟာနာယက အရှင်မဟာကဿပနှင့် သံဂီတိဝိဿဇ္ဇက အရှင်အာနန္ဒာတို့က သရဏတ္တယကို အောက်ပါအတိုင်း မေးတော်မူ ဖြေတော်မူသည်ဟု သိရာ၏။

(အရှင်မဟာကဿပ)။ ။သရဏတ္တယံ အာဝုသော ကေန ဘာသိတံ။
ငါ့ရှင်အာနန္ဒာ သရဏဂုံသုံးပါးအပေါင်းကို အဘယ် ပုဂ္ဂိုလ်သည် ဟောကြားအပ်ပါသနည်း။

(အရှင်အာနန္ဒာ)။ ။သရဏတ္တယံ ဘန္တေ ဘဂဝတာ ဘာသိတံ။

သံဂီတိမဟာနာယကအရှင်သူမြတ်ကြီးဘုရား....သရဏဂုံ သုံးပါးကို ဘုရားမြတ်စွာ ဟောကြားတော်မူအပ်ပါသည် ဘုရား။

(အရှင်မဟာကဿပ)။ ။ကတ္ထ အာဝုသော ဘာသိတံ။

ငါ့ရှင်အာနန္ဒာ.... ဘယ်အရပ်၌ သရဏဂုံသုံးပါးကို ဘုရားမြတ်စွာ ဟောကြားတော်မူအပ်ပါသနည်း။

(အရှင်အာနန္ဒာ)။ ။ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ ဘန္တေ ဘာသိတံ။

သံဂီတိမဟာနာယကအရှင်သူမြတ်ကြီးဘုရား....သရဏဂုံ သုံးပါးကို ဗာရာဏသီမြို့တော်အနီး ပစ္စေကဗုဒ္ဓါဟူသော ဣသိတို့ သက်ဆင်းရာ ပျံတက်သွားရာဖြစ်သော သားသမင် စသော သတ္တဝါတို့အား ဘေးမဲ့ပေးရာ ဥယျာဉ်၌ ဘုရား မြတ်စွာသည် ကရုဏာရှေ့ထား ဟောကြားတော်မူအပ် ပါသည်ဘုရား။

(အရှင်မဟာကဿပ)။ ။ကဒါ အာဝုသော ဘာသိတံ။

ငါ့ရှင် အာနန္ဒာ.... ဘယ်အခါ၌ ဘုရားမြတ်စွာသည် ဤသရဏဂုံသုံးပါးကို ကရုဏာရှေ့ထား ဟောကြားတော် မူအပ်ပါသနည်း။

(အရှင်အာနန္ဒာ)။ ။အာယသ္မန္တေ ယသေ ဘန္တေ သဒ္ဓိံ သဟာယ- ကေဟိ အရဟတ္တံ ပတ္တေ ကေသဋ္ဌိယာ အရဟန္တေသု ဗဟုဇနဟိတာယ လောကေ ဓမ္မဒေသနံ ကရောန္တေ- သု ဘာသိတံ။

သံဂီတိမဟာနာယက အရှင်သူမြတ်ကြီးဘုရား....အရှင် ယသသည် ကုသိုလ်ပြုဖက် သူဌေးသား မိတ်ဆွေသဟာယ် ချင်း ငါးကျိပ်တို့နှင့် တကွအတူ အရဟတ္တဖိုလ်သို့ ရောက် လတ်သော် ရဟန္တာပေါင်း ခြောက်ကျိပ် တစ်ယောက်တို့ သည် လောက၌ နတ်လူပြဟ္မာ သတ္တဝါတို့၏ အစီးအပွား

အလို့ငှာ တရားဒေသနာ ဟောကြားတော်မူကြကုန်စဉ် ဘုရားရှင်သည် သရဏဂုံသုံးပါးကို ကံရှုဏာ ရွှေထား ဟောကြားတော်မူအပ်ပါသည်ဘုရား။

(ရဟန္တာ ခြောက်ကျိပ်တစ်ယောက်တို့ကား....

ဘုရား ၁ + ပဥ္စဝဂ္ဂီ ၅ + အရှင်ယသ ၁ + အရှင်ဝိမလ, အရှင်သုဗာဟု, အရှင်ပုဏ္ဏဇိ, အရှင်ဂဝမ္ပတိ ၄+ ယသ၏မိတ်ဆွေ သဟာယ်ချင်း ၅၀+စုစုပေါင်း ခြောက်ကျိပ်တစ်ပါး ဖြစ်သည်။)

(**အရှင်မဟာကဿပ**)။ ။ကိမတ္ထံ အာဝုသော ဘာသိတံ။

ငါ့ရှင်အာနန္ဒာ အဘယ်အကျိုးငှာ သရဏဂုံ သုံးပါးကို ဟောတော်မူအပ်ပါသနည်း။

(**အရှင်အာနန္ဒာ**) ။ ။ပဗ္ဗဇ္ဇတ္ထဥ္စ ဘန္တေ ဥပသမ္ပဒတ္ထဥ္စ ဘာသိတံ။

သံဂီတိ မဟာနာယက အရှင်သူမြတ်ကြီးတို့ ဘုရား....ရှင်သာမဏေပြုပေးရန်, ရဟန်းပြုပေးရန်အကျိုးငှာ သရဏဂုံသုံးပါးကို ဘုရားမြတ်စွာ ကရုဏာရွှေထား ဟောကြားတော် မူအပ်ပါသည် ဘုရား။[၁]

ဤသို့ စသည်ဖြင့် သရဏတ္တယနှင့်စပ်၍ မေးဖြေ၍ ပေါင်းယူရွတ်ဆို သံဂါယနာတင် သရဏတ္တယဟု သတ်မှတ်။ ဆက်လက်၍ ဒသသိက္ခာ၊ ပဒ်စသည့် ဒေသနာသုတ္တန်တို့ကိုလည်း မေးဖြေပေါင်းယူ သံဂါယနာတင်တော်မူကြသည်။ ယင်းသို့ သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ငါးရာတို့ ညီညာသံချို အပေါင်းရွတ်ဆို သံဂါယနာတင်ပြီး ဤဒေသနာသုတ်အစုသည် ခုဒ္ဒကပါဌမည်၏ဟု ထုတ်ဖော်မြွက်ကြားထားတော်မူခဲ့ကြကုန်၏။

၃၈၁။ ခုဒ္ဒကပါဌသမ္ဘူဒ္ဓ–ဝစနံ ဝါစနေ ယုတာ။
သံဂီတိကာရထေရိန္ဒာ၊ သံဂါယိံသု တဒါ ဂတာ။

၁။ ဝိ၊ ၃။ ၂၉၊ ခုဒ္ဒဋ္ဌ၊ ၄၊ ၄–လည်းကြည့်။

ဓမ္မပဒပါဠိကို သံဂါယနာတင်ခြင်း

ဓမ္မပဒပါဠိတော်သည် ယမကဝဂ်-စသည် ၂၆ ဝဂ်၊ မနောပုဗ္ဗင်္ဂမာ-စသည့် ဂါထာပေါင်း ၄၂၃-ဂါထာ၌ရှိ ဘုရားမြတ်စွာအဆုံးအမလမ်းညွှန်ချက် အဆီအနှစ်တို့နှင့် ပြည့်နှက်နေသည့်ကျမ်းငယ် ဖြစ်သည်။ ယင်း ဓမ္မပဒပါဠိကို - (၁) သင်္ခါရ ဝိကာရ လက္ခဏ နိဗ္ဗာန် ပညတ် – ဟူသော ဉေယျဓမ်တရား ၅ ပါးတို့ကို သိရာသိကြောင်းကျမ်း၊ (၂) ဉေယျဓံ ၅-ပါး တရားအဖွဲ့အစု ရှိရာကျမ်း၊ (၃) ရှတ်ဆိုကြည်ညို သင်ယူချင်စဖွယ် "မနော ပုဗ္ဗင်္ဂမာ" စသော ပါဠိဓမ္မတို့ကို သိရာသိကြောင်းကျမ်း၊ (၄) ရှတ်ဖတ်သင်ယူချင်စဖွယ် မနော ပုဗ္ဗင်္ဂမာ-စသော အဖွဲ့ဂါထာပါဠိဓမ္မ အဖွဲ့ရှိရာကျမ်း စသည်ဖြင့် အဋ္ဌကထာ, ဋီကာတို့၌ နည်းမျိုးစုံဖွင့်တော်မူကြသည်။ ယင်းသို့ နည်းမျိုးစုံ ဖွင့်ကြသော်လည်း လိုရင်းချုပ်လိုက်လျှင် (၁) နိဗ္ဗာန်ခရီးလမ်းကြောင်း၊ (၂) တရားကိုသိကြောင်းသိရာ၊ (၃) တရားအဖွဲ့ဟူ၍ ၃-မျိုးသာရှိ၏။ တိုက်ရိုက်ဆိုသော် ဈာန်, ဝိပဿနာ, မဂ်, ဖိုလ်နှင့် ပြည့်စုံစေနိုင်သည့် ဂါထာညွှန့်ပေါင်း ပါဠိတော်ဖြစ်၏။

ဘုရားမြတ်စွာသည် ဤ ဓမ္မပဒပါဠိဂါထာများဖြင့် သတ္တဝါအနန္တတို့အား သုံးထောင်ဝက် ကိလေသာ အမိုက်အမဲတို့ကို ဖျက်ခွဲစေတော်မူ၍ နိဗ္ဗာန်အောင်မြို့ ဆောင်ပို့တော်မူခဲ့လေသည်။ မိခင်သည် ငိုကြွေးနေသော သားငယ် သမီးငယ်ကို နို့ချိုတိုက်ကျွေး သိချင်းဆို၍ အငိုတိတ်စေသကဲ့သို့ ဘုရားမြတ်စွာသည် ကိလေသာဖြင့်ငိုကျွေးနေသည့် အသင်္ချေ အသင်္ချေ သတ္တဝါအနန္တတို့အား ဤဓမ္မပဒပါဠိဂါထာ နို့ချိုဒေသနာ တိုက်ကျွေးကာ ကိလေသာ အငိုတိတ်စေတော်မူခဲ့လေသည်။

ဤဓမ္မပဒ ဒေသနာတော်ကို သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းတိုက် ပုဗ္ဗာရုံကျောင်းတိုက်, ရာဇဂြိုဟ်မြို့တော် ဝေဠုဝန်ကျောင်းတိုက်, ဇီဝကသရက်တော ဥယျာဉ်ကျောင်းတိုက်, ဂိဇ္ဈကုဋ်တောင်တော်ကျောင်း, ကောသမ္ဗီမြို့တော် ဃောသိတာရုံကျောင်းတိုက်, ဝေသာလီမြို့တော် ကူဋာဂါရကျောင်းတိုက်, ကပိလဝတ်မြို့တော် နိဂြောဓာရုံကျောင်းတိုက်, ဗာရာဏသီမြို့တော် မိဂဒါဝုန်တော, ကောသမ္ဗီပြည် ပလလဲတော, ဟိမဝန္တာတောင် တောကျောင်းငယ်, တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်းခင်းထားသည့် ပဏ္ဍုကမ္ဗလာကျောက်ဖျာထက်, ဝေဠုဝရွာ, ဘဒ္ဒိယမြို့,

မလ္လတိုင်း၏မြို့တော် ကုသိနာရုံမြို့ မလ္လမင်းတို့၏ ဥယျာဉ်ရှိ ပရိနိဗ္ဗာန်စံဝင်ရာ ညောင်စောင်း, သက္ကတိုင်း ပဥ္စာလပုဏ္ဏားရွာ, စာလိကတောင်, ဒီဃလဂိကမြို့, ဘေသကဠာ = ပဲစဉ်းငုံတော, ကုဏ္ဍကောလိယပြည် ကုဏ္ဍဓာနတောကျောင်း, အဂ္ဂါလဝနတ်ကွန်း, ဗောဓိမဏ္ဍိုင်, ဗာရာဏသီမြို့တော် ကုက္ကုပင် ခုနစ်ပင်အောက် ဤသို့ မြားမြောက်စွာသော မြို့ရွာဒေသတို့၌သီတင်းသုံးတော်မူစဉ်ရဟန်းသာမဏေလူနတ်နဂါးတို့ကို အကြောင်းပြု၍ ဟောတော်မူသည်။[1]

သံဂီတိနာယက သံဃပါမောက္ခ ဖြစ်တော်မူသော အရှင်မဟာကဿပ မဟာထေရ်သည် ဓမ္မပဒပါဠိတော်နှင့် စပ်သည့် အကြောင်းအရာအရပ်ရပ် နိဒါန်း,ပုဂ္ဂိုလ်,အကြောင်းဝတ္ထု အဋ္ဌုပ္ပတ္တိစသည်တို့ကိုမေး၍ ဓမ္မဝိဿဇ္ဇက အရှင်အာနန္ဒာက ဖြေတော်မူ၍ ပေါင်းယူဖွဲ့ကုံးပြီးလျှင် သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ငါးရာတို့ကို ပေါင်းစုပြီပြင် သံဂါယနာတင်တော်မူပြီး ဤ ဒေသနာဂါထာအစုသည် "ဓမ္မပဒ" မည်၏ဟု ထုတ်ဖော်မြွက်ကြား ထားတော်မူခဲ့ကြကုန်၏။

၃၀၂။ သုဓမ္မပဒပါဠိမ္ပိ၊ ဓမ္မသောဏ္ဍာ မဟေသယော။
သံဂါယိံသု မဟာထေရာ၊ သဒ္ဓမ္မဝံသပါလကာ။

ဥဒါနပါဠိကို ဆက်လက် သံဂါယနာတင်ခြင်း

ဥဒါနပါဠိ "ဥဒါန်းပါဠိတော်ကြီးမှာ ဒေသနာတော်နှင့် ကိုက်ညီ ဆီလျော်အောင် သံဂါယနာတင် ရဟန္တာသခင် အရှင်မြတ်တို့ အမည်မှည့် တော်မူခဲ့ကြပုံမှာ - ဖတ်ရင်း ဖတ်ရင်း ဝမ်းမြောက်ပီတိဖြစ်ဖွယ် ကောင်း လှသည်။ ယင်းဥဒါနပါဠိ၌ သုတ်ပေါင်းရှစ်ဆယ်ကို မုစလိန္ဒဝဂ်စသော ဝဂ်ပေါင်း ရှစ်ဝဂ်ဖြင့် ဖွဲ့ဘော်မူခဲ့ကြသည်။. တစ်ဝဂ်လျှင် ဆယ်သုတ် ပါဝင်သည်။ အကျယ် ဤသို့သိရာ၏။ (၁) ဗောဓိဝဂ်၌ ပဌမဗောဓိသုတ် စသည့် ဆယ်သုတ်ပါရှိသည်။ (၂) မုစလိန္ဒဝဂ်၌ မုစလိန္ဒသုတ် စသည် ဆယ်သုတ် ပါရှိသည်။ (၃) နန္ဒဝဂ်၌ ကမ္မဝိပါကဇသုတ်စသည် ဆယ် သုတ် ပါရှိသည်။ (၄) မေဃိယဝဂ်၌ မေဃိယသုတ်စသည် ဆယ်သုတ်ပါရှိ

၁။ ဓမ္မပဒ။ မဟာဋီကာ။ ၆။ ဂူ။ ဓမ္မ၊ ဋ္ဌ၊ ၁။ ၁-၄၄၇။
ဓမ္မ၊ ဋ္ဌ၊ ၂။ ၁-၄၅၆-ကြည့်။

သည်။ (၅) သောဏဝဂ်၌ ပိယတရသုတ်စသည် ဆယ်သုတ်ပါရှိသည်။ (၆) ဇစ္စန္ဒဝဂ်၌ အာယုသင်္ခါရောဿဇ္ဇနသုတ်စသည် ဆယ်သုတ်ပါရှိသည်။ (၇) စူဠဝဂ်၌ ပဌမကုဏ္ဍလကဘဒ္ဒိယသုတ်-စသည် ဆယ်သုတ်ပါရှိသည်။ (၈) ပါဋ္ဌလိဂါမိယဝဂ်၌ ပဌမနိဗ္ဗာနပဋိသံယုတ္တသုတ် စသည် ဆယ်သုတ်ပါရှိသည်။

ယင်းသို့ဖြင့် သုတ်ပေါင်း ရှစ်ဆယ် အတိအကျပါရှိရာ ဘုရားမြတ်စွာ သက်တော်နှင့် ကိုက်ညီနေလေရာ ''ဉဒါန်းပါဠိ သုတ်အရှိ သိလေဘုရား ဇိနေ၁် သက်တော်တည်း''ဟူသော လင်္ကာဖြင့်မှတ်သားရာ၏။ ဤဉဒါန ပါဠိတော်လာ သုတ်အားလုံးသည် ဘုရားရှင် ရွှင်ရွှင်မြူးမြူး ဉဒါန်းကျူး ရင့်သည်၏ အစွမ်းအားဖြင့် ဟောတော်မူအပ်သော သုတ်တော်ချည်းဖြစ် လေသည်။ ရှေးဦးစွာ စုဏ္ဏိယစကားဖြင့် ဘုရားမြတ်စွာ ဆင်ခြင်တော်မူပုံ၊ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား တရားသဘောပေါက် တရားရအောင် စုဏ္ဏိယစကားစဉ်ဖြင့် အကျယ်ဟောတော်မူသည်။ ၎င်းစုဏ္ဏိယစကားအဆုံး တိုင်း၌- ''အထ ခေါ ဘဂဝါ ဧတမတ္ထံ ဝိဒိတွာ တာယံ ဝေလာယံ ဣမံ ဉဒါနံ ဉဒါနေသိ'' ၎င်းနောက် ဉဒါန်းဂါထာ လာရှိသည်။ အလွန် လျှင် စိတ်ဝင်စားစရာကောင်းသည့် ပါဠိတော်ကြီး ဖြစ်လေသည်။ ယင်း ပါဠိတော်၏သမိုင်းကို အဋ္ဌကထာ၌....

၃၈၃။ ဧတေန ဧတေန နိဒါနေန၊ ဒေသိတာနိ ဟိတေသိနာ။
ယာနိ သုဒ္ဓါပဒါနေန၊ ဉဒါနာနိ မဟေသိနာ။
၃၈၄။ တာနိ သဗ္ဗာနိ ဧကဇ္ဈံ၊ အာရောပေန္တေဟိ သင်္ဂဟံ။
ဉဒါနံ နာမသင်္ဂီတံ၊ ဓမ္မသင်္ဂါဟကေဟိ ယံ။
၃၈၅။ ဇိနဿ ဓမ္မသံဝေဂ-ပါမောဇ္ဇပရိဒီပနံ။
သောမနဿ သမုဋ္ဌာန-ဂါထာဟိ ပဋိမဏ္ဍိတံ။

ဟူသော ၃-ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။[၁]

သံဂီတိနာယက သံဃပါမောက္ခ ဖြစ်တော်မူသော အရှင်မဟာကဿပ မဟာထေရ်မြတ်သည်ဓမ္မပဒပါဠိကိုသံဂါယနာတင်တော်မူပြီးဓမ္မဝိဿဇ္ဇက အရှင်အာနန္ဒာကို နိဒါန်း, ပုဂ္ဂိုလ်, အကြောင်းဝတ္ထု၊ အဋ္ဌုပ္ပတ် စသည်

၁။ ဉဒါန၊ ဋ္ဌ။ ၁။

လိုအပ်သလို မေးတော်မူရာ အရှင်အာနန္ဒာသည် ရှင်းလင်း ပြတ်သား အားလုံးကြားသိအောင်ဖြေကြားတော်မူ၍ ပေါင်းယှဉ်ဖွဲ့ကုံး အတည်ပြုပြီး အရှင်မဟာကဿပအမှူးရှိသော သံဂီတိကာရက ရဟန္တာသခင်အရှင်မြတ်ငါးရာတို့က စုပေါင်းပီပြင် ရွတ်ဆိုသံဂါယနာ တင်တော်မူကြပြီးလျှင် ဤသုတ်အစုသည် ဥဒါန်းမည်၏ဟု ထုတ်ဖော်မြွက်ကြား ထားတော်မူခဲ့ကြကုန်၏။

၃၀၆။ ဥဒါနပါဠိံ ဥဒါန-သံယုတာ ထေရကုဉ္ဇရာ။
သံဂါယိံသု မဟာထေရာ၊ သာသနဋ္ဌိတိကာရကာ။

ဣတိဝုတ္တကပါဠိကို ဆက်လက် သံဂါယနာတင်ခြင်း

ဣတိဝုတ္တကပါဠိတော်သည်လည်း သာသနာတော်၌ အရေးပါသော ပါဠိတော်ကြီး ဖြစ်သည်။ ဘုရားမြတ်စွာ၏ အရိယသာဝိကာဖြစ်သော တိပိဋကဓရ ခုဇ္ဇုတ္တရာ ဥပါသိကာသည် ဘုရားရှင်ထံမှ သင်ယူခဲ့ပြီး ဥဒေနမင်း၏မိဖုရား သာမာဝတီမိဖုရား အမှူးရှိသော အရိယသာဝိကာ အမျိုးသမီးငါးရာတို့အား တစ်ဆင့် သင်ပေးခဲ့လေသည်။ ဘိက္ခုနီမ (ရဟန်းမိန်းမ) များစွာတို့သည်လည်း ပဋိသမ္ဘိဒါပတ္တ အမျိုးသမီးများ အနက် တေဒဂ် တိပိဋကဓရ ခုဇ္ဇုတ္တရာ ဥပါသိကာထံမှ သင်ယူကြသည်။ ခုဇ္ဇုတ္တရာသည်.... "ဝုတ္တံ ဟေတံ ဘဂဝတာ ဝုတ္တမရဟတာတိ မေ သုတံ=ဤသုတ်တော်ကို ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားမြတ်စွာသည် ဟောတော်မူအပ်ပါသည်သာ၊ ဤသုတ်ကို အကျွန်ုပ် ကြားနာအပ်ပါသည်၊ ကြားနာခဲ့ပါသည်"ဟု နိဒါန်းတင်ခဲ့လေသည်။ ယင်းသုတ်များအနက် တစ်ပါးတွဲတရားများကို ဧကနိပါတ်၊ နှစ်ပါးတွဲတရားတို့ကို ဒုကနိပါတ်၊ သုံးပါးတွဲတရားတို့ကို တိကနိပါတ်၊ လေးပါးတွဲတရားတို့ကို စတုက္ကနိပါတ်၌ ထည့်သွင်း စီစဉ်တော်မူခဲ့ကြကုန်၏။ သုတ်များမှာ.... လောဘသုတ်, ဒေါသသုတ်စသော သုတ်ပေါင်း ၁၁၂-ရှိလေသည်။

သံဂီတိနာယက သံဃပါမောက္ခဖြစ်တော်မူသော အရှင်မဟာကဿပ မဟာထေရ်မြတ်သည်ဥဒါနပါဠိကိုသံဂါယနာတင်တော်မူပြီး ဓမ္မဝိသဇ္ဇက အရှင်အာနန္ဒာကို မေးအပ် မေးသင့် မေးထိုက်သည့်အရာများကို မေးတော်မူပြီး ပေါင်းယှဉ်ဖွဲ့စည်း အတည်ပြုကာ သံဂီတိကာရက ရဟန္တာသခင်

အရှင်မြတ်တို့က ပေါင်းစုပြီးပြင် သံဂါယနာတင်တော်မူပြီး ဤသုတ်အစု သည် "ဇာတိဝုတ္တက"မည်၏ဟု ထုတ်ဖော်မြွက်ကြား ထားတော်မူခဲ့ကြ ကုန်၏။ ဤသို့ဖြစ်ကြောင်း....

၃၈၇။ ကေကာဒိပ္ပဘေဒေန၊ ဒေသိတာနိ မဟေသိနာ။
လောဘာဒီနံ ပဟာနာနိ၊ ဒီပနာနိ ဝိသေသတော။
၃၈၈။ သုတ္တာနိ ကေတော ကတွာ၊ ဇာတိဝုတ္တပဒက္ခရံ။
ဓမ္မသင်္ဂါဟကာ ထေရာ၊ သင်္ဂါယိံသု မဟေသယော။
၃၈၉။ ဇာတိဝုတ္တကမိစ္စေဝ၊ နာမေန ဝသိနေ ပုရေ။
ယံ ခုဒ္ဒကနိကာယသ္မိံ၊ ဂမ္ဘိရတ္ထပဒက္ကမံ။

ဟူသော ၃-ဂါထာဖြင့် အဋ္ဌကထာဆရာ ဖော်ပြတော်မူခဲ့လေသည်။ [၁]

နည်းမျိုးစုံဖြင့် သံဂါယနာတင်ခဲ့ခြင်း

သုတ် အဘိဓမ္မာ ဝိနည်းကို ညီညာသံချို အပေါင်းရွတ်ဆို သံဂါယနာ တင်တော်မူခဲ့ကြသော သံဂီတိကာရက ထေရ်အရှင် ရဟန္တာငါးရာတို့သည် နည်းမျိုးစုံဖြင့် သုတ် အဘိဓမ္မာခေါ် ဓမ္မဝိနယကို အံ့မခန်း သံဂါယနာ တင်တော်မူခဲ့ကြသည်။သံဂါယနာတင် ရဟန္တာအရှင်မြတ် ငါးရာတို့သည် ကား ဘုရားသဗ္ဗညုသို့ အတုလိုက်ကာ သစ္စာလေးပါးတရားကို ထိုးထွင်း သိမြင်သူ ပုဂ္ဂိုလ်ထူးတို့ ဖြစ်တော်မူကြသည်။သံဂီတိကာရက မထေရ်မြတ် တို့သည် ဓမ္မဝိနယသင်္ဂါယနာ တင်နည်းကို ပိုင်ပိုင်မိမိ သိတော်မူကြကုန်ရ ကား တချို့ဝိနည်းစသည် သံဂါယနာတင်ရာ၌ တေန သမယေန၊ တေန ခေါ ပန သမယေန-စသည်ဖြင့် နိဒါန်းထား သံဂါယနာတင်တော်မူခဲ့ကြ ကုန်၏။ တချို့ ဒေသနာများကို သံဂါယနာတင်ရာ၌ ဂါထာအဖွဲ့ဗန္ဓဖြင့် နိဒါန်းထား သံဂါယနာတင်တော်မူခဲ့ကြသည်။တချို့ သုတ်များ၌ လုံးဝ နိဒါန်းမထားဘဲ ဝဂ်အစုဖွဲ့သိမ်းယူ သံဂါယနာတင်တော်မူခဲ့ကြသည်။ ဇာတိဝုတ်ပါဠိတော်ကို သံဂါယနာတင်ရာဝယ် "ဝုတ္တံ ဟေတံ ဘဂဝတာ" စသည်ဖြင့် နိဒါန်းထား သံဂါယနာတင်တော်မူခဲ့ကြသည်။ [၂]

၃၉၀။ ဓမ္မသင်္ဂါဟကာ ထေရာ၊ အနုဗုဒ္ဓါ မဟိဒ္ဓိကာ။
နာနာနယေဟိ တေ ထေရာ၊ သင်္ဂါယိံသု မဟေသယော။

၁။ ဇာတိဝုတ်၊ ဋ္ဌ။ ၁။ ၂။ ဇာတ္တိဝုတ်၊ ဋ္ဌ။ ၃၉။

နိဒါန်းထားရခြင်း အကျိုး

နိဒါန်းဟူသည် အခြေအမြစ် အကြောင်းရင်း သမိုင်းဖြစ်ရာ နိဒါန်းမရှိ အခြေအမြစ် သမိုင်းမရှိသောအရာသည် ကြာရှည်လေးမြင့် တည်တံ့ခြင်း မရှိချေ။ နိဒါန်းမရှိ သမိုင်းမရှိလျှင် တဖြည်းဖြည်းယုံကြည်မှုနည်းယုံတမ်းပြောသည့် ဒဏ္ဍာရီပုံပြင် ဖြစ်သွားတတ်သည်။ သို့ဖြစ်ရာ နိဒါန်းထားရခြင်းသည် ဒေသနာတော်၏ ကာလကြာရှည် တည်တံ့ခြင်းမပျောက်မပျက်ခြင်း, ယုံကြည်လေးမြတ်မှုကို ပြည့်စုံစေခြင်း အကျိုးရှိသည်။ ဥပမာ သုတ္တန်ပိဋကဌ် "ဧဝံ မေ သုတံ" အို–အရှင်မဟာကဿပမထေရ်မြတ်ဘုရား....ဤသုတ်ကို ဘုရားရှင်အထံတော်မှ တပည့်တော်နားဝယ်ဆတ်ဆတ် ကြားနာလိုက်ရပါသည် စသည်ဖြင့် ခိုင်မြဲသည် သေချာသည်၊ ယုံကြည်ဖွယ်ရာ ဖြစ်လေသည်။

ရင်းပြင် ထေရီ အပဒါန်ပါဠိတော်၌ မဟာပဇာပတိ ဂေါတမီထေရီ အပဒါန်၌—

၃၉၁။ ဧကဒါ လောကပဇ္ဇောတော၊ ဝေသာလိယံ မဟာဝနေ။
ကူဋာဂါရေသုသာလာယံ၊ ဝသတေ နရသာရထိ။[၁]

စသည်ဖြင့် တစ်ခါက ဘုရားမြတ်စွာ လိစ္ဆဝီနိုင်ငံ ဝေသာလီမြို့တော် ကူဋာဂါရသာလာကျောင်းတိုက်၌ သိတင်းသုံးတော်မူသည်။ ထိုအခါ မဟာပဇာပတိဂေါတမီထေရီသည် ဘုရားထံသွားရောက်ပြီး မိမိပရိနိဗ္ဗာန်ပြုရန် ခွင့်တောင်းကြောင်း စသည်ဖြင့်လာရှိရာ။ ယင်း "ဧကဒါ လောကပဇ္ဇောတော"စသော ဂါထာနိဒါန်း ပါရှိသဖြင့် အလွန်သေချာသည်၊ ခိုင်ခံ့သည်ရုတ်တရက် မပျောက်ပျက်တော့ချေ၊ ယုံကြည်ဖွယ်ရာဖြစ်သည်။[၂]

၃၉၂။ ဒေသနာယ ဌိတတ္ထံ စ၊ အသမ္မောသဘာဝါယ စ။
သဒ္ဓေယျဘာဝတ္ထာယပိ၊ နိဒါနဝစနံ ကတံ။

တစ်နည်း ဘုရားမြတ်စွာ၏ ဘုန်းတော် ကံတော် ဉာဏ်တော် သမ္ဘာတော်တို့နှင့် ပြည့်စုံသည်၏အဖြစ်ကို ပြခြင်းငှာ "ဧဝံ မေ သုတံ"အစရှိသော နိဒါန်းကို သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်တို့ ထားတော်

၁။ အပ၊ ၂း ၂၀၆၊
၂။ ဣတိဝုတ်၊ ၄၊၃၀၊

မှုခြင်း ဖြစ်သည်။ ၎င်းပြင် ဘုရားမြတ်စွာ၏ အဆုံးအမ သာသနာတော်၏ ပြည့်စုံပုံပြခြင်းနှင့် သာသနာတော်၏ထူးခြားသော အတိုင်းအရှည် ပမာဏကို ပြခြင်းအကျိုးငှာ "ဝေ မေ သုတံ" စသော နိဒါန်းစကားကို သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်တို့ ထားတော်မူခဲ့ကြသည်။"

၃၉၃။ သတ္ထုသမ္ပတ္တိယာ စေဝ၊ သာသနသမ္ပတ္တိယာပိ စ။
သာသနပမာဏဘာဝ-ဒဿနတ္ထံပိ ဥဒ္ဒယတေ။

ဝိမာနဝတ္ထုကို ဆက်လက် သံဂါယနာတင်ခြင်း

ဝိမာနဝတ္ထုဟူသည် ကောင်းမှုရှင် နတ်သမီး နတ်သားတို့ ရရှိနေထိုင် သုံးဆောင်ရသော ရတနာဗိမာန်ကြီးများနှင့် ရုပ်ရေအဆင်း လှပခြင်း စသည် အပါအဝင် အသုံးအဆောင်မျိုးစုံ အခြေအရံစသည့် စည်းစိမ်ကျက်သရေ ထိုဗိမာန်ဘုံဆောင် စည်းစိမ်ကျက်သရေရကြောင်းကောင်းမှု အပေါင်းတို့ကို ဖော်ပြရာ ဒေသနာ အကြောင်းဝတ္ထု အဋ္ဌုပ္ပတ္တိဖြစ်၏။

ဤ ဝိမာနဝတ္ထုပါဠိတော်၌ များသောအားဖြင့် အရှင်မောဂ္ဂလ္လာန် မထေရ်၏ အမေးနှင့် နတ်သား နတ်သမီးတို့၏ အဖြေတို့ ဖြစ်သည်။ သိကြားမင်း၏အမေး နတ်သမီး နတ်သားတို့၏အဖြေလည်း ပါရှိသည်။ အရှင်ဝင်္ဂီသစသော မထေရ်တို့၏ အမေးလည်း ပါရှိသည်။ ယင်း ပုစ္ဆာ ဝိဿဇ္ဇနာအားလုံးကို တစ်ပေါင်းတည်းပြု၍ ဘုရားမြတ်စွာအား လျှောက်ထားပြီး ရဟန်းတို့အား ဟောကြားတော်မူခဲ့လေသည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် တာဝတိံသာနတ်ပြည်၌ ဖြစ်သော မလ္လိကာ မင်းသမီး၏ဖြစ်စဉ် မလ္လိကာဝိမာနဝတ္ထုနှင့် အဇာတသတ်မင်း၏ ဓာတ်တော်ပူဇော်ပွဲတွင် ဓာတ်တော်စေတီအား သပ္ပတ်ခါးပွင့် လေးပွင့်လှူချန် အသွား နွားဝှေ့ ကွယ်လွန် တာဝတိံသာနတ်ပြည်၌ ဖြစ်ရသော အမျိုးသမီး၏ဖြစ်စဉ် ပီတဝိမာနဝတ္ထုကို အရှင်နာရဒက သံဂီတိကာရကအရှင်မြတ်များအား သံဂါယနာတင်ရန် လျှောက်ထားတော်မူခဲ့လေသည်။[၂]

ယင်း ဝိမာနဝတ္ထုပါဠိသည်, (၁) ဣတ္ထိဝိမာနဝတ္ထု၊ (၂) ပုရိသ ဝိမာနဝတ္ထုအားဖြင့် ၂-မျိုးလာရှိရာ ဣတ္ထိဝိမာနဝတ္ထု၌-(၁) ပီဌဝဂ်၊

၁။ အ-ကျယ်, ဣတိဝုတ်။ ၃၀-ကြည့်၊
၂။ ဝိမာန၊ ဋ္ဌ၊ ၁၅၃-၁၅၄။ ၁၀၄-၁၀၇-ကြည့်။

(၂) စိတ္တလတာဝဂ်၊ (၃) ပါရိစ္ဆတ္တကဝဂ်၊ (၄) မဉ္ဇိဋ္ဌကဝဂ်အားဖြင့် ၃-ဝဂ် ပါရှိသည်။ ယင်း ၃-ဝဂ်အနက် ပီဌဝဂ်တွင် ပဌမပီဌဝိမာနဝတ္ထု စသော ဝတ္ထုပေါင်း ၁၇-ဝတ္ထုပါရှိ၍ စိတ္တလတာဝဂ်၌ ဒါသိဝိမာန ဝတ္ထု-စသော ဝတ္ထုပေါင်း ၁၁-ဝတ္ထု၊ ပါရိစ္ဆတ္တကဝဂ်၌ ဥဠာရဝိမာန ဝတ္ထု-စသော ၁၀-ဝတ္ထု၊ မဉ္ဇိဋ္ဌကဝဂ်၌ မဉ္ဇိဋ္ဌကဝိမာနဝတ္ထု စသော ဝတ္ထုပေါင်း ၁၂-ဝတ္ထုပါရှိလေသည်။ ပုရိသဝိမာန၌-(၁) မဟာ ရထဝဂ်၊ (၂) ပါယာသိဝဂ်၊ (၃) သုနိက္ခိတ္တဝဂ်အားဖြင့် ဝဂ်ပေါင်း ၃-ဝဂ်ပါရှိရာ မဟာရထဝဂ်၌ မဏ္ဍူကဒေဝပုတ္တဝိမာနဝတ္ထု-စသော ဝတ္ထုပေါင်း ၁၄-ဝတ္ထု၊ ပါယာသိဝဂ်၌ ပဌမအာဂါရိယဝိမာန ဝတ္ထု-စသော ဝတ္ထုပေါင်း ၁၀-ဝတ္ထု၊ သုနိက္ခိတ္တဝဂ်၌ စိတ္တလတာဝိမာနဝတ္ထု စသော ဝတ္ထုပေါင်း ၁၁-ဝတ္ထု ပါရှိလေသည်။

သံဂီတိမဟာနာယက ဖြစ်တော်မူသော အရှင်မဟာကဿပသည် ဖော်ပြပါ ဝိမာနဝတ္ထုပါဠိနှင့်စပ်၍ အရှင်အာနန္ဒာအား မေးတော်မူ၍ အရှင်အာနန္ဒာက ဖြေကြားတော်မူ၍ ပေါင်းယူထည့်သွင်း သီကုံးအတည်ပြု၍ အရှင်မဟာကဿပ အမှူးရှိသော သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ငါးရာတို့က ညီညာသံချီ စုပေါင်းရွတ်ဆို သံဂါယနာတင်တော်မူခဲ့ကြကုန်၏။ ယင်းသို့ သံဂါယနာတင်ပြီး ဤဝတ္ထုဒေသနာအစုသည် ဝိမာန ဝတ္ထုမည်၏ဟု ထုတ်ဖော်မြွက်ကြားထားတော်မူခဲ့ကြကုန်၏။

ယင်း ဝိမာနဝတ္ထုပါဠိတော်ကြီး ဖြစ်ပေါ်လာခဲ့ပုံမှစ၍ သံဂါယနာ တင်သည်အထိ သမိုင်းကို ဝိမာနဝတ္ထု အဋ္ဌကထာကျမ်းပြု အရှင်ဓမ္မပါလ မဟာထေရ်သည်-

၃၉၄။ ဒေဝတာဟိ ကတံ ပုဋ္ဌံ၊ ယံ ယံ ပုရိမဇာတိသု။
တဿ တဿ ဝိမာနာဒိ-ဖလသမ္ပတ္တိဘေဒတော။

၃၉၅။ ပုစ္ဆာဝသေန ယာ တာသံ၊ ဝိဿဇ္ဇနဝသေန စ။
ပဝတ္တာ ဒေသနာ ကမ္မ-ဖလပစ္စက္ခကာရိနီ။

၃၉၆။ ဝိမာနဝတ္ထုဣစ္စေဝ နာမေန ဝသိနော ပုရေ။
ယံ ခုဒ္ဒကနိကာယသ္မိံ၊ သင်္ဂါယိံသု မဟေသယော။[၁]

၁။ ဝိမာန၊ ၄၊ ၁၊

ဟူသော ၃-ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။ တစ်ဖန် ယင်း- ဝိမာနဝတ္ထု အဋ္ဌကထာ နိဂုံး၌လည်း—

၃၉၇။ ဒေဝတာနံ ဝိမာနာဒိ-သမ္ပတ္တိံ တဿ ကာရဏံ။
ပကာသယန္တိ သတ္တာနံ၊ သဗ္ဗလောကဟိတာဝဟာ။
၃၉၈။ အပ္ပကာနမ္ပိ ကာရာနံ၊ ယာ ဝိဘာဝေတိ ဒေသနာ။
ဥဠာရဖလတံ စိတ္တ-ခေတ္တသမ္ပတ္တိယောဂတော။
၃၉၉။ ယံ ကထာ ဝတ္ထုကုသလာ၊ သုပရိညာတဝတ္ထုကာ။
ဝိမာနဝတ္ထုဣစ္စေဝ၊ သင်္ဂါယိံသု မဟေသယော။

ဟူသော ၃-ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။[၁]

ပေတဝတ္ထုပါဠိကို ဆက်လက် သံဂါယနာတင်ခြင်း

ပြိတ္တာတို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဋ္ဌုပ္ပတ် ပြိတ္တာမဖြစ်မီက ပြုခဲ့သော အကုသိုလ်ကံ စသည်တို့ကို ပြဆိုရာ ဒေသနာအစဉ် ပရိယတ္တိဓမ္မသည် ပေတဝတ္ထုမည်၏။ တချို့ ပေတဝတ္ထုများမှာ အကြောင်းဝတ္ထု ပေါ်လာသဖြင့် ဘုရားရှင်ကိုယ်တိုင် ဟောတော်မူခဲ့လေသည်။ တချို့ပေတဝတ္ထုများမှာ အရှင်နာရဒမထေရ်စသည် မထေရ်မြတ်များ လျှောက်ထားသော ပုစ္ဆာဝိသဇ္ဇနာတို့ကို အကြောင်းအဋ္ဌုပ္ပတ်ပြု၍ ဘုရားမြတ်စွာ ဟောတော်မူခဲ့လေသည်။

ယင်းပေတဝတ္ထုသည်—(၁) ဥရဂဝဂ်၊ (၂) ဥဗ္ဗရိဝဂ်၊ (၃) စူဠဝဂ်၊ (၄) မဟာဝဂ်အားဖြင့် ၄-ဝဂ်ရှိရာ (၁) ဥရဂဝဂ်၌-ခေတ္တူပမပေတဝတ္ထု စသည့် ပေတဝတ္ထုပေါင်း ၁၂-ဝတ္ထု ပါရှိလေသည်။ (၂) ဥဗ္ဗရိဝဂ်၌ သံသာရမောစက ပေတဝတ္ထု စသော ဝတ္ထုပေါင်း ၁၃-ဝတ္ထု ပါရှိလေသည်။ (၃) စူဠဝဂ်၌ အဘိဇ္ဇမာနပေတဝတ္ထု စသော ဝတ္ထုပေါင်း ၁၀-ဝတ္ထုပါရှိ၍၊ (၄) မဟာဝဂ်၌ အမ္ဗသက္ကရပေတဝတ္ထု စသော ဝတ္ထုပေါင်း ၁၆-ဝတ္ထု ပါရှိလေသည်။

သံဂီတိ မယာနာယက အရှင်မဟာကဿပ မဟာထေရ်မြတ်သည် ဝိမာန ဝတ္ထုပါဠိကို သံဂါယနာတင်ပြီး၍ အရှင်အာနန္ဒာအား ပေတဝတ္ထုနှင့် စပ်၍ မေးမြန်းစိစစ်တော်မူရာ ဓမ္မဘဏ္ဍာဂါရိက ဟာရးဘဏ္ဍာစိုးဖြစ်တော်

၁။ ဝိမာန၊ ဋ္ဌ၊ ၃၃၄

မူသော အရှင်အာနန္ဒာသည် မဆိုင်းမတွ မေးသမျှ ဖြေဆိုတော်မူ၍ ပေါင်းယှဉ်ဖွဲ့ကုံး အတည်ပြု၍ သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ် ငါးရာတို့က ပေါင်းစုပြီပြင် ရွတ်ဆိုသံဂါယနာ တင်တော်မူပြီး၍ ဤဒေသနာဝတ္ထုအပေါင်းသည် ပေတဝတ္ထုမည်၏ဟု ထုတ်ဖော် မြွက်ကြားထားတော်မူခဲ့ကြကုန်၏။

ယင်း ပေတဝတ္ထုပါဠိတော်ကြီးကို ဖွင့်ဆိုတော်မူသော အရှင်ဓမ္မပါလ မဟာထေရ်သည် ပေတဝတ္ထုပါဠိတော်ကြီး ဖြစ်လာခဲ့ပုံနှင့် သံဂါယနာ တင်ခဲ့ခြင်းနှင့်စပ်၍ ပေတဝတ္ထုအဋ္ဌကထာကျမ်းဦး၌—

၄၀၀။ ပေတေဟိ စ ကတံ ကမ္မံ၊ ယံ ယံ ပုရိမဇာတိသု။
ပေတဘာဝါဝဟံ တံ၊ တေသံ ဟိ ဖလဘေဒတော။
၄၀၁။ ပကာသယန္တိ ဗုဒ္ဓါနံ၊ ဒေသနာ ယာ ဝိသေသတော။
သံဝေဂဇနနီ ကမ္မ-ဖလပစ္စက္ခကာရိနီ။
၄၀၂။ ပေတဝတ္ထူတိ နာမေန၊ သုပရိညာတဝတ္ထုကာ။
ယံ ခုဒ္ဒကနိကာယသ္မိံ၊ သင်္ဂါယိံသု မဟေသယော။

ဟူသော ၃-ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။ ယင်း အဋ္ဌကထာ နိဂုံး၌လည်း....

၄၀၃။ ယေတေ ပေတေသု နိဗ္ဗတ္တာ၊ သတ္တာ ဒုက္ကဋကာရိနော။
ယေဟိ ကမ္မေဟိ တေသံ တံ၊ ပါပကံ ကဋုကပ္ဖလံ။
၄၀၄။ ပစ္စက္ခတော ဝိဘာဝေန္တီ၊ ပုစ္ဆာ ဝိဿဇ္ဇနေဟိ စ။
ယာ ဒေသနာ နိယာမေန၊ သတံ သံဝေဂဝဍ္ဎိနီ။
၄၀၅။ ယံ ကထာ ဝတ္ထုကုသလာ၊ သုပရိညာတဝတ္ထုကာ။
ပေတဝတ္ထူတိ နာမေန၊ သင်္ဂါယိံသု မဟေသယော

ဟူသော ၃-ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။

ထေရဂါထာပါဠိကို ဆက်လက် သံဂါယနာတင်ခြင်း

ထေရဂါထာပါဠိတော်ကြီးသည် ဘုရားသာသနာ တည်နေသရွေ့ ကာလပတ်လုံး တည်ရှိရမည့် ဂါထာဖြင့်ချည်းပြီးသည့် ပါဠိတော်ကြီးဖြစ်သည်။ အာသဝေါကုန်ခန်း ရဟန္တာမထေရ်မြတ်ကြီး အသီးသီးတို့သည် အတွေ့အကြုံ ခံစားချက်မျိုးစုံတို့ကို ဂါထာများဖြင့် ဟောကြားတော်မူခဲ့ကြကုန်၏။

တချို့မထေရ်တို့က မိမိရအပ် သိအပ်သောမဂ်ဖိုလ်ချမ်းသာကို ဆင်ခြင်တော်မူ၍လည်းကောင်း,အချို့မထေရ်တို့က ရှင်ရှင်မြူးမြူး ဥဒါန်းကျူးရင့်သည့် အနေဖြင့်လည်းကောင်း,အချို့မထေရ်တို့ကမိမိဝင်စားအပ်သည့် သမာပတ်ကို ဆင်ခြင်သည့် အစွမ်းအားဖြင့်လည်းကောင်း, အချို့မထေရ်တို့က ဘုရားမြတ်စွာအား မေးမြန်းခြင်း၏အစွမ်းအားဖြင့်လည်းကောင်း အချို့မထေရ်တို့က ပရိနိဗ္ဗာန်ဝင်စံခါနီးတွင် ဘုရားရှင်သာသနာတော်၏ သံသရာဝဋ်မှ ထွက်မြောက်ကြောင်း ထွက်မြောက်ရာ စစ်မှန်ပုံကို ထင်စွာပြုခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း ဟောတော်မူခဲ့ကြသည်။ ယင်းဟောပြောချက် ဂါထာအားလုံးသည် ထေရဂါထာမည်၏။ ယင်း ထေရဂါထာပါဠိ၌ — (၁) ဧကကနိပါတ (၂) ဒုကနိပါတ၊ (၃) တိကနိပါတ၊ (၄) စတုက္ကနိပါတ၊ (၅) ပဥ္စကနိပါတ၊ (၆) ဆက္ကနိပါတ (၇) သတ္တက နိပါတ၊ (၈) အဋ္ဌက နိပါတ၊ (၉) နဝက နိပါတ၊ (၁၀) ဒသကနိပါတ၊ (၁၁) ဧကာဒသက နိပါတ၊ (၁၂) ဒွါဒသက နိပါတ၊ (၁၃) တေရသကနိပါတ၊ (၁၄) စုဒ္ဒသကနိပါတ၊ (၁၅) သောဠသကနိပါတ၊ (၁၆) ဝီသတိ နိပါတ၊ (၁၇) တိံသနိပါတ၊ (၁၈) စတ္တာလီသနိပါတ၊ (၁၉) ပညာသနိပါတ၊ (၂၀) သဋ္ဌိနိပါတ၊ (၂၁) မဟာနိပါတ အားဖြင့် နိပါတ (နိပါတ်) ပေါင်း ၂၁ ရှိလေသည်။

ယင်း ၂၁-တွင် ဧကကနိပါတ် ပဌမဝဂ် စသည့် ဝဂ်ပေါင်း ၁၂-ဝဂ်ပါရှိ၍ ဒုကနိပါတ်၌ ပဌမဝဂ်စသည့် ဝဂ်ပေါင်း ၅-ဝဂ်ပါရှိလေသည်။ တိကနိပါတ်၌ အင်္ဂဏိက ဘာရဒွါဇတ္ထေရဂါထာ စသည့် ထေရဂါထာပေါင်း ၁၆-ခု ပါရှိလေသည်။စတုက္ကနိပါတ်၌ နာဂသမာလတ္ထေရစသည့် ထေရဂါထာပေါင်း ၁၂-ခု ပါရှိလေသည်။ ပဥ္စကနိပါတ်၌လည်း ရာဇဒတ္တတ္ထေရဂါထာ စသည့် ထေရဂါထာ ၁၂-ခု၊ ဆက္ကနိပါတ်၌ ဥရုဝေလကဿပတ္ထေရဂါထာ စသည့် ထေရဂါထာ ၁၄-ခု၊သတ္တကနိပါတ်၌သုန္ဒရသမုဒ္ဒတ္ထေရဂါထာစသည့် ထေရဂါထာ ၅-ခု၊ အဋ္ဌကနိပါတ်၌ မဟာကစ္စာယနတ္ထေရဂါထာစသည့် ထေရဂါထာ ၃-ခု၊ နဝက နိပါတ်၌ ဘူတတ္ထေရဂါထာ ၁-ခု၊ ဒသကနိပါတ်၌ ကာဠုဒါယိတ္ထေရဂါထာစသည့် ထေရဂါထာ ၇-ခု, ဧကာဒသက နိပါတ်၌ သံကိစ္စတ္ထေရဂါထာ ၁-ခု,

ဒွါဒသက နိပါတ်၌ သီလဝတ္ထေရဂါထာနှင့် သုနီတတ္ထေရဂါထာအားဖြင့် ထေရဂါထာ ၂-ခု၊ တေရသကနိပါတ်၌ သောဏကောဠိဝိသတ္ထေရဂါထာ ၁-ခု၊ စုဒ္ဒသကနိပါတ်၌ ခဒိရဝနိယရေဝတတ္ထေရဂါထာနှင့် ဂေါဒတ္တတ္ထေရဂါထာအားဖြင့် ထေရဂါထာ ၂-ခု၊ သောဠသကနိပါတ်၌ အညာသိကောဏ္ဍညတ္ထေရဂါထာနှင့် ဥဒါယိတ္ထေရဂါထာအားဖြင့် ထေရဂါထာ ၂-ခု၊ ဝီသတိနိပါတ်၌ အဓိမုတ္တတ္ထေရဂါထာစသော ထေရဂါထာ ၁၀-ခု၊ တိံသနိပါတ်၌ ဖုသတ္ထေရဂါထာ, သာရိပုတ္တတ္ထေရဂါထာ, အာနန္ဒတ္ထေရဂါထာအားဖြင့် ထေရဂါထာ ၃-ခု၊ စတ္တာလီသနိပါတ်၌ မဟာကဿပတ္ထေရဂါထာ ၁-ခု၊ ပညာသနိပါတ်၌ တာလပုဋတ္ထေရဂါထာ ၁-ခု၊ သဋ္ဌိနိပါတ်၌ မဟာမောဂ္ဂလ္လာနတ္ထေရဂါထာ ၁-ခု၊ မဟာနိပါတ်၌ ဝင်္ဂီသတ္ထေရဂါထာ ၁-ခု၊ အသီးသီးပါရှိလေသည်။ ယင်း ထေရဂါထာပါဠိ၌ ဂါထာပေါင်း ၁၃၆၀-ပါရှိသည်။ မထေရ်မြတ်ပေါင်း ၂၆၄-ပါးတို့ ပါရှိကုန်၏။ ယင်းသို့ဖြစ်ကြောင်း ထေရဂါထာ အဋ္ဌကထာ ကျမ်းဦး၌ အရှင်ဓမ္မပါလမထေရ်သည်—

၄၀၆။ သဟဿံ ဟောန္တိ တာ ဂါထာ၊ တီဏိသဋ္ဌိသတာနိ စ။
ထေရာ စ ဒွေသတာသဋ္ဌိ၊ စတ္တာရော စ ပကာသိတာ။[၁]

ဟူသော ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။

သံဂီတိနာယက အရှင်မဟာကဿပမဟာထေရ်မြတ်သည် ပေတဝတ္ထုပါဠိတော်ကြီး သံဂါယနာတင် အပြီးတွင် ဓမ္မဘဏ္ဍာဂါရိကဖြစ်ရာ အရှင်အာနန္ဒာအား ထေရဂါထာပါဠိနှင့်စပ်၍ မေးအပ်မေးသင့် မေးထိုက်သည့်အရာများကိုမေးတော်မူရာ အရှင်အာနန္ဒာသည် လျှင်မြန်တောက်တ ပို ဖြေဆိုတော်မူခဲ့လေသည်။ ၎င်းနောက် မထေရ်မြတ်တို့ ဟောမြွက်တော်မူခဲ့သည့်ဂါထာအားလုံးကို နိပါတ်,ဝဂ်တို့ဖြင့် သင့်သလို သိမ်းယူဖွဲ့စည်း အတည်ပြုပြီးလျှင် အရှင်မဟာကဿပအမှူးရှိသော ရဟန္တာသခင် အရှင်မြတ်ငါးရာတို့က ညီညာဖြိုဖြို စုံပေါင်းရွတ်ဆို သံဂါယနာ တင်တော်မူကြ၍ ဤဒေသနာဂါထာအစုသည် ထေရဂါထာမည်၏ဟု ထုတ်ဖော် မြွက်ကြား ထားတော်မူခဲ့ကြကုန်၏။

၁။ ထေရ၊ ဋ္ဌ၊ ၁၊ ၄၊

ထေရီဂါထာ ပါဠိကို ဆက်လက် သံဂါယနာတင်ခြင်း

အာသဝက်လေသာ အခိုးအကောင်းတို့ လုံးဝကင်းစင်တော်မူကြသည့် ဘုရားမြတ်စွာ၏ တပည့်မ သာဝိကာ ရဟန္တာထေရီတို့သည် ပွင့်ပွင့် လင်း လင်းရှင်ရှင်မြူးမြူး ကြည်ကြည်နူးနူး ရွတ်ဆိုခဲ့သည့် ဂါထာများသည် ထေရီဂါထာမည်သည်။ အထူးသဖြင့် အမျိုးသမီးများ လေ့လာသင်ယူ ထိုက်သည့် ပါဠိတော်ကြီး ဖြစ်လေသည်။ ယင်းထေရီဂါထာပါဠိသည် နိပါတ်အားဖြင့်-(၁) ဧကကနိပါတ (၂) ဒုကနိပါတ (၃) တိကနိပါတ (၄) စတုက္ကနိပါတ (၅) ပဉ္စကနိပါတ (၆) ဆက္ကနိပါတ (၇) သတ္တက နိပါတ (၈) အဋ္ဌကနိပါတ (၉) နဝကနိပါတ (၁၀) ဧကာဒသက နိပါတ (၁၁) ဒွါဒသကနိပါတ (၁၂) သောဠသကနိပါတ (၁၃) ဝီသတိ နိပါတ (၁၄) တိံသနိပါတ (၁၅)၊ စတ္တာလီသနိပါတ (၁၆) မဟာနိပါတ-အားဖြင့် နိပါတ (နိပါတ်) ၁၆-ခု ပါရှိလေသည်။ ယင်း နိပါတ်များတွင် ဧကနိပါတ်၌ တစ်ဂါထာစီပါရှိ၍ ဒုကနိပါတ်စသည်၌ နှစ်ဂါထာစီစသည် လာရှိလေသည်။ နောက်ဆုံး မဟာနိပါတ်၌ သုမေဓာ ထေရီ ဂါထာဖြစ်၍ ဂါထာပေါင်း ၇၂-ဂါထာ ပါရှိလေသည်။ ထေရီ ဂါထာပါဠိ၌ ဂါထာ စုစုပေါင်း ၄၉၁-ဂါထာ ထေရီမပေါင်း ၁၀၁ (၆၀၁) ရှိကြောင်း-

၄၀၇။ ဂါထာသတာနိ စတ္တာရိ၊ အသီတိ ပုန စုဒ္ဒသ။
ထေရယော ကုတ္တရသတာ[1]၊ သဗ္ဗာ တာ အာသဝက္ခယာ။[2]

ဟူသော ဂါထာဖြင့် ရေတွက်ပြကြကုန်၏။

သံဂီတိမဟာနာယက အရှင်မဟာကဿပ ထေရ်ကျော် မဟာပုဂ္ဂိုလ် မြတ်ကြီးသည် ထေရီဂါထာနှင့် စပ်၍ အရှင်အာနန္ဒာအား မေးမြန်း စိစစ်ရာ အရှင်အာနန္ဒာသည် မေးသမျှ ဖြေဆိုတော်မူခဲ့၍ နိပါတ်ဖွဲ့ကာ ပေါင်းယူအတည်ပြုပြီး အရှင်မဟာကဿပ အမှူးရှိသော သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ငါးရာတို့က စုပေါင်းညီညာ ရွတ်ဆို သံဂါယနာ တင်တော်မူပြီးလျှင် ဤဒေသနာဂါထာအစုသည် ထေရီဂါထာမည်၏ဟု ထုတ်ဖော်မြွက်ကြား လျှောက်ထားတော်မူခဲ့ကြကုန်၏။

၁။ ထေရိယော ကုတ္တံရသတာ၊ (?)
၂။ ထေရီဂါထာ၊ ၄၃၅။

ဖော်ပြပါ ထေရဂါထာပါဠိ, ထေရီဂါထာပါဠိတော်ကြီးများ ဖြစ်ပေါ်လာပုံ သံဂါယနာတင်တော်မူခဲ့ကြပုံနှင့် စပ်၍ ထေရဂါထာအဋ္ဌကထာကျမ်းဦး၌ အဋ္ဌကထာကျမ်းပြုအရှင် အာစရိယဓမ္မပါလသည်-

၄၀၈။ ယာတာ သုဘူတိအာဒီဟိ၊ ကတကိစ္စေဟိ တာဒိဟိ။
ထေရေဟိ ဘာသိတာ ဂါထာ၊ ထေရီဟိ စ နိရာမိသာ။

၄၀၉။ ဥဒါနနာဒဝိဓိနာ၊ ဂမ္ဘီရာ နိပုဏာ သုဘာ။
သုညတာ ပဋိသံယုတ္တာ၊ အရိယဓမ္မပ္ပကာသိတာ။

၄၁၀။ ထေရဂါထာတိ နာမေန၊ ထေရီဂါထာတိ တာဒိနော။
ယာ ခုဒ္ဒကနိကာယမှိ၊ သင်္ဂါယိံသု မဟေသယော။

ဟူသော ၃-ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။

စရိယာပိဋကပါဠိကို သံဂါယနာတင်ခြင်း

စရိယာပိဋကပါဠိတော်သည် ရှေးရှေးသောဘဝများစွာတို့က ဘုရားမြတ်စွာ ဖြည့်ကျင့် ဆည်းပူးခဲ့သော အကျင့်စရိယာ အာနုဘော်တို့ကို ထင်ရှားစွာ ဖော်ပြရာကျမ်း ဖြစ်လေသည်။

ဘုရားမြတ်စွာသည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဘုရားသဗ္ဗညုအဖြစ်သို့ ရောက်တော်မူ၍ ကာသိတိုင်း ဗာရာဏသီမြို့တော် မိဂဒဝုန်တော၌ ပဌမဝါဆိုတော်မူပြီးနောက် မဟာသက္ကရာဇ် ၁၀၄-ခုနှစ် တပေါင်းလပြည့်ကျော် ၁-ရက်နေ့တွင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ အကြိမ်ကြိမ် တမန်တော်အမတ်များ စေလွှတ်ပင့်လျှောက်ချက်အရ နောက်လိုက် နောက်ပါ ရဟန္တာသခင် အရှင်မြတ်ပေါင်းနှစ်သောင်းခြံရံလျက် မဂဓတိုင်း ရာဇဂြိုဟ်မြို့တော် ဝေဠုဝန်ကျောင်းတိုက်တော်မှ ယူဇနာခြောက်ဆယ် ကွာဝေးသည့် မိးရှုးသန့်စင်ဖွားမြင်တော်မူရာ ဇာတိဌာနေ ကပိလဝတ်နေပြည်တော်သို့ တစ်နေ့လျှင် တစ်ယူဇနာကျ နှစ်လချင်းဖြင့် အရောက်ကြွတော်မူလေသည်။[၁]

မဟာသက္ကရာဇ် ၁၀၄-ခုနှစ် ကဆုန်လပြည့်ကျော် ၁-ရက်နေ့၌ ကပိလဝတ်နေပြည်တော်သို့ရောက်၍ နိဂြောဓာရုံကျောင်းတော်၌ သီတင်းသုံးစံပျော်နေတော်မူရာ ခမည်းတော် သုဒ္ဓေါဒနမင်းတဆုံးကြီး အပါအဝင်

၁။ အပ၊ ဋ္ဌ၊ ၁။ ၁၀၂။ စရိယာ၊ ဋ္ဌ၊ ၄။

ဖြစ်သော သကျသာကီဝင်အပေါင်းတို့သည် တူ့သားအရွယ် အသက်အားဖြင့် နုနယ်ငယ်တော်မူသော ဘုရားရှင်ကို ရှိမခိုး ဦးမတင် ဇာတိမာန်ဝင်၍ နေကြလေသည်။

ဘုရားရှင်သည် သာကီဝင်တို့၏ အတွင်းစိတ်ခံ ဇာတိမာန် အဇ္ဈာသယကို သိတော်မူ၍ အဘိညာဉ်၏ အခြေခံဖြစ်သော စတုတ္ထစျာန်ကို ဝင်စားတော်မူပြီးလျှင် တန်ခိုးတော်ဖြင့် ကောင်းကင်သို့ တက်ကြွတော်မူကာ သာကီဝင်မင်းအပေါင်းတို့၏ ဦးခေါင်းထက်သို့ ကိုယ်တော်မြတ်၏ ခြေတော်မှုန့်တို့ကို တဖွဲဖွဲကြဲဖြန့်သကဲ့သို့ ပြုတော်မူလျက် မြေမိုးမဆန့် အံ့ချီးမကုန်နိုင်သော ရေမီးစုံတန်ခိုးပြာဋိဟာကို ပြတော်မူခြင်းဖြင့် သာကီဝင်အပေါင်းတို့ကို ဝပ်စင်းရှိခိုး ဇာတိမာန်ကျိုးခြင်းသို့ ရောက်စေတော်မူခဲ့လေသည်။ စကြဝဠာ လောကဓာတ်တိုက်တစ်သောင်းအတွင်းနေ နတ်ဗြဟ္မာ အပေါင်းတို့သည်လည်း ဘုရားမြတ်စွာထံရင်းချဉ်းကပ်ရောက်ရှိလာကြပြီးလျှင် ဘုရားရှင်ဂုဏ်တော်နှင့် စပ်ယှဉ်သည့် ဂါထာတို့ကို ဖွဲ့ဆိုကျူးရင့် ချီးမွမ်းကြသည်။ ဘုရားမြတ်စွာသည် လူနတ်ဗြဟ္မာ သတ္တဝါတို့ ခံတွင်းမဆံ့ အံ့ဩချီးမွမ်း၍မစဲမီ အရှေ့အနောက် စကြဝဠာတစ်သောင်း အလျားရှည်၍ တစ်ဆယ့်နှစ်ယူဇနာအနံ့ရှိသော ရတနာစင်္ကြံတော်ကြီးကို ဖန်ဆင်းတော်မူပြန်၍ ထိုရတနာစင်္ကြံတော်ကြီး၏ အထက်၌ လူးလာတုံ့ခေါက် စင်္ကြံလျှောက်လျက်ပင် ဝေနေယျကြွာ သတ္တဝါများစွာတို့၏ အလိုအဇ္ဈာသယနှင့် လျော်သော တရားဒေသနာတော်ကို ဟောတော်မူလေသည်။

ရင်သပ်ရှုမော အံ့ဩဖွယ်ရာ ဤကဲ့သို့သော အခြင်းအရာကို အရှင်သာရိပုတ္တရာသည် မဂဓတိုင်း ရာဇဂြိုဟ်မြို့တော် ဂိဇ္ဈကုဋ်တောင်ထိပ်မှ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်တော်မူလေရာ "ယခုအခါ ငါသည် ဘုရားဗိနော်အာနုဘော်တို့ကို သတ္တဝါအများတို့အား ထင်ရှားပြုပေအံ့" ဟု နှလုံးသွင်းဆင်ခြင်တော်မူပြီးလျှင် "ဘုန်းတော် ကံတော် သမ္ဘာတော်နှင့် ထင်ပေါ်ကျော်ကြား ရှင်တော်မြတ်ဘုရား.... ရှင်တော်မြတ်ဘုရားသည် အဘယ်ကဲ့သို့ ဘုရားသဗ္ဗညူဖြစ်ရန် ဆုပန်ဘော်မူခဲ့၍ အဘယ်သို့လျှင် ပါရမီတော်အနန္တကို ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့ပါသနည်း" ဟု လျှောက်ထားမေးမြန်းတော်မူသည်။

ထိုအခါ ဘုရားမြတ်စွာက ရတနာစင်္ကြံတော်၏အထက်၌ သီတင်းသုံးတော်မူလျက်ပင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို သက်သေပြု၍ ထိုအရပ်၌ စုဝေးရောက်ရှိနေသော လူနတ်ဗြဟ္မာသတ္တဝါတို့အားကိုယ်တော်မြတ်၏ ဘုရားဇိနေဘ် အာနုဘော်ကို ထင်ရှားပြလျက် ဘုရားဖြစ်စဉ် "ဗုဒ္ဓဝံသ"ဒေသနာကို ကရုဏာရှေ့ထား ဟောကြားတော်မူခဲ့လေသည်။

ယင်းသို့သော ဘုရားနွယ်ဝင် ဗုဒ္ဓဝံသဒေသနာတော်အစဉ်ကိုကြားနာရသော အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ဘုရားရှင်၏ သူတစ်ပါးတို့နှင့် မဆက်ဆံသော သီလ, သမာဓိ, ပညာ, ဝိမုတ္တိ အစရှိသော ဂုဏ်တော်တို့ကို အဖန်ဖန်အထပ်ထပ် ဆင်ခြင်သုံးသပ်ကြည့်ပါသော်လည်းဂုဏ်တော်တို့၏ အဆုံးမထင် အတိုင်းအရှည်ပမာဏကို မမြင်နိုင်သောကြောင့် "အဂ္ဂသာဝက ပါရမီရှင် ငါကဲ့သို့သော ပုဂ္ဂိုလ်သည်ပင်လျှင် ဘုရားဇိနေဘ် ဂုဏ်တော်တို့ကို ကုန်စင်အောင် မသိမြင်နိုင်ပါလျှင် အချို့ရဟန်းရှင် ငါ့အောက် သူတို့မှာ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း၊ ဤဂုဏ်ကျေးဇူးတော်တို့သည် တစ်ခုတည်းသော သဗ္ဗညုတ ဉာဏ်တော်ကြီး၏သာလျှင် ကျက်စားရာ အာရုံ ဖြစ်ချေသည်။ ထိုဂုဏ်အပေါင်းတို့၏ အကြောင်းဖြစ်သည့် ပါရမီတော်အပေါင်းတို့သည် အလွန်လျှင် အာနုဘော်ရှိပါပေစွ။ ထိုပါရမီတော်အပေါင်းတို့ကို ဘဝပေါင်းမည်မျှ ဖြည့်ကျင့်တော်မူခဲ့ရ၍ အဘယ်ကဲ့သို့ ရင့်ကျက်ခြင်းသို့ရောက်လာပါလိမ့်နည်း၊ ဤအကြောင်းအရာတို့ကို လျှောက်ထားမေးမြန်း၍ ဘုရားသဗ္ဗညု အာနုဘော်တို့ကို လူနတ်ဗြဟ္မာသတ္တဝါတို့အား ထင်ရှားပြပေအံ့"ဟု ကြံစည် စဉ်းစားတော်မူ၍ "အရှင်မြတ်ဘုရား-အရှင်မြတ်ဘုရားသည် ဤဘုရားဖြစ်ကြောင်းပါရမီအပေါင်းတို့ကို ဘဝပေါင်းမည်မျှ ဖြည့်ကျင့်တော်မူခဲ့ရ၍ အဘယ်ကဲ့သို့ ရင့်ကျက်သည်၏အဖြစ်သို့ ရောက်ရှိလာပါသနည်း ဘုရား"ဟု ရွှေနားတော်ကြားလျှောက်ထားမေးမြန်းလေသည်။

ထိုအခါ ဘုရားရှင်သည် ယုဂန္ဓိုရ်တောင်ထိပ်မှ တဖိတ်ဖိတ် အရောင်လင်းလက်လျက် ပေါ်ထွန်းထွက်ပြူ ဥဒည်မူလာသော နေလုလင်ပမာ ရတနာစင်္ကြံတော်ကြီး အထက်၌ တင့်တယ်စွာ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက်ပင် ကျယ်ဝန်းပညာ ချစ်သားသာရိပုတ္တရာ....ငါဘုရား၏ ဘုရားဖြစ်ကြောင်း ပါရမီအပေါင်းတို့သည် ဒီပင်္ကရာ မြတ်စွာဘုရားထံ ဆုပန်

တော်မူခဲ့သည့် သုမေဓာဘဝမှ အစပြု၍ မပြတ်မလပ် အဖန်ဖန်အမြဲတမ်းပြုတော်မူကာ ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့သောကြောင့် တစ်ဘဝထက် တစ်ဘဝ တစ်ဇာတိထက် တစ်ဇာတိ ရင့်ကျက်ခြင်းသို့ ရောက်ရှိတော်မူခဲ့ပေသည်။ ဤမည် ဤမည်သော အကိတ္တိရသေ့ စသော ဘဝတို့၌ အထူးသဖြင့် ရင့်ကျက်ပြည့်စုံတော်မူခဲ့လေသည်” ဟု ကာလရှည်မြင့် ရှေးယခင်က ရှင်ပင့်အဖြစ် အကျင့်စစ်ကို ဖွင့်လှစ်ထုတ်ဖော် ဟောတော်မူလိုသဖြင့်....

၄၁၁။ ကပ္ပေ စ သတသဟဿေ၊ စတုရော စ အသင်္ခိယေ။
ဧတ္ထန္တရေ ယံ စရိတံ၊ သဗ္ဗံ တံ ဗောဓိပါစနံ။[၁]

အစရှိသော ဂါထာပေါင်း ၃၅၆-ဂါထာရှိ ဤ စရိယာပိဋကဒေသနာတော်ကို အင်္ဂါရှစ်ဝသံချိုမြဖြင့်မိန့်ဟဟောကြားတော်မူခဲ့လေသည်။

စရိယာပိဋကပါဠိ၌ ပါရမီအကျင့်တူရာ ပေါင်းစုထားသော ဝဂ်အားဖြင့် (၁) အကိတ္တိဝဂ်၊ (၂) ဟတ္ထိနာဂဝဂ်၊ (၃) ယုဓဉ္စယဝဂ်အားဖြင့် ၃-ဝဂ် ရှိသည်။ စရိယာအားဖြင့် အကိတ္တိဝဂ်၌ ဒါန ပါရမီဖြည့်ကျင့်ခဲ့ပုံကိုပြသော အကိတ္တိစရိယာစသောစရိယာ ၁၀-ခု၊ ဟတ္ထိနာဂဝဂ်၌ သီလပါရမီ ဖြည့်ကျင့်ခဲ့ပုံကိုပြသော မာတုပေါသကစရိယာ စသောစရိယာ ၁၀-ခု၊ ယုဓဉ္စယဝဂ်၌ နေက္ခမ္မပါရမီ ဖြည့်ကျင့်ခဲ့ပုံကို ပြသော ယုဓဉ္စယ, သောမနဿ, အယောဃရ, ဘိသ, သောဏပဏ္ဍိတစရိယာ ဟူသော စရိယာ ၅-ခု၊ အဓိဋ္ဌာန်ပါရမီ ဖြည့်ကျင့်ခဲ့ပုံကိုပြသော တေမိယစရိယာ ၁-ခု၊ သစ္စာပါရမီ ဖြည့်ကျင့်ခဲ့ပုံကိုပြသော ကပိရာဇ, သစ္စတာပသ ဝဋ္ဋပေါတက, မစ္ဆရာဇ, ကဏှဒီပါယန, မဟာသုတသောမ စရိယာ ဟူသော စရိယာ ၆-ခု၊ မေတ္တာပါရမီကို ဖြည့်ကျင့်ခဲ့ပုံကိုပြသော သုဝဏ္ဏသာမ, ဧကရာဇစရိယာ ဟူသောစရိယာ ၂-ခု၊ ဥပေက္ခာပါရမီ ဖြည့်ကျင့်ခဲ့ပုံကိုပြသော မဟာလောမဟံသစရိယာ ၁-ခုအားဖြင့် စရိယာ ၁၅-ခု၊ ဤသို့အားဖြင့်စရိယာပေါင်း ၃၅-ခု ရှိလေသည်။

ဖော်ပြပါ စရိယာပိဋကပါဠိတော်ကို သံဂီတိနာယက, သံဃပါမောက္ခဖြစ်တော်မူသော အရှင်မဟာကဿပမဟာထေရ်က မေး၍ အရှင်အာနန္ဒာက ဖြေကြားပြီး သိမ်းယူဖွဲ့စည်းပြီး အရှင်မဟာကဿပ အမှူးရှိသော

၁။ စရိယာ၊ ၃၇၅၊
၂။ အကျယ် စရိယာ၊ ၃၇၅-၄၂၀-ကြည့်၊

သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ် ငါးရာတို့က ပေါင်းစုပြီးပြင် သံဂါယနာတင်ပြီး ဤဒေသနာတော်အစုသည် စရိယာပိဋက မည်၏ဟု ထုတ်ဖော်မြွက်ကြား ထားဖော်မူခဲ့လေသည်။ ယင်း စရိယာ ပိဋကပါဠိ သမိုင်းကို စရိယာပိဋက အဋ္ဌကထာ ကျမ်းဦး၌ ...

၄၁၂။ ဣမသ္မိံ ဘဒ္ဒကပ္ပသ္မိံ၊ သမ္ဘတာ ယာ သုဒုက္ကရာ။
ဥက္ကံသပါရမိပ္ပတ္တာ၊ ဒါနပါရမိတာဒယော။
၄၁၃။ တာသံ သမ္ဗောဓိစရိယာနံ၊ အာနုဘာဝဝိဘာဝနံ။
သက္ကေသု နိဂြောဓာရာမေ၊ ဝသန္တေန မဟေသိနာ။
၄၁၄။ ယံ ဓမ္မသေနာပတိနော၊ သဗ္ဗသာဝကကေတုနော။
လောကနာထေန စရိယာ-ပိဋကံ နာမ ဒေသိတံ။
၄၁၅။ ယံ ခုဒ္ဒကနိကာယသ္မိံ၊ သင်္ဂါယိံသု မဟေသယော။
ဓမ္မသင်္ဂါဟကာ သတ္ထု-ဟေတုသမ္ပတ္တိဒီပနံ။

ဟူသော ၄-ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။[၁]

ဗုဒ္ဓဝံသပါဠိကို သံဂါယနာတင်ခြင်း

ဗုဒ္ဓဝံသပါဠိသည် ဘုရားရှင်တို့၏ အစဉ်အဆက် အနွယ်ဖြစ်တော်စဉ်ကို ပြရာ ကျမ်းဖြစ်သည်။ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ မေးလျှောက်သဖြင့် ဘုရားမြတ်စွာ မိန့်ကြားတော်မူခဲ့သည့် အဖြစ်တော်စဉ် ဖြစ်လေသည်။ ယင်း ဗုဒ္ဓဝံသပါဠိ၌ ဒီပင်္ကရာဗုဒ္ဓဝံသ အစ ဂေါတမဗုဒ္ဓဝံသ အဆုံး ဘုရားနှစ်ဆယ့်ငါးဆူတို့၏ အစဉ် အဆက်အနွယ် အဖြစ်တော်စဉ်များနှင့်တကွ ရတနစင်္ကမနကဏ္ဍ သုမေဓပတ္ထနာကထာ၊ ဗုဒ္ဓပကိဏ္ဏကကဏ္ဍ၊ ဓာတုဘာဇနီယကထာတို့ ပါရှိလေသည်။

ဖော်ပြပါ ဗုဒ္ဓဝံသပါဠိကို သံဂီတိကာရက အရှင်မဟာကဿပ မဟာထေရ်က မေး၍ ဓမ္မဘဏ္ဍာဂါရိက အရှင် အာနန္ဒာကဖြေ၍ ပေါင်းယှဉ်ဖွဲ့စည်းတော်မူကြ၍ ပေါင်းစုပြီးပြင် သံဂါယနာတင်တော်မူ၍ အကြောင်းအရာ ဒေသနာတော်အစုသည် ''ဗုဒ္ဓဝံသ'' မည်၏ဟု ထုတ်ဖော်မြွက်ကြား

၁။ စရိယာ၊ ဋ္ဌ၊ ၁။

ထားတော်မူခဲ့ကြကုန်၏။ ယင်း ဗုဒ္ဓဝံသပါဠိ ဖြစ်ပေါ်လာပုံ သမိုင်းကို ဗုဒ္ဓဝံသ အဋ္ဌကထာကျမ်းဦး၌....

၄၁၆။ ပညာယ သေဋ္ဌော ဇိနသာသနကာနံ၊
ယံ ဓမ္မသေနာပတိဓမ္မရာဇံ။
အပုစ္ဆိ သတ္ထာရမပါရပါရဂုံ၊
နိရင်္ဂဏံ ဉာတိဂဏဿ မဇ္ဈေ။

၄၁၇။ သုဗုဒ္ဓဝံသေနိဓ ဗုဒ္ဓဝံသော၊
ဝိသုဒ္ဓဝံသေန ဝိနာယကေန။
ဟတာဝကာသေန ပကာသိတော ယော၊
သမာဓိဝါသေန တထာဂတေန။

၄၁၈။ ယာဝဇ္ဇကာလာ အဝိနာသယန္တာ၊
ပါဠိက္ကမဉ္စေဝ စ ပါဠိယတ္ထံ
ကထာနုသန္ဓိံ သုဂတဿ ပုတ္တာ၊
ယထာသုတံယေဝ သမာဟရိံသု။

ဟူသော ၃-ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။[၁]

နေတ္တိပါဠိတော်

ဘုရားရှင်၏ အသီတိ မဟာသာဝကတို့တွင် တစ်ပါးအပါအဝင်ဖြစ်တော်မူသော အကျဉ်းဥဒ္ဒေသ မာတိကာခေါင်းစဉ်ကို အကျယ်ဝေဖန်၍ ဟောကြားရာ၌ တေဒဂ်ရ အရှင်ကစ္စာယနမထေရ်သည်-၁။သင်္ဂဟဝါရ= မိမိဟောတော်မူမည့် ဒေသနာတော် ကျမ်းတော်၏အချုပ်ဒေသနာအလှည့်အကြိမ်၊ ၂။ ဥဒ္ဒေသဝါရ=မိမိဟောကြားမည့်ဟာရတစ်ဆယ့်ခြောက်ပါး ခေါင်းစဉ်၊ ဒေသနာအလှည့်အကြိမ်။ ၃။ နိဒ္ဒေသဝါရ=မိမိထားခဲ့သည့် ဥဒ္ဒေသဝါရ၏ အကျယ်ဟာရ တစ်ဆယ့်ခြောက်ပါးအကျယ် ဒေသနာအလှည့်အကြိမ်။ ၄။ပဋိနိဒ္ဒေသဝါရ=ထိုနိဒ္ဒေသဝါရကိုထပ်ဆင့်ဖွင့်ပြခြင်း ဖွင့်ပြရာ ဒေသနာအလှည့်အကြိမ်တို့ဖြင့် တန်ဆာဆင်၍ နေတ္တိပါဠိတော်ကို ဟောတော်မူခဲ့လေသည်။ ယင်း အရှင်မဟာကစ္စာယနမထေရ် ဟော

၁။ ဗုဒ္ဓိဝံ၊ ဋ္ဌ။ ၁။

တော်မူအပ်သော နေတ္တိဒေသနာတော်ကြီးကို ဘုရားမြတ်စွာ သာဓု ၃ကြိမ် ခေါ် အနုမောဒနာ ပြုတော်မူခဲ့လေသည်။ ယင်းသို့ဖြစ်ကြောင်း—

၄၁၉။ သံခိတ္တံ ဝိဘဇန္တာနံ၊ ယော ဧသော အဂ္ဂေါတိ တာဒိနာ။
ဌပိတော တေဒဂ္ဂသ္မိံ၊ ယော မဟာသာဝကုတ္တမော။
၄၂၀။ ဆဋ္ဌာဘိညော ဝသိပ္ပတ္တော၊ ပတ္တိန္နပဋိသမ္ဘိဒေါ။
မဟာကစ္စာယနော ထေရော၊ သမ္ဗုဒ္ဓေန ပသံသိတော။
၄၂၁။ တေန ယာ ဘာသိတာ နေတ္တိ၊ သတ္ထာရာ အနုမောဒိတာ။
သာသနဿ သဒါယတ္တာ၊ နဝင်္ဂဿတ္ထဝဏ္ဏနာ။

ဟူသော ၃-ဂါထာဖြင့် အဋ္ဌကထာဆရာ အာစရိယဓမ္မပါလထေရ် ဖော်ပြတော်မူခဲ့လေသည်။[၁]

ယင်း နေတ္တိအဋ္ဌကထာ နိဂမနကထာ၌လည်း....

၄၂၂။ ဟာရေ နယေ စ ပဋ္ဌာနေ၊ သုဝိသုဒ္ဓ ဝိနိစ္ဆယံ။
ဝိဘဇန္တော နဝင်္ဂဿ၊ သာသနဿတ္ထဝဏ္ဏနံ။
၄၂၃။ နေတ္တိပ္ပကရဏံ ဓီရော၊ ဂမ္ဘီရံ နိပုဏဉ္စ ယံ။
အဒေသယိ မဟာထေရော၊ မဟာကစ္စယနော ဝသီ။[၂]

ဟူသော ၂-ဂါထာဖြင့် ဖော်ပြတော်မူလေသည်။

နေတ္တိပါဠိတော်ကြီးကို သံဂါယနာတင်ခြင်း

ယင်း နေတ္တိပါဠိတော်ကြီးကို ပဌမသံဂါယနာတင်စဉ်က သံဂါယနာ တင်ခဲ့ကြောင်း သိသာထင်ရှားသည်။ ဤ နေတ္တိပါဠိတော်ကြီးကို ဟော တော်မူခဲ့သော အရှင်ကစ္စာယန မဟာထေရ်ကိုယ်တိုင် ပဌမ မဟာ သံဂါယနာ ဓမ္မသဘင်ကြီးတွင် ပါဝင်ခဲ့သည် မဟုတ်ပါလော။ ယင်း နေတ္တိပါဠိတော်ကြီးကို သံဂီတိနာယက သံဃပါမောက္ခ ဖြစ်တော်မူခဲ့သော အရှင်မဟာကဿပ က မေး၍ တရားရတနာဘဏ္ဍာစိုး အရှင်အာနန္ဒာက ဖြေ၍ အတည်ပြုတော်မူပြီး သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ် ငါးရာတို့က စုပေါင်းပြီပြင် ရွတ်ဆိုသံဂါယနာ တင်တော်မူခဲ့ကြကုန်၏။

၁။ နေတ္တိ၊ ဋ္ဌ၊ ၁-၂။
၂။ နေတ္တိ၊ ဋ္ဌ၊ ၂၇၃။

သံဂါယနာတင်ခဲ့ကြောင်း အထောက်အထား

ယင်းသို့ ပဥ္စမ သံဂါယနာတင်စဉ်က သံဂါယနာတင်ခဲ့ကြောင်း -
"တွေ့ဝတာ သမတ္တာ နေတ္တိယာ အာယသ္မတာ မဟာကစ္စာယနေန ဘာသိတာ ဘဂဝတာ အနုမောဒိတာ မူလသင်္ဂီတိယံ သင်္ဂီတာ"ဟူသော နေတ္တိပါဠိတော်အဆုံး၌[၁] တိုက်ရိုက်ပါရှိလေသည်။

ဤ၌ "မူလသင်္ဂီတိယံ သင်္ဂီတာ"ဖြင့် မူလအစ ပဥ္စမသံဂါယနာသဘင်ကြီး၌ သံဂါယနာတင်ခဲ့ကြောင်း မိန့်ဆိုဖော်ပြသည်။

နေတ္တိဝိဘာဝိနီ၌လည်း—
"အာယသ္မတာ မဟာကစ္စာယနေန ယာ နေတ္တိ ဘာသိတာ၊ ဘဂဝတာ သာ နေတ္တိ အနုမောဒိတာ၊ မူလသင်္ဂီတိယံ သင်္ဂါယန္တေဟိ ထေရာသဘေဟိ ယာ နေတ္တိ သင်္ဂီတာ၊ သာ နေတ္တိ.... သမတ္တာ ပရိပုဏ္ဏာဝ ဟောတိ"[၂] ဟူ၍ ဖွင့်ဆိုတော်မူခဲ့လေသည်။

ပေဋကောပဒေသမှာ သီဟိုဠ်ကျွန်းမှ ရဟန်းတော်တစ်ပါး နေတ္တိပါဠိတော် မှီး၍ စီစဉ်ခဲ့ကြောင်း အဆိုရှိသည်။

အဆိုနှစ်မျိုး

မဇ္ဈိမနိကာယ်ဆောင် ဆရာတို့က ဇာတက, နိဒ္ဒေသ (မဟာနိဒ္ဒေသ, စူဠနိဒ္ဒေသ) ပဋိသမ္ဘိဒါမဂ္ဂ, အပဒါန, သုတ္တနိပါတ, ခုဒ္ဒကပါဌ, ဓမ္မပဒ, ဥဒါန, ဣတိဝုတ္တက, ဝိမာနဝတ္ထု, ပေတဝတ္ထု,ထေရဂါထာ,ထေရီဂါထာ တို့ကို စရိယာပိဋက, ဗုဒ္ဓဝံသတို့နှင့်တကွ ခုဒ္ဒကနိကာယ်ကျမ်းမည်၍ သုတ္တပိဋကတွင် ပါဝင်ကြောင်း မိန့်ဆိုတော်မူကြသည်။ ယင်း အဆိုအတိုင်း မှတ်ယူရာ၏။ ဒီဃနိကာယ်ဆောင် မထေရ်တို့ကမူ ဇာတက, နိဒ္ဒေသ, ပဋိသမ္ဘိဒါမဂ္ဂ, အပဒါန, သုတ္တနိပါတ, ခုဒ္ဒကပါဌ, ဓမ္မပဒ, ဥဒါန, ဣတိဝုတ္တက,ဝိမာနဝတ္ထု, ပေတဝတ္ထု, ထေရဂါထာ, ထေရီဂါထာတို့သည် ခုဒ္ဒကနိကာယ်ကျမ်းများဖြစ်ကြ၍ အဘိဓမ္မပိဋက၌ သံဂါယနာတင်ခဲ့ကြ သည်ဟု ဆိုကြသည်-ဟူ၏။[၃]

၁။ နေတ္တိ၊ ၁၆၆၊ ၂။ နေတ္တိ၊ ဋီ။ ၃၅၅။
၃။ ဒီ၊ ဋ္ဌ၊ ၁။ ၁၆။

ရသ, ဓမ္မဝိနယ စသည်အခွဲ

ဘုရားမြတ်စွာ စကားတော်အားလုံးကို (၁) ရသအားဖြင့် တစ်ပါး၊ (၂) ဓမ္မ, ဝိနယအားဖြင့် နှစ်ပါး၊ (၃) ပဌမဗုဒ္ဓဝစန, မဇ္ဈိမဗုဒ္ဓဝစန, ပစ္ဆိမဗုဒ္ဓဝစနအားဖြင့် သုံးပါး၊ (၄) ပိဋကအားဖြင့် သုံးပါး၊ (၅) နိကာယ အားဖြင့် ငါးပါး၊ (၆) အင်္ဂါအားဖြင့် ကိုးပါး၊ (၇) ဓမ္မက္ခန္ဓာ အားဖြင့် ရှစ်သောင်း လေးထောင် ရှိ၏ဟု သိရာ၏။

ရသအားဖြင့် တစ်ပါး

ဘုရားဖြစ်တော်မူရာကာလနှင့် ပရိနိဗ္ဗာန်ဝင်စံတော်မူရာ ကာလအကြား လေးဆယ့်ငါးဝါပတ်လုံး နတ် လူ နဂါး ဘီလူး အစရှိသော သတ္တဝါ တို့ကို ဆုံးမခြင်း ဆင်ခြင်တော်မူခြင်းအားဖြင့် ဘုရားရှင်ဟောတော်မူအပ် သမျှ တရားစကားတော်အားလုံးသည် ဝိမုတ္တိရသ အရဟတ္တဖိုလ်ဟူသော အရသာတစ်ခုသာ ရှိသည်ဟု သိရာ၏။[၁]

ဓမ္မ, ဝိနယအားဖြင့် နှစ်ပါး

ဘုရားမြတ်စွာ စကားတော်သည် ဘုရားမြတ်စွာ စကားတော်အားလုံး ကို (၁) ဓမ္မ (၂) ဝိနယအားဖြင့် နှစ်ပါးအပြားရှိသည်။ ထိုတွင် သုတ္တန် ပိဋက, အဘိဓမ္မာပိဋက တရားဒေသနာတော် (ကျင့်ကြံအားထုတ်မှုဆိုင်ရာ တရား, အတွေးအခေါ်ပိုင်းဆိုင်ရာ ခက်ခဲသော တရားဒေသနာတော်) သည် ဓမ္မမည်၏။ ဝိနည်းပိဋကတရား (ဥပဒေကြောင်းဆိုင်ရာ တရား) သည် ဝိနယ မည်၏။[၂]

ပဌမ မဇ္ဈိမ ပစ္ဆိမဝစနအားဖြင့် သုံးပါး

ဘုရားမြတ်စွာ စကားတော်သည်- (၁) ရှေးဦးစွာ ဆင်ခြင်ရွက်ဆို တော်မူအပ်သော—

၄၂၄။ အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

၁။ ဒီ၊ ဋ္ဌ၊ ၁။ ၁၆။ ဝိ၊ ဋ္ဌ၊ ၁။ ၁၃။
၂။ ဒီ၊ ဋ္ဌ၊ ၁။ ၁၆။ ဝိ၊ ဋ္ဌ၊ ၁။ ၁၃၊ သာရတ္ထ။ ၆၄-၅။

၄၂၅။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။[၁]

ဟူသော ဥဒါန်းစကားတော်သည် ပဌမ ဗုဒ္ဓဝစန မည်၏။ ခန္ဓက ဘာဏကထေရ်တို့ကမူ "ယဒါ ဟဝေ စသော ၃-ဂါထာကို ပဌမဗုဒ္ဓဝစနဟု မိန့်ဆိုကြသည်။ သို့ရာတွင် ထို "ယဒါ ဟဝေ" စသော ၃-ဂါထာမှာ ကဆုန်လပြည့်ကျော် ၁-ရက်နေ့ ပဋိစ္စသမုပ္ပါဒ် ဆင်ခြင်စဉ် ဖြစ်သည့် ဂါထာ ဟူ၏။

ဘုရားမြတ်စွာ နောက်ဆုံး ဟောကြားတော်မူအပ်သော "ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ"[၂] ဟူသော စကားတော်သည် ပစ္ဆိမဗုဒ္ဓဝစနမည်၏။

ပစ္ဆိမဗုဒ္ဓဝစနအနက်။ ။ဘိက္ခဝေ=ဖဘုရားဘုန်းထိပ်ပန်ကို နောက်ဆုံးပိတ်ဖူးမြော် အိုချစ်သားရဟန်းများတို့...။ ဟန္ဒ=အနုပါဒိသေသ နိဗ္ဗာနနန်း စံမြန်းတော်မူတော့မည်ဟု ငါဘုရားဆုံးဖြတ်တော်မူပြီ။ ဒါနိ-ဣဒါနိ=ရှေ့ပြည်နိဗ္ဗာန် စိုးစံလူနီး ဤအခါကြီး၌။ အဟံ=သုံးလောက ဆရာ ဘုရားငါသည်။ဝေါ=သင်ချစ်သားရဟန်းတို့အား။အာမန္တယာမိ= အမိန့်ထား သိစေတော်မူခဲ့မည်။ ဝါ=တိုစိန္တ မှာစကားရယ်လို့ စိတ်ထားမှာ အရှေ(ရှည်) မှန်းရအောင် သေတမ်းစာတစ်ခုအနေဖြင့် လှစ်ကြား သိစေတော်မူခဲ့မည်။ ယသ္မာ = အကြင်ကြောင့်။ သင်္ခါရာ=ရုပ်နာမ်ဓမ္မ သင်္ခါရဟူသမျှတို့သည်။ ဝယဓမ္မာ = ချုပ်ပျောက်ပျက်စီးခြင်းသဘော ရှိကုန်၏။ တသ္မာ=ထိုသို့ ရုပ်နာမ်ဓမ္မ သင်္ခါရဟူသမျှတို့၏ ချုပ်ပျောက် ပျက်စီးခြင်းသဘော ရှိကုန်သည်၏အဖြစ်ကြောင့်။ တုမှေ = ငါဘုရား ဘုန်းခဝအား နောက်ဆုံးအနေဖူးမြော် သင် ချစ်သား ရဟန်းတော်တို့ သည်။ အပ္ပမာဒေန = မမေ့မလျော့ မပေါ့မတန်ခြင်းဟူသော အပ္ပမာဒ တရားနှင့်။ သမ္ပာဒေထ=ကိုယ်စီကိုယ်ငှ ပြည့်စုံစေရစ်ကြကုန်လော့။[၃]

၁။ ယင်းဂါထာများအနက် ရှေ့ဗုဒ္ဓဝင်ပိုင်း ပြန်ကြည့်ရာ၏
၂။ ဒီ။ ၂။ ၁၂၈။
၃။ ယသ္မာ တသ္မာ ထည့် အနက်ပေးသည်။

ပိဋကအားဖြင့် သုံးပါး

ဘုရားမြတ်စွာ စကားတော်အားလုံးသည်—

(၁) ဝိနည်းပိဋက
(၂) သုတ္တန်ပိဋက
(၃) အဘိဓမ္မာ ပိဋကအားဖြင့် ၃-ပါး အပြားရှိသည်။

ထိုတွင် ပဌမသံဂါယနာတင်စဉ်က သံဂါယနာတင်အပ်သောစကား မတင်အပ်သော သံဂီတိက္ခန္ဓကစသော ကထာ-စသော စကားအားလုံးကို ပေါင်း၍ ဘိက္ခုပါတိမောက်၊ ဘိက္ခုနီပါတိမောက်နှစ်ပါး၊ ဘိက္ခုဝိဘင်း ဘိက္ခုနီဝိဘင်း နှစ်ဆယ့်နှစ်ပါးသော မဟာဝဂ္ဂ၊ စူဠဝဂ္ဂခန္ဓက တစ်ဆယ့်ခြောက်ဝါရတို့ဖြင့် မှတ်အပ်သော ပရိဝါ (ပါရာဇိကပါဠိ၊ ပါစိတ္တိယပါဠိ၊ မဟာဝဂ္ဂပါဠိ၊ စူဠဝဂ္ဂပါဠိ၊ ပရိဝါရပါဠိ) ဟူသော ဘုရားစကားတော်သည် ဝိနည်းပိဋကမည်၏။

ဗြဟ္မဇာလသုတ် အစရှိသော သုတ်ပေါင်း သုံးဆယ့်လေးသုတ် ပါရှိသော ဒီဃနိကာယ်၊ မူလပရိယာယသုတ် အစရှိသောသုတ်ပေါင်း နှစ်ရာငါးဆယ်နှစ်သုတ် ပါရှိသော မဇ္ဈိမနိကာယ်၊ ဩဃတရဏသုတ် အစရှိသော သုတ်ပေါင်း ခုနစ်ထောင် ခုနစ်ရာခြောက်ဆယ့်နှစ်သုတ် ပါရှိသော သံယုတ္တနိကာယ်၊ စိတ္တပရိယာဒါနသုတ်စသော ကိုးထောင့်ငါးရာ ငါးဆယ်ခုနစ်သုတ် ပါရှိသော အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ ဥဒါန်း၊ ဣတိဝုတ်၊ သုတ္တနိပါတ်၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာ၊ ဇာတ်၊ နိဒ္ဒေသ (စူဠနိဒ္ဒေသ၊ မဟာနိဒ္ဒေသ) ပဋိသမ္ဘိဒါမဂ်၊ အပဒါန်၊ ဗုဒ္ဓဝံ၊ စရိယာပိဋကအားဖြင့် ခုဒ္ဒကနိကာယ် တစ်ဆယ့်ငါးကျမ်းတို့သည် သုတ္တန်ပိဋကမည်၏။[၁]

ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းဟူသော ၇-ကျမ်းသည် အဘိဓမ္မာပိဋကမည်၏။

၁။ နောက်တွင် နေတ္တိ ပေဋကောပဒေသ တို့ပါ ထည့်၍လည်းကောင်း မဟာနိဒ္ဒေသ၊ စူဠနိဒ္ဒေသ ဟု ခွဲ၍ရေတွက်ခြင်းလည်းကောင်း ခုဒ္ဒကနိကာယ် ၁၉ ကျမ်း ဖြစ်သည်။

ဝိနည်းမည်ကြောင်း

ယင်း ပိဋကသုံးပုံအနက် ဝိနယသဒ္ဒါ၏ အနက်ကို သိကြသော ပညာရှိများက ဤဝိနည်းကို အထူးထူး အပြားပြား များသော နည်းရှိသောကြောင့်လည်းကောင်း, ထူးသော နည်းရှိသောကြောင့် လည်းကောင်း, ကိုယ်နှုတ်တို့ကို ဆုံးမတတ်သောကြောင့်လည်းကောင်း, ဝိနည်းမည်၏ဟု ဆိုကြသည်။[၁]

အနည်းငယ် အကျယ်ချဲ့၍ ပြောဆိုရလျှင် ဤဝိနည်း ပိဋကတော်၌ ငါးပါး အပြားရှိသော ပါတိမောက်ကို ပြခြင်း, ပါရာဇိက အစရှိသော အာပတ်ခုနစ်ပုံ, မာတိကာပဒဘာဇနီအစရှိသော အထူးထူး အပြားပြား များသောနည်းတို့ကို ဟောတော်မူသည်။

ရှေ့ပညတ်ကို မြဲစွာပြခြင်း, လျော့အောင်ပြခြင်း အကျိုးရှိသော အနုပညတ်နည်းဟူသော နည်းထူးနည်းဆန်းတို့ကိုလည်း ဟောတော်မူသည်။

ဤ ဝိနည်းသည် ကိုယ်ဖြင့်ကျူးလွန်မှု, နှုတ်ဖြင့် ကျူးလွန်မှုတို့ကို တားမြစ်သောအားဖြင့် ကိုယ်,နှုတ်,နှစ်ပါးတို့ကို ဆုံးမတတ်သည်။

သို့ဖြစ်၍ ဝိနယသဒ္ဒါ၏အနက်၌ လိမ္မာရန် ဤဝိနည်းကို အထူးထူး အပြားပြား များသော နည်းရှိသောကြောင့် လည်းကောင်း,ကိုယ်နှုတ်တို့ကို ဆုံးမတတ်သောကြောင့် လည်းကောင်း ဝိနည်းမည်၏ဟု ဆိုသည် သိရာ၏။[၁]

သုတ္တန်မည်ကြောင်း

သုတ္တန်မည်ကြောင်းကိုလည်း အောက်ပါအတိုင်း သိရာ၏။

မိမိအကျိုးသူတစ်ပါးအကျိုးတို့ကိုပြတတ်သောကြောင့်လည်းကောင်း, ကောင်းစွာ ဟောတော်မူအပ်သော အနက်ရှိသောကြောင့်လည်းကောင်း ပွားစေတတ်သောကြောင့်လည်းကောင်းယိုစီးစေတတ်(သိစေတတ်)သော ကြောင့်လည်းကောင်းကောင်းစွာစောင့်ရှောက်တတ်သောကြောင့်လည်း

၁။ ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ။ ဝိနယတ္ထဝိဒူဟိ အယံ ဝိနယော ဝိနယောတိ အက္ခာတော။ ဝိ၊ ဋ္ဌ၊ ၁၊ ၁၅။ ဒီ၊ ၁။ ၁၅။ အဘိ၊ ဋ္ဌ၊ ၁၊ ၁၉၊ ၂၀၊

ကောင်း၊ တမျဉ်းချည် ပန်းသီတံချည်နှင့် တူသောကြောင့် လည်းကောင်း သုတ္တန်ပိဋကမည်၏ဟု ဆိုအပ်သည်ဟူ၏။[1]

အနည်းငယ် ချဲ့၍ပြောရလျှင် သုတ္တန်ပိဋကသည် မိမိအကျိုး သူတစ်ပါး အကျိုး စသည် အပြားရှိသော အနက်သဘောများကို ပြတတ်သည်။ ဤ သုတ္တန်ပိဋက၌ ဝေနေယျပုဂ္ဂိုလ်တို့၏ အလိုအကြိုက် စရိုက်အား လျော်ကပ်သဖြင့် ဟောတော်မူအပ်ရကား အနှစ်သာရရှိ အကောင်း ချည်းဖြစ်သော အနက်အဓိပ္ပာယ်တွေ သဘောတွေ ပါရှိသည်။ ဤ သုတ္တန် ပိဋကတော်သည် အနက်တို့ကို ပွားစေတတ် ဖြစ်စေတတ်သည်။ ကောက်ပင် သည် စပါးဟူသော အသီးကို ပွားစေတတ်သည်နှင့် တူ၏ ဟူ၏။

ဤ သုတ္တန်ပိဋကတော်သည် သားငယ်ရှိသော နွားမသည် နို့ရည်ကို ယိုစေတတ်သည်နှင့် တူသည်ဟု ဆိုလိုသည်။ ဤ သုတ္တန်ပိဋကတော်သည် အနက်တို့ကို ကောင်းစွာ စောင့်တတ် ထိန်းသိမ်းတတ်သည်။ ဤသုတ္တန် ပိဋကသည် တမျဉ်းချည် ပန်းသီတံချည်နှင့်လည်း တူသည် ဟူ၏။

ပေါ်လွင် ထင်ရှားအောင် ပြောရလျှင် တမျဉ်းချည်သည် သစ်ခွေ သမားများအား နှိုင်းချိန်စရာ ဖြစ်သည့်ပမာ ဤသုတ္တန်ပိဋကတော်သည် လည်း ကဝိကဝိန် ပညာရှိသူခမိန်တို့အား နှိုင်းချိန်စရာဖြစ်သည်။ ချည်ဖြင့် (ကြိုးဖြင့်) သီကုံးထားသော ပန်းများသည် ဖရိုဖရဲမကြဲတော့ချေ။ မပျက် မစီး တည်နေလေသကဲ့သို့ သုတ္တန်ပိဋကတော်ဖြင့် ရေတွက်အပ်သော အနက် များသည် ဖရိုဖရဲ မကြဲတော့ချေ၊ မပျက်စီးချေ။ သို့ဖြစ်၍ သုတ္တသဒ္ဒါ၏ အနက်ကိုသိသော ပညာရှိများက—

မိမိအကျိုး သူတစ်ပါးအကျိုးကို ပြတတ်သောကြောင့်လည်းကောင်း၊ ကောင်းစွာ ဟောတော်မူအပ်သော အနက်ရှိသောကြောင့်လည်းကောင်း၊ ပွားစေတတ်သောကြောင့် လည်းကောင်း၊ ယိုစီးစေတတ်သောကြောင့် လည်းကောင်း၊[2] ကောင်းစွာ စောင့်ရှောက်တတ်သောကြောင့် လည်း

၁။ အတ္ထာနံ သူစနတော၊ သုဝုတ္တတော သဝနတောထ သူဒနတော၊ သုတ္တာဏာ၊ သုတ္တသဘာဂတော စ၊ သုတ္တန္တံ အက္ခာတံ၊
ဝိ၊ ဋ္ဌ၊ ၁။ ၁၅။ ဒီ၊ ဋ္ဌ၊ ၁။ ၁၈။ အဘိ၊ ဋ္ဌ၊ ၁။ ၂၀။ နေတ္တိ၊ ဋ္ဌ၊ ၁၀၊

၂။ သိမ့်စေတတ်သောကြောင့် လည်းကောင်း

ကောင်း, တမျဉ်းချည် ပန်းသီတံနှင့် တူသောကြောင့် လည်းကောင်း သုတ္တန်ပိဋကမည်၏[၁] ဟူ၍ မိန့်ဆိုတော်မူကြလေသည်။

အဘိဓမ္မာမည်ကြောင်း

အဘိဓမ္မာပိဋက ကိုမူကား- ဘုရားမြတ်စွာသည် ပွားခြင်းအနက်ရှိသော သဘောတရား, အမှတ်လက္ခဏာနှင့် တကွဖြစ်သော သဘောတရား, ပူဇော်ထိုက်သော သဘောတရား, ပိုင်းခြားအပ်သော သဘောတရား, လွန်သော သဘောတရားတို့ကို ဟောတော်မူသည်။

သို့ဖြစ်၍ အဘိဓမ္မာမည်၏ဟူ၍ ပညာရှိတို့ မိန့်ဆိုကြသည်။[၂]

ပိဋက မည်ကြောင်း

ပိဋကသဒ္ဒါ၏အနက်ကို သိသောဆရာတို့က သင်ယူအပ်သောအနက်, တည်ရာဖြစ်သောအနက်ကြောင့် ပိဋကမည်၏ဟု မိန့်ဆိုတော်မူကြသည်။ ထိုပိဋကသဒ္ဒါနှင့် ပေါင်းစပ်သမာသ်တွဲ၍ ဝိနယ စသော သုံးပါး (ဝိနယ, သုတ္တ, အဘိဓမ္မာ)တို့ကို သိအပ်ကုန်၏ ဟူလို။[၃]

ဒေသနာအပြား စသည်

ဤသို့ သိရှိနားလည်ပြီးနောက် ပိဋကသုံးပုံ၌ အမျိုးမျိုးအဖုံဖုံ နည်းမျိုးစုံ လိမ္မာသဘောပေါက်စိမ့်သောငှာ-

၁။ ဒေသနာအပြား၊
၂။ သာသနာအပြား၊
၃။ ကထာအပြား၊

၁။ အတ္ထာနံ သူစနတော၊ သုဝုတ္တတော သဝနတောထ သူဒနတော။
သုတ္တာဏာ သုတ္တသဘာဂတော စ၊ သုတ္တန္တံ အက္ခာတံ။
ဝိ၊ ဋ္ဌ၊ ၁။ ၁၅။ ဒီ၊ ဋ္ဌ၊ ၁၊ ၁၈။ အဘိ၊ ဋ္ဌ၊ ၁။ ၂၀။ နေတ္တိ၊ ဋ္ဌ။ ၁၀။

၂။ ယံ ဧတ္ထ ဝုဍ္ဎိမန္တော၊ သလက္ခဏာ ပူဇိတာ ပရိစ္ဆိန္နာ။
ဝုတ္တာဓိကာ စ ဓမ္မာ၊ အဘိဓမ္မော တေန အက္ခာတော။
ဝိ၊ ဋ္ဌ၊ ၁၊ ၁၆။ ဒီ၊ ဋ္ဌ၊ ၁။ ၁၈။ အဘိ၊ ဋ္ဌ၊ ၁။ ၂၀။

၃။ ပိဋကံ ပိဋကတ္ထဝိဒူ၊ ပရိယတ္တိဗ္ဘာဇနတ္ထတော အာဟု။
တေန သမောဓာနေတွာ၊ တယောပိ ဝိနယာဒယော ဉေယျာ။
ဝိ၊ ဋ္ဌ၊ ၁။ ၁၆။ ဒီ၊ ဋ္ဌ၊ ၁။ ၁၉။ အဘိ၊ ဋ္ဌ၊ ၁။ ၂၁။

၄။ သိက္ခာအပြား၊
၅။ ပဟာန်အပြား၊
၆။ နက်နဲခြင်း၊
၇။ သင်ယူခြင်းအပြား
၈။ ရဟန်း၏ ပြည့်စုံခြင်း၊
၉။ ရဟန်း၏ ပျက်စီးခြင်း-

ဤ ၉-ချက်ကို ထင်စွာပြရာ၏။ ထင်စွာပြမည် ဟူ၏။[၁]

ထင်စွာပြပုံကား ဤသို့တည်း။ ပိဋကသုံးပုံကို အစဉ်အတိုင်း-
၁။ အာဏာဒေသနာ၊
၂။ ဝေါဟာရဒေသနာ၊
၃။ ပရမတ္ထဒေသနာ-

ဟူ၍လည်းကောင်း၊

၁။ ယထာပရာဓသာသနာ၊
၂။ ယထာနုလောမသာသနာ၊
၃။ ယထာဓမ္မသာသနာ-

ဟူ၍လည်းကောင်း၊

၁။ သံဝရာသံဝရကထာ၊
၂။ ဒိဋ္ဌိဝိနိဝေဌနကထာ၊
၃။ နာမရူပပရိစ္ဆေဒကထာ-

ဟူ၍လည်းကောင်း ဆိုအပ်လေသည်။

၁။ ဒေသနာ သာသနကထာ၊ ဘေဒံ တေသု ယထာရဟံ။
သိက္ခာပဟာနဂမ္ဘီရ-ဘာဝဉ္စ ပရိဒီပယေ။
ပရိယတ္တိဘေဒံ သမ္ပတ္တိံ၊ ဝိပတ္တိဉ္စာပိ ယံ ယဟိံ။
ပါပုဏာတိ ယထာ ဘိက္ခု၊ တမ္ပိ သဗ္ဗံ ဝိဘာဝယေ။
ဝိ၊ ဋ္ဌ၊ ၁၊ ၁၇။ ၁၂၊ ၂၁၊ ဒီ၊ ဋ္ဌ၊ ၁၊ ၁၉၊ ၂၁၊ ၂၃။ အဘိ၊ ဋ္ဌ၊ ၁၊ ၂၁၊ ၂၄-၅၊

ဝိနယပိဋက-အာဏာဒေသနာ

ယင်း ပိဋကသုံးပုံအနက်ဝိနည်းပိဋကတော်ကို အမိန့်အာဏာထားခြင်း ငှာ ထိုက်တော်မူသော ဘုရားမြတ်စွာသည် အမိန့်အာဏာ များသော အားဖြင့် ဟောကြားတော်မူအပ်သောကြောင့် အာဏာဒေသနာ မည်၏ ဟု ဆိုအပ်လေသည်။

* လောကထွတ်ထား ဘုရားမြတ်စွာ စိန္တေယျာသည် အာဏာ များစွာ မိန့်မှာဟောအပ် ယင်းဗျူပွတ်ကြောင့် မှတ်ကြဝိနယ အာဏာဒေသနာ မည်သတည်း။

သုတ္တန်ပိဋက-ဝေါဟာရ ဒေသနာ

သုတ္တန်ပိဋကကို ဝေါဟာရပညတ်၌ အတုမဲ့လိမ္မာတော်မူသော ဘုရား မြတ်စွာသည် ဝေါဟာရပညတ် များသောအားဖြင့် ဟောကြားတော်မူ အပ်ရကား ဝေါဟာရဒေသနာ မည်၏ဟု ဆိုအပ်လေသည်။

* သုတ္တန်မည်ရ ပိဋကဝယ် ဘုန်းကြွယ်မြတ်စွာ များစွာစားစား ပညတ်များကို ဟောထားမိန့်အပ် အကြောင်းရပ်ကြောင့် ဆတ်ဆတ်သုတ္တန် ဝေါဟာရဒေသနာ မည်သတည်း။

အဘိဓမ္မာပိဋက-ပရမတ္ထ ဒေသနာ

အဘိဓမ္မာပိဋကကိုမူကား ပရမတ်သဘော၌ အတုမဲ့လိမ္မာတော်မူသော ဘုရားမြတ်စွာသည် ပရမတ်သဘောကို များသောအားဖြင့် ဟောကြား တော်မူအပ်သောကြောင့် ပရမတ္ထဒေသနာမည်၏ဟု မိန့်ဆိုအပ်လေသည်။

* အဘိဓမ္မ ပိဋကဝယ် ပရမတ္ထ သဘာဝကို များပြားစွာလှ- ဟောဖော်ပြ မုချ အဘိဓမ္မာ ပိဋက ပရမတ္ထဒေသနာ မည် သတည်း။

ဝိနည်းပိဋက-ယထာပရာဓ သာသနာ

ဝိနည်းပိဋကသည် အပြစ်များစွာရှိသော သတ္တဝါတို့ကို အပြစ်အား လျော်စွာ ဆုံးမအပ်သောကြောင့် ယထာပရာဓ သာသနာမည်သည်။

* သတ္တဝါများ ပြစ်အားလျောက်ပတ် ဆုံးမအပ် မှတ်လေ ဝိနည်း ပိဋက ယထာပရာဓ သာသနာ မည်သတည်း။

သုတ္တန်ပိဋက ယထာနုလောမ သာသနာ

သုတ္တန်ပိဋကသည် တစ်ပါးမက များလှစွာသော အလိုဆန္ဒအဇ္ဈာသယ အနုသယစရိုက် နှလုံးသွင်းရှိကြသော သတ္တဝါများကို အလိုဆန္ဒ အဇ္ဈာသယ စရိုက်အားလျော်စွာ ဆုံးမအပ်သောကြောင့် ယထာနုလောမ သာသနာ မည်သည်။

* များပြားလှစွာ အာသယရှိကြား စားစားသတ္တဝါ အဇ္ဈာသယ
အလျော် ဇိနော်နေနတ် ဆုံးမအပ် မှတ်လေ သုတ္တန်ပိဋက
ယထာနုလောမ သာသနာ မည်သတည်း။

အဘိဓမ္မာပိဋက-ယထာဓမ္မ သာသနာ

အဘိဓမ္မာပိဋကကို ပရမတ္ထတရား အစုအဝေး၌ ငါ, ငါ့ဥစ္စာ ဟု အမှတ်ရှိကုန်သော သတ္တဝါတို့အား ပရမတ္ထသဘောအားလျော်စွာ ဆုံးမအပ်သောကြောင့် ယထာဓမ္မသာသနာဟူ၍ ဆိုအပ်သည်ဟူ၏။

* ပရမတ်အစုမှာ ငါ,ငါ့ဥစ္စာ သညာရှိသူ ဟိန္ဒူဂူအရပ်ရပ် ပရ
မတ်အလျော် ဟောမြွက်ဖော် ခေါ်ဝေါ် အဘိဓမ္မာ ပိဋက
ယထာဓမ္မ သာသနာ မည်သတည်း။

ဝိနည်းပိဋက-သံဝရာသံဝရကထာ

ထို့ပြင် ဝိနည်းပိဋကသည် ကိုယ်နှုတ်တို့ဖြင့် လွန်ကျူးမှု၏ ဆန့်ကျင်ဘက် ဖြစ်သော ငယ်သော စောင့်စည်းမှု, ကြီးသော စောင့်စည်းမှုတို့ကို ဟောကြားတော်မူအပ်သောကြောင့် သံဝရာသံဝရကထာ မည်လေသည်။

* ငယ်ငယ်ကြီးကြီး စောင့်စည်းမှုကို သဗ္ဗညုမြတ်စွာ
ဟောအပ်ရာ မှန်စွ ဝိနည်းပိဋက သံဝရာသံဝရ
ကထာ မည်သတည်း။

သုတ္တန်ပိဋက-ဒိဋ္ဌိဝိနိဝေဌနကထာ

သုတ္တန်ပိဋကသည် ခြောက်ဆယ့်နှစ်ပါးသော အယူများ၏ဆန့်ကျင်ဘက်ဖြစ်သောမိစ္ဆာအယူကို ဖြေရှင်းဟောကြားတော်မူအပ်သောကြောင့် ဒိဋ္ဌိဝိနိဝေဌနကထာ မည်သည်။ မိစ္ဆာအယူကို ဖြေရှင်းကြောင်း တရား ဟို့ကို ဟောပြရာဖြစ်သောကြောင့် သုတ္တန်ပိဋက ဒိဋ္ဌိဝိနိဝေဌနကထာ မည်သည်ဟုလည်း သိရာ၏။

* မိစ္ဆာအယူ မဖြူဝါဒ ရှင်းပြဟောရာ ဒေသနာ မှန်စွာ
သုတ္တန်ပိဋကဲ ဒိဋ္ဌိဝိနိဝေဌနကထာ မည်သတည်း။

အဘိဓမ္မာပိဋက—နာမရူပပရိစ္ဆေဒကထာ

အဘိဓမ္မာပိဋကကို ရာဂအစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်သော နာမ်ရုပ်တရားတို့၏ အပိုင်းအခြားကို ဟောကြားတော်မူရာ ဖြစ်သောကြောင့် နာမရူပပရိစ္ဆေဒကထာဟု ခေါ်ဆိုအပ်သည်ဟူ၏။

* နာမ်ရုပ်တရား ပိုင်းအခြားကို ဘုရားဗိနေ့ဉ် ဟောတော်မူ
မှတ်ယူအဘိဓမ္မာပိဋက နာမရူပပရိစ္ဆေဒကထာမည်သတည်း။

သိက္ခာသုံးပါး

ပိဋကသုံးပုံ၌ သိက္ခာသုံးပါး၊ ပဟာန်သုံးပါး၊ နက်နဲခြင်းလေးပါး ရှိ၏ဟုလည်း သိအပ် သိသင့် သိထိုက်သည်။

ဝိနည်းပိဋက၌ ဘုရားမြတ်စွာသည် သီလသိက္ခာကို ထူးထူးခြားခြား ဟောကြားတော်မူသည်။ သုတ္တန်ပိဋက၌ အဓိစိတ္တသိက္ခာကို ထူးထူးခြားခြား ဟောကြားတော်မူသည်။ အဘိဓမ္မာပိဋက၌ အဓိပညာသိက္ခာကို ထူးထူးခြားခြား ဟောကြားတော်မူသည်။

* ဝိနည်း၌မှာ ဓိသီလာ မြတ်စွာဟောတော်မူ။
သုတ္တန်၌မှာ ဓိစိတ္တာ မြတ်စွာဟောတော်မူ။
အဘိဓမ္မာမှာ ဓိပညာ မြတ်စွာဟောတော်မူ။
ထူးထူးခြားခြား ဟောဖော်ကြား မှတ်သားလိုက်နာယူ။

ပဟာန်သုံးပါး

သီလသည် လွန်ကျူးမှု၏ ဆန့်ကျင်ဘက်ဖြစ်ရကား ဘုရားဗိနေ့ဉ်သည် ဝိနည်းပိဋကတော်၌ ကိလေသာတို့၏ လွန်ကျူးမှုကို ပယ်ခြင်းကို ဟောတော်မူသည်။

သုတ္တန်ပိဋကတော်၌မူကား ကိလေသာတို့၏ ထိုးကျင့်မှုကို ပယ်ခြင်းကို ဟောတော်မူသည်။ အကြောင်းကား သမာဓိသည် ကိလေသာထိုးကျင့်မှု၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်တည်း။

ပညာသည် အနုသယ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အဘိဓမ္မာ ပိဋကတော်၌ အနုသယကို ပယ်ခြင်းကို ဟောတော်မူလေသည်။

ဝိနည်းပိဋကတော်၌ ကိလေသာတို့၏ တဒင်္ဂပဟာန်ကို ဟောတော်မူသည်။ သုတ္တန်ပိဋကတော်, အဘိဓမ္မာပိဋကတော်တို့၌ ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန်တို့ကို ဟောတော်မူသည်။

ဝိနည်းပိဋကတော်၌ ဒုစရိုက်ဟူသော ညစ်ညူးစေတတ်သော ကိလေသာတို့၏ ပယ်ခြင်းကို ဟောတော်မူသည်။ သုတ္တန်ပိဋကတော်, အဘိဓမ္မာပိဋကတော်၌ တဏှာဒိဋ္ဌိဟူသော ညစ်ညူးစေတတ်သော ကိလေသာတို့၏ ပယ်ခြင်းကို ဟောတော်မူသည်။

နက်နဲခြင်း လေးပါး

ယင်း ဝိနည်းပိဋကတော်, သုတ္တန်ပိဋကတော်, အဘိဓမ္မာပိဋကတော် ဟူသော ပိဋကသုံးပါးတို့တွင် တစ်ပါးတစ်ပါးသော ပိဋက၌ ဓမ္မ၏နက်နဲခြင်း, အတ္ထ၏နက်နဲခြင်း, ဒေသနာ၏နက်နဲခြင်း, အသိဉာဏ်၏နက်နဲခြင်း ဟူ၍ လေးပါးအပြားရှိသော နက်နဲခြင်းကို သိအပ်၏။

ထိုလေးပါးတို့တွင် ဓမ္မဟူသည် ပါဠိတည်း၊ အတ္ထဟူသည် ပါဠိ၏ အနက်တည်း၊ ဒေသနာဟူသည် စိတ်၌ ပိုင်းခြားထားသောပါဠိကို ဟောခြင်းတည်း၊ အသိဉာဏ်ဟူသည် ပါဠိ, ပါဠိ၏ အနက်ကို ဟုတ်မှန်သည် အားလျော်စွာ သိခြင်းဖြစ်သည်။

ဤမည်သော ပိဋကသုံးပုံ၌ ပါဠိ, အနက်, ဒေသနာ, အသိဉာဏ်တို့သည် ယုန်ငယ်စသော သတ္တဝါများသည် နက်စောက်ပြောကျယ် မဟာသမုဒ္ဒရာပင်လယ်ကို မသက်ဝင်နိုင် မထောက်တည်နိုင်သကဲ့သို့ ပညာနည်းသူတို့သည် မသက်ဝင်နိုင် မထောက်တည်နိုင်ရကား နက်နဲလှချေ၏။ ဤသို့လျှင် ပိဋကသုံးပုံဝယ် တစ်ပါးတစ်ပါးသောပိဋက၌ နက်နဲခြင်းလေးပါး အပြားရှိသည်ဟု သိရာ၏။

တစ်နည်း ဓမ္မ-ဟူသည် အကြောင်းဖြစ်သည်။ အကြောင်း၌ သိသော ဉာဏ် (အသိဉာဏ်) သည် ဓမ္မပဋိသမ္ဘိဒါမည်၏ဟု ဘုရားရှင်ဟောတော်မူသည်။[၁]

၁။ ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ။ အဘိ၊ ၈။ ၃၀၇၊

အတ္ထ ဟူသည် အကြောင်းအကျိုးတည်း၊ အကြောင်း၏ အကျိုး၌ သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါမည်၏ဟု ဘုရားသဗ္ဗညု ဟောတော်မူသည်။[၁]

ဒေသနာဟူသည် သဒ္ဒပညတ်တည်း။ တရားသဘော အားလျော်စွာ သဒ္ဒပညတ်ကို ဟောခြင်းတည်းဟု ဆိုလိုသည်ဟူ၏။ အသိဉာဏ်ဟူသည် သိခြင်းတည်း။ ယင်းသိခြင်းသည် အကျိုးအားလျောက်ပတ်စွာအကြောင်းတို့၌, အကြောင်းအားလျောက်ပတ်စွာ အကျိုးတို့၌ သဒ္ဒပညတ်အကြောင်းအားလျော်စွာ ပညတ်တို့၌ အာရုံပြုသောအားဖြင့်လည်းကောင်း, မတွေဝေသောအားဖြင့်လည်းကောင်း သိတတ်သော လောကီ လောကုတ္တရာဉာဏ် ဖြစ်သည်။

ပိဋကသုံးပုံတို့တွင် အကြောင်း၏သဘောအားလုံး, အကျိုး၏သဘောအားလုံးသည် နာယူသူတို့၏ဉာဏ်၌ ရှေးရှုထင်သော အပြားအားဖြင့် ထိုထိုအနက်ကို လွန်စွာပြတတ်သော ဒေသနာသည်လည်းကောင်း ဤသုံးပါးတို့၌ မဖောက်မပြန်သိသော အသိဉာဏ်သည်လည်းကောင်း, ထို အားလုံးသည် ယုန်ငယ်စသည့် သတ္တဝါများ မဟာသမုဒ္ဒရာသို့ မသက်ဝင်နိုင် မထောက်တည်နိုင်သကဲ့သို့ ကုသိုလ်ဟူသော အဆောက်အအုံကို မဆည်းပူးခဲ့သော ပညာနည်းသူတို့ မသက်ဝင်နိုင် မထောက်တည်နိုင်သောကြောင့် နက်နဲချေ၏။

ပိဋကသင်ယူပုံ သုံးပါး

ပိဋကသုံးပုံ သင်ယူပုံ သင်ယူနည်း အပြားသုံးပါးကိုလည်း အောက်ပါအတိုင်း မှတ်သားအပ်ပါသည်။

၁။ အလဂဒ္ဒူပမာပရိယတ္တိ=မြွေဖမ်း ဥပမာရှိသော သင်ယူခြင်း။

၂။ နိဿရဏတ္ထာပရိယတ္တိ=သံသရာဝဋ် ဘဝညွတ်မှ ထွက်မြောက်ခြင်းအကျိုးရှိသော သင်ယူခြင်း။

၃။ ဘဏ္ဍာဂါရိကပရိယတ္တိ=ဘဏ္ဍာစိုးကဲ့သို့ သင်ယူခြင်းဟူ၍ ၃-ပါးပြားသည်။[၂]

၁။ ဟေတုမှိ ဉာဏံ အတ္ထပဋိသမ္ဘိဒါ။ အဘိ၊ ၀၊ ၃၀၇။
၂။ ဝိ၊ ဋ္ဌ၊ ၁၊ ၁၀၊ ၁၉–ကြည့်။

အလဂဒ္ဒူပမာပရိယတ္တိ = မြွေဖမ်း ဥပမာရှိသော သင်ယူခြင်း

(၁) ထိုသုံးပါးတို့တွင် တစ်ပါးသူများကို ချုပ်ချယ်လိုခြင်း အစရှိသော အကြောင်းကြောင့် သင်ယူခြင်းဟူသော မကောင်းသော သင်ယူခြင်းသည် မြွေဖမ်းဥပမာရှိသော သင်ယူခြင်း မည်၏။ ဤသင်ယူခြင်းကို ရည်ရွယ်မှန်းထားတော်မူ၍ "အို-ရဟန်းတို့....မြွေကို အလိုရှိ၍ မြွေကိုရှာသော အမျိုးသားသည် မြွေရှာသွားလေရာ ကြီးစွာသောမြွေကို တွေ့မြင်ရာ၏။ ထိုအမျိုးသားသည် မြွေ၏ကိုယ်ကိုလည်းကောင်း, အမြီးကိုလည်းကောင်း ကိုင်ရာ၏။ မြွေသည် ပြန်လှန်၍ ထိုအမျိုးသား၏ လက်ကိုလည်းကောင်း, လက်ရုံးကိုလည်းကောင်း, တစ်ပါးပါးသော အင်္ဂါကြီးငယ်ကိုလည်းကောင်း ကိုက်ခဲရာ၏။ ထိုအမျိုးသားသည် မြွေကိုက်ခြင်း မြွေခဲခြင်းဟူသော အကြောင်းကြောင့် သေခြင်းသို့လည်းရောက်ရာ၏။ သေလုနီးနီးကြီးစွာသောဒုက္ခဝေဒနာသို့လည်း ရောက်ရာ၏။ အို-ရဟန်းတို့....ယင်းသို့ရောက်ရခြင်းကား မြွေကို မကောင်းသဖြင့် ဖမ်းယူသောကြောင့် ဖြစ်သည်။ မြွေဖမ်း မတတ်သောကြောင့် ဖြစ်သည်။

အိုရဟန်းတို့....ဤ ဥပမာအတူသာလျှင် ငါဘုရား သာသနာတော်၌ မဂ်ဖိုလ်မရ ကိစ္စမပြီး အချည်းနှီးသော ပုဂ္ဂိုလ်အချို့တို့သည် ပါဠိကို သင်ယူကြသည်။ သုတ်ကို သင်ယူကြသည်။ သဂါထာဝဂ္ဂသံယုတ် စသော ဂါထာများစွာ ပါရှိသော သုတ်များ (ဂေယျ) ကို သင်ယူကြသည်။ အဘိဓမ္မာပိဋကစသော ဂါထာမပါမရှိသော ဒေသနာတော်(ဝေယျာကရဏ)ကို သင်ယူကြသည်။ ဓမ္မပဒ ထေရဂါထာ ထေရီဂါထာ စသော ဂါထာသက်သက်ဖြင့် ဟောတော်မူသည့် ဒေသနာတော်များ(ဂါထာ)ကို သင်ယူကြသည်။ နှစ်သက်ကြည်ရွှင် သောမနဿဉာဏ်နှင့်ယှဉ်လျက် ရွတ်ဆိုကျူးရင့်တော်မူသော "အနေကဇာတိသံသာရံ" စသည့် ဥဒါန်းဂါထာ(ဥဒါန)ကို သင်ယူကြသည်။ "ဝုတ္တံ ဟေတံ ဘဂဝတာ" အစချီကာ ဟောတော်မူအပ်သော သုတ်တစ်ရာ့တစ်ဆယ့်ရှစ်သုတ် (ဣတိဝုတ်)ကို သင်ယူကြသည်။ အပဏ္ဏကဇာတ်၊ ဝေဿန္တရာဇာတ် အစရှိသော ငါးရာ့ငါးဆယ်သောဇာတ် (ဇာတက) ကို သင်ယူကြသည်။ စတ္တာရောမေ ဘိက္ခဝေ အဗ္ဘုတဓမ္မာ အာနန္ဒေ"အစရှိသော အံ့ချီးဖွယ်ရာနှင့် စပ်ယှဉ်၍ ဟောတော်မူသော တရားတော်(အဗ္ဘုတဓမ္မ)ကို သင်ယူကြသည်။ အမေး

အဖြေများဖြင့် ဝမ်းမြောက်ရွှင်လန်းခြင်းကို ရကြသည့် စူဠဝေဒလ္လသုတ်, မဟာဝေဒလ္လသုတ်, သမ္မာဒိဋ္ဌိသုတ်စသော တရားတော်များ (ဝေဒလ္လ)ကို သင်ယူကြသည်။ ထိုသူတို့ကား ပါဠိကိုသင်ယူပြီး ယင်းပါဠိများ၏ အနက်အဓိပ္ပာယ်ကို ဉာဏ်ပညာဖြင့် မဆင်ခြင်ကြကုန်။ အနက်အဓိပ္ပာယ်ကို ဉာဏ်ပညာဖြင့် မဆင်ခြင်သူများအား ပါဠိများသည် ဆင်ခြင်ခြင်းကို မခံနိုင်လေတော့ကုန်။

ထိုသူများကား သူတစ်ပါးကို ချုပ်ချယ်လိုခြင်း, သူတစ်ပါး ကဲ့ရဲ့နှိပ်စက်ခြင်းမှ လွတ်စေလိုခြင်းကြောင့် ပါဠိကို သင်ယူကြသည်။

အမျိုးကောင်းသားတို့သည် အကြင် မဂ်ဖိုလ်နိဗ္ဗာန်အလို့ငှာ ပါဠိကို သင်ယူကြကုန်၏။ တရားတော်၏ ထိုမဂ်ဖိုလ်နိဗ္ဗာန်အကျိုးကိုလည်း မခံစားကြရကုန်။ ထိုတရားများသည် ထိုသူတို့အား ရှည်စွာသော နေ့ညဉ့်တို့ပတ်လုံး အကျိုးမရှိသည်ကို ပြခြင်းငှာ ဖြစ်ကုန်၏။

အို-ရဟန်းတို့....အကြောင်းမူကား တရားများကို မကောင်းသဖြင့် သင်ယူခြင်းကြောင့်တည်း[1]ဟူ၍ ဘုရားမြတ်စွာ မိန့်တော်မူလေ၏။

(၂) သူတစ်ပါးကိုချုပ်ချယ်လိုခြင်း အစရှိသော အကြောင်းကြောင့် မသင်မူ၍ သီလ, သမာဓိ, ပညာ ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံမှုကိုသာလျှင် လိုချင်တောင့်တ၍ သင်ယူခြင်း ဟူသော ကောင်းသော သင်ယူခြင်းသည် သံသရာဝဋ် ဘဝညွတ်မှ လွတ်မြောက်ခြင်း ဟူသော အကျိုးရှိသော သင်ယူခြင်း မည်၏။

ဤသင်ယူခြင်းကို ရည်ရွယ်မှန်ထားတော်မူ၍ "ကောင်းစွာသင်ယူအပ်သော တရားများသည် ကောင်းစွာ သင်ယူသူများအား ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး စီးပွားချမ်းသာရန် ကေန်ဖြစ်ကုန်၏။ အကြောင်းမူကား တရားတော်များကို ကောင်းစွာသင်ယူသောကြောင့်တည်း-"[1]ဟု ဘုရားဇိနော် မိန့်တော်မူလေသည်။

(၃) သက်သက်အစဉ်အဆက်ကိုစောင့်ရှောက်ခြင်းငှါလည်းကောင်း, အမျိုးအနွယ်ကို စောင့်ရှောက်ခြင်းငှါလည်းကောင်း ခန္ဓာတို့ကိုပိုင်းခြားသိပြီး ကိလေသာတို့ကို ပယ်အပ်ပြီး မဂ်ဘာဝနာကို ပွားပြီး အရဟတ္တဖိုလ်ကို

၁။ မ၊ ၁၊ ၁၁၇။ (အလဂဒ္ဒူပမသုတ်)။

သိပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ကိလေသာ အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်၏ တရားတော်ကို သင်ယူခြင်းသည် ဘ ဏ္ဍာစိုးကဲ့သို့သင် ခြင်း မည်၏။

နိဿရဏတ္ထဖြစ်အောင် ပရိယတ်သင်ရန် တိုက်တွန်းချက်

အို သံဃါယနာသမိုင်းတော် စာဖတ်....သင်သည် ပရိယတ္တိကို သင်ယူသူ လေ့လာလိုက်စားတုန်းဖြစ်ခဲ့လျှင် သီလ,သမာဓိ,ပညာ ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံမှုကို လိုချင်တောင့်တကာ သံသရာဝဋ္ဋ ဘေးဒုက္ခမှ လွတ်မြောက် ခြင်းဟူသော အကျိုးရှိသော နိဿရဏတ္ထပရိယတ် သင်ယူခြင်းဖြစ်အောင် သင်ယူရာသတည်း။

* သံသရာဝဋ္ဋ ဒုက္ခမှထွက်ရန် စိတ်ရည်သန်၍ ဂန္ထဓုရ အဝဝကို မှချသင်ယူကြကုန်ရာသတည်း။

ပိဋကသုံးပုံ၌ ကောင်းစွာကျင့်ခြင်း၏ အကျိုးများ

(၁) ဝိနည်းပိဋကတော်၌ ကောင်းစွာ ကျင့်ကြံကြိုးကုတ် အားထုတ်သော ရဟန်းသည် သီလပြည့်စုံခြင်းကိုအမှီပြု၍ ဝိဇ္ဇာသုံးပါးတို့သို့ ရောက်၏။ အကြောင်းကား ထိုဝိနည်းပိဋက၌ ဝိဇ္ဇာသုံးပါးတို့ကို ဟောတော်မူ သောကြောင့် ဖြစ်၏။

(၂) သုတ္တန်ပိဋကတော်၌ ကောင်းစွာကျင့်သောရဟန်းသည် သမာဓိ ပြည့်စုံခြင်းကိုအမှီပြု၍ အဘိညာဉ်ခြောက်ပါးတို့သို့ ရောက်၏။ အကြောင်း ကား ထိုသုတ္တန်ပိဋကတော်၌ အဘိညာဉ်ခြောက်ပါးတို့ကို ဟောတော်မူ သောကြောင့် ဖြစ်၏။

(၃) အဘိဓမ္မာပိဋကတော်၌ ကောင်းစွာကျင့်သော ရဟန်းသည် ပညာပြည့်စုံခြင်းကို အမှီပြု၍ ပဋိသမ္ဘိဒါ လေးပါးတို့သို့ ရောက်၏။ အကြောင်းကား ထိအဘိဓမ္မာပိဋကတော်၌ ပဋိသမ္ဘိဒါလေးပါးကို ဟော တော်မူသောကြောင့် ဖြစ်၏။

* ဝိနည်းဒေသနာ ကောင်းစွာကျင့်က
သုံးဝဝိဇ္ဇာ ရကြောင်းဖြစ်သတည်း။

သုတ္တန်ဒေသနာ ကောင်းစွာကျင့်က
ခြောက်ဝအဘိညာဉ် ရကြောင်းတည်း။
အဘိဓမ္မာဒေသနာ ကောင်းစွာကျင့်က
လေးဝပဋိသမ္ဘိဒါ ရကြောင်းတည်း။

ပိဋကသုံးပုံ၌ မကောင်းသဖြင့် ကျင့်ခြင်း၏ အပြစ်များ

(၁) ထိုမှတစ်ပါး ဝိနည်းပိဋကတော်၌ မကောင်းသဖြင့်ကျင့်သော ရဟန်းသည် မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်သော နူးညံ့သော အတွေ့ရှိသော အခင်းအရုံ စသည်များ၏ အတွေ့နှင့်တူသောအားဖြင့် ပယ်တော်မူအပ်သော မိန်းမအတွေ့(မေထုန်)စသည်၌ အပြစ်မရှိဟု အမှတ်ရှိ၏။ အရိဋ္ဌရဟန်းသည် ဘုရားမြတ်စွာ ဟောတော်မူအပ်သော စျာန် မဂ် ဖိုလ် နိဗ္ဗာန် အန္တရာယ်ကိုပြုတတ်သော တရားတို့ကို မှီဝဲသောရဟန်းအား အန္တရာယ်ပြုရန် မစွမ်းနိုင်သော အခြင်းအရာအားဖြင့် ဘုရားဇိနေဝ် ဟောတော်မူအပ်သော တရားတော်ကို ငါသိသည်။ ယင်းသို့အပြစ်မရှိဟူ၍ လွန်ကျူးခြင်းကြောင့် သီလမရှိသည်၏အဖြစ်သို့ ရောက်၏။

(၂) သုတ္တန်ပိဋကတော်၌ မကောင်းသဖြင့် ကျင့်သောရဟန်းသည် အိုး ချစ်သားရဟန်းတို့... ဤလေးယောက်သော ပုဂ္ဂိုလ်တို့သည် ရှိကုန်၏။ ဤသို့ အစရှိသည်များ၌ ဘုရားမြတ်စွာ၏ အလိုတော်ကို မသိ၍ မကောင်းသော အယူကို ယူ၏။ ထိုကို ရည်ရွယ်မှန်းထားတော်မူ၍ "မိမိသည် မကောင်းသောအယူကို ယူခြင်းကြောင့် ငါတို့ကိုလည်း စွပ်စွဲ၏။ မိမိကိုယ်ကိုလည်း တူးဖြို၏။ များစွာသော မကောင်းမှုသည်လည်း ပွား၏" ဟူ၍ ဘုရားဇိနေဝ် ဟောတော်မူလေသည်။

ထိုသို့ မကောင်းသောအယူကို ယူခြင်းကြောင့် အယူမှားသူ၏ အဖြစ်သို့ ရောက်၏။

(၃) အဘိဓမ္မာ၌ မကောင်းသဖြင့် ကျင့်သောရဟန်းသည် ပရမတ္ထတရား၌ ကြံစည်ခြင်းကို လွန်စွာပြေးသည်ဖြစ်၍ မကြံအပ် မကြံသင့် မကြံထိုက်သော အရာတို့ကိုလည်း ကြံ၏။ ထိုသို့ကြံခြင်းကြောင့် စိတ်နှလုံး ပျံ့လွင့်ခြင်းသို့ ရောက်၏။

၁။ အံ၊ ၁။ ၃၁၁။ ဝိ၊ ၂။ ၁၇၇။

ဘုရားမြတ်စွာသည် "အိုချစ်သားရဟန်းတို့....မကြံထိုက်သော ဤတရားလေးပါးတို့ကို မကြံအပ်ကုန်။ မကြံထိုက်သောတရားတို့၌ ကြံသူသည် ရူးခြင်းအဖို့ ရှိရာ၏၊ ပင်ပန်းခြင်းအဖို့ ရှိရာ၏[၁]" ဟု ဟောတော်မူသည်။

ဤသို့လျှင် ပိဋကသုံးပုံ၌ မကောင်းသဖြင့် ကျင့်သော ရဟန်းသည် အစဉ်အတိုင်း သီလမရှိခြင်း အယူမှားခြင်း စိတ်ပျံ့လွင့်ခြင်း အပြားရှိသော ပျက်စီးခြင်းသို့ ရောက်၏[၂]။

သို့ဖြစ်ရာ ဝိနည်း ပိဋကတော်, သုတ္တန် ပိဋကတော်, အဘိဓမ္မာ ပိဋကတော်၌ မကောင်းသဖြင့် မကျင့်မိချန် သတိပြုရာ၏။ ယင်း ဝိနည်း ပိဋကတော်, သုတ္တန်ပိဋကတော်, အဘိဓမ္မာပိဋကတော်၌ ကောင်းစွာ ကျင့်နိုင်ကြစေကုန်ရာ၏။

* ဝိနည်းသုတ္တန် တစ်ဖန်အဘိဓမ္မာ ဤသုံးဖြာဝယ်
ကောင်းစွာကျင့်ရန် သတိဖန် ကေန် သဘာပေါက်ကြ
ပါစေသော်။

နိကာယ်အားဖြင့်ငါးပါး

ဘုရားမြတ်စွာစကားတော် အားလုံးသည်-

(၁) ဒီဃနိကာယ်
(၂) မဇ္ဈိမနိကာယ်
(၃) သံယုတ္တနိကာယ်
(၄) အင်္ဂုတ္တရနိကာယ်
(၅) ခုဒ္ဒကနိကာယ်-အားဖြင့် ငါးပါးပြားသည်။

ထိုတွင် ဝဂ်အားဖြင့် သုံးဝဂ်၊ သုတ်အားဖြင့် ဗြဟ္မဇာလသုတ် အစရှိသော သုံးဆယ့်လေးသုတ် ပါရှိသော ဒေသနာတော်သည် ဒီဃနိကာယ် မည်၏။

၄၂၆။ စတုတ္တိံသေဝ သုတ္တန္တာ၊ တိဝဂ္ဂေါ ယဿ သင်္ဂဟော။
သေ ဒီဃနိကာယောတိ၊ ပဌမော အနုလောမိကော[၃]။

၁။ အံ၊ ၁။ ၃၉၂။ ၂။ ငိ၊ ဋ္ဌ၊ ၁။ ၂၀။
၃။ ဝိ၊ ဋ္ဌ၊ ၁။ ၂၁။ ဒီ၊ ဋ္ဌ၊ ၁။ ၂၃။ အဘိ၊ ဋ္ဌ။ ၁။ ၂၅။

၃၆

ယဿ= အကြင်နိကာယ်အား။ စတုတ္တိံသေဝ= သုံးဆယ့်လေးပါးသာလျှင် ဖြစ်သော။ သုတ္တန္တာ = သုတ်တို့သည်။ သန္တိ = ရှိကုန်၏။ တိဝဂ္ဂေါ = သုံးဝဂ်ရှိသော။ သင်္ဂဟော = သိမ်းယူကြောင်း အရေအတွက်သည်။ အတ္ထိ = ရှိ၏။ ပဌမော = ရှေးဦးစွာသော။ သော— ဧသော = ဤ နိကာယ်သည်။ ဒီဃနိကာယောတိ = ဒီဃနိကာယ်ဟူ၍။ အနုလောမိကော= အနက်အားလျော်သောအမည်ရှိ၏။ ဝါ = အနွတ္ထအမည်ရှိ၏။

ရှည်လျားသော သုတ်များအပေါင်း ရှည်လျားသော သုတ်များ၏ တည်ရာဖြစ်ရကား ဒီဃနိကာယ်မည်၏ဟူလို။

ဒီဃနိကာယ်လာ သုတ်များလောက်လည်း မရှည် သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်လာ သုတ်များလောက်လည်း မတို၊ အလယ်အလတ် အတိုင်း အရှည်ရှိသော ဝဂ်အားဖြင့် တစ်ဆယ့်ငါးဝဂ်, သုတ်အားဖြင့် မူလပရိယာယသုတ် အစရှိသော တစ်ရာ့ငါးဆယ် နှစ်သုတ်အပေါင်းသည် သို့မဟုတ် တစ်ရာ့ငါးဆယ် နှစ်သုတ်ရှိသော ဒေသနာတော်သည် မဇ္ဈိမနိကာယ်မည်၏။

၄၂၇။ ဒိယဍ္ဎသတသုတ္တန္တာ၊ ဒွေ စသုတ္တာနိ ယတ္ထ သော။
နိကာယော မဇ္ဈိမော ပဉ္စ-ဒသဝဂ္ဂပရိဂ္ဂဟော[၁]။

ယတ္ထ = အကြင်နိကာယ်၌။ ဒိယဍ္ဎသတသုတ္တန္တာ = အခွဲအားဖြင့် နှစ်ရာသော သုတ်တို့သည်လည်းကောင်း။ ဝါ = တစ်ရာ့ငါးဆယ်သော သုတ်တို့သည် လည်းကောင်း။ ဒွေ သုတ္တာနိ - နှစ်သုတ်တို့ သည်လည်းကောင်း။ သန္တိ=ရှိကုန်၏။ ပဉ္စဒသဝဂ္ဂပရိဂ္ဂဟော - တစ်ဆယ့်ငါးဝဂ်တို့ဖြင့် သိမ်းယူရေတွက်အပ်သော။ သော နိကာယော - ထိုနိကာယ်သည်။ မဇ္ဈိမော = မဇ္ဈိမနိကာယ်မည်၏။

သံယုတ္တနိကာယ်သည် ကျယ်ပြောလှသည်။ ယင်းနိကာယ်၌ ပင်မသံယုတ်ကြီး ငါးသံယုတ် ရှိသည်။ ယင်း ငါးသံယုတ်ကား (၁) သဂါထာဝဂ္ဂသံယုတ်၊ (၂) နိဒါနဝဂ္ဂသံယုတ်၊ (၃) ခန္ဓဝဂ္ဂသံယုတ်၊ (၄) သဠာယတနဝဂ္ဂသံယုတ်၊ (၅) မဟာဝဂ္ဂသံယုတ်တို့ ဖြစ်သည်။ ထိုတွင် သဂါထာဝဂ္ဂသံယုတ်၌ (၁) ဒေဝတာသံယုတ်၊ (၂) ဒေဝပုတ္တသံယုတ်၊ (၃) ကော

၁။ ဝိ၊ ၄၊ ၁၊ ၂၁။ ဒီ။ ၄၊ ၁။ ၂၄။ ဆတိ၊ ၄၊ ၁။ ၂၆။

သလသံယုတ်၊ (၄) မာရသံယုတ်၊ (၅) ဘိက္ခုနီသံယုတ်၊ (၆) ဗြဟ္မသံယုတ်၊ (၇) ဗြာဟ္မဏသံယုတ်၊ (၈) ဝင်္ဂီသသံယုတ်၊ (၉) ဝနသံယုတ်၊ (၁၀) ယက္ခသံယုတ်၊ (၁၁)သက္ကသံယုတ်အားဖြင့် ၁၁-သံယုတ်ပါရှိသည်။

တစ်ဖန် နိဒါနဝဂ္ဂသံယုတ်၌လည်း (၁) နိဒါနသံယုတ်၊ (၂) အဘိသမယသံယုတ်၊ (၃) ဓာတုသံယုတ်၊ (၄) အနမတဂ္ဂသံယုတ်၊ (၅)ကဿပသံယုတ်၊ (၆) လာဘသက္ကာရသံယုတ်၊ (၇) ရာဟုလသံယုတ်၊ (၈) လက္ခဏသံယုတ်၊ (၉) ဩပမ္မသံယုတ်၊ (၁၀) ဘိက္ခုသံယုတ်အားဖြင့် သံယုတ်ပေါင်း -၁၀ပါရှိလေသည်။

ခန္ဓဝဂ္ဂသံယုတ်၌လည်း (၁) ခန္ဓသံယုတ်၊ (၂) ရာဓသံယုတ်၊ (၃) ဒိဋ္ဌိသံယုတ်၊ (၄) ဩက္ကန္တသံယုတ်၊ (၅)ဥပ္ပါဒသံယုတ်၊ (၆)ကိလေသသံယုတ်၊ (၇) သာရိပုတ္တသံယုတ်၊(၈) နာဂသံယုတ်၊ (၉)သုပဏ္ဏသံယုတ်၊(၁၀) ဂန္ဓဗ္ဗကာလသံယုတ်၊ (၁၁) ဝလာဟကသံယုတ်၊ (၁၂) ဝစ္ဆဂေါတ္တသံယုတ် (၁၃) ဈာနသံယုတ်-အားဖြင့် သံယုတ် ၁၃-သံယုတ် ပါရှိလေသည်။

သဠာယတနဝဂ္ဂသံယုတ်၌- (၁) သဠာယတနသံယုတ်၊ (၂) ဝေဒနာသံယုတ်၊ (၃) မာတုဂါမသံယုတ်၊ (၄)ဇမ္ဗုခါဒကသံယုတ်၊ (၅)သာမဏ္ဍကသံယုတ်၊ (၆) မောဂ္ဂလ္လာနသံယုတ်၊ (၇)စိတ္တသံယုတ်၊(၈)ဂါမဏိသံယုတ်၊ (၉) အသင်္ခတသံယုတ်၊ (၁၀) အဗျာကတသံယုတ်-အားဖြင့် သံယုတ် ၁၀-ပါရှိလေသည်။

မဟာဝဂ္ဂသံယုတ်၌- (၁)မဂ္ဂသံယုတ်၊ (၂)ဗောဇ္ဈင်္ဂသံယုတ်၊(၃)သတိပဋ္ဌာနသံယုတ်၊ (၄) ဣန္ဒြိယသံယုတ်၊ (၅) သမ္မပ္ပဓာနသံယုတ်၊ (၆) ဗလသံယုတ်၊ (၇) ဣဒ္ဓိပါဒသံယုတ်၊ (၈) အနုရုဒ္ဓသံယုတ်၊ (၉) ဈာနသံယုတ် (၁၀) အာနာပါနသံယုတ်၊ (၁၁) သောတာပတ္တိသံယုတ်၊ (၁၂) သစ္စသံယုတ်-အားဖြင့် သံယုတ် ၁၂-ပါရှိလေသည်။ သုတ်အားဖြင့် ဩဃ၊ ကရဏီယသုတ်အစရှိသောအားဖြင့်ခုနစ်ထောင့်ခုနစ်ရာခြောက်ဆယ့်နှစ်သုတ် (၇၇၆၂)တို့ ပါရှိသည်။

၄၈။ သတ္တသုတ္တသဟဿာနိ၊ သတ္တသုတ္တသတာနိ စ၊
ဒွါသဋ္ဌိ စေဝ သုတ္တန္တာ၊ ဧသော သံယုတ္တသင်္ဂဟော၁။

၁။ ဝိ၊ ဋ္ဌ၊ ၁၊ ၂၀၊ ဒီ၊ ဋ္ဌ၊ ၁။ ၂၄၊ အဘိ၊ ဋ္ဌ၊ ၁။ ၂၆၊

သတ္တသုတ္တသဟဿာနိ=ခုနစ်ထောင်သောသုတ်တို့သည်လည်းကောင်း။ သတ္တသုတ္တသတာနိ စ=ခုနစ်ရာသောသုတ်တို့သည်လည်းကောင်း။ ဒွါသတ္တိ သုတ္တန္တာစေဝ=ခြောက်ဆယ့်နှစ်သုတ်တို့သည် လည်းကောင်း။ ဧသော= ဤသုတ်အပေါင်းသည်။ သံယုတ္တသင်္ဂဟော=သံယုတ်၏ သိမ်းယူအပ်သော သုတ်အပေါင်းဖြစ်၏။ ဝါ=သံယုတ္တနိကာယ်၌ပါရှိသော သုတ်အပေါင်း မည်၏။

တစ်ပါးတစ်ပါးသော အင်္ဂါပိုလွန်သည်၏အဖြစ်အားဖြင့် ဟောတော်မူအပ်သော တစ်ပါးတွဲတရား နှစ်ပါးတွဲတရား သုံးပါးတွဲတရား လေးပါးတွဲတရား ငါးပါးတွဲတရား ခြောက်ပါးတွဲတရား ခုနစ်ပါးတွဲတရား ရှစ်ပါးတွဲတရား ကိုးပါးတွဲတရား ဆယ်ပါးတွဲတရား ဆယ့်တစ်ပါးတွဲ တရားတို့ပါရှိသော စိတ္တပရိယာယသုတ် အစရှိသော ကိုးထောင်ငါးရာ့ ငါးဆယ့်ခုနစ်သုတ်တို့သည် အင်္ဂုတ္တရနိကာယ်မည်၏။

၄၂၉။ နဝသုတ္တသဟဿာနိ၊ ပဉ္စသုတ္တသတာနိ စ။
သတ္တပညာသသုတ္တာနိ၊ သင်္ချာ အင်္ဂုတ္တရေ အယံ[၁]။

နဝသုတ္တသဟဿာနိ=ကိုးထောင်သော သုတ်တို့သည်လည်းကောင်း။ ပဉ္စသုတ္တသတာနိစ=ငါးရာသောသုတ်တို့သည် လည်းကောင်း။ သတ္တ-ပညာသသုတ္တာနိ=ငါးဆယ့်ခုနစ်ပါးသော သုတ်တို့သည်လည်းကောင်း။ အယံ=ဤအရေအတွက်သည်။ အင်္ဂုတ္တရေ=အင်္ဂုတ္တရနိကာယ်၌။ သင်္ချာ= အရေအတွက်တည်း။

အင်္ဂုတ္တရနိကာယ်ကြီး အဆုံး၌လည်း-

၄၃၀။ နဝသုတ္တသဟဿာနိ၊ ဘိယျောပဉ္စသတာနိ စ။
သတ္တပညာသသုတ္တန္တာ၊ အင်္ဂုတ္တရသမာယုတာ။

ဟူသော အင်္ဂုတ္တရနိကာယ် သုတ်အရေအတွက် လာရှိသည်[၂]။

ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်-ဟူသော နိကာယ် ၄-ရပ်မှကြွင်းသော ဝိနည်းပိဋကအားလုံး, အဘိဓမ္မာပိဋကအားလုံး ခုဒ္ဒကပါဌ, ဓမ္မပဒစသော တစ်ဆယ့်ငါးကျမ်း (နိဒ္ဒေသကို မဟာနိဒ္ဒေသ, စူဠနိဒ္ဒေသဟု ၂-ကျမ်းခွဲ၍ နေတ္တိ, ပေဋကောပဒေသ, မိလိန္ဒပဉှာတို့သွင်းလျှင် တစ်ဆယ့်ကိုးကျမ်း)တို့သည် ခုဒ္ဒကနိကာယ်မည်၏။

၁။ ဝိ၊ ဋ္ဌ၊ ၁။ ၂၂။ ဒီ၊ ဋ္ဌ၊ ၁။ ၂၄။ အဘိ၊ ဋ္ဌ၊ ၁။ ၂၆။
၂။ အံ၊ ၃။ ၃၅၀။

၄၃၁။ ဌပေတွာ စတုရော ပေတော၊ နိကာယေ ဒီဃအာဒိကေ။
တဒညံ ဗုဒ္ဓဝစနံ၊ နိကာယော ခုဒ္ဒကော မတော[1]။

အင်္ဂါအားဖြင့် ကိုးပါး

ဘုရားမြတ်စွာ စကားတော်သည် အင်္ဂါအားဖြင့်....

(၁) သုတ္တ၊ (၂) ဂေယျ၊ (၃) ဝေယျာကရဏ၊ (၄) ဂါထာ၊ (၅) ဥဒါန (၆) ဣတိဝုတ္တက၊ (၇) ဇာတက၊ (၈) အဗ္ဘုတဓမ္မ၊ (၉) ဝေဒလ္လအားဖြင့် ၉-ပါးပြားသည်။ ထိုတွင် "ဥဘတောဝိဘင်း, မဟာနိဒ္ဒေသ,စူဠနိဒ္ဒေသ, ခန္ဓက, ပရိဝါ,သုတ္တနိပါတ်,မင်္ဂလသုတ်,ရတနသုတ်, နာလကသုတ်, တုဝဋ္ဋက"စသည် သည် သုတ္တမည်၏။ ဂါထာနှင့်တကွဖြစ်သော သဂါထာဝဂ္ဂသံယုတ်လာ သုတ်များသည် ဂေယျမည်၏။ အဘိဓမ္မာပိဋကတစ်ခုလုံးနှင့်ဂါထာမပါသော သုတ်အားလုံးအခြားအင်္ဂါရှစ်ပါးဖြင့် မသိမ်းယူအပ်သောဘုရားစကားတော်အားလုံးသည် ဝေယျာကရဏမည်၏။သဂါထာဝဂ္ဂ သံယုတ်လာ သုတ်အားလုံးသည်သုတ်မည်၏။ ဓမ္မပဒ,ထေရဂါထာ,ထေရီဂါထာ,သုတ္တနိပါတ်လာ သုတ်အမည်မရသော သက်သက်သော ဂါထာများသည် ဂါထာမည်၏။ ဝမ်းမြောက်ခြင်းသောမနသာနှင့်ယှဉ်သော ဉာဏ်ကြောင့်ဖြစ်သော "ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ"အစရှိသော ဥဒါန်းပါရှိသော သုတ် ၈၀ (၈၂)သုတ်သည် ဥဒါန်းမည်၏။ "ဝုတ္တံ ဟေတံ ဘဂဝတာ ဝုတ္တမရဟတာတိ မေ သုတံ" အစချီ၍ ဟောတော်မူအပ်သော သုတ်ပေါင်း ၁၁၂-သုတ်သည် ဣတိဝုတ္တကမည်၏။ အပဏ္ဏကဇာတ် အစရှိသော ငါးရာ့ငါးဆယ်သော ဇာတ်သည် ဇာတကမည်၏။ စတ္တာရောမေ ဘိက္ခဝေ အစ္ဆရိယာ အဗ္ဘုတာ ဓမ္မာ အာနန္ဒေ" စသည်ဖြင့် အံ့ဩဖွယ်အထူးအဆန်းနှင့် စပ်ယှဉ်သော သုတ်အပေါင်း တရားအပေါင်းသည် အဗ္ဘုတဓမ္မမည်၏။ အသိဉာဏ်နှင့်နှစ်သက်ဝမ်းမြောက်ခြင်းကို ရ၍ မေးအပ်သော စူဠဝေဒလ္လသုတ်, မဟာဝေဒလ္လသုတ်, သမ္မာဒိဋ္ဌိသုတ်,သက္ကပဥှသုတ်,သင်္ခါရဘာဇနိယသုတ်,မဟာပုဏ္ဏမသုတ်အစရှိသော သုတ်များသည် ဝေဒလ္လမည်၏။

၁။ ဝိ၊ ဋ္ဌ၊ ၁။ ၂၂။ ဒီ၊ ဋ္ဌ၊ ၁၊ ၂၄။ အဘိ၊ ဋ္ဌ၊ ၁။ ၂၆။

ဓမ္မက္ခန္ဓာအားဖြင့် ဝေဖန်ခြင်း

ဘုရားမြတ်စွာ ဟောတော်မူအပ်သော စကားတော် ပိဋကတော်၌ ဓမ္မက္ခန္ဓာအားဖြင့် ရေတွက်ပုံကား ဤသို့တည်း—

စုဏ္ဏိယ သုတ္တန် ပါဠိတော်များ၌ အနုသန္ဓေတစ်ခုသည် ဓမ္မက္ခန္ဓာ တစ်ခု၊ ဂါထာများ၌ အမေးဂါထာသည် ဓမ္မက္ခန္ဓာတစ်ခု၊ အဖြေဂါထာ သည် ဓမ္မက္ခန္ဓာတစ်ခု။

အဘိဓမ္မာပိဋက၌ တိက်တစ်ခု၊ ဒုက်တစ်ခုကို ဝေဖန်ရာ ဝါရသည် ဓမ္မက္ခန္ဓာတစ်ခုစီ။ ဝိနည်းပိဋက၌ ဝတ္ထုတစ်ခုသည် ဓမ္မက္ခန္ဓာတစ်ခု၊ မာတိကာသည် ဓမ္မက္ခန္ဓာတစ်ခု၊ ပဒဘာဇနီ, အန္တရာပတ္တိဝါရ, အာပတ္တိဝါရ, အနာပတ္တိဝါရ, တိကစ္ဆေဒဝါရများသည် ဓမ္မက္ခန္ဓာတစ်ခုစီ။ ဤသို့ ရေတွက်လျှင် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ဖြစ်သည်။[၁]

ဓမ္မက္ခန္ဓာ "ရှစ်သောင်းလေးထောင်" ဟူသည် ဘုရားမြတ်စွာထံတော်မှ ရှစ်သောင်းနှစ်ထောင်, အရှင်သာရိပုတ္တရာစသောရဟန်းတော်များအထံမှ နှစ်ထောင်အားဖြင့် ဓမ္မဘဏ္ဍာဂါရိက် တရားဘဏ္ဍာစိုး အရှင်အာနန္ဒာ သင်ယူတော်မူခဲ့သော ဓမ္မက္ခန္ဓာများဖြစ်သဖြင့် အဘိဓမ္မာပိဋက ကထာ ဝတ္ထုကျမ်းနှင့် မဓုရသုတ်[၂] ဝိမာနဝတ္ထုလာ ဂါထာအချို့စသည်များ သည် ယင်းရှစ်သောင်းလေးထောင်၌ မပါဝင်ဟု သီလက္ခန် ဋီကာသစ်၌ ဆို၏။[၃]

ဘုရားမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဓမ္မဘဏ္ဍာဂါရိက တရား ဘဏ္ဍာစိုး အရှင်အာနန္ဒာ ဟောကြားအပ်သော သုဘသုတ်[၄] ဂေါပက- မောဂ္ဂလ္လာနသုတ်[၅]တို့သည် အရှင်သာရိပုတ္တရာ အစရှိသော ရဟန်းတော် များထံမှ သင်ယူအပ်သော ဓမ္မက္ခန္ဓာနှစ်ထောင်၌ ပါဝင်သည်ဟု ပဋိ- သမ္ဘိဒါမဂ္ဂဋ္ဌကထာ ဂဏ္ဌိပါဌ်၌ မိန့်ဆိုသည်။[၆] ယင်း နှစ်သုတ်သည်ဘုရား ရှင် ပေးတော်မူသည့်နည်းအတိုင်း ဟောကြားတော်မူသည်ဖြစ်၍ ဘုရား ရှင်ထံမှ သင်အပ်သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းနှစ်ထောင်၌ ပါဝင် သည်ဟုဆိုလျှင်လည်း သင့်မြတ်သည်ဟုလည်း မိန့်ဆိုတော်မူကြသည်။[၇]

၁။ ဝိ၊ ဋ္ဌ၊၁၊၂၃။ ဒီ၊ ဋ္ဌ၊၁၊၂၅။ အဘိ၊ ဋ္ဌ၊၁။၂၇။

၂။ မ၊၂၊၂၇၀-၇။ ၃။ သီ၊ ဋီ၊ သစ်။၁၊၁၃၃။

၄။ ဒီ၊၁။၁၈၈-၂၀၄။ ၅။ မ၊၃။၅၈-၆၆။

၆။ ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိ၊၃၁။

၇။ သာရတ္ထ။၁။၁၀၄။ သီ၊ ဋီ၊ သစ်၊၁။၁၀၃။

ပိဋကသုံးပုံနှင့် ဓမ္မက္ခန္ဓာ

ဝဇိရသာရတ္ထသင်္ဂဟကျမ်း၌—

၄၃၂။ အနုညာကဋ္ဌိ နာသူန် ရဝေ နာသူန ကာရိ နာ။
နူနဝါဟာ ဝရာ စုတ္တာ၊ ခန္ဓာတိ ပိဋကေ ဝရေ။

အနုညာကဋ္ဌိ=ဝိနည်းပိဋက၌ ဓမ္မက္ခန္ဓာ ၂၁၀၀၀။ နာသူနရဝေ=အဘိဓမ္မာပိဋက၌၊ ဓမ္မက္ခန္ဓာ ၄၂၀၀၀။ နာသူနကာရိ=သုတ္တန်ပိဋက၌ ဓမ္မက္ခန္ဓာ ၂၁၀၀၀။ ဣတိ=ဤသို့။ ဝရေ=မြတ်သော။ တိပိဋကေ=ပိဋကတ်သုံးပုံ၌။ နာသူနဝါဟာ= ၈၄၀၀၀-ကုန်သော။ ဝရာ= မြတ်ကုန်သော။ ခန္ဓာ= ဓမ္မက္ခန္ဓာတို့ကို ။ စုတ္တာ= ဟောတော်မူအပ် ကုန်၏ဟု လာရှိသည်ဟူ၏။ ဝဇိရသာရတ္ထသင်္ဂဟဋီကာ၌လာ အောက်ပါ ပရိယတ္တ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ရှိခိုးဂါထာ ပါဌ်အနက်ကို နှုတ်ရဆောင်၍ ပရိယတ္တိ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ပူဇော်ရာ၏။

ဝဇိရသာရတ္ထသင်္ဂဟဋီကာ ဓမ္မက္ခန္ဓာဘုရားရှိခိုး

၄၃၃။ ဧကဝီသတိသဟဿာနိ၊ ခန္ဓာ ဝိနယပိဋ္ဌကေ။
ဧကဝီသတိသဟဿာနိ၊ တထာ သုတ္တန္တပိဋကေ။

၄၃၄။ ဒွါစတ္တာလီသ သဟဿာနိ၊ ခန္ဓာဘိဓမ္မပိဋကေ။
ဣတိ တံ စတုရာသီတိ၊ သဟဿံ ခန္ဓတော နမေ။

ဝိနယပိဋကေ=ဝိနည်းပိဋက၌။ ခန္ဓာ=ဓမ္မက္ခန္ဓာတို့ကား။ ဧကဝီသတိသဟဿာနိ= နှစ်သောင်းတစ်ထောင် (၂၁၀၀၀)တို့တည်း။ တထာ= ထို့အတူ။ သုတ္တန္တပိဋကေ= သုတ္တန်ပိဋက၌။ ခန္ဓာ=ဓမ္မက္ခန္ဓာတို့ကား။ ဧကဝီသတိသဟဿာနိ= နှစ်သောင်းတစ်ထောင် (၂၁၀၀၀) တို့တည်း။ အဘိဓမ္မေ=အဘိဓမ္မာပိဋက၌။ ခန္ဓာ= ဓမ္မက္ခန္ဓာတို့ကား။ ဒွါစတ္တာလီသ သဟဿာနိ=လေးသောင်းနှစ်ထောင်(၄၂၀၀၀)တို့တည်း။ ဣတိ=ဤသို့ ခန္ဓတော= ဓမ္မက္ခန္ဓာအားဖြင့်။ စတုရာသီတိသဟဿံ= ရှစ်သောင်းလေးထောင် (၈၄၀၀၀)အရေအတွက်ရှိသော။ တံ= ထိုပရိယတ္တိတရားတော်ကို။ အဟံ=နှစ်ပါးနာမ်ရုပ် အကျွန်ုပ်သည်။ နမေ နမာမိ = ရိုသေမြတ်နိုး ရှိခိုးပါ၏။[၂]

၁။ ပိဋကတ်တော်သမိုင်း၊ ၃၀၀။
၂။ ပိဋကတ်တော်သမိုင်း၊ ၃၀၉-ကြည့်။

ပိုင်းခြားသတ်မှတ် ကျနစွာ သံဂါယနာ တင်တော်မူကြခြင်း

သံဂီတိနာယက သံဃပါမောက္ခ ဖြစ်တော်မူသော အရှင်မဟာကဿပ အမှူးရှိသော သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ငါးရာတို့သည်—

ဝိမုတ္တိရသအားဖြင့် တစ်ပါးသာ အဖို့ရှိ၍ ဓမ္မဝိနယစသည်တို့၏ အစွမ်းအားဖြင့် နှစ်ပါးစသည် နှစ်ပါးစသည် အပြားရှိသော ဘုရားဇိနော် စကားတော်ကို ညီညာသံချီ စုပေါင်းသံဂါယနာတင်တော်မူကြစဉ်—

ဤတရားကား ဓမ္မတည်း။ ဤတရားကား ဝိနယတည်း။ ဤတရားကား ပဌမဗုဒ္ဓဝစန=ရှေးဦးအစ ပဌမဘုရားစကားတော်တည်း။ ဤတရားကား မဇ္ဈိမဗုဒ္ဓဝစန = အလယ်ဖြစ်သော ဘုရားမြတ်စွာ စကားတော်တည်း။ ဤတရားကား ပစ္ဆိမဗုဒ္ဓဝစန = နောက်ဆုံးမိန့်ကြား ဘုရားစကားတော်တည်း။ ဤတရားစုကား ဝိနည်းပိဋကတည်း။ ဤသုတ်အပေါင်းကား သုတ္တန်ပိဋကတည်း။ ဤတရားစုကား အဘိဓမ္မာပိဋကတည်း။ ဤသုတ်အပေါင်းကား ဒီဃနိကာယ်တည်း။ ဤသုတ်အပေါင်းကား မဇ္ဈိမနိကာယ်တည်း။ ဤသုတ်အပေါင်းကား သံယုတ္တနိကာယ်တည်း။ ဤသုတ်အပေါင်းကား အင်္ဂုတ္တရနိကာယ်တည်း။ ဤသုတ်အပေါင်း ဤကျမ်းအပေါင်းကား ခုဒ္ဒကနိကာယ်တည်း။ ဤတရားတို့ကား "သုတ္တ" အစရှိသော အင်္ဂါကိုးပါးတို့တည်း။ ဤတရားတို့ကား စတုရာသီတိ ဓမ္မက္ခန္ဓ-သဟဿာနိ = ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာတို့တည်း။ ဤအထူးအပြားကို ပိုင်းခြားသတ်မှတ်တော်မူကြ၍ ပေါင်းစုပီပြင် ရွတ်ဆို သံဂါယနာ တင်တော်မူအပ်ခဲ့ကြလေ၏။

ပေါင်းယူနည်းမျိုးစုံတို့ဖြင့်လည်း သံဂါယနာတင်ခဲ့ကြခြင်း

တစ်ဖန်အရှင်မဟာကဿပကြီးမှူးသော သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်တို့သည် ဘုရားရှင်စကားတော် တရားတော်များ မြင့်ရှည်မြားမြောင် နှစ်ငါးထောင်ကြာ ရှည်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဥဒ္ဒါနသင်္ဂဟ=ဥဒ္ဒါန်းစဉ်ဂါထာများဖြင့် သိမ်းယူခြင်း ဥဒ္ဒါန်းစဉ်ဂါထာများဖြင့် အကျဉ်းချုံးခြင်း ဝဂ္ဂသင်္ဂဟ = သုတ်အစုဒေသနာအစုအားဖြင့် သိမ်းယူခြင်း သုတ်အစုဒေသနာအစုအားဖြင့်အကျဉ်းချုံးခြင်း ပေယျာလသင်္ဂဟ = ကျယ်လွန်သည်များကို မြှုပ်၍ သိမ်းယူခြင်း မြှုပ်၍ အကျဉ်းချုံးခြင်း, ဧကကနိပါတ တစ်ပါးစီ တစ်ပါးစီ သိကုံးချသွင်း ဖော်ပြခြင်း

အကျဉ်းချုံးဖော်ပြခြင်း, ဒုကသင်္ဂဟ=တရားနှစ်ပါးစီတွဲ၍ ချဲ့သွင်းဖော်ပြခြင်း အကျဉ်းချုံး ဖော်ပြခြင်းစသော နိပါတသင်္ဂဟ=ဒေဝတာ သံယုတ်စသည်ဖြင့် သံယုတ်အပိုင်းအခန်းဖြင့် သိမ်းသွင်းဖော်ပြခြင်း ပဏ္ဏာသသင်္ဂဟ = သုတ်ဒေသနာစကားစု ငါးဆယ်အစု သိမ်းသွင်းဖော်ပြခြင်း စသော အပြားရှိသော ဝိနည်းပိဋက, သုတ္တန်ပိဋက, အဘိဓမ္မာပိဋကတို့၌ ကောင်းစွာတွေ့မြင်ကြည့်ရှုရသည့် သင်္ဂဟအပြား=သိမ်းယူနည်းအပြားကို ပိုင်းခြားသတ်မှတ်တော်မူပြီးလျှင် သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ် ငါးရာတို့သည် တစ်စုံတစ်ယောက်သော ရဟန်းပုဏ္ဏား ဘာသာရေးခေါင်းဆောင် တစ်ပါးတစ်ခြားသော အယူဝါဒ၌ လိမ္မာလူ တတ်ကျွမ်းသူသည် တစ်နည်းတစ်ဖုံ ပြောင်းလဲခြင်းငှာ မတတ်နိုင်အောင် မြင်းမိုရ်တောင်ကြီးပမာ တည်တံ့ခိုင်ခံ့အောင် သံဂါယနာတင်တော်မူခဲ့ကြကုန်၏။ ဤ သံဂါယနာတင်အပ်သော ဓမ္မဝိနယ၌ နတ်သည်လည်းကောင်း, မာရ်နတ်သည်လည်းကောင်း, ဗြဟ္မာသည်လည်းကောင်း မြေမှာတည်နေသည့် ပုဂ္ဂိုလ်သတ္တဝါတို့သည်လည်းကောင်း အနုမြူသဖွယ် အနည်းငယ်မျှ တစ်စုံတရာ မသင့်မတင့် မကောင်းသဖြင့် ပယ်ဆိုဖော်ပြအပ်သည့် အရာမည်သည် လုံးဝမရှိပါချေ။ ဤသို့ဖြင့် အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာသခင် အရှင်မြတ်ငါးရာတို့သည် သုတ် အဘိဓမ္မာ ဝိနည်းခေါ် ဝိနယဟူသော ဓမ္မကာယကို သက်တော်ထင်ရှား ဘုရားတည်ရှိတော်မူနေသကဲ့သို့ ပြုတော်မူအပ်ခဲ့ကြလေပြီ။

ယင်းသို့ ခြိမ့်ခြိမ့်သဲမျှ ပြုလုပ်ကျင်းပခဲ့သော သံဂါယနာ မဟာဓမ္မသဘင်ပွဲကြီးသည် ခုနစ်လအကြာတွင် ပြီးစီးအောင်မြင်ခဲ့လေသည်။ ဝါခေါင်လပြည့်ကျော် ၅-ရက်နေ့တွင် စတင်သံဂါယနာဘင်ရာ တပေါင်းလပြည့်ကျော် ၅-ရက် ပဌမသံဂါယနာတင်ပွဲကြီး ပြီးဆုံးသည်ဟုသိရာ၏။

သံဂါယနာတင်ပွဲအပြီး မြေကြီး အကြိမ်ကြိမ်လှုပ်ခြင်း ပန်းမိုးရွာချခြင်း-စသည်-အံ့ဩဖွယ်ရာများဖြစ်ခြင်း

လေးဆယ့်ငါးဝါ ကာလပတ်လုံး ဘုရားမြတ်စွာ ဟောကြားတော်မူခဲ့သည့် စကားတော်အားလုံးကို သံဂီတိမဟာနာယက သံဃပါမောက္ခဖြစ်တော်မူသော အရှင်မဟာကဿပ မဟာထေရ် အမှူးရှိသော သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ငါးရာတို့ ညီညာသံချို ရွတ်ဆိုသံဂါယနာ,

တင်အပြီး၀ယ် ဘုရားမြတ်စွာ သာသနာတော်ကြီး မြင့်ရှည်မြားမြောင် နှစ်ငါးထောင် ကာလကြာရှည် တည်စွမ်းနိုင်လောက်အောင် ပြုအပ်လေပြီဟု အလွန်အမင်း ၀မ်းမြောက်ခြင်းရှိသည်ဖြစ်၍ ကောင်းချီးသြဘာ ထောမနာပေးသည့်ပမာ ယူဇနာပေါင်း နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာပထ၀ီမြေကြီးသည် ရေအဆုံးအပိုင်းရှိအောင်ပြု၍ အကြိမ်ပေါင်းများစွာ တုန်လှုပ်လေ၏။ ဤမဟာပထ၀ီမြေကြီးသည် အထက်ထက်သို့ တက်ကာ ပြင်းစွာတုန်လှုပ်လေပြီ။ အထက်အောက် နိမ့်တုံမြင့်တုံ အပြားအားဖြင့် တုန်လှုပ်လေပြီ။ အရှေ့အနောက် တောင်မြောက်ဒိသာ အရပ်လေးမျက်နှာ ယိမ်းထိုး၍အမျိုးမျိုးပြင်းစွာအပြားအားဖြင့်တုန်လှုပ်လေပြီ။ လွန်မြားမြောက်လှသော ပန်းမိုးရွာချခြင်း အ၀တ်မြောက်ခြင်း အစရှိသော ရင်သပ်ရှုမောဖွယ် အံ့သြဖွယ်တို့သည်လည်း ဖြစ်ခဲ့လေကုန်၏။

၄၃၅။ ပရိယန္တံ ဇလံ ကတွာ၊ သာဓုကာရံ ဒဒန္တိ၀။
ကမ္ပိ ပထဝီ သက်မ္ပိ၊ သမ္ပကမ္ပိ သမ္ပဝေမိ။

ရာဇဂြိုဟ်မြို့သူမြို့သားတို့ ပျော်ရွှင်ကြ

အဇာတသတ်နှင့်တကွဖြစ်သော ရာဇဂြိုဟ်မြို့တော်သူ မြို့တော်သားတို့သည်လည်း လွန်စွာ၀မ်းမြောက် ပျော်ရွှင်ကြကုန်၏။ အ၀တ်အထည် ပစ်မြှောက်ခြင်း, လက်ပန်းပေါက်ခတ်ခြင်း, ရတနာသုံးပါးဂုဏ်တော်နှင့် စပ်သော အဖွဲ့ဂါထာများရွတ်ဆိုခြင်း စသည် ရတနာသုံးပါးကို ပူဇော်ကြကုန်၏။

ပဉ္စသတသံဂါယနာ, ထေရိကသံဂါယနာ

မဂဓတိုင်း မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့တော် ဝေဘာရတောင်နံရံ စရည်းပင်ရောက်ရာ လိုဏ်ဂူ၀အနီး၌ ပြုအပ်တင်အပ်သော သံဂါယနာ မဟာဓမ္မသဘင်ကြီးကို အာသဝေါကင်းကွာ ရဟန္တာငါးရာတို့ ပြုတော်မူအပ်ရကား ''ပဉ္စသတသံဂါယနာ''ဟူ၍လည်းကောင်း, ဆဋ္ဌာဘိည ပဋိသမ္ဘိဒါပတ္တ ရဟန္တာမထေရ်မြတ်တို့ချည်းသာ ပြုတော်မူအပ်ရကား ''ထေရိကသံဂါယနာ'' ဟူ၍လည်းကောင်း သမုတ်ပညတ် ခေါ်ဆိုအပ်ပါသတည်း။

၄၃၆။ သတေဟိ ပဉ္စဟိ ကတာ၊ တေန ပဉ္စသတာတိ စ။
ထေရေဟေ၀ ကတတ္တာ စ၊ ထေရိကာတိ ပဝုစ္စတိ။ [၁]

၁။ ဒီ၊ ၄၊ ၁၊ ၂၆၊ ၀ိ၊ ၄၊ ၁၊ ၂၃၊

ပဌမသံဂါယနာတင် အန်ချင်း

မင်းချင်းလေး။ ။ကုသိနာရုံ ပန်းရဂုံဝယ် ဘုံပြိုသလက် ပြည့်ဝန်းရက်၌ ဘုံစက်မပြန် သုံးနိဗ္ဗာန်တွင် နှစ်တန်ကူးမြောက် ထွန်းတောက်ကိုယ်ဝါ မင်းဘဒ္ဒါနှင့် ဗြဟ္မာအသွင် လူကရှင်သို့ မူတင်တေရယ် ထူးထက်မြတ်သား ထေရ်ကဿပ သာဝကတို့ ခ,ခ, ပဉ္စာ ရဟန္တာနှင့် ပြည်ရာဇဂြိုဟ် နဂိုရ်စိုးခြင်း သံဝေပြင်းသား မင်းဇာတသတ် သမုနတ်ကို ထေရ်မြတ်တစ်စု အမှိုပြု၍ ငါးခု သာတောင် ပြည်ရန်အောင်ဝယ် မြရောင်ဆိုင်းဆိုင်း ညို့ညို့မှိုင်း သား ခက်ကျိုင်းညွန့်ရှင် စရည်းပင်နှင့် ဓေါ်တွင်ပဗ္ဗတ ဝေဘာ ရဟု သာလှရိပ်ချမ်း လိုဏ်သာဂှမ်းဝယ် ကျမ်းပုဒ်ပဒ ညှိနှိုင်းဆ၍ ပဌမသံဂါယနာ တင်သောခါဝယ် ကြယ်မာဿကြီး လနှင့်နီးမှ ပြီးစီးအောင်မြင် ယင်းသဘင်ဝယ် အရှင်အာနန် အရဟန်စစ် တိုင်းမြောက်ဖြစ်သည်။ ။ရှစ်ဆယ်ကျော် သက်တွင်တည့်လေး။ သူကောင်းဖော်ရွှေမင်းချင်းတို့။ (စာဆိုတော်-ဦးယာ ဆို)

ပဌမသံဂါယနာ မော်ကွန်းအကျဉ်း

လောကဦးစွန်း နိဗ္ဗာန်နန်းသို့ မြန်းသည်မှနောက် လေးလ မြောက်တွင် ပါမောက္ခဖျား တရားဓမ္မိက ကဿပရဟန္တာသည် အဇာတသတ်မင်းနှင့် တိုင်ပင်၍ လေအင်သမ္ဘိဒါ ဝိဇ္ဇာသုံးတန် အဘိညာဏ်ခြောက်ပါး ဂုဏ်မြောက်မြားသော ဂိုဏ်းသားငါးရာ ရဟန္တာအရှင်မြတ်တို့နှင့် ပိဋကတ်ဓမ္မက္ခန် သုတ်သုံးတန်ကို သမ- ယန္တရ ဝိတဏ္ဍဂိုဏ်းပွား ဗာဟီ သား တို့ ပြစ်မွားမှုနှောက် စုဒ်စောထောက်၍ လှုပ်ချောက်ခြင်းငှာ မဝံ့သာအောင် အက္ခရာ ဝဏ္ဏ တစ်လုံးမျှ၌ ဒေါသမမြင် သုတ်သင်ပုဒ်ပါဋ် အာဂုံရွတ်လျက် ညီညွတ်ဝါဒ ခုနစ်လဖြင့် ပဌမသံဂါယနာတင်ပါသတည်း။

သောဠနဂိုရ်တွင် ရာဇဂြိုဟ်မြောက်က နဂဒတ်မင်းကြီးနှင့်ငါတို့ မြန်မာသုနာပရန် တိုင်းကြီးမှန်သော ပစ္စန္တရစ် သရေခေတ်က နေမြစ်နွယ်လာ မဟာသမ္ဘဝမင်း ထိုမင်းနှစ်ဦးတို့သည် စိုးမှုးသိမ်း ပိုက် ထီးစိုက်နန်းပြိုင် ဖြစ်ပါသည်။ (ဦးပုည သာသနာလျှောက်)[၁]

၁။ မန္တလေး၊ သာသနာ့ ...င်။ ၅။ ၃၀၃-နှာ၊

ပဉ္စမသံဂါယနာဖွဲ့ တေးထပ်

ရာဇဂြိုဟ်အနီးရှင့်၊
စရည်းပင့်ရောက်ရာ၊
ခရီးဖြင့် အထောက်မကွာသည်၊
နောက်သာသနာ့ကည်ကြောင်း။
ပန်းမြိုင်တောဂူလိုဏ်မှာ၊
တူပြိုင်ကာ ရွတ်ကြပေတောင်း။
ဇာတသတ် မြတ်ဘုရင်၊
မှတ်ယှဉ်ကာတူပေါင်း။
ထေရ်ငါးရာ အရှင်ကောင်းတွေ့ဖို့၊
ကျောင်းမလျှပ်ဆောက်ကာ။
တာဝတိံ သုဓမ္မာဇရပ်လို၊
ရှုစရာမလပ် တင့်လှပေတာ။
ပဉ္စမသံဂါယနာမှာ၊
အရှင်မဟာကဿပမှူးပါလို့။
မြတ်လှအထူး ပေါင်းစုတင်သည်၊
ကောင်းမှုယှဉ်တည်။
မြတ်ဗုဒ္ဓစက်ရောင်ခြည်မှာ၊
လက်ပြောင်ကြည်ထိန်ဝင်းလို့လေး။ ၊[၁]

ဆရာဆက်၊တပည့်ဆက် သိန်းသန်းမက လွန်များလှ

ပေါင်းစုရွတ်ကာ သံဂါယနာတင်တော်မူခဲ့ကြကုန်သော သံဂီတိမဟာနာယက သံဃပါမောက္ခ အရှင်မဟာကဿပ, ဝိနယဝိဿဇ္ဇက သံဂီတိဓုရန္ဓရ အရှင်ဥပါလိ, ဓမ္မဝိဿဇ္ဇက သံဂီတိ ဓုရန္ဓရ အရှင်အာနန္ဒာ,အရှင်အနုရုဒ္ဓါ, အရှင်ဝင်္ဂီသ, အရှင်ပုဏ္ဏ, အရှင်ကုမာရကဿပစသည့် သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ငါးရာတို့မှ အဆင့်ဆင့် ပွားလာသော ဆရာဆက်, တပည့်ဆက်ကား သိန်းသန်းမကလွန်စွာမြားမြောင်လှချေ၏။

၁။ ဗုဒ္ဓဂယာကဗျာညွန့်ပေါင်း ၈၁၊

အငယ်စားသိက္ခာပုဒ် ဥပဒေတော်နှင့်စပ်၍ သိမှတ်ဖွယ်

ယင်းသို့ သံဂါယနာမဟာဓမ္မသဘင် တင်ခြင်းကိစ္စ လုံးဝပြီးစီးသွားသောအခါ အရှင်အာနန္ဒာသည် အရှင်မဟာကဿပအမှူးရှိသော သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ကြီးများကို ဤသို့လျှောက်လေ၏—

အရှင်မြတ်ကြီးတို့ဘုရား....မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံခါနီး၌ "ညီတော်သားသိမ္မာ အာနန္ဒာ... ငါဘုရား ပရိနိဗ္ဗာန် ဝင်စံပြီးနောက် သံဃာသည် အလိုရှိပါမူ အငယ်စားသိက္ခာပုဒ် ဥပဒေတော်များကို ပယ်ဖြုတ်ကြလေလော့"ဟုမိန့်တော်မူခဲ့ပါသည်ဘုရား။ သို့ရာတွင် တပည့်တော်သည် မည်သည့် သိက္ခာပုဒ်ဥပဒေတော်များကို အငယ်စားသိက္ခာပုဒ်ဥပဒေတော်များဖြစ်သည်"ဟု မမေးမလျှောက်ထားမိပါဘုရား။

ထိုအခါ အချို့ သံဂီတိကာရက ရဟန္တာမထေရ်ကြီးများက "ပါရာဇိကသိက္ခာပုဒ် ဥပဒေတော်လေးပါးမှ တစ်ပါး ကျန်အားလုံး သိက္ခာပုဒ်ဥပဒေတော်များသည် အငယ်စား သိက္ခာပုဒ် ဥပဒေတော်များ ဖြစ်ကြကုန်၏-ဟု မိန့်ဆိုတော်မူကြသည်။

အချို့ သံဂီတိကာရက ရဟန္တာမထေရ်ကြီးတို့ကမူ ပါရာဇိကလေးပါးနှင့် သံဃာဒိသိသ် တစ်ဆယ့်သုံးပါးတို့မှ ကြွင်း သိက္ခာပုဒ်တို့သည် အငယ်စားသိက္ခာပုဒ်ဥပဒေတော်များဖြစ်ကုန်၏ဟုမိန့်ဆိုတော်မူကြသည်။

အချို့ သံဂီတိကာရက ရဟန္တာမထေရ်ကြီးတို့ကလည်း ပါရာဇိကလေးပါး၊ သံဃာဒိသိသ် တစ်ဆယ့်သုံးပါး၊ အနိယတနှစ်ပါးမှကြွင်းသော သိက္ခာပုဒ် ဥပဒေတော်တို့သည် အငယ်စားသိက္ခာပုဒ် ဥပဒေတော်များ ဖြစ်ကြသည်-ဟု မိန့်ဆိုတော်မူကြသည်။

အချို့ သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ကြီးတို့ကလည်း ပါရာဇိကလေးပါး၊ သံဃာဒိသိသ် တစ်ဆယ့်သုံးပါး၊ အနိယတနှစ်ပါး၊ နိဿဂ္ဂိပါစိတ် သုံးဆယ်မှ ကြွင်းသော သိက္ခာပုဒ် ဥပဒေတော်တို့သည် အငယ်စား သိက္ခာပုဒ်ဥပဒေတော်များ ဖြစ်ကြသည်-ဟု မိန့်ဆိုတော်မူကြသည်။

အချို့ သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ကြီးတို့ကလည်း ပါရာဇိကလေးပါး၊ သံဃာဒိသိသ် တစ်ဆယ့်သုံးပါး၊ အနိယတလေးပါး၊ နိဿဂ္ဂိပါစိတ် သုံးဆယ်၊ ပါစိတ်ကိုးဆယ့်နှစ်ပါးမှကြွင်းသော သိက္ခာပုဒ် ဥပဒေတော်တို့သည်အငယ်စားသိက္ခာပုဒ်ဥပဒေတော်များဖြစ်ကြသည်-ဟု မိန့်ဆိုတော်မူကြသည်။

အချို့ သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ် ငါးရာတို့ကလည်း ပါရာဇိကလေးပါး, သံဃာဒိသိသ် တစ်ဆယ့်သုံးပါး, အနိယတနှစ်ပါး, နိဿဂ္ဂိပါစိတ် သုံးဆယ်, ပါစိတ်ကိုးဆယ့်နှစ်ပါး, ပါဋိဒေသနီလေးပါးမှ ကြွင်းသော သိက္ခာပုဒ်ဥပဒေတော်တို့သည် အငယ်စားသိက္ခာပုဒ်ဥပဒေ တော်များဖြစ်ကြသည် ဟု မိန့်ဆိုတော်မူကြကုန်၏။

ဤသို့လျှင် သိက္ခာပုဒ်ဥပဒေ အငယ်စားများ ပယ်ဖြုတ်ရန် အရေး၌ အယူအဆချင်းမတူ သဘောကွဲလွဲတော်မူကြသည်။ စင်စစ်ကား အမှန် အားဖြင့် ဒုက္ကဋ်အာပတ်နှင့်ဆိုင်သော သိက္ခာပုဒ် ဥပဒေတော်များကို အငယ်စား(ခုဒ္ဒ)ဒုဗ္ဘာသီအာပတ်နှင့်ဆိုင်သော သိက္ခာပုဒ်ဥပဒေတော်များ ကို အငယ်ဆုံး(အနုခုဒ္ဒက) ခေါ်ကြကြောင်းကို ရဟန္တာသခင် အရှင်မြတ် ကြီးများ သိတော်မူကြသည်။ သို့ရာတွင် ဖြုတ်ပယ်ရန် သဘောမတူသော ကြောင့် ဖြုတ်ပယ်မှုမပြုနိုင်အောင် အယူအဆအမျိုးမျိုးထုတ်ဖော် ပြော ဆိုတော်မူကြခြင်း ဖြစ်လေသည်။[၁]

အရှင်မဟာကဿပ အမိန့်တော်

ထိုအခါ သံဂီတိမဟာနာယက သံဃပါမောက္ခ ဖြစ်တော်မူသော အရှင်မဟာကဿပ မဟာထေရ်သည် အောက်ပါအတိုင်း မိန့်ကြားသိစေ တော် မူလေသည်။

ငါ့ရှင်တို့...သံဃာတော်သည် အကျွန်ုပ်စကား နာယူတော်မူပါလော့၊ ကျွန်ုပ်တို့မှာ လူများနှင့်စပ်သော သိက္ခာပုဒ်တို့လည်းရှိကုန်၏။ "ဤကား သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းတို့အား အပ်၏။ ဤကား မအပ်"ဟု လူများလည်းသိကြ၏။ အကျွန်ုပ်တို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာ ပုဒ်များကို အကယ်၍ နုတ်ကုန်အံ့၊ "ရဟန်းဂေါတမသည် တပည့်များ အား အခိုက်အတန့် မီးခိုးငြိမ်းချိန်တိုင်ရှိသာ သိက္ခာပုဒ်ဥပဒေကို ပညတ် ထားရှိခဲ့၏။ ဤရဟန်းများ၏ဆရာ ဘုရားတည်ချိန်မျှလောက် ဤရဟန်း များသည် သိက္ခာပုဒ်များ၌ကျင့်ကြသည်၊ ဤရဟန်းများ၏ဆရာ ဘုရား ပရိနိဗ္ဗာန်စံသည့်အတွက် ယခုအခါ ဤရဟန်းများ သိက္ခာပုဒ်များ၌ မကျင့်ကြ"ဟု ပြောဆိုသူများရှိကြလိမ့်မည်၊ သံဃာအား လျောက်ပတ် သောအခါရှိသောကို အကယ်၍ဖြစ်ပါမူ သံဃာသည် မပညတ်သေးသည့်

၁။ ဝိ၊ ၄၊ ၄၀၄။ ဝိ၊ ဋ္ဌ၊ ၄၊ ၁၃၃၊

သိက္ခာပုဒ်ဥပဒေကို မပညတ်ရာ၊ ဘုရားရှင်ပညတ်ပြီး သိက္ခာပုဒ်ဥပဒေတော်ကို မဖြုတ်တောက်ရာ၊ ပညတ်အပ်ပြီးအတိုင်း သိက္ခာပုဒ်ဥပဒေတော်များ၌ ဆောက်တည်ကာ ကျင့်ရာ၏။ ဤကား သိစေခြင်းတည်း။

ငါ့ရှင်တို့ သံဃာတော်သည် အကျွန်ုပ်၏စကား နာ ယူတော်မူပါလော့၊ အကျွန်ုပ်တို့မှာ လူတို့နှင့်စပ်သောသိက္ခာပုဒ်များလည်း ရှိပါကုန်၏၊ ဤကား သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းများအား အပ်၏၊ ဤကား မအပ်-ဟု လူများလည်း သိကြ၏။ အကျွန်ုပ်တို့ကို ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ် ဥပဒေတော်များကို အကယ်၍ နုတ်ကြကုန်အံ့။ "ရဟန်းဂေါတမသည် တပည့်များအား အခိုက်အတန့် မီးခိုးငြိမ်းချိန်တိုင်ရှိသာ သိက္ခာပုဒ်ဥပဒေကို ပညတ်၏။ ဤရဟန်းများ၏ဆရာ ဘုရားတည်နေချိန်မျှလောက်သာ ဤရဟန်းများသည် သိက္ခာပုဒ်ဥပဒေများ၌ ကျင့်ကြ၏။ ဤရဟန်းများ၏ဆရာ ဘုရားပရိနိဗ္ဗာန် စံသည့်အတွက် ယခုအခါ ဤရဟန်းများ သိက္ခာပုဒ်များ၌ မကျင့်ကြဟု ပြောဆိုသူများ ရှိကြလတ္တံ့။ သံဃာတော်သည် မပညတ်သေးသော သိက္ခာပုဒ်ကို မပညတ်၊ ပညတ်အပ်ပြီးသော သိက္ခာပုဒ်ကို မဖြုတ်တောက်၊ ပညတ်ပြီးအတိုင်း သိက္ခာပုဒ်များ၌ ဆောက်တည်၍ ကျင့်၏။

မပညတ်သေးသည်ကို မပညတ်ခြင်း၊ ပညတ်ပြီးသည်ကို မဖြုတ်တောက်ခြင်း၊ ပညတ်ပြီးအတိုင်း သိက္ခာပုဒ်များ၌ ဆောက်တည်၍ ကျင့်ခြင်းကို ကြိုက်နှစ်သက်လျှင် ဆိတ်ဆိတ်နေရာ၏။ မကြိုက်မနှစ်သက်လျှင် မကြိုက်မနှစ်သက်သော အရှင်သည် မကြိုက်မနှစ်သက်ကြောင်း ပြောဆိုရာ၏။

သံဃာတော်သည် မပညတ်သေးသော သိက္ခာပုဒ်ကို မပညတ်၊ ပညတ်အပ်ပြီးသော သိက္ခာပုဒ် ဥပဒေတော်များ၌ ဆောက်တည်ကာ ကျင့်၏။ သံဃာတော်အား ကြိုက်နှစ်သက်ခြင်းရှိ၏။ သို့ဖြစ်၍ ဆိတ်ဆိတ်နေ၏။ ဤသို့ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည်၏အဖြစ်ကို သိမှတ်ရပါသည်-ဟု သိစေတော်မူ၏။

ဤသည်လျှင် သံဂီတိမဟာနာယက သံဂီတိပါမောက္ခ အရှင်မဟာကဿပ မထေရ်မြတ်၏ သိစေတော်မူချက် မိန့်တော်မူချက် ဖြစ်သေသည်။

၁။ ဝိ၊ ၄၊ ၄၀၄-၅-ကြည့်။

အချို့ သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ် ငါးရာတို့ကလည်း ပါရာဇိကလေးပါး, သံဃာဒိသိသ် တစ်ဆယ့်သုံးပါး, အနိယတနှစ်ပါး, နိဿဂ္ဂိပါစိတ် သုံးဆယ်, ပါစိတ်ကိုးဆယ့်နှစ်ပါး, ပါဋိဒေသနီလေးပါးမှ ကြွင်းသော သိက္ခာပုဒ်ဥပဒေတော်တို့သည် အငယ်စားသိက္ခာပုဒ်ဥပဒေတော်များဖြစ်ကြသည် ဟု မိန့်ဆိုတော်မူကြကုန်၏။

ဤသို့လျှင် သိက္ခာပုဒ်ဥပဒေ အငယ်စားများ ပယ်ဖြုတ်ရန် အရေး၌ အယူအဆချင်းမတူ သဘောကွဲလွဲတော်မူကြသည်။ စင်စစ်ကား အမှန်အားဖြင့် ဒုက္ကဋ်အာပတ်နှင့်ဆိုင်သော သိက္ခာပုဒ် ဥပဒေတော်များကို အငယ်စား(ခုဒ္ဒ)ဒုဗ္ဘာသီအာပတ်နှင့်ဆိုင်သော သိက္ခာပုဒ်ဥပဒေတော်များကို အငယ်ဆုံး(အနုခုဒ္ဒက) ခေါ်ကြကြောင်းကို ရဟန္တာသခင် အရှင်မြတ်ကြီးများ သိတော်မူကြသည်။ သို့ရာတွင် ဖြုတ်ပယ်ရန် သဘောမတူသောကြောင့် ဖြုတ်ပယ်မှုမပြုနိုင်အောင် အယူအဆအမျိုးမျိုးထုတ်ဖော် ပြောဆိုတော်မူကြခြင်း ဖြစ်လေသည်။[၁]

အရှင်မဟာကဿပ အမိန့်တော်

ထိုအခါ သံဂီတိမဟာနာယက သံဃပါမောက္ခ ဖြစ်တော်မူသော အရှင်မဟာကဿပ မဟာထေရ်သည် အောက်ပါအတိုင်း မိန့်ကြားသိစေတော် မူလေသည်။

ငါ့ရှင်တို့....သံဃာတော်သည် အကျွန်ုပ်စကား နာယူတော်မူပါလော့၊ ကျွန်ုပ်တို့မှာ လူများနှင့်စပ်သော သိက္ခာပုဒ်တို့လည်းရှိကုန်၏။ “ဤကား သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းတို့အား အပ်၏။ ဤကား မအပ်”ဟု လူများလည်းသိကြ၏။ အကျွန်ုပ်တို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်များကို အကယ်၍ နုတ်ကုန်အံ့၊ “ရဟန်းဂေါတမသည် တပည့်များအား အခိုက်အတန့် မီးခိုးငြိမ်းချိန်တိုင်ရုံသာ သိက္ခာပုဒ်ဥပဒေကို ပညတ်ထားရှိခဲ့၏။ ဤရဟန်းများ၏ဆရာ ဘုရားဘည်ချိန်မျှလောက် ဤရဟန်းများသည် သိက္ခာပုဒ်များ၌ကျင့်ကြသည်၊ ဤရဟန်းများ၏ဆရာ ဘုရား ပရိနိဗ္ဗာန်စံသည့်အတွက် ယခုအခါ ဤရဟန်းများ သိက္ခာပုဒ်များ၌ မကျင့်ကြ”ဟု ပြောဆိုသူများရှိကြလိမ့်မည်၊ သံဃာအား လျှောက်ပတ်သောအခါရှိသောကံ အကယ်၍ဖြစ်ပါမူ သံဃာသည် မပညတ်သေးသည့်

၁။ ပံ၊ ၄၊ ၄၀၄၊ ဝိ၊ ဋ္ဌ၊ ၄၊ ၀၃၃၊

သိက္ခာပုဒ်ဥပဒေကို မပညတ်ရာ၊ ဘုရားရှင်ပညတ်ပြီး သိက္ခာပုဒ်ဥပဒေတော်ကို မဖြုတ်တောက်ရာ၊ ပညတ်အပ်ပြီးအတိုင်း သိက္ခာပုဒ်ဥပဒေတော်များ၌ ဆောက်တည်ကာ ကျင့်ရာ၏။ ဤကား သိစေခြင်းတည်း။

ငါ့ရှင်တို့.. သံဃာတော်သည် အကျွန်ုပ်၏စကား နာ ယူ တော် မူ ပါ လော့၊ အကျွန်ုပ်တို့မှာ လူတို့နှင့်စပ်သောသိက္ခာပုဒ်များလည်း ရှိပါကုန်၏၊ ဤကား သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းများအား အပ်၏၊ ဤကား မအပ်-ဟု လူများလည်း သိကြ၏။ အကျွန်ုပ်တို့ကို ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ် ဥပဒေတော်များကို အကယ်၍ နုတ်ကြကုန်အံ့၊ "ရဟန်းဂေါတမသည် တပည့်များအား အခိုက်အတန့် မီးခိုးငြိမ်းချိန်တိုင်ရှိသာ သိက္ခာပုဒ်ဥပဒေကို ပညတ်၏။ ဤရဟန်းများ၏ဆရာ ဘုရားတည်နေချိန်မျှလောက်သာ ဤရဟန်းများသည် သိက္ခာပုဒ်ဥပဒေများ၌ ကျင့်ကြ၏။ ဤရဟန်းများ၏ဆရာ ဘုရားပရိနိဗ္ဗာန် စံသည့်အတွက် ယခုအခါ ဤရဟန်းများ သိက္ခာပုဒ်များ၌ မကျင့်ကြဟု ပြောဆိုသူများ ရှိကြလတ္တံ့။ သံဃာတော်သည် မပညတ်သေးသော သိက္ခာပုဒ်ကို မပညတ်၊ ပညတ်အပ်ပြီးသော သိက္ခာပုဒ်ကို မဖြုတ်တောက်၊ ပညတ်ပြီးအတိုင်း သိက္ခာပုဒ်များ၌ ဆောက်တည်၍ ကျင့်၏။

မပညတ်သေးသည်ကို မပညတ်ခြင်း၊ ပညတ်ပြီးသည်ကို မဖြုတ်တောက်ခြင်း၊ ပညတ်ပြီးအတိုင်း သိက္ခာပုဒ်များ၌ ဆောက်တည်၍ ကျင့်ခြင်းကို ကြိုက်နှစ်သက်လျှင် ဆိတ်ဆိတ်နေရာ၏။ မကြိုက်မနှစ်သက်လျှင် မကြိုက်မနှစ်သက်သော အရှင်သည် မကြိုက်မနှစ်သက်ကြောင်း ပြောဆိုရာ၏။

သံဃာတော်သည် မပညတ်သေးသော သိက္ခာပုဒ်ကို မပညတ်၊ ပညတ်အပ်ပြီးသော သိက္ခာပုဒ် ဥပဒေတော်များ၌ ဆောက်တည်ကာ ကျင့်၏။ သံဃာတော်အား ကြိုက်နှစ်သက်ခြင်းရှိ၏။ သို့ဖြစ်၍ ဆိတ်ဆိတ်နေ၏။ ဤသို့ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည်၏အဖြစ်ကို သိမှတ်ရပါသည်-ဟု သိစေတော်မူ၏။

ဤသည်လျှင် သံဂီတိမဟာနာယက သံဂီတိပါမောက္ခ အရှင်မဟာကဿပ မထေရ်မြတ်၏ သိစေတော်မူချက် မိန့်တော်မူချက် ဖြစ်လေသည်[၁]။

၁၊ ဝိ၊ ၄၊ ၄၀၄-၅-ကြည့်၊

ဖြုတ်ပယ်ခြင်း, ဖြည့်စွက်ခြင်း မပြုရန်ဆုံးဖြတ်

ယင်းသို့ သံဂီတိမဟာနာယက သံဃပါမောက္ခ သံဂီတိပစာန သာသနာ့ကြီးကိုင် စိုးပိုင်အာဏာ တည်ရှိတော်မူသောအရှင်မဟာကဿပ၏ အမိန့်ရှိချက် အဆိုပြုချက်ကို သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်အားလုံးက တညီတညွတ်တည်း သဘောတူ လက်ခံတော်မူကြ၍ ပဌမ မဟာသံဂါယနာ သဘင်ပွဲကြီး၌—

၁။ သံဃော အပ္ပညတ္တံ နပ္ပညပေတိ။

သံဃာတော်သည် ဘုရားမြတ်စွာ မပညတ်ခဲ့သည်ကို အသစ်တိုး၍ ထပ်မံပညတ်ခြင်း ပြုတော်မမူ။

၂။ ပညတ္တံ န သမုစ္ဆိန္ဒတိ။

ဘုရားမြတ်စွာ ပညတ်တော်မူခဲ့သော သိက္ခာပုဒ်ဥပဒေတော်ကို ဖြုတ်ပယ်ဖျက်ဆီးခြင်း ပြုတော်မမူ။

၃။ ယထာပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တတိ။

ဘုရားမြတ်စွာ ပညတ်တော်မူခဲ့သော သိက္ခာပုဒ် ဥပဒေတော်များကို ရိုသေစွာ လိုက်နာကျင့်သုံးတော်မူ၏။

ဟူသော မူကြီး ၃-ချက်ကို တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြ၍ ဖော်ပြပါ မူကြီး ၃-ချက်အတိုင်း ဖြည့်စွက်ခြင်း ထုတ်ပယ်ခြင်း လုံးဝမပြုဘဲ မူလရှိရင်းအတိုင်း အစဉ်အဆက် ရိုသေစွာ ကျင့်သုံးတော်မူကြသည်။ သို့ဖြစ်၍ ပဉ္စောင်ပင်ကြီးပမာ လွန်စွာ ခိုင်ခံ့ရကား အရှင်မဟာကဿပမှ ဆင်းသက်လာသော ရဟန်းတော်များအပေါင်းကို ထေရဝါဒ-ဟု ခေါ်သည်။ ဂိုဏ်းအားလုံးအနက် ထေရဝါဒဂိုဏ်းသာလျှင် အမြတ်ဆုံးဖြစ်သည်။

၄၃၄။ နိဂြောဓောဝ မဟာရုက္ခော၊ ထေရဝါဒါနမုတ္တမော။
အနူနမနဓိကာဝ၊ ကေဝလံ ဇိနသာသနံ။[၁]

၁။ ဒီပဝံသ၊ ၄၊ ၉၀။

နိဂြောဓောဝါတိ ဝဋ္ဋရုက္ခော ဣဝ၊ မဟာရုက္ခော နိဂြောဓော ဣဝါတိ သမ္ဗန္ဓော။ ထေရာတိ ထေရော။ ဝကာရော ပဒပူရဏမတ္တော။ တတ္ထ စ အကာရော ဝိဘတ္တိလောပံ ကတွာ ...ာ ထေရော၊ ဝါဒေါ ဝါဒါနံ အဋ္ဌာရသန္နံ ဝါဒါနံ ဥတ္တမောတိ သေဋ္ဌော အဂ္ဂေါတိ အတ္ထော။ ဒီပဝံသဋီကာ။
(အဋ္ဌာရသဝါဒ၊ ဒုတိယသံဂါယနာ-ကြည့်)။

ဗုဒ္ဓသာသနာ ကြည်ညိုသူတို့ ကံကောင်းကြ

သို့ဖြစ်၍ အလွန်လျှင် ကောင်းမြတ်စစ်မှန်သည့် ဂုဏ်တော်အနန္တသခင် ဘုရားရှင်, ဘုရားရှင် ဟောကြားတော်မူအပ်သော တရားတော်များ, ဘုရားရှင် ပညတ်တော်မူသည့်အတိုင်း ကျင့်ကြံအားထုတ်တော်မူကြသော သံဃာတော်ဟူသော ရတနာသုံးပါး ဘုရားရှင်သာသနာတော် သက်ဝင်ယုံကြည်ကြသူတို့ အလွန်လျှင် ကံကောင်းကြကုန်၏။

အရှင်အာနန္ဒာအား ဒုက္ကဋ်အာပတ်များ ဒေသနာကြားစေခြင်း

ပဌမ သံဂါယနာတင်ပွဲသဘင်ကြီး ပြီးဆုံးသည့် တပေါင်းလပြည့်ကျော် (၅) ရက်နေ့၌ သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ငါးရာတို့က အရှင်အာနန္ဒာအပေါ် ဝေဖန်ပြစ်တင်ကြသည်။

၁။ "ညီတော်အားလိမ္မာ အာနန္ဒာ...ငါဘုရားပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် အငယ်စား သိက္ခာပုဒ်များကို ငါ့တပည့်သံဃာသည် ဖြုတ်လိုက ဖြုတ်ပယ်နိုင်သည်၊ ဖြုတ်ပယ်လော့"ဟု ဘုရားမြတ်စွာ မိန့်တော်မူရာ၌ "မည်သည့်သိက္ခာပုဒ်များသည် အငယ်စား သိက္ခာပုဒ်များဖြစ်သည်"ဟု အရှင်အာနန္ဒာသည် မမေး မလျှောက်ထားလိုက်မိချေ။ ယင်းသို့မမေးမလျှောက်ခြင်းသည် အရှင်အာနန္ဒာ၏ ပေါ့လျော့မှု ချို့ယွင်းမှု ဖြစ်ပေသည်-ဟု ဝေဖန်ပြစ်တင်ကြသည်။ ဒုက္ကဋ်အာပတ်သင့်သည်ဟု မိန့်ဆိုတော်မူကြသည်။ အရှင်အာနန္ဒာသည် ဘုရားမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူမည့်အရေး တွေးတောပူပန်နေရကား သတိမေ့လျော့နေသဖြင့် မမေးမလျှောက်လိုက်ခြင်း ဖြစ်လေသည်။[၁]

၂။ အရှင်အာနန္ဒာသည် ဘုရားမြတ်စွာအတွက် မိုးရေခံ သင်္ကန်းချုပ်စဉ် မိုးရေခံသင်္ကန်း အစွန်းအစများကို ခြေဖြင့်နင်းဖိ၍ ချုပ်သည်၊ ထိုသို့ ဘုရားမြတ်စွာအတွက် မိုးရေခံသင်္ကန်းကို ခြေဖြင့်နင်းဖိ၍ ချုပ်ခြင်းသည် မရိုသေရာရောက်သည်ဟုဝေဖန်ပြစ်တင်ကြသည်။ အရှင်အာနန္ဒာအား ဒုက္ကဋ်အာပတ်သင့်သည်ဟု မိန့်ဆိုတော်မူကြသည်။

၁။ အင်္ဂုတ္တိုရ် ဋ္ဌကထာ အဘိုဟာရိယာ ဘာဂဝန္တံ နပုံသို၊ ၁၊ ၄၊ ၄၀၅၊

၃။ ငှင်းပြင် ဘုရားရှင် ကုသိနာရုံ ရဂုံသာမော ဥယျာဉ်တော်၌ ပရိနိဗ္ဗာန်စံတော်မူစဉ် ဘုရားဇီနေဝ် အလောင်းတော်ကို လာရောက်ဖူးမြော်သူများတွင် အိမ်အပြန်နောက်မကျ မိုး မချုပ်စေရန်အတွက် အရှင်အာနန္ဒာသည် အမျိုးသမီးများ အား ရှေးဦးမဆွ အစလက်မွန် ဖူးမြင်ခွင့်ပေး၏။ထို အမျိုး သမီးများ မျက်ရည်လွှတ်စို ငိုယိုမှုကြောင့် ဘုရားဇိနေဝ်၏ ရုပ် အလောင်းတော်မှာ မျက်ရည်များပေကျံခဲ့လေသည်။ ဤသို့ အမျိုးသမီး မိန်းမများအား ဦးစားပေးကာ ဦးစွာပဌမ ရှိခိုး ဖူးမြင်ခွင့်ပြုသည့်အတွက်လည်း အရှင်အာနန္ဒာအား ၊ ဝေဖန် ပြစ်တင်ကြ ဒုက္ကဋ်အာပတ်သင့်သည်ဟု မိန့်ဆိုတော်မူကြသည်။

၄။ ဘုရားမြတ်စွာ လိစ္ဆဝီနိုင်ငံ ဝေသာလီမြို့အနီး စာပါလစေတီ စာပါလနတ်ကွန်း၌ နေ့သန့်စင်ရန် ခေတ္တကြွရောက် သီတင်း သုံးတော်မူစဉ် အို-ညီဘွားလိမ္မာ အာနန္ဒာ.... သင့်နောင်တော် ငါဘုရားသည် အလိုတော်ရှိပါက အာယုကပ်ပတ်လုံး တည်နိုင် ကြောင်း မိန့်တော်မူလျက် သတ္တဝါများ သနားငဲ့ညှာသော အားဖြင့် နောင်တော်မြတ်ဘုရား.... အာယုကပ်ပတ်လုံး တည် တော်မူပါ-ဟု မတောင်းပန် မလျှောက်ထားခြင်းသည် အာနန္ဒာ၏ ချွတ်ယွင်းချက်ဖြစ်သည်ဟုဝေဖန်ပြစ်တင်ကြသည်။ အရှင်အာနန္ဒာအား ဒုက္ကဋ်အာပတ်သင့်သည်ဟု မိန့်ဆိုတော် မူကြသည်။

၅။ ငှင်းပြင် ဘုရားရှင်သာသနာတော်၌ အမျိုးသမီးများ ရဟန်း ပြုခွင့်ရအောင် ဘိက္ခုနီသာသနာကြီး ဖြစ်ပေါ်လာအောင် မဟာပဇာပတိဂေါတမီ အလိုလိုက် အကြိုက်ပါကာ ကြိုးစား အားထုတ်မှု အတွက်လည်း သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ငါးရာတို့က အရှင်အာနန္ဒာအား ဝေဖန်ကြသည်။ အပြစ်တင်ကြသည်။ ဒုက္ကဋ်အာ ·တ် သင့်သည်ဟု မိန့်ဆိုတော် မူကြသည်။

၁။ ဝိ၊ ၂၊ ၈၆၊ ဝိ၊ ၄၊ ၄၀၆-ကြည့်။

ယင်း ၅-ချက်အတွက် ဒုက္ကဋ်အာပတ်များကို ဒေသနာကြားရမည်ဟု လည်း မိန့်ဆိုတော်မူကြသည်။ သို့ရာတွင် အရှင်အာနန္ဒာသည် ချွတ်ယွင်း ချက်ဟုမမြင်၊ မကောင်းသောအပြုအမူများဟု မမြင်ချေ။ ဒုက္ကဋ်အာပတ် သင့်သည်ဟု မထင်မမြင်ပါချေ။ သို့ရာတွင် အရှင်အာနန္ဒာသည် သံဂီတိ ကာရက ရဟန္တာသခင် အရှင်မြတ်တို့ကိုယုံကြည်သဖြင့်ချွတ်ယွင်းချက်များ ဝန်ခံတော်မူလေသည်။ ဒုက္ကဋ်အာပတ်ကို ဒေသနာကြားတော်မူလေသည်။

တစ်ခါမျှ စိတ်မဆိုးဖူးခြင်း

အရှင်အာနန္ဒာသည် အလွန်လျှင် အံ့သြစရာကောင်းသည့် တေဒဂ် ငါးတန် ရာထူးခံသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ သံဂါ ယနာတင်သည့် နေ့မှစ၍ ရဟန္တာဖြစ်ခဲ့လေရာ သံဂီတိကာရက ရဟန္တာ သခင် အရှင်မြတ်ငါးရာတို့ မိန့်ဆိုတော်မူသည့်အတိုင်း ကျိုးနွံစွာ ပြုလုပ် တော်မူသည်မှာ အံ့သြဖွယ်မဟုတ်ချေ။ နှစ်ပေါင်းနှစ်ဆယ့်ငါးနှစ်ပတ်လုံး ဘုရားရှင်အား လုပ်ကျွေး၍ သေက္ခ(သောတာပန်)မျှ ဖြစ်ချိန်ကပင်တစ်ခါ မျှ စိတ်ဆိုးမှု အမျက်ထွက်မှု ဒေါသဖြစ်မှု နှလုံးမသာယာမှု ဒေါသနှင့် စပ်ယှဉ်သော အမှတ်သညာ မဖြစ်ဖူးပါချေ။ အို...သံဂါယနာသမိုင်း စာတော်ဖတ် သင်သည်...တရားတော်၏ တင့်တယ်လျောက်ပတ် ကောင်း မြတ်ပုံ အရှင်အာနန္ဒာမထေရ်မြတ်၏ သဘောကောင်းပုံကို နှလုံးသို့ တင့်ရှု ဆင်ခြင်ပါလေ့။ ရှုဆင်ခြင်ပါလေ။

၄၃၀။ ပဉ္စဝီသတိဝဿာနိ၊ သေခဘူတဿ ဝါသတော။
နတဿ ဒေါသော ဥပ္ပဇ္ဇိ၊ ပဿ ဓမ္မသုဓမ္မတံ။

ကာမဂုဏ်နှင့်စပ် မသင့်သောစိတ် တစ်ခါမျှ မဖြစ်ဖူးခြင်း

ဤမျှသာမကသေး အရှင်အာနန္ဒာ နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်ကာလ ညောင်းမျှ ဘုရားမြတ်စွာ လုပ်ကျွေးခိုက် သေက္ခ (သောတာပန်)မျှသာ ရှိသေးစဉ် တစ်ခါမျှ ငါးဖြာအာရုံ ကာမဂုဏ်နှင့်စပ်၍ အမှတ်သညာ မဖြစ်ဖူးပါချေ။ ရူပါရုံ ခံစားလိုစိတ် သဒ္ဒါရုံ ခံစားလိုစိတ် ဂန္ဓာရုံ ခံစား လိုစိတ် ရသာရုံ ခံစားလိုစိတ် ဖောဋ္ဌဗ္ဗာရုံ ခံစားလိုစိတ် တစ်ခါတစ်ရံမျှ မဖြစ်ဖူးပါချေ။ အို...သံဂါယနာသမိုင်းတော် စာတော်ဖတ်... သင်သည် တရားတော်၏ အပြစ်လွတ်ကြောင်း ဝဋ်မှထွက်ကြောင်း ကောင်းမြတ်ပုံ၊

အရှင်အာနန္ဒာ၏ သမောကောင်းပုံကို နှလုံးသို့တင် ဆင်ခြင်ကြည့်ညိုစမ်းပါလေ။

၄၃၉။ ပဋ္ဌဝီသတိဝဿာနိ၊ သေခဘူတဿ ဝါသတော။
နာ့ဿ ကာမသညာ အာသိ၊ ပဿ ဓမ္မသုဓမ္မတံ။

အရိပ်အကာန် မေတ္တာကာယကံ

အရှင်အာနန္ဒာ၌ မေတ္တာကာယကံသည် အပြည့်အဝ ရှိခဲ့လေသည်၊ ကုံလုံပိုလျှံခဲ့လေသည်။ ဘုရားမြတ်စွာအား အရိပ်ပမာ ထက်ကြပ်မကွာ လိုက်ပါနေသော တရစပ်ဖြစ်နေသော မေတ္တာကာယကံဖြင့် ရိုသေ မြတ်လေး လုပ်ကျွေးတော်မူခဲ့လေသည်။

၄၄၀။ ပဋ္ဌဝီသတိဝဿာနိ၊ သမ္ဗုဒ္ဓံ အနုပဋ္ဌဟိ၊
မေတ္တေန ကာယကမ္မေန၊ ဆာယာဝ အနပါယိနီ။

အရိပ်အကာန် မေတ္တာဝစီကံ

အရှင်အာနန္ဒာမှာ မကွေမကွာ မေတ္တာဝစီကံတွေ တဖွားဖွားဖြစ်နေလေသည်။ လောကသင်းကျစ် ဓမ္မရာဇ်မှန်ကူ သယမ္ဘူထွတ်ထား ဘုရားမြတ်စွာအား နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်တိုင်တိုင် လုပ်ကျွေးခဲ့ရာ အရိပ်ပမာ မကွေမကွာ မေတ္တာဝစီကံတွေ လျှံတက်နေလေသည်။

၄၄၁။ ပဋ္ဌဝီသတိဝဿာနိ၊ သမ္ဗုဒ္ဓံ အနုပဋ္ဌဟိ။
မေတ္တေနဝစီကမ္မေန၊ ဆာယာဝ အနပါယိနီ။

မေတ္တာမနောကံတွေ မကွေမကွာဖြစ်

အရှင်အာနန္ဒာကား အတုယူစရာ စံပြပုဂ္ဂိုလ်ထူး ဖြစ်တော်မူသည်၊ မေတ္တာမနောကံ မိုးကြီးလည်း သဲသဲမဲမဲ ထာဝစဉ် ရွာချသွန်းဖြိုးသည်၊ ဘုရားရှင်အား နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်မျှ ကြာရှည်ကြာမြော လုပ်ကျွေးခဲ့သော ကာလအတွင်း မေတ္တာမနောကံတွေ အစီအရီဖြင့် အံ့ဩရသာ ဘွဲ့ထူးရသည့် ဘုရားရှင်အား လုပ်ကျွေးတော်မူခဲ့လေသည်။

၄၄၂။ ပဋ္ဌဝီသတိဝဿာနိ၊ မုနိန္ဒံ အနုပဋ္ဌဟိ၊
မေတ္တေန မနောကမ္မေန၊ ဆာယာဝ အနပါယိနီ။

လောက၏ မျက်လုံးသဖွယ်ဖြစ်သူ၊ အမိုက်တိုက်ကို ပယ်ဖျောက်သူ

အရှင်အာနန္ဒာသည် အကြားအမြင် အတွေ့အကြုံများသည့် ပရိယတ္တိဓမ္မအားလုံးကို ဆောင်နိုင်သည်ဖြစ်၍ ဘုရားမြတ်စွာ၏ တရားရတနာဘဏ္ဍာတိုက်ကိုမပျောက်မပျက်အောင်ထက်မြက်သောသတိဝီရိယသဒ္ဓါဖြင့် စောင့်ရှောက်နိုင်ခဲ့သော နတ်နှင့်တကွ လောကအားလုံး၏မျက်လုံးသဖွယ် အကယ်စင်စစ် ဖြစ်တော်မူပါပေသတည်း။ အဝိဇ္ဇာသမိုက် အမိုက်တိုက်ကို တိုက်ခိုက်ဖြိုခွင်း ရှင်းလင်းပစ်ခဲ့သူ ဖြစ်ပါပေသတည်း။

၄၄၃။ ဗဟုဿုတော ဓမ္မဓရော၊ ကောသာရက္ခော မဟေသိနော။
စက္ခုသဗ္ဗဿ လောကဿ၊ အနုကာရေ တမောနုဒေါ။[၁]

လွန်စွာကျိုးနွံ မာန်မခက်ထန် ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင် အာဂုံရ

အရှင်အာနန္ဒာကား တစ်ထောင့်ငါးရာ ကိလေသာမှန် သူပုန်ရန်ကို ပူစေတတ်သော လုံ့လဝီရိယပိုင်ရှင်ဖြစ်တော်မူ၏။ ရင့်ကျက်သောပညာနှင့် ပြည့်စုံသူကေန် ဖြစ်၏။ ဗာဟုသစ္စဂုဏ်၌ လိမ္မာသူဖြစ်ချိမျှမက အစွယ်ကျိုးသောမြွေ ဦးချိုကျိုးသောနွား ခြေသုတ်ကြိုးဝန်းအလား နှိမ့်ချထားရသော စိတ်ရှိတော်မူသည့်ပြင် ခက်ထန်မာန်မူခြင်း အလျဉ်းမရှိဘဲ ဘုရားဇိနေဝ် စကားတော် ပိဋကတ်ဓမ္မက္ခန္ဓာအားလုံးကို ထုံးလိုချေ ရေလိုနှောက် ချောက်ချားအာဂုံရသည့် ပုဂ္ဂိုလ်ထူးဖြစ်တော်မူလေသည်။

၄၄၄။ အာတာပီ နိပကော စာပိ၊ ဗာဟုသစ္စေ သုကောဝိဒေါ။
နိဝါတဝုတ္တိအတ္ထဒ္ဓေါ၊ သဗ္ဗပါဌိဟိ သာသနေ။[၂]

ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းတိုက်ကြီး

ရာဇဂြိုဟ်မြို့တော် ဝေဠုဝန် ကျောင်းတိုက်ကြီးကား ဘုရားမြတ်စွာ သာသနာတော်၌ ဦးစွာတည်ထောင်တော်မူခဲ့သည့် ကျောင်းတိုက်ကြီးဖြစ်လေသည်။ ဘုရားမြတ်စွာသည်ဒုတိယဝါ၊ တတိယဝါ၊ စတုတ္ထဝါ၊ သတ္တရသမဝါ၊ ဝီသတိမဝါ-အားဖြင့်ငါးဝါပတ်လုံး ဝါဆိုဝါကပ်သီတင်းသုံးတော်မူ

၁။ ထေရ၊ ၄၄၃။ ၂။ အံ၊ ၁၊ ၅၀-ကြည့်။

ခဲ့ရာ မဟာစေတီယာရဟာ ဌာနကြီးဖြစ်လေသည်။ လက်ယာတော်ရံ ပညာတေဒဂ်ဘွဲ့ထူးရ ပညာကျော် ဘွဲ့ထူးရသည့် အရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ တန်ခိုးတေဒဂ်ရ တန်ခိုးကျော် ဘွဲ့ထူးရ အရှင်မဟာမောဂ္ဂလာန်စသည့် ပုဂ္ဂိုလ်ကျော်တို့သည် ဝေဠုဝန်ကျောင်းတိုက်တော်ကြီး၌ ဟေဘိက္ခု ရဟန်းအဖြစ် ရရှိတော်မူခဲ့ကြသည်။ ငှမ သံဂါယနာ သံဃမဟာနာယက ဘုရားမြတ်စွာ၏ တတိယသာဝကကြီး အရှင်မဟာကဿပသည် ဤဝေဠုဝန်ကျောင်းတော်ကြီး၌ပင် အာသဝေါကုန်ခန်း ရဟန္တာဖြစ်တော်မူခဲ့လေသည်။

၎င်းပြင် အရှုပ်ရျာန်မှ ထ၍ ရဟန္တာဖြစ်ခြင်း၌ တေဒဂ်ရသူ အရှင်မဟာပန္ထက (အရှင်မဟာပန်)သည်လည်း ဖော်ပြပါ ဝေဠုဝန်ကျောင်းတော်၌ ဟေဘိက္ခုရဟန်းဖြစ်, ရဟန္တာ ဖြစ်တော်မူခဲ့လေသည်။

၎င်းပြင် ကြည်ညိုဖွယ်ဆောင်မှုအရာ တေဒဂ်ရ အရှင်ဥပသေန, ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ၏ ညီတော်အငယ်ဆုံး အရှင်စုန္ဒ, လုံ့လဝီရိယကြီးမားမှုအရာ တေဒဂ်ရအရှင်သောဏကောဠိဝိသ၊ အကျဉ်းဥဒ္ဒေသသမ္မာတိဏ သင်္ခေပဒေသနာကို အကျယ်ချဲ၍ ဟောခြင်း၌ တေဒဂ်ရ အရှင်ကစ္စာန၊ ဝိနယဝရတေဒဂ်ရ အရှင်ဥပါလိ စသူတို့သည် ဤဝေဠုဝန်ကျောင်းတိုက်ကြီးမှာပင်အာသဝအခိုးအကင်းတို့မိုးနှင်းလောက်မျှ မကျန်ဘဲ ရဟန္တာ ဖြစ်တော်မူကြသည်။ ၎င်းပြင် ကပိလဝတ်မြို့တော်မှ သုဒ္ဓေါဒနမင်းကြီး ဘုရားရှင် အပင့်လွှတ်လိုက်သမျှ အမတ်များဦးစီးသည့် အမျိုးသားပရိသတ်ပေါင်း တစ်သောင်းတို့သည်လည်း ဤဝေဠုဝန်ကျောင်းတိုက်မှာပင် ရဟန္တာ ဖြစ်ကြသည်။

ထိုမှတစ်ပါး ဘိက္ခုနီသာဝိကာများအနက် ပညာအရာ တေဒဂ်ရရှင်မခေမာထေရီ ဘိက္ခုနီသာဝိကာများအနက် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်အရာ တေဒဂ်ရ ရှင်မဘဒ္ဒကာပိလာနီထေရီ၊ ဘိက္ခုနီသာဝိကာများအနက် ဓမ္မကထိကအရာ တေဒဂ်ရ ရှင်မ ဓမ္မဒိန္နာစသည့် ထေရီအာဇာနည်တို့သည်လည်း ဤဝေဠုဝန်ကျောင်းတိုက်ကြီး၌ အာသဝဟူ မြူမျှမသန်းရဟန္တာမများ ဖြစ်ကြသည်။

ထို့ပြင်တစ်ပါး ဘုရားမြတ်စွာသည် ဂိဇ္ဈကုဋ်တောင်မှသက်ဆင်းတော်မူ၍ ဝေဠုဝန်ကျောင်းတော်၌ အင်္ဂါလေးပါးနှင့် စုံညီပြည့်ဝသည့် သာဝကသန္နိပါတသာဝက အစည်းအဝေးကြီးကိုလည်း ကျင်းပတော်မူခဲ့

လေသည်။ ဤသို့စသည်ဖြင့် ဝေဠုဝန်ကျောင်းတိုက်ကြီးသည် သာသနာ့ သမိုင်းတွင် အလွန်ပြောင်ခဲ့လေသည်။ သာသနာကုန်ဆုံးသည့်တိုင်အောင် ဝေဠုဝန်ကျောင်းတိုက်သမိုင်းသည် ထင်ရှားနေမည်သာဖြစ်သည်။

ဥယျာဉ်တော်ဘွဲ့ ဝေဠုဝန်ကျောင်းတော်ဘွဲ့ ၆-ဂါထာ

ယင်း ဝေဠုဝန်ကျောင်းတိုက်ကြီး၏ ခမ်းနားပုံ သာယာလှပုံ ကြည်နူးဖွယ်ကောင်းပုံကို-

၄၄၅။ ရမ္မံ ဝေဠုဝနံ ယေန၊ န ဒိဋ္ဌံ သုဂတာလယံ။
န တေန နန္ဒနံ ဒိဋ္ဌံ၊ ဣတိ မညာမသေ မယံ။[၁]

ယေန=အမှတ်မထင် အကြင်ပုဂ္ဂိုလ်သည်။ ရမ္မံ = နှလုံးမွေ့လျော်ရှင်ဖွယ်ရာ သာယာစွာထသော။ သုဂတာလယံ=သုံးလူ့သနင်း တရားမင်း၏ သီတင်းသုံးရာလည်းဖြစ်သော။ဝေဠုဝနံ=ဝေဠုဝန်ခေါ် ဥယျာဉ်တော်ကို။ နဒိဋ္ဌံ=ချက်တွေ့ထင်ထင် မမြင်ရချေ။ တေန=ဝေဠုဝန်ဥယျာဉ်ကို မမြင် ဝေဠုဝန်ဥယျာဉ်၌ မဝင်မရို ထိုပုဂ္ဂိုလ်သည်။နန္ဒနံ = နတ်သမီး နတ်သားတို့ ပျော်ပါးစံရှင် နန္ဒဝန်ဥယျာဉ်တော်ကို။ နဒိဋ္ဌံ = မမြင်မတွေ့သည် မည်၏။ ဣတိ = ဤသို့။ မယံ = ငါတို့သည်။ မညာမသေ = အောက်မေ့ဆင်ခြင် ထင်မှတ်ကြကုန်၏။

၄၄၆။ ယေန ဝေဠုဝနံ ဒိဋ္ဌံ၊ နရနန္ဒန နန္ဒနံ။
သုဒိဋ္ဌံ နန္ဒနံ တေန၊ အမရိန္ဒသုနန္ဒနံ[၁]။

ယေန=အမှတ်မထင် အကြင်ပုဂ္ဂိုလ်သည်။နရနန္ဒနနန္ဒနံ=သုံးလောကလုံး ညွတ်ရိုးချစ်ခင် ဘုရားရှင်သည် ပျော်ရွှင်နှစ်သက်တော်မူအပ်သော၊ ဝေဠုဝနံ = ဝေဠုဝန်ခေါ် ဥယျာဉ်တော် ကျောင်းတိုက်တော်ကို။ဒိဋ္ဌံ = ချက်တွေ့ထင်ထင် ရှုမြင်ရ၏။တေန = ဝေဠုဝန်ကို မြင်ရကြည်ညို ထိုပုဂ္ဂိုလ်သည်။ အမရိန္ဒသုနန္ဒနံ = နက်များသနင်း သိကြားမင်းသည် လွန်မင်းစွာ နှစ်သက်အပ်သော။ နန္ဒနံ = နတ်တို့ရှင်စံ နန္ဒဝန်ခေါ် ဥယျာဉ်တော်ကို။ သုဒိဋ္ဌံ = ကောင်းစွာလှလှ တွေ့မြင်ရသည်မည်၏။

၄၄၇။ ဝိဟာယ နန္ဒနံ ဒေဝါ၊ ဩတရိတွာ မဟီတလံ။
ရမ္မံ ဝေဠုဝနံ ဒိသွာ၊ န တပ္ပန္တိ သုဝိမှိတာ[၂]။

၁။ အပ၊ ၂။ ၂၂၅။

ဒေဝါ = တာဝတိံသာ လွန်စွာပြောစည် နတ်ပြည်ပျော်အောင်း နတ်အပေါင်းတို့သည်။ နန္ဒနံ = နန္ဒဝန်ခေါ် နတ်ဥယျာဉ်တော်ကို။ ဝိဟာယ = ပယ်ခွာရှောင်ရှား စွန့်ပစ်ထားခဲ့ကြ၍။ မဟိတလံ = ဇမ္ဗူဒီပါ လက်ယာဥကာဉ် မြေအပြင်သို့။ ဩတရိတွာ = လျင်စွာအဟုန် သက်ဆင်းခဲ့ကြကုန်၍။ ရမ္မံ = စိတ်ဓာတ်ကြည်ပျော် မွေ့လျော်ဖွယ်ကောင်းသော။ ဝေဠုဝနံ = ဝေဠုဝန်ခေါ် ဥယျာဉ်တော်ကျောင်းတော်ကို။ ဒိသွာ = ချက်တွေ့ထင်ထင် တွေ့မြင်ကြကုန်သည်ရှိသော်။ သုဝိမှိတာ = ရင်သပ်ရှုမော လွန်စွာအံ့ဩကြကုန်လျက်။ န တပ္ပန္တိ = ပူပန်ကင်းလွေ့ စည်းစိမ်မွေ့၍ မငြီးငွေ့ မရောင့်ရဲနိုင်ကြကုန်။

၄၄၈။ ရာဇပုတ္တေန နိဗ္ဗတ္တံ၊ ဗုဒ္ဓပုတ္တေန ဘုသိတံ။
ကော ဝတ္တာ တဿ နိဿေသံ၊ ဝနဿ ဂုဏသဉ္စယံ။[၁]

ယံ ဝနံ = အကြင် ဝေဠုဝန်ခေါ် ဥယျာဉ်တော်သည်။ ရာဇပုတ္တေန = မင်းဘုန်းဆော်ဖန် ကုသိုလ်ကံကြောင့်။ နိဗ္ဗတ္တံ = အကြောင်းအလျော် ဖြစ်ပေါ်လာပေ၏။ ယံ ဝနံ = အကြင်ဝေဠုဝန်ခေါ် ဥယျာဉ်တော်ကို။ ဗုဒ္ဓပုတ္တေန = ဘုရားဇိနော် အာနုဘော်တော်ဖြင့်။ ဘုသိတံ = တန်ဆာဆင်အပ်၏။ တဿဝနဿ = ထိုဝေဠုဝန်ဥယျာဉ်တော်၏။ ဂုဏသဉ္စယံ = များလှတိတောင်း ဂုဏ်အပေါင်းကို။ ကော = အဘယ်မည်သော စာဆိုကဝိ ပညာရှိသည်။ နိဿေသံ = အကြွင်းမရှိ ကုန်စင်ဘိအောင်။ ဝတ္တာ = သိကုံးသာချီ ဆိုစွမ်းနိုင်ပါအံ့နည်း။

၄၄၉။ တဒါ တံ ဖုလ္လဝိပိနံ၊ နာနာဘမရကူဇိတံ။
ကောကိလာ ဂီတသဟိတံ၊ မယူရဂဏနစ္စိတံ။[၂]

တဒါ = ဝင်ရောက်လေရာ ထိုအခါ၌။ တံ = ဘုရားကိန်းဝပျော် ဝေဠုဝန် ဥယျာဉ်တော်သည်။ ဖုလ္လဝိပိနံ = ကားကားစွင့်စွင့် ပင်လုံးကျွတ်ပွင့်သော တော (သစ်ပင်အပေါင်း) ရှိသည် လည်းကောင်း။ နာနာဘမရ-ကူဇိတံ=အမျိုးမျိုးသော ပိတုန်းတို့၏ တဝီဝီမည်ရာ ဖြစ်သည်လည်းကောင်း။ ကောကိလာဂီတသဟိတံ = ဥဩငှက်တို့၏ သီချင်းသံနှင့်တကွ ဖြစ်သည်လည်းကောင်း။ မယူရဂဏနစ္စိတံ = ဥဒေါင်းငှက် အပေါင်းတို့၏ နှစ်ထောင်းရှင်ပျ က,ရာဖြစ်သည်လည်းကောင်း။ ဟောတိ = မုချစင်စစ် ဖြစ်ပေ၏။

၁။ အပ၊ ၂။ ၂၂၉၊

၄၅၀။ အပ္ပသဒ္ဒ မနာကိဏ္ဏံ၊ နာနာစက်မဘူသိတံ။
ကုဋ္ဋိမ ဏ္ဍပသံကိဏ္ဏံ၊ ယောဂိဝရဝိရာဇိတံ။[၁]

တံ=ထိုဝေဠုဝန်ခေါ် ဥယျာဉ်တော် ကျောင်းတော်သည်။ ဝါ= ထိုဝေဠုဝန်ခေါ် ဥယျာဉ်တော် ကျောင်းတော်ကို။အပ္ပသဒ္ဒံ=ရောက်ယက် ဆူညံ အသံမရှိသည် လည်းကောင်း။ အနာကိဏ္ဏံ= မကျဉ်းမြောင်းသည် လည်းကောင်း။ဝါ=မရောပြွမ်းသည်လည်းကောင်း။ ဝါ=ဝိသဘာဂအာ ရုံတို့နှင့်မရောပြွမ်းသည်လည်းကောင်း။ဝါ=လူရှင်ရဟန်းတို့နှင့်မရောပြွမ်း သည်သည်းကောင်း။ နာနာစက်မဘူသိတံ= အမျိုးမျိုးသော စကြံတို့ဖြင့် တန်ဆာဆင်အပ်သည် လည်းကောင်း။ ကုဋ္ဋိမဏ္ဍပသံကိဏ္ဏံ = ကမ္မဋ္ဌာန်း ကျောင်းငယ် အသွယ်သွယ်အဆောင်ဆောင်သော မဏ္ဍပ်တို့ဖြင့် ရောပြွမ်း သည်လည်းကောင်း။ ယောဂိဝရဝိရာဇိတံ=တရားယှဉ်မှီ ယောဂီသူမြတ်တို့ ၏တင့်တယ်စံပယ်ရာသည်လည်းကောင်း။ဟောတိ = မုချစင်စစ်ဖြစ်ပေ၏။

ဤသည်လျှင် ဝေဠုဝန်ဥယျာဉ်တော်, ဝေဠုဝန် ကျောင်းတော်ဘွဲ့ ဂါထာနှင့်အနက်တို့ ဖြစ်ကုန်၏။ ယင်းဂါထာပါဠိ အနက်ကို ဖတ်ကြည့် လျှင် ဘုရားရှင်စံပျော် ဝေဠုဝန်ဥယျာဉ်တော် ကျောင်းတော်ကြီး ထိုမျှ တင့်တယ် ခမ်းနားပုံကို မှန်းမြော်သိရှိနိုင်လေသည်။

အရှင်ပုရာဏနှင့် သံဂီတိကာရက ရဟန်းတော်များဆုံမိခြင်း

သံဂါယနာတင် ရဟန္တာသခင် အရှင်မြတ်ငါးရာတို့သည် သံဂါယနာ တင်စဉ် ခုနစ်လအချိန်ကာလပတ်လုံး ကျောင်းတိုက်ကြီးတစ်ဆယ့်ရှစ်တိုက် တို့၌ သီတင်းသုံးတော်မူကြရာ ဖော်ပြပါ စာဖွဲ့ မပြီး နိုင် ဖွယ် ဝေဠုဝန် ကျောင်းတိုက်တော်ကြီးမှာလည်း သံဂီတိကာရက ရဟန္တာသခင် အရှင် မြတ်များ သီတင်းသုံးတော်မူကြသည်။ သံဂါယနာသဘင်ပွဲကြီးပြီးသော် လည်း နောက်ဆက်တွဲပြုဖွယ်ရှိနေသေး၍ တချို့သံဃာများ ရှတ်တရက် တစ်ခြားဒေသ(နေရင်းစွဲဒေသ) ပြန်လည်ကြွတော်မမူကြသေးချေ။ သံဂါ ယနာတင်ချိန်တွင် သံဂီတိကာရက ရဟန်းငါးရာမှတစ်ပါး၊ အခြားရဟန်း တော်များ ရာဇဂြိုဟ်မြို့တော်၌ နေခွင့်ကြွခွင့်မရှိချေ။ သံဂါယနာတင်ပြီး သောအခါ၌ မည်သည့် ရဟန်းမဆို ရာဇဂြိုဟ်မြို့တော်သို့ ကြွရောက်ခွင့် ရာဇဂြိုဟ်မြို့တော်၌ နေခွင့်ရှိလေပြီ။သို့နှင့် ဒက္ခိဏာဂိရိရာဇဂြိုဟ်မြို့တော်၏

၁။ အပ၊ ၂။ ၂၂၅။

တောင်ဘက်ကုန်းနယ်၌ နောက်ပါ ရဟန်းတော်ငါးရာနှင့်အတူ ဒေသစာရီလှည့်လည်ကြွချီ ရောက်ရှိတော်မူသော အရှင်ပုဏ္ဏ မထေရ်သည် ရာဇဂြိုဟ်မြို့တော်၌ သံဂီတိမဟာနာယက သံဂီတိပါမောက္ခ အရှင်မဟာကဿပအမှူးရှိသော ရဟန္တာသခင် အရှင်မြတ်ငါးရာတို့ သံဂါယနာတင်ပြီးပြီ ဟူသောသတင်းကြားသိရသဖြင့် ရာဇဂြိုဟ် ကြွခွင့် နေခွင့် ရရှိလာပြီဖြစ်ရာ ဘုရားမြတ်စွာသီတင်းသုံးတော်မူခဲ့ရာ ရာဇဂြိုဟ်မြို့တော်ဝေဠုဝန်ကျောင်းတော်ကြီးသို့ သံဝေဇနီယ ပူဇနီယဌာနများဖူးမြော်ရန် သံဂါယနာတင်သတင်းများ သိရှိရန် ကြွတော်မူခဲ့လေသည်။ ယင်းသို့ ကြွတော်မူလာရာ သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်များနှင့် ဆုံမိလေသည်။

ဘုရားရှင်ထံမှ နာကြားခဲ့သည့်အတိုင်း ဆောင်မှတ်ပါမည်ဟု လျှောက်ခြင်း

အရှင်ပုဏ္ဏမထေရ်သည် သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ကြီးများနှင့် ဝမ်းမြောက်ဝမ်းသာ ပဋိသန္တာရကထာစကား လျှောက်ကြားမြွက်ဆို၍ တစ်ခုသောအစွန်အဖျား သင့်တင့်သောနေရာ၌ သံဂီတိကာရက ရဟန္တာသခင်အရှင်မြတ်ကြီးများကို အရိုအသေပေးလျက် ထိုင်နေလေသည်။ ထိုအခါရဟန္တာအရှင်ပုဏ္ဏကို သံဂါယနာတင် ရဟန္တာသခင် အရှင်မြတ်ကြီး တို့က—

* ထေရေဟိ အာဝုသော ပုဏ္ဏ ဓမ္မော စ ဝိနယော စ သင်္ဂီတော၊ ဥပေဟိ တံ သင်္ဂီတိံ။

ငါ့ရှင်ပုဏ္ဏ....မဟာထေရ်မြတ်ကြီးတို့သည် သုတ် အဘိဓမ္မာ ဝိနည်းကို နိကာယ်ဖွဲ့ခြင်း, ပိဋကဖွဲ့ခြင်း, ဝဂ်ဖွဲ့ခြင်း, အပိုင်းအခန်းက ဏ္ဍဖွဲ့ခြင်း တစ်ပါးတွဲတရား နှစ်ပါးတွဲတရား စသည် ဖွဲ့ခြင်း စသည်ဖြင့် အစီအစဉ် စနစ်တကျ ခွဲခြားစီစဉ်အတည်ပြု သံဂါယနာတင်အပ်ခဲ့လေပြီ။ အို- ငါ့ရှင်ပုဏ္ဏ....ငါ့ရှင်သည် သံဂါယနာတင်ရာသို့ ချဉ်းကပ်သွားရောက် လေ့လာ ကြည်ညိုပါလော့....ဟု မိန့်မြွက်တော်မူရာ....

အရှင်ပုဏ္ဏမထေရ်က—

* သုသင်္ဂီတာဝုသော ထေရေဟိ ဓမ္မော စ ဝိနယော စ၊ အပိ စ ယထေဝ မယာ ဘဂဝတော သမ္မုခါ သုတံ သမ္မုခါ ပဋိဂ္ဂဟိတံ၊ တထေဝါဟံ ဓာရေဿာမိ။

အရှင်ဘုရားတို့.... မဟာထေရ်မြတ်ကြီးတို့ သုတ်, အဘိဓမ္မာ ဝိနည်းကို နိကာယ်ဖွဲ့ခြင်း ပိဋကဖွဲ့ခြင်း ဝဂ်ဖွဲ့ခြင်း အပိုင်းအခန်းက ဏ္ဍဖွဲ့ခြင်း တစ်ပါးတွဲတရား နှစ်ပါးတွဲတရား စသည်ဖွဲ့ခြင်း စသည်ဖြင့် အစီအစဉ် စနစ်တကျ ခွဲခြားစီစဉ် ကောင်းစွာအတည်ပြု သံဂါယနာ တင်တော်မူအပ်ပါ၏။ သို့ရာတွင် တပည့်တော်သည် ဘုရားဇိနေ်၁ မျက်မှောက်တော်၌ ကြားနာ သင်ယူပြီးသည့်အတိုင်းသာဆောင်မှတ်ပါမည်ဟု လျှောက်ထားလေသည်။[၁]

ပဌမသံဂါယနာ၌ သံဃာကွဲပြားမှုမရှိ ညီညွတ်ခြင်း

ဤစကားရပ်၌ အရှင်ပုရာဏမထေရ်၏ သံဂါယနာဘင် ရဟန္တာသခင် အရှင်မြတ်ကြီးများအား လျှောက်ဆိုချက်ကို တချို့ပုဂ္ဂိုလ်တို့က တစ်မျိုးတစ်ဖုံ သဘောပေါက်ကာ သံဂါယနာတင်ခြင်းကို ထောက်ခံခြင်းမရှိ။ ပဌမသံဂါယနာ၌ သံဃာကွဲပြားသည့်လက္ခဏာပေါ်သည်ဟု ကောက်ချက်ချမှတ်ကြသည်။ စင်စစ်အားဖြင့်အရှင်ပုရာဏမထေရ်၏နှုတ်မှသုသင်္ဂီတော - ကောင်းစွာ သံဂါယနာတင်အပ်ပြီ။ ကောင်းသော သံဂါယနာတင်ခြင်း ဖြစ်သည်။ နိကာယ်ဖွဲ့ခြင်း ပိဋကဖွဲ့ခြင်း ဝဂ်ဖွဲ့ခြင်း အပိုင်းအခန်းကဏ္ဍဖွဲ့ခြင်း တစ်ပါးတွဲတရား နှစ်ပါးတွဲတရား စသည်ဖွဲ့ခြင်း စသည်ဖြင့် အစီအစဉ် စနစ်တကျ ခွဲခြားစီစဉ် ကောင်းစွာသံဂါယနာတင်အပ်ပြီဟု ထုတ်ဖော် လျှောက်ထားခြင်းသည် သံဂါယနာတင်ခြင်းကို သဘောတူလက်ခံကြောင်း ထင်ရှားသိသာပါသည်။

“အပိ စ ယထေဝ မယာ ဘဂဝတော သမ္မုခါ သုတံ သမ္မုခါ ပဋိဂ္ဂဟိတံ၊ တထေဝါဟံ ဓာရေဿာမိ” သို့ရာတွင် တပည့်တော်သည် ဘုရားဇိနေ်၁ မျက်မှောက်တော်၌ ကြားနာ သင်ယူပြီးသည့် အတိုင်းသာ ဆောင်မှတ်ပါမည်” ဟူသောစကား၌ သံဂါယနာကို အသိအမှတ် မပြုရာ ရောက်သည်ဟု အဓိပ္ပာယ် ကောက်ကြပြန်သည်။ အမှန်စင်စစ်ကား သံဂါယနာတင်ခြင်းဆိုသည်မှာ ဘုရားဇိနေ်၁ လေးဆယ့်ငါးဝါ ကာလပတ်လုံး ဟောတော်မူအပ်သောစကားတော်ကို နိကာယ်အားဖြင့် ခွဲခြားသတ်မှတ်ခြင်း ပိဋကအားဖြင့် ခွဲခြားသတ်မှတ်ခြင်း ဝဂ်အားဖြင့် ဖွဲ့ခြင်း ခွဲခြားသတ်မှတ်ခြင်း အပိုင်းကဏ္ဍဖွဲ့ခြင်း ခွဲခြားသတ်မှတ်ခြင်း တစ်ပါးတွဲတရား, နှစ်ပါးတွဲတရား စသည်ဖြင့် သဘောတူရာခွဲခြားသတ်မှတ်ခြင်း စသည်ဖြင့် အစီအစဉ်စနစ်တကျ ခွဲခြားစီစဉ်ခြင်း ဖြစ်လေသည်။

၁။ ဝိ၊ ၄၊ ၃၇၆–ကြည့်။

ထိုအစီအစဉ်များမှာ အရှင်ပုရာဏမထေရ် ကျက်မှတ်ဆောင်ထားသော အစီအစဉ်နှင့် မတူချေ။ တခြားစီ ဖြစ်နေလေသည်။ သို့ဖြစ်၍ အရှင်ပုရာဏ မထေရ်အနေဖြင့် အသက်အရွယ် ကြီးရင့်အိုမင်းခါမှ နိကာယ်များ, ပိဋက များကို အစီအစဉ်သစ် (စနစ်သစ်)ဖြင့် ပြန်လည် မသင်ယူလို မဆောင် မှတ်လို မသင်ယူနိုင်တော့ချေ။ မမှတ်နိုင်တော့ချေ။ စွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များ သာသနာ့ဝန်ထမ်းများသည် သံဂါယနာမှုအတိုင်း ဆက်လက် သင်ယူတော်မူကြပါ။ မိမိမူကား မိမိရထားသည့် အစီအစဉ် အတိုင်းသာ လျှင် ဆက်လက် ဆောင်ထားတော့မည်-ဟု ဆိုလိုသည်။ အမှန်မှာ အရှင် ပုရာဏမထေရ်သည် သံဂါယနာကို ပွင့်ပွင့်လင်းလင်း လျှောက်ကြား ထောက်ခံတော်မူလေသည်။

၄၅၁။ ပုရာဏော သော ထေရသေဋ္ဌော၊ အနုံဗလဒါယိ သုမိ။
သံဂီတိကာရထေရေဟိ၊ ကတာယ သုသံဂီတိယာ။

ဘုရားဝိနေဒ် အမှာတော်ရှိသည့်အတိုင်း
/ အရှင်ဆန္နအား ဗြဟ္မဒဏ်ပေးခြင်း

အရှင်အာနန္ဒာမထေရ်သည် မိမိအပေါ်၌ သံဂီတိကာရက ရဟန္တာ မထေရ်မြတ်ကြီးတို့က အပြစ်ချွတ်ယွင်းမှု (အပြစ်) ငါးချက် တင်တော်မူ ကြသည်ကို ဖြေရှင်းဝန်ခံ (ဒုက္ကဋ်အာပတ် ဒေသနာကြား)ပြီးသောအခါ သံဂီတိကာရက မထေရ်မြတ်တို့အား ဤသို့ လျှောက်ထားပြန်လေသည်။

အရှင်မြတ်တို့ဘုရား....ဘုရားမြတ်စွာသည် ပရိနိဗ္ဗာန်ဝင်စံတော်မူခါနီး အခါ၌ "ညီဘွားလိမ္မာ အာနန္ဒာ... င ါဘုရားပရိနိဗ္ဗာန်စံလွန်တော်မူသော အခါ ဆန္နရဟန်းအား သံဃာက ဗြဟ္မဒဏ်ပေးစေ" ဟု တပည့်တော်အား မှာကြားတော်မူခဲ့ပါသည်။

ထိုအခါ သံဂီတိကာရက ရဟန္တာအရှင်မြတ်ကြီးတို့က ငါရှင်အာနန္ဒာ ငါ့ရှင်သည် ဘုရားမြတ်စွာအား ဗြဟ္မဒဏ်ဟူသည် အဘယ်ပါနည်း....ဟု မေးလိုက်၏လော-ဟု မေးတော်မူကြရာ။

အရှင်ဘုရားတို့....တပည့် တော်ဘုရားမြတ်စွာအား မေးလိုက်ပါသည်၊ ထိုအခါ ဘုရားမြတ်စွာက-ညီဘွားလိမ္မာ အာနန္ဒာ....ဆန္နရဟန်းသည် သူ အလိုရှိရာကို ပြောဆိုခွင့်ရှိသည်။ ရဟန်းများက ဆန္နရဟန်းအား ဘာမျှ မပြောရ၊ မဆုံးမရ၊ မှသွန်သင်ရ၊ သူ့သဘောအတိုင်းသာ ထားရမည်-ဟု

မိန့်မှာတော်မူခဲ့ပါသည်–ဟု သံဂီတိကာရကရဟန္တာသခင် အရှင်မြတ်ကြီးတို့အား လျှောက်ထားတော်မူသည်။

ထိုအခါ သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ကြီးတို့က "ငါ့ရှင်အာနန္ဒာ...သို့ဖြစ်လျှင် သင်သည်ပင်လျှင် ဆန္နရဟန်းအား ပြဟ္မဒဏ် ပေးချေလော့"ဟု မိန့်တော်မူကြသည်။

ထိုအခါ အရှင်အာနန္ဒာမထေရ်က အရှင်ဘုရားတို့... တပည့်တော်သည် ဆန္နရဟန်းအား အဘယ်ကဲ့သို့ပြဟ္မဒဏ်ပေးရပါမည်နည်း။ အရှင်ဘုရားတို့–ဆန္နရဟန်းသည် ကြမ်းတမ်းပါသည်။ အပြောလည်း ဆိုးပါသည်ဘုရားဟု လျှောက်ထားလေရာ သံဂီတိကာရက ရဟန္တာမထေရ်မြတ်ကြီးတို့က ငါ့ရှင်အာနန္ဒာ....သို့ဖြစ်လျှင် ရဟန်းများစွာတို့နှင့် အတူတကွ သွားလော့ဟု မိန့်ကြားတော်မူကြသည်။

ထိုအခါ အရှင်အာနန္ဒာမထေရ်က အရှင်ဘုရားတို့.... ကောင်းပါပြီ၊ ဤသို့ မထေရ်မြတ်ကြီးတို့အား ဝန်ခံစကား လျှောက်ထားပြီးနောက် အရှင်အာနန္ဒာသည် ရဟန်းငါးရာတို့နှင့် အတူတကွ လှေဖြင့်ဆန်တက်၍ ကောသမ္ဗီပြည် ကောသမ္ဗီမြို့တော်သို့ ကြွတော်မူသည်။ ထိုအချိန်တွင် အရှင်ဆန္နသည် ကောသမ္ဗီပြည် (ကောသမ္ဗီမြို့တော်) ဃောသိတာရုံကျောင်းတိုက်၌ရှိနေသည်။

အရှင်ဆန္နကား ဘုရားမြတ်စွာ၏ ဖွားဖက်တော် ဆန္နအမတ်ဖြစ်လေသည်၊ ဘုရားမြတ်စွာ တောထွက်စဉ်က ကဏ္ဍကမြင်းတော် နောက်က လိုက်ပါခဲ့သည့် ကျွန်ဘော်ရင်း ဖြစ်လေသည်။ နောင်အခါတွင် ဘုရားမြတ်စွာ သာသနာတော်၌ ရဟန်းပြုခဲ့လေသည်။

အရှင်ဆန္နသည် ရဟန်းဖြစ်လာသောအခါ "ငါသည် ငါတို့အရှင့်သားနှင့်တကွ မြတ်သောတောထွက်ခြင်းကို ထွက်တော်မူခဲ့ရာ၌ လိုက်ပါခဲ့ရသူဖြစ်သည်။ ထိုအခါ၌ မည်သူ့ကိုမျှ မတွေ့မမြင်ရ ငါမှတစ်ပါး မည်သူမျှ မပါမရှိခဲ့ချေ။ ယခုအခါ၌မူ ငါကား....သာရိပုတ္တရာမည်၏၊ ငါကား.... မောဂ္ဂလ္လာန်မည်၏။ ငါတို့နှစ်ပါးသည် အဂ္ဂသာဝကများ ဖြစ်ကြသည်ဟု ပြောဆိုကာ နယ်လှည့်နေကြသည်-ဟု အဂ္ဂသာဝက နှစ်ပါး တို့ကို ဆဲရေးသေသည်။

ဘုရားမြတ်စွာသည် ရဟန်းများအထံမှ ထိုအကြောင်းကို ကြားသိတော်မူလေရာ အရှင်ဆန္နကိုခေါ်တော်မူ၍ဆုံးမတော်မူသည်။ အရှင်ဆန္န

သည် ဘုရားဇိနေ့ာ်ရှေတော်၌သာ ဆိတ်ဆိတ်နေပြီး မိမိနေရာ ပြန်ရောက်သောအခါ အဂ္ဂသာဝကကြီးနှစ်ပါးတို့အား ဆဲမြဲတိုင်းသာ ဆဲရေးပြန်သည်။ ဘုရားမြတ်စွာသည်လည်း အရှင်ဆန္နကို ခေါ်တော်မူ၍ ဆုံးမတော်မူပြန်သည်၊ အရှင်ဆန္နသည် ကိုယ့်နေရာပြန်ရောက်၍ (၃) ကြိမ်မြောက် ဆဲပြန်လေသည်။

ထိုအခါ အရှင်ဆန္နကိုခေါ်တော်မူ၍ ဆုံးမပြီးနောက် ဤသို့မိန့်တော်မူသည်။

"အိုဆန္န....သာရိပုတ္တရာ, မောဂ္ဂလ္လာန်ဟူသော အဂ္ဂသာဝကနှစ်ပါးတို့သည် သင်၏မိတ်ဆွေကောင်းယောကျ်ားမြတ်များ ဖြစ်ကြသည်။ အို- ဆန္န ဤကဲ့သို့သော မိတ်ဆွေကောင်းတို့ကို မှီဝဲလေလော့၊ ဆည်းကပ်လေလော့စသည်ဖြင့် မိန့်ကြားတော်မူသော်လည်း အရှင်ဆန္နသည် ရှေးနည်းအတူ အရှင်သာရိပုတ္တရာ,အရှင်မောဂ္ဂလ္လာန်ဟူသော- ရဟန်းတို့ကို ဆဲရေးမြဲဆဲရေးသည်သာ။

ရဟန်းများက ဤအကြောင်းကို ဘုရားမြတ်စွာအား လျှောက်ထားကြလေရာ ဘုရားမြတ်စွာက ချစ်သားရဟန်းတို့ ငါဘုရားသက်တော်ထင်ရှားရှိစဉ် ဆန္နရဟန်းကို ဆိုဆုံးမနိုင်မည် မဟုတ်ချေ။ ဆိုဆုံးမရန်မတတ်နိုင်ကြကုန်လိမ့်လတ္တံ့၊ ငါဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးမှ ဆိုဆုံးမနိုင်ကြလိမ့်မည်။ ချစ်သား- ရဟန်းများတို့.... အရှင်ဆန္နကား သို့စဉ်ကလောက်ခေါင်းမာသော ပုဂ္ဂိုလ်ဖြစ်သည်။ သို့ဖြစ်၍ပင်လျှင် ဘုရားရှင်သည် ပရိနိဗ္ဗာန်ဝင်စံခါနီးဆဲဆဲတွင် အရှင်ဆန္နအား ဗြဟ္မဒဏ်ပေးကြ-ဟု မှာတော်မူခဲ့ရခြင်း ဖြစ်လေသည်။[၁]

အရှင်အာနန္ဒာသည် ရဟန်းငါးရာတို့နှင့်အတူ ကောသမ္ဗီပြည် (ကောသမ္ဗီမြို့တော်)သို့ ရောက်သောအခါ လှေမှဆင်းသက်တော်မူ၍ ဥတေနမင်း၏ဥယျာဉ်နှင့် မနီးမဝေးဖြစ်သည့် သစ်ပင်တစ်ပင်အောက်ဝယ် ထိုင်ကာ နားနေတော်မူလေသည်။

ထိုအခါ ဥတေနမင်းသည် မိဖုရား မောင်းမအပေါင်းတို့နှင့်တကွ အတူ ဥယျာဉ်ကစားတော်မူလျက် ရှိလေသည်။ ထိုမောင်းမမိဿံအပေါင်း တို့သည် အရှင်အာနန္ဒာရောက်တော်မူလာ၍ သစ်ပင်တစ်ပင်အောက်၌ထိုင်နေ

၁။ မဋ္ဌ။ ၄၊ ၁၊ ၃၅၀။

တော်မူကြောင်း ချက်ချင်း ကြားသိသွားကြသည်။ အရှင်အာနန္ဒာကား ဖော်ပြပါ မောင်းမမိဿံတို့၏ ဆရာရင်းပင် ဖြစ်လေသည်။

အရှင်အာနန္ဒာသည် ဘုရားမြတ်စွာ သက်တော်ထင်ရှားရှိစဉ်က ဥတေနမင်း၏ နန်းတွင်းသို့ နေ့စဉ်ကြွတော်မူကာ တရားဓမ္မ သင်ပြပေးတော်မူခဲ့ဖူးလေသည်။ သို့ဖြစ်၍ မောင်းမအပေါင်းတို့သည် အရှင်အာနန္ဒာအထံ သွားရောက်ကြ၍ ဖူးမြော်လိုကြကြောင်း ဥတေနမင်းကြီးအား သံတော်ဦးတင် ခွင့်တောင်းကြကုန်၏။ ဥတေနမင်းကလည်း အနူးအညွတ်ခွင့်ပြုတော်မူလိုက်လေသည်။

ထိုအခါ မောင်းမအပေါင်းတို့သည် အရှင်အာနန္ဒာ ထိုင်နေတော်မူရာ သစ်ပင်ရင်း သစ်ပင်အောက်သို့ သွားရောက်ကြကုန်၍ ရှိခိုးဦးချပြီးနောက် သင့်လျော်လျောက်ပတ်သည့်အရပ်၌ ထိုင်နေကြသည်။ ထိုအခါ အရှင်အာနန္ဒာသည် ထိုမောင်းမတို့အား တရားနှင့် စပ်သွယ်ပတ်သက်သော စကားဖြင့် ရွှင်လန်းတက်ကြွစေတော်မူသည်။ ထိုမောင်းမတို့သည် အရှင်အာနန္ဒာ ဟောကြားသည့်တရားစကား၌ လွန်စွာနှစ်သက် ကြည်ညိုကြကာ အရှင်အာနန္ဒာအား လှူဒါန်းချင်စိတ်တွေ တဖွားဖွားဖြစ်ပေါ်လာကုန်၏။ သို့နှင့် အခြား လှူစရာ ရှာမနေကြတော့ဘဲ မိမိတို့ ဝတ်ဆင်လာကြသော အပေါ်ရုံအဝတ် (ဆာရီ)တို့ကို ချွတ်၍ လှူဒါန်းကြလေသည်။

မောင်းမတို့မှာ ငါးရာမျှ အရေအတွက်ရှိရကား သူမတို့လှူဒါန်းသော အပေါ်ရုံအဝတ်တို့မှာလည်း ငါးရာမျှပင် ရှိလေသည်။ ထို့နောက် မောင်းမငါးရာတို့သည် အရှင်အာနန္ဒာကို ရှိသေမြတ်နိုး ရှိခိုး၍ လက်ယာရစ်လှည့်ပြီးနောက် ဥတေနမင်းရှိရာ ဉယျာဉ်သို့ ပြန်သွားကြကုန်၏။

ဥတေနမင်းသည် မောင်းမငါးရာတို့ အပေါ်ရုံအဝတ် (ဆာရီ)မပါဘဲ ပြန်လာကြသည်ကို အဝေးမှပင် မြင်တော်မူလေသည်။ သို့ဖြစ်၍ မောင်းမငါးရာတို့ ရောက်လာသောအခါ ဤသို့ မေးတော်မူလေသည်။

အို မောင်းမတို့.... သင်တို့သည် ရဟန်းတော် အရှင်အာနန္ဒာကို ဖူးတွေ့ခဲ့ကြရ၏လော-ဟု မေးတော်မူသည်။ မောင်းမတို့က-

အို အရှင်မင်းကြီး.... ကျွန်တော်မတို့သည် ရဟန်းတော် အရှင်အာနန္ဒာကို ဖူးတွေ့ခဲ့ကြရပါသည် ဟု သံတော်ဦးတင်ကြလေသည်။ ထိုအခါ ဥတေနမင်းကြီးက အို မောင်းမတို့.... သင်တို့သည် ရဟန်းတော် အရှင်

အာနန္ဒာအား တင်စုံတစ်ရာ လှူဒါန်းခဲ့ကြသလော-ဟု မေးတော်မူပြန်ရာ၊ မောင်းမတို့က အို မင်းမြတ်.... ကျွန်တော်မတို့သည် အပေါ်ရုံအဝတ် (ဆာရီ) ငါးရာလှူဒါန်းခဲ့ကြပါသည်။

ထိုအခါ ဦးတေနမင်းသည် ရဟန်းတော် အရှင်အာနန္ဒာသည် အဘယ့်ကြောင့် ဤမျှများပြားသော သင်္ကန်းလျာ အဝတ်တို့ကို အလှူခံဘိသနည်း၊ ရဟန်းတော် အရှင်အာနန္ဒာသည် အထည်ကုန်သည် လုပ်တော့မည်လော၊ သို့မဟုတ် အထည်ဆိုင်ဖွင့် တည်ခင်းရောင်းချတော့မည်လော-ဟု ကဲ့ရဲ့ပြောဆို၍ အရှင်အာနန္ဒာရှိရာသို့ သွားပြီးလျှင် အောက်ပါအတိုင်းအကြောင်းစုံ မေးမြန်း၍ အရှင်အာနန္ဒာက အကြောင်းစုံ ဖြေကြားဘော်မူသည်။

(ဦးတေနမင်း) အို အရှင်ဘုရား အာနန္ဒာ....တပည့်တော်၏ မောင်းမများ အရှင်ဘုရားထံ လာရောက်ကြပါသလော။

(အရှင်အာနန္ဒာ) အို ဒကာတော်ရေမြွေရှင်မင်းတရား.... သင်မင်းကြီး၏ မောင်းမများ ငါ့ထံ လာရောက်ကြပေ၏။

(ဦးတေနမင်း) အရှင်ဘုရားအားတစ်စုံတစ်ရာလှူဒါန်းခဲ့ကြပါသလော

(အရှင်အာနန္ဒာ) အို ဒကာတော် မင်းမြတ်.... အပေါ်ရုံ အဝတ်ငါးရာ လှူဒါန်းခဲ့ကြပေသည်။

(ဦးတေနမင်း) ဤမျှများမြောက်လှသော သင်္ကန်းလျာအဝတ်များကို အရှင်ဘုရား အာနန္ဒာ အဘယ်သို့ အသုံးပြုမည်နည်း။

(အရှင်အာနန္ဒာ) အို မင်းမြတ် သင်္ကန်းဟောင်းနွမ်း ဆွေးရိနေသော ရဟန်းများနှင့် ခွဲဝေယူကြပါမည်။

(ဦးတေနမင်း) ဟောင်းနွမ်းဆွေးရိသော မူလသင်္ကန်းတို့ကို အဘယ်သို့ အသုံးပြုမည်နည်း။

(အရှင်အာနန္ဒာ) ထိုသင်္ကန်းဟောင်း သင်္ကန်းနွမ်းများကို အိပ်ရာခင်း ပြုလုပ်ကြလိမ့်မည်။

(ဦးတေနမင်း) အိပ်ရာခင်းအဟောင်းများကိုမည်သို့မည်ပုံပြုမည်နည်း။

(အရှင်အာနန္ဒာ) အိပ်ရာခင်း အဟောင်းများကို ဘုံလျှို (အတွင်း၌ အဝတ်စသည်သွင်း၍ချုပ်သော) အခင်းဖုံးပြုကြမည်။

(ဦးတေနမင်း) မူလ ဘုံလျှို အခင်းဟောင်းများကိုမည်သို့ပြုမည်နည်း။

(အရှင်အာနန္ဒာ) မူလ ဘုံလျှိုအခင်းများကို မြေပေါ်အခင်း ပြုလုပ်ကြလိမ့်မည်။

(ဥတေနမင်း) မူလ မြေပေါ်အခင်းဟောင်းများကို မည်သို့ပြုလုပ်ကြမည်နည်း။

(အရှင်အာနန္ဒာ) မူလ မြေပေါ်အခင်းဟောင်းများကို ခြေသုတ်အဝတ် ပြုလုပ်ကြလိမ့်မည်။

(ဥတေနမင်း) မူလ ခြေသုတ် အဝတ်ဟောင်းများကို မည်သို့ ပြုလုပ်ကြမည်နည်း။

(အရှင်အာနန္ဒာ) မူလ ခြေသုတ် အဝတ်ဟောင်းများကို ရေဖြင့်ဆွတ်၍ ကြမ်းတိုက်အဝတ် ပြုလုပ်ကြလိမ့်မည်။

(ဥတေနမင်း) မူလ ကြမ်းတိုက်အဝတ်ဟောင်းများကို မည်သို့ ပြုလုပ်ကြမည်နည်း။

(အရှင်အာနန္ဒာ) အိုဒကာတော်မင်းကြီး....မူလကြမ်းတိုက်အဝတ်ဟောင်းများကို တောက်တောက်စဉ်း၍ ရွှံ့စေးနှင့် နယ်ပြီးလျှင် ကျောင်းတွင်း အောက်ခံမြေကို သရွတ်မံကြမည်။

ထိုအခါ ဥတေနမင်းသည် ''ဤသာကီဝင်မင်းသား ဘုရားသားတော် ရဟန်းအားလုံးတို့သည် သင့်လျော်သောအကြောင်းအားဖြင့် သာသုံးစွဲကြပေသည်။[1] သိုမှီးသိမ်းဆည်းမထားကြ။ အထည်တိုက်ထဲသို့ မရောက်စေကြ'' ဟု နှလုံးသွင်းဆင်ခြင်ကာ ကြည်ညိုသဖြင့် နောက်ထပ် အထည်ငါးရာတို့ကို ယူခဲ့စေကာ အရှင်အာနန္ဒာမထေရ်မြတ်အား လှူပြန်လေသည်။

ဤသည်လျှင် အရှင်အာနန္ဒာအား ရှေးဦးစွာ သင်္ကန်းလျာအဝတ် တစ်ထောင်ရခြင်းပင်ဖြစ်လေသည်[2]။ ၎င်းနောက် အရှင်အာနန္ဒာသည် ဃောသိတာရုံကျောင်းတိုက်သို့ ကြွတော်မူသည်။ အရှင်အာနန္ဒာကြွရောက်လာကြောင်း ကြားသိလေလျှင် အရှင်ဆန္နသည် အရှင်အာနန္ဒာထံလာ၍ ရှိသေစွာရှိခိုးပြီး သင့်လျော်သောအရပ်၌ ထိုင်နေလေသည်။ ထိုအခါ အရှင်အာနန္ဒာက ''ငါ့ရှင်ဆန္န... သံဃာတော်သည် ငါ့ရှင်ဆန္နအား ပြဟ္မဒဏ်ပေးရန် ငါ့ကိုစေလွှတ်လိုက်ပေသည်''[3] ဟု မိန့်ဆိုတော်မူလေသည်။

၁၊ သဗ္ဗေပိ မေ သဏော သက္ကုပ္ပတ္တိယာ ယောနိသော ဥပနေန္တိ။
ဝိ၊ ၄၊ ၄၀၉။

၂၊ ဝိ၊ ၄၊ ၄၀၀-၉-ကြည့်၊

၃၊ သံဃေန တေ အာဝုသော ဆန္န ဗြဟ္မဒဏ္ဍော အာဏာပိတော၊

ထိုအခါ အရှင်ဆန္နက အရှင်ဘုရားအာနန္ဒာ....ဗြဟ္မဒဏ်ဟူသည် အဘယ်ပါနည်းဟုမေးလျှောက်ရာ အရှင်အာနန္ဒာက ငါ့ရှင်ဆန္န... ဗြဟ္မဒဏ်ဟူသည် သင့်ကို ရဟန်းများက စကားလည်းမပြောရ၊ ဆိုဆုံးမမှုလည်း မပြုရ၊ သွန်သင်မှုလည်း မပြုရဟူသောဒဏ် ဖြစ်သည်။

ထိုအခါ အရှင်ဆန္နက- အရှင်ဘုရားအာနန္ဒာ... ဤသို့ တပည့်တော်ကို ရဟန်းများက စကားမပြော၊ ဆိုဆုံးမမှုလည်းမပြု၊ သွန်သင်မှုလည်းမပြုခြင်းဖြင့် ရဟန်းများက တပည့်တော်ကိုအသေသတ်ခြင်းပင်မဟုတ်ပါလော့ဟု လျှောက်ဆိုကာ လွန်စွာစိတ်ထိခိုက်သဖြင့် ထိုနေရာမှာပင် မိန်းမောလဲကျသွားခဲ့လေသည်။ သတိမရရှာဘဲ မေ့မြောသွားခဲ့လေသည်။ ထိုအခါ အနီးအနားရှိ ရဟန်းများက သတိရအောင် ပြုစုစောင့်ရှောက်ကြသည်။

သတိရလာသောအခါ အရှင်ဆန္နသည် မိမိနှင့်အကျွမ်းဝင်သော ရဟန်းတစ်ပါးထံ ထသွားလေသည်။ ထိုရဟန်းက စကားမပြောသောအခါ တခြားရဟန်းတစ်ပါးထံ ထသွားပြန်လေသည်။ ထိုရဟန်းကလည်း စကားမပြောသဖြင့် အခြားရဟန်းတစ်ပါးထံ ထသွားပြန်လေသည်။

//ဤသို့လျှင် ဃောသိတာရုံကျောင်းတိုက်က ရဟန်းအားလုံးတို့က စကားမပြောဘဲနေကြသောအခါ စိတ်ပျက်အားငယ်၍ ကောသမ္ဗီပြည် ကောသမ္ဗီမြို့တော်တွင် မနေတော့ဘဲ ကာသိတိုင်း ဗာရာဏသီမြို့တော် ဣသိပတနမိဂဒါဝုန်တောသို့ကြွသွားလေသည်။ ဗာရာဏသီသို့ရောက်သောအခါ စိတ်ဓာတ်ကျဆင်းကာ သံဝေဂရလာသည်။ ယခင်ကမူ ငါ့ဘုရား, ငါ့ဘုရား၏ တရားတော်ဟု မာန်စင်ကာ မည်သည့်ရဟန်းကိုမျှဂရုမစိုက် ပြောချင်ရာပြောဆို၍ နေခဲ့သော အရှင်ဆန္နသည် သူ၏ အားကိုးအားထားပြုရာဘုရားမြတ်စွာ ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့သဖြင့် ရဟန်းသံဃာအားလုံးက ဗြဟ္မဒဏ်ပေးကာ အကျပ်ကိုင်သောအခါ ယခင်က မာန်မာနများ ပျောက်ကွယ်၍ အကြီးအကျယ် ထိတ်လန့်ခဲ့လေသည်။

သို့ဖြစ်၍ တစ်ခုသောညနေချမ်း ချိန်ခါသမယဝယ် နေသန့်ရာမှ ထ၍ တံခါးဖွင့်စရာ သံကောက်(သော့)ကို ကိုင်ပြီး ကျောင်းစဉ်လှည့်လည်ကာ ဤသို့ လျှောက်ထားတောင်းပန်ခဲ့လေသည်။

"အရှင်ဘုရားတို့....အရှင်ဘုရားတို့သည် တပည့်တော်အား ဆုံးမတော်မူကြပါကုန်လော့၊ သွန်သင်ပြောဆိုတော်မူကြပါကုန်လော့၊ တပည့်တော်အား တရားမှန်သိမြင်လာအောင် တရားဓမ္မ ဟောပြတော်မူကြပါကုန်လော့"

ဤသို့ အရှင်ဆန္နက– မိဂဒါဝုန် ကျောင်းတိုက်ကြီးအတွင်း၌ ရဟန်း သံဃာတော်များအား လှည့်လည်တောင်းပန်သောအခါ မထေရ်ကြီးတို့က အရှင်ဆန္နကို သနားသဖြင့် ဤသို့ တရားဟောတော်မူကြသည်။

ငါ့ရှင်ဆန္န...ရုပ်တရားအစုသည် အမြဲမရှိ၊ ဝေဒနာ တရားအစုသည် အမြဲမရှိ၊ သညာတရားအစုသည် အမြဲမရှိ၊ သင်္ခါရတရားအစုသည် အမြဲ မရှိ၊ ဝိညာဏ်တရားအစုသည် အမြဲမရှိ၊ ရုပ်တရားအစုသည် အတ္တကောင် မဟုတ်၊ဝေဒနာတရားအစုသည်အတ္တကောင်မဟုတ်၊သညာတရားအစုသည် အတ္တကောင်မဟုတ်၊ သင်္ခါရတရားအစုသည် အတ္တကောင်မဟုတ်၊ ဝိညာဏ် တရားအစုသည် အတ္တကောင်မဟုတ်၊ သင်္ခါရတရား အားလုံးတို့သည် အမြဲ မရှိကုန်။ သဘာဝတရား အားလုံးတို့သည် အတ္တကောင် မဟုတ်ကုန်။

မထေရ်ကြီးတို့သည်သင်္ခါရတရားတို့၏အနိစ္စလက္ခဏာ၊အနတ္တလက္ခဏာ တို့ကိုသာ ဟောတော်မူကြသည်၊ ဒုက္ခလက္ခဏာကို ဟောတော်မမူကြကုန်။ အကယ်၍ ဒုက္ခလက္ခဏာကို ဟောတော်မူလျှင် ဤဆန္နရဟန်းသည် မဂ် တရားလည်း ဒုက္ခတရားသာဖြစ်သည်၊ ဖိုလ်တရားလည်း ဒုက္ခတရားသာ ဖြစ်သည်၊ အရှင်ဘုရားတို့...မဂ်ဖိုလ်ရသူများလည်း ဒုက္ခရောက်သူများဖြစ် ကြသည်-ဟု အလွဲအမှားကို မှတ်ယူ ပြောဆိုလိမ့်မည်ဟု စိုးရိမ်တော်မူ ကြသည်။

ထိုအခါအရှင်ဆန္နသည်ဤသို့နှလုံးသွင်းဆင်ခြင်စဉ်းစားမိလေသည်။ ငါ့မှာလည်း ဤအသိမျိုး ရှိသည်၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တရားတို့သည် အနိစ္စသာ ဖြစ်ကုန်၏။ အနတ္တသာ ဖြစ်ကုန်၏။ သင်္ခါရတရားအားလုံးပင်အမြဲမရှိ၊သဘာဝတရားအားလုံးပင်အတ္တကောင် မဟုတ်-ဟု သိပြီးဖြစ်လေသည်။သို့ဖြစ်ပါလျက် ငါ့စိတ်သည် နိဗ္ဗာန်တရား ကိုအာရုံမပြုနိုင် သဘောမကျနိုင်ဖြစ်နေလေသည်။ငါ့မှာ တပ်မက်စွဲလမ်းမှု မကင်းဘဲ ဖြစ်နေသည်။ ရုပ်တရားအစု စသည်တို့တွင် တစ်ခုခုမျှ အတ္တ မဟုတ်ခဲ့လျှင် ငါ၏ကိုယ်ကောင် အတ္တကား အဘယ်နည်းဟု စိတ်လည်နေ လေသည်။ ဤသို့စိတ်လည်ခြင်းသည် တရားသိမြင်သူ၏သဘောမျိုးမဟုတ် ချေ။ ငါ့ကို တရားသိမြင်အောင် အဘယ်ပုဂ္ဂိုလ်သည် ဟောကြားနိုင်ပါ မည်နည်းဟု စဉ်းစားဆင်ခြင်သောအခါ အရှင်ဆန္နသည် အရှင်အာနန္ဒာ မထေရ်ကိုပင် သွား၍မြင်မိလေသည်။

အရှင်အာနန္ဒာသည် ယခုအခါ ကောသမ္ဗီပြည်(ကောသမ္ဗီမြို့တော်)ဃောသိတာရုံကျောင်းတိုက်မှာပင်ရှိနေသည်။ အရှင်အာနန္ဒာသည်ဘုရားမြတ်စွာ၏ ချီးမွမ်းခြင်းကို ခံရသည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ ငါ့အား တရားမှန်ကို သိမြင်အောင် ဟောကြားနိုင်သူလည်း ဖြစ်သည်။ ငါ့အား တရားဟောစေရန် အရှင်အာနန္ဒာနှင့် အကျွမ်းဝင်မှုလည်း ရှိသည်၊ ငါသည် အရှင်အာနန္ဒာထံသို့ သွားမှသင့်မည်။

အရှင်ဆန္နသည် ဤသို့ ကြံစည်ဆင်ခြင်ပြီး မိမိ၏သပိတ်သင်္ကန်းကိုယူ၍ ဗာရာဏသီမြို့တော်အနီး ဣသိပတနမိဂဒါဝုန်ကျောင်းတိုက်မှ ကောသမ္ဗီပြည်(ကောသမ္ဗီမြို့တော်)သို့ ထွက်ခွာသွားလေသည်။

အရှင်ဆန္န ရဟန္တာဖြစ်ခြင်း

အရှင်ဆန္နသည် ကောသမ္ဗီမြို့တော်အနီး ဃောသိတာရုံကျောင်းတိုက်ကြီးသို့ ပြန်သွားသောအခါ အရှင်အာနန္ဒာမထေရ်မြတ်ထံသွားကာ မိမိဖြစ်သမျှအကြောင်းစုံကို လျှောက်ထားလေသည်။ ဗာရာဏသီမြို့တော် ဣသိပတန မိဂဒါဝုန်ကျောင်းတိုက်က မထေရ်ကြီးများအား သူ့ကတရားဟောပုံ သိစိတ်တွင် နိဗ္ဗာန်ကို ကောင်းစွာသဘောမကျနိုင် ဖြစ်နေပုံတို့ကို အစုံအလင် ဖွင့်ဟလျှောက်ထားလေသည်။

၎င်းနောက် အရှင်အာနန္ဒာအား ''အရှင်ဘုရားအာနန္ဒာ....အရှင်ဘုရားသည် တပည့်တော်ကိုဆုံးမတော်မူပါလော့၊အရှင်ဘုရားအာနန္ဒာ .. အရှင်ဘုရားသည် တပည့်တော်ကို သွန်သင်တော်မူပါလော့၊ အရှင်ဘုရားအာနန္ဒာ .. အရှင်ဘုရားသည် တပည့်တော်တရားသိမြင်လာအောင် တရားမမှ ဟောကြားပြသတော်မူပါလော့''

ဟု အရှင်အာနန္ဒာအား လျှောက်ထား တောင်းပန်လေသည်။ မိမိ၏မာန်မာနဟူသော ခြောင့်တံသင်းကို ဖြတ်တောက်ပစ်ခဲ့လေသည်။ အရှင်အာနန္ဒာသည် ဤမျှဖြင့်ပင် အရှင်ဆန္နအား နှစ်သက်ကျေနပ်တော်မူလေသည်။ သို့ဖြစ်၍ အရှင်အာနန္ဒာသည် ငါ့ရှင်ဆန္န....သင်သည် အာရုံတစ်ပါးစိတ်မသွားစေဘဲ ထောင်နားစိုက်ပါလော့၊ ငါ့ရှင်သည် တရားသိထိုက်သူတစ်ယောက် ဖြစ်ပေသည်-ဟု ဤမျှလောက် မိန့်ကြားတော်မူလိုက်လျှင်ပင် အရှင်ဆန္နအား များစွာဝမ်းမြောက်ရွှင်လန်းခြင်းဖြစ်လေသည်။ ငါကား တရားသိထိုက်သူ တစ်ယောက် ဖြစ်သည်-ဟု လွန်စွာ အားတက်လာလေသည်။

ထို့နောက် အရှင်အာနန္ဒာက အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။

ငါ့ရှင်ဆန္န....ငါသည် ကစ္စာနအနွယ်၌ဖြစ်သော ရဟန်းအား ဤကစ္စာနဂေါတ္တသုတ်ကို ဘုရားမြတ်စွာ မျက်မှောက်တော်မှ ဤသို့ကြားနာလိုက်ရသည်။ သင်ယူလိုက်ရသည်။

အိုကစ္စာန....သတ္တလောကဟူသော ဤသတ္တဝါအပေါင်းသည် အများအားဖြင့် အမြဲတည်ရှိခြင်း သဿတဒိဋ္ဌိကိုလည်းကောင်း၊ ဘာမျှမရှိခြင်း ဥစ္ဆေဒဒိဋ္ဌိကိုလည်းကောင်း ဤဒိဋ္ဌိနှစ်ပါး၌အမှီပြုလျက်ရှိ၏၊ အို-ကစ္စာန လောက၏ဖြစ်ကြောင်းတရားကို မှန်ကန်သောပညာဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်သောပုဂ္ဂိုလ်အား လောက၌ ဘာမျှမရှိဟူသော ဥစ္ဆေဒဒိဋ္ဌိမဖြစ်၊ လောက၏ချုပ်ငြိမ်းရာကို မှန်ကန်သောပညာဖြင့် ဟုတ်တိုင်း မှန်စွာသိမြင်သူအား လောက၌ အမြဲတည်ရှိခြင်းဟူသော သဿတဒိဋ္ဌိ မဖြစ်။

အိုကစ္စာန....ဤသတ္တလောကဟူသော သတ္တဝါအပေါင်းသည် များသောအားဖြင့် ကပ်ငြိခြင်း, စွဲလမ်းခြင်း နှလုံးသွင်းခြင်းဟူသော တဏှာဒိဋ္ဌိတို့ဖြင့် နှောင်ဖွဲ့အပ်၏။ အကြင်အရိယာသာဝကသည် စိတ်၏တည်ရာဖြစ်သော စိတ်၌ပင် မှီတတ် ကိန်းအောင်းတတ်သော ထိုတဏှာဒိဋ္ဌိဖြင့် ကပ်ငြိစွဲလမ်းခြင်းသို့ မရောက် မစွဲလမ်း၊ ငါ့ကိုယ်ဟုလည်း မရပ်တည်၊ ဆင်းရဲခြင်းသည်သာ ဖြစ်စရာရှိသော် ဖြစ်၏။ ချုပ်စရာရှိသော် ချုပ်၏ဟုသိ၍ ယုံမှားခြင်းလည်းမရှိ၊ သို့လော သို့လော....တွေးတောခြင်းလည်းမရှိ။ သူတစ်ပါးကို အားကိုး ယုံကြည်မနေဘဲ သူတစ်ပါး၏ စကားကို ယုံကြည်ခြင်းကြောင့်မဟုတ်ဘဲ ဤသင်္ခါရ တရားစု၌ ကိုယ်ပိုင် အသိဉာဏ်သာလျှင် ထိုအရိယာသာဝကအား ဖြစ်ပေ၏။ အို ကစ္စာန....ဤမျှဖြင့် သမ္မာဒိဋ္ဌိ ဖြစ်ပေ၏။

အိုကစ္စာန....အလုံးစုံသည် ထင်ရှားရှိ၏ဟူသော အယူဝါဒသည်အစွန်းတစ်ခုဖြစ်၏။ အလုံးစုံသည် မရှိဟူသော အယူဝါဒသည် အစွန်းတစ်ဘက်ဖြစ်၏။ အိုကစ္စာန....အစွန်းနှစ်ဘက်သို့ မရောက်စေဘဲအလယ်လမ်းစဉ်ဖြင့် ဘုရားမြတ်စွာသည် တရားဓမ္မကို ဟောကြားတော်မူ၏။

မသိမှု အဝိဇ္ဇာကြောင့်ပြုလုပ်မှု သင်္ခါရ ဖြစ်ပေ၏။ သင်္ခါရကြောင့် ပဋိသန္ဓေဝိညာဉ် ဖြစ်ပေ၏။ ဝိညာဉ်ကြောင့် ပဋိသန္ဓေနာမ်ရုပ် ဖြစ်ပေ၏။ နာမ်ရုပ်ကြောင့် အာယတနခြောက်ပါးဟူသော သဠာယတန

ဖြစ်ပေ၏။ မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ်-ဟူသော သဠာယတန ကြောင့် အာရုံနှင့် တွေ့ထိမှု ဖဿ ဖြစ်ပေါ်လာ၏။ ဖဿကြောင့်ခံစားမှု ဝေဒနာ ဖြစ်ပေါ်လာ၏။ ဝေဒနာကြောင့် တပ်မက်မှုတဏှာ ဖြစ်ပေါ် လာ၏။ တဏှာကြောင့် စွဲလမ်းမှု ဥပါဒါန် ဖြစ်ပေါ်လာ၏။ ဥပါဒါန် ကြောင့် ဘဝ ဖြစ်ပေါ်လာ၏။ ဘဝကြောင့် ဇာတိ ဖြစ်ပေါ်လာ၏။ ဇာတိကြောင့် အိုခြင်း,သေခြင်း, ဇရာ,မရဏ ဖြစ်ပေါ်၏။ စိုးရိမ်ပူဆွေး ခြင်း သောက၊ ငိုကြွေးမြည်တမ်းခြင်း ပရိဒေဝ၊ ကိုယ်၏ဆင်းရဲခြင်း ဒုက္ခ၊ စိတ်၏ဆင်းရဲခြင်းဒေါမနဿ၊ ပြင်းစွာပူပန်ခြင်း ဥပါယာသတို့သည် ဖြစ် ပေါ်လာကုန်၏။ ဤသို့လျှင် သက်သက်ဆင်းရဲအစုသာလျှင် ဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရား၏ ဖြစ်ပေါ်မှုသည် ဖြစ်၏။

အဝိဇ္ဇာ တဏှာ၏သာလျှင် တပ်မက်မှု ကင်းသော မဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့် သင်္ခါရချုပ်ငြိမ်းသည်။ သင်္ခါရ ချုပ်ငြိမ်းခြင်း ကြောင့် ဝိညာဉ်ချုပ်ငြိမ်းသည်။ ဝိညာဉ်ချုပ်ငြိမ်းခြင်းကြောင့် သဠာယတန ချုပ်ငြိမ်းသည်။ သဠာယတန ချုပ်ငြိမ်းခြင်းကြောင့် ဖဿ ချုပ်ငြိမ်း သည်။ ဖဿ ချုပ်ငြိမ်းခြင်းကြောင့် ဝေဒနာ ချုပ်ငြိမ်းသည်။ ဝေဒနာ ချုပ်ငြိမ်းခြင်းကြောင့် တဏှာ ချုပ်ငြိမ်းသည်။ တဏှာ ချုပ်ငြိမ်းခြင်း ကြောင့် ဥပါဒါန် ချုပ်ငြိမ်းသည်။ ဥပါဒါန် ချုပ်ငြိမ်းခြင်းကြောင့် ဘဝ ချုပ်ငြိမ်းသည်။ ဘဝ ချုပ်ငြိမ်းခြင်းကြောင့် ဇာတိ ချုပ်ငြိမ်းသည်။ ဇာတိ ချုပ်ငြိမ်းခြင်းကြောင့် ဇရာမရဏ ချုပ်ငြိမ်းသည်။ သောက ပရိ ဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့လည်း ချုပ်ငြိမ်းကုန်၏။ ဤသို့လျှင် သက်သက် ဆင်းရဲအစုသာဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရား၏ ချုပ် ငြိမ်းမှုသည် ထင်ရှား၏။

* ဤသို့ အရှင်အာနန္ဒာ မထေရ်မြတ်က ကရုဏာရှေ့ထား ဟောကြား တော်မူလေရာ အရှင်ဆန္နသည် အရှင်ဘုရားအာနန္ဒာ....မိမိအား သနား စောင့်ရှောက်တတ်ကြသော၊ အကျိုးကို လိုလားတတ်ကြကုန်သော၊ ဆုံးမ ကံမြစ်တတ်ကြသော သီတင်းသုံးဖော်များရှိကြသည့် အရှင်ကောင်း အရှင် မြတ်တို့အား ဤအတိုင်းသာ ဖြစ်ရပေမည်။ ယခု တပည့်တော်၏ အရှင် အာနန္ဒာ၏ ဤတရားဒေသနာတော်ကို ကြားနာရ၍ တရားကို သိရပေပြီ ဟု လျှောက်ထားလေ၏။

ထို့နောက် အရှင်ဆန္နသည် အဖော်မပါဘဲ တစ်ပါးတည်း ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်၍ ဝိပဿနာဘာဝနာ အားထုတ်လေရာ မကြာမီပင် ပဋိသမ္ဘိဒါ ဉာဏ်လေးပါးပိုင်ရှင် ရဟန္တာသခင် အရှင်မြတ်အဖြစ်သို့ ရောက်တော်မူလေသည်။

ယင်းသို့ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ပြီးနောက် အရှင်အာနန္ဒာအထံ ချဉ်းကပ်လာရောက်၍ "အရှင်ဘုရားအာနန္ဒာ.... ယခု တပည့်တော်အား ပေးထားသော ဗြဟ္မဒဏ်ကို ရုပ်သိမ်းတော်မူပါလော့"ဟု လျှောက်ထားလေသည်။

ထိုအခါ အရှင်အာနန္ဒာက- "ငါ့ရှင်ဆန္န....ငါ့ရှင် ရဟန္တာအဖြစ်သို့ ရောက်ချိန်ကစ၍ ဗြဟ္မဒဏ်မှ လွတ်မြောက်ခဲ့လေပြီ"ဟု မိန့်ကြားတော်မူလေ၏။[၁]

အရှင်အာနန္ဒာ မထေရ်မြတ်ကား အပြောအဆို လိမ္မာသည့်အပြင် ပုဂ္ဂိုလ်စရိုက်ကိုလည်း ထိုက်သည့်အားလျော်စွာသိတတ်လှပေသည်။ အရှင်ဆန္နသည် မိမိ၏ အာသဝေါကင်းကွာ ရဟန္တာဖြစ်ကြောင်းကို-

၄၇၂။ သုတွာန ဓမ္မံ မဟာတော မဟာရသံ၊
သဗ္ဗညုတဉာဏဝရေန ဒေသိတံ။
မဂ္ဂံ ပပဇ္ဇိံ အမတဿ ပတ္တိယာ၊
သော ယောဂက္ခေမဿ ပထဿ ကောဝိဒေါ။

ဟူသော ဂါထာဖြင့် ရှင်ရှင်မြူးမြူး ကျူးရင့်ဖော်ပြတော်မူခဲ့လေသည်။

ဂါထာအနက်။ ။အဟံ=ငါဆန္နမထေရ်သည်။ မဟတော=မြတ်သော သီလ အစရှိသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသောဘုရားရှင်၏။ ဝါ=နတ်နှင့်တကွ သတ္တလောက၏ ညွတ်ရှိုးကော်ရော် ပူဇော်အပ်ရာ ဘုရားမြတ်စွာ၏။ သန္တိကာ=အထံတော်မှ။ သဗ္ဗညုတဉာဏဝရေန = သဗ္ဗညုတဉာဏ်တော်မြတ်ဖြင့်။ ဒေသိတံ = ကရုဏာရှေ့ထား ဟောကြားတော်မူအပ်သော။ မဟာရသံ=ဝိမုတ္တိရသကို ပေးတတ် မြတ်သော အရသာရှိသော။ ဓမ္မံ=တရားတော်ကို။ သုတွာန=နားပသာဒဖြင့် ကြားနာရ၍။ အမတဿ=မသေရာမှန် နိဗ္ဗာန်သို့။ ပတ္တိယာ=ရောက်ခြင်းငှာ။ မဂ္ဂံ = အင်္ဂါရှစ်ပါး

၁၊ ဝိ၊ ၄၊ ၄၇၃၊ သံ၊ ၂၊ ၁၁၇၊ ၁၁၀၊ သံ၊ ဋ္ဌ၊ ၂၊ ၁၉၁၊
ဓမ္မ၊ ဋ္ဌ၊ ၁၊ ၃၅၁-ကြည့်၊
၂၊ ထေရဂါထာ၊ ၂၃၅၊

ရှိသော အရိယာမဂ်ကို။ ပပဇ္ဇိ = ကျင့်သုံးခဲ့လေပြီ၊ သော = ထို ဘုရားမြတ်စွာသည်။ ယောဂက္ခေမသာ = ယောဂလေးတန်ကုန်ကြောင်းမှန်သော၊ ပထသာ = လမ်းဖြောင့်လမ်းမှန် ခရီးဖြောင့်ခရီးမှန်၌။ ကောဝိဒေါ = အတုမဲ့ လိမ္မာကျွမ်းကျင်တော်မူလှပါပေ၏။

ဥဒါန်းဂါထာကား ဘုရားရှင်ထံမှ တိုက်ရိုက်နာယူရသကဲ့သို့ ဖြစ်သည်။

သက္ကရာဇ်ဖြို သာသနာသက္ကရာဇ် စ,တင်ခြင်း

ပဌမ သံဂါယနာတင်ပွဲကြီးသည် ခုနစ်လကြာမြင့်ရာ ဝါခေါင်လပြည့်ကျော် ၅-ရက်နေ့တွင် စတင်ခဲ့၍ တပေါင်းလပြည့်ကျော် ၅-ရက်နေ့တွင် ပြီးဆုံးခြင်းသို့ ရောက်လေသည်။ ထိုအခါ သံဃိတိမဟာနာယက သံဃပါမောက္ခ အရှင်မဟာကဿပနှင့် ပဌမသံဂါယနာတင် သာသနဒါယကာ အဇာတသတ်မင်းနှင့် သဘောတူညီကြ၍ မဟာသက္ကရာဇ် ၁၄၈-ခုနှစ်ကို ချေပြီးလျှင် ၁-ခုကြွင်းပြုလျက် ဘုရားမြတ်စွာ ပရိနိဗ္ဗာန်စံသောနှစ်ကို ပဌမ ၁-နှစ်ဟု သတ်မှတ်ရေတွက်လေသည်။ မဟာသက္ကရာဇ်နှင့် သာသနာသက္ကရာဇ်ကို တညီတည်းပြု၍ ရေတွက်ခဲ့လေသည်။

ပိဋကတ်သုံးပုံကို တတိယ သံဂါယနာတိုင်အောင် ချပို့သယ်ဆောင်ခဲ့ကြသည့်မထေရ်များ

ပဌမသံဂါယနာ မဟာဓမ္မသဘင်ကြီးမှ သံဃိတိမဟာနာယက အရှင်မဟာကဿပ အမှူးရှိသော သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ကြီးတို့သည် အသီးအသီးတာဝန်ပေးတော်မူ၍ ဗုဒ္ဓဝစနခေါ် ဘုရားမြတ်စွာ စကားတော်အပေါင်း မကွယ်မပအောင် ဆောင်ရွက်တော်မူခဲ့ကြကုန်၏။ ယင်းသို့ ဆောင်ရွက်တော်မူရာဝယ် ပိဋကတ်သုံးသွယ် မကွယ်မပအောင် တတိယသံဂါယနာတိုင် ချပို့သယ်ဆောင်တော်မူခဲ့ကြသော သာသနာ့ဝန်ဆောင် မထေရ်မြတ်တို့ကို ဖော်ပြအပ်ပါသည်။

ဝိနည်းပိဋကကို ချပို့သယ်ဆောင်ခဲ့သည့် မထေရ်များ

ယင်း ပိဋကတ်သုံးပုံအနက် ဝိနည်းပိဋကတော်ကြီး မကွယ်မပအောင် တတိယသံဂါယနာတိုင်အောင် ချပို့သယ်ဆောင်တော်မူခဲ့ကြသော မထေရ်

၄၅၃။ ဥပါလိ ဒါသကော စေဝ၊ သောဏကော သိဂ္ဂဝေါတထာ။
တိဿော မောဂ္ဂလိပုတ္တော စ ပဉ္စေတေ ဝိဇိတာဝိနော။
၄၅၄။ ပရမ္ပရာယ ဝိနယံ ဒီပေ ဇမ္ဗုသိရိဝှယေ။
အစ္ဆိဇ္ဇမာနေသုံ၊ တတိယော ယာဝ သင်္ဂဟော။[၁]
ဟူသော နှစ်ဂါထာဖြင့် ဖော်ပြတော်မူခဲ့ကြကုန်၏။

ဂါထာအနက်။ ။ဥပါလိ=အရှင်ဥပါလိထေရ် လည်းကောင်း။ ဒါသကောစေဝ-အရှင်ဒါသကထေရ် လည်းကောင်း။ သောဏကော=အရှင် သောဏကထေရ် လည်းကောင်း။ သိဂ္ဂဝေါ = အရှင် သိဂ္ဂဝထေရ် လည်းကောင်း။တိဿောစ=အရှင်မောဂ္ဂလိပုတ္တတိဿထေရ်လည်းကောင်း။ဣတိ-ဤသို့။ ပဉ္စ=ငါးပါးကုန်သော။ ဝိဇိတာဝိနော-ကိလေသာ ရန်ကို အောင်တော်မူလေကုန်ပြီးသော၊ ဧတေ = ဤ အာသဝေါ ကင်းကွာ ရဟန္တာအရှင်မြတ်တို့သည်။ ဇမ္ဗုသိရိဝှယေ=သပြေပင်နှင့်တူသော အမည်ရှိသော။ ဒီပေ-ဇမ္ဗူကျွန်း၌၊ ပရမ္ပရာယ -အဆက်ဆက်အားဖြင့်။ဝိနယံ=ဝိနည်းပိဋကကို။ အစ္ဆိဇ္ဇမာနံ = မပြတ်မစဲအောင်။ ယာဝ-အကြင်မျှလောက်။ တတိယောသင်္ဂဟော - သုံးကြိမ်မြောက် သိမ်းယူကြောင်းသံဂါယနာသည်။ ဝါ = တတိယ သံဂါယနာသည်။ အတ္ထိ = ရှိ၏။ တာဝ = ထိုတတိယသံဂါယနာတိုင်အောင်။ အာနေသုံ = သင်ကြားပို့ချ ဆောင်တော်မူခဲ့ကြလေကုန်ပြီ။

ဖော်ပြပါ ပဌမသံဂါယနာမှစ၍ တတိယ သံဂါယနာ တင်ရာအခါတိုင်အောင် ဝိနယပိဋကကို သင်ကြားပို့ချ ဆောင်တော်မူခဲ့ကြသော မထေရ်မြတ် ၅-ပါးတို့၏ အဖြစ်တော်စဉ် အကျဉ်းချုပ်ကို အစဉ်အတိုင်း ဖော်ပြအပ်ပါသည်။

အရှင်ဥပါလိထေရ်

အရှင်ဥပါလိသည် ဝိနယဓရ ဧတဒဂ်ရ ပဌမ သံဂါယနာဝိဿဇ္ဇက, ပဌမ သံဂါယနာသံဂီတိကာရကဖြစ်၍ ဝိနည်းသာသနာကြီး မကွယ်မပအောင် ထူးထူးခြားခြား ဆောင်ရွက်တော်မူခဲ့သည့် မထေရ်မြတ်ဖြစ်တော်မူသည်။

၁။ ဝိ၊ ဋ္ဌ ၁။ ၂၄၊

ဝိနည်းပိဋကချပို့ရန် တာဝန်ယူခြင်း

အရှင်မဟာကဿပ အမှူးရှိသော သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ငါးရာတို့ ဝိနည်းပိဋကကို သံဂါယနာတင်ပြီးသောအခါ အရှင်မဟာကဿပ အမှူးရှိသော သံဂီတိကာရက ရဟန္တာ ငါးရာတို့က ဝိနည်းပိဋကကို တာဝန်ခံ၍ တပည့်တို့ကို ချပို့စေရန် တာဝန်ပေးအပ်တော်မူကြရာ အရှင် ဥပါလိသည် တာဝန်ယူတော်မူခဲ့လေသည်။

ရဟန္တာတစ်ထောင်အား ပိဋကသုံးပုံချပို့ ဝိနည်း အနှစ်သုံးဆယ် ချပို့ခြင်း

အရှင်ဥပါလိသည် ပဌမသံဂါယနာ တင်အပြီးတွင် ဝေသာလီမြို့တော်အနီး ဝါလုကာရုံကျောင်းတိုက်ကြီး၌ ကြာမြင့်စွာ သီတင်းသုံး၍ရဟန္တာပုဂ္ဂိုလ်တစ်ထောင်တို့အားဝိနည်း,သုတ္တန်,အဘိဓမ္မာဟူသောပိဋကတ်သုံးပုံကို နှုတ်တိုက်ချပို့တော်မူခဲ့လေသည်။ ၎င်းပြင် ပါရာဇိကာပါဠိ,ပါစိတ္တိယပါဠိ, မဟာဝဂ္ဂပါဠိ, စူဠဝဂ္ဂပါဠိ, ပရိဝါရပါဠိ-ဟူသောဝိနည်းပိဋကကို နှစ်ပေါင်းသုံးဆယ် မပြတ်ချပို့တော်မူခဲ့လေသည်။[၁]

အရှင်ဥပါလိထံ ပိဋကတ်သုံးပုံ သင်ယူခဲ့ကြသော ဥပါလိမထေရ်၏ ပုထုဇဉ်, သောတာပန်,သကဒါဂါမ်, အနာဂါမ်တပည့်ရဟန်းတို့မှာ မရေမတွက်နိုင်အောင် များပြောင်လှကြောင်းမိန့်ဆိုတော်မူကြသည်။[၂]

ယင်းသို့ ဘုရားမြတ်စွာ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် များစွာ အားသွန်ကြိုးပမ်း ထမ်းဆောင်တော် မူခဲ့သော ဝိနယဝိသာဇ္ဇက ပဌမသံဂီတိ ဓုရန္ဓရ, ဝိနည်းအရာ ဧတဒဂ်ရ အရှင်ဥပါလိမထေရ်မြတ်သည် သက်တော် (၉၄)နှစ် ဝါတော် (၇၄)ဝါ အရတွင် ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့လေသည်။

၁။ ခီဏာသဝသဟဿံ သော၊ ဒါသကတ္ထေရဇေဋ္ဌကံ။ ဥပါလိတ္ထေရော ဝါစေသိ၊သကလံ ပိဋကတ္တယံ။ မဟာဝံသ။ ၅၊၁၁၄၊

၂။ ပရိနိဗ္ဗုတမှိ သမ္ဗုဒ္ဓေ၊ ဥပါလိတ္ထေရော မဟာဇုတိ။ ဝိနယံ တာဝ ဝါစေသိ၊ တိံသဝဿာနိ အနူနကံ၊ ဒီပဝံသ။ ၅၊၂၉။

၃။ မဟာဝံသ၊ ၅၊ ၁၁၅၊

သံဝေဂယူရန်

၄၅၅။ ယမေကရတ္တိံ ပဌမံ၊ ဂဗ္ဘေ ဝသတိ မာဏဝေါ။
အဗ္ဘုဋ္ဌိတောဝ သော ယာတိ သဂစ္ဆံ န နိဝတ္တတိ။

ယံ ယော မာဏဝေါ = ကြုံလာဖြစ်လာ အကြင်သတ္တဝါသည်။ ဧကရတ္တိံ=တစ်ညဉ့်၌။ဝါ=တစ်ညဉ့်က။ပဌမံ = ဦးစွာအစ ပဋိသန္ဓေခဏ၌။ ဂဗ္ဘေ = သံသရာခရီးလမ်းအမိဝမ်းတိုက်၌၊ဝသတိ = စွဲပိုက်သန္ဓေတည်နေ၏။သော = မာဏဝေါ = ထိုသတ္တဝါသည်။အဗ္ဘုဋ္ဌိတောဝ = သေဘေးသို့ ရှေးရှုသည်၏အဖြစ်ဖြင့် ဆက်လက်မျှော်ရှည် တည်လျက်သာလျှင်။ ဝါ-ခဏဖြစ်လာ ခဏပေါ်လာတိုက်ပမာသာလျှင်။ယာတိ = တစ်သွားတည်းသွားရ၏။ဂစ္ဆံ - သေဘောဆီသို့ရင်ဆိုင် တိုက်ရိုက် လှည့်လည်ကာတစ်သွားတည်းသွားရသော။သ-သောမာဏဝေါ-ထိုသတ္တဝါသည်။နနိဝတ္တတိ = တစ်အောင့်တစ်ခဏ တစ်နာရီ တစ်မိနစ် တစ်ဆံချည်မျှမဆုတ်နစ်ပါချေ။[၁]

အရှင်ဒါသကထေရ်

အရှင်ဒါသက မထေရ်သည် အရှင်ဥပါလိထံ ပိဋကတ်ကို သင်ယူပြီး ဆက်လက်၍ ပိဋကတ်ကိုချပို့ အထူးအားဖြင့် ဝိနည်းပိဋကကို အခေါက်ခေါက် အခါခါ များစွာချပို့၍ ဘုရားဇိနေဝ် သာသနာတော်ကို များစွာချီးမြှောက်တော်မူခဲ့သည့် မထေရ်မြတ် ဖြစ်တော်မူသည်။

ဖွားမြင်ခြင်း ရှင်ရဟန်းပြုခြင်း

အရှင်ဒါသကမထေရ်လောင်းလျာသည် ဝေသာလီမြို့တော် သောတ္ထိယ အနွယ်၌ (ပုဏ္ဏားအမျိုးအနွယ်၌) ဖွားမြင်ကြီးပွားတော်မူ၍ ထက်မြက်သော ဉာဏ်အမြင်နှင့်ပြည့်စုံသည့် ပါရမီရှင်သတို့သား ဖြစ်လေသည်။

ဝေဒကျမ်းဂန်တတ် ဗြာဟ္မဏဆရာကြီးထံ၌ ငယ်စဉ်ကပင် ဝေဒကျမ်းများကို သင်ယူတော်မူခဲ့ရာ ထူးချွန်စွာ တတ်မြောက်ခဲ့လေသည်။ ဝေဒကျမ်းတတ် ဗြာဟ္မဏဆရာကြီးထံ ဝေဒကျမ်းသင်ယူသူ တပည့် ၃၀၀-အနက် သွက်လက်ချက်ချာဆုံး ဉာဏ်ပညာအထက်မြက်ဆုံး တပည့်အဖြစ် ထင်ရှားလေသည်။ သက်တော် ၁၂-နှစ်သား အရွယ်မှစ၍ ဣရုဝေဒ, ယဇုဝေဒ, သာမဝေဒ-ဟူသော ဝေဒကျမ်း ၃-ကျမ်း၌ ကရားရေလွှတ်

---

[၁] ၁။ ဇာ၊ ၁။ ၃၂၃-ကြည့်။

တတွတ်တွတ် ရနေအောင် နှုတ်လွတ် သရဇ္ဈာယ်ခြင်း၏ အစွမ်းအားဖြင့် ဖက်ကမ်းပေါက်ရောက် တတ်မြောက်တော်မူခဲ့လေသည်။ ဒါသကလုလင်သည် ဝေဒကျမ်းဂန်တတ် ပုဂ္ဂိုလ်အဖြစ် ထင်ရှားခဲ့သည်သာမက တပည့်လုလင်ငယ် ၃၀၀-တို့ကို မိမိကဆရာလုပ်၍ ဝေဒကျမ်းများကို သင်ပေးတော်မူခဲ့လေသည်။

ဒါသကလုလင်သည် တပည့်ပရိသတ် ၃၀၀နှင့်တကွ ပဌမသံဂါယနာသဘင်ကြီး ယင်အပြီးတွင် ဝေသာလီပြည် (ဝေသာလီမြို့တော်) အနီးဝါလုကာရုံကျောင်းတိုက်ကြီး၌ သီတင်းသုံး ပိဋကကို ပို့ချတော်မူလျက်ရှိသော အရှင်ဥပါလိထေရ်ကို ဖူးမြော်ကန်တော့ချဉ်းကပ်ပြီး ဝေဒကျမ်းဆိုင်ရာ ခက်ရပ်ခက်ဆစ်တို့ကို မေးမြန်းစုံစမ်း လျှောက်ထားရာ ဥပါလိထေရ်သည် မေးသမျှဥဿုံ အလုံးစုံကို ခဏချင်း ဖြေဆိုတော်မူခဲ့လေသည်။

၄၅၆။ ဒါသကမာဏဝေါ သော ဟိ၊ ဝေဒပါရဂတော စရံ။
သသိဿော ဝါလုကာရာမေ၊ ဝသန္တံ ကတသင်္ဂဟံ။
၄၅၇။ ဥပါလိတ္ထေရံ ပဿိတ္ဂာ၊ နိသီဒိတ္ဂာ တဒန္တိကေ။
ဝေဒေသု ဂဏ္ဌိဋ္ဌာနာနိ၊ ပုစ္ဆိ သော တာနိ ဗျာကရိ။

အရှင်ဥပါလိမထေရ်သည် ဒါသကလုလင် မေးသမျှကို ဖြေကြားတော်မူပြီး အမောင် ဒါသကလုလင်....ငါသည် သင်မေးသမျှကို မဆိုင်းမတွ ဖြေရပြီ။ယခုအခါငါ့အမေးကို သင်ဖြေဖို့ရာအလှည့်ရောက်ပြီဟု စသည်ဖြင့် စကားပျိုးတော်မူကာ-

၄၅၈။ သဗ္ဗဓမ္မာ နု ပတိတော၊ ဧကဓမ္မော ဟိ မာဏဝ။
သဗ္ဗေ ဓမ္မာ ဩသရန္တိ၊ ဧကဓမ္မေဟိ ကော နု သော။

အို—ဒါသကလုလင်....တစ်ခုသော သဘောတရားသည် သင်္ခတ အသင်္ခတ တရားအားလုံး၌ကျရောက်၏။ သင်္ခတ အသင်္ခတ တရား အားလုံးတို့သည် တစ်ခုသောတရား၌ သက်ဝင်ကုန်၏။ ထိုဓိတရားတစ်ခုဆိုသည်မှာ အဘယ်ဟာပါနည်းဟု နာမ်တရားကိုရည်ရွယ်၍ မေးတော်မူရာ ဒါသကလုလင်သည် မဖြေနိုင်သဖြင့် အရှင်ဘုရား.... တပည့်တော်မသိပါဘုရား၊ ၎င်းမန္တန်သည် အဘယ်မန္တန်ပါနည်း တပည့်တော် သင်လိုလှပါသည်ဘုရားဟု လျှောက်ထားလေရာ ဥပါလိမထေရ်မြတ်က အို-ဒါသကလုလင် ဤမန္တန်သည် ဗုဒ္ဓမန္တန်မည်၏။ သည် ဗုဒ္ဓမန္တန်ကို ငါလို ရဟန်းပြုပါက ငါသင်ပေး

မည်ဟု မိန့်တော်မူရာ အိမ်ပြန်၍ ဆရာသမား မိဘတို့ကိုခွင့်ပန်ပြီး တပည့် ၃၀၀ နှင့်တကွ ရှင်သာမဏေပြုတော်မူခဲ့လေသည်။

သက်တော် ၂၀ - ပြည့်သောအခါ ရဟန်းပြုတော် မူခဲ့လေသည်။ ရဟန်းဖြစ်၍မကြာမီပင် အာသဝေါကင်းကွာ ရဟန္တာဖြစ်လေသည်။

ပိဋကတ်သုံးပုံချုပ် အထူးအားဖြင့် ဝိနည်းပိဋကချုပ် တပည့်တွေများစွာ ထွန်းကားခြင်း

အရှင်ဒါသကသည် ဆရာဖြစ်တော်မူသော အရှင်ဥပါလိထံတော်၌ ဝိနည်းပိဋက အဝင်အပါ ပိဋကတ် ၃-ပုံကို သင်ယူတော်မူခဲ့ပြီး တစ်ဆင့် ချပို့ သင်ပြပေးတော်မူရာ ပိဋကတ် ၃ ပုံတတ် ရဟန္တာ ပုဂ္ဂိုလ်ပေါင်း တစ်ထောင်မျှ ပေါ်ထွန်းခဲ့လေသည်။ ပိဋကတ် ၃-ပုံတတ် ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့ကား ရေတွက်၍ မရနိုင်အောင် များပြောင်လှကုန်၏။

၄၅၉။ ခီဏာသဝသဟဿံ စ၊ ဒါသကတ္ထေရသန္တိကေ။
တိပေဋကံ သမုဂ္ဂဏှိ၊ တဒညေတု အနပ္ပကာ။

ပရိနိဗ္ဗာန် ဝင်စံတော်မူခြင်း

ဤသို့ ပိဋကတ် ၃-ပုံကို ချပို့၍ အထူးအားဖြင့် ဝိနည်းပိဋကကို နေ့ညဉ့်မနား အခေါက် ရာပေါင်းများစွာ ချပို့ သာသနာပြုတော်မူပြီး သက်တော် ၇၄-နှစ်၊ ဝါတော် ၆၄-ဝါ အရတွင် အနုပါဒိသေသနိဗ္ဗာန် ဝင်စံတော်မူခဲ့လေသည်။

၄၆၀။ ဒါသကော သောဏကံ ထေရံ၊ သဒ္ဓိဝိဟာရိံ အနပ္ပကံ။
ကတွာ ဝိနယပါမောက္ခံ၊ စတုသဋ္ဌိမှိ နိဗ္ဗုတော။[၁]

သံဝေဂယူရန်

၄၆၁။ အစ္စယန္တိ အဟောရတ္တာ၊ ဇီဝိတံ ဥပရုဇ္ဈတိ။
အာယု ခီယတိ မစ္စာနံ၊ ကုန္နဒီနံဝ ဩဒကံ။[၂]

ကုန္နဒီနံ = ကျဉ်းငယ်တိုလစ် မြစ်ချောင်းတို့၏။ ဩဒကံ = ရေသည်။ ခီယတိဣဝ = ကာလကြာရှည်မတည်ပုံသေ ကုန်ခန်းလေသကဲ့သို့၊ တထာ- ထို့အတူ။ အဟောရတ္တာ = နေ့ညဉ့်တို့သည်။ အစ္စယန္တိ = မုချပုံသေ

၁။ ဒီပဝံသ။ ၅။ ၃၁။
၂။ သံ၊ ၁၊ ၁၁၀။

ကုန်ခန်းသေကုန်၏။ မစ္စာနံ = ကြုံလာဖြစ်လာ သတ္တဝါတို့၏။ ဇီဝိတံ= အသက်ဇီဝိန်သည်။ ဝါ = အသက်သမုတ် နာမ်နှင့်ရုပ်သည်။ ဥပရုဇ္ဈတိ- ချုပ်၏။ မစ္စာနံ = ကြုံလာဖြစ်လာ သတ္တဝါတို့၏။ အာယု = အသက် ဇီဝိန်သည်။ ခိယတိ = မုချဆတ်ဆတ် ကုန်ဆုံးပျက်စီးတတ်၏။

အရှင်သောဏကထေရ်

အရှင်သောဏကထေရ်သည် အရှင်ဒါသကထေရ်ထံမှ ပိဋကတ် ၃-ပုံကို သင်ယူတော်မူခဲ့ပြီး တပည့်တပန်း ရဟန်းသာမဏေများစွာတို့အားဆက် လက်ချပို့ ဘုရားမြတ်စွာ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွား အောင် ဆောင်ရွက်တော်မူခဲ့သည့်ထိပ်တန်းသာသနာ့ဂုဏ်ဆောင်ဖြစ်တော် မူသည်။

ဖွားမြင်ခြင်း ရာဇဂြိုဟ် ကုန်ရောင်းကုန်ဝယ် ရောက်ရှိခြင်း

အရှင်သောဏကထေရ်လောင်းလျာသည် ကာသိတိုင်း၌ လှည်းကုန် သည် မိဘတို့မှ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။ သက်တော် ၁၅ နှစ်သားအရွယ်တွင် မိဘများနှင့်အတူ မဂဓတိုင်း ရာဇဂြိုဟ် မြို့တော်သို့ ကုန်ရောင်းကုန်ဝယ်ကိစ္စဖြင့် ရောက်ရှိတော်မူခဲ့လေသည်။

၄၆၂။ ကာသိသု သောဏကော နာမ၊ သတ္တဝါဟသုတော အဟု။
ဂိရိဗ္ဗဇံ ဝဏိဇ္ဇာယ၊ ဂတော မာတာပိတူဟိ သော။[၁]

ရှင်ရဟန်းပြုခြင်း

ရာဇဂြိုဟ်မြို့တော်ရောက်ရှိခိုက် သက်တော် ၁၅-နှစ်အရွယ်ရှိသောဏက သတို့သားသည် အဖော်သူငယ်ချင်း မိတ်ဆွေ ၅၅-ယောက်တို့နှင့်အတူ ဝေဠုဝန်ကျောင်းတိုက်တော်ကြီးသို့ ရောက်ရှိလေရာ ယင်း ဝေဠုဝန် ကျောင်းတိုက်တော်ကြီး၌ ပိဋကတ် ၃-ပုံချပို့ သာသနာ ပြုတော်မူသော အထူးအားဖြင့် ဝိနည်းပိဋကတ်ကို နေ့နေ့ညည မဟုဿာဟ ဇွဲလုံ့လဖြင့် ချပို့တော်မူသော အရှင်ဒါသကမထေရ်ကို ဖူးတွေ့ရသဖြင့် သဒ္ဓါရှင်စို အလွန်ကြည်ညိုသဖြင့် ရှင်ရဟန်းပြု သဗ္ဗညုမြတ်စွာ သာသနာ့ဝန်ထမ်းလို ကြောင်း လျှောက်ထားရာ အရှင်ဒါသကထေရ်က မိဘတို့က ခွင့်ပြုလျှင် ရှင်ရဟန်းပြုပေးမည်ဟု မိန့်တော်မူသဖြင့် ထမင်း ၃-နပ် မစားဘဲ ပူဆာ တောင်းဆိုပါမှ မိဘတို့မှ ရဟန်းပြုခွင့်ကို ရရှိတော်မူခဲ့လေသည်။

၁။ မဟာဝံသ၊ ၅။၁၁၆။

၄၆၃။ ဘတ္တတ္တယ မဘုဠ္ဌိတွာ၊ သောဏကော သောကုမာရကော။
မာတာပိတူဟိ ကာရေတွာ၊ ပဗ္ဗဇာ နုညမာဂတော၊[၁]

သောဏကလုလင်သည် သူငယ်ချင်းများနှင့်အတူ အရှင်ဒါသကထေရ်ထံတွင် သာမဏေဝတ်၍ ပိဋကတ်ကို သင်ယူတော်မူခဲ့လေသည်။ သက်တော်နှစ်ဆယ်ပြည့်မြောက်ရာအခါတွင် ရဟန်းပြု၍ တရားအားထုတ် ပွားများရှုမှတ်ရာ မကြာမီ အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်တော်မူခဲ့လေသည်။

ပိဋကတ်ချုပ်ိ (ဝိနည်းချုပ်ိ) သာသနာပြုခြင်း

အရှင်သောဏကသည် ဆရာဖြစ်သော အရှင်ဒါသကထံ ပိဋကတ် ၃-သွယ်နိကာယ် ၅-ရပ်ကို သင်ယူတော်မူ၍ ဂဏပါမောက္ခဖြစ်၍ ပိဋကတ် ၃-ပုံကို ချုပ်ိအထူးအားဖြင့် ဝိနည်းပိဋကကို နေ့ညမနား ချုပ်ိ၍သာသနာပြုတော်မူခဲ့ရာ ရဟန္တာတပည့်ပေါင်း တစ်ထောင်ကျော် ပေါ်ထွန်းခဲ့၍ ပုထုဇဉ်၊သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် တပည့်တို့မှာ မရေနိုင်လွန်မြားမြောင်သည်ဟု သိရာ၏။

၄၆၄။ ခီဏာသဝသဟဿာ၊ ထေရသိဂ္ဂဏာဿ သော။
အဟောသိ ပိဋကညုဿ၊ ဇေဋ္ဌကော သောဏကောယတိ။[၂]

ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း

ယင်းသို့ ဘုရားမြတ်စွာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို လွန်စွာ အားပေး ဆောင်ရွက်တော်မူခဲ့သော တတိယ သံဂါယနာအရောက် ဘုရားရှင် သာသနာအနွယ်အဆက်ကိုသယ်ဆောင်တော်မူသော အရှင်သောဏကသည် သက်တော် ၇၆-နှစ်ခန့်၊ ဝါတော်၆၆-ဝါအရတွင် ကိလေသာစက် သုံးထောင်ဝက်မီးကြီး အပြီးတိုင်ငြိမ်းစဲရာအနုပါဒိသေသနိဗ္ဗာန်နန်း စံမြန်းတော်မူခဲ့လေသည်။

သံဝေဂယူရန်

၄၆၅။ အနိမိတ္တမနညာတံ၊ မစ္စာနံ ဣဓ ဇီဝိတံ။
ကသိရဉ္စ ပရိတ္တဉ္စ၊ တဉ္စ ဒုက္ခေန သံယုတံ။[၃]

ဣဓ=ဖြစ်ရကြုံရ၍လောက၌။ မစ္စာနံ=သတ္တဝါဟူသမျှတို့၏။ ဇီဝိတံ=အသက်ဇီဝိန်သည်။ ဝါ=အသက်ဇီဝိန်ကို။ အနိမိတ္တံ=ကေန်ဆတ်ဆတ် သတ်မှတ်ချက် မရှိပါချေ။ အနညာတံ= ဤမျှကြာလျက် အသက်ရှည်အံ့ဟု

၁။ မဟာဝံသ၊ ၅။ ၁၁၉။ ၂။ မဟာဝံသ၊ ၅၊ ၁၂၁။
၃။ သုတ္တနိ၊ ၉၇၁။

မည်သူမည်ဝါမျှ ပိုင်ပိုင်မိမိ မသိအပ်ပါချေ၊ ကသိရဉ္စ=အကြောင်းအရပ်ရပ် လွန်ဆက်စပ်သဖြင့် ကာလကြာရှည် တည်တံ့ရန် ခဲယဉ်းလည်း ခဲယဉ်းလှချေ၏။ ပရိတ္တဉ္စ= မြွက်ပေါ်ဆိုးနှင်း အပ်ပေါ်မုန့်ညင်းတမျှ နည်းငယ်လည်း နည်းငယ်လှချေ၏။ တဉ္စ ဇီဝိတံ–ထိုအသက်သမုတ် နာမ်နှင့်ရုပ်သည်လည်း။ ဒုက္ခေန=ဆင်းရဲဒုက္ခအဝဝနှင့်။ သံယုတံ=မပြတ်ထာဝစဉ်ယှဉ်၏။

အရှင်သိဂ္ဂဝထေရ်

အရှင်သိဂ္ဂဝထေရ်သည် အရှင်သောဏက မဟာထေရ်ထံမှ ပိဋကတ်ကို သင်ယူတော်မူပြီး တတိယ သံဂါယနာတိုင်မြောက်အောင် ခု လပ် မှ သယ်ဆောင်တော်မူခဲ့သည့် မထေရ်မြတ်ဖြစ်တော်မူသည်။

ဖွားမြင်တော်မူခြင်း

* အရှင်သိဂ္ဂဝထေရ် လောင်းလျာသည် သာသနာသက္ကရာဇ် ၅၀-ပတ်ဝန်းကျင်လောက်တွင် မဂဓတိုင်း မဂဓနိုင်ငံတော်၏ မြို့တော် ပါဋလိပုတ်မြို့၌သိရိဝဍ္ဎ အမတ်ကြီးနှင့်အမတ်ကတော်တို့မှမီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည့် ဇာတိကုလပုတ္တ အမျိုးကောင်းသား အတိဇာတ သားရတနာဖြစ်လေသည်။

* အဘကောင်းသား ခံရမျှား၏ သားကောင်အဘ ဖြစ်ခဲ့သွရှင့် သားလုမောင်သိ အတိအနု ခေါ်ပြုအဝ ဇာတ သုံးဖြာ ကျမ်း၌လာသား မာတာပိတ မိနှင့်ဖထက် သီလ သမာ ပညာကျင့်မူ လွန်တူယုတ်ထ သားသုံးဝတည့်။[၁]

ပြာသာဒ်သုံးဆောင်နှင့်ကာမစည်းစိမ်ရှိစွာနေခြင်း

သိဂ္ဂဝလုလင်သည် ငယ်စဉ်ကတည်းက ဆောင်း, နွေ,မိုးဟူသော ဥတု ၃-ပါးတို့၌ ပြာသာဒ် ၃-ဆောင်ဖြင့် ရာသီဥတုအလိုက် ထိုက်သည့် အားလျော်စွာ ဘေးမခ ရန်မသီ ချမ်းသာစွာ စည်းစိမ်ရှိစွာနေခဲ့၍ သက်တော် ၁၈-နှစ် အရွယ်တွင် အမတ်တစ်ဦး၏ သားဖြစ်သော မိတ်ဆွေ စဏ္ဍဝဇ္ဇီလုလင်ကိုခေါ်၍ အဖော်အမျိုးသားမိတ်ဆွေ ၅၀၀-ခြံရံလျက် ပါဋလိပုတ်မြို့တော်အနီးရှိ ကုက္ကုဋာရာမ်ကျောင်းတိုက်သို့ သွားရောက်လေရာ စဏ္ဍ,

---

၁။ မဃဒေဝ၊ ၃၂၁–ပိုဒ်။

သောတ, ဃာန, ဇိဝှါ, ကာယ, မနော မချောမပြေ ဣန္ဒြေခြောက်ထွေကို စောင့်စည်းထိန်းချုပ် နိရောဓသမာပတ် ဝင်စားတော်မူသော အရှင်သောဏကထေရ်ကို မြင်ရ၍ ရှင်ပျဝမ်းမြောက်စွာ သွားရောက် ရှိခိုးဦးချလေရာ တစ်စုံတစ်ရာ စကားမမြွက်မဟ မပြောမဆိုသဖြင့် သံဃာတော်အရှင်မြတ်တို့သို့ ချဉ်းကပ်လျှောက်ထားလေ၏။ ထိုအခါ သံဃာတော်အရှင်မြတ်တို့က သမာပတ် ဝင်စားတော်မူသဖြင့် စကားတစ်စုံတစ်ရာ မမြွက်ဟ မပြောမဆိုကြောင်း မိန့်တော်မူလေသည်။

ထိုအခါ သိဂ္ဂဝအမှုးရှိသော လုလင်တို့က-အရှင်ဘုရားတို့.... သမာပတ်ဝင်စားတော်မူလျှင် ရှိစေဦးတော့ဘုရား အဘယ်ကဲ့သို့ သမာပတ်မှ ထပါသနည်းဟု ဆက်လက်မေးလျှောက်ကြလေရာသံဃာတော်အရှင်မြတ်တို့က-အို အမောင်လုလင်တို့....

၄၆၆။ ပက္ကောသနာယ သတ္ထုဿ၊ သံဃပက္ကောသနာယ စ။
ယထာ ကာလပရိစ္ဆေဒါ၊ အာယုက္ခယဝသေန စ။

ဟူသော ဂါထာအားလျော်စွာ (၁)ဘုရားမြတ်စွာက ခေါ်တော်မူရာအခါ၊ (၂) သံဃာတော်က ခေါ်တော်မူရာအခါ၊ (၃) မိမိပိုင်းခြားမိဌာန်ထားသည့်ကာလ စေ့ရောက်သောအခါ၊ (၄) အသက်ကုန်ရာအခါ ဤ ၄-ပါးသောအခါတို့၌ သမာပတ်မှထကြောင်း မိန့်ကြားတော်မူကြပြီးလျှင် သိဂ္ဂဝလုလင်နှင့် အပေါင်းပါသူငယ်ချင်း ၅၀၀-တို့၏ မဂ်ဖိုလ်၏ အားကြီးအားကောင်းသော ရှေးအကြောင်းကောင်းမှုကို မြင်တော်မူကြသဖြင့် အရှင်သောဏကကို နိရောဓသမာပတ်မှ ထစေတော်မူကြကုန်၏။

အရှင်သိဂ္ဂဝ,စဏ္ဍဝဇ္ဇီ အမှုးရှိသော လုလင်တို့ ရှင်ရဟန်းပြုကြခြင်း

အရှင်သောဏက သမာပတ်မှထလေရာ သိဂ္ဂဝ အမှုးရှိသော လုလင်များက အရှင်ဘုရား....အရှင်ဘုရားသည် အဘယ့်ကြောင့် တပည့်တော်တို့အား စကားမပြောပါသနည်းဟု လျှောက်ထား လရာ အရှင်သောဏကထေရ်က အမောင်လုလင်တို့.... ငါတို့သည် သုံးဆောင်အပ်သုံးဆောင်သင့် သုံးဆောင်ထိုက်သောတရားကို သုံးဆောင်ကြကုန်၏ဟု မိန့်တော်မူလေသည်။ ထိုအခါ သိဂ္ဂဝ, စဏ္ဍဝဇ္ဇီ အမှုးရှိသော လုလင်တို့က အရှင်ဘုရား ထိုသို့ဖြစ်လျှင် တပည့်တော်တို့ကော အရှင်ဘုရားသုံးဆောင်သည့်တရားကို သုံးဆောင်ခံစားခြင်းငှာ ဖြစ်နိုင်ပါသလောဟုမေးလျှောက်ကြလေရာ အရှင်သောဏကထေရ်က-

အိုလုလင်တို့....ငါတို့ကဲ့သို့ ရဟန်းပြုကြလျှင် သုံးဆောင်နိုင်ကြကုန်၏ဟု အရှင်သောဏကထေရ်ကအမိန့်ရှိတော်မူလေရာ မိဘတို့ထံခွင့်တောင်းကြပြီး သိဂ္ဂဝ, စဏ္ဍဝဇ္ဇီ အမှူးရှိသော လုလင် ၅၀၀တို့သည် အရှင်သောဏက ထံ၌ ရှေးဦးစွာ သာမဏေဝတ်ကြ၍ နောက်တွင် ရဟန်းပြုကြကုန်၏။

ရဟန္တာဖြစ်ကြခြင်း

အရှင်သိဂ္ဂဝ ၊ အရှင်စဏ္ဍဝဇ္ဇီတို့သည် ဥပဇ္ဈာယ် အရှင်သောဏကမထေရ် ထံ၌သာလျှင် ပိဋကတ် ၃-ပုံကို သင်ကြားကြလေသည်။ ဝိပဿနာတရား ပွားများအားထုတ်ကြသည်။ ၎င်းနောက် မကြာမီ အဘိညာဉ် ၆-ပါး ပိုင်ရှင် ရဟန္တာသခင် အရှင်မြတ်တို့ဖြစ်ကြသည်။

၄၆၇။ ဥပဇ္ဈာယန္တိကေယေဝ၊ ဘေ ဒုဝေ ပဋိကတ္တယံ။
ဥဂ္ဂဟေသုဉ္စ ကာလေန၊ ဆဠဘိညံ လဘိံသု စ။ [၁]

ရဟန္တာပေါင်း တစ်ထောင်တို့၏ ဝန်ဆောင်

အရှင်သိဂ္ဂဝသည် ပိဋကတ် ၃-ပုံကို ချပို့ရာ အထူးသဖြင့် ဝိနည်းပိဋကကို ချပို့ရာ တပည့်ရဟန္တာပေါင်းတစ်ထောင် ပေါ်ထွန်းခဲ့လေသည်။ ပုထုဇဉ် သောတာပန်, သကဒါဂါမ်, အနာဂါမ်တပည့်တို့ကား ဂဏန်းထိုးမရ အောင် မြားမြောင်လှကုန်၏။

၄၆၈။ အရဟန္တသဟဿာ၊ ဓုရဂ္ဂါဟော အဟောသိ စ။
ပုထုဇ္ဇနာဒယောစာပိ၊ ဂဏနာ န ဘဝန္တိ စ။

ပရိနိဗ္ဗာန် ဝင်စံတော်မူခြင်း

ဤသို့စသည်ဖြင့်ဝိနည်းပိဋကအဝင်အပါ ပိဋကတ် ၃-ပုံကိုချပို့သာသနာ ပြုတော်မူခဲ့သော မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့နှင့် ပြည့်စုံတော်မူသော သာသနာ့ ဝန်ဆောင် အရှင်သိဂ္ဂဝမဟာထေရ်သည် မောဂ္ဂလိပုတ္တသုငယ်ကို ဝိနယ ပါမောက္ခအဖြစ်သို့ရောက်အောင် ဆောင်ရွက်တော်မူပြီး သက်တော် ၉၆- နှစ်ခန့်၊ ဝါတော် ၇၆-ဝါအရတွင် နိဗ္ဗူယူသိမ်း ငြိမ်းတော်မူခဲ့လေသည်။ ပရိနိဗ္ဗာန် ငင်စံတော်မူခဲ့လေသည်။

၁။ မဟာဝံသ။ ၅။ ၁၃၂။

သံဝေဂယူရန်

၄၆၉။ နဟိ သော ပက္ကမော အတ္ထိ၊ ယေန ဇာတာ နမိယရေ။
ဇရမ္ပိ ပတွာ မရဏံ၊ ဧဝံ ဓမ္မာ ဟိ ပါဏိနော[၁]။

ယေန ဥပက္ကမေန=အကြင် လုံးပမ်းကြိုးကုတ် အားထုတ်မှု လုံ့လ ဝီရိယဖြင့်။ ဇာတာ = ကမ္ဘာ၀အကြောင်းဆုံကာ ဖြစ်လာကြုံလာ သတ္တဝါတို့သည်။ န မိယရေ= မသေလွန်ကြကုန်၏။ သော ဥပက္ကမော = ထိုမသေလွန်နိုင်ကြောင်း လုံ့လဝီရိယကောင်းသည်။ န ဟိ အတ္ထိ = မရှိသည်သာ။ ဇရံ = သွားကျိုး ဆံဖြူ ငယ်မူယိုယွင်း အိုမင်း ရင့်ရော် မှည့်ပျော်ခြင်းသို့။ ပတွာပိ = ရောက်၍ သော်လည်းကောင်း။ အပတွာပိ= မရောက်မူ၍ သော်လည်းကောင်း။ မရဏံ=စုတိပြတ်ကြွေ သေလွန်ခြင်းသည်။ ဟောတိ=မုချမသွေ ဖြစ်ရပေ၏။ ပါဏိနော = သတ္တဝါအားလုံးတို့သည်။ ဧဝံဓမ္မာဟိ = ဤသို့ မုချပုံသေ သေဆုံးရခြင်းသဘော ရှိချေကုန်သည်သာ။

အရှင်မဟာမေ ဂ္ဂလိပုတ္တတိဿထေရ်

အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်သည် သာသနာသက္ကရာဇ် ၂၃၅-ခုနှစ်တွင် ဆင်ယင်ကျင်းပခဲ့သည့် တတိယ သံဂါယနာ မဟာဓမ္မသဘင်ကြီး၌ သံဃမဟာနာယကဖြစ်တော်မူ၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ပြုတော်မူပြီး သက်တော် ၁၀၀၊ သိက္ခာ၀ါ ၇၀-အရတွင် ပရိနိဗ္ဗာန် စံတော်မူလေသည်။

ဤထုတ်ဆိုဖော်ပြခဲ့သည့် ဆရာအစဉ်အဆက်သည် တတိယသံဂါယနာတိုင်အောင် ဝိနည်းပိဋကကို ဆောင်တော်မူခဲ့ကြလေသည်။ ဤကား ပါရာဇိကဏ်အဋ္ဌကထာ ပဌမသံဂါသနာအခန်း၌ အဋ္ဌကထာဆရာ ပြဆိုချက်ကို ချဲ့ထွင်ဖော်ပြခြင်းဖြစ်သည်။ စင်စစ်အားဖြင့် ဤ အရှင်ဥပါလိ, အရှင်ဒါသက, အရှင်သောဏက, အရှင်သိဂ္ဂ၀, အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်တို့သည် ဝိနည်းပိဋကသာမက ပိဋကတ် ၃ ပုံလုံးကို တတိယ သံဂါယနာ၀တိုင်အောင် သယ်ဆောင်တော်မူခဲ့ကြသည့် ဇမ္ဗူဒိပ်သာသနာ့ ဝန်ဆောင်များ ဖြစ်တော်မူကြသည်။

၁။ သုတ္တနိ၊ ၃၇၁။
၂။ အကျယ် သံဂါယနာသမိုင်း၊ တ ၂။ ၂-တတိယ သံဂါယနာ သမိုင်း၊ တော်ကြည့်၊

၄၇၀။ ဥပါလိဒါသကော စေဝ၊ သောဏကော သိဂ္ဂဝေါ တထာ။
မောဂ္ဂလိပုတ္တေန ပဉ္စမာ၊ ဧေတ ဇမ္ဗုသိရိဝှယေ။[၁]

ဒီပဝံသ၌ အရှင်ဥပါလိ ၇၄-ဝါ၊ အရှင်ဒါသက ၆၄-ဝါ၊ အရှင်သောဏက ၆၆-ဝါ၊ အရှင်သိဂ္ဂဝ ၇၆-ဝါ၊ အရှင်မောဂ္ဂလိပုတ္တတိဿ ၈၀-ဝါအရတွင် အသီးသီး ပရိနိဗ္ဗာန်စံတော်မူကြကြောင်း—

၄၇၁။ စတုသတ္တတိ ဥပါလိ စ၊ စတုသဋ္ဌိစ ဒါသကော။
ဆသဋ္ဌိ သောဏကော ထေရော၊ သိဂ္ဂဝေါတု ဆသတ္တတိ။
အသီတိမောဂ္ဂလိပုတ္တော၊ သဗ္ဗေသံ ဥပသမ္ပဒါ။[၂]

သုတ္တန်ပိဋကကို ထူးခြားစွာ ဆောင်ခဲ့ကြသည့် မထေရ်မြတ်များ

သုတ္တန်ပိဋကကိုလည်း မကွယ်မပအောင် ရဟန္တာသခင်အရှင်မြတ်ကြီးတို့သည် တပည့်စဉ်ဆက် ချပို့၍ ဆောင်တော်မူ၍ ဘုရားရှင်စကားတော်များ မပျောက်မပျက်အောင် စောင့်ထိန်းတော်မူခဲ့ကြသည်။

အရှင်အာနန္ဒာ

ဓမ္မဘဏ္ဍာဂါရိက တရားဘဏ္ဍာစိုးဖြစ်တော်မူသော အရှင်အာနန္ဒာသည် ဒီဃနိကာယ်ကို တပည့်စဉ်ဆက်ချပို့၍ မကွယ်မပျောက်အောင်ထိန်းသိမ်းစောင့်ရှောက်ပါမည်ဟု အရှင်မဟာကဿပ အမှူးရှိသော သံဂီတိကာရကရဟန္တာသခင် အရှင်မြတ်တို့၏ပေးအပ်သော တာဝန်ယူ တော်မူခဲ့၍ အထူးအားဖြင့် ဒီဃနိကာယ်ကို အခေါက် ရပေါင်းများစွာ ချပို့တော်မူသည်ဟုသိရာ၏။ မိမိတပည့်များဖြစ်ကြသော အရှင်ဝင်္ဂီသ, အရှင်သဗ္ဗကာမိ, အရှင်သာဠ္ဌ, အရှင်ရေဝတ, အရှင်ခုဇ္ဇသောဘိတ, အရှင်ယသ, အရှင်သာဏသမ္ဘူတ (သာဏအရပ်နေ အရှင်သမ္ဘူတ)စသည့် ရဟန္တာအရှင်မြတ်များကို ချပို့စေတော်မူခဲ့လေသည်။

အရှင်အာနန္ဒာကား အထူးအားဖြင့် ဒီဃနိကာယ်ကို ချပို့တော်မူ၍ အခြား မဇ္ဈိမနိကာယ်,သံယုတ္တနိကာယ်,အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ်တို့ကိုလည်း အခါအားလျော်စွာ ချပို့တော်မူခဲ့သည်ဟု သိရာ၏။

၁။ ပရိဝါရပါဠိ။ ၂။ ၆၊ ၁၂—စသည်။
၂။ ဒီပဝံသ။ ၅။ ၃၅။ "ဆသီတိမောဂ္ဂလိပုတ္တော" ဟုလည်း ဖြစ်ဟန်ရှိသည်။ ၈၆-ဝါ၊ သက်တော် ၁၀၆-နှစ် ဟူ၏။

အရှင်အာနန္ဒာ ဟောကြားသည့်သုတ္တန်များ

အရှင်အာနန္ဒာသည် ယုတ္တန်ဒေသနာများစွာတို့ကိုလည်း ဟောကြားတော်မူခဲ့လေသည်။ ယင်းသုတ္တန်များမှာ နိကာယ်ငါးရပ်လုံးမှာပင် ပါရှိလေသည်။ ဒီဃနိကာယ် သီလက္ခန္ဓဝဂ်၌ သုဘသုတ် ပါရှိသည်။ မဇ္ဈိမနိကာယ်၌ သေခသုတ်၊ သန္ဒကသုတ်၊ အဋ္ဌကနာဂရသုတ်၊ အာနန္ဒဘဒ္ဒေကရတ္တသုတ်၊ အစ္ဆရိယ အဗ္ဘုတသုတ်၊ ဂေါပကမောဂ္ဂလ္လာနသုတ်၊ ဗဟုဓာတုကသုတ်တို့သည် အရှင်အာနန္ဒာ ဟောကြားတော်မူသည့် သုတ္တန်များ ဖြစ်ကုန်၏။

သံယုတ္တနိကာယ်တွင်လည်း ခန္ဓဝဂ္ဂသံယုတ်၌ ဆန္နသုတ်၊ သဠာယတန သံယုတ်၌ ဥဒါယီသုတ်၊ မဟာဝဂ္ဂသံယုတ်တွင် သောတာပတ္တိသံယုတ်၌ ဒုတိယဒုဿီလျသုတ် စသည်တို့သည် အရှင်အာနန္ဒာဟောကြားတော်မူသည့် သုတ္တန်များ ဖြစ်ကုန်၏။

အင်္ဂုတ္တရနိကာယ်၌ ဆန္နသုတ်၊ အာဇီဝကသုတ်၊ မဟာနာမသက္ကသုတ်၊ နိဂဏ္ဌသုတ်၊ သီလဗ္ဗတသုတ် စသည်တို့သည် အရှင်အာနန္ဒာ ဟောကြားသည့် သုတ္တန်များ ဖြစ်ကုန်၏။

ခုဒ္ဒကနိကာယ်၌လည်း အရှင်အာနန္ဒာ ဟောပြောသည့်ဒေသနာစကားများ ဩဝါဒများ များစွာလာရှိသည်။

အခါတစ်ပါး ဆဗ္ဗဂ္ဂီရဟန်းများသည် ရှင်ဒေဝဒတ်၏ အသင်းအပင်း ဖြစ်သော ရဟန်းတို့နှင့်ရောနှော၍ ပေါင်းသင်းဆက်ဆံနေကြသည်ကို အရှင်အာနန္ဒာ တွေ့မြင်တော်မူသည်။ ထိုအခါ အရှင်အာနန္ဒာသည် ထိုဆဗ္ဗဂ္ဂီရဟန်းတို့အား အပေါင်းအသင်း မမှားစေလိုသဖြင့်—

"ပညာရှိသူသည် ချောပစ်ကုန်းတိုက်တတ်သော အမျ[illegible] ကြီးမားသည့် [illegible]ကို နှင့်မြောဝန်တို[illegible]သော ရဟ[illegible] ကွဲပြားခြင်းကို နှစ်သက်သောသူယုတ်မာနှင့် အဆွေခင်ပွန်းအဖြစ် မပြုရာ၊ သူယုတ်မာနှင့် ပေါင်းသင်းဆက်ဆံခြင်းသည် ယုတ်ညံ့စေတတ်သည်။

ပညာရှိသူသည် သဒ္ဓါတရားနှင့်ပြည့်စုံသော အကျင့်သီလကို ချစ်ခင်မြတ်နိုးသော ပညာကြီးသူ အကြားအမြင်များသူများနှင့် မိတ်ဆွေ[illegible]ပြုရာ၏။ သူတော်ကောင်းနှင့် ပေါင်းသင်းဆက်ဆံခြင်းကား တင့်[illegible] လျောက်ပတ် ကောင်းမြတ်၏။ ကောင်းအောင်ပြုတတ်၏။

ဟူ၍ ဩဝါဒပေးတော်မူသည်။ ထိုအဆုံးအမပေးစဉ် အရှင်အာနန္ဒာ သက်တော် ၇၀-ကျော်စလောက်ဖြစ်ကြောင်း မှန်းဆနိုင်သည်။ အဇာ-တသတ်သည် ထိုနှစ်လောက်တွင် ရှင်ဒေဝဒတ်၏ မြှောက်ပင့်သွေးဆောင်မှုကြောင့် ဖခင် ဗိမ္ဗိသာရမင်းကြီးကို လုပ်ကြံ၍ မင်းအဖြစ်သို့ ရောက်လေသည်။ အဇာတသတ် မင်းအဖြစ်ရောက်ပြီးမှ ရှင်ဒေဝဒတ် သံဃာသင်းခွဲရန် အပြင်းအထန်ကြိုးပမ်းသည်။[၁]

ဥတ္တရာဥပါသိကာအား ဩဝါဒပေးတော်မူခြင်း

တနေ့သ၌ ဥတ္တရာမည်သော ဥပါသိကာ တစ်ယောက်သည် အရှင်အာနန္ဒာ၏ ရုပ်ဆင်းကြန်အင် တင့်တယ်ခြင်းကိုမြင်၍ ကြည်ညိုရာမှ သဒ္ဒါလွန်ရှာလေသည်။ သိသိသာသာ စေတနာပိုလာသည်။ ထိုအခါ အရှင်အာနန္ဒာသည် မိမိအပေါ်ဝယ် မသင့်မလျော်သော ကာမဂုဏ်အချစ်ဖြင့် ချစ်ခင်ကြည်ညိုသူ ဥတ္တရာဥပါသိကာအား မိန်းမ ယောကျ်ားတို့၏ သဘာဝကိုဖော်ပြကာ အောက်ပါဩဝါဒကို ပေးတော်မူသည်။

အို ဥတ္တရာဥပါသိကာ....သင်သည် အဝတ်တန်ဆာ နံ့သာပန်းမာလာတို့ဖြင့် အဆန်းတကြယ်လုပ်ထားသော ဤကိုယ်ကောင်ကြီးကို သေချာစေ့ငု ကြည့်ရှုစမ်းလော့။ ဤကိုယ်ကောင်ကြီးသည် သွေးပြည်တစိုစိုတဖျင်းဖျင်း ယိုစီးထွက်ကျနေသော အနာအိုနှင့်တူသည်။ အရိုးသုံးရာတို့ဖြင့် တည်ဆောက်ထားသည်။ အမြဲထာဝစဉ် ကျင်နာကိုက်ခဲနေသည်။ လူမိုက်၊လူဗာလတို့၏ များစွာတင်စား ကြံတွေးစရာလည်း ဖြစ်သည်။ ဤကိုယ်ကောင် အရုပ်ကြီးအား မြဲမြံတည်တံ့မှုဟူ၍လည်း ဘာတစ်ခုမျှ မရှိပါချေ။

အဝတ်အစား အဆင်တန်ဆာမှာပါသော ပတ္တမြား ကျောက်မျက်ရတနာအပေါင်းဖြင့်လည်းကောင်း လှပတင့်တယ် ရှုချင်ဖွယ်ဖြစ်သော နားတောင်းဖြင့်လည်းကောင်း ဆန်းဆန်းကြယ်ကြယ် ခြယ်လှယ်ထားသော ဤကိုယ်ကောင်ကို သေချာစွာရှုစမ်းလော့။ အတွင်းက အရိုးအစုတွေကို အရေထူ အရေပါးဖြင့် ဖုံးလွှမ်းထားသည်။ သည့်အထက်က ဖြူနီကြောင်ကျား အဝတ်အထည်များကြောင့်သာ လှပတင့်တယ် လျက်ရှိပေသည်။

၁၊ ထေရဂါထာ၊ ၉၄၆၊ ထေရ၊ ဋ္ဌ၊ ၂၊ ၄၂၈-ကြည့်၊

ခြေထောက်များကို နီမြန်းအောင် ချိပ်ရည်ဆွတ်ဖျန်း၍ ထားကြသည်။ မျက်နှာကို နံ့သာမှုန့်ဖြင့် လိမ်းကျံခြယ်မှုန်းထားကြသည်။ သို့ဖြစ်၍ ဤကိုယ်ကောင်သည် တရားမရှိသော လူမိုက်အပေါင်း တွေဝေစရာကောင်းလှသည်။ သို့ရာတွင် သံသရာတစ်ဖက်ကမ်းသို့ တက်လှမ်းလိုသော ပညာရှိသူတော်ကောင်းအဖို့မှာ တွေဝေစရာ အထင်ကြီးစရာ ဘာမျှမရှိချေ။

ဆံပင်များကိုလည်း တရိတသေ ဖြတ်တောက်၍ နဖူးပေါ်တွင် ယဉ်ရုံမျှချထားကြသေးသည်၊ မျက်စိတို့ကိုလည်း သူ့အတိုင်းမထားကြ၊ မျက်စဉ်းညိုဖြင့် လိမ်းကျံခြယ်သထားလိုက်ကြသေးသည်။ သို့ဖြစ်၍ အရုပ်တစ်မျိုးဖြစ်သော ဤကိုယ်ကောင်သည် တရားမသိသသူ လူမိုက်အပေါင်းအား တွေဝေစရာ ကောင်းလှသည်။ သို့ရာတွင် သံသရာတစ်ဖက်ကမ်းသို့ တက်လှမ်းလိုသော ပညာရှိသူတော်ကောင်းအဖို့ကား တွေဝေစရာ အထင်ကြီးစရာ မကောင်းပါချေ။

ဝတ်စားတန်ဆာ အဖြာဖြာတို့ဖြင့် တန်ဆာဆင်ထားသော ဤကိုယ်ကောင်ပုပ်ကား ပန်းအရုပ်တို့ဖြင့် ဆန်းကြယ်စွာပြုလုပ်ထားသောမျက်စဉ်းကျည် အသစ်ကလေးနှင့် တူလှသည်။ အပြင်ကကြည့်လိုက်လျှင် လှပတင့်တယ်၍ အတွင်းသို့ကြည့်လိုက်လျှင်ကား ညစ်ထေးပေကျံလျက်သာ ရှိပေသည်။ သို့ဖြင့် ဤကိုယ်ကောင်ပုပ်သည် တရားမသိသသူ လူဗာလ-လူမိုက်အပေါင်းအား တွေဝေစရာကောင်းလှသည်။ သို့ရာတွင် သံသရာ တစ်ဖက်ကမ်းသို့ တက်လှမ်းလိုသော တရားသိသူ ပညာရှိ သူတော်ကောင်းအတွက်ကား ဘာတစ်ခုမျှ အထင်ကြီးစရာ မကောင်းပါချေ။

သားမုဆိုးသည် သားသမင်များ စားကျက်၌ ကျော့ကွင်းကို ထောင်သည်၊ ပိုက်ကွန်ကိုခင်းသည်။ လိမ္မာသော သားသမင်ကား ကျော့ကွင်းပိုက်ကွန်သို့ မဝင်ဘဲ အစာကိုသာစား၍ သားမုဆိုး ညည်းတွားစဉ်မှာပင် လွတ်ရာသို့ထွက်သွားသည်။ ထို့အတူ ငါတို့လည်း ကာမဂုဏ် ကျော့ကွင်းမှာ အမိမခံကြဘဲ နိဗ္ဗာန်ချမ်းသာ ဘေးကင်းရာသို့သာ သွားကြမည်။

သားမုဆိုးသည် သားသမင်များ စားကျက်၌ ကျော့ကွင်းကို ထောင်ထားသည်၊ ပိုက်ကွန်ကို ခင်းထားသည်။ လိမ္မာ၍ အားကောင်းသော သားသမင်သည် ကျော့ကွင်းကိုရုန်းဖြတ်၍ အစာကိုသာစား၍ သားမုဆိုး ညည်းတွားနေစဉ်မှာပင် ဘေးလွတ်ရာသို့သွားသည်။ ထို့အတူပင် ငါတို့လည်း ကာမဂုဏ်ကျော့ကွင်းကိုဖြတ်တောက်၍ နိဗ္ဗာန်ချမ်းသာ ဘေးကင်းရာသို့သာ သွားကြမည်။

ဖော်ပြပါ အရှင်အာနန္ဒာ ဟောကြားသော အဆုံးအမ ဩဝါဒကို ကြားနာရသောအခါ ဥတ္တရာဥပါသိကာသည် တရားမှန်ကိုသိမြင်၍ အရှင်အာနန္ဒာအပေါ်တွင် ငြိတွယ်သောသံယောဇဉ်ကို ဆင်ခြင်နိုင်သည်ဟု မှတ်ယူရပေမည်။[၁]

အရှင်ဝင်္ဂီသအား ဩဝါဒပေးခြင်း

အရှင်အာနန္ဒာသည် ရှေးဘုန်းရှေးကံ အလွန်ကြီးမားသည့် ပုဂ္ဂိုလ်ထူး ဖြစ်တော်မူသည်။ မင်းနှင့် မှူးကြီးမတ်ရာ သေနာပတိ သူဌေးသူကြွယ်တို့၏ ကြည်ညိုလေးမြတ်ခြင်းကို ခံရသူ ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

တစ်ခါတစ်ရံ မင်းနှင့် မှူးကြီးမတ်ရာ သေနာပတိ စသူတို့က မိမိတို့ နေအိမ်သို့ အရှင်အာနန္ဒာကို ပင့်ဖိတ်၍ တန်ဆာမျိုးစုံတို့ဖြင့် တန်ဆာဆင်ထားသော အမျိုးသမီးတို့က အရှင်အာနန္ဒာအထံ ချဉ်းကပ်ရှိခိုး၍ ယပ်လေခတ်ကြသည်။ အနီးအနားထိုင်ပြီး ပြဿနာမေးလျှောက်ကြသည်။ တရားနာယူကြသည်။

တစ်ခါတွင် အရှင်အာနန္ဒာသည် သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးစဉ် ရဟန်းငယ်သာဖြစ်သေးသော အရှင်ဝင်္ဂီသကို နောက်ပါရဟန်းပြု၍ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင် ကြွတော်မူခဲ့သည်။ ထိုအခါ မင်းမှူးမတ် အိမ်တစ်အိမ်က အရှင်အာနန္ဒာကိုပင့်၍ အထက်ပါအတိုင်း တန်ဆာမျိုးစုံတို့ဖြင့် တန်ဆာဆင်ထားသည့် အမျိုးသမီးများက ပြဿနာမေးလျှောက်ကြသည်။ တရားနာယူကြသည်။ ထို့နောက် အရှင်အာနန္ဒာသည် နောက်ပါရဟန်းငယ် အရှင်ဝင်္ဂီသနှင့်အတူ ကျောင်းသို့ ပြန်ကြွတော်မူခဲ့လေသည်။ ထိုစဉ်က အရှင်ဝင်္ဂီသမှာ ပုထုဇဉ်ရဟန်းငယ်မျှသာဖြစ်သေးရာ အရှင်အာနန္ဒာ၏ ဒါယိကာမအမျိုးသမီးများ၌တပ်မက် စွဲလမ်း၍ ရဟန်းဘဝ၌ မပျော်ပိုက်နိုင်အောင် ဖြစ်လာသည်။ သို့နှင့် ရိုးသားသော အရှင်ဝင်္ဂီသက—

''အို-ဂေါတမအနွယ် ဆက်သွယ်ထွန်းလာ အရှင်ဘုရားအာနန္ဒာ.... တပည့်တော်မှာ ကာမရာဂမီး တောက်လောင်နေပါသည်။ တပည့်တော်၏ စိတ်သည် ပူလောင်နေပါသည်။ တပည့်တော်ကို သနားသောအားဖြင့် ကာမရာဂမီး ငြိမ်းအေးအောင် တရားဟောတော်မူပါ ဘုရား''ဟု လျှောက်ထားလေသည်။

၁။ ထေရ၊ ၃၄၆-၇၊ ထေရ၊ ဋ၊ ၂။ ၄၂၁-ကြည့်၊

ထိုအခါ အရှင်အာနန္ဒာက—

အိုဝင်္ဂီသ....မိန်းမယောကျ်ားဟူသော အမှတ်မှားမှုကြောင့် သင့်ရဲ့စိတ်သည် ပူလောင်နေသည်။ ရာဂကို ဖြစ်ပွားစေတတ်သော အလှအပ အာရုံနိမိတ်ကို ရှောင်ရှားပါလော့။ အာရုံနိမိတ်ကို အလှအပဟု မရှုလင့်။

သင်္ခါရတရားတို့ကို အနိစ္စအားဖြင့် ရှုလော့။ ငါမဟုတ် ပြင်ပသူစိမ်း သဘာဝတရားဟုသာ ရှုကြည့်လော့။ ဒုက္ခတရားအစုဟု ရှုကြည့်လော့၊ အတ္တဟု မရှုလင့်။ အနတ္တဟုသာ ရှုကြည့်လေလော့။ ကြီးမားသော ရာဂမီးကို ငြိမ်းသတ်လော့။ ထိုရာဂမီးသည် သင့်ကို ထပ်ကာ ထပ်ကာ မလောင်ပါစေနှင့်။ စိတ်ကို အာရုံတစ်ခုတည်း၌ ထားကာ ကောင်းစွာ တည်ငြိမ်စေ၍ အသုဘဟု အဖန်ဖန်ရှုခြင်းဖြင့် အသုဘဘာဝနာကို ပွားများလော့။ ကာယဂတာသတိတရားကိုလည်း ပွားများပါလော့။ ဤခန္ဓာကိုယ်ဝယ် ငြီးငွေ့ရွံမုန်းခြင်းများသူ ဖြစ်ပါစေလော့။

အမြဲမရှိဟု အဖန်ဖန်ဆင်ခြင်မှု အနိမိတ္တဘာဝနာကိုလည်း ပွားများလော့။ မိမိကိုယ်၌ ကိန်းအောင်းနေသော မာန်မာနကိုလည်း ပယ်စွန့်လော့။ မာနကို ပယ်စွန့်နိုင်လျှင် ရာဂမီးစသည် ငြိမ်းစင်၍ အေးချမ်းစွာ နေထိုင်ရလိမ့်မည်''ဟု ဆုံးမဩဝါဒ ပေးတော်မူသည်။[၁]

ဤသို့စသည်ဖြင့် အရှင်အာနန္ဒာသည် ဘုရားမြတ်စွာ သက်တော် ထင်ရှား ရှိတော်မူစဉ်ကပင် ရဟန်းသံဃာများစွာတို့အား အဆုံးအမဩဝါဒ ပေးတော်မူခဲ့ရသည်။ ဘုရားတရားတော် ပရိယတ္တိဓမ္မက္ခန် စာပေများကို ချုပ်ို သင်ပြတော်မူခဲ့ရသည်။

စာပေပရိယတ် ချုပ်ိုမှု၌ လွန်စွာခရီးရောက်

ဘုရားမြတ်စွာ၏ တပည့်သာဝကထဲတွင် စာ ပေ ပရိ ယတ် ချုပ်ိုမှုတွင် အလွန်လျှင် ခရီးရောက်တွင်ကျယ်သည့် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

အရှင်အာနန္ဒာသည် တစ်ခုတည်းသောခြေလှမ်း၌ ရပ်၍ ဂါထာပါဒ ပေါင်း ၆၀၀၀၀ (ခြောက်သောင်း)၊ ဂါထာပေါင်း ၁၅၀၀၀ (တစ်သောင်းငါးထောင်) တို့ကို ဘုရားမြတ်စွာဟောတော်မူသည့်အတိုင်း ပုဒ်ပါဌ်အက္ခရာ တစ်သဝေမတိမ်း သင်ယူချုပ်ိုတော်မူနိုင်သည်။ ဤမျှ ဉာဏ်

၁။ သံ၊ ၁။ ၁၈၉-၁၉၀-ကြည့်။

ပညာထက်မြက်လှသောကြောင့် ဂတိမန္တစေတဒဂ်ကိုလည်း ရရှိတော်မူခြင်း ဖြစ်လေသည်။

အရှင်အာနန္ဒာ၏နှုတ်တော်သည် အလွန်မြန်သည်။ နှုတ်တော်မြန်သော်လည်း ရှုပ်ရှုပ်ထွေးထွေးမဟုတ် ရှင်းလင်းသည်၊ ကြည်လင်သည်၊ လောကီပုဂ္ဂိုလ်=ပကတိလူများ၏ စကားတစ်ခွန်းလျှင် အရှင်အာနန္ဒာ ရှစ်ခွန်းမြန်သည်။ ဘုရားမြတ်စွာကား လောကသုံးပါးတွင် အတုမဲ့ပုဂ္ဂိုလ်ဖြစ်ရာ အရှင်အာနန္ဒာ တစ်ခွန်းလျှင် ဘုရားမြတ်စွာက တစ်ဆယ့်ခြောက်ခွန်း။ တစ်ဖန် လူသာမန်တို့တစ်ခွန်းလျှင် ဘုရားမြတ်စွာက ၁၂၈ (တစ်ရာ့နှစ်ဆယ့်ရှစ်)ခွန်း လျှင်မြန်တော်မူသည်။[၁]

သို့ဖြစ်ရာ သာမန်ပုဂ္ဂိုလ် သာမန်ရဟန်းတော် ကျမ်းတစ်ကျမ်းချပို့ပြီးလျှင် အရှင်အာနန္ဒာရှစ်ကျမ်း ချပို့ပြီးစီးနိုင်သည်ဟု သိရာ၏။ သို့ဖြစ်ရကား အရှင်အာနန္ဒာသည် စာပေပရိယတ် ဓမ္မက္ခန်ချပို့မှု၌ လွန်စွာ ခရီးရောက်သော ပုဂ္ဂိုလ်ဖြစ်ကြောင်း သိသာလေသည်။

ဒီဃဘာဏက ရဟန်းတော်များ

အရှင်အာနန္ဒာ တာဝန်ယူ၍ ချပို့ ချပို့စေခဲ့သော ခြောက်ဆယ့်လေးဘာဏဝါရရှိ ဒီဃနိကာယ်ကို ဆက်လက်၍ အဆက်ဆက် ကျက်မှတ်ထိန်းသိမ်း ချပို့ခဲ့ကြသည့် ရဟန်းတော်များမှာ မရေနိုင်အောင် များမြောင်လှမည်ဖြစ်သည်။ ယင်းရဟန်းတော် မထေရ်မြတ်များကို ဒီဃဘာဏကမထေရ်မြတ်များဟု ခေါ်ဆိုကြသည်။

ဤနည်းနှင်နှင် ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ၏ တပည့်စဉ်ဆက်ဆင်းသက်လာသော ရဟန်းတော်တို့က ဘာဏဝါရရှစ်ဆယ်ခန့်ရှိ မဇ္ဈိမနိကာယ်ကို နှေ့နှေ့ညညချပို့တော်မူခဲ့ကြကာ ဒုတိယသံဂါယနာ, တတိယသံဂါယနာတို့သို့ အရောက် သယ်ဆောင်တော်မူခဲ့ကြသည်။ မဇ္ဈိမနိကာယ်ကို အထူးသဖြင့် ဆောင်မှတ်ချပို့တော်မူခဲ့ကြသော ရဟန်းများစွာ ပေါ်ထွန်းခဲ့ရာ ၎င်းရဟန်းတော်တို့သည် မဇ္ဈိမဘာဏကတို့ မည်ကြသည်။

အရှင်မဟာကဿပ တပည့်စဉ်ဆက် ဆင်းသက်လာသော ရဟန်းတော်များကလည်း သံဂါယနာတင်စဉ်က ပဋိညာဉ်အတိုင်း ဘာဏဝါရတစ်ရာခန့်ရှိသော သံယုတ္တနိကာယ်ကြီးကို ချပို့တော်မူကြ၍ ဒုတိယသံဂါယနာ,

---

၁။ သာရတ္ထ၊ ၂။ ၃၁။

တတိယသံဂါယနာတိုင်အောင် သယ်ဆောင်တော်မူခဲ့ကြလေသည်။ ယင်း သံယုတ္တနိကာယ်ကို ထူးထူးခြားခြား နှုတ်ရဆောင် ချပို့တော်မူကြသော ရဟန်းတော်များသည် သံယုတ္တဘာဏကရဟန်းတော်များဟု ထင်ရှားကြကုန်၏။

ပဌမသံဂါယနာသဘင်တွင် ပါဝင်၍ သံဂါယနာတင်ခဲ့သော ဒိဗ္ဗစက္ခု အဘိညာဉ် တေဒဂ်ရ အနုရုဒ္ဓါသည် ဝဇ္ဇီနိုင်ငံ ဝေဠုဝရွာ ဝါးချုံ အတွင်း၌ ပရိနိဗ္ဗာန် စံတော်မူခဲ့လေသည်။ ယင်း အနုရုဒ္ဓါမထေရ်သည် လည်း သံဂါယနာသဘင်က ပေးလိုက်သော ဘာဏဝါရတစ်ရာ့နှစ်ဆယ်ရှိ အင်္ဂုတ္တရနိကာယ်ကြီးကို ကိုယ်တိုင်ချပို့ တပည့်စဉ်ဆက်တို့ကို ချပို့၍ တတိယသံဂါယနာတိုင်အောင် သယ်ဆောင်တော်မူခဲ့လေသည်။ ယင်းသို့ အင်္ဂုတ္တရနိကာယ်ကြီးကို နှုတ်တက်အာဂုံဆောင်၍ ချပို့သော ရဟန်းတော်များသည် အင်္ဂုတ္တရဘာဏကဟု အမည်တွင်ကုန်၏။

ရင်းပြင် "ခုဒ္ဒကဘာဏက"ဟူသော စကားကိုလည်း ကျမ်းဂန်များ၌ တွေ့ရသည်[၁]။ သို့ဖြစ်၍ ခုဒ္ဒကနိကာယ် တစ်နိကာယ်လုံးကို အာဂုံနှုတ်တက် ဆောင်ရွက်မှတ်သားချပို့သည့် ပရိယတ္တိ သာသနာ့ဝန်ဆောင် အများအပြား ရှိခဲ့ကြောင်းလည်း သိနိုင်လေသည်။ ယင်းသို့ ခုဒ္ဒကနိကာယ် ဆောင်များမှာ "ခုဒ္ဒကပါဌ, ဓမ္မပဒ, ဥဒါန, ဣတိဝုတ်, သုတ္တနိပါတ်၊ ဝိမာနဝတ္ထု, ပေတဝတ္ထု, ထေရဂါထာ, ထေရီဂါထာ, အပဒါန်, ဇာတက, မဟာနိဒ္ဒေသ, စူဠနိဒ္ဒေသ, ပဋိသမ္ဘိဒါမဂ်, နေတ္တိ"တို့ကို အရ ဆောင်ချပို့သည့် ရဟန်းတော်များလည်း ဖြစ်နိုင်လေသည်။ ယင်းခုဒ္ဒကဘာဏက ရဟန်းတော်တို့သည် ခုဒ္ဒကနိကာယ်ကျမ်းများကို ချပို့၍ တတိယသံဂါနာတိုင်အောင် ဆောင်တော်မူခဲ့ကြသည်။

အဘိဓမ္မာပိဋကကိုမူကား အရှင်ဘဒ္ဒဇိထေရ်သည် ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာထံမှ အာဂုံနှုတ်တက် ဆောင်ရွက်မှတ်သားသင်ယူ၍ ချပို့တော်မူခဲ့လေသည်၊ တစ်ဖန် အရှင်ဘဒ္ဒဇိထေရ်၏တပည့် အရှင်သောဘိတ, အရှင်သောဘိတ၏တပည့် အရှင်ပိယဇာလိ၊ အရှင်ပိယဇာလိ၏တပည့် အရှင်ပိယပါလ, အရှင်ပိယပါလ၏တပည့် အရှင်ပိယဒဿီ, အရှင်ပိယဒဿီ၏တပည့် အရှင်ကောသိယပုတ္တသိဂ္ဂဝ, အရှင်ကောသိယပုတ္တသိဂ္ဂဝ၏တပည့် အရှင်သန္ဒေဟ၊ အရှင်သန္ဒေဟ၏တပည့် အရှင်မောဂ္ဂလိပုတ္တ, အရှင်မောဂ္ဂလိ

၁။ ဓိလိန္ဒ၊ ၃၂၄၊ သာရတ္ထ၊ ၂။ ၂၅၅၊

ပုတ္တ၏တပည့် အရှင်သုဒတ္တ၊ အရှင်သုဒတ္တ၏တပည့် အရှင်ဓမ္မိယ၊ အရှင်ဓမ္မိယ၏တပည့် အရှင်ဒါသက၊ အရှင်ဒါသက၏တပည့် အရှင်သောဏက၊ အရှင်သောဏက၏တပည့် အရှင်ရေဝတ အစရှိသော မထေရ်မြတ်တို့သည် တတိယသံဂါယနာတိုင်အောင် ဆောင်ရွက်တော်မူခဲ့ကြကုန်၏။[၁]

ယင်းသို့ အဘိဓမ္မာပိဋကကို နှုတ်လွတ်ဆောင်ကာ အထူးအားဖြင့် ဟောပြောချဖို့သော မထေရ်မြတ်တို့ကို "အာဘိဓမ္မိက, အာဘိဓမ္မိကတ္ထေရ" ခေါ်ဆိုကြသည်။[၂]

ပဉ္စမသံဂါယနာတင် ရဟန္တာအရှင်မြတ် ငါးရာတို့ ပရိနိဗ္ဗာန်ဝင်စံ သံဝေဂဉာဏ်သက်ရောက်ဖွယ်

အာသဝေါကုန်ခန်း ရဟန္တာပုဂ္ဂိုလ်ကြီးများ ဖြစ်ကြကုန်သော တန်ခိုးရှိန်စော် အာနုဘော်ကြီးမားတော်မူကြကုန်သော အရှင်မဟာကဿပအစရှိသော ပဉ္စမသံဂါယနာတင် ပုဂ္ဂိုလ်မြတ်ကြီးတို့သည် ပရိယတ္တိသဒ္ဓမ္မဟုဆိုအပ်သော ဘုရားမြတ်စွာစကားတော် ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်ကို သံဂါယနာတင်တော်မူကြ, အရပ်ဒေသအားလုံးတို့၌ ထွန်းလင်းတောက်ပ ပျံ့နှံ့ကြပြီးလျှင် အသက်ဆုံးသည်တိုင်အောင် ဘုရားဝိနေဉ် သာသနာတော်ကိစ္စ အဝဝကို ပြုလုပ်ရွက်ဆောင် တည်ခနေတော်မူကြပြီးလျှင် ဆီကုန်လေပြီး ဆီမီးတို့ကဲ့သို့ ကပ်ငြိတွယ်ဘာ တဏှာမရှိကြကုန်ဘဲ နိဗ္ဗူယူသိမ်း ငြိမ်းတော်မူကြလေကုန်ပြီ။

၄၇၂။ သင်္ဂါယိတ္ဝာန သဒ္ဓမ္မံ၊ ဇောတယိတ္ဝာ စ သဗ္ဗဓိ။
ယာဝ ဇီဝိတပရိယန္တံ၊ ဌတွာ ပဉ္စသတာပိ တေ။

၄၇၃။ ခီဏာသဝါ ဇုတိမန္တော၊ ထေရာ ကဿပအာဒယော။
ခီဏာသ္နေဟပဒီပါဝ၊ နိဗ္ဗာယိံသု အနာလယာ။[၃]

သဒ္ဓမ္မံ=ပရိယတ္တိသဒ္ဓမ္မဟု ဆိုအပ်သော သူတော်ကောင်းတရားကို။ ဝါ=နိကာယ်ငါးရပ် ပိဋကတ်သုံးပုံဟူသော ပရိယတ္တိသဒ္ဓမ္မ ဘုရားစကားတော်ကို။ သင်္ဂါယိတ္ဝာန=ညီညာသံချီ ရွတ်ဆိုသံဂါယနာ တင်ပြီး၍လည်းကောင်း။ သဗ္ဗဓိ=အလုံးစုံသောအရပ်၌။ ဇောတယိတ္ဝာစ=ထွန်းလင်း

၁။ အဘိ၊ ဋ္ဌ၊ ၁၊ ၃၂
၂။ ဝိ၊ ၎၊ ၂၊ ၇၆၊ သံ၊ ဋ္ဌ၊ ၁၊ ၂၆၅၊ ၂၇၁။ အံ၊ ဋ္ဌ၊ ၃၊ ၃၅၄၊
အဘိ၊ ဋ္ဌ၊ ၁၊ ၃၃
၃။ ဝိ၊ ဋ္ဌ၊ ၁၊ ၂၅၊ ၂၆။

တောက်ပစေပြီး၍လည်းကောင်း။ ယာဝဇီဝိတပရိယန္တံ= အသက်အပိုင်းအခြားတိုင်အောင်။ ဝါ=အသက်ဆုံးသည်တိုင်အောင်။ ဌတွာ=တည်နေတော်မူကုန်၍။ ပဥ္စသတာပိ=ရေတွက်သင်္ချာ ငါးရာအတိုင်းအရှည်ရှိသည်လည်းဖြစ်ကုန်သော။ ခီဏာသဝါ = ကုန်ပြီးသော အာသဝေါရှိကြကုန်သော။ ဇုတိမန္တော = ပညာတည်းဟူသော ဆီမီးရောင်ရှိတော်မူကြကုန်သော။ ဝါ= တန်ခိုးရှိန်စော် အာနုဘော် ကြီးမားတော်မူကြကုန်သော။ ကဿပ အာဒယော=အရှင်မဟာကဿပ အစရှိကုန်သော။ တေ ထေရာ= ထိုမထေရ်တို့သည်။ ခီဏသ္နေဟပဒီပါဝ =ကုန်ပြီးသော ဆီရှိသော ဆီမီးတို့ကဲ့သို့။ အနာလယာ=ကပ်ငြိတွယ်တာ တဏှာမရှိကြကုန်သည်။ ဟုတွာ= ဖြစ်ကြကုန်၍။ နိဗ္ဗာယိံသု=နိဗ္ဗူယူသိမ်း ငြိမ်းတော်မူကြလေကုန်ပြီ။

ဒီပဝံသပါဠိ

ကျမ်းပြုလိမ္မာ အရှင်မဟာဗုဒ္ဓဃောသ၏ အဋ္ဌကထာကျမ်းများ မပေါ်မီကပင် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)၌ဒီပဝံသမည်သောဗုဒ္ဓသာသနာ့သမိုင်းကျမ်းကြီးရှိခဲ့လေသည်။ ပိဋကစာပေသမိုင်း စာပေပါဠိဘာသာ ဂါထာအရေးအသား နိုင်နင်းကျွမ်းကျင်သော ပညာရှိရဟန်းတစ်ပါး ရေးသားစီရင်တော်မူခဲ့လေသည်။ ယင်းကျမ်းသည် ပါဠိဂါထာဖြင့် သမိုင်း မှတ်တမ်းတင်သည့် ကျမ်းကြီးဖြစ်ရာ ပါဠိပညာရှင်များ၏ အရာသာဖြစ်လေသည်။ ယင်းဒီပဝံသကျမ်း၌ အပိုင်းပေါင်း ၂၂-ပိုင်း ဂါထာပေါင်း ၁၄၂၅-ဂါထာပါရှိလေသည်။ သီဟိုဠ်မင်းများ၏ သမိုင်းအကျဉ်းချုပ်ကို ဖော်ပြပြီး သာသနာ့သမိုင်းကိုမူ ကျယ်ဝန်းစွာ ဖော်ပြထားလေသည်။

ယင်းကျမ်း၌— (၁)ဘုရားရှင် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)သို့ သုံးကြိမ်ကြွခြင်း၊ (၂) ဘုရားဓါတ်တော်များ သီဟိုဠ် (သီရိလင်္ကာ) သို့ ကြွရောက်ကိန်းဝပ် အပူဇော်ခံခြင်း၊ (၃) မဟာဗောဓိ လက်ယာတောင်ကိုင်း (သံဃမိတ္တာဗောဓိ)သီဟိုဠ်ကျွန်း (သီရိလင်္ကာ)သို့သံဃမိတ္တာထေရီပင့်ဆောင်ကြွရောက်ခြင်း၊ (၄) သင်္ဂါယနာတင်သမိုင်းများ၊ (၅)သီဟိုဠ်ကျွန်း သာသနာရောက်ခြင်း၊ (၆) သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ ဘုရားမြတ်စွာ သာသနာတော်တိုးတက်ခြင်း, ဆုတ်ယုတ်ခြင်း စသည့် စိတ်ဝင်စားဖွယ်ရာ သမိုင်းများ ပါရှိသည်။ ကျမ်းဦး၌—

၄၇၄။ ဒီပါဂမနံ ဗုဒ္ဓဿ၊ မာတု စ ပေါဓိယာဂမံ။
သင်္ဂဟာစေရဝါဒဉ္စ၊ ဒီပမှိ သာသနာဂမံ။
နရိန္ဒာဂမနံ ဝံသံ၊ ကိတ္တယိဿံ သုဏာထ မေ။
၄၇၅။ ပီတိပါမောဇ္ဇဇနနံ၊ ပသာဒေယျံ မနောရမံ။
အနေကာကာရသမ္ပန္နံ၊ စိတ္တီကတွာ သုဏာထ မေ။
၄၇၆။ ဥဒဂ္ဂစိတ္တာ သုမနာ၊ ပဟဋ္ဌာ တုဋ္ဌမာနသာ။
နိဒ္ဒေါသံ ဘဒြဝစနံ၊ သက္ကစ္စံ သမ္ပဋိစ္ဆထ။
၄၇၇။ သုဏာထ သဗ္ဗေ ပဏိဓာယ မာနသံ၊
ဝံသံ ပဝက္ခာမိ ပရမ္ပရာဂတံ။
အတိပူသဒ္ဓံ ဗဟုနာဘိဝဏ္ဏိတံ၊
တေံ ဟိ နာနာကုသုမံဝ ဂန္ထိတံ။
၄၇၈။ အနူပမံ ဝံသဝရဂ္ဂဝါဒိတံ၊
သဗ္ဗံ အနညံ တထသုပ္ပကာသိတံ။
အရိယာဂတံ ဥတ္တမသဗ္ဘိဝဏ္ဏိတံ၊
သုဏာန္တု ဒီပတ္ထုတိ သာဓုသက္ကတံ။

ဟူသော ၅-ဂါထာဖြင့် ကျမ်း၌ ပါဝင်သော အချက်အလက် တိုက်တွန်းချက် ဥယျောဇဉ် တစ်ဖန်ကျမ်း၏ ဂုဏ်, တိုက်တွန်းချက် ဥယျောဇဉ်၊ ထပ်မံ တိုက်တွန်းချက်နှင့် ကျမ်း၏ဂုဏ်၊ တစ်ဖန် တိုက်တွန်းချက်ကျမ်း၏ ဂုဏ်ရည်ဂုဏ်ပုဒ်၊ တစ်ဖန် ကျမ်း၏ ဂုဏ်ရည်ဂုဏ်ပုဒ် တိုက်တွန်းချက်တို့ကို ဖော်ပြတော်မူခဲ့လေသည်။ ဤဒီပဝံသကျမ်းသည်အဋ္ဌကထာကျမ်းပြုပုဂ္ဂိုလ်ကျော် အရှင်မဟာဗုဒ္ဓဃောသသည်ပင်လျှင် အလေးအမြတ်ထား၍အကိုးအကားပြုရသည့် သာသနာ့သမိုင်း ကျမ်းစာကောင်းဖြစ်လေသည်။ ယင်းဒီပဝံသပါဠိ၏ အဖွင့်ဋီကာကို "ဇာဂရာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု, ဇာဂရာဘိဓဇ သီရိပဝရာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု, ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု" အားဖြင့် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ သဒ္ဒစုတ္တိဋီကာသစ်, ဂန္ထာဘရဏဋီကာသစ်, ပါစိတျာဒိယောဇနာစသည့် ကျမ်းပေါင်း ၂၀-ခန့်တို့ကိုပြုစီရင်တော်မူခဲ့သော မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမဘုရားကြီးတိုက်အာဆုမသမုဋ္ဌာပက ပဉ္စမ သံဂါယနာတင်စဉ် ကျောက်ထက်အက္ခရာ သံဂါယနာတင်စဉ် သံဃမဟာနာယက ဆရာတော် အရှင်ဇာဂရာဘိဝံသဖွင့်ဆိုတော်မူခဲ့လေသည်။ အရှင်ဇာဂရာဘိဝံသသည်-

၄၇၉။ နမဿိတွာန သမ္ဗုဒ္ဓံ မဟာဒီပံ မဟာဝံသံ။
သွာက္ခာတံ တာဿ ဓမ္မဉ္စ၊ သံဃဉ္စ သုပ္ပဋိပန္နံ။
၄၀၀။ ပုဗ္ဗာစရိယသီဟေဟိ၊ ဒီပဝံသော နာမ ယော ကတော။
လဿာဒီနေ့ဒိ ဝါသိဟိ၊ ကရိဿံ တဿ ဝဏ္ဏနံ။
ဟူသော ၂-ဂါထာဖြင့် ရတနတ္တယ ကာမ, ဒီပဝံသစာကိုယ် သမိုင်း
အကျဉ်းချုပ် ပဋိညာဉ်ကို ဖော်ပြတော်မူခဲ့လေသည်။

ဒီပဝံသကျမ်းလာ ပဌမသံဂါယနာ သမိုင်းမှတ်တမ်း

ဖော်ပြပါဒီပဝံသပါဠိ၌ သံဂီတိသံဃမဟာနာယက, သံဂီတိပါမောက္ခ အရှင်မဟာကဿပ မဟာထေရ်ဦးစီး၍ မဂဓတိုင်း မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့တော် နန်းစံ အဇာတသတ်မင်း၏ ပစ္စယာနုဂ္ဂဟဖြင့် ပြုလုပ်ဆင်ယင် ကျင်းပအပ်သော ပဌမသံဂါယနာသမိုင်းမှတ်တမ်းကို စတုတ္ထပရိစ္ဆေဒဟု အပိုင်းတစ်ပိုင်းဖွင့်၍ ဂါထာပေါင်း ၃၃-ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။ ယင်း ပဌမသံဂါယနာသမိုင်းမှတ်တမ်းကို ဒီပဝံသပါဠိ၌ လာသည့်အတိုင်း ဂါထာများကို ထုတ်ပြ၍ မြန်မာပြန်ဆိုဖော်ပြအပ်ပါသည်။

၄၀၁။ ပရိနိဗ္ဗုတမှိ သမ္ဗုဒ္ဓေ၊ ကုသိနာရာယံ ပုရုတ္တမေ။
သတ္တသတသဟဿာနိ၊ ဇိနပုတ္တာ သမာဂတာ။

မလ္လတိုင်း၏ မြို့တော်မြို့မြတ်ဖြစ်သော ကုသိနာရုံမြို့၌ ဘုရားမြတ်စွာ ပရိနိဗ္ဗာန် ဝင်စံတော်မူသည်ရှိသော် (ဘုရားမြတ်စွာ ပရိနိဗ္ဗာန် ဝင်စံတော်မူစဉ်) ခုနစ်သိန်းသော ဘုရားသားကျော် မဟာထေရ်သံဃာတော်တို့ ပေါင်းစုံစည်းဝေးမိကြကုန်၏။

၄၀၂။ ဝေသ္မိံ သန္နိပါတမှိ၊ ထေရော ကဿပသဝှယော။
သတ္ထုကပ္ပေါ မဟာနာဂေါ၊ ပဌဗျာ နတ္ထိ ဤဒိသော။

ထိုမဟာထေရ် သံဃာခုနစ်သိန်း အစည်းအဝေးကြီး၌ ဘုရားမြတ်စွာ တစ်မူ အလားတူတော်မူသော မြက်သောရဟန္တာပုဂ္ဂိုလ် ဖြစ်တော်မူသော အရှင်မဟာကဿပ အမည်ရှိသော မဟာထေရ်သည် ခေါင်းဆောင်အဖြစ် ပါရှိတော်မူသည်။ မြေပြင်တစ်ခွင်လုံး(လောက)၌ ဤကဲ့သို့သော မထေရ်မြတ် မရှိချေ။

၄၀၃။ အရဟန္တာနံ ပဥ္စသတံ၊ ဥစ္စိနိတွာန ကဿပေါ။
ဝရံ ဝရံ ဂဟေတွာန၊ အကာသိ ဓမ္မသင်္ဂဟံ။

အရှင်မဟာကဿပ မထေရ်သည် အသင့်လျော်ဆုံး အလိုရှိအပ်ဆုံး ဖြစ်သော ရဟန္တာသခင် အရှင်မြတ်ငါးရာတို့ကို ရွေးကောက်တော်မူ၍ ဓမ္မဝိနယကို သိမ်းယူအတည်ပြု ရွတ်ဆိုကြောင်း သင်္ဂါယနာသဘင်ကြီးကို ပြုတော်မူခဲ့လေသည်။

၄၀၄။ ပါဏီနံ အနုကမ္ပာယ၊ သာသနံ ဒီဃကာလိကံ။
အကာသိ ဓမ္မသင်္ဂဟံ၊ တိဏ္ဏံ မာသာနအစ္စယေ။

ဘုရားမြတ်စွာ ရွှေပြည်နိဗ္ဗာန် ဝင်စံတော်မူ၍ သုံးလလွန်မြောက်ရာ အခါ၌ သတ္တဝါတို့ကို အလွန်လျှင် သနားကရုဏာ သက်တော်မူသဖြင့် (သတ္တဝါတို့ကို အစဉ်သနားစောင့်ရှောက် ချီးမြှောက်ခြင်းငှာ) ဘုရားမြတ်စွာ သာသနာတော်ကြီး မြင့်ရှည်မြားမြောင် နှစ်ပေါင်းငါးထောင် ကာလကြာရှည် တည်တံ့ပြန့်ပွားအောင် ဓမ္မဝိနယကို သိမ်းယူအတည်ပြု ရွတ်ဆိုကြောင်း သံဂါယနာတင်ခြင်းကို ပြုတော်မူပြီ။

၄၀၅။ သမ္ဗုဒ္ဓေ စတုတ္တေ မာသေ၊ ဒုတိယေ ဝဿူပနာယိကေ။
သတ္တပဏ္ဏိဂုဟာဒွါရေ၊ မာဂဓာနံ ဂိရိဗ္ဗဇေ။
သတ္တမာသေဟိ နိဋ္ဌာသိ၊ ပဌမော သင်္ဂဟော အယံ။

ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူ၍ လေးလမြောက်ရောက်ရာ ဒုတိယ ဝါကပ်ရာ ဝါခေါင်လ၌ (ဝါခေါင်လပြည့်ကျော် ၅-ရက်နေ့၌) မဂဓ တိုင်းသူတိုင်းသားတို့၏ နွားခြံလိုလို တောင်ငါးလုံး ကာခိုသည့် ရာဇဂြိုဟ် မြို့တော် စရည်းပင်ရောက်ရာ လိုဏ်ဂူတံခါးဝအနီး အဇာတသတ်မင်းသည် ဆောက်လုပ်စေအပ်သော မဏ္ဍပ်ကြီးအနီး၌ သံဂါယနာသဘင်ကြီး ဆင်ယင်တော်မူခဲ့ကြလေသည်။ ယင်းပဌမသံဂါယနာတင်သဘင် ပွဲတော်ကြီးသည် ခုနစ်လတို့ဖြင့် ပြီးဆုံးခဲ့လေသည်။

၄၀၆။ တေသို့ သင်္ဂဟေ ဘိက္ခူ၊ အင်္ဂနိက္ခိတ္တကာ ဗဟူ။
သဗ္ဗေပိ ပါရမိပ္ပတ္တာ၊ လောကနာထဿ သာသနေ။

ထိုပဌမသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ သံဂါယနာတင် သံဂီတိ ကာရက ရဟန်းတော်တို့သည် ဘုရားမြတ်စွာ တောဒဂ်အရာ ထားခဲ့သည့် တောဒဂ်ဘွဲ့ရတို့ များစွာပါဝင်ကြကုန်၏။ အားလုံး သံဂါယနာတင် ထေရ် အရှင်တို့သည် ဘုရားမြတ်စွာ သာသနာတော်၌ ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိ သဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မဟူသော သဒ္ဓမ္မသုံးပြားအရာ အထွတ်အထိပ်ရောက် ပြီးသော ရဟန်းတော်ချည်း ဖြစ်တော်မူကြသည်။

၄၇၇။ ဓုတဝါဒါနံ အဂ္ဂေါ သော၊ ကဿပေါ ဇိနသာသနေ။
ဗဟုဿုတာနံ အာနန္ဒော၊ ဝိနယေ ဥပါလိပဏ္ဍိတော။

ထိုပဌမသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ဘုရားမြတ်စွာ သာသနာတော်၌ ဓုတင်ကိုဆောင် ဓုတင်၏ဂုဏ်ကျေးဇူးကို ဟောပြောလေ့ရှိသော ရဟန်းများအနက် ဧတဒဂ်ရ အရှင်မဟာကဿပ မဟာထေရ်သည် သံဂါယနာခေါင်းဆောင် သံဂါယနာ မဟာနာယကအဖြစ် ဆောင်ရွက်တော်မူခဲ့လေသည်။ အကြားအမြင်ရှိသော ရဟန်းများအနက် ဧတဒဂ်ရ အရှင်အာနန္ဒာသည် ဓမ္မဝိဿဇ္ဇကဖြစ်၍ ပါဝင်ဆောင်ရွက်တော် မူခဲ့လေသည်။ ဝိနည်းအရာ ဝိနယဓရ ဧတဒဂ်ရ အရှင်ဥပါလိပညာရှိသည် ဝိနယဝိဿဇ္ဇကဖြစ်၍ ပါဝင်ဆောင်ရွက်တော်မူခဲ့လေသည်။

၄၇၈။ ဒိဗ္ဗစက္ခုမှိနုရုဒ္ဓေါ၊ ဝင်္ဂီသော ပဋိဘာနဝါ။
ပုဏ္ဏော စ ဓမ္မကထိကာနံ၊ စိတြကထိ ကုမာရကဿပေါ။

ရင်းပြင် ထိုပဌမ မဟာသံဂါယနာသဘင် မဟာဓမ္မသဘင်ကြီး၌ ဒိဗ္ဗစက္ခုအဘိညာဉ် ဧတဒဂ်ရ အရှင်အနုရုဒ္ဓါ မဟာထေရ်မြတ်ကြီးသည်လည်း သာသနာ့အရေး ကိုယ့်အရေးဟု သဘောထားကာ သံဂီတိကာရကအဖြစ် ပါဝင်ဆောင်ရွက်တော်မူခဲ့လေသည်။ ဖွဲ့ဆိုသီကုံးမှု ဉာဏ်ပဋိဘာန်ရှိသည့် အရာ အထူးချွန်ဆုံး ဧတဒဂ်ရ အရှင်ဝင်္ဂီသမထေရ်သည်လည်း ရာဇဂြိုဟ် သံဃာအစည်းအဝေး သံဂါယနာသဘင်ကြီးတွင် သံဂီတိကာရကဖြစ်၍ ပါဝင်ဆောင်ရွက်တော်မူခဲ့လေသည်။ ထိုမှတစ်ဖြာ ဓမ္မကထိကအရာ တရားဟောကြားခြင်း၌ အမြတ်ဆုံး အကောင်းဆုံး အထူးချွန်ဆုံးအရာ ဧတဒဂ်ရ အရှင်ပုဏ္ဏ မထေရ်သည်လည်း သာမဂ္ဂီဒွေး ကိုယ်စိတ်ပေးကာ သံဂီတိကာရက တာဝန်ကို ပါဝင်ဆောင်ရွက်တော်မူခဲ့လေသည်။ ထို့ပြင်တဝဆန်းကြယ်စွာ တရားဟောမှု၌ ဧတဒဂ်ရ အရှင်ကုမာရကဿပ မထေရ်သည်လည်း သံဂီတိမဟာနာယက အရှင်မဟာကဿပ မဟာထေရ် စသည်တို့၏ အလိုတော်ကျအတိုင်း သံဂီတိကာရက တာဝန်ကို ဆောင်ရွက်တော်မူခဲ့လေသည်။

၄၇၉။ ဝိဘဇ္ဇဝါဒိမှိ ကစ္စာနော၊ ကောဋ္ဌိကော ပဋိသမ္ဘိဒါ။
အညေ ပတ္တိမဟာထေရာ၊ အဂ္ဂနိက္ခိတ္တကာ ဗဟူ။

အကျဉ်းမာတိကာ ဒေသနာကို အကျယ်ဝိတ္ထာရ ဖွင့်ပြဟောဆိုမှုအရာ ဧတဒဂ်ရ အရှင်ကစ္စာနမထေရ်သည်လည်း ယင်းပဉ္စမသံဂါယနာ မဟာ ဓမ္မသဘင်၌ ပါဝင်ဆောင်ရွက်တော်မူခဲ့လေသည်။

ဂုင်းပြင် အတ္ထပဋိသမ္ဘိဒါ, ဓမ္မပဋိသမ္ဘိဒါ, ပဋိဘာနပဋိသမ္ဘိဒါ, နိရုတ္တိပဋိ သမ္ဘိဒါဟူသော ပဋိသမ္ဘိဒါ လေးပါးရခြင်းအရာ ဧတဒဂ်ရ အရှင်မဟာ ကောဋ္ဌိက မထေရ်မြတ်သည်လည်း ပါဝင် သံဂါယနာတင်တော်မူခဲ့ လေသည်။ ထို့ပြင်တစ်ပါး အခြားအမြတ်ဆုံး အထူးချွန်ဆုံးအရာ အထား ခံရသည့် ဧတဒဂ်ရ ထေရ်ကျော်မဟာတ် ပုဂ္ဂိုလ်မြတ်တို့သည်လည်း ဤပဉ္စမ သံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ပါဝင်တည်ရှိကြကုန်၏။

၄၉၀။ ထေဟိ စဉ္စေဟိ ထေရေဟိ၊ ကတကိစ္စေဟိ သာဓုဟိ။
ပဥ္စသတေဟိ ထေရေဟိ၊ ဓမ္မဝိနယသင်္ဂဟော။

ထုတ်ဆိုဖော်ပြ ဧတဒဂ်ရ မဟာထေရ်များ ဧတဒဂ်ရ မဟာထေရ်တို့မှ တစ်ပါးတခြား မဂ်ကိစ္စ တစ်ဆယ့်ခြောက်ချက်ကို ပြုပြီးတော်မူကြကုန်ပြီး သော မိမိအကျိုး သူတစ်ပါးအကျိုးကို ပြီးစေတတ်သော ရဟန္တာမထေရ် ငါးရာတို့သည် သုတ် အဘိဓမ္မာ ဝိနည်းကို ပေါင်းယူသံဂါယနာတင်ခြင်း ကို ပြုတော်မူအပ်ပြီ။

၄၉၁။ ထေရေဟိ ကတသင်္ဂဟော၊ ထေရဝါဒေါတိ ဝုစ္စတိ။
ဥပါလိံ ဝိနယံ ပုစ္ဆိတွာ၊ ဓမ္မမာနန္ဒသဝှယံ။
၄၉၂။ အကံသု ဓမ္မသင်္ဂဟံ၊ ဝိနယဥ္စာပိ ဘိက္ခဝေါ။
မဟာကဿပထေရော စ၊ အနုရုဒ္ဓေါ မဟာဂဏီ။
၄၉၃။ ဥပါလိထေရော သတိမာ၊ အာနန္ဒော စ ဗဟုဿုတော။
အညေ ဗဟူ အဘိညာတာ၊ သာဝကာ သတ္ထုဝဏ္ဏိတာ။
၄၉၄။ ပတ္တပဋိသမ္ဘိဒါ ဓီရာ၊ ဆဠဘိညာ မဟိဒ္ဓိကာ။
သမာဓိဇ္ဈာနမနုဂ္ဂတာ၊ သဒ္ဓမေ ပါရမိံ ဂတာ။

ဖော်ပြပါ ဧတဒဂ်ရ,မရ ရဟန္တာသခင် အရှင်မြတ်ငါးရာတို့ ပြုအပ် တင်အပ်သော သံဂါယနာကို ထေရဝါဒ သံဂါယနာဟူ၍ ခေါ်ဆိုပညတ် သမုတ်အပ်၏။ သံဂီတိမဟာနာယက သံဂီတိပါမောက္ခ အရှင်မဟာကဿပ မဟာထေရ်က အရှင်ဥပါလိကို ဝိနည်းကို မေး၍လည်းကောင်း၊ သုတ်, အဘိဓမ္မာကို အရှင်အာနန္ဒာအမည်ရှိသော မထေရ်ကိုမေး၍လည်းကောင်း

သံဂီတိကာရက ရဟန်းတော်များက သုတ် အဘိဓမ္မာ ဝိနည်းကို ပေါင်းယူ သံဂါယနာတင်ခြင်းကို ပြုတော်မူခဲ့ကြလေကုန်ပြီ။

ယင်း သံဂါယနာတင် ရဟန်းတော်များအနက် အရှင်မဟာကဿပ မဟာထေရ်သည်' များသော ရဟန်းအခြံအရံ ဂိုဏ်းဂဏ ရှိတော်မူ၏။ အရှင်အနုရုဒ္ဓါသည်လည်း များသော ရဟန်းအခြွေအရံဂိုဏ်းဂဏရှိတော်မူ၏။ အရှင်ဥပါလိသည် အလွန်လျှင် ဆောင်မှတ်နိုင်တိသတိရှိတော်မူ၏။

အခြားများစွာသော သံဂါယနာတင် ရဟန်းတော် တို့ သည် လည်း သာသနာတော်၌ ကျော်စောထင်ရှားကြသည့်ဘုရားမြတ်စွာ၏ အချီးမွမ်း ခံရသည့် သာဝကတို့သာ ဖြစ်ကြကုန်၏။ ၎င်းပြင် ပဋိသ မ္ဘိ ဒါ ဉာဏ် လေးတန်သို့ ရောက်ပြီး အဘိညာဉ်ခြောက်ပါးပိုင်ရှင် အလွန်လျှင် တန်ခိုး အာနုဘော်ကြီးမားတော်မူကြသည့် သမာဓိဈာန်သမာ․တ်၌ အဖန်ဖန် အထပ်ထပ်မပြတ် လေ့ကျက်တော်မူကြသည့် ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ၌ အထွတ်အထိပ်ရောက် ကျွမ်းကျင်တတ်မြောက်တော်မူကြ သည့် ပညာရှင်တို့သာ ဖြစ်ကြလေကုန်၏။

၄၉၅။ သဗ္ဗေ ပဥ္စသတာ ထေရာ၊ နဝင်္ဂ ဇိနသာသနံ။
ဥဂ္ဂဟေတွာန ဓာရေသုံ၊ ဗုဒ္ဓသေဋ္ဌဿ သန္တိကေ။

ဖော်ပြပါပဌမသံဂါယနာတင်ရဟန္တာသခင်အရှင်မြတ်ကြီးအားလုံးတို့ သည် သုတ္တ ဂေယျ ဝေယျာကရဏ ဂါထာ ဥဒါန ဣတိဝုတ္တက ဇာတက အဗ္ဘုတဓမ္မ ဝေဒလ္လ-ဟူသော အင်္ဂါ ၉-ပါးရှိသော ဘုရားမြတ်စွာ အဆုံး အမ ဓမ္မက္ခန္ဓာဒေသနာပေါင်းကိုဘုရားမြတ်စွာအထံသင်ယူတော်မူခဲ့ကြ၍ မနေ့ဒွဲရတည်းဟူသော ပုတာတံတင်း၌ ဆောင်မှတ်တော်မူခဲ့ကြကုန်၏။

၄၉၆။ ဘဂဝတော သမ္မုခါ သုတာ၊ ပဋိဂ္ဂဟိတာ စ သမ္မုခါ။
ဓမ္မဉ္စ ဝိနယဉ္စာပိ၊ ကေဝလံ ဗုဒ္ဓဒေသိတံ။

ဘုရားမြတ်စွာ ဟောကြားတော်မူအပ်သော သုတ် အဘိဓမ္မာ ဝိနည်း ဟူသော ဓမ္မ ဝိနယအားလုံးကိုဘုရားမြတ်စွာ၏မျက်မှောက်တော်၌ ကြား နာအပ် ဘုရားမြတ်စွာ မျက်မှောက်တော်၌ခံယူအပ် သင်ယူအပ်ခဲ့လေပြီ။

၄၉၇။ ဓမ္မဓရာ ဝိနယဓရာ၊ သဗ္ဗေပိ အာဂတာဂမာ။
အသံဟီရာ အသံကုပ္ပါ၊ သတ္ထုကပ္ပါ သဒါ ဂရု။

သံဂီတိကာရက ရဟန္တာသခင် ထေရ်အရှင် အားလုံးတို့သည် သုတ် အဘိဓမ္မာကို ဆောင်တော်မူကြကုန်, ဝိနည်းကို ဆောင်တော်မူကြကုန်, နိကာယ်ငါးရပ် ပိဋကတော်ကို ကျေပြွန်စွာ သင်ယူလေ့ကျက်ထားကြကုန် သူတို့ ဖြစ်တော်မူကြသည်သာမက တစ်ပါးသော ပရဝါဒီပုဂ္ဂိုလ်တို့မဆွဲ ဆောင်အပ် ဆွဲဆောင်ခေါ်မရသော ပုဂ္ဂိုလ်မြတ်များ ရာဂစသည်များ ကြောင့် မပျက်စီးသော ဝိပဿနာ နိဗ္ဗာန်တရားရှိကြ၍ ဘုရားမြတ်စွာ တစ်မူ တူတော်မူကြသည့် ကျောက်ထီးတန္တု အလေးပြုအပ်သောမထေရ် မြတ်တို့ ဖြစ်တော်မူကြကုန်၏။

၄၉၈။ အဂ္ဂသန္တိကေ ဂဟေတွာ၊ အဂ္ဂဓမ္မာ တထာဂတာ။
အဂ္ဂနိက္ခိတ္တကာ ထေရာ၊ အဂ္ဂံ အကံသု သင်္ဂဟံ။
သဗ္ဗောပိ သော ထေရဝါဒေါ၊ အဂ္ဂဝါဒေါတိ ဝုစ္စတိ။

လောကဥက္ကဋ္ဌဘုရားမြတ်ထံပိဋကတ်သုံးသွယ်နိကာယ်ငါးဖြာဓမ္မက္ခန္ဓာ ပေါင်း ရှစ်သောင်းလေးထောင်ကို သင်ယူတော် မူခဲ့ကြ၍ မြတ်သော ဓမ္မက္ခန္ဓာတရားရှိ,တရားကိန်းတော်မူကြကုန်၍ ဘုရားဗိနော် အထံတော်မှ သင်ယူခဲ့သည့်အတိုင်း လိုက်နာ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြ ကုန်သောမြတ်သော တေဒဂ်အရာထူး၌ ထားတော်မူအပ် အထားခံရကုန် သော မထေရ်မြတ်တို့သည် မြတ်သော ပေါင်းယူ သံဂါယနာတင်ခြင်းကို ပြုတော်မူခဲ့ကြလေကုန်ပြီ။ အလုံးစုံလည်းဖြစ်သော ထိုထေရဝါဒ (သံဂါ ယနာတင်ထေရ်အရှင်တို့၏စကား)ကို မြတ်သော (အမြတ်ဆုံးသောဝါဒ) အမြတ်ဆုံးသော စကားဟု ဆိုအပ်၏။

၄၉၉။ သတ္တပဏ္ဏိဂုဟေ ရမ္မေ၊ ထေရာပဉ္စသတာ ဂဏီ။
နိသိန္နာ ပဋိဘာဇ္ဇိံ သု၊ နဝင်္ဂံ သတ္ထုသာသနံ။
၅၀၀။ သုတ္တံ ဂေယျံ ဝေယျာကရဏံ၊ ဂါထုဒါနီတိ ဝုတ္တကံ။
ဇာတကဗ္ဘုတံ ဝေဒလ္လံ၊ နဝင်္ဂံ၊ သတ္ထုသာသနံ။

နှလုံးမွေ့လျော်ပျော်ဖွယ်ရာကောင်းလှသော သတ္တပဏ္ဏိလိုဏ်ဂူ(စရည်း ပင်ရောက်ရာ လိုဏ်ဂူတံခါးအနီး၌ မဏ္ဍပ်ကြီး)၌ ထိုင်တော်မူကြကာ နောက်လိုက်နောက်ပါ ရဟန်းအပေါင်းဟူသော ဂိုဏ်းရှိတော်မူကြကုန် သော ရဟန္တာမထေရ်မြတ်ငါးရာတို့သည် သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန,ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လ-ဟူ၍ အင်္ဂါ

ကိုးတန်ရှိသော ဘုရားမြတ်စွာ အဆုံးအမစကားတော်ကို ဘုရားမြတ်စွာ အဆုံးအမစကားတော် ကိုးပါးရှိ၏ဟူ၍ အကန့်ကန့် ဝေဖန်ခွဲခြမ်းတော်မူခဲ့ကြကုန်၏။

၅၀၁။ ပဝိဘတ္တာ ဣမေ ထေရာ၊ သဒ္ဓမ္မံ အဝိနယကံ။
ဝဂ္ဂပဏ္ဏာသကံ နာမ၊ သံယုတ္တံ စ နိပါတကံ။
အာဂမပိဋကံ နာမ၊ အကံသု သုတ္တသမ္မတံ။

ဤသံဂါယနာတင် ရဟန္တာသခင် ထေရ်အရှင်တို့သည် ပရိယတ္တိသဒ္ဓမ္မခေါ် ဘုရားစကားတော်ကို မပျက်စီးအောင် (မပျောက်မပျက်အောင်) ဝေဖန်တော်မူခဲ့ကြကုန်၏။ ဝဂ်ငါးဆယ်မည်သော မဇ္ဈိမနိကာယ်မည်သည်ကိုလည်းကောင်း,သဂါထာဝဂ္ဂသံယုတ်မှတစ်ပါးသံယုတ္တနိကာယ်မည်သည်ကိုလည်းကောင်း, နိပါတမည်သော အင်္ဂုတ္တရနိကာယ် မည်သည်ကိုလည်းကောင်း, ဒီဃနိကာယ်ကို လည်းကောင်း (စဖြင့်သိမ်းယူ) သုတ္တဟု သမုတ်ပညတ်ခဲ့ကြကုန်၏။

၅၀၂။ ပရိယာယ ဒေသိတဉ္စာပိ၊ အထော နိပ္ပရိယာယ ဒေသိတံ။
နီတတ္ထဉ္စေဝ နေယျတ္ထံ၊ ဓီပေသုံ သုတ္တကောဝိဒါ။

ဘုရားစကားတော်၌ လိမ္မာတတ်မြောက် ကျွမ်းကျင်တော်မူကြသော သံဂီတိကာရက ရဟန္တာအရှင်မြတ် ငါးရာတို့သည် ပရိယာယ်အားဖြင့် ဟောအပ်သောဒေသနာ မုချတိုက်ရိုက် ဟောအပ်သော ဒေသနာ တိုက်ရိုက်သိအပ်သော အနက်အဓိပ္ပာယ်, ဆောင်၍သိအပ်သိထိုက်သော အနက်အဓိပ္ပာယ်ကိုလည်း ပြတော်မူခဲ့ကြကုန်၏။

၅၀၃။ ယာဝ တိဋ္ဌန္တိ သဒ္ဓမ္မာ၊ သင်္ဂဟံ န ဝိနဿတိ။
တာဝတာ သာသနဒ္ဓါနံ၊ စိရံ တိဋ္ဌတိ သတ္ထုနော။

သုတော်ကောင်းတရားခေါ်သော ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် သံဂါယနာတင်ထားသည့် မပျက်မစီး တည်ရှိသရွေ့ ကာလပတ်လုံး ဘုရားရှင်၏ သာသနာတော် အဓွန့်ရှည်စွာ ကြာမြင့်စွာ တည်မည်ဖြစ်ပေသည်။

၅၀၄။ ကတံ ဓမ္မဉ္စ ဝိနယံ၊ သင်္ဂဟံ သာသနာရဟံ။
သကမ္ပိ အစလံ ဘူမိ၊ ဒဠှံ အပ္ပဋိဝတ္တိယံ။

သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ် ငါးရာတို့သည် ပရဝေါဒီ မြင်ဗာတိတိ မလှုပ်ရှား မလည်ပတ်နိုင်အောင် ခိုင်ခိုင်ခံ့ခံ့ သာသနာ တော်အား ထိုက်တန်သင့်လျော်သော သုတ် အဘိဓမ္မာ ဝိနည်းကို သံဂါ ယနာတင်ခြင်းကို ပြုအပ်လေပြီ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် မလှုပ်ရှား နိုင်သော မဟာသထဝီမြေကြီးသည် အမျိုးမျိုးအဖုံဖုံ တုန်လှုပ်ခဲ့လေပြီ။

၅၀၅။ ယောကောဓိ သမဏော ဝါပိ၊ ဗြာဟ္မဏော ဝ ဗဟုဿု တော။

ပဿဝါဒကုသလော၊ ဝါဋဝေမိ သမာဂတော။

၅၀၆။ န သက္ကာ ဝိဝဇ္ဇေတုံ၊ သိနေရုဝ သုပ္ပတိဋ္ဌိတော။
ဒေဝေ မာရေ ဝါ ဗြဟ္မာ စ၊ ယေကေစိ ပထဝိဿိတာ။

၅၀၇။ န ပဿန္တိ အကုမတ္တံ၊ ကိဉ္စိ ဒုဗ္ဘာသိတံ ပဒံ။
ဝေံ သဗ္ဗင်္ဂသမ္ပန္နံ၊ ဓမ္မဝိနယသင်္ဂဟံ။

ဆန့်ကျင်ဘက် အဘိုက်အခံပြုမှု၌ ကျမ်းကျင်သော အကြိမ်များစွာ ခွဲစိတ်အပ်ပြီးသော ဆုံးဖြတ်ချက်တို့ကို ထိမှန်အောင် ပစ်နိုင်သော လေး သမား လေးပါရဂူ အတု လွန်စွာတတ်သိသော တစ်စုံတစ်ယောက်သော သာမဏအမည်ခံပုဂ္ဂိုလ် (ရဟန်း) ဗြာဟ္မဏအမည်ခံပုဂ္ဂိုလ်(ပုဏ္ဏား)သည် တစ်မျိုးတစ်ဖုံပြု၍ ပြောင်းလဲခြင်းငှာ မစွမ်းနိုင်ချေ၊ မဏ္ဍိုင်ဗဟို လေး ရောင်စုံသည့် မြင်းမိုရ်တောင်ပမာ ခိုင်ခံ့၏။

နတ်, မာရ်နတ်, ဗြဟ္မာ မြေအပြင်၌တည်နေသူအားလုံးတို့ အနည်း ငယ် အသေးအဖွဲ့မျှ ချွတ်ယွင်းချက် မရှိအောင် အားလုံးပြည့်စုံကောင်း မွန်စွာ သုတ်,အဘိဓမ္မာ, ဝိနည်းကို သံဂါယနာတင် ထေရ်အရှင်ငါးရာတို့ သံဂါယနာတင်အပ်ခဲ့လေပြီ။

၅၀၈။ သုဝိဘတ္တံ သုဗဒ္ဓံ၊ သတ္တုသဉ္ဉာတာယ စ။
မဟာကဿပပါမောက္ခာ၊ ထေရာ ပဉ္စသတာ စ တေ။

၅၀၉။ ကတံ ဓမ္မ ဝိနယ-သင်္ဂဟံ အဝိနာသနံ။
သမ္မာသမ္ဗုဒ္ဓသဒိသံ၊ ဓမ္မကာယသဘာဝနံ။

ဘုရားမြတ်စွာ၏ ထရားဥဿုံ အလုံးစုံကို အကုန်အစင် သိမြင်တော် မူသော ပုဂ္ဂိုလ်မြတ်ဖြစ်ရကား သဗ္ဗညုဖြစ်သော ဘုရားမြတ်စွာသည် ကောင်းစွာခွဲ၍ ဟောကြားအပ်, ကောင်းစွာ ဖုံးလွှမ်းအပ်သော ဓမ္မ ဝိနယကို အရှင်မဟာကဿပအမှူးရှိသော ငါးရာသော ထိုမထေရ်မြတ်တို့ သည် သံဂါယနာတင်တော်မူခဲ့ကြလေပြီ။

အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာသခင် အရှင်မြတ်ငါးရာတို့ ပြုအပ်သော ဓမ္မ, ဝိနယသံဂါယနာသည် မပျက်စီးနိုင် ခိုင်ခဲ့၏။ ဘုရားမြတ်စွာနှင့် တူ၏။ ပရိယတ် ပဋိပတ်တရားအပေါင်း၏ကိုးတက်စည်ကားပွားများကြောင်း ဖြစ်၏။

၅၁၀။ ဟန္ဒာ ဇနဿ သန္ဒေဟံ၊ အကံသု ဓမ္မသင်္ဂဟံ။
အနညဝါဒေါ သာရတ္တော၊ သဒ္ဓမ္မမနုရက္ခကော။

ရဟန္တာသခင် အရှင်မြတ်ငါးရာတို့သည် ရဟန်းအပေါင်း (နတ်လူပြဟ္မာ သတ္တဝါ)၏ ယုံမှားသံသယကို ပယ်ဖျောက်၍ သုတ် အဘိဓမ္မာ ဝိနည်းတရားတော်ကို သံဂါယနာတင်မှု ပြုတော်မူခဲ့ကြကုန်၏။ ဤသံဂါယနာတင်အပ်သော ပရိယတ်ဓမ္မက္ခန်အပေါင်းသည် တစ်ပါးတစ်ခြားဝါဒကားမဟုတ်၊ ဘုရားဇိနေ၁် စကားတော်ဖြစ်၏။ မြတ်သော အနက်အဓိပ္ပာယ် ရှိ၏။ ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မတို့ကို မကွယ်မပျောက်အောင် စောင့်ရှောက်တတ် စောင့်ရှောက်ကြောင်း ဖြစ်၏။

၅၁၁။ ဣတိ သာသနအဒ္ဓါနံ၊ ထေရဝါဒေါ သဟေတုကော။
ယာဝတာ အရိယာ အတ္ထိ၊ သာသနေ ဗုဒ္ဓသာဝကာ။
သဗ္ဗေပိ သမနုညတ္တိ၊ ပဌမံ ဓမ္မသင်္ဂဟံ။

ဤ ထေရဝါဒ ပဌမသံဂါယနာသည် ဘုရားမြတ်စွာ သာသနာနှစ်ငါးထောင်ပတ်လုံး တည်တံ့ကြောင်း ဖြစ်၏။ ဘုရားမြတ်စွာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားကြောင်း စင်စစ်ဖြစ်၏။ ဘုရားမြတ်စွာ သာသနာတော်၌ ဗုဒ္ဓသာဝက အရိယာအားလုံးတို့ ဤမည်သော ပဌမသံဂါယနာကို ခွင့်ပြုကျေနပ်ကြဝမ်းမြောက်ကြ လက်ခံတော်မူကြကုန်၏။

၅၁၂။ မူလနိဒါနံ ပဌမံ၊ အာဒိပုဗ္ဗင်္ဂမံ ဓုရံ။
တသ္မာ ဟိ သော ထေရဝါဒေါ၊ အဂ္ဂဝါဒေါတိ ဝုစ္စတိ။

ပဌမသံဂါယနာ (ပဌမသံဂါယနာတင်ခြင်း)သည် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရန် မူလပင်မ အကြောင်းဖြစ်၏။ အဦးအစ ရှေ့သွားဖြစ်၏။ ပဓာန (ပြဋ္ဌာန်းသောအကြောင်း) ဖြစ်၏။ သို့ဖြစ်၍ ထိုထေရဝါဒ ပဌမသံဂါယနာကို အဂ္ဂဝါဒဟု ခေါ်ဆိုပညတ် သမုတ်အပ်၏။

၅၁၃။ ဝိသုဒ္ဓါ အပဂတဒေါသော၊ ထေရဝါဒါန မုတ္တမော။[၁]
ပဝတ္တိတ္တ စိရကာလံ ဝဿာနံ ဒသခာ ဒသ။

အရှင်မဟာကဿပ အစရှိသော မထေရ်တို့၏ဥစ္စာ အယူစကားအနက် အဆုံးအဖြတ်ဝါဒသည် သန့်ရှင်းစင်ကြယ်၏။ အပြစ်ဒေါသ ကင်းစင်ပ၏။ ဝါဒအားလုံးထက် သာလွန်မွန်မြတ်၏။ အနှစ်တစ်ရာ(ဒုတိယသံဂါယနာတိုင်အောင်)ကြာမြင့်သော ကာလပတ်လုံး ဖြစ်ဘည်ခဲ့လေပြီ။

ဤသည်လျှင် ဒီပဝံသပါဠိ၌ ကျမ်းလာ ပဌမသံဂါယနာ သမိုင်းမှတ်တမ်းတည်း။[၂]။

မဟာဝံသပါဠိ

မဟာဝံသပါဠိသည် အိန္ဒိယရာဇဝင် သာသနာဝင် တစ်စိတ် တစ်ဖို့တစ်ချို့နှင့် သီဟိုဠ် (သီရိလင်္ကာ) ရာဇဝင် သာသနာဝင်ကို ဖော်ပြရာ ရာဇဝင်ကျမ်း သာသနာဝင်ကျမ်းကြီးဖြစ်လေသည်။ သီဟိုဠ်(သီရိလင်္ကာ) နိုင်ငံ၌ မဟာဝံသကို မဖတ်ဘူး မကြည့်ရှုဘူး မလေ့လာဘူးလျှင် အလွန်ခေတ်နောက်ကျသူဖြစ်ကြောင်း သတ်မှတ်ကြသည်။ အပိုင်းပေါင်း ၉၉-ပိုင်း (၁၀၀-ပိုင်း)ရှိ၍ ဂါထာပေါင်း ၉၉၇၀-ကျော် (တစ်သောင်းခန့်) နောက်ဆက်တွဲနှင့်မူ အပိုင်းပေါင်း ၁၁၄-ပိုင်း ပရိသိဋ္ဌပရိစ္ဆေဒ ၇-ပိုင်းနှင့် ပေါင်းလျှင် ၁၂၁-ပိုင်း မဟာဝံသ တတိယ ကတ္တုဝံသ သံသန္ဒန ပေါင်းပြန်လျှင် ၁၂၂-ပိုင်း ဂါထာပေါင်း ၁၃၁၀-ကျော်ခန့်ရှိမည်ဟု ခန့်မှန်းမိသည်။ ယင်းကျမ်းကြီးကိုအရှင်ဓမ္မကိတ္တိထေရ်, အရှင်မဟာနာမထေရ်, အရှင်သိဒ္ဓတ္ထထေရ်, အရှင်ဗုဒ္ဓရက္ခိတထေရ်,အရှင်ပညာနန္ဒ (အရှင်ယဂိရလပညာနန္ဒထေရ်)စသည်တို့အဆက်ဆက်ပြုစီရင်တော်မူခဲ့ကြရာအံ့မခန်းပါဠိဂါထာရေးသမိုင်းကျမ်းတော်ကြီး ဖြစ်လေသည်။ ယင်းမဟာဝံသကျမ်းကြီးကား မဟာဝံသဋီကာ, မဟာဝံသ အင်္ဂလိပ်ဘာသာပြန်, သီဟိုဠ်မဟာဝံသ, မြန်မာမဟာဝင်ဝတ္ထု အစိတ်အပိုင်း စသည့် အခြံအရံကျမ်း တို့ဖြင့် လောကသာသနာ၌ ထင်ရှားလှပေ၏။ ယင်း မဟာဝံသပါဠိကျမ်းဦး၌—

၁။ ထေရဝါဒိနိ မုတ္တမောတိ ဧတ္ထ ထေရဇာတိ အင်ဘတ္တိကော နိဒ္ဒေသော၊ ထေရာနံ အယန္တိ ထေရော၊ ကောသေသ ဝါဒေါ၊ ထေရော ဝါဒေါ၊ ထေရဝါဒါန မုတ္တမောတိ အယမေတ္ထ အတ္ထော၊ မူလဋီ၊ ၃၊ ၄၉၊

၂။ ဒီပဝံသ၊ ၄၊ ၁—၃၃၊

၅၁၄။ န မဿိတွာန သမ္ဗုဒ္ဓံ၊ သုသုဒ္ဓံ သုဒ္ဓဝံသဇံ။
မဟာဝံသံ ပဝက္ခာမိ၊ နာနာ နူနာဓိ ကာရိကံ။
၅၁၅။ ပေါရာဏေဟိ ကတော ပေသော၊ အတိဝိတ္ထာရိတော ကွစိ။
အတိဝ ကွစိ သံခိတ္တော၊ အနေက ပုနရုတ္တကော။
၅၁၆။ ဝဇ္ဇိတံ တေဟိ ဒေါသေဟိ၊ သုခဂ္ဂဟဏဓာရဏံ။
ပသာဒသံဝေဂကရံ၊ သုတိတော စ ဥပါဂတံ။
၅၁၇။ ပသာဒဇနကေ ဌာနေ၊ တထာ သံဝေဂကာရကေ။
ဇနယန္တော ပသာဒဉ္စ၊ သံဝေဂဉ္စ သုဏာထ တံ။

ဟူသော ၄-ဂါထာဖြင့် ပဏာမ, ပဋိညာဉ်, ကရဏပ္ပကာရ, ပကရဏ ဟေတု,ပကရဏပ္ပယောဇဉ်-စသည်တို့ကို ဖော်ပြခဲ့လေသည်။

ပရိသိဋ္ဌသင်္ဂဟသတ္တမပိုင်း အဆုံး၌—

၅၁၈။ ယတော သောယံ လောကော ဘမတိရထစက္ကေန သဒိသော၊
န သင်္ခါရာ နိစ္စာ ဓုဝသုဘသုခါသဿတိသမာ။
တတော ဘောန္တော တုမှေ သုဂတသမယေ ဂါရဝယုတာ၊
သဒါစ္စန္တံ ပုညံ စိနာထ ပရလောကမ္ပတိ ဟိတံ။

ဟူသော ဂါထာဖြင့် သံဝေဂဖြစ်ဖွယ်နှင့်တကွ တိုက်တွန်းချက် ဥယျောဇဉ်ကို ဖော်ပြတော်မူခဲ့လေသည်။

မဟာဝံသပါဠိလာ ပဌမသံဂါယနာ သမိုင်းမှတ်တမ်း

မဟာဝံသပါဠိ ကျမ်းကြီး၌လည်း အရှင်မဟာကဿပထေရ် အကြီး အမှူးပြု၍ ပြုလုပ်တင်အပ်သော ပဌမသံဂါယနာသမိုင်းကို စာပေဟန် တစ်မျိုးဖြင့် ဖော်ပြထားရာ သံဂါယနာသမိုင်း သုတေသီတို့အား ပြည့်ပြည့် စုံစုံ လုံလုံလောက်လောက် ဖတ်ရှုသိရှိစေလိုသော စေတနာဖြင့် ဖော်ပြ အပ်ပါသည်။ ရှည်ရှည်များများ ဖော်ပြရေးသားရမည်လားဟု အပြစ်တင် မစောစေလိုပါ။

၅၁၉။ ပဉ္စနေတ္တော ဇိနော ပဉ္စ-စတ္တာလီသ သမာ’သမော။
ဌတွာ သဗ္ဗာနိ ကိစ္စာနိ၊ ကတွာ လောကဿ သဗ္ဗထာ။
၅၂၀။ ကုသိနာရာယ ယမက-သာလာန မန္တရေ ဝရေ။
ဝေသာခပုဏ္ဏမာယံ သော၊ ဒီပေါ လောကဿ နိဗ္ဗုတော။

ဗုဒ္ဓစက္ခု၊ ဓမ္မစက္ခု၊ သမန္တစက္ခု၊ မံသစက္ခု၊ ဒိဗ္ဗစက္ခုဟု ဆိုအပ်သော စက္ခုငါးပါးတို့နှင့် ပြည့်စုံတော်မူသော လောကသုံးပါးတွင် အတူပုဂ္ဂိုလ် ရှိတော်မမူသော သုံးလောက၏ မီးတိုင်ကြီးသဖွယ် ဖြစ်တော်မူသော ငါးမာရ်အောင်မြင် ဘုရားရှင်သည် လေးဆယ့်ငါးဝါ အမျှအညီ သတ္တလောက၏ အကျိုးစီးပွားကိစ္စများကို ကြွင်းမဲ့ဥဿုံ အလုံးစုံ အကုန်အစင်ပြုတော်မူကာ သက်တော်ရှည် တည်နေတော်မူ၍ ကုသိနာရုံမြို့တော်၏ အင်ကြင်းဥယျာဉ်တော မြတ်သော အစုံအစုံသော အင်ကြင်းပင်တို့၏ အကြားဝယ် ဝိသာခါနက္ခတ်နှင့် စန်းမြတ်ယှဉ်သည့် ကဆုန်လပြည့်နေ့ဝယ် နိဗ္ဗူယူသိမ်း ငြိမ်းတော်မူခဲ့လေသည်။

၅၂၁။ သင်္ချာ ပထမတိက္ကန္တာ၊ ဘိက္ခူ တတ္ထ သမာဂတာ။
ခတ္တိယာ ဗြာဟ္မဏာ ဝဿာ၊ သုဒ္ဒါ ဒေဝါ တထေဝ စ။

ထိုသည့် ဘုရားဗိနော် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ ရဂုံသာမော ဥယျာဉ်တော၌ မရေမတွက်နိုင်ကုန် (ဂဏန်းလမ်းကြောင်းလွန်ကုန်)သော ရဟန်းများ, မင်းဇာတ်ရှိသူများ, ပုဏ္ဏားဇာတ်ရှိသူများ, ကုန်သည်ဇာတ်ရှိသူများ, သူဆင်းရဲဇာတ်ရှိသူများ(မင်း ပုဏ္ဏား ကုန်သည် သူဆင်းရဲအလွှာ အားလုံး လူပုဂ္ဂိုလ်များ) နတ်များ လာရောက်ပေါင်းဆုံ စုဝေးကြကုန်၏။

၅၂၂။ သတ္တသတသဟဿာနိ၊ တေသု ပါမောက္ခဘိက္ခဝေါ။
ထေရော မဟာကဿပေါ၊ သံဃတ္ထေရော တဒါ အဟု။

အရေအတွက်မရှိ မြားမြောက်လှသော ရဟန်းများအနက် ခေါင်းဆောင် (ဂိုဏ်းဦးစီး) ရဟန်းတို့ကား ခုနစ်သိန်း အရေအတွက်ရှိကုန်၏။ ထိုအခါ အရှင်မဟာကဿပ မဟာထေရ်သည်သာလျှင် သံဃာတော်တွင် အကြီးဆုံး သံဃထေရ် ဖြစ်တော်မူခဲ့လေသည်။

၅၂၃။ သတ္ထု သရီရသာရီရ ဓာတုကိစ္စာနိ ကာရိယ။
ဣစ္ဆန္တော သော မဟာထေရော၊ သတ္ထု ဓမ္မစိရဋ္ဌိတိံ။

၅၂၄။ လောကနာထေ ဒသဗလေ၊ သတ္တာဟပရိနိဗ္ဗုတေ။
ဒုဗ္ဘာသိတံ သုဘဒ္ဒဿ၊ ဗုဒ္ဓဿ ဝစနံ သရံ။

၅၂၅။ သရံ စီဝရဒါနဉ္စ၊ သမတ္တေ ဌပနံ တထာ။
သဒ္ဓမ္မဋ္ဌပနတ္ထာယ၊ မုနိနာနုဂ္ဂဟံ ကတံ။

၅၂၆။ ကာတုံ သဒ္ဓမ္မသံဂီတိံ၊ သမ္ဗုဒ္ဓါနုမတော ယတိ။
နဝင်္ဂသာသနဓရေ၊ သဗ္ဗင်္ဂသမုပါဂတေ။

၅၂၄။ ဘိက္ခူ ပဉ္စသတေ ယေဝ၊ မဟာခီဏာသဝေ ဝရေ။
သမ္မန္နိ ဧကေနူနေတု၊ အာနန္ဒတ္ထေရကာရဏာ။

လူနတ်အပေါင်းတို့က ဘုရားဗိမာန် အလောင်းတော်ကို ပူဇော်ခြင်းကိစ္စ, ဓာတ်တော်မွေတော်တို့ကို ပူဇော်ခြင်းကိစ္စတို့ကို ပြုကြလေပြီ။ လောကသုံးပါး၏ ကိုးစားရာ ဘုရားမြတ်စွာ ပရိနိဗ္ဗာန်ဝင်စံ၍ ခုနစ်ရက်အရှိတွင် သုဘဒ္ဒ အတွက် ရဟန်းကြီး၏ "ငါ့ရှင်တို့ အဘယ်ကြောင့် ငိုကြွေးကြသနည်း၊ ရဟန်းဂေါတမလက်မှ ငါတို့ ကောင်းစွာလှလှ လွတ်ကြလေပြီတကား၊ ဤရဟန်းကြီး ဂေါတမကား ငါတို့အား နှိပ်စက်သည်မှာ များလှလေပြီ၊ ဤအချိန်အခါမှစ၍ ငါတို့ကြိုက်သလို နေကြရတော့မည်" စသည်ဖြင့် မကောင်းဆိုးစွာ ယုတ်ယုတ်မာမာ ပြောဆိုအပ်သော စကားကို မိုးကြိုးစက် ဦးခေါင်းပေါ်ကျသည့်အလား သံဝေဂဉာဏ်ဝင် အောက်မေ့တော်မူ၍လည်းကောင်း, ဘုရားမြတ်စွာက ပံ့သုကူသင်္ကန်းတော်ကြီးကို ချီးမြှောက်ပေးစွန့်တော်မူခြင်းကို အောက်မေ့အမှတ်ရတော်မူ၍လည်းကောင်း ကိုယ်တော်နှင့် ထပ်တူထပ်မျှထား၍ ချီးမြှောက်တော်မူခြင်းကို အမှတ်ရအောက်မေ့တော်မူ၍ လည်းကောင်း, ပရိယတ္တိသဒ္ဓမ္မကို စုရုံးဖွဲ့ကုံး သံဂါယနာတင်၍ ထားခြင်းငှာ ဘုရားရှင်သည် ငါ့ကို ချီးမြှောက်တော်မူ၏-ဟု ဆင်ခြင်တော်မူကာ သုတ် အဘိဓမ္မာ ဝိနည်းဟူသော သဒ္ဓမ္မကို သံဂါယနာတင်ရန် မြတ်စွာဘုရား၏ အလိုတော်ကျ အင်္ဂါကိုးတန်ရှိသော ဘုရားမြတ်စွာ၏ ပရိယတ္တိသာသနာကို ဆောင်တော်မူကြသည့် ဆဠာဘိညာ,ပဋိသမ္ဘိဒါပတ္တစသည့် ဂုဏ်အင်္ဂါနှင့်ပြည့်စုံသော တစ်ပါးဖြင့်ယုတ်လျော့သော အာသဝေါကင်းကွာ ရဟန္တာအရှင်မြတ် ငါးရာတို့ကို အမည်ရွေးကောက် သမုတ်တော်မူခဲ့လေ၏။ ယင်း တစ်ပါးယုတ်ငါးရာကို ရွေးကောက်တော်မူခြင်းမှာ အရှင် အာနန္ဒာထေရ်၏ ပဌမသံဂါယနာ ပွဲသဘင်ကြီးအမှီ ဆဠာဘိညာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်မည်ကို သိတော်မူခြင်း, ထိုရွေးကောက်စဉ်အခိုက်၌ သေက္ခပုဂ္ဂိုလ်မျှသာ ဖြစ်ခြင်းကြောင့်တည်း။

၅၂၅။ ပုန အာနန္ဒထေရောပိ၊ ဘိက္ခူဟိ အဘိယာစိတော။
သမ္မန္နိ ကာတုံ သံဂီတိံ၊ သာ န သက္ကာဟိ တံ ဝိနာ။

အရှင်မဟာကဿပ မဟာထေရ်သည် အရှင်အာနန္ဒာမပါဘဲ သံဂါယနာတင်၍ မဖြစ်နိုင်ရကား ရဟန်းအများက တောင်းပန်သည့်အတွက် အရှင်အာနန္ဒာထေရ်ကို ထပ်မံ၍ သံဂါယနာတင်ရန် ရွေးကောက် သတ်မှတ်တော်မူလေသည်၊

၅၂၉။ သာဝုကိဋ္ဌနသတ္တာဟံ၊ သတ္တာဟံ ဓာတုပူဇနံ။
ဣစ္စဒ္ဓမာသံ ခေပေတွာ၊ သဗ္ဗလောကာနုကမ္ပကာ။
၅၃၀။ ဝဿံ ဝသံ ရာဇဂဟေ၊ ကဿာမ ဓမ္မသင်္ဂဟံ။
နာညေဟိ တတ္ထ ဝတ္ထဗ္ဗံ ဣတိ ကတွာ န နိစ္ဆယံ။
၅၃၁။ သောကာတုရံ တတ္ထ တတ္ထ၊ အဿာသေန္တာ မဟာဇနံ။
ဇမ္ဗုဒီပမှိ တေ ထေရာ၊ ဝိစရိတွာန စာရိကံ။
၅၃၂။ အာသဠှိသုက္ကပက္ခမှိ၊ သုက္ကပက္ခုဋ္ဌိတတ္ထိကာ။
ဥပါဂမုံ ရာဇဂဟံ၊ သမ္ပန္နစတုပစ္စယံ။

သံဂါယနာတင်တော်မူကြမည့် ဘုရားရှင်၏ ဖူးစင် ကောင်းမြတ်သော တရားအဖို့၌ တည်ကြကုန်သော အရှင်မဟာကဿပ, အရှင်အာနန္ဒာ,အရှင်ဥပါလိ အစရှိသော မထေရ်မြတ်တို့သည် ဇမ္ဗူဒိပ်တွင် ထိုထိုအနယ်နယ် အစိုးစိုး အမြို့မြို့ အရွာရွာသို့ လှည့်လည်ကြွတော်မူ၍ ဘုရားမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူခြင်းကြောင့် စိုးရိမ်ပူဆွေးခြင်းဟူသော သောကကြောင့် နာကျင်သော လူအပေါင်းကို တရားဓမ္မဖြင့် သက်သာရာရစေကြလျက် သံဂါယနာတင်ရန် အလိုရှိတော်မူကြသည်ဖြစ်၍ ဆွမ်းသက်န်း ကျောင်း ဆေး ပစ္စည်းလေးပါး ပေါများပြည့်စုံသော ရာဇဂြိုဟ်မြို့သို့ ကြွတော်မူကြကုန်၏။

၅၃၃။ တတ္ထေဝ ဝဿူပဂတာ၊ တေ မဟာကဿပါဒယော။
ထေရာ ထိရဂုဏူပေတာ၊ သမ္ဗုဒ္ဓမတကောဝိဒါ။
၅၃၄။ ဝဿာနံ ပဌမံ မာသံ၊ သဗ္ဗသေနာသနေသုပိ။
ကာရေသုံ ပဋိသင်္ခါရံ၊ ဝတွာန ဇာတသတ္တုနော။

သီလ သမာဓိ ပညာဟူသော ခိုင်ခံ့သောဂုဏ်နှင့် ပြည့်စုံတော်မူကြကုန်သော ဘုရားမြတ်စွာ၏ အလိုတော်၌ လိမ္မာတော်မူကြသည့် ထိုအရှင်မဟာကဿပအစရှိသော မထေရ်မြတ်တို့သည် ထိုပစ္စည်းလေးပါး လွန်ပေါများသည့် ရာဇဂြိုဟ်မြို့၌ ဝါဆို ဝါကပ်ကြကာ အဇာတသတ်မင်းအား ပြောကြားကြကာ ဝါတွင်း ပဌမဝါဆိုလ တစ်လပတ်လုံး ကျောင်းအားလုံးတို့၌ ပြိုကျ ပေါက်ပျက်သည့် အရာများကို ပြင်ဆင်တော်မူစေကြကုန်၏၊

၅၃၅။ ဝိဟာရပဋိသင်္ခါရေ၊ နိဋ္ဌိတေ အာဟု ဘူပတိံ။
ဣဒါနိ ဓမ္မသင်္ဂီတိံ၊ ကရိဿာမ မယံ ဣတိ။

ပြိုကျပေါက်ပျက်သော ကျောင်းများ ပြင်ဆင်ပြီးသည်ရှိသော် အဇာတသတ်မင်းကို ဒကာတော် ရေမြေ့ရှင် မင်းတရား .. ငါတို့ သံဂါယနာ တင်ကြမည်ဟု မိန့်ဆိုတော်မူကြကုန်၏။

၅၃၆။ ကတ္တဗ္ဗံ ကိန္တိ ပုဋ္ဌဿ၊ နိသဇ္ဇဋ္ဌာနမာဒိသုံ။
ရာဇာ ကတ္ထာတိ ပုဋ္ဌိဘွာ၊ ဝုတ္တဋ္ဌာနမှိ ဘောဂီ သော။
၅၃၇။ သီဃံ ဝေဘာရသေလဿ၊ ပဿေ ကာရေသိ မဏ္ဍပံ။
သတ္တပဏ္ဏိဂုဟာဒွါရေ၊ ရမ္မံ ဒေဝသဘောပမံ။

ထိုအခါ အဇာတသတ်မင်းက တပည့်တော်ဘာလုပ်ပေးရပါအံ့နည်းဟု လျှောက်ထားအပ်သည်ဖြစ်၍ သံဂီတိကာရကသံဃာတော်များသီတင်းသုံး သံဂါယနာတင်ရာ မဏ္ဍပ်ဆောက်လုပ်စေလိုကြောင်း မိန့်ကြားတော်မူကြကုန်၏။ တစ်ဖန် အဇာတသတ်မင်းက ဘယ်အရပ်၌ ဆောက်လုပ်စေရပါအံ့နည်းဟု လျှောက်ထားပြန်ရာ မထေရ်များ မိန့်ကြားသည့် ဝေဘာရ တောင်နံရံ စရည်းပင်ရောက်ရာ လိုဏ်ဂူတံခါးဝအနီး၌ စိတ်ဓာတ်ကြည်ပျော် မွေ့လျော်ကောင်းသော နတ်ပြည်က ဘုံနန်းဗိမာန် သဘင်ဆောင် နှင့်တူသော မဏ္ဍပ်ကြီးကို ဆောက်လုပ်စေလေ၏။

၅၃၈။ သဗ္ဗထာ မဏ္ဍယိတွာန၊ အတ္ထရာပေသိ တတ္ထ သော။
ဘိက္ခူနံ ဂဏနာယေဝ၊ အနဂ္ဃတ္ထရဏာနိ စ။
၅၃၉။ နိဿာယ ဒက္ခိဏံ ဘာဂံ၊ ဥတ္တရာမုခ မုတ္တမံ။
ထေရာသနံ သုပညတ္တံ၊ အာသိ တတ္ထ မဟာရဟံ။

အဇာတသတ်မင်းသည် ခမ်းနားကျယ်ဝန်းလှသော မဏ္ဍပ်တော်ကြီး အတွင်း၌ ပြည့်စုံလုံလောက် ကောင်းမွန်စွာ တန်ဆာဆင်ပြီးလျှင် သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ငါးရာတို့ အရေအတွက်နှင့် အတိအကျ တန်ဖိုးမဖြတ်နိုင်အောင် ကောင်းမွန်လှစွာသော အခင်းတို့ကိုလည်း ခင်းထားစေလေ၏။

ယင်း သံဂါယနာတင် မဏ္ဍပ်ကြီးအတွင်း၌ တောင်ဘက် နံရံကိုမှီပြီး မြောက်ဘက်သို့ မျက်နှာလှည့်ကာ မြတ်သော ပုဂ္ဂိုလ်တို့အားသာ ထိုက်တန်သည့် သံဃာနာယက မဟာထေရ်မြတ်ကြီး၏နေရာတော်ကို ကောင်းစွာ ခင်းထားစေ၏။

၅၄၀။ တသ္မိံ မဏ္ဍပမဇ္ဈသ္မိံ၊ ပုရတ္ထာမုခ မုတ္တမံ။
ဓမ္မာသနံ သုပညတ္တံ၊ အဟောသိ သုဂတာရဟံ။

ယင်း သံဂါယနာတင် မဏ္ဍပ်ကြီးအလယ်၌ ဘုရားမြတ်စွာ သီတင်းသုံးတော်မူရန်ပင်ထိုက်သော အရှေ့ဘက်မျက်နှာမူ (အရှေ့ဘက်မျက်နှာလှည့်)သော ဓမ္မာသန (ဝိဿဇ္ဇကရဟန်းတော်မြတ်=အဖြေရဟန်းတော်မြတ်၏နေရာ)ကို ကောင်းမွန်သေသပ်စွာ ခင်းထားလျက် ရှိလေသည်။

၅၄၁။ ရာဇာ ရောစေသိ ထေရာနံ၊ ကမ္မံ နော နိဋ္ဌိတံ ဣတိ။
တေ ထေရာ ထေရမာနန္ဒ မာနန္ဒကဲရမပြုံ။

သံဂါယနာတင်ရန် မဏ္ဍပ်ကြီးဆောက်လုပ်ပြီးစီး အခမ်းအနားပြင်ဆင်ပြီးသောအခါ အဇာတသတ်မင်းသည် မထေရ်မြတ်တို့အား ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား....တပည့်တော်များ လုပ်ဆောင်ဖွယ်ပြီးပါပြီဟု လျှောက်ထားလေ၏။ ထိုအခါ မထေရ်မြတ်တို့က သူတစ်ပါးအား ဝမ်းမြောက်နှစ်သက်ခြင်းကို ဖြစ်စေတတ်သော အရှင်အာနန္ဒာမထေရ်ကို-

၅၄၂။ သွေ သန္နိပါတော အာနန္ဒ၊ သေခေန ဂမနံ တဟိံ။
န ယုတ္တံ တေ သဒတ္ထေ တွံ၊ အပ္ပမတ္တော တတော ဘဝ။

အို အရှင်ဘုရား အာနန္ဒာ=အို ငါ့ရှင်အာနန္ဒာ....နက်ဖြန်သံဂါယနာတင်ဖို့ သံဃာစည်းဝေးတော့မည်။ သေက္ခပုဂ္ဂိုလ်အဖြစ်နဲ့တော့ သံဂါယနာတင် သံဃာ့အစည်းအဝေးတက်ရန် မသင့်မတော် မလျော်ချေ။ သို့ဖြစ်ရာ ရဟန်းကိစ္စ ပြီးအောင်အားထုတ်ရန် မမေ့ပါနှင့်ဟု လျှောက်ထားမိန့်ကြားကြသည်။

၅၄၃။ ဣစ္စေဝံ စောဒိတော ထေရော၊ ကတွာ န ဝီရိယံ သမံ။
ဣရိယပထတော မုတ္တံ၊ အရဟတ္တမပါပုဏိ။

ဤသို့ မထေရ်မြတ်တို့၏ တိုက်တွန်းချက်အရ မထေရ်မြတ်တို့၏ အတိုက်တွန်းခံရသော အရှင်အာနန္ဒာထေရ်သည် သမာဓိ ဝီရိယ အမျှပြုကာ အားထုတ်လေရာ လျောင်း ထိုင် ရပ် သွား လေးပါးသော ဣရိယာပုထ်မှ လွတ်လုက် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေ၏။ ရဟန္တာ ဖြစ်လေ၏။

၅၄၄။ ဝဿာနံ ဒုတိယေ မာသေ၊ ဒုတိယေ ဒိဝသေ ပန။
ရုစိရေ မဏ္ဍပေ တသ္မိံ၊ ထေရာ သန္နိပတိံသု တေ။

မိုးလေးလတို့တွင် ဒုတိယလ (ဝါခေါင်လပြည့်ကျော်) ၂-ရက်[၁] နေ့၌ သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်တို့သည် တင့်တယ် သာယာ ခမ်းနားလှသည့် မဏ္ဍပ်ကြီး၌ ညီညာတသွေး စည်းဝေးတော်မူကြကုန်၏။

၃၄၃။ ထေရာ ရဟတ္တပတ္တိံ သော၊ ဉာပေတုံ တေဟိ နာဂမာ။
"ကုဟိံ အာနန္ဒတ္ထေရော"တိ၊ ဝုစ္စမာနေ တု ကေဟိစိ။

၃၄၆။ နိမ္မုဇ္ဇိတွာ ပထဝိယာ၊ ပဿ ဇောတိပထေန ဝါ။
နိသီဒိ ထေရော အာနန္ဒော၊ အတ္တနော ဌပိတာသနေ။

အရှင်အာနန္ဒာမထေရ်သည် မိမိရဟန္တာဖြစ်ကြောင်း သိစေလို၍ မိမိမှတစ်ပါး အခြားသံဂါယနာတင် ရဟန္တာသခင်အရှင်မြတ်များနှင့် အတူတကွ သံဂါယနာတင်မဏ္ဍပ်သို့ ကြွတော်မမူဘဲ မထေရ်အချို့တို့က အရှင်အာနန္ဒာ ဘယ်မှာနေသလဲဟု မေးမှ မြေ၌ ငုပ်လျှိုး၍ မိမိအတွက် အဆင်သင့်ခင်းထားသည့် နေရာ၌ ထိုင်နေတော်မူသည်။[၂] တချို့ဆရာတို့က ကောင်းကင်လမ်းမှ ကြွလာသည်ဟုလည်း မိန့်ဆိုတော်မူကြသည်။

၃၄၇။ ဥပါလိထေရံ ဝိနယေ၊ သေသဓမ္မေ အသေသကေ။
အာနန္ဒထေရမကရုံ၊ သဗ္ဗေ ထေရာ ဓုရန္ဓရေ။

အရှင်မဟာကဿပ အမှူးရှိသော သံဂီတိကာရကရဟန္တာသခင် အရှင်မြတ်အားလုံးတို့သည် ဝိနည်းပိဋကတ ဖြေဆိုရန်အတွက် အရှင်ဥပါလိထေရ်ကိုလည်းကောင်း ဝိနည်းမှကြွင်းသည့် သုတ္တန်ပိဋက, အဘိဓမ္မာပိဋကကို ဖြေဆိုရန်အတွက် အရှင်အာနန္ဒာကို လည်းကောင်း ဝိဿဇ္ဇနာဝန်ဆောင်များအဖြစ် တညီတညွတ်တည်း ဆန္ဒပြု တာဝန်ပေးတော်မူကြသည်။

၃၄၈။ မဟာထေရော သကတ္တာနံ၊ ဝိနယံ ပုစ္ဆိတုံ သယံ။
သမ္မန္နုပါလိ ထေရော စ၊ ဝိဿဇ္ဇေတုံ တမေဝတု။

အရှင်မဟာကဿပ မဟာထေရ်သည် အရှင်ဥပါလိအား ဝိနည်းကိုမေးရန် မိမိကိုယ်ကို မိမိကိုယ်တိုင် ဥတ္တိဒုတိယကမ္မဝါစာဖြင့် သမုတ်တော်

၁၊ မဟာဝံသမှတ်တမ်းအရ ပဌမသံဂါယနာစတင်သည်မှာ ဒုတိယ ဝါဆိုလပြည့်ကျော် ၂-ရက်ဟု သိရ၏။

၂၊ သံဂီတိကာရက ရဟန္တာသံဃာတော်များ ကျောင်းတိုက်ကြီးတစ်ဆယ့်ရှစ်တိုက်၌ စည်း၍ သီတင်းသုံးတော်မူကြသည်ဟုဆိုရာ အရှင်အာနန္ဒာမှာ ဝေဠုဝန်ကျောင်းတိုက်၌ ကမ္မဋ္ဌာန်းကျောင်းငယ်ကလေး တစ်ကျောင်း၌ သီတင်းသုံးဟန် ရှိပါသည်။

မူသည်။ အရှင်ဥပါလိကလည်း သံဂီတိနာယက သံဂီတိပါမောက္ခ အရှင်မဟာကဿပ မေးသမျှ ဝိနည်းပိဋကဆိုင်ရာ ပုစ္ဆာများ ဖြေဆိုရန် ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် မိမိကိုယ်ကိုမိမိ သမုတ်တော်မူခဲ့လေသည်။

၅၄၉။ ထေရာသနေ နိသီဒိတွာ၊ ဝိနယံ တမပုစ္ဆိ သော။
ဓမ္မာသနေ နိသီဒိတွာ၊ ဝိဿဇ္ဇေသိ တမေဝ သော။

သံဂီတိနာယက သံဃပါမောက္ခ အရှင်မဟာကဿပ မဟာထေရ်သည် ထေရာသနဝေါ် သံဃာ့ထေရ်၏ နေရာထက်၌ ထိုင်တော်မူကာ ဝိနည်းကို မေးတော်မူသည်။ အရှင်ဥပါလိသည် ဓမ္မာသနဝေါ် အဖြေပုဂ္ဂိုလ်၏ နေရာ၌ ထိုင်နေတော်မူကာ အရှင်မဟာကဿပ၏ ဝိနည်းဆိုင်ရာ မေးသမျှကို မဆိုင်းမတွ ဖြေဆိုတော်မူလေ၏။

၅၅၀။ ဝိနယညူနံ မဂ္ဂေန၊ ဝိဿဇ္ဇိတက္ကမေန တေ။
သဗ္ဗေ သဇ္ဈာယမကရုံ၊ ဝိနယံ နယကောဝိဒါ။

နည်းဥပါယ်၌ လိမ္မာ ကျွမ်း ကျင်တော် မူကြသော သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်အားလုံးတို့သည် ဝိနည်း၌ လိမ္မာကျွမ်းကျင်သော မထေရ်တို့၏လမ်းစဉ်ဖြစ်သော ဖြေဆိုအပ်သော အစဉ်အားဖြင့် ဝိနည်းပိဋကကို ညီညာသံချို ရွတ်ဆိုသံဂါယနာ တင်တော်မူကြကုန်၏။

၅၅၁။ အဂ္ဂံ ဗဟုဿုတာဒီနံ၊ ကောသာရက္ခံ မဟေသိနော။
သမ္မန္နိတွာန အတ္တာနံ၊ ထေရော ဓမ္မမပုစ္ဆိသော။

သံဂီတိနာယက အရှင်မဟာကဿပ မဟာထေရ်သည် အရှင်အာနန္ဒာအား သုတ် အဘိဓမ္မာ မေးရန် မိမိကိုယ်ကို သမုတ်တော်မူ၍ ဂတိမန္တအရာ, ဗဟုဿုတအရာ, သတိမန္တအရာ, ဓိတိမန္တအရာ, ဥပဋ္ဌာက အရာ ဧတဒဂ်ရ ဘုရားမြတ်စွာ၏ တရားရတနာ ဘဏ္ဍာတော် စောင့် အရှင်အာနန္ဒာကို သုတ် အဘိဓမ္မာဆိုင်ရာ ပုစ္ဆာ အရပ်ရပ် ကို မေးတော်မူခဲ့လေသည်။

၅၅၂။ တတော သမ္မန္နိယတ္တာနံ၊ ဓမ္မာသနဂတော သယံ။
ဝိဿဇ္ဇေသိ တမာနန္ဒ-တ္ထေရော ဓမ္မမသေသတော။

တရားဘဏ္ဍာစိုးဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်သည် အရှင်မဟာကဿပနည်းတူ မိမိကိုယ်ကိုကိုယ်တိုင် ဝိဿဇ္ဇကအဖြစ်သမုတ်ပြီးလျှင် ဓမ္မာသနဓါ် တရားပလ္လင်ထက်၌ တင့်တယ်စွာ ထိုင်တော်မူလျက် အရှင်

မဟာကဿပ မဟာထေရ် မေးသမျှ သုတ်, အဘိဓမ္မာကို အကြွင်းအကျန် မရှိ ဖြေဆိုတော်မူလေ၏။

၅၅၃။ ဝေဒေဟမုနိနာ တေန၊ ဝိဿဇ္ဇိတကမေန တေ။
သဗ္ဗေ သဇ္ဈာယမကာရုံ၊ ဓမ္မံ ဓမ္မတ္ထကောဝိဒါ။

ပါဠိအနက်၌ ကျွမ်းကျင်လိမ္မာတော်မူကြသည့် သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်အားလုံးတို့သည် အရာရာ ပညာဖြင့် ဖြစ်တတ် ပြုလုပ်တတ် စီမံတတ်သော ရဟန်းကောင် အရှင်အာနန္ဒာ ဖြေဆိုအပ်သော အစဉ်ဖြင့်သာ ညီညာပီပြင် ရွတ်ဆိုသံဂါယနာတင်တော်မူကြလေသည်။

၅၅၄။ ဧဝံ သတ္တဟိ မာသေဟိ၊ ဓမ္မသံဂီတိ နိဋ္ဌိတာ။
သဗ္ဗလောကဟိတတ္ထာယ၊ သဗ္ဗလောက ဟိတေဟိသာ။

သတ္တလောက၏ အစီးအပွားအလို့ငှာ သတ္တလောက အားလုံး၏ အစီးအပွားကို လိုလားတော်မူကြသော သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်ငါးရာတို့၏ ကြိုးပမ်းမှုတို့ကြောင့် ဤသို့ ထုတ်ဆို ဖော်ပြခဲ့သည့် အစီအရင်ဖြင့် သံဂါယနာတင်တော်မူခဲ့ရာ ခုနစ်လတို့ဖြင့် ပဌမသံဂါယနာ မဟာဓမ္မသဘင်ကြီးသည် ပြီးစီးအောင်မြင်ခဲ့လေသည်။

၅၅၅။ အတီဝ ဇာတပါမောဇ္ဇာ၊ သန္ဒာရကဇလန္တိကာ။
သံဂီတိပရိယောသာနေ၊ ဆဓာ ကမ္ပိ မဟာမဟီ။

တော တောင် သမုဒ္ဒရာ မြို့ရွာ သတ္တဝါ စသည့် သက်ရှိသက်မဲ့ဝတ္ထုကို ဆောင်တတ်သော ရေအဆုံးရှိသော မဟာပထဝီမြေကြီးသည် အလွန်နှလျှင် ဝမ်းမြောက်သကဲ့သို့ သံဂါယနာ တင်ပြီးသည့်အဆုံး၌ ဝဲယာရှေ့နောက် ထက်အောက်ခြောက်ထွေ တုန်လှုပ်လေတော့၏။

၅၅၆။ အစ္ဆရိယာနိ ပါဟေသုံ၊ လောကေနေကာနိနေကဓာ။
ထေရေဟေဝ ကတတ္တာ စ၊ ထေရိယာယံ ပရမ္ပရာ။

လောက၌ မဖြစ်စဖူး အထူးတလယ် အံ့ဖွယ်သရဲတို့သည် များစွာဖြစ်ခဲ့လေကုန်၏။ ဤပဌမသံဂါယနာ ဓမ္မသဘင်ကြီးကား အာသဝေါကင်းကွာ ရဟန္တာသခင်အရှင်သူမြတ်ငါးရာတို့ တင်အပ်သည့်အတွက် ''ထေရိယသံဂါယနာ'' ဟူ၍ အစဉ်အဆက် ဥဒါန်းတွင်ပါသတည်း။

၅၅၇။ ပဌမံ သင်္ဂဟံ ကတွာ၊ သဗ္ဗလောကဟိတံ ဗဟုံ။
တေ ယာဝတာယုကံ ဌတွာ၊ ထေရာ သဗ္ဗေပိ နိဗ္ဗုတာ။

ပဥ္စမသံဂါယနာဘင် ရဟန္တာသခင် ထေရ်အရှင်မြတ် အားလုံးတို့သည် ပဥ္စမသံဂါယနာ ပွဲသဘင်ကြီး ဆင်ယင်တော်မူကြပြီး သတ္တလောကအား သတ္တဝါအားလုံး၏ အစီးအပွားကို ပြုတော်မူကြ၍ အသက်အပိုင်းအခြား အတိုင်း (အသက်တန်းအတိုင်း) ဟည်နေတော်မူကြကာ အမတာကြွင်နှ်း နိဗ္ဗာန်နန်းသို့ စံမြန်းတော်မူခဲ့ကြလေကုန်ပြီ။

၅၅၈။ တေရှ,ပိ တေ မတိပဒီပဟတန္ဓကာရာ၊
လောကန္ဓကာရဟနနမှိ မဟာပဒီပါ။
နိဗ္ဗာပိတာ မရဏဃောရမဟာနိလေန၊
တေနာဟိ ဇီဝိတမဒံ မတိမာ ဇဟေယျ။

အရဟတ္တမဂ်ဉာဏ် အရောင်အလင်းဖြင့် မောဟမှောင်ထုကို ဖျက်ဆီးပြီး ကုန်သော သတ္တလောက၏ မောဟမှောင်ထုကို ဖျက်ဆီးမှု၌ ကြီးမားသော အလင်းရောင်ကြီးသဘော ဖြစ်တော်မူကြသော ပဥ္စမသံဂါယနာဘင် ရဟန္တာသခင် မဟာထေရ်အရှင်မြတ်ကြီးတည်းဟူသော ဆီမီးတို့ကိုသော်လည်း ယုတ်မာစင်းငင်း သေမင်းတည်းဟူသော လေကြမ်းကြီးသည် ငြိမ်းစေအပ်ကုန်ပြီတကား။ သို့ဖြစ်ရာ ပညာရှိသူတော်စင်သည် အသက်ရှင်ခြင်း၌ဖြစ်သော မာန်ယစ်ခြင်းကို ပယ်စွန့်ရာ၏။ ပယ်စွန့်ပါလော့။

ဤသည်လျှင် မဟာဝံသကျမ်းလာ ပဥ္စမသံဂါယနာတင် မှတ်တမ်းဖြစ်လေသည်။ မဟာဝံသလာ ပဥ္စမသံဂါယနာ မှတ်တမ်းမှာလည်း တစ်မျိုးတစ်ဖုံ သစ်လွင်ကောင်းမွန်လှ၏။ သာသနာသက္ကရာဇ် နှစ်တစ်ထောင်ခန့်က သီဟိုဠ်ထိပ်တန်း ပါဠိပညာရှင်တစ်ပါး၏စီကုံးနှုန်းဖွဲ့ဟန်ကိုလည်း နည်းယူနိုင်သည့်ပြင် သာသနာ့သမိုင်းပညာရပ်ကို လေ့လာမှတ်သား နည်းယူနိုင်လေသည်။

နိကာယသင်္ဂဟကျမ်းလာ ပဥ္စမသံဂါယနာသမိုင်း မှတ်တမ်းအကျဉ်း

နိကာယသင်္ဂဟကျမ်း၌သည်း ဗုဒ္ဓဝင်အကျဉ်းချုပ်နှင့်တကွ ပဥ္စမသံဂါယနာ သမိုင်းအကျဉ်းချုပ် လာရှိရာ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

ဗုဒ္ဓဝင် အကျဉ်းချုပ်

အကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရားသည် ရှေးသာ ရာအခါ သနား ကရုဏာ ရှေးရှုသော ပညာရှိ သုမေဓာမည်သော ရသေ့ကြီးဖြစ်ခါ ဒီပင်္ကရာ မြတ်စွာဘုရားနှင့် တွေ့ကြုံ၍ လက်တော်သို့ ရောက်ပြီးသော

နိဗ္ဗာန်ချမ်းသာကို စွန့်လွှတ်လျက် သတ္တလောကတစ်ခုလုံး၏ အကျိုးငှာ ဘုရားဆုကို ပန်တော်မူ၍ ရအပ်သော ဗျာဒိတ်ရှိလျက် ဘုရားဖြစ်ကြောင်း ပါရမီတို့ကို ဖြည့်ကျင့်ရန် သံသရာသို့ ဝင်ရောက်၏၊ နောက်အဖို့၌လည်း ပွင့်တော်မူတိုင်းသော ဘုရားရှင်များကို မချွတ်မလွဲ ဖူးတွေ့၍ ဗျာဒိတ်တော်ကို ရရှိကာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး လုံ့လဝီရိယကို အမြဲမပြတ်ဘစ်သမတ်တည်းဖြစ်ပွားစေလျက် ပါရမီဆယ်ပါးကို ရင့်ကျက်စေတော်မူ၍ တုသိတာနတ်ပြည်၌ ဖြစ်တော်မူလေ၏။

ထို့နောက် တစ်သောင်းသော လောကဓာတ်၌ နေကုန်သော နတ်ဗြဟ္မာတို့ တောင်းပန်ခြင်းကြောင့် ကြည့်ခြင်းကြီးငါးပါးကို ကြည့်ရှုတော်မူ၍ ကမ္ဘာဦးအခါက ဖြစ်ပေါ်လာသော မဟာသမ္မတမင်းမှစ၍ စဉ်ဆက်မပျက် တစ်ခုတည်းသော အနွယ်၌ ဖွားမြင်ကြကုန်သော ၇၀၇၇၉၇- (ခုနစ်သိန်း ခုနစ်ထောင် ခုနစ်ရာ ကိုးဆယ့်ခုနစ်) ယောက်မျှသော မင်းတို့တွင် အဘိသိက်သွန်းခံ ၃၃၄၅၉၁ (သုံးသိန်း သုံးသောင်းလေးထောင် ငါးရာ့ကိုးဆယ့်တစ်) ယောက်မျှသော နေမျိုးနွယ်ဝင် ရှင်ဘုရင်တို့၌ အကျုံးဝင်လျက် သိုစဉ်အခါ ကပိလဝတ်ပြည်ကြီး၌ မင်းဖြစ်သော နှစ်ဘက်သော အမျိုးတို့မှ စင်ကြယ်သော သုဒ္ဓေါဒနမင်းမြတ်ကိုစွဲ၍ မဟာမာယာမိဖုရားကြီး၏ ကြာတိုက်ဝမ်းတွင် ပဋိသန္ဓေတည်နေ၍ ဆယ်လစေ့သည့်အခါ ကဆုန်လပြည့် အင်္ဂါနေ့ဝယ် တိထိ ၁၅-လုံးပြည့်၍ ဝိသာခါနက္ခတ်နှင့်ယှဉ်ခိုက်လုမ္ဗိနီမည်သော မင်္ဂလာဥယျာဉ်တော်၌ အမိဝမ်းတိုက်မှ ဖွားမြင်တော်မူလေသည်။

ထို့နောက် အစဉ်သဖြင့် အရွယ်ရောက်လတ်သော် ယသောဓရာမိဖုရား အမှူးရှိသော လေးသောင်းမျှသော မောင်းမခြံရံကာ ရမ္မ, သုရမ္မ, သုဘ ဟူသော ပြာသာဒ်သုံးဆောင်၌ နေလျက် သိကြားမင်း၏ စမ္ပယ်ခြင်းဖြင့် မင်းစည်းစိမ်ကို ခံစား၍ နိမိတ်ကြီးလေးပါးကို မြင်ပြီးလျှင် ကဏ္ဍကခေါ် မြင်းတော်ကို တက်စီး၍ မြတ်သော တောထွက်ခြင်းဖြင့် တောထွက်တော်မူလေ၏။

ယင်းသို့ တောထွက်တော်မူပြီးနောက် နှစ်ဆယ့်ကိုးနှစ် အရွယ်တွင် ရဟန်းပြုတော်မူ၍ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူပြီးလျှင် သုဇာတာသူဌေးသမီး လှူအပ်သော ချိုမြိန်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၏။ ထို့နောက် အင်ကြင်းတော၌ နေ့သန့်စင်

တော်မူပြီးလျှင် ညနေချမ်းအခါ သောတ္ထိယမည်သော ပုဏ္ဏားသည် ဆက်ကပ်အပ်သော သမန်းမြက်ရှစ်ဆုပ်ကို ယူတော်မူကာ ဗောဓိမဏ္ဍိုင်သို့ကြွတော်မူပြီးလျှင် ညောင်ဗုဒ္ဓေပင်ရင်း၌ သမန်းမြက်တို့ကို ဖြန့်တော်မူ၏။

ထိုအခါ ပေါက်ဆောက်သော ဆယ့်လေးတောင်ရှိ ဝဇိရာသနပလ္လင်တော်သို့ တက်၍ ဗောဓိပင်ကို နောက်မှီလျက် အင်္ဂါလေးပါးရှိ စတုရင်္ဂဝီရိယ အဓိဋ္ဌာန်ဖြင့် တင်ပျဉ်ခွေ ထိုင်နေတော်မူပြီးလျှင် စစ်သည် အခြံအရံနှင့်တကွ မာရ်နတ်ကို အောင်တော်မူ၏။ ထို့နောက် မဂဓတိုင်းကို စိုးမိုးအုပ်ချုပ်တော်မူသော ဗိမ္ဗိသာရမင်းကြီး မင်းဖြစ်၍ ဆယ့်ခြောက်နှစ်မြောက် ကဆုန်လပြည့်နေ့ဝိသာခါနက္ခတ်နှင့်စန်းယှဉ်လျက်သက်တော်သုံးဆယ့်ငါးနှစ်၌ သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ထို့နောက် ခုနစ်ရက် ခုနစ်လီ လွန်မြောက်စေ၍ ဗြဟ္မာမင်း၏ တောင်းပန်မှုကို လက်ခံတော်မူပြီးလျှင် ဣသိပတန မိဂဒါဝုန်၌ ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူ၍ လေးဆယ့်ငါးနှစ် ကာလပတ်လုံး သတ္တလောကကြီး၏အကျိုးစီးပွားကို ဆောင်ရွက်တော်မူလေ၏။

မဂဓတိုင်းကို စိုးမိုးအုပ်ချုပ်သော အဇာတသတ် ဘုရင်မင်းဖြစ်၍ ရှစ်နှစ်မြောက်ဖြစ်သော ကဆုန်လပြည့် အင်္ဂါနေ့ဝယ် ဝိသာခါနက္ခတ်နှင့် စန်းယှဉ်လျက် ကုသိနာရုံပြည် မလ္လာမင်းတို့၏ "ဥပဝတ္တန" မည်သော အင်ကြင်းဥယျာဉ်ဝယ် အင်ကြင်းပင် အစုံတို့၏အကြား၌ ခင်းအပ်သော အိပ်ရာ၌ နေတော်မူလျက် နံနက်စောစော အချိန်တွင် အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံတော်မူလေ၏။

ပဌမသံဂါယနာ

ခုနစ်ရက်မြောက်သော နေ့၌ ထိုအကြောင်းကို ကြားသိရသဖြင့် ရဟန်းငယ်တို့၏ စိုးရိမ်ပူဆွေးမှုကို မြင်၍ သုဘဒ္ဒမည်သော တောထွက်ရဟန်းယုတ်ကြီးသည် အလွန်အမင်း ဝမ်းသာခြင်းသို့ရောက်လျက် ဤသို့ဆို၏။

ငါ့ရှင်တို့ မစိုးရိမ်ကြကုန်လင့်၊ မငိုကြွေးကြကုန်လင့်၊ ဤဟာသည် အပ်၏၊ ဤဟာသည် မအပ်ဟုဆို၍ ကျွန်ုပ်တို့ကို ညှဉ်းပမ်းသော ရဟန်းကြီး သေသွားလေပြီ။ ယခု ကျွန်ုပ်တို့ အလိုရှိတိုင်း ဖြစ်နိုင်လေပြီ။ ထို့ကြောင့် ဝမ်းမြောက်ရမည့်အစား အဘယ့်ကြောင့်ဝမ်းနည်းကာ ငိုကြွေး

ကြကုန်ဘိသနည်း၊ ယခုအခါမှစ၍ ကျွန်ုပ်တို့ ပြုလိုသောအရာကို ပြုကုန်အံ့။ မပြုလိုသောအရာကို မပြုကုန်အံ့ဟု ဆို၏။

ထိုအခါ မြတ်စွာဘုရား၏ တတိယ မဟာသာဝကဲဖြစ်သော အရှင်မဟာကဿပထေရ်သည် ထိုစကားကိုကြား၍ နောင်အခါ ဤကဲ့သို့သော ရဟန်းယုတ်တို့အား ခွင့်မရနိုင်အောင် ဓမ္မသံဂါယနာ၌ တင်လိုသည်ဖြစ်၍ ငါးရာမျှလောက်သော ရဟန္တာအရှင်မြတ်တို့ခြံရံကာ ရာဇဂြိုဟ်ပြည်သို့ ကြွသွား၍ဘုရင်အဇာတသတ်အားထိုအကြောင်းကိုကြားသိစေတော်မူ၏။

ထိုအခါ အဇာတသတ်မင်းကြီးသည် ရာဇဂြိုဟ်ပြည် ဝေဘာရတောင်ကမ်းပါး၌“သတ္တပဏ္ဏိ”အမည်ရှိသော ကျောက်ဂူဝတွင် အထူးထူးအပြားပြား ဆန်းကြယ်သော ပန်းချီဆေးရေး အထူးတို့နှင့်ယှဉ်သော နတ်သဘင်နှင့်တူသော မဏ္ဍပ်ကို ဆောက်လုပ်စေ၏။ မဏ္ဍပ်ဖြေအပြင်ဝယ် ပူဇော်ဖွယ်ပန်းအမျိုးမျိုးတို့ဖြင့် တန်ဆာဆင်ထား၏။ ထိုမဏ္ဍပ် အမိုး၌လည်း ရွှေ ငွေ ပတ္တမြား ကြယ်ပွင့်-စသည်တို့ဖြင့် ဆန်းကြယ်သော ဗိတာန်မျက်နှာကြက် အဖြူတို့ကို ဖွဲ့ထားစေ၏။ ထိုမဏ္ဍပ်အလယ်၌ အဆန်းတကြယ် တန်ဆာဆင်ကာ ခင်းအပ်သော ထီးဖြူဖြင့် တင့်တယ်သော တရားပလ္လင်ကို ခြံရံလျက် ထက်ဝန်းကျင်၌ ငါးရာသောနေရာတို့ကို ခင်းထား၏။ ထိုနေရာငါးရာတို့၌ ထိုခေတ်အခါက ခုနစ်သိန်းမျှလောက်သော ဂိုဏ်းအကြီးအကဲ ရဟန္တာအရှင်မြတ်တို့၏ ရှေ့ဆောင်နာယကဖြစ်တော်မူသော ထိုအရှင်မဟာကဿပမထေရ်ကြီးပင်လျှင် အမှူးရှိသော ပိဋကတ်သုံးပုံဆောင် ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး၌ အထွတ်အထိပ်သို့ ရောက်တော်မူကြ၍ ပဋိသမ္ဘိဒါလေးပါးကို ရတော်မူကြကုန်သော ရဟန္တာငါးရာတို့ကို သီတင်းသုံးစေတော်မူ၍ ဆင်မြင်း ရထား ခြေသည်ဟူသော စစ်အင်္ဂါလေးပါးတို့ကို အကြားအလပ်မရှိအောင် စောင့်ရှောက်စေ၏။

ထိုနောက် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်ပင် ထိုထိုကျူးလွန်ခြင်း ဝတ္ထုများကို အကြောင်းပြု၍ သာသနာတော် တည်တံ့ရန်အတွက် ပညတ်အပ်သော ငါးရာနှစ်ဆယ့်ငါးခုမျှလောက်သော သိက္ခာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ပါရာဇိကဏ် ပါစိတ် မဟာဝဂ် စူဠဝဂ် ပရိဝါနှင့် ဓမ္မာသင်္ဂဏီ ဝိဘင်း ကထာဝတ္ထု ပုဂ္ဂလပညတ် ဓာတုကထာ ဣန္ဒြိယယမိုက် မူလယမိုက် ဒုကပဋ္ဌာန်း တိကပဋ္ဌာန်း ဒုကတိကပဋ္ဌာန်း

ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ်၌ ခုဒ္ဒပါဌ ဓမ္မပဒ ဥဒါန်း ဣတိဝုတ် သုတ္တနိပါတ်-ဝိမာနဝတ္ထု ပေတဝတ္ထု ထေရဂါထာ ထေရီဂါထာ ဇာတ် နိဒ္ဒေသ ပဋိသမ္ဘိဒါ အပဒါန် ဗုဒ္ဓဝံ စရိယာ ပိဋကစသော ကျမ်းဂန်အပြားပြားနှင့် နှစ်သိန်းခုနစ်သောင်း ငါးထောင် နှစ်ရာ ငါးဆယ်သော ကျမ်းများ၌ အကျုံးဝင်သော ရှစ်သောင်း လေးထောင်ကုန်သော ဓမ္မက္ခန္ဓာတို့နှင့် ယှဉ်သော ပါဠိတော်ကို သုတ်ဝိနည်းအဘိဓမ္မာဟုဆိုအပ်သောပိဋကသုံးပုံ၌သုတ်သင်းသင်္ဂါယ်လျက် နတ်ဦဖြစ်သော နှံသာတို့ကို ရွာစေလျက် တောင်စဉ်ခုနစ်ထပ်တို့ကို တုန်လှုပ်စေလျက် အထူးထူးသော လောကီပွဲသဘင်များကိုဖြစ်စေလျက် ခုနစ်လတို့ဖြင့် ဓမ္မသံဂါယနာပွဲကြီးကို ပြီးဆုံးစေ၍ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်, အရှင်မဟာကဿပ-စသော မဟာထေရ်အဆက်ဆက်မှ မပျက်မစီး ဆင်းသက်လာသော "ထေရိယနိကာယ" မည်သော ဤ ရဟန်းသံဃာ အမျိုးအနွယ်ကြီးသည် အနှစ်ငါးထောင် ကာလပတ်လုံး မဆုတ်ယုတ်စေဘဲ ဘုရားသာသနာတော်ကို တည်စေလေ၏။ ထို့ကြောင့်–

"သာဓုကာရံ ဒဒန္တိ၀၊ သာသနဋ္ဌိတိ ကာရဏာ။
သင်္ဂီတိပရိယောသာနေ၊ အကမ္ပိတ္ထ မဟာမဟီ။"
ဟု ဆိုအပ်သတည်း။

ဤသည်လျှင် နိကာယသင်္ဂဟကျမ်းလာ ဗုဒ္ဓဝင်အကျဉ်းနှင့် ပဥ္စမသံဂါယနာ မှတ်တမ်း ဖြစ်သည်။

ဗုဒ္ဓဝံသသင်္ခေပေန၊ အာဒိမသံဂီတိပိ စ။
သုအာဂတာ သုနိကာယ-သင်္ဂဟေ ဂန္ထသတ္တမေ။

\+ \+ \+ \+

မန္တလေးသာသနာဝင်ကျမ်း ဒုတိယတွဲလာ
ပဉ္စမသံဂါယနာသမိုင်း လင်္ကာ

မန္တလေး သာသနာဝင်ကျမ်းကြီးများသည် ပဉ္စမတွဲမှ ၁၃ ဒွါဝီသတိမ တွဲအထိ လွန်စွာကျယ်ဝန်း ပြားပြောင်လှ၏။ တစ်တွဲ တစ်တွဲဆိုလျှင်လည်း စာမျက်နှာ ၅၀၀-ကျော် ၆၀၀-ခန့် ရှိလေသည်။ သာသနာ့သမိုင်းနှင့် စပ်၍ လေ့လာ၍ မကုန်နိုင်သည့် သာသနာ့အမိုင်း ပင်လယ်ကြီး ဖြစ်လေသည်။ ယင်း မန္တလေးသာသနာဝင်ကျမ်း ဒုတိယတွဲ၌လည်း ပဉ္စမသံဂါယနာသမိုင်းလင်္ကာကြီးလာရှိရာ သုတေသီတို့ အောက်ပါအတိုင်း ကြည့်ရှု လေ့လာရာ၏။

ပဉ္စမသံဂါယနာတင်ခန်း

နိဗ္ဗုတာဝင် ဟို့ချစ်ရှင်၏ ရွှေစင်အတိ သရီရဓာတ် ရုပ်ကလာပ်ကို အမြတ်ကော်ရော် ပူဇော်လူမင်း မကြွင်းဒေဝါ ပြဟ္မာအပေါင်း သောင်း သောင်းဖြိုးဖြိုး ဦးတင်ထ၍ ပုညာရေး ပွားများကြရာ ထိုအခါဝယ် ပါဝါ ပြည်မှ ကုသိနာသို့ ပဉ္စသတာ သံဃာခြံရံ အရဟံထေရ ကဿပကြီး ခရီး အသွား လမ်းအကြားတွင် စကားသတင်း ကြားခြင်းမှာကား ဘုရား မြတ်စွာ နိဗ္ဗုတာသို့ ကြွရာကာလ သတ္တာဟမြောက် ရောက်လေပြီဟု ဘိက္ခုများစွာ ကြားသိရာတွင် ခီဏာသဝ ပုဂ္ဂလချွား တရားသံဝေ ရကြလေ၏၊ လေးထွေအာသဝ ဒေါသမစင် ပုထုဇဉ်တို့ မရှင်သောက ဒုက္ခမချိ ပရိဒေဝ တောက်လောင်ကြစဉ် ရှေးယခင်က မျက်ယှဉ်ဿာတ ရန်ဝသို့မှီး တောထွက်ကြီး သုဘဒ္ဒသည် ဂေါတမမြတ်စွာဘုရား မြစ်တား ကန့်ကွက် နှိပ်စက်ကွပ်ထား ဒုက္ခများမှ ခုကားမသေ့ လွှတ်ရချေပြီ ပူဆွေးဒုက္ခ မရှိကြလင့်၊ ကိုယ်ကျင့်ချင်ရာ ကျင့်နိုင်ပါပြီ ဗာဟီစကား အသွားအလာ ဆိုဘွယ်ရာကို မဟာကဿပ နားဝတံကျင် စူးဝင်ပမာ ဝမ်းမှာသိသိပ် ခပ်မဆိတ်နှင့် တိတ်တိတ်သည်းခံ ထဲကြံစိတ်တွင်း နှလုံး သွင်းထား ဘုရားမြတ်စွာ ,စံရာနဂရ ကုသိနာသို့ မြန်းကြွပြီးကာ ပါဒါ အစုံ ကြာပဒုံကို ခိုလှုံသိုက်မြိုက် ဦးတိုက်ပြီးကာ နံ့သာပုံကြီး ထိန်ညီး လျှံပတ် တေဇောဓာတ်ဖြင့် မပြဘ်မလောင်ကျွမ်း တစ်ခန်းပြီးနောက် ကြွရောက်စုံစွာ ရဟန္တာတို့ မဟာသဘင် စည်းဝေးခွင်ဝယ် မူဘင်အဂ္ဂ ကဿပရှင် ဖြစ်အင်နောက်ကြောင်း ပြန်ပြောင်းထုတ်ဖော် မိန့်တော်မူပြီး

ရင့်သီးအနွ လူ့ဗာလတို့ ပက္ခကြီးမား မဖြစ်ပွားမီ မဟာသီ၏ သိင်္ဂီ နှုတ်ကပါဌ် ပိဋကတ်ကို ပညတ်စဥ်လာ သင်္ဂါယနာ တင်အံ့ငှာနှင့် မဟာထေရ ဂဏာပါမောက် ရွေးကောက်ဖို့ရန် အကြံညာဏ်တောင်း ထပ်လောင်းတစ်ဝ ဒေသမှတ်ရန် ထေရ်ပြန်ကဿပ လွဲအပ်ကြရာ ခီဏာသဝ ပဋိသတာဂဏာဓိပတိ ရွေးရောက်ဘိ၍ ဂိရိဝဇ နဂရဟု ငှာနသတ်မှတ် ဝါလကပ်ရန် ပညတ်ပြန်ပြီး အသီးအခြား ကြွသွားထိုထို ရာဇဂြိုဟ်ဟု ဗဟိုဌာနရောက်ကြလေရာ ရာဇာအဇာတသတ် မင်းမြတ်ထံသို့ ဟတ္ထကံတောင်းကျောင်းပေါင်းဆယ့်ရှစ်ရပ် အပြီးသတ်အောင် ဆက်စပ်သုတ်သင်ပြင်ဆင်ပြီးသော် နန်းတော်တစ်ဖန် ဝင်ကြပြန်၍ နိဗ္ဗာန်ကြွသွား မြတ်ဘုရား၏ ပိဋကတ်ပရိယတ်ကို ဆုံးဖြတ်စဥ်လာ သင်္ဂါယနာ ကောင်းစွာတင်လိုမိန့်ဆိုကြရာ နေရာဌာန မဏ္ဍပကို လုပတင့်တယ် လိုဖွယ်မရှိ ပြုလုပ်ဘိ၍ မုနိမြတ်ဖျား ဟောကြားဓမ္မစက် မိန့်မြွက်သည့်တိုင်း ဆုတ်ဆိုင်းမသည့် လည်ပါစေသား တိုင်းကားပြည်ရွာ မင်းအာဏာစက် အချက်ပိုင်ပိုင် အောင်နိုင်အလှည့် တပည့်တော်ဝန်ကျေပွန်လျှောက်ထား ပြောကြားပြီးနောက် စရည်းရောက်ရာ ဂူဟာအနီး မဏ္ဍပ်ကြီး၌ ပည်းသီးများဖြင့် ထေရ်ရှင်ငါးရာ ရဟန္တာတို့ မဟာကဿပ သံဃကြီးမှူး ဦးစီးနာယက တင်မြှောက်ကြ၍ သတ္တမာသ ခုနစ်လလုံး သီကုံးဒေသနာ သင်္ဂါယနာ တင်ပြီးခါလျှင် အဇာတသတ် မင်းမြတ်ဘုရင် ယခင်ကဖြစ် သက္ကရာဇ်ကို အကုန်ဖြို၍ အတိုတစ်ခု ပေါင်းစုသာသနာ တစ်ပါးတည်းသတ် မိန့်တော်မြတ်ကို မှတ်တော်မူရာ တို့ပြည်သာဝယ် အညာတကောင်း မင်းပေါင်းဌာနီ သင်းတဲ့ပြည်၌ ဇာနည်တစ်ဆူ ဇမ္ဗူဒီပ ခဇမည်သာ ရာဇာနန်းဆယ် ငါးနှယ်ကြွယ်သည်....မှတ်ဖွယ်မင်းပြိုင် ဖြစ်သတည်း။

ဝိနယပိဋကစူဠဝဂ္ဂပါဠိတော်လာ
ပဌမသံဂါယနာသမိုင်းမှတ်တမ်း

ဝိနယပိဋက စူဠဝဂ္ဂပါဠိတော်၌ ပဉ္စသတိကက္ခန္ဓက၊ သင်္ဂီတိနိဒါန အမည်ဖြင့် ပဌမသံဂါယနာသမိုင်း မှတ်တမ်း သို့မဟုတ် ပဌမသံဂါယနာ မော်ကွန်းကို ဖော်ပြတော်မူခဲ့ကြသည်။ ယင်း မှတ်တမ်းမှာ ရှေးအကျဆုံး မှတ်တမ်း အကောင်းဆုံး မှတ်တမ်းဖြစ်လေသည်။ ယင်း ပဌမသံဂါယနာ သမိုင်းမှတ်တမ်းကို ဆဋ္ဌသံဂါယနာတင်စဥ်က ဆဋ္ဌသံဂီတိကာရက ပဋိ္ဌဝိသောဓက ဆရာတော်တို့ မြန်မာပြန်ဆိုသည့်အတိုင်း စူဠဝဂ် ပါဠိတော်

မြန်မာပြန်ကျမ်းမှ ပုဒ်ပါဠိအက္ခရာတင်စုံတရာမပြင်ဘဲ အောက်ပါအတိုင်း ကူးယူ ဖော်ပြအပ်ပါသည်။

ပဉ္စသတိကက္ခန္ဓက
သင်္ဂါယနာနိဒါန်း

ထိုအခါ အရှင်မဟာကဿပသည် ရဟန်းတို့ကို ငါ့ရှင်တို့....ငါသည် အခါတစ်ပါး၌ ငါးရာမျှသော ရဟန်းသံဃာတို့နှင့်အတူ ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ခရီးရှည်သွား၏။ ငါ့ရှင်တို့....ထိုအခါ ငါသည် လမ်းမှ ဖဲ၍ တစ်ခုသော သစ်ပင်ရင်း၌ ထိုင်၏။

ထိုအခါ တစ်ယောက်သော တက္ကတွန်းသည် ကုသိနာရုံပြည်မှ မန္ဒာရဝ မည်သောနတ်ပန်း 'ထင်ရှားပန်း' ကိုယူ၍ ပါဝါပြည်သို့ ခရီးရှည်သွား၏။ ငါ့ရှင်တို့....ငါသည် အဝေးမှလာသော ထိုတက္ကတွန်းကိုမြင်၍ ''ငါ့ရှင်.... ငါတို့၏ ဆရာဘုရားကို သိပါ၏လော'' ဟု မေး၏။ ငါ့ရှင်....အိမ်း-သိပါ၏။ ရဟန်းဂေါတမသည် ယနေ့ ပရိနိဗ္ဗာန်စံ၍ ခုနစ်ရက်ရှိပြီ၊ ထိုအရပ်မှ အကျွန်ုပ်သည် ဤမန္ဒာရဝမည်သော နတ်ပန်း 'ထင်ရှားပန်း' ကို ယူခဲ့ပါ၏ ဟု ပြော၏။

ငါ့ရှင်တို့....ထိုသို့ပြောရာ၌ တဏှာမကင်းသေးသည့် အချို့ရဟန်းတို့သည် ''ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန် လျင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည်အလွန်လျင်မြန်စွာပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ လောက၌ (ပညာ)မျက်စိသည် အလွန်လျင်မြန်စွာ ကွယ်ခဲ့လေပြီ'' ဟု(ဆိုကာ) လက်မောင်းတို့ကိုမြှောက်ချီ၍ငိုကြွေးမြည်တမ်းကုန်၏၊ ကမ်းပါးပြတ်၌ကျသကဲ့သို့ လဲကျကုန်၏။ ရှေ့သို့ လူးလိမ့်ကုန်၏။ ထိုထိုဤဤ လူးလိမ့်ကုန်၏။

ရာဂကင်းပြီးသော ရဟန်းတို့သည်ကား ''ပြုပြင်ရသော 'သင်္ခါရ' တရားတို့သည် မမြဲသောသဘောရှိကုန်၏။ ဤ(သင်္ခါရတရားတို့)၌ ထို(မြဲခြင်း) ကို အဘယ်မှာ ရနိုင်ပါအံ့နည်း'' ဟု အောက်မေ့ဆင်ခြင်လျက် သည်းခံနိုင်ကုန်၏။

ငါ့ရှင်တို့ ...ထိုအခါ ငါသည် ထိုရဟန်းတို့ကို-

''ငါ့ရှင်တို့....တန်ကြလော့၊ မစိုးရိမ်မပူဆွေးကြလင့် မငိုကြွေးကြလင့်၊ ချစ်ခင်မြတ်နိုးသော လူအားလုံးတို့နှင့် ရှင်လျက်ကွဲကွာခြင်း သေ၍ကွဲကွာခြင်း ဘဝခြားလျက် ကွဲကွာခြင်း ဤသို့ (ကွဲကွာခြင်းများ)ကို ရှေးမဆွ

ကပင် မြတ်စွာဘုရားဟောကြားခဲ့ပြီမဟုတ်ပါလော၊ငါ့ရှင်တို့…ဤအရာ၌ အသစ်ဖြစ်ပေါ်လာခြင်း ထင်ရှားဖြစ်ပေါ်လာခြင်း ပြုပြင်ပေးရခြင်း ပျက်စီးခြင်းသဘောရှိသော အရာဝတ္ထုကို မပျက်စီးစေပါလင့်-ဟု လိုသားတောင့်တချက်အတိုင်း အဘယ်မှာ ရနိုင်ပါအံ့နည်း၊ ဤသို့ ရနိုင်ရန် အကြောင်းမရှိချေ”ဟု ဆိုခဲ့၏။

ငါ့ရှင်တို့… ထိုအခါ သုဘဒ်မည်သော တောထွက်ရဟန်းကြီးသည် ထိုပရိသတ်၌ ထိုင်နေ၏။ ငါ့ရှင်တို့ ထိုအခါ သုဘဒ်မည်သော တောထွက်ရဟန်းကြီးသည် ထိုရဟန်းတို့အား-

ငါ့ရှင်တို့ မသင့်၊ မစိုးရိမ်ကြလင့်၊ မငိုကြွေးကြကုန်လင့်၊ ငါတို့သည် ထိုရဟန်းကြီးမှ ကောင်းစွာ လွတ်ခဲ့ကုန်ပြီ၊ ‘ဤအမှုသည် သင်တို့အား အပ်၏၊ ဤအမှုသည် သင်တို့အား မအပ်’ဟု ငါတို့သည် နှိပ်စက်ခံရကုန်၏၊ ယခုမူကား ငါတို့ ပြုလုပ်လိုရာကို ပြုလုပ်ကုန်အံ့၊ မပြုလုပ်လိုရာကို မပြုလုပ်ကုန်အံ့”ဟု ပြောဆို၏-

ငါ့ရှင်တို့…ငါတို့သည် မသူတော်တရား မထွန်းကားမီ၊သူတော်တရား မကွယ်ပမီ၊ ဝိနည်းမဟုတ်သောတရား မထွန်းကားမီ၊ဝိနည်းတရား မကွယ်ပမီ၊ အဓမ္မဝါဒီပုဂ္ဂိုလ်တို့ အားမရှိမီ၊ ဓမ္မဝါဒီပုဂ္ဂိုလ်တို့ အားမနည်းမီ၊ အဝိနယဝါဒီပုဂ္ဂိုလ်တို့ အားမရှိမီ၊ ဝိနယဝါဒီပုဂ္ဂိုလ်တို့ အားမနည်းမီ ဓမ္မနှင့် ဝိနယကို သင်္ဂါယနာတင်ကုန်အံ့ (စုပေါင်းရွတ်ဆိုကုန်အံ့)ဟု ပြောဆို၏။

အရှင်ဘုရား-သို့ဖြစ်လျှင် အရှင်မဟာကဿပမထေရ်သည် ရဟန်းတို့ကို ရွေးကောက်တော်မူပါလော့ဟု လျှောက်ကုန်၏။

ထိုအခါ အရှင်မဟာကဿပသည် တစ်ပါးယုတ်သော ရဟန္တာငါးရာတို့ကို ရွေးကောက်တော်မူ၏။ ရဟန်းတို့သည် အရှင်မဟာကဿပအား ဤသို့ လျှောက်ကုန်၏။

“အရှင်ဘုရား…ဤအာနန္ဒာသည် ဆန္ဒာဂတိ ဒေါသာဂတိ မောဟာဂတိ ဘယာဂတိသို့ လိုက်ခြင်းငှာ မထိုက်သော သေက္ခမျှဖြစ်သော်လည်း မြတ်စွာဘုရားထံ၌ ဓမ္မနှင့် ဝိနယကို များစွာ သင်ယူခဲ့ပါ၏၊ အရှင်ဘုရား ထို့ကြောင့်ပင် အရှင်မဟာကဿပမထေရ်သည် အရှင်အာနန္ဒာကိုလည်း ရွေးကောက်တော်မူပါလော့”ဟု လျှောက်ကုန်၏။ ထိုအခါ အရှင်မဟာကဿပသည် အရှင်အာနန္ဒာကိုလည်း ရွေးကောက်တော်မူ၏။

ထိုအခါ မထေရ်ကြီးရဟန်းတို့အား "ငါတို့သည် အဘယ်အရပ်၌ ဓမ္မနှင့် ဝိနယကို သင်္ဂါယနာတင်ကုန်ရာသနည်း" ဟု အကြံဖြစ်၏။

ထိုအခါ မထေရ်ကြီးရဟန်းတို့အား "ရာဇဂြိုဟ်ပြည်သည် များသော ဆွမ်းခံရွာ ရှိ၏၊ ကျောင်း ပေါများ၏၊ ငါတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါဆိုကုန်လျက် ဓမ္မနှင့် ဝိနယကို သင်္ဂါယနာတင်ရမူ ကောင်း၏၊ အခြား ရဟန်းတို့သည်လည်း ရာဇဂြိုဟ်ပြည်၌ ဝါမဆိုကုန်မူ ကောင်း၏" ဟု အကြံဖြစ်၏။ ထိုအခါ အရှင်မဟာကဿပသည် သံဃာကို—

"ငါ့ရှင်တို့ သံဃာသည် ငါ၏ (စကားကို) နာယူတော်မူလော့ သံဃာအား လျောက်ပတ်သော အခါရှိသောကာလ်သည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤရဟန်းငါးရာတို့ကို 'ရာဇဂြိုဟ်ပြည်၌ ဝါဆိုကုန်သည် ဖြစ်၍ ဓမ္မနှင့် ဝိနယကို သင်္ဂါယနာတင်ခြင်းငှာ အခြား ရဟန်းတို့သည် ရာဇဂြိုဟ်၌ ဝါမဆိုအပ်' ဟု သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

ငါ့ရှင်တို့.... သံဃာသည် ငါ၏(စကားကို) နာတော်မူလော့ သံဃာသည် ဤရဟန်းငါးရာတို့ကို ရာဇဂြိုဟ်ပြည်၌ ဝါဆိုကုန်သည်ဖြစ်၍ ဓမ္မနှင့် ဝိနယကို သင်္ဂါယနာတင်ခြင်းငှာ အခြားရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါမဆိုအပ်-ဟု သမုတ်၏၊ ဤရဟန်းငါးရာတို့အား ရာဇဂြိုဟ်ပြည်၌ ဝါဆိုကုန်သည်ဖြစ်၍ ဓမ္မနှင့်ဝိနယကို သင်္ဂါယနာတင်ခြင်းငှာ အခြားရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါမဆိုအပ် ဟု သမုတ်ခြင်းကို အကြင် အရှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအရှင်သည် ဆိတ်ဆိတ်နေရာ၏။ အကြင်အရှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအရှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤရဟန်းငါးရာတို့ကို "ရာဇဂြိုဟ်ပြည်၌ ဝါဆိုကုန်သည် ဖြစ်၍ ဓမ္မနှင့် ဝိနယကို သင်္ဂါယနာတင်ခြင်းငှာ အခြား ရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါမဆိုအပ်" ဟု သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေ၏)။

ထို့နောက် မထေရ်ကြီး ရဟန်းတို့သည် ဓမ္မနှင့်ဝိနယကို သင်္ဂါယနာတင်ခြင်းငှာ ရာဇဂြိုဟ်သို့ သွားကုန်၏။ ထို့နောက် မထေရ်ကြီး ရဟန်းတို့အား ဤသို့ အကြံဖြစ်၏။

"ငါ့ရှင်တို့.... မြတ်စွာဘုရားသည် အကျိုးအပျက် ပြုပြင်ခြင်းကို ချီးမွမ်းတော်မူ၏၊ ငါ့ရှင်တို့....ယခု ငါတို့သည် ပဌမလပတ်လုံး အကျိုး

အပျက်ကိုပြုပြင်ကုန်အံ့၊ အလယ်မဇ္ဈိမ လပတ်လုံးစည်းဝေး၍ ဓမ္မနှင့် ဝိနယကို သင်္ဂါယနာတင်ကုန်အံ့''ဟု အကြံဖြစ်၏။

ထို့နောက် မထေရ်ကြီးရဟန်းတို့သည် ပဌမလပတ်လုံးအကျိုးအပျက်ကိုပြုပြင်ကုန်၏၊ ထိုအခါ အရှင်အာနန္ဒာသည်'' နက်ဖြန် အစည်းအဝေးတည်း၊ ငါသည် သေက္ခဖြစ်လျက် အစည်းအဝေး သို့ သွားခြင်းသည် မသင့်မလျော်''ဟု များစွာသောညဉ့်ပတ်လုံးသာလျှင် ကာယဂတာ သတိဖြင့်လွန်စေ၍ ညဉ့်မိုးသောက်ယံ၌ ''လျောင်းအံ့'' ဟု ကိုယ်ကိုလှဲ၏။ ဦးခေါင်းသည် ခေါင်းအုံးသို့ မရောက်မီ၊ ခြေတို့အည် မြေမှလွတ်သွားစဉ်၊ ဤအကြား၌ စိတ်သည် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်လေ၏။

ထို့နောက် အရှင်အာနန္ဒာသည် ရဟန္တာဖြစ်၍ အစည်းအဝေး သို့ သွားလေ၏။

ထိုအခါ အရှင်မဟာကဿပသည် သံဃာကို–

''ငါ့ရှင်တို့....သံဃာသည် ငါ၏(စကားကို) နာတော်မူလော့၊ သံဃာအား လျောက်ပတ်သော အခါရှိသောကာသည် အကယ်၍ ဖြစ်ငြားအံ့၊ ငါသည် ဥပါလိအား ဝိနည်းကို မေးအံ့၊'ဟု သိစေ၏။

အရှင်ဥပါလိကလည်း သံဃာကို–

''အရှင်ဘုရားတို့...သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာအား လျောက်ပတ်သော အခါရှိသောကာသည် အကယ်၍ ဖြစ်ငြားအံ့၊ အရှင်မဟာကဿပသည် ဝိနည်းကို မေးလက်သော် အကျွန်ုပ်သည် ဖြေဆိုပါအံ့''ဟု သိစေ၏။

ထို့နောက် အရှင်မဟာကဿပသည် အရှင်ဥပါလိအား ''ငါ့ရှင်ဥပါလိ.... ပဌမပါရာဇိကကို အဘယ်အရပ်၌ ပညတ်တော်မူသနည်း''ဟု မေး၏။

အရှင်ဘုရား....ဝေသာလီပြည်၌ ပညတ်တော်မူပါ၏ဟု လျှောက်၏။

အဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ ပညတ်တော်မူသနည်းဟု (မေး၏)။

ကလန္ဒသူဌေးသား သုဒိန်ကို အကြောင်းပြု၍ ပညတ်တော်မူပါ၏ဟု (လျှောက်၏)။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူသနည်းဟု (မေး၏)။

မေထုန်လွန်ကျူးမှုကြောင့် ပညတ်တော်မူပါ၏ဟု (လျှောက်၏)။

ထိုအခါ အရှင်မဟာကဿပသည် အရှင်ဥပါလိကို ပဋ္ဌမပါရာဇိကာ၏အကြောင်းဝတ္ထုကိုလည်း မေး၏၊ နိဒါန်းကိုလည်းမေး၏၊ ပုဂ္ဂိုလ်ကိုလည်း မေး၏၊ ပညတ်ကိုလည်း မေး၏၊ အနုပညတ်ကိုလည်း မေး၏၊ အာပတ်သင့်ခြင်းကိုလည်း မေး၏၊ အာပတ်မသင့်ခြင်းကိုလည်း မေး၏။

ငါ့ရှင်ဥပါလိ....ဒုတိယပါရာဇိကကို အဘယ်အရပ်၌ ပညတ်တော်မူသနည်းဟု (မေး၏)။

အရှင်ဘုရား .... ရာဇဂြိုဟ်ပြည်၌ပညတ်တော်မူပါ၏ဟု (လျှောက်၏)။

အဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ ပညတ်တော်မူသနည်းဟု(မေး၏)။

အိုးထိန်းသည်၏သား ဓနိယမထေရ်ကို အကြောင်းပြု၍ ပညတ်တော်မူပါ၏ဟု (လျှောက်၏)။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူသနည်းဟု (မေး၏)။

အရှင်မပေးသောပစ္စည်းကို ခိုးယူခြင်းကြောင့် ပညတ်တော်မူပါ၏ဟု (လျှောက်၏)

ထိုအခါ အရှင်မဟာကဿပသည် အရှင်ဥပါလိကို ဒုတိယပါရာဇိက၏အကြောင်းဝတ္ထုကိုလည်း မေး၏၊ နိဒါန်းကိုလည်း မေး၏၊ ပုဂ္ဂိုလ်ကိုလည်း မေး၏၊ ပညတ်ကိုလည်း မေး၏၊ အနုပညတ်ကိုလည်း မေး၏၊ အာပတ်သင့်ခြင်းကိုလည်း မေး၏၊ အာပတ်မသင့်ခြင်းကိုလည်း မေး၏။

ငါ့ရှင်ဥပါလိ....တတိယပါရာဇိကကို အဘယ်အရပ်၌ ပညတ်တော်မူသနည်းဟု (မေး၏)။

အရှင်ဘုရား....ဝေသာလီပြည်၌ပညတ်တော်မူပါ၏ဟု (လျှောက်၏)။

အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ပညတ်တော်မူသနည်းဟု(မေး၏)။

များစွာသောရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူပါ၏ဟု (လျှောက်၏)။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူသနည်းဟု (မေး၏)

လူဇာတ်ဖြစ်သောသူ၏ ကိုယ်ကိုသတ်ခြင်းဟူသော အကြောင်းကြောင့် ပညတ်တော်မူပါ၏ဟု (လျှောက်၏)။

ထိုအခါ အရှင်မဟာကဿပသည် အရှင်ဥပါလိကို တတိယပါရာဇိက၏အကြောင်းဝတ္ထုကိုလည်းမေး၏၊ နိဒါန်းကိုလည်းမေး၏၊ ပုဂ္ဂိုလ်ကိုလည်း မေး၏၊ ပညတ်ကိုလည်း မေး၏၊ အနုပညတ်ကိုလည်းမေး၏၊ အာပတ်သင့်ခြင်းကိုလည်း မေး၏၊ အာပတ်မသင့်ခြင်းကိုလည်း မေး၏။

ငါ့ရှင်ဥပါလိ....စတုတ္ထပါရာဇိကကို အဘယ်အရပ်၌ ပညတ်တော်မူသနည်းဟု (မေး၏)။

အရှင်ဘုရား ဝေသာလီပြည်၌ ပညတ်တော်မူပါ၏ဟု (လျှောက်၏)။

အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်တော်မူသနည်းဟု(မေး၏)။

ဝဂ္ဂုမုဒါ မြစ်ကမ်းနား၌ နေသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူပါ၏ဟု (လျှောက်၏)။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူသနည်းဟု(မေး၏)။

ဈာန်မဂ်ဖိုလ်ကို ရ၏ဟု ပြောဟောခြင်း အကြောင်းကြောင့် ပညတ်တော်မူပါ၏ဟု (လျှောက်၏)။

ထိုအခါ အရှင်မဟာကဿပသည် အရှင်ဥပါလိကို စတုတ္ထပါရာဇိက၏ အကြောင်း ဝတ္ထုကိုလည်း မေး၏၊ နိဒါန်းကိုလည်း မေး၏၊ ပုဂ္ဂိုလ်ကိုလည်း မေး၏၊ ပညတ်ကိုလည်း မေး၏၊ အနုပညတ်ကိုလည်း မေး၏၊ အာပတ်သင့်ခြင်းကိုလည်း မေး၏၊ အာပတ်မသင့်ခြင်းကိုလည်း မေး၏၊ ဤနည်းဖြင့်ပင် ဝိဘင်းနှစ်မျိုးတို့ကို မေး၏၊ မေးတိုင်း မေးတိုင်း အရှင်ဥပါလိသည် ဖြေဆို၏။

ထို့နောက် အရှင်မဟာကဿပသည် သံဃာကို....

"ငါ့ရှင်တို့....သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာအားလျောက်ပတ်သောအခါရှိသော်သည်အကယ်၍ဖြစ်ငြားအံ့၊ ငါသည် အာနန္ဒာအား ဓမ္မကို မေးအံ့"ဟု သိစေ၏။

အရှင်အာနန္ဒာသည်လည်း သံဃာကို—

'အရှင်ဘုရားတို့....သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာအား လျောက်ပတ်သောအခါရှိသော်သည် အကယ်၍ ဖြစ်ငြားအံ့၊ အရှင်မဟာကဿပသည်မေ့ကိုမေးလတ်သော် အကျွန်ုပ်သည် ဖြေဆိုပါအံ့"ဟု သိစေ၏။

ထို့နောက် အရှင်မဟာကဿပသည် အရှင်အာနန္ဒာအား....

'ငါ့ရှင်အာနန္ဒာ...ဗြဟ္မဇာလသုတ်ကို အဘယ်အရပ်၌ ဟောတော်မသနည်း"ဟု (မေး၏)။

အရှင်ဘုရား... ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့အကြား အမ္ဗလဋ္ဌိကာသရက်ဥယျာဉ် မင်းကွန်း၌ ဟောတော်မူပါ၏ဟု (လျှောက်၏)။

အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောတော်မူသနည်းဟု(မေး၏)။

သုပ္ပိယာပရိဗိုဇ်ကိုလည်းကောင်း ဗြဟ္မဒတ် လုလင်ကို လည်းကောင်း အကြောင်းပြု၍ ဟောတော်မူပါ၏ဟု (လျှောက်၏)

ထိုအခါ အရှင်မဟာကဿပသည် အရှင်အာနန္ဒာကို ဗြဟ္မဇာလသုတ်၏ နိဒါန်းကိုလည်း မေး၏၊ ပုဂ္ဂိုလ်ကိုလည်း မေး၏။

ငါ့ရှင် အာနန္ဒာ ... သာမညဖလသုတ်ကို အဘယ်အရပ်၌ ဟောတော်မူသနည်းဟု (မေး၏)။

အရှင်ဘုရား.... ရာဇဂြိုဟ်ပြည် ဇီဝက၏ သရက်ဥယျာဉ်၌ ဟောတော်မူပါ၏ဟု (လျှောက်၏)။

အဘယ်သူနှင့်အတူ ဟောတော်မူသနည်းဟု (မေး၏)။

ဝေဒေဟီမိဖုရား၏ သား အဇာတသတ်နှင့်အတူ ဟောတော်မူပါ၏ဟု (လျှောက်၏)။

ထိုအခါ အရှင်မဟာကဿပသည် အရှင်အာနန္ဒာအား သာမညဖလ သုတ်၏ နိဒါန်းကိုလည်း မေး၏၊ ပုဂ္ဂိုလ်ကိုလည်း မေး၏၊ ဤနည်းဖြင့်ပင် နိကာယ်ငါးမျိုးစလုံးတို့ကို မေး၏၊ မေးတိုင်း မေးတိုင်း အရှင်အာနန္ဒာ သည် ဖြေဆို၏။

ခုဒ္ဒါနုခုဒ္ဒကသိက္ခာပဒကထာ

ထို့နောက် အရှင်အာနန္ဒာသည် မထေရ်ကြီးရဟန်းတို့အား "အရှင် ဘုရားတို့.... မြတ်စွာဘုရားသည် အကျွန်ုပ်ကို ပရိနိဗ္ဗာန် စံခါနီးအချိန်၌ အာနန္ဒာ ငါဘုရားကွယ်လွန်ပြီးသောအခါ၌ဿသည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာ ပုဒ်တို့ကို နုတ်လိုက နုတ်လေ"ဟု မိန့်တော်မူပါ၏ဟု လျှောက်၏။

ငါ့ရှင် အာနန္ဒာ....သင်သည် မြတ်စွာဘုရားအား "မြတ်စွာဘုရား ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကားအဘယ်တို့ပါနည်း"ဟု မေးလျှောက်လိုက်၏ လောဟု (မေးကြကုန်၏)။

အရှင်ဘုရားတို့.... အကျွန်ုပ်သည် မြတ်စွာဘုရားကို "မြတ်စွာဘုရား.... ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကား အဘယ်တို့ပါနည်း"ဟု မမေးလျှောက်မိပါ ဟု (လျှောက်၏)။

အချို့သောမထေရ်တို့က "ပါရာဇိကလေးမျိုးတို့ကို ချန်လှပ်၍ ကြွင်း ကျန်သော သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့တည်း"ဟု (ဆို ကုန်၏)။

အချို့သောမထေရ်တို့က "ပါရာဇိကလေးမျိုးတို့ကို ချန်လှပ်၍လည်းကောင်း သံဃာဒိသိသ် တစ်ဆယ့်သုံးမျိုးတို့ကို ချန်လှပ်၍လည်းကောင်း ကြွင်းကျန်သော သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့တည်း"ဟု (ဆိုကုန်၏)။

အချို့သောမထေရ်တို့က "ပါရာဇိကလေးမျိုးတို့ကို ချန်လှပ်၍လည်းကောင်း သံဃာဒိသိသ် တစ်ဆယ့်သုံးမျိုးတို့ကို ချန်လှပ်၍လည်းကောင်း အနိယတနှစ်မျိုးတို့ကို ချန်လှပ်၍လည်းကောင်း ကြွင်းကျန်သော သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့တည်း"ဟု (ဆိုကုန်၏)။

အချို့သောမထေရ်တို့က "ပါရာဇိကလေးမျိုးတို့ကို ချန်လှပ်၍လည်းကောင်း သံဃာဒိသိသ် တစ်ဆယ့်သုံးမျိုးတို့ကို ချန်လှပ်၍လည်းကောင်း အနိယတနှစ်မျိုးတို့ကို ချန်လှပ်၍လည်းကောင်း နိဿဂ္ဂိယပါစိတ်မျိုး သုံးဆယ်တို့ကို ချန်လှပ်၍လည်းကောင်း ကြွင်းကျန်သော သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့တည်း"ဟု (ဆိုကုန်၏)။

အချို့သော မထေရ်တို့က "ပါရာဇိကလေးမျိုးတို့ကို ချန်လှပ်၍လည်းကောင်း သံဃာဒိသိသ်တစ်ဆယ့်သုံးမျိုးတို့ကို ချန်လှပ်၍လည်းကောင်း၊ အနိယတနှစ်မျိုးတို့ကို ချန်လှပ်၍လည်းကောင်း နိဿဂ္ဂိယပါစိတ်မျိုး သုံးဆယ်တို့ကို ချန်လှပ်၍လည်းကောင်း သုဒ္ဓပါစိတ်မျိုး ကိုးဆယ့်နှစ်ပါးတို့ကို ချန်လှပ်၍လည်းကောင်း ကြွင်းကျန်သောသိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့တည်း"ဟု (ဆိုကုန်၏)။

အချို့သောမထေရ်တို့က "ပါရာဇိက လေးမျိုးတို့ကို ချန်လှပ်၍လည်းကောင်း သံဃာဒိသိသ် တစ်ဆယ့်သုံးမျိုးတို့ကို ချန်လှပ်၍လည်းကောင်း အနိယတနှစ်မျိုးတို့ကို ချန်လှပ်၍လည်းကောင်း နိဿဂ္ဂိယပါစိတ်မျိုး သုံးဆယ်တို့ကို ချန်လှပ်၍လည်းကောင်း သုဒ္ဓပါစိတ်မျိုး ကိုးဆယ့်နှစ်ပါးတို့ကို ချန်လှပ်၍လည်းကောင်း ပဋိဒေသနီလေးမျိုးတို့ကို ချန်လှပ်၍လည်းကောင်း ကြွင်းကျန်သော သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့တည်း"ဟု (ဆိုကုန်၏)။

ထိုအခါ အရှင်မဟာကဿပသည် သံဃာကို—

ငါ့ရှင်တို့... သံဃာသည် ငါ၏ (စကားကို) နာတော်မူလော့၊ ငါတို့အား လူတို့နှင့်စပ်သောသိက္ခာပုဒ်တို့လည်း ရှိကုန်၏၊ "ဤကား သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့အား အပ်၏၊ ဤကား

မအပ်''ဟု လူတို့လည်း သိကုန်၏။ ငါတို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကို အကယ်၍ နုတ်ကုန်အံ့၊ ''ရဟန်းဂေါတမသည် တပည့်တို့အား အခိုက် အတန့် မီးခိုးငြိမ်းချိန်တိုင်ရုံသာ သိက္ခာပုဒ်ကို ပညတ်၏၊ ဤရဟန်းတို့၏ ဆရာ ဘုရားတည်နေချိန်မျှလောက် ဤရဟန်းတို့သည် သိက္ခာပုဒ်တို့၌ ကျင့်ကုန်၏၊ ဤရဟန်းတို့၏ဆရာဘုရား ပရိနိဗ္ဗာန်စံသောကြောင့် ယခု ဤရဟန်းတို့သည် သိက္ခာပုဒ်သို့၌မကျင့်ကုန်ဟူ ပြောသူများ ရှိကုန်လတ္တံ့၊ သံဃာအား လျောက်ပတ်သောအခါ၌ ရှိသောကံသည် အကယ်၍ ဖြစ် ငြားအံ့၊ သံဃာသည် မပညတ်သေးသည့်ကို မပညတ်ရာ ပညတ်ပြီးသည် ကို မဖြုတ်ဘောက်ရာ၊ ပညတ်ပြီးအတိုင်း သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ရာ၏၊ ဤကား သိစေခြင်းတည်း။

ငါ့ရှင်တို့....သံဃာသည် ငါ၏(စကားကို)နာတော်မူလော့၊ ငါတို့အား လူတို့နှင့်စပ်သော သိက္ခာပုဒ်တို့လည်း ရှိကုန်၏၊ ''ဤကား သာကီဝင် မင်းသား ဘုရားအနွယ်ဖြစ်တော်မူသော ရဟန်းတို့အား အပ်၏၊ ဤကား မအပ်''ဟု လူတို့လည်း သိကုန်၏။ ငါတို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကို အကယ်၍နုတ်ကုန်အံ့၊ ''ရဟန်းဂေါတမသည် တပည့်တို့အား အခိုက် အတန့် မီးခိုးငြိမ်းချိန်တိုင်ရုံသာ သိက္ခာပုဒ်ကို ပညတ်၏၊ ဤရဟန်းတို့၏ ဆရာဘုရား တည်နေချိန်မျှလောက် ဤ ရဟန်းတို့သည် သိက္ခာပုဒ်တို့၌ ကျင့်ကုန်၏၊ ဤရဟန်းတို့၏ဆရာဘုရား ပရိနိဗ္ဗာန်စံသောကြောင့် ယခု ဤရဟန်းတို့သည်သိက္ခာပုဒ်တို့၌မကျင့်ကုန်''ဟု ပြောသူများရှိကုန်လတ္တံ့၊ သံဃာသည် မပညတ်သေးသည့်ကို မပညတ်၊ ပညတ်ပြီးသည့်ကို မဖြုတ် ဘောက်၊ ပညတ်ပြီးအတိုင်း သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။

မပညတ်သေးသည့်ကို မပညတ်ခြင်း၊ ပညတ်ပြီးသည့်ကိုမဖြုတ်ဘောက် ခြင်း၊ ပညတ်ပြီးအတိုင်း သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ခြင်းကို အကြင်အရှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအရှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အရှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအရှင်သည် ပြောဆိုရာ၏။

သံဃာသည် မပညတ်သေးသည့်ကိုမပညတ်၊ ပညတ်ပြီးသည့်ကိုမဖြုတ် ဘောက်၊ ပညတ်ပြီးအတိုင်း သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်'' ဟု သိစေ၏။

ထိုအခါ မထေရ်ကြီးရဟန်းတို့သည် အရှင်အာနန္ဒာအား—

"ငါ့ရှင်အာနန္ဒာ.. သင်သည် 'အရှင်ဘုရား ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့သည် အဘယ်သိက္ခာပုဒ်တို့ပါနည်း'ဟု မြတ်စွာဘုရားကို မမေးလျှောက်လိုက်၊ ဤကား သင်၏မကောင်းသော အပြုံအမူတည်း၊ ထိုမကောင်းသောအပြုအမူကို ဒေသနာကြားလော့"ဟု (ဆိုကုန်၏)။

အရှင်ဘုရားတို့ အကျွန်ုပ်သည် သတိမေ့သဖြင့် မြတ်စွာဘုရားကို "အရှင်ဘုရား.... ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကား အဘယ် သိက္ခာပုဒ်တို့ပါနည်း"ဟု မလျှောက်မိပါ။ အကျွန်ုပ်သည် ထိုအမှုကို မကောင်းသောအပြုအမူဟု မမြင်ပါ၊ သို့သော်လည်း အရှင်တို့အား ယုံကြည်သဖြင့် ထိုမကောင်းသောအပြုအမူဟူသည်ကိုဒေသနာကြားပါ၏ဟု(လျှောက်၏)။

ငါ့ရှင်အာနန္ဒာ....သင်သည် မြတ်စွာဘုရား၏ မိုးရေခံသင်္ကန်းကို နင်း၍ချုပ်၏၊ ဤသည်လည်း သင်၏ မကောင်းသော အပြု အမူ တည်း၊ ထိုမကောင်းသော အပြုအမူကို ဒေသနာကြားလော့ဟု (ဆိုကုန်၏)။

အရှင်ဘုရားတို့... အကျွန်ုပ်သည် မရိုသေသဖြင့်မြတ်စွာဘုရား၏ မိုးရေခံသင်္ကန်းကိုနင်း၍ ချုပ်သည်မဟုတ်ပါ၊ အကျွန်ုပ်သည် ထိုအမှုကိုမကောင်းသောအပြုအမူဟု မမြင်ပါ၊ သို့သော်လည်း အရှင်တို့အား ယုံကြည်သဖြင့် ထို မကောင်းသော အပြုအမူဟူသည်ကို ဒေ သ နာ ကြာ း ပါ ၏ ဟု (လျှောက်၏)။

ငါ့ရှင်အာနန္ဒာ.... င်သည် မာတုဂါမတို့ကို မြတ်စွာဘုရား၏ ကိုယ်တော်ကို ရှေးဦးစွာ ရှိခိုးစေ၏ ငိုသော ထိုမာတုဂါမတို့၏မျက်ရည်သည် မြတ်စွာဘုရား၏ ကိုယ်တော်ကို လိမ်းကျံ၏၊ ဤသည်လည်း သင်၏ မကောင်းလောအပြုအမူတည်း၊ ထိုမကောင်းသောအပြုအမူကို ဒေသနာကြားလော့ဟု (ဆိုကြကုန်၏)။

အရှင်ဘုရားတို့—အကျွန်ုပ်သည် "ဤ မာတုဂါမတို့အား အချိန်မဲ့၌ (သွားခြင်း)သည် မဖြစ်ပါစေလင့်"ဟု (အောက်မေ့လျက်) မာတုဂါမတို့အား မြတ်စွာဘုရား၏ကိုယ်တော်ကို ရှေးဦးစွာရှိခိုးစေပါ၏။အကျွန်ုပ်သည် ထိုအမှုကို မကောင်းသော အပြုအမူဟု မမြင်ပါ၊ သို့သော်လည်း အရှင်တို့အား ယုံကြည်သဖြင့် ထို မကောင်းသော အပြုအမူ ဟူသည်ကို ဒေသနာကြားပါ၏ဟု(လျှောက်၏)။

ငါ့ရှင်အာနန္ဒာ မြတ်စွာဘုရားသည် ရုန့်ရင်းသောနိမိတ်ကိုပြုပါလျက် ရုန့်ရင်းသော အရိပ်အရောင်ကို ပြုပါလျက် "လူအများ အစီးအပွား

ဖြစ်ရန်လည်းကောင်း လူအများ ချမ်းသာရန်လည်းကောင်း လောကကို စောင့်ရှောက်ရန် လည်းကောင်း လူနတ်တို့၏အကျိုး ဖြစ်ရန်လည်းကောင်း အစီးအပွားဖြစ်ရန်လည်းကောင်း ချမ်းသာရန် လည်းကောင်း ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါ''ဟု မြတ်စွာဘုရားကို သင်သည် မတောင်းပန်လိုက်၊ ဤသည်လည်း သင်၏မကောင်းသောအပြုအမူတည်း၊ ထိုမကောင်းသော အပြုအမူကို ဒေသနာကြားလော့ဟု (ဆိုကြကုန်၏)။

အရှင်ဘုရားတို့....အကျွန်ုပ်သည် မာရ်မင်း နှိပ်စက်အပ်သော စိတ်ရှိသောကြောင့် ''လူအများ အစီးအပွားဖြစ်ရန် လည်းကောင်း လူအများ ချမ်းသာရန်လည်းကောင်း လောကကို စောင့်ရှောက်ရန်လည်းကောင်း၊ လူနတ်တို့၏ အကျိုးဖြစ်ရန် လည်းကောင်း အစီးအပွား ဖြစ်ရန်လည်းကောင်း ချမ်းသာရန်လည်းကောင်း၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါ၊ ကောင်းသောစကားကိုဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါ''ဟု မြတ်စွာဘုရားကို အကျွန်ုပ်သည် မတောင်းပန်မိပါ၊ အကျွန်ုပ်သည် ထိုအမူကို မကောင်းသော အပြုအမူဟု မမြင်ပါ၊ သို့သော်လည်း အရှင်တို့အား ယုံကြည်သဖြင့် ထိုမကောင်းသော အပြုအမူဟူသည်ကို ဒေသနာကြား၏ဟု (လျှောက်၏)။

ငါ့ရှင် အာနန္ဒာ သင်သည်မြတ်စွာဘုရားဟောတော်မူသော သာသနာတော်'ဓမ္မဝိနယ'၌ မာတုဂါမ၏ရှင်ရဟန်းအဖြစ်ကို လုံ့လပြု၏ ဤသည်လည်း သင်၏ မကောင်းသော အပြုအမူတည်း၊ ထိုမကောင်းသောအပြုအမူကို ဒေသနာကြားလော့ဟု (ဆိုကြကုန်၏)။

အရှင်ဘုရားတို့ ''ဤမဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရား၏ မိထွေးတော်တည်း၊ ကြီးပွားအောင် ပြုစုသူတည်း၊ မွေးမြူသူတည်း၊ နို့ရည်ပေးသောသူတည်း၊ မယ်တော် နတ်ရွာစံပြီးသော် မြတ်စွာဘုရားကို နို့တိုက်၏''ဟု အောက်မေ့လျက် အကျွန်ုပ်သည် မြတ်စွာဘုရားဟောတော်မူသော သာသနာတော် ဓမ္မဝိနယ'၌ မာတုဂါမ၏ ရှင်ရဟန်းအဖြစ်ကို လုံ့လပြုမိပါ၏၊ အကျွန်ုပ်သည် ထိုအမူကို မကောင်းသော အပြုအမူဟု မမြင်ပါ၊ သို့သော်လည်း အရှင်တို့အား ယုံကြည်သဖြင့်ထိုမကောင်းသော အပြုအမူဟူသည်ကို ဒေသနာကြားပါ၏ဟု (လျှောက်၏)။

ထိုအခါ အရှင်ပုရာဏသည် ဒက္ခိဏာဂိရိဇနပုဒ်၌ များစွာသော ရဟန်းသံဃာ ငါးရာတို့နှင့်အတူ ဒေသစာရီ လှည့်လည်၏။ ထိုအခါ အရှင်ပုရာဏသည် ဒက္ခိဏာဂိရိဇနပုဒ်၌ မွေ့လျော်သရွေ့ နေပြီးသော် မထေရ်ကြီးရဟန်းတို့သည် ဓမ္မနှင့်ဝိနယကိုသင်္ဂါယနာတင်စဉ် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ မထေရ်ကြီးရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးနောက် မထေရ်ကြီးရဟန်းတို့နှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြီးလျှင် တစ်ခုသောနေရာ၌ ထိုင်၏၊ တစ်ခုသောနေရာ၌ ထိုင်နေသော အရှင်ပုရာဏအား မထေရ်ကြီးရဟန်းတို့သည်—

''ငါ့ရှင် ပုရာဏ...မထေရ်ကြီးတို့သည် ဓမ္မနှင့် ဝိနယကို သင်္ဂါယနာတင်ကုန်၏ ထိုသင်္ဂါယနာတင်ရာသို့ ချဉ်းကပ်လော့''ဟု ပြောဆိုကုန်၏။

ငါ့ရှင်တို့ မထေရ်ကြီးတို့သည် ဓမ္မနှင့်ဝိနယကို ကောင်းစွာ သင်္ဂါယနာတင်အပ်၏၊ သို့သော်လည်း ငါသည် မြတ်စွာဘုရား၏ မျက်မှောက်၌ ကြားနာပြီးသည့် အတိုင်းသာလျှင် သင်ယူပြီးသည့် အတိုင်းသာလျှင် ဆောင်အံ့ဟု (ပြောဆို၏)။

ဗြဟ္မဒဏ်

ထိုအခါ အရှင်အာနန္ဒာသည် မထေရ်ကြီးရဟန်းတို့အား

''အရှင်ဘုရားတို့....မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံခါနီး၌ အာနန္ဒာ ငါကွယ်လွန်ပြီးနောက် သံဃာသည် ဆန္နရဟန်းအား ဗြဟ္မဒဏ်ကိုထားစေလော့''ဟု အကျွန်ုပ်ကို မိန့်တော်မူပါ၏ဟု လျှောက်၏။

ငါ့ရှင် အာနန္ဒာသည် ''အရှင်ဘုရား - ဗြဟ္မဒဏ်ဟူသည် အဘယ်ပါနည်း''ဟု မြတ်စွာဘုရားကို မေးလျှောက်လိုက်၏လော''ဟု (မေးကြကုန်၏)၊

အရှင်ဘုရားတို့ အကျွန်ုပ်သည်''အရှင်ဘုရား....ဗြဟ္မဒဏ်ဟူသည်အဘယ်ပါနည်း''ဟု မြတ်စွာဘုရားကိုမေးလျှောက်လိုက်ပါ၏ဟု(လျှောက်၏)။

အာနန္ဒာ ဆန္နရဟန်းသည် ပြောလိုရာကို ပြောစေ၊ ရဟန်းတို့သည် ဆန္နရဟန်းကို မပြောဆိုအပ်၊ မဆုံးမအပ်၊ မကံမြစ်အပ်၊ ဤကား ဗြဟ္မဒဏ်တည်းဟု (မြတ်စွာဘုရား မိန့်ခဲ့ပါ၏ လျှောက်၏)။

ငါ့ရှင် အာနန္ဒာ သို့ဖြစ်လျှင် သင်သည်ပင် ဆန္နရဟန်းအားဗြဟ္မဒဏ်ကို ထားစေလော့ဟု (ပြောကုန်၏)။

အရှင်ဘုရားတို့.... အဘယ်သို့လျှင် အကျွန်ုပ်သည် ဆန္နရဟန်းအား ဗြဟ္မဒဏ်ကို ထားစေအံ့နည်း၊ ထိုရဟန်းသည် ကြမ်းတမ်း၏၊ ကြမ်းကြုတ်၏ဟု (လျှောက်၏)။

ငါ့ရှင်အာနန္ဒာ သို့ဖြစ်လျှင် များစွာသော ရဟန်းတို့နှင့်အတူ သွားလေလော့ဟု (ပြောကုန်၏)။

''ကောင်းပါပြီ အရှင်ဘုရား''ဟု အရှင်အာနန္ဒာသည် မထေရ်ကြီး ရဟန်းတို့အား ဝန်ခံပြီးလျှင် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ အထက်အညာသို့ ဆန်တက်သောလှေဖြင့် ကောသမ္ဗီပြည် သို့ ဆန်တက်၏။ လှေမှသက်ဆင်း၍ ဥဒေနမင်း ဥယျာဉ်၏အနီး တစ်ခုသော သစ်ပင်ရင်း၌ ထိုင်နေ၏။

ထိုအခါ ဥဒေနမင်းသည် မောင်းမမိဿံနှင့်အတူ ဥယျာဉ်၌ ကစားစံပျော်နေ၏။ ''ငါတို့၏ဆရာ အရှင်အာနန္ဒာသည် ဥယျာဉ်၏အနီး တစ်ခုသောသစ်ပင်ရင်း၌ ထိုင်နေသတတ်'' ဟု ဥဒေနမင်း၏ မောင်းမမိဿံသည်ကြား၏။ ထိုအခါ ဥဒေနမင်း၏ မောင်းမမိဿံသည် ဥဒေနမင်းအား ''အရှင်မင်းကြီး အကျွန်ုပ်တို့၏ဆရာ အရှင်အာနန္ဒာသည် ဥယျာဉ်၏အနီး တစ်ခုသောသစ်ပင်ရင်း၌ ထိုင်နေသတတ်၊ အရှင်မင်းကြီး အကျွန်ုပ်တို့သည် အရှင်အာနန္ဒာကို ဖူးမြော်လိုပါကုန်၏''ဟု လျှောက်ကုန်၏။

သို့ဖြစ်လျှင် သင်တို့သည် အာနန္ဒာရဟန်းကို ဖူးမြော် ကုန် လော့ ဟု (မိန့်ဆို၏)။

ထိုအခါ ဥဒေနမင်း၏ မောင်းမမိဿံသည် အရှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အရှင်အာနန္ဒာကို ရှိခိုးပြီးလျှင် တစ်ခုသော နေရာ၌ ထိုင်နေ၏၊ တစ်ခုသောနေရာ၌ ထိုင်နေသော ဥဒေနမင်း၏ မောင်းမမိဿံကို အရှင်အာနန္ဒာသည်တရားစကားဖြင့်(အကျိုးစီးပွားကို)သိမြင်စေလျက်(တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေ၏။

ထိုအခါ ဥဒေနမင်း၏ မောင်းမမိဿံသည် အရှင်အာနန္ဒာက တရားစကားဖြင့်(အကျိုးစီးပွားကို)သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေတော်မူပြီးလတ်သော် အရှင်အာနန္ဒာအား အပေါ်ရုံတဘက် ငါးရာတို့ကို ပေးလှူ၏။ ထိုနောက် ဥဒေနမင်း၏ မောင်းမမိဿံသည် အရှင်အာနန္ဒာ၏ပြောဟောအပ်သော

စကားကို အလွန်နှစ်သက်၍ အလွန်ဝမ်းမြောက်၍ နေရာမှထပြီးလျှင် အရှင်အာနန္ဒာကို ရှိခိုး၍ အရှိအသေပြုကာ ဥတေနမင်းထံသို့ချဉ်းကပ်၏၊ အဝေးမှလာလော မောင်းမမိဿံကို ဥတေနမင်းသည်မြင်လျှင် မောင်းမမိဿံကို''သင်တို့သည် ရဟန်းအာနန္ဒာကို တွေ့ကုန်၏လော''ဟု မေးမြန်း၏။ အရှင်မင်းကြီး အကျွန်ုပ်တို့သည် အရှင်အာနန္ဒာကို တွေ့ခဲ့ပါကုန်၏ဟု (လျှောက်တင်၏)။ သင်တို့သည် ရဟန်းအာနန္ဒာအား တစ်စုံတစ်ခုကို ပေးလှူခဲ့ကုန်၏လောဟု(မေးမြန်း၏)။ အရှင်မင်းကြီး အကျွန်ုပ်တို့သည် အရှင်အာနန္ဒာအား အပေါ်ရုံတဘက် ငါးရာတို့ကို ပေးလှူခဲ့ပါကုန်၏-ဟု(လျှောက်တင်၏)။

ဥတေနမင်းသည် ''အဘယ့်ကြောင့် ရဟန်းအာနန္ဒာသည် ထိုမျှလောက် သင်္ကန်းများစွာကိုခံယူဘိသနည်း၊ရဟန်းအာနန္ဒာသည်အထည်ကုန်သွယ်ခြင်းကိုမူလည်း ပြုအံ့လော၊အထည်ဆိုင်ကိုမူလည်း ခင်းကျင်းအံ့လော''ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြုပြောဆို၏။

ထို့နောက် ဥတေနမင်းသည် အရှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အရှင်အာနန္ဒာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆို ပြီးဆုံးစေ၍ တစ်ခုသောနေရာ၌ ထိုင်နေလျက် အရှင်အာနန္ဒာအား....

''အရှင်အာနန္ဒာ ဤအရပ်သို့ အကျွန်ုပ်တို့၏ မောင်းမမိဿံသည် လာပါသလော''ဟု လျှောက်၏။

မင်းကြီး....သင်၏ မောင်းမမိဿံသည် ဤအရပ်သို့လာ၏ဟု (ဆို၏။)

အရှင်အာနန္ဒာအား တစ်စုံတစ်ခုကိုပေးလှူပါသလောဟု(လျှောက်၏)။

မင်းကြီး....အပေါ်ရုံတဘက် ငါးရာတို့ကို ငါ့အား လှူ၏ဟု (ဆို၏)။

အရှင်အာနန္ဒာသည် ဤမျှလောက်သင်္ကန်းများစွာကို အသို့ပြုအံ့နည်းဟု (လျှောက်၏)။

မင်းကြီး....အားနည်းသော သင်္ကန်းရှိသော ရဟန်းတို့နှင့်အတူ ခွဲဝေအံ့ဟု(ဆို၏)။

အရှင်အာနန္ဒာ အားနည်းသော သင်္ကန်းဟောင်းတို့ကို အဘယ်သို့ပြုကုန်အံ့နည်းဟု (လျှောက်၏။)

မင်းကြီး....ထိုသင်္ကန်းဟောင်းတို့ကို အပေါ်ခင်းပြုကုန်အံ့ဟု(ဆို၏။)

အရှင်အာနန္ဒာ အပေါ်ခင်းအဟောင်းတို့ကို အဘယ်သို့ ပြုကုန်အံ့နည်းဟု (လျှောက်၏)။

မင်းကြီး....ထို အပေါ်ခင်းအဟောင်းတို့ကို ဘုံလျှိုစွပ် ပြုကုန်အံ့ဟု (ဆို၏)။

အရှင်အာနန္ဒာ....ဘုံလျှိုစွပ်အဟောင်းတို့ကို အဘယ်သို့ ပြုကုန်အံ့နည်းဟု (လျှောက်၏။)

မင်းကြီး....ထိုဘုံလျှိုစွပ်အဟောင်းတို့ကိုမြေအခင်းပြုကုန်အံ့ဟု(ဆို၏)။

အရှင်အာနန္ဒာ....မြေအခင်းဟောင်းတို့ကို အဘယ်သို့ပြုကုန်အံ့နည်းဟု (လျှောက်၏။)

မင်းကြီး....ထိုမြေအခင်းဟောင်းတို့ကို ခြေသုတ်ကြိုးဝန်း ပြုကုန်အံ့ဟု (ဆို၏။)

အရှင်အာနန္ဒာ....ခြေသုတ်ကြိုးဝန်း အဟောင်းတို့ကို အဘယ်သို့ ပြုကုန်အံ့နည်းဟု (လျှောက်၏)။

မင်းကြီး....ထိုခြေသုတ်ကြိုးဝန်း အဟောင်းတို့ကို ဖုန်သုတ်ဖုန်ခါ ပြုကုန်အံ့ဟု(ဆို၏။)

အာနန္ဒာ....ထိုဖုန်သုတ်ဖုန်ခါ အဟောင်းတို့ကို အဘယ်သို့ ပြုကုန်အံ့နည်းဟု (လျှောက်၏)။

မင်းကြီး.... ထိုဖုန်သုတ်ဖုန်ခါ အဟောင်းတို့ကို နုပ်နုပ်စဉ်း ထောင်း၍ ညွန်ဖြင့် နယ်ပြီးလျှင် အကျည်ကို လိမ်းကျံကုန်အံ့ဟု (ဆို၏။)

ထိုအခါ ဥတေနမင်းသည် "အားလုံးသော ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် သင့်လျော်အောင် ဆောင်ရွက်ကုန်၏၊ အကျိုးမဲ့ပျက်စီးခြင်းသို့ မရောက်စေကုန်"ဟု အရှင်အာနန္ဒာအား အခြားအထည်ငါးရာတို့ကိုလည်း ပေးလှူ၏။ အရှင်အာနန္ဒာအား သင်္ကန်းတစ်ထောင်ဟူသော ရှေးဦးစွာသော ဤသင်္ကန်း ဆွမ်း ဖြစ်လေသတည်း။

ထိုအခါ အရှင်အာနန္ဒာသည် ဃောသိတာရုံကျောင်းသို့ ချဉ်းကပ်၍ ခင်းထားသောနေရာ၌ ထိုင်နေ၏။ ထိုအခါ အရှင်ဆန္နသည် အရှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အရှင်အာနန္ဒာကို ရှိခိုးပြီးလျှင် တစ်ခုသော နေရာ၌ ထိုင်နေ၏၊ တစ်ခုသောနေရာ၌ ထိုင်နေသော အရှင်ဆန္နကို အရှင်အာနန္ဒာက....

"ငါ့ရှင်ဆန္န....သံဃာသည် သင့်အား ဗြဟ္မဒဏ်ကို ထားစေ၏"ဟု ဆို၏။

အရှင်အာနန္ဒာသည်.... အဘယ်ဗြဟ္မဒဏ်ကို ထားစေပါသနည်းဟု (လျှောက်၏)။

ငါ့ရှင်ဆန္န....သင်သည် ရဟန်းတို့ကို ပြောလိုရာ ပြောလော့၊ ရဟန်းတို့သည် သင့်ကို မပြောအပ်၊ မဆုံးမအပ်၊ မကံမြစ်အပ်၊ (ဤကား ဗြဟ္မဒဏ်တည်းဟု ဆို၏)။

"အရှင်အာနန္ဒာ....ရဟန်းတို့သည် အကျွန်ုပ်ကို မပြောဆို မဆုံးမ မကံမြစ်အပ်သောအခါမှစ၍ အကျွန်ုပ်ကို သတ်သည်ပင် မည်သည်မဟုတ်ပါလော"ဟု ထိုအရပ်၌ပင်လျှင် မိန်းမောလျက် လဲကျ၏။

ထိုအခါ အရှင်ဆန္နသည် ဗြဟ္မဒဏ်နှိပ်စက်သောကြောင့်လည်းကောင်း ရှက်သောကြောင့် လည်းကောင်း စက်ဆုပ်သောကြောင့် လည်းကောင်း တစ်ယောက်ထီးတည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့လျော့သည်ဖြစ်၍ ပြင်းစွာအားထုတ်သည်ဖြစ်၍ တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ကြသော အမျိုးသားများ လိုလားအပ်သော အတုမရှိသော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို မကြာမီ မျက်မှောက်ဘဝ၌ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေရ၏။ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှာ တစ်ပါးသောပြုဖွယ် မရှိတော့ပြီ"ဟု သိ၏၊ အရှင်ဆန္နသည် ရဟန္တာတို့တွင် တစ်ပါးအပါအဝင် ဖြစ်၏။ ထိုအခါ အရှင်ဆန္နသည် အရဟတ္တဖိုလ်သို့ ရောက်၍ အရှင်အာနန္ဒာထံသို့ချဉ်းကပ်ပြီးနောက် အရှင်အာနန္ဒာကို "အရှင်အာနန္ဒာ ယခုအခါ၌ အကျွန်ုပ်အား ဗြဟ္မဒဏ်ကို ငြိမ်းစေပါလော့"ဟု လျှောက်၏။ ငါ့ရှင် ဆန္န.. သင်သည် အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုသော နေ့မှစ၍ပင် သင့်အား ဗြဟ္မဒဏ်သည် ငြိမ်းပြီဟု ပြောဆို၏၊

ဤဝိနယသင်္ဂီတိ၌ ရဟန်းငါးရာ အလျော့အပို မရှိသောကြောင့် ဤဝိနယသင်္ဂီတိကို "ပဉ္စသတိကာ သင်္ဂါယနာ"ဟု ဆိုအပ်၏။

ကောဒသမ ပဥ္စသတိကက္ခန္ဓက ပြီး၏

ဤခန္ဓက၌ ဝတ္ထုသည် နှစ်ဆယ့်သုံးခုတည်း။

ထိုပဉ္စသတိကက္ခန္ဓက၏-အကျဉ်းချုပ်-

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံပြီးသော် သူတော်ကောင်းတရားကို အစဉ်စောင့်ရှောက်သော ကဿပ အမည်ရှိသော မထေရ်သည် ရဟန်း အပေါင်းကို မိန့်တော်မူ၏။

ပါဝါပြည်မှ (ကုသိနာရုံသွား) အဓွန့်ရှည်သောခရီး၌ သုဘဒ်သည် ပြောကြား၏။ မသူတော်တရား မထွန်းကားမီ သူတော်ကောင်းတရားကို သံဂါယနာတင်ကုန်အံ့။

တစ်ပါးယုတ်သောရဟန္တာငါးရာကိုလည်းကောင်း အာနန္ဒာကိုလည်း ကောင်း ရွေးကောက်၍၊ လိုဏ်မြတ်၌ နေလျက် သုတ် အဘိဓမ္မာ ဝိနည်း ကို သံဂါယနာတင်ခြင်း။

ဥပါလိအား ဝိနည်းကို မေး၍၊ ပညာရှိသော အာနန္ဒာအား သုတ္တန်ကို မေး၍၊ မြတ်စွာဘုရား တပည့်သားတို့သည် ပိဋကတ်သုံးပုံကို သံဂါယနာ တင်ခြင်းကို ပြုကုန်၏။

ခုဒ္ဒါနုခုဒ္ဒက၌ အထူးပညတ်တော်မူတိုင်း ကျင့်ခြင်း, မမေးလျှောက် လိုက်ခြင်း, နင်း၍ရှိခိုးစေခြင်း, မတောင်းပန်ခြင်း, မာတုဂါမ၏ ရဟန်း ပြုခြင်း, ယုံကြည်ခြင်း ဤသည်တို့ကား မကောင်းသောအပြုအမူတို့တည်း။

အရှင်ပုရာဏလည်းကောင်း ဗြဟ္မဒဏ်လည်းကောင်း ဥဒေနနှင့်အတူ မောင်းမမိဿံလည်းကောင်း ထိုမျှလောက်သော သင်္ကန်းလည်းကောင်း အားနည်းသောသင်္ကန်းလည်းကောင်း အပေါ်လွှမ်းလည်းကောင်း ဘုံလျှို လည်းကောင်း။

မြေအခင်းလည်းကောင်း ခြေသုတ်ကြိုးဝန်းလည်းကောင်း ဖုန်သုတ် ဖုန်ခါလည်းကောင်း ညွှန်ဖြင့် နယ်ခြင်းလည်းကောင်း အာနန္ဒာ အမည် ရှိသော ရဟန်းအား ရှေးဦးစွာ သင်္ကန်းတစ်ထောင် ဖြစ်ခြင်း။

ဗြဟ္မဒဏ်ဖြင့် ခြိမ်းခြောက်အပ်သော ဆန္နထေရ်သည် သစ္စာလေးပါး သို့ ရောက်၍၊ လေ့လာခြင်းသို့ ရောက်ပြီးသော ရဟန္တာငါးရာတို့သည် ပြုကုန်၏၊ ထို့ကြောင့် ''ပဉ္စသတိကာ သံဂါယနာ''ဟု ဆိုအပ်၏။

ဤသည်လျှင် ဝိနယပိဋကစူဠဝဂ္ဂပါဠိတော်လာ
ပဉ္စမသံဂါယနာ မှတ်တမ်းဖြစ်လေသည်။

"ဒုတိယသံဂါယနာတင် သမိုင်းတော်"

ဒုတိယသံဂါယနာ သမိုင်းသည်လည်း အလွန်စိတ်ဝင်စားစရာကောင်းသည့် သမိုင်း ဖြစ်လေသည်။ သာသနာ့သမိုင်း သုတေသီသည် ဒုတိယသံဂါယနာသမိုင်းကို ဖတ်ရမည်။ လေ့လာရမည်။ သာသနာတော်ကြီးသန့်ရှင်းတည်တံ့ ပြန့်ပွားအောင်လည်း တတ်နိုင်သည့်ဘက်က ကြိုးပမ်းရမည်။ အားသစ်ရမည်။ လျစ်လျူရှုမနေရာ။

သံဂါယနာသမိုင်းတော် စာတော်ဖတ်သည် ဒုတိယသံဂါယနာသမိုင်းကို မဖတ်မီ လိစ္ဆဝီနိုင်ငံတော် ဝေသာလီမြို့တော်၏ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် လေ့လာဖတ်ရှုရာ၏။

ဝေသာလီမြို့တော်

ဝေသာလီသည် လိစ္ဆဝီနိုင်ငံတော်၏ မြို့တော်ဖြစ်သည်၊ ဝဇ္ဇီနိုင်ငံ ဝဇ္ဇီတိုင်းသည် မြောက်ဘက်တောင်ခြေရင်းမှ တောင်ဘက် ဂင်္ဂါမြစ်ကမ်းပါးတိုင်အောင် ကျယ်ဝန်းသည်ဟူ၏။ လိစ္ဆဝီမင်းတို့သည် ဝေသာလီမြို့တော်၌ နန်းစိုက်နေထိုင်ကြကာ လိစ္ဆဝီနိုင်ငံတော်ကိုအုပ်ချုပ်ကြလေသည်။ ယင်း လိစ္ဆဝီနိုင်ငံ၏မြို့တော်သည် မြို့ရိုး (=မြို့တံတိုင်း) ၃-ခုတို့ဖြင့် စည်ကားတိုးပွား ကျယ်ဝန်းကျယ်ပြောရကား ဝေသာလီမည်ကြောင်း ဖွင့်ဆိုကြသည်။[1] ဤဝေသာလီမြို့သည်လည်း သစ္စာလေးပါး တရားသိမြင် ဘုရားရှင်တို့ ပွင့်ထွန်းတော်မူရာ အခါမျိုး၌သာ ပြည့်ပြည့်စုံစုံ ဉဿုံ အားဖြင့် စည်ပင်ပွားတိုးတက်ကြောင်း ဖွင့်ဆိုကြသည်။

အကြိမ်ကြိမ်အဖန်ဖန် ထပ် တိုးချဲ့တည်ထောင်သဖြင့် ကျယ်ဝန်းစည်ပင်ပြန့်ပြောရကား ဝေသာလီမည်ကြောင်းလည်းဖွင့်ဆိုကြသည်။[2] ဝေသာလီမြို့တော်ကြီး၌ ကပ်ဆောဂါ ဆိုက်ရောက်ခဲ့ဖူးသည်။ ထိုစဉ်က ဘုရားရှင်ကြွတော်မူ၍ ရတနသုတ် ပရိတ်တော်ကို အရှင်အာနန္ဒာအား ဟောရွတ်စေတော်မူသည်။ အရှင်အာနန္ဒာသည် ဝေသာလီမြို့တော် တံတိုင်းသုံးထပ်အကြား လှည့်လည်၍ ပရိတ်ရွတ်တော်မူရာ ကပ်ရောဂါကြီး လုံးဝပျောက်ကင်းခဲ့လေသည်။ ဘုရားရှင်သည် နောက်ဆုံးဝါကို ဝေသာလီ

၁။ ဒီ၊ ဋ္ဌ၊ ၂၊ ၁။
၂။ ဋ္ဌ၊ ၁။ ၂၇ ။

မြို့တော်အနီး ဝေဠုဝရွာ၌ ဝါကပ်တော် မူခဲ့လေသည်။ မဂဓတိုင်း တစ်ချိန်က တောင်ငါးလုံးကာခို ရာဇဂြိုဟ်မြို့တော်နှင့် သူ့နိုင် ငါနိုင် ယှဉ်ပြိုင်စည်ကားသကဲ့သို့ ဖြစ်သည်ဟု ဆိုနိုင်လေသည်၊ ဝေသာလီမြို့တော်သည် မြေအနေအထား ကောင်းမွန်ပြည့်စုံခြင်း မြို့နေသူလူများ သဘောကောင်းခြင်း စိတ်ထား မြင့်မြတ်ခြင်း သဘောထားကြီးခြင်း ပစ္စည်းဥစ္စာ ရလွယ်ခြင်းကြောင့် ပျော်ရွှင်စရာကောင်းသည်ဟူ၏။[၁]

ဘုရားမြတ်စွာ လက်ထက်တော် အခါသမယက ယင်း ဝေသာလီနန်းမြို့တော်၌ လိစ္ဆဝီမင်းပေါင်း ၇၇၀၀ (ခုနစ်ထောင့်ခုနစ်ရာ၊ အုပ်စိုးခဲ့သည် ဟူ၏။ ယင်း ဝေသာလီမြို့တော်ကား စည်ပင်သည်၊ ဝပြောသည်၊ သာယာသည်၊ လူဦးရေလည်း လွန်စွာ များလှသည်။ လူချိုးစုံလည်း ရောပြွမ်းသည်။ အစားအစာ ပေါများသည်။

ရုပ်ဝတ္ထု အဆောက်အအုံကောင်းများလည်း လွန်စွာပေါများသည်၊ ရတနာရောင့်တပြောင်ပြောင်တလက်လက်ထွက်နေသည့် အထွတ်တင်တပ်မိုးပါးနီးပြာသာဒ်ကြီးများ ၇၇၀၇ (ခုနစ်ထောင့် ခုနစ်ရာ ခုနစ်ဆောင်) ရှိလေသည်။ ၎င်းပြင် လိစ္ဆဝီမင်းတို့ တိုင်းရေးပြည်ရာ စည်းဝေးညီမူရာ လွှတ်တော်အဆောက်အအုံကြီး (–လွှတ်ရုံးကြီး) စသည်တို့ဖြင့်လည်းတင့်တယ် သာယာလှလေသည်။ သရက်, ပိန္နဲ, မာလကာ, သြဇာ, အုန်း, ထန်း, ဓနိ စသော ဘယ်ညာယိမ်းနွဲ့ စိမ်းလဲ့လန်းရွှင်သည် သစ်ပင်ကြီးငယ်အသွယ်သွယ်တို့ဖြင့် တင့်တယ်သာယာလှသည့် ဥယျာဉ် အရံအပေါင်း ၇၇၀၇ (ခုနစ်ထောင့်ခုနစ်ရာ ခုနစ်)တို့ဖြင့်အလွန်တင့်တယ်လှလေသည်။ ၎င်းပြင် မြရည်လိုလို ညို၍ ကြည်လင်သန့်ရှင်းသောရေတို့ဖြင့် တင်းကြမ်းပြည့်နေသော ၇၇၀၇ (ခုနစ်ထောင် ခုနစ်ရာ ခုနစ်ခု)သော ရေကန်တို့ကလည်း မြို့တော်သို့ရောက်လာသူ အမျိုးသားအမျိုးသမီး အားလုံးတို့အား ဆွဲဆောင်လျက် ရှိလေသည်။ ၎င်းပြင် ဝေသာလီမြို့တွင်းမြို့ပြင်၌ လူအများတို့ ကိုးကွယ်ပသရာ နတ်စင် နတ်ကွန်း နတ်နန်းကြီးတို့လည်း များစွာရှိရာ မွေ့လျော်ဖွယ်ရာ ဖြစ်လေသည်။

ဘုရားရှင်ကိုယ်တော်တိုင်က "ရမဏီယာ အာနန္ဒ ဝေသာလီ-ညီဘွားလိမ္မာ အာနန္ဒာ....ဝေသာလီမြို့ဟာ စိတ်ဓာတ်ကြည်ပျော် မွေ့လျော်ဖွယ်ကောင်းပေ၏။ ရမဏီယံ ဥဒေနံ စေတိယံ=ဥဒေနနတ်ကွန်းကလည်း တစ်

၁။ ဥဒါန်၊ ဋ္ဌ၊ ၂၉၄။

နည်းတစ်ဖုံ မွေလျော်ဖွယ် စုံပေတယ်။ ရမဏီယံ ဂေါတမကံ စေတိယံ– ဂေါတမနတ်ကွန်း ကျောင်းတိုက်ကလည်း စိတ်နှလုံး ရွှင်ပြုံး မွေလျော် စေနိုင်တယ်။ ရမဏီယာ သတ္တမ္ဗံ စေတိယံ–သတ္တမ္ဗစေတီနတ်ကွန်းကလည်း ရောက်လာသသူ ရဟန်းရှင်လူတို့ မငြီးငွေ့အောင် ဆွဲဆောင်ပေတယ်။ ရမဏီယံ ဗဟုပုတ္တံ စေတိယံ–ဗဟုပုတ္တစေတီ ဗဟုပုတ္တနတ်ကွန်းကလည်း မွေလျော်ဖွယ် ကောင်းပေတယ်။ ရမဏီယံ သာရန္ဒံ စေတိယံ=သာရန္ဒ စေတီနတ်ကွန်းကလည်း ရောက်လာသသူတို့ကို ကြည်ဖြူရွှင်လန်း စေပါ တယ်။ ရမဏီယံ စာပါလံ စေတိယံ–စာပါလနတ်ကွန်းကလည်း မွေလျော် စရာပါဘဲ စသည်ဖြင့် မိန့်တော်မူခဲ့လေသည်။

အတီးအမှုတ် အဆိုအကကျော် အမ္ဗပါလီ

ဝေသာလီ၏အလှမယ် ပြည့်တန်ဆာ အမ္ဗပါလီကြောင့်လည်း ဝေသာ လီသည် တစ်ဖက်တစ်လမ်းမှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခဲ့လေသည်။ အမ္ဗ ပါလီသည် မဂဓတိုင်း မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့တော်က အတီးအမှုတ် အဆို အက အနုပညာကျော် သီရိမာအောက် ကျဟန်မတူ၊ အတီးအမှုတ် အဆို အက ရှာမှရှား ဇမ္ဗူကျော်ကြားသူမ ဖြစ်လေသည်။ [၁]

အမ္ဗပါလီသည် ဖုဿဘုရားဇိနော် နှမတော်ဘဝက သဒ္ဓါကြည်ဖြူ အလှူကြီးပေးလှူခဲ့၍ ရုပ်ဆင်းအင်္ဂါ လှပချောမောစေရန် ဆုတောင်း ပန်ထွာပတ္ထနာပြုခဲ့လေသည်။ သိခီဘုရားရှင် လက်ထက်တော်တွင် ဘိက္ခုနီ ဝတ် သာသနာ့ဝန် ထမ်းဆောင်ခဲ့လေသည်။ ထိုအခါကဘိက္ခုနီမများစွာ နှင့်အတူ စေတီဘော်ကို ရှိခိုး၍ လက်ယာရစ် လှည့်လည်စဉ် မိမိရှေ့မှ၊အာ သဝေါကင်းကွာ ရဟန္တာဘိက္ခုနီမတစ်ပါးခြေဆပ်သဖြင့် တံတွေးပေါက် သည် စေတီရင်ပြင်တော်ပေါ် အမှတ်မထင် ကျစဉ် သွားလေသည်။ တံတွေးပေါက်ကို မြင်၍ ဘယ်ပြည့်တန်ဆာမ တံတွေးတွေးခဲ့သလဲဟု နှုတ် ဝစီမဆင်မခြင် ဆဲရေးတိုင်းထွာခဲ့မိလေသည်။ ထို့အပြစ်ကြောင့် ငရဲ၌ကျ ခံရပြီး ငရဲမှလွတ်ပြန်သော် ဘဝဘစ်သောင်း ပြည့်တန်ဆာဖြစ်ခဲ့ရလေ သည်။

ကဿပမြတ်စွာဘုရား လက်ထက်တော်၌လည်း ဘိက္ခုနီမ အဖြစ်ဖြင့် သီလ, သမာဓိ,ပညာ သိက္ခာ ၃-ဆင့်ကိုဖြည့်ကျင့်ခဲ့လေသည်။ ဥပပတ် ပဋိသန္ဓေနေရန် ဆုတောင်းခဲ့သဖြင့် နောက်ဆုံးဘဝတွင် ဝေသာလီ ဉယျာဉ်တော်တွင်းရှိ သရက်ပင်ရင်း သရက်ပင်ခွကြားဝယ် ဥပပတ်သန္ဓေ

၁။ ဝိ၊ ၃၊ ၃၇၇။

တွယ်ကာ လူဖြစ်ခဲ့လေသည်။ ဥယျာဉ်မှူးတွေ့မြင်၍ မြို့သို့ ခေါ်လာသည်။ သရက်ပင်ရင်း၌ လူဖြစ်လာသောကြောင့် "အမ္ဗပါလီ"ဟု ခေါ်တွင်လေသည်။[၁]

အမ္ဗပါလီသည် အလွန်အမင်း လှသည်။ လှလွန်းသည်။ လှစက်စက်ယိုအလှပိုမိုသည်။ ရှုမောဖွယ် ရှိသည်။ ကြည်နူးဖွယ် ကောင်းသည်။ တင့်တယ်သည်။ ယဉ်သည်။ နှစ်သက်ဖွယ်ဂုဏ်ပေါင်း စုံလင်ပြည့်ကြွယ်သည်။ မင်းညီမင်းသား အမြောက်အမြားပင် သိမ်းပိုက်လိုကြသည်။ အမ္ဗပါလီကို သူရထိုက်သည်၊ ငါရထိုက်သည်ဟု ငြင်းခုံကြသည်။ ရန်ခိုက်ဒေါသ ဖြစ်ပွားကြသည်။ ရန်ခိုက်ဒေါသ အေးငြိမ်းစေရန်မင်းသားအားလုံးနှင့် ဆိုင်စေဟု ပြည့်တန်ဆာမ ရာထူး၌ ထားကြလေသည်။

ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းသည် ငယ်စဉ်က အမ္ဗပါလီ လှပချောမောကြောင်း ကြားရသဖြင့် အခြံအရံအနည်းငယ်နှင့် မထင်မရှား သာမန်အမျိုးသား ယောင်ဆောင်ပြီး ဝေသာလီသို့သွားကာ အမ္ဗပါလီနှင့် ပျော်ပါးလေသည်။ အမ္ဗပါလီက ကိုယ်ဝန်တည်ကြောင်း ပြောပြလေရာ ကိုယ်ဝန်အစောင့်အရှောက် ပေးထားသည်။ နောင်အခါ ဝိမလကောဏ္ဍညမထေရ်ဟု ကျော်ကြားမည့် သူငယ်ကို ဖွားမြင်လေသည်။[၂]

အမ္ဗပါလီထံ၌ တစ်ညနေလိုလျှင် အသပြာတစ်ထောင် ပေးရသည်။ ဤအချက်ကိုမြင်သော ဗိမ္ဗိသာမင်းသည် မိမိ ရာဇဂြိုဟ်မြို့တော်၌လည်း "သာလဝတီ"ပြည့်တန်ဆာမအဖြစ် ရွေးချယ်ထားလေသည်။[၃]

ရဟန်းတော်များ အမ္ဗပါလီကိုမြင်ရလျှင်သတိသမ္ပဇဉ်ယှဉ်၍ နေနိုင်ရန် မြတ်စွာဘုရားသည် သတိပဋ္ဌာန်ဒေသနာတော်ကို ရဟန်းတော်များအား ဟောကြားတော်မူသည်။[၄]

အမ္ဗပါလီကိုမြင်ရလျှင် ဆောက်တည်ရာမရ ဖြစ်တတ်သည်။ မေ့ငေးမှိုင်သွားတတ်သည်။ အမ္ဗပါလီကား သို့ကလောက် လှပသည်။ တစ်ခါက အမ္ဗပါလီကို မြင်ရသောကြောင့် ဆောက်တည်ရာမရဖြစ်နေသော ရဟန်းတို့အား အရှင်အာနန္ဒာသည် ဂါထာ ခုနစ်ဂါထာဖြင့် ဆုံးမတော်မူခဲ့ရလေသည်။[၅]

၁။ အပ၊ ၊။ ၂၉၅။ ထေရီ။ ဋ္ဌ။ ၂၁၀၊ ၂၂။
၂။ ထေရ၊ ဋ္ဌ၊ ၁။ ၁၀၃။ ၃။ ဝိ၊ ၃။ ၃၇၄။
၄။ ဒီ၊ ဋ္ဌ၊ ၂။ ၁၃၅။ ၅။ ထေရ၊ ဋ္ဌ၊ ။ ၄၂၂။

ဘုရားမြတ်စွာ ကောဋိရှ္ဝ၌ သီတင်းသုံးတော်မူစဉ် အမ္ဗပါလီသည် ဝေသာလီမြို့တော်မှ လာရောက်ကာ ဆွမ်းဘုန်းပေးရန် ပင့်လျှောက်လေသည်။ ထို့နောက် လိစ္ဆဝီမင်းများလာရောက်၍ဆွမ်းဘုဉ်းပေးပင့်လျှောက်သော်လည်း ဘုရားမြတ်စွာ လက်ခံတော်မမူချေ၊ နောက်တစ်နေ့ အမ္ဗပါလီသည် ဘုရားအမှူးရှိသော သံဃာဘော်များကို ဆွမ်းကပ်ပြီး မိမိ၏ သရက်ဥယျာဉ်၌ ကျောင်းဆောက်၍ ဥယျာဉ်ခြံနှင့်တကွ ကျောင်းကို ဘုရားအမှူးပြုသော သံဃာတော်အား လှူဒါန်းခဲ့လေသည်။[၁]

အမ္ဗပ လီ၏ ဥယျာဉ်သည် အခြားဥယျာဉ်များကဲ့သို့ ဝေသာမြို့ပြင်၌ မတည်ရှိဘဲ ဝေသာလီမြို့တွင်းမှာပင် တည်ရှိလေသည်။[၂]

အမ္ဗပါလီသည် နောင်အခါ၌ မိမိ၏သားဖြစ်သော ဝိမလကောဏ္ဍည မထေရ်အထံ၌ တရားနာရ၍ ဘိက္ခုနီဘောင် ဝင်ရောက်ခဲ့လေသည်။ နုပျိုစဉ် မိမိခန္ဓာကိုယ်နှင့် အိုမင်းရင့်ရော်သောအခါ မိမိခန္ဓာကိုယ်ကို ယှဉ်ကြည့်ကာ ဝိပဿနာရှုရာ ပဋိသမ္ဘိဒါဉာဏ်လေးပါး, ဝိမောက္ခရှစ်ပါး, အဘိညာဉ် ခြောက်ပါး ရရှိသော ရဟန္တာမ ဖြစ်လေသည်။[၃]

ဖော်ပြပါ အမ္ဗပါလီသည် ရဟန်းမိန်းမ မပြုခင် လူဖြစ်စဉ် ဝေသာလီမြို့တော်၏ ဂုဏ်သရေဆောင် အလှမယ် ဖြစ်ခဲ့လေသည်။ ရဟန်းမိန်းမ ဖြစ်ပြန်သော် သာသနာ့အသရေဆောင် အမျိုးသမီးအာဇာနည် ဖြစ်လေသည်။

ဝေသာ လီမြို့တော်က ကျောင်းတိုက်ကြီးများ

ယင်းသို့ လောကီဆိုင်ရာ အဆောက်အအုံ ဘုံနန်း ဗိမာန်မြို့တော်၏ ကျက်သရေဆောင် ပညာတတ်အမျိုးသား အမျိုးသမီးတို့နှင့် စုံလင်လှသော ဝေသာလီမြို့တော်ကြီး၌ လောကုတ္တရာဆိုင်ရာ ရတနာ, သာသနိက အဆောက်အအုံတို့ဖြင့်လည်း ပေါများစည်ပင်လှလေသည်။ ယင်း ဝေသာလီမြို့တော်၌ ဘုရားမြတ်စွာနှင့် သံဃာတော်များ သီတင်းသုံးရာ ကျောင်းတိုက်ကြီးတို့လည်း များစွာရှိခဲ့လေသည်။ ၎င်းတို့မှာ...

၁။ ကူဋာဂါရကျောင်းတိုက်ကြီး

၂။ ဝါလိကာရုံကျောင်းတိုက်ကြီး

၁။ ဝိ၊ ၁။ ၁၂၆၊ ဒီ၊ ၂။ ဂ၁၊ ဒီ၊ ဋ္ဌ၊ ၁၃၅၊ သံ၊ ဋ္ဌ၊ ၃၊ ၂၁၃။

၂။ မ၊ ဋ္ဌ၊ ၃၁၇၊ သီ၊ ဋီ၊ သစ်၊ ၂။ ၃၂၉၊

၃။ ထေရီ၊ ၄၀၀၊ အပ၊ ဋ္ဌ၊ ၂၉၅၊

၃။ အမ္ဗပါလီသရက်ဥယျာဉ်(သရက်တော) ကျောင်းတိုက်ကြီး
၄။ စာပါလနတ်ကွန်းကျောင်းတိုက်
၅။ ဥဒေနနတ်ကွန်းကျောင်းတိုက်
၆။ သတ္တမ္ဗနတ်ကွန်းကျောင်းတိုက်
၇။ ဗဟုပုတ္တနတ်ကွန်းကျောင်းတိုက်
၈။ သာရန္ဒနတ်ကွန်းကျောင်းတိုက်
၉။ ဂေါတမက နတ်ကွန်းကျောင်းတိုက်
စသည်တို့ ဖြစ်ကုန်၏။

ကူဋာဂါရ ကျောင်းတိုက်ကြီး

ယင်းကျောင်းတိုက်ကြီးများ အနက် ကူဋာဂါရကျောင်းတိုက်ကြီးမှာ ဝေသာလီမြို့တော်အနီး မဟာဝုန်တောတွင်းရှိ ကျောင်းတိုက်ကြီး ဖြစ်လေသည်။ စုလစ်မွန်းချွန် အထွတ်တင်ဘပ်သော ကျောင်းကြီးရှိသဖြင့် ကူဋာဂါရသာလာကျောင်းတိုက်ဟု တွင်သည်။ ယင်း ကူဋာဂါရကျောင်းတိုက်ကြီးမှာ အလွန်ကျယ်ဝန်းသည့်ပြင် ယင်း ကျောင်းတိုက် ကြီး အ တွင်း ၌ အသီတိမဟာသာဝကကြီးများ သီတင်းသုံးရန် ကမ္ဗဋ္ဌာန်းကျောင်းပေါင်း ၈၀နှင့်တကွ များစွာသော ကမ္မဋ္ဌာန်းကျောင်းများ, စင်္ကြံကျောင်းများ, မဏ္ဍပ်ကြီး မဏ္ဍပ်ငယ်များ ရေတွင်း ရေကန် စသည်များ တည်ရှိကြောင်း သိနိုင်လေသည်။

ဤကူဋာဂါရကျောင်းတိုက်ကြီး၌ ဘုရားရှင် အကြိမ် ပေါင်း များစွာ သီတင်းသုံးတော်မူ၍ သုတ္တန်ဒေသနာများစွာတို့ကို ဟောကြားတော်မူခဲ့၍ ဝိနည်းသိက္ခာပုဒ် ဥပဒေတော်များကိုလည်း ပညတ်တော်မူခဲ့လေသည်။

ဘုရားမြတ်စွာ ကူဋာဂါရသာလာကျောင်းတိုက်၌ သီတင်း သုံး စဉ် အလွှာအသီးသီးမှ ပုဂ္ဂိုလ်များလာရောက်၍ အမေးပုစ္ဆာ ပြဿနာအရပ်ရပ်ကို မေးမြန်းလျှောက်ထားကြသည်။ ယင်း လျှောက်ထားကြသူများအနက် မဟာလိသြဋ္ဌဒ္ဓလိစ္ဆဝီ၊ သုနက္ခတ္တ၊ စူဠသစ္စက နှင့် မဟာသစ္စက၊ ဝဿာကာရပုဏ္ဏား၊ စူဠကောကနဒါနတ်သမီး၊ ဥဂ္ဂသူကြွယ်၊ နန္ဒက၊ ဘဒ္ဒိယ၊

ပိင်္ဂိယာနီပုဏ္ဏား၊ သီဟစစ်သူကြီး စသည်တို့သည် ထင်ရှားသည့်ပုဂ္ဂိုလ်များ ဖြစ်ကြသည်။[၁]

စာပါလနတ်ကွန်းကြွ သီတင်းသုံးတော်မူခြင်း

ဘုရားမြတ်စွာသည် ဤကူဋာဂါရသာလာ ကျောင်းတိုက်ကြီး၌သီတင်းသုံးတော်မူစဉ် နေ့အခါစာပါလစေတီ(စာပါလနတ်ကွန်း) ကျောင်းတိုက်သို့ ကြွ၍ အပန်းဖြေနားနေ နေ့သန့်စင် သီတင်းသုံးတော်မူခဲ့လေ့ရှိသည်။[၂]

ဘိက္ခုနီသာသနာအစ ကူဋာဂါရ ကျောင်းတိုက်က

မဟာပဇာပတိဂေါတမီနှင့် အပေါင်းအသင်း သာကီဝင်မင်းသမီးငါးရာသည်များသောအားဖြင့် အမျိုးသားများ ရဟန်းပြုကြသဖြင့် လူ့ဘောင်၌ မနေလိုကြကုန်။ သို့နှင့် မဟာပဇာပတိဂေါတမီနှင့် အပေါင်းအသင်း သာကီဝင်မင်းသမီးငါးရာတို့သည် ထိုစဉ်က ကပိလဝတ်မြို့တော်နိဂြောဓာရုံ ကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ဘုရားမြတ်စွာထံလာရောက်ကြကာ အမျိုးသမီးများအား ဘိက္ခုနီ (ရဟန်းမိန်းမ)ပြုလုပ်ခွင့်ပေးပါရန် တောင်းပန်ကြလေသည်။ ထိုအခါဘုရားမြတ်စွာက "အို-ဂေါတမီ....မတော်ဘူး။ သာသနာတော်၌ အမျိုးသမီးများရဟန်းပြုခြင်းကို သင် မနှစ်သက်ပါလင့်"ဟု ပယ်ရှားတော်မူသဖြင့် စိတ်မချမ်းမသာနှင့်ပြန်သွားကြရှာကုန်၏။

ထိုနောက် ဘုရားမြတ်စွာ ဝေသာလီမြို့တော် ကူဋာဂါရသာလာကျောင်းတိုက်၌ သီတင်းသုံးစဉ် မိထွေးတော် ပဇာပတိဂေါတမီသည် သာကီဝင်မင်းကတော်ငါးရာနှင့်အတူ မိမိတို့ဘာသာဆံပင်ရိတ်၍ ဘိက္ခုနီအဝတ်ကို ဝတ်ဆင်လျက် ဘုရားဗိနော် အထံတော်သို့ လိုက်လာကြပြန်ရာ ကူဋာဂါရသာလာ ကျောင်းတိုက်ကြီးအတွင်း မဝင်ဝံ့ကြသဖြင့် ကျောင်းတိုက်တံခါးပေါက်၌ စုရုံးရောက်ရှိကြလေသည်။ ထိုအခါ အရှင်အာနန္ဒာမြင်၍ ဘုရားမြတ်စွာထံ သွားကာ အမျိုးသမီးများအား ဘိက္ခုနီပြုလုပ်ခွင့် ပေးပါရန် အတန်တန် တောင်းပန်မှ အခွင့်ရလေသည်။

၁။ ဒီ၊ ၁။ ၁၄၃။ ဒီ၊ ၃။ ၇။ မ၊ ၃။ ၃၉။ မ။ ၁း ၂၀၉။ မ၊ ၂။ ၆၄။ သံ၊ ၄။ ၂၀။ သံ၊ ၂။ ၃၂၇ သံ။ ၃။ ၃၄၀။ အံ၊ ၁။ ၅၁၁။ အံ၊ ၂။ ၄၆။ အံ၊ ၃။ ၂၄။

၂။ သံ၊ ၃။ ၂၂၆။

သို့နှင့် ဝေသာလီမြို့တော် ကူဋာဂါရသာလာ ကျောင်းတိုက်ကြီးသည် ဘိက္ခုနီသာသနာ စတင်ဖြစ်ပေါ်ရာ ကျောင်းတိုက်ကြီးဖြစ်လေသည်။[၁]

ပရိနိဗ္ဗာန်ပြုမည်ဖြစ်ကြောင်းမိန့်တော်မူခြင်း

ဘုရားရှင်သည် ကူဋာဂါရသာလာကျောင်းတိုက်မှ ကြွ၍ စာပါလ[illegible]ကွန်း (စာပါလစေတီ)၌ နေ့သန့်စင်စဉ် မာရ်နတ်လာ၍ ပရိနိဗ္ဗာန်ပြုချိန်တန်ပြီဖြစ်ကြောင်း လျှောက်ထားလေသည်။ မာရ်နတ် အလိုအတိုင်း နောက် ၃-လကြာလျှင် ပရိနိဗ္ဗာန်ပြုတော်မူမည်ဖြစ်ကြောင်း မိန့်တော်မူခဲ့လေသည်။[၂]

အရှင်အာနန္ဒာ စသူတို့ သီတင်းသုံးဖူးခြင်း

ဤဝေသာလီ ကူဋာဂါရသာလာကျောင်းတိုက်ကြီး၌ အရှင်အာနန္ဒာ၊ အရှင်အနုရုဒ္ဓ၊ အရှင်နာဂိတနှင့် သီဟသာမဏေစသည်တို့ သီတင်းသုံးဖူးကြသည်။ အရှင်အာနန္ဒာ ကူဋာဂါရသာလာကျောင်းတိုက်၌ သီတင်းသုံးစဉ် အဘယနှင့် ပဏ္ဍိတကုမာရ လိစ္ဆဝီမင်းတို့သည် အရှင်အာနန္ဒာထံ လာရောက်ကြ၍ ဝဋ္ဋဆင်းရဲမှ လွတ်မြောက်မှု နည်းလမ်းနှင့် ပတ်သက်၍ နိဂဏ္ဌတက္ကတွန်း အယူဝါဒနှင့် ဘုရားအယူဝါဒ မည်သို့မည်ပုံ ကွာခြားချက်ရှိကြောင်း မေးလျှောက်ကြလေသည်။[၃]

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး နှစ်ပေါင်း ၁၀၀ - အကြာတွင် အရှင်ယသ ကာကဏ္ဍကပုတ္တ မဟာထေရ်သီတင်းသုံးတော်မူခဲ့လေသည်။[၄]

ဝါလိကာရုံကျောင်းတိုက်

ဝါလိကာရုံကျောင်းတိုက်ကြီးကား ဝေသာလီမြို့တော် အရှေ့တောင်ဘက် ၂-မိုင်ခန့်အကွာ၌ တည်ရှိသည်ဟု ဆိုကြသည်။ ယင်းကျောင်းတိုက်ကြီးနှင့်စပ်၍ ဒုတိယသံဂါယနာတင်ခန်း၌ သာမည လာရှိသည်။ ယင်း ဝါလိကာရုံကျောင်းတိုက်ကြီးသည် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး နောက်ကာလကျမှ ပေါ်ထွန်းသည့် ကျောင်းတိုက်ကြီးဖြစ်ကြောင်း မှန်းဆ သိရှိနိုင်လေသည်။ ယင်းကျောင်းတိုက်ကြီးသည်လည်း ကျောင်းကြီး ကျောင်းငယ် အသွယ်သွယ်၊ စင်္ကြံ၊ မဏ္ဍပ်၊ ရေတွင်း၊ စရံအိမ် စသည်တို့ဖြင့် စည်ကားကျယ်ဝန်းသည့် ကျောင်းတိုက်ကြီးဖြစ်ကြောင်း သိနိုင်လေသည်။

၁။ ဝိ၊၄၊၄၄၂။ ၂။ သံ၊၂။၂၃၀။
၃။ အံ၊၁။၂၂၁။ ၄။ ဝိ၊၂။၄၀၅။

အမ္ဗပါလီ သရက်ဥယျာဉ်ကျောင်းတိုက်

အမ္ဗပါလီ၏ သရက်ဥယျာဉ် ကျောင်းတိုက်သည် ဝေသာလီမြို့တော်တွင်း၌ တည်ရှိသည်။ ယင်းကျောင်းတိုက်၏အမည်ကား "အမ္ဗပါလိဝနံ" သို့မဟုတ် "အမ္ဗပါလိဝနာရာမ"ဖြစ်သည်၊ ယင်းကျောင်းတိုက်ကြီးကား သံဃာတော်ပေါင်း ရာထောင်ချီ သီတင်းသုံးနိုင်အောင် ကျယ်ဝန်းသည့် ကျောင်းတိုက်ကြီး ဖြစ်သည်။

အမ္ဗပါလီသည် ပြည့်တန်ဆာမ ဖြစ်သော်လည်း သူဌေးမတစ်ယောက်ကဲ့သို့ တိုင်းပြည်အတွင်းကျော်စောသည်သာမက မင်းညီမင်းသားအထက်တန်းလွှာ လူအားလုံးတို့၏ အထင်ကြီးမှု အသိအမှတ်ပြု ခံရလေသည်။

အမ္ဗပါလီသည် မိမိ၏ သရက်ဥယျာဉ်ကို ဘုရားရှင်အား လှူပြီး ဘုရားမြတ်စွာ သီတင်းသုံးတော်မူရန် ဂန္ဓကုဋီတိုက်အပါအဝင် အသီတိမဟာသာဝကကြီးများ သီတင်းသုံးရန်ကျောင်းများ, ကမ္မဋ္ဌာန်းကျောင်းဆောင်များ, စင်္ကြံများ, တရားဟောရာ မဏ္ဍပ်ကြီးများစသည့်အဆောက်အအုံများစွာတို့ကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

ဘုရားရှင်သည် ဖော်ပြပါ အမ္ဗပါလီ သရက်တော ကျောင်းတိုက်၌ အခါအားလျော်စွာ သီတင်းသုံးတော်မူ၍ သုတ္တန်ဒေသနာများစွာတို့ကိုလည်း ဟောကြားတော်မူခဲ့လေသည်။ ယင်း သုတ္တန်များအနက်အမ္ဗပါလိသုတ္တန်သည် ထင်ရှားဘည့်သုတ္တန်ဖြစ်သည်။ ယင်းသုတ်၌ သတ္တဝါများ၏ ကိလေသာတို့မှ စင်ကြယ်ရန်, သောကပရိဒေဝတို့မှ လွတ်မြောက်ရန်, နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တစ်ခုတည်းသော လမ်းကြောင်းမှာ သတိပဋ္ဌာန်လေးပါးဖြစ်ကြောင်း ဟောကြားတော်မူသည်။[၁]

၎င်းပြင် သတိသုတ္တန်ကိုလည်း ဤဝေသာလီမြို့ဘော် အမ္ဗပါလီသရက်တောကျောင်းတိုက်၌ ဟောတော်မူခဲ့လေသည်။

ယင်း သတိသုတ္တန်၌ "သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနော အယံ ဝေါ အမှာကံ အနုသာသနီ=အိုရဟန်းတို့… ရဟန်းဆိုတာ သတိ,သမ္ပဇဉ် ထာဝစဉ်ယှဉ် (သတိပညာနှင့် မကွေမကွာယှဉ်) ၍ နေရာ၏၊ နေရမည်။ ဤကား ငါဘုရား၏ သင်တို့အား ဆုံးမချက်ဖြစ်သည်" စတင်၍ အသေးစိတ် ဟောတော်မူခဲလေသည်။

၁။ သံ၊၃၊၁၂၃၊

အမ္ဗပါလိ သရက်တောကျောင်းတိုက်သည်ဝေသာလီမြို့တွင်းကျောင်း ဖြစ်သော်လည်း သာယာသည်၊ ဆိတ်ငြိမ်သည်။ သို့ဖြစ်၍ အရှင်သာရိပုတ္တရာ, အရှင်အနုရုဒ္ဓါ-စသော ဘုရားမြတ်စွာ၏ တပည့်သာဂက ပုဂ္ဂိုလ်ကျော်တို့ သမာပတ်ဝင်စား သီတင်းသုံးတော်မူခဲ့ကြကုန်၏။[၁]

အရှင်သာရိပုတ္တရာနှင့် အရှင်အနုရုဒ္ဓါသည် အရှင်အနုရုဒ္ဓါက အရှင်သာရိပုတ္တရာထက် သိက္ခာ ဝါတော် ကြီးကြောင်း "ကေမဓ္တံ နိသိန္နာ ခေါ အာယသ္မာ သာရိပုတ္တော အာယသ္မတ္တ အနုရုဒ္ဓ တေဒဝေါစ" ဟူသောစကားဖြင့် သိသာသည်။[၁]

အရှင်အနုရုဒ္ဓါနှင့် အရှင်သာရိပုတ္တရာတို့ ဝေသာလီမြို့တော် အမ္ဗပါလိ သရက်တောကျောင်းတိုက်၌ သီတင်းသုံးစဉ် အရှင်သာရိပုတ္တရာသည် သမာပတ်မှ ထ၍ အရှင်အနုရုဒ္ဓါထံ ချဉ်းကပ်ကာ တစ်ခုသော အရပ်စွန်း၌ ထိုင်တော်မူ၍ အရှင်ဘုရား အနုရုဒ္ဓါ....ယခုအခါ ဘယ်လိုနေခြင်းမျိုးဖြင့် နေပါသလဲဟု မေးရာ အရှင်အနုရုဒ္ဓါက အို ငါ့ရှင်သာရိပုတ္တရာ.... သတိပဋ္ဌာန်လေးပါး၌ တည်၍ နေပါကြောင်းကို အကျယ်လျှောက်ထားလေသည်။

ဤသို့ စသည်ဖြင့် အမ္ဗပါလီကျောင်းတိုက်ကြီးသည် ဘုရားမြတ်စွာ သာသနာတော်၌ လွန်စွာထင်ရှားသည့် ကျောင်းတိုက်ကြီး ဖြစ်ကြောင်း သိသာလေသည်။

အခြားကျောင်းတိုက်ငယ်များ

ဝေသာလီမြို့တော်သည် လူနေအိမ်ခြေ သန်းနှင့်ချီ၍ ရှိပြီး လူဦးရေ ကုဋေကုဋာ များစွာနေထိုင်သည့် မြို့ကြီးဖြစ်ရာ မြို့ပတ်ဝန်းကျင်၌ ကျောင်းတိုက်များ, ကျောင်းငယ်များ များစွာရှိ၍ သံဃာတော်ပေါင်း ရာပေါင်းများစွာ ထောင်ပေါင်းများစွာသောင်းပေါင်းများစွာ သီတင်းသုံးခဲ့ရာဖြစ်ကြောင်း မှန်းဆသိနိုင်လေသည်။[၂]

၅၅၉။ ဣဒ္ဓံစ ဝေသာလိယံ ဟိ၊ တပေါဝနာ မဟာဟိ ခေါ။
တပေါဝနာ စ အနေကေ၊ အဟေသုံ ဝိဇာနိယာ။

၁။ သံ၊ ၃၊ ၂၆၃။
၂။ ဥဒါန။ ၂၉၃-ကြည့်။

တရုတ်ရဟန်းတော် ဖာဟီယန်၏ ဝေသာလီဆိုင်ရာ မှတ်တမ်း

တရုတ်ရဟန်းတော် ဖာဟီယန်သည် သာသနာသက္ကရာဇ် ၉၄၀-ကျော်က ဝဇ္ဇီနိုင်ငံ ဝေသာလီမြို့တော်သို့ ရောက်ခဲ့ရာ ထိုစဉ်က အကြားအမြင် အတွေ့အကြုံကို မှတ်တမ်းပြုခဲ့ရာ ကြည်ညိုရန် သံဝေဂဉာဏ်ဖြစ်ပွားရန် ကောင်းလှပါသည်။

ဘုရားရှင်နှင့် လိစ္ဆဝီမင်းများ

ဖာဟီယန်နှင့်တကွ ခရီးသွား ရဟန်းတော်တို့သည် ကုသိနာရုံမှ အရှေ့တောင်ဘက်သို့ ၁၂-ယူဇနာ ဆက်သွားသောအခါ အလွန်တရာ ထူးခြား မှတ်သားဖွယ်ရာဖြစ်သော နေရာတစ်ခုသို့ ရောက်ကြပြန်လေသည်။

မှတ်သားဖွယ်ရာ အကြောင်းကား....၎င်းနေရာ၌ ဝေသာလီပြည်လိစ္ဆဝီမင်းတို့သည် ဘုရားရှင်အား လွန်စွာကြည်ညိုကြသည်ဖြစ်၍ "ဗုဒ္ဓရှင်တော်ဘုရား ပရိနိဗ္ဗာန်စံတော်မူလျှင် အတူတကွသေ၍လိုက်ပါမည်"ဟုလျှောက်ကြားကြသောအခါ ၎င်းတို့၏ လျှောက်ထားချက်ကို ခွင့်ပြုတော်မမူချေ။

ဘုရားရှင်သည် လိစ္ဆဝီမင်းတို့ မလိုက်နိုင်စေရန် ကိုယ်တော်မြတ်နှင့် လိစ္ဆဝီတို့၏ အကြားတွင် ချောင်းကြီးတစ်ခုကို ဖန်ဆင်းတော်မူသောနေရာ ဖြစ်လေသည်။ လိစ္ဆဝီမင်းတို့သည် ၎င်းချောင်းကြီးကို ကူးဖြတ်ခြင်းငှာ မစွမ်းနိုင်ကြချေ။ ဘုရားရှင်သည် လိစ္ဆဝီမင်းတို့အား အထိမ်းအမှတ်အဖြစ် ဖြင့် ကြည်ညိုပူဇော်ကြစေရန် သပိတ်တော်ကို ချီးမြှင့်ပေးသနားတော်မူ၍ မိမိတို့၏တိုင်းပြည်သို့ ပြန်စေတော်မူလေသည်။ ထိုနေရာ၌ အထက်ပါ အကြောင်းအရာများကို ရေးသားဆစ်ဖု ထွင်းထုထားသော ကျောက်စာတိုင်ကြီးတစ်ခုကို စိုက်ထူထားကြလေသည်။

ဝေသာလီပြည်

ရဟန်းတော်ဖာဟီယန်စသော ဘုရားဖူးရဟန်းတော်တို့သည် အထက်ပါနေရာမှ အရှေ့ဘက်သို့ ၅-ယူဇနာ ဆက်လက်သွားကြသောအခါ (ယခုအခါ ဘာဆရာ) ခေါ်သော "ဝေသာလီ"ပြည်သို့ ရောက်ကြလေသည်။ ၎င်းတိုင်းပြည်၏မြို့တော်မြောက်ဘက်၌ တောအုပ်ကြီးတစ်ခုနှင့်-ရှေးအခါ မြတ်စွာဘုရားသီတင်းသုံးတော်မူဖူးသော နှစ်ဆောင်ပြိုင် ကျောင်းတော်ကြီး တစ်ကျောင်း တည်ရှိလေသည်။ ၎င်းပြင် အရှင်အာနန္ဒာကိုယ်တော်

မြတ်၏ ခန္ဓာကိုယ်ပုံတော် တစ်ဝက်ပေါ်၌ တည်ထားသော စေတီတော် တစ်ဆူလည်းရှိ၍မြို့တော်၏အတွင်းဘက်မှာအမရဒါရိကာ¹ အမည်ရှိသော ပြည့်တန်ဆာမသည် ဘုရားရှင်၏ အနန္တဂုဏ်တော်ကို အလွန်ကြည်ညိုလှသော အထိမ်းအမှတ်အဖြစ်ဖြင့် တည်ထားကိုးကွယ်ခဲ့သော စေတီတော် တစ်ဆူသည်လည်း ယခုတိုင်အောင် ထင်ရှားတည်ရှိလေသည်။ မြို့တော်၏ မြောက်ဘက် ၃=လိအကွာတွင်၊ လမ်း၏အနောက်နံဘေး၌ ၎င်းပြည့်တန်ဆာမသည် မြတ်စွာဘုရား သီတင်း သုံးတော်မူရန်အလို့ငှာ လှူဒါန်းထားသော ဥယျာဉ်ကြီးတစ်ခု ရှိလေသည်။

ဘုရားမြတ်စွာသည် ပရိနိဗ္ဗာန်ပြုတော်မူရန် အလို့ငှာ တပည့်သား ရဟန်းတော်များ ခြံရံလိုက်ပါလျက် မြို့တော်၏အနောက်တံခါးမှ ထွက်တော်မူစဉ် လက်ယာဘက်သို့လှည့်ကာ ၍ ဝေသာလီပြည်ကြီးကို ကြည့်တော်မူပြီးလျှင် တပည့်သား ရဟန်းတော်များအား....

ငါ၏ချစ်သား ရဟန်းများတို့... ဝေသာလီပြည်ကြီးကို ငါဘုရား ကြည့်တော်မူခြင်းသည် နောက်ဆုံး ကြည့်တော်မူခြင်းပင် ဖြစ်သည်ဟု မိန့်ကြားတော်မူလေသည်။

နောင်လာနောက်သားများတို့သည် ဘုရားရှင်ကိုယ်တော်မြတ် လှည့်ကြည့်တော်မူရာ၌ အထိမ်းအမှတ် စေတီတစ်ဆူကို တည်ထားကိုးကွယ်ကြလေသည်။

ဝေသာလီပြည် လက်နက်ချဘုရား

ဝေသာလီပြည် မြို့တော်ကြီး၏ အနောက်မြောက် ၃-လိ အကွာတွင် ''လက်နက်ချဘုရား'' ဟူ၍ ဘွဲ့အမည်တော်ရှိသော စေတီတစ်ဆူ ရှိလေသည်။၎င်းဘွဲ့အမည်တော်ကို ရခြင်း၏ အကြောင်းရင်းမှာ အောက်ပါ ဗျူပ္ပတ္တိအားလျော်စွာ ဖြစ်လေသည်။

ဂင်္ဂါမြစ်အထက်ပိုင်း တိုင်းပြည်အရှင်ဘုရင်မင်းတစ်ပါး၏ မိဖုရားငယ် တစ်ဦးသည် ရုပ်ပုံအင်္ဂါမရှိသော သားတစ်မျိုးကို မွေးဖွားသောအခါ မိဖုရားခေါင်ကြီးသည် မနာလို ဝန်တိုသော ဣဿာ, မစ္ဆရိယသဘောဖြင့် ''သင် မွေးဖွားပြီးသော သားတစ်မျိုးသည်မကောင်းသောအတိတ်ဆိုး နိမိတ်ဆိုးများ ဖြစ်သည်''ဟု ပြောကြားပြီးလျှင် ၎င်းသားတစ်မျိုးကို သစ်သားသေတ္တာတစ်ခု၌ ထည့်သွင်း၍ ဂင်္ဂါမြစ်သို့ မျှောလိုက်လေသည်။

၁။ အင်္ဂလိပ်မှ ပြောင်းလဲသောအမည်ဟု သိရ၏။

ဂင်္ဂါမြစ်အောက်ပိုင်း တိုင်းပြည်အရှင်တစ်ပါးသည် ဂင်္ဂါမြစ်သို့ လှည့်လည်ထွက်ကြွစဉ် မျောလာသော သစ်သားသေတ္တာကြီးကို တွေ့မြင်ရ၍ ကမ်းပေါ်သို့ ဆယ်ယူလျက် ဖွင့်လှစ်သောအခါ ရုပ်ရေရူပကာယ လှပချောပြေ၍ ယောကျ်ားမြတ်တို့၏ လက္ခဏာအဖြာဖြာတို့နှင့် ပြည့်စုံသော အမျိုးသားယောကျ်ားကလေး ပေါင်း တစ်ထောင်(၁၀၀၀)ကို တွေ့မြင်ရသဖြင့် မိမိနန်းတော်သို့ ချက်ချင်းယူဆောင်၍ "ကိတ္တိမသား" အဖြစ်ဖြင့် မွေးမြူပြုစုထားလေသည်။ လူလားပေါက်မြောက် အရွယ်ရောက်လာကြသောအခါ ၎င်းကလေးတို့သည် ခန့်ညားသော ကိုယ်ကာယနှင့်တကွ အားခွန်ဗလစွမ်းဟုန် လွန်စွာပြည့်စုံ၍ သတ္တိ, ဇွတ္တိ တုဖက် မရှိလောက်အောင် ရဲရင့်ခြင်းကိုဆောင်စွမ်းနိုင်သော လူစွမ်းကောင်းမင်းသားပေါင်း တစ်ထောင် (၁၀၀၀)ဖြစ်လာကြလေသည်။

ထို့ကြောင့် ၎င်းမင်းသားများပါဝင်တိုက်ခိုက်သောမည်သည့် 'စစ်ပွဲ' မျိုး၌မဆို တစ်ဘက်ရန်သူများသည် အလိုလိုရှုံကြောက်ကြ၍ လက်နက်ချလျက် "ရှုံးပါပြီ"ဟူသော ဝန်ခံချက်ကို ပေးကြရလေသည်။

ယင်းမင်းသားတစ်ထောင်(၁၀၀၀)တို့သည်မိမိတို့ခမည်းတော်အရင်းစိုးပိုင်သော တိုင်းပြည်ကို တိုက်ခိုက်ရန် စစ်ချီသွားကြသောအခါ ၎င်း ပြည့်ရှင်ဘုရင်မင်းသည် များစွာကြောက်ရွံ့ထိတ်လန့်လျက် ပူဆွေးဝမ်းနည်း ဖြစ်နေစဉ် မင်းသားတစ်ထောင် (၁၀၀၀)တို့၏ မယ်တော်ဖြစ်သော မိဖုရားငယ်သည် မိမိ၏အရှင်သခင် ဘုရင်မင်းမြတ်အား....

အရှင်မင်းမြတ်သည် အဘယ်အကြောင်းကြောင့် ဤကဲ့သို့ ကိုယ်စိတ်ညှိုးနွမ်းပင်ပန်းဆင်းရဲခြင်းဖြစ်တော်မူပါသနည်းဟု မေးမြန်းသောအခါ-

"အိုမိဖုရား....စွမ်းရည်သတ္တိ ကာယဗလအားအင်စုံလင်ပြည့်မောက်၍ တစ်စုံတစ်ယောက်သောသူမျှ တုဖက်နိုင်းယှဉ်ခြင်းငှာ မစွမ်းနိုင်ရာသော ဤမည်သော ဘုရင်၏ သားတော်ပေါင်း တစ်ထောင် (၁၀၀၀) တို့သည် ငါတို့၏တိုင်းပြည်ကို လာရောက် တိုက်ခိုက်လိမ့်မည် ဖြစ်သော ကြောင့် ငါဘုရင်မင်းမြတ်သည် အလွန်ပင် ကိုယ်စိတ်ပင်ပန်းညှိုးနွမ်း ဆင်းရဲခြင်း ဖြစ်ရပေသည်"ဟု ပြန်ကြားပြောဆိုလေသည်။ ထိုအခါ မိဖုရားငယ်က- အို အရှင်မင်းမြတ်....ကြောက်ရွံ့ စိုးရိမ်တော်မမူပါလင့်၊ အရှေ့ဘက် မြို့ရိုးပေါ်၌ စင်္ကြံမြင့်တစ်ခုကို ဆောက်လုပ်စီမံထားပါ။ ရန်သူများရောက်လာသောအခါ ၎င်းစင်္ကြံမြင့်ပေါ်မှနေ၍ ကျွန်ုပ်နိုင်နင်းအောင် ဆီးတားကာကွယ်ပါမည်....ဟု သံတော်ဦးတင်လေ့သည်။

ဘုရင်မင်းမြတ်သည် မိဖုရားငယ် သံတော်ဦးတင်သည့်အတိုင်း ပြုလုပ်စီမံစေ၍ ရန်သူများရောက်လာသောအခါ မိဖုရားငယ်သည်စကြံမြင့်ပေါ်မှနေ၍....

"အို....မင်းသားတို့....အသင်မင်းသားတို့သည် အကျွန်ုပ် သားတော်များ ဖြစ်ကြသည်၊ သင် သားတော်တို့သည် မိခင်တိုင်းပြည်ကို အဘယ်ကြောင့် ပုန်ကန် တိုက်ခိုက်လိုကြပါသနည်း"ဟု ဟစ်အော် ပြောဆိုလိုက်လေလျှင်....

ရန်သူဖြစ်သောမင်းသားများကဟစ်ဖန်ပြန်၍"အို အရှင်မ....အကျွန်ုပ်တို့၏ မယ်တော်မိခင်ဖြစ်သည်ဟု ပြောကြားသော သင်သည် အဘယ်သူဖြစ်ပါသနည်း"ဟု မေးမြန်းသောအခါ မယ်တော်ဖြစ်သော မိဖုရားငယ်က သားတော်ဖြစ်ကြကုန်သော သင်မင်းသားတို့သည် မယ်တော်မိခင်ဖြစ်သော အကျွန်ုပ်အား မယုံကြည်ခဲ့လျှင် အသင်သားဘောအားလုံးတို့သည် အပေါ်သို့မော်၍ သင်တို့၏ခံတွင်းများကို ဖွင့်ထားကြလော့....

ဟု ပြန်ကြား ပြောဆိုလိုက်လေသည်။ ထို့နောက် မိဖုရားငယ်သည် သားမြတ်အစုံကို ညှစ်ထုတ်လိုက်သောအခါ တစ်ခုတစ်ခုသောသားမြတ်မှ အလေးချိန် ၅၀-သားမျှသော နို့ရည်အစုပေါင်း ၅၀၀-စီ ထွက်ကျလာ၍ မိမိ၏သားများဖြစ်ကြသောမင်းသားတစ်ထောင်(၁၀၀၀)တို့၏ခံတွင်းသို့ သက်ဝင်လေသည်။

ဤကဲ့သို့သော အကြောင်းယုတ္တိအားဖြင့် မင်းသားတို့သည် မိဖုရားငယ်အား မိမိတို့၏မယ်တော်စကေန်မှန်ကြောင်းကို သိရှိကြရ၍ ချက်ချင်းလက်နက်များကို ချကြလေသည်။ ဖခမည်းတော်ဖြစ်ကြကုန်သော ဘုရင်မင်းမြတ်နှစ်ပါးတို့သည် ဤကဲ့သို့သော အကြောင်းအရာ အဖြစ်အပျက်အလုံးစုံတို့ကို အကုန်သိမြင်ကြသောအခါ ဓမ္မသံဝေဂရကြ၍ သတိသမ္ဗောဇ္ဈင်တရားလက်ကိုင်ထားလျက် စီးဖြန်းပွားများသော ကမ္မဋ္ဌာန်း ဘာဝနာအစွမ်းအားဖြင့် မင်္ဂလမ်း ဖိုလ်လမ်း ပွင့်ကြပြီးလျှင် အရိယာသူမြတ်ဘဝသို့ ရောက်ကြလေသည်။

အရိယာသူမြတ် အဖြစ်သို့ရောက်တော်မူကြသော ထိုမင်း နှစ်ပါးတို့၏ အကြောင်းခြင်းရာ ထူးမြတ်လှစွာသော ဂုဏ်ထူးကို ရည်စူးသောအထိမ်းအမှတ်အဖြစ်ဖြင့် တည်ထားခဲ့သောစေတီတော်သည် ယခုတိုင် တည်ရှိတွေ့မြင်ရလေသည်။ လောက ၃-ပါး၌ ဘုရားဖြစ်လာသောအခါ တပည့်သားရဟန်းတော်များအား....

"ငါ၏ချစ်သား ရဟန်းများတို့ -- ဤနေရာ၌ ငါနသည်ငါဘုရားမဖြစ်မီ အခါသမယ ရှေးကာလက မင်းသားတစ်ထောင်(၁၀၀၀)လက်နက်ချဖူးသောနေရာ ဖြစ်လေသည်"ဟု မိန့်ဟာမြွက်ကြားတော်မူလေသည်။

နောင်လာနောက်သား လူအများတို့သည် ဘုရားရှင် ဟောကြားတော်မူသော တရားတော်၏ အဋ္ဌုပ္ပတ္တိ၏လျော်စွာ ၎င်းနေရာ၌ "လက်နက်ချ ဘုရား"ဟူသော ဘွဲ့အမည်တော်ဖြင့် စေတီတော်ကို တည်ထား ကိုးကွယ်ကြလေသည်။ မင်းသားတစ်ထောင် (၁၀၀၀) တို့သည်လည်း ပစ္စေကဗုဒ္ဓါတို့ ဖြစ်တော်မူကြကုန်၏။

ဘုရားမြတ်စွာသည် "ညီဘွားလိမ္မာ အာနန္ဒာ .... ငါဘုရားသည် ဤနေ့မှစ၍ ၃-လရှိသောအခါ ပရိနိဗ္ဗာန်ပြုတော်မူမည်"ဟု မိန့်ကြားတော်မူသောနေရာသည် ၎င်းလက်နက်ချဘုရားအနီးမှာပင်ဖြစ်လေသည်။

မာရ်နတ်သည် ဘုရားရှင်အား ပရိနိဗ္ဗာန်ပြုရန် တောင်းပန်လျှောက်ထားစဉ် ဘုရားရှင်အား ပရိနိဗ္ဗာန်မပြုရန် လျှောက်ထားတောင်းပန်မည့် အရှင်အာနန္ဒာအား မလျှောက်ထားနိုင်စေခြင်းငှာ မာရ်နတ်သည်ပူးကပ်ဝင်ရောက်နှောင့်ယှက် ထားလေသည်။ ဤနေရာမှ အရှေ့ဘက်သို့ ၃-လိ ၄-လိ အကွာအဝေး၌ စေတီတော်တစ်ဆူ တည်ရှိလေသည်။

ဒုတိယသံဂါယနာ အထိမ်းအမှတ် စေတီ

ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူ၍ နှစ်ပေါင်းတစ်ရာ(၁၀၀)မြောက်ရောက်သောအခါ ဝေသာလီပြည်၌ နေကြသော အချို့ရဟန်းတို့သည် ဘုရားမြတ်စွာ ဟောကြားတော်မူသော အာဏာဒေသနာကို ကျူးလွန်ဖောက်ဖျက်လျက် ၁၀-ချက်သော "အဓမ္မဝါဒီ"တရားများကို လိုက်နာကျင့်ကြံပြီးလျှင် ၎င်းတရားများကို "ဂေါတမ ရှင်တော်ဘုရား ဟောကြားတော်မူခဲ့သော တရားများဖြစ်သည်"ဟု အခိုင်အမာ ညွှန်ပြပြောဆိုကြလေသည်။

ထိုအခါ အာသဝေါကုန်ခန်း ရဟန္တာအရှင်မြတ်များနှင့်ဘက္ကု ဝိနယ ဓရ,ဝိနယကောဝိဒ ဖြစ်တော်မူကြ၍ ဝိနည်းအရာလိမ္မာတတ်မြောက်တော်မူကြကုန်သော ရဟန်းတော်ပေါင်း ခုနစ်ရာ (၇၀၀) တို့သည် ဖြစ်ပေါ်လာသော သာသနာတော်၏အညစ်အကြေး မဘာရားသော အဓမ္မဝါဒီ

ရဟန်းတော်တို့ကို ဆေးကြောသုတ်သင်ရန်အလို့ငှာ ဝိနည်းပိဋကဒေသနာ အရပ်ရပ်တို့ကို အထပ်ထပ်ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြလျက် သံဂါယနာတင်တော်မူကြလေသည်။ ထို ဒုတိယသံဂါယနာ တင်သောနေရာ၌ ဒုတိယသံဂါယနာ အထိမ်းအမှတ် စေတီတော်တစ်ဆူ တည်ထားခဲ့ကြရာ ယခုတိုင် ဖူးမြင်ခဲ့ရလေသည်။

အရှင်အာနန္ဒာဓာတ်တော်များ ဌာပနာ စေတီတည်ခဲ့ကြခြင်း

ဤနေရာမှ ဆက်သွားကြသော ရဟန်းတော်ဖာဟီယန် အပါအဝင် ဘုရားဖူးရဟန်းတော်တို့သည် မြစ် ၅-သွယ် ပေါင်းဆုံရာအရပ်သို့ ရောက်ကြလေသည်။ အရှင်အာနန္ဒာသည်ပရိနိဗ္ဗာန်ပြုတော်မူမည်ဟု မဂဓတိုင်းမှ လိစ္ဆဝီနိုင်ငံ ဝေသာလီမြို့တော်သို့ ကြွတော်မူသောအခါ နတ်တို့က အဇာတသတ်မင်းအား ယင်းအကြောင်းကို ပြောကြားကြလေကုန်၏။ အဇာတသတ်မင်းသည် သိလျှင်သိခြင်း မင်းစီးရထားကိုစီးနင်း၍စစ်သည်ဗိုလ်ပါများစွာတို့နှင့်တကွ မြစ်သို့ရောက်အောင် အရှင်အာနန္ဒာမထေရ်မြတ်ကြီး၏နောက်သို့ လိုက်ကြလေသည်။ ဝေသာလီမြို့တော်မှ လိစ္ဆဝီမင်းတို့သည်လည်း အရှင်အာနန္ဒာ ပရိနိဗ္ဗာန် ပြုတော်မူရန် ကြွတော်မူလာကြောင်းကို ကြားသိကြရ၍ ခရီးဦးကြိုဆိုရန် ထွက်လာကြလေသည်။ နောက်လိုက်နောက်ပါ အခြံအရံများနှင့်တကွ တိုင်းပြည်ရှင်ဘုရင်နှစ်ပါးတို့သည် မြစ်ကမ်းပါးတစ်ဖက်စီသို့ ဆိုက်ရောက်လာကြလေကုန်၏။

ထိုအခါ အရှင်အာနန္ဒာသည် "ငါသည် အကယ်၍ ရှေ့သို့ဆက်လက်သွားခဲ့လျှင် အဇာတသတ်မင်းသည် မျက်မာန်ကြီးဝါး ရာဇမာန်ပွားလိမ့်မည်၊ နောက်သို့ပြန်ဆုတ်လျှင်လည်း လိစ္ဆဝီမင်းတို့သည် ကိုယ်စိတ်ညှိုးနွမ်း ပင်ပန်း ဆင်းရဲကြလိမ့်မည်"ဟု ဆင်ခြင် စဉ်းစားတော်မူလျက် မြစ်အလယ်တည့်တည့် အထက်ကောင်းကင်၌ နိရောဓသမာပတ် ဝင်စားတော်မူပြီးလျှင် ခန္ဓာကိုယ်တော်ကို တေဇောဓာတ် လောင်ကျွမ်းစေတော်မူ၍ ပရိနိဗ္ဗာန်ပြုတော်မူလေသည်။ ကြွင်းကျန်ရစ်သော ကိုယ်တော်မြတ်၏ သရီရဓာတ်တော်မြတ်တို့သည်လည်း မြစ်ကမ်းတစ်ဖက်စီ၌ စောင့်လျက်ကြည်ညိုဖူးမြော်ပူဇော်၍ နေကြကုန်သော ဘုရင်နှစ်ပါးတို့အား ၂-ခု, ၂-ပုံခွဲဝေ၍ ညီမျှစွာ ရရှိစေလေသည်။ ဘုရင်မင်းတို့သည် ၎င်းဓာတ်တော်များကိုမိမိတိုင်းပြည်သို့ ပင့်ဆောင်ကြပြီးလျှင်ယင်းဓာတ်တော်များ

ကို ဌာပနာတော်မူလျက် စေတီတော်တစ်ဆူစီ တည်သား ကိုးကွယ်ကြ လေသည်။ ¹

ဝေသာလီမြို့တော်ဝန်းကျင်နှင့် စပ်၍ သိမှတ်ဖွယ်ဘစ်များ

အိန္ဒိယကြေးမုံကျမ်းပြု ရဟန်းတော် အရှင်ကိတ္တိမသည် ဝေသာလီမြို့တော်ဟောင်းသို့ သက္ကရာဇ် ၁၂၉၀-ခုနှစ်လောက်က ရောက်ရှိခဲ့ရာ အောက်ပါအတိုင်း မှတ်တမ်းပြုခဲ့လေသည်။

ဝဇ္ဇီတိုင်း အကျယ်အဝန်းကား ဟူ ယိင် ဆန် ကျမ်း အလိုအားဖြင့် လိပေါင်း ငါးထောင် ရှိ၏၊ မြို့တော်၏အကျယ်အဝန်းမှာ လိပေါင်းခုနစ်ဆယ်မျှရှိကြောင်း သိအပ်၏။ ၎င်းမြို့တော်မှ အရှေ့တောင်ထောင့် ၂-မိုင်ခွဲလောက်တွင် ဒုတိယ သံဂါယနာတင် ကျောင်းတော်ရှိ၏။

ယခုအခါ ရှိနေပုံမှာ ဝဇ္ဇီတိုင်းသည် မြောက်ဘက် တောင်ခြေရင်းမှ တောင်ဘက်ဂင်္ဂါမြစ်ကမ်းပါးတိုင်အောင် ရှိ၏။ အနောက်ဘက်၌ ဂဏ္ဍက်မြစ်မှ အရှေ့ဘက် မဟာနဒီမြစ်အတွင်းရှိ၏ ယခုအခါ မုဇပ္ဖရ်ပုရ်စီရင်စုပြည်နယ်များဖြစ်၏။ မိုင်ပေါင်း ၇၀၀-ခန့်ကျယ်ဝန်း၏။ ခရစ်သက္ကရာဇ် ၇၀၀-အတွင်း၌ ရုံးစိုက်ရာမြို့တော်မှာ "မိတ္ထိလာ" သို့မဟုတ် "ဇနကဖုရ်" မြို့ ဖြစ်ခဲ့လေသည်။ မုဇပ္ဖရ်ပုရ်နှင့် တိရဟုတ်မြို့များကို ပေါင်း၍မိုင်ပေါင်း ၇၀၀ ဟု ဆိုလိုသည်။ ရှေးဟောင်းဝေသာလီမြို့တော်သည်ကား မုဇပ္ဖရ်ပုရ်စီရင်စု၌ "ဗနိယာဗဆာ" သို့မဟုတ် "ရာဇဗိဆာလကာဂဟာရ်" ခေါ်သောမြို့ဟောင်းရာပင်ဖြစ်၏။ ဤသို့လျှင်ကျောက်စာမင်းကြီး ကနိန်ဂဟာမ်သည် ဆုံးဖြတ်ပြလေ၏။

ကျောက်စာမင်းကြီးညွှန်ပြထားသည့်အတိုင်းမျက်မြင်အားဖြင့်မုဇပ္ဖရ်ပုရ်စီရင်စု၌ ဗာဆာရ်ခေါ်သော ရွာ၏မနီးမဝေး အနောက်ဘက် အရပ်တွင် စေတီဟောင်းတစ်ဆူရှိ၏။ စေတီ၏ထိပ်များကို ဖျက်ဆီးပြီးလျှင် မူဆလမန်လူမျိုးတို့သည် အရိုးတိုက်ပြုလုပ်ထားကြ၏။ စေတီအောက်၌ မူဆလမန်လူမျိုးနှင့် မူဆလမန်ရသေ့တို့ နေကြ၏။ ထိုစေတီကို ယခုအခါ "ဒရဂါရ်" ဟူ၍ ခေါ်ဆိုကြ၏၊ စေတီကြီး၏ ရှေးအကြောင်းကား.... ငါတို့ဘုရားသခင်သည် ရာဇဂြိုဟ်ပြည်မှ ကြွသွားပြီးလျှင် ဝေသာလီမြို့ အနောက်တံခါးမှ ထွက်၍ ရပ်တော်မူလျက် ဝေသာလီမြို့ကို ဆင်မင်း၏

၁။ ဖါဟီယန်ခရီးစဉ်မှတ်တမ်း ၉၆-၁၀၅-ကြည့်။

ကြည့်ခြင်းဖြင့် လက်ယာရစ်လှည့်၍ ကြည့်တော်မူပြီးလျှင် မိန့်ကြားတော်မူသည်မှာ–

ချစ်သားတို့...ဝေသာလီမြို့ကို ယခုအခါ ငါဘုရားသည် အဆုံးစွန်ကြည့်ရှုတော်မူခြင်း ဖြစ်ပေ၏၊ နောင်လာနောက်သားတို့သည် ဤနေရာ၌ စေတီတည်၍ ကိုးကွယ်ကြကုန်လတ္တံ့။

ဤသို့စသည်ဖြင့် ဗျာဒိတ်တော်မြွက် ထားတော်မူခဲ့လေ၏။ ထို့နောက် မြတ်စွာဘုရား ဗျာဒိတ်စကားဖြင့် နောင်လာနောက်သားတို့သည် စေတီတည်၍ ကိုးကွယ်ခဲ့ကြကုန်၏။ ထိုစေတီသည် နာဂပလောကိတအမည်ဖြင့် တွင်၍ နေလေ၏။ မြို့၏အနောက်တံခါးမှထွက်၍ ဆိုသောစကားကို ဖာဟီယန်စာတမ်းအလို မှတ်ကြလေ။ [၁]

ဗဆာရ်ရွာ၏ မြောက်ဘက်၌ ကပ်လျက် ကျုံးမြောင်းနှင့်တကွ နန်းတော်ရာဟောင်း တစ်ခုရှိ၏။ ပမာဏကား အလျားပေ ၁၅၈၀, အနံပေ ၇၅၀-ရှိ၏။ ၎င်းနေရာကို ကျောက်စာဘက်ဆိုင်ရာ တူးဖော်လေပြီ။ ယခုအခါ"ရာဂျာဗိသျှာလကာဂဟရ်" အမည်ဖြင့် ထင်ရှားနေ၏။ အဓိပ္ပာယ်မှာ ဝေသာလီမင်းတို့၏ နန်းတော်ရာဟု ဆိုလိုသည်။ ဗဆာရ်ရွာ၏ အနောက်အရပ် နှစ်ဖာလုံကျော်လောက်၌ "ဗာဝန်ဂျီကာပိုခရာ" ခေါ်သော ရေကန်ဟောင်းကြီး တစ်ခုရှိ၏။ ၎င်း၏မြောက်ဘက် ကန်ဘောင်၌ နတ်ကွန်းနှစ်ခုတွင် ရှေးနတ်ကွန်းထဲ၌ ကျောက်ဆင်းတုခြောက်ဆူရှိ၏။ ထိုခြောက်ဆူ တို့တွင်လည်း ညာဏ်တော် တစ်ဆယ့်နှစ်လက်မခန့်စီရှိသော ဗုဒ္ဓဆင်းတုတော် နှစ်ဆူ၊ သိဒ္ဓတ္ထမင်းသားပုံသဏ္ဌာန် ကျောက်ဆင်းတု တစ်ဆူဟု ထင်ရှား၏။

ဗဆာရ်ရွာ၏ အရှေ့မြောက်ယွန်း မိုင်ဝက်ခန့်တွင် ကာမန်ချပရာခေါ်သော ရပ်ကွက်၌ "ကျောက်မုခ်"အမည်ဖြင့် ထင်ပေါ်သော ကျောက်တိုင်တစ်ခု မြေ၌နစ်မြုပ်နေ၏။ လူတို့ တူးဖော်ကြသောအခါ ကျောက်တိုင်ရင်းအဆုံးကို ရှာ၍မတွေ့နိုင်သောကြောင့် တစ်ဖန် ပြန်မြေဖို့ပြီးလျှင် မျက်နှာဝ အနည်းငယ်ခန့်လောက်ကိုသာ ဖော်ထားပြီး မဟာဒေဝ အမှတ်ဖြင့်ဆည်းကပ်ကိုးကွယ်ကြကုန်၏။ ထိုအခါလူများတို့မှာ ကိုးကွယ်၍ အကျိုးမရှိသည့်ပြင် အန္တရာယ်များခြင်း စီးပွားလာဘ်လာဘဆုတ်ယုတ်ခြင်း စသော မကောင်းကျိုးသာ တစ်နေ့ထက် တစ်နေ့ တိုးတက်ပိုမို၍

---

[၁] အိန္ဒိယကြေးမုံ ၂၃၁-၂၄

လာခြင်းကြောင့် ၎င်းကျောက်တိုင်ကို အသုံးမပြုဘဲ နေကြကုန်၏။ ကျောက်တိုင်၌ မျက်နှာလေးခု ပါရှိခြင်းကြောင့် ကျောက်မုခိ (စတုမုခိ) ဟု တွင်စေကြကုန်၏။

ဗဆာရ်ရွာ၏ အနောက်မြောက် တစ်မိုင်ခွဲလောက်တွင် ကိုလှူဟာ (=ကုလူဝါ)အမည်ရှိသော ရပ်ကွက်၌ စေတီတစ်ဆူရှိ၏။ ၎င်းစေတီကို ကျောက်စာဘက်ဆိုင်ရာက တူးဖော်၍ နောင် သူတစ်ပါးတို့ မဖျက်ဆီးနိုင်အောင် အမိန့်စာပြန်တမ်းဖြင့် သတ်မှတ်ထား၏။ စေတီပေါ်တွင် ပုထိုးငယ်တစ်ခု၌ ဉာဏ်တော်တစ်တောင့်ထွာရှိ ရုပ်တုတော်တစ်ဆူ စံပယ်နေတော်မူ၏။ ရုပ်တုတော်အောက်၌ စာတမ်းပါရှိသည်။ စေတီအနားပတ်လည်ကိုဖြိုဖျက်ပြီး ပိဿနိုးအယူရှိသော ဟိန္ဒူဘုန်းကြီးသည် တိုက်အိမ်ပြုလုပ်ထား၏။ ထိုဟိန္ဒူဘုန်းကြီး၏ အိမ်ဝင်းခြံထဲမှာလည်း အသောက ကျောက်စာတိုင် တစ်ခု ပါဝင်လျက်ရှိ၏။ ထိုတိုင်သည် ပမာဏကား အမြင့် ၄၄-ပေ ၂-လက်မ၊ လုံးပတ် ၁၂-ပေခန့် ရှိ၏။ အပေါ်၌လည်း ခြင်္သေ့ရုပ်တစ်ခုပါ၏။ ယခုအခါ ၎င်းကျောက်စာတိုင်သည် "ဘိမဆေနလာဌ်"ဟူသော အမည်ဖြင့် ထင်ရှား၏။ ၎င်းပြင် စေတီတောင်ဘက်၌ ကပ်လျက် ရေကန်ဟောင်းတစ်ခု ရှိ၏။

ထိုသုံးခုတို့တွင် စေတီ၏အကြောင်းကား ငါတို့ မြတ်စွာဘုရားသခင်သည် အရှင်မောဂ္ဂလ္လာန်ကို သင်္ဂြိုဟ်ပြီးသော် ရာဇဂြိုဟ်၌ အလိုတော်ရှိသလောက် နေတော်မူပြီး၍ ဒေသစာအစဉ်ဖြင့် ကြွတော်မူလာရာ ဝေသာလီမြို့သို့ ရောက်တော်မူ၏။ နံနက်အခါ ဆွမ်းခံကြွတော်မူ၍ ဆွမ်းဘုဉ်းပေးဘော်မူပြီးသော် ဝေသာလီမြို့တော်၏ အရှေ့ချက်နှာ စာပါလစေတီသို့ ကပ်တော်မူ၍ အရှင်အာနန္ဒာအား အရိပ်အမြွက်စကားဖြင့် မိန့်တော်မူပြီးမှ ထိုစာပါလစေတီ၏ မနီးမဝေး သစ်ပင်ရင်းသို့ ကြွတော်မူလျက် နေတော်မူ၏။ ထိုအခါ အရှင်အာနန္ဒာ ရေဆောင်ယူခြင်းငှာ သွားနေခိုက်တွင် မာရ်နတ်မင်းက "ပရိနိဗ္ဗာတု ဒါနိ ဘန္တေ ဘဂဝါ ပရိနိဗ္ဗာတု သုဂတော" ဟူသော စကားဖြင့် အရှင်ဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပါဟု တောင်းပန်လာလေ၏။

မြတ်စွာဘုရားသခင်သည်လည်း ဤလမှ သုံးလလွန်လျှင် ကုသိနာရုံ၌ ပရိနိဗ္ဗာန်ပြုအံ့ဟု မိန့်ကြားတော်မူလိုက်လေ၏။ ထို့နောက် အာယုသင်္ခါရကိုလွှတ်ခြင်းငှာ သမာပတ်ကို ဝင်စားတော်မူလေ၏။ သမာပတ်၏ အာနုံ

ဘော်ကြောင့် မဟာပထဝီမြေကြီးသည် ပြင်းစွာ တုန် လှုပ် လေ၏ ဟူ၍ သုတ်မဟာဝ ပါဠိတော်၌လာရှိ၏။ ဖာဟီယန်ကျမ်း၌လည်း ပစ္စေကဗုဒ္ဓါ စေတီတော်နှစ်ဆူ၏ အနီးအပါးမှာ မြတ်စွာဘုရားသခင် အာယုသင်္ခါရ လွှတ်တော်မူကြောင်း တွေ့ရ၏။ ထို့ကြောင့် ထိုစေတီတော်ကို အာယု သင်္ခါရစေတီတော်ဟုသိအပ်၏။ ရေကန်ကိုကား မြတ်စွာဘုရားသခင်အား မာရ်နတ်မင်းတောင်းပန်စဉ် အရှင်အာနန္ဒာရေခပ်သောရေကန်ဟုသိရ၏။ ကျောက်စာတိုင်ကိုလည်း အာယုသင်္ခါရလွှတ်တော်မူရာ၌ အထိမ်းအမှတ် ပြုလုပ်ထားခဲ့သော အသောကကျောက်စာတိုင်ဟု မှတ်ယူအပ်၏။

အာယုသင်္ခါရစေတီတော်မှ အနောက်ဘက် သုံးဖာလုံလောက်၌ စေတီ ပုံသဏ္ဌာန် ရှေးဟောင်းမြေတောင်ပို့ကြီး နှစ်ခုပြိုလျက်ရှိ၏။ ၎င်းတောင်ပို့ နှစ်ခုကိုမူကား ဖာဟီယန်ကျမ်းအရ ပစ္စေကဗုဒ္ဓါစေတီတည်ရာ မြေတောင် ပို့ဟု ဆိုသင့်ပေ၏။ ယင်းတောင်ပို့သည် ဗခရာရွာ၏ တောင်ဘက်အရပ်မှ အရှေ့စူးစူးကျ၏။[၁] အဋ္ဌကထာများ၌ "ဥက္ကာစေလတော နိက္ခမိတွာ ဝေသာလိံ ဂတကာလေ"[၂] စသည်ဖြင့် လာရာ၌ ဥက္ကာစေလမြို့သည် ယခု အခါ အိန္ဒိယနိုင်ငံ မုဇပ္ဖရ်ပုရ် စီရင်စုရှိ ဟာဂျီပုရ် (HAJIPUR)မြို့ ဖြစ် သည်ဟူ၏။[၃]

မကြာမီက ဗိဟာပြည်နယ် မုဇဖာပူရ်ဒိစတြိတ်ရှိ ဝေသာလီမြို့ဟောင်း ကိုတူးဖော်ရာ လူနေတိုက်အိမ်အုတ်ခုံများနှင့် ကုန်သည်များ အသုံးပြု သောတံဆိပ်တုံးများ တွေ့ရသည်ဟူ၏။ မြို့တော်ဟောင်းတစ်ဝိုက်၌ စေတီ ဟောင်းများနှင့်ကျောင်းတော်ရာများကိုတူးဖော်ရှာဖွေခြင်း မပြုရသေး ချေ။ အပျက်အစီးများပေါ်၌ ဟိန္ဒူကျောင်းများနှင့်ဂျိန်းကျောင်းများ ဆောက်လုပ်ထားလေသည်။ ဝေသာလီမြို့ကို ဟိန္ဒူဘာသာဝင်နှင့် ဂျိန်း ဘာသာဝင်တို့ အတွက် မြင့်မြတ်သော ဒေသဟု ဆိုကြသည်။

မဂဓတိုင်း လက်အောက် သိမ်းသွင်းခြင်း

ဘုရားမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူမည့်နှစ်၌ မဂဓတိုင်း ဘုရင်အဇာ တသတ်သည် ဝဇ္ဇီတိုင်း ဝဇ္ဇီနိုင်ငံ ဝေသာလီမြို့တော်ကို တိုက်ခိုက်သိမ်းယူ ရန်အတွက် ဝေသာလီမြို့နှင့် မျက်နှာချင်းဆိုင် ဂင်္ဂါမြစ် တစ်ဖက်ကမ်း၌ ပါဋလိပုတ်ခံတပ်ကို တည်ဆောက်ခဲ့လေသည်။

၁။ အိန္ဒိယကြေးမုံ၊ ၂၃၂–၂၃၄။ ၂။ ဥဒါန၊ ဋ္ဌ။ ၂၉၃။
၃။ အိန္ဒိယကြေးမုံ၊ ၂၃၆။

ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီး ၂-နှစ်ခန့် ကြာသောအခါတွင် အဇာတသတ်မင်းသည် ဝဇ္ဇီတိုင်း ဝေသာလီမြို့တော်ကြီးကို ချီတက်တိုက်ခိုက်သိမ်းယူလေသည်။ ဤနည်းဖြင့် ဝဇ္ဇီတိုင်း(ဝိဒေဟတိုင်း)နှင့် မဂဓတိုင်းသည် မင်းတစ်ပါးတည်းအုပ်စိုးမှုအောက်သို့ရောက်ရှိလာလေသည်။

အဇာတသတ်မင်းနန်းစံ ၃၂-နှစ်အရွယ်တွင် ၎င်း၏သားတော်ဥဒယဘဒ္ဒ (ဥဒါယိဘဒ္ဒ) မင်းသားသည် ဖခင်အဇာတသတ်ကို လုပ်ကြံသတ်ဖြတ်ကာ နန်းတက်လေသည်။ ဥဒယဘဒ္ဒ နန်းစံ ၁၆-နှစ်အရွယ်တွင် ၎င်း၏ သားတော် မုဏ္ဍသည် ခမည်းတော် ဥဒယဘဒ္ဒကို လုပ်ကြံသတ်ဖြတ် မင်းပြုလေသည်။မုဏ္ဍမင်းကို သားတော် အနုရုဒ္ဓါမင်းသားသည် လုပ်ကြံသတ်ဖြတ်၍ မင်းပြုခဲ့လေသည်။မုဏ္ဍမင်းနှင့် အနုရုဒ္ဓါမင်း ၂-ဆက် နန်းစံ ရှစ်နှစ်မျှသာကြာသည်။ထို့နောက် အနုရုဒ္ဓါမင်းတို ၎င်း၏ သားတော် နာဂဒါသသည် လုပ်ကြံသတ်ဖြတ် မင်းပြုခဲ့လေသည်။

နာဂဒါသမင်း နန်းစံ ၂၄-နှစ်ရှိသောအခါ တိုင်းသူပြည်သား လူအများတို့သည် အဖသတ်မင်းမျိုးကို အလိုမရှိသဖြင့် ညီညာတစ်သွေးစုဝေးတိုင်ပင်ကြကာ နာဂဒါသမင်းကို နန်းချပြီးလျှင် လိစ္ဆဝီမင်း (ဝေသာလီမင်း)မျိုးမှ ဆင်းသက်သည့် သုသုနာဂ အမတ်ကြီးကို မင်းအဖြစ်တင်မြှောက်ကြကုန်၏။ ထိုသုသုနာဂမင်း လက်ထက်၌ မင်းနေပြည်တော်ကို ရာဇဂြိုဟ်မြို့တော်မှ ပါဋ္ဌလိပုတ်မြို့တော်သို့ ရွှေ့ပြောင်းခဲ့လေသည်။

သုသုနာဂမင်းသည် စည်းစိမ်တော် ၁၈-နှစ်ကြာမျှ အုပ်ချုပ်ခဲ့လေသည်။သုသုနာဂမင်း၏နောက်တွင် သားတော် ကာလသောက·မင်းသည် မဂဓတိုင်းနှင့် ဝဇ္ဇီတိုင်း (ဝိဒေဟတိုင်း)ကို အုပ်ချုပ်တော်မူခဲ့လေသည်။

ဝါလိကာရုံကျောင်းတိုက်ကြီး၊ စည်ကားခြင်း

ပဌမသံဂါယနာ မဟာဓမ္မသဘင် ပွဲကြီးယင်ပြီးနောက် ပဌမသံဂါယနာ ဝိနယဝိသဇ္ဇက,သံဂီတိဓုရန္ဓရ,ဝိနည်းတေဒဂ်ရ အရှင်ဥပါလိ မဟာထေရ်သည် ဝေသာလီမြို့တော်သို့ ကြွ၍ ယင်းမြို့တော် အရှေ့တောင်ဘက် ၂-မိုင်ခန့်အကွာ၌တည်ရှိသည့်ဝါလိကာရုံကျောင်းတိုက်ကြီးသို့ ကြွရောက်၍ ပါရာဇိကပါဠိ, ပါစိတ္တိယပါဠိ, မဟာဝဂ္ဂပါဠိ,စူဠဝဂ္ဂပါဠိ, ပရိဝါရပါဠိ-ဟူသော ဝိနည်းပိဋကတော်ကြီး အပါအဝင် ပိဋကတ် ၃-ပုံကို ပဌမသံဂါယနာက အတည်ပြု သတ်မှတ်ခဲ့သည့် အပိုင်းအခန်းကဏ္ဍ ပရိစ္ဆေဒ အစဉ်, ဝဂ်အစဉ်စသည်အတိုင်း ချပို့တော်မူခဲ့လေသည်။ အရှင်ဥပါလိ

မဟာထေရ် ဝေသာလီမြို့တော် ဝါလိကာရုံကျောင်းတိုက်၌ သီတင်းသုံး၍ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်ချုပ်ကြောင်းသတင်းကောင်းသည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ ပျံ့နှံ့လေရာ ရဟန်းသံဃာတော်များစွာတို့သည် ဝေသာလီမြို့တော်သို့ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် သင်ယူရန် ကြွတော်မူကြကုန်၏။ အလွန်ကျယ်ဝန်းလှသော ဝါလိကာရုံကျောင်းတိုက်ကြီးသည် သံဃာမဆန့် ဖြစ်လေသည်။

ထိုစဉ်က ဝါလိကာရုံကျောင်းတိုက်၌ သီတင်းသုံး၍ အရှင်ဥပါလိထံ ပိဋကတ်သုံးသွယ်နိကာယ်ငါးရပ်သင်သောရဟန်းတို့မှာသွန်စွာများမြောင်လှကုန်၏။ ရဟန္တာ ရဟန်းချည်း တစ်ထောင်ခန့်၊ သို့မဟုတ် တစ်ထောင်ကျော် ရှိသည်ဟူ၍၊ သို့ဖြစ်ရာ ပုထုဇဉ်ရဟန်း၊ သောတာပန်ရဟန်း၊ သကဒါဂါမိရဟန်း၊ အနာဂါမိရဟန်းတို့နှင့် ရေတွက်မူ ဝေသာလီမြို့တော် ဝါလိကာရုံ ကျောင်းတိုက်ကြီး၌ သံဃာတော်ပေါင်း အနည်းဆုံး ငါးထောင်ခန့်ရှိကြောင်း သိနိုင်လေသည်။

ထိုစဉ်က ဝါလိကာရုံကျောင်းတိုက်ကြီး၌ နေရာမလောက်၍ မြို့တော်မြောက်ဘက်ရှိ ကူဋာဂါရသာလာကျောင်းတိုက်၊ မြို့တွင်း အမ္ဗပါလီသရက်တောကျောင်းဟူသော ကျောင်းတိုက်ကြီး ၂-တိုက်နှင့် မြို့အရှေ့ဘက်စသည်ရှိ စာပါလနတ်ကွန်းကျောင်းတိုက်၊ ဥဒေနနတ်ကွန်းကျောင်းတိုက်၊ သတ္တမ္ဗနတ်ကွန်းကျောင်းတိုက်၊ ဗဟုပုတ္တနတ်ကွန်းကျောင်းတိုက်၊ သာရန္ဒနတ်ကွန်းကျောင်းတိုက်စသည့် ကျောင်းတိုက်ငယ်များ၌ သီတင်းသုံး၍ ဝါလိကာရုံကျောင်းတိုက်ကြီးသို့ ကြွရောက်၍ ပိဋကတ်သုံးသွယ်နှိနိကာယ်ငါးရပ်ကို လိုက်နာသင်ယူကြကုန်၏။ အရှင်ဥပါလိမဟာထေရ် သက်တော် ၉၄-နှစ်ခန့် ဝါတော် ၇၄-ဝါတွင် ပရိနိဗ္ဗာန် ဝင်စံတော်မူလေရာ အရှင်ဒါသကထေရ်သည် ဆက်လက်၍ ပိဋကတ် ၃ပုံကို ချုပ်ပြန်ရာ ဥပါလိမဟာထေရ် လက်ထက်၌ကဲ့သို့ပင် သံဃာတော်များ ထောင်ပေါင်းများစွာတို့ဖြင့် စည်ကားမြဲစည်ကားသည်သာ။ အရှင်ဒါသကထေရ်သည် ရုံခါရာဇဂြိုဟ်မြို့တော် ဝေဠုဝန်ကျောင်းတိုက်၌လည်း သီတင်းသုံး၍ ပိဋကတ်သုံးပုံကို ချုပ်တော်မူခဲ့လေသည်။

စေတီထိုက်သော မြေအပြင်

စင်စစ်တစ်မူကား ဝေသာလီပတ်ဝန်းကျင် မြေပြင်တစ်ခွင်လုံးသည် စေတီထိုက်သောမြေပြင်ဟု ဆိုထိုက်လေသည်။ ဘုရားမြတ်စွာသည် ဝါတွင်း

ကာလတွင် ဝေသာလီမြို့တော်၌ ဝါဆိုဝါကပ်ခြင်းပြုတော်မမူဘဲ ဝါပကာလများ ကျွတ်လွတ်ထိုက်သည့် ဝေနေယျများကို ချီးမြှောက်ရန် ကြွရောက်၍ သီတင်းသုံးတော်မူခဲ့လေသည်။

ရတနသုတ်တော်ကြီး စတင်ပေါ်ထွန်းရာ

ခုဒ္ဒကပါဌပါဠိတော်[၁] သုတ္တနိပါတ်ပါဠိတော်[၂]လာ ရတနသုတ်တော်ကြီးသည် ဝေသာလီမြို့တော်၌ စတင်ပေါ်ထွန်းခဲ့သည်။ အလွန်လျှင် ပြည့်စုံကြွယ်ဝသည့် ဝေသာလီသည် ရာသီဥတုဖောက်ပြန် မိုးလေဝသမမှန်သဖြင့် တစ်ခါတွင် ငတ်မွတ်ခေါင်းပါး အစာရှားခဲ့လေသည်။ ယင်းသို့ ငတ်မွတ်ခေါင်းပါး အစာရှားသဖြင့် လူဆင်းရဲများစွာတို့ သေကြေပျက်စီးကြသည်။

လူသေကောင်တွေ မြို့ပြင်ဘက်တွင် ပစ်ထားကြရာ ထိုလူသေနံ့များကြောင့် မြို့တွင်းသို့ ဘီလူးတွေဝင်ရောက်ခဲ့၍ လူများစွာတို့ ပိုမိုသေဆုံးကြပြန်ကုန်၏။ မကောင်းလွန်းဆိုးသည့် အနံ့အသက်တို့ကြောင့် ပလိပ်ရောဂါစသည်ကဲ့သို့ ကူးစက်ပြန့်ပွားတတ်သော အဟိဝါတရောဂါတစ်မျိုး ဖြစ်လာပြန်၍ အများအပြား သေလွန်ပျက်စီးကြလေသည်။

ထိုအခါ လူများစွာတို့သည် ငါတို့ပြည်, ငါတို့မြေ, ငါတို့မြို့မှာ မင်းခုနစ်ဆက်တိုင်အောင် ဤကဲ့သို့ ဘေးမျိုးမကြုံဘူးခဲ့ချေ။ မင်း တရားမစောင့်သောကြောင့် ဖြစ်သလောဟု မင်းထံ သံတော်ဦးတင်ကြရာ မင်းသည် ပရိသတ်စည်းဝေးစေက မိမိအပေါ် အပြစ်ရှာစေ၏။ မင်းအပေါ်၌ အပြစ်တစ်စုံတစ်ရာ မတွေ့ရသောကြောင့် ဘယ်နည်းဘယ်ပုံဖြစ်ရမည်ကို တိုင်ပင်ဆွေးနွေးကြလေရာ တိတ္ထိဆရာကြီးများကို ကြည်ညိုသူတို့က တိတ္ထိဆရာကြီး ခြောက်ယောက်တို့ကိုပင့်ရန် အကြံပေးကြသည်။ ဘုရားမြတ်စွာကြည်ညိုသူများက ဘုရားပင့်ရန် အကြံပေးကြသည်။ ဘုရားရှင်ကို ပင့်ရန် အားလုံးသဘောတူကြပြီးလျှင် လိစ္ဆဝီမင်းနှစ်ယောက်အား နောက်လိုက်နောက်ပါများစွာနှင့် အတူစေလွှတ် လျှောက်ထားစေခဲ့ရာ ဘုရားမြတ်စွာသည် ဝေသာလီမြို့တော်သို့ သံဃာတော်များစွာနှင့်တကွ ကြွတော်မူခဲ့လေသည်။

ဘုရားမြတ်စွာ လှေဖောင်ဘော်ကြီးဆိုက်ချိန်၌ပင်မိုးကြီးသည်းထန်စွာ ရွာသောကြောင့် လူသေလောင်းများ မျောပါသန့်ရှင်းလေပြီ။ မြို့တော်ပေါက်သို့ ရောက်သောအခါ သိကြားမင်းနှင့်တကွ ဘုန်းတန်ခိုးကြီး နတ်

၁။ ခုဒ္ဒကပါဌ၊ ၄။ ၂။ သုတ္တနိပါတ၊ ၃၁၂။

များလည်း ရောက်လာသဖြင့် ဘီလူးအများအပြား ထွက်ပြေးကြကုန်၏။ ဘုရားမြတ်စွာသည် အရှင်အာနန္ဒာအား ရတနသုတ်ကို သင်ပေး၍ရွတ်ဆိုစေခဲ့ရာ ဝေသာလီမြို့တော် တံတိုင်း ၃-ထပ်အကြား ညဥ့် ၃-ယံပတ်လုံး အရှင်အာနန္ဒာ၏ ရွတ်ဆိုမှုကြောင့် ဘီလူးများအားလုံး ထွက်ပြေးကြလေသည်။ ဘီလူးများ ထွက်ပြေးကုန်လေလျှင် လူတွေအားလုံး ရောဂါပျောက်ငြိမ်းခဲ့ရာ လူတွေအားလုံးထွက်လာကြပြီးလျှင် မြို့လယ်လွှတ်ရုံးကို မွမ်းမံပြင်ဆင်၍ ဘုရားရှင်ကို ပင့်ဆောင်ကြကုန်၏။ ဘုရားရှင်သည် ထိုလွှတ်ရုံး၌ စုဝေးရောက်လာသော လူနတ်ပရိသတ်ကြီးအား ရတနသုတ်ပရိတ်တော်ကို ကရုဏာရှေ့ထား ဟောကြားတော်မူလေသည်။[၁]

ဤသို့ဖြင့် ရတနသုတ်ပရိတ်တော်ကြီးသည် ဝေသာလီမြို့တော်၌ စတင်ပေါ်ထွန်းခဲ့လေသည်။ ၎င်းပြင် ဝေသာလီသည် ဘုရားမြတ်စွာ သိက္ခာပုဒ်ပညတ်ရာ ခုနစ်ဌာနတွင် တစ်ဌာနအပါအဝင် ဖြစ်လေသည်။

၂၆၀။ ဝေသာလိယာ ဆုဇ္ဇဂဟော၊ သာဝတ္ထိယာဝ အာဠဝိ၊
ကောသမ္ဗိယာစ သက္ကေသု၊ ဘဂ္ဂေသုစေဝ ပညတ္တာ။[၂]

ဘုရားရှင်သည် ပဌမပါရာဇိကသိက္ခာပုဒ် ဥပဒေတော်ကို ဝေသာလီမြို့တော်၌ ပညတ်တော်မူခဲ့လေသည်။[၃] တတိယပါရာဇိကသိက္ခာပုဒ် ဥပဒေတော်ကိုလည်း ဝေသာလီမြို့တော် ကူဋာဂါရကျောင်းတိုက်၌ သီတင်းသုံးစဉ် ပညတ်တော်မူသည်။[၄]

စတုတ္ထပါရာဇိကသိက္ခာပုဒ် ဥပဒေတော်ကိုလည်း ဝေသာလီမြို့တော် မဟာဝုန်တော ကူဋာဂါရကျောင်းတိုက်၌ သီတင်းသုံးစဉ် ဘုရားရှင်ပညတ်တော်မူသည်။[၅]

၎င်းပြင် ပဌမကထိနသိက္ခာပုဒ် ဥပဒေတော်ကို ဘုရားရှင် ဝေသာလီမြို့တော်အနီး ဂေါတမနတ်ကွန်းကျောင်းတိုက်၌ သီတင်းသုံးစဉ် ပညတ်တော်မူခဲ့လေသည်။[၆]

ထို့ပြင်တစ်ပါး သုဒ္ဓကာဠကသိက္ခာပုဒ် ဥပဒေတော်ကိုလည်း ဝေသာလီမြို့တော်အနီး မဟာဝုန်တော ကူဋာဂါရ ကျောင်းတိုက်ကြီး၌ သီတင်းသုံးစဉ် ပညတ်တော်မူခဲ့လေသည်။[၇]

၁။ အကျယ်ခုဒ္ဒက၊ ဋ္ဌ၊ ၁၃၅၊ သုတ္တနိ၊ ဋ္ဌ၊ ၁၊ ၂၆၅-ကြည့်။
၂။ ဝိ၊ ဋ္ဌ၊ ၄။ ၁၄၊။
၃။ ဝိ၊ ၁။ ၁၂၊ ၂၅။
၄။ ဝိ၊ ၁။ ဝ၁။
၅။ ဝိ၊ ၁၊ ၁၁၂။
၆။ ဝိ၊ ၁၊ ၂၉၄-၂၉၇။
၇။ ဝိ၊ ၁၊ ၃၃၀-၁။

ဘူတာရောစနသိက္ခာပုဒ် ဥပဒေတော်ကိုလည်း ယင်း ဝေသာလီနန်းမြို့တော် မဟာဝုန်တော ကူဋာဂါရသာလာကျောင်းတိုက်၌ သီတင်းသုံးစဉ် ရဟန်းများစည်းဝေးစေ၍ ပညတ်တော်မူခဲ့လေသည်။[၃]

ဤသို့စသည်ဖြင့် ဝေသာလီမြို့တော်သည် ဘုရားမြတ်စွာ၏ သုတ္တန်ဒေသနာတော်များ, ဝိနည်းသိက္ခာပုဒ် ဥပဒေတော်များ, ဝိနည်းဒေသနာတော်များ ပေါ်ထွန်းရာဌာနမှန်ဖြစ်လေရာ ဒုတိယအကြိမ် သံဂါယနာ မဟာဓမ္မသဘင်ပွဲကြီးယင်ရန် အလွန်လျှင်သင့်လျော်ရာဌာနဖြစ်လေသည်။

၅၆၁။ ဒုတိယသံဂီတိယာဟိ၊ ကာတုံ အနုရူပါဟိ ဝေ။
ဝေသာလီ ဝိသာလီဘူတာ၊ ပုရဂ်သမ္ဗန္ဓာဟိ ဝေ။

အနှစ်တစ်ရာ မြောက်လေပြီ

ဖခင် ဘုရင် ဗိမ္ဗိသာရမင်းကြီးကို လုပ်ကြံ၍ နန်းတက်ခဲ့လေသော ပဉ္စမသံဂါယနာတင် ဒါယကာ အဇာတသတ်မင်းမှစ၍ ဥဒယ(ဥဒါယီ) ဘဒ္ဒ, အနုရုဒ္ဓါ, မုဏ္ဍ, နာဂဒါသ, သုသုနာဂ တိုင်အောင်သော မဂဓ ဘုရင်ခြောက်ဦးတို့နတ်ရွာစံ ကံတော်ကုန်ကြပြီးနောက် ပါဋလိပုတ်မြို့တော်၌ ထီးဖြူစိုက်ဆောက် မင်းအဖြစ်သို့ရောက်သော သုသုနာဂမင်း၏ သား ကာဠာသောကမင်း နန်းတက်၍ ဆယ်နှစ်မြောက်သောအခါ ငါတို့ကိုးစား ဂေါတမဘုရား သဗ္ဗညုနိဗ္ဗူယူသိမ်း ငြိမ်းတော်မူ၍ အနှစ်တစ်ရာမြောက် ဖြစ်လေသည်။

၇၁ ဝေသာလီမြို့တော်၌ ဝဇ္ဇီပုတ္တကရဟန်းတို့၏ ဝတ္ထုဆယ်ပါး

ယင်းသို့ ဘုရားဇိနော် ရှေ့ပြည်နိဗ္ဗာန်ဝင်စံတော်မူ၍ အနှစ်တစ်ရာမြောက်ရောက်သော် ဝေသာလီမြို့တော် မဟာဝုန်တော ကူဋာဂါရကျောင်းတိုက်နေ ဝဇ္ဇီတိုင်း အမျိုးသားရဟန်းများသည်–

၁။ သားချို (ပုလင်း)ဖြင့် ဆားကို ဆောင်၍ ဆားမရှိသောအခါ ဆားပေါ့သောအခါ ယာဝကာလိက ဘောဇဉ်နှင့် ရောစပ်၍စားလျှင် အပ်သည်။

၂။ လက်နှစ်သစ် နေမွန်းတိမ်းသောအခါ(မွန်းတည့်ပြီး နေရိပ်လက်နှစ်သစ် လွန်စဉ်) ယာဝကာလိက ဘောဇဉ်ကို စားကောင်းသည်။

၃။ ဝိ၊ ၂၊ ၃၆။

၃။ ပဝါရိတ်သင့်ပြီးသော ရဟန်း၏ ရွာတစ်ပါးသို့ သွားမည်ဟု ကြံစည်၍ အတိရိတ်ဝိနည်းကံ မပြုအပ်သော ခဲဖွယ်ဘောဇဉ်ကို စားကောင်းသည်။

၄။ မဟာသိမ်ကြီး တစ်သိမ်တည်းတွင် ကျောင်းအသီးသီး၌ သံဃာကံ ပြုကောင်းသည်။

၅။ မလာရောက်သေးသော ရဟန်းတို့၏ အလိုဆန္ဒကို လာမှ ယူမည်ဟု ကြံစည်၍ ဝဂ်ဖြစ်သော သံဃာဖြင့် ကံပြုပြီးနောက်မှ အလိုဆန္ဒ ယူကောင်းသည်။

၆။ ဆရာသမား ဥပဇ္ဈာယ်တို့၏ အလေ့အကျက်သည် အပ်သည်။

၇။ နို့ရည်အဖြစ်ကိုလည်း စွန့်၊ နို့ခမ်းအဖြစ်သို့လည်း မရောက်သေးသော နို့ရည်ကို ပဝါရိတ်သင့်ပြီးသော ရဟန်း သောက်ကောင်းသည်။

၈။ သေရည်အဖြစ်သို့ မရောက်သေးသော သေနု (မကျသေးသော သေ)ကို သောက်ကောင်းသည်။

၉။ အမြိတ်အဆာမရှိသော နိသီဒိုင်ကို သုံးဆောင်ကောင်းသည်။

၁၀။ ရွှေ ငွေကို အလှူခံကိုင်တွယ်အသုံးပြုကောင်းသည်ဟု ပြောဟောကြသည်။ ထုတ်ဖော်ပြောဆိုကြသည်။ ပြသကြသည်။

ဝဇ္ဇီတိုင်းသား ရဟန်းများ ကာဠာသောကမင်း ကြည်ညို

ပါဋလိပုတ်မြို့တော်၌ နန်းစိုက်၍ မဂဓတိုင်းနှင့် ဝဇ္ဇီတိုင်းတို့ကို အုပ်စိုးမင်းပြုသော သုသုနာဂမင်း၏ သား ကာဠာသောက မင်းသည် ဘုရားမြတ်စွာ၏ အဆုံးအမဒေသနာများကို ကျနစွာ တတ်မြောက် ကျွမ်းကျင်သူ မဟုတ်ချေ၊ သို့နှင့် ကာဠာသောကမင်းသည် ဖော်ပြပါ ဝတ္ထုဆယ်ပါးတို့ကို ဖော်ထုတ်သည့် ဝေသာလီမြို့တော်အနီး မဟာဝုန် တော ကူဋာဂါရ ကျောင်းတိုက်နေ ဝဇ္ဇီတိုင်းသား ရဟန်းများကို ကြည်ညိုခဲ့လေသည်။ ဝဇ္ဇီတိုင်းသား ရဟန်းတို့၏ အသင်းအပင်းဖက်သား ဖြစ်လေသည်။

အဓမ္မဝါဒကိုပယ်ရှား ဓမ္မဝါဒထွန်းကားအောင် ပြုလိုသော အရှင်ယသမဟာထေရ်

ယင်းသို့ ဝဇ္ဇီတိုင်းသား ရဟန်းတို့၏ အဓမ္မဝါဒ ဆယ်ချက်ကြောင့် သာသနာတော်၌ ရုတ်ရုတ်သဲသဲဖြစ်စဉ် ကာကဏ္ဍပုဏ္ဏား၏ သား ရဟန်းတော် ဖြစ်တော်မူသော အရှင်ယသမဟာထေရ်သည် ဝဇ္ဇီတိုင်းအတွင်း ဒေသစာရီလှည့်လည် သာသနာပြုနေ့ချိတော်မူလေရာ "ဝေသာလီမြို့တော် မဟာဝုန်တော ကူဋာဂါရကျောင်းတိုက်နေ ဝဇ္ဇီအမျိုးသား ရဟန်းများ ဘုရားရှင်သာသနာတော်၌ မသင့်မတော် မလျော်ကန်သည့် အရာဝတ္ထု ဆယ်ပါး ပြုနေကြသည်"ဟု ကြားသိဒဘာ်မူရ၍ ဓမ္မသံဝေဂ ဖြစ်ပွားတော်မူကာ "ငါသည် ဘုရားမြတ်စွာ သာသနာတော်ကြီး ပျက်စီးမည့် အကြောင်း ကောင်းကောင်းကြီးသိပါလျက် ယင်း အဓမ္မဝါဒ ဆယ်ချက် ကို ဖျက်ဆီးလျက် ဘုရားရှင်သာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွား အောင် မပြုမလုပ်ဘဲ လျစ်လျူရှုကာ နေရန်မသင့်မတော် မလျော်ချေ။ မကြာမတင် ဆောလျင်စွာ အခုအခါ ငါသည် မဟုတ်မတရား ပြောကြား ဖြန့်ချိသည့် အဓမ္မဝါဒီ ရဟန်းတို့ကို နှိပ်၍ ဟုတ်မှန်သောအရာ ဓမ္မစစ်မှန် သည်ကို ပြုရပေအံ့"ဟု နှလုံးသို့တင် ကြံဆင်ခြင်တော်မူ၍ ဝေသာလီ မြို့သို့ကြွ၍ ဝေသာလီမြို့အနီး မဟာဝုန်တော ကူဋာဂါရသာလာ ကျောင်း တိုက်၌ သီတင်းသုံးတော်မူလေသည်။

ဥပုသ်နေ့ ငွေ အလှူခံကြခြင်း

အရှင်ယသမဟာထေရ် ဝေသာလီမြို့အနီး မဟာဝုန်တော ကူဋာဂါရ သာလာ ကျောင်းတိုက်၌ သီတင်းသုံးစဉ် ဝဇ္ဇီအမျိုးသား ရဟန်းတို့သည် ဥပုသ်နေ့၌ ရွှေခွက်ကို ရေအပြည့်ထည့်ကာ ယင်း ရွှေခွက်ကို ရဟန်းသံဃာ များအလယ် ထားပြီးလျှင် ကျောင်းတိုက်သို့ ဥပုသ်စောင့် တရားနာရန် လာရောက်သမျှ ဥပါသကာ, ဥပါသိကာတို့အား "အို.... သီတင်းသည် ဥပါသကာ, ဥပါသိကာတို့၊ သံဃာတော်အား ငွေအသပြာ (ပိုက်ဆံ) တစ်ကျပ်ဖြစ်စေ၊ သို့မဟုတ် တစ်ကျပ်ထက်ဝက် ပြားငါးဆယ် (ငါးမူး) ဖြစ်ပေ၊ ၂၅-ပြား (တစ်မတ်) ဖြစ်စေ, တစ်ပဲဖြစ်စေ လှူကြစမ်းပါ။ယင်း အလှူခံရသောငွေ(ပိုက်ဆံ)ဖြင့် သံဃာတော်များအတွက် အသုံးအဆောင် ပရိက္ခရာ ပြုလုပ်စရာရှိပါသည်။

သံဃာတော် တစ်သန်း နှစ်သိန်း စည်းဝေးခြင်း

ယင်းသို့ မဖွယ်မရာ မအပ်မရာ ဝဇ္ဇီအမျိုးသား ရဟန်းများ ငွေအလှူ ခံကြလေရာ အရှင်ယသမဟာထေရ်သည် အလွန်လျှင်ကျယ်ဝန်း၍ နေရာထိုင်ခင်း ပေါများပြည့်စုံသည့် ဝေသာလီမြို့တော် အရှေ့တောင်ဘက်ရှိ ဝါလိကာရုံကျောင်းတိုက်၌သံဃာတော်များစွာတို့ကိုစည်းဝေးစေလေသည်။ သံဃာတော်အရေအတွက်မှာ တစ်သန်းနှစ်သိန်း ရှိလေသည်။

ပုစ္ဆာကဉတ်

ဝါလိကာရုံကျောင်းတိုက် သံဃာတော် တစ်သန်းနှစ်သိန်းတို့ အလယ်တွင် ရှင်ရေဝတသည်....

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ။
အဟံ အာယသ္မန္တံ သဗ္ဗကာမိံ ဝိနယံ ပုစ္ဆေယျံ။

အရှင်မြတ်တို့ဘုရား။ သံဃာတော်သည် အကျွန်ုပ်၏စကားကို နာယူတော်မူပါလော့။ သံဃာတော်၏ လျောက်ပတ်သောအခါ ရှိသောက်ဖြစ်ပါမူ၊ အကျွန်ုပ်သည် အရှင်သဗ္ဗကာမိကို ဝိနည်းကိုမေးပါအံ့''ဟု ပုစ္ဆာကဉတ်ထားတော်မူပေသည်။

ဝိဿဇ္ဇနာကဉတ်

ထို့နောက် အရှင် သဗ္ဗကာမိထေရ်က....

သုဏာတု မေ အာဝုသော သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ။
အဟံ ရေဝတေန ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယျံ။

ငါ့ရှင်တို့၊ သံဃာတော်သည် အကျွန်ုပ်၏စကားကို နာယူတော်မူပါလော့၊ သံဃာတော်၏ လျောက်ပတ်သောအခါ ရှိသော ကံဖြစ်ပါမူ အကျွန်ုပ် ရေဝတသည် ဝိနည်းကိုမေးအပ်သည်ဖြစ်၍ ဖြေဆိုပါအံ့ဟု ဝိဿဇ္ဇနာကဉတ် ထားတော်မူခဲ့လေသည်။

ၡင်းနောက် အရှင်ရေဝတက မေး၍ အရှင်သဗ္ဗကာမိသည် ဖြေဆိုတော် မူခဲ့လေသည်။

အရှင်ရေဝတက မေး၊ အရှင်သဗ္ဗကာမိထေရ်က ဖြေ

အရှင်ရေဝတ။ ငါ့ရှင် သဗ္ဗကာမိ၊ ဝဇ္ဇီအမျိုးသား ရဟန်းများက—

''ကပ္ပတိ သိင်္ဂီလောဏကပ္ပေါ=သားချို (ပုလင်း)ဖြင့် ဆားကိုဆောင်၍ ဆားမရှိသောအခါ၊ ဆားပေါ့သော

အခါ ယာဂုကောလိကဘောဇဉ်နှင့် စားအပ်သည်''ဟု ကြံစည် ထုတ်ဖော်ပြောဆိုကြသည်။ ယင်း ရဟန်းများ ပြောသည့်အတိုင်း အပ်ပါသလော။ အရပ်ဌာနသိက္ခာပုဒ် အာပတ်နှင့်တကွ ဖော်ပြဖြေဆိုပါလော့။

အရှင်သဗ္ဗကာမိ။ အရှင်ဘုရား.... ယင်း ဝဇ္ဇီအမျိုးသား ရဟန်းများ– ''ကပ္ပတိ သိင်္ဂိလောဏကပ္ပေါ=သားချို၊ (ပုလင်း)ဖြင့် ဆားကို သိုမှီးဆောင်ထား၍ ဆားမရှိသောအခါ၊ ဆား ပေါ်သောအခါ ယာဂုကောလိကဘောဇဉ်နှင့် စားအပ် သည်''ဟု ကြံစည်ဟောပြောချက်သည် အလွဲအမှားသာ ဖြစ်ပါသည်ဘုရား၊ ဘုရားမြတ်စွာသည် သာဝတ္ထိမြို့တော် ဝယ် ပါတိမောက်ကို အကျယ်ဝေဖန်ရာ ပဒဘာဇနီ၌ ပယ်တော်မူပါသည်။သားချို (ပုလင်း)ဖြင့် ဆားကို သိုမှီး ဆောင်ထား၍ ဆားပေါ်လျှင် ယာဂုကာလိက ဘောဇဉ် နှင့် စားပါက ပါစိတ်အာပတ်သင့်ပါသည်ဘုရား။

အရှင်ရေဝတ။ ငါ့ရှင် သဗ္ဗကာမိ၊ ကပ္ပတိ ဒွင်္ဂုလကပ္ပေါ = လက်နှစ်သစ် မွန်းတိမ်းသောအခါဝယ် ယာဂုကာလိက ဘောဇဉ်ကို စားခြင်းသည် အပ်၏ဟု ဝဇ္ဇီအမျိုးသာ ရဟန်းတို့၏ ကြံဆ ဟောပြောချက်သည် လည်းကောင်း၊ ကြံဆဟောပြော ချက်အတိုင်း အပ်ပါသလော၊ အရပ်ဌာန သိက္ခာပုဒ် အာပတ်နှင့်တကွ ဖြေဆိုပါလော့။

အရှင်သဗ္ဗကာမိ။ အရှင်ဘုရား.... ဝဇ္ဇီအမျိုးသား ရဟန်းများ ကပ္ပတိ- ဒွင်္ဂုလကပ္ပေါ = လက်နှစ်သစ် မွန်းတိမ်းသောအခါဝယ် ယာဂုကာလိက ဘောဇဉ်ကိုစားခြင်းသည် အပ်၏ဟု ကြံဆ ဟောပြောချက်သည် အမှားသာ ဖြစ်ပါသည်ဘုရား။ ဘုရားမြတ်စွာသည် ရာဇဂြိုဟ်မြို့တော်ဝယ် ပါတိမောက်ကို အကျယ်ဝေဖန်ရာ ပဒဘာဇနီ၌ ပယ်တော်မူပါသည်ဘုရား၊ မွန်းလွဲချိန် သုံးဆောင်ခြင်းကြောင့် သင့်သော ပါစိတ် အာပတ်သို့ ရောက်ပါသည်ဘုရား။

အရှင်ရေဝတ။ ငါ့ရှင် သဗ္ဗကာမိ၊ ကပ္ပတိ ဂါမန္တရကပ္ပေါ = ပဝါရိတ်သင့်ပြီး ရဟန်း၏ ရွာတစ်ပါးသွားမည်ဟု ကြံစည်၍ အတိရိတ်ဝိနည်းကံ မပြုအပ်သော ခဲဖွယ်ဘောဇဉ်ကို စားခြင်းသည် အပ်၏ဟု ဝဇ္ဇီအမျိုးသား ရဟန်းများ၏ ကြံဆ ထုတ်ဖော် ဟောပြောချက်အတိုင်း အပ်ပါ၏လော့၊ အရပ်ဌာန သိက္ခာပုဒ်အာပတ်နှင့်တကွ ဖော်ပြဖြေဆိုပါ။

အရှင်သဗ္ဗကာမိ။ အရှင်ဘုရား....ကပ္ပတိ ဂါမန္တရကပ္ပေါ = ပဝါရိတ်သင့်ပြီး ရဟန်း၏ ရွာတစ်ပါးသွားမည်ဟု ကြံစည်၍ အတိရိတ်ဝိနည်းကံ မပြုအပ်သော ခဲဖွယ်ဘောဇဉ်ကို စားခြင်းသည် အပ်၏ဟု ဝဇ္ဇီအမျိုးသား ရဟန်းများ၏ ကြံစည်တီထွင် ဟောပြောချက်သည် ဝိနည်းနှင့်မညီ အလွဲအမှားသာဖြစ်ပါသည်။ ဘုရားမြတ်စွာသည် သာဝတ္ထိမြို့တော်ဝယ် ပါတိမောက်ကို ဝေဖန်ရာ ပဒဘာဇနီ၌ ပယ်တော်မူပါသည်။ အတိရိတ်ဝိနည်းကံ မပြုဘဲ သုံးဆောင်ခြင်းကြောင့် သင့်သော ပါစိတ်အာပတ်သင့်ရောက်ပါသည်ဘုရား။

အရှင်ရေဝတ။ ငါ့ရှင် သဗ္ဗကာမိ.... ကပ္ပတိ အာဝါသကပ္ပေါ = မဟာသိမ် တစ်သိမ်တည်းဝယ် အသီးသီး ကျောင်း၌ သံဃာ့ကံကို ပြုခြင်းသည်အပ်၏ဟုဝဇ္ဇီအမျိုးသား ရဟန်းများကြံဆ ဟောပြောချက်သည် ယင်းတို့ ကြံဆဟောပြောချက် အတိုင်း မှန်လေသလော၊ အရပ်ဌာန သိက္ခာပုဒ်အာပတ် နှင့်တကွ ဖော်ပြဖြေဆိုပါလော့။

အရှင်သဗ္ဗကာမိ။ အရှင်ဘုရား.... ကပ္ပတိ အာဝါသကပ္ပေါ = မဟာသိမ် တစ်သိမ်တည်းဝယ် အသီးသီး ကျောင်း၌ သံဃာ့ကံ မှုခြင်းသည်အပ်၏ဟု ဝဇ္ဇီအမျိုးသား ရဟန်းများ ကြံဆ ဟောပြောချက်သည် အလွဲအမှားသာ ဖြစ်ပါသည်ဘုရား။ ဘုရားမြတ်စွာသည် မဂဓတိုင်း ရာဇဂြိုဟ်မြို့တော်ဝယ်

ဥပေါသထက္ခန္ဓက၌ ပယ်တော်မူပါသည်။ ဝိနည်းကို ကျူးလွန်ခြင်းကြောင့် သင့်ရောက်သည့် ဒုက္ကဋ်အာပတ်သို့ ရောက်ပါသည်။

အရှင်ရေဝတ။ ငါ့ရှင် သဗ္ဗကာမိ... ကပ္ပတိ အနုမတိကပ္ပေါ = မလာရောက်သေးသော ရဟန်းများ၏ အလိုဆန္ဒကို လာမှယူမည်ဟုကြံ၍ ဝဂ်ဖြစ်သော သံဃာဖြင့် ကံပြုပြီးနောက်မှ အလိုဆန္ဒကိုယူခြင်းသည် အပ်၏ဟု ဝဇ္ဇီအမျိုးသား ရဟန်းများ၏ ကြံဆဟောပြောချက်သည် ယင်းသို့ ကြံဆဟောပြောသည့်အတိုင်း သင့်လျော်လေသလော။ အရပ်၌ာန သိက္ခာပုဒ်အာပတ်နှင့်တကွ ဖြေဆိုပါလော့။

အရှင်သဗ္ဗကာမိ။ အရှင်ဘုရား...ကပ္ပတိ အနုမတိကပ္ပေါ = မလာရောက်သေးသော ရဟန်းများ၏ အလိုဆန္ဒကို လာမှယူမည်ဟု ကြံ၍ ဝဂ်ဖြစ်သော သံဃာဖြင့် ကံပြုပြီးနောက်မှ အလိုဆန္ဒ ယူခြင်းသည် အပ်၏ဟု ဝဇ္ဇီအမျိုးသား ရဟန်းများ၏ ကြံဆဟောပြောချက်သည် မသင့်မလျော် အလွဲအမှားသာ ဖြစ်ပါသည်ဘုရား။ ဘုရားမြတ်စွာသည် စမ္ပေယျက္ခန္ဓကဝိနယ ဝတ္ထု၌ ပယ်တော်မူပါသည်။ ဝိနည်းကို ကျူးလွန်ခြင်းကြောင့် သင့်သော ဒုက္ကဋ်အာပတ်သို့ သင့်ရောက်ပါသည်ဘုရား။

အရှင်ရေဝတ။ ငါ့ရှင် သဗ္ဗကာမိ.... ကပ္ပတိ အာစိဏ္ဏကပ္ပေါ = တစ်မျိုးတစ်ဖုံ ကြံဆအပ်သော ဆရာဥပဇ္ဈာယ်တို့၏ အလေ့အကျက်သည် အပ်၏ဟု ဝဇ္ဇီအမျိုးသား ရဟန်းများ ကြံဆဟောပြောဖော်ပြချက်သည် သင့်လျော်လေသလော၊ ကြံဆသည့်အတိုင်း အပ်လေသလော။

အရှင်သဗ္ဗကာမိ။ အရှင်ဘုရား.... ကပ္ပတိ အာစိဏ္ဏကပ္ပေါ = တစ်မျိုးတစ်ဖုံ ကြံဆအပ်သော ဆရာဥပဇ္ဈာယ်တို့၏ အလေ့အကျက်သည် အပ်၏ဟု ဝဇ္ဇီအမျိုးသား ရဟန်းများ ကြံဆ

ဟောပြောချက်အရ ဖြေဆိုရပါလျှင် တစ်ချို့ တစ်မျိုး တစ်ဖုံ ကြံဆချက် အာစိဏ္ဏကပ္ပသည် အပ်ပါသည်၊ တစ်ချို့ အာစိဏ္ဏကပ္ပသည် မအပ်ပါဘုရား။

အရှင်ရေဝတ။ ငါ့ရှင် သဗ္ဗကာမိ... ကပ္ပတိ အမထိတကပ္ပေါ၊ နို့ရည် အဖြစ်ကိုလည်း စွန့်၊ နို့ခမ်းအဖြစ်သို့လည်း မရောက်သေး သော နို့ရည်ကို ပဝါရိတ်သင့်ပြီးသော ရဟန်း၏ သောက် ခြင်းသည် အပ်၏ဟု ဝဇ္ဇီအမျိုးသား ရဟန်းတို့၏ ကြံဆ ဟောပြောချက်သည် ဝိနည်းနှင့် ညီညွတ်ပါသလော၊ ဘုရားမြတ်စွာသည် အဘယ်အရပ် အဘယ်သိက္ခာပုဒ်၌ ပညတ်တော်မူပါသနည်း။

အရှင်သဗ္ဗကာမိ။ အရှင်ဘုရား....ကပ္ပတိ အမထိတကပ္ပေါ = နို့ရည်အဖြစ် ကိုလည်း စွန့်၊ နို့ခမ်းအဖြစ်သို့လည်း မရောက်သေးသော နို့ရည်ကို ပဝါရိတ်သင့်ပြီးသော ရဟန်း၏ သောက်ခြင်း သည် အပ်၏ဟု ဝဇ္ဇီအမျိုးသား ရဟန်းများ၏ ကြံဆ ဟောပြောချက်သည် ဝိနည်းနှင့် မညီ၊ ဘုရားဇိနေဉ်အလို တော် မကျပါဘုရား၊ ဘုရားရှင်သည် သာဝတ္ထိမြို့တော်၌ ပယ်မြစ်တော်မူခဲ့ပါသည်။ ယင်းသို့ ပယ်မြစ်ကြောင်း ပါတိမောက်ကိုဝေဖန်ရာ ပဒဘာဇနီ၌ အထင်အရှား လာရှိပါသည်။ နို့ရည်အဖြစ်ကိုစွန့်၊ နို့ခမ်းအဖြစ်သို့ မရောက် သေးသော နို့ရည်ကို သုံးဆောင်လျှင်၊ သောက်သုံးပါလျှင် ပါစိတ်အာပတ်သင့်ပါသည် စသည်ဖြင့် ဖြေဆိုတော်မူခဲ့ လေသည်။

အရှင်ရေဝတ။ ငါ့ရှင် သဗ္ဗကာမိ ကပ္ပတိ ဇဠောဂိံ ပါတုံ= သေရည် အဖြစ်သို့မရောက်သေးသော သေနုကို သောက်ကောင်း၏ ဟု ဝဇ္ဇီအမျိုးသားရဟန်းများကြံဆပြောဟောလျက်ရှိရာ ၎င်း ရဟန်းများ ကြံဆဟောပြောသည့်အတိုင်း အပ်ပါသ လော၊အရပ်ဌာနသိက္ခာပုဒ်အာပတ်နှင့်တကွ ဖော်ပြဖြေဆို ပါလော့။

အရှင်သဗ္ဗကာမီ။ အရှင်ဘုရား.... ကပ္ပတိ ဇဋ္ဌောဂိ ပါတုံ = သေရည် အဖြစ်သို့မရောက်သေးသော သေနုကို သောက်ကောင်း၏ ဟု ဝဇ္ဇီအမျိုးသားရဟန်းများ ကြံဆပြောဟောလျက် ရှိရာ ယင်းကြံဆ ပြောဟောချက်သည် အလွဲအမှားသာ ဖြစ်ပါသည်ဘုရား။ ဘုရားရှင်သည် ကောသမ္ဗီပြည်ဝယ် ပါတိမောက်ကို အကျယ်ဝေဖန်ရာ ပဒဘာဇနီ၌ ပယ်တော်မူခဲ့ပါသည်ဘုရား။ယင်းသေအဖြစ်သို့ မရောက်သေးသော သေနုကိုသောက်လျှင် ပါစိတ်အာပတ်သင့်ပါသည်ဘုရား။

အရှင်ရေဝတ။ ငါ့ရှင်သဗ္ဗကာမီ.... ကပ္ပတိ အဒသကံ နိသီဒနံ=အမြိတ် အဆာမပါမရှိသော နိသီဒိုင်သည်အပ်၏ဟု ဝဇ္ဇီ အမျိုး သားရဟန်းတို့ ကြံဆဟောပြောဝါဒဖြန့်လေရာ ယင်းတို့ ကြံဆဟောပြော ဝါဒဖြန့်သည့်အတိုင်း အပ်ပါသလော၊ အရပ်ဌာနသိက္ခာပုဒ် အာပတ်နှင့်တကွ ဖော်ပြဖြေဆိုပါ လော့။

အရှင်သဗ္ဗကာမီ။ အရှင်ဘုရား.... ကပ္ပတိ အဒသကံ နိသီဒနံ=အမြိတ် အဆာမပါမရှိသော နိသီဒိုင့်သည်အပ်၏ဟု ဝဇ္ဇီ အမျိုး သား ရဟန်းများ ကြံဆဖော်ပြဝါဒဖြန့်လေရာ ၎င်းတို့ ကြံဆဖော်ပြဟောပြောချက်သည် အလွဲအမှားသာ ဖြစ်ပါ သည်။ ဘုရားမြတ်စွာသည် သာဝတ္ထိပြည်ဝယ် ပါတိ မောက်ကို အကျယ်ဝေဖန်ရာ ပဒဘာဇနီ၌ ပယ်တော်မူခဲ့ ပါသည်။ ယင်း အမြိတ်အဆာမပါမရှိသော နိသီဒိုင်ကို သုံးဆောင်သောရဟန်း ဆေဒနက ပါစိတ်အာပတ် သို့ သင့်ရောက်ပါသည်ဘုရား။

အရှင်ရေဝတ။ ငါ့ရှင်သဗ္ဗကာမီ.... ကပ္ပတိ ဇာတရူပရဇတံ= ရွှေငွေသည် အပ်၏ဟု ဝဇ္ဇီအမျိုးသား ရဟန်းများ ကြံဆဟောပြော ဖော်ပြရာ ၎င်းတို့ကြံဆ ဟောပြောဖော်ပြသည့် အတိုင်း အပ်ပါသလော၊ အရပ်ဌာနသိက္ခာပုဒ် အာပတ်နှင့်တကွ ဖော်ပြပါလော့။

အရှင်သဗ္ဗကာမိ။ အရှင်ဘုရား.... ကပ္ပတိ ဇာတရူပရဇတံ-ရွှေငွေသည် အပ်၏ဟု ဝဇ္ဇီအမျိုးသား ရဟန်းများ ကြံဆဟောပြောဖော်ပြချက်သည် အလွဲအမှားသာဖြစ်ပါသည်။ ဘုရားမြတ်စွာသည် မဂဓတိုင်း ရာဇဂြိုဟ်မြို့တော် ပါတိမောက်အကျယ်ဝေဖန်ရာ ပဒဘာဇနီ၌ ပယ်တော်မူပါသည်၊ ရွှေငွေကိုခံယူသောရဟန်း ပါစိတ်အာပတ် သင့်ပါသည် ဘုရား။

ဤသို့ဖြင့် အရှင်ရေဝတမထေရ်က မေးတော်မူ၍ အရှင်သဗ္ဗကာမိမဟာထေရ်က သက်ဆိုင်ရာ ဝိနယယုတ္တိ ဝိနယသာဓကတို့ဖြင့်ဖြေဆိုတော်မူခဲ့လေသည်။ ယင်းအဓမ္မဝတ္ထုဆယ်ချက်ကိုအမေးအဖြေပြုပြီးတိုင်း "သုဏာတု မေ ဘန္တေ သံဃော၊ ဣဒံ ပဌမံ ဝတ္ထု (ဣဒံ ဒုတိယံ ဝတ္ထု၊ ဣဒံ တတိယံ ဝတ္ထု... ဒသမံ ဝတ္ထု) သံဃေန ဝိနိစ္ဆိတံ၊ ဣတိပိဒံ ဝတ္ထု ဥဗ္ဗမ္မံ ဥဗ္ဗိနိယံ အပဂတသတ္ထုသာသနံ ဣဒံ ပဌမံ သလာကံ(ဒုတိယံ သလာကံ....ဒသမံ သလာကံ) နိက္ခိပါမိ။

အရှင်ဘုရားတို့....သံဃာတော်သည် အကျွန်ုပ်၏စကားကို နာယူတော်မူပါလော့၊ ရှေးဦးစွာ ဤဝတ္ထုကို (နှစ်ကြိမ်မြောက် ဤဝတ္ထုကို....... ဆယ်ကြိမ်မြောက် ဤဝတ္ထုကို) သံဃာတော်သည်ဆုံးဖြတ်အပ်ပါပြီ။ ဤအကြောင်းကြောင့် ဤဝတ္ထုသည် တရားမဟုတ်၊ ဝိနည်းမဟုတ်၊ ဘုရားမြတ်စွာအဆုံးအမမှကင်း၏၊ ရှေးဦးစွာ ဤစာရေးတံမဲကို ချပါ၏၊ (နှစ်ကြိမ်မြောက် ဤစာရေးတံမဲကို........ ဆယ်ကြိမ်မြောက် ဤစာရေးတံမဲကိုချပါ၏) ဟူ၍ အရှင်သဗ္ဗကာမိထေရ်သည် သံဃာတော်အား လျှောက်ထားတော်မူခဲ့လေသည်။

သံဂါယနာတင်တော်မူကြခြင်း

ယင်းသို့ အမေးအဖြေပြုတော်မူကြ၍ အဓိကရုဏ်းကို ငြိမ်းစေပြီးနောက်တွင် မထေရ်မြတ်ကြီးတို့က.... ငါရှင်တို့ ယခုအခါ အကျွန်ုပ်တို့ သုတ်အဘိဓမ္မာဝိနည်းကို ညီညာသံချီစုပေါင်းရွတ်ဆို သံဂါယနာတင်ကြပါကုန်စို့ ဟုတစ်ညီတစ်ညွတ်တည်းတိုင်ပင်၍ ပိဋကသုံးပုံကိုဆောင်တော်မူကြသည့် တိပိဋကဓရ, အတ္ထပဋိသမ္ဘိဒါ, ဓမ္မပဋိသမ္ဘိဒါ, ပဋိ

ဘာန ပဋိသမ္ဘိဒါ, နိရုတ္တိပဋိသမ္ဘိဒါဟူသော ပဋိသမ္ဘိဒါဉာဏ် လေးတန်သို့ ရောက်တော်မူကြသည့် စတုပဋိသမ္ဘိဒါပတ္တရဟန္တာသခင် အရှင်မြတ်ခုနစ်ရာတို့ကို ရွေးကောက်တော်မူကြကာ အလွန်လျှင် သာယာပြော စည်ကျယ်ဝန်းလှသည့် ဝေသာလီပြည် (ဝေသာလီမြို့တော်) ဝါလိကာရုံကျောင်းတိုက်ကြီး၌ ညီညာတစ်သွေး စည်းဝေးတော်မူကြ၍ အရှင်မဟာကဿပမဟာထေရ် သံဂါယနာတင်သည့်နည်းတူ သာသနာတော် အညစ်အကြေးဘေးရန် အားလုံးကို သုတ်သင်တော်မူကြကာ ထပ်မံ၍ ပိဋကဲ, နိကာယ်, အင်္ဂါ, ဓမ္မက္ခန္ဓာတို့၏ အစွမ်းအားဖြင့် သုတ်,အဘိဓမ္မာ, ဝိနည်းအားလုံးကို ညီညာသံချီ စုပေါင်းသံဂါယနာ တင်တော်မူခဲ့ကြကုန်၏။ ယင်းသို့ သံဂါယနာတင်တော်မူကြရာ ရှစ်လအကြာတွင် သံဂါယနာတင်ပွဲကြီး ပြီးစီးအောင်မြင်ခဲ့လေသည်။

သတ္တသတသံဂါယနာ, ဒုတိယသံဂါယနာခေါ်

ယင်းသို့ဘိပိဋကဓရ, ဆဠဘိည, ပဋိသမ္ဘိဒါပတ္တရဟန္တာသခင် အရှင်မြတ်ငါးရာတို့ တင်အပ်သော သံဂါယနာဖြစ်ရကား "သတ္တသတသံဂါယနာ"ဟူ၍လည်းကောင်း အရှင်မဟာကဿပအမှူးရှိသော တိပိဋကဓရ, ဆဠဘိညာ ပဋိသမ္ဘိဒါပတ္တရဟန္တာသခင် အရှင်မြတ်ငါးရာတို့ တင်အပ်ခဲ့ပြီးသော ပဌမသဂါယနာကိုထောက်၍ "ဒုတိယသံဂါယနာ" ဟူ၍လည်းကောင်း ခေါ်ဆို ပညတ်သမုတ်ခဲ့ကြလေကုန်၏။

၅၆၂။ သတေဟိသတ္တဟိကတာ၊ တေန သတ္တသတာတိ စ။
ပုဗ္ဗေကတံ ဥပါဒါယ၊ ဒုတိယာတိ စ ဝုစ္စတိ။[၁]

ယေန၊ အကြင်ကြောင့်။ သတ္တဟိသတေဟိ–တိပိဋကဓရ ဆဠဘိည ပဋိသမ္ဘိဒါပတ္တရဟန္တာသခင်အရှင်မြတ် ခုနစ်ရာတို့သည်။ ကတာ၊ ပြုအပ်ပြီး၊ ဝါ–ညီညာသံချီရွတ်ဆိုပြီးပြင်တင်အပ်ပြီး၊ တေ၊ ထို့ကြောင့်။ သတ္တသတာတိ စ၊ သတ္တသတသံဂါယနာဟူ၍လည်းကောင်း။ ပုဗ္ဗေ၊ ရှေး၌ဘဝ၌။ ဝါ–ရှေးဖြစ်သောဘုရားဇိနေဝ် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သုံးလမြောက်ရာအခါ၌၊ ကတံ၊ ပြုအပ်ပြီးသော ပဌမသံဂါယနာကို။ ဥပါဒါယ၊ ထောက်၍။ ဒုတိယာစ၊ ဒုတိယသံဂါယနာဟူ၍လည်းကောင်း။ ဝုစ္စတိ၊ ခေါ်ဆိုပညတ်သမုတ်အပ်၏။

၁။ ဝါ၊ ဋ္ဌ၊ ၁၊ ၂၇။

ဒုတိယသံဂါယနာတွင် ပါဝင်သည့် မထေရ်ကျော်များ

ဖော်ပြပါ ဒုတိယသံဂါယနာ မဟာသဘင်ကြီးကို ကျော်စော-ကိတ္တိရှိလှသော ရဟန္တာသခင် အရှင်မြတ်ခုနစ်ဆာတို့ ညီညာသံချို စုပေါင်းရွတ်ဆို သံဂါယနာတင်တော်မူခဲ့ကြရာ ထူးထူးခြားခြား ကျော်စောထင်ရှားသည့် ရဟန္တာသခင် အရှင်မြတ်တို့မှာ ဘုရားမြတ်စွာကို မှီလိုက်ကြ ဖူးမြော်ဖူးကြကုန်သော အရှင်အာနန္ဒာ၏ ဥပဇ္ဈာယ်ယူ အတူနေတပည့်ဖြစ်တော်မူကြသည့် အရှင်သဗ္ဗကာမိထေရ်, အရှင်သာဠှထေရ်' အရှင်ရေဝတထေရ်, အရှင်ခုဇ္ဇသောဘိတထေရ်, အရှင်ယသထေရ်, သာဏအရပ်၌သီတင်းသုံးစံပျော် နေတော်မူသည့် အရှင်သမ္ဘူတထေရ်တို့လည်းပါရှိတော်မူခဲ့ကြကုန်၏။

၎င်းပြင် ဘုရားရှင်ကို မှီလိုက်ကြ ဖူးမြင်ဖူးကြသည့် အရှင်အနုရုဒ္ဓါ၏ ဥပဇ္ဈာယ်ယူ အတူနေတပည့်ဖြစ်တော်မူကြသော အရှင်သုမနထေရ်, အရှင်ဝါသဘဂါမိထေရ်တို့လည်း ပါရှိကြကုန်၏။

အားလုံးခြုံငုံ၍ပြောရလျှင် ဒုတိယသံဂါယနာတင် ရဟန်းတော်ခုနစ်ရာစလုံး ခန္ဓာဝန်ချပြီး, မဂ်ကိစ္စပြုပြီး အာသဝေါကင်းကွာ ရဟန္တာပုဂ္ဂိုလ်မြတ်တို့ချည်းသာ ဖြစ်ကြကုန်၏။ ယင်းသို့ဖြစ်ကြောင်း အဋ္ဌကထာ၌—

၅၆၃။ ယေဟိ ထေရေဟိ သင်္ဂီတာ၊ သင်္ဂီတိ တေသု ဝိဿုတာ။
သဗ္ဗကာမိ စ သာဠှော စ၊ ရေဝတော ခုဇ္ဇသောဘိတော။

၅၆၄။ ယသော စ သာဏသမ္ဘူတော၊ ဧတေ သဒ္ဓိဝိဟာရိကာ။
ထေရာ အာနန္ဒထေရဿ၊ ဒိဋ္ဌပုဗ္ဗာ တထာဂတံ။

၅၆၅။ သုမနော ဝါသဘဂါမီ စ၊ ဉေယျာ သဒ္ဓိဝိဟာရိကာ။
ဒွေ ဣမေ အနုရုဒ္ဓဿ၊ ဒိဋ္ဌပုဗ္ဗာ တထာဂတံ။

၅၆၆။ ဒုတိယော ပန သင်္ဂီတော၊ ယေဟိ ထေရေဟိ သင်္ဂဟော။
သဗ္ဗေပိ ပန္နဘာရာ တေ၊ ကတကိစ္စာ အနာသဝါ။'

ဟူသော ၄-ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။

၁။ ဝိ၊ ဋ္ဌ၊ ၁၊ ၂၇။

ဂါထာများအနက်။ ။သာ အယံ သင်္ဂီတိ=ဝေသာလီမြို့တော် ဝါလိကာရုံ ကျောင်းရွှေဘုံဝယ် ကြီးကျယ်လှစွာ ထိုဒုတိယသံဂါယနာကို။ ယေဟိ ထေရေဟိ= အကြင်မဟာထေရ်မြတ်တို့သည်။ သံဂီတာ= ညီညာသံချီ စုပေါင်းရွတ်ဆို သံဂါယနာတင်အပ်ပြီ။ တေသု ထေရေသု=ထိုဒုတိယ သံဂါယနာတင် မဟာထေရ်တို့တွင်။ ဝိဿုတာ=သီလ သမာဓိ ပညာဂုဏ်တို့ကြောင့် သုံးဘုံလောကဓာတ် ပွဲတင်ထပ်မျှ ကျော်စောလှကုန်သော။ သဗ္ဗကာမိစ=အရှင်သဗ္ဗကာမိမဟာထေရ်သည်လည်းကောင်း၊ သာဠှောစ= အရှင်သာဠှမဟာထေရ်သည် လည်းကောင်း။ ရေဝတော=အရှင်ရေဝတမဟာထေရ်သည်လည်းကောင်း။ ခုဇ္ဇသောဘိတော=အရှင်ခုဇ္ဇသောဘိတမဟာထေရ်သည်လည်းကောင်း။ ယသောစ= အရှင်ယသမဟာထေရ်သည်လည်းကောင်း။ သာဏသမ္ဘူတော=သာဏ အရပ်ဒေသနေ အရှင်သမ္ဘူတမဟာထေရ်သည်လည်းကောင်း။ ဧတေ ထေရာ=ထုတ်ဆိုပြအပ် ထိုမဟာထေရ်မြတ်တို့သည်။အာနန္ဒတ္ထေရဿ=ရှင်တော်ဘုရား ညီဖွားလိမ္မာ အရှင်အာနန္ဒာမထေရ်၏။ သဒ္ဓိဝိဟာရိကာ=ဥပဇ္ဈာယ်ယူ အတူနေတပည့်တို့ပေတည်း။ တထာဂတံ= ရှေးရှေးနောင်တော် မြတ်ဗိနေ်သယမ္ဘူတို့အတူ ကြွလာခြင်းကောင်းတော်မူငြားဘုရားမြတ်စွာကို။ဒိဋ္ဌပုဗ္ဗာ=ရှေး၌ဖူးမြင်လိုက်ကြကုန်ပြီ။ဝါ=ဖူးမြင်ဖူးကြလေကုန်ပြီ။ ဝါ=မှီလိုက်ကြလေကုန်ပြီ။

သုမနော=အရှင်သုမနမထေရ်ကိုလည်းကောင်း။ ဝါသဘဂါမိ=အရှင်ဝါသဘဂါမိမဟာထေရ်ကိုလည်းကောင်း။ ဒွေ=နှစ်ပါးကုန်သော။ဣမေ ထေရာ=ဤမဟာထေရ်တို့ကို။ အနုရုဒ္ဓဿ=ဒိဗ္ဗစက္ခုအဘိညာဉ် ဇောဒဂ်ရအသီတိမဟာသာဝက အဝင်အပါ အရှင်အနုရုဒ္ဓါထေရ်မဟာ၏။ သဒ္ဓိဝိဟာရိကာ=ဥပဇ္ဈာယ်ယူအတူနေတပည့်တို့ဟူ၍။ဉေယျာ=မုချဆတ်ဆတ်သိအပ်ကုန်၏။ တေ=ထိုအရှင်သုမနမဟာထေရ်, အရှင်ဝါသဘဂါမိမဟာထေရ်တို့သည်။ တထာဂတံ=ရှေးရှေးနောင်တော် မြတ်ဗိနေ်သယမ္ဘူတို့အတူ ကြွလာခြင်းကောင်းတော်မူငြား ဘုရားမြတ်စွာကို။ဒိဋ္ဌပုဗ္ဗာ=ရှေး၌ဖူးမြင်လိုက်ကြကုန်ပြီ။ ဝါ=ဖူးမြင်ဖူးကြကုန်ပြီ။ ဝါ=မှီလိုက်ကြကုန်ပြီ။

ယေဟိ ထေရေဟိ ပန=အကြင်မဟာထေရ်မြတ်တို့သည်ကား။ ဒုတိယော=ပဌမသံဂါယနာကိုထောက်နှစ်ကြိမ်မြောက်ဖြစ်သော။သင်္ဂီတော=ဓမ္မဝိနယတို့ကို သိမ်းယူကြောင်း သံဂါယနာကို။ သံဂီတော=ညီညာသံချီ စုပေါင်းရွတ်ကာ သံဂါယနာတင်အပ်ခဲ့လေပြီ။ သဗ္ဗေပိ=အလုံးစုံလည်း

ဖြစ်ကုန်သော။ ဘေ ထေရော=ရေတွက်သျှေ ထိုမဟာထေရ်ခုနစ်ရာတို့သည်။ ပန္နဘာရာ=ချအပ်ပြီးသော ခန္ဓာဝန်ရှိကြကုန်သော။ ဝါ=ခန္ဓာဝန်ချပြီးကြကုန်သော။ ကတကိစ္စာ = ပြုအပ်ပြီးသော မဂ်ကိစ္စ ရှိကြကုန်သော။ ဝါ = မဂ်ကိစ္စပြုပြီးတော်မူကြကုန်သော။ အနာသဝါ= အာသဝေါကင်းကွာ ရဟန္တာအရှင်မြတ်တို့ချည်းသာတည်း။

ဒုတိယသံဂါယနာတင် မဟာထေရ်မြတ်ကြီးတို့ တတိယသံဂါယနာအရေး မျှော်တွေးဆင်ခြင် ဆောင်ရွက်တော်မူကြခြင်း

ဤဆိုခဲ့ပြီးသည့်အတိုင်း ဒုတိယသံဂါယနာ မဟာဓမ္မသဘင် ပွဲကြီး ယင်ပြီးလျှင် မဟာထေရ်မြတ်တို့သည် နောင်အနာဂတ် ခါသမယတွင် ဘုရားမြတ်စွာ သာသနာတော်၏ ဤသို့သဘောရှိသော ဘေးရန်သည် ဖြစ်လိမ့်မည်လော့ဟု ဆင်ခြင်ကြည့်ရှုလေရာ ဤနှစ်မှစ၍ အနှစ်တစ်ရာ အထက် တစ်ဆယ့်ရှစ်နှစ်မြောက်ဝယ် မဂဓတိုင်း ပါဋလိပုတ်မြို့တော်ကြီး၌ သီရိဓမ္မာသောကမည်သော မင်းတရားသည် ထီးဖြူစိုက်ဆောက် မင်းအဖြစ်သို့ ရောက်၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို အုပ်စိုးလိမ့်မည်။

ထိုသီရိဓမ္မာသောကမင်းသည် ဘုရားမြတ်စွာ သာသနာတော်၌ သဒ္ဓါ ရွှန်းစို ကြည်ညို၍ ကြီးစွာသော လာဘ်ပူဇော်သကာကို ဖြစ်စေလိမ့်မည်။ ထိုသို့ဖြစ်လေရာ တိတ္ထိတို့သည် လာဘ်ပူဇော်သကာကို တောင့်တလိုချင် ခင်မင်ကြ၍ ဘုရားရှင်သာသနာတော်ဝယ် ရဟန်းပြုကာ မိမိတို့အယူကို ပြုကြကုန်လိမ့်မည်။ ဤသို့ဖြစ်သည်ရှိသော် ဘုရားဇိနေ်သာသနာတော်၌ ကြီးစွာသော ဘေးရန်အန္တရာယ် ဖြစ်လိမ့်မည်။ ကျုံ့ရလိမ့်မည်-ဟု ဤသို့သော အကြောင်းကို ချက်တွေ့ထင်ထင် မြင်တော်မူကြကုန်၏။

ယင်းသို့ မြင်တော်မူသောအခါ မဟာထေရ်မြတ်တို့အား "သာသနာတော်၌ ဤဘေးရန်အန္တရာယ် ဖြစ်ပေါ်လာပါက ငါတို့မျက်မြင်ဖြစ်ကုန်မည်လော့၊ သို့မဟုတ် ငါတို့မျက်မြင် မဖြစ်ကုန်မည်လောဟု အကြံအစည် ဖြစ်တော်မူကြသည်။

ထိုအခါ ယင်း အားလုံးသော မဟာထေရ်မြတ်ကြီးတို့သည်ပင်လျှင် ထိုသာသနာ့ရန်စွယ် အန္တရာယ်ကြီး ဖြစ်ပေါ်လာသောအခါ မိမိတို့၏ မျက်ကွယ်မှာ ဖြစ်မည်ကို သိတော်မူကြ၍ "အဘယ်သူသည် ထိုအဓိကရုဏ်းကို ငြိမ်းစေခြင်းငှာ စွမ်းနိုင်ပါလိမ့်မည်နည်း"ဟု လူ့ပြည်အားလုံးနှင့်

ကာမာဝစရနတ်ပြည် ခြောက်ထပ်အားလုံးတို့ကို ကြည့်တော်မူကြလေရာ တစ်စုံတစ်ယောက်သောသူကို မမြင်၍ ဗြဟ္မာ့ပြည်ဝယ် နည်းသောအသက် ကြွင်းရှိ၍ အထက်ဗြဟ္မာ့ပြည်၌ဖြစ်ရန် ပွားများအပ်ပြီးသော ဈာန်ရှိသော တိဿအမည်ရှိသော ဗြဟ္မာကြီးကို မြင်ကြကုန်၏။

ထိုအခါ မဟာထေရ်မြတ်ကြီးတို့အား "အကယ်၍ ငါတို့သည် ယင်း တိဿဗြဟ္မာကို လူ့ပြည်၌ ဖြစ်ရန် လုံ့လပြုကုန်အံ့၊ စင်စစ်ကေန် အမှန် မုချ ထိုတိဿဗြဟ္မာသည် မောဂ္ဂလိပုဏ္ဏား၏ အိမ်၌ စွဲပိုက်သန္ဓေ တည်နေ လိမ့်မည်။ ထိုပုဏ္ဏားအိမ်မှ ဗုဒ္ဓမန္တန်တို့ဖြင့် ဖြားယောင်းအပ်ခဲ့လျှင် ထို လုလင်သည် အိမ်မှထွက်၍ ရဟန်းပြုလိမ့်မည်"။

ဤသို့ ကာမအနှောင် ပယ်ခွာရှောင်၍ ရဟန်းဘောင်ရောက်လျှင် ဘုရားဇိနေ့် စကားတော်အားလုံးကို သင်ယူကာ ပဋိသမ္ဘိဒါဉာဏ် လေး တန်ကို ရရှိလျက် တိတ္ထိတို့ကို နှိပ်နင်း၍ ထိုအဓိကရုဏ်းကို ဆုံးဖြတ်၍ ဘုရားမြတ်စွာ သာသနာတော်ကို ချီးမြှောက်လိမ့်မည်-ဟု ကြံဆင်ခြင် တော် မူကြလေကုန်၏။

ဗြဟ္မာ့ပြည်ကြွ တိဿဗြဟ္မာကြီးအား တောင်းပန်ကြခြင်း

ထို ဒုတိယသံဂါယနာတင် ရဟန္တာသခင် မဟာထေရ်အရှင်မြတ်ကြီးတို့ သည် ဗြဟ္မာ့ပြည်သို့ ကြွတော်မူကြ၍ တိဿဗြဟ္မာကြီးကို "ဤနှစ်မှထောက် အနှစ် တစ်ရာ့တစ်ဆယ့်ရှစ်နှစ်မြောက်၌ သာသနာတော်ဝယ် ဘေးရန် အန္တရာယ်ကြီး ဖြစ်လိမ့်မည်။ ငါတို့သည် ဤလူ့ပြည်အားလုံး၊ ကာမာဝစရ နတ်ပြည်ခြောက်ထပ်အားလုံး ကြည့်ရှုကြလေရာ ဘုရားမြတ်စွာ သာသနာ ကို ချီးမြှောက်ခြင်းငှာ စွမ်းနိုင်သော တစ်စုံတစ်ယောက်သောသူကို မမြင် ကြ၍ ဗြဟ္မာ့ပြည်၌ ရှာဖွေစုံစမ်းကြလေရာ သင့်ကိုသာ ငါတို့မြင်ကြသည်။ အို....သူတော်ကောင်း....ငါတို့တတွေ တောင်းပန်ကြပေကုန်၏။ သင်သည် လူ့ပြည်၌ဖြစ်၍ ဘုရားဇိနေ့် သာသနာတော်ကို ချီးမြှောက်အံ့သောငှာ ဝန်ခံချက် ပဋိညာဉ်ပေးပါလော့"ဟု မိန့်ဆိုတော်မူကြကုန်၏။

ယင်းသို့ မဟာထေရ်မြတ်တို့က မိန့်ဆိုတော်မူကြလေရာ တိဿဗြဟ္မာကြီး သည် "ငါကား ဘုရားဇိနေ့် သာသနာ၌ ဖြစ်ပေါ်သောဘေးရန်ကို သုတ်သင်၍ သာသနာတော်ကိုချီးမြှောက်ခြင်းငှာ စွမ်းနိုင်သူဖြစ်လိမ့်မည် တဲ့"ဟု အလွန်လျှင် နှစ်သက်ရွှင်လန်း ဝမ်းမြောက်လျက် "ကောင်းပါပြီ"

ဟု စကားတို့ပြန် ဝန်ခံချက် ပေးလေ၏။ မဟာထေရ်မြတ်တို့သည် ဖြဟ္မာ့ပြည်၌ ပြုဖွယ်ကိစ္စ ပြီးဆုံးစေကာ တစ်ဖန်ပြန်ကြွတော်မူလာကြကုန်၏။

မထေရ်နှစ်ပါးအား ဒဏ်ထားတော်မူခြင်း

ထိုစဉ်အခါက အရှင်သိဂ္ဂဝထေရ်, အရှင်စဏ္ဍဝဇ္ဇီထေရ် နှစ်ပါးတို့သည် သီတင်းငယ် ရဟန်းပျိုများဖြစ်ကြသည်။ ပိဋကတ်သုံးပုံဆောင်, ပဋိသမ္ဘိဒါ ဉာဏ် လေးတန်ပိုင်ရှင်အာသဝေါကင်းစင်ပြီး ရဟန္တာမထေရ်တို့ဖြစ်တော်မူကြသည်။ ယင်း မထေရ်နှစ်ပါးတို့သည် ဝဇ္ဇီအမျိုးသား ရဟန်းတို့၏အဓိကရဏ်းကို မမှီလိုက်ကြကုန်။ သို့ဖြစ်၍ မဟာထေရ်မြတ်ကြီးတို့က- အို-ငါ့ရှင်တို့....သင်တို့သည် ငါတို့၏ဤအဓိကရဏ်း၌ အဖော်အဖက် မဖြစ်ကြကုန်။ ထို့ကြောင့် သင်တို့အား ဒဏ်ထားရမည်။ တိဿမည်သော ဖြဟ္မာသည် မောဂ္ဂလိပုဏ္ဏား၏ အိမ်၌ စွဲလာသန္ဓေ တည်နေလိမ့်မည်။

သင်တို့နှစ်ပါးအနက်တစ်ပါးက ထိုသတို့သားကို အိမ်မှထုတ်၍ရဟန်းပြုလေလော့၊ တစ်ပါးက ဘုရားဗ်နေဝ် စကားတော်ကို သင်ပေးရမည်-ဟု မိန့်ဆိုတော်မူကြကာ အရှင်သိဂ္ဂဝထေရ်နှင့် အရှင်စဏ္ဍဝဇ္ဇီထေရ် နှစ်ပါးအား ဒဏ်ထားတော်မူခဲ့ကြကုန်၏။

ဤသည်လျှင် ဒုတိယသံဂါယနာကာင် ရဟန္တာသခင် အရှင်မြတ်တို့၏ တတိယသံဂါယနာ အရေးအခင်းအတွက် မျှော်တွေးဆင်ခြင် ဆောင်ရွက်ချက်ပင် ဖြစ်လေသည်။

ယင်းသို့ အရှင်သဗ္ဗကာမိ အစရှိသော ဒုတိယသံဂါယနာတင် ရဟန္တာသခင် မဟာထေရ်မြတ်ကြီးတို့၏ သာသနာတော်အတွက် ဆောင်ရွက်ချက်နှင့်တကွ ပရိနိဗ္ဗာန်စံတော်မူခဲ့ကြပုံကို သံဝေဂဖြစ်ဖွယ်တို့ကို ကျမ်းပြုလိမ္မာ အဋ္ဌကထာဆရာသည် အောက်ပါ ၄ ဂါထာဖြင့်ဖော်ပြတော်မူခဲ့လေသည်။

သံဝေဂယူရန်

၅၆၇။ သဗ္ဗကာမိပ္ပဘုတယော၊ တေပိ ထေရာ မဟိဒ္ဓိကာ။
အဂ္ဂိက္ခန္ဓာဝ လောကမှိ၊ ဇလိတွာ ပရိနိဗ္ဗုတာ။
၅၆၈။ ဒုတိယံ သင်္ဂဟံ ကတွာ၊ ဝိသောဓေတွာန သာသနံ။
အနာဂတေပိ ကတွာန၊ ဟေတုံ သဒ္ဓမ္မသုဒ္ဓိယာ။
၅၆၉။ ခီဏာသဝါ ဝသိပ္ပတ္တာ၊ ပဘိန္နပဋိသမ္ဘိဒါ။
အနိစ္စတာဝသံ ထေရာ၊ တေပိ နာမ ဥပါဂတာ။

၅၇၀။ ဧဝံ အနိစ္စတံ ဇမ္ဗိ၊ ဥတွာ ဒုရတိသမ္ဘဝံ။
တံ ပတ္တုံ ဝါယမေ ဓိရော၊ ယံ နိစ္စံ အမတံ ပဒံ။[၁]

သဗ္ဗကာမိပ္ပဘုတယော=အရှင်သဗ္ဗကာမိမဟာထေရ် အစရှိကုန်သော။ မဟိဒ္ဓိကာ=ကြီးသော တန်ခိုးဣဒ္ဓိပါဒ်ရှိတော်မူကြကုန်သော။ ယေပိထေရာ=ကိလေသာအာသဝေါ ကင်းစင် အကြင်ထေရ်အရှင်တို့သည်လည်း။ လောကမှိ = လောက၌။အဂ္ဂိက္ခန္ဓာဝ = မီးပုံကြီးတို့ကဲ့သို့။ဝါ=မီးပုံကြီးတို့လို။ဇလိတွာ = ထွန်းလင်းတောက်ပကြကုန်၍။ဒုတိယသင်္ဂဟံ=ဒုတိယသံဂါယနာ မဟာဓမ္မသဘင်ကြီးကို။ကတွာ = ဆန္ဒ စိတ္တ ဝီရိယ ဝီမံ ခြံရံ ရှေးရှု ပြုတော်မူကြ၍လည်းကောင်း။သာသနံ-ဘုရားဇိနေ် သာသနာတော်ကို။ ဝိသောဓေတွာန = သုတ်သင်တော်မူကြ၍ လည်းကောင်း။ အနာဂတေ = နောင်အခါ၌လည်း။ သဒ္ဓမ္မသုဒ္ဓိယာ = သူတော်ကောင်းတရား၏ စင်ကြယ်ခြင်း၏။ဟေတုံ= အကြောင်းကို။ကတွာ = ပြုတော်မူကြကုန်၍လည်းကောင်း။ ပရိနိဗ္ဗုတာ = အနုပါဒိသေသ နိဗ္ဗာနဖြင့် အေးမြငြိမ်းချမ်းတော်မူကြလေကုန်ပြီ။

ခီဏာသဝါ = အာသဝေါဟူ မြူမှုန်မသန်း ကုန်ခန်းတော် မူကြကုန်သော။ဝသိပ္ပတ္တာ = ဝသီဘော်ငါးဝသို ရောက်တော် မူကြကုန်သော။ ပဘိန္နပဋိသမ္ဘိဒါ = အတ္ထဓမ္မ ပဋိဘာနနှင့်နိရုတ္တိဟု လေးခုလေးဝ ကွဲပြားသောပဋိသမ္ဘိဒါရှိတော်မူကြကုန်သော။ တေပိ နာမ ထေရာ = ထို မည်သောမထေရ်တို့သော်မှလည်း။ဝါ = ထိုမထေရ်မည်သူတို့သော်မှလည်း။ အနိစ္စတာဝသံ = အနိစ္စတာနှင့် စပ်ကုန်သည်အဖြစ်သို့။ ဝါ = မမြဲသည် အဖြစ်နှင့်စပ်ကုန်သည်အဖြစ်သို့။ဥပါဂတာ=လွဲလည်းမရ ဆောက်ကြရကုန် တုံသေး၏။

ဇမ္ဗိ = ညစ်ညမ်းယုတ်မာဆိုးလှစွာသော။ ဒုရတိသမ္ဘဝံ = မလွှမ်းမိုး အပ်မလွှမ်းမိုးနိုင်သော။ အနိစ္စတံ = မမြဲသည်၏အဖြစ်ကို။ဝါ= မမြဲခြင်း ကို။ဧဝံ = ဤသို့ထုတ်ဆို ဖော်ပြခဲ့ပြီးသည့်အတိုင်း၊ ဥတွာ = သိပြီး၍။ နိစ္စံ = ထာဝစဉ်အရှည် အမြဲဘည်သော။ အမတံ = မသေရာကေန်မှန်လှ သော။ယံ ပဒံ = အကြင်နိဗ္ဗာန်သည်။အတ္ထိ = ကေန်တိတိရှိ၏။ တံ ပဒံ= ထိုနိစ္စအမတမည် နိဗ္ဗာန်ပြည်သို့။ပတ္တုံ = ပုံသေမဖောက်ရောက်ခြင်းငှာ။ ဓိရော = ပညာရှိ သူတော်ကောင်းသည်။ ဝါယမေ=လုံ့ပမ်းကြိုးကုတ် အားထုတ်ရာ၏။

၁။ ဝိ၊ ဋ္ဌ၊ ၁၊ ၂၈-၉။

ဒုတိယသံဂါယနာတင် အဏ်ချင်း

မင်းချင်းလေး။ ။တိုင်းမာဂဓိုရ် ရာဇဂြိုဟ်ဝယ် ထိုဇာတသတ် နွယ်မပြတ်သား သီးပွတ်မြေးမြစ် မင်းအဖြစ်ကို ညစ်ပစ်သတ်လုငါးဆက်ပြုမှ သုသုနာဂါ သာသနာကို ဝေသာလီမည် ချက်မြှုပ်ပြည်သို့ ယွန်းစည်ကျူးရင့် ချီလေပင့်သော် နှစ်မြင့်ငြိမ်ဆိမ် နန်းဗွေအိမ်ထက် စည်းစိမ်စံပြီး နတ်ဘုံမှီးသော် သားကြီးရတနာ ကာဠာသောက ရိပ်ဖြူသရှင့် ဘုရားသာသနာ နှစ်တစ်ရာသည် ကြိုက်လာပြန်လျှင် ထိုဘုရင်ကို အရှင်ယသ တူကွမကွာ ခုနစ်ရာတည့် ရဟန္တာစု အမှိ (တိုင်ပင်) ပြု၍ ဝါဠုကာရုံ ကမ္မည်းခံသည် သာစံထပ်ထပ် နက်သန်ရပ်ဝယ် မဏ္ဍပ်ကြီးစွာ သုဓမ္မာသို့ ရတနာကိုးသွယ် မွမ်းမံခြယ်သား ပန်းနွယ်ဖြူးစိပ် သဘင်ရိပ်ဝယ် စက်အိပ်နည်းဘိ ထေရ်မုနိသို့ ဒုတိယသံဂါယနာ တင်သောခါသည် ရှစ်မာသတိုင်တိုင်တည့်လေး။ ။သူ့ခတော်ကောင်း ဖော်ခွေမင်းချင်းတို့။[၁]

ဒုတိယသံဂါယနာမော်ကွန်းအကျဉ်း

ဘုရားပရိနိဗ္ဗာန် စံလွန်သည်မှ သက္ကရာဇ်တစ်ရာ ရောက်လတ်ခါဝယ် ဝေသာလီပြည်ကြီးအရှင် ဘုရင်ကာဠာသောက မင်းတရားလက်ထက် ဆယ်ချက်သော အဓမ္မကို ဥဇ္ဇိနယဝါဒီဖြင့် ဝဇ္ဇီတိုင်းသား ရဟန်းများတို့ ဖောက်ပြားသည်ကို အကြောင်းမူ၍ နိဗ္ဗုတာရုံ ပြည့်စုံလက်ရှိ သိဒ္ဓိမြောက်ပြီး ထေရ်ကြီးခုနစ်ရာ ရဟန္တာတို့သည် ရှင်မဟာယသ ထေရိန္ဒကို ဂဏပါမောက် အကြီးမြှောက်၍ မေးလျှောက်ဖြေဖြန် အတ္ထန္တရ ဖော်ပြလင်းလင်း ရှင်းပစေလျက် ကိုးထွေအင်္ဂါ ဒေသနာကို မုခါရုဠ် ပေါင်းညီ ရှစ်လ အံရွတ်ကြ၍ ဒုတိယသံဂါယနာတင်ပါသတည်း။

တိုင်းမဇ္ဈောချာ ပြည်ဝေသာက ကာဠာသောကမင်းမြတ်နှင့် မြန့်ရပ်သင်းကျစ် သရေခေတ်က တိနေတြ သကလဇမ္ဗူ သိမ်းပိုက်ယူသော အသူရာအောင် ဒွတ္တပေါင်မင်းကြီးသည် ထီးပြိုင်နန်းပြိုင် ဖြစ်ပါသည်။

(ဦးပုညသာသနာလျှောက်)[၂]

၁။ စာဆိုတော်-ဦးယာဆို။

၂၊ မန္တလေးသာသနာဓင်၊ ၅၊ ၃ဂ၃-၄-နှာ။

ဒီပဝံသကျမ်းလာ ဒုတိယသံဂါယနာသမိုင်း မှတ်တမ်း

သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ ထင်ရှားလှသော ဒီပဝံသကျမ်း၌ ဒုတိယသံဂါယနာနှင့် စပ်သည့် သမိုင်းမှတ်တမ်းလာရှိရာ အောက်ပါအတိုင်း ကြည့်ရှုကြည်ညိုရာ၏။

၅၇၁။ ဒသဒသကဝဿမှိ၊ သမ္ဗုဒ္ဓေ ပရိနိဗ္ဗုတေ။
မဟာဘေဒေါ အဇာယိတ္ထ၊ ထေရဝါဒါနမုတ္တမော။
ဝေသာလိယံ ဝဇ္ဇီ ပုတ္တာ၊ ဒီပေန္တိ ဒသဝတ္ထုကေ။

သာသနာ့ ဂိုဏ်းဂဏဝါဒအားလုံးတို့တွင် ထေရဝါဒသည် အမြတ်ဆုံး အသန့်စင်ဆုံး ဖြစ်၏၊ ဘုရားမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူ၍ နှစ်ပေါင်း တစ်ရာရှိလေသော် သာသနာတော်၌ ကြီးစွာသော အယူအဆ ကွဲပြားမှု ဖြစ်ခဲ့လေသည်။ ဝဇ္ဇီတိုင်း ဝေသာလီမြို့တော်၌ ရဟန်းတို့အား မအပ်စပ်သော အကပ္ပိယဝတ္ထုဆယ်ပါးကို ကြံဆဟောပြော ဖော်ပြကြကုန်၏။

၅၇၂။ သိင်္ဂီလောဏံ ဒွင်္ဂုလကပ္ပံ၊ ဂါမန္တရာဝါသနုမတိံ။
တထာ အာစိဏ္ဏမထိတ-ဇလောဂိံ စာပိ ရူပိယံ။

၅၇၃။ နိသီဒနံ အဒသကံ၊ ဒိပိံသု ဗုဒ္ဓသာသနေ။
ဥဒ္ဓမ္မံ ဥဗ္ဗိနယဉ္စ၊ အပဂတံ သတ္ထုသာသနေ။

(၁) သားချိုဖြင့် ဆိုမှီးထားသော အကပ်ခံပြီး ဆားကို ဆွမ်း စသည်၌ ထည့်ခတ်သုံးဆောင်ခြင်းငှာ အပ်၏။
(၂) နေမွန်းတည့်ပြီးနောက် နေရိပ် လက်နှစ်သစ် လွန်သည့် အခါတိုင်အောင်ဆွမ်းစသောဘောဇဉ်ကိုစားကောင်း၏။
(၃) ရွာတစ်ပါးသို့ သွားလိုသော ရဟန်းသည် ပဝါရိတ်သင့် လျက် အတိရိတ်ဝိနည်းကံမပြုဘဲဆွမ်းစားခြင်းငှာအပ်၏။
(၄) တစ်သိမ်တည်းဝယ် နှစ်စုသုံးစု စသည် သံဃာတော်များ နေလျက် ဥပုသ် ပဝါရဏာ စသော ကံကြီးကံငယ်ပြုခြင်း ငှာ အပ်၏။
(၅) မကြွလာသေးသော ရဟန်းတို့၏ အလိုဆန္ဒကို ကြွလာ သောအခါ ယူအံ့ဟု နှလုံးသွင်း ကြံစည်၍ မကြွလာမီ သံဃာကံပြုခြင်းငှာ အပ်၏။
(၆) ဆရာဥပဇ္ဈာယ်တို့၏ အလေ့အကျင့်ဟူသမျှတို့သည်အပ်၏။

(၇) နို့ရည်အဖြစ်ကိုလွန်၍ နို့ဓမ်းအဖြစ်သို့ မရောက်သေးသော နို့ကို ပဝါရိတ်သင့်သော ရဟန်းသည် အတိရိတ်ဝိနည်းကံ မပြုဘဲ သုံးဆောင်ခြင်းငှာ အပ်၏။

(၈) မသေရည်အဖြစ်သို့မရောက်သေး (မကျသေး)သော သေကို (သေနု)ကို သောက်ခြင်းငှာ အပ်၏။

(၉) အမြိတ်အဆာ မရှိ၊ အမြိတ်အဆာမပါသော နိသီဒိုင်သည် အပ်၏။

(၁၀) ရွှေငွေကို ခံယူသုံးစွဲခြင်းငှာ အပ်၏။

ယင်း ဆယ်ချက်သော အဓမ္မဝတ္ထုတို့ကို ကြံဆဟောပြော ဖော်ပြကြကုန်၏။ ယင်းဝဇ္ဇီအမျိုးသား ရဟန်းများ ဖော်ပြအပ်သော ဝတ္ထု (အကြောင်း)ဆယ်ချက်သည် ဓမ္မမဟုတ် ဓမ္မမှ ကင်း၏။ ဓမ္မနှင့်မကိုက်ညီ။ ဝိနည်းမဟုတ်၊ ဝိနည်းမှ ကင်း၏။ ဝိနည်းနှင့်မကိုက်ညီ။ ဘုရားရှင်အဆုံး အမမှ ကင်း၏။ ဘုရားမြတ်စွာ အဆုံးအမနှင့် မကိုက်ညီ။

၃၇၄။ အတ္ထံ ဓမ္မဉ္စ ဘိန္ဒိံသု၊ ဝိလောမာနိ ဒီပယိံသု တေ။
ဘေသံ နိဂ္ဂဟဏတ္ထာယ၊ ဗဟူ ဗုဒ္ဓဿ သာဝကာ။

၃၇၅။ ဒွါဒသသတသဟဿ၊ ဇိနပုတ္တာ သမာဂတာ။
တေသိံ သန္နိပါတမှိ၊ ပါမောက္ခာ အဋ္ဌ ဘိက္ခဝေါ။

ဝဇ္ဇီအမျိုးသားရဟန်းတို့သည် အနက်အဓိပ္ပာယ် ပါဠိဓမ္မကို ဖျက်ဆီးကြသည်။ ဆန့်ကျင်ဘက် အယူအဆများကို ဖော်ပြကြသည်။ ယင်းဝဇ္ဇီ အမျိုးသားရဟန်းတို့ကို နှိပ်ကွပ်ဆုံးမခြင်းငှာ ဘုရားမြတ်စွာ၏ တပည့် သာဝက, ဘုရားဇိနနှာ် သားတော် ရဟန်းတော် တစ်သန်း နှစ်သိန်းတို့ စည်းဝေးကြကုန်၏။ ယင်း ရဟန်းသံဃာ တစ်သန်း နှစ်သိန်း အစည်း အဝေး၌ ခေါင်းဆောင် ပါမောက္ခရဟန်းတော် မဟာထေရ်ကြီးရှစ်ပါး တို့ ပါရှိကုန်၏။

၃၇၆။ သဗ္ဗကာမီ စ သာဠှော စ၊ ရေဝတော ခုဇ္ဇသောဘိတော။
ဝါသဘဂါမီ သုမနော စ၊ သာဏဝါသီ စ သမ္ဘူတော။

၃၇၇။ ယသော စ ကာက ဏ္ဍပုတ္တော၊ဇိနေန ထေရာမိတော ဣသိ။

ယင်း ရှစ်ပါးသော မဟာထေရ်တို့သည် ဘုရားရှင်တစ်မူ တူတော်မူကြသည်။ မြတ်သောရဟန္တာပုဂ္ဂိုလ်ကြီးတို့ ဖြစ်ကြသည်။ ချဉ်းကပ်ရန်ခက်ခဲသော မထေရ်မြတ်တို့ ဖြစ်ကြသည်။ များသော နောက်လိုက်နောက်ပါ တပည့်တပန်း ရဟန်းအပေါင်းရှိသူတို့ ဖြစ်တော်မူကြသည်။

ဖော်ပြပါဂုဏ်တို့နှင့်ပြည့်စုံသော ရဟန္တာသခင် အရှင်မြတ်ကြီးရှစ်ပါးတို့ကား—

(၁) အရှင်သဗ္ဗကာမိမဟာထေရ်၊ (၂) အရှင်သာဠမဟာထေရ်၊ (၃) အရှင်ရေဝတမဟာထေရ်၊ (၄) အရှင်ခုဇ္ဇသောဘိတမဟာထေရ်၊ (၅) အရှင်ဝါသဘဂါမိမဟာထေရ်၊ (၆) အရှင်သုမနမဟာထေရ်၊ (၇) သာဏအရပ်၌ သီတင်းသုံးတော်မူသော အရှင်သမ္ဘူတမဟာထေရ်၊ (၈) ဘုရားမြတ်စွာသည် ချီးမွမ်းအပ်အော ကာကဏ္ဍပုတ္တ၏ သားတော် အရှင်ယသမဟာထေရ်တို့ ဖြစ်ကြသည်။

၅၇၈။ ပါပါနံ နိဂ္ဂဟတ္ထာယ၊ ဝေသာလိယံ သမာဂတာ။
ဝါသဘဂါမီ စ သုမနော၊ အနုရုဒ္ဓဿာနုဝတ္တကာ။

၅၇၉။ အဝသေသာ ထေရာနန္ဒဿ၊ ဒိဋ္ဌပုဗ္ဗာ တထာဂတံ။
ဧတေ သတ္တသတာ ဘိက္ခူ၊ ဝေသာလိယံ သမာဂတာ။

ရဟန်းသံဃာတော်များစွာတို့သည် ယုတ်မာသောအယူဝါဒ (အယူဝါဒဆိုး)တို့ကို နှိပ်ကွက်ဖျက်ဆီးရန် ဝေသာလီမြို့သို့ ကြွလာတော်မူကြကုန်၏၊ ယင်း မထေရ်များအနက် အရှင်ဝါသဘဂါမိနှင့် အရှင်သုမနတို့သည် အရှင်အနုရုဒ္ဓါ၏တပည့်တို့ ဖြစ်ကြသည်။ ကျန် အရှင်သဗ္ဗကာမိ, အရှင်သာဠ, အရှင်ရေဝတ, အရှင်ခုဇ္ဇသောဘိတ, သာဏအရပ်နေ အရှင်သမ္ဘူတ, ကာကဏ္ဍပုတ္တ၏ သားတော် အရှင်ယသ-ဟူသော ခြောက်ပါးတို့သည် ဘုရားရှင်ကို ဖူးမြင်ဖူး(ဘုရားရှင်ကိုမှီလိုက်ကြ)သော အရှင်အာနန္ဒာ၏ တပည့်များ ဖြစ်ကြသည်။ အားလုံး ရဟန္တာသခင် အရှင်မြတ်ပေါင်း ခုနစ်ရာတို့ ဝေသာလီမြို့၌ စုဝေးရောက်ကြလေသည်။

၅၈၀။ ဝိနယံ ပဋိဂ္ဂဏှန္တိ၊ ဌပိတံ ဗုဒ္ဓသာသနေ။
သဗ္ဗေပိ ဝိသုဒ္ဓစက္ခူ၊ သမာပတ္တိမှိ ကောဝိဒါ။

၅၈၁။ ပန္နဘာရာ ဝိသညုတ္တာ၊ သန္နိပါတေ သမာဂတာ။
သုသုနာဂဿ ပုတ္တော သော၊ ကာဠာသောကော-
မဟီပတိ။

၅၈၂။ ပါဋ္ဌလိပုတ္တ နဂရမှိ၊ ရဇ္ဇံ ကာရေသိ ခတ္တိယော။
တဲဒ္ဓ ပက္ခံ လဘိတွာန၊ အဋ္ဌထေရာ မဟိဒ္ဓိကာ။

အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ယင်းရဟန္တာ ခုနစ်ရာတို့သည် ဘုရားမြတ်စွာသာသနာဘော်၌ ဘုရားရှင်ထားအပ် ပညတ်အပ်သော ဝိနည်းသိက္ခာပုဒ်တော်ကို လက်ခံလိုက်နာ ကျင့်ကြံကြကုန်၏။ ရဟန္တာခုနစ်ရာ အားလုံးတို့သည် သန့်ရှင်းစင်ကြယ်သော ပညာမျက်စိ အမြင်ရှိကြသည်။ သမာပတ်၌လိမ္မာကျွမ်းကျင်တော်မူကြကုန်၏။ ချထားအပ်သော ခန္ဓာဝန်ရှိတော်မူကြကုန်၏။ ဝဋ္ဋဆင်းရဲ၌ စပ်ယှဉ်ခြင်းရှိတော်မမူကြကုန်။

သုသုနာဂ၏သား ကာဠာသောကမင်းသည် ပါဋ္ဌလိပုတ်မြို့တော်၌ မင်းပြုလေသည်။ တန်ခိုးဣဒ္ဓိပါဒ်ကြီးတော်မူကြသော မထေရ်မြတ် ရှစ်ပါးတို့သည် ကာဠာသောကမင်းကို အသင်းအပင်းဖက်သား သာသနာပြုဒါယကာအဖြစ် ရှိကြ၍—

၅၈၃။ ဒသဝတ္ထုနိ ဘိန္ဒိတွာ၊ ပါပေ နိဒ္ဓမယိံသု တေ။
နိဒ္ဓမေတွာ ပါပဘိက္ခူ၊ မဒ္ဒိတွာ ဝါဒ ပါပကံ။

၅၈၄။ သကဝါဒသောဓနတ္ထာယ၊ အဋ္ဌထေရာ မဟိဒ္ဓိကာ။
အရဟန္တာနံ သတ္တသတံ၊ ဥစ္စိနိတွာန ဘိက္ခဝေါ။
ဝရံ ဝရံ ဂဟေတွာန၊ အကံသု ဓမ္မသင်္ဂဟံ။

ဝဇ္ဇီအမျိုးသားရဟန်းတို့ ကြံဆဖော်ပြကြသော မကောင်းဆိုးစွာ ယုတ်မာသော အဓမ္မဝါဒဆယ်ချက်ကို ဖျက်ဆီးပျောက်ပျက်စေကြကုန်ပြီ။ တန်ခိုးဣဒ္ဓိပါဒ်ကြီးမားသော မထေရ်မြတ်ရှစ်ပါးတို့သည် ရဟန်းယုတ်တို့ကို မှုတ်လွင့်ဖျက်ဆီးဆုံးမ၍လည်းကောင်း ဝါဒဆိုးဝါဒများကို ဖျက်ဆီးပြီး၍လည်းကောင်း မိမိတို့၏ မှန်ကန်သန့်စင်သော ဝါဒကို ထုတ်ဖော်ရန်အကျိုးငှာ ရဟန်းတော်ပေါင်း တစ်သန်း နှစ်သိန်းအနက် သံဂါယနာတင်အလို့ငှာရှိအပ်သော ရဟန္တာခုနစ်ရာတို့ကို ရွေးချယ်တော်မူကြ၍ ညီညာသံချီ စုပေါင်းရွတ်ဆိုသံဂါယနာတင်တော်မူခဲ့ကြကုန်၏။

၅၇၅။ ကုဋ္ဌာဂါရသာလာယေဝ ဝေသာလိယံ ပုရုတ္တမေ။
အဋ္ဌမာသေဟိ နိဋ္ဌာသိ၊ ဒုတိယော သင်္ဂဟော အယံ။

ဝေသာလီမြို့တော် ဝါလိကာရုံကျောင်းတိုက်ကြီးအတွင်း၌ ကာဋ္ဌာသောကမင်းကြီးသည် စုလစ်မွန်းချွန်အထွတ်တင်တပ်ကာ ခမ်းနားဆန်းပြားစွာဆောက်လုပ်စေအပ်သော ဓမ္မာရုံမဏ္ဍပ်တော်ကြီး၌ တိပိဋကဓရ ဆဋ္ဌာဘိညာ ပဋိသမ္ဘိဒါပတ္တရဟန္တာသခင်အရှင်မြတ်ခုနစ်ရာတို့ ညီညာသံချီ ရွတ်ဆိုသိမ်းယူ ဒုတိယသံဂါယနာသဘင်ကြီးသည် ရှစ်လအကြာတွင် ပြီးဆုံးခဲ့လေသည်။

ဤသည်လျှင် ဒီပဝံသကျမ်းလာ ဒုတိယသံဂါယနာသမိုင်း မှတ်တမ်းဖြစ်သည်။

မဟာဝံသကျမ်းလာ ဒုတိယသံဂါယနာ မှတ်တမ်း

၅၇၆။ အတီတေ ဒသမေ ဝဿေ၊ ကာဋ္ဌာသောကဿ ရာဇိနော။
သမ္ဗုဒ္ဓပရိနိဗ္ဗာနာ၊ ဧဝံ ဝဿသတံ အဟု။

မဂဓတိုင်းနှင့် ဝဇ္ဇီတိုင်းတို့၏ မင်းဖြစ်သော ပါဋလိပုတ်နန်းစံ ကာဋ္ဌာသောကမင်း၏ နန်းသက် ဆယ်နှစ်အလွန်တွင် သာသနာသက္ကရာဇ် အနှစ်တစ်ရာ ဖြစ်လေသည်။

၅၇၇။ တဒါ ဝေသာလိယာ ဘိက္ခူ၊ အနေကေ ဝဇ္ဇိ ပုတ္တကာ၊
သိင်္ဂီလောဏံ ဒွင်္ဂုလဉ္စ၊ တထာ ဂါမန္တရမ္ပိ စ။

၅၇၈။ အာဝါသာနုမတာစိဏ္ဏံ၊ အမထိတံ ဇလောဂိစ၊
နိသီဒနံ အဒသကံ၊ ဇာတရူပါဒိကံ ဣတိ။

၅၇၉။ ဒသဝတ္ထူနိ ဒီပေသုံ၊ ကပ္ပန္တီတိ အလဇ္ဇိနော၊
တံ သုတွာန ယသတ္ထေရော၊ စရံ ဝဇ္ဇီသု စာရိကံ။

၅၈၀။ ဆဠဘိညော ဗလပ္ပတ္တော၊ ယသော ကာကဏ္ဍကတြဇော။
တံ သမေတုံ သဥဿာဟော၊ တတ္ထာဂမိ မဟာဝနံ။

၁။ ကုဋ္ဌာဂါရသာလာကို ကုဋ္ဌာဂါရသာလာ ကျောင်းတိုက်ဟု မပြန်ဘဲ၊ စုလစ်မွန်းချွန် အထွတ်တင်အပ်သည့် ဇရပ်ဓမ္မာရုံမဏ္ဍပ်ဟု ပြန်သည်။ ဒုတိယသံဂါယနာတင်ရာကျောင်းတိုက်မှာ ဝါလိကာရုံ ကျောင်းတိုက်ဖြစ်သည်။

၂။ ဒီပဝံသ၊ ၄၊ ၅၄-၈၀၊

ယင်းသို့ သာသနာနှစ် တစ်ရာရောက်သောအခါ ဝေသာလီမြို့ မဟာဝုန်တော ကူဋာဂါရသာလာကျောင်းတိုက်နေ ဝဇ္ဇီအမျိုးသား အလဇ္ဇီ ရဟန်းများစွာတို့သည် -

(၁) သားချိုဖြင့် သိုမှီးသိမ်းဆည်းထားသော အကပ်ခံပြီးဆားကို ဆွမ်းစသည်၌ ထည့်ခတ်သုံးဆောင်ခြင်း အပ်၏။

(၂) နေမွန်းတည့်ပြီးနောက် နေရိပ် လက်နှစ်သစ် လွန်သည့်အခါ တိုင်အောင် ဆွမ်းစသော ဘောဇဉ်ကို စားကောင်း၏။

(၃) ရွာတစ်ပါးသို့ သွားလိုသော ရဟန်းသည် ပဝါရိတ်သင့်လျက် အတိရိတ် ဝိနည်းကံမပြုဘဲ ဆွမ်းစားခြင်းငှာ အပ်၏။

(၄) တစ်သိမ်တည်းဝယ် နှစ်စု သုံးစုစသည် သံဃာတော်များ နေလျက် ဥပုသ်ပဝါရဏာစသော ကံကြီး ကံငယ် ပြုခြင်းငှာ အပ်၏။

(၅) မကြွလာသော ရဟန်းတို့၏ အလိုဆန္ဒကို ကြွလာသောအခါ ယူအံ့ဟု နှလုံးသွင်း ကြံစည်၍ မကြွလာမီ သံဃာ့ကံပြုခြင်းငှာ အပ်၏။

(၆) ဆရာဥပဇ္ဈာယ်တို့၏ အလေ့အကျင့်ဟူသမျှသည် အပ်၏။

(၇) နို့ရည်အဖြစ်ကိုလွန်၍ နို့ခမ်းအဖြစ်သို့ မရောက်သေးသောနို့ကို ပဝါရိတ်သင့်သော ရဟန်းသည် အတိရိတ်ဝိနည်းကံ မပြုဘဲ သုံးဆောင်ခြင်းငှာ အပ်၏။

(၈) သေရည်အဖြစ်သို့မရောက်သေး(မကျသေး)သော သေ(သေန) ကို သောက်ခြင်းငှာ အပ်၏။

(၉) အမြိတ်အဆာ မရှိ၊ အမြိတ်အဆာ မပါသော နိသီဒိုင်သည် အပ်၏။

(၁၀) ရွှေငွေကို ခံယူသုံးစွဲခြင်းငှာ အပ်၏။

ဟူ၍ ဆယ်ပါးသော အကြောင်းဝတ္ထုတို့ကို ကြံဆဖော်ပြကြကုန်၏။ ကာကဏ္ဍကပုတ္တား၏ သားတော်ဖြစ်သော အဘိညာဉ်ခြောက်ပါးပိုင်ရှင် ဉာဏ်စွမ်းအင်သို့ရောက်သော အရှင်ယသထေရ်သည် ယင်းဇဇ္ဇီအမျိုးသား ရဟန်းတို့၏ အဓမ္မဝတ္ထုဆယ်ပါးကို ကြံဆ ဖော်ထုတ်မှု သတင်းကို ဝဇ္ဇီတိုင်း၌ ခရီးဒေသစာရီ လှည့်လည်စဉ် ကြားသိလေရာ ဓမ္မသံဝေဂကြီး

စွာဖြစ်ပြီး ယင်းအစမ္မတ္တုဆယ်ပါးကို တားမြစ်ရန် ဝေသာလီမြို့တော် မဟာဝုန်တော ကူဋာဂါရကျောင်းတိုက်သို့ ကြွတော်မူလေသည်။

၅၉၁။ ဌပေတွာ ပေါ်သထဂ္ဂေတော၊ ကံသပါတိံ သဟောဒကံ။
ကဟာပဏာဒိံ သံဃဿ၊ ဒေထ, တာ,ဟု ဥပါသကေ။

၅၉၂။ န ကပ္ပတေ တံ မာဒေထ၊ ဣတိ ထေရော သဝါရယိ။
ပဋိသာရဏီယံ ကမ္မံ၊ ယသထေရဿ တေ ကရုံ။

ဝဇ္ဇီအမျိုးသားရဟန်းများသည် ဥပုသ်နေ့ ဥပုသ်ဇရပ်၌ ခွက်ထဲရေထည့်ပြီး ဥပါသကာ, ဥပါသိကာတို့ကို သံဃာတော်အား တတ်အားသမျှ ငွေတစ်ကျပ်, သို့မဟုတ် ငါးမူး (ပြားငါးဆယ်) စသည် လှူကြပါဟု ပြောဆို အလှူခံကြကုန်၏။

ထိုအခါ အရှင်ယသမဟာထေရ်က ရွှေငွေသည် ရဟန်းတို့အား မအပ်စပ် မလှူကြလင့်ဟု တားမြစ်တော်မူသည်။ ထိုအခါ ဝဇ္ဇီအမျိုးသား ရဟန်းများက အရှင်ယသထေရ်အား ဝန်ချတောင်းပန် သည်းခံစေမှု ပဋိသာရဏီယကံ ပြုကြကုန်၏။

၅၉၃။ ဟာစိတွာ အနုဒူတံသော၊ သဟတေန ပုရံ ဂတော။
အတ္တနော ဓမ္မဝါဒိတ္တံ၊ သညာပေတွာန နာဂရေ။

၅၉၄။ အနုဒူတဂတေ သုတွာ၊ တမုက္ခိပိတုမာဂတာ။
ပရိက္ခိပိယ အဋ္ဌံသု၊ သာရံ ထေရဿ ဘိက္ခဝေါ။

အရှင် ယသထေရ်သည် နောက်လိုက်တမန် ရဟန်းကို တောင်း၍ ယင်းတမန်ရဟန်းနှင့်အတူဝေသာလီမြို့သို့ ကြွတော်မူသည်။ဝေသာလီမြို့သူ မြို့သားတို့ကိုလည်း မိမိ၏ဓမ္မဝါဒီအဖြစ်ကို ပြောကြားသိစေတော်မူသည်။

ဝဇ္ဇီအမျိုးသား ရဟန်းတို့သည် နောက်လိုက် တမန်ရဟန်း၏စကားကို ကြားလျှင် အရှင်ယသကို ဥက္ခေပနီယကံပြုရန် မထေရ်မြတ်ရောက်ရှိရာ အိမ်ကို လာရောက်ဝန်းရံ တည်နေကြကုန်၏။

၅၉၅။ ထေရော ဥဂ္ဂမ္မနဘသာ၊ ဂန္တွာကောသမ္ဗိယံ ဂတော။
ပါဝေယျကာ ဝန္တိကာနံ၊ ဘိက္ခူနံ သန္တိကံ လဟုံ။

၅၉၆။ ပေသေသိ ဒူတေဝါသယံ၊ ဂန္တွာ, ဟောဂင် ပဗ္ဗတံ။
အာဟ သမ္ဘူကထေရဿ၊ တံ သဗ္ဗံ သာဏဝါသိနော။

အရှင်ယသမထေရ်သည် တက်ကြွတော်မူကာ ကောင်းကင်ခရီးဖြင့် ကောသမ္ဗီပြည် ကောသမ္ဗီမြို့တော်သို့ကြွ၍ ပါဝါပြည်သား(ပါဝါမြို့သား) အဝန္တိတိုင်းသား ရဟန်းများထံ လျင်မြန်စွာ တမန်ရဟန်းများကို စေလွှတ်တော်မူခဲ့သေသည်၊ ၎င်းပြင်ကိုယ်တိုင်ကမူ အဟောဂင်္ဂါတောင်သို့ ကြွတော်မူ၍ သောဏအရပ်၌ သီတင်းသုံးတော်မူသော အရှင်သမ္ဘူတမထေရ်အား အကြောင်းစုံ လျှောက်ထားတော်မူလေသည်။

၅၉၇။ ပါဝေယျကာသန္ဒိထေရာ၊ အသီဘာဝန္တိကာပိစ။
မဟာခီဏာသဝါ သဗ္ဗေ၊ အဟောဂင်္ဂမှိ ဩတရုံ။

ပါဝါပြည်(ပါဝါမြို့)နေရဟန်းခြောက်ကျိပ်တို့သည်လည်းကောင်း၊ အဝန္တိတိုင်းနေ ရဟန်းရှစ်ကျိပ်တို့သည်လည်းကောင်း ရဟန္တာသခင် အရှင်မြတ်အားလုံးတို့သည် အဟောဂင်္ဂါတောင်၌ သက်ဆင်း ကြွရောက်တော် မူကြကုန်၏။

၅၉၈။ ဘိက္ခဝေါ သန္နိပတိတာ၊ သဗ္ဗေ တတ္ထတတော တတော။
အာသုံ နဝုတိသဟဿာနိ၊ မန္တေတွာ အခိတာပိတေ။

၅၉၉။ သောရေယျ ရေဝတတ္ထေရံ၊ ဗဟုဿုံကမနာသဝံ။
တက္ကာလပမုခံ ဉတွာ၊ ပဿိတုံ နိက္ခမိံ သုတံ။

ယင်း အဟောဂင်္ဂါတောင်၌ အနယ်နယ် အစိုစို အမြို့မြို့ အရွာရွာမှ ညီညာတသေ့ စည်းဝေးရောက်လာကြသောရဟန်းများမှာ ကိုးသောင်း အရေအတွက်ရှိကုန်၏။ ထိုကိုးသောင်းသော ရဟန်းအားလုံးတို့သည် ပိဋကတ်သုံးသွယ် နိကာယ်ငါးဝ ဗဟုဿုတနှင့်ပြည့်စုံ အာသဝေါကုန်ခန်းပြီးသော ထိုစဉ် ထိုကာလ၌ သံဃထေရ် သံဃခေါင်းဆောင် ဖြစ်သော သုရ (သောရေယျ)တိုင်းနေ အရှင်ရေဝတထေရ်ကို ဖူးမြော်ရန်ထွက်ကြွတော်မူ၍ တိုင်ပင်ကြကုန်၏။

၆၀၀။ ထေရော တံ မန္တနံ သုတွာ၊ ဝေသာလိံ ဂန္တုမေဝသော။
ဣစ္ဆန္တော ဖာသုဂမနံ၊ တတော နိက္ခမိတဗ္ဗဏံ။

အရှင်ရေဝတမထေရ်သည် ယင်းတိုင်ပင်လျှောက်ထားချက်ကို ကြားသိတော်မူ၍ ဝေသာလီမြို့တော်သို့ ချမ်းသာစွာ သီတင်းသုံး သာသနာပြုရန် ကြွတော်မူလိုရကား သီတင်းသုံးရာ သုရတိုင်းမှ ရုတ်တရက် ဝေသာလီမြို့တော်သို့ ကြွတော်မူလေသည်။

၆၀၁။ ပါတော ပါတောဝ နိက္ခန္တ-ဋ္ဌာနံတေန မဟတ္တနာ။
သာယံ သာယမုပေန္တော တံ၊ သဟဇာတိယမဒ္ဒသုံ။[၁]

နံနက်စောစော၊ နံနက်စောစော ထွက်ခဲ့ရာအရပ်သို့ ကိုယ်တိုင် ညနေချမ်းတွင် ချဉ်းကပ်၍ သွားရောက်လေရာ ထို အရှင်ရေဝတမဟာထေရ်ကို မထေရ်မြတ်တို့သည် စည်းဝေးရာအရပ်၌ တွေ့မြင်ကြလေကုန်၏။

၆၀၂။ တတ္ထ သမ္ဘူတတ္ထေရေန၊ ယသတ္ထေရော နိယောဇိတော။
သဒ္ဓမ္မသဝနန္တေတံ၊ ရေဝတတ္ထေရမုတ္တမံ။

၆၀၃။ ဥပေစ္စ ဒသဝတ္ထူနိ၊ ပုစ္ဆိထေရော ပဋိက္ခိပိ။
သုတ္တာဝိကာရုဏံ တဉ္စ၊ နိသေမေမာတိ အဗြဝိ။

ထိုသံဃာ့အစည်းအဝေး သံဃာ့ပရိသတ်၌ အရှင်သမ္ဘူတမထေရ်သည် တိုက်တွန်းအပ်သည်ဖြစ်၍ အရှင်ယသမဟာထေရ်သည် သူတော်ကောင်းတရားကို ကြားနာပြီးသည်၏အဆုံး၌ အရှင်ရေဝတမဟာထေရ်မြတ်အထံ ချဉ်းကပ်၍ ဝဇ္ဇီအမျိုးသား ရဟန်းတို့ ထုတ်ဖော်ပြသသည့်အကြောင်း ဝတ္ထုဆယ်ပါးကို မေးမြန်းလေရာ အရှင်ရေဝတက ယင်းဝတ္ထုဆယ်ချက်ဟူသော အဓိကရုဏ်း (အကြောင်း)ကို ဝိနည်းဒေသနာတော်နှင့်အညီ မအပ်ကြောင်း ပယ်မြစ်ရုံသာမက ယင်းဝတ္ထုဆယ်ချက်ကို ပယ်ဖျက်တားမြစ်ကြကုန်အံ့ဟု မိန့်ကြားတော်မူလေသည်။

၆၀၄။ ပါပါဝိပက္ခံပေက္ခန္တာ၊ ရေဝတထေရမုတ္တမံ။
သာမဏကံ ပရိက္ခာရံ၊ ပဋိသာဒိယ တေ ဗဟုံ။

၆၀၅။ သံဃံ နာဝါယ ဂန္တွာန၊ သဟဇာတိသမီပဂါ။
ကရောန္တိ ဘတ္တဝိဿဂ္ဂံ၊ ဘတ္တကာလေ ဥပဋ္ဌိတေ။

အဓမ္မဝတ္ထု ဆယ်ချက်ပြကြသော ဝဇ္ဇီ အမျိုးသားရဟန်းယုတ်တို့သည် အသင်းအပင်း ပါတီဖက်သားကို လိုလားမျှော်လင့်ကြကာ သက်န်းစသော ရဟန်းတို့၏ အသုံးအဆောင် ပရိက္ခရာများစွာကို စီစဉ်ကြ၍ လျင်မြန်စွာ လှေဖြင့်သွားကြသည်ရှိသော် စည်းဝေးရာအရပ်အနီးသို့ ရောက်ကြလေရာ ဆွမ်းစားချိန်နီးကပ်သဖြင့် ဆွမ်းစားကြကုန်၏။

၆၀၆။ သဟဇာတိံ အာဝသန္တော၊ သာဠှထေရော ဝိစိန္တိယ။
ပါဝေယျကာ ဓမ္မဝါဒီ၊ ဣတိ ပဿိ အနာသဝေါ။

၁။ သဟဇာတိယံ သံမာ္ဂတဋ္ဌာနေတိ အတ္ထော။ မဟာဝံသ၊ ဋီ၊ ၁၀၅-နှာ (ရှိဒ်ပုံနှိပ်မူ)။

သံဃာ့အစည်းအဝေး၌ ရောက်ရှိတည်နေတော်မူသော အာသဝေါ ကင်းကွာ ရဟန္တာသခင် အရှင်သာဠှထေရ်သည် နှလုံးသို့ တင်ကြံဆင်ခြင် တော်မူလေရာ ပါဝါပြည် (ပါဝါမြို့)သား ရဟန်းများသည် ဓမ္မဝါဒီ ရဟန်းများဖြစ်သည်ဟု သိမြင်တော်မူလေသည်။

၆၀၇။ ဥပေစ္စတံ မဟာဗြဟ္မာ၊ ဓမ္မ ဘိဋ္ဌာတိ အဗြဝိ။
နိစ္စံ ဓမ္မေ ဋ္ဌိတတ္တံသော၊ အတ္တာနော တဿ အဗြဝိ။
၆၀၈။ တော[1] ပရိက္ခာရမာဒါယ၊ ရေဝတ ထေရမဒ္ဒသုံ။
ထေရော နဂဏှိတပက္ခ၊ ဂါဟိ သီသံ ပဏ္ဏာမယိ။

ထိုအခိုက်တွင် သုဒ္ဓါဝါသဗြဟ္မာကြီးသည် ရေဝတမဟာထေရ်မြတ်ထံ ချဉ်းကပ်ရောက်ရှိ၍ အရှင်မြတ်ဘုရား.... အရှင်မြတ်သည် တရားတော် (တရားသောအရာ)၌ တည်တော်မူပါလော့ဟု လျှောက်ထားလေ၏။ ထိုအခါ အရှင်သာဠှမဟာထေရ်က သုဒ္ဓါဝါသဗြဟ္မာကြီးအား မိမိ၏ ထာဝစဉ်တရား၌တည် (တရားသောအရာ၌) တည်သည်၏အဖြစ်ကို သုဒ္ဓါ ဝါသ ဗြဟ္မာကြီးအား ပြောကြားတော်မူသည်။

ရဟန်းဆိုးများသည် သက်န်းစသော ပရိက္ခရာများကိုယူ၍ အရှင် ရေဝတမထေရ်ကို တွေ့ဆုံကြသည်။ အရှင်ရေဝတမထေရ်သည် ယင်း ရဟန်းဆိုးများလှူသည့် သက်န်းစသော ပရိက္ခရာများကို အလှူမခံဘဲ ထို ဝဇ္ဇီ အမျိုးသားရဟန်းတို့၏ အသင်းအပင်းဘက်လိုက်သော တပည့် ရဟန်းကို နှင်ထုတ်တော်မူလေ၏။

၆၀၉။ ဝေသာလိံ တေ တတော ဂန္တွာ၊ တတော ပုပ္ဖပုရံ ဂတာ။
ဝဒိံသု ကာဠာသောကဿ၊ နရိန္ဒဿ အလဇ္ဇိနော။
၆၁၀။ သတ္ထုဿနော ဂန္ဓကုဋိံ၊ ဂေါပယန္တာ မယံ တဟိံ။
မဟာဝန ဝိဟာရသ္မိံ၊ ဝသာမ ဝဇ္ဇိဘူမိယံ။

ဝဇ္ဇီအမျိုးသား အဓမ္မဝါဒီ ရဟန်းများသည် ထိုသံဃာ့အစုအဝေးမှ ဝေသာလီမြို့တော်သို့ ပြန်သွားကြပြီး ယင်းဝေသာလီမြို့တော်မှ ပုပ္ဖပုရ (ပါဋလိပုတ်)မြို့တော်သို့ ကာဠာသောကမင်းအား-ဒကာတော်ရေမြေရှင်

[1] တေ ပါပကာဘိက္ခူ။ မဟာဝံသ၊ ဋီ၊ ၂၀၁-နှာ (သီဟိုဠ်မူ)၊

မင်းတရား....ငါတို့သည် ဝဇ္ဇီမြေ(ဝဇ္ဇီနိုင်ငံကော်ဝဇ္ဇီဘိုင်း) ဝေသာလီမြို့၌ ဘုရားရှင် သီတင်းသုံးတော်မူရာ ဂန္ဓကုဋီကျောင်းတော်ကို စောင့်ရှောက်ကာ နေကြမည်။

၆၁၁။ ရညော ဒုဂ္ဂဟိတံတေ၊ ကတွာ ဝေသာလိမာဂမုံ။
ရေဝတတ္ထေရမူလမှိ၊ သဟဇာတိယမေတ္တတု။

ယင်းဝဇ္ဇီအမျိုးသား ရဟန်းများသည် ကာဠာသောကမင်းကို မိမိတို့ဘက် ပါအောင် မဟုတ်မမှန် ပြောဆိုသိမ်းသွင်း၍ ဝေသာလီမြို့တော်သို့ သွားကြကုန်။ ယင်း အရှင်ရေဝတမထေရ်၏ အနီး တကွအတူ နေရာ အရပ်၌မူကား—

၆၁၂။ ဘိက္ခူသတသဟဿာနိ၊ ဧကာဒသသမာဂတာ။
န ဝုတ္တိံ စသဟဿာနိ၊ အဟုတံ ဝတ္ထုသန္တိယာ။

သားချိုဖူးဖြင့်ဆောင်ထားအပ်သော ဆားသည် အပ်၏-ဟု စသည် အဓမ္မဝတ္ထုဆယ်ချက် ငြိမ်းအေးစေရန် ရဟန်းတော်ပေါင်း တစ်ဆယ့်တစ်သိန်းကိုးသောင်းတို့ ရောက်ရှိစည်းဝေးမိကြလေသည်။

၆၁၃။ မူလဋ္ဌေဟိ ဝိနာ ဝတ္ထု-သမနံ နေဝ ရောစယိ။
ထေရော သဗ္ဗေပိ ဘိက္ခူတော၊ ဝေသာလိမာဂမုံ ဘတော။

အရှင်ရေဝတမထေရ်သည် အတူတကွ စတင်စည်းဝေး တိုင်ပင်ခဲ့ရာ ရဟန်းများနှင့်ကင်း၍ ယင်း အဓမ္မဝတ္ထုဆယ်ပါးငြိမ်းအေးရန် နှစ်သက်တော်မမူချေ။ ထို့နှင့် အရှင်ရေဝတမထေရ်နှင့် အားလုံးရဟန်းတော်ပေါင်း တစ်ဆယ့်တစ်သိန်းကိုးသောင်းတို့သည် မိမိတို့နေရင်းစွဲဖြစ်သည့် အရပ်မှ ဝေသာလီမြို့တော်သို့ကြွတော်မူကြသည်။

၆၁၄။ ဒုဂ္ဂဟိတော စ သောရာဇာ၊ တတ္ထာမစ္စေ အပေသယိ။
မူဠှာ ဒေဝါနုဘာဝေန၊ အညတ္ထ အဂမံသု တေ။

ဝဇ္ဇီအမျိုးသား အဓမ္မဝတ္ထုဆယ်ချက်ဖော်ပြကြသော ရဟန်းများသည် ဖြားယောင်းအပ်သည်ဖြစ်၍ ယင်း ရဟန်းများဖက် ပါနေသော ကာဠာသောကမင်းသည် ဝေသာလီမြို့တော်သို့ အရှင်ရေဝတအစရှိသော ရဟန်းကောင်းများကို နှိပ်နင်းရန် အမတ်များကို စေလွှတ်လေသည်။ ယင်းအမတ်တို့သည် နတ်တို့၏အာနုဘော်ကြောင့် မျက်စိလည် လမ်းမှားကာ အရပ်တစ်ပါးသို့ သွားကြလေကုန်၏။

၆၁၅။ ပေသေတွာ ဘေ မဟိပါလော၊ တံ ရတ္တိံ သု ပိဒေနနသော။
အပဿိ သကမတ္တာနံ၊ ပက္ခိတံ လောဟကုမ္ဘိယာ။

ကာဠာသောကမင်းသည် ဝဇ္ဇီအမျိုးသား ရဟန်းများ၏ စကားကို နားယောင်မိသဖြင့် လဇ္ဇီသူမွန်ရဟန်းသံဃာတော် အရှင်မြတ်တို့ကို တားမြစ်ရန်စေလွှတ်ပြီးနောက် မိမိလောဟကုမ္ဘီငရဲ၌ ကျရောက်ကျက်ခံရသည်ဟု အိမ်မက်မြင်မက်လေသည်။

၆၁၆။ အတိဘီတော အဟုရာဇာ၊ တဿာသေတု မာဂမာ။
ဘဂိနီ နန္ဒာထေရီတု၊ အာကာသေန အနာသဝါ။

ကာဠာသောကမင်းသည် အလွန်လျှင် ကြောက်လန့်တုန်လှုပ်လေ၏။ ထိုအခါ ကာဠာသောကမင်း၏ နှမဖြစ်သော အာသဝေါကင်းကွာ ရဟန္တာမနန္ဒာထေရီသည် မောင်တော်ကာဠာသောကမင်းကို သက်သာရာရစေရန် လမ်းကောင်းလမ်းမှန်ညွှန်ပြရန် ကောင်းကင်ခရီးဖြင့် ရောက်လာလေသည်။

၆၁၇။ ဘာရိယံ တေ ကတံ ကမ္မံ၊ ဓမ္မိကေ ယျေ ခမာပယ၊
ပက္ခော တေသံ ဘဝိတွာ တွံ၊ ကုရုသာသနပဂ္ဂဟံ။

၆၁၈။ ဧဝံ ကတေ သော္တ္ထိ တုယှံ၊ ဟေဿတီတိ အပက္ကမိ။
ပဘာတေ ယေဝ ဝေသာလိံ၊ ဂန္တုံ နိက္ခမိဘူပတိ။

ယင်းသို့ရောက်လာပြီး နှမတော် ရဟန္တာမနန္ဒာထေရီက– အို မောင်တော်မင်းတရား.... မောင်တော်မင်းတရားသည် ဝန်လေးသော အမှုကို ပြုအပ်လေပြီတကား၊ တရားစောင့်တရားကျင့်တော်မူကြသည့် အရှင်မြတ်တို့ကို ကန်တော့ပါလော့။ သည်းခံစေပါလော့။ ယင်းတရား ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူကြသည့် လဇ္ဇီသူမွန် သံဃာတော်အရှင်မြတ်တို့၏ အသင်းအပင်းဖက်သားဖြစ်က ဘုရားမြတ်စွာ သာသနာတော်ကို ချီးမြှောက်ပါလော့။

ဤကဲ့သို့ကန်တော့ပြီး လဇ္ဇီရဟန်းကောင်းတို့၏ အသင်းအပင်းဖြစ်၍ ဘုရားမြတ်စွာသာသနာတော်ကို ချီးမြှောက်လျှင် မောင်တော်မင်းတရားကိုယ်စိတ်နှစ်ဖြာချမ်းသာပါလိမ့်မည်ဟု သတိပေးစကား ပြောကြားပြီး ပဲသွားလေ၏။

ကာဠာသောကမင်းသည် မိုးလင်းလေသော် ဝေသာလီမြို့တော်သို့ သွားရန် ထွက်တော်မူနန်းက ခွာတော်မူလေ၏။

၆၁၉။ ဂန္တွာ မဟာဝနံ ဘိက္ခူ-သံဃံသော သန္နိပါတိယ၊
သုတွာ ဥဘိန္နံ ဝါဒဥ္စ၊ ဓမ္မပက္ခဥ္စရောစိယ။
၆၂၀။ ခမာပေတွာ ဓမ္မိကေဟေ၊ ဘိက္ခူသင္ဃေ မဟီပတိ။
အတ္တနော ဓမ္မပက္ခတ္တံ၊ ဝတွာ တုမှေ ယထာရုစိ ။
၆၂၁။ သမ္ပဂ္ဂဟံ သာသနဿ၊ ကရောထာတိစဘာသိယ။
ဒတွာ စ တေသံ အာရက္ခံ၊ အဂမာသိ သကံ ပုရံ။

ကာဠာသောကမင်းသည် မဟာဝုန်တော(ကူဋာဂါရ ကျောင်းတိုက်) သို့ သွားရောက်၍ ရဟန်းသံဃာတော်များကို စည်းဝေးစေကာ နှစ်ဖက် သောရဟန်းတို့၏ ဝါဒကိုလည်း နာယူပြီးလျှင် မိမိ၏တရား(ဝိနည်းတရား နှင့်အညီကျင့်ကြံ)သော အရှင်မဟာယသ, အရှင်ရေဝတစသော ရဟန်း တို့ဘက်၌ တည်မည်ကို ကြားလျှောက်လျက် တရားစောင့် တရားကျင့် သည့်ရဟန်းအားလုံးတို့ကို ကန်တော့ပြီးလျှင် မိမိ၏ဝိနည်းတရားအတိုင်း မှန်ကန်စွာကျင့်ကြသော အရှင်မဟာယသ, အရှင်ရေဝတစသော ရဟန်း သံဃာတော်များ၏ ဘက်သား၏အဖြစ်ကို လျှောက်ကြား၍- 'အိုအရှင် ဘုရားတို့— အရှင်ဘုရားတို့သည် အလိုအကြိုက်အတိုင်း ဘုရားမြတ်စွာ သာသနာကို ချီးမြှောက်ဘော်မူကြပါ-ဟု လျှောက်ထားပြီးလျှင် ယင်း အရှင်မဟာယသ၊ အရှင်ရေဝတ စသော လဇ္ဇီရဟန်းကောင်း သံဃာ တော်အရှင်မြတ်တို့အား အစောင့်အရှောက်ပေးပြီး၍ မိမိနန်းစိုက်ရာ ပါဋလိပုတ် (ပုပ္ဖပုရ)မြို့တော်သို့ ပြန်ကြွတော်မူလေ၏။

၆၂၂။ နိစ္ဆေတုံ ဘာနိဝတ္ထူနိ၊ သံဃော သန္နိပတိ တဒါ။
အနဂ္ဂါနိ[၁] တတ္ထဘဿာနိ၊သံဃမဇ္ဈေ အဇာယိသုံ။
၆၂၃။ တတောသောရေဝတတ္ထေရော၊ သာဝေတွာ သံဃမဇ္ဈဂေါ။
ဥဗ္ဗာဟိကာယ တံ ဝတ္ထုံ၊ သမေတုံ နိစ္ဆယံ အကာ။

ကာဠာသောကမင်း ပါဋလိပုတ်မြို့တော်သို့ ပြန်လေရာ ထိုအခါ၌ သံဃာတော်အရှင်မြတ်အပေါင်းသည် အဓမ္မဝတ္ထုဆယ်ပါးတို့ကို ဆုံးဖြတ် ခြင်းငှာ စည်းဝေးလေသည်။ ယင်း သံဃာ့အစည်းအဝေးသံဃာ့အလယ်၌ အပိုင်းအခြားမရှိ မဆုံးနိုင်သ တစ်ယောက်တစ်ပေါက်ပြောဆိုသည့်စကားတို့

၁။ မဟာဝံသဋီကာ၌ နန္တာနိ-ဟုရှိသည်။ နန္တာနိတိ = အဂ္ဂါနိ အဝိဒိတအဂ္ဂါနိ၊ မဟာဝံသဋီ၊ ၁၁၀၊ (သီဟိုဠ်မူ)

ဖြစ်ပေါ်လေကုန်၏။ ထိုအခါ သံဃာ့အလယ်၌ ရောက်ရှိသော အရှင်ရေဝတမထေရ်သည် အလဇ္ဇီရဟန်းတို့၏ခြိမ်းခြောက်ခိုက်ရန်ဖြစ်မှုကို ကင်းစေကြောင်း ဥဗ္ဗာဟိကသမ္မုတိ ကမ္မဝါစာဖြင့် ကြားသိစေပြီးလျှင် ယင်းအဓမ္မဝတ္ထုကိုငြိမ်းစေရန် ဆုံးဖြတ်စေတော်မူလေ၏။

၆၂၄။ ပါစိနကေ စ စတုရော၊ စတုရော ပါဝေယျကေပိ စ။[1]
ဥဗ္ဗာဟိ ကာယ သမ္မန္နိ၊ ဘိက္ခူ တံ ဝတ္ထုသန္တိယာ။
၆၂၅။ သဗ္ဗကာမိစသာဠ္ဟော စ၊ ခုဇ္ဇသောဘိတနာမကော။
ဝါသဘဂါမိကော စာတိ၊ ထေရာ ပါစိကာ ဣမေ။
၆၂၆။ ရေဝတော သာဏသမ္ဘူတော၊ ယသော ကာကဏ္ဍကတြဇော။
သုမနော စာတိ စတ္တာရော၊ ထေရာ ပါဝေယျကာ ဣမေ။

သံဃာတော်သည် ယင်းအဓမ္မဝတ္ထုဆယ်ပါး ငြိမ်းဖို့ရာ ဇမ္ဗူဒိပ်အရှေ့ဘက်အရပ်နေ ရဟန်းတော် ၄-ပါး, အနောက်ပိုင်းနေ ရဟန်းတော် ၄-ပါးတို့ကို ဥဗ္ဗာဟိက ကမ္မဝါစာဖြင့် သမုတ်တော်မူလေသည်။

ပါစိနကာ = ဇမ္ဗူဒိပ်၌ အရှေ့အရပ်၌နေ ရဟန်းတို့မှာ....

၁။ အရှင်သဗ္ဗကာမိ မထေရ်၊
၂။ အရှင်သာဠ္ဟမထေရ်၊
၃။ အရှင်ခုဇ္ဇသောဘိတမထေရ်၊
၄။ အရှင်ဝါသဘဂါမိမထေရ်တို့ ဖြစ်ကြသည်။

ဇမ္ဗူဒိပ်၌ အနောက်အရပ်၌နေ မထေရ်တို့ကား....

၁။ အရှင်ရေဝတမထေရ်၊
၂။ သာဏအရပ်နေ အရှင်သမ္ဘူတမထေရ်၊
၃။ ကာကဏ္ဍပုဏ္ဏား၏သားတော် အရှင်ယသမထေရ်၊
၄။ အရှင်သုမနမထေရ်-တို့ ဖြစ်ကြသည်။

၆၂၇။ သမေတုံ တာနိ ဝတ္ထူနိ၊ အပ္ပသဒ္ဒံ အနာကုလံ။
အဂမုံ ဝါလိကာရာမံ[2]၊ အဋ္ဌ ထေရာ အနာသဝါ။

---

[1] ပစ္ဆိမာယ ဒိသာယ ဝသန္တီတိ ပစ္ဆိမိကာ၊ ပစ္ဆိမိကာယေဝ ပါဝေယျကာ၊ မဟာဝံသ၊ ၄၊ ၁၀၉၊ (သီဟိုဠ်မူ)
[2] ဝါလုကာရာမံဟုလည်း ရှိသည်၊

အထက်ဖော်ပြပါ ရဟန္တာမထေရ်မြတ် ရှစ်ပါးတို့သည် အစမ္မဝတ္ထု ဆယ်ပါးတို့ကို ငြိမ်းစေရန်အလို့ငှာ မြို့သံရွာသံမရှိ¹,ရှုပ်ထွေးခြင်းအလျဉ်း မရှိသော ဝါလိကာရုံကျောင်းတိုက်သို့ ကြွတော်မူကြကုန်၏။

၆၂၈။ မဏ္ဍပေ ဝိဝိတ္တေ တ္တေ²၊ ပညတ္တေ အာသနေ သုဘေ။
နိသီဒိံသု မဟာထေရာ၊ မဟာမုနိ မတညုနော။

၆၂၉။ တေသု ဝတ္ထုသု ဧကေကံ၊ ကမတော ရေဝတော မဟာ။
ထေရော ထေရံ သဗ္ဗကာမိံ၊ ပုစ္ဆိ ပုစ္ဆာသု ကောဝိဒေါ။

ဘုရားမြတ်စွာ၏ အလိုတော်ကို သိတော်မူကြသော မဟာထေရ်တို့သည် ဝါလိကာရုံကျောင်းတိုက်အတွင်း ဆန်းကြယ်ခမ်းနားလှသော မဏ္ဍပ်ကြီး၌ ခင်းထားအပ်သော တင့်တယ်လှသည့်နေရာ၌ ထိုင်နေတော်မူကြသည်၊ ယင်းသို့ထိုင်နေပြီး ပုစ္ဆာပြဿနာမေးမှု၌ လိမ္မာသော အရှင်ရေဝတမဟာထေရ်သည် ယင်း အစမ္မဝတ္ထုဆယ်ပါးတို့တွင် အစဉ်အတိုင်း တစ်ခုတစ်ခုသောဝတ္ထုကို သဗ္ဗကာမိထေရ်ကို အပ်,မအပ် အမျှားရှင်းလင်းအောင် မေးတော်မူလေ၏။

၆၃၀။ သဗ္ဗကာမိ မဟာထေရော၊ တေန ပုဋ္ဌော ဝျာကရိ။
သဗ္ဗာနိ တာနိ ဝတ္ထူနိ၊ န ကပ္ပန္တီတိ သုတ္တတော။

အရှင်ရေဝတမဟာထေရ် မေးအပ်သည်ဖြစ်၍ အရှင်သဗ္ဗကာမိ မဟာထေရ်သည် အစမ္မဝတ္ထုဆယ်ပါးအားလုံးတို့ မအပ်ကုန်ဟု ဆိုင်ရာ ဝိနယ,သုတ္တအားဖြင့် ဖြေဆိုတော်မူလေသည်။

၆၃၁။ နိဟနိတွာ³ ဓိကရဏံ၊ တံ တေ တတ္ထ ယထာက္ကမံ၊
တထေဝ သံဃမဇ္ဈေပိ၊ ပုစ္ဆာဝိဿဇ္ဇနံကရုံ။

၁။ မဟာဝံသဋီကာ၌ အပ္ပသဒ္ဒံ–ကို "အပ္ပသဒ္ဒန္တိ နိသဒ္ဒံ၊ ဝိဇ္ဇေပကရဏ ဟေတု သကုဏသဒ္ဒါဒိ သဒ္ဒဝိရဟိတန္တိ အတ္ထော"ဟု ဖွင့်သည်။
၂။ ဒဟရေနာပိ မတနေတ္တ–ဟု မဟာဝံသဋီကာ၌ ရှိသည်။ မဟာဝံသ စာကိုယ်၌ ဒဟရေန ဇိနောနေတ္တ–ဟု ရှိသည်။ မြန်မာပြန်၌ အဆင်မပြေဘဲ ရှိပါသည်၊ သို့နှင့် "မဏ္ဍပေ ဝိဝိတ္တ တ္တေ"ဟု ဆီလျော်အောင်ပြင်၍ ဖော်ပြပါသည်။
၃။ နိဟနိတွာ–ကို ဝိဟိံသိတ် ကတွာ–ဟု မဟာဝံသဋီကာ ဖွင့်သည်။

ယင်း မဒေထရ်မြတ်နှစ်ပါးတို့သည် ထိုဝါလိကာရုံကျောင်းတိုက်၌ အစဉ်အတိုင်း အဓိကရုဏ်းကို ပယ်ရှား၍ သံဃာ့အလယ်၌လည်း ထိုနည်းတူ စွာပင် အမေးအဖြေ ပြုတော်မူကြသည်။

၆၃၂။ နိဂ္ဂဟံ ပါပဘိက္ခူနံ၊ ဒသဝတ္ထုကဒီပိနံ။
တေသံ ဒသသဟဿာနံ၊ မဟာထေရာ အကံသု တေ။

မဟာထေရ်မြတ်ကြီးတို့သည် အဓမ္မဝတ္ထုဆယ်ပါးကို ဖော်ထုတ် ဟော ပြောကြသည့် တစ်သောင်းအရေအတွက် ရှိသော ရဟန်းယုတ်တို့အား အပြစ်တင်ခြင်း စသည့် နှိပ်ကွပ်မှုကို ပြုတော်မူကြလေကုန်၏။

၆၃၃။ သဗ္ဗကာမိ ပုထဝိယာ၊ သံဃတ္ထေရော တဒါ အဟု။
သော ဝီသံ ဝဿသတိကော၊ တဒါသိ ဥပသမ္ပဒါ။[၁]

ဒုတိယသံဂါယနာ မဟာဓမ္မသဘင် ပွဲကြီးယင်စဉ်က သဗ္ဗကာမိမထေရ် သည် မြေပြင်တစ်ခွင်လုံး၌ သံဃာ့ထေရ်ဖြစ်တော်မူသည်။ ထိုစဉ်က သိက္ခာ ဝါတော် တစ်ရာ့နှစ်ဆယ်, သက်တော် တစ်ရာ့လေးဆယ် ရှိပြီဟူ၏။

၆၃၄။ သဗ္ဗကာမိ စ သာဠှော စ၊ ရေဝတော ခုဇ္ဇသောဘိတော။
ယသော ကာကဏ္ဍကသုတော၊ သမ္ဘူတော သာဏဝါ သိကော။

၆၃၅။ ထေရာ အာနန္ဒထေရဿ၊ ဧတေ သဒ္ဓိဝိဟာရိနော။
ဝါသဘဂါမိကော စေဝ၊ သုမနော စ ဒုဝေ ပန။

၆၃၆။ ထေရာနုရုဒ္ဓထေရဿ၊ ဧတေ သဒ္ဓိဝိဟာရိနော။
အဋ္ဌ ထေရာပိ မညာတော၊ ဒိဋ္ဌပုဗ္ဗာ တထာဂတံ။

(၁) အရှင်သဗ္ဗကာမိမထေရ် (၂) အရှင်သာဠှမထေရ် (၃) အရှင် ရေဝတမထေရ် (၄) အရှင်ခုဇ္ဇသောဘိတမထေရ် (၅) ကာကဏ္ဍပုဏ္ဏား ၏သားတော် အရှင်ယသမထေရ် (၆) သာဏအရပ်၌နေသော အရှင် သမ္ဘူတမထေရ် ဤမဟာထေရ် ၆-ပါးတို့သည် အရှင်အာနန္ဒာမထေရ် မြတ်၏ ဥပဇ္ဈာယ်ယူ အတူနေတပည့်များ ဖြစ်ကြသည်။

၁။ ဥပသမ္ပဒါ-ကို ဥပသမ္ပဒါတိ အဇ္ဈနော ပဋိလဒ္ဓဥပသမ္ပဒါတော ဥပသမ္ပဒမာဠကတော ပဋ္ဌာယာတိ ဝုတ္တံ ဟောတိ-ဟု မဟာဝံသ ဋီကာ ဖွင့်သည်။

(၁) အရှင်ဝါသဘဂါမိမထေရ်၊ (၂)အရှင်သုမနမထေရ် ဤမထေရ်မြတ် ၂-ပါးတို့သည် အရှင်အနုရုဒ္ဓါမထေရ်မြတ်၏ ဥပဇ္ဈာယ်ယူ အတူနေ တပည့်များ ဖြစ်ကြသည်။

ဤ မထေရ်မြတ်ရှစ်ပါးတို့သည် ဘုန်းကံကြီးမားသည့် သာသနာ့ ဝန်ဆောင် မဟာထေရ်မြတ်တို့ဖြစ်ကြသည်။ ဘုရားရှင်ကို ဖူးမြင်လိုက်ရ ကုန်၏။ ဘုရားရှင်ကိုမှီလိုက်ကြသည်ဟူ၏။

၆၃၇။ ဘိက္ခူသတသဟဿာနိ၊ ဒွါဒသသသုံ သမာဂတာ။
သဗ္ဗေသံ ရေဝတတ္ထေရော၊ ဘိက္ခူနံ ပမုခေါ တဒါ။

ထိုစဉ်က ရဟန်းတော်များ တစ်သန်း နှစ်သိန်း(ဆယ့်နှစ်သိန်း) စုဝေး ပေါင်းဆုံမိကြသည်။ အရှင်ရေဝတမဟာထေရ်သည် ရဟန်းတော် အား လုံးတို့၏ အကြီးအမှူး ဦးစီးခေါင်းဆောင် ဖြစ်တော်မူလေသည်။

၆၃၈။ တတော သော ရေဝတတ္ထေရော၊ သဒ္ဓမ္မဋ္ဌိတိယာ စိရံ။
ကာရေတုံ ဓမ္မသင်္ဂီတိံ၊ သဗ္ဗဘိက္ခူသမူဟတော။

၆၃၉။ ပဘိန္နတ္ထာဒိဉာဏာနံ၊ ပိဋကတ္တယဓာရိနံ။
သတာနိ သတ္တဘိက္ခူနံ၊ အရဟန္တာနမုစ္စိနိ။

ယင်းသို့ ရဟန်းတော်ပေါင်း တစ်သန်း နှစ်သိန်း (၁၂-သိန်း)အစည်း အဝေး၌ အရှင်ရေဝတမဟာထေရ်သည် သဒ္ဓမ္မသုံးဖြာ သာသနာတော်၏ မြင့်ရှည်ပြားမြောင် နှစ်ငါးထောင်ကာလပတ်လုံး တည်တံ့ရန်အလို့ငှာ ဓမ္မဝိနယသံဂါယနာ မဟာဓမ္မသဘင်ကြီး ဆင်ယင်ကျင်းပရန် ရဟန်း တစ်သန်း နှစ်သိန်း အပေါင်းတွင် ပြားသော အတ္ထပဋိသမ္ဘိဒါ, ဓမ္မပဋိ သမ္ဘိဒါ, ပဋိဘာနပဋိသမ္ဘိဒါ, နိရုတ္တိပဋိသမ္ဘိဒါအားဖြင့် လေးပါးသော ဉာဏ်ရှိကုန်သော(စတုပ္ပဋိသမ္ဘိဒါပတ္တဖြစ်ကုန်သော)ပိဋကတ်သုံးပုံကို နှုတ် တက်အာဂုံဆောင်တော်မူကြကုန်သော ရဟန္တာပေါင်း ခုနစ်ရာကို ရွေး ကောက်တော်မူလေ၏။

၆၄၀။ တေ သဗ္ဗေ ဝါလိကာရာမေ၊ ကာဠာသောကေန ရက္ခိတာ။
ရေဝတတ္ထေရပါမောက္ခာ၊ အကရုံ ဓမ္မသင်္ဂဟံ။

ကာဠာသောကမင်းသည် ပစ္စယာနုဂ္ဂဟဖြင့် စောင့်ရှောက်ချီးမြှောက် ထောက်ပံ့အပ်ကုန်သော အရှင်ရေဝတမဟာထေရ် အမှူးရှိသော ရဟန္တာ သခင် အရှင်မြတ်အားလုံးတို့သည် ဝေသာလီမြို့တော်ဝါလိကာရုံကျောင်း

တိုက်၌ သုတ် အဘိဓမ္မာ ဝိနည်းကို ပေါင်းယှဉ်ခြင်းကို ပြုကြကုန်ပြီ။ သံဂါယနာတင်ကြကုန်ပြီ။ ဒုတိယသံဂါယနာ မဟာဓမ္မသဘင်ပွဲကြီး ယင်တော်မူကြကုန်ပြီ။

၆၄၁။ ပုဗ္ဗေ ကတံ တထာဝေ၊ ဓမ္မံ ပစ္ဆာ၀ ဘာသိတံ။
အာဒါယ နိဋ္ဌပေသုံ တံ၊ တေ မာသေဟိ အဋ္ဌဟိ။

ရှေးယခင် ပဌမ သံဂါယနာတင်စဉ်က သံဂါယနာတင်ခဲ့သော ဓမ္မဝိနယတို့ကို ရှေးနည်းအတိုင်း ထပ်မံ သံဂါယနာတင်တော်မူကြ၍လည်း ကောင်းနောက်၌အရှင်ကုမာရကဿပထေရ်စသည်တို့ပါယာသိမျိုးစားမင်း စသူအား ဟောအပ်သော ပါယာသိရာဇညသုတ် စသည်တို့ကိုလည်း ထည့်သွင်းသိမ်းယူ သံဂါယနာတင်တော်မူကြရာ[၁] ရှစ်လအကြာတွင်ဒုတိယ သံဂါယနာ မဟာဓမ္မသဘင်ကြီး ပြီးဆုံးခဲ့လေသည်။

သံဝေဂယူဖွယ်

၆၄၂။ ဧဝံ ဒုတိယသံဂီတိံ၊ ကတွာ တေပိ မဟာယသာ။
ထေရာ ဒေါသက္ခယံ ပတ္တာ၊ ပတ္တာကာလေန နိဗ္ဗုတိံ။

ဤသို့ဖြင့် ဒုတိယသံဂါယနာ မဟာဓမ္မသဘင်ကြီး ယင်တော်မူကြပြီး လျှင် ဒေါသကုန်ခြင်းသို့ (လောဘ, ဒေါသ, မောဟကုန်ခြင်းသို့) ရောက် တော်မူကြကုန်ပြီးသော အခြံအရံ အကျော်စော များစွာ ရှိတော်မူကြ သော သံဂီတိကာရက ရဟန္တာသခင် အရှင်မြတ် ခုနစ်ရာတို့သည် ပရိနိဗ္ဗာန် စံသင့်ရာအခါဝယ် နိဗ္ဗူယူသိမ်း ငြိမ်းတော်မူကြလေကုန်ပြီ။ ရွှေပြည် နိဗ္ဗာန် ဝင်စံတော်မူကြလေကုန်ပြီ။

ဥဒယျာဇဉ်

၆၄၃။ ဧဝံ ပရမမတိနံ ပတ္တိပတ္တဗ္ဗကာနံ၊
တိဘဝဟိတကရာနံ လောကနာထောရသာနံ။
သုမရိယမရဏံ တံ သင်္ခတာကာရကတ္တံ၊
ပရိဂဏိယမသေသံ အပ္ပမတ္တော ဘဝေယျ။

တရားသက်ဝင် သူတော်စင်သည် ဤသို့လျှင် မြတ်သော မဂ်ပညာရှိ တော်မူကြကုန်သော, ရောက်အပ် ရောက်သင့် ရောက်ထိုက်သော အရဟတ္တ

၁။ ပစ္ဆာ၀ဘာသိတန္တိ[၀] ကုမာရကဿပေန ပါယာသိရညော ဒေသိတပါ- ယာသိသုတ္တာဒိနိဒ္ဒိ အာဒါယ မဟာဝံသ၊ ဋီ၊ ၁၁၃၊ (သီဟိုဠ်မူ)

မဂ်, အရဟတ္တဖိုလ်သို့ ရောက်တော်မူကြကုန်သော သုံးလောကသားတို့၏ အကျိုးစီးပွားကို ပြုတော်မူကြကုန်သော ဘုရားရှင်၏ တရားရင်နှစ်သားတော်စစ်ဖြစ်တော်မူကြကုန်သောဒုတိယသံဂါယနာတင်ရဟန္တာသခင် အရှင်မြတ်ခုနစ်ရာတို့၏ ပရိနိဗ္ဗာန် ဝင်စံတော်မူရခြင်းကို (ပရိနိဗ္ဗာန် ဝင်စံတော်မူရပုံကို)အောက်မေ့၍ ရုပ်နာမ်ဓမ္မ သင်္ခတတရားတို့၏အနှစ်မဲ့သည်၏ အဖြစ်ကို (အနှစ်ကင်းပုံကို) ဉာဏ်ဖြင့် သိမ်းယူတော်မူကာ မမေ့မလျော့ မပေါ့မဆရာ။

ဤသည်လျှင် မဟာဝံသကျမ်း ဒုတိယသံဂါယနာသမိုင်းမှတ်တမ်း ဖြစ်လေသည်။ သံဂါယနာ သမိုင်းသုတေသီတို့၏ ပြည့်စုံစွာ ကြည့်ရှုလေ့လာကြည်ညိုသံဝေဂယူနိုင်ရန် စေတနာဗလဝဖြင့် ဖော်ပြပါသည်။

၆၄၄။ မဟာဝံသံ သဒ္ဒိကမ္ပိ၊ ဩလောကေတွာန ဒဿိတော။
သုတေသီနံ ဟိတတ္ထာယ၊ သံဂီတိဝုတ္တန္တော ဟိ ခေါ။

နိကာယသင်္ဂဟကျမ်းလာ ဒုတိယသံဂါယနာ မှတ်တမ်း

နိကာယသင်္ဂဟမည်သော သာသနာဝတာရကျမ်း၌လည်းဒုတိယသံဂါယနာ အကျဉ်းလာရှိရာ လွယ်လွယ်ကူကူ ကြည့်ရှုလိုသူများအတွက်အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

ထို့နောက် ထိုအဇာတသတ်မင်းမှစ၍ ဥဒယဘဒ္ဒ,အနုရုဒ္ဓါ,မဟာမုဏ္ဍ, နာဂဒါသ, သုသုနာဂတိုင်အောင်သော မဂဓမင်းခြောက်ဦး ကွယ်လွန်ပြီးနောက် ပါဋလိပုတ်မြို့တော်၌ နန်းစိုက်၍ မဂဓတိုင်းနှင့် ဝဇ္ဇီတိုင်းတို့ကို စိုးအုပ်မင်းပြု၍နှစ်ဆယ့်ခြောက်နှစ်မြောက်သောအခါငါတို့ဘုရားမြတ်စွာ ပရိနိဗ္ဗာန်စံလွန်တော်မူ၍ အနှစ်တစ်ရာမြောက် ဖြစ်လေသည်။

ထိုအခါ ဝေသာလီမြို့တော် မဟာဝုန်ကျောင်းတိုက်၌ နေကြသည့် ဝဇ္ဇီအမျိုးသား ရဟန်းတို့သည်—

ကပ္ပတိ သိင်္ဂီလောဏကပ္ပေါ=သားချိုဗူးဖြင့် ဆောင်ထားသော ဆားသည် အပ်၏။
ကပ္ပတိ ဒွင်္ဂုလကပ္ပေါ =နေရိပ် လက်နှစ်သစ်လွန်ချိန်၌ စားသောက်ခြင်းသည် အပ်၏။
ကပ္ပတိ အာစိဏ္ဏကပ္ပေါ =ဆရာဥပဇ္ဈာယ်တို့၏အလေ့အကျက်သည် အပ်၏။

ကပ္ပတိ ဇာတရူပရဇတံ = ရွှေငွေသည် အပ်၏။

အစရှိသည်ဖြင့် ရှေး၌မဖြစ်ဘူးသောမိမိတို့အလိုရှိတိုင်း ဝတ္ထုဆယ်ပါးကိုဖြစ်စေပြီးလျှင် ဝိနည်းပညတ်တော်ကိုဖောက်ပြန်စေ၍ ရွှေငွေစသည်ကို ခံယူလျက် သာသနာတော်မြတ်ကြီးကို ကွဲပြားအောင် ပြုကြလေကုန်၏။

ထိုအခါ အရှင်ယသမည်သော မထေရ်တစ်ပါးသည် ထိုအကြောင်းကိုကြား၍ စုံစမ်းလျက် ကြွသွားပြီးလျှင် တစ်သန်း နှစ်သိန်းမျှလောက်သောရဟန္တာသခင် အရှင်မြတ်တို့ကို စည်းဝေးစေကာ အချို့သော သံဃာတော်များအလယ်၌ အရှင်ရေတဝတမည်သောမထေရ်တစ်ပါးကို ထိုဝတ္ထုဆယ်ပါးကို မေးတော်မူ၍ အရှင်သဗ္ဗကာမိမည်သော မထေရ်တစ်ပါးကို ထိုဝတ္ထုဆယ်ပါးကို ဖြေရှင်းစေတော်မူပြီးလျှင် ဝိနည်းနှင့် မလျော်ကြောင်းကို ထင်ရှားပြု၍ ထို့နောက် ထိုအဓမ္မဝါဒီ ရဟန်းတို့ကို နှိမ်နင်းပြီးလျှင် တရားတော်ကို ထွန်းတောက်စေမည်ဟု များစွာသော သံဃာတော် အခြံအရံနှင့်တကွ ဝေသာလီမြို့တော် မဟာဝုန်တော ကျောင်းသို့ ရွှေ့ရှုကြွတော်မူလေ၏။

ထိုအခါ ဝဇ္ဇီအမျိုးသား အလဇ္ဇီရဟန်းများသည် ကာဠာသောကမင်းကြီးထံ သွားရောက်ကြကာ များစွာသောအကြောင်းတို့ကို ပြောပြီးလျှင် "အို ဒကာတော် ရေမြေ့ရှင် မင်းတရား.... အကျွန်ုပ်တို့နေသော မဟာဝုန်တောကျောင်းသို့ "ယသ"မည်သော မထေရ်တစ်ပါးက များစွာသော ရဟန်းသံဃာ အခြံအရံကိုခေါင်းဆောင်၍ လာနေပါသည်။ ထိုရဟန်းအားလုံးတို့ကို တားမြစ်ပေးပါလော့"ဟု ပြောကြားကြကုန်၏။

ကာဠာသောကမင်းသည် သီလဝန္တရဟန်း, ဒုဿီလရဟန်းတို့၏ အကျင့်စရိုက်ကို ခွဲခြား၍ မသိနိုင်သောကြောင့် ထိုအလဇ္ဇီရဟန်းတို့ လှည့်ပတ်ပြောဆိုသော စကားတို့ကိုလက်ခံပြီးလျှင် "အရှင်ယသမထေရ် အမှူးရှိသော ထိုရဟန်းများ ငါ၏နိုင်ငံတော်သို့ မဝင်လာစေနှင့်"ဟု စီမံ၍ လူပရိသတ်တို့ကို စေလွှတ်လေ၏။

လူပရိသတ်သည် လမ်းမှား၍ နတ်တို့၏ အာနုဘော်ဖြင့် အရပ်တစ်ပါးသို့သွားကြလေသည်။ ကာဠာသောကမင်းသည် ထိုညဉ့်အဖို့ရာ အိပ်ခန်းသို့ဝင်၍ စက်တော်ခေါ်သောအခါ မိမိသည် လူ့ကိုယ်ဖြင့်ပင် သွားရောက်၍ လောဟကုမ္ဘီငရဲ၌ ကျရောက်နေရသကဲ့သို့ အိပ်မက်မက်ကာ နိုးလာ၍

မအိပ်စက်နိုင်တော့ဘဲ ထိုင်ရင်း မိုးလင်းပြီး နောက်တစ်နေ့တွင် မိမိ၏ အစ်မတော်ဖြစ်သော ရဟန္တာဘိက္ခုနီမကိုတွေ့သဖြင့် ယင်းအကြောင်းကို လျှောက်ထားလေရာ ဘိက္ခုနီမက....

၆၄၅။ အလဇ္ဇီနံ ဗလံ ဒတွာ၊ ဟာပေတိ ဟာဒယံ မမ။
ဇီဝန္တောသယေဝ ဇာတောသိ၊ ဂမ္ဘီရာ လောဟကုမ္ဘိယာ။

စသည်ဖြင့် "ဤလောကဝယ် လူရှင်အစရှိသော တစ်စုံ တစ်ယောက်သော သူသည် အလဇ္ဇီရဟန်းတို့အား အားပေး၍ ငါသည် ပညတ်အပ်သော ဝိနည်းပညတ်တော်များကို ဆုတ်ယုတ်စေကာ ကုဋေတစ်သိန်းသော စကြဝဠာတို့၌ ပျံ့နှံ့၍တည်ကုန်သော ငါ၏အာဏာတော်ကို နှိမ်နင်းခဲ့လျှင် ထိုသူသည် စင်စစ် အပါယ်၌ဖြစ်ရ၏။ အသက်ရှင်နေစေကာမူ မသေသမျှ ကာလပတ်လုံး လူကိုယ်အသွင်ဖြင့်ပင်သွား၍ အလျှံပြောင်ပြောင်တောက်လောင်သော သံပူရေဖြင့် ပြည့်လျက်ရှိသော အလွန်တရာ နက်လှစွာသော လောဟကုမ္ဘီငရဲ၌ဖြစ်သည်နှင့်တူပေ၏" ဟုဘုရားဇိနေ်ာ ဟောကြားတော်မူ၏။ သို့ဖြစ်၍အိုမောင်တော်မင်းမြတ်... ထိုဝဇ္ဇီအမျိုးသား ရဟန်းများကို စွန့်လွှတ်၍ လဇ္ဇီသူမွန်အရှင်ကောင်းတို့အား အားပေးလျက် မြင့်ရှည်မြားမြောင် နှစ်ငါးထောင်ကြာအောင် တည်လျက်ရှိသော ဘုရားမြတ်စွာ သာသနာတော်ကိုထောက်ပံ့လျက် တစ်ကမ္ဘာပတ်လုံး လူနတ်စည်းစိမ်ကိုခံစားစံစားရန် ကုသိုလ်ကောင်းမှုအစုစုကိုပြုပါလော့ ... ဟုဆုံးမ၍သွားလေ၏။

ကာဠာသောကမင်းသည် ထိုနေ့မှာပင် ဝေသာလီမြို့တော်သို့ သွား၍ ထိုအဓမ္မဝတ္ထုဆယ်ပါးကို ဖြစ်စေသော တစ် သောင်း မျှ လောက်သော ရဟန်းယုတ်တို့ကို သာသနာတော်မှ နှင်ထုတ်၍ ထိုနေရာ၌ ညီညာတသွေး စည်းဝေးရောက်ရှိကြကုန်သောတစ်သန်းနှစ်သိန်းမျှလောက်သောရဟန္တာ အရှင်မြတ်တို့တွင် အရှင်သဗ္ဗကာမိမထေရ် နှင့် အရှင်ယသမထေရ် အမှူးရှိသော ခုနစ်ရာသော ရဟန္တာရဟန်းတို့ကိုဝေသာလီမြို့တော် ဝါလိကာရုံကျောင်းတော်၌ စည်းဝေးစေ၍ ထိုကာဠာသောကမင်းသည် ထေရဝါဒ အမည်ရသော အလုံးစုံသော ဓမ္မဝိနယ နှစ်ပါးကို ထပ်မံ၍ ပိဋကတ်နိကာယ် အစရှိသောအားဖြင့် ဝေဖန်တော်မူကာ ရှစ်လတို့ဖြင့် ဓမ္မသံဂါယနာ ပွဲသဘင်ကို ပြီးဆုံးစေတော်မူ၍ ဘုရားမြတ်စွာ သာသနာတော်ကို တည်စေတော်မူခဲ့လေသည်။ ထို့ကြောင့်-

၆၄၆။ ဧတ္တာဝတာ ဒသသဟဿသုပါပဘိက္ခူ၊
နိဒ္ဒူယဓုတဒသဝတ္ထုမလာ အကံသု။
ယံ တေ သုနိမ္မလယ႑သန ယသေန သဒ္ဓိံ၊
သင်္ဂီတိမုတ္တမလာ အပိ ဒသိတာ သာ။

ဟူ၍-ဆိုအပ်ခဲပေ၏။

ထိုအခါ ဒုတိယသံဂါယနာတင် မထေရ်မြတ်တို့ ရွေးချယ်၍ပယ်လိုက်သော ရဟန်းယုတ်တစ်သောင်းတို့သည် ဘုရားဇိနေ့် သာသနာတော်ဝယ် ထောက်ရာတည်ရာ မရကြသဖြင့် အသင်းအပင်းအားအင် ရှာဖွေစုဆောင်း၍ ပစ္စန္တရစ်တိုင်းတစ်ပါးသို့ သွားပြီးလျှင် တရားသည် မတရားသည်ကို စိစစ်ရန် မစွမ်းနိုင်သော တိုင်းငယ်၌ အုပ်ချုပ်သော မင်းတစ်ပါးကို ရ၍ ထေရဝါဒကို ဗျက်ဆီးကာ ကျွန်ုပ်တို့သည်လည်း ယခု ဓမ္မသံဂါယနာတင်ကြကုန်အံ့ဟု အချင်းချင်းတိုင်ပင်ကြကာ ရှေး၌ မဖြစ်ဘူးသော ပါဠိသစ်များကိုထည့်၍ ရှေးနောက် ဆန့်ကျင်ခြင်းများကို မထောက်ထားဘဲ မိမိတို့အလိုအတိုင်း အဋ္ဌကထာဖြစ်စေ၍ တရားတော်ကို ဖောက်ပြန်စေပြီးလျှင် "မဟာသံဃိကမည်သော ဂိုဏ်းကြီးတစ်ဂိုဏ်း"ကို ထူထောင်ကြလေ၏။

မဟာဗောဓိပင်ကြီးမှ ကြွေကျသော သစ်စေးတုံးကဲ့သို့ ထိုအခါမှစ၍ အနှစ်တစ်ရာအတွင်း မဟာသံဃိက, ဂေါကုလိက, ဧကဗျောဟာရိက, ပညတ္တိဝါဒီ, ဗာဟုလိက, စေတိယဝါဒီ, မဟိံသာသက, ဝဇ္ဇီပုတ္တက, ဓမ္မုတ္တရိယ, သဗ္ဗတ္ထဝါဒီ, ဓမ္မဂုတ္တိက, ကဿပိယ, သံကန္တိက, သုတ္တဝါဒီ ဟူ၍ ဂိုဏ်း ဘစ်ဆယ့်ခုနစ်ပါး ပြားကုန်၏။

သို့ရာတွင် ဒုတိယသံဂါယနာမှစ၍ ပိဋကတ်သုံးပုံ တရားတော်သည် တစ်ရာတစ်ဆယ့်ရှစ်နှစ် ကာလပတ်လုံး စင်စင်ကေန် စင်စင်ကြယ်ကြယ် ရှိလေသည်။

ဤသည်လျှင် နိကာယသင်္ဂဟကျမ်းလာ ဒုတိယ သံဂါယနာသမိုင်း အကျဉ်းတည်း။

၆၄၇။ နိကာယသင်္ဂဟေ စာပိ၊ သံခိတ္တေန သမာဂတာ။
ဒုတိယာယ သံဂီတိယာ၊ ပဝတ္တိ သာဓုပတ္ထိတာ။

မန္တလေးသာသနာဝင်ကျမ်းလာ ဒုတိယသံဂါယနာ သမိုင်းအကျဉ်းလက်ာ

မန္တလေးသာသနာဝင်ကျမ်း ဒုတိယတွဲလာ ဒုတိယသံဂါယနာ သမိုင်းအကျဉ်းချုပ်လက်ာကိုလည်း အောက်ပါအတိုင်း မှတ်သားရာ၏။

ဗုဒ္ဓသာသနာ မဇ္ဈိမာတွင် ရောင်ဝါထွန်းလင်း သက်ဆင်းစဉ်လာ ဝိနယာကို လွန်စွာနှစ်သက် အဆက်ဆက်ဖြင့် မပျက်ကျင့်ခါ နှစ်တစ်ရာမြောက် ရောက်လတ်လေရာ သွေဖောက်ကြံစည် ဝဇ္ဇီတိုင်းသား ရဟန်းများတို့ ချက်ဆားဦးချို ထည့်သိုလှောင်ထား ဆွမ်းစားကပင် အပ်သည့်ပင်တည်း' စတင်ဆယ်ပါး အဆုံးအားမူ ပြည်သူတို့ထံ ခွက်ခံအသပြာ သုံးစွဲ ါမူ အပ်ရာသမှု မှန်းဆပြု၍ ဝတ္ထုဆယ်ဖြာ အဓမ္မာစု လူထုအလယ်မဖွယ်ရာ ဟောပြောပါ၍ ဓမ္မာညစ်ကြေး ရန်လှေးရန်ဆူး ဖြန့်ဖြူးသတင်းကြားရခြင်းကြောင့် ထင်လင်းမုချ သိမှုစေရန် ရည်သန်တစ်ခ သာသနာ့ရန် ပေါ်ပေါက်ပြန်လည်း တွန်းလှန်ပြုလုပ် အပြော့ါယုက္က ကြောင့်ကြမရှိ နေတုံဘိသော် မလျော်ငါမှာ တာဝန်သာဟု ကာကဏ္ဍက ပုတ္တမည်သာ မဟာယသ နာမမဟေသီ ဝေသာလီသို့ ကြွချီရောက်က ဥဗ္ဗိနယ ပါပ-ဘိက္ခု ပြုမူတွေ့ဆုံ ကြိုက်ကြုံကာလ ပက္ခကြီးမား သူယုတ်များကို တရားဓမ္မ ဝိနယမှန် ဆုံးမပြန်သည် ဖီဆန်ကြင့်ြား တရားမကပ် တြွတ္တပ်မသီ ဝဇ္ဇီတိုင်းသား ရဟန်းများကြောင့် ရှောင်ရှားဖဲ့ခွာ သမ္ဘာဒေသီ လဇ္ဇီမင်းသားဖြည့်တင်းစုဆောင်း အပေါင်းသဟာယ သမဂ္ဂတို့ ရာဇဌာနီ ဝေသာလီသို့ ကြွချီချဉ်းနင်း စိုးမင်းရွှေမှော်က် အချို့ရောက်ကာ အထောက်အမဥပကာရ ကာဠာသောက ရာဇအာဏာ ဘယာငြိမ်းချမ်း မြို့ငြမ်းရ၍ ရာဇဌာနီ ဝဇ္ဇီသင်းပင်း နှိမ်နင်းပြီးခါ ဝါလိကာရုံ ကျောင်းရွှေဘုံ၌ ပေါင်းဆုံခုနစ်ရာ ရဟန္တာပြင် ဖြူစင်သီလ သမဏပေါင်း သိန်းသောင်းမက စည်းဝေးကြ၍ သံဃနာထ နာယကဝင် အရှင်ယသ ရေဝတနှင့် သဗ္ဗကာမိ ကြီးမှူးဘိ၍ ဥဗ္ဗိနယ ပါပတရား ပယ်ရှားပြီးလျှင် သုံးအင်မိဋကတ် ပရိယတ်ကို မပြတ်စဉ်လာ ထေရဝါဒီ လဇ္ဇီသံဃာ ကွယ်ကာစောင့်ရှောက် ချီးမြှောက်ရာဇာ ကာဠာသောက နန်းမအလယ် စမွယ်သောအခါ တိုပြည်သာဝယ် သာယာပြေပြစ် သရေခေတ္တရာ ရာဇာဒွတ္တပေါင် တည်ထောင်ပြီးစ ပြိုင်ဆိုင်ကြသည် ရာဇဝံသာ မှတ်ကြောင်းတည်း။[၁]

၁။ မန္တလေးသာသနာဝင်။ ၂။ ၅၄၁။

စူဠဝဂ္ဂပါဠိတော်လာ ဒုတိယသံဂါယနာ သမိုင်းမှတ်တမ်း

ဝိနယပိဋက စူဠဝဂ္ဂပါဠိတော်၌ သတ္တသတိကက္ခန္ဓက အခန်းဖွင့်ကာ ဒုတိယသံဂါယနာသမိုင်းကို ဒုတိယသံဂီတိကာရက ရဟန္တာသခင် အရှင်မြတ်တို့ စတင်ထည့်သွင်းဖော်ပြ သံဂါယနာတင်တော်မူခဲ့ကြရာ အတိကျဆုံး ဒုတိယသံဂါယနာသမိုင်းဖြစ်သည်။ သို့ဖြစ်၍ ဤ၌ စူဠဝဂ္ဂပါဠိတော်မြန်မာပြန်အတိုင်း ဖော်ပြအပ်ပါသည်။

သတ္တသတိကက္ခန္ဓက

၁ - ပဌမအခဏ်း

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံ၍ နှစ်တစ်ရာရှိသောအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဝေသာလီပြည်၌ ဝတ္ထုဆယ်ပါးတို့ကို ပြကုန်၏။ "သိင်္ဂီလောဏကပ္ပသည်အပ်၏။ ဒွင်္ဂုလကပ္ပသည်အပ်၏၊ ဂါမန္တရကပ္ပသည်အပ်၏။ အာဝါသကပ္ပသည်အပ်၏၊ အနုမတိကပ္ပသည် အပ်၏၊ အာစိဏ္ဏကပ္ပသည်အပ်၏၊ အမထိတကပ္ပသည်အပ်၏၊ ဇဠောဂီကို သောက်ခြင်းသည်အပ်၏၊ အဆာမရှိသောနိသီဒိုင်သည် အပ်၏၊ ရွှေငွေသည် အပ်၏"ဟု (ပြကုန်၏)။

ထိုအခါ ကာကဏ္ဍကပုဏ္ဏား၏သားဖြစ်သော အသျှင်ယသသည် ဝဇ္ဇီတိုင်း၌ ဒေသစာရီလှည့်လည်လတ်သော် ဝေသာလီပြည်သို့ရောက်၏၊ ကာကဏ္ဍကပုဏ္ဏား၏သား အသျှင်ယသသည် ထိုဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သောကျောင်း၌ သီတင်းသုံး နေတော်မူ၏။

ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် ဥပုသ်နေ့၌ ကြေးခွက်ကိုရေဖြင့်ပြည့်စေကာ ရဟန်းသံဃာ၏အလယ်၌ ထား၍ လာတိုင်းလာတိုင်းသော ဝေသာလီပြည်နေ ဥပါသကာတို့ကို "ဒါယကာတို့ သံဃာအား ကျပ်ဒင်္ဂါးကိုလည်းကောင်း၊ ကျပ်ဒင်္ဂါးဝက်ကို လည်းကောင်း၊ မတ်ကိုလည်းကောင်း၊ ပဲကိုလည်းကောင်း လှူကုန်လော့၊ သံဃာအား ပရိက္ခရာဖြင့် ပြုဖွယ်ကိစ္စသည်ဖြစ်လတ္တံ့-"ဟု ဆိုကုန်၏။

ဤသို့ပြောသော် ကာကဏ္ဍကပုဏ္ဏား၏သား အသျှင်ယသသည် ဝေသာလီပြည်နေ ဥပါသကာတို့အား "ဒါယကာတို့ သံဃာအား ကျပ်

ဒင်္ဂါးကိုလည်းကောင်း၊ ကျပ်ဒင်္ဂါးဝက်ကိုလည်းကောင်း၊ မတ်ကိုလည်းကောင်း၊ ပဲကိုလည်းကောင်း မလှူကုန်လင့်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့အား ရွှေငွေသည်မအပ်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် မသာယာကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကိုမခံယူကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ပတ္တမြားရွှေကို စွန့်ပစ်ချထားကုန်၏။ ရွှေငွေမှကင်းကုန်၏"ဟု ပြော၏။

ကာကဏ္ဍကပုတ္တအား၏သား အသျှင်ယသသည် ဤသို့ပြောဆိုသော်လည်း ဝေသာလီပြည်နေ ဥပါသကာတို့သည် သံဃာအား ကျပ်ဒင်္ဂါးကိုလည်းကောင်း, ကျပ်ဒင်္ဂါးဝက်ကိုလည်းကောင်း၊မတ်ကိုလည်းကောင်း ပဲကိုလည်းကောင်း လှူကုန်သည်သာတည်း။

ထို့နောက် ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် ညဉ့်လွန်သောအခါ၌ ထိုရွှေငွေကို ရဟန်းအရေအတွက်ဖြင့် အဖို့ထား၍ ခွဲဝေကုန်၏။

ထို့နောက် ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ကာကဏ္ဍကပုတ္တအား၏သား အသျှင်ယသအား "ငါ့သျှင်ယသ ဤကား သင်၏အဖို့ အစုငွေတည်းဟု ပြောဆိုကုန်၏။

ငါ့သျှင်တို့ ငါ၏အဖို့ အစုငွေမရှိ၊ ငါသည် ငွေကိုမသာယာဟု (ဆို၏)။

ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် "ငါ့သျှင်တို့ ကာကဏ္ဍကပုတ္တအား၏သား ဤယသသည် သဒ္ဓါရှိသော ကြည်ညိုသော ဥပါသကာတို့ကို ဆဲရေး၏၊ ရေရွတ်၏၊ မကြည်ညိုမှုကိုပြု၏၊ ယခု ဤယသအား ငါတို့သည် ပဋိသာရဏီယကံကိုပြုကုန်အံ့"ဟု ထိုယသအား ပဋိသာရဏီယကံကို ပြုကုန်၏။ ထိုအခါ ကာကဏ္ဍကပုတ္တအား၏သား အသျှင်ယသသည် ဝေသာလီပြည်နေ၊ဝဇ္ဇီတိုင်းသားရဟန်းတို့ကို ငါ့သျှင်တို့ ပဋိသာရဏီယကံပြုခံရသော ရဟန်းအား၊နောက်လိုက်တမန် ရဟန်းကိုပေးရမည်'ဟု မြတ်စွာဘုရား ပညတ်တော်မူ၏၊ ငါ့သျှင်တို့ ငါ့အား နောက်လိုက် တမန်ရဟန်းကိုပေးကုန်လော့"ဟု ပြော၏။ ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် ရဟန်းတစ်ပါးကိုသမုတ်၍

ကာကဏ္ဍကပုဏ္ဏား၏သား အသျှင်ယသအား နောက်လိုက်တမန် ရဟန်းကိုပေးကုန်၏။ ထို့နောက် ကာကဏ္ဍကပုဏ္ဏား၏သား အသျှင်ယသသည် ကိုယ်စား တမန်နောက်လိုက် ရဟန်းနှင့်အတူ ဝေသာလီပြည်သို့ဝင်၍ ဝေသာလီပြည်သား ဥပါသကာတို့အား—

ငါသည် သဒ္ဓါရှိသော ကြည်ညိုသော အသျှင်ဥပါသကာတို့ကို ဆဲရေးသတတ်၊ ရေရွတ်သတတ်၊ မကြည်ညိုမှုကို ပြုလုပ်သတတ်။ ငါသည် မတရားကို မတရားဟု ပြော၏၊ တရားကို တရားဟု ပြော၏၊ ဝိနည်းမဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြော၏၊ ဝိနည်းကို ဝိနည်းဟု ပြော၏။

ဒါယကာတို့၊ အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏၊ ဒါယကာတို့၊ ထိုကျောင်း၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို....

လ နေ တို့၏ အညစ်အကြေး ၄-ပါး

ရဟန်းတို့၊ လ နေ တို့၏ အညစ်အကြေးတို့သည် လေးမျိုးတို့တည်း၊ ယင်း အညစ်အကြေးတို့ဖြင့် ညစ်နွမ်းသောကြောင့် လ နေ တို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်၊ လေးမျိုးတို့ကား အဘယ်တို့နည်းဟူမူ ...

ရဟန်းတို့၊ တိမ်တိုက်သည် လ နေ တို့၏ အညစ်အကြေးတည်း၊ ယင်း တိမ်တိုက် အညစ်အကြေးဖြင့် ညစ်နွမ်းသောကြောင့် လ နေ တို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့၊ ဆီးနှင်းသည် လ နေတို့၏ အညစ်အကြေးတည်း၊ ယင်း ဆီးနှင်း အညစ်အကြေးတို့ဖြင့် ညစ်နွမ်းသောကြောင့် လ နေ တို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့၊ မြူခိုးသည် လ နေ တို့၏ အညစ်အကြေးတည်း၊ ယင်း မြူခိုး အညစ်အကြေးဖြင့် ညစ်နွမ်းသောကြောင့် လ နေ တို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့၊ ရာဟုအသူရိန်သည် လ နေ တို့၏ အညစ်အကြေးတည်း၊ ယင်း ရာဟုအသူရိန် အညစ်အကြေးဖြင့် ညစ်နွမ်းသောကြောင့် လ နေ တို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့၊ ဤ လေးမျိုးတို့ကား လ နေ တို့၏ အညစ်အကြေးတို့တည်း။ ယင်းအညစ်အကြေးတို့ဖြင့်ညစ်နွမ်းသောကြောင့် လ နေတို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့၏ အညစ်အကြေး ၄-ပါး

ရဟန်းတို့၊ ဤအတိုင်းပင် သမဏဗြာဟ္မဏတို့၏ အညစ်အကြေးတို့သည် လေးမျိုးတို့တည်း။ ယင်း အညစ်အကြေးတို့ဖြင့် ညစ်နွမ်းသောကြောင့် အချို့သော သမဏဗြာဟ္မဏ တို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။ လေးမျိုးတို့ကား အဘယ်တို့နည်း။

ရဟန်းတို့၊ အချို့သော သမဏဗြာဟ္မဏ တို့သည် သေရည်ကို သောက်ကုန်၏၊ အရက်ကို သောက်ကုန်၏၊ သေရည်အရက်ကို သောက်ခြင်းမှ မရှောင်ကြဉ်ကုန်။ ရဟန်းတို့၊ ဤကား သမဏဗြာဟ္မဏတို့၏ ရှေးဦးစွာသော အညစ်အကြေးတည်း၊ ယင်း အညစ်အကြေးဖြင့် ညစ်နွမ်းသောကြောင့် အချို့သော သမဏဗြာဟ္မဏ တို့သည် မတောက်ပကုန်။ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့၊ နောက်တစ်မျိုးကား အချို့သော သမဏဗြာဟ္မဏတို့သည် မေထုန်အကျင့်ကို မှီဝဲကုန်၏၊ မေထုန်အကျင့်မှ မရှောင်ကြဉ်ကုန်၊ ရဟန်းတို့ ဤကား သမဏဗြာဟ္မဏတို့၏ နှစ်ခုမြောက် အညစ်အကြေးတည်း၊ ယင်း အညစ်အကြေးဖြင့် ညစ်နွမ်းသောကြောင့် အချို့သော သမဏဗြာဟ္မဏ တို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့၊ နောက်တစ်မျိုးကား အချို့သော သမဏဗြာဟ္မဏတို့သည် ရွှေ ငွေ ကို သာယာကုန်၏၊ ရွှေ ငွေကို ခံယူခြင်းမှ မရှောင်ကြဉ်ကုန်၊ ရဟန်းတို့၊ ဤကား သုံးခုမြောက် ရဟန်းတို့၏ အညစ်အကြေးတည်း၊ ယင်း အညစ်အကြေးဖြင့် ညစ်နွမ်းသောကြောင့် အချို့သော သမဏဗြာဟ္မဏ တို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့၊ နောက်တစ်မျိုးကား အချို့သော သမဏဗြာဟ္မဏတို့သည် မှားသောအသက်မွေးမှုဖြင့် အသက်မွေးကုန်၏၊ မှားသောအသက်မွေးမှုမှ မရှောင်ကြဉ်ကုန်။ ရဟန်းတို့၊ ဤကား သမဏဗြာဟ္မဏတို့၏ လေးခုမြောက် အညစ်အကြေးတည်း။ ယင်း အညစ်အကြေးဖြင့် ညစ်နွမ်းသောကြောင့်

အချို့သော သမဏဗြာဟ္မဏတို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့၊ ဤသည်တို့ကား သမဏဗြာဟ္မဏ တို့၏ အညစ်အကြေး လေးမျိုးတို့တည်း၊ ယင်း အညစ်အကြေးတို့ဖြင့် ညစ်နွမ်းသောကြောင့် အချို့သော သမဏဗြာဟ္မဏ တို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ဒါယကာတို့၊ မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏။ ဤစကားကို ဟောတော်မူပြီးနောက် ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ထိုမှ နောက်၌ ဤ (ဂါထာ) စကားကို ဟောတော်မူ၏။

ရာဂဒေါသဖြင့် ညစ်နွမ်းသော အဝိဇ္ဇာဖုံးလွှမ်းသော ပိယရုပ် သာတရုပ်တို့ နှစ်သက်သော ပေါသ မည်သော အချို့သော သမဏဗြာဟ္မဏတို့သည်....

သေရည်ကို သောက်ကုန်၏၊ အရက်ကို သောက်ကုန်၏၊ မေထုန်ကို မှီဝဲကုန်၏၊ မသိသောပုဂ္ဂိုလ်တို့သည် ငွေကိုလည်းကောင်း၊ ရွှေကိုလည်းကောင်း သာယာကုန်၏။

အချို့သော ဗြာဟ္မဏတို့သည် မှားသော အသက်မွေးမှုဖြင့် အသက်မွေးကုန်၏၊ ဤအညစ်အကြေးတို့ကို နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောထားတော်မူ၏။

ယင်းအညစ်အကြေးတို့ဖြင့် ညစ်နွမ်းကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မစင်ကြယ်သော ကိလေသာမြူရှိသော သားကောင်နှင့်တူသော။

အမိုက်တိုက်ဖြင့် ဖုံးလွှမ်းသော တဏှာ၏ကျွန်ဖြစ်သော တဏှာနှင့်တကွ ဖြစ်သော အချို့သော သမဏဗြာဟ္မဏတို့သည် ကြမ်းတမ်းသော သင်္ချိုင်းမြေကို ပွားစေကုန်၏။ ဘဝသစ်ကို ယူကုန်၏ဟု (ဟောတော်မူ၏)။

ဤသို့အယူရှိသော ငါသည် သဒ္ဓါတရားရှိသော ကြည်ညိုသောအသွင် ဥပါသကာတို့ကို ဆဲရေးသတတ်၊ ရေရှုတ်သတတ်၊ မကြည်ညိုမှုကို ပြုလုပ်သတတ်။

ငါသည် မတရားသည်ကို မတရားဟုပြော၏၊ တရားကို တရားဟု ပြော၏။ ဝိနည်းမဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြော၏၊ ဝိနည်းကို ဝိနည်းဟု ပြော၏။

ဒါယကာတို့ အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်တွင် ရှဥ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။

ထိုအခါ နန်းတော်တွင်း မင်းပရိသတ်၌ ပေါင်းစုစည်းဝေးနေထိုင် ကုန်သော မင်းပရိသတ်တို့အား ဤအကြားစကားသည် ထင်ရှားဖြစ်၏။ "သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့အား ရွှေ ငွေသည် အပ်၏၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေ ငွေကို သာယာကုန်၏၊ သာကီဝင်မင်းသား ဘုရား အနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေ ငွေကို ခံယူကုန်၏"ဟု (ထင် ရှားဖြစ်၏)။

ဒါယကာတို့ ထိုအခါ မဏိစူဠက ရွာသူကြီးသည် ထိုပရိသတ်၌ ထိုင်နေ၏၊ ဒါယကာတို့ ထိုအခါ မဏိစူဠက ရွာသူကြီးသည် ထိုပရိသတ် အား–

"အသျှင်တို့ ဤသို့ မပြောကုန်လင့်၊ သာကီဝင်မင်းသား ဘုရား အနွယ်တော်ဖြစ်သော ရဟန်းတို့အား ရွှေ ငွေသည် မအပ်၊ သာကီဝင် မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေ ငွေကို မသာ ယာကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့ သည် ရွှေ ငွေကို မခံယူကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ပတ္တမြားရွှေကို စွန့်ပစ်ချထားကုန်၏၊ ရွှေ ငွေမှ ကင်းကုန်၏"ဟု ပြော၏။

ဒါယကာတို့ မဏိစူဠကရွာသူကြီးသည် ထိုပရိသတ်ကို နားလည်စေ ခြင်းငှာ မတတ်နိုင်၊ ဒါယကာတို့ ထိုအခါ မဏိစူဠက ရွာသူကြီးသည် ထို ပရိသတ်ကို သိစေပြီးနောက် မြတ်စွာဘုရားထံသို့ ချဥ်းကပ်၍ မြတ်စွာ ဘုရားကို ရှိခိုးပြီးလျှင် တစ်ခုသောနေရာ၌ထိုင်လျက် မြတ်စွာဘုရားအား–

"အသျှင်ဘုရား... ဤမင်းနန်းတော်တွင်း မင်းပရိသတ်၌ ပေါင်းစု စည်းဝေး နေထိုင်ကုန်သော မင်းပရိသတ်တို့အား 'သာကီဝင်မင်းသား

ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့အား ရွှေ ငွေသည် အပ်၏၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေ ငွေကို သာယာကုန်၏၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေ ငွေကို ခံယူကုန်၏'ဟု ဤအကြားစကားသည် ထင်ရှားဖြစ်ပါ၏။ အသျှင်ဘုရား....ဤသို့ပြောသော် အကျွန်ုပ်သည် ထိုပရိသတ်အား 'အသျှင်တို့ ဤသို့ မပြောကုန်လင့်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့အား ရွှေ ငွေသည် မအပ်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေ ငွေကို မသာယာကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ပတ္တမြား ရွှေကို စွန့်ပစ်ချထားကုန်၏၊ ရွှေ ငွေမှ ကင်းကုန်၏'ဟု ပြောပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် ထိုပရိသတ်ကို နားလည်စေခြင်းငှာ မတတ်နိုင်ပါ။

အသျှင်ဘုရား-အသို့ပါနည်း၊ ပြောသော အကျွန်ုပ်သည် မြတ်စွာဘုရား ပြောဟောသောစကားကို ပြောသူ ဟုတ်ပါ၏လော၊ မြတ်စွာဘုရားကို မဟုတ်မမှန်သော စကားဖြင့် မစွပ်စွဲခြင်း မည်ပါ၏လော၊ တရားတော်အားလျော်သော တရားကိုလည်း ပြောခြင်းမည်ပါ၏လော၊ ဝါဒတော်အား လျော်အောင် ပြောဆိုမှုအချို့သည် အကြောင်းလုံလောက်လျက် ကဲ့ရဲ့ဖွယ်ရာသို့ မရောက်ဘဲရှိပါ၏လော”ဟု လျှောက်၏။

ရှာသူကြီး သင်သည် ဤသို့ပြောမူ အမှန်ပင် ငါပြောဟောသောစကားကို ပြောသူတည်း၊ မဟုတ်မမှန်သော စကားဖြင့် ငါ့ကိုလည်း စွပ်စွဲသည်မမည်၊ တရားတော်အား လျော်ကပ်သော စကားကိုလည်း ပြောခြင်းမည်၏၊ ဝါဒတော်အား လျော်အောင် ပြောဆိုမှုအချို့သည် အကြောင်းလုံလောက်လျက် ကဲ့ရဲ့ဖွယ်ရာသို့ မရောက်၊ ရွာသူကြီး သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့အား ရွှေ ငွေသည် မအပ်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ရွှေ ငွေကို မသာယာကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို မခံယူကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ပတ္တမြား ရွှေကို စွန့်ပစ်ချထားကုန်၏၊ ရွှေ ငွေမှ ကင်းကုန်၏။

ရှာသူကြီး ရွှေငွေအပ်သူအား ကာမဂုဏ်ငါးပါးတို့လည်း အပ်ကုန်၏။ ရှာသူကြီး ကာမဂုဏ်ငါးပါး အပ်သူကို "ရဟန်းတံရားမရှိသူ သာကီဝင်မင်းသား ဘုရားအနွယ်တော်တို့၏ တရားမရှိသူ"ဟု ကေန်မှတ်လေလော့။

ရှာသူကြီး စင်စစ်ကား ငါသည် ဤသို့ ဟော၏၊ မြက်ကို အလိုရှိသူသည် မြက်ရှာအပ်၏၊ သစ်သားကို အလိုရှိသူသည် သစ်သားကိုရှာအပ်၏၊ လှည်းကို အလိုရှိသူသည် လှည်းကိုရှာအပ်၏၊ အမှုလုပ် ယောကျ်ားကို အလိုရှိသူသည် အမှုလုပ်ယောကျ်ားကို ရှာအပ်၏၊ ရှာသူကြီး မည်သည့်အကြောင်းနှင့်မျှ ရွှေငွေကို'သာယာအပ်၏ ရှာမှီးအပ်၏'ဟု ငါမဟော"ဟု မိန့်တော်မူပါ၏။

ဤသို့ ပြောဆိုလေ့ရှိသောငါသည် သဒ္ဓါတရားရှိသော ကြည်ညိုသော အသျှင်ဥပါသကာတို့ကို ဆဲရေးသဘတ်' ရေရွတ်သဘတ်၊ မကြည်ညိုမှုကို ပြုလုပ်သတတ်၊ ငါသည် မတရားသည်ကို မတရားဟုပြော၏။ တရားသည်ကို တရားဟုပြော၏၊ ဝိနည်း မဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြော၏။ ဝိနည်းကို ဝိနည်းဟု ပြော၏။

ဒါယကာတို့ အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို အကြောင်းပြု၍ ရွှေငွေကို ပယ်၏၊ သိက္ခာပုဒ်ကိုလည်း ပညတ်တော်မူ၏။ ဤသို့ အယူရှိသော ငါသည် သဒ္ဓါတရားရှိသော ကြည်ညိုသော အသျှင်ဥပါသကာတို့ကို ဆဲရေးသတတ်၊ ရေရွတ်သတတ် မကြည်ညိုမှုကို ပြုလုပ်သတတ်၊ ငါသည် မတရားကို မတရားဟု ပြော၏၊ တရားကို တရားဟုပြော၏၊ ဝိနည်းမဟုတ်သည်ကို ဝိနည်းမဟုတ်ဟုပြော၏၊ ဝိနည်းကို ဝိနည်းဟုပြော၏ဟု (ပြောဆို၏)။

ဤသို့ ပြောလတ်သော် ဝေသာလီပြည်သား ဥပါသကာတို့သည် ကာကဏ္ဍကပုတ္တအား၏သား အသျှင်ယသအား "အသျှင်ဘုရား ကာကဏ္ဍကပုတ္တအား၏သား အသျှင်ယသတစ်ပါးသည် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတည်း၊ ဤသူ အားလုံးတို့သည် ရဟန်းမဟုတ်ကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်ကုန်၊ အသျှင်ဘုရား ကာကဏ္ဍကပုတ္တအား၏သား အသျှင်ယသသည် ဝေသာလီပြည်၌

နေတော်မူပါ၊ အကျွန်ုပ်တို့သည် သင်္ကန်း ဆွမ်း ကျောင်း သူနာတို့၏ အထောက်အပံ့ ဆေးပစ္စည်းတို့အတွက် ကြောင့်ကြ စိုက်ပါကုန်အံ့”ဟု လျှောက်ကုန်၏။

ထို့နောက် ကာကဏ္ဍကပုတ္တအား၏သား အသျှင်ယသသည် ဝေသာလီပြည်သား ဥပါသကာတို့ကို သိစေပြီးလျှင် နောက်လိုက်တမန် ရဟန်းနှင့် အတူ ကျောင်းအရံသို့သွား၏။

ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် နောက်လိုက် တမန် ရဟန်းကို “ငါ့သျှင်ကာကဏ္ဍကပုတ္တအား၏သား ယသသည် ဝေသာလီပြည်နေ ဥပါသကာတို့ကို တောင်းပန်အပ်ပြီလော”ဟု မေးကုန်၏။

ငါ့ရှင်တို့ ဥပါသကာတို့သည် ငါတို့ကို ယုတ်မာသူအဖြစ်ကို ပြုကုန်၏၊ ကာကဏ္ဍကပုတ္တအား၏သား အသျှင်ယသတစ်ဦးကိုသာ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းအဖြစ်ကို ပြုကုန်၏။ ငါတို့အားလုံးကို သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့ မဟုတ်သည့် အဖြစ်ကို ပြုကုန်၏ဟု (ပြော၏)။

ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် “ငါ့သျှင်တို့ ကာကဏ္ဍကပုတ္တအား၏သား ဤယသသည် ငါတို့ မသမုတ်အပ်ဘဲ လူတို့အား ပြ၏၊ ယခု ငါတို့သည် ထိုရဟန်းအား ဥက္ခေပနီယကံ ပြုကုန်အံ့”ဟု ထိုရဟန်းတို့သည် ထိုယသအား ဥက္ခေပနီယကံ ပြုလိုကုန်၍ စည်းဝေးကုန်၏။

ထိုအခါ ကာကဏ္ဍကပုတ္တအား၏သား အသျှင်ယသသည် ကောင်းကင်သို့ ပျံတက်၍ ကောသမ္ဗီပြည်၌ တည်၏။

ထိုအခါ ကာကဏ္ဍကပုတ္တအား၏သားအသျှင်ယသသည် ပါဝါပြည်သား ရဟန်းတို့၏ထံသို့လည်းကောင်း၊ အဝန္တိဒက္ခိဏာပထတိုင်းသားရဟန်းတို့၏ အထံသို့လည်းကောင်း “အသျှင်တို့ လာကုန်လော့၊ မသူတော်တရား မထွန်းကားမီ၊ သူတော်ကောင်းတရား မကွယ်ပမီ၊ ဝိနည်းမဟုတ်သော တရား မထွန်းကားမီ၊ ဝိနည်းတရား မကွယ်ပမီ၊ အဓမ္မဝါဒီပုဂ္ဂိုလ်တို့ အားမရှိကုန်မီ ဓမ္မဝါဒီပုဂ္ဂိုလ်တို့ အားမနည်းကုန်မီ၊ အဝိနယဝါဒီပုဂ္ဂိုလ်တို့ အားမရှိကုန်မီ၊ ဝိနယဝါဒီပုဂ္ဂိုလ်တို့ အားမနည်းကုန်မီ ဤ အဓိကရုဏ်းကိုယူကုန်အံ့”ဟု တမန်စေလွှတ်၏။

ထိုအခါ သာဏအရပ်၌နေသော အသျှင်သမ္ဘူတသည် အဟောဂင်္ဂါ မည်သောတောင်၌ နေ၏။ ထိုအခါ ကာကဏ္ဍကပုတ္တား၏သား အသျှင် ယသသည် အဟောဂင်္ဂါမည်သောတောင် သာဏအရပ်၌နေသော အသျှင် သမ္ဘူတထံသို့ ချဉ်းကပ် ရှိခိုးပြီးလျှင် တစ်ခုသောနေရာ၌ ထိုင်လျက်-

''အသျှင်ဘုရား ဝေသာလီပြည်နေ ဤဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဝေသာလီပြည်၌ ဝတ္ထုဆယ်မျိုးတို့ကို ပြပါကုန်၏။

'သားချိုဗူးဖြင့်ဆောင်ထားသော ဆားသည် အပ်၏။

နေရိပ် လက်နှစ်သစ်လွန်ချိန်၌ စားသောက်ခြင်းသည် အပ်၏။

ရွာတစ်ပါးသို့သွားမည့် ရဟန်းအား အတိရိတ် ဝိနည်းကံ မပြုဘဲ စားသောက်ခြင်းသည် အပ်၏။

တစ်သိမ်တည်း၌ သံဃာ့ကံကို အသီးသီးပြုခြင်းသည် အပ်၏။

ဆန္ဒပေးခြင်းသည် အပ်၏။

ဆရာဥပဇ္ဈာယ်တို့၏ အလေ့အကျက်သည် အပ်၏။

အတိရိတ်ဝိနည်းကံမပြုဘဲ နို့ဓမ်းမဖြစ်မိနို့ရည်ကို သုံးဆောင်ခြင်းသည် အပ်၏။

သေနကိုသောက်ခြင်းသည် အပ်၏။

အဆာ(အမြိတ်) မပါသော နိသီဒိုင်သည် အပ်၏။

ရွှေငွေသည် အပ်၏'ဟု (ပြပါကုန်၏)။

အသျှင်ဘုရား ယခု အကျွန်ုပ်တို့သည် မသူတော်တရား မထွန်းကားမီ၊ သူတော်ကောင်းတရား မကွယ်ပမီ၊ ဝိနည်းမဟုတ်သောတရား မထွန်းကားမီ၊ ဝိနည်းတရား မကွယ်ပမီ၊ အဓမ္မဝါဒီပုဂ္ဂိုလ်တို့ အားမရှိကုန်မီ၊ ဓမ္မဝါဒီပုဂ္ဂိုလ်တို့ အားမနည်းကုန်မီ၊ အဝိနယဝါဒီပုဂ္ဂိုလ်တို့ အားမရှိကုန်မီ၊ ဝိနယဝါဒီပုဂ္ဂိုလ်တို့ အားမနည်းကုန်မီ ဤအဓိကရုဏ်းကို ယူပါကုန်အံ့''ဟု လျှောက်၏။

''ငါ့သျှင် ကောင်းပြီ''ဟု သာဏအရပ်၌နေသော အသျှင်သမ္ဘူတသည် ကာကဏ္ဍကပုတ္တား၏သား အသျှင်ယသအား ဝန်ခံ၏။ ထိုအခါ

ခြောက်ကျိပ်အတိုင်းအရှည်ရှိကုန်သော ပါဝေယျက တိုင်းသားဖြစ်ကုန်သော အားလုံး တောနေရဟန်းဖြစ်ကုန်သော အားလုံးပိဏ္ဍပါတ်ဓုတင်ဆောင်ဖြစ်ကုန်သော အားလုံးပံ့သုကူဓုတင်ဆောင် ဖြစ်ကုန်သော အားလုံး တိစီဝရိတ်ဓုတင်ဆောင်ဖြစ်ကုန်သော အားလုံး ရဟန္တာချည်း ဖြစ်ကုန်သောရဟန်းတို့သည် အဟောဂင်္ဂါ မည်သောတောင်၌ စည်းဝေးကုန်၏။

ရှစ်ကျိပ်ရှစ်ပါး အတိုင်းအရှည်ရှိကုန်သော အဝန္တိဒက္ခိဏာပထတိုင်းသားဖြစ်ကုန်သော အချို့တော၌ နေကုန်သောအချို့ ပိဏ္ဍပါတ်ဓုတင်ဆောင်ကုန်သော အချို့ပံ့သုကူဓုတင်ဆောင်ကုန်သော အချို့တိစီဝရိတ်ဓုတင်ဆောင်ကုန်သော အားလုံး ရဟန္တာချည်းဖြစ်ကုန်သော ရဟန်းတို့သည် အဟောဂင်္ဂါမည်သော တောင်၌ စည်းဝေးကုန်၏။

ထိုအခါ မထေရ်ကြီးရဟန်းတို့သည် တိုင်ပင်ကုန်လတ်သော် "ဤအဓိကရုဏ်းသည် ကြမ်းလည်းကြမ်းတမ်း၏၊ ရဲလည်းရဲတင်း၏၊ ငါတို့သည် အဘယ်အသင်းအပင်းကို ရကုန်အံ့နည်း၊ ယင်းအသင်းအပင်းဖြင့် ငါတို့သည် ဤအဓိကရုဏ်း၌ အလွန်အားရှိကုန်အံ့"ဟု အကြံဖြစ်ကုန်၏။

ထိုအခါ အသျှင်ရေဝတသည် သောရေယျမြို့၌နေ၏။ အကြားအမြင်များ၍ ပါဠိတော်ကို နှုတ်တက်ရသည့်အပြင် ဓမ္မဝိနယနှင့် မာတိကာကို ဆောင်၏၊ ကျွမ်းကျင်လိမ္မာ၍ နက်နဲသောဉာဏ်ပညာရှိ၏၊ ရှက်တတ်၏၊ တွေးတောမှု သံသယကုက္ကုစ္စရှိတတ်၏၊ အကျင့်သိက္ခာကို လိုလား၏။

ထိုအခါ မထေရ်ကြီးရဟန်းတို့အား "ဤ အ သျှင် ရေ ဝ တ သည် သောရေယျမြို့၌နေ၏၊ အကြားအမြင်များ၍ ပါဠိတော်ကို နှုတ်တက်ရသည့်ပြင် ဓမ္မဝိနယနှင့်မာတိကာကိုဆောင်၏၊ ကျွမ်းကျင်လိမ္မာ၍ နက်နဲသောဉာဏ်ပညာရှိ၏၊ ရှက်တတ်၏၊ တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိတတ်၏။ အကျင့်သိက္ခာကို လိုလား၏။

ငါတို့သည် အသျှင်ရေဝတကို အသင်းအပင်းဖြစ်ရမူ ဤသို့ရခြင်းဖြင့် ငါတို့သည် ဤအဓိကရုဏ်း၌ အလွန်အားရှိသူတို့ဖြစ်လတ္တံ့"ဟု အကြံဖြစ်၏။

မထေရ်ကြီးရဟန်းတို့ တိုင်ပင်ကုန်စဉ် အသျှင်ရေဝတသည် စင်ကြယ်သော လူတို့နား၌ကြားခြင်းထက်လွန်သော ဒိဗ္ဗသောတအဘိညာဉ်

ဖြင့်ကြား၍ "ဤအမိကရုဏ်းသည် ကြမ်းလည်းကြမ်းတမ်း၏၊ ရဲလည်း ရဲတင်း၏၊ ငါသည် ဤသို့သော အမိကရုဏ်း၌ ဆုတ်နစ်ဟူမှု ဤဆုတ် နစ်ခြင်းသည် မသင့်လျော်၊ ထိုရဟန်းတို့သည်လည်း ယခုလာကုန်လတ္တံ့၊ ထိုငါသည် ထိုရဟန်းတို့နှင့် ရောပြွမ်းသော် ချမ်းသာစွာသွားရမည် မဟုတ်၊ ငါသည် စောစောသွားရမှု ကောင်း၏"ဟု အကြံဖြစ်၏။

ထို့နောက် အရှင်ရေဝတသည် သောရေယျမြို့မှ သင်္ကဿမြို့သို့သွား၏။

ထိုအခါ မထေရ်ရဟန်းတို့သည် "အသျှင်ရေဝတ အဘယ်မှာနည်း" ဟု သောရေယျမြို့သို့သွား၍ မေးကုန်၏။

"ထိုအရှင် ရေဝတသည် သင်္ကဿမြို့သို့သွား၏"ဟု ထိုရဟန်းတို့သည် ပြောကုန်၏။

ထိုအခါ မထေရ်ရဟန်းတို့သည် "အရှင် ရေဝတ အဘယ်မှာနည်း"ဟု သင်္ကဿမြို့သို့ သွား၍ မေးကုန်၏။

"ထိုအရှင်ရေဝတသည် ကဏ္ဏကုဇ္ဇမြို့သို့ သွား၏"ဟု ထိုရဟန်း တို့သည် ပြောကုန်၏။

ထိုအခါ ရှင်ရေဝတသည် ကဏ္ဏကုဇ္ဇမြို့မှ ဥဒုမ္ဗရမြို့သို့ သွား၏။

ထိုအခါ မထေရ်ရဟန်းတို့သည် "အရှင် ရေဝတ အဘယ်မှာ နည်း"ဟု ကဏ္ဏကုဇ္ဇမြို့သို့သွား၍ မေးကုန်၏။

"ထို အရှင် ရေဝတသည် ဥဒုမ္ဗရမြို့သို့ သွား၏"ဟု ထိုရဟန်းတို့သည် ပြောကုန်၏။

ထိုအခါ အရှင် ရေဝတသည် ဥဒုမ္ဗရမြို့မှ အဂ္ဂဠမြို့သို့ သွား၏။

ထိုအခါ မထေရ်ရဟန်းတို့သည် "အရှင် ရေဝတ အဘယ်မှာနည်း" ဟု ဥဒုမ္ဗရမြို့သို့သွား၍ မေးကုန်၏။

"ထိုအရှင်ရေဝတသည် အဂ္ဂဠမြို့သို့ သွား၏"ဟု ထိုရဟန်းတို့သည် ပြောကုန်၏။

ထိုအခါ အရှင် ရေဝတသည် အဂ္ဂဠမြို့မှ သဟဇာတိမြို့သို့ သွား၏။

ထိုအခါ မထေရ်ရဟန်းတို့သည် "အရှင်ရေဝတ အဘယ်မှာနည်း" ဟု အဂ္ဂဠပုရမြို့သို့သွား၍ မေးကုန်၏။

"ထိုအရှင်ရေဝတသည် သဟဇာတိမြို့သို့ သွား၏"ဟု ထိုရဟန်းတို့သည် ပြောကုန်၏။

ထိုအခါ မထေရ်ရဟန်းတို့သည် အရှင်ရေဝတကို သဟဇာတိမြို့၌ မှီကုန်၏။

ထိုအခါ သာဠှအရပ်၌နေသော အရှင်သမ္ဘူတသည် ကာကဏ္ဍကပုဏ္ဏားမ၏သား အရှင်ယသအား "ငါ့ရှင် ဤအရှင် ရေဝတသည် အကြားအမြင်များ၍ ပါဠိတော်ကို နှုတ်တက်ရသည့်ပြင် ဓမ္မဝိနယနှင့် မာတိကာကို ဆောင်၏၊ ကျွမ်းကျင်လိမ္မာ၍ နက်နဲသောပညာရှိ၏၊ ရှက်တတ်၏၊ တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိ၏၊ အကျင့်သိက္ခာကို လိုလား၏၊ ငါတို့သည် အရှင်ရေဝတအား အမေးပုစ္ဆာကို မေးကုန်အံ့၊ အသျှင်ရေဝတသည် အမေးပုစ္ဆာ တစ်ခုတည်းဖြင့်ပင် တစ်ညဥ့်ပတ်လုံးကို လွန်စေနိုင်၏၊ ယခု အရှင်ရေဝတသည် အသံဖြင့် ရွတ်တတ်သော အနီးနေ တပည့်ရဟန်းတို့ကို တိုက်တွန်းလတ္တံ့။

ထိုသင်သည် ထိုအနီးနေ တပည့်ရဟန်း၏အသံဖြင့် ရွတ်ဆိုမှု ပြီးဆုံးသောအခါ၌ အရှင်ရေဝတသို့ ချဥ်းကပ်၍ ဤဝတ္ထုဆယ်မျိုးတို့ကို မေးလျှောက်လော့"ဟု ပြောဆို၏။

"အရှင်ဘုရား ကောင်းပါပြီ"ဟု ကာကဏ္ဍကပုဏ္ဏားမ၏သား ယသသည် သာဠှအရပ်၌ နေသော အရှင်သမ္ဘူတအား ဝန်ခံ၏။

ထိုအခါ အရှင်ရေဝတသည် အသံဖြင့်ရွတ်တတ်သော အနီးနေ တပည့်ရဟန်းကို တိုက်တွန်း၏၊ ထိုအခါ ကာကဏ္ဍကပုဏ္ဏားမ၏သား အရှင်ယသသည် ထိုအနီးနေ တပည့်ရဟန်း၏အသံဖြင့် ရွတ်ဆိုမှုပြီးဆုံးသောအခါ၌ အရှင်ရေဝတထံသို့ ချဥ်းကပ်ပြီးနောက် အရှင်ရေဝတကို ရှိခိုးပြီးလျှင် တစ်ခုသောနေရာ၌ ထိုင်ကာ—

"အရှင်ဘုရား.... သိင်္ဂီလောဏကပ္ပသည် အပ်ပါ၏လော"ဟု လျှောက်၏။

ငါ့ရှင် သိင်္ဂီလောဏကပ္ပ ဟူသည်ကား အဘယ်နည်း"ဟု (မေး၏)။

အရှင်ဘုရား ''ဆားမရှိသောနေရာ၌ သုံးဆောင်အံ့''ဟု သားချိုဗူးဖြင့် ဆားကိုဆောင်ထားရန် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင် မအပ်ဟု (ဆို၏)။

အရှင်ဘုရား ဒွင်္ဂုလကပ္ပသည် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင် ဒွင်္ဂုလကပ္ပ ဟူသည်ကား အဘယ်နည်းဟု (မေး၏)။

အရှင်ဘုရား အရိပ်လက်နှစ်သစ် လွန်ပြီးနောက် မွန်းလွဲချိန်၌ ဘောဇဉ်ကို သုံးဆောင်ရန် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင် မအပ်ဟု (ဆို၏)။

အရှင်ဘုရား ဂါမန္တရကပ္ပသည် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင် ဂါမန္တရကပ္ပ ဟူသည်ကား အဘယ်နည်းဟု (မေး၏)။

အရှင်ဘုရား ယခု ရွာတစ်ပါးသို့ သွားအံ့ဟု ဆွမ်းစားစဉ် ပဝါရိတ်သင့်သော ရဟန်းသည် အတိရိက်ဝိနည်းကံ မပြုသော ဘောဇဉ်ကို သုံးဆောင်ရန် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင် မအပ်ဟု (ဆို၏)။

အရှင်ဘုရား အာဝါသကပ္ပသည် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင် အာဝါသကပ္ပ ဟူသည်ကား အဘယ်နည်းဟု (မေး၏)။

အရှင်ဘုရား ကျောင်းအများတို့သည် တစ်သိမ်တည်း ဖြစ်ကုန်၏။ အသီးအသီး ဥပုသ်ပြုရန် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင် မအပ်ဟု (ဆို၏)။

အရှင်ဘုရား အနုမတိကပ္ပသည် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင် အနုမတိကပ္ပ ဟူသည်ကား အဘယ်နည်းဟု (မေး၏)။

အရှင်ဘုရား ''လာသောရဟန်းတို့ကို ခွင့်ပြုစေကုန်အံ့''ဟု ဝဂ်ဖြစ်သော သံဃာသည် ကံပြုရန်အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင် မအပ်ဟု (ဆို၏)။

အရှင်ဘုရား အာစိဏ္ဏကပ္ပသည် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင် အာစိဏ္ဏကပ္ပ ဟူသည်ကား အဘယ်နည်းဟု (မေး၏)။

အရှင်ဘုရား ဤအမှုကို ငါ၏ ဥပဇ္ဈာယ်ဆရာသည် လေ့ကျက်၏၊ ဤအမှုကို ငါ၏ဆရာသည် လေ့ကျက်၏၊ ထိုအမှုကိုလေ့ကျက်ရန် အပ်ပါ၏လောဟု (လျှောက်၏)၊

ငါ့ရှင် အချို့အလေ့အကျက်သည် အပ်၏၊ အချို့အလေ့အကျက်သည် မအပ်ဟု (ဆို၏)။

အရှင်ဘုရား အမထိတကပ္ပသည် အပ်ပါ၏လောဟု (လျှောက်၏)

ငါ့ရှင် အမထိတကပ္ပ ဟူသည်ကား အဘယ်နည်းဟု (မေး၏)။

ပြကတေ့နို့သဘောလည်းကင်း၍ နို့ဓမ်းလည်းမဖြစ်သေးသော နို့ရည်ကို ဆွမ်းစားစဉ် ပဝါရိတ်သင့်သော ရဟန်းသည် အတိရိတ်ဝိနည်းကံ မပြုဘဲ သောက်ရန်အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင် မအပ်ဟု (ဆို၏)။

အရှင်ဘုရား ဇဠောဂီကို သောက်ရန်အပ်ပါ၏လောဟု (လျှောက်၏)၊

ငါ့ရှင် ဇဠောဂီ ဟူသည်ကား အဘယ်နည်းဟု (မေး၏)။

အရှင်ဘုရား အသောက်အဦ အားလုံးဖြင့် စီရင်ပြီးသော်လည်း သေရည်မဖြစ်သေးသော သေရည်နုကို သောက်ရန် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင် မအပ်ဟု (ဆို၏)။

အရှင်ဘုရား အဆာအမြိတ်မရှိသော နိသီဒိုင်သည် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင် မအပ်ဟု (ဆို၏)။

အရှင်ဘုရား ရွှေ ငွေ သည် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင် မအပ်ဟု (ဆို၏)။

အရှင်ဘုရား ဝေသာလီပြည်နေ ဤ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဝေသာလီပြည်၌ ဤ ဝတ္ထုဆယ်မျိုးတို့ကို ပြပါကုန်၏။ မသူတော်တရား မထွန်းကားမီ၊ သူတော်ကောင်းတရား မကွယ်ပမီ၊ ဝိနည်းမဟုတ်သော တရား မထွန်းကားမီ၊ ဝိနည်းတရား မကွယ်ပမီ၊ အဓမ္မဝါဒီပုဂ္ဂိုလ်တို့ အားမရှိကုန်မီ၊ ဓမ္မဝါဒီပုဂ္ဂိုလ်တို့ အားမနည်းကုန်မီ၊ အဝိနယဝါဒီ

ပုဂ္ဂိုလ်တို့ အားမရှိကုန်မီ၊ ဝိနယဝါဒီပုဂ္ဂိုလ်တို့ အားမနည်းကုန်မီ ယခု အခါ အကျွန်ုပ်တို့သည် ဤ အဓိကရုဏ်းကို ယူပါကုန်အံ့ဟု လျှောက်၏။

"ငါ့ရှင် ကောင်းပါပြီ"ဟု အသျှင်ရေဝတသည် ကာကဏ္ဍကပုဏ္ဏား၏ သား အရှင်ယသအား ဝန်ခံ၏။

ပဌမအခန်းပြီး၏

၂-ဒုတိယအခန်း

ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် "ကာကဏ္ဍက ပုဏ္ဏား၏ သား ယသရဟန်းသည် ဤ အဓိကရုဏ်းကို ယူလို၍ အပေါင်း အသင်းကို ရှာသတတ်၊ အပေါင်းအသင်းကိုလည်း ရသတတ်"ဟု ကြား ကုန်၏။

ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့အား "ဤ အဓိ ကရုဏ်းသည် ကြမ်းလည်းကြမ်းတမ်း၏၊ ရဲလည်းရဲတင်း၏၊ ငါတို့သည် ဤအဓိကရုဏ်း၌ အဘယ်အသင်းအပင်းကို ရကုန်အံ့နည်း၊ ယင်း အသင်း အပင်းဖြင့် ဤ အဓိကရုဏ်း၌ ငါတို့သည် အလွန်အားရှိကုန်အံ့"ဟု အကြံ ဖြစ်၏။

ထိုနောက် ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့အား "ဤ အရှင်ရေဝတသည် အကြားအမြင်များ၍ ပါဠိတော်ကို နှုတ်တက်ရသည့် ပြင် ဓမ္မဝိနယနှင့် မာတိကာကိုလည်း ဆောင်၏၊ ကျွမ်းကျင်လိမ္မာ၍ နက်နဲသော ပညာရှိ၏၊ ရှက်တတ်၏၊ တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိတတ်၏၊ အကျင့်သိက္ခာကို လိုလား၏၊ ငါတို့သည် အရှင်ရေဝတကို အသင်းအပင်းအဖြစ်ရမူ ဤ အဓိကရုဏ်း၌ အလွန်အားရှိကုန်အံ့"ဟု အကြံဖြစ်၏။

ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် သပိတ် သင်္ကန်း နိသီဒိုင် အပ် ဗူး ခါးပန်းကြိုး ရေစစ် ပုဝါ ဓမ္မကရိုက် ရေစစ် ဟူသော များစွာသော ရဟန်းအသုံးအဆောင် ပရိက္ခရာကို စီရင်ကုန်၏၊ ထို့နောက် ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ထိုရဟန်း အသုံးအဆောင် ပရိက္ခရာတို့ကိုယူ၍ လှေဖြင့် သဟဇာတိမြို့သို့ ဆန်တက် ကုန်၏၊ လှေမှဆင်းကြ၍ တစ်ခုသော သစ်ပင်ရင်း၌ ဆွမ်းစားကုန်၏။

ထိုအခါ အရှင်သာဠှသည် ဆိတ်ငြိမ်ရာသို့ကပ်၍ တစ်ယောက်တည်း ကိန်းအောင်းစဉ် "အဘယ်သူတို့သည် ဓမ္မဝါဒီပုဂ္ဂိုလ်တို့ ဖြစ်ကုန်သနည်း၊ ပါစိနတိုင်းသား ရဟန်းတို့သည် ဓမ္မဝါဒီပုဂ္ဂိုလ်တို့ ဖြစ်ကုန်သလော၊ ပါဝါပြည်သား ရဟန်းတို့သည် ဓမ္မဝါဒီပုဂ္ဂိုလ်တို့ ဖြစ်ကုန်သလော"ဟု စိတ်အကြံဖြစ်၏။

ထို့နောက် ဓမ္မနှင့် ဝိနယကို စိတ်ဖြင့်ဆင်ခြင်သော အရှင်သာဠှအား "ပါစိနတိုင်းသား ရဟန်းတို့သည် အဓမ္မဝါဒီပုဂ္ဂိုလ်တို့တည်း၊ ပါဝါပြည်သား ရဟန်းတို့သည် ဓမ္မဝါဒီပုဂ္ဂိုလ်တို့တည်း"ဟု အကြံဖြစ်၏။

ထိုအခါ သုဒ္ဓါဝါသဘုံ၌ နေသော တစ်ဦးသော ဗြဟ္မာသည် မိမိစိတ်ဖြင့် အရှင်သာဠှ၏ စိတ်အကြံကိုသိ၍ အားရှိသန်စွမ်းသော ယောကျ်ားသည် ကွေးထားသောလက်မောင်းကို ဆန့်သကဲ့သို့လည်းကောင်း၊ ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့လည်းကောင်း ဤအတူပင် သုဒ္ဓါဝါသဗြဟ္မာပြည်တို့၌ ကွယ်ပျောက်ခဲ့၍ အရှင်သာဠှ၏မျက်မှောက်၌ ထင်ရှားဖြစ်လေ၏။

ထိုအခါ ထိုဗြဟ္မာသည် အရှင်သာဠှအား....

"အရှင်ဘုရားသာဠှ တောင်းပန်ပါ၏၊ ပါစိနတိုင်းသား ရဟန်းတို့သည် အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့ပါတည်း၊ ပါဝါပြည်သား ရဟန်းတို့သည် ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့ပါတည်း၊

အရှင်ဘုရားသာဠှ ထို့ကြောင့် အရှင်သည် တရားအတိုင်းတည်တော်မူပါလော့"ဟု လျှောက်၏။

ဗြဟ္မာ ရှေးအခါ၌လည်းကောင်း ယခုအခါ၌လည်းကောင်း ငါသည် တရားအတိုင်း တည်၏။

သို့သော်လည်း ငါသည် ရှေးဦးစွာ အယူကိုထင်စွာ မပြုသေး၊ အဓိကရုဏ်း၌ ငါ့ကိုသမုတ်တန်ကောင်းရာ၏ဟု (ပြော၏)။

ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ထိုရဟန်းအသုံးအဆောင် ပရိက္ခရာကိုယူ၍ အရှင်ရေဝတထံသို့ ချဉ်းကပ်ပြီးနောက်—

"အရှင်ဘုရားမထေရ်သည် သပိတ်သက်နန်း နိသီဒိုင်အပ်ဖူး၊ခါးပန်းကြိုး၊ ရေစစ်ပုဝါ၊ ဓမ္မကရိုဏ်ရေစစ်ဟူသော ရဟန်းအသုံးအဆောင် ပရိက္ခရာတို့ကိုခံယူတော်မူပါလော့"ဟု လျှောက်ကုန်၏။

"ငါ့ရှင်တို့တန်ပြီ၊ ငါ့အား တိစီဝရိက်သည်ပြည့်စုံ၏"ဟု (ဆို၍) ခံယူခြင်းငှါ အလိုမရှိ။

ထိုအခါ ဝါနှစ်ဆယ်ရှိပြီးသော ဥတ္တရအမည်ရှိသော ရဟန်းသည် အရှင်ရေဝတ၏ အလုပ်အကျွေးဖြစ်၏။

ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် အရှင်ဥတ္တရထံသို့ချဉ်းကပ်၍ "အရှင်ဥတ္တရသည် သပိတ်၊ သက်န်း၊ နိသီဒိုင်၊ အပ်ဖူး၊ ခါးပန်းကြိုး၊ ရေစစ်ပုဝါ၊ ဓမ္မကရိုဏ်ရေစစ်ဟူသော ရဟန်းအသုံးအဆောင် ပရိက္ခရာတို့ကို ခံယူတော်မူပါလော့"ဟု လျှောက်ကုန်၏။

"ငါ့ရှင်တန်ပြီ၊ငါ့အား သပိတ် တိစီဝရိက်သည် ပြည့်စုံ၏"ဟု (ဆို၍) ခံယူခြင်းငှါအလိုမရှိ။

ငါ့ရှင် ဥတ္တရ လူတို့သည် မြတ်စွာဘုရားအား ရဟန်းအသုံးအဆောင် ပရိက္ခရာကိုကပ်လှူကုန်၏၊ မြတ်စွာဘုရားခံယူမူ ထိုခံယူခြင်းဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကုန်၏၊မြတ်စွာဘုရားမခံယူမူ အရှင်အာနန္ဒာအား- "အရှင်ဘုရား မထေရ်သည် မြတ်စွာဘုရား ခံယူတော်မူသကဲ့သို့ ခံယူတော်မူပါလော့ ထိုခံယူခြင်းသည်မြတ်စွာဘုရားခံယူတော်မူသကဲ့သို့ ဖြစ်ပါလိမ့်မည်"ဟုကပ်လှူကုန်၏။

အရှင်ဥတ္တရသည် ရဟန်းအသုံးအဆောင်ပရိက္ခရာကို အရှင်ရေဝတမထေရ်ခံယူသကဲ့သို့ခံယူတော်မူပါလော့၊ ထိုခံယူခြင်းသည် အရှင် ရေဝတမထေရ် ခံယူတော်မူသကဲ့သို့ ဖြစ်ပါလိမ့်မည်ဟု (လျှောက်ကုန်၏)။ ထိုအခါ အရှင်ဥတ္တရသည် ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသားရဟန်းတို့က (စကားဖြင့်) နှိပ်စက်(အဘင်းအကြပ်ပြော)သောကြောင့် ငါ့ရှင်တို့လိုရာကို ပြောဆိုကုန်လော့ဟုပြော၍ သက်န်းတစ်ထည်ကိုခံယူလေ၏။

အရှင်ဥတ္တရသည် အရှင်ရေဝတမထေရ်ကို-

"အရှင်ဘုရား အရှင်ရေဝတမထေရ်သည် သံဃာ့အလယ်၌ အရှေ့ဇနပုဒ်တို့၌ ဘုန်းတော်ကြီးကုန်သော မြတ်စွာဘုရားတို့သည် ပွင့်ပါကုန်၏၊ ပါစိနတိုင်းသားရဟန်းတို့သည် ဓမ္မဝါဒီပုဂ္ဂိုလ်တို့တည်း၊ ပါဝါပြည်သားရဟန်းတို့သည် အဓမ္မဝါဒီပုဂ္ဂိုလ်တို့တည်း"ဟု ဤမျှလောက်သောစကားသာ ပြောတော်မူပါလော့ဟု လျှောက်၏။

"ငါ့ရှင်တို့ ကောင်းပြီ"ဟု အရှင် ဥတ္တရသည် ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့အား ဝန်ခံပြီးလျှင် အရှင် ရေဝတထံသို့ ချဉ်းကပ်ပြီးနောက် အရှင် ရေဝတအား—

"အရှင်ဘုရား အရှေ့ဇနပုဒ်တို့၌ ဘုန်းတော်ကြီးကုန်သော မြတ်စွာဘုရားတို့သည်၊ ပွင့်ပါကုန်၏၊ ပါစိနတိုင်းသား ရဟန်းတို့သည် ဓမ္မဝါဒီပုဂ္ဂိုလ်တို့တည်း ပါဝါပြည်သား ရဟန်းတို့သည် အဓမ္မဝါဒီပုဂ္ဂိုလ်တို့တည်းဟု အရှင် ရေဝတမထေရ်သည် သံဃာ့အလယ်၌ ဤမျှလောက်သော စကားကိုသာ ပြောတော်မူပါလော့"ဟု လျှောက်၏။

"ရဟန်း....သင်သည် ငါ့ကို မတရားသည်၌ တိုက်တွန်း၏"ဟု အရှင် ရေဝတမထေရ်သည် အရှင် ဥတ္တရကို နှင်ထုတ်၏။

ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် အရှင် ဥတ္တရကို "ငါ့ရှင် ဥတ္တရ.... အရှင်ရေဝတမထေရ်ကြီးသည် အဘယ်ကို ပြောဆိုသနည်း"ဟု မေးမြန်းကုန်၏။

ငါ့ရှင်တို့....ငါတို့သည် ယုတ်ညံ့သောအမှုကို ပြုမိကုန်၏၊ "ရဟန်း သင်သည် ငါ့ကို မတရားသည်၌ တိုက်တွန်း၏"ဟု အရှင် ရေဝတမထေရ်သည် ငါ့ကို နှင်ထုတ်ပါသည်ဟု (ပြော၏)။

ငါ့ရှင်....သင်သည် ဝါနှစ်ဆယ်ရှိ၍ ကြီးပြီမဟုတ်လောဟု (မေးကုန်၏)။

ငါ့ရှင်တို့ မှန်၏။

သို့ဖြစ်သော်လည်း အကျွန်ုပ်တို့သည် လေးစားစွာ နိဿရည်းဆရာကို ယူရပါကုန်သေးဟု၏ (လျှောက်၏)။

ထိုအခါ သံဃာသည် ထိုအဓိကရုဏ်းကို ဆုံးဖြတ်လိုသောကြောင့် စည်းဝေး၏၊ ထို့နောက် အရှင် ရေဝတသည် သံဃာကိုသိစေ၏။

'ငါ့ရှင်တို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ငါတို့သည် ဤအဓိကရုဏ်းကို ဤအရပ်၌ ငြိမ်းစေကုန်မူ အကြောင်းရင်း အဓိကရုဏ်းကို ယူသော ရဟန်းတို့သည် တစ်ဖန်ကံဖြစ်ရန် လှုံ့ဆော်ကုန်ရာ၏၊ သံဃာအား လျှောက်ပတ်သောအခါ ရှိသောကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤအဓိကရုဏ်းကို ဖြစ်ရင်းအရပ်၌သာ ငြိမ်းစေရာ၏'' ဟု (သိစေ၏)။

ထို့နောက် မထေရ်ကြီး ရဟန်းတို့သည် ထိုအဓိကရုဏ်းကို ဆုံးဖြတ်လိုကုန်၍ ဝေသာလီပြည်သို့ သွားကုန်၏။

ထိုအခါ သဗ္ဗကာမိမည်သော မြေတပြင်လုံး၌ သံဃာ့ထေရ်ဖြစ်သော ပဥ္စင်းဖြစ်သည်မှစ၍ ဝါတစ်ရာ့နှစ်ဆယ် ရရှိပြီးသော အရှင် အာနန္ဒာ၏ အတူနေတပည့်သည် ဝေသာလီပြည်၌ သီတင်းသုံးနေ၏။

ထိုအခါ အရှင် ရေဝတသည် သာဏအရပ်၌နေသော အရှင်သမ္ဘူတအား–

''ငါ့ရှင်....ငါသည် သဗ္ဗကာမိထေရ်နေရာ ကျောင်းသို့ ချဉ်းကပ်အံ့၊ ထိုသင်သည် စောစောကပင်လျှင် အရှင်သဗ္ဗကာမိသို့ ချဉ်းကပ်၍ ဤဝတ္ထုဆယ်မျိုးတို့ကို မေးလျှောက်လော့'' ဟု မိန့်ဆို၏။

''အရှင်ဘုရား ကောင်းပါပြီ'' ဟု သာဏအရပ်၌နေသော အရှင်သမ္ဘူတသည် အရှင် ရေဝတအား ဝန်ခံ၏။

ထို့နောက် အရှင် ရေဝတသည် သဗ္ဗကာမိထေရ်နေရာ ကျောင်းသို့ ချဉ်းကပ်၏၊ အရှင် သဗ္ဗကာမိ၏ အိပ်ရာနေရာကို အခန်း၌ ခင်းထား၏၊ အရှင် ရေဝတ၏ အိပ်ရာနေရာကို အခန်းဝ၌ခင်းထား၏။

ထိုအခါ အရှင် ရေဝတသည် ''ဤမထေရ်သည် ကြီးရင့်လျက် မအိပ်မလျောင်းဟု (နှလုံးပိုက်လျက်) မအိပ်၊ အရှင် သဗ္ဗကာမိသည် ''ဤအာဂန္တုကရဟန်းသည် ပင်ပန်းလျက် မအိပ်မလျောင်း'' ဟု (နှလုံးပိုက်လျက်) မအိပ်။

ထိုအခါ အရှင် သဗ္ဗကာမိသည် ညဉ့်၏ မိုးသောက်ယံအချိန်၌ထ၍ အရှင် ရေဝတကို ''အရှင်–သင်သည် ယခု အဘယ်နေခြင်းဖြင့် များစွာ နေသနည်း'' ဟု မေး၏။

အရှင်ဘုရား အကျွန်ုပ်သည် ယခု မေတ္တာဈာန် ဝင်စားသဖြင့် များစွာ နေပါသည်ဟု လျှောက်၏၊

အရှင် သင်သည် ယခု ပေါ်လွင်သော နေရခြင်းဖြင့် များစွာနေ၏၊ အရှင် ဤမေတ္တာကား ပေါ်လွင်သော နေခြင်းတည်းဟု (မိန့်ဆို၏)။ အရှင်ဘုရား အကျွန်ုပ်သည် လူဖြစ်စဉ် ရှေးအခါ၌လည်း မေတ္တာကို လေ့ကျက်ပါ၏၊ ထို့ကြောင့် အကျွန်ုပ်သည် ယခုအခါ၌လည်း မေတ္တာ ဈာန် ဝင်စားသဖြင့် များစွာနေပါ၏။ သို့သော်လည်း အကျွန်ုပ်သည် အရဟတ္တဖိုလ်ကို ကြာမြင့်စွာက ရောက်ပြီးပါတည်းဟု (လျှောက်၏)။

အရှင်ဘုရား....မထေရ်သည် ယခု အဘယ်နေခြင်းဖြင့် များစွာ နေပါသနည်းဟု (မေးလျှောက်၏)။

အရှင်....ငါသည် ယခု သုညတဖိုလ်ကို ဝင်စား၍နေခြင်းဖြင့် များစွာ နေပါသည်ဟု (မိန့်ဆို၏)။

အရှင်ဘုရား မထေရ်သည် ယခုမြတ်သော ယောကျ်ားတို့နေခြင်းဖြင့် များစွာနေပါပေ၏၊ အရှင်ဘုရား- ဤသုညတဖိုလ်သည် ယောကျ်ား မြတ်တို့ နေခြင်းပါတည်းဟု (လျှောက်၏)။

အရှင်-ငါသည် လူဖြစ်စဉ် ရှေးအခါ၌လည်း သုညတဖိုလ်ကို လေ့ ကျက်၏၊ ထို့ကြောင့် ငါသည် ယခု သုညတဖိုလ်ကို ဝင်စား၍နေခြင်းဖြင့် များစွာနေ၏၊ စင်စစ်လည်း ငါသည် အရဟတ္တဖိုလ်သို့ ကြာမြင့်စွာကပင် ရောက်ပြီးတည်းဟု (မိန့်ဆို၏)။

ဤကား မထေရ်ရဟန်းတို့၏ မပြတ်သေးသော အကြားစကားတည်း။

ထိုစကားမပြတ်သေးမီ သာဏအရပ်၌နေသော အရှင်သမ္ဘူတသည် ထိုအရပ်သို့ရောက်လာပြီးလျှင် အရှင်သဗ္ဗကာမိထံသို့ ချဉ်းကပ်၍ ရှိခိုးပြီး လျှင် တစ်ခုသောနေရာ၌ ထိုင်လျက် အရှင်သဗ္ဗကာမိအား....

''အရှင်ဘုရား.... ဝေသာလီပြည်နေ ဤဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဝေသာလီပြည်၌....

'သိင်္ဂိလောဏကပ္ပသည် အပ်၏၊ ဒွင်္ဂုလကပ္ပသည် အပ်၏၊ ဂါမန္တရကပ္ပ သည် အပ်၏၊ အာဝါသကပ္ပသည် အပ်၏၊ အနုမတိကပ္ပသည် အပ်၏၊ အာစိဏ္ဏကပ္ပသည် အပ်၏၊ အမထိတကပ္ပသည် အပ်၏၊ ဇလောဂိကို

သောက်ခြင်းသည် အပ်၏၊ အဆာမရှိသော နိသီဒိုင်သည် အပ်၏၊ ရွှေ ငွေသည် အပ်၏ဟု ဝတ္ထုဆယ်မျိုးတို့ကို ပြပါကုန်''

အရှင်ဘုရား...မထေရ်သည် ဥပဇ္ဈာယ်ဆရာ၏ ခြေတော်ရင်း၌ ဓမ္မနှင့် ဝိနယကို သင်ယူခဲ့ပါ၏၊ အရှင်ဘုရား မထေရ်သည် ဓမ္မနှင့် ဝိနယကို ဆင်ခြင်စဉ် အဘယ်သို့ဖြစ်ပါသနည်း၊ ''အဘယ်သူတို့သည် ဓမ္မဝါဒီပုဂ္ဂိုလ်တို့ ပါနည်း၊ ပါစိန တိုင်းသား ရဟန်းတို့သည် ဓမ္မဝါဒီပုဂ္ဂိုလ်တို့ ပါလော၊ ပါဝါပြည်သား ရဟန်းတို့သည် ဓမ္မဝါဒီပုဂ္ဂိုလ်တို့ပါလော''ဟု (လျှောက်၏)။

ငါ့ရှင်.... သင်သည်လည်း ဥပဇ္ဈာယ်ဆရာ၏ ခြေတော်ရင်း၌ ဓမ္မနှင့် ဝိနယကိုသင်ယူခဲ့၏၊ ငါ့ရှင်....သင်သည်ဓမ္မနှင့်ဝိနယကိုဆင်ခြင်စဉ်အဘယ်သို့ ဖြစ်သနည်း၊ ''အဘယ်သူတို့သည် ဓမ္မဝါဒီပုဂ္ဂိုလ်တို့နည်း၊ ပါစိနတိုင်းသား ရဟန်းတို့သည် ဓမ္မဝါဒီပုဂ္ဂိုလ်တို့လော၊ ပါဝါပြည်သား ရဟန်းတို့သည် ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့လော''ဟု (မေး၏)။

အရှင်ဘုရား....အကျွန်ုပ်သည် ဓမ္မနှင့် ဝိနယကို ဆင်ခြင်စဉ် ''ပါစိန တိုင်းသား ရဟန်းတို့သည် အဓမ္မဝါဒီပုဂ္ဂိုလ်တို့တည်း၊ ပါဝါပြည်သား ရဟန်းတို့သည် ဓမ္မဝါဒီပုဂ္ဂိုလ်တို့တည်း''ဟု အကြံဖြစ်ပါ၏။ သို့သော် လည်း စောစောကအယူကို ထင်ရှားမပြုပါ၊ ဤအဓိကရုဏ်း၌ အကျွန်ုပ်ကို သမုတ်သော် သမုတ်တန်ရာပါသောကြောင့်တည်းဟု (လျှောက်၏)။

ငါ့ရှင်....ငါသည်လည်း ဓမ္မနှင့် ဝိနယကို ဆင်ခြင်စဉ်''ပါစိန တိုင်းသား ရဟန်းတို့သည် အဓမ္မဝါဒီပုဂ္ဂိုလ်တို့တည်း၊ ပါဝါပြည်သား ရဟန်းတို့ သည် ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့တည်း''ဟု ဆင်ခြင်ခြင်းဖြစ်၏။ သို့သော်လည်း ငါသည် စောစောကပင် အယူကိုထင်ရှားမပြု၊ ဤအဓိကရုဏ်း၌ ငါ့ကို သမုတ်သော် သမုတ်ဘန်ရာသောကြောင့်တည်းဟု (မိန့်ဆို၏)။

ထို့နောက် သံဃာသည် ထိုအဓိကရုဏ်းကို ဆုံးဖြတ်လိုသောကြောင့် စည်းဝေး၏။

ထိုအဓိကရုဏ်းကို ဆုံးဖြတ်လတ်သော် အပိုင်းအခြားမရှိသော စကား တို့သည် ဖြစ်ကုန်၏။ စကားတစ်ခုမျှ၏ အနက်ကိုလည်း မသိရ၊ ထိုအခါ အရှင်ရေဝတ သံဃာကို သိစေ၏။

''အရှင်ဘုရားတို့....သံဃာသည် အကျွန်ုပ်၏ စကားကို) နာတော်မူ လော့၊ အကျွန်ုပ်တို့သည် ဤအဓိကရုဏ်းကို ဆုံးဖြတ်လတ်သော် အပိုင်း

အခြား မရှိသော စကားတို့သည် ဖြစ်ကုန်၏၊ စကားတစ်ခုမျှ၏ အနက်ကို လည်း မသိရ၊ သံဃာ လျောက်ပတ်သောအခါရှိသောကံသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤ အဓိကရုဏ်းကို ဥဗ္ဗာဟိက ကမ္မဝါစာဖြင့် ငြိမ်းရာ၏။ ပါစိနတိုင်းသား ရဟန်းလေးပါးတို့ကို လည်းကောင်း၊ ပါဝေယျက တိုင်းသား ရဟန်းလေးပါးတို့ကိုလည်းကောင်း ရွေးကောက်၏။ ပါစိန တိုင်းသား ရဟန်းတို့တွင် အရှင်သဗ္ဗကာမိကိုလည်းကောင်း၊ အရှင်သာဠှကို လည်းကောင်း၊ အရှင်ခုဇ္ဇသောဘိတကို လည်းကောင်း၊ အရှင်ဝါသဘ ဂါမိကိုလည်းကောင်း ရွေးကောက်၏။ ပါဝါပြည်သား ရဟန်းတို့တွင် အရှင်ရေဝတကိုလည်းကောင်း၊ သာဏအရပ်၌နေသော အရှင်သမ္ဘူတကို လည်းကောင်း၊ ကာကဏ္ဍကပုဏ္ဏား၏သား အရှင်ယသကိုလည်းကောင်း၊ အရှင်သုမနကိုလည်းကောင်း ရွေးကောက်၏''ဟု (သိစေ၏)။

ထို့နောက် အရှင်ရေဝတသည် သံဃာကို(သိစေ၏)။

''အရှင်ဘုရားတို့.... သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူ လော့၊ အကျွန်ုပ်တို့သည် ဤအဓိကရုဏ်းကို ဆုံးဖြတ်လတ်သော် အပိုင်း အခြားမရှိသော စကားတို့သည် ဖြစ်ကုန်၏။ စကားတစ်ခုမျှ၏ အနက် ကိုလည်း မသိရ၊ သံဃာအား လျောက်ပတ်သောအခါရှိသောကံသည် အကယ်၍ဖြစ်ငြားအံ့၊ သံဃာသည် ဤအဓိကရုဏ်းကို ငြိမ်းစေရန် ပါစိန တိုင်းသား ရဟန်းလေးပါးတို့ကိုလည်းကောင်း၊ ပါဝါပြည်သား ရဟန်း လေးပါးတို့ကိုလည်းကောင်း ဥဗ္ဗာဟိကကမ္မဝါစာဖြင့် သမုတ်ရာ၏။ ဤ ကား သိစေခြင်းတည်း။

အရှင်ဘုရားတို့....သံဃာသည် အကျွန်ုပ်၏(စကားကို)နာတော်မူလော့၊ အကျွန်ုပ်တို့သည် ဤအဓိကရုဏ်းကို ဆုံးဖြတ်လတ်သော် အပိုင်းအခြားမရှိ သော စကားတို့သည် ဖြစ်ကုန်၏။ စကားတစ်ခုမျှ၏ အနက်ကိုလည်း မသိရ၊ သံဃာသည် ဤအဓိကရုဏ်းကို ငြိမ်းစေရန် ပါစိနတိုင်းသား ရဟန်းလေးပါးတို့ကိုလည်းကောင်း၊ ပါဝါပြည်သား ရဟန်းလေးပါး တို့ကိုလည်းကောင်း ဥဗ္ဗာဟိကကမ္မဝါစာဖြင့် သမုတ်၏။

ပါစိနတိုင်းသား ရဟန်းလေးပါးတို့ကိုလည်းကောင်း၊ ပါဝါပြည်သား ရဟန်းလေးပါးတို့ကို လည်းကောင်း ဤအဓိကရုဏ်းကို ငြိမ်းစေရန် ဥဗ္ဗာဟိကကမ္မဝါစာဖြင့် သမုတ်ခြင်းကို အကြင်အရှင်အား နှစ်သက်ခြင်း

ရှိ၏၊ ထိုအရှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အရှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအရှင် ပြောဆိုရာ၏။

သံဃာသည် ပါစိနတိုင်းသား ရဟန်းလေးပါးတို့ကိုလည်း ကောင်း ပါဝါပြည်သား ရဟန်းလေးပါးတို့ကိုလည်းကောင်း ဤအဓိကရုဏ်းကို ငြိမ်းစေရန် ဥဗ္ဗာဟိကကမ္မဝါစာဖြင့် သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက် ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ဆိတ်ဆိတ်နေသဖြင့် ဤ နှစ်သက်သည့်အဖြစ်မှန်ကို သိမှတ်ရပါသည်''ဟု (သိစေ၏)။

ထိုအခါ အဇိတမည်သော ထယ်ဝါသော ရဟန်းသံဃာ၏ ပါတိ မောက်ပြရဟန်းဖြစ်၏။ ထိုအခါ သံဃာသည် အသျှင်အဇိတကိုလည်း မထေရ်ရဟန်းတို့၏ နေရာခင်းသူဟု သမုတ်၏။

ထိုအခါ မထေရ်ရဟန်းတို့အား ''ငါတို့သည် ဤအဓိကရုဏ်းကို အဘယ်အရပ်၌ ငြိမ်းစေကုန်ရာသနည်း''ဟု အကြံဖြစ်၏။ထိုအခါ မထေရ် ရဟန်းတို့အား ''ဤဝါလိကာရုံကျောင်းသည် မွေ့လျော်ဖွယ်ရှိ၏၊ အသံ နည်း၏၊ မြို့ရွာတွန်သံနည်း၏၊ ငါတို့သည် ဝါလိကာရုံကျောင်း၌ ဤ အဓိကရုဏ်းကိုငြိမ်းစေရမူ ကောင်း၏''ဟု အကြံဖြစ်၏။

ထို့နောက် မထေရ်ရဟန်းတို့သည် ထိုအဓိကရုဏ်းကို ဆုံးဖြတ်လိုကုန်၍ ဝါလိကာရုံကျောင်းသို့ သွားကုန်၏။

ထို့နောက် အသျှင်ရေဝတသည် သံဃာကိုသိစေ၏။

''အရှင်ဘုရားတို့.... သံဃာသည် အကျွန်ုပ်၏(စကားကို) နာတော်မူ လော့၊ သံဃာအား လျောက်ပတ်သောအခါရှိသော်သည် အကယ်၍ ဖြစ်ငြားအံ့၊ အကျွန်ုပ်သည် သဗ္ဗကာမိမထေရ်အား ဝိနည်းကို မေးပါ အံ့''ဟု (သိစေ၏)။

အရှင်သဗ္ဗကာမိသည်လည်း သံဃာကိုသိစေ၏။

''ငါ့ရှင်တို့.... သံဃာသည် အကျွန်ုပ်၏(စကားကို) နာတော်မူလော့၊ သံဃာအား လျောက်ပတ်သောအခါရှိသော်သည် အကယ်၍ဖြစ်ငြား အံ့၊ ရေဝတသည် ဝိနည်းကိုမေးလတ်သော် အကျွန်ုပ်သည် ဖြေဆိုအံ့'' ဟု (သိစေ၏)။

ထို့နောက် အသျှင်ရေဝတသည် အသျှင် သဗ္ဗကာမိအား-

အရှင်ဘုရား.... သိင်္ဂီလောဏကပ္ပသည် အပ်ပါ၏လော”ဟု လျှောက်၏။

ငါ့ရှင် သိင်္ဂီလောဏကပ္ပဟူသည် အဘယ်နည်းဟု (မေး၏)။

အရှင်ဘုရား.... “ဆားမရှိရာအရပ် (ဆားမပါသောဘောဇဉ်)၌ သုံးဆောင်ကုန်အံ့”ဟု သားချိုဗူးဖြင့် ဆားကိုဆောင်ရန်အပ်ပါ၏ လောဟု (လျှောက်၏)။

ငါ့ရှင်.... မအပ်ဟု (ဆို၏)။

အဘယ်အရပ် အဘယ်သိက္ခာပုဒ်၌ ပယ် တော် မူ ပါ သ နည်း ဟု (လျှောက်၏)။

သာဝတ္ထိပြည်ဝယ် ပါတိမောက်ကို ဝေဖန်ရာ ပဒဘာဇနီ၌ ပယ်တော်မူ၏ဟု (ဆို၏)။

အဘယ်အာပတ်သို့ ရောက်သနည်းဟု (လျှောက်၏)။

သိုမှီးခြင်းပြု၍ သုံးဆောင်ခြင်းကြောင့် (သင့်သော) ပါစိတ် အာပတ်သို့ ရောက်၏ဟု (ဆို၏)။

အရှင်ဘုရားတို့.... သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤရှေးဦးစွာသော ဝတ္ထုကို သံဃာသည် ဆုံးဖြတ်အပ်ပြီ၊ ဤအကြောင်းကြောင့်လည်း ဤဝတ္ထုသည် တရားမဟုတ်၊ ဝိနည်းမဟုတ်၊ မြတ်စွာဘုရားအဆုံးအမမှကင်း၏၊ ရှေးဦးစွာ ဤစာရေးတံမဲကိုချပ၏။

အရှင်ဘုရား.... ဒွင်္ဂုလကပ္ပသည်အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင်.... ဒွင်္ဂုလကပ္ပဟူသည်ကား အဘယ်နည်းဟု (မေး၏)။

အရှင်ဘုရား မွန်းလွဲအရိပ်လက်နှစ်သစ်လွန်ချိန်၌ ဘောဇဉ်ကို သုံးဆောင်ရန် အပ်ပါသလောဟု (လျှောက်၏)။

ငါ့ရှင်....မအပ်ဟု (ဆို၏)။

အဘယ်အရပ် အဘယ်သိက္ခာပုဒ်၌ ပယ် တော် မူပါ သ နည်း ဟု (လျှောက်၏)။

ရာဇဂြိုဟ်ပြည်ဝယ် ပါတိမောက်ကိုဝေဖန်ရာ ပဒဘာဇနီ၌ ပယ်တော်မူ၏ဟု(ဆို၏)။

အဘယ်အာပတ်သို့ရောက်ပါသနည်းဟု (လျှောက်၏)။

မွန်းလွဲချိန်၌ သုံးဆောင်ခြင်းကြောင့်(သင့်သော) ပါစိတ်အာပတ်သို့ ရောက်၏ဟု(ဆို၏)။

အရှင်ဘုရားတို့....သံဃာသည်အကျွန်ုပ်၏(စကားကို)နာတော်မူလော့၊ သံဃာသည် နှစ်ခုမြောက် ဤဝတ္ထုကို ဆုံးဖြတ်အပ်ပြီ၊ ဤအကြောင်း ကြောင့်လည်း ဤဝတ္ထုသည်တရားမဟုတ်၊ဝိနည်းမဟုတ်၊ မြတ်စွာဘုရား အဆုံးအမမှကင်း၏၊ နှစ်ခုမြောက် ဤစာရေးတံမဲကိုချပါ၏။

အရှင်ဘုရား....ဂါမန္တရကပ္ပသည် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင်.... ဂါမန္တရကပ္ပဟူသည်ကား အဘယ်နည်းဟု (မေး၏)။

အရှင်ဘုရား.... ''ယခု ရွာတစ်ပါးသို့သွားအံ့''ဟု ဆွမ်းစားစဉ် ပဝါ ရိတ်သင့်သောရဟန်းသည် အတိရိက်ဝိနည်းကံမပြုဘဲ ဘောဇဉ်ကို သုံး ဆောင်ရန်အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင်.... မအပ်ဟု (ဆို၏)။

အဘယ်အရပ် အဘယ်သိက္ခာပုဒ်၌ ပယ်တော်မူပါသနည်းဟု (လျှောက်၏)။

သာဝတ္ထိပြည်ဝယ် ပါတိမောက်ကို ဝေဖန်ရာ ပဒဘာဇနီ၌ ပယ်တော် မူ၏ဟု (ဆို၏)။

အဘယ်အာပတ်သို့ရောက်ပါသနည်းဟု (လျှောက်၏)။

အတိရိက်ဝိနည်းကံမပြုဘဲ သုံးဆောင်ခြင်းကြောင့် (သင့်သော) ပါစိတ်အာပတ်သို့ ရောက်၏ဟု(ဆို၏)။

အရှင်ဘုရားတို့.... သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူ လော့၊သံဃာသည် သုံးခုမြောက် ဤဝတ္ထုကို ဆုံးဖြတ်အပ်ပြီ၊ ဤ အ ကြောင်းကြောင့်လည်း ဤဝတ္ထုသည် တရားမဟုတ်၊ ဝိနည်းမဟုတ်၊ မြတ်စွာဘုရားအဆုံးအမမှ ကင်း၏၊ သုံးခုမြောက် ဤစာရေးတံမဲကို ချ ပါ၏။

အရှင်ဘုရား....အာဝါသကပ္ပသည် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင်–အာဝါသကပ္ပ ဟူသည်ကား အဘယ်နည်းဟု (မေး၏)။

အရှင်ဘုရား....ကျောင်းများစွာတို့သည် တစ်သိမ်တည်း ဖြစ်ကုန်၍၊ အသီးအသီး ဥပုသ်ပြုရန် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင်....မအပ်ဟု (ဆို၏)။

အဘယ်အရပ် အဘယ်သိက္ခာပုဒ်၌ ပယ်တော်မူပါသနည်းဟု(လျှောက်၏)။

ရာဇဂြိုဟ်ပြည်ဝယ် ဥပေါသထက္ခန္ဓက၌ ပယ်တော်မူ၏ဟု (ဆို၏)။

အဘယ်အာပတ်သို့ ရောက်ပါသနည်းဟု (လျှောက်၏)။

ဝိနည်းကို လွန်ကျူးခြင်းကြောင့် (သင့်သော) ဒုက္ကဋ်အာပတ်သို့ ရောက်၏ဟု (ဆို၏)။

အရှင်ဘုရားတို့....သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ လေးခုမြောက် ဤဝတ္ထုကို သံဃာသည် ဆုံးဖြတ်အပ်ပြီ၊ ဤအကြောင်းကြောင့်လည်း ဤဝတ္ထုသည် တရားမဟုတ်၊ ဝိနည်းမဟုတ်၊ မြတ်စွာဘုရားအဆုံးအမမှ ကင်း၏၊ လေးခုမြောက် ဤစာရေးတံမဲကို ချပါ၏။

အရှင်ဘုရား....အနုမတိကပ္ပသည် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင်—အနုမတိကပ္ပ ဟူသည်ကား အဘယ်နည်းဟု (မေး၏)။

အရှင်ဘုရား....“ကြွလာသော ရဟန်းတို့ကို ခွင့်ပြုစေကုန်အံ့”ဟု ဝဂ်ဖြစ်သော သံဃာသည် ကံပြုရန် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင်....မအပ်ဟု (ဆို၏)။

အဘယ်အရပ် အဘယ်သိက္ခာပုဒ်၌ ပယ်တော်မူပါသနည်းဟု (လျှောက်၏)။

စမ္ပေယျက္ခန္ဓကဝိနယဝတ္ထု၌ ပယ်တော်မူပါ၏ဟု (ဆို၏)။

အဘယ်အာပတ်သို့ ရောက်ပါသနည်းဟု (လျှောက်၏)။

ဝိနည်းကို လွန်ကျူးခြင်းကြောင့် (သင့်သော) ဒုက္ကဋ်အာပတ်သို့ ရောက်၏ဟု (ဆို၏)။

အရှင်ဘုရားတို့....သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ငါးခုမြောက် ဤဝတ္ထုကို ဆုံးဖြတ်အပ်ပြီ၊ ဤ

အကြောင်းကြောင့်လည်း ဤဝတ္ထုသည် တရားမဟုတ်၊ ဝိနည်းမဟုတ်၊ မြတ်စွာဘုရား အဆုံးအမမှ ကင်း၏၊ ငါးခုမြောက် ဤစာရေးတံမဲကို ချပါ၏။

အရှင်ဘုရား....အာစိဏ္ဏကပ္ပသည် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင်... အာစိဏ္ဏကပ္ပ ဟူသည်ကား အဘယ်နည်းဟု (မေး၏)။

အရှင်ဘုရား... ငါ၏ဥပဇ္ဈာယ်သည် ဤအမှုကို လေ့ကျက်၏၊ ငါ၏ ဆရာသည် ဤအမှုကိုလေ့ကျက်၏၊ ထိုအမှုကိုလေ့ကျက်ရန် အပ်ပါ၏ လောဟု (လျှောက်၏)။

ငါ့ရှင်... အချို့ အာစိဏ္ဏကပ္ပသည် အပ်၏၊ အချို့ အာစိဏ္ဏကပ္ပသည် မအပ်ဟု (ဆို၏)။

အရှင်ဘုရားတို့....သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ခြောက်ခုမြောက် ဤဝတ္ထုကို ဆုံးဖြတ်အပ်ပြီ၊ ဤအကြောင်းကြောင့်လည်း ဤဝတ္ထုသည် တရားမဟုတ်၊ ဝိနည်းမဟုတ်၊ မြတ်စွာဘုရား အဆုံးအမမှ ကင်း၏၊ ခြောက်ခုမြောက် ဤစာရေးတံမဲကို ချပါ၏။

အရှင်ဘုရား.... အမထိတကပ္ပသည် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင်....အမထိတကပ္ပ ဟူသည်ကား အဘယ်နည်းဟု (မေး၏)။

အရှင်ဘုရား... နို့ရည်သဘောကိုလည်း စွန့်၊ နို့မမ်းသဘောသို့လည်း မရောက်သော နို့ရည်ကို ဆွမ်းစားစဉ် ပဝါရိတ်သင့်သော ရဟန်းသည် အတိရိက် ဝိနည်းကံမပြုဘဲ သောက်ရန် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင်....မအပ်ဟု (ဆို၏)။

အဘယ်အရပ် အဘယ်သိက္ခာပုဒ်၌ ပယ်တော်မူပါသနည်းဟု(လျှောက် ၏)။

သာဝတ္ထိပြည်ဝယ် ပါတိမောက်ကို ဝေဖန်ရာ ပဒဘာဇနီ၌ ပယ်တော် မူ၏ဟု (ဆို၏)။

အဘယ်အာပတ်သို့ ရောက်ပါသနည်းဟု (လျှောက်၏)။

အတိရိက်ဝိနည်းကံ မပြုဘဲ သုံးဆောင်ခြင်းကြောင့် (သင့်သော) ါစိတ်အာပတ်သို့ ရောက်၏ဟု (ဆို၏)။

အရှင်ဘုရားတို့... သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ခုနစ်ခုမြောက် ဤဝတ္ထုကို ဆုံးဖြတ်အပ်ပြီ၊ ဤအကြောင်းကြောင့်လည်း ဤဝတ္ထုသည် တရားမဟုတ်၊ ဝိနည်းမဟုတ်၊ မြတ်စွာဘုရား အဆုံးအမမှ ကင်း၏၊ ခုနစ်ခုမြောက် ဤစာရေးတံမဲကို ချပါ၏။

အရှင်ဘုရား....ဇဠောဂီကိုသောက်ရန်အပ်ပါ၏လောဟု(လျှောက်၏)။

ငါ့ရှင်....ဇဠောဂီ ဟူသည်ကား အဘယ်နည်းဟု (မေး၏)။

အရှင်ဘုရား....အဆောက်အဦဖြင့် စီရင်ထားသော အရက်အဖြစ်သို့ မရောက်သေးသော သေရည်နုကိုသောက်ရန် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင်....မအပ်ဟု (ဆို၏)။

အဘယ်အရပ် အဘယ်သိက္ခာပုဒ်၌ ပယ်တော်မူပါသနည်းဟု(လျှောက်၏)။

ကောသမ္ဗီပြည်ဝယ် ပါတိမောက်ကို ဝေဖန်ရာ ပဒဘာဇနီ၌ ပယ်တော်မူ၏ဟု (ဆို၏)။

အဘယ်အာပတ်သို့ ရောက်ပါသနည်းဟု (လျှောက်၏)။

သေရည်အရက်ကို သောက်သောကြောင့် (သင့်သော) ပါစိတ်အာပတ်သို့ ရောက်၏ဟု (ဆို၏)။

အရှင်ဘုရားတို့....သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ရှစ်ခုမြောက် ဤဝတ္ထုကို ဆုံးဖြတ်အပ်ပြီ၊ ဤအကြောင်းကြောင့်လည်း ဤဝတ္ထုသည် တရားမဟုတ်၊ ဝိနည်းမဟုတ်၊ မြတ်စွာဘုရား အဆုံးအမမှ ကင်း၏၊ ရှစ်ခုမြောက် ဤစာရေးတံမဲကို ချပါ၏။

အရှင်ဘုရား အဆာအမြိတ်မရှိသော နိသီဒိုင်သည် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင်—မအပ်ဟု (ဆို၏)။

အဘယ်အရပ် အဘယ်သိက္ခာပုဒ်၌ ပယ်တော် မူပါသနည်းဟု (လျှောက်၏)။

သာဝတ္ထိပြည်ဝယ် ပါတိမောက်ကို ဝေဖန်ရာ ပဒဘာဒနိဒ္ဒ ပယ်တော်မူ၏ဟု (ဆို၏)။

အဘယ် အာပတ်သို့ ရောက်ပါသနည်းဟု (လျှောက်၏)။

ဆေဒနကပါစိတ် အာပတ်သို့ ရောက်၏ဟု (ဆို၏)။

အရှင်ဘုရားတို့... သံဃာသည်အကျွန်ုပ်၏(စကားကို)နာတော်မူလော့၊ သံဃာသည် ကိုးခုမြောက် ဤဝတ္ထုကို ဆုံးဖြတ်အပ်ပြီ၊ ဤအကြောင်းကြောင့်လည်း ဤဝတ္ထုသည် တရားမဟုတ်၊ ဝိနည်းမဟုတ်၊ မြတ်စွာဘုရားအဆုံးအမမှ ကင်း၏၊ ကိုးခုမြောက် ဤစာရေးတံမဲကို ချပါ၏။

အရှင်ဘုရား....ရွှေငွေသည် အပ်ပါ၏လောဟု (လျှောက်၏)။

ငါ့ရှင် .. မအပ်ဟု (ဆို၏။)

အဘယ်အရပ် အဘယ် သိက္ခာပုဒ်၌ ပယ်တော် မူပါသနည်းဟု (လျှောက်၏)။

ရာဇဂြိုဟ်ပြည်ဝယ် ပါတိမောက်ကို ဝေဖန်ရာ ပဒဘာဇနိဒ္ဒ ပယ်တော်မူ၏ဟု (ဆို၏)း

အဘယ်အာပတ်သို့ ရောက်ပါသနည်းဟု (လျှောက်၏)။

ရွှေငွေကို ခံယူသောကြောင့် (သင့်သော)ပါစိတ်အာပတ်သို့ ရောက်၏ဟု (ဆို၏)။

အရှင်ဘုရားတို့ ..သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ဆယ်ခုမြောက် ဤဝတ္ထုကို ဆုံးဖြတ်အပ်၏၊ ဤအကြောင်းကြောင့်လည်း ဤဝတ္ထုသည် တရားမဟုတ်၊ ဝိနည်းမဟုတ်၊ မြတ်စွာဘုရား အဆုံးအမမှ ကင်း၏၊ ဆယ်ခုမြောက် ဤစာရေးတံမဲကို ချပါ၏။

အရှင်ဘုရားတို့....သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ဤဝတ္ထုဆယ်မျိုးတို့ကို ဆုံးဖြတ်အပ်ပြီ၊ "ဤအကြောင်းကြောင့်လည်း ဤဝတ္ထုတို့သည် တရားမဟုတ်ကုန်၊ ဝိနည်းမဟုတ်ကုန်၊ မြတ်စွာဘုရား အဆုံးအမမှ ကင်းကုန်၏"ဟု သိစေ၏။

ငါ့ရှင်တို့....ဤအဓိကရုဏ်းကို နုတ်အပ်ပြီ၊ ငြိမ်းစေအပ်ပြီ၊ အထူးငြိမ်းစေအပ်ပြီ ကောင်းစွာအထူးငြိမ်းစေအပ်ပြီ၊ သို့ဖြစ်သော်လည်း ငါ့ရှင်

သင်သည် ငါ့ကို သံဃာ့အလယ်၌လည်း ဤဝတ္ထုဆယ်မျိုးတို့ကို ထိုရဟန်းတို့ကို သိစေခြင်းငှါ မေးဦးလော့ဟု မိန့်ဆို၏။ ထိုအခါ အရှင်ရေဝတသည်အရှင်သဗ္ဗကာမိအားသံဃာ့အလယ်၌လည်းဤဝတ္ထုဆယ်မျိုးတို့ကို မေးလျှောက်၏၊ မေးတိုင်း မေးတိုင်း အရှင်သဗ္ဗကာမိသည် ဖြေဆို၏။ ဤဝိနယသင်္ဂါယနာဘင်ရာ၌ အလျှော့အပို အလွန်မရှိကုန်သောရဟန်းခုနစ်ရာတို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် ဤဝိနယသင်္ဂါယနာကို "သတ္တသတိက သင်္ဂါယနာ" ဟူ၍ ဆိုအပ်၏။

ထိုခန္ဓက၏ အကျဉ်းချုပ်....

ဝတ္ထုဆယ်မျိုးတို့သည်းကောင်း၊ ရေဖြင့်ပြည့်စေခြင်းလည်းကောင်း၊ ပဋိသာရဏီယကံ လည်းကောင်း၊ နောက်လိုက်တမန် ရဟန်းနှင့်အတူဝင်ခြင်းလည်းကောင်း၊ အညစ်အကြေး လေးမျိုးလည်းကောင်း တစ်ဖန်အညစ်အကြေး လေးမျိုးလည်းကောင်း၊ ရွှေငွေ လည်းကောင်း၊ကောသမ္ဗီပြည်နေ ရဟန်း လည်းကောင်း၊ ပါဝါပြည်နေ ရဟန်းလည်းကောင်း။

လမ်းခရီးလည်းကောင်း၊ သောရေယျမြို့ လည်းကောင်း၊ သင်္ကဿမြို့ လည်းကောင်း၊ ကဏ္ဏကုဇ္ဇမြို့ လည်းကောင်း၊ ဥဒုမ္ဗရမြို့ လည်းကောင်း၊ သဟဇာတိမြို့လည်းကောင်း၊ တိုက်တွန်းခြင်းလည်းကောင်း၊ ကြားခြင်းလည်းကောင်း အဘယ်သို့လျှင် ငါတို့ အလွန်အားရှိကုန်မည်နည်း။

သပိတ်လည်းကောင်း၊ လျှော်ဖြင့်ဆန်တက်ခြင်းလည်းကောင်း၊ ရဟန်းအား အဝေးမှ ထင်ရှားဖြစ်ခြင်း လည်းကောင်း၊ ကြမ်းတမ်းခြင်းလည်းကောင်း၊ သံဃာလည်းကောင်း၊ ဝေသာလီပြည် လည်းကောင်း၊ မေတ္တာချန်လည်းကောင်း၊သံဃာလည်းကောင်း၊ ဥဗ္ဗာဟိကကမ္မဝါစာလည်းကောင်း၊ ဤကား အကျဉ်းချုပ်တည်း။

ဤကား စူဠဝဂ္ဂ ပါဠိတော်လာ ဒုတိယသံဂါယနာသမိုင်း
မှတ်တမ်းတည်း။

သံဂါယနာသမိုင်းတော် ပဌမတွဲကျမ်း အပြီးသတ်ခြင်း

မိမိသည် နိကာယ်ငါးရပ်ကျမ်းဂန်များ ပို့ချခြင်း, ဘ-ဝဂ် တိပိဋက ပါဠိ မြန်မာအဘိဓာန်ကျမ်းကြီးများကို ဦးဆောင်၍ ရေးသားပြုစုခြင်း စသည့် စာပေအလုပ်ကိစ္စများကြားမှ ပိဋကဘာသာပြန် စာပေဖြန့်ချီရေး အဖွဲ့ ဥက္ကဋ္ဌ ဦးနုသည် တောင်းပန်လျှောက်ထားအပ်သည်ဖြစ်၍ ဗုဒ္ဓဝင် အကျဉ်းချုပ် ပဌမ သံဂါယနာသမိုင်းတော်, ဒုတိယ သံဂါယနာသမိုင်း တော်တို့ဖြင့် တန်ဆာဆင်၍ ဤမည်သော သံဂါယနာသမိုင်းတော် ပဌမတွဲကျမ်းကို ၁၃၄၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆-ရက်နေ့က စ၍ ရေးသားပြုစုရာ ယနေ့ ၁၃၄၈-ခုနှစ်၊ ပြာသိုလဆန်း ၁၃-ရက်နေ့ ည ၇-နာရီ မိနစ်-၂၀ အချိန်တွင် အောင်လံစိုက်ဆောက် ပြီးမြောက် ပါသဖြင့် အောက်ပါ ပါဠိဂါထာ စကားပြေတို့ဖြင့် အထွတ်တပ်၍ နိဂုံး အုပ်လိုက်ပါသည်။

၁။ ပခုက္ကူ ပုရသေဋ္ဌာ၊ ပစ္ဆိမေ အာသိ ဝိဿုတော။
စတုဂါဝုတဒေသမှိ၊ ကန်ရပ်ဂါမော သုဘောဘနော။

ဘုရားမြတ်စွာ သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ရာ ဖြစ်သဖြင့် မြို့မွန်မြို့မြတ်ဖြစ်သော ပခုက္ကူမြို့၏ အနောက်ဖက် လေးဂါဝုတ် ပမာဏ ဝေးကွာသောအရပ်၌ ပခုက္ကူခရိုင် (ပခုက္ကူမြို့နယ်) အတွင်း ကျော်စောခြင်းရှိသော ရွာ၏ လေးဘက်လေးတန်၌ ကျောင်းကန်ဘုရား စေတီပုထိုး အမျိုးမျိုးတို့ဖြင့် တင့်တယ်သော ကန်ရပ်ရွာကြီး တည်ရှိ လေသည်။

၂။ ဒွိနေ ဒွိဝေကသာတမှိ၊ တမှိ ဇာတေန ဇာတိယာ၊
လက်ာဘာရတအာဒီသု၊ ဝိဋ္ဌပုဗ္ဗသုတေသိနာ။

ထိုကန်ရပ်ရွာကြီး၌ မူလချက်မြုပ်အနေအားဖြင့် သက္ကရာဇ် ၁၂၉၂-ခုနှစ်၌ မီးရှူးသန့်စင် ဖွားမြင့်ခဲ့သော[၁] သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံ,

၁။ ပခုက္ကူမြို့နယ်၊ ကန်ရပ်ရွာ၌ ဦးဘရှန်-ဒေါ်လှပိုတို့မှ ၁၂၉၂-ခုနှစ်၊ နတ်တော် လပြည့်ကျော် ၁၁-ရက်နေ့တွင် ဖွားမြင်သည်၊ ကန်တိမ်ရွာ ဦးဘသင်း-ဒေါ်စိန်ခတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်သည်။ ကန်ရပ်ရွာ ဦးဖျော်ပါး- ဒေါ်သောင်း၊ ညောင်တုန်းမြို့ ကျုံတမာရွာ ဦးအောင်ဆင်-ဒေါ်စိန်ချစ်၊ ပခုက္ကူမြို့ သံခိပ်ရပ် သီလရှင်ဆရာကုလေး၊ ဒေါ်အေးသိင်္ဂီ၊ ပခုက္ကူမြို့ ထမကောက်ရပ် ဦးဘညွန့်-ဒေါ်ပုမိသားစု၊ ပခုက္ကူမြို့နယ် ကန်ရပ်ရွာ မိမိ၏အစ်မကြီး ဒေါ်ပုတင် တို့က သိမ်ထပ်ဒါနပြုကြသည်။

ဘာရတခေါ်သည့် အိန္ဒိယနိုင်ငံစသည့် နိုင်ငံရပ်ခြား တိုင်းတစ်ပါးတို့၌ ကြာမြင့်စွာနေခဲ့ဖူး၍ သက္ကတ, ပရာကရိတ်, အင်္ဂလိပ်, သီဟိုဠ် ထိုထို ဘာသန္တရ စာပေဗဟုသုတ သမိုင်းရာဇဝင် ဗဟုသုတအမျိုးမျိုးကို ရှာမှီး လေ့ ရှိသော။

၃။ ဝိသုတာရာမသီဟာနံ၊ သိက္ခိတေန တိပေဋကံ။
သန္တိကေ နဝဝဿာနံ၊ သံဂီတိ ကိစ္စကာရိနာ။

ပခုက္ကူမြို့ မဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီး၌ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ် အစရှိသော မထေရ်မြတ်တို့၏အထံ၌ ကိုးနှစ်တိုင်တိုင် ပိဋကတ်သုံးပုံကို သင်ယူခဲ့သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ဆဋ္ဌသံဂီတိဘာဏက, ဆဋ္ဌသံဂီတိပဋိဝိသောဓက, ဆဋ္ဌသံဂီတိ ဩသာနသောဓက ဖြစ်၍ စာပေလုပ်ငန်းအဝဝကို ပြုလုပ်လေ့ရှိသော။

၄။ ဒက္ခိဏာရာမဝါသီနံ၊ သန္တိကေပိ သုပိညုနံ။
သိက္ခိတေနေဝ ဆတ္တိံသ၊ ဝဿိကေန ယသဿိနာ။

ရတနာပုံ ဘွဲ့မည်ထုံသော မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် နိုင်ငံတော်သံဃမဟာ နာယက အရှင်ဥက္ကံသာဘိဝံသ အစရှိသော ပညာရှင်မဟာထေရ်မြတ်တို့၏ အထံ၌လည်း သင်ယူအပ်သော နည်းနာနယ အဝဝရှိသော ရဟန်းသိက္ခာ ၃၆-ဝါရပြီး မဟာထေရ်ကြီးဖြစ်သော တပည့်ဘပန်း အခြံအရံနှင့်လည်း ပြည့်စုံသော။

၅။ သုန္ဒရေ ပုရသေဋ္ဌမှိ၊ သုန္ဒရေ ဝိသုတေသုတေ။
သုန္ဒရေ ဇောတိပါလမှိ၊ ဝသတာ ဂဏဝါစိနာ။

ကောင်းမြတ်တင့်တယ် နေချင်စဖွယ်ကောင်းလှသော ပခုက္ကူပိဋကတ် အတတ် မြို့တော်မြတ်၌ တင့်တယ်သာမော ကျော်စောထင်ရှားလှသော မဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီးအတွင်း၌ တိပိဋက ပါရဂါမိ ဒီဃဒဿီ ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ထသာရမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်တို့ သီတင်းသုံးရာ ခုရနှစ်ပါး ပွားများအားသစ်ရာဌာနမှန် ဖြစ်သဖြင့် တင့်တယ်သာယာ နေချင်စရာကောင်းလှသော သာသန

ဇောတိပါလ ကျောင်းကြီး၌ သဒ္ဒါ, သင်္ဂြိုဟ်, ဒွေမာတိကာ, သဒ္ဒတ္ထဘေဒစိန္တာ, 'ရူပသိဒ္ဓိ, ဋီကာကျော်, ကင်္ခါဝိတရဏီအဋ္ဌကထာ စသည့် ပိဋကအခြေခံ စာငယ်စာလတ်ဟူသော ကျမ်းဂန်များနှင့်တကွ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, ဒီဃနိကာယ်ပါဠိအဋ္ဌကထာ, မဇ္ဈိမနိကာယ်ပါဠိအဋ္ဌကထာ, သံယုတ္တနိကာယ်ပါဠိအဋ္ဌကထာ, အင်္ဂုတ္တရနိကာယ်ပါဠိအဋ္ဌကထာ, ခုဒ္ဒကနိကာယ်ပါဠိအဋ္ဌကထာ ဟူသော နိကာယ်ငါးခန်း ကျမ်းကြီးများ ဟူသော မာဂဓနှင့် မုဒ္ဓဗောဓ, အမရကောသ, စာနကျနီတိ စသော သက္ကတဘာသာကျမ်းစာ အမျိုးမျိုးတို့ကိုလည်း ချပို့လေ့ရှိသော။

၆။ နေကေသံ ဂန္ထဇာတာနံ၊ လေခကေန သုတေသိနာ။
မဟတော ယတိဂဏဿ၊ ဇနဿ ဟိဘကာရိနာ။

ပခုက္ကူသာသနာဝင်, မန္တလေးသာသနာဝင်, စစ်ကိုင်းသာသနာဝင်, ကလျာဏီသာသနာဝင်-စသည့် သာသနာဝင်, သာသနာ့သမိုင်း ကျမ်းကြီးများ၊ ပခုက္ကူစာချနည်း၊ ပခုက္ကူအဘိဓာန်နိဿယသစ် စသည့် ပိဋကတ်ဆိုင်ရာကျမ်းကြီးများစသည့် တစ်ရာမက ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်သော လောကီလောကုတ္တရာ ဗဟုသုတအဝဝကို ရှာမှီးသော ရဟန်းရှင်လူအပေါင်း၏အကျိုးစီးပွားကိုပြုလေ့ရှိသော—

၇။ မကွေးမဏ္ဍလေသုသံဃ-နာယကပရိသာယစ။
ပုဗ္ဗင်္ဂမဥက္ကဋ္ဌေန၊ သာသနကိစ္စကာရိနာ။

ပြည်ထောင်စု မြန်မာနိုင်ငံတော် မကွေးတိုင်း သံဃနာယကအဖွဲ့ မကွေးတိုင်း သံဃနာယကသဘာ၏ရှေ့ဆောင်ပဓာနဥက္ကဋ္ဌဖြစ်၍သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ကိစ္စကို ပြုလေ့ရှိသောအကျွန်ုပ်သည်—

၈။ နိဿာယပေဋကေစေဝ၊ သာသနဝံသပေါတ္ထကေ။
ဗဟုလေ ဂန္ထသေဋ္ဌေပိ၊ ရစိတော ဝိဒုမာနိတော။

ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာကျမ်းများ၊ ဒီပဝံသ၊ မဟာဝံသ၊ ဒီပဝံသဋီကာ၊ မဟာဝံသဋီကာ၊ နိကာယသင်္ဂဟ-အစရှိသော သာသနာဝင်ကျမ်းများ၊ အခြားသော မြန်မာသာသနာဝင်၊ ရာဇဝင်၊ အိန္ဒိယသမိုင်းရာဇဝင်စသော ကျမ်းဂန်မြတ်တို့ကိုမှီငြမ်းပြု၍ ပညာရှိတို့ နှစ်သက်

မြတ်နိုး အပ်သော ဤသံပါယနာသမိုင်းတော် ပဌမတွဲကျမ်းကြီးကို ကြိုးပမ်းစီရင်အပ်ပါသည်။

၉။ တိဋ္ဌတံ အယံဓမ ဂန္ထော၊ သုသာဓော ယာဝ သာသနံ။
တိဋ္ဌတေဝ သုတေသိနံ၊ သုသာရံ သုပကာသယံ။

အကျွန်ုပ် များလှထွေပြား ဝိုင်းဝိုင်းလည်နေသော စာချ၊ စာရေး၊ စာပေအလုပ်ကိစ္စတွေကြားမှ စိတ်စေတနာထက်သန်စွာ ပြုစီရင်အပ်သော ကောင်းမြတ်သော ဤသံဂါယနာသမိုင်းတော် ပဌမတွဲ ကျမ်းကြီးသည် ဘုရားမြတ်စွာသာသနာတည်သရွေ့ကာလပတ်လုံး သံဂါယနာသမိုင်းသုတေသီတို့အား ကောင်းမြတ်သော ဗဟုသုတကို ပေးလျက် တည်ထွန်းပါစေသတည်း။

၁၀။ အနေန သုဝိသိဋ္ဌေန၊ ပုညေနာညေန ကမ္မုနာ။
မနိသိဘိ ဂုရုဟုဝေ၊ ဂစ္ဆေယျံ အမတံ သိဝံ။

ဤသံဂါယနာသမိုင်းတော် ပဌမတွဲကျမ်းကြီးကို ရေးသားစီရင်ရသော ကောင်းမှုထူးနှင့် အခြားကျမ်းစာများပြုစုရသော ကောင်းမှု၊ စာပေ ကျမ်းဂန်အဝဝတို့ကိုချပို့ရသော ကောင်းမှုအစုစုကြောင့် ပညာရှင်ကြီးများသာဖြစ်တော်မူကြသော ကျေးဇူးရှင် မဟာထေရ်မြတ်ကြီးတို့နှင့်အတူ အမတက္ခုသိဝနန်းသို့ စံမြန်းရပါစေသတည်း။

သံဂါယနာသမိုင်းတော် ပဌမတွဲကျမ်း ဤတွင် ပြီး၏။

❊

အရှင်ကေလာသပြုစုသော ကျမ်းစာများ

၁။ အဘိဓမ္မာဂုဏ်ရည်ကျမ်း
၂။ တိပိဋကအတ္ထုဒ္ဓါရသူစိကျမ်း
၃။ တိပိဋကသုတ္တသူစိကျမ်း
၄။ အင်္ဂလိပ်ပါဠိအဘိဓာန်
၅။ ပါဠိ အင်္ဂလိပ်အဘိဓာန်
၆။ သက္ကတ မြန်မာအဘိဓာန်
၇။ ပခုက္ကူသာသနာဝင်
၈။ မဟာဝိသုတာရာမသာသနာဝင်
၉။ မန္တလေးသာသနာဝင် ပဌမတွဲ
၁၀။ မန္တလေးသာသနာဝင် ဒုတိယတွဲ
၁၁။ မန္တလေးသာသနာဝင် တတိယတွဲ
၁၂။ မန္တလေးသာသနာဝင် စတုတ္ထတွဲ
၁၃။ မန္တလေးသာသနာဝင် ပဉ္စမတွဲ
၁၄။ မန္တလေးသာသနာဝင် ဆဋ္ဌတွဲ
၁၅။ မန္တလေးသာသနာဝင် သတ္တမတွဲ
၁၆။ မန္တလေးသာသနာဝင် အဋ္ဌမတွဲ
၁၇။ မန္တလေးသာသနာဝင် နဝမတွဲ
၁၈။ မန္တလေးသာသနာဝင် ဒသမတွဲ
၁၉။ မန္တလေးသာသနာဝင် ဧကာဒသမတွဲ
၂၀။ မန္တလေးသာသနာဝင် ဒွါဒသမတွဲ
၂၁။ မန္တလေးသာသနာဝင် တေရသမတွဲ
၂၂။ မန္တလေးသာသနာဝင် စုဒ္ဒသမတွဲ
၂၃။ မန္တလေးသာသနာဝင် ပန္နရသမတွဲ
၂၄။ မန္တလေးသာသနာဝင် သောဠသမတွဲ

၂၅။ မန္တလေးသာသနာ့ဝင် သတ္တရသမတွဲ
၂၆။ မန္တလေးသာသနာ့ဝင် အဋ္ဌာရသမတွဲ
၂၇။ မန္တလေးသာသနာ့ဝင် ဧကူနဝီသတိမတွဲ
၂၈။ မန္တလေးသာသနာ့ဝင် ဝီသတိမတွဲ
၂၉။ မန္တလေးသာသနာ့ဝင် ဧကဝီသတိမတွဲ
၃၀။ မန္တလေးသာသနာ့ဝင် ဒွါဝီသတိမတွဲ
၃၁။ မန္တလေးသာသနာ့ဝင် တေဝီသတိမတွဲ
၃၂။ မန္တလေးသာသနာ့ဝင် စတုဝီသတိမတွဲ
၃၃။ မန္တလေးသာသနာ့ဝင် ပဉ္စဝီသတိမတွဲ
၃၄။ ပုဂံသာသနာ့ဝင်
၃၅။ ပင်းယသာသနာ့ဝင်
၃၆။ အင်းဝသာသနာ့ဝင်
၃၇။ စစ်ကိုင်းသာသနာ့ဝင်
၃၈။ အမရပူရသာသနာ့ဝင်
၃၉။ စွန်းလွန်းပဋိပတ္တိသာသနာ့ဝင်
၄၀။ သီဟိုဠ်ရဟန္တာများ
၄၁။ သီဟိုဠ်ဘုရားစုံသမိုင်း
၄၂။ စေတီယပုဗ္ဗတ္တိဒီပနီ
၄၃။ ပခုက္ကူဘုရားစုံသမိုင်း
၄၄။ ပခုက္ကူဘုရားသုံးဆူသမိုင်း
၄၅။ ပခုက္ကူရှင်ကျင့်ဝတ်
၄၆။ ပခုက္ကူစာချနည်း
၄၇။ ပခုက္ကူရေစက်ချနည်းကျမ်း
၄၈။ ပခုက္ကူသဒ္ဒါသုတ်နက်
၄၉။ ပခုက္ကူဂုဏ်တော်ဖွင့်
၅၀။ ပခုက္ကူဘုရားရှိခိုးကျမ်း
၅၁။ ပခုက္ကူစာစပ်ကျမ်း
၅၂။ ပခုက္ကူနိပါတ်နက်များကျမ်း
၅၃။ ပခုက္ကူပရိတ်နိဿယကျမ်း
၅၄။ ပါဠိပါဌ်ပဉ္စရီပါဠိဖတ်စာ

၅၅။ ဥပုသ်သည်များလက်စွဲ
၅၆။ တိပိဋကပါဠိ မြန်မာအဘိဓာန် အတွဲ-၉ (ပါဝင်ပြုစု)
၅၇။ တိပိဋကပါဠိ မြန်မာအဘိဓာန် အတွဲ-၁၀ (ပါဝင်ဦးစီးပြုစု)
၅၈။ တိပိဋကပါဠိ မြန်မာအဘိဓာန် အတွဲ-၁၁ (ပါဝင်ဦးစီးပြုစု)
၅၉။ တိပိဋကပါဠိ မြန်မာအဘိဓာန် အတွဲ-၁၂ (ပါဝင်ဦးစီးပြုစု)
၆၀။ ပါဠိပဒပိဋက-ကျမ်းညွှန်း တ-ဝဂ်အတွဲ-၁ (ပါဝင်ဦးစီးပြုစု)
၆၁။ ပါဠိပဒပိဋက-ကျမ်းညွှန်း တ-ဝဂ်အတွဲ-၂ (ပါဝင်ဦးစီးပြုစု)
၆၂။ တ-ဝဂ်ဆိုင်ရာ တိပိဋကပါဠိမြန်မာအဘိဓာန်ကျဉ်း (ပါဝင်ဦးစီးပြုစု)
၆၃။ တိုက်အုပ်ဆရာတော်အရှင်နန္ဒိယ၏ ထေရုပ္ပတ္တိဒီပနီနှင့် အဖိုးတန်စာပေများ
၆၄။ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရ၏ မဟာထေရစရိတ
၆၅။ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ၏ ထေရဝုတ္တန္တဒီပနီ
၆၆။ ကျောက်ဖူးဆရာတော် အရှင်ကလျာဏ၏ ကလျာဏထေရဂုဏ်ရည်
၆၇။ ဝါးကန်ဆရာတော် အရှင်သုန္ဒရ၏ ဝါးကန်ထေရဂုဏ်ရည်
၆၈။ သံပုဆုကုန်းဆရာတော် အရှင်အရိယ၏ အရိယထေရဂုဏ်ရည်
၆၉။ ကျွန်းဦးရွာ မဟာဝိဇိတာရာမ တိုက်ဆရာတော် အရှင်ဉာဏုတ္တရ၏ မဟာဝိဇိတာရာမထေရာပဒါန်
၇၀။ ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ၏ မဟာထေရဝုတ္တန္တပ္ပဒီပိကာ
၇၁။ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ ဆရာတော်ဘုရား၏ မဟာထေရလလိတ
၇၂။ သာသနာပိုင်ဆရာတော်ဘုရားကြီး ဦးဥယျာထေရုပ္ပတ္တိ
၇၃။ အရှင်သုန္ဒရ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ဂါထာ ခြောက်ဆယ် ပါဌ်နိဿယ
၇၄။ အရှင်နန္ဒဝံသ ဆရာတော်ဘုရားကြီး၏ဘုန်းတော်ဘွဲ့ ဂါထာ ရှစ်ဆယ်ပါဌ် နိဿယ
၇၅။ အရှင်ပညာ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ဂါထာ ကိုးဆယ်ပါဌ်နိဿယ

၇၆။ ရေစကြို ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ဂါထာတစ်ရာ ပါဠိနိဿယ

၇၇။ ကျွန်းဦးဆရာတော် ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ဂါထာပါဠိ နိဿယ

၇၈။ လက္ခဏာတော်ငယ်ရှစ်ဆယ်ဘုရားရှိခိုးဂါထာပါဠိနိဿယ

၇၉။ လက္ခဏာတော်ကြီးသုံးဆယ့်နှစ်ပါး ဘုရားရှိခိုးဂါထာ ပါဠိ နိဿယ

၈၀။ တရာ့ရှစ်ကွက် စက်လက္ခဏာဘုရားရှိခိုးဂါထာပါဠိနိဿယ

၈၁။ နမက္ကာရပါဠိ နိဿယ

၈၂။ ရှင်ဥပဂုတ်ဘုရားရှိခိုးဆယ့်နှစ်ဂါထာပါဠိနိဿယ

၈၃။ ပဥ္စသီခသီချင်းဂါထာပါဠိနိဿယ

၈၄။ မြစ်ခြေမြို့ အဘယာရာမတိုက် သောဘနာလင်္ကာရသိမ် မော်ကွန်းပါဠိနိဿယ

၈၅။ မရဏာဿတိဘာဝနာ

၈၆။ မုလပဏ္ဏာသ အဋ္ဌကထာဂဏ္ဌိ

၈၇။ ပိဋကသုံးပုံဘုရားရှိခိုး (၁၁၅-ဂါထာပါဠိနိဿယ)

၈၈။ မဟာဝံပါဠိ (သီဟိုဠ်မှ မြန်မာပါဠိပြန်ရေး)

၈၉။ ဒီပဝံသပါဠိ (သီဟိုဠ်မှ မြန်မာပါဠိပြန်ရေး)

၉၀။ အစ္ဆရိယပါဒါနိန်နှင့် အဖိုးတန် စာပေများ

၉၁။ ပခုက္ကူအဘိဓာန်နိဿယသစ်

၉၂။ တိပိဋကဓံရစုတ္တန္တသန္ဒိပနီကျမ်း

၉၃။ ကဝိဒပ္ပဏနီတိ ပါဠိနိဿယ

၉၄။ တိပိဋကဓရစုတ္တန္တဝိလာသိနီ

၉၅။ ဆယ့်နှစ်ရာသီဘွဲ့ ဂါထာပါဠိနိဿယ

၉၆။ ရေနံချောင်းမြို့ ရွှေတောင်တိုက် တိုက်အုပ်ဆရာတော် အရှင်ဝဏ္ဏာစာရ၏ ထေရုပ္ပတ္တိဝိလာသိနီ

၉၇။ သမန္တကူဋဝဏ္ဏနာပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး)

၉၈။ မဟာဝိသုတာရာမနိကာယဝတ်ရွတ်စဉ်အဖွင့်

၉၉။ မဟာဝိသုတာရာမ နိကာယသာသနာဝင်သစ်

၁၀၀။ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယသမိုင်း မှတ်တမ်း

၁၀၁။ မဟာစည်ထေရဝတ္ထုတ္တန္တဝိလာသိနီ (ပဌမတွဲ)
၁၀၂။ မဟာစည်ထေရဝတ္ထုတ္တန္တဝိလာသိနီ (ဒုတိယတွဲ)
၁၀၃။ သာသနာ့ဝင်ဘွဲ့တံဆိပ်တော်များသမိုင်း
၁၀၄။ ၁၃၄၀-ပြည့်နှစ် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး ၃-ပါးနှင့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီး ၁၀-ပါးတို့၏ အဖြစ်တော်၏ ထေရုပ္ပတ္တိသန္ဒီပနီ
၁၀၅။ အဂ္ဂမဟာပဏ္ဍိတ အရှင်ဂန္ဓမာ၏ မဟာထေရဝိတ္ထာရဒီပိတ
၁၀၆။ ပခုက္ကူအဖိုးတန်စာပေများ
၁၁၇။ မိဘမြှတ်ကျေးဇူး
၁၀၈။ ထနောင်းခလထေရဂုဏ်ရည်
၁၀၉။ ၁၃၄၁-ခုနှစ် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂-ပါးနှင့်အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၆-ပါးတို့၏ ဖြစ်တော်စဉ် မဟာထေရုပ္ပတ္တိပကာသိနီ
၁၁၀။ ပခုက္ကူရွှေတန့်တစ် ဘုရားသမိုင်း
၁၁၁။ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး သမိုင်းကျမ်း
၁၁၂။ ပခုက္ကူ ရွှေကူဘုရားသမိုင်း
၁၁၃။ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်
၁၁၄။ ပခုက္ကူ နမောတဿ အနက်များကျမ်း
၁၁၅။ ကလျာဏီသာသနာဝင်(ပဲခူးကလျာဏီ သာသနာဝင်ကျမ်း)
၁၁၆။ ဆရာမြတ်ကျေးဇူး
၁၁၇။ တပည့်လိမ္မာ
၁၁၈။ ယက်ရပညာနန္ဒ၏ မဟာစံသပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိသို့ပြန်ရေး)
၁၁၉။ ပခုက္ကူ သဒ္ဒါသုတ်နက်သစ်
၁၂၀။ ပခုက္ကူ မောဂ္ဂလ္လာန်သုတ်နက်
၁၂၁။ ယမမင်းထံ အစစ်ခံသံပေါက် အဖွင့်ကျမ်း
၁၂၂ ထွက်ခေါင်ကမ္မဋ္ဌာန်းသံပေါက်အဖွင့်ကျမ်း

၁၂၃။ တိပိဋကငြွေအဋ္ဌကထာဋီကာဂါထာ သူစိကျမ်း (ဦးစီးရေး)

၁၂၄။ ပခုက္ကူ ဒမ်ာလာကျမ်း

၁၂၅။ ပခုက္ကူ က်ပန်းကျွန်းရွာ ပြည်လုံးချမ်းသာ ဘုရားသမိုင်း

၁၂၆။ ပခုက္ကူဒနုကဇာတင်ပါဠိ နိဿယ

၁၂၇။ ဥပါသဂလှက်စွဲဘုရားရှိခိုး

၁၂၈။ အေးမြုံဓမ္မအမြုတေ

၁၂၉။ မန္တလေ ဒက္ခိဏာရာမတိုက်ဆရာတော်
အရှင်ဥက္ကာဘိဝံသ၏ ထေရုပ္ပတ္တိဒီပနီ

၁၃၀။ မိုးကုတ်ဘာသထေရဂုဏ်ရည် (မရိုက်ရသေး)

၁၃၁။ ဆီးတော့ဟာသထေရဂုဏ်ရည် ။

၁၃၂။ တောင်းမြို့နယ် ကျောက္ကာရွာ မဟာဗောဓိ ဆရာတော်
ဘုရားဂြ အရှင်သိရိဓမ္မ၏ ဘုန်းတော်ဘွဲ့ ၁၄-ဂါထာ
ပါဠိနိသ

၁၃၃။ သမီးလိ

၁၃၄။ သားလ်

၁၃၅။ မုံရွာ အဟာပဏ္ဍိတ ဓမ္မပါရဂူဆရာတော်ဘုရားကြီး အရှင်
အာစိဏ္ဏာထေရ်၏ ဘုန်းတော်ဘွဲ့ ၄၃-ဂါထာပါဠိနိဿယ

၁၃၆။ ရှင်ပင် ဘွေ့ရဂူကြီး မြတ်စွာဘုရားသမိုင်း

၁၃၇။ ရတနာဘုရားရှိခိုး

၁၃၈။ ရတနာ ဝတ်ရွတ်စဉ် (ဋင်းအဖွင့်)

၁၃၉။ သီလဂုဏ်

၁၄၀။ ဂုဏ်တေးနည်း နိဿယည်း

၁၄၁။ ဒါနဂုဏ်

၁၄၂။ ဘာဝနာဂုဏ်ရည်

၁၄၃။ အဂ္ဂမဟာပဏ္ဍိတ မကွေးမြို့ မဟာဝိသုတာရာမတိုက်
ဆရာတော်ဘုရားကြီး၏ မကွေး မဟာထေရဂုဏ်ရည်

၁၄၄။ သီဟိုဠ်ရှင်ဆရာတော်ဘုရားကြီး အရှင်နန္ဒဝံသ၏ သီဟိုဠ်ရှင် မဟာထေရဂုဏ်ရည်

၁၄၅။ စတုရာရက္ခာဘာဝနာ

၁၄၆။ ဗုဒ္ဓဘုန်းတော် ဂုဏ်တော်ဘွဲ့ ပါဠိနိဿယ (ဂါထာ ၁၅၀၀ ကျော်)

၁၄၇။ သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်

၁၄၈။ ကျင့်ဝတ်စုံအဖွင့်ကျမ်း (သိင်္ဂါလောဝါဒ ဆုံးမစာအဖွင့်)

၁၄၉။ ဗုဒ္ဓ၏ သီရိလက်ခရီး

၁၅၀။ ရှင်မဟာသီလဝံသ ဆုံးမစာအဖွင့်

၁၅၁။ သုစိပုဘာ ဆုံးမစာအဖွင့်

၁၅၂။ ပခုက္ကူ ဓမ္မစကြာအဖွင့်

၁၅၃။ ပခုက္ကူ အနတ္တလက္ခဏာသုတ်အဖွင့်

၁၅၄။ ဟိတောပဒေသ အမြုတေ

၁၅၅။ အဘိဏှသုတ်အဖွင့်

၁၅၆။ သံဝေဂဂါထာ ပါဠိနိဿယနှင့် သံဝေဂလင်္ကာများကျမ်း

ဆဋ္ဌသံဂါယနာသမိုင်းတော်ကြီး (ပထမတွဲ)
ပုံနှိပ်ရာတွင်လှူဒါန်းကြသောဓမ္မဒါနကုသိုလ်ရှင်များ

♦♦♦♦♦♦♦♦♦

၁။ ဥက္ကဌ – သီရိပျံချီ ဦးသန်းစိန်+ဒေါ်လှရီ မိသားစု
ခြံအမှတ် ၁၅၄ (အေ)၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

၂။ ဦးသိုက်စိုး+ဒေါ်ကျင်မွေး၊ ဦးတင်အောင်၊ ဒေါ်တင်တင်နိုင် မိသားစု
အမှတ်(၂၁၀)၊လမ်း (၄၀)၊ ရန်ကုန်မြို့။

၃။ သခင် သိန်းဖေ (ဝါးခယ်မ) မိသားစု
ခြံအမှတ်(၃)၊ ဦးဘဟန်လမ်း၊ ချော်တွင်းကုန်း၊ ရန်ကုန်မြို့။

၄။ ဦးစိန်ထွန်း+ဒေါ်ခင်စန်းတင့် မိသားစု
အမှတ်(၁၇၁)၊ ၄၇ လမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့။

၅။ သခင် ဗဟုန် မိသားစု
အမှတ်(၈၀)၊ ဓမ္မာရုံလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။

၆။ ဦးခင်မောင်လေး+ဒေါ်ခင်သန်း မိသားစု
အမှတ်(၃၅)၊ ဘုမ္မာ(၁၀)လမ်း၊ ည- ရပ်ကွက်၊ မြောက်ဥက္ကလာပ။

၇။ ဦးရဲခေါင်ညွှန့်+ဒေါ်ခင်မြင့်ဆွေ မိသားစု
အမှ(၁၅) ပြည်ထောင်စုလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

၈။ ဦးဘဆွေ(သာသနာရေး)+ဒေါ်ထားထား မိသားစု
အမှတ်(၉)၊ ဧယျာသီရိလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

၉။ ဦးကိုမြင့်+ဒေါ်မြတ်မြတ်ဝင်း မိသားစု
အမှတ်(၆၇၁)အေ၊ မြကန်သာ(၂)လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

၁၀။ ဦးဘိုကေ မိသားစု
တိုက်အမှတ်(၄၀)၊ အခန်း(၁၁)၊ ဗဟိုစည်အိမ်ယာ၊ ရန်ကုန်မြို့။

၁၁။ ဦးလိမ္မော်+ဒေါ်မာမာကြည် မိသားစု
အမှတ်(၁၅၄)၊ ကျွန်းတောလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။

၁၂။ ဦးလှစိုး+ဒေါ်အေးအေးမူ မိသားစု
အမှတ်(၃၄)၊ ဒု-ထပ်၊အင်းဝလမ်း၊ တာမွေ၊ ရန်ကုန်မြို့။

၁၃။ စစ်တကောင်း ဗုဒ္ဓဘာသာအသင်း
အမှတ်(၁၅၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

၁၄။ ဦးနု ၏ သားသမီး ဦးသက်တင်+ဒေါ်စန်းစန်းနု မိသားစု
အမှတ်(၄၁)ပြည်ထောင်စုလမ်း၊ဗဟန်း၊ ရန်ကုန်မြို့။

၁၅။ ဗိုလ်မှူးထွန်းတင်+ဒေါ်ခင်ကြည် မိသားစု
အမှတ်(၁၁)၊ ဧယျာသီရိလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။